# ယုံကြည်ခြင်းခိုင်မာမှု၏

# အခြေခံအုတ်မြစ်များ

By

* Pastor Drue Freeman MBL *

publication of:

Village Ministries

International

www.villageministries.org

# ယုံကြည်ခြင်းခိုင်မာမှု၏
# အခြေခံအုတ်မြစ်များ

# အခန်း ၁

# အစပြု ပြင်ဆင်ခြင်း

## အပိုင်း ၁

# ကိုယ်တိုင်ပြင်ဆင်မှု

### က။ ။ကျမ်းစာလေ့လာရန် ကိုယ်တိုင်ပြင်ဆင်မှုအတွက် မူဝါဒ(၆)ချက်

### ၁။ ခရစ်တော်ကို ယုံကြည်ခြင်း

သမ္မာကျမ်းစာလေ့လာခြင်းအတွက် ကိုယ်တိုင်ပြင်ဆင်မှုပြုလုပ်ခြင်းသည် အပိုလုပ်ဆောင်မှု တစ်ခုဖြစ်သည်ဟု မသတ်မှတ်နိုင်ပါ။ “သာမန်လူတစ်ယောက်” (ခရစ်တော် မရှိသူ၏ ဘဝအသက်တာ) သည် ဘုရားသခင်၏ အကြောင်းအရာများကို လက်ခံနိုင် စွမ်းမရှိသောကြောင့် ပထမဦးဆုံး ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံ ရမည် (၁ကော၊ ၂း၁၄)။ ထိုအခါမှသာ ဝိညာဉ်တော်သည် ထိုသူကို ဝိညာဉ်ရေးရာများကို သိနားလည်နိုင်ခွင့် ပေးတော်မူမည်ဖြစ်သည်။

### ၂။ ကျမ်းစာ၌ ဘုရားသခင်၏ ဝိညာဉ်တော် မှုတ်သွင်းထားကြောင်းလက်ခံခြင်း

နှုတ်ကပတ်တော်ကိုယ်တိုင်သည် ဘုရားတန်ခိုးမှုတ်သွင်းတော်မူထားကြောင်း ဖော်ပြထားသည် (၂တိ၊ ၃း၁၆-၁၇)။ ထိုနှုတ်ကပတ်တော် လေ့လာသောအခါ ပို၍တိုးတက်မှုရှိစေရန် “ဖြတ်လမ်းနည်း” ကိုမသုံးဘဲ ကျမ်းစာတော်မြတ်သည် မှန်ကန်တိကျမှုရှိသည်ဟူသော အခြေခံယုံကြည်ခြင်းဖြင့် အဆင့်ဆင့်လေ့လာရမည်ဖြစ်သည်။

## ၃။ ဆုတောင်းခြင်း

ဆုတောင်းခြင်းသည် သမ္မာကျမ်းစာကို သိနားလည်ခြင်းအတွက် မရှိမဖြစ်လိုအပ်သည်။ လူသည် ဉာဏ်ပညာကို လိုအပ်ပါက ဘုရားသခင်ထံ ဆုတောင်းလျှင် ရနိုင်သည်ဟု နှုတ်က ပတ်တော်က ဖော်ပြထားသည် (ယာ၊ ၁း၅)။ မှန်ကန်သော အသိတရားနှင့် သိနားလည်နိုင်စွမ်းရှိဘို့ ဆုတောင်းခြင်းသည် အလိုတော်နှင့်ညီသောကြောင့် အဖြေရနိုင်ပါသည် (၁ယော၊ ၅း၁၄၊မသဲ၊၇း၇-၈)။

## ၄။ ကြိုးစားလေ့လာခြင်းနှင့် စိတ်ရှည်မှုရှိရခြင်း

ဘုရားသခင်၏ နှုတ်ကပတ်တော်၌ပါရှိသော ကျမ်းပိုဒ်အချို့တို့သည် အလွယ်တကူ နားလည်နိုင်ရန် ခက်ခဲသောကြောင့် ကျမ်းစာလေ့လာသောအခါ အားထုတ်ရခြင်းနှင့် စိတ်ရှည်လက်ရှည် လေ့လာခြင်းသည် မရှိမဖြစ်လိုအပ်သော အရာဖြစ်သည် (၂တိ၊ ၂း ၁၅)။ ကျွန်ုပ်တို့သည် သာမန်လူသားအဆင့်မှ အနန္တတန်ခိုးနှင့် ကြွယ်ဝသော ဘုရားသခင်၏ သဘောတော်ကို နားလည်ရန် အားထုတ်ကြသောအခါ၌ ကိုယ့်အလိုကျ ဆုပ်ကိုင်ထားမိခြင်းကို သတိထားရမည်။

## ၅။ မိမိအပြစ်များကို တည်ငြိမ်စွာ ဝန်ချတောင်းပန်ရခြင်း

ကိုယ်တော်နှင့် ပို၍ရင်းနှီးရသော မိတ်သဟာယဖွဲ့နိုင်ခြင်းကိုရရှိနိုင်ရန် အပြစ်ကိုဖော်ပြ ဝန်ခံတောင်းပန်ခြင်းနှင့် ကိုယ်တော်ကို မိမိအသက်တာအား သန့်ရှင်းခြင်းပြုလုပ်စေခွင့်သည်လည်း အရေးကြီးပါသည် (၁ယော၊ ၁း၆-၁၀)။ အလိုတော်နှင့် ဆန့်ကျင်သော အပြောအဆို၊ အမူအရာ၊ အတွေးအခေါ်များ ပပျောက်စေဘို့ ဝန်ချတောင်းပန်ခြင်း လိုအပ်ကြောင်း သိထားရမည်။

## ၆။ အလိုတော်အတိုင်း အသက်ရှင်ချင်သော စိတ်ရှိရခြင်း

*"အလိုတော်ကို လိုက်ချင်သောသူသည် ဘုရားသခင်၏ ဒေသနာတော်ကို သိရမည်"* ဟု ခရစ်တော်က (ယောဟန်၊ ၇း၁၇) ၌ မိန့်တော်မူသည်။ ဘုရားသခင်နှင့် ဆက်ဆံမှု တိုးတက်စေရန် ရည်ရွယ်ချက်ရှိပြီဆိုလျှင် မိမိရရှိသော အသိတရားဟူသမျှသည် ထို ဆက်ဆံရေးလမ်းကြောင်းကို ပံ့ပိုးထင်ရှားစေသင့်ပါသည်။ မေတ္တာမဲ့သော အသိတရား သည် ထောင်လွှားခြင်းသာဖြစ်သည် (၁ကော၊၈း၁)။ သင့်ရည်မှန်းချက်သည် အသိတရား တိုးစေဘို့သာဖြစ်ပြီး ဘုရားနှင့် ဆက်ဆံမှုမရှိပါက သင်၌ရှိသော ဤအသိပညာသည်

အားလျော့နေပြီး ရှုပ်ထွေးလာပေမည်။

## ခ။ ။နှုတ်ကပတ်တော်ကို ကိုယ်တိုင်လေ့လာခြင်းကြောင့် ရရှိမည့် အကျိုးကျေးဇူး (၅) မျိုး

### ၁။ ပို၍ကြီးမားသော ယုံကြည်ခြင်း

*"မျက်မှောက်မမြင်ဘဲ ယုံကြည်မျှော်လင့်ခြင်းရှိသည်"* (၂ကော၊ ၅း၇) ဟု အသင်းတော်၏ အကြီးမားဆုံး သီဩလော်ဂျီသမားတစ်ဦးဖြစ်သည့် တမန်တော်ပေါလုရေးခဲ့သည်။ ကျွန်ုပ်တို့အားလုံး ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ ရောက်ကြသည် (ဧဖက်၊ ၂း၈-၉)။ ပေါလုအခြေအနေအတိုင်း ကျွန်ုပ်တို့သည် ရောက်လာကြပြီဖြစ်၍ လိုက်လျှောက်ကြရတော့မည် (ကောလောသဲ၊ ၂း၆-၇)။ နှုတ်ကပတ်တော် လေ့လာခြင်းသည် ယုံကြည်ခြင်းကို တိုးပွါးစေသည်။

### ၂။ လေးနက်သောအသိပညာ

ကျွန်ုပ်တို့သည် *"ကျေးဇူးတော်၌၄င်း၊ ခရစ်တော်ကိုသိခြင်း၌၄င်း ကြီးထွားလာသည်နှင့် အမျှ"* လေးနက်သော အသိပညာရရှိလာကြပြီဖြစ်သည် (၂ပေ၊ ၃း၁၄-၁၈)။ ဤအသိပညာသည် ကျွန်ုပ်တို့ကို ကျေးဇူးတော်သာ၍ ခံစားစေရန် လမ်းညွှန်ပါသည်။ အသိပညာကြီးထွားလာသည်နှင့်အမျှ အရာရာ၌ ကိုယ်တော်ကို အားကိုးတတ်လာပြီး နှုတ်ကပတ်တော်မှတဆင့် ကိုယ်တော်၏ စကားတော်ကို "ကြားနာ"သည်နှင့်အမျှ ယုံကြည်ခြင်း၌ ကြီးထွားလာကြသည်။

### ၃။ မိမိတို့အသက်တာကို သန့်ရှင်းစင်ကြယ်ခြင်း

ဘုရားသခင် စကားတော်သည် သမ္မာတရားဖြစ်သောကြောင့် ကျွန်ုပ်တို့၏ အသက်တာ ဖြူစင်ခြင်းရှိဘို့ ထိုစကားတော် လိုအပ်ပါသည် (ယော၊ ၁၇း၁၇)။ ယုံကြည်သူများ ဖြစ်ကြပါသော်လည်း အသက်တာ၌ အပြစ်ကြောင့် ပြဿနာများရှိကြပါသည် (၁ယော၊ ၁း၆-၁၀)။ မည်သည့်အပြစ်ကို ဖော်ပြရမည်ဟု သိရှိရန် နှုတ်ကပတ်တော်ကို လေ့လာရမည်။ ထိုနောက် သန့်ရှင်းခြင်းနှင့် ကျန်းမာခြင်းရှိဘို့ ဉာဏ်နှင့် ဆုတောင်းနိုင်သည် (ဆာ၊ ၅၁)။ ခရစ်ယာန်တို့သည် နှုတ်ကပတ်တော်၌ ကိုယ့်သဘောကို "ဖြည့်စွက်" တတ်ကြ၏။ ပြီးလျှင် ထိုဖြည့်စွက်ချက်တို့ကို ဖြောင့်မတ်ခြင်း တရား၌ အခြေခံဖြစ်အောင်

လုပ်တတ်ကြောင်း သတိပြုပါ။ ဤသည်မှာ "တရားဝင်"သော ဩဝါဒဟုခေါ်ပြီး ဖြောင့်မတ်ခြင်းအဆင့်ကို မိမိပိုင် ပညတ်သဘောနှင့် ဖန်တီးယူခြင်းအဓိပ္ပါယ်ဖြစ်သည်။ ခရစ်တော်သည် ဤသို့သော အလေ့ အထမျိုးကို အတိအလင်းစိန်ခေါ်၍ ဆန့်ကျင်ထားသည် (မာ၊ ၇း၁-၁၃)။ ထို့ကြောင့် ဘုရားသခင်၏ အဆင့်အတန်း အခြေအနေကို ကျွန်ုပ်တို့သည် သတိထား၍ ဂရုစိုက်ကြရမည်။

## ၄။ သာသနာပြုခြင်း၌တန်ခိုး

ခရစ်တော်၏ "စိတ်သဘောတော်" ကို လေ့လာခြင်းဖြင့် ဝိညာဉ်တော်သည် ကျွန်ုပ်တို့ အသက်တာ၌ အလုပ်လုပ်လာကာ (၁ကော၊ ၂း၁၄-၁၆) ကျွန်ုပ်တို့၏ အမှုတော်ဆောင်ခြင်း၌ တန်ခိုးပါလာသည် (ဧ၊ ၂း၁၀)။ ကျွန်ုပ်တို့သည် စာတန်နှင့် အပေါင်းပါတို့အား ရင်ဆိုင်တိုက်ပွဲ ဆင်နွှဲနေကြရပါသောကြောင့် ကိုယ့်စွမ်းအားအပြင် တန်ခိုး လိုအပ်သည် (ဧ၊ ၆း၁၀-၁၈)။ ဘုရားသခင်သည် ကျွန်ုပ်တို့အထဲ၌ အလုပ်လုပ်သောကြောင့် အလိုတော် ဝန်ခံမှသာ တန်ခိုးရရှိလာမည်။ *"သင်တို့သည် အလိုရှိစေခြင်းငှာ၄င်း၊ အကျင့် ကျင့်စေခြင်း ငှာ၄င်း"* (ဖိ၊ ၂း၁၃)။

## ၅။ အမှုတော်ဆောင်ရန် တည်ဆောက်ခြင်း

နှုတ်ကပတ်တော် အသိတရားအားဖြင့် ကျွန်ုပ်တို့သည် ယေရှုခရစ်နာမတော်၌ သမ္မာတရားကို လေ့ကျင့်နိုင်ကြပြီး (ကော၊ ၃း၁၆-၁၇) ပျောက်ဆုံးသောသူတို့၌ ၎င်းအသက်မဲ့နေသော လောကကြီး၌ ဖေါ်ထုတ်နိုင်ကြပေမည် (ယော၊ ၁၇း၁၇-၁၉၊ ဟေဗြဲ၊ ၅း၁၂)။ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ထိတွေ့ဆက်ဆံရန် အခြေခံကျသော ရည်မှန်းချက်သည် *"ခရစ်တော်၏ ကိုယ်တော်ကို တည်ဆောက်၍ ဓမ္မဆရာ၏အမှုကို ပြုတတ်မည် အကြောင်း သန့်ရှင်းသူတို့ကို ပြင်ဆင်ခြင်းအလိုငှါ"* (ဧ၊ ၄း၁၁-၁၃) ဟူ၍ ဖြစ်သည်။ "ပြင်ဆင်တည်ဆောက်ခြင်း" အခြားလိုအပ်မှုတစ်ခုမှာ မိမိကိုယ်တိုင် အရင်တည်ဆောက်ရခြင်းဖြစ်သည်။ ဤသို့သောအားဖြင့် ယခုနိဒါန်းပျိုးခြင်းသည် လေ့လာသူအတွက် နှုတ်ကပတ်တော်အတိုင်း တိုးတက်မှုရှိစေရန် လမ်းညွှန်ပေးခြင်း ဖြစ်ပေသည်။

# အပိုင်း ၂

# သမ္မာကျမ်းစာ

## က။ ကျမ်းစာဆိုသည်မှာ အဘယ်နည်း?

### ၁။ ဘုရားသခင်၏ နှုတ်တော်ထွက် စကားတော်ကို ရေးသားထားခြင်း

သမ္မာကျမ်းစာသည် သာမန်ရိုးရိုးစာအုပ်တစ်အုပ်မဟုတ်ဘဲ နှစ်ပေါင်း ၁၅၀၀ အတွင်း လူပေါင်း ၄၀ ကျော်က ရေးသားထားခဲ့ခြင်းဖြစ်သည်။ (ဟေဗြဲ ၁၀း၇)တွင် ခရစ်တော်က "ကျမ်းစာလိပ်" ဟုခေါ်သည်။ ကျမ်းစာမပါဘဲ လူသည် ဖြောင့်မတ်ခြင်း အစစ်အမှန်ကိုင်း၊ မိမိဘဝအတွက် ကျေးဇူးတော်လိုအပ်ခြင်းကိုင်း မသိရှိနိုင်ပါ။ ဘုရားသခင်သည် မိမိအဆင့် အခြေအနေကို ရှင်းလင်းစွာ လူတို့သိရှိကြဘို့ နှုတ်တော်ထွက်စကားတော်တို့ကို ရေးချဘို့ ရွေးချယ်ခြင်းပြုခဲ့ရသည်။ ရေးသားထားသော နှုတ်ကပတ်တော်သည် သမိုင်း အထောက်အထား၌ သက်သေခိုင်လုံထင်ရှားပြီး ယုံကြည်ခြင်းဖြင့် လက်ခံရကြသည်။

ကျမ်းစာအနက်ပြန်သူအများစုက လက်ရေးမူရင်းဘာသာစကားများမှ နှုတ်ကပတ်တော်ကို အနက်ပြန်ဆိုလေ့ရှိကြပါသည်။ ဓမ္မဟောင်းကျမ်းအများသည် ဟေဗြဲဘာသာဖြင့် ရေးသည်။ ဒံယေလအနာဂတ္တိကျမ်း အခန်းကြီး (၂) မှ အခန်းကြီး (၇) အထိင်း၊ ဧဇရမှတ်စာ အခန်းကြီး (၄) မှ အခန်းကြီး (၇) အထိင်း၊ ထိုစာစောင်တို့သည် ဟေဗြဲဘာသာစကား၏ ညီအမတော်စပ်သော အာရမစ် (Aramaic) စကားနှင့်ရေးသည်။ ဓမ္မသစ်ကျမ်းအားလုံးကို ဟေလသဘာသာ (Koine Greek) နှင့် ရေးသားသည်။

အခန်းကြီးများနှင့် အခန်းငယ်များကို နောက်ပိုင်း၌ လူက ခွဲခြားသတ်မှတ်ခြင်းဖြစ်သည်။ စာကြောင်းအမျိုးမျိုးကို ရှာဖွေနိုင်ရန် ပို၍လွယ်ကူစေသည်။ ထို့ကြောင့် ထိုအရာများ (အခန်းကြီး/ငယ်ခွဲများ)ကို ဘုရားသခင် မှုတ်သွင်းတော်မူသည်မဟုတ်။ သို့သော် ထိုအရာများက ကျွန်ုပ်တို့အား နားလည်လွယ်အောင် ပံ့ပိုးနေပါသောကြောင့် အလွန်တန်ဖိုးရှိလှပါသည်။

## ၂။ ဝိညာဉ်တော်မှုတ်သွင်းထားသော ဘုရားသခင်၏ နှုတ်ကပတ်တော်

ကျမ်းစာ၌ပါသော ကျမ်းပိုဒ်တစ်ခုစီတိုင်းသည် ဘုရားသခင်မှုတ်သွင်းထားခြင်း (၂တိ၊ ၃း၁၆-၁၇) ဖြစ်ပါသောကြောင့် ကျမ်းတစ်ပုဒ်ခြင်းအကျိုးသက်ရောက်မှုရှိသည်။ "မှုတ်သွင်းထားခြင်း" ဆိုသည်မှာ လူတို့၏ အသိညာဏ်ပွင့်ခြင်း၊ မှန်ကန်ခြင်းနှင့် ဖွင့်ပြခြင်းတို့ထက် သာလွန်သည်။ မှုတ်သွင်းခြင်းဆိုရာ၌ လူသားတစ်ဦးကို အသုံးချ၍ "ဘုရားသခင်ကိုယ်တော်တိုင်က အသက်သွင်းပုံဖော်လိုက်ခြင်း" ဖြစ်လေသည်။

ဘုရားသခင် ရှေးဦးဆောင်ရွက်ခြင်းကြောင့် လိုက်ကာအဖုံးဖွင့်ခြင်း၊ ဖယ်ရှားခြင်းဟုသဘော သက်ရောက်သော အဓိပ္ပါယ်ဖြစ်သည်။ လိုက်ကာကို သတို့သမီးထံမှ ဖယ်ရှားနိုင်ပါသော်လည်း သတို့သမီးသည် အပြည့်အဝနားလည်ဆဲဖြစ်သည်။ ဝိညာဉ်တော်၏ စိုးမိုးမှုသည်လည်း လူသားအပေါ်မှာရှိသည်။

## ၃။ အသက်ရှင်သော နှုတ်ကပတ်တော်ကို ဖွင့်ဟခြင်း

ကျမ်းစာသည် ကျွန်ုပ်တို့၏ သခင်ယေရှုတည်းဟူသော အသက်ရှင်သော နှုတ်ကပတ်တော်အကြောင်း ဖွင့်ဟရေးသားထားခြင်းဖြစ်သည်။ ဖွင့်ဟခြင်းသည် အသစ်သောသတင်း ကိုပေးခြင်းမည်၏။ နှုတ်ကပတ်တော်ကို လေ့လာလိုက်စားသောသူအားကျွန်ုပ်တို့အထဲ၌ အလုပ်လုပ်သော ဝိညာဉ်တော်သည် "ဖွင့်ဟခြင်း"ကို ပေးလာသည်နှင့် အမျှ "ထင်ရှားဖော်ပြခြင်း"လည်း ဖြစ်ပေါ်လာမည်ဖြစ်သည်။ သခင်ယေရှုခရစ်တော်အကြောင်း ဘုရားအလို တော်အရ ရေးသားဖော်ပြထားခြင်းဖြစ်သည်

(ဟေဗြဲ၊ ၄း၁၂၊ ယော၊ ၅း၃၉-၄၇)။

စာစောင်ဖြစ်လာရန် အဓိကကွဲပြားမှုတစ်ခုရှိသည်။ စာရွက်နှင့် မှင်၌ တန်ခိုးမရှိပါ။

သို့သော် စာရွက်နှင့် မှင်နောက်မှာရှိသော တန်ခိုးသည် လူတို့ဘဝ၌ သိီးခြားပြောင်းလဲစေနိုင်သော ဝိညာဉ်တော်တန်ခိုးဖြစ်သည်။ ကျမ်းစာစကားတို့ကို အလိုအလျောက် တန်ခိုးရှိသောစာဖြင့် ခြုံကြည့်ပါက စာရေးသူကြောင့် ထိရှမှုမရှိလျှင် (ဟေဗြဲ၊ ၁၂း၂) လိုရင်းအချက် လွဲသွားနိုင်သည်။

## ခ။ ။သမ္မာကျမ်းစာကို ဖွဲ့စည်းပုံ

### ၁။ အဓိကအပိုင်းနှစ်ပိုင်း

ကျမ်းစာသည် ဓမ္မဟောင်း၊ ဓမ္မသစ်ဟူ၍ (၂) မျိုးရှိသည်။

ကျမ်းပေါင်း ၆၆ ကျမ်းရှိပြီး၊ ဓမ္မဟောင်း ၃၉ ကျမ်းကို လူပေါင်း ၃၀ ကျော်က ရေးသားခဲ့ပြီး ဓမ္မသစ်၂၇ ကျမ်းကို လူ ၁၀ ယောက်က ရေးသားခဲ့သည်။ အခန်းကြီးပေါင်း ၁၁၈၉ ရှိပြီး၊ ၉၂၉ သည် ဓမ္မဟောင်း၌ရှိကာ ၂၆၀ သည် ဓမ္မသစ်၌ရှိ၏။ ဓမ္မဟောင်းတွင် အခန်းငယ်ပေါင်း ၂၃၂၁၄ ရှိပြီး၊ ဓမ္မသစ်တွင် အခန်းငယ်ပေါင်း ၇၉၅၉ ရှိသည်။ (အခန်းငယ်စုစုပေါင်း ၃၁၁၇၃ ရှိ၏)။

ကျမ်းစာတော်မြတ်သည် ဘုရားသခင်၏ ပဋိညာဉ်တော်ပင်ဖြစ်၏။ ပဋိညာဉ်ဟူသည် အဖွဲ့ တစ်ဖွဲ့ သို့မဟုတ် တစ်ဦးတစ်ယောက်က အခြားအဖွဲ့ သို့မဟုတ် တစ်ဦးတစ်ယောက်ထံသို့ ၂ ဦးနှစ်ဖက် သဘောတူစာချုပ်ချုပ်ဆိုခြင်းသဘောဖြစ်သည်။ ဥပမာ၊ လူတစ်ယောက်က ကုန်ပစ္စည်းတစ်ခုကို ဝယ်ယူလို၍ ကမ်းလှမ်းခြင်းကို အခြားတစ်ယောက်က လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း သဘောဖြစ်သည်။ ထိုသို့ကမ်းလှမ်းချက်ကို လက်ခံလိုက်ပြီဆိုလျှင် ပဋိညာဉ်ချုပ်ဆိုအတည်ပြုကြမည်ဖြစ်သည်။ ထိုပဋိညာဉ်တွင် ၂ ဦး ၂ ဖက်အတွက် အကျိုးဝင်ရသော ဆက်ဆံရေးကို ထိန်းချုပ်သော ဂတိတော်များပါဝင်သည်။ အခြားဥပမာ တစ်ခုမှာ၊ လက်ထပ်စာချုပ်ချုပ်ခြင်းသဘောဖြစ်သည်။ သတို့သားနှင့် သတို့သမီးတို့ကြားမှာ ပေါင်းဖေါ်ဆက်ဆံနိုင်ဖို့အတွက် အခြေခံအုတ်မြစ်အဖြစ် ပဋိညာဉ်ဖွဲ့ဆိုခြင်းဖြစ်၏။

### ၂။ ဓမ္မဟောင်းကျမ်း၏ ခြားနားကွဲပြားမှုငါးမျိုး

ဓမ္မဟောင်းကျမ်းကို အောက်ပါအတိုင်း အပိုင်းကြီး(၅)မျိုးဖြင့် ခွဲခြားနိုင်သည်။

(က) Torah သို့မဟုတ် Pentateuch ဟုခေါ်သော ပညတ်တရားများ ပြဋ္ဌါန်း

ထားသည့် ကျမ်း(၅)စောင်- ကမ္ဘာဦးကျမ်း၊ ထွက်မြောက်ရာကျမ်း၊ ဝတ်ပြုရာကျမ်း၊ တောလည်ရာကျမ်း၊ တရားဟောရာကျမ်း။

(ခ) ရာဇဝင်စာစောင် (၁၂) စောင်- ယောရှုမှတ်စာ၊ တရားသူကြီးမှတ်စာ၊ ရုသဝတ္ထု၊ ၁-ဓမ္မရာဇဝင်၊ ၂-ဓမ္မရာဇဝင်၊ ၃-ဓမ္မရာဇဝင်၊ ၄-ဓမ္မရာဇဝင်၊ ရာဇဝင်ချုပ်ပထမ၊ ရာဇဝင် ချုပ်ဒုတိယ၊ ဧဇရမှတ်စာ၊ နေဟမိမှတ်စာ၊ ဧသတာဝတ္ထု။

(ဂ) ပျို့လင်္ကာ (၅) စောင်- ယောဘဝတ္ထု၊ ဆာလံကျမ်း၊ သုတ္တံကျမ်း၊ ဒေသနာကျမ်း၊ ရှောလမုန်သီချင်း။

(ဃ) အဓိကအခြေခံပရောဖက် (၅) ကျမ်း- ဟေရှာယအနာဂတ္တိကျမ်း၊ ယေရမိအနာဂတ္တိကျမ်း၊ ယေရမိမြည်တမ်းစကား၊ ယေဇကျေလအနာဂတ္တိကျမ်း၊ ဒံယေလ အနာဂတ္တိကျမ်း။

(င) သာမန်ပရောဖက် (၁၂) ကျမ်း- ဟောရှေအနာဂတ္တိကျမ်း၊ ယောလအနာဂတ္တိကျမ်း၊ အာမုတ်အနာဂတ္တိကျမ်း၊ ဩဗဒိအနာဂတ္တိကျမ်း၊ ယောနဝတ္ထု၊ မိက္ခာ အနာဂတ္တိကျမ်း၊ နာဟုံအနာဂတ္တိကျမ်း၊ ဟဗက္ကုတ်အနာဂတ္တိကျမ်း၊ ဇေဖနိအနာဂတ္တိ ကျမ်း၊ ဟဂ္ဂဲအနာ ဂတ္တိကျမ်း၊ ဇာခရိအနာဂတ္တိကျမ်း၊ မာလခိ အနာဂတ္တိကျမ်း။

## ၃။ ဓမ္မသစ်ကျမ်း၏ အပိုင်းကြီး(၃)မျိုး

ဓမ္မသစ်ကျမ်းတွင် မေရှိယသခင်ရောက်ရှိလာပုံနှင့် ပဋိညာဉ်တရားသစ်ပေါ်ထွက်လာပုံ ရေးသားထားသည်။ထို့ကြောင့် ဓမ္မသစ်ကျမ်းစာစောင်များအတွင်းမှာ အကြောင်းအရာ အမျိုးမျိုး ပါဝင်လျက်ရှိနေသည်။ ဥပမာ၊ ရာဇဝင်ကျမ်းတို့၌ ပရောဖက်ပြုခြင်းအချို့ (မဿဲ၊ ၂၄၊ မာကု၊ ၁၃၊ လုကာ၊ ၂၁) ပါဝင်ကြပြီး၊ ပရောဖက်ကျမ်းတို့တွင် ဩဝါဒစာများလည်း ပါဝင်၏ (ဗျာဒိတ်၊ ၂-၃)။ စာစောင်တိုင်းသည် မိမိဆိုလိုရင်းအဆုံးထိတိုင် ဖော်ပြချက်တို့အပေါ် အခြေပြုပြီး ပုံစံဖော်ပြထားကြသည်။ အောက်ပါတို့သည် ဓမ္မသစ် ကျမ်း၏အပိုင်းကြီး (၃) မျိုးဖြစ်သည်။

(က) ဓမ္မသစ်ကျမ်းသည် ရာဇဝင်ပြုကျမ်း (၅) မျိုးနှင့် အစချီထားသည်- မဿဲ၊ မာကု၊ လုကာ၊ ယောဟန်၊ တမန်တော်ဝတ္ထု။

(ခ) ရာဇဝင်ပြုကျမ်းတို့ကို ဩဝါဒစာစောင် (၂၁) ကျမ်းက နောက်မှလိုက်လာသည်- ရောမ ဩဝါဒစာ၊ ၁ကောရိန္သု ၂ကောရိန္သု၊ ဂလာတိဩဝါဒစာ၊ ဧဖက်ဩဝါဒစာ၊ ဖိလိပ္ပိ ဩဝါဒစာ၊ ကောလောသဲဩဝါဒစာ၊ ၁သက်သာလောနိတ်၊ ၂ သက်သာလောနိတ်၊

၁တိ မောသေသြဝါဒ စာ၊ ၂ တိမောသေသြဝါဒစာ၊ တိတုသြဝါဒစာ၊ ဖိလေမုန်သြဝါဒစာ၊ ၁ယောဟန်သြဝါဒစာ၊ ၂ ယောဟန်သြဝါဒစာ၊ ၃ ယောဟန်သြဝါဒစာ၊ ၁ ပေတရုသြဝါဒစာ၊ ၂ ပေတရုသြဝါဒစာ၊ ဟေဗြဲသြဝါဒစာ၊ ရှင်ယာကုပ်သြဝါဒစာ၊ ရှင်ယုဒသြဝါဒစာ။

(ဂ) ပရောဖက်စာစောင် (၁) ကျမ်း- ဗျာဒိတ်ကျမ်း။

## အပိုင်း ၃

# သမိုင်းအထောက်အထားနှင့် ခြုံငုံသုံးသပ်ခြင်း

ကျမ်းစာကို ရေးသားသူလူပေါင်းတို့သည် ခေတ်ကာလကြာရှည်စွာ တစ်ဦးနှင့်တစ်ဦး အသွင်မတူသည့် အနေအထားမှ ပြုစုရေးသားခဲ့ကြပါသော်လည်း အတွင်းကျကျ နက်ရှိုင်းစွာ ဆီလျော်ဆက်စပ်မှုရှိသောကြောင့် အလွန်တင့်တယ်၍ အသရေရှိသော ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်ကြောင်း ထင်ရှားလှပေသည်။

အခြေခံကျကျ ဖေါ်ပြသောဖြစ်ရပ်တို့၏ အကျိုးလက္ခဏာတို့ကို အာရုံစိုက်သုံးသပ်ခြင်းဖြင့် လူ့သမိုင်း၏ မထင်ရှားသောအရာတို့ထက် ထင်ရှားပေါ်လွင်ခြင်းတို့အားဖြင့် အံ့ဘွယ် ဦးတည် ရွေ့လျားသောဖြစ်စဉ်တို့ကို တွေ့မြင်ကြရသည်။ အဓိကဖြစ်ရပ်တို့ကို ကြည့်၍ အံ့ဘွယ်သမိုင်း ဖြစ်ရပ်တို့၏ နိဒါန်းအစနှင့် နိဂုံးအဆုံးထိတိုင် သုံးသပ်ကြည့်မှတ်နိုင်သည်။ ရာစုနှစ်များ အလိုက် အတွေးအခေါ်ပညာရှင်တို့မေးလာကြသည်။ “လူ (ကျွန်ုပ်) တို့ ဘာကြောင့် ဤနေရာ၌ ရောက်ရှိနေကြရပါသနည်း?” ဟူသော မေးခွန်းအတွက် ရှင်းလင်းသောအဖြေကို အမြတ်ရကြပေသည်။

အောက်ပါအကြောင်းအရာသည် ခြုံငုံသုံးသပ်ရာအကြောင်းတစ်ခုအဖြစ် ပုံသွင်းဖေါ်ပြ ခြင်းသာဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိတို့ဘဝတစ်လျှောက်လုံးကို တိကျသေချာမှု၌

ထားရှိ၍ အချိန်ကုန်လွန်စေရပါမည်။ ယခုမှာ ကျွန်ုပ်တို့ ‌ရှေ့မျှော်၍ ဘုရားသခင် ချမှတ်ထားသော သမိုင်းဝင်အခြေခံအချက်အလက်တို့မှ လေ့လာကြရမည်။ နောက်ပိုင်းတွင်လည်း ဘုရားသခင်၏ ထူးကဲမြင့်မြတ်၍ ဆီလျော်စပ်အပ်သည့် အကြံ အစည်တော်ကို မြင်တွေ့ကြရမည်။

## က။ ဖြစ်စဉ်များကို ဖေါ်ပြခြင်း

### ၁။ ဖန်ဆင်းခြင်း

သမ္မာကျမ်းစာသည် ကောင်းကင်မြေကြီးကို ဘုရားသခင်ဖန်ဆင်းကြောင်း ဖေါ်ပြချက်နှင့် ကမ္ဘာဦးကျမ်းတွင် အစချီနိဒါန်းပျိုးထားသည် (ကမ္ဘာ၊ ၁း၁၊ ၂ပေ ၃း၆)။ ဗျာဒိတ်ကျမ်းတွင် ကောင်းကင်သစ်နှင့် မြေကြီးသစ်ပေါ်လာဘို့ မူလဖန်ဆင်းခြင်းအရာသည် ပျက်ဆီးသွားရကြောင်း ဖေါ်ပြထားသည် (ဗျာဒိတ်၊ ၂၁-၂၂)။

### ၂။ စာတန်၏ပုန်ကန်ခြင်း

လူကို မဖန်ဆင်းမီကတည်းက စာတန်သည် ဘုရားသခင်ကို စိန်ခေါ်ဘို့ရန် ဆန့်ကျင် ပုန်ကန်ခဲ့ သည် (ဟေ၊ ၁၄း၁၂-၁၄၊ ယေဇ၊ ၂၈)။ ဤရှေးဦးပုန်ကန်မှုအကြောင်းသည် လွန်စွာရှုတ်ထွေး နက်နဲ၍ ကျမ်းစာ၌ပါရှိနေရာ ဆန့်ကျင်မှု အကျဉ်းအကျပ် ပြဿနာသည်လည်း အလွယ်တကူ နားလည်နိုင်သောအရာတစ်ခုမှာ စာတန်နှင့် ဘုရားသခင် ရင်ဆိုင်တိုက်ပွဲသည် လူကို မဖန်ဆင်းခင်က (ဗျာ၊ ၁၂) ဖြစ်ခဲ့ပါသော်လည်း ယခုထိဆက်၍ ဖြစ်ပွါးနေကြောင်းပင်ဖြစ်သည်။ စာတန်၏ ဆန့်ကျင်တိုက်ခိုက်မှုသည် ကောင်းကင်သစ်နှင့် မြေကြီးသစ် မဖန်ဆင်းခင်အချိန် ခရစ်တော်မြေကြီးပေါ်မှာ အနှစ် ၁၀၀၀ အုပ်စိုးပြီးချိန်၌ အဆုံးသတ် ရလိမ့်မည် (ဗျာ၊ ၂၀း၇-၁၀)။

### ၃။ မြေကြီးနှင့်လူ

ဘုရားသခင်နှင့် စာတန်ဖြစ်ပွါးသော စစ်ပွဲတွင် လူပါလာရခြင်းကို မသိရသော်လည်း ထိုဆန့်ကျင်မှုထဲ ဖြေရှင်းဘို့ ဖြစ်နိုင်ပေသည်။ မြေကြီးကို လူတို့အခြေကျနေထိုင်ရန် ဘုရားသခင်ပြင်ဆင်ပေးထားသည် (ကမ္ဘာ၊ ၁း၂-၂း၃။ ပုံသဏ္ဍာန်မရှိဟူသော ဝေါဟာရသည် ဟေဗြဲစကား TOHU (အဓိပ္ပါယ်မှာ၊ အခြေကျနေထိုင်ခြင်းကင်းမဲ့) မှလာပြီး လွတ်လပ်လဟာ ဝေါဟာရသည် ဟေဗြဲစကား MOHU (အဓိပ္ပါယ်မှာ၊ လူဦးရေ အရေအတွက် လုံးဝမရှိခြင်း) စကားလုံးမှ လာခြင်းဖြစ်၏။ ပြဿနာမှာ ကျူးကျော်သူဖြစ်သော

စာတန်သည် ဘုရား သခင်ကို ဆက်၍ စိန်ခေါ်လျက်ရှိသည်။ ဘုရားသခင်သည် စာတန်ကို အနှစ်တစ်ထောင် အကျဉ်းချစဉ် (ခရစ်တော် မြေကြီးပေါ်မှာ အနှစ်တစ်ထောင် အုပ်စိုးသော MILLENNIAL KINGDOM ခေါ် မိလေနီခေတ် ကာလ (ဗျာဒိတ်၊ ၂၀း၁-၃)အတွင်း မြေကြီးကို လူတို့အတွက် စုံလင်ခြင်း ရှိစေတော်မူမည်

(ဟေရှာယ၊ ၆၀-၆၆)။

## ၄။ ပထမနှင့် နောက်ဆုံးအာဒံ

ပထမလူအာဒံသည် ဖန်ဆင်းတော်မူခြင်းအားလုံးကို အုပ်စိုးဘို့ ခန့်ထားသည် (ကမ္ဘာ၊ ၁း၂၈၊၂း၄-၂၅)။ သူ့ကို ဧဒင်ဥယျာဉ်မှာထားပြီး စိုက်ပျိုးခြင်းကို လုပ်စေသည်။ နောက်ဆုံးအာဒံ ဖြစ်သည့် ခရစ်တော် (၁ကော၊ ၁၅း၄၅) သည် အနှစ်တစ်ထောင် ကာလအတွက် ဦးဆောင် အုပ်စိုးသူအဖြစ် ပေါ်ပေါက်လာရမည် (ဗျာဒိတ်၊ ၂၀း၄)။ ခရစ်တော်မှလွဲ၍ ပေါ်ထွက်လာသော လူသားများတွင် ပြည့်စုံသောသူမရှိတော့။ ကိုယ်တော်တစ်ပါးတည်းသာ စုံလင်သော အရှင်အဖြစ် နောက်ဆုံး ပေါ်ထွက်လာမည့်သူ ဖြစ်သည်။

## ၅။ စာတန်ကို ဆင်နွဲတိုက်ခိုက်ရသော လူတို့၏စစ်ပွဲ

ဧဒင်ဥယျာဉ်၌ အာဒံသည် "ကျဆုံး" သောအခါတွင် ဤလောကကို စိုးမိုးသော စာတန် လက်အောက်သို့ ရောက်သွားရသည် (ကမ္ဘာ၊ ၃၊ ယော၊ ၁၂း၃၁၊ ၁၆း၁၁)။ နောက်ပိုင်းတွင် ဘုရားသခင်သည် မိလေနီကါလမစခင်မှာပင် စာတန်ကို ခရစ်တော်၏ ခြေတော်အောက်သို့ ရောက်စေတော်မူမည် (ဗျာ၊ ၂၀း၁-၃)။

## ၆။ လူသားထုတစ်ရပ်လုံးနှင့် သက်ဆိုင်ခံစားစေခြင်း

ဘုရားသခင်သည် လူကိုအပြစ်သို့ ကျရောက်သွားစေပါသော်လည်း လူသားအားလုံးနှင့် သက်ဆိုင်ခြင်းကို ဖြစ်စေတော်မူခဲ့သည်။ ကမ္ဘာဦးကျမ်း ၄ မှ ၁၀ တွင် လူ၏နာခံမှုမရှိခြင်း အပြစ်ကြောင့် ရေလွှမ်းမိုးဖျက်ဆီး၍ လူသားများ စီရင်ခြင်းခံရကြောင်းကို တွေ့ရသည် (ကမ္ဘာ၊ ၆း၁-၁၃)။ ဘေးဒဏ်ကြီးကာလ (၇) နှစ်အပြီး ယေရှုခရစ်ကြွလာသော အခါတွင်လည်း လူသားအားလုံးနှင့် သက်ဆိုင်ခြင်းကို ဘုရားသခင်ဖြစ်စေတော်မူအုံးမည်။ ကိုယ်တော်သည် လူသားများကို "သိုး (ယုံကြည်သူ)" နှင့် "ဆိတ် (မယုံကြည်သူ)" ဟူ၍ ခွဲခြားတော်မူမည် ဖြစ်သည် (မဿဲ၊ ၂၅း၃၁-၄၆)။

## ၇။ ဗါဗုလုန်

ရေလွှမ်းမိုးခြင်းအပြီးတွင် လူဦးရေထပ်မံများပြားလာသည်နှင့်အမျှ ဘုရားသခင်နှင့်ဝေးစွာ အသက်ရှင်၍ မှားသောလမ်းကို လိုက်ကြပြန်သည်။ ဗာဗုလုန်ရဲတိုက်ကြီးကို *မိမိတို့ကိုယ်ကို ကယ်တင်ခြင်းရောက်စိမ့်ငှါ* တည်ဆောက်ကြလေသည် (ကမ္ဘာ၊ ၁၁)။ ထိုသို့ အလွန်မြင့်သော ရဲတိုက်ကြီးဆောက်ထားလျှင် နောက်တစ်ကြိမ် ဘုရားသခင် ရေလွှမ်းမိုး၍ ဖျက်ဆီးခြင်းမှ လွတ်မြောက်နိုင်ကြမည်ဟု ထင်ခဲ့ကြသည်။ ထိုသို့ ရဲတိုက်ကြီး တည်ဆောက်ခြင်းအုတ်မြစ်၏ အခြေခံသဘောမှာ "လူသားဝါဒ" ပင်ဖြစ်သည်။ လူသည် ဘာသာတရား သို့မဟုတ် စီးပွါးရေးအားဖြင့် မိမိကိုယ်ကို ကယ်တင်နိုင်သည်ဟူသော အယူဝါဒပင်ဖြစ်၏။ ထိုအရာမျိုးကို ယုံကြည်လက်ခံခြင်းသည် ကမ္ဘာ့ဘာသာရေး စနစ်အားလုံးကို အခြေခံခြင်းဖြစ်သည်။ လူသည် မိမိကိုယ်ကို မကယ်တင်နိုင်ကြောင်း ခရစ်ယာန်များကသာ ယုံကြည်ကြ၍ လူသည် ကယ်တင်ရှင် လိုအပ်လာပေပြီ။ အချို့သော လူသားဝါဒီအယူအဆတို့သည် အသက်ရှင်သော ဘုရားကို ဆန့်ကျင်သော အနေအထားမျိုးနှင့် ကျမ်းစာကို ကိုင်ဆွဲလာကြသည်။ ထိုအယူ အဆမျိုး ယနေ့တိုင်ရှိနေသည် (ဟေရှာ၊ ၄၇) (ဟောဇ၊ ၂၆-၂၇)။ ဘုရားသခင်သည် ထိုဗာဗုလုန်အဖွဲ့အစည်းမျိုးကို ဘေးဒုက္ခကြီး ကာလအတွင်း နှိမ်နင်းတော်မူမည် (ဗျာ၊ ၁၇-၁၈)။

## ၈။ ဣသရေလ

ဗာဗုလုန်ရဲတိုက်ကြီးမှ လူအပေါင်းတို့သည် ဘာသာစကားအမျိုးမျိုးဖြင့် ကွဲပြား လွင့်စင်ခဲ့ကြပြီးနောက် ဘုရားသခင်သည် အာဗြဟံကိုခေါ်၍ ဣသရေလဟုခေါ်သော လူမျိုးကြီး တစ်ခုအတွက် တာဝန်ယူတည်ဆောက်စေသည် (ကမ္ဘာ၊ ၁၂)။အာဗြဟံ၏ အံ့ဘွယ်နိမိတ် လက္ခဏာ သားဖြစ်သော ဣဇက်၊ မြေးဖြစ်သော ယာကုပ်တို့မှနေ၍ မေရှိယသခင် ဆင်းသက်လာမည့်အကြောင်း ဂတိထားတော်မူခဲ့သည် (ကမ္ဘာ၊ ၂၂း၁-၁၈၊ ၂၈း၁၄)။ ဣသရေလ လူတို့သည် ရုပ်ထုကိုးကွယ်ခြင်းဓလေ့အတွက် မိမိတို့နယ်မြေမှ ကမ္ဘာအနှံ့ ပျံ့ပွါးရောက်ရှိသွားခဲ့ကြပါသော်လည်း ဘုရားသခင်သည် သူတို့ကို ဆက်၍ တည်ရှိနေစေခဲ့သည်။ ဘေးဒုက္ခကြီးကာလ အပြီးမှာ ဣသရေလတို့သည် အလွန်အံ့သြဘွယ်အဖြစ် ပြန်၍စုမိခဲ့ကြပြီး မိလေနီနိုင်ငံတော်၌ ကောင်းကြီး ခံစားကြရမည်ဖြစ်သည်

(မဿဲ၊ ၂၄း၂၉-၃၁)။

## ၉။ ခရစ်တော်ပေါ်လာခြင်းအကြောင်းများ

ခရစ်တော် ပထမအကြိမ်ပေါ်လာရခြင်းသည် ရာဇဝင်လမ်းကြောင်းအတွက် ဘုရားသခင်၏ အကြံအစည်တော်အတိုင်း မှန်ကန်တိကျသောအချိန်၌ ဖြစ်ပေါ်ခဲ့သည် (၁တိ၊ ၂း၆)။ ခရစ်ဝင်ကျမ်းများဖြစ်သော မဿဲ၊ မာကု၊ လုကာနှင့် ယောဟန်တို့၌ ခရစ်တော်၏ မွေးဖွားခြင်း၊ သာသနာပြုခြင်း၊ အသေခံခြင်း၊ သင်္ဂြိုလ်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း စသည့်အံ့သြဘွယ်သမိုင်းဖြစ်ရပ်တို့ကို ဆီလျော်ဆက်စပ်မှုရှိစွာ တင်ဆက်ထားသည်။ ယေရှုခရစ်သည် (ဟေရှာယ၊ ၅၃) မှာ ကြိုတင်ပရောဖက်ပြုထားသည့်အတိုင်း "ဒုက္ခဆင်းရဲခံသောအစေခံကျွန်" ကဲ့သို့ ရှင်းလင်းစွာ ထင်ရှားခဲ့သည်။ ခရစ်တော် ဒုတိယအကြိမ် ပေါ်လာရခြင်းသည် ဘေးဒဏ်ကြီးကာလအပြီး ရန်သူများကို အောင်မြင်ပြီး ဤကမ္ဘာမြေပေါ်မှာ ခြေချ၍ မိလေနီနိုင်ငံတော်တည်ဆောက်ခြင်းဖြစ်သည်

(ဇာခရိ၊ ၁၄း၁-၈၊ ဗျာဒိတ်၊ ၁၉း၁၁-၁၉)။

## ၁၀။ သာသနာတော်ကို ဆန့်ကျင်ခြင်း

ဧဝံဂေလိတရားသည် ခရစ်တော်၏ လူထုမျက်မြင်သာသနာပြုခြင်းအကြောင်းကို တင့်တယ်စွာ ပုံဖော်ပေးသည် (မဿဲ၊ မာကု၊ လုကာ၊ ယောဟန်)။ ခရစ်တော်၏ သာသနာသည် သူတစ်ပါး၏အမှုကို ဆောင်ရွက်ခြင်းတစ်မျိုးဖြစ်သည် (မဿဲ၊ ၂၀း၂၈)။ ဤသို့သော သာသနာသည် ကိုယ့်ကိုယ်ကို ချီးမြှောက်သောသူ၊ မိမိကိုယ်ကို သူတစ်ပါးကိုးကွယ်လာရန် သိမ်းသွင်းသူတည်းဟူသော အန်တိခရစ် (ပျက်စီးခြင်း၏သား) သာသနာနှင့် လုံးဝဆန့်ကျင်သည် (၂သက်၊ ၂း၁-၁၂၊ ဗျာဒိတ်၊ ၆-၁၆)။

## ၁၁။ အသင်းတော်

ခရစ်တော် ရှင်ပြန်ထမြောက်ပြီး ခမည်းတော်၏ လက်ျာဘက်၌ထိုင်နေဘို့ ကောင်းကင်ဘုံသို့ တက်ကြွသွားပြီးသောအခါ ခရစ်တော်၏ အသေခံ၍ အပြစ်လွှတ်ခြင်းတရားကို လူတို့အား အနှံ့အပြားဟောကြားသက်သေခံရန် အသင်းတော်ကို "ရွေးထုတ်ခန့်ထား" ခဲ့သည် (တမန်တော်ဝတ္ထုမှ တမန်တော်များ)။ "လူမျိုးတကာတို့အား တပည့်ဖြစ်စေခြင်း"သည် အသင်းတော်၏ တာဝန်ဖြစ်သည် (မဿဲ၊ ၂၈း၁၈-၂၀)။ သိုးသူငယ်မင်္ဂလာဆောင်ပွဲဝင်ချိန် ရောက်သည်အထိ ထိုအမှုကို ဆောင်ရွက်ရသည်

(၁သက်၊ ၄း၁၃-၁၈၊ ၁ကော၊ ၁၅း၅၀-၅၈၊ ဗျာဒိတ်၊ ၁၉း၇-၁၀)။

## ခ။ ။အကျဉ်းချုပ်

ဖော်ပြခဲ့သည့်အတိုင်း ခရစ်တော်ပေါ်လာသည့်အကြောင်းတရားများကို ဂရုပြုကြသော အခါ အံ့သြဘွယ်ပုံစံများ ပေါ်ထွက်လာခြင်းကို တွေ့ရသည်။ တိမ်မြုပ်နေသော အရာများ ဖွင့်ဟလာပြီး လူ့သမိုင်းကြောင်းလည်း ပေါ်လွင်ထင်ရှားလာသည်။ အောက်ပါဇယားတွင် ပုံဖော်ထားခြင်းဖြစ်သည်။ နံပါတ်များကို အတူတကွ ယှဉ်တွဲခြင်းဖြင့် ဘုရားသခင်၏ အကြံအစည်တော်ကို ခြုံငုံသုံးသပ်ထားခြင်းအကြောင်းကို သင်တွေ့ရမည်။

**၁။ ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းခြင်း (ကမ္ဘာ၊ ၁း၁၊ ၂ပေ၊ ၃း၆)။**
**၂။ စာတန်ပထမပုန်ကန်ခြင်း (ဟေရှာ၊ ၁၄း၁၂-၁၄၊ ယေဇကျေလ၊ ၂၈)။**
**၃။ လူအတွက် ကမ္ဘာမြေကြီးကို ပြင်ဆင်ခြင်း (ကမ္ဘာ၊ ၁း၂-၂း၃)။**
**၄။ ပထမအာဒံ၏ ခေါင်းဆောင်ခြင်း (ကမ္ဘာ၊ ၂း၄-၂၅)။**
**၅။ လူသည် စာတန်လက်အောက်ရောက်ခြင်း (ကမ္ဘာ၊ ၃)။**
**၆။ လူသားထုတစ်ရပ်လုံး သက်ဆိုင်ခံစားရခြင်း (ကမ္ဘာ၊ ၄-၁၀)။**
**၇။ ဗာဗုလုန်တည်ဆောက်ခြင်း (ကမ္ဘာ၊ ၁၁)။**
**၈။ ဣသရေလကို ခေါ်၍ကောင်းကြီးပေးခြင်း (ကမ္ဘာ၊ ၁၂)။**
**၉။ ခရစ်တော် ပထမပေါ်လာခြင်း (မဿဲ၊ မာကု၊ လုကာ၊ ယောဟန်)။**
**၁၀။ ခရစ်တော်၏ သာသနာ (မဿဲ၊ မာကု၊ လုကာ၊ ယောဟန်)။**
**၁၁။ အသင်းတော်ကို ရွေးခေါ်ခြင်း (တမန်တော်ဝတ္ထု)။**
**၁၁။ အသင်းတော်သိမ်းဆည်းခြင်း (၁သက်၊ ၄း၁၃-၁၈၊ ၁ကော၊ ၁၅း၅၀-၅၈)။**
**၁၀။ အန်တိခရစ်၏ သာသနာ (၂သက်၊ ၂း၁-၁၂၊ ဗျာ၊ ၆-၁၆)။**
**၉။ ခရစ်တော် ဒုတိယပေါ်လာခြင်း (ဗျာ၊ ၁၉း၁၁-၁၉)။**
**၈။ ဣသရေလ တစ်ဖန်စုစည်း၍ ကောင်းစားခြင်း (မဿဲ၊ ၂၄း၂၉-၃၁)။**
**၇။ ဗာဗုလုန်စနစ် ဖျက်သိမ်းခြင်း (ဗျာ၊ ၁၇-၁၈)။**
**၆။ လူသားထုတစ်ရပ်လုံး သက်ဆိုင်ခံစားရခြင်း (မဿဲ၊ ၂၅း၃၁-၄၆)။**
**၅။ စာတန်ကို ဘုရားသခင်နှိမ်နင်းခြင်း (ဗျာ၊ ၂၀း၁-၃)။**
**၄။ ဒုတိယအာဒံ၏ ခေါင်းဆောင်ခြင်း (ဗျာ၊ ၂၀း၄)။**
**၃။ လူတို့အတွက် ကမ္ဘာမြေကြီးစုံလင်ခြင်း (ဟေရှာယ၊ ၆၀-၆၆)။**
**၂။ စာတန်ဒုတိယပုန်ကန်ခြင်း (ဗျာ၊ ၂၀း၇-၁၀)။**
**၁။ ကောင်းကင်သစ်နှင့် မြေကြီးသစ် (ဗျာ၊ ၂၁-၂၂)။**

<u>**အပိုင်း ၄**</u>

# အချိန်သက္ကရာဇ်အလိုက် ခြုံငုံသုံး သပ်ခြင်း

ကျမ်းစာလေ့လာလိုက်စားနေသူအနေဖြင့် ဖြစ်ရပ်တို့ကို အစီအစဉ်အတိုင်း၊ အချိန် ၊ သက္ကရာဇ်တို့နှင့်သမိုင်းဆိုင်ရာအဖြစ်အပျက်များနှင့် ဆက်နွယ်နေသည်တို့ကို သိနားလည်သင့်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်၌ အဓိကဖြစ်ရပ်တို့အကြား ဆက်စပ်နေသော အချိန်ကာလကို နားလည်ရမည်ဖြစ်ပြီး ကျမ်းစာ၌ အချိန်ကာလ သက္ကရာဇ်တို့သည် အလွန်အမင်း အရေးကြီးလှကြောင်း သတိထားရမည်ဖြစ်သည်။ ဤသင်ခန်းစာ၌ အချိန်ကာလသက္ကရာဇ် သုံးမျိုးကို ဖော်ပြဆွေးနွေးသွားပါမည်။ ပထမ ၁၀ ချက်သည် ကျမ်းစာ၌ အဓိကဖြစ်ရပ်ကြီးများကို အကျဉ်းအားဖြင့် တစ်ချက်စီ၏ အရေးကြီးပုံကို ဖော်ပြထား၏။ ဒုတိယသက္ကရာဇ်ဖော်ပြချက်က ဓမ္မဟောင်းကျမ်းမှ အဓိက အခြေခံကျသော ဖြစ်ရပ်တို့ကို ဖော်ပြထားပြီး ထိုအကြောင်းအရာများကို ခွဲခြမ်းစိတ်ဖြာ တင်ပြထား၏။ နောက်ဆုံးတတိယစာရင်းမှာ ဓမ္မသစ်မှ ဖြစ်စဉ်များပင်ဖြစ်သည်။

သက္ကရာဇ်ကို "ဘီစီ" (B.C.) ဟုဖော်ပြထားလျှင် "ခရစ်တော်မတိုင်ခင်" ကနှစ်များကို ဖော်ပြထားခြင်းဖြစ်ပြီး၊ အေဒီ (A.D) ဟုဖော်ပြထားလျှင် ခရစ်တော်ပေါ်ပြီးနောက်ပိုင်း နှစ်များကို ဆိုလိုသည်။ ဘီစီသည် အင်္ဂလိပ်စကားလုံး Before Christ ကို အတိုကောက် သုံးထားခြင်းဖြစ်ပြီး၊ အေဒီမှာ လက်တင်စကားလုံး Anno Domini ကို အသုံးပြုထားခြင်း ဖြစ်သည်။ ဘုရားသခင်၏နှစ် the year of the Lord ဟုအဓိပ္ပါယ်ရပါသည်။

အခြေခံကျသော ကျမ်းစာ၌ပါသည့် ဖြစ်ရပ်အကျိုးနှင့် သူတို့၌ ဖြစ်ပျက်သော အချိန်

ကာလအကြောင်း လေ့လာသိရှိရန် ရည်ရွယ်ပါသည်။ ဖော်ပြထားသော နေ့ရက်ကာလတို့သည် နှုတ်ကပတ်တော်အတိအကျနားလည်ရန် အခြေခံထားသည်။

## က။ ။အဓိကဖြစ်ရပ်တို့နှင့် ဖြစ်ပျက်ချိန်များ

### ၁။ အာဒံကျဆင်းချိန် (၃၈၉၈ ဘီစီ)

ဘုရားသခင်၏ နှုတ်ကပတ်တော်မွေးဖွါးခြင်း အကျိုးလက္ခဏာနှင့် လူသားမျိုးဆက်အကြောင်းနားလည်ရခြင်းသည် ကျွန်ုပ်တို့အတွက် ၃၈၉၈ ဘီစီ၌ဖြစ်သည်။ လူကျဆင်းချိန် ဖြစ်ပါသည်။ ကျမ်းစာအတိုင်း သိရသောအချိန်သက္ကရာဇ်သည် ကျွန်ုပ်တို့အစပြုရာအချက် အလက်မှနေ၍ စတင်လုပ်ဆောင်ရန် နည်းလမ်းတစ်ခုဖြစ်သည်။ ရှောလမုန်၏ ၄ နှစ်မြောက်အချိန် (နောက်ပိုင်းလေ့လာခြင်း) အကြောင်းဆွေးနွေးသောအခါ အစဦးအချိန်ကို ကျွန်ုပ်တို့ ပြန်တွက်နိုင်ကြပေမည် (၃ရာ၊ ၆း၁)။ အဓိကဖြစ်ရပ်ကြီးများ၏ ကွာခြားချိန်တို့ကို ကျမ်းစာကပေးထား၏။ ကျမ်းစာလာအချိန်သက္ကရာဇ်များကို ပြင်ပသမိုင်း အထောက်အထားများနှင့် တိုက်ကြည့်နိုင်သည်။

### ၂။ နောဧခေတ် ရေလွှမ်းမိုးချိန် (၂၂၄၂ ဘီစီ)

ကမ္ဘာဦးကျမ်း(၅) ၏ လူသားမျိုးဆက်ကိုလိုက်လျှင် အာဒံကျဆင်းချိန်မှ ရေလွှမ်းမိုးချိန်သည် နှစ်ပေါင်း ၁၆၅၆ နှစ်ရှိကြောင်း တွေ့ရသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် ၂၂၄၂ ဘီစီအချိန်ကို ရလိုက်သည်။

### ၃။ အာဗြဟံကို ဂတိပေးချိန်(၁၈၇၅ ဘီစီ)

(ကမ္ဘာဦးကျမ်း၊ ၁၁း၁၀-၂၆) အရ လူသားမျိုးဆက်ကို လိုက်ခြင်းဖြင့် ရေလွှမ်းမိုးအပြီး အာဗြဟံသည် နှစ်သက္ကရာဇ် ၂၉၂ နှစ် သို့မဟုတ် အာဒံနောက် ၁၉၄၈ နှစ်တွင် မွေးဖွါးကြောင်းတွေ့ရသည်။ ဤအကြောင်းသည် အာဗြဟံကို ၁၉၅၀ ဘီစီတွင် မွေးဖွားကြောင်းတွက်ချက်ရသည်။ (ကမ္ဘာဦးကျမ်း၊ ၁၂း၄) အရ ဘုရားခင်၏ ဂတိတော်ရရှိချိန်၊ အာဗြဟံ ပဋိညာဉ်ဖွဲ့ချိန်သည် သူ့အသက် ၇၅ နှစ်ရှိချိန်ဖြစ်သည်။ ထို့ကြောင့် ဂတိတော်သည် ၁၈၇၅ ဘီစီ၌ ဖြစ်ကြောင်းတွေ့ရသည်။

### ၄။ ဣသရေလတို့၏ ထွက်မြောက်ခြင်း (၁၄၄၅ ဘီစီ)

ကမ္ဘာဦးကျမ်း ၁၂ မှ ၅၀ အထိ အာဗြဟံမှ ဆင်းသက်ပေါက်ဖွားသော မျိုးဆက်

အကြောင်း တိုက်ရိုက်ဖော်ပြထားသည်။ ယာကုပ်၏ သားသမီးများ (အာဗြဟံ၏မြေး) တို့သည် အဲဂုတ္တုပြည် ကျွန်အဖြစ်ရောက်ရှိလာကြသည် (ထွက်၊ ၁)။ ဘုရားသခင်သည် မောရှေအားဖြင့် သူတို့ကို အဲဂုတ္တုကျွန်မှ လွတ်စေခဲ့သည်။ တမန်တော်ပေါလုက အာဗြဟံ၌ ဂတိထားချိန် မှ ပညတ်တော်ပေးချိန်အထိ နှစ်ပေါင်း ၄၃၀ ရှိသည်ဟုပြော ထားသည် (ဂလ၊ ၃း၁၇)။ ဤအချိန်ကာလကြောင့် အာဒံနောက်ပိုင်း နှစ်ပေါင်း ၂၃၇၈ သို့မဟုတ် ၁၄၄၅ ဘီစီ ဟုသိရသည်။

## ၅။ ရှောလမုန်၏ ၄ နှစ်မြောက်အချိန် (၉၆၅ ဘီစီ)

ရှောလုနှင့် ဒါဝိဒ်အပြီး ဣသရေလတို့၏တတိယမင်းဆက်သည် ရှောလမုန်ဖြစ်သည်။ ထွက်မြောက်ရာအချိန်မှ ရှောလမုန်ဗိမာန်တော်တည်ဆောက်ချိန်သည် နှစ်ပေါင်း ၄၈၀ ရှိကြောင်း (၃ဓမ္မရာဇဝင်၊ ၆း၁) ၌ တွေ့ရသည်။ ဤအကြောင်းကြောင့် ၉၆၅ ဘီစီ သို့မဟုတ် အာဒံနောက်ပိုင်းနှစ်ပေါင်း ၂၈၅၈ အချိန်ဟု တွက်ချက်နိုင်သည်။

ကျွန်ုပ်တို့သည် အခြားသမိုင်းမှတ်တမ်းများမှနေ၍ ရှောလမုန်၏ စတုတ္ထမြောက်နှစ်ကို တွက်ယူနိုင်သည်။ ထို့ပြင် အာဗြဟံ၏ ဂတိတော်ရေလွှမ်းမိုးခြင်း၊ အာဒံနှင့် ထွက်မြောက် ရာ ကျမ်းအထိ နောက်သို့ပြန်လည်တွက်ချက်ပြီး  အချိန်ကာလအတိအကျတွက်ယူနိုင် သည်။

## ၆။ မြောက်ပိုင်းနိုင်ငံတော်ကျဆင်းခြင်း (၇၂၁ ဘီစီ)

ရှောလမုန်သေဆုံးပြီး ဣသရေလတို့သည် “မြောက်ပိုင်းနိုင်ငံတော်” သို့မဟုတ် ဣသရေလ နှင့် “တောင်ပိုင်းနိုင်ငံတော်” သို့မဟုတ် ယုဒဟူ၍ ၂ ပိုင်းကွဲသွားသည်။ မြောက်ပိုင်းနိုင်ငံ ဣသရေလသည် ဘီစီ ၇၂၁ တွင် အာရှုရိအင်ပါယာသို့ ကျဆင်း သွားသည်။

### ၇။ တောင်ပိုင်းနိုင်ငံတော်ကျဆင်းခြင်း (၅၈၆ ဘီစီ)

တောင်ပိုင်းနိုင်ငံတော်ဖြစ်သည့် ယုဒသည် ဗာဗုလုန်အင်ပါယာအောက်သို့ ဘီစီ ၅၈၆ တွင် ကျရောက်သွားပြီး ဘီစီ ၅၁၆ တွင် သူတို့ဌာနေသို့ ပြန်မရောက်ခင်နှစ်ပေါင်း ၇၀ ကြာ အစွန့်ပစ်ခံကြရသည်။

## ၈။ ခရစ်တော်မွေးဖွားခြင်း (၁ ဘီစီ)

ကယ်တင်ရှင်ကြွလာခဲ့ပြီးနောက် နောက်ထပ် နှစ်ပေါင်း (၆၀၀)ခန့်ကြာသည်အထိ (B.C)နှင့် (A.D)ရက်စွဲများကို ခွဲခြမ်းစိတ်ဖြာမှုသည် စံနစ်ကျနခြင်းမရှိခဲ့ပါ။ (A.D)နှင့် (B.C)တို့သည် သူ၏မွေးနေ့တွင် အခြေတည်၍သာ အတည်ပြုရန်လိုပါသည်။ သို့သော် အသင်းတော် အနေဖြင့် (ရှင်လုကာ၊ ၁း၅)၌ တွေ့ရသော ယုဒပြည်ကိုအစိုးရသူ ဟေရုဒ်မင်းကြီး၏ စိုးစံချိန်ကို မှားယွင်းကိုးကားမိခြင်းကြောင့် "နေ့စွဲ၊ရက်စွဲ" သတ်မှတ်ရာတွင် အတိမ်းအစောင်းရှိခဲ့ရပါသည်။ နောင်ကာလတွင် "၁နှစ်မှ ၂နှစ်"ခန့် ချွတ်ချော်မှားယွင်းနေကြောင်းကို သိရှိခဲ့ကြရသော်လည်း အစဉ်အလာအားဖြင့် "အစွဲများ" ခိုင်မာတည်တန့်လျက်နေပြီဖြစ်ကြောင်းကို အများသဘောတူ ဆုံးဖြတ်ပြီးနောက် ယေရှုသည် "B.C. ၁"သို့မဟုတ် "B.C. ၂"တွင် ဖွားမြင်ခြင်းခံယူတော်မူကြောင်း တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်အတည်ပြုခဲ့ကြလေ၏။

နောက်ထပ်သတိပြုရန်အချက်မှာ ဂျူလီယန်ပြက္ခဒိန် (ကျွန်ုပ်တို့သုံးစွဲနေသော ပြက္ခဒိန်) အရ ဇန်နဝါရီ ၁ရက်နေ့ကို နှစ်သစ်နေ့ရက်အဖြစ် သတ်မှတ်ထားသော်လည်း ဂျူးတို့၏ ပြက္ခဒိန် သည် စက်တင်ဘာကို နှစ်သစ်အဖြစ် သတ်မှတ်ခြင်းပင်ဖြစ်ပါသည်။ ထိုကဲ့သို့သော ကွာဟချက်ကြောင့်ပင်လျှင် "B.C. ၁" သို့မဟုတ် "B.C. ၂"၊ "B.C ၉၆၆-၉၆၅" ဟူသည့် ခြုံငုံသတ်မှတ်ရက်စွဲများကို ကျွန်ုပ်တို့ သုံးစွဲရခြင်းကို သဘောပေါက်ရန်ဖြစ်ပါသည်။

## ၉။ ခရစ်တော်၏အသေခံခြင်း၊သင်္ဂြိုလ်ခြင်း၊ရှင်ပြန်ထမြောက်ခြင်း (၃၂-၃၃ အေဒီ)

ကျမ်းစာကို ကျွမ်းကျင်သူအများစုက ခရစ်တော်၏ အသေခံခြင်း၊ သင်္ဂြိုလ်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့သည် အေဒီ ၃၂-၃၃ အကြားဖြစ်ခဲ့သည်ဟု လက်ခံကြသည်။

## ၁၀။ ကျမ်းစာအုပ်၏နောက်ဆုံးစာစောင် (၉၆ အေဒီ)

ရောမဧကရာဇ် ဒိုမီတန်အုပ်စိုးချိန် တမန်တော်ယောဟန်ကို ပတ်မုကျွန်း၌ ချုပ်နှောင်ထားရာ ကျမ်းစာပြည့်စုံစေသော နေ့ရက်ကာလကို ဖြစ်စေသည် (ဗျာ၊ ၂၂း၁၈-၁၉)။

## ခ။ ။ဓမ္မဟောင်းကျမ်းစာများ၏ နှစ်သက္ကရာဇ်တွက်ချက်ခြင်း

၁။ အာဒံမှရေလွှမ်းမိုးခြင်းအထိ (3898-2242 ဘီစီ) (ကမ္ဘာ၊ ၁-၅)။

၂။ ရေလွှမ်းမိုးခြင်းမှ အာဗြဟံကို ဂတိထားချိန်အထိ (2242-1875 ဘီစီ) (ကမ္ဘာ၊ ၆-၁၂)။

၃။ အာဗြဟံကို ဂတိတော်ပေးချိန်မှ ထွက်မြောက်ရာအထိ (1875-1445 ဘီစီ) (ကမ္ဘာ၊ ၁၂-၅၀၊ ယောဘဝတ္ထု)။

**၄။ ထွက်မြောက်ရာချိန်မှ ရှောလမုန်၏ ၄ နှစ်မြောက်အထိ**

(1445-965 ဘီစီ)

(က) ထွက်မြောက်ရာကျမ်း

(ခ) ဝတ်ပြုရာကျမ်း

(ဂ) တောလည်ရာကျမ်း

(ဃ) တရားဟောရာကျမ်း

(င) ယောရှုမှတ်စာ

(စ) တရားသူကြီးမှတ်စာ

(ဆ) ရုသဝတ္ထု

(ဇ) ၁ဓမ္မရာဇဝင်

(ဈ) ၂ဓမ္မရာဇဝင်

(ည) ၃ဓမ္မရာဇဝင် ၁-၅

(ဋ) ဆာလံကျမ်း

(ဌ) ၁ ဓမ္မချုပ်

**၅။ ရှောလမုန်၏ ၄ နှစ်မြောက်မှမြောက်ပိုင်းနှင့်တောင်ပိုင်းနိုင်ငံတော်များ ကျဆင်းခြင်း (965-586 ဘီစီ)**

က။ ၃ဓမ္မရာဇဝင် ၆-၂၂

ခ။ ၄ဓမ္မရာဇဝင်

ဂ။ ၂ဓမ္မချုပ်

ဃ။ သုတ္တံကျမ်း

င။ ဒေသနာကျမ်း

စ။ ရှောလမုန်သီချင်း

ဆ။ ဩပဒိတ်

ဇ။ ယောလအနာဂတ္တိကျမ်း

ဈ။ ယောနဝတ္ထု

ည။ အာမုတ်အနာဂတ္တိကျမ်း

ဋ။ ဟောရှေအနာဂတ္တိကျမ်း

ဌ။ မိက္ခာအနာဂတ္တိကျမ်း

ဍ။ ဟေရှာယအနာဂတ္တိကျမ်း

ဎ။ နာဟုံအနာဂတ္တိကျမ်း

ဏ။ ဇေဖနိအနာဂတ္တိကျမ်း

တ။ ဟာဗက္ကုတ်အနာဂတ္တိကျမ်း

၆။ ဗာဗုလုန်နိုင်ငံသို့ သိမ်းသွင်းခံရခြင်း (586-516 ဘီစီ)

က။ ယေရမိအနာဂတ္တိကျမ်း

ခ။ ယေရမိမြည်တမ်းစကါး

ဂ။ ယေဇကျေလအနာဂတ္တိကျမ်း

ဃ။ ဒံယေလအနာဂတ္တိကျမ်း

**၇။ သိမ်းသွင်းခြင်းခံရပြီးအချိန် (516-400 ဘီစီ)**

(က) ဧဇရမှတ်စာ

(ခ) နေဟမိမှတ်စာ

(ဂ) ဇာခရိအနာဂတ္တိကျမ်း

(ဃ) ဟဂ္ဂဲအနာဂတ္တိကျမ်း

(င) မာလခိအနာဂတ္တိကျမ်း

## ဂ။ ။ဓမ္မသစ်ကျမ်း၏ နှစ်သက္ကရာဇ်တွက်ချက်ခြင်း

ဓမ္မသစ်ကျမ်းများ မှတ်သွင်းခံရခြင်းအတိုင်း ရေးသားသူတို့၏ အကျိုးသက်ရောက်ပုံ လက္ခဏာများကို အောက်ပါအတိုင်း ရှုမြင်သုံးသပ်နိုင်ပါသည်။

**၁။ ခရစ်တော်၏ သက်တော်စဉ်နှင့် ရှေးဦးအသင်းတော်သမိုင်းကြောင်း (55-85 အေဒီ)**

(က) မဿဲ

(ခ) လုကာ

(ဂ) မာကု

(ဃ) ယောဟန်

(င) တမန်တော်

**၂။ အသင်းတော်အတွက် ဩဝါဒစာများ (46-85 အေဒီ)**

က။ ရှင်ယာကုပ်
ခ။ ဂလာတိ
ဂ။ ၁သက်သာလောနိတ်
ဃ။ ၂သက်သာလောနိတ်
င။ ၁ကောရိန္သု
စ။ ၂ကောရိန္သု
ဆ။ ဖိလေမုန်
ဇ။ ဧဖက်
ဈ။ ကောလောသဲ
ည။ ဖိလိပ္ပိ
ဋ။ ၁တိမောသေ
ဌ။ တိတု
ဍ။ ဟေဗြဲ
ဎ။ ၁ပေတရု
ဏ။ ၂ပေတရု
တ။ ရှင်ယာကုပ်
ထ။ ၁ယောဟန်
ဒ။ ၂ ယောဟန်

ဆ။ ရောမ　　　　ပ။ ၂တိမောသေ　　　　ပ။ ၃ ယောဟန်

၃။ ပရောဖက်ပြုခြင်း (96 အေဒီ)

က။ ဗျာဒိတ်ကျမ်း

## အပိုင်း ၅

# ကျမ်းစာလေ့လာဘို့ ပြင်ဆင်ခြင်း

နောက်ပိုင်းအပိုင်းနှစ်ခုတွင် ရှေးယခင်က ဖြစ်ပျက်ခဲ့သည့်ဖြစ်ရပ်များအကြောင်းကို ကျွန်ုပ်တို့ အား မိတ်ဆက်ပေးပြီး (အပိုင်း ၃) မည်သည့်အချိန်တွင်ဖြစ်ပျက်ခဲ့ကြောင်း အစီအစဉ်အလိုက် လေ့လာခဲ့ကြပြီးဖြစ်သည် (အပိုင်း ၄)။ ကျမ်းစာအကြောင်းကို တစ်စုံတစ်ဦးသည် ငါတို့အား "မည်သည့်အချိန်" တွင် ဖြစ်ပျက်ခဲ့ကြောင်း မေးလာပါက အခြေခံသဘောတရား ကျွန်ုပ်တို့ရှင်းပြနိုင်တော့မည်ဖြစ်ပါသည်။ ကျမ်းစာကို သိနားလည်အောင် ရှာဖွေကြရသည့် အလျောက် မေးခွန်းများကို ဖြေကြားသောအခါတွင်လည်း *"သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်ခြင်းငှါ ဆရာသမားဖြစ်အောင်"* မိမိကိုယ်ကို ပြင်ဆင်ကြရမည်ဖြစ်ပါသည်။ ငါတို့၌ရှိသည့် မေးခွန်းများကို ဘုရားရှင်သည် သူ့ထံ ယူဆောင်လာရန် အလိုတော်ရှိလေသည် (မဿဲ၊ ၇း၇-၈)။

ကျမ်းပိုဒ်တိုင်းအတွက် အဓိကမေးရမည့် မေးခွန်းပုံစံများသည် မည်သူ၊ မည်သည့် အကြောင်း၊ ဘယ်အချိန်၊ ဘယ်နေရာ၊ အဘယ်ကြောင့်၊ အဘယ်ကဲ့သို့ ဟူ၍ဖြစ်သည်။ မေးခွန်းများကို စဉ်းစားရာတွင် အဓိကအကြောင်း ၂ မျိုးကို ခရစ်ယာန်အသက်တာနှင့် သက်ဆိုင်ပြီး စိတ်ထဲမှာ မှတ်သားရမည်။ ခရစ်တော်နှင့် ကိုယ်တိုင်ထိတွေ့ရန် တိုးတက်ခြင်းရှိစေဘို့ အဘယ်ကဲ့သို့ လမ်းညွှန်ထားသနည်း (ဖိလိပ္ပိ၊ ၃း၁၀)။ ကျွန်ုပ်တို့ မည်သို့ အသက်ရှင်ရမည်နည်း (ယောဟန်၊ ၇း၁၇)။

## က။ ။ကျမ်းပိုဒ်တိုင်းအတွက် အဓိကမေးခွန်းခြောက်မျိုး

### ၁။ မည်သူနည်း?

ဤမေးခွန်းကို မေးရခြင်းမှာ မည်သူက ပြောသနည်း၊ မည်သူ့ကို ဆိုလိုသနည်းဟူ၍ နားလည်ဘို့ဖြစ်သည်။ ဥပမာအနေဖြင့် (ကမ္ဘာ၊ ၂၂း၂) တွင် ဘုရားသခင်က အာဗြဟံကို သူ့သားအား ယဇ်ပူဇော်ခိုင်းခြင်းဖြစ်သည်။ ဤနေရာ၌ ဘုရားသခင်သည် တစ်စုံတစ်ဦး အားဖြင့်မဟုတ်ဘဲ အာဗြဟံကို တိုက်ရိုက်စကားပြောသည်။ နှုတ်ကပတ်စကားကို နားထောင်သော ကျွန်ုပ်တို့ လည်း အခြားသူအတွက်အမိန့်ကို တစ်ဆင့်ခံ နားထောင်နေရမည် မဟုတ်ပါ။

## ၂။ မည်သည့်အကြောင်းနည်း?

ဖော်ပြထားသော အဖြစ်အပျက်အကြောင်းရင်းနှင့် သက်ဆိုင်သည် (ဗျာဒိတ်၊ ၅) တွင် ခရစ်တော်ကို သိုးသူငယ်ဟု ရည်ညွှန်းသည်။ ဤရည်ရွယ်ချက်သည် ခရစ်တော်ကို အမွှေးစုတ်ဖွားခြေလေးချောင်းသတ္တဝါဟု ဆိုလိုခြင်းမဟုတ်ဘဲ အပြစ်အတွက် ယဇ်ပူဇော်ခံခြင်း အကြောင်းကို ဆိုလိုသည် (ယော၊ ၁၁း၂၉)။

## ၃။ ဘယ်အချိန်?

ကျမ်းစာက ရည်ညွှန်းသည့်အတိုင်း အချိန်ကာလနှင့်သက်ဆိုင်သည်။ ဥပမာအနေနှင့် အာဗြဟံသည် မိမိ၏နှမဝမ်းကွဲကို စုံဘက်ခြင်းအမှုမှာ မောရှေ၏ပညတ်မပေါ်မှီ လက်ဆက် ခြင်းကြောင့် ထိုအမှုသည် အပြစ်ရှိသောအရာဟု မသတ်မှတ်နိုင်ကြောင်း နားလည်နိုင်သည်။ ပညတ်တရားမပေါ်ခင် အပြစ်ဟူ၍ မထင်ရှားပါ (ရောမ၊ ၄း၁၅)။ ထို့ကြောင့် ဆွေမျိုးတော်သူ အချင်းချင်းစုံဘက်သော အာဗြဟံအမှုကို အပြစ်ဟု မယူဆနိုင်ပါ။ အချိန်ကာလနှင့် အတိ အကျ စပ်ဆိုင်မှုကို ခံယူခြင်းဖြင့် နားလည်သဘော ပေါက်ခြင်းများ ရရှိလာပေမည်။

## ၄။ ဘယ်နေရာ?

ကျမ်းစာ၌ ရေးထားသည့်အတိုင်း ပထဝီအနေအထား ယဉ်ကျေးမှုဆိုင်ရာတို့နှင့် သက်ဆိုင် သည်။ ကျမ်းစာ၌ ကျွန်ုပ်တို့သည် "ယေရုရှလင်သို့တိုင်" ဟု အကြိမ်ကြိမ် တွေ့ရသည်။ လူမှုရေး ထုံးတမ်းအမျိုးမျိုးတို့၌ "သို့တိုင်"၊ "ရောက်သည့်တိုင်" ဟုပါလာလျှင် မြောက်အရပ်သို့ ခရီးပြုခြင်းဟု နားလည်ရသည်။ ကျမ်းစာ၏ ဆိုလိုချင်သည့်သဘော ရည်ရွယ်ချက်မှာ နေရာဒေသအညွှန်းထက် တွက်ချက်ခြင်းကို သိရှိဘို့ဖြစ်သည်။ ယေရှု သည် ဂါလိလဲမှထွက်၍ ယေရုရှလင်သို့ဟုဆိုရာ၌ ကိုယ်တော်သည် တောင်အရပ်သို့ ခရီးပြုပါသော်လည်း မိမိခရီးစဉ်ကို အပေါ်ပိုင်းသို့ ရွေ့လျားသွားရသည်ကို ဆိုလိုပါသည်။

### ၅။ အဘယ်ကြောင့်နည်း?

အဖြေရရန် မလွယ်ကူသောသဘောနှင့် သက်ဆိုင်သည်။ အခြားကျမ်းပိုဒ်တို့ကို ယှဉ်တွဲဖတ်ပြီးမှ အဖြေကို တွေ့နိုင်သည်။ (ဟေရှာယ၊ ၇း၁၄) ကို ဖတ်ခြင်းဖြင့် အပျိုကညာ ဝမ်းမှ သားယောကျ်ားကို ဖွါးမြင်ပြီး ထိုသားကို ဧမာနွေလဟုမှည့်ရမည်။ ဤကျမ်းပိုဒ်အရ ထွက်ပေါ်လာသောမေးခွန်းမှာ အဘယ်ကြောင့် အပျိုကညာမှ မွေးရသနည်းဟူသော အချက်ပင်ဖြစ်သည်။

ကျွန်ုပ်တို့သည် အဖြေရှာကြည့်သောအခါ (ရောမ၊ ၅) တွင် အာဒံအပြစ်ကြောင့် လူသား အားလုံးအပြစ် အကျိုးဆက်ကို ခံရသည်။ အာဒံအားဖြင့် လူတစ်ဦးဆီ၌ အပြစ်ဗီဇ ပါရှိနေသည်။ ခရစ်တော်၌ လောကီသခင်ရှိလျှင်လည်း အပြစ်ဗီဇ သူ့၌ ပါဦးမည်။ ဤအမှု ကိစ္စအတွက် အဖြေမှာ အပြစ်ကွေးပေးဆပ်ဘို့ ခရစ်တော်၌ အပြစ်ကင်းစင်သော အရည်အချင်းရှိရန်လိုသည်။

### ၆။ အဘယ်သို့နည်း?

ဤမေးခွန်းအတွက်လည်း ဖြေရန်ခက်ခဲသည်။ ခရစ်တော်ရေပေါ်မှာ အဘယ်သို့ လမ်းလျှောက်သနည်းဟုမေးလျှင် ဝိညာဉ်တော်ကို အမှီပြု၍ လမ်းလျှောက်သည်ဟု ဖြေရမည် (လုကာ၊ ၄း၁၈)။ လူ၌ လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးထားလျှင် ဘုရားသခင် သည် သမိုင်းကျောင်းကို မည်သို့ထိန်းချုပ်သနည်း။ ဤမေးခွန်းကို ဖြေရန် မလွယ်ကူသော် လည်း နောက်ပိုင်းတွင် ဆွေးနွေးမည်။

## ခ။ ။မိမိအတွက် အဓိကဖြစ်သောမေးခွန်းနှစ်ခု

### ၁။ ခရစ်တော်နှင့် နီးကပ်ရင်းနှီးစွာ မိတ်သဟာယဖွဲ့ခြင်းအတွက် မည်သို့ တည်ဆောက်သနည်း?

ဤအချက်သည် ကျွန်ုပ်တို့မေးနိုင်သော အဓိကမေးခွန်းတစ်ခုဖြစ်သည်။ ခရစ်တော်နှင့် ဆက်ဆံရေးကြီးထွားရန် ကျမ်းစာလေ့လာခြင်းဖြင့် ရရှိသောအသိတရားကို ယုံကြည်ခြင်း နှင့်အတူ တစ်လုံးတစ်ဝတည်း ရှိနေရမည် (ဟေဗြ၊ ၁၁း၆)။ နှုတ်ကပတ်တော်သည် အမှားကင်းပြီး အားကိုးလောက်သည်ဟု ယုံမှတ်ရမည်။ သခင်ဘုရားနှင့် ဆက်ဆံခြင်း အကျိုးသည် ကိုယ်တော်၏ မေတ္တာ၌ အမြစ်တွယ်ပြီး လူ့အသိတရားနှင့် မဆိုင်ပါ။ တမန်တော် ပေါလုက (ဖေက်၊ ၃း၁၄-၁၉) တွင် ရှင်းလင်းစွာဖေါ်ပြထားပါသည်။

*"ကောင်းကင်ပေါ်မြေကြီးပေါ်မှာရှိသော တအိမ်ထောင်လုံးတည်းဟူသော သားတော် အပေါင်းတို့၏ အချုပ်အခြာ ဖြစ်တော်မူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော် ‌ရှေ့မှာ ငါသည် ဒူးထောက်၍ ဆုတောင်းလေ့ရှိ၏။ ဆုတောင်းသော အချက်မူကား ဝိညာဉ်တော်အားဖြင့် သင်တို့၏ အတွင်းလူကို ခွန်အားနှင့် မြဲမြံခိုင်ခန့်စေ၍ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည် သင်တို့၏စိတ်နှလုံးအထဲ၌ ကျိန်းဝပ်တော်မူမည်အကြောင်း ဘုန်းတော်ကြွယ်ဝပြည့်စုံခြင်းနှင့် ညီလျော်စွာ သင်တို့အား ပေးသနားတော် မူ၍ မေတ္တာ၌ စိုက်ပျိုးခြင်း တိုက်မြစ်လည်း ကျတည်ခြင်းရှိသဖြင့် သင်တို့သည် သန့်ရှင်းသူအပေါင်းတို့၏နည်းတူ အနံအလျား အနက်အမြင့်တို့ကို ပိုင်းခြား၍ သိခြင်း ငှာ၄င်း၊ ကိုယ်ဉာဏ်နှင့်မသိနိုင်သော ခရစ်တော်၏ မေတ္တာတော်ကို သိနားလည်ခြင်း ငှာ၄င်း၊ သင်တို့သည် တတ်စွမ်းနိုင် သဖြင့် ဘုရားသခင်၏ ပြည့်စုံတော်မူခြင်း ရှိသမျှနှင့်အညီ ပြည့်စုံကြပါမည် အကြောင်း၊ ငါသည် ဆုတောင်းလေ့ရှိ၏"*

ဘုရားသခင်၏ နှုတ်ကပတ်တော်အကြောင်းကို ကျွန်ုပ်တို့၏ အသိပညာတိုးတက်ဘို့သာ လေ့လာပြီး ဘုရားသခင်ထံနှင့် အခြားသူများအပေါ် ချစ်ခြင်းမေတ္တာ တိုးပွါးလာခြင်း မရှိပါမူ (မာကု၊၁၂း၂၉-၃၁)၊ ငါတို့သည် မောက်မာထောင်လွှားခြင်းမျှသာဖြစ်၏ (၁ကော၊ ၈း၁)။ သီဩလော်ဂျီအကြောင်းကို လူသားများအနက် အသိကျွမ်းဆုံးဖြစ်သည့် ပေါလုက (၂ကော၊ ၁၂း၁-၄) *"ကိုယ်တော်ကို သိနိုင်ခြင်းငှါ"* (ဖိ၊ ၃း၁၀) ဟု သူ၏ အကြီးမားဆုံး သော လိုအင်ဆန္ဒကို ဖေါ်ပြခဲ့၏။ ပေါလုသည် ဖါရိရှဲတစ်ယောက်အနေဖြင့် အသိဉာဏ် ပညာအရ လိုက်လျှောက်ခဲ့ဘူးသူဖြစ်ပြီး၊ ခရစ်ယာန်တစ်ယောက်အနေဖြင့်မူ အသက်ရှင် သော ဘုရားရှင်နှင့် မိတ်သဟာယဖွဲ့နိုင်ရေးကိုသာ စူးစိုက်လိုက်စားပေတော့သည်။

ဘုရားရှင်၏ ဂတိတော်များကိုသာ ရှာကြံပြီး ယုံကြည်လိုက်ပါ။ ထိုအခါ သင်သည် *"ကျေးဇူးတော်၌ တိုးပွါးပြီး သခင်ယေရှုခရစ်တော်ကို သိခြင်း၌လည်း တိုးတက်လာမည်"* (၂ပေ၊၃း၁၈) ဖြစ်သည်။

## ၂။ သို့ဆိုလျှင် ကျွန်ုပ်တို့ မည်သို့အသက်ရှင်ရမည်နည်း?

ကျွန်ုပ်တို့လေ့လာနေသော ကျမ်းပိုဒ်တစ်ခု၏ ဆိုလိုရင်းကို နားလည်သည်နှင့်တပြိုင်နက် နေ့စဉ်အသက်တာ၌ မည်သို့အသုံးပြုရမည်ကို နားလည်ရမည်ဖြစ်သည်။ ဤသဘော တရားကို (ဟေဗြဲ၊ ၁၂း၁-၃) က လှပစွာဖေါ်ပြထားပြီး အငယ် ၁ နှင့် ၂ တို့က ဤသို့ ဆိုထားပါသည်။

*"ထို့ကြောင့်၊ ဤမျှလောက်များစွာသော သက်သေအပေါင်းတို့သည် ငါတို့ကို ဝန်းရံလျက်ရှိကြသည်ဖြစ်၍၊ ငါတို့သည် ခပ်သိမ်းသောဝန်တို့ကိုငှင်း၊ နှောင့်ယှက်တတ်သော ဒုစရိုက်ကိုငှင်း၊ ပယ်ရှား၍၊ ငါတို့မျက်မှောက်၌ထားသော ပန်းတိုင်သို့ ရောက်ခြင်းငှါ၊ အားမလျှော့ဘဲ ပြေးကြကုန်အံ့။ ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင်တော်မူသော သခင်ယေရှုကို စေ့စေ့ထောက်ရှုကြကုန်အံ့။ ထိုသခင်သည် မိမိရှေ့၌ထားသော ဝမ်းမြောက်ခြင်းအကြောင်းကြောင့်၊ ရှက်ကြောက်သောအရာကို မမှတ်ဘဲ လက်ဝါး ကပ်တိုင်၌ ခံပြီးမှ၊ ဘုရားသခင်၏ ယွလ္လင်တော်လက်ျာဘက်၌ ထိုင်နေတော်မူ၏။"*

ဟေဗြဲစာစောင်ကို ရေးသားသူက ဤကျမ်းပိုဒ်နှစ်ခုတွင် အပြေးပြိုင်ခြင်းအသက်တာကို ပုံဖေါ်ထားခြင်းဖြစ်၏။ ရပ်ကြည့်နေသူများက (အခန်းကြီး ၁၁ မှ သူရဲကောင်းများ) ကို စောင့်ကြည့်နေကြပါသည်။ အပြေးပြိုင်ခြင်းသည် အရှိန်ဖြင့် အဝေးကို ပြေးကြရမည်ဖြစ်ပြီး ဆုလာဒ်ကို ကောင်းမွန်စွာ သိမ်းဆည်းပေးထားပါသည်။ ပြိုင်ပွဲဝင်သူက သူ့အား နှောင့်ယှက် စေမည့်အရာများနှင့် လေးလံစေမည့်အရာများကို ချွတ်ပစ်ကြရ၏။ သူ့မျက်စိအစုံကို ထိုအပြေးပြိုင်ခြင်း၌ အောင်မြင်ပြီးမြောက်စွာဖြင့် ပန်းတိုင်တွင် ရပ်စောင့်နေသူ (ခရစ်တော် ဘုရား)ဆီ အရောက်လှမ်းနိုင်ဘို့ တည့်တည့်ထားရှိရမည်ဖြစ်သည်။ ပင်ပန်းနွမ်းနယ်မှုမှာ ထာဝရပျော်ရွှင်ရခြင်းနှင့်စာလျှင် အရေးမပါလှပါသဖြင့် ပြေးသူအတွက် ခံနိုင်စွမ်း အပြည့်ရှိပေသည်။

ထို့နောက်၊ အပိုဒ်ငယ် ၃ တွင် စာရေးသူက ကျွန်ုပ်တို့အသက်တာအတွက် အငယ်နှစ်ခုကို လက်တွေ့အသုံးပြုထား၏။

*"အပြစ်ရှိသောသူတို့လက်တွင်၊ ထိုမျှလောက်ကြီးစွာသော ဆီးတားနှောင့်ယှက်ခြင်းကို ခံတော်မူသောသခင်ကို ထောက်ရှုဆင်ခြင်သောအားဖြင့်၊ အားလျော့စိတ်ပျက်ခြင်းနှင့် ကင်းလွတ်အံ့သောငှါ ကြိုးစားကြလော့။"*

အခက်အခဲပြဿနာများနှင့် ဆန့်ကျင်ခြင်းများ၊ နာကျင်ခြင်းနှင့် ဝမ်းနည်းပူဆွေးခြင်းများ၊ ရှက်ကြောက်ခြင်းနှင့် အသရေပျက်ခြင်းကို ခရစ်တော်အတွက် ရင်ဆိုင်နေရမည်ဆိုလျှင် ငါတို့၏ ခေါင်းဆောင်ကို တွေးတောပြီး သူအားဖြင့် နှစ်သိမ့်မှုရယူနိုင်မည်ဖြစ်ပါသည်။ *"ငါတို့ ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသော ဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်။ ငါတို့ခံရသည်နည်းတူ၊ အမျိုးမျိုးသော စုံစမ်းနှောင့်ယှက်ခြင်းတို့ကို ခံဘူးသောသူ ဖြစ်တော်မူ၏။ သို့ရာတွင် ဒုစရိုက်အပြစ်နှင့် ကင်းလွတ်တော်မူ၏"* (ဟေဗြဲ၊ ၄း၁၅)။

## ၈။ ။မေးခွန်းအားလုံးမဖြေနိုင်လျှင် မည်သို့ဖြစ်မည်နည်း?

မေးခွန်းများနှင့် အဖြေသည် အရေးကြီးပါသည်။ ကျွန်ုပ်တို့သည် အသက်ရှင်သော ဘုရားနှင့် ဆက်သွယ်ရာတွင် ယုံကြည်ခြင်းသည် အခြေခံဖြစ်ကြောင်း သတိရှိဘို့လိုသည် (ဧဖက်၊ ၂း၈-၉၊ ကောလောသဲ၊ ၂း၆)။ အဖြေအားလုံး အသက်တာ၌ မရရှိပါသော်လည်း ဘုရားသခင်၌ အဖြေရှိကြောင်း ဂတိတော်ရှိပါသည် (၁ကော၊၁၃း၁၂)။

# အခန်း ၂

# စမွေဟောင်းကျမ်းကို ရှုမြင်သုံးသပ်ခြင်း

# နိဒါန်း

ဤစာအုပ်သည် ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းတို့ကို အကျဉ်းချုံးလေ့လာသုံးသပ်သော စာအုပ်ဖြစ်ပါသည်။ ဤသို့ရေးသားရသည့် ရည်ရွယ်ချက်အကြောင်းရင်းမှာ စာဖတ်သူတို့အား ကျမ်းကို ပြုစုရေးသားသူ၊ ရေးသားခဲ့သည့်ခုနှစ်၊ အဓိက ပါဝင်သရုပ်ဆောင်သော လူတို့နှင့် ဦးတည်ချက်အကြောင်းအရာများ၊ ထိုကျမ်း၌ ခရစ်တော်ကို အဘယ်ကဲ့သို့ သရုပ်ဖော်ရေးသားထားသည်ကို အကျဉ်းချုံး၍ တင်ဆက်ဖွင့်ပြခြင်းဖြစ်ပါသည်။

သမ္မာကျမ်းစာအုပ် တစ်အုပ်ခြင်းစီကို ခြုံငုံ၍ လေ့လာသုံးသပ်ခြင်းမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လေ့လာသင်ကြားသော သူတို့အတွက် အရေးကြီးပါသည်။ သို့မှသာ သူတို့သည် သမ္မာကျမ်းစာ၌ပါရှိသည့် အဓိကအဖြစ်အပျက်များနှင့် ဆွေးနွေးရန် အကြောင်းအရာများကို သိမြင်ကာ ယေဘုယျအားဖြင့် နားလည်သဘောပေါက်ကြရပါသည်။ ကျွန်ုပ်တို့ သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပို၍အချိန်ကြာကြာ လေ့လာပါက ထိုသမ္မာကျမ်း စာကို ကျွန်ုပ်တို့ ပို၍ပို၍ သိရှိနားလည်လာကြမည်မှာ ထင်ရှားသိသာလှပါသည်။ သို့သော်လည်း ဤသင်ခန်းစာလေ့လာခြင်းကို ချဉ်းကပ်၍ အနီးကပ်လေ့လာရာတွင် ကျွန်ုပ်တို့သည် ပထမကြီးမားသော ပုံပန်းချီကားချပ်ကို တွေ့ရှိရန် ရှာဖွေလေ့လာရပါသည်။ သို့မှသာ ကျွန်ုပ်တို့သည် နောက်ပိုင်း၌ အသေးစိတ်ဖော်ပြချက်များကို စနစ်တကျမြင်နိုင်ကြပါမည်။ အခန်းကြီး ၁ တွင် သမ္မာကျမ်းစာတစ်ခုလုံးကို အထက်မှ ရှုမြင်သုံးသပ်ခြင်းပါဝင်ပါသည်။ ကျွန်ုပ်တို့သည် ကျမ်းစာတစ်အုပ်ခြင်းစီတို့ကို အမြင်ကျယ်ဖြင့် ခြုံငုံလေ့လာရန် အနည်းငယ်မျှ သာဖြင့် ဤအခန်းကို အစပြုပါသည်။

# ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းတို့ကို နှိုင်းယှဉ်ခြင်း

ခရစ်တော်သည် သမ္မာကျမ်းစာအုပ်ရှိသမျှအားလုံးတို့၏ မျှော်လင့်ခြင်းနှင့် အဓိကဦးတည် ချက်အကြောင်းရင်းပင်ဖြစ်ပါသည်။ ခရစ်တော်သည် သမ္မာကျမ်းစာရှိသမျှအားလုံးတို့၏ အဓိကဦးတည်ချက် အကြောင်းရင်းဖြစ်ကြောင်းကို ကြိမ်ဖန်များစွာ သူကိုယ်တိုင် ဖွင့်ဆိုထား ပါသည်။

၁။ (ရှင်မဿဲ၊ ၅း၁၇) ၌ *"ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်းများကို ဖျက်ပယ်ခြင်းငှါ ငါလာ သည်မဟုတ်။ ပြည့်စုံစေခြင်းငှါ ငါလာသတည်း"* ဟု မိန့်တော်မူ၏။

၂။ ကိုယ်တော်သည် ဧမောက်မြို့သို့သွားရာလမ်း၌ တပည့်တော်နှစ်ဦးတို့နှင့်အတူ သွား တော်မူသည်ကို ရှင်လုကာသည် ကျွန်ုပ်တို့အား ဟောကြားခဲ့သည်မှာ၊ *"မောရှေ၏ ကိုယ်တော်ကို ရည်မှတ်၍ ရေးထားသမျှသော ကျမ်းစာချက် အနက်ကို ရှင်းလင်းစွာ ဖော်ပြတော်မူ၏။*

၃။ ထို့နောက် ကိုယ်တော်သည် ထိုနေ့ညနေခင်း၌ပင်လျှင် တပည့်တော်ဆယ်ပါးတို့ အား မိန့်တော်မူသည်ကို (လုကာ၊ ၂၄း၄၄-၄၇) တွင် ရှင်လုကာသည် ကျွန်ုပ်တို့ အား ဟောပြောသည်မှာ၊ *"မောရှေ၏ ပညတ္တိကျမ်းစာ၌၄င်း၊ ပရောဖက်တို့၏ ကျမ်းစာ၌၄င်း၊ ဆာလံကျမ်းစာ၌၄င်း၊ ငါ့ကိုရည်မှတ်၍ ရေးထားသမျှသော အချက်တို့သည် ပြည့်စုံရမည်ဟု ငါသည် သင်တို့နှင့်အတူရှိနေစဉ်အခါ၊ သင်တို့ အား ဟောပြောသော အကြောင်းအရာတို့ကား၊ ဤအကြောင်းအရာ ပေတည်းဟု မိန့်တော်မူ၏။ ထိုအခါ ကျမ်းစာကို နားလည်စေခြင်းငှါ တပည့် တော်တို့၏ ဉာဏ်ကိုဖွင့်တော်မူ လျှင်၊ ဤသို့ကျမ်းစာလာ၏။ ဤသို့ခရစ်တော် သည် အသေခံ၍ သုံးရက်မြောက် သောနေ့၌ သေခြင်းမှထမြောက်ရမည်။ ခရစ်တော်၏ အခွင့်အားဖြင့် နောင်တ တရားနှင့် အပြစ်လွှတ်ခြင်းတရားကို ယေရုရှလင်မြို့မှစသော လူမျိုးတကာတို့အား ဟောပြောရမည်"*

၄။ (ရှင်ယောဟန်၊ ၅း၃၉ နှင့် ၄၀) တို့တွင် ယေရှုသည် ဂျူးလူမျိုးတို့နှင့် စကားပြော ဆိုရာ၌ ယေရှုမိန့်တော်မူသည်မှာ၊ *"ကျမ်းစာအားဖြင့် ထာဝရ အသက်ကိုရ မည်ဟု စိတ်ထင်နှင့် သင်တို့သည် ကျမ်းစာကို စေ့စေ့ကြည့်ရှုကြ၏။ ထိုကျမ်းစာ ပင် ငါ၏ သက်သေဖြစ်၏။"*

ထို့အပြင်၊ (ဗျာဒိတ်ကျမ်း၊ ၁၉း၁၀) ၌လည်း၊ *"ပရောဖက်ဟောသော စကားချက်သဘော သည် ယေရှု၏ သက်သေဖြစ်သတည်း"* ဟု ကျွန်ုပ်တို့အား ပြောဆို၏။ တစ်နည်းဆိုရ သော် သမ္မာကျမ်းစာရှိသမျှအားလုံးတို့၌ရှိသော ပရောဖက်ပြုခြင်း၏ သဘောသဘာဝနှင့် ရည်ရွယ်ချက် အကြောင်းရင်းတို့မှာ ယေရှုခရစ်တော်၏အကြောင်းကို ဖွင့်ပြဖို့ရန်ပင် ဖြစ်ပါသည်။ လူသား(အာဒံ)၏ ပြစ်မှားခြင်းကြောင့် လိုအပ်လာသောအရာမှာ ခရစ်တော် သာလျှင်ဖြစ်ကြောင်း ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းတို့၏ အဓိကဦးတည်ချက် အကြောင်း ရင်းပင်ဖြစ်၍ ကျွန်ုပ်တို့ သည် သူ့အားဖြင့်သာလျှင် ထာဝရအသက်နှင့် ကြွယ်ဝသော အသက်တာကို ရရှိနိုင်ကြသည် ဖြစ်ကြောင်း သိသာထင်ရှားလှပါသည်

(ယောဟန်၊ ၁၀း၁၀)။

## ဓမ္မဟောင်းကျမ်း

| | | |
|---|---|---|
| ပညတ်တော်<br>- ခရစ်တော်အတွက် အခြေခံအုတ်မြစ်<br>သမိုင်း<br>- ခရစ်တော်အတွက်ပြင်ဆင်ခြင်း<br>ကဗျာအလင်္ကာ<br>- ခရစ်တော်အတွက် အာသီသဆန္ဒပြင်းပြခြင်း<br>ပရောဖက်ပြုခြင်း<br>- ခရစ်တော်အားမျှော်လင့်ခြင်း | ပြင်ဆင်ခြင်းနှင့် အခြေခံအုတ်မြစ်ချခြင်း | မေရှိယ ကယ်တင်ရှင်သည် ကြွလာတော်မူ၍ ပရောဖက်၊ ယဇ်ပုရောဟိတ်၊ ရှင်ဘုရင်နှင့် သူသည် ရှင်ဘုရင်အဖြစ် စိုးစံတော်မူခြင်းမတိုင်မီ လူသားတို့၏ အပြစ်အတွက် အသေခံတော်မူသော ဒုက္ခဆင်းရဲခြင်းကိုခံနေသည့် ကယ်တင်ရှင်အဖြစ် ဆောင်ရွက်တော်မူမည့် အကြောင်း ကို ဓမ္မဟောင်းကျမ်း၌ တင်ကြို၍ ဟောပြောအုတ်မြစ်ချထားပြီး ဖြစ်ပါသည်။ |

## ဓမ္မသစ်ကျမ်း

| | | |
|---|---|---|
| သတင်းကောင်း | ထင်ရှားဖော်ပြခြင်း | သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုအားဖြင့် ကြွလာတော်မူပြီးဖြစ်သော ကယ်တင်ရှင်၏ သတင်းစကားတော်ကို တမန်တော်ဝတ္ထု၌ အထင်အရှားပြသဖော်ထုတ်ပါသည်။ |
| တမန်တော် | ကျယ်ပြန့်ခြင်း | အချိန်ကာလကြာမြင့်စွာကတည်းက ကြွလာမည့်အကြောင်း မျှော်လင့်စောင့်စားရသော ကယ်တင်ရှင်၊ သူ၏ ပုဂ္ဂိုလ်ဖြစ်ခြင်းနှင့် လုပ်ဆောင်ချက်တို့အကြောင်းကို ပြောပြပါသည်။ |
| သြဝါဒစာများ | ရှင်းလင်းချက်<br>နှင့်<br>ခံယူကျင့်သုံးခြင်း | ခရစ်ယာန်တို့သည် ဤလောကထဲ၌ ခရစ်တော်၏ သံတမန်တစ်ဦး အနေဖြင့် အသက်တာလျှောက်လှမ်းရာတွင် ခရစ်တော်၏ ပုဂ္ဂိုလ်တော်နှင့်လုပ်ဆောင်ချက်များသည်အဘယ်လောက်သြဇာသက်ရောက်မှုရှိကြောင်းအရေးပါခြင်းတို့ကိုအပြည့်အဝကြီးထွားစေ၏။ |
| ဗျာဒိတ်ကျမ်း | အဆုံးသတ်ခြင်း | သခင်ဘုရားပြန်လည်ကြွလာမည့်အကြောင်း၊ စိုးစံတော်မူမည့် အကြောင်း၊ ထာဝရကာလအခြေအနေ စသည့် နောက်ဆုံးသော ကာလအဖြစ်အပျက်များကို တင်ကူးမြော်မြင်၍ ဟောထား၏။ |

## အပိုင်း ၁

# ပညတ္တိကျမ်း – ပ[redacted]မငါးကျမ်း

သမ္မာကျမ်းစာ၌ ပထမငါးကျမ်းတို့ကို တစ်ခါတစ်ရံ Pentateuch ဟုခေါ်ပါသည်။ ဆိုလိုသည် မှာ၊ "ငါးအုပ်" ဟူ၍ဖြစ်ပါသည်။ ထိုကျမ်းတို့မှာ ပညတ္တိကျမ်းများဟူ၍လည်း သိရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုကျမ်းများ၌ ထာဝရဘုရားသခင်သည် ဣသရေလလူမျိုးတို့အား မောရှေအားဖြင့် ပေးတော်မူသော ပညတ်တော်တရားများနှင့် သွန်သင်ဆုံးမတော်မူခြင်းများ ပါဝင်ပါသည်။ တရားဟောရာကျမ်း၏ နောက်ဆုံးသော အပိုဒ်များမှအပ ထိုကျမ်းများတို့ကို မောရှေအားဖြင့် ရေးသားခဲ့ခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် တရားဟောရာကျမ်း နောက်ဆုံးသောအပိုဒ်တွင် မောရှေ၏ သေဆုံးခြင်းအကြောင်း ဖော်ပြထားပါသည်။ ဤကျမ်း ငါးကျမ်းတို့သည် ခရစ်တော် ကြွလာမည့်အကြောင်း အခြေခံအုတ်မြစ်ချထားရာ ကျမ်းများဖြစ် ပါသည်။ ထိုကျမ်းများ၌ ဘုရားသခင်သည် ဣသရေလလူမျိုးတို့သည် ဓမ္မဟောင်းကျမ်းကို ထိန်းသိမ်းစောင့်ရှောက် လာသောလူမျိုး၊ ဂတိတော်နှင့်ဆိုင်သော ပဋိညာဉ်တရားကို လက်ခံရရှိသူ၊ မေရှိယ၏ အမျိုးအနွယ်စုများဖြစ်လာခဲ့ကြပါသည် (ရောမ၊ ၃း၂၊ ၉း၁-၅)။

# ကမ္ဘာဦးကျမ်း

## (အစအဦးနှင့်ဆိုင်ရာကျမ်း)

## ကျမ်းရေးသူနှင့် ကျမ်းအမည်

မောရှေသည် ဤကျမ်းကို ရေးသားခဲ့ပါသည်။ Genesis ဟူသော ဝေါဟာရစကားလုံး၏ ဆိုလိုရင်းမှာ၊ "အစအဦး" ဟူ၍ ဖြစ်ပြီး Septuagint ဟူသော ဟေဗြဲစာပေ ဓမ္မဟောင်းကျမ်းကို ဂရိဘာသာဖြင့် ဘာသာပြန်ဆိုသောစာအုပ်မှ ဆင်းသက်လာခြင်း ဖြစ်ပါသည်။

## ရေးသားခဲ့သည့်ခုနှစ်

၁၄၅၀-၁၄၁၀ ဘီစီဖြစ်ပါသည်။

## ဦးတည်ချက်အကြောင်းအရာနှင့် ရည်ရွယ်ချက်အကြောင်းရင်း

ကမ္ဘာဦးကျမ်းကို အမှတ်တမဲ့ ရှောင်တခင်ဖတ်လိုက်မိခြင်း၌ပင်လျှင် အဓိကဦးတည်ချက်အကြောင်းရင်းမှာ ကောင်းကြီးမင်္ဂလာနှင့် ကျိန်ဆဲခြင်းအမင်္ဂလာ အကြောင်းဖြစ်ကြောင်းကို ပေါ်လွင်ထင်ရှားစေပါသည်။ ဧဒင်ဥယျာဉ်ထဲ၌ကဲ့သို့ပင် နာခံခြင်းနှင့် ယုံကြည်ခြင်းအတွက် ကောင်းကြီးမင်္ဂလာဖြစ်ပါသည်။ သို့သော်လည်း၊ နာမခံခြင်းအားဖြင့် ကျိန်ဆဲခြင်းအမင်္ဂလာပါလာသည်။ ကျမ်းတစ်အုပ်လုံးသည် ဤအကြောင်းရင်းကို ညွှန်ပြပြီး၊ ထိုမင်္ဂလာနှင့် ဆန့်ကျင်ဖက်မှာ ကျိန်ဆဲခြင်းဖြစ်ပါသည်။ သို့သော်လည်း၊ အဓိကဦးတည်ချက်အကြောင်းရင်းမှာ ဣသရေလလူမျိုးတို့သည် အာဗြဟံနှင့် အာဗြဟံ၏ ပဋိညာဉ်အားဖြင့် ရွေးချယ်မှုပင်ဖြစ်ပါသည်။ ဘုရားသခင်သည် ဤလူမျိုးတို့ကို အာဗြဟံအားဖြင့် ကောင်းကြီးပေးမည်ဖြစ်ကြောင်းဂတိပေးတော်မူခဲ့ပါသည် (ကမ္ဘာ၊ ၁၂း၁-၃၊ ၁၅း၁-၂၁)။

ကမ္ဘာဦးကျမ်းသည် အစအဦးတစ်ခုတည်းကိုသာ ဆိုလိုသည်မဟုတ်ပါ။ ကျမ်း၏အစအဦးလည်းဖြစ်ပါသည်။ ကမ္ဘာဦးကျမ်းသည် ကျွန်ုပ်တို့အား အနာဂတ်တွင် ဖြစ်ပျက်လာမည့်အကြောင်းတရားနှင့် ပတ်သက်သောသမိုင်းကြောင်းဆိုင်ရာ ရည်ညွှန်းချက်များကို ဖွင့်ပြောပေးပါသည်။ ကမ္ဘာဦးကျမ်း၌ ကျမ်းစာအားလုံးတို့၏ အဓိကကျသော

ဦးတည်ချက်အကြောင်း ရင်းတို့၏ မူလအရင်းအမြစ်ကို ဖော်ပြထားပါသည်။ ကမ္ဘာဦးကျမ်း၌ စကြာဝဠာ၏ အစမူလ၊ လူယောကျ်ား၊ မိန်းမတို့၏မူလအစ၊ လူသားမျိုးနွယ်စုအားလုံးတို့၏ အပြစ်တရား၌ ကျရောက်ခြင်းအကြောင်းရင်း မူလအစများကို ကျွန်ုပ်တို့တွေ့မြင်နိုင်ပါသည်။ ထို့အပြင် ကယ်တင်ခြင်းအတွက် ဘုရားသခင်၏ ဂတိတော်များ၊ ဘုရားသခင်သည် ကယ်တင်ရှင် မေရှိယကြွလာတော်မူဖို့ရန် အထူးရည်ရွယ်ကြံစည်သောအားဖြင့် ဣသရေလလူမျိုးတို့ကို ဘုရားသခင်၏ လူအဖြစ် ရွေးကောက်တော်မူခြင်းစသည်တို့ကိုလည်း တွေ့မြင်နိုင်ပါသည်။ ကမ္ဘာဦးကျမ်း၌ အာဒံနှင့်ဧဝတို့အကြောင်း၊ စာတန်တည်းဟူသော စုံစမ်းနှောင့်ယှက်သူ အကြောင်း၊ နောဧနှင့် ရေလွှမ်းမိုးခြင်း၊ အာဗြဟံ၊ ဣဇက်၊ ယာကုပ်၊ ယောသပ်နှင့် သူ၏ ညီအစ်ကိုများ အကြောင်းစသည်တို့ကိုလည်း ကျွန်ုပ်တို့သင်ယူရပါသည်။ တဖန် အိမ်ထောင်ဖက်ခြင်း၊ မိသားစု၊ အလုပ်အကိုင်၊ အပြစ်တရား၊ လူ့အသက်ကိုသတ်ခြင်း၊ အပြစ်ဒဏ်ခတ်ခြင်း၊ ယဇ်ပူဇော်ခြင်း၊ လူမျိုးနွယ်စုများ၊ ဘာသာစကားများ၊ အုပ်ချုပ်မှုစနစ်များ၊ ဥပုဒ်စောင့်ခြင်း၊ တစ်ကမ္ဘာလုံးအစိုးရတစ်ခုတည်းရှိဖို့ရန် ပထမကြိုးပမ်းကြခြင်း၊ ဗာဗုလုန် ယုံကြည်ကိုးကွယ်ခြင်း စနစ်များ (ကိုးကွယ်ယုံကြည်မှုဘာသာမှာ ဗာဗဲမျှော်စင်မှ အစပြုကြီး ထွားလာပါသည်) တို့ကိုလည်း ကျွန်ုပ်တို့တွေ့မြင်ရပါသည်။ သမ္မာကျမ်းစာသည် သမိုင်းကြောင်းဆိုင်ရာများကို ဖွင့်ပြပေးပါသည်။ သမ္မာကျမ်းစာသည် လူ့သမိုင်း၌ ဘုရားသခင်၏ ပြုမူ ဆောင်ရွက်ချက်များကို မှတ်တမ်းတင်သော စာအုပ်ဖြစ်ပါသည်။

ကမ္ဘာဦးကျမ်း၌ တွေ့ရသော ထင်ရှားသည့်စာပိုဒ်တစ်ခုမှာ၊ "ဤအရာများသည် မျိုးစဉ်ဆက် များ" ဟူသော စကားလုံးစုပင်ဖြစ်သည်။ ထိုစာပိုဒ်မှာ ကောင်းကင်နှင့် မြေကြီးကိုဖန်ဆင်း ခြင်းမှ လူသားတို့နှင့်ဆက်နွယ်လျက် အရေးကြီးသောဖြစ်ပျက်ခြင်းများနှင့် အနာဂါတ်တွင် မည်သို့ဖြစ်ပျက်လာမည့်အကြောင်းများနှင့်ဆိုင်သော ဣသရေလမျိုးတို့၏ ဘိုးဘေးများ အားလုံးတို့ကို စာဖတ်ရှုသောသူတို့အား ဖွင့်ဆိုပြရာတွင် တစ်ဆယ့်တစ်ကြိမ်သုံးနှုန်းထား ပါသည်။

## အဓိက ပါဝင်သူများ

အာဒံ၊ ဧဝ၊ နောဧ၊ အာဗြဟံ၊ စာရာ၊ ဣဇာက်၊ ရေဗက္ကာ၊ ဧသော၊ ယာကုပ်၊ ရာခေလ၊ ယောသပ်တို့ဖြစ်ပါသည်။

## ကမ္ဘာဦးကျမ်း၌ ခရစ်တော်အားမြင်ရခြင်း

ပရောဖက်ပြုခြင်းဆိုင်ရာ၌ လူသည် အပြစ်သို့ကျရောက်ပြီးတပြိုင်နက်တည်းမှာပင် မိန်းမ၏ အမျိုးအနွယ်မှ ကယ်တင်ခြင်းကို ပေးတော်မူမည့်အကြောင်း ဂတိတော် လာပါသည် (၃း၁၅)။ သို့သော်လည်း၊ မေရှိယနှင့်ဆိုင်သော ဆက်နွယ်တော်စပ်ခြင်းများကို ကမ္ဘာဦးကျမ်း တစ်လျှောက်၌ ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ရှေသ၏ အမျိုးမှဖြစ်မည် (၄း၂၅)။ ရှေမ၏ အမျိုးအနွယ်မှဖြစ်မည် (၉း၂၆)။ အာဗြဟံ၏ မိသားစုဖြစ်မည် (၁၂း၃)။ ဣဇာက်အမျိုးအနွယ်မှဖြစ်မည် (၂၆း၃)။ ယာကုပ်၏သားများမှဖြစ်မည် (၄၆း၃)။ ယုဒ၏အမျိုးမှဖြစ်မည် (၄၉း၁၀)။

ကမ္ဘာဦးကျမ်း၌ ကယ်တင်ရှင်အား “ပုံစံနမူနာ” များစွာဖြင့် ပုံဖော်ထားပါသည်။ အာဒံသည် ခရစ်တော်ပုံပမာဖြစ်၏ (ရောမ၊ ၅း၁၄)။ အာဒံသည် ရှေးဟောင်းဖန်ဆင်းခြင်းတို့၏ ဦးခေါင်းဖြစ်၍ ခရစ်တော်သည် ဝိညာဉ်ပိုင်းဆိုင်ရာ၌ အသစ်ပြုပြင်ဖန်ဆင်းသောသူတို့၏ ဦးခေါင်းဖြစ်ပါသည်။

အာဗေလပြုခဲ့သောအသွေးဖြင့် ယဇ်ပူဇော်ခြင်းမှာ ကျွန်ုပ်တို့အတွက် ခရစ်တော် အသေခံမည့်အကြောင်းကို ညွှန်ပြသည်။ အာဗေလသည် ကာဣနအားဖြင့် အသတ်ခံရခြင်းသည်လည်း ခရစ်တော်၏ အသေခံတော်မူခြင်းကို ပုံဆောင်ထားပါသည်။

မေလခိဇေဒက်သည် မင်းကြီးလည်းဖြစ်၊ ယဇ်ပုရောဟိတ်လည်းဖြစ်ခြင်းသည်လည်း ခရစ်တော်အား ပုံဆောင်ခြင်းဖြစ်ပါသည် (ဟေဗြဲ၊ ၇း၃)။

ယောသပ်သည်လည်း သူ၏ဖခင်အချစ်ဆုံးဖြစ်ပြီး၊ သူ့ညီအစ်ကိုများအားဖြင့် အပ်နှံခြင်းကို ခံခဲ့ခြင်းသည် ခရစ်တော်အား ပုံဆောင်ခြင်းဖြစ်ပါသည်။

## အဓိကအရေးကြီးသောအချက်များ

၁။ ဖြစ်ပျက်သော အကြောင်းရင်းလေးချက် (၁း၁-၁၂၊ ၃၂)။

(က)ကမ္ဘာကို ဖန်ဆင်းခြင်းနှင့် လူကိုဖန်ဆင်းခြင်း (၁း၁-၂-၂၅)။

(ခ) လူတို့၏ ဆိုးသွမ်းမိုက်မဲခြင်းနှင့် ကျဆုံးခြင်း (၃း၁-၅း၃၂)။

(ဂ) လူတို့၏ ပျက်စီးသေကြေခြင်း၊ ရေလွှမ်းမိုးခြင်း (၆း၁-၉း၂၉)။

(ဃ)လူအုပ်စုကွဲပြားခြင်း၊ လူမျိုးနွယ်စုများပေါ်ပေါက်လာခြင်း (၁၀း၁-၁၁း၃၂)။

၂။ ပုဂ္ဂိုလ်ကြီးလေးပါး။ လူမျိုးတော်ကို ရွေးကောက်တော်မူခြင်းနှင့် ရွေးနုတ်ကယ်တင်ရှင်အတွက် ပြင်ဆင်တော်မူခြင်း (၁၂း၁-၅၀း၂၆)။

(က) အာဗြဟံ (ယုံကြည်ခြင်း၏ဖခင်၊ ဣသရေလလူမျိုးတို့၏ အဖ) (၁၂း၁-၂၃း၂၀)။

(ခ) ဣဇာက် (ဂတိတော်နှင့် ဆိုင်သောချစ်သား) (၂၄း၁-၂၆း၃၅)။

(ဂ) ယာကုပ် (အကောက်ကြံခြင်းနှင့် ကိုယ်စိတ်စင်ကြယ်ခြင်း) (၂၇း၁-၃၆း၄၃)။

(ဃ) ယောသပ် (ဒုက္ခဆင်းရဲခံခြင်းနှင့် ချီးမြှောက်ဘုန်းအသရေထင်ရှားခြင်း) (၃၇း၁- ၅၀း၂၆)။

# ထွက်မြောက်ရာကျမ်း

(ရွေးနှုတ်ကယ်တင်ခြင်းဆိုင်ရာကျမ်း)

## ကျမ်းရေးသူနှင့်ကျမ်းအမည်

မောရှေသည် ဤကျမ်းကို ပြုစုရေးသားခဲ့ပါသည်။ Exodus ဟူသော ဝေါဟာရစကားလုံးသည် ဂရိဝေါဟာရစကားလုံး *EXODOS* မှဆင်းသက်လာသော လက်တင်စကားလုံးဖြစ်ပြီး၊ ထိုကျမ်းကို Greek Septuagint ဟုခေါ်သောကျမ်းသို့ ဘာသာပြန်ဆိုသောသူတို့ကပေးသော ကျမ်းနာမည်ဖြစ်ပါသည်။ ထိုစကားလုံး၏ ဆိုလိုခြင်းမှာ *exit* "ထွက်ခွါသွားခြင်း" ဟူ၍ဖြစ်ပါသည်။

## ရေးသားခဲ့သည့်ခုနှစ်

၁၄၅၀-၁၄၁၀ ဘီစီဖြစ်ပါသည်။

## ဦးတည်ချက်အကြောင်းအရာနှင့် ရည်ရွယ်ချက်အကြောင်းရင်း

ထွက်မြောက်ရာကျမ်း၌ ထင်ရှားအောင်မြင်သော ဦးတည်ချက်အကြောင်းအရာ နှစ်မျိုး

ရှိပါသည်။ (၁) ရွေးနှုတ်ကယ်တင်ခြင်းကို ယာခါပွဲ၌ ပုံဖော်ဖွင့်ပြထားပါသည်။ (၂) အီဂျစ်ပြည် ကျွန်ဘဝမှ ကယ်လွှတ်ခြင်းသည် အီဂျစ်ပြည်မှ ထွက်ခွာလာပြီး၊ ပင်လယ်နီကို ဖြတ်ကျော်သွား ခြင်း၌ တွေ့မြင်ရပါသည်။

အီဂျစ်ပြည်၌ နှစ်ပေါင်းနှစ်ရာထက်မနည်း ကြီးထွားတိုးပွားလာပြီးသည့်နောက်ပိုင်း၌ ဘုရားသခင် ရွေးနှုတ်တော်မူသော လူမျိုးတော်၊ ဣသရေလလူမျိုးတို့အား အီဂျစ်ပြည်မှ ရွေးနှုတ်ကယ်တင်တော်မူခြင်းနှင့် ပညတ်တော်ကို ပေးတော်မူခြင်းအကြောင်းတို့ကို ထွက်မြောက်ရာကျမ်း၌ ဖော်ပြထားပါသည်။ ထိုကျမ်း၌ မောရှေမွေးဖွားလာခြင်း၊ သူ၏ အကြောင်းနှင့် သူ့အား ဣသရေလလူမျိုးတို့ကို အီဂျစ်ပြည်ကျွန်ဘဝမှ ဦးဆောင်၍ ဂတိတော်နှင့်ဆိုင်သော တိုင်းပြည်ဖြစ်သည့် ခါနာန်ပြည်သို့ ပို့ဆောင်ရန် ဘုရားသခင်၏ ခေါ်တော်မူခြင်းအကြောင်းတို့ကို ဖော်ပြထားပါသည်။ ပသခါပွဲအတွက် သိုးသူငယ်အားဖြင့် သားဦးကို ဒဏ်ခတ်ခြင်းအပါအဝင် ကပ်ဆိုးကြီးဆယ်မျိုးတို့ဖြင့် နိမိတ်လက္ခဏာပြကာ ခေါ်ထုတ်လာပြီး၊ ပင်လယ်နီကို ဖြတ်ကျော်လာခြင်းဖြင့် ဘုရားသခင်သည် အီဂျစ်ပြည်၌ ရှိသော ဖါရောဘုရင်ရှိသမျှတို့ထက် ပိုမို၍တန်ခိုးကြီးတော်မူခြင်း သက်သက်သာမဟုတ်ဘဲ စကြာဝဠာတစ်ခုလုံးကို အစိုးရတော်မူသော ဘုရားသခင် ရွေးနှုတ်ကယ်တင်ခြင်းနှင့် ဖွင့်ပြထင်ရှားတော်မူသော ဘုရားသခင် “Yahweh” ဖြစ်တော်မူကြောင်း မိမိလူတို့အား ထင်ရှားပြသတော်မူခဲ့ခြင်းဖြစ်ပါသည်။

ဣသရေလလူမျိုးတို့သည် ပင်လယ်နီကို ဖြတ်ကျော်လာခဲ့ပြီး၊ သဲကန္တာရတောထဲသို့ ဝင်ရောက်လာသည်နှင့် ဘုရားသခင်သည် သူတို့အား သူ၏ဖြောင့်မတ်ခြင်းဆိုင်ရာ ပညတ်တော်တရားကို ပေးတော်မူပြီး၊ သူတို့သည် မိမိဘဏ္ဍာတော်ကို ပိုင်ဆိုင်သော လူမျိုးဖြစ်၍ နိုင်ငံတော်နှင့်ဆိုင်သော ယဇ်ပုရောဟိတ်အမျိုး၊ တစ်ပါးသောအမျိုးသားတို့အား သက်သေထူမည့် သန့်ရှင်းသော လူမျိုးတော်ဖြစ်ကြောင်းကိုပါ ဘုရားသခင် ထုတ်ဖော်၍ မိန့်တော်မူခဲ့ပါသည် (ထွက်၊ ၁၉း၄-၇)။ ပညတ်တော် ဆယ်ပါးအပါအဝင် ဤသန့်ရှင်းသော ပညတ်တော်တရားသည် ဘုရားသခင်၏ သန့်ရှင်းခြင်းကို ဖော်ပြတော်မူ၍ သူတို့သည် ဘုရားသခင်အား အဘယ်သို့ ချစ်ကြရမည်အကြောင်း၊ တစ်ယောက်နှင့်တစ်ယောက် မည်သို့ချစ်ကြရမည် အကြောင်းတို့ကို သွန်သင်ထား ပါသည်။ ထို့အပြင်၊ ဘုရားသခင်၏ သန့်ရှင်းခြင်းပါရမီမှ ဖောက်ပြန်မှားယွင်းသော သူများတို့သည် ဘုရားသခင်ပေးတော်မူသော အပြစ်လွှတ်ခြင်းကို အဘယ်သို့သောနည်းအားဖြင့်

ရရှိကြရန် လိုအပ်နေကြသည်ကိုလည်း ဖော်ပြထားပါသည်။ ဤအရာတို့အား တဲတော်၊ ယဇ်ပူဇော်ခြင်းများနှင့် ဝတ်ပြုရာနှင့်ဆိုင်သော ယဇ်ပုရောဟိတ် ဖြစ်ခြင်းအရာများတို့၌ ထောက်ပံ့ပေးတော်မူခဲ့ပါသည်။

## အဓိကပါဝင်သောသူများ

မောရှေ၊ အာရုန်၊ မိဒီယံ၊ ဖါရောဘုရင်တို့ဖြစ်ပါသည်။

## ထွက်မြောက်ရာကျမ်း၌ ခရစ်တော်အားရှုမြင်ရခြင်း

ထွက်မြောက်ရာကျမ်းတွင် ခရစ်တော်အား တိုက်ရိုက်ပရောဖက်ပြုခြင်း မပါဝင်သော်လည်း၊ ကယ်တင်ရှင်အား ပီပြင်ထင်ရှားသော သရုပ်ဖော်ချက်များရှိပါသည်။ မောရှေသည် ခရစ်တော်အား ပုံစံသရုပ်ဖော်ခြင်းဖြစ်ပါသည်။ မောရှေသည် ပရောဖက်တစ်ပါးဖြစ်သကဲ့သို့ ခရစ်တော်သည် ပရောဖက်ဖြစ်တော်မူ၏ (တရားဟော၊ ၁၈း၁၅)။ သူတို့နှစ်ဦးစလုံးတို့မှာ ဆွေမျိုးသားချင်းတို့အား ရွေးနှုတ်ကယ်တင်သောသူများဖြစ်ကြ၍ သူငယ်ဘဝ၌ပင် အန္တရာယ်ကြား၌ ရောက်ရှိခဲ့ကြပြီး၊ အခြားသောသူတို့အား အစေခံဖို့ရန် မိမိတို့၏တန်ခိုးကို ပြန်လည်၍ထုတ်ဖော်ခဲ့ကြကာ ဖြန်ဖြေသူများ၊ ပညတ်တရားကိုပေးသောသူများနှင့် ရွေးနှုတ်ကယ်တင်သော သူများဖြစ်ခဲ့ကြပါသည်။

ပသခါပွဲမှာ အပြစ်ကင်းစင်သော ဘုရားသခင်၏ သိုးသူငယ်အဖြစ် ခရစ်တော်အား အထူးပုံဆောင်သော အရာပင်ဖြစ်ပါသည် (ယော၊ ၁း၂၉၊၃၆၊ ၁ကော ၅း၇)။

ပွဲတော်ခုနှစ်မျိုးတို့တွင် တစ်ခုခြင်းတို့မှာ ကယ်တင်ရှင်အား ပုံတူဖော်သောအရာများဖြစ်ကြပါသည်။ ထွက်မြောက်ရာကျမ်း၌ပင်လျှင်၊ ဗတ္တိဇံခံခြင်းသည် ကျွန်ုပ်တို့အား ခရစ်တော်နှင့်အတူ သူ၏အသေခံတော်မူခြင်း၊ သင်္ဂြိုလ်တော်မူခြင်းနှင့် ရှင်ပြန်ထမြောက်တော်မူခြင်းတို့နှင့် ဆက်စပ်နေကြကြောင်း ရှင်ပေါလုဖော်ပြထားပါသည်

(၁ကော၊ ၁၀း၁-၂၊ ရော၊ ၆း၂-၃)။

မန္နမုန့်နှင့် ရေသည်လည်း ခရစ်တော်အား ပုံဆောင်ထားပါသည်

(ယော၊ ၆း၃၁-၃၅၊ ၄၈-၆၃။ ၁ကော၊ ၁၀း၃-၄)။

တဲတော်သည်လည်း ကယ်တင်ရှင်အား ပါဝင်သည့် အရာဝတ္ထုပစ္စည်း၊ အရောင်၊ အသုံး

အဆောင်များ၊ အစီအစဉ်ပြုချက်များနှင့် ထိုနေရာ၌ ယဇ်ပူဇော်ခြင်းပြုရသည်များဖြင့် သရုပ်ဖော်လျက် ပုံဆောင်ထားပါသည် (ဟေဗြဲ၊ ၉း၁-၁၀း၁၈)။

ယဇ်ပုရောဟိတ်ကြီးသည်လည်း ခရစ်တော်၏ ပုဂ္ဂိုလ်ဖြစ်ခြင်း၊ အမှုဆောင်ရွက်ခြင်းများကို ရှင်းလင်းပြတ်သားစွာ အရိပ်အယောင်ဖွင့်ပြခြင်းဖြစ်ပါသည်

(ဟေဗြဲ၊ ၄း၁၄-၁၆၊ ၉း၁၁-၁၂၊ ၂၄-၂၈)။

## အဓိကအရေးကြီးသောအချက်များ

၁။ အီဂျစ်ပြည်မှ ရွေးနှုတ်ကယ်တင်ခြင်း (၁း၁-၁၈း၂၇)။

**(က) ကျွန်ပြုခံရခြင်း (အခိုင်းအစေခံရခြင်း) (၁း၁-၁၂း၃၂)။**

(ခ) ကျွန်ပြုခံရခြင်းမှလွတ်မြောက်ခြင်း (အသွေးနှင့်တန်ခိုးတော်အားဖြင့် ရွေးနှုတ်ကယ်တင်ခြင်း) (၁၂း၃၃-၁၄း၃၁)။

(ဂ) သိနာတောင်ပေါ်သို့ ခရီးစပြုခြင်း (ပညာပေးခြင်း) (၁၅း၁-၁၈း၂၇)။

**၂။ ဘုရားသခင်ထံတော်မှ ဗျာဒိတ်တော်ပေးခြင်း (၁၉း၁-၄၀း၃၈)။**

(က) ပညတ်တော်တရားကို ပေးတော်မူခြင်း (၁၉း၁-၂၄း၁၈)။

(ခ) တဲတော်ကို တည်ထောင်ဖွဲ့စည်းခြင်း (၂၅း၁-၃၁း၁၈)။

(ဂ) ပညတ်တော်တရားကို ချိုးဖောက်ခြင်း (၃၂း ၁-၃၄း၃၅)။

(ဃ) တဲတော်ကို တည်ဆောက်ခြင်း (၃၅း၁-၄၀း၃၈)။

**တဲတော်ပုံ၏ဖွဲ့စည်းပုံ (ယေဘုယျပုံစံဖြစ်ပါသည်)**



# ဝတ်ပြုရာကျမ်း

## (သန့်ရှင်းခြင်းဆိုင်ရာကျမ်း)

## စာရေးသူနှင့်ကျမ်းအမည်

ဤကျမ်းကို မောရှေရေးသားခဲ့ပါသည်။ ဝတ်ပြုရာကျမ်းဟူသော အမည်နာမကို Septuagint ခေါ်ဂရိဓမ္မဟောင်းကျမ်းမှ ဆင်းသက်လာ၍ ဆိုလိုရင်းမှာ၊ "relating to the Levites" "လေဝိအမျိုးနှင့်စပ်ဆိုင်ခြင်း" ဟူ၍ဖြစ်ပါသည်။ လေဝိအမျိုးတို့မှာ ဣသရေလလူမျိုးတို့ပေါ်၌ ဘုရားအမှုကိုပြုရန် ဘုရားသခင်ရွေးကောက်တော်မူသော ယဇ်ပုရောဟိတ်များဖြစ်ကြပါသည်။ ဝတ်ပြုရာကျမ်းတွင် ဘုရားသခင်အား ဝတ်ပြုကိုး ကွယ်ရာတွင် ယဇ်ပုရောဟိတ်များ အနေဖြင့် သူတို့ပြုလုပ်ဆောင်ရွက်ရမည့် အမှုအရာ များစွာတို့ကို ဘုရားသခင် ညွှန်ကြားပေး သောအားဖြင့် ပေးတော်မူသော ပညတ်တရား များစွာတို့ပါဝင်ပါသည်။

## ရေးသည့်ခုနှစ်

၁၄၅၀-၁၄၁၀ ဘီစီဖြစ်ပါသည်။

## ဦးတည်ချက်အကြောင်းအရာနှင့် ရည်ရွယ်ချက်အကြောင်းရင်း

(ဝတ်ပြုရာကျမ်း၊ ၁၁း၄၅) ၌ *"ငါသည် သန့်ရှင်းသောကြောင့်၊ သင်တို့သည် သန့်ရှင်းခြင်းရှိ ရကြမည်"* ဟုမိန့်တော်မူထားပါသည်။ ဣသရေလလူမျိုးတို့အား (၁) ဘုရားသခင်အား အဘယ်ကဲ့သို့ ဝတ်ပြုကိုးကွယ်ရမည်။ ဘုရားသခင်နှင့်အဘယ်ကဲ့သို့ သွားလာရမည့် အကြောင်းနှင့် (၂) ဣသရေလလူမျိုးတို့သည် ယဇ်ပုရောဟိတ်အမျိုးဟူ၍ ခေါ်တော်မူ ခြင်းတွင် အဘယ်ကဲ့သို့ ပြည့်စုံစေကြရမည်အကြောင်းတို့ကို ကြံရွယ်လျက် သွန်သင်ထား ပါသည်။ ဝတ်ပြုရာကျမ်း၏ ကြီးမားသော ဦးတည်ရည်ရွယ်ချက် အကြောင်းရင်းမှာ သန့်ရှင်းခြင်းပင် ဖြစ်ပါသည်။ သန့်ရှင်းစေခြင်းသည် တစ်စုံတစ်ဦးအား စင်ကြယ် စေခြင်း၏ အကျိုးဆက်ဖြစ်ပါ သည်။ သန့်ရှင်းတော်မူသော ဘုရားသခင်အား ယဇ်ပူဇော် ခြင်းကို အခြေပြုလျက် ယဇ်ပုရော ဟိတ်တစ်ဦး၏ ကြားဝင်ဖြန်ဖြေမှုအားဖြင့်သာလျှင်

ချဉ်းကပ်ခွင့်ရှိပါသည်။

## အဓိကပါဝင်သောသူများ

မောရှေနှင့် အာရုန်တို့ဖြစ်ပါသည်။

ခရစ်တော်အား ဝတ်ပြုရာကျမ်း၌မြင်တွေ့ရခြင်း

ထွက်မြောက်ရာကျမ်းနှင့်ထပ်တူထပ်မျှပင် ခရစ်တော်၏ ပုံစံသဏ္ဍာန်သရုပ်ဖော်ခြင်းများကို ဝတ်ပြုရာကျမ်း၌လည်း အထောက်အထားရှိပါသည်။

ယဇ်ပူဇော်ခြင်းဆိုင်ရာငါးမျိုးတို့အားလုံးမှာ ခရစ်တော်၏ ပုဂ္ဂိုလ်ဖြစ်ခြင်း၊ လုပ်ဆောင်တော်မူ ချက်၊ သူ၏အပြစ်ကင်းစင်သော အသက်တာ၊ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် မိတ်သဟာယ ပြုနိုင်ကြရမည်အကြောင်း၊ ခမည်းတော်၏ အလိုတော်ထဲ၌ ဆက်ကပ်အပ်နှံတော်မူခြင်းတို့ အားလုံးကို ကိုယ်စားပြုထားပါသည်။

ယဇ်ပုရောဟိတ်မင်းသည် ခရစ်တော်အား ကိုယ်စားပြုထားသည်မှာ အလွန်ထင်ရှားပေါ်လွင်ကြောင်း ဝတ်ပြုရာကျမ်း၌ တွေ့ရပါသည်။

ပွဲတော်ခုနှစ်မျိုးတို့မှာလည်း ကယ်တင်ရှင်အား ကိုယ်စားပြုပုံဖော်ခြင်းများဖြစ်ကြောင်း၊ ကိုယ်တော်၏စုံလင်ခြင်း၊ အစားထိုးအသေခံတော်မူခြင်း၊ သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူ ခြင်းနှင့် အပြစ်ဖြေရာယဇ်အတွက် လုပ်ဆောင်ချက်များတို့အကြောင်းကို ကျွန်ုပ်တို့အား သွန်သင်ထားပါသည်။

## အဓိကအရေးကြီးသောအချက်များ

၁။ ယဇ်ပူဇော်ခြင်းဆိုင်ရာ ပညတ်တရား (၁း၁-၁၇း၁၆)။

(က)ဘုရားသခင်ထံတော်သို့ ချဉ်းကပ်ရန် (၁း၁-၇း၃၈)။

(ခ) ယဇ်ပုရောဟိတ်များအတွက် (၈း၁-၁၀း၂၀)။

(ဂ) သန့်ရှင်းစင်ကြယ်ခြင်းဆိုင်ရာ (၁၁း၁-၁၅း၃၃)။

(ဃ)လူမျိုးတော်နှင့်ဆိုင်ရာ အပြစ်ဖြေရန်အတွက် (၁၆း၁-၁၇း၁၆)။

၂။ သန့်ရှင်းခြင်းဆိုင်ရာ ပညတ်တရား (၁၈း၁-၂၇း၃၄)။

(က)ဘုရားသခင်၏ လူတို့အတွက် (၁၈း၁-၂၀း၂၇)။

(ခ) ဘုရားသခင်၏ ယဇ်ပုရောဟိတ်များအတွက် (၂၁း၁-၂၂း၃၃)။

(ဂ) ဝတ်ပြုကိုးကွယ်ခြင်း၌ (၂၃း၁-၂၄း၂၃)။

(ဃ)ခါနန်ပြည်ထဲ၌ (၂၅း၁-၂၆း၄၆)။

(င) ကျိန်ဆိုခြင်းဆိုင်ရာများ၌ (၂၇း၁-၃၄)။

# တောလည်ရာကျမ်း

(သဲကန္တာရတော၌ မျက်စိလည်လမ်းမှားခြင်း)

## စာရေးသူနှင့်ကျမ်းအမည်

ဤကျမ်းကို မောရှေရေးသားခဲ့ပါသည်။ ယင်းအမှန်တရားကို ဤကျမ်းအခန်းကြီး ၁နှင့် အခန်းကြီး ၂၆ တို့အရ သိနာတောင်နှင့် မောဘလွင်ပြင်တွင် ဣသရေလလူမျိုးတော်တို့၏ အရေအတွက်စာရင်းကို မောရှေကိုယ်တိုင် စာရင်းပြုစုခဲ့ခြင်းဖြင့် သက်သေပြနိုင်ပါသည်။

## ရေးသားခဲ့သောခုနှစ် (၁၄၅-၁၄၁၀ ဘီစီ)

ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၁၄၅၀-၁၄၁၀ သို့မဟုတ် ၁၄၅၀-၁၄၁၀ ဘီစီအတွင်းဟု ခန့်မှန်းသည်။

## ဦးတည်သည့် ရည်ရွယ်ချက်အကြောင်းရင်း

တောလည်ရာကျမ်း၌ ဣသရေလလူမျိုးတို့သည် အခြေခံယေဘုယျအားဖြင့် အနှစ် ၄၀နီးပါး သဲကန္တာရတောထဲ၌ မျက်စိလည်လမ်းမှားခဲ့ကြသောအချိန်၌ လူဦးရေ အမည်

စာရင်း ရေတွက်လာခဲ့ကြပါသည်။ အမှန်စင်စစ် တစ်ဆယ့်တစ်ရက်သာ ကြာမည့် ခရီးသည် ၃၈ နှစ် တိုင်တိုင် ဒုက္ခဆင်းရဲခံရသော ခရီးကြမ်းတစ်ခုဖြစ်လာခဲ့ရပါသည်။ အဘယ်ကြောင့်ဆိုသော် ဣသရေလလူမျိုးတို့၏ မယုံကြည်ခြင်းနှင့် စကားနားမထောင်ခြင်း ကြောင့်ဖြစ်ပါသည်။ တောလည်ရာကျမ်း၌ ဘုရားသခင်၏ ဂတိတော်များကို မယုံကြည်နိုင်ခြင်း၏ မကောင်းသော အကျိုးဆက်များကို ဖော်ပြထားပါသည် (ဟေဗြဲ၊ ၃း၁၆-၄း၂)။ ထို့အပြင် တောလည်ရာကျမ်းသည် ကျွန်ုပ်တို့အား ဘုရားသခင်၏ လူတို့သည် ထိုကဲ့သို့ "တောထဲ၌" မျက်စိလည်လမ်းမှားသော ဘဝအတွေ့အကြုံများ ကဲ့သို့သော အခြေအနေများ၌ မနေကြရန် သွန်သင်ထားပါသည်။ ကျွန်ုပ်တို့၏ အသက်တာများ၌ လမ်းညွှန်ချက်ပုံပန်းချီကားချပ်ကို ရေးဆွဲပြီး ရွေးချယ်ထားကြရန်ဖြစ်ပါသည်။ ဤအကြောင်းကို နောက်ပိုင်း၌ ယေရှုအားဖြင့် ဥပမာပေး ဖော်ပြပါလိမ့်မည်။

တောလည်ရာကျမ်း၌ ဖော်ပြထားသည့် အခြားအရေးကြီးသော ဦးတည်ရည်ရွယ်ချက် အကြောင်းရင်းမှာ ဘုရားသခင်သည် မိမိလူတို့အား ဆက်လက်၍ ဂရုစိုက်စောင့်ရှောက်တော်မူကြောင်း တွေ့ရှိရပါသည်။ သူတို့သည် အကြိမ်ကြိမ်အဖန်ဖန် မယုံကြည်ခြင်း၊ တော်လှန်ပုန်ကန်ခြင်းကို ပြုခဲ့ကြသော်လည်း၊ ဘုရားသခင်သည် သူတို့၏ လိုအပ်မှုများကို အံ့ဖွယ်သော နိမိတ်လက္ခဏာအမှုအရာများအားဖြင့် ထောက်ပံ့ပေးတော်မူခဲ့ပါသည်။ သူသည် ထိုသူတို့အား ရေ၊ မန္နမုန့်နှင့် ငုံးငှက်များကို ချပေးတော်မူခဲ့ပါသည်။ ဣသရေလလူမျိုးတို့သည် သူ့အား အကြိမ်ကြိမ်ဆန္ဒပြငြင်းတွားကြကာ သူ့ကို ဆန့်ကျင်တော်လှန်ပုန်ကန်ခဲ့ကြသော်လည်း ဘုရားသခင်သည် သူတို့အား ဆက်လက်၍ ချစ်တော်မူပြီး၊ အပြစ်များကိုလည်း လွှတ်တော်မူခဲ့ပါသည်။

## အဓိကပါဝင်သူများ

မောရှေ၊ အာရုန်၊ မိဒိယံ၊ ယောရှု၊ ကာလက်၊ ဗာလက်တို့ဖြစ်ကြပါသည်။

## ခရစ်တော်အား တောလည်ရာကျမ်း၌မြင်ရပုံ

တော၌ မြွေကို မြှောက်ထားသကဲ့သို့ ခရစ်တော်နှင့် သူအား လက်ဝါးကပ်တိုင်ပေါ်၌ ရိုက်ထားခြင်းကို အခြားမည်သည့်နေရာ၌မျှ ရှင်းလင်းပြတ်သားစွာ ပုံဖော်မည်မထင်ပါ

(တောလည်၊ ၂၁း၄-၉၊ ယော၊ ၃း၁၄)။

ဣသရေလလူမျိုးတို့၏ ရေငတ်ခြင်းကိုပြေစေခဲ့သောကျောက်မှာ ခရစ်တော်ကို ပုံဆောင်သော ကျောက်ပင်ဖြစ်ပါသည် (၁ကော၊ ၁၀း၄)။

နေ့စဉ်နှင့်အမျှ ပေးတော်မူခဲ့သော မန္နမုန့်မှာ ကောင်းကင်မှဆင်းကြွတော်မူသော အသက်မုန့် တည်းဟူသော ခရစ်တော်ကို ပုံဖော်ခြင်းဖြစ်ပါသည် (ယော၊ ၆း၃၁-၃၃)။

မိုးတိမ်နှင့်မီးတိုင်သည် ခရစ်တော်၏ လမ်းပြပို့ဆောင်တော်မူခြင်းကို ပုံဖော်ခြင်းဖြစ်ပြီး၊ ခိုလှုံစရာမြို့တော်များမှာ ခရစ်တော်သည် တရားစီရင်ခြင်းမှလွတ်ရန် ကျွန်ုပ်တို့၏ ခိုလှုံစရာ ဖြစ်တော်မူကြောင်း ပုံဆောင်ခြင်းဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် အဆင်းနီသော နွားမပျိုသည်လည်း ခရစ်တော်အား ပုံဆောင်ထားစေခြင်း ဖြစ်ပါသည် (တောလည်၊ ၁၉)။

## အဓိကအရေးကြီးသောအချက်များ

၁။ သိနတောင်ပေါ်၌ ပြင်ဆင်ခြင်း (မျိုးစဉ်ဆက်ဟောင်းများ) (၁း၁-၁၀း၃၆)။

(က) လူတို့၏ အခြေအနေနှင့် လူဦးရေရေတွက်ခြင်း (၁း၁-၄း၄၉)။

(ခ) ဘုရားသခင်၏ ပညတ်တော်မူချက်နှင့် လူတို့အား သန့်ရှင်းစေခြင်း (၅း၁-၉း၁၄)။

(ဂ) ဂတိတော်ပြည်သို့ ခရီးပြုထွက်ခွာခြင်း (၉း၁၅-၁၀း၃၆)။

၂။ မျိုးစဉ်ဆက်လူဟောင်းများ၏ မှားယွင်းခြင်း (၁၁း၁-၂၅း၁၈)။

(က)လမ်းတစ်လျှောက်လုံး တင်းတိမ်ကျေနပ်မှုမရှိနိုင်ခြင်း (၁၁း၁-၁၂း၁၆)။

(ခ) ပညတ်တော်ကို မယုံကြည်နိုင်ကြခြင်း (၁၃း၁-၁၄း၄၅)။

(ဂ) ထာဝရဘုရားသခင်ထံတော်မှ ဆုံးမတော်မူခြင်း (၁၅း၁-၂၅း၁၈)။

၃။ မျိုးစဉ်ဆက်လူသစ်များအား ပြင်ဆင်ခြင်း (၂၆း၁-၃၆း၁၃)။

(က)ဣသရေလလူမျိုးတို့အား ပြန်လည်စည်းရုံးခြင်း (၂၆း၁-၂၇း၂၃)။

(ခ) ယဇ်ပူဇော်ခြင်းများနှင့် ကတိသစ္စာပြုခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ခြင်း (၂၈း၁-၃၀း၁၆)။

(ဂ) ပြည်တော်ကြီးကို ဒေသအလိုက်ပြန်လည်သတ်မှတ်ပေးခြင်း (၃၁း၁-၃၆း၁၃)။

# တရားဟောရာကျမ်း

## (ပညတ်တရားကို ပြန်လည်သုံးသပ်ခြင်း)

### စာရေးသူနှင့်ကျမ်းအမည်

ဤကျမ်းကို မောရှေရေးသားပြုစုခဲ့ပါသည်။ အင်္ဂလိပ်ဘာသာ Deuteronomy ဟူသော ဝေါဟာရစကားလုံးသည် Septuagint ခေါ် ဂရိဓမ္မဟောင်းကျမ်းမှ ဆင်းသက်လာပြီး ဆိုလိုရင်းမှာ၊ "ပညတ်တရားကို ဒုတိယအကြိမ်ပေးခြင်း" ဟူ၍ဖြစ်ပါသည်။ ၁၇း၁၈ ၌ ပါသောအချက်ကို "ဤပညတ်တရားအား ထပ်တူကူးယူခြင်း" ဟူ၍ ဘာသာပြန်ဆိုရမည့် အစား လွဲမှားဘာသာပြန်ဆိုခြင်းဖြစ်ပါသည်။ Deuteronomy မှာ ဒုတိယပညတ်တရား မဟုတ်ပါ။ သိနတောင်ပေါ်၌ ပေးတော်မူသော မူရင်းပညတ်တရားကို ပြန်လည် သုံးသပ်၍ အကျယ်ချဲ့ခြင်းဖြစ်ပါသည်။

### ရေးသားခဲ့သည့်ခုနှစ်

၁၄၁၀ ဘီစီ။

### ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

သင်သည် မမေ့လျော့မည်အကြောင်း သတိနှင့်စောင့်ရှောက်လော့။ ဣသရေလလူမျိုးတို့ သည် တော၌ နှစ်ပေါင်းလေးဆယ် မျက်စိလည်လမ်းမှားလာခဲ့ကြပြီးနောက် ဂတိတော်နှင့် ဆိုင်သော ပြည်တော်ထဲသို့ဝင်ဖို့ရန် အလွန်နီးကပ်လာပြီဖြစ်ပါသည်။ သူတို့သည် ပြည် တော် သို့မဝင်မီ၊ ဘုရားသခင်သည် သူတို့အတွက် မည်သို့ပြုတော်မူခဲ့ကြောင်း၊ သူတို့သည် ဘုရားသခင်၏ သန့်ရှင်းသောလူမျိုးတော်ဖြစ်ကြောင်းနှင့် နိုင်ငံတော်နှင့်ဆိုင်ရာ ယဇ်

ပုရောဟိတ် အမျိုးဖြစ်ကြကြောင်း ပြည်တော်၌ အခြေပြုလျက် ရပ်တည်၍ အသက်ရှင် နေနိုင်ကြရန် သူတို့၏ စွမ်းအင်များကို တည်မြဲစေနိုင်မည့် အလွန်အရေးကြီးသော ဘုရားသခင်၏ သန့်ရှင်းတော်မူသော ပညတ်တရားကို သူတို့အား ပြန်လည်၍ သတိပေး နှိုးဆော်ရန် လိုအပ်လျက်ရှိပါသည်။ (သို့မဟုတ်ပါက ဘုရားသခင်သည် မည်သို့သော အမှုကို ပြုတော်မူခဲ့ကြောင်း၊ သူတို့သည် မည်သို့သော လူမျိုးဖြစ်ကြကြောင်းကို သူတို့ မေ့ပျောက်သွားနိုင်ပါသည် (တရားဟော၊ ၄း၁-၈)။ ဤအကြောင်းရင်း ဦးတည် ရည်ရွယ် ချက်အပြင် ကလေးသူငယ်တို့အား ဘုရားသခင်ကို ချစ်၍ နာခံကြရမည်အကြောင်း အလွန်အရေးကြီးပြီး လိုအပ်သော အရာများကိုလည်း ဤကျမ်း၌ အထူးပြုဖော်ပြ ထားပါသည်။

တရားဟောရာကျမ်း Deuteronomy သည် ဣသရေလလူမျိုးတို့နှင့်ဆိုင်သော ဘုရား သခင်၏ ပဋိညာဉ်တရား (အခန်းကြီး ၂၉)၊ ယောရှုအား ခေါင်းဆောင်သစ်အဖြစ် ခန့်အပ်ခြင်း (အခန်းကြီး၃၁) နှင့် မောရှေအနိစ္စရောက်ခြင်း (အခန်းကြီး ၃၄) စသည်တို့ကို အသစ်တဖန် ပြန်လည်စတင်ခြင်းဖြင့် အဆုံးသတ်သွားခဲ့ပါသည်။

## အဓိကပါဝင်သူများ

မောရှေနှင့် ယောရှုတို့ဖြစ်ပါသည်။

## တရားဟောရာကျမ်း၌ ယေရှုအားမြင်ရပုံ

*"သင်၏ ဘုရားသခင်ထာဝရဘုရားသည် သင်၏ အမျိုးသားချင်းတို့အထဲ၌ ငါနှင့်တူသော ပရောဖက်တပါးကို သင့်အဘို့ ပေါ်ထွန်းစေတော်မူမည်။ ထိုပရောဖက်၏ စကားကို နားထောင်ရမည်"* ဟူ၍ ၁၈း၁၅ ၌ မောရှေအဆိုပြုဖော်ထုတ်ချက်မှာ ခရစ်တော်အား အရှင်းလင်းဆုံး ပုံဖော်ထားခြင်းတစ်ခုဖြစ်ပါသည်။ ထို့အပြင်၊ မောရှေသည်လည်း ခရစ်တော်၏ ပုံကိုဆောင်ထားပါသည်။ ခရစ်တော်သာလျှင် ပြည့်စုံစေမည်ဖြစ်သော ရာထူးသုံးမျိုးဖြစ်သည့် ပရောဖက် (၃၄း၁၀-၁၂)၊ ယဇ်ပုရောဟိတ် (ထွက်၊ ၃၂း၃၁-၃၅)နှင့် ရှင်ဘုရင် (မောရှေသည် ရှင်ဘုရင်မဟုတ်သော်လည်း သူသည် ရှင်ဘုရင်ကဲ့သို့ ဣသရေလလူမျိုးတို့ကို အုပ်စိုးခဲ့ပါသည်၊ ၃၃း၄-၅)အဖြစ်မောရှေကိုမြင်နိုင်သည်။

## အဓိကအရေးကြီးသောအချက်များ

၁။ နိဒါန်း (၁း၁-၅)။

၂။ သမိုင်းကြောင်းကို ပြန်လည်သုံးသပ်ခြင်း (၁း၆-၄း၄၃)။

(က)သိနတောင်မှ ကာဒေရှဗာနအရပ်သို့ (၁း၆-၁၈)။

(ခ) ကာဒေရှဗာနာအရပ်၌ (၁း၁၉-၄၆)။

(ဂ) ကာဒေရှဗာနာအရပ်မှ မောဘပြည်သို့ (၂း၁-၂၃)။

(ဃ)ယော်ဒန်မြစ်အရှေ့ပိုင်းကို သိမ်းပိုက်ခြင်း (၂း၂၄-၃း၂၀)။

(င) ခေါင်းဆောင်မှုကို ပြောင်းလဲခြင်း (၃း၂၁-၂၉)။

(စ) ပဋိညာဉ်တရားကို အကျဉ်းချုံးခြင်း (၄း၁-၄၃)။

၃။ ပညတ်တရားကို ပြန်လည်သုံးသပ်ခြင်း (၄း၄၄-၂၆း၁၉)။

(က)နိဒါန်း (၄း၄၄-၄၉)။

(ခ) ပညတ်တော်ဆယ်ပါး (၅း၁-၃၃)။

၄။ ပညတ်တရားကို ခံယူကျင့်သုံးခြင်း (၆း၁-၁၁း၃၂)။

(က)ပညတ်တရားကို သွန်သင်ပါ (၆း၁-၂၅)။

(ခ) ခါနာန်ပြည်ကို သိမ်းပိုက်ခြင်း (၇း၁-၂၆)။

(ဂ) ထာဝရဘုရားကို အောက်မေ့သတိရပါ (၈း၁-၂၀)။

(ဃ)ကိုယ်ကျင့်တရားကြောင့် ဖြောင့်မတ်ခြင်းကို ဖယ်ရှားပါ (၉း၁-၁၀း၁၁)။

(င) ကောင်းကြီးပေးခြင်းသို့မဟုတ် ကျိန်ခြင်းကို ရွေးပါ (၁၀း၁၂-၁၁း၃၂)။

၅။ ပညတ်တရား၏ နောက်ဆက်တွဲ (၁၂း၁-၂၆း၁၉)။

(က)ထုံးတမ်းစလေ့နှင့်ဆိုင်သော ပညတ်တရား (၁၂း၁-၁၆း၁၇)။

(ခ) အုပ်ချုပ်ရေးနှင့်ဆိုင်သော ပညတ်တရား (၁၆း၁၈-၂၀း၂၀)။

(ဂ) လူမှုရေးနှင့်ဆိုင်သော ပညတ်တရား (၂၁း၁-၂၆း၁၉)။

၆။ ပဋိညာဉ်တရားကို လက်ခံခြင်း (၂၇း၁-၃၀း၂၀)။

(က)ခါနာန်ပြည်၌ ပဋိညာဉ်တရားကို အတည်ပြုခြင်း (၂၇း၁-၂၈း၆၈)။

(ခ) ပါလက်စတိုင်း၌ ပဋိညာဉ်တရားကို တည်ထောင်ခြင်း (၂၉း၁-၃၀း၂၀)။

၇။ ခေါင်းဆောင်သူပြောင်းလဲခြင်း (၃၁း၁-၃၄း၁၂)။

(က)မောရှေသည် ယောရှုနှင့် ဣသရေလလူမျိုးတို့ကို တာဝန်ပေးခန့်အပ်ခြင်း (၃၁း၁- ၁၃)။

(ခ) ဘုရားသခင်သည် ဣသရေလလူမျိုးတို့ကို တာဝန်ပေးခန့်အပ်တော်မူခြင်း (၃၁း၁၄-၂၁)။

(ဂ) ပညတ္တိကျမ်းကို အပ်နှံတည်ရှိစေခြင်း (၃၁း၂၂-၂၉)။

(ဃ)မောရှေ၏သီချင်း (၃၁း၃၀-၃၂း၄၇)။

(င) မောရှေအနိစ္စရောက်ခြင်း (၃၂း၄၈-၃၄း၁၂)။

## သတိပြုရန်ဦးတည်ရည်ရွယ်ချက်အကြောင်းရင်း၏ အကျဉ်းချုပ်

| | |
|---|---|
| ကမ္ဘာဦးကျမ်း | လူမျိုးတို့အားရွေးချယ်တော်မူခြင်း |
| ထွက်မြောက်ရာကျမ်း | လူမျိုးတော်အား ရွေးနှုတ်ကယ်တင်ခြင်း |
| ဝတ်ပြုရာကျမ်း | လူမျိုးတော်အား သန့်ရှင်းစင်ကြယ်စေခြင်း |
| တောလည်ရာကျမ်း | လူမျိုးတော်အား လမ်းပြညွှန်ကြားခြင်း |
| တရားဟောရာကျမ်း | လူမျိုးတော်အား သွန်သင်ဆုံးမခြင်း |

# အပိုင်း ၂

# ရာဇဝင်ကျမ်းများ

## နိဒါန်း

ဓမ္မဟောင်းကျမ်းအပိုင်းတစ်မျိုးစီတို့သည် ခရစ်တော်၏အကြောင်း အသေးစိတ်တိကျစွာ သီးသန့်ဦးတည်ညွှန်ထားကြပါသည်။ ယောရှုမှတ်စာမှ ဧသတာဝတ္ထုသည် ဣသရေလ လူမျိုး တို့၏အကြောင်းကို မှတ်တမ်းတင်သော ဒုတိယအပိုင်းဖြစ်ပါသည်။ ဤကျမ်းများ၌ ဣသရေလလူမျိုးတို့သည် မယုံကြည်ခြင်း၊ နာမခံခြင်းတို့ကြောင့် ပြည်တော်ကို အမွေခံကြရာမှ ပြည်နှင်ဒဏ်ပေးခံရခြင်း၊ ပြည်တော်ကို ဆုံးရှုံးခံရခြင်းတို့ကို ချုံငုံထားပါသည်။ ဤကျမ်းတစ်ဆယ့်နှစ်ကျမ်းတို့သည် အနှစ် ၈၀၀ အတွင်း ဣသရေလလူမျိုးတို့၏ ခါနာန်ပြည်ကို သိမ်းပိုက်ခြင်း၊ အမွေခံခြင်း၊ တရားသူကြီးများ၏ အုပ်စိုးခြင်း၊ ရှင်ဘုရင်များကို တည်ထောင်ခြင်း၊ ဣသရေလနိုင်ငံကို မြောက်ပိုင်းနှင့်တောင်ပိုင်းဟူ၍ နိုင်ငံတော် နှစ်ခြမ်းကွဲသွားခြင်း၊ မြောက်ပိုင်းနိုင်ငံကို အာရှုရိ "Assyria" လူမျိုးများက သိမ်းသွားခြင်း၊ တောင်ပိုင်းနိုင်ငံကို ဗာဗုလုန်လူမျိုးတို့က ဖမ်းဆီးသိမ်းသွားခြင်း၊ နေဟမိနှင့် ဇေရတို့ကဲ့သို့သော လူတို့၏ ခေါင်းဆောင်မှုအောက်၌ ယေရုရှလင်မြို့သို့ ပြန်လာကြခြင်းစသည့်

အကြောင်းများကို ဖော်ပြထားပါသည်။

ဤကျမ်းတို့သည် မေရှိယတည်းဟူသော ခရစ်တော်ကြွလာမည့်အကြောင်းကို အောက်ဖော်ပြပါအတိုင်း ကျွန်ုပ်တို့အား ပြင်ဆင်ဖော်ပြပေးထားပါသည်။

| သမိုင်းဝင်ကျမ်းများအနက်မှ ခရစ်တော်အတွက်ပြင်ဆင်ခြင်း ၃ | | |
|---|---|---|
| ယေရှုမှတ်စာ<br>တရားသူကြီးမှ<br>တရုသဝတ္ထု | လူမျိုးတော်အတွက်အမွေခံရာမြေကို<br>ပိုင်ဆိုင်ရခြင်းနှင့်လူမျိုးတော်အဖို့<br>ဒုက္ခဖိစီးမှုများတွေ့ကြုံရခြင်း | ဘုရားသခင်အုပ်စိုးခြင်းအကြောင်း<br>ဖြစ်စဉ်များကို ဤရာဇဝင်ကျမ်းများ<br>ပြဆိုသည် (၁၄၀၅-၁၀၄၃ဘီစီ) |
| ၁ ရာ<br>၂ ရာ<br>၃ ရာ (၁-၁၀)<br>၃ ရာ (၁၁-၂၂)<br>၄ ရာ (၁-၁၇)<br>၄ ရာ(၁၈-၂၅)<br>၅ ရာ<br>၆ ရာ | သမိုင်းဝင်နိုင်ငံကိုတည်ထောင်ပြီးခြင်း<br>နိုင်ငံတော်ချဲ့ထွင်ခြင်း<br>နိုင်ငံ၏ဘုန်းကြီးခြင်း<br>နိုင်ငံကွဲပြားခြင်း<br>မြောက်ဖက်နိုင်ငံယိုယွင်းခြင်း<br>တောင်ဖက်နိုင်ငံယိုယွင်းခြင်း<br>ဗိမာန်တော်အတွက် ပြင်ဆင်ခြင်း<br>ဗိမာန်တော်ပျက်စီးခြင်း | ပဒေသရာဇ်ရှင်ဘုရင်တို့အုပ်စိုးသော<br>ခေတ်ဖြစ်သည်။<br>ဤသမိုင်းဝင်ကျမ်းစာများသည်<br>ဣရေလမင်းဆက်တို့အကြောင်းနှင့်<br>ပတ်သက်ပြီး စတင်တည်ထောင်ခြင်းမှ<br>အစပြု၍ လူမျိုးတော်တစ်ခုလုံးပျက်<br>သုဉ်းသွားရသောဘီစီ၅၈၆ကာလ<br>ဖြစ်ရပ်များကို ဖေါ်ပြသည်။ |
| စဇရမှတ်စာ<br><br>နေဟမိမှတ်စာ<br><br>ဧသတာဝတ္ထု | ဗိမာန်တော်ပြန်လည်<br>တည်ဆောက်ခြင်း<br>ယေရုရှလင်မြို့တော်<br>ပြန်လည်တည်ဆောက်ခြင်း<br>လူမျိုးတော်အား အကာအကွယ်<br>ပေးခြင်း | ပြန်လည်ထူထောင်ခြင်းကိုအထူးပြု<br>ဖေါ်ပြသောဤကျမ်းစာများသည်<br>လူမျိုးတော်ဣသရေလ၏ အစိတ်<br>အပိုင်းအချို့ အချုပ်အနှောင်ဘဝမှာ<br>အနှစ် '၇၀'ကြာမြင့်ပြီးမှ ဇာတိမြေသို့<br>ပြန်လာရပုံကို မှတ်တမ်းတင်ထား<br>သည်။ (၆၀၅-၅၃၆ ဘီစီ) |

# ယောရှုမှတ်စာ

## (အမွေခံခြင်းနှင့် သိမ်းပိုက်ခြင်း)

### ကျမ်းရေးသူနှင့် ကျမ်းအမည်

ဤကျမ်းကို ယောရှုရေးသားခဲ့ပါသည်။ ဤကျမ်းသည် ပထမဓမ္မဟောင်းကျမ်း ငါးကျမ်းတို့နှင့်မတူ၊ မောရှေ၏ လက်ထောက်ယောရှု၏အမည်ကို တမူထူးခြားစွာ သုံးစွဲထားပါသည်။ ယောရှု၏ မူလပထမနာမည်ရင်းမှာ ဩရှေဖြစ်ပြီး (တော၊ ၁၃း၈၊ တရားဟော၊ ၃၂း၄၄) ဆိုလိုရင်းမှာ၊ “ကယ်တင်ခြင်း” ဟူ၍ဖြစ်ပါသည်။ သို့သော်လည်း၊ သဲကန္တာရတောထဲ၌ မျက်စိလည်လမ်းမှားနေကြစဉ် မောရှေသည် သူ၏နာမည်ကို ယေဟိုရှု “Yehoshua”ဟူ၍မှည့်လေ၏။ ဆိုလိုရင်းမှာ“ဘုရားသခင်“Yahweh” သည် ကယ်တင်ခြင်းဖြစ်၏” ဟူ၍ဖြစ်ပါသည် (တောလည်၊ ၁၃း၁၆)။ ယောရှုသည် ယေဟိုရှုအမည်ကို အတိုချုံးခြင်းဖြစ်ပါသည်။ ယောရှုသည် သူသျှိုအဖြစ်သွားခဲ့ရာတွင် ရန်သူများကို အောင်နိုင်ခြင်း၊ ပြည်တော်ကို အမွေခံခြင်းအရာမှာ ထာဝရဘုရား၏ တန်ခိုးတော်အားဖြင့်သာဖြစ်၍ လူသားတို့၏ ကျွမ်းကျင်မှု၊ ဉာဏ်ပညာ၊ တန်ခိုးကြောင့်မဟုတ်ပါဟု ပရောဖက်ပြုခြင်းဆိုင်ရာ ပါဝင်ပြောဆိုခြင်းပေါ်၌ အခြေပြု၍ပေးထားပါသည်။ အဘယ်ကြောင့်ဆိုသော်၊ ယောရှုသည် ကမ္ဘာပေါ်၌ စစ်ဖက်ဆိုင်ရာတွင် အကြီးမားဆုံး အောင်မြင်သော သူတစ်ဦးဖြစ်ပြီး သူ၏ဉာဏ်ပညာနှင့် စစ်ဖက်ဆိုင်ရာကျွမ်းကျင်မှုများမှာ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအကြောင်းဖြစ်တော်မူသော ထာဝရဘုရားထံတော်မှသာလျှင် လာခဲ့ပါသည်။ ဣသရေလလူမျိုးတို့အား သူတို့၏ ရန်သူများပေါ်၌ အောင်မြင်ခြင်း၊ သိမ်းပိုက်နိုင်ခြင်းနှင့် ပြည်တော်ကို အမွေခံစေခြင်းတို့မှာ ထာဝရဘုရားသခင် ကိုယ်တော်တိုင်မှ ဖြစ်ပါသည်။

### ကျမ်းရေးသည့်ခုနှစ်

၁၄၀၀-၁၃၇၀ ဘီစီ။

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

ပြည်တော်ကိုအမွေခံခြင်း၊ သိမ်းပိုက်အောင်နိုင်ခြင်းနှင့် ခွဲဝေခြင်းတို့မှာ ယောရှုမှတ်စာ၏ ဦးတည်သည့် ရည်ရွယ်ချက်အကြောင်းရင်းဖြစ်ပါသည်။ ယောရှုမှတ်စာသည် ဣသရေလ လူမျိုးတို့ပေါ်၌ ဘုရားသခင် ဂတိပေးတော်မူခဲ့သည့်အတိုင်း ဘုရားသခင်၏ သစ္စာရှိခြင်း တို့ကို ထင်ရှားဖော်ပြခြင်းဖြစ်ပါသည် (ကမ္ဘာ၊ ၁၅း၁၈၊ ယောရှု၊ ၁း၂-၆၊ ၂၁း၄၃-၄၅)။ ယောရှုမှတ်စာတွင် မှတ်တမ်းတင်ထားသော အဖြစ်အပျက်များမှာ ရံဖန်ရံခါဖြစ် ပေါ်တတ်သော ကြောက်မက်ဖွယ်ရာကောင်းသည့် အမှုအရေးရှိသမျှတို့အားလုံးကို ဆန့်ကျင်ပြီး မိမိလူမျိုးတို့ပေါ်၌ ဘုရားသခင်၏ အထူးကိုယ်စားပြု ရပ်တည်ပေးခြင်း ဖြစ်ပါသည်။ အာဗြဟံနှင့်စာရာတို့သည် ဣဇက်ကိုမွေးဖွားပြီး ခိုလုံစရာမြို့များနှင့်အတူ ပြည်တော်ကို အမွေခံရမည့်အကြောင်းဆိုင်ရာ ဘုရားသခင်၏ ဂတိတော်များ ပြည့်စုံလာ ခြင်းမှာ ဘုရားသခင်ပြုတော်မူသော အမှုသာဖြစ်ပြီး၊ လူသားများအနေဖြင့် မည်သို့ပင် ကြိုးစားနေရသော်လည်း ဘယ်တော့မှမဖြစ်နိုင်သော အမှုကြီးလည်း ဖြစ်ပါသည် (ရောမ၊ ၄)။

## အဓိကပါဝင်သူများ

ယောရှု၊ ရာဟပ်နှင့် ကာလက်တို့ဖြစ်ပါသည်။

### ခရစ်တော်ကို ယောရှုမှတ်စာ၌ မြင်ရပုံ

ဤကျမ်း၌ မေရှိယနှင့်စပ်လျဉ်း၍ ခရစ်တော်အကြောင်းကို တိုက်ရိုက်ဖော်ပြခြင်း မရှိသော် လည်း ကယ်တင်ရှင်အား ပုံသာဓကများစွာဖြင့် ဖော်ပြထားပါသည်။ ယောရှုသည် ခရစ် တော်၏ ပုံဆောင်သည်ကို အလွန်အရေးကြီးသော အချက်နှစ်ချက်ဖြင့်မြင်နိုင်ပါသည်။ ပထမ၊ သူ၏ အမည်နာမဖြစ်သော ယောရှုသည် ယေဟိုရှု၏ အတိုချုံးဖြစ်၍ အဓိပ္ပါယ်မှာ "ဘုရားသခင်သည် ကယ်တင်ခြင်းဖြစ်၏" "Yahweh is Salvation" ဟူ၍ဖြစ်ပါသည်။ ထိုနာမည်မှာ ဂရိဘာသာစကားလုံး ယေရှုဟူသော အမည်နာမနှင့် ထပ်တူထပ်မျှ အဓိပ္ပါယ်ရှိပါသည်။ ယောရှုဟူသောနာမည်မှာ အမှန်စင်စစ် (တမန်တော်ဝတ္ထု၊ ၇း၄၅) ၌ခေါ်သော ယေရှုဟူ၍ပင်ဖြစ်ပါသည်။ ဒုတိယ၊ ယောရှုသည် ဣသရေလလူမျိုးတို့ကို ဦးဆောင်ပြီး သူတို့၏ ဂတိတော်နှင့်ဆိုင်သော ပြည်တော်တည်းဟူသော ခါနန်ပြည်ကို

အမွေခံခြင်းအရာ၌ ခရစ်တော်၏ လုပ်ဆောင်ချက်များကို ပုံဆောင်ထားခြင်းဖြစ်ပါသည် (ဟေဗြဲ၊ ၄း၈)။ ဤအရာမှာ ကျွန်ုပ်တို့သည် ခရစ်တော်၏အထဲ၌ ယုံကြည်ခြင်းအားဖြင့် ငြိမ်သက်ခြင်းသို့ဝင်စားခြင်းကို သရုပ်ဖော်ပုံဆောင်ထားပါသည်။ ယောရှုသည် အမှန်စင်စစ် "များစွာသောသားတို့ကို ကယ်တင်၍ ဘုန်းစည်းစိမ်စံစားရာသို့" ပို့ဆောင်တော်မူသော ကယ်တင်ရှင်၏ ပုံရိပ်ပင်ဖြစ်ပါ သည် (ဟေဗြဲ၊ ၂း၉-၁၀)။ ယောရှုသည်လည်း ထာဝရဘုရားသခင်၏ ဗိုလ်မှူးအားဖြင့် တွေ့ဆုံခဲ့တော်မူ၏ (၅း၁၃-၁၅)။ ဤအရာမှာ ခရစ်တော်သည် လူ့ဇာတိကို မခံယူမီ ထင်ရှားပေါ်လာခြင်းဖြစ်ကြောင်း ခရစ္စတိုဖဲနီ "Christophany" ဟုခေါ်ပြီး ယောရှု၏ ရန်သူတို့ဘက်၌ နေသောသူမဟုတ်ကြောင်း၊ ယောရှုအား သွန်သင်ဖို့ရန် ကြွလာတော်မူ ကြောင်း သံသယကင်းစင်လှပါသည်။ နောက်ဆုံးအနေဖြင့်၊ ရာဟပ်၏ ကြိုးနီ (၂း၂၁)သည် ခရစ်တော်၏ အသွေးတော်နှင့် အသေခံတော်မူခြင်းဖြစ်ပါသည် (ဟေဗြဲ၊ ၉း၁၉-၂၂)။ ဤတစ်ပါးအမျိုး အမျိုးသမီး ပြည့်တန်ဆာမသည် ဘုရားသခင်၏ ကြီးမားသော တန်ခိုးတော် ဖြင့် ပြုတော်မူသော အကြောင်းအရာများကိုကြား၍ ယုံကြည်ခြင်းသို့ရောက်ရှိကာ သူလျှိုတို့ကို ဝှက်ထားခဲ့လေပြီ။ ယေရိခေါ မြို့ ပျက်စီးသွားခဲ့သောအခါ ကယ်တင်ခြင်းသို့ရောက်ရှိခဲ့ပြီ။ ခရစ်တော်၏ မျိုးနွယ်စာရင်း၌ တွေ့မြင်ရပါသည် (မဿဲ၊ ၁း၅)။

## အဓိကအရေးကြီးသောအချက်များ

၁။ ခါနာန်ပြည်ကိုဝင်ရောက်တိုက်ခိုက်ခြင်း (၁း၁-၅း၁၂)။

(က)ယောရှုအား လွှဲအပ်တော်မူခြင်း (၁း၁-၉)။

(ခ) ယောရှုသည် လူတို့အား အမိန့်ပေးခြင်းနှင့် သူတို့၏တုန့်ပြန်မှု (၁း၁၀-၁၈)။

(ဂ) ယေရိခေါမြို့ကို တိုက်ခိုက်သိမ်းပိုက်ခြင်း (၂း၁-၂၄)။

(ဃ)ယောဒန်မြစ်ကို ဖြတ်ကျော်ခြင်း (၃း၁-၁၇)။

(င) မြစ်ကိုဖြတ်ကျော်ခြင်း အမှတ်တရအထိမ်းအမှတ် (၄း၁-၂၄)။

(စ) လူတို့အား ဆက်ကပ်အပ်နှံခြင်း (၅း၁-၁၂)။

၂။ ခါနာန်ပြည်ကို သိမ်းပိုက်ခြင်း (၅း၁၃-၁၂း၂၄)။

(က)အောင်မြင်ခြင်း၏ အခြေအနေ - ဘုရားသခင်၏စစ်ဗိုလ် (၅း၁၃-၁၅)။

(ခ) အလယ်ဗဟိုချက်၌ တပ်စခန်းချခြင်း (၆း၁-၈း၃၅)။

(ဂ) တောင်ပိုင်း၌ တပ်စခန်းချခြင်း (၉း၁-၁၀း၄၃)။

(ဃ)မြောက်ပိုင်း၌ တပ်စခန်းချခြင်း (၁၁း၁-၁၅)။

(င) အောင်မြင်မှုများကို ပြန်လည်သုံးသပ်ခြင်း (၁၁း၁၆-၁၂း၂၄)။

၃။ ခါနာန်ပြည်ကို ခွဲဝေယူကြခြင်း (၁၃း၁-၂၁း၄၅)။

(က)လူမျိုးနွယ်စုခုနှစ်ခုနှင့် တစ်ဝက်တို့၏ အမွေခံခြင်း (၁၃း၁-၃၃)။

(ခ) ကာလက်အတွက် အမွေခံခြင်း (၁၄း၁-၁၅)။

(ဂ) လူမျိုးနွယ်စုကိုးခုနှင့် တစ်ဝက်တို့၏ အမွေခံခြင်း (၁၅း၁-၁၉း၄၈)။

(ဃ)ယောရှုအတွက် အမွေခံခြင်း (၁၉း၄၉-၅၁)။

(င) ခိုလှုံစရာမြို့များ (၂၀း၁-၉)။

(စ) လေဝိအမျိုးအတွက်မြို့များ (၂၁း၁-၄၅)။

၄။ နိဂုံးချုပ် (၂၂း၁-၂၄း၃၃)။

(က)ယဇ်ပလ္လင်တို့အား ဆန့်ကျင်တားဆီးရန်ကြိုးစားခြင်း (၂၂း၁-၃၄)။

(ခ) ယောရှု၏ မှာကြားဟောပြောခြင်း (၂၃း၁-၂၄း၂၈)။

(ဂ) ယေရှုအနိစ္စရောက်ခြင်း (၂၄း၂၉-၃၃)။

# တရားသူကြီးမှတ်စာ

## ဖောက်ပြန်ပြစ်မှားခြင်းသံသရာ၊ တရားစီရင်ခြင်းနှင့်ရွေးနှုတ်ကယ်တင်ခြင်း

### ကျမ်းရေးသူနှင့် ကျမ်း၏အမည်

ထုံးတမ်းစဉ်လာအရ ဤကျမ်းသည် ရှမွေလရေးသားခဲ့သည်ဟုဆို၏။ သို့သော်လည်း ဤကျမ်းကို ရေးသားသူမှာ အသေအချာ မသိရပါ။ တရားသူကြီးကာလ၌ ရှမွေလသည် တစ်ချို့သောအပိုင်းများကို ရေးသားခဲ့ဟန်ရှိပါသည်။ ပရောဖက် နာသန်နှင့် ဂဒ်တို့သည် အချက်အလက်များကို တည်းဖြတ်ကြရပါမည် (၅ရာ၊ ၂၉း၂၉)။

ဟေဗြဲဝေါဟာရစကားဖြင့် ဆိုဖဲတင်းမ် **"Shophetim"** ဟူ၍ဖြစ်ပြီး အဓိပ္ပါယ်မှာ၊ "တရားသူကြီးများ၊ အုပ်စိုးသူများ၊ ရွေးနှုတ်ကယ်တင်သူများ သို့မဟုတ် ကယ်တင်ရှင်များ" ဟူ၍ဖြစ်ပါသည်။ **"Shophet"** ဆိုဖက်သည် တရားမျှတခြင်းနှင့် ဆန့်ကျင်တားဆီးခြင်း တစ်ခုတည်းကိုသာ ဆိုလိုခြင်းမဟုတ်။ "လွတ်မြောက်စေခြင်းနှင့် ရွေးနှုတ်ခြင်း" ဟူ၍လည်း ဆိုလိုပါသည်။ ပထမ၊ တရားသူကြီးတို့သည် လူတို့အား ပို့ဆောင်လမ်းပြခဲ့ကြပြီးနောက် သူတို့သည် လူတို့ပေါ်၌အုပ်စိုးလျက် တရားမျှတခြင်းဖြင့် စိုးစံကြ၏။ [၄]

ဣသရေလလူမျိုးတို့အား မိမိတို့ကို ဖိနှိပ်ချုပ်ချယ်သောသူများတို့၏ လက်မှရွေးနှုတ်ကယ်တင် ရန် ဘုရားသခင် ခန့်ထားတော်မူသော ခေါင်းဆောင်များတို့၏ အရေးအတွက်မှ ဤကျမ်း အမည်ကို ရရှိခဲ့ခြင်းဖြစ်ပါသည်။ ဤကျမ်းအတွက် အကောင်းဆုံးသော ခေါင်းစဉ်အမည်မှာ၊ *"သို့ရာတွင် လုယူသောသူတို့လက်မှ ကယ်လွှတ်သော တရားသူကြီး၊ သူတို့ကို ထာဝရဘုရား ပေါ်ထွန်းစေတော်မူ၏"* ဟူ၍ (၂း၁၆)၌ ဖော်ပြသည့်အတိုင်း ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေ ဘုရားသခင်သည် ဣသရေလလူမျိုးတို့၏ တရားစီရင်သူနှင့် ရွေးနှုတ်ကယ်တင်သူဖြစ်ပါ သည်။ အဘယ်ကြောင့်ဆိုသော် ဣသရေလလူမျိုးတို့၏ အကြိမ်ကြိမ်ဖောက်ပြန်ပြစ်မှားခြင်း (မယုံကြည်ခြင်းနှင့် မှားယွင်းခြင်း) တို့ကြောင့် ဖိနှိပ်ညှင်းဆဲခြင်းကို ပထမအခွင့်ပေးတော်မူ၍ ထိုလူမျိုးတို့သည် နောင်တရကြကာ

ကူညီမ, စခြင်းအတွက် ငိုကြွေးအော်ဟစ်ကြသောအခါ ရွေးနှုတ်ကယ်တင်ရန် တရားသူကြီးများကို ပေါ်ထွန်းစေတော်မူသောသူမှာ ဘုရားသခင် ကိုယ်တော်တိုင် ပင်ဖြစ်ပါသည် (၁၁း၂၇၊ ၈း၂၃)။

## ကျမ်းကိုရေးသည့်ခုနှစ်

၁၀၅၀-၁၀၀၀ ဘီစီ။

## ဦးတည်သည့် ရည်ရွယ်ချက်အကြောင်းရင်း

ယောရှုမှတ်စာနှင့် တရားသူကြီးမှတ်စာတို့ကြား၌ ကွဲပြားခြားနားချက်မှာ ဣသရေလ လူမျိုးတို့သည် အောင်ပွဲများအတွက် အလွန်ဝမ်းမြောက်ပျော်ရွှင်ခြင်းရှိရာမှ ရှုံးနိမ့်ခြင်း အတွက် ဝမ်းနည်းကြေကွဲခြင်းများ၊ လွတ်မြောက်ခြင်းအခြေအနေမှ ဖိနှိပ်ချုပ်ချယ် ခံရခြင်းတို့ပင် ဖြစ်ပါသည်။

ရာဇဝင်သမိုင်းအရ၊ တရားသူကြီးမှတ်စာသည် ယောရှုမှတ်စာမှ ပရောဖက်ရှမွေလနှင့် ရှင်ဘုရင်ဖြင့် အုပ်ချုပ်သော (နိုင်ငံတော်)ကာလကို စောလုမင်းနှင့် ဒါဝိဒ်မင်းတို့ လက် ထက်၌ အစပြုခဲ့သည့် ကြားကာလကွာဟမှုကို ပေါင်းကူးတံတားသဖွယ် ဖြစ်စေပါသည်။ ဤကျမ်း၌ ဖောက်ပြန်မှားယွင်းခြင်း၊ ဖိနှိပ်ချုပ်ချယ်ခံရခြင်း၊ ဆုတောင်းပဋ္ဌနာပြုခြင်းနှင့် ရွေးနှုတ် ကယ်တင်ခြင်း စက်ဝိုင်းသံသရာကို မှတ်တမ်းတင်ထားပါသည်။ သို့ဖြစ်၍ ဤအရာများသည် ဣသရေလလူမျိုးတို့ထဲ၌ ရှင်ဘုရင်စနစ်ဖြင့် အုပ်ချုပ်ခြင်းအတွက် လိုအပ်မှုကို ဖြစ်ပေါ်စေ သောအကြောင်းတစ်ခု ဖြစ်လာပါသည်။ လူတိုင်းတို့သည် မိမိ အမြင်၌ မှန်သည်ဟု ထင်မှတ်သည်အတိုင်း ပြုမူကြ၏ (၂၁း၂၅)။ လူမျိုးတော်၌ ဖြောင့်မတ်သော ရှင်ဘုရင်ခေါင်းဆောင်မှု လိုအပ်နေပါသည်။

ဩဝါဒပိုင်းဆိုင်ရာအရ၊ တရားသူကြီးမှတ်စာသည် ကျွန်ုပ်တို့အား အရေးကြီးသည့် အမှန် တရား ဖက်သို့ အာရုံပြုကြရန် နှီးကပ်စေပါသည်။ နာခံခြင်းသည် ကောင်းကြီးမင်္ဂလာကို ဖြစ်စေ၍ နာမခံခြင်းသည် ဘုရားသခင်ပြုပြင်သော ဖိနှိပ်ချုပ်ချယ်ခြင်းကို ခံရမည်ဟု တရားဟောရာကျမ်း၌ ဘုရားသခင်သွန်သင်သတိပေးတော်မူခဲ့သည်အတိုင်း ဖြစ်ပါသည်။ သို့သော်လည်း လူတို့သည် ထာဝရဘုရားထံတော်သို့လှည့်လာ၍ နောင်တဖြင့် သူ့အား အော်ဟစ်ငိုကြွေးကြသောအခါ စိတ်ရှည်ခြင်းနှင့် ကရုဏာတရားကြီးမြတ်တော်မူသော

ဘုရားသခင်သည် နားထောင်ကာ ရွေးနှုတ်ကယ်တင်တော်မူကြောင်းကို တရားသူကြီး မှတ်စာ၌ ကျွန်ုပ်တို့အား သတိပေးပါသည်။ တရားသူကြီးမှတ်စာ၌ ကျမ်း၏ ဦးတည်သည့် ရည်ရွယ်ချက်အကြောင်းရင်းကို ဘုရားသခင်ထံတော်မှ စွန့်ခွာခြင်းသည် ဘုရားသခင်၏ ဆုံးမသွန်သင်ခြင်းဖြစ်သော ဖိနှိပ်ချုပ်ချယ်ခြင်းအားဖြင့် လိုက်လာပြီး၊ လူတို့၏ နောင်တရ ခြင်းနှင့် အသနားခံတောင်းပန်ခြင်းအားဖြင့် ထိုလူမျိုးတို့အား ရွေးနှုတ်ကယ်တင်ရန် ဘုရား သခင်ပေါ်ထွန်းစေတော်မူသော တရားသူကြီးများအားဖြင့် လိုက်လာသော စက်ဝိုင်း ကဲ့သို့သော သံသရာလည်ခြင်းကို ဖော်ပြထားပါသည်။

## အဓိကပါဝင်သောသူများ

တရားသူကြီးများဖြစ်ကြသောဩသံယေလ၊ ဧဟုဒ၊ ရှံဂါ၊ ဒေဗောရ၊ ဗာရက်၊ ဂိဒေါင်၊ တောလနှင့် ယာဣရ၊ ယေဖသ၊ ဣဗဇန်၊ ဧလုန်၊ အာဗဒုန်နှင့် ရှန်စုန်တို့ဖြစ်ကြပါသည်။ အကျော်ကြားဆုံးသော တရားသူကြီးများမှာ ဒေဗောရ၊ ဂိဒေါင်နှင့် ရှန်စုန်တို့ ဖြစ်ကြ ပါသည်။

## ခရစ်တော်ကို တရားသူကြီးမှတ်စာ၌မြင်ရပုံ

တရားသူကြီးတစ်ဦးချင်းစီတို့သည် အုပ်စိုးခြင်းနှင့် ရွေးနှုတ်ကယ်တင်ရှင်အဖြစ် ဆောင်ရွက် သကဲ့သို့ သူတို့သည် ခရစ်တော်သည် ကယ်တင်ရှင်နှင့် သခင်အဖြစ်သော် လည်းကောင်း၊ ရွေးနှုတ်ကယ်တင်သော ဖြောင့်မတ်သည့် ရှင်ဘုရင်အဖြစ် ဆောင်ရွက် ခြင်းတို့ကို သရုပ်ဖော်ထားခြင်းဖြစ်ပါသည်။

## အဓိကအရေးကြီးသောအချက်များ

၁။ အင်အားကျဆင်းလာခြင်း - နိဒါန်းပျိုးခြင်း၊ တရားသူကြီးများ၏ ကာလ

(၁း၁-၃း၆)။

(က)နိုင်ငံရေးအခြေအနေ (၁း၁-၃၆)။
(ခ) ဝိညာဉ်ရေးရာအခြေအနေ (၂း၁-၃း၆)။

၂။ ရွေးနှုတ်ကယ်တင်ခြင်း- ရာဇဝင်သမိုင်းနှင့် တရားသူကြီးများအုပ်စိုးရာကာလ

(၃း၇-၁၆း၃၁)။

(က)မေဆိုပိုတမီးယားလူမျိုးတို့၏ ကျွန်ပြုဖိနှိပ်ခံခြင်းနှင့် ဩသံယေလ၏ ရွေးနှုတ်ကယ်တင်ခြင်း (၃း၇-၁၁)။

(ခ) မောဘလူမျိုးတို့၏ ကျွန်ပြုဖိနှိပ်ခံခြင်းနှင့် ဧဟုဒအားဖြင့် ရွေးနှုတ်ကယ်တင်ခြင်း (၃း၁၂-၃၀)။

(ဂ) ဖိလိတ္တိလူမျိုးတို့ပေါ်၌ ရှံဂါ၏အောင်မြင်ခြင်း (၃း၃၁)။

(ဃ)ခါနာန်လူမျိုးတို့၏ ကျွန်ပြုဖိနှိပ်ခြင်းကို ခံရခြင်းနှင့် ဒေဗောရနှင့် ဗာရက်တို့အားဖြင့် ရွေးနှုတ်ကယ်တင်ခြင်း (၄း၁-၅း၃၁)။

(င) မိဒျန်လူမျိုးတို့၏ ကျွန်ပြုဖိနှိပ်ခြင်းကို ခံရခြင်းနှင့် ဂိဒေါင်အားဖြင့် ရွေးနှုတ်ခြင်း (၆း၁-၈း၃၅)။

(စ) အဘိမိလက်၏ အာဏာအလွဲသုံး၍ ရက်စက်စွာအုပ်စိုးမှု (၉း၁-၅၇)။

(ဆ)တောလ၏ တရားသူကြီးအရာ၌ အုပ်စိုးခြင်း (၁၀း၁-၂)။

(ဇ) ယာဣရ၏ တရားသူကြီးအရာ၌ အုပ်စိုးခြင်း (၁၀း၃-၅)။

(ဈ) အာမုန်လူမျိုးတို့၏ ကျွန်ပြုဖိနှိပ်ခြင်းကိုခံရခြင်းနှင့် ယေဖသအားဖြင့် ရွေးနှုတ်ကယ်တင်ခြင်း (၁၀း၆-၁၂း၇)။

(ည)ဣဗဇန်၏ တရားသူကြီးအရာ၌ အုပ်စိုးခြင်း (၁၂း၈-၁၀)။

(ဋ) ဧလုန်၏ ဧတရားသူကြီးအရာ၌ အုပ်စိုးခြင်း (၁၂း၁၁-၁၂)။

(ဌ) အာဗဒုန်၏ တရားသူကြီးအရာ၌ အုပ်စိုးခြင်း (၁၂း၁၃-၁၅)။

(ဍ) ဖိလိတ္တိလူမျိုးတို့၏ ကျွန်ပြုဖိနှိပ်ခြင်းကို ခံရခြင်းနှင့် ရှင်စုန်၏ ဦးဆောင်ကယ်နှုတ်ခြင်း (၁၃း၁-၁၆း၃၁)။

၃။ ရှင်ဘုရင်စနစ်ဖြင့် အုပ်စိုးခြင်းတွင် ဆိုးညစ်ခြင်း၊ ဖောက်ပြန်မှားယွင်းခြင်း၊ တရားသူကြီးများဖြင့် အုပ်စိုးခြင်းကာလ ကုန်ဆုံးသွားခြင်း (၁၇း၁-၂၁း၂၅)။

(က)မိက္ခာနှင့်ဒန်အမျိုးသားတို့ နေရာပြောင်းရွှေ့လှည့်လည်ခြင်း

(၁၇း၁-၁၈း၃၁)။

(ခ) ဗလင်္မိန်လူမျိုးတို့၏ စစ်ပွဲ (၁၉း၁-၂၁း၂၅)။

# ရုသဝတ္ထု

## တရားသူကြီးမှတ်စာ၏ နောက်ဆက်တွဲ

## ကျမ်းရေးသူနှင့် ကျမ်းအမည်

ဤကျမ်းသည်လည်း တရားသူကြီးမှတ်စာကဲ့သို့ပင် ယုဒလူမျိုးတို့၏ ထုံးတမ်းစဉ်လာအရ ရှမွေလရေးသားသည်ဟု သိရပါသည်။

ရုသဝတ္ထုကျမ်းသည် ကယ်တင်ရှင်၏ မျိုးစဉ်ဆက်စာရင်းထဲ၌ပါဝင်သော ဒါဝိဒ်မင်းကြီး၏ အဖွားတော်၊ မောဘအမျိုးသမီးငယ်၏ အဓိကကျသောအကျင့်တရားအားဖြင့် အမည်နာမ ကို ရရှိခြင်းဖြစ်ပါသည် (မဿ၊ ၁း၅)။ မိန်းမတစ်ဦး၏ နာမည်ဖြင့်ခေါ်ရသော အခြားကျမ်းမှာ ဧသတာဝတ္ထုဖြစ်ပါသည်။

## ကျမ်းရေးသည့်ခုနှစ်

၁၀၅၀ ဘီစီဖြစ်သည်။

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

ရုသဝတ္ထုမှာ အစာငတ်မွတ်ခေါင်းပါးခြင်းရောက်သောအခါ မောဘပြည်သို့ ပြောင်းရွှေ့သွားခဲ့ သည့် ဣသရေလလူမျိုး လင်မယားနှစ်ဦးတို့၏ အကြောင်းပင်ဖြစ်ပါသည်။ ထိုနေရာ၌ သူမ ခင်ပွန်းနှင့်သားနှစ်ဦးတို့မှာ သေဆုံးခဲ့ရရှာပါသည်။ ထိုမိန်းမ (နောမိ) သည် တစ်ဦးတည်းသာ သူမ၏ ချွေးမနှစ်ဦးတို့နှင့် (အော်ပနှင့်ရုသ) အတူကျန်ရစ်ခဲ့လေ၏။ နောမိသည် ဣသရေလ ပြည်သို့ ပြန်သွားဖို့ရန် ဆုံးဖြတ်ချက်ချပြီး ရုသကလည်း သူမနှင့်အတူ လိုက်ပါသွားမည် ဖြစ်ကြောင်း အခိုင်အမာဆိုလာ၏။ ဣသရေလပြည်သို့ ရောက်ရှိသွားကြသောအခါ ဆွေမျိုးထဲမှ ဗောဇဆိုသူသည် ကူညီထောက်မခဲ့ပါသည်။ နောက်ဆုံးတွင် ရုသသည် ဗောဇနှင့် ထိမ်းမြားသွားခဲ့ရပါသည်။

ရုသသည် တောက်ပသောစိန်ပွင့်ကလေးများပမာ တရားသူကြီးများ၏ခေတ်၊ အမှောင်ထုဖုံးသော ကာလအလယ်လောက်၌ ထွန်းလင်းတောက်ပခဲ့ပါသည်။ ရုသသည် လူတွေစည်းမဲ့ ကမ်းမဲ့ရှိနေချိန်၊ တစ်ကိုယ်ကောင်းဆန်သော အတ္တလွန်ကဲချိန်၊ မင်းမဲ့စိုးမဲ့ပျက်စီးယိုယွင်းနေချိန်တွင် သစ္စာရှိခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်းနှင့် ချစ်ခြင်းမေတ္တာတို့ကို ပေါ်လွင်စေခဲ့ပါသည်။ ထိုသို့သော အကြောင်းကြောင့် ရုသသည် ဖောက်ပြန်မှားယွင်းသောသူတို့ အလယ်၌ ယုံကြည်ခြင်းပုံသက်သေကိုပြကာ ထို့ကဲ့သို့သော ယုံကြည်ခြင်းအားဖြင့် ကောင်းကြီးမင်္ဂလာရောက်ရှိလာကြောင်း ထင်ရှားဖော်ပြခဲ့ပါ၏။ ရုသသည် မေရှိယမျိုးရိုးစဉ်ဆက်စာရင်း၌ ဖော်ပြခဲ့သည့်အတိုင်း ဒါဝိဒ်မင်းကြီး၏ ဆင်းသက်ရာ အရေးကြီးသောမျိုးစဉ်ဆက်ဖြစ်ခဲ့ရပါသည်။ ထို့အပြင် ရုသဝတ္ထု၏ ရည်ရွယ်ချက်အကြောင်းရင်းမှာ ဆွေမျိုးသားထဲမှာ ရွေးနှုတ်ကယ်တင်သူ၏ သစ္စာရှိခြင်း၊ ကြီးမားသော ဖောက်ပြန်မှားယွင်းမည့်ကာလအချိန်၌ပင်လျှင် ဘုရားသခင်၏ သစ္စာတော်သည် ယုံကြည်ခြင်းအားဖြင့် သူနှင့်အတူ သွားလာသောသူတို့ပေါ်၌ ထင်ရှားတော်မူကြောင်း ဥပမာသာဓကဖော်ပြထား ပါသည်။ ရုသသည် တစ်ပါးသောအမျိုးသမီးဖြစ်သည်မှန်သော်လည်း ဘုရားသခင်သည် တစ်ပါးသောအမျိုးသားဖြစ်သည့် လောကီသားတို့ကိုပင် ဘုရားသခင်၏ မိသားစုတော်ထဲသို့ ခေါ်ဆောင်တော်မူရန် အလိုဆန္ဒရှိတော်မူကြောင်း ဤကျမ်း၌ သရုပ်ဖော်ပေါ်လွင် စေပါသည်။

ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်ကို ထင်ရှားစွာရောင်ပြန်ဟပ်စေသောသူမှာ မောဘအမျိုးသမီးတစ်ဦးဖြစ်ကြောင်း အံ့အားသင့်ဖွယ်ကောင်းလှပါသည်။ သို့ဖြစ်၍ ဣသရေလလူမျိုးမိသားစုပေါ်၌ သူမ၏ အပြည့်အဝသစ္စာရှိခြင်းအားဖြင့် မုဆိုးမဖြစ်သော ယောက္ခမသည် သူမအား ဣသရေလသမီးအမှန်ဖြစ်ကြောင်း မှတ်ယူစေကာ ဒါဝိဒ်မင်းမျိုးနွယ်စာရင်း၌ ထိုက်တန်သောသူဖြစ်စေခဲ့ပါသည်။ သူမသည် ကြွလာမည့်ဘုရားသခင်၏ နိုင်ငံတော်ထဲ၌ ဝင်ရောက်ပါဝင်နိုင်ခြင်းသည် အသွေးအသားနှင့် ဇာတိအားဖြင့် အမျိုးမှ မွေးဖွားခြင်းကြောင့် မဟုတ်၊ ဘုရားသခင်၏ အလိုတော်ကို “ယုံကြည်ခြင်းအားဖြင့် လာသောနာခံခြင်း” အားဖြင့် လူတစ်ဦး၏ အသက်တာ၌ လိုက်လျောညီညွတ်အောင် လုပ်ဆောင်ပေးခြင်းအားဖြင့်ဖြစ် ကြောင်း မှန်ကန်ထင်ရှားသည့် သာဓကကို ထားခဲ့ပါသည် (ရောမ၊ ၁း၅)။ ဒါဝိဒ်မင်း၏ ဘိုးစဉ်ဘောင်ဆက်စဉ်၌ သူမနေရာယူထားနိုင်ခြင်းသည် ဒါဝိဒ်၏ ကြီးမားသောသားတော်၏ နိုင်ငံတော်ထဲသို့ လူမျိုးအပေါင်းတို့သည်လည်း ဝင်ရောက်နိုင်သည်ဖြစ်ကြောင်း အချက်ပြ သိသာစေခဲ့ပါသည်။ [၁]

## အဓိကပါဝင်သောသူများ

ရုသ၊ နောမိ၊ ဗောဇတို့ဖြစ်ပါသည်။

## ခရစ်တော်ကို ရုသဝတ္ထု၌မြင်ရပုံ

ဓမ္မဟောင်းကျမ်း၌ အကယ်၍ လူတစ်ဦးသို့မဟုတ် အိမ်ယာခြံမြေတစ်ခု ချည်နှောင်ခြင်း အောက်၌ ရောင်းချသွားခဲ့သည်ရှိသော်၊ ယောကျ်ားဆွေမျိုးရွေးပိုင်သူ ဟုခေါ်သောသူ အားဖြင့် သေချာတိကျသော တောင်းဆိုမှုတစ်ခုအားဖြင့် ရွေးယူနိုင်ပါသည်။ ဤသို့ ရွေးယူပိုင်သော သူကို ဟေဗြဲဘာသာ စကားအားဖြင့် *GOEL* ဂိုအဲလ် ဟုခေါ်ပြီး၊ အဓိပ္ပါယ်မှာ "နီးစပ်သော ဆွေမျိုး" ဟူ၍ဖြစ်ပါသည်။ ဤအရာမှာ ရွေးနှုတ်ကယ်တင် ခြင်းဆိုင်ရာ ကယ်တင်ရှင်၏ အလုပ်ကို ပြည့်စုံစွာ ဥပမာသာဓကပြု ပုံဆောင်ခြင်း တစ်ခု ဖြစ်ပါသည်။

The *GOEL* ဂိုအဲလ်သည် အသွေးအားဖြင့် ဆွေမျိုးတော်စပ်သူ (ယောကျ်ားသား ဆွေမျိုး) ဖြစ်ပါ၍ (တရားဟော၊ ၂၅း၅၊ ၇-၁၀၊ ယော၊ ၁း၁၄၊ ရော၊ ၁း၃၊ ဖိ၊ ၂း၅-၈၊ ဟေဗြဲ၊ ၂း၁၄-၁၅) အဖိုးကိုပေးပြီး ရွေးနှုတ်ဝယ်ယူနိုင်သောသူဖြစ်ပြီး (၂း၁၊ ၁ပေ၊ ၁း၁၈-၁၉) အဖိုးကိုပေး၍ ရွေးနှုတ်ဝယ်ယူခြင်းကိုခံရန် လိုအင်ဆန္ဒရှိသောသူ (၃း၁၁၊ မဿဲ၊ ၂၀း၂၈၊ ယော၊ ၁၀း၁၅၊၁၉၊ ဟေဗြဲ၊ ၁၀း၇) နှင့် ခရစ်တော်သည် အပြစ်တရား၏ ကျွန်ခံခြင်းမှလွတ်မြောက်စေပြီး၊ အပြစ်တရားနှင့် ကင်းမဲ့တော်မူသည်နည်းတူ သူ့ကိုယ်သူ လွတ်မြောက်စေသောသူဖြစ်၏ (၂ကော၊ ၅း၂၁၊ ၁ပေ၊ ၂း၂၂၊ ၁ယော၊ ၃း၅)။

## အဓိကအရေးကြီးသောအချက်များ

၁။ ရုသ၏ သန္နိဋ္ဌာန်ချ၍ ပြန်လာခြင်း (၁း၁-၂၂)။

(က)သူမ၏ နောက်ကြောင်းသမိုင်း (၁း၁-၅)။

(ခ) သူမ၏ ရွေးချယ်မှု (၁း၆-၁၈)။

(ဂ) ဗက်လင်မြို့သို့ သူမရောက်ရှိသွားခြင်း (၁း၁၉-၂၂)။

၂။ ရုသ၏ ဖြောင့်မတ်မှန်ကန်ခြင်း (၂း၁-၂၃)။

(က)စပါးကျန်ကို ကောက်ယူခြင်း၌ သူမ၏ ဖြောင့်မတ်ခြင်း (၂း၁-၃)။

(ခ) သူမ စပါးကျန်ကောက်ယူခြင်း၏ အကျိုးရလဒ် (၂း၄-၁၇)။

(ဂ) သူမ၏ စပါးကျန်ကောက်ယူခြင်းကို အစီရင်ခံခြင်း (၂း၁၇-၂၃)။

၃။ ရုသ၏ တောင်းဆိုခြင်း (၃း၁-၁၈)။

(က)နောမိအားဖြင့် အကြံပေးခြင်း (၃း၁-၄)။
(ခ) ရုသအားဖြင့် ဆောင်ရွက်ခြင်း (၃း၅-၉)။
(ဂ) ဗောဇအားဖြင့် သဘောတူခြင်း (၃း၁၀-၁၈)။

၄။ ရုသ၏ ဆုလဒ် (၄း၁-၂၂)။

(က)ခင်ပွန်းသည်ကို ရ၏ (၄း၁-၁၂)။

(ခ) သားကိုရ၏ (၄း၁၃-၁၇)။

(ဂ) မျိုးရိုးစဉ်ဆက် (၄း၁၈-၂၂)။

# ဓမ္မရာဇဝင် ပဌမစောင်

(တရားသူကြီးများမှ ရှင်ဘုရင်ဖြင့်အုပ်စိုးခြင်းအစဉ်အလာ)

## ကျမ်းရေးသူနှင့် ကျမ်းအမည်

ဓမ္မရာဇဝင်ပဌမစောင်နှင့် ဒုတိယစောင်ကို မည်သူရေးခဲ့ကြောင်း ကျွန်ုပ်တို့ အသေအချာ မသိရပါ။ ယုဒတာမုဒိ "Talmudic" ထုံးတမ်းစဉ်လာအရ ရှမွေလအားဖြင့် ရေးသားခဲ့သည်ဟုဆို၏။ ဓမ္မရာဇဝင်ပထမစောင်နှင့် ဒုတိယစောင်တို့တွင် ပရောဖက် ရှမွေလအမည်ကို ယူရသော်လည်း ပရောဖက်သည် ဓမ္မရာဇဝင်ပထမပိုင်းထက် ပို၍ရေးသားလိမ့်မည်မဟုတ်ပါ။ သူအနိစ္စရောက်ကြောင်း အခန်းကြီး ၂၅ ၌ ရှမွေလသည် ဤကျမ်းကို ရေးသားခဲ့သည်ဟု ကျွန်ုပ်တို့အား ဆိုထားပါသည်။ တဖန်၊ (ဓမ္မရာဇဝင်ပထမစောင်၊ ၂၉း၂၉) ၌ နာသန်နှင့် ဂဒ်တို့သည်လည်း ဓမ္မရာဇဝင်ကျမ်း၌ မှတ်တမ်းတင်သော အဖြစ်အပျက်များကို ရေးသားခဲ့ကြကြောင်း ဖော်ပြထားပါသည်။

မူလပထမ၌ ဓမ္မရာဇဝင်ပထမစောင်နှင့် ဒုတိယစောင်တို့သည် ဟေဗြဲကျမ်းစာ၌ တစ်အုပ်တည်း အတူတကွထားရှိပါသည်။ ဤကျမ်းနှစ်ကျမ်းတို့သည် ဣသရေလလူမျိုးတို့၏ ဘုရင်စနစ်ဖြင့် အုပ်ချုပ်သော အစောပိုင်းကာလ၊ ဣသရေလလူမျိုးတို့၏ ရှင်ဘုရင်များ အကြောင်းကို ဖော်ပြထားပါသည်။ အမှန်စင်စစ်၊ ဓမ္မရာဇဝင်ပထမစောင်သည်

စောလုမင်းအကြောင်းနှင့် ဓမ္မရာဇဝင်ဒုတိယစောင်သည် ဒါဝိဒ်မင်းအကြောင်းကို ဖော်ပြထားပါသည်။

ဤကျမ်းနှစ်ကျမ်းတို့မှာ အစမူလ၌ ကျမ်းတစ်အုပ်တည်းဖြစ်သော်လည်း၊ (ဓမ္မဟောင်းကျမ်းကို ဂရိဘာသာစကားအားဖြင့် ဘာသာပြန်ဆိုခြင်း) ကို ဘာသာပြန်ဆိုသော သူတို့က ကျမ်းနှစ်ကျမ်းအဖြစ်သို့ ခွဲခြားသတ်မှတ်ခဲ့ကြပါသည်။ ဤသို့ ခွဲခြားခြင်းကို နောက်ပိုင်း၌ ယေဒွမ်ဘာသာပြန်ဆိုသော Latin Vulgate (သမ္မာကျမ်းစာကို လက်တင်ဘာသာစကားဖြင့် ဘာသာပြန်ဆိုခြင်း) သည် လိုက်နာခံယူပြီး ခေတ်သစ် အနက်ပြန်ကျမ်းများ၌ ကျင့်သုံးသည်။

## ကျမ်းကိုရေးသားသည့်ခုနှစ်

၁၀၁၀ ဘီစီ သို့မဟုတ် နောက်ပိုင်း၌ဖြစ်ပါသည်။

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

ရှမွေလမွေးဖွားပြီး၊ ဗိမာန်တော်ထဲ၌ သင်ကြားလေ့ကျင့်ပျိုးထောင်ခြင်းကို ခံရသော အချိန်မှ စပြီး၊ ဤကဲ့သို့သော ကြီးမြတ်တော်မူသည့် ဘုရားသခင်၏ လူသည် ဣသရေလလူမျိုးတို့ ပေါ်၌ ပရောဖက်၊ ယဇ်ပုရောဟိတ်နှင့် နောက်ဆုံးသော တရားသူကြီးအဖြစ် ဦးဆောင်သွား မည့်အကြောင်း ဓမ္မရာဇဝင်ပထမစောင်၌ ဖော်ပြထားပြီးဖြစ်ပါသည်။ ထိုသို့ဖြင့် ရှမွေလ အုပ်စိုးသော ကာလအတွင်း၌ပင် ဣသရေလလူမျိုးတို့သည် တစ်ပါးသောအမျိုးသားများ ကဲ့သို့ ဖြစ်လို၍ ရှင်ဘုရင်ကို တောင်းဆိုခဲ့ကြပါသည်။ ရှမွေလသည် ဘုရားသခင်ညွှန်ကြားတော်မူသည့်အတိုင်း စောလုကိုပထမဆုံးရှင်ဘုရင်အဖြစ်ဆီလူးကာ ဘိသိတ်ပေးလေ၏။ သို့သော်လည်း၊ ဘုရားသခင်သည် စောလုမင်းကို ပယ်ချခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ နာမခံခြင်းကြောင့်ပင်ဖြစ်ပါသည်။ စောလုမင်းနေရာ၌ အစားထိုးရန် ရှမွေလသည် ဘုရားသခင် ညွှန်ကြားတော်မူသည့်အတိုင်း ဒါဝိဒ်ကို ဆီလူးဘိသိတ်ပေးခဲ့ပါသည်။ ဒါဝိဒ်သည် ဘုရားသခင်၏ စိတ်နှလုံးတော်နှင့် တွေ့သော သူဖြစ်၍ ဣသရေလလူမျိုးတို့၏ ရှင်ဘုရင် ဖြစ်လာခဲ့ပါသည်။ ကျမ်း၏နောက်ဆုံးပိုင်းမှာ မနာလိုဝန်တိုသော စောလုမင်းနှင့် ဘုရားကို ချစ်သော ဘုရားသခင်၏ လူဒါဝိဒ်တို့ နှစ်ဦးကြား၌ ရုန်းရင်းဆန်ခတ်ခြင်းအမှုများကို ဖော်ပြထားပါသည်။

ဓမ္မရာဇဝင်ပထမစောင်သည် ရှံဆုန်မှအစ တရားသူကြီးများသည် ရှမွေလနှင့်အတူ ကျန်ရစ် စေခဲ့သော ဣသရေလလူမျိုးတို့၏ အကြောင်းများကို ဆက်လက်၍ ဖော်ပြထားပါသည် (သူကြီး၊ ၁၆း၃၁)။ ဤကျမ်းသည် လူမျိုးတော်တို့သည် တရားသူကြီးများ အုပ်စိုးခြင်းမှ ရှင်ဘုရင်အုပ်စိုးသောစနစ်သို့ ဘုရားသခင်တိုက်ရိုက်အုပ်စိုးခြင်းမှ ဘုရင်အုပ်ချုပ်သည့်စနစ်) သို့ အသွင်ကူးပြောင်းခြင်းသမိုင်းကြောင်း အထောက်အထားများကို မှတ်တမ်းတင်ထား၏။

တရားသူကြီးများအုပ်စိုးသည့်ကာလ၌ ဣသရေလလူမျိုးတို့သည် ထာဝရဘုရား သခင်အား မိမိတို့၏ အသက်တာများကို အုပ်စိုးရန်အခွင့်မပေးခဲ့ကြပါ။ လူတိုင်းတို့သည် မိမိအကျင့်၌ မှန်သည်ဟု ထင်မှတ်ကျေနပ်ခဲ့ကြပါသည် (သူကြီး၊ ၁၇း၆၊ ၂၁း၂၅)။ ဘုရားစနစ်အုပ်စိုးခြင်းသည် တည်ငြိမ်ခိုင်မာမှုရှိလာခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် လူတို့သည် လောကီရှင်ဘုရင်တို့၏ နောက်ကိုလိုက်ရန် ပို၍အလိုဆန္ဒရှိခဲ့ကြပါသည်။ ထာဝရဘုရားသည် ရှမွေလအား၊ *"သင့်အား လူများတို့ပြောဆိုသမျှသောစကားကို နားထောင်လော့။ သူတို့သည် သင့်ကို သာမပယ်။ ငါသည် သူတို့ကို မအုပ်စိုးစေခြင်းငှါ ငါ့ကိုလည်း ပယ်ကြပြီ"* ဟုမိန့်တော်မူ၏ (၈း၇)။

ဘုရားသခင်သည် ဣသရေလလူမျိုးတို့အား ရှင်ဘုရင်ကိုပေးတော်မူရန် အကြံအစည်တော်ရှိပါသည် (ကမ္ဘာ၊ ၄၉း၁၀၊ တရားဟော၊ ၁၇း၁၄-၂၀)။ သို့သော်လည်း လူတို့သည် ဘုရားသခင်ပေးတော်မူသော ရှင်ဘုရင်ကို ရွေးချယ်လိုကြပါသည်။ ေစာလုမင်းသည် ဘုရားသခင်၏ ငြင်းပယ်ခြင်းကို ခံခဲ့ရပါသည်။ အဘယ်ကြောင့်ဆိုသော်၊ *"အလိုတော်သို့လိုက်ခြင်းသည် ယဇ်မျိုးထက်သာ၍ ကောင်း၏"* (၁၅း၂၂) ဟူသောသမ္မာတရားကို နာခံသင်ယူရာ၌ ဆုံးရှုံးခဲ့ရပါသည်။ သူသည် စိတ်ခံတတ်ရေးရာ၌ အမျိုးအစားမညီ၊ မနာလို ဝန်တိုခြင်း၌ ခက်ထန်ပြီး၊ မိုက်မဲခြင်းနှင့် ကိုယ်ကျင့်တရား၌မကောင်းပေ။ ဒါဝိဒ်ကပေါ်လွင် စေသည့်၊ *"ဘုရားသခင်သည် လူမြင်သကဲ့သို့ မြင်တော်မူသည်မဟုတ်"* ဟူသောနိယာမကို ပုံဥပမာပေးအနှိုင်းခံရပါသည် (၁၆း၇)။ ထာဝရဘုရားသခင်သည် ဒါဝိဒ်မင်း၏ မင်းမျိုး မင်းနွယ်ကို အတည်ပြုခိုင်ခန့်စေတော်မူ၏။ အဘယ်ကြောင့်ဆိုသော်၊ ဒါဝိဒ်မင်း၏ စကား နားထောင်ခြင်း၊ အလိုတော်သို့လိုက်ခြင်း၊ ဉာဏ်ပညာနှင့် ဘုရားသခင်ပေါ်၌သာမှီခို အားကိုးခြင်းတို့ကြောင့်ဖြစ်ပါသည်။ [၆]

ရာဇဝင်သမိုင်းအရ၊ ဓမ္မရာဇဝင်ပထမစောင်၏ အဓိကရည်ရွယ်ချက်အကြောင်းရင်းမှာ ဘုရားသခင်သတ်မှတ်တော်မူသော ဒါဝိဒ်မင်းနှင့်ဆိုင်ရာ မင်းမျိုးမင်းနွယ်စာရင်းကို

မှတ်တမ်း တင်ထားခြင်းဖြစ်ပါသည်။

## အဓိကပါဝင်သောသူများ

ပရောဖက်ရှမွေလ၊ နာခံမှုမရှိသော စောလုမင်းနှင့် သိုးထိန်းကလေးဒါဝိဒ်တို့ဖြစ်ပါသည်။

## ခရစ်တော်အား ဓမ္မရာဇဝင်ပထမစောင်၌ မြင်ရခြင်း

ရှမွေလသည် ခရစ်တော်ကို စိတ်ဝင်စားဖွယ် ပုံဆောင်ထားသောသူတစ်ဦးဖြစ်ပါသည်။ သူသည် ဖရောဖက်တစ်ပါးဖြစ်သည်။ ယဇ်ပုရောဟိတ်ဖြစ်သည်။ သူသည် ရှင်ဘုရင် မဖြစ်ခဲ့သော်လည်း ရှင်ဘုရင်များအုပ်စိုးလာရမည့် လူမျိုးတော်ကို ဘုရားသခင် အသုံးပြု တော်မူခြင်းဖြင့် တရားစီရင်ခဲ့ပါသည်။

မေရှိယသည် "ဆီလူးဘိသိတ်ပေးသောသူ" ဟူ၍အဓိပ္ပါယ်ရှိပါသည်။ ရှမွေလသည် သမ္မာ ကျမ်းစာနှင့်ဆိုင်ရာ ဆီလူးဘိသိတ်ပေးခြင်းကို ပထမဦးဆုံးအသုံးပြုသောကျမ်းဖြစ်ပါသည် (၂း၁၀)။ မေရှိယအကြောင်း အခြေခံကျကျ ဖော်ပြချက်တစ်ခုကို ဒါဝိဒ်မင်း၏ အသက် တာထဲ၌ တွေ့မြင်ရပါသည်။ သူသည် ဗက်လင်မြို့၌ မွေးဖွားခဲ့ပါသည်။ သိုးထိန်းတစ်ဦး ဖြစ်ခဲ့ပါသည်။ ဣသရေလလူမျိုးတို့ပေါ်၌ အုပ်စိုးသောသူဖြစ်ပါသည်။ ဒါဝိဒ်မင်းနှင့်ဆိုင် သော မင်းမျိုးမင်းနွယ်မှ မေရှိယရှင်ဘုရင်ဆင်းသက်လာခဲ့ပါသည်။ ဓမ္မသစ်ကျမ်း၌ ခရစ်တော်အား "*လူဇာတိအားဖြင့် ဒါဝိဒ်အမျိုးဖြစ်တော်မူသော*"ဟူ၍ဖော်ပြထားပါသည် (ရောမ၊ ၁း၃)။

## အဓိကအရေးကြီးသောအချက်များ

၁။ နောက်ဆုံးသောတရားသူကြီး၊ ရှမွေလ (၁း၁-၈း၂၂)။

(က)ရှမွေလအားခေါ်တော်မူခြင်း (၁း၁-၃း၂၁)။

(ခ) ရှမွေလအား ဆက်ကပ်အပ်နှံခြင်း၊ တာဝန်လွှဲအပ်ပေးတော်မူခြင်း (၄း၁-၇း၁၇)။

(ဂ) ရှမွေလနှင့် စပ်လျဉ်း၍ဆင်ခြင်ခြင်း (၈း၁-၂၂)။

၂။ ပထမဦးဆုံးရှင်ဘုရင်၊ စောလုမင်း (၉း၁-၁၅း၃၅)

(က)စောလုအား ရွေးချယ်ခန့်ထားခြင်း (၉း၁-၁၂း၂၅)

(ခ) စောလုမင်းအား ငြင်းပယ်ခံရခြင်း (၁၃း၁-၁၅း၃၅)။

၃။ ဒုတိယရှင်ဘုရင် ဒါဝိဒ်မင်းကြီး (၁၆း၁-၃၁း၁၃)။

(က)သိုးထိန်းကလေးဒါဝိဒ်အား ရွေးကောက်ဘိသိပ်ပေးတော်မူခြင်း (၁၆း၁-၂၃)။

(ခ) လူ့ဘီလူးကြီးကို သတ်သောသူ ဒါဝိဒ်၊ စောလုမင်းအားဖြင့် တောင်းဆိုခြင်း (၁၇း၁-၅၈)။

(ဂ) ယောနသန်၏ မိတ်ဆွေ ဒါဝိဒ်၊ စောလုမင်းအားဖြင့် ငြင်းပယ်ခံရခြင်း (၁၈း၁-၁၉း၂၄)။

၄။ စောလုမင်းက ဖမ်းဆီးရန်လိုက်လံရှာဖွေ၍ ထွက်ပြေးတိမ်းရှောင်နေသော ဝရမ်းပြေး- ဒါဝိဒ် (၂၀း၁-၂၆း၂၅)။

(က)ယောနသန်က ကာကွယ်ခဲ့သောဒါဝိဒ် (၂၀း၁-၄၂)။

(ခ) အဟိမလက်က ကာကွယ်ခဲ့သောဒါဝိဒ် (၂၁း၁-၉)။

(ဂ) အာခိစ်က ကာကွယ်ခဲ့သောဒါဝိဒ် (၂၁း၁၀-၁၅)။

(ဃ)ဒါဝိဒ်နှင့် သူ၏အုပ်စုများ (၂၂း၁-၂၆း၂၅)။

၅။ ဖိလိတ္တိတို့ပိုင်နက်အတွင်း၌ ဒါဝိဒ်ခိုလှုံခြင်း (၂၇း၁-၃၁း၁၃)။

(က)ဒါဝိဒ်သည် ဖိလိတ္တိလူမျိုးတို့၏ အစေခံတစ်ဦးဖြစ်လာခြင်း (၂၇း၁-၂၈း၂)။

(ခ) စောလုမင်းသည် အေဒေါ်ရမြို့ရှိ နတ်ဝင်မိန်းမနှင့် တိုင်ပင်အကြံရယူခြင်း (၂၈း၃-၂၅)။

(ဂ) ဒါဝိဒ်အား ဖိလိတ္တိလူမျိုးတို့အားဖြင့် လက်မခံပယ်ထားခံရခြင်း (၂၉း၁-၁၁)။

(ဃ)ဒါဝိဒ်သည် အာမလက်လူမျိုးတို့အား ချေမှုန်းဖျက်ဆီးခြင်း (၃၀း၁-၃၁)။

(င) ဖိလိတ္တိလူမျိုးတို့နှင့် စောလုမင်းကျဆုံးခြင်း (၃၁း၁-၁၃)။

# ဓမ္မရာဇဝင်ဒုတိယစောင်

## (ဒါဝိဒ်မင်းစိုးစံခြင်း - နိုင်ငံတော်ကိုတိုးချဲ့ခြင်း)

## ကျမ်းရေးသူနှင့် ကျမ်းအမည်

ဓမ္မရာဇဝင်ပထမနှင့် ဒုတိယစောင်တို့မှာ မူလအစ၌ ကျမ်းတစ်အုပ်တည်းသာဖြစ်သည်ဟု ဆိုခဲ့သော်လည်း ဖန်တီးပုံခြင်းမှာ ခြားနားကွဲပြားပါသည်။ ဓမ္မရာဇဝင်ပထမစောင်ကို ရေးသားသူနှင့် စပ်လျဉ်း၍ ဆွေးနွေးချက်ကိုကြည့်ပါ။

## ကျမ်းကိုရေးသားသည့်ခုနှစ်

၁၀၁၀ ဘီစီနှင့် နောက်ပိုင်းဖြစ်ပါသည်။

## ဦးတည်သည့် ရည်ရွယ်ချက်အကြောင်းရင်း

ဣသရေလလူမျိုးတို့၏ နိုင်ငံတော်သည် အမှန်ပြိုကွဲကြောင်း မည်သို့မျှ မပါရှိခဲ့သော်လည်း ဓမ္မရာဇဝင်ဒုတိယစောင်သည် ဣသရေလနိုင်ငံတော်သည် ဧောလုမင်းကျဆုံးပြီးနောက်မှ အစပြု၍ ဒါဝိဒ်မင်းစိုးစံခြင်းကို ဆက်လက်ဖော်ပြထားပါသည်။ ဒါဝိဒ်မင်းကြီးစိုးစံခြင်းမှာ နှစ်ပေါင်းလေးဆယ်ကြာခဲ့၏ (၅း၄-၅)။ သူ၏ အောင်မြင်ခြင်းနှင့် သူပြစ်မှားမိခဲ့သော အပြစ်ဒုစရိုက်များဖြစ်သည့် သူ့မယားကို ပြစ်မှားခြင်း၊ သူ့အသက်ကိုသတ်ခြင်း စသည့် အပြစ်တို့ကြောင့်ခံရသော ဝမ်းနည်းပူဆွေး၊ ကြေကွဲစရာဖြစ်ရပ်များနှင့် သူ့မိသားစု အပေါ်တွင် သာမက တစ်မျိုးသားလုံးတို့အပေါ်၌ သက်ရောက်သော ဆိုးကျိုးဆက်များတို့ကို မှတ်တမ်း တင်ထားပါသည်။ ဓမ္မရာဇဝင်ဒုတိယစောင်၏ ဦးတည် ရည်ရွယ်ချက် အကြောင်းရင်းမှာ ဒါဝိဒ်မင်းစိုးစံခြင်း၌ ပေါ်ထွက်လာသော "အပြစ်တရားသည် ဒုက္ခဆင်းရဲခြင်းကို အဘယ်ကဲ့သို့ အောင်မြင်ကာ ပြောင်းလဲစေသည့်အကြောင်း" အကျဉ်းချုံး၍ ဖော်ပြထားပါသည်။ နိုင်ငံတော်သည် ဧောလုမင်းလက်ထက်၌ တည်ထောင်လာခဲ့ပြီး၊ ဒါဝိဒ်မင်းအားဖြင့် တိုးချဲ့လာ ခဲ့ပါသည်။ ဧောလုမင်း၏ နိုင်ငံသည် ဣသရေလ လူမျိုးတို့အား တရားသူကြီးများတို့ဖြင့် အုပ်စိုးခြင်းအချိန်ကာလမှ တည်ငြိမ်မှုကို ပေးခဲ့ပါသည်။ သို့ရာတွင် ဒါဝိဒ်မင်း၏ စိုးစံခြင်းမှာ တိုးပွားခြင်း သို့မဟုတ် တိုးချဲ့ကျယ်ပြန့်စေခြင်းသို့ ရောက်ရှိလာခဲ့ပါသည်။ သမ္မာကျမ်းစာ၌ ဣသရေလလူမျိုးတို့၏ ခေါင်းဆောင်များ

တစ်ဦးချင်းတို့၏အကြောင်းကို ပွင့်လင်းစွာ သရုပ်ဖော်ပြောဆိုရာတွင် ဓမ္မရာဇဝင် ဒုတိယစောင်သည် ဒါဝိဒ်မင်းကြီး၏ အသက်တာ ကောင်းသောအရာနှင့် မကောင်းသော အရာနှစ်မျိုးစလုံးတို့ကို သရုပ်ဖော်ထားပါသည်။

## အဓိကပါဝင်သောသူများ

ဒါဝိဒ်၊ ဗေသရှေဘာ၊ နာသန်၊ အဘရှလုံ၊ Joab, Amnon, Ahithophel တို့ဖြစ်ပါသည်။

## ခရစ်တော်အား ဓမ္မရာဇဝင်ဒုတိယစောင်၌ တွေ့မြင်ရပုံ

ဒါဝိဒ်မင်းကြီးသည် သူပြစ်မှားမိခဲ့သော အပြစ်ဒုစရိုက်များမှတပါး သူသည် ဣသရေလ ရှင်ဘုရင်အရာ၌နေပြီး ခရစ်တော်အား ပုံဆောင်ထားလျက်ရှိပါသည်။ ဤကျမ်းထဲ၌ ဘုရားသခင်သည် ဒါဝိဒ်၏ ပဋိညာဉ်ကို ခရစ်တော်ပေါ်ထွန်းတော်မူသည့်တိုင်အောင် လုံးလုံး လျားလျားပြည့်စုံစေရန် တည်မြဲစေတော်မူပါသည်။

## အဓိကအရေးကြီးသောအချက်များ

၁။ ဒါဝိဒ်မင်းကြီး၏ အောင်မြင်ခြင်း (၁-၁၀)။

(က)ရှင်ဘုရင်အား သရဖူတင်ခြင်း (၁း၁-၅း၆)။

(ခ) နိုင်ငံတော်တောင့်တင်းခိုင်မာလာခြင်း (၅း၇-၆း၂၃)။

(ဂ) နိုင်ငံတော်နှင့်ဆိုင်သော ပဋိညာဉ် (၇း၁-၂၉)။

(ဃ)ရှင်ဘုရင်၏ အောင်နိုင်ခြင်းများ (၈း၁-၁၀း၁၉)။

၂။ ရှင်ဘုရင်၏ ဖောက်ပြန်ပြစ်မှားခြင်း (၁၁း၁-၂၇)။

(က)ရှင်ဘုရင်၏ သူ့မယားကိုပြစ်မှားခြင်း (၁၁း၁-၁၃)။

(ခ) ရှင်ဘုရင်သည် သူ့အသက်ကို သတ်ခြင်း (၁၁း၁၄-၂၇)။

၃။ ရှင်ဘုရင်၏ ဒုက္ခဆင်းရဲခြင်းများ (၁၂း၁-၂၄း၂၅)။

(က)နန်းတော်နေအိမ်အတွင်း ရှုပ်ထွေးမှုပြဿနာများ (၁၂း၁-၁၃း၃၆)။

(ခ) နိုင်ငံတော်အတွင်း၌ ရှုပ်ထွေးမှုပြဿနာများ (၁၃း၃၇-၂၄း၂၅)။

# ဓမ္မရာဇဝင်တတိယစောင်

## (ဒါဝိဒ်မင်းအနိစ္စရောက်ခြင်း - နိုင်ငံတော်ပြိုကွဲပျက်စီးခြင်း)

### ကျမ်းစာအမည်နှင့် ကျမ်းရေးသူ

ယုဒလူမျိုးတို့သည် ယေရမိရေးသားခဲ့သည်ဟု အဆိုပြုခဲ့ကြသော်လည်း ဤကျမ်းကို ရေးသားခဲ့သောသူမှာမည်သူဖြစ်ကြောင်းမသိရပါ။"Dr.Charles Ryrie" ဒေါက်တာချာလ်စ်ရိုင်းရီက အောက်ပါအတိုင်းဖော်ပြထားပါသည်။

> "ဤကျမ်းကိုရေးသားသူ သို့မဟုတ် ပြုစုသူသည် မည်သူဖြစ်ပါစေ၊ သူသည် ရာဇဝင်သမိုင်းကြောင်းနှင့်ဆိုင်သော အခြေခံများကို အသုံးပြုထားပါသည် (၁၁း၄၁၊ ၁၄း၁၉၊၂၉)။ ထိုသူသည် ဗာဗုလုန်မြို့၌ ကျွန်ပြုခံရသောသူများထဲမှ တစ်ဦးဦးသို့မဟုတ် အမည်မသိသူ သို့မဟုတ် ဧဇရ သို့မဟုတ် ယေဇကျေလ သို့မဟုတ် ယေရမိ တစ်ဦးဦးဖြစ်နိုင်ပါသည်။ ယေရမိသည် အီဂျစ်ပြည်၌ သေဆုံးခဲ့၏။ ဗာဗုလုန်နိုင်ငံ၌ မဟုတ်ပါ (ယေ၊ ၄၃း၆-၇)။ သို့ဖြစ်၍ ယေရမိထက် အခြားတစ်ဦးဦးဖြစ်နိုင်ပါသည်။ ဓမ္မရာဇဝင်စတုတ္ထစောင် နောက်ဆုံး အခန်းကြီး၌ ဖော်ပြထား၏။" [1]

ဓမ္မရာဇဝင်တတိယနှင့် စတုတ္ထစောင်သည်လည်း (ဓမ္မရာဇဝင်ပထမနှင့် ဒုတိယစောင်နှင့် ရာဇဝင်ချုပ်ပထမနှင့် ဒုတိယစောင်တို့ကဲ့သို့ပင်) မူလပထမနှင့် ကျမ်းတစ်အုပ်သာဖြစ်ပါသည်။ ဟေဗြဲထုံးတမ်းစဉ်လာ မယ်လဲခီမ် "Melechim" ထဲ၌ "ရှင်ဘုရင်များ" ဟူ၍ ခေါ်ပါသည်။ အမှန်စင်စစ် ဣသရေလရှင်ဘုရင်များနှင့် စောလုမွန်မင်းလက်ထက်မှစ၍ ယုဒပြည်သည် ဗာဗုလုန်ပြည်သို့ ကျွန်အဖြစ် သိမ်းသွင်းသည့်ကာလအတွင်း ဖြစ်ပျက်သော အကြောင်းအရာများကို မှတ်တမ်းတင်ကာ ထိုခေါင်းစဉ်ဖြင့် ခေါ်ဆိုခြင်း ဖြစ်ပါသည်။ ပထမရှင်ဘုရင်များ ခေတ်သည် အဟာဇိလက်ထက်၊ ၈၅၃ ဘီစီ၌ အစပိုင်း၌ ရုတ်တရက် ကုန်ဆုံးသွားခဲ့ရပါသည်။

### ကျမ်းကိုရေးသားခဲ့သည့်ခုနှစ်

၅၅၀ ဘီစီခန့်ဖြစ်နိုင်ပါသည်။

ဂျေဟိုအာချင်အား အကျဉ်းထောင်မှ လွတ်မြောက်လာခြင်းသည် ဓမ္မရာဇဝင် စတုတ္ထစောင်၏ နောက်ဆုံးအဖြစ်အပျက်များကို မှတ်တမ်းတင်ထားခြင်းဖြစ်ပါသည်။ ဤကျမ်းသည် သူ့အားအကျဉ်းထောင်ထဲ၌ (၅၆၀ ဘီစီ) ထားပြီးနောက် ၃၇ နှစ်ကြာမှ ဖြစ်ပျက်သော အရာဖြစ်သည်။ သို့ဖြစ်၍ ဓမ္မရာဇဝင်တတိယနှင့် စတုတ္ထစောင်သည် ထိုအဖြစ်အပျက်များ မတိုင်မီ ရေးသားခြင်း မဖြစ်နိုင်ပါ။ ဂျူးလူမျိုးတို့သည် ဗာဗုလုန်ပြည်၌ ကျွန်ပြုခံရာမှ ပြန်လာ သောအချိန် ၅၁၆ ဘီစီတွင် ဓမ္မရာဇဝင်တတိယနှင့် စတုတ္ထစောင်မှ ရေးသားခဲ့ပြီးဖြစ်ဟန် တူပါသည်။ စာရေးသူသည် ထိုအကြောင်းအရာကို ညွှန်ပြဟန်တူပါသည်။ သို့ဖြစ်၍ ဓမ္မရာဇဝင်တတိယနှင့် စတုတ္ထစောင်၏ နောက်ဆုံးပုံစံမှာ၅၆၀နှင့်၅၁၆ ဘီစီကြား၌ ပြည့်စုံစွာ ရေးသားခဲ့ခြင်းဖြစ်နိုင်ဖွယ်ရာရှိပါသည်။ [၈]

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

ဒါဝိဒ်မင်းကြီး အနိစ္စရောက်သောနောက် (အခန်းကြီး ၁-၂)၊ သူ၏ သားတော် ရှောလမုန်သည် ရှင်ဘုရင်ဖြစ်လာခဲ့ပါသည်။ အခန်းကြီး ၁-၁၁တွင် ရှောလမုန်မင်းကြီး စိုးစံခြင်း၊ သူ၏ အသက်တာ၊ ဣသရေလလူမျိုးတို့သည် မိမိတို့၏ ဘုန်းအသရေကို အမြင့်ဆုံးအဆင့်သို့ ရောက်ရှိသွားခြင်း၊ နိုင်ငံတော်ကို ကျယ်ပြန့်စေခြင်းနှင့် ယေရုရှလင်မြို့၌ ဗိမာန်တော် တည်ဆောက်ခြင်း နန်းတော်ကိုတည်စေခြင်းတို့ကို ပြုလုပ်ခဲ့ကြပါသည်။ သို့သော်လည်း ရှောလမုန်၏ နောက်ပိုင်းအသက်တာများ၌ သူသည် ထာဝရဘုရားသခင်ထံတော်မှလမ်းလွဲကာ လွင့်မျောသွားခဲ့ရပါသည်။ အဘယ်ကြောင့်ဆိုသော် သူသည်ရုပ်တုကိုးကွယ်သော လောကီသမီးတို့ကို မိဖုရားအရာ၌ထားသောကြောင့်၊ သူတို့၏ အယူဝါဒများသည် ရှောလမုန်၏ စိတ်နှလုံးကိုလွှမ်းမိုးကြကာဗိမာန်တော်ထဲ၌ဘုရားသခင် အားဝတ်ပြု ကိုးကွယ်ခြင်းမှ ဝေးကွာစေကာ မှားယွင်းသောအမှုကို ပြုမိခဲ့ရပါသည်။ [၉]

ရှင်ဘုရင်၏ နှလုံးထဲ၌ နှစ်ခြမ်းကွဲသွားခြင်းသည် နိုင်ငံတော်ကိုလည်း နှစ်ခြမ်းကွဲစေပါသည်။ နောက်ရာစုနှစ်သို့ ရောက်သောအခါ ဓမ္မရာဇဝင်တတိယစောင်သည် ရှင်ဘုရင်နှစ်မျိုး ပေါ်လာခြင်းနှင့် ဘုရားစကားကို နားမထောင်သော လူမျိုးနှစ်မျိုးတို့နှင့် ဘုရားသခင်၏ ပရောဖက်များနှင့် ပညတ်တရား (အခြေခံနိယာမများ)ကို အလွဲအမှားခံယူခြင်း၌ တိုးပွားသော လူမျိုးတို့အကြောင်းကို မှတ်တမ်းတင်ထားပါသည်။

နောက်ထပ်ပေါ်ထွန်းလာသော ရှင်ဘုရင်မှာ ယေယောဗောင်ဖြစ်၍ နိုင်ငံတော်၏ မြောက်ဖက်ပိုင်းအခြမ်းကို လက်လွှတ်ဆုံးရှုံးခဲ့ရပါသည်။ ထို့နောက်ပိုင်း၌ လူမျိုးနွယ်စု

၁၀ စုတို့ပါဝင်သော မြောက်ပိုင်းနိုင်ငံကို ဣသရေလဟူ၍ပေါ်လာပြီး ယုဒအနွယ်နှင့် ဗင်ရာမင် နွယ်တို့သာပါဝင်သော တောင်ပိုင်းနိုင်ငံတော်မှာ ယုဒပြည်ဟူ၍ ပေါ်လာခဲ့ပါသည်။ ဓမ္မရာဇဝင်တတိယစောင်၏ နောက်ဆုံးသောအခန်းကြီးများတွင် ဆိုးသွမ်းမိုက်မဲသော ရှင်ဘုရင်အာဟပ်မင်းနှင့် အာဟပ်မင်း၏ ဆိုးယုတ်ခြင်းများနှင့် ဣသရေလ လူမျိုးတို့၏ စကားနားမထောင်ခြင်းများကို အပြစ်တင်ဖော်ထုတ်ပေးသော ဖြောင့်မတ်သည့် ပရောဖက် ဧလိယအကြောင်းတို့ကို ဦးတည်၍မှတ်တမ်းတင်ထားပါသည်။

သို့ဖြစ်၍ ဦးတည်သည့်ရည်ရွယ်ချက်၏ အဓိကျသောဗဟိုချက်မှာ စကားနားမထောင်၊ အလိုတော်သို့မလိုက်ခြင်းသည် နိုင်ငံတော်ကို အဘယ်သို့ ပြိုကွဲပျက်စီးစေကြောင်းကို ဖော်ပြရန်ဖြစ်ပါသည်။ လူမျိုးတော်တို့၏ ကြွယ်ဝချမ်းသာခြင်းမှာ သူတို့၏ ခေါင်းဆောင်မှုအောက်၌ သစ္စာရှိခြင်းနှင့် ဣသရေလလူမျိုးတို့နှင့်ပြုသော ဘုရားသခင်၏ ပဋိညာဉ်သည် လူတို့ပေါ်၌ တည်ရှိပါသည်။ ဓမ္မရာဇဝင်တတိယစောင်သည် ဤရှင်ဘုရင်တို့၏ အကြောင်း အရာတစ်ခုတည်းကိုသာ မှတ်တမ်းတင်ခြင်းမဟုတ်၊ ဘုရားသခင်၏ ပညတ်တော်တရား သို့မဟုတ် သမ္မာတရားပေါ်၌ ရှင်ဘုရင်တို့၏ သစ္စာစောင့်သိခြင်း အတိုင်းအတာပေါ်၌ မူတည် လျက်ရှိကြောင်းကိုလည်း ဖော်ထုတ်ပေးပါသည်။ ဤကျမ်းသည် အမှန်စင်စစ်၊ *"ဖြောင့်မတ် ခြင်းတရားသည် ပြည်သားတို့ကို ချီးမြှောက်တတ်၏။ ဒုစရိုက်အပြစ်မူကား၊ ပြည်သားများ တို့ကို ရှုတ်ချတတ်၏"* (သုတ္တံ၊ ၁၄း၃၄) ဟူသော စကားကို သရုပ်ဖော်ထားပါသည်။ ဘုရားသခင်၏ ပဋိညာဉ်တရားပေါ်၌ သစ္စာမဲ့ခြင်းသည် အင်အားဆုတ်ယုတ်လာစေခြင်းနှင့် ကျွန်ပြုခံခြင်းသို့ ရောက်စေခဲ့ပါသည်။

## အဓိကပါဝင်သောသူများ

ရှောလမုန်၊ ယေယောဗောင်၊ ယေဟိုဗောင်၊ ဧလိယနှင့် ဧလိဆာ၊ အာဟပ်နှင့် ယေယျဘေလ။

## ခရစ်တော်ကို ဓမ္မရာဇဝင်တတိယစောင်၌ တွေ့မြင်ရပုံ

ဒါဝိဒ်မင်းကြီးကဲ့သို့ပင် ရှောလမုန်မင်းကြီးသည်လည်း ဓမ္မဟောင်းကျမ်းတွင် ခရစ်တော်၏ သရုပ်ကို အကြီးမားဆုံးဖော်ဆောင်သောသူဖြစ်၍ မေရှိယသည် အနာဂတ်တွင် မြေကြီးပေါ် ၌ စိုးစံတော်မူမည့်အကြောင်းကိုလည်း ပုံဆောင်ထားပါသည်။ ရှောလမုန်မင်းကြီးသည် အထူးသဖြင့် သူ၏ကျော်ကြားမှုဘုန်းအသရေ၊ ကြွယ်ဝချမ်းသာခြင်းနှင့် ဂုဏ်ပြုချီးမွမ်းခြင်း တို့သည် မြေကြီးပေါ်၌ ခရစ်တော်နိုင်ငံတော်အကြောင်း ရှိသမျှ

အားလုံးကို ပြောဆိုဖော်ပြခြင်း ဖြစ်ပါသည်။ ရှောလမုန်သည် သူ၌ ကြီးမားသော ဉာဏ်ပညာအားဖြင့် ခရစ်တော်ကို ပုံဖော်လျက်ရှိပါသည်။

## အဓိကအရေးကြီးသောအချက်များ

၁။ နိုင်ငံတော်စည်းလုံးညီညွတ်ခြင်း၊ ရှောလမုန်မင်းကြီး၏ အနှစ်လေးဆယ် စိုးစံတော်မူခြင်း (၁း၁-၁၁း၄၃)။

(က)ရှောလမုန် ထီးနန်းတက်လာခြင်း (၁း၁-၃း၁)။

(ခ)ရှောလမုန်မင်းကြီး၏ ဉာဏ်ပညာ (၃း၂-၄း၃၄)။

(ဂ)ရှောလမုန်၏ ဗိမာန်တော် (၅း၁-၈း၆၆)။

(ဃ)ရှောလမုန်မင်း၏ ကျော်ကြားခြင်း (၉း၁-၁၀း၂၉)။

(င)ရှောလမုန်မင်းကြီး၏အားနည်းဆုတ်ယုတ်လာခြင်းနှင့် ကျဆင်းခြင်း (၁၁း၁-၄၃)။

၂။ နိုင်ငံတော်နှစ်ခြမ်းကွဲခြင်း၊ ပထမအနှစ်ရှစ်ဆယ်အတွင်း နိုင်ငံတော်နှစ်ခု (၁၂း၁-၂၂း၅၃)။

(က)နိုင်ငံတော်နှစ်ခြမ်းကွဲပြားစေခြင်းအကြောင်းရင်း (၁၂း၁-၂၄)။

(ခ) ဣသရေလပြည်၌ “JeroMoam” စိုးစံခြင်း (၁၂း၂၅၊ ၁၄း၂၀)။

(ဂ) ယုဒပြည်၌ “RehoMoam” စိုးစံခြင်း (၁၄း၂၁-၃၁)။

(ဃ)ယုဒပြည်၌ “Abijam” စိုးစံခြင်း (၁၅း၁-၈)။

(င) ယုဒပြည်၌ “Asa” စိုးစံခြင်း (၁၅း၉-၂၄)။

(စ) ဣသရေလပြည်၌ ”Nadab” စိုးစံခြင်း (၁၅း၂၅-၃၁)။

(ဆ)ဣသရေလပြည်၌ “Baasha” စိုးစံခြင်း (၁၅း၃၂၊ ၁၆း၇)။

(ဇ) ဣသရေလပြည်၌ “Elah” စိုးစံခြင်း (၁၆း ၈-၁၄)။

(ဈ) ဣသရေလပြည်၌ “Zimri” စိုးစံခြင်း (၁၆း ၁၅-၂၀)။

(ည)ဣသရေလပြည်၌ “Omri” စိုးစံခြင်း (၁၆း၂၁-၂၈)။

(၅) ဣသရေလပြည်၌ “Ahab” စိုးစံခြင်း (၁၆း၂၉-၂၂း၄၀)။

(၆) ယုဒပြည်၌ “Jehoshaphat” စိုးစံခြင်း (၂၂း၄၁-၅၀)။

(၇) ဣသရေလပြည်၌ “Ahaziah” စိုးစံခြင်း (၂၂း၅၁-၅၃)။

# ဓမ္မရာဇဝင်စတုတ္ထစောင်

## (လူစုကွဲ၍ ပြန့်ကျဲသွားခြင်း - အပြစ်တရား၏ တပ်မက်ခြင်းကြောင့် ဝမ်းနည်းဝိုကြွေးခြင်းဖြင့် အဆုံးသတ်သွားခြင်း)

## ကျမ်းရေးသူနှင့် ကျမ်းအမည်

ဓမ္မရာဇဝင်တတိယနှင့် စတုတ္ထစောင်တို့မှာ မူလပထမ၌ ကျမ်းတစ်အုပ်တည်းသာ ဖြစ်သော်လည်း၊ ဖန်တီးပုံချင်းမှာ ခြားနားကွဲပြားပါသည်။ ဓမ္မရာဇဝင်တတိယစောင်ကို ရေးသားသူနှင့် စပ်လျဉ်း၍ ဆွေးနွေးချက်ကို ပြန်ကြည့်ပါ။

## ကျမ်းကိုရေးသားခဲ့သည့်ခုနှစ်

၅၅၀ ဘီစီခန့်ဖြစ်ပါသည်။ ဓမ္မရာဇဝင်တတိယစောင်၌ကြည့်ပါ။

ဓမ္မရာဇဝင်စတုတ္ထစောင်သည် ဧလိယနှင့် သူ၏ တပည့်ဧလိဆာအကြောင်းကို ဆက်လက်၍ ပြောပြပါသည်။ ထို့အပြင် “နှစ်နိုင်ငံအကြောင်း” ကိုပါ ဖော်ပြထားပါသည်။ ဣသရေလနိုင်ငံ ဖြစ်သည့် မြောက်ပိုင်းနိုင်ငံနှင့် ယုဒနိုင်ငံဖြစ်သည့် တောင်ပိုင်း နိုင်ငံတို့ အကြောင်း အဖြစ်အပျက်များကို မှတ်တမ်းတင်ထားကာ နောက်ဆုံးတွင် ဣသရေလ နိုင်ငံကို အာရှုရိ လူတို့သိမ်းပိုက်ခြင်း (၇၂၂ ဘီစီ) နှင့် ယုဒပြည်ကို ဗာဗုလုန်လူမျိုးတို့က ၅၈၆ ဘီစီတွင် သိမ်းပိုက်သွားကြသည်အထိ ဖော်ပြထားပါသည်။ နှစ်နိုင်ငံစလုံး၌ရှိသော ပရောဖက်တို့သည် သူတို့အား နောင်တမရလျှင် ဘုရားသခင်သည် အပြစ်ဒဏ်ခတ်၍ ပျက်စီးစေမည်အကြောင်း သတိပေးထားခဲ့ကြပါသည်။

နိုင်ငံတော်ထဲ၌ အပြစ်ဒုစရိုက်ကို တပ်မက်မောစွာပြုခြင်းဖြင့် ဝမ်းနည်းကြေကွဲ ငိုကြွေး

ခြင်းဖြင့် နိဂုံးချုပ်သွားကြောင်း ဓမ္မရာဇဝင်စတုတ္ထစောင်၌ သွန်သင်ထားပါသည်။ ဓမ္မရာဇဝင်ပထမနှင့် ဒုတိယစောင်တို့တွင် လူမျိုးတော်ပေါ်ထွန်းလာပြီး၊ ဓမ္မရာဇဝင်တတိယစောင်တွင် နှစ်ခြမ်းကွဲ သွားကြောင်းနှင့် ဓမ္မရာဇဝင်စတုတ္ထစောင်၌ အုပ်စုကွဲကာ ပြန့်ကျဲသွားခြင်းအကြောင်းတို့ ပါရှိပါသည်။ ဘုရားသခင်၏ လူတို့သည် ပရောဖက်များအားဖြင့် နှစ်အတန်ကြာအသနားခံ တောင်းပန်လာကြပြီးနောက် ဘုရားသခင်သည် သနားတော်မူလျက် နောက်ဆုံးတွင် သူဂတိ ပေးတော်မူသည့်အတိုင်း ဆုံးမပဲ့ပြင် တော်မူ၏။ အဘယ်ကြောင့်ဆိုသော် ဤကျမ်းတို့မှာ မူလပထမ ကျမ်းတစ်အုပ်သာဖြစ်၍ ဓမ္မရာဇဝင်တတိယနှင့် စတုတ္ထစောင်တို့မှာ တူညီသော ပန်းတိုင်ရှိကြပါသည်။ သစ္စာမဲ့ခြင်း (ဘုရားသခင်၏ ပညတ်တရားကို နာမခံခြင်း) သည် ဘုရားအုပ်ချုပ်သည့်စနစ်ကိုပင် ပြောင်းပြန်လှန်သွားသည့်တိုင်အောင် ဘုရားသခင်၏ ဒဏ်ခတ်ဆုံးမပဲ့ပြင်ခြင်းကို ခံရပါကြောင်း အဆိုပါကျမ်းတို့သည် ကျွန်ုပ်တို့အား သွန်သင် ထားပါသည်။ နှစ်နိုင်ငံလုံးတို့မှာ ပြိုလဲပျက်စီးသွားခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ရှင်ဘုရင်များတို့သည် နိုင်ငံတော်ကို ဖြောင့်မတ်စွာ အုပ်ချုပ်ရန် ပျက်ကွက်ကြသောကြောင့် ဘုရားသခင်၏ သမ္မတရားကို အာရုံပြုဂရုစိုက်ကြရန် သွန်သင်ဆုံးမခြင်းဖြစ်ပါသည်။

## အဓိကပါဝင်သောသူများ

ဧလိယ၊ ဧလိရှာ၊ ယောရှိယ၊ နာမန်၊ ဟေဇကိမင်းတို့ဖြစ်ပါသည်။

## ခရစ်တော်အား ဓမ္မရာဇဝင်စတုတ္ထစောင်၌ ရှုမြင်ရပုံ

ဧလိယသည် နှစ်ခြင်းယောဟန်ကဲ့သို့ ခရစ်တော်အတွက် ရှေ့ပြေးဖြစ်သည်ကို တင်ကူး၍ လုပ်ဆောင်နှင့်ခြင်းဖြစ်ပါသည် (မဿဲ၊ ၁၁း၁၄၊ ၁၇း၁၀-၁၂။ လုကာ၊ ၁း၁၇)။ ဧလိရှာသည် ယေရှုခရစ်တော်၏ အမှုတော်မြတ်ထဲ၌ သူ၏ လုပ်ဆောင်ချက်များထဲတွင် ကျွန်ုပ်တို့အား နည်းလမ်းများစွာဖြင့် ပြန်လည်အသိပေးလျက်ရှိနေပါသည်။ အဲလ်ဂျင်ဆဲန် "Irving L. Jensen" ဆိုသူသည် အောက်ပါအတိုင်း အကျဉ်းချုံး၍ နှိုင်းယှဉ်ပြထား ပါသည်။

> "ဧလိယသည် လူအများအတွက် လူထုရှေ့တွင် ကြီးမားသောအမှုကို လုပ်ဆောင် ပြီး၊ ဧလိရှာမှာ မြောက်များစွာသော နိမိတ်လက္ခဏာများကို တစ်ဦးချင်းနှင့် ဆိုင်သော လိုအပ်မှုအတွက် လုပ်ဆောင်ခဲ့ပါသည်။ ဧလိရှာ၏ လုပ်ဆောင်ချက်မှာ ဘုရားသခင်၏ ပညတ်တရား၊ တရားစီရင်ခြင်းနှင့်

တင်းမာခြင်းတို့ကို အထူး ပြုထားပါသည်။ ဧလိဆာသည် ဘုရားသခင်၏ ကျေးဇူးတော်၊ ချစ်ခြင်းမေတ္တာနှင့် ကရုဏာကြင်နာတရားရှိခြင်းတို့ကို ဖော်ထုတ်ပေးခြင်းအားဖြင့် သတိပေးဖြည့်စွပ် ထားပါသည်။ ဧလိဆာသည် နှစ်ခြင်းယောဟန်ကဲ့သို့ပင် အပြစ်တရားအတွက် နောင်တတရားရဖို့ရန် လိုအပ်ကြောင်းကို ကြွေးကြော်လေ၏။ ဧလိဆာသည် ပရောဖက်များ၏ စကားလုံးများဖြင့် နိမိတ်လက္ခဏာများကို ခရစ်တော်ပြုတော်မူခဲ့သည် နည်းတူ၊ ဘုရားသခင်၏ ကြင်နာတရားခြင်းမှလာသော လုပ်ဆောင်ချက် များအားဖြင့်ဖြစ်ကြောင်း ထုတ်ဖော်ထားပါသည်။” [၁၀]

ဓမ္မရာဇဝင်တတိယနှင့် စတုတ္ထစောင်တို့နှင့်ပတ်သတ်၍ ကျွန်ုပ်တို့အတွက် ရိုင်းရီ(Ryrie) ဆိုသူ၏နှိုင်းယှဉ်ဖေါ်ပြချက်များကို ဂရုတစိုက်ကြည့်ပါ။[၁၁] အပြစ်တရား၌ တပ်မက်ခြင်း သည် ဝမ်းနည်းငိုကြွေးခြင်းဖြင့် အဆုံးသတ်သွားကြောင်းကို ရှင်းလင်းစွာ ဖော်ပြထား ကြောင်း တွေ့ရှိရပါသည်။

## ဓမ္မရာဇဝင်တတိယနှင့် စတုတ္ထစောင်တို့ကို နှိုင်းယှဉ်ပြခြင်း

| ဓမ္မရာဇဝင်တတိယစောင် | ဓမ္မရာဇဝင်စတုတ္ထစောင် |
|---|---|
| ဒါဝိဒ်မင်းနှင့် အစပြု၏။ | ဗာဗုလုန်ရှင်ဘုရင်ဖြင့် အစပျိုး၏။ |
| ရှောလမုန်မင်း၏ ဘုန်းအသရေဖြင့် အစပျိုး၏။ | (Jehoiachin) ၏ ရှက်ကြောက်ခြင်းဖြင့် နိဂုံးချုပ်သွားလေ၏။ |
| အလိုတော်သို့လိုက်ခြင်း၏ကောင်းကြီးမင်္ဂလာဖြင့်အစပျိုး၏။ | စကားနားမထောင်၊ အလိုတော်သို့မလိုက်ခြင်းကြောင့် ကျိန်ဆဲခြင်းဖြင့် အဆုံးသတ်၏။ |
| ဗိမာန်တော်တည်ဆောက်ခြင်းဖြင့် အစပျိုး၏။ | ဗိမာန်တော်မီးလောင်ကျွမ်းခြင်းဖြင့် နိဂုံးချုပ်သွားလေ၏ |
| ဖောက်ပြန်မှားယွင်းခြင်းများ တိုးပွားလာကြောင်းကို မှတ်တမ်းတင်၏။ | ဖောက်ပြန်မှားယွင်းခြင်းတို့၏ ဆိုးကျိုးနောက်ဆက်တွဲများကိုဖော်ပြ၏။ |
| ရှင်ဘုရင်သည် ဘုရားသခင်၏ လူတို့ကို အုပ်စိုးရန် အဘယ်ကဲ့သို့ မှားယွင်းပျက်ကွက် ခဲ့ကြောင်း ဖော်ပြ၏။ | ထိုမှားယွင်းခြင်းများ၏ဆိုးကျိုးဆက်များ ကို သရုပ်ဖော်၏။ |
| ပရောဖက်ဧလိယဖြင့် မိတ်ဆက်နိဒါန်းပျိုး၏။ | ပရောဖက်ဧလိဆာနှင့် မိတ်ဆက်ပေး၏။ |
| ထာဝရဘုရားသခင်၏ စိတ်ရှည်သည်းခံတော်မူခြင်းကို အထူးပြုဖော်ပြပေး၏။ | အပြစ်တရားကြောင့် ဘုရားသခင်၏ အပြစ်ဒဏ်ပေးခြင်းကို သေချာခိုင်ခန့်စေ၏။ |

## အဓိကအရေးကြီးသောအချက်များ

၁။ နှစ်ခြမ်းကွဲသွားသည့် နိုင်ငံတော် (၁း၁-၁၇း၄၁)။

(က)ဣသရေလနိုင်ငံ၌ အာခဇိစိုးစံခြင်း (၁း၁-၁၈)။

(ခ) ဣသရေလနိုင်ငံ၌ ယဟောရံ (ယောရံ) စိုးစံခြင်း (၂း၁-၈း၁၅)။

၁။ ဧလိယအား ကောင်းကင်သို့ ခေါ်ဆောင်သွားခြင်း (၂း၁-၁၁)။

၂။ ဧလိဆာ၏ အမှုတော်အစပြုခြင်း (၂း၁၂-၂၅)။

၃။ ယဟောရံ၏ မောဘပြည်သို့ ခရီးနှင်ခြင်း (၃း၁-၂၇)။

၄။ ဧလိဆာ၏ အမှုတော် (၄း၁-၈း၁၅)။

(ဂ) ယုဒပြည်၌ ယဟောရံစိုးစံခြင်း (၈း၁၆-၂၄)။

(ဃ)ယုဒပြည်၌ အာခဇိစိုးစံခြင်း (၈း၂၅-၂၉)။

(င) ဣသရေလနိုင်ငံ၌ ယေဟုစိုးစံခြင်း (၉း၁-၁၀း၃၆)။

(စ) ယုဒပြည်၌ အာသလိစိုးစံခြင်း (၁၁း၁-၁၆)။

(ဆ)ယုဒပြည်၌ ယောရှစိုးစံခြင်း (၁၁း၁၇-၁၂း၂၁)။

(ဇ) ဣသရေလပြည်၌ ယောခတ်စိုးစံခြင်း ( ၁၃း၁-၉)။

(ဈ) ဣသရေလပြည်၌ ယဟောရှစိုးစံခြင်း (၁၃း၁၀-၂၅)။

(ည)ယုဒပြည်၌ အာမဇိစိုးစံခြင်း (၁၄း၁-၂၂)။

(ဋ) ဣသရေလပြည်၌ ယေရောဗောင်စိုးစံခြင်း (၁၄း၂၃-၂၉)။

(ဌ) ယုဒပြည်၌ ဩဇိစိုးစံခြင်း (၁၅း၁-၇)။

(ဍ) ဣသရေလပြည်၌ ဇာခရိစိုးစံခြင်း (၁၅း၈-၁၂)။

(ဎ) ဣသရေလပြည်၌ ရှလ္လုံစိုးစံခြင်း (၁၅း၁၃-၁၅)။

(ဏ)ဣသရေလပြည်၌ မေနဟင်စိုးစံခြင်း (၁၅း၁၆-၂၂)။

(တ)ကုလသရေလပြည်၌ ပေကဟိစိုးစံခြင်း (၁၅း၂၃-၂၆)။

(ထ)ကုလသရေလပြည်၌ ပေကာစိုးစံခြင်း (၁၅း၂၇-၃၁)။

(ဒ) ယုဒပြည်၌ ယောသံစိုးစံခြင်း (၁၅း၃၂-၃၈)။

(ဓ) ယုဒပြည်၌ အာခတ်စိုးစံခြင်း (၁၆း၁-၂၀)။

(န) ဣသရေလပြည်၌ ဟောရှေစိုးစံခြင်း (၁၇း၁-၄၁)။

(၁) ဣသရေလလူမျိုးတို့အား တိုက်ခိုက်ချေမှုန်းခြင်း (၁၇း၁-၆)။

(၂) ဣသရေလလူမျိုးတို့၏ အပြစ်ဒုစရိုက်များ (၁၇း၇-၂၃)။

(၃) ဣသရေလလူမျိုးတို့ ပြိုကွဲပြန့်ကျဲခြင်း (၁၇း၂၄-၄၁)။

၂။ မပြိုကွဲဘဲကျန်ရှိနေသေးသော ယုဒပြည် (၁၈း၁-၂၅း၃၀)။

(က)ဟေဇကိမင်း၏ စိုးစံခြင်း (၁၈း၁-၂၀း၂၁)။

(ခ) မနာရှေမင်း၏ စိုးစံခြင်း (၂၁း၁-၁၈)။

(ဂ) အာမုန်မင်း၏ စိုးစံခြင်း (၂၁း၁၉-၂၆)။

(ဃ)ယောရှိမင်း၏ စိုးစံခြင်း (၂၂း၁-၂၃း၃၀)။

(င) ယောခတ်မင်း၏ စိုးစံခြင်း (၂၃း၃၁-၃၃)။

(စ) ယောယကိမ်မင်း၏ စိုးစံခြင်း (၂၃း၃၄-၂၄း၇)။

(ဆ)ယေခေါနိမင်း၏ စိုးစံခြင်း (၂၄း၈-၁၆)။

(ဇ) ဇေဒကိမင်း၏ စိုးစံခြင်း (၂၄း၁၇-၂၅း၂၁)။

(၁) ဗာဗုလုန်တို့၏ ပုန်ကန်ခြင်းနှင့် ဗိမာန်တော်ပျက်စီးသွားခြင်း (၂၄း၁၇-၂၅း၁၀)။

(၂) ဗာဗုလုန်ပြည်သို့ တတိယအကြိမ်ဖမ်းဆီးသိမ်းသွားခြင်းကို ခံရခြင်း (၂၅း၁၁-၂၁)။

(ဈ) သူတစ်ပါး၏ ကြိုးကိုင်ခြင်းကိုခံရသော ဂေဒလိ၏ အုပ်စိုးခြင်း (၂၅း၂၂-၂၆)။

(ည)ယေခေါနိသည် ဗာဗုလုန်ပြည်မှ လွတ်မြောက်လာခြင်း (၂၅း၂၇-၃၀)။

# ရာဇဝင်ချုပ်ပ[redacted]မစောင်

## (ဗိမာန်တော်အတွက် ပြင်ဆင်ခြင်း)

### ကျမ်းရေးသူနှင့် ကျမ်းအမည်

ရာဇဝင်ချုပ် (ရာဇဝင်ချုပ်ပထမနှင့် ဒုတိယစောင်နှစ်ခုစလုံးတို့မှာ မူလပထမ၌ တစ်အုပ်တည်းသာဖြစ်သည်။ မည်သူရေးခဲ့ကြောင်း သက်သေအထောက်အထားမရှိပါ။ သို့သော်လည်း ဂျူးလူမျိုးတို့၏ ထုံးတမ်းစဉ်လာအရ ဧဇရဖြစ်နိုင်ဖွယ်ရှိ၏။ ကျမ်းတစ်အုပ်လုံး၌ စာရေးသားသည့်ဟန်သည် ကျမ်းကိုပြည့်စုံစေရန် မြောက်များစွာသော အခြေပြု အကြောင်းရင်းများကို အသုံးပြုခဲ့ပြီး၊ နောက်ဆုံးတွင် တည်းဖြတ်သောသူ၏ စိစစ်တည်းဖြတ်သွားကြောင်းကို ဖော်ပြထားပါသည်။ အမျိုးမျိုးသော အခြေပြု အကြောင်းရင်းများ ဖြစ်ကြသည့် ရှမွေလ (၅ရာ၊ ၂၉း၂၉)၊ ဟောရှာယ (၆ရာ၊ ၃၂း၃၂) နှင့် အခြားသောသူများ (၆ရာ၊ ၉း၂၉၊ ၁၂း၁၅၊ ၂၀း၃၄၊ ၃၃း၁၉) အားဖြင့် မှတ်တမ်းတင်သော ပရောဖက်ပြုခြင်းဆိုင်ရာ ကျမ်းတို့ပါဝင်ပါသည်။ သို့သော်လည်း "ယုဒနှင့် ဣသရေလလူမျိုးတို့၏ ရှင်ဘုရင်များကျမ်း" ဟူ၍ အထူးသီးသန့်အခြေပြုခေါ်ဆိုထားပါသည် (၆ရာ၊ ၁၆း၁၁၊ ၂၅း၂၆)။ ကျမ်းအသွား အလာအရ ယဇ်ပုရောဟိတ်ဆိုင်ရာ ရေးသားခြင်းဖြစ်သည်ဟု ယူဆနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော်၊ ဗိမာန်တော်၊ ယဇ်ပုရောဟိတ်ဆိုင်ရာ၊ ဒါဝိဒ်မင်းမျိုးနွယ်စာရင်း၊ တောင်ပိုင်း နိုင်ငံယုဒပြည်အကြောင်းတို့ကို အပြင်းအထန် ဦးတည်ဖော်ပြထားပါသည်။ ဧဇရသည် ဤကျမ်းကို အပြီးသတ်ပြုစုသူဟူ၍ ယုံကြည်ထားခြင်းမှာ ဧဇရမှတ်စာ၏ ထင်ရှားသော ဦးတည်ရည်ရွယ်ချက်အကြောင်းရင်းနှင့် ဗိမာန်တော်ကို

တည်ဆောက်ခြင်းနှင့် ဆက်ကပ်အပ်နှံခြင်းဆိုင်ရာ ရာဇဝင်ချုပ်များအားဖြင့် ထောက်ခံသဘောတူသောကြောင့်ဖြစ်ပါသည်။

ရာဇဝင်ချုပ်ပထမနှင့် ဒုတိယစောင်တို့သည် ဂျူးလူမျိုးတို့၏ ရာဇဝင်သမိုင်းကြောင်းကို တူညီသောကာလအတွင်း လွှမ်းခြုံထားကြသော်လည်း ရည်ရွယ်ချက်ခြင်းမှာ အလွန်ကွာခြားလှပါသည်။ ထို့ကြောင့် ကျမ်းရှေ့နောက်အသွားအလာသည် တူညီသောအခါ ထိုအရာတို့မှာ ထပ်၍ပြန်လည်ဖော်ပြခြင်းသက်သက်မဟုတ်ပါ။ ဣသရေလလူမျိုးတို့၏ သမိုင်းတွင် ဝိညာဉ် ရေးဆိုင်ရာအကြောင်းများကို ပိုမို၍ဖွင့်ပြပေးခြင်းသာဖြစ်ပါသည်။ ဓမ္မရာဇဝင်တတိယနှင့် စတုတ္ထစောင်တို့သည် လူသားတို့၏ ရှုထောင့်အမြင်နှင့် ဆက်နွယ်လျက်ရှိပြီး၊ ရာဇဝင်ချုပ် ပထမနှင့် ဒုတိယစောင်တို့မှာ ဘုရားသခင်၏ အမြင်နှင့် ဆက်စပ်၍ သုံးသပ်ခြင်းကျမ်း ဖြစ်ပါသည်။

မူလပထမတွင်၊ ရာဇဝင်ချုပ်ပထမနှင့် ဒုတိယစောင်တို့သည် ကျမ်းတစ်အုပ်တည်းသာ (၁၈၀ ဘီစီတိုင်အောင်) ဖြစ်ရာ ဟေဗြဲဘာသာအားဖြင့် ကျမ်း၏ခေါင်းစဉ်အမည်မှာ၊ "နေ့ရက်များ ၏ မှတ်တမ်းစကားလုံးများ" ဟူ၍ဆိုလိုပြီး၊ ဥပမာ (အမည်နာမ အားဖြင့် ဟူ၍ ဆိုလိုပါသည်)။ ဣသရေလလူမျိုးတို့၏ သမိုင်းအကြောင်းကို အာဒံမှစ၍ ဗာဗုလုန်ပြည်၌ ကျွန်အဖြစ် ဖမ်းဆီး သိမ်းသွားခြင်းနေ့ရက်တိုင်အောင် Cyrus သည် ကျွန်ပြုဖမ်းဆီးခံသော ဂျူးလူမျိုးတို့အား ပြန်လာရသောအခွင့်ကိုပေးသည့်ကာလအထိ ရေးမှတ်ထားပါသည်။ တစ်နည်းဆိုသော်၊ ဓမ္မဟောင်းကျမ်းသမိုင်းကြောင်းအချက်အလက်များကို အကျဉ်းချုံး၍ ရေးသွင်းပြီး မှတ်တမ်းတင်ထားသော "ဓမ္မဟောင်းကျမ်း၏ ပုံစံငယ်" တစ်ခုကဲ့သို့ဖြစ်ပါသည်။ [၁၂]

Septuagint ခေါ်ဂရိဘာသာဖြင့် ဓမ္မဟောင်းကျမ်းကို ဘာသာပြန်ဆိုသောကျမ်း ပေါ်လာသောအခါ၊ ဘာသာပြန်ဆိုသူတို့သည် ထိုကျမ်းကို နှစ်ပိုင်းခွဲ၍ ပြုစုခဲ့ပါသည်။ ထိုအချိန်၌ ထိုကျမ်းကို "ချန်လှပ်ထားရသောအရာများ" ဟူသော ခေါင်းစဉ်ကို ပေးခဲ့ကြပြီး၊ ပရောဖက် ရှမွေလနှင့် ရှင်ဘုရင်များ၏အကြောင်း ချန်လှပ်ထားသောအရာများကို ညွှန်းဆိုထားပါသည်။ Chronicles"ရာဇဝင်ချုပ်"ဟူ၍ ခေါင်းစဉ်ပေါ်လာရခြင်းမှာ Jerome က သူ၏ Latin Vulg-ate Bible (အေဒီ ၃၈၅-၄၀၅) တွင် ပေးထားခဲ့ခြင်းဖြစ်ပါသည်။ Jerome ၏ ဆိုလိုရင်းမှာ "သန့်ရှင်းသော ရာဇဝင်သမိုင်းကြောင်း တစ်ခု

လုံး၏ သင်္ကာရာဇ်များ" ဟူ၍ဖြစ်ပါသည်။[၁၇]

## ကျမ်းကိုရေးသားသည့်ခုနှစ်

၄၅၀-၄၂၅ ဘီစီဖြစ်ပါသည်။

## ဦးတည်သည့် ရည်ရွယ်ချက်အကြောင်းရင်း

ရာဇဝင်ချုပ်ပထမစောင်သည် အာဒံမှစ၍ ရှောလမုန်မင်း အနိစ္စရောက်သည်အထိ သမိုင်းကြောင်းအချက်အလက်များဖြင့် အစပြုခဲ့ပါသည်။ ကျန်သောအပိုင်းမှာ ဒါဝိဒ်မင်း၏ စိုးစံခြင်းအကြောင်းကို ဖော်ပြပါသည်။ ရာဇဝင်ချုပ်ကျမ်းများသည် ပရောဖက်ရှမွေလနှင့် ရှင်ဘုရင်များတို့၏ အကြောင်းများကို ပြန်လည်၍ ရေးသား ဖော်ပြဟန်ရှိပါသည်။ သို့သော် လည်း ကျွန်ပြုဖမ်းဆီးခြင်းကိုခံ၍ ပြန်လာသောသူတို့မှာ ဒါဝိဒ်မင်း၏ မင်းမျိုးမင်းနွယ်မှ ဆင်းသက်လာကြသော ဘုရားသခင် ရွေးကောက်တော်မူသည့် လူမျိုးဖြစ်ကြောင်းကို ပြန်လည်၍ အမှတ်ရစေရန် သတိပေးကာ ရေးသားထားခြင်းဖြစ်ပါသည်။ ဆွေတော်စဉ် မျိုးတော်ဆက်စာရင်းအရ ဒါဝိဒ်နှင့် စပ်ဆိုင်သော ဂတိတော်များကို ဖော်ထုတ်ကာ အာဗြဟံအား လူမျိုးကြီး၏ ဖခင်ဖြစ်စေမည့် "သင့်အားဖြင့် လူမျိုးတကာတို့သည် ကောင်းကြီးခံရမည်" ဟူသော ဘုရားသခင်၏ ပဋိညာဉ်တော်တရားကို အခြေပြုထားပါသည်။ အဓိကကျသော ဦးတည်ချက်အကြောင်းရင်းမှာ ဘုရားသခင်သည် သူပြုသော ပဋိညာဉ်တရားပေါ်၌ သစ္စာရှိတော်မူကြောင်းဖြစ်ပါသည်။

ရာဇဝင်ချုပ်ကျမ်းများသည် ပညတ်တော်တရား၏ တာဝန်ဝတ္တရားများ၊ ယဇ်ပုရောဟိတ်၏ ကျင့်ဝတ်တရားများနှင့် ဗိမာန်တော်အကြောင်းကို အထူးပြုဖော်ပြထားပါသည်။ ရှောလမုန်၏ ဗိမာန်တော်သည် ပျက်စီးဆုံးရှုံးသွားခဲ့ရသော်လည်း ဒုတိယဗိမာန်တော်မှာ ကျန်ကြွင်းသော သူတို့နှင့် ပထမဆက်နွယ်လျက်ရှိပါသည်။ ဤကျမ်း၏ သွန်သင်ချက်မှာ ဣသရေလလူမျိုးတို့ သည် ကုန်လွန်ခဲ့ပြီးသောအချိန်များက ခံစားခဲ့ကြရသော ဒုက္ခဆင်းရဲခြင်းပြဿနာများမှာ သူတို့၏ မျက်မှောက်ကာလဖောက်ပြန်ခြင်း၊ ရုပ်တုဆင်းတုကိုးကွယ်ခြင်း၊ တစ်ပါးသော အမျိုးသားတို့နှင့် တိမ်းမြားစုံဖက်ခြင်း၊ စည်းလုံးညီညွတ်ခြင်းကို လစ်ဟင်းစေခြင်းတို့မှာ သူတို့၏ ပျက်စီးဆုံးရှုံးရသည့် အကြောင်းရင်းများဖြစ်ကြောင်း သင်ခန်းစာပေးထားခြင်းဖြစ်ပါ သည်။ ဣသရေလလူမျိုးတို့သည် ကျွန်ပြုဖမ်းဆီးခြင်းကို ခံခဲ့ကြရပြီးနောက်ပိုင်းတွင် တစ်ပါးသောလူမျိုးတို့၏ ရုပ်တုဘုရားများကို အသစ်တဖန်

ဝတ်မပြုမကိုးကွယ်ကြတော့ကြောင်း ထူးခြားသောသက်သေဖြစ်ပါသည်။ [၁၄]

## အဓိကပါဝင်သောသူများ

ဤကျမ်းသည် ဒါဝိဒ်မင်း၏အကြောင်းကို ရေးသားသည်ဟုဆိုခဲ့သော်လည်း၊ နာသန်၊ ဗေသရှေဘနှင့် ဥရိယကဲ့သို့သော ဓမ္မရာဇဝင်ပထမစောင်တွင်ပါသည့် အခြားအရေးကြီး ထင်ရှားကျော်ကြားသောသူများကိုလည်း ဖော်ပြထားပါသည်။

## ခရစ်တော်ကို ရာဇဝင်ချုပ်ပထမစောင်၌ တွေ့မြင်ရပုံ

ဓမ္မရာဇဝင်ပထမနှင့် ဒုတိယစောင်တို့တွင် ဒါဝိဒ်သည် ခရစ်တော်အား သရုပ်ပုံသဏ္ဍာန်ကို ဆောင်သည်ဟု ပြောဆိုသကဲ့သို့ပင် ဤကျမ်း၌လည်း ထို့အတူပင်ဖြစ်ပါသည်။

## အဓိကအရေးကြီးသောအချက်များ

၁။ အာဒံမှစ၍ ဒါဝိဒ်မင်းတိုင်အောင် ဆွေတော်မျိုးတော်စဉ်ဆက်စာရင်း(၁း၁-၉း၄၄)။

(က) အာဒံမှစ၍ အာဗြဟံထိ (၁း၁-၂၇)။

(ခ) အာဗြဟံမှစ၍ ယာကုပ်ထိ (၁း၂၈-၅၄)။

(ဂ) ယာကုပ်မှစ၍ ဒါဝိဒ်မင်းထိ (၂း၁-၅၅)။

(ဃ)ဒါဝိဒ်မင်းမှစ၍ ကျွန်အဖြစ်ဖမ်းဆီးခေါ်ဆောင်သွားခြင်း (၃း၁-၂၄)။

(င) လူမျိုးနွယ်စုတစ်ဆယ့်နှစ်ပါးတို့၏ မျိုးစဉ်ဆက်စာရင်း (၄း၁-၈း၄၀)။

(စ) ယေရုရှလင်မြို့၌ နေထိုင်ခြင်း (၉း၁-၃၄)။

(ဆ)စောလုမင်း၏ မိသားစုစာရင်း (၉း၃၅-၄၄)။

၂။ ဒါဝိဒ်ပေါ်ထွန်းခြင်းနှင့် ဘိသိက်ပေးခြင်း (၁၀း၁-၁၂း၄၀)။

(က)စောလုမင်း၏ ကျဆုံးခြင်း (၁၀း၁-၁၄)။

(ခ) ဒါဝိဒ်မင်းတက်လာခြင်း (၁၁း၁-၃)။

(ဂ) ယေရုရှလင်မြို့ကို သိမ်းပိုက်ခြင်း (၁၁း၄-၉)။

(ဃ)ဒါဝိဒ်မင်း၏ ဩဇာအာဏာတန်ခိုးကြီးမားလာခြင်း (၁၁း၁၀-၁၂း၄၀)။

၃။ ဒါဝိဒ်မင်း၏ စိုးစံခြင်း (၁၃း၁-၂၉း၂၁)။

(က)ဒါဝိဒ်မင်းကြီးနှင့် ပဋိညာဉ်သေတ္တာတော် (၁၃း၁-၁၇း၂၇)။

(၁)ဒါဝိဒ်မင်းသည် သေတ္တာတော်ကို ခိဒုန်သို့ ဆောင်လာခဲ့ခြင်း၊ ဩဇသေဆုံးခြင်း (၁၃း၁-၁၄)။

(၂)ဖိလိတ္တိလူမျိုးတို့ပေါ် ဒါဝိဒ်မင်း၏ အောင်မြင်ကျော်ကြားမှု (၁၄း၁-၁၇)။

(၃)ဒါဝိဒ်မင်းသည် သေတ္တာတော်ကို ယေရုရှလင်မြို့သို့ ဆောင်ယူလာခြင်း (၁၅း၁-၂၉)။

(၄)သေတ္တာတော်အတွက် ဒါဝိဒ်မင်း၏ ပွဲတော်ကျင်းပခြင်းနှင့် စီမံခန့်ခွဲခြင်း (၁၆း၁-၄၃)။

(၅) ဗိမာန်တော်ကို တည်ဆောက်ရန် ဒါဝိဒ်မင်း၏ လိုအင်ဆန္ဒ၊ ဒါဝိဒ်မင်း၏ ပဋိညာဉ်တရား (၁၇း၁-၂၇)။

(ခ) ဒါဝိဒ်မင်း စစ်တိုက်ခြင်း (၁၈း၁-၂၀း၈)။

(ဂ) ဒါဝိဒ်မင်းသည် မိုက်မဲစွာ သန်းခေါင်စာရင်းကောက်ယူစေခြင်း (၂၁း၁-၃၀)။

(ဃ)ဒါဝိဒ်မင်းသည် ဗိမာန်တော်တည်ဆောင်ရန် ပြင်ဆင်ခြင်း (၂၂း၁-၂၃း၁)။

(င) ဒါဝိဒ်မင်းသည် လေဝိအမျိုးသားတို့အား စည်းရုံးခြင်း (၂၃း၂-၂၆း၃၂)။

(၁)လေဝိအမျိုးသားတို့အား စာရင်းပြုစုခြင်းနှင့် တာဝန်ဝတ္တရားများ ပေးအပ်ခြင်း (၂၃း၂-၃၂)။

(၂)လေဝိအမျိုးသားတို့အား အုပ်စုနှစ်ဆယ့်လေးအုပ်စုဖွဲ့ခြင်း (၂၄း၁-၃၁)။

(၃)ဂီတပညာရှင်များအား ရွေးချယ်ခွဲခန့်ခြင်း (၂၅း၁-၃၁)။

(၄)ဂိတ်စောင့်တို့အား တာဝန်အပ်နှင်းခြင်း (၂၆း၁-၁၉)။

(၅) သဏ္ဌာထိန်းများကို ရွေးချယ်ခွဲခန့်ခြင်း (၂၆း၂၀-၂၈)။

(၆) တရားသူကြီးများကို ရွေးချယ်လွှဲအပ်ခြင်း (၂၆း၂၉-၃၂)။

(စ) ဒါဝိဒ်မင်း၏ ပြည်တွင်းခေါင်းဆောင်များ (၂၇း၁-၃၄)။

(ဆ)ဒါဝိဒ်မင်းသည် မိမိလူတို့နှင့် ရှောလမုန်အား နောက်ဆုံးသွန်သင်မိန့်မှာသော စကား (၂၈း၁-၂၁)။

(ဇ) ဒါဝိဒ်မင်း၏ ပူဇော်ဆက်ကပ်ခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်း (၂၉း၁-၂၁)။

၄။ ရှောလမုန်မင်းကြီးထီးနန်းဆက်ခံခြင်းနှင့် ဒါဝိဒ်မင်းကြီးအနိစ္စရောက်ခြင်း (၂၉း၂၂-၃၀)။

# ရာဇဝင်ချုပ်ဒုတိယစောင်

## (ဗိမာန်တော်ပျက်စီးယိုယွင်းခြင်း)

### ကျမ်းရေးသူနှင့် ကျမ်းအမည်

ရာဇဝင်ချုပ်ပထမနှင့် ဒုတိယစောင်တို့မှာ မူလပထမ၌ ကျမ်းတစ်အုပ်တည်းသာဖြစ်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ရာဇဝင်ချုပ်ပထမစောင်၌ ဖော်ပြသကဲ့သို့ ဤကျမ်းသည် မည်သူ ရေးသားခဲ့ကြောင်း ဖော်ပြခြင်းမရှိပါ။ သို့သော်လည်း ဂျူးလူမျိုးတို့၏ တသမတ်တည်းဖြစ်သည့် ရှုထောင့်အမြင်နှင့် ရေးသားသည့်ဟန်ပန်တို့သည် ရာဇဝင်အဖြစ်အပျက်များကို ရေးသားမှတ်တမ်းတင်သူတစ်စုံတစ်ဦးဖြစ်ကြောင်း ထင်မှတ်ယူဆရပါသည်။ ဧဇရ ဖြစ်ကြောင်းထောက်ခံသောအားဖြင့် ကျမ်းကိုရေးသားခဲ့သူမှာ ကျယ်ပြန့်သောစာရင်းများ၊ လေဝိအမျိုးများနှင့် ဗိမာန်တော်အကြောင်း ရေးသားသောသူနှင့် ဆင်တူရိုးမှား နီးစပ်မှုရှိလှပါသည်။ ကျမ်းရေးသူသည် မည်သူဖြစ်စေကာမူ တရားဝင်ဖြစ်သောအကြောင်း ရင်းမြစ်များ အရေအတွက်အတိုင်း ပြုစုရေးသားခဲ့ခြင်းဖြစ်ပါသည်။

၁။ ဣလသရေလနှင့်ယုဒရှင်ဘုရင်များအကြောင်း ရေးသားသောကျမ်းဖြစ်ပါသည် (၂၇း၇၊ ၃၅း၂၇၊ ၃၆း၈)။

၂။ ယုဒနှင့် ဣသရေလရှင်ဘုရင်များအကြောင်း ရေးသားသောကျမ်း ဖြစ်ပါသည် (၁၆း၁၁၊ ၂၅း၂၆၊ ၂၈း၂၆၊ ၃၂း၃၂)။

၃။ ဣသရေလရှင်ဘုရင်များအကြောင်း ရေးသားသောကျမ်းဖြစ်ပါသည်။ (၂၀း၃၄၊ ၃၃း၁၈)။

၄။ ရှင်ဘုရင်များအကြောင်း မှတ်တမ်းတင်ရေးသားထားသော ကျမ်းဖြစ်ပါ သည် (၂၄း၂၇)။

၅။ နာသန်၏ကျမ်း၊ အဟိယ၏ ပရောဖက်ပြုခြင်းဆိုင်ရာကျမ်းနှင့် ပရောဖက် ဣဒ္ဒေါ၏ ဗျာဒိတ်ကျမ်းဖြစ်ပါသည် (၉း၂၉)။

၆။ ပရောဖက်ရှေမာယ၏ ကျမ်းဖြစ်ပါသည် (၁၂း၁၅)။

၇။ ဣဒ္ဒေါ၏ မှတ်တမ်းဝင်ကျမ်းဖြစ်ပါသည် (၁၃း၂၂)။

၈။ ပရောဖက်ယေဟုရှာယ ရေးသားသောကျမ်းဖြစ်ပါသည် (၂၆း၂၂)။

၉။ ဟောဇဲ၏ ကျမ်းဖြစ်ပါသည် (၃၃း၁၉)။

၁၀။ မြည်တမ်းစကားများလည်းဖြစ်ပါသည် (၃၅း၂၅)။

၁၁။ ဒါဝိဒ်မင်းနှင့် သူ၏သားတော်ရှောလမုန်တို့၏ မှတ်စာလည်းဖြစ်၏ (၃၅း၄)။

## ကျမ်းကိုရေးသားခဲ့သည့်ခုနှစ်

၄၅၀-၄၂၅ ဘီစီဖြစ်ပါသည်။

## ဦးတည်သည့် ရည်ရွယ်ချက်အကြောင်းရင်း

ရာဇဝင်ချုပ်ပထမစောင်သည် ဓမ္မရာဇဝင်ပထမနှင့် ဒုတိယစောင်တို့နှင့် အလားတူ

ရှိနေစဉ်၊ ရာဇဝင်ချုပ်ဒုတိယစောင်သည် ဒါဝိဒ်မင်း၏ မျိုးစဉ်ဆက်စာရင်းကို ဆက်လက်၍ဖော်ပြရာ ဓမ္မရာဇဝင်တတိယနှင့် စတုတ္ထစောင်တို့နှင့် အလားတူရှိပြန်ပါသည်။ ရာဇဝင်ချုပ် ပထမစောင်သည် မြောက်ပိုင်းနိုင်ငံတော်ကို လျစ်လျူရှုထားသည်ဟု ထင်မှတ်ရန် သင့်လျော်လှပါသည်။ အဘယ်ကြောင့်ဆိုသော်၊ လူတို့၏ မယုံကြည်ခြင်းနှင့် ဒါဝိဒ်မင်းကဲ့သို့သော ထာဝရဘုရားကို ကြောက်ရွံ့ရိုသေသည့် ရှင်ဘုရင်တို့၏ အသက်တာမျိုး သူတို့၌ မရှိသောကြောင့် ဖြစ်ပါသည်။ ကွဲပြားခြားနားချက်ကို နှိုင်းယှဉ်ပြခြင်းအားဖြင့် ရာဇဝင်ချုပ်ဒုတိယစောင်သည် ဒါဝိဒ်မင်းကဲ့သို့ အသက်တာ၌ လိုက်လျှောက်သောရှင်ဘုရင်တို့ကို ဖော်ညွှန်းထားပါသည်။ အခန်းကြီး ၁-၉ ထိ ရှောလမုန်မင်း လက်ထက်၌ ဗိမာန်တော်တည်ဆောက်ခြင်းအကြောင်းကို ဖော်ပြထားပါသည်။ အခန်းကြီး ၁၀-၃၆ ထိ နောက်ဆုံးအကြိမ် ယေရုရှလင်မြို့ပျက်စီးခြင်းနှင့် ဗာဗုလုန်နိုင်ငံသို့ ကျွန်ပြုဖမ်းဆီးခေါ်ဆောင်သွားသည်ထိ တောင်ပိုင်းယုဒပြည်အကြောင်းကို မှတ်တမ်းတင်ထားပါသည်။ သို့ဖြစ်၍ အာသ၊ ယောရှဖတ်၊ ယောယဒ၊ ဟေဇကိနှင့် ယောရှကဲ့သို့သော ရှင်ဘုရင်တို့၏ လူမျိုးတော်စုကို ပြန်လည်ဖွဲ့စည်းပြီး နိုးထမှုကိုဖြစ်စေသော ဆက်ကပ်အပ်နှံသည့် အသက်တာများအကြောင်းကို အကျယ်ချဲ့၍ ဖော်ပြထားပါသည်။

ရာဇဝင်ချုပ်ကျမ်းတို့သည် ဓမ္မရာဇဝင်ကျမ်းများကဲ့သို့ပင် တူညီသော သမိုင်းကြောင်းအချို့ကို ထည့်သွင်းဖော်ပြထားပါသည်။ သို့သော်လည်း အချို့သောအကြောင်း အရာများကို အထူးပြုဖော်ပြရာတွင် ခြားနားမှုရှိပါသည်။ ရာဇဝင်ချုပ်ပထမစောင်တွင် ဒါဝိဒ်မင်းသည် အုပ်ချုပ်သောသူဖြစ်ပြီး၊ ရာဇဝင်ချုပ်ဒုတိယစောင်တွင် ဒါဝိဒ်မင်း၏ အိမ်တော်ဖြစ်ရပါသည်။ ဓမ္မရာဇဝင်တတိယနှင့် စတုတ္ထစောင်တို့တွင် လူမျိုးတော်တို့၏ သမိုင်းကြောင်းကို ပလ္လင်တော်ပေါ်မှ စီရင်ချက်ပေးပြီး၊ ရာဇဝင်ချုပ်ကျမ်းတို့တွင် ယဇ်ပလ္လင်တော် (ဗိမာန်တော်)ပေါ်မှ စီရင်ချက်များကို ပေးရပါသည်။ ဓမ္မရာဇဝင် တတိယနှင့် စတုတ္ထစောင်တို့တွင် နန်းတော်မှာ အဓိကအကျဆုံးသောနေရာဖြစ်ပြီး၊ ရာဇဝင်ချုပ်ကျမ်းတို့တွင် ဗိမာန်တော်မှာ အဓိကအကျဆုံးသော နေရာဖြစ်ပါသည်။ ဓမ္မရာဇဝင် တတိယနှင့် စတုတ္ထစောင်တို့တွင် နိုင်ငံရေးနှင့် စပ်ဆိုင်သော သမိုင်းကြောင်း ရေးရာများကို ဦးတည်ဖော်ပြပြီး၊ ရာဇဝင်ချုပ်ကျမ်းများတွင်မူ ဣသရေလလူမျိုးတို့၏ သမိုင်းကြောင်းနှင့် သက်ဆိုင်ပြီး၊ ဘာသာရေးနှင့် ဝိညာဉ်ရေးရာ အကြောင်းအရာများကို ဦးတည်ဖော်ပြထားပါသည်။

ရာဇဝင်ချုပ်ကျမ်းများသည် သမိုင်းကြောင်းဆိုင်ရာမှတ်တမ်းတင်ခြင်းများထက် ပိုမို၍ ရှင်းလင်းပြည့်စုံပါသည်။ ထိုအရာမှာ ဒါဝိဒ်မင်း၏ မင်းဆက်အတွင်း ဝိညာဉ်ရေးရာနှင့် ဆိုင်သော အကျင့်စရိုက်များကို ဖော်ပြထားသည့် ဘုရားသခင်၏ ဝေဖန်ရှင်းလင်းတော်မူချက်ပင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော်၊ ယုဒပြည်ကို အာရုံစူးစိုက်ဦးတည်ပြုရာတွင် တောင်ပိုင်းနိုင်ငံဖြစ်သော ယုဒပြည်တွင် နိုးကြားခြင်းနှင့် ဒါဝိဒ်မင်းမျိုးမှလာသော ဘုရားသခင်ကို ကြောက်ရွံ့သည့် ရှင်ဘုရင်များရှိခဲ့ကြသည်တွင် မြောက်ပိုင်းနိုင်ငံ၌ ဘုရားသခင်ကို ကြောက်ရွံ့သော ရှင်ဘုရင်မရှိ၊ အခြေခံအားဖြင့် ဘုရားသခင်ကို လျစ်လျူရှုခဲ့ကြပါသည်။

## အဓိကပါဝင်သောသူများ

ယောရှ၊ ယေဟောဖောင်နှင့် ရှောလမုန်တို့ဖြစ်ကြပါသည်။

## ခရစ်တော်ကို ရာဇဝင်ချုပ်ကျမ်းများ၌မြင်ရပုံ

ဒါဝိဒ်မင်း၏ ပလ္လင်တော်မှာ ပျက်စီးခြင်းကိုခံရပြီးဖြစ်သော်လည်း၊ ဒါဝိဒ်မင်းဆက်မင်းမျိုးမင်းနွယ်မှာ ဆက်လက်တည်ရှိနေပါသေး၏။ လူ့အသက်ကိုသတ်ခြင်း၊ လိမ်ညာလှည့်ဖြားခြင်း၊ စစ်ဖြစ်ခြင်းများနှင့် ကျွန်ပြုဖမ်းဆီးခံရခြင်းတို့အားလုံးသည် မေရှိယမျိုးစဉ်ဆက်အားညှင်းဆဲ၍ ထုတောင်းနေရသော်လည်း၊ အာဒံမှစ၍ Zerubbabel ထိ မပျက်မစီး ရှင်းလင်း ပြတ်သားစွာ တည်ရှိနေပါသေး၏။ ထိုမင်းမျိုးနွယ်စာရင်းသည် ခရစ်တော်ပေါ်၌ ပြည့်စုံတော်မူကြောင်းကို ရှင်မဿဲအခန်းကြီး ၁ နှင့် ရှင်လုကာအခန်းကြီး ၃ တို့တွင် ထိုမျိုးစဉ်ဆက် စာရင်းကို တွေ့ရှိနိုင်ပါသည်။ [၁၅]

ရာဇဝင်ကျမ်းများ၌ ထင်ရှားကျော်ကြားလှသော ဗိမာန်တော်မှာ ခရစ်တော်ကို အလွန်လှပပီပြင်စွာ ပုံတူသရုပ်ဖော်ထားခြင်းဖြစ်ပါသည်

(မဿဲ၊ ၁၂း၆၊ ယော၊ ၂း၁၉၊ ဗျာ၊ ၂၁း၂၂)။

## အဓိကအရေးကြီးသောအချက်များ

၁။ ရှောလမုန်မင်းစိုးစံခြင်း (၁း၁-၉း၃၁)။

(က)ရှောလမုန်၏ ကျမ်းသစ္စာကျိန်ဆိုခြင်း (၁း၁-၁၇)။

(ခ) ရှောလမုန်၏ ဗိမာန်တော် (၂း၁-၇း၂၂)။

(ဂ) ရှောလမွန်၏ အောင်မြင်ကျော်စောခြင်း (၈း၁-၉း၂၈)။

(ဃ)ရှောလမွန်အနိစ္စရောက်ခြင်း (၉း၂၉-၃၁)။

၂။ ယုဒရှင်ဘုရင်များ (၁၀း၁-၃၆း၂၁)။

(က)ရောဗောင် (၁၀း၁-၁၂း၁၆)။

(ခ) အဘိယ (၁၃း၁-၂၂)။

(ဂ) အာသ (၁၄း၁-၁၆း၁၄)။

(ဃ)ယောရှဖတ် (၁၇း၁-၂၀း၃၇)။

(င) ယဟောရံ (၂၁း၁-၂၀)။

(စ) အာခဇိ (၂၂း၁-၉)။

(ဆ)အာသလိ(၂၂း၁၀-၂၃း၁၅)။

(ဇ) ယောယဒ(၂၃း၁၆-၂၄း၂၇)။

(ဈ) အာမဇိ (၂၅း၁-၂၈)။

(ည)ဩဇိ (၂၆း၁-၂၃)။

(ဋ) ယောသံ (၂၇း၂-၉)။

(ဌ) အာခတ် (၂၈း၁-၂၇)။

(ဍ) ဟေဇကိ (၂၉း၁-၃၂း၃၃)။

(ပ) မနာရှေ (၃၃း၁-၂၀)။

(ဏ) အာမုန် (၃၃း၂၁-၂၅)။

(တ)ယောရှ (၃၄း၁-၃၅း၂၇)။

(ထ)ယောခတ် (၃၆း၁-၄)။

(ဒ) ယောယကိမ် (၃၆း၅-၈)။

(ဓ) ယေခေါနိ (၃၆း၉-၁၀)။

(န) ဇေဒကိ (၃၆း၁၁-၂၁)။

၃။ ကုရုမင်း၏အမိန့်တော် (၃၆း၂၂-၂၃)။

# ဧဇရမှတ်စာ

## (ဗိမာန်တော်ကို ပြန်လည်တည်ဆောက်ခြင်းနှင့် လူမျိုးတော်တို့ကို ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း)

### ကျမ်းရေးသူနှင့် ကျမ်းအမည်

ဧဇရမှတ်စာ၌ စာရေးသူ၏အမည်ကို မဖော်ပြသော်လည်း Talmud ဟုခေါ်သော ဂျူးလူမျိုးတို့၏ ဓလေ့ထုံးတမ်းစဉ်လာမှတ်တမ်းထဲတွင် ဧဇရသည် ကျမ်းကိုရေးသောသူအဖြစ် မှတ်ယူ ထားပါသည်။ ဧဇရသည် သက်သေခံစာတမ်းကို ခိုင်မာသောအထောက်အထား (၄း၇-၁၆)၊ မျိုးရိုးစဉ်ဆက်စာရင်းများ (၂း၁-၇၀)နှင့် ကိုယ်ပိုင်မှတ်တမ်း (၇း၂၇-၉း၁၅) များစွာတို့ဖြင့် အခြေပြုပြီး ရေးသားခဲ့ပါသည်။ ဧဇရသည် ဤကျမ်းကို ရေးသားပြုစုသူဖြစ်ကြောင်း သူသည် အဓိကကျသော အခန်းများနှင့် အခြေခံနိယာမများ၌ အဓိက ပါဝင်လှုပ်ရှားသူဖြစ်ကြောင်း အထောက်အထားများရှိပါသည်။ သူသည် (အခန်းကြီး ၁-၁၀ နှင့် နေဟမိမှတ်စာအခန်းကြီး ၈-၁၀) တို့တွင် ဖြစ်ပျက်မှုများ၌လည်း ပါဝင်နေရာယူထားကြောင်းကို ဖော်ပြထားပါသည်။ ထိုကျမ်းများနှစ်ခုစလုံးတို့တွင် ကျမ်းစာပိုဒ်များကို ငါ သို့မဟုတ် ကျွန်တော်ဟူသော အသုံးအနှုန်းဖြင့် ရေးသားထားပါသည်။

ဓမ္မဟောင်းကျမ်း၌ ဖော်ပြထားသည့် "ကြီးမားသောတရားဇရပ်" (ဆိုလိုသည်မှာ ကြီးမားသော လူစုလူဝေးမိသားစုဝင်ဖြစ်ပါသည်)ကို တည်ထောင်သောသူဖြစ်ကြောင်း ဂျူးလူမျိုးတို့ ၏ ထုံးတမ်းစဉ်လာ၌ အဆိုပြုထားပါသည်။ အခြားသောထုံးတမ်းစဉ်လာ၌ သူသည် သမ္မာ တရားနှင့်ဆိုင်သောကျမ်းများကို စုဆောင်းပြီး တရားဇရပ်၌ ဝတ်ပြုကိုးကွယ်ရာ ပုံစံအဖြစ် ပြုပြင်ပြောင်းလဲပေးခဲ့သည်ဟု ဆိုထား၏။ [၁၆]

ရှေးဟောင်းဟေဗြဲကျမ်း၌ ဧဇရမှတ်စာနှင့် နေဟမိမှတ်စာတို့မှာ ကျမ်းတစ်အုပ်တည်းဖြင့် ပြုစုထားကြောင်း "ဧဇရမှတ်စာ" ဟူ၍ ခေါ်ဝေါ်သမုတ်ကြောင်း ဖော်ပြထားပါသည်။ ခေတ်သစ်ဟေဗြဲကျမ်း၌ ဧဇရမှတ်စာနှင့် နေဟမိမှတ်စာဟူ၍ ပိုင်းခြားကာ သီးသန့်စီခွဲထားပါသည်။ ထို့အပြင် Josephus ရှေးဟောင်းဂျူးလူမျိုးသမိုင်းပညာရှင်တစ်ဦးနှင့် Jerome (Latin Vulgate ကို ရေးသားပြုစုသူ) တို့ကလည်း ဧဇရမှတ်စာနှင့် နေဟမိမှတ်စာမှာ ကျမ်းတစ်အုပ်တည်းသာဖြစ်ကြောင်း လက်ခံခဲ့ကြပါသည်။

## ကျမ်းကိုရေးသားခဲ့သည့်ခုနှစ်

၄၅၇-၄၄၄ ဘီစီဖြစ်ပါသည်။

## ဦးတည်သည့် ရည်ရွယ်ချက်အကြောင်းရင်း

ရာဇဝင်ချုပ်ကျမ်းဒုတိယစောင်၌ ဂျူးလူမျိုးတို့သည် ဗာဗုလုန်ပြည်၌ ကျွန်ပြုဖမ်းဆီးခေါ်ဆောင်သွားခြင်းမှ ပြန်လာကြကာ ဗိမာန်တော်ကို ပြန်လည်တည်ဆောက်ခြင်းသမိုင်းကြောင်း မှတ်တမ်းများဖြင့် နိဂုံးချုပ်သွားခြင်းကို ဧဇရသည် ဆက်လက်၍ ပြန်ပြောပြခြင်းဖြစ်သည်ဟု သမိုင်းကြောင်းဆိုင်ရာရှုထောင့်အရ တွေ့မြင်နိုင်ပါသည်။ ဝိညာဉ်ရေးရာနှင့် ဩဝါဒရေးရာရှုထောင့်မှကြည့်သော် ဘုရားသခင်သည် ပရောဖက်များအားဖြင့် မိန့်တော်မူခဲ့သည့်အတိုင်း သူ၏ လူမျိုးတော်တို့သည် အနှစ်ခုနှစ်ဆယ် ကျွန်ပြုခံရပြီး နောက်ဂတိတော် ပြည်သို့ပြန်လာကြကြောင်း ဘုရားသခင်သည် ဂတိတော်ကို အဘယ်သို့ ပြည့်စုံစေတော်မူ ကြောင်းတို့ကို ဧဇရသည် ဖော်ပြထင်ရှားစေ၏။ ရာဇဝင်ချုပ် ကျမ်းများတွင် ဧဇရအား ယဇ်ပုရောဟိတ်တစ်ပါးကဲ့သို့ပင် ဗိမာန်တော်၏ အရေးကြီးသောအရာများနှင့် လူမျိုးတော်စု တို့သည် ဘုရားသခင်၏ လူမျိုးတော်စုအနေဖြင့် ဝတ်ပြုကိုးကွယ်သော အသက်တာများကို ဖော်ပြချက်ရှိပါသည်။ ပါးရှားရှင်ဘုရင် Cyrus (ကုရု) ၏ အမိန့်ထုတ်ပြန်ချက်ဖြစ်သော ကျွန်ပြုဖမ်းဆီးခြင်းခံခဲ့ကြရသော သူတို့အား ပြန်သွားရသော အခွင့်ပေးကြောင်းပါသည့် စီရင်ချက်တို့ဖြင့် အစပြုထားပါသည်။ လူတို့သည် စိတ်အားထက်သန်စွာဖြင့် ဗိမာန်တော်ကို ပြန်လည်တည်ဆောက်ကြ၏။ သို့သော်လည်း မြောက်ပိုင်းနိုင်ငံမှာ ရန်သူများကြောင့် ၁၈ နှစ်တိုင်တိုင်ကြန့်ကြာခဲ့ရပါသည်။ နောက်ဆုံးတွင် Darius ၏ အမိန့်ထုတ်ပြန်ချက်အားဖြင့် သူတို့သည် အပြီးသတ်သွားခဲ့ရပါသည် (ဧဇရ ၁-၆)။ ကျွန်ပြုခံရခြင်းမှ ပြန်လာသော ဧဇရသည် လူမျိုးတို့၏ ဝိညာဉ်ရေးရာ အသက်တာ

ကို ပြုပြင်ပြောင်းလဲပေးခြင်းနှင့် လူမျိုးတော်အား သွန်သင်ပေးကြောင်း အခန်းကြီး ၇-၁၀ တို့၌ ဖော်ပြထားပါသည်။

ဦးတည်သည့်အကြောင်းရင်းမှာ ဇေရုဗဗေလနှင့် ဧဇရတို့၏ ဦးဆောင်မှုအောက်၌ ပြန်လာကြ သော ကျွန်ပြုဖမ်းဆီးခြင်းကို ခံခဲ့ကြရသည့် သူတို့၏ ဝိညာဉ်ရေးရာ၊ ကျင့်ဝတ်ရေးရာနှင့် လူမှုရေးရာနှင့်ဆိုင်သော ပြန်လည်ပြုပြင်ပြောင်းလဲပေးခြင်းတို့အကြောင်းကို အတိုချုံး၍ မြင်နိုင်ပါသည်။

## အဓိကပါဝင်သောသူများ

ကုရု (ကျွန်ပြုခံရသော ယုဒလူမျိုးတို့အား ပြန်လာကြရန် အမိန့်ထုတ်ပြန်သော ပါးရှားရှင်ဘုရင်)၊ ဧဇရ (ယဇ်ပုရောဟိတ်နှင့် ကျမ်းပြုဆရာ)၊ ယောရှု (ယဇ်ပုရောဟိတ်မင်း) နှင့် ဇေရုဗဗေလတို့ဖြစ်ပါသည်။

## ခရစ်တော်ကို ဧဇရမှတ်စာ၌ တွေ့မြင်ရပုံ

ဒါဝိဒ်မင်းနှင့်ဆိုင်သော ပဋိညာဉ်တရားတော်ကို စောင့်ရှောက်ထိန်းသိမ်းခြင်းဖြင့် ဒါဝိဒ်၏ သားတော်မေရှိယမျိုးဆက်စာရင်းကို စောင့်ရှောက်ရန် ဘုရားသခင်၏ ဂတိတော်များနှင့် အညီ ဘုရားသခင်သည် သူ၏လူမျိုးတော်တို့အား မိမိတို့တိုင်းပြည်သို့ ပြန်လည်ပို့ဆောင်ကာ ပြုပြင်ထိန်းသိမ်းခြင်းအားဖြင့် ဘုရားသခင်သည် မိမိဂတိတော်အား ဆက်လက်၍ အဘယ် ကဲ့သို့ စောင့်ထိန်းတော်မူကြောင်းကို ဧဇရနှင့် နေဟမိတို့သည် ထင်ရှားစွာ ဖော်ပြကြပါသည်။

## အဓိကအရေးကြီးသောအချက်များ

၁။ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း၊ ဇေရုဗဗေလဦးဆောင်မှုအောက်တွင် ယေရုရှလင်မြို့သို့ ပထမအကြိမ်ပြန်လာကြခြင်း (၁း၁-၆း၂၂)။

(က)ကုရု၏ အမိန့်တော်ထုတ်ပြန်ခြင်း (၁း၁-၁၁)။

(ခ) လူတို့အား နာမည်စာရင်းကောက်ယူခြင်း (၂း၁-၇၀)။

(ဂ) ဗိမာန်တော်တည်ဆောက်ခြင်းကို အစပြုခြင်း (၃း၁-၁၃)။၄

(ဃ)ဆန့်ကျင်မှုများ (၄း၁-၂၄)။

(င) တည်ဆောက်ခြင်းကို ပြန်လည်လုပ်ဆောင်ခြင်း (၅း၁-၆း၁၂)။

(စ) ဗိမာန်တော်တည်ဆောက်ခြင်းကို ပြီးစီးသွားခြင်း (၆း၁၃-၂၂)။

၂။ လူမျိုးတော်အား ပြန်လည်စည်းရုံးဖွဲ့စည်းခြင်း၊ ဧဇရဦးဆောင်မှုအောက်၌ ပြန်လာကြခြင်း (၇း၁-၁၀း၄၄)။

(က) ယေရုရှလင်မြို့သို့ ပြန်လာခြင်း (၇း၁-၈း၃၆)။

(ခ) ယေရုရှလင်မြို့အား နိုးကြားစေခြင်း (၉း၁-၁၀း၄၄)။

# နေဟမိမှတ်စာ

## (မြို့ကိုပြန်လည်တည်ဆောက်ခြင်း)

### ကျမ်းရေးသူနှင့်ကျမ်းအမည်

နေဟမိမှတ်စာ ၁း၁တွင် "ဟာခလိသား နေဟမိ စကားဟူမူကား" ဟူ၍ ဖေါ်ပြသဖြင့် ဤကျမ်းကို နေဟမိရေးသားကြောင်း ကျမ်းသုတေသီများကယုံကြည်ကြသည်။ သို့သော် အချို့အချို့သော အထောက်အထားများအားဖြင့် ဤကျမ်းကို 'ဧဇရ'က ရေးသားသည်၊ 'နေဟမိ'၏ မှတ်စုများနှင့် အဆိုများကို ဧဇရက 'နေဟမိ'မှတ်စာအမည်ကို သုံးစွဲ၍ ဖေါ်ပြသည်ဟု အချို့ကျမ်းစာပညာရှင်များက ဆိုလေ၏။ မည်သို့ဆိုစေ ပညာရှင်အများစု အနေဖြင့် နေဟမိ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ မှတ်ချက်များမှာ တွေ့ရသည့် မြို့တော် ယေရုရှလင်သို့ ပြန်လည်လာရောက်မှု မှတ်တမ်းများ (၁း၁-၇း၇၃၊ ၁၂း၃၁-၁၃း၃၁) အရ နေဟမိကိုယ်တိုင် ရေးသားသည်ဟု သဘောတူညီခဲ့ကြပါသည်။
ကျမ်းစာကိုတစ်စောင်တည်း တွေ့မြင်ရသော်လည်း ထိုကျမ်း၏ ဒုတိယပိုင်းကို 'နေဟမိ' မှတ်စာအဖြစ် ခွဲခြမ်းသည်။ နေဟမိသည် 'ဧဇရ' နှင့် ခေတ်ပြိုင် ပုဂ္ဂိုလ်ကြီးလည်းဖြစ်၊ ပေရသိဘုရင်၏ ထံတော်မှာ စပျစ်ရည်ကို ဆက်သရသည့် ဖလားတော်ဝန်လည်း

ဖြစ်ခဲ့လေသည်။ 'နေဟမိ' အမည်၏ အဓိပ္ပါယ်မှာ 'ယာဝေဘုရားသခင်သည် နှစ်သိမ့်၍ စိတ်ချမ်းသာစေပြီ' ဟူ၍ ဖြစ်ပါသည်။

## ကျမ်းကိုရေးသားခဲ့သည့်ခုနှစ်

နောက်ခံသမိုင်းဖြစ်စဉ်အထောက်အထားများအရ ဧဇရနှင့် နေဟမိ မှတ်စာများကို ၄၄၅ ဘီစီ နှင့် ၄၂၅ ဘီစီအတွင်းမှာ ရေးသားခဲ့ကြောင်း နားလည်နိုင်ပါသည်။

## ဦးတည်သည့် ရည်ရွယ်ချက်အကြောင်းရင်း

ကျွန်ပြုဖမ်းဆီးခေါ်ဆောင်သွားရာမှ ပြန်လာခဲ့ကြသော ဂျူးလူမျိုးတို့၏ သမိုင်းကြောင်းကို နေဟမိမှတ်စာ၌ ဆက်လက်၍ ဖော်ပြထားပါသည်။ နေဟမိသည် အာတဇေရဇ်မင်းကြီး လက်ထက်ပါရှုန်းနန်းတော်၌ ရှင်ဘုရင်၏ ဖလားတော်ကိုင်သော ရာထူးကိုစွန့်ပြီး၊ ယေရုရှလင်မြို့၌ အုပ်စိုးသောသူဖြစ်လာကာ လူတို့အား ယေရုရှလင်မြို့ရိုးကို ပြန်လည်ပြုပြင် တည်ဆောက်ခြင်းတွင် ဦးဆောင်ခဲ့ပါသည်။ ဧဇရနှင့်နေဟမိသည် တစ်ချိန်တည်း တစ်ခေတ်တည်းမှာ အသက်ရှင်နေခဲ့ကြပါသည် (နေဟမိ၊ ၈း၂၊ ၉)။ သူတို့နှစ်ဦးစလုံးတို့မှာ ဘုရားသခင်၏ လူများဖြစ်ခဲ့ကြပြီး၊ ခြားနားသော စွမ်းရည်တစ်မျိုးစီဖြင့် ထာဝရ ဘုရားသခင်အတွက် အမှုထမ်းရွက်၍ ဖမ်းသွားခြင်းမှ ပြန်လာသောသူတို့အား ဘာသာရေးဆိုင်ရာ၌ ပြန်လည် တည်ဆောက်ပြုပြင်ခြင်းအမှုကို ဆောင်ရွက်နေစဉ်၊ နေဟမိသည် သာမန်အဆင့်မျှသာနေရသော်လည်း၊ နိုင်ငံရေးနှင့်ဆိုင်သော အမှုအရေး၌ ယေရုရှလင်မြို့ရိုးကို ပြန်လည် တည်ဆောက်ရာတွင် ဦးဆောင်သောအုပ်ချုပ်သူအဖြစ် စွမ်းဆောင်လျက်ရှိနေပါသည်။ ဘုရားသခင်၏ လူတို့သည် ဖမ်းသွားသိမ်းသွားခြင်းကိုခံရာမှ မိမိတို့ပြည်သို့ ပြန်လာသောအခါ ဘုရားသခင်၏ လက်တော်ကို နေဟမိသည် ထင်ရှားစွာဖော်ပြရန် ရေးသားခဲ့ပါသည်။ နေဟမိသည် ဇေရုဗဗေလဦးဆောင်မှုအောက်၌ ပထမအကြိမ်ပြန်သွားကြစဉ် အနှစ်ကိုး ဆယ့်လေးနှစ်တိုင်တိုင် လုပ်ဆောင်၍ မပြီးခဲ့သော အလုပ်ကို သူ၏ဦးဆောင်မှုဖြင့် ရက်ပေါင်း လေးဆယ့်နှစ်ရက်အတွင်း ပြီးစီးသွား ခဲ့ကြပါသည်။ သူတို့သည် ယုံကြည်ခြင်းအားဖြင့် နာခံကြသောကြောင့် ဆန့်ကျင်ပုန်ကန်မှုဖြစ်ပေါ်လာသမျှတို့အပေါ်၌ အောင်နိုင်သောအခွင့် ကို ရရှိခဲ့ကြပါသည်။ [၁၈]

## အဓိကပါဝင်သောသူများ

နေဟမိ၊ အာတဇေရဇ်မင်းကြီး၊ ဧဇရနှင့် Sanballet

## ခရစ်တော်ကို နေဟမိမှတ်စာ၌ တွေ့မြင်ရခြင်း

ခရစ်တော်သည် ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ သူပြုရမည့်အမှုတော်ကို ပြုတော်မူနိုင်မည့်အကြောင်း သူ၌ မြင့်မားသောအခွင့်ရာထူးကို လိုလိုလားလားနှင့် စွန့်လွှတ်တော်မူခဲ့ကြောင်းကို နေဟမိသည် ပုံတူသရုပ်ဖော်ဆောင်ထားပါသည်။ ထို့အပြင်၊ အာတဇေရမင်းကြီး ၏ ထုတ်ပြန်သောအမိန့်မှာ ဒံယေလ၏ ရက်သက်ခုနှစ်ဆယ်ပတ်ကို ဖော်ဆောင်သောနှစ်ကို အစပြု၍ညွှန်ပြပြီး၊ အသေးစိတ်ကျကျဖော်ပြခြင်းမရှိသော အချိန်ကြားဝင်၍ နှောင့်ယှက် ဖြတ်တောက်ပြီး၊ မေရှိယပြန်လည်ကြွလာတော်မူခြင်းကို အစပြုဖော်ပြထားပါသည် (ဒံ၊ ၉း၂၅-၂၇)။

## အဓိကအရေးကြီးသောအချက်များ

၁။ မြို့ရိုးကို ပြန်လည်တည်ဆောက်ခြင်း (၁း၁-၇း၇၃)။

(က)ပြန်လည်တည်ဆောက်ဖို့ရန် ပြင်ဆင်ခြင်း (၁း၁-၂း၂၀)။

(ခ) ပြန်လည်တည်ဆောက်ခြင်း (၃း၁-၇း၇၃)။

၂။ လူမျိုးတော်ကို ပြန်လည်၍စုစည်းခြင်း (၈း၁-၁၃း၃၁)။

(က)ပဋိညာဉ်တော်တရားကို အသစ်တစ်ဖန်နိုးကြားလာစေခြင်း (၈း၁-၁၀း၃၉)။

(ခ) ပဋိညာဉ်တရားတော်ကို လူတို့အား လိုက်နာစေခြင်း (၁၁း၁-၁၃း၃၁)။

# ဧသတာဝတ္ထု

## (ဘုရားသခင်၏ လူမျိုးတော်အား ကွယ်ကာပေးခြင်း)

## ကျမ်းရေးသူနှင့် ကျမ်းအမည်

ဤကျမ်းကို မည်သူရေးသားခဲ့ကြောင်း အရိပ်အမြွက်မျှ မပေးခဲ့ပါ။ သို့သော်လည်း မည်သူမဆို ဤကျမ်းကို ရေးသားခဲ့သောသူသည် ပါရှန်းယဉ်ကျေးမှုဓလေ့ထုံးစံကို ကောင်းမွန်စွာ သိသောသူဖြစ်ပါမည်။ မှတ်တမ်းရှိသမျှ (ဖော်ပြခြင်း) တို့သည် ထိုနေရာ၌ အဖြစ်အပျက်များကို မျက်မြင်ကိုယ်တွေ့ဖြစ်သောသူက ရေးသားဖွယ်ဖြစ်ကြောင်း မှတ်သားခဲ့ကြ၏။ သို့ဖြစ်၍ ထိုသူမှာ ဂျူးလူမျိုးဖြစ်နိုင်ဖွယ်ရာရှိပါသည်။ ဧဇရ သို့မဟုတ် နေဟမိ ရေးသားခဲ့ခြင်းဖြစ်မည် ဟု တစ်ချို့တို့က ထင်မှတ်ခဲ့ကြပါသည်။ သို့သော်လည်း၊ ထိုယူဆချက်အမြင်ကို အသေးစိတ် အတိအကျဖော်ပြသော အထောက်အထား မရှိပါချေ။ [၁၉]

ဤကျမ်းသည် ဟေဗြဲနာမည်အားဖြင့် ဟာဒါစ်ဆဟူသောအမည်ကို ပါရှန်းနာမည် Ester ဧသတာ ဟူ၍ပြောင်းလဲခြင်းဖြစ်ပြီး၊ ဆိုလိုရင်းမှာ "ကြယ်ပွင့်" ဟူ၍ဖြစ်သော နာမဘွဲ့ကို ပေးအပ်ခြင်းခံရသော အထူးပါဝင်သရုပ်ဆောင်သူ၏ နာမည်ကို အစွဲပြု၍ ဤကျမ်းကို ဧသတာဟုခေါ်ပါသည်။

## ကျမ်းကို ရေးသားခဲ့သည့်ခုနှစ်

ဧသတာဝတ္ထု၌ ဖြစ်ပျက်မှုများမှာ ဧဇရမှတ်စာအခန်းကြီးခြောက်နှင့် ခုနှစ်တို့ကြား ဇေရုဗဗေလဦးဆောင်၍ ပထမအသုတ်ပြန်လာခြင်းနှင့် ဧဇရဦးဆောင်၍ ဒုတိယအသုတ်ပြန်လာခြင်းနှစ်ခုတို့ကြား၌ ဖြစ်ပျက်လာသော အကြောင်းအရာများဖြစ်ပါသည်။ ဧသတာဝတ္ထုကို ၄၇၀ နှင့် ၄၆၅ ဘီစီကြား ဇေရဇ်မင်းစိုးစံသော နောက်ဆုံးပိုင်း (၁၀း၂-၃) သို့မဟုတ်၊ သူ၏သား အာတဇေရဇ် (၄၆၄-၄၂၄ ဘီစီ) ၏ စိုးစံသောအချိန်၌ ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

## ဦးတည်သည့် ရည်ရွယ်ချက်အကြောင်းရင်း

ဧသတာဝတ္ထု၌ ပါရှန်းရှင်ဘုရင် ဇေရဇ်သည် ချောမောလှပသော ဂျူးအမျိုးသမီးတစ်ဦးကို

သူ၏ မိဖုရားအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သောသမိုင်းကြောင်းကို ပြောပြပါသည်။ ဟာမန် သည် ဂျူးလူမျိုးအားလုံးတို့ကို သတ်ဖြတ်ကွပ်မျက်ရန် ကြံစည်၍ စီမံသောအခါ၊ ဘုရင်မဧသတာ၏ ဦးရည်းတော်မော်ဒကဲသည် ဧသတာအား သူမ၏ လူမျိုးစုကို ကယ်တင်ရန် သွေးဆောင်အကူအညီတောင်းခံခဲ့ပါသည်။ သူမ၏ အသက်ကို အရဲစွန့် သောအားဖြင့် သူမသည် ရှင်ဘုရင်ထံတော်၌ အယူခံဝင်၍ ဂျူးလူမျိုးတို့ကို ကယ်ဆယ် ခဲ့ပါသည်။ ဘုရား သခင်၏ နာမတော်ကို မထည့်ထားသည့်ကျမ်းမှာ ဤကျမ်းတစ်ခုတည်း သာလျှင် ဖြစ်ပါ သည်။ ဤကျမ်း၏ အဓိကဦးတည်သည့် ရည်ရွယ်ချက်အကြောင်းရင်းမှာ ဘုရားသခင်သည် မိမိလူမျိုးတော်စုအား သူတို့၏ ကြမ်းတမ်းခက်ခဲသောကာလနှင့် ညှင်းပန်းနှိပ်စက်သော အချိန်အခါ၌လည်း မ, စကူညီ၍ ထောက်ပံ့ကယ်နှုတ်တော် မူကြောင်းကို ထင်ရှားဖော်ပြရန် ဖြစ်ပါသည်။

## အဓိကပါဝင်သောသူများ

ဧသတာ၊ ဟာမန်၊ မော်ဒကဲ အာရွှေရု (ပေါဖြဲဘာသာဖြင့် ပါရှန်းရှင်ဘုရင်အား ခေါ်ဝေါ် သည့်စကားလုံး)

## ခရစ်တော်ကို ဧသတာဝတ္ထု၌တွေ့မြင်ရပုံ

ဧသတာသည် သူမ၏ လူမျိုးများကယ်တင်ခြင်းရရှိဖို့ရန်အတွက် လိုလိုလားလားဖြင့် အသေခံ ဖို့ရန် မိမိကိုယ်ကို ဆက်ကပ်အပ်နှံခြင်းနှင့် သူတို့အတွက် ကိုယ်စား အယူခံ ဝင်ပေးသူအဖြစ် ဆောင်ရွက်ခြင်းတို့အားဖြင့် ခရစ်တော်၏ ပုံသဏ္ဍာန်တော်ကို သရုပ်ဖော် ထားခြင်းဖြစ်ပါ သည်။ ထို့အပြင်၊ ဘုရားသခင်သည် ဤလူမျိုးတော်အားဖြင့် မေရှိယကို ပေးတော်မူမည် ဖြစ်သည်နှင့်အညီ ဂျူးလူမျိုးတို့ပေါ်၌ အဘယ်ကဲ့သို့ ဆက်လက်၍ ကြည့်ရှုထောက်ပံ့တော် မူကြောင်းကို ကျွန်ုပ်တို့တွေ့မြင်နိုင်ပါသည်။

## အဓိကအရေးကြီးသောအချက်များ

၁။ ဂျူးလူမျိုးတို့အတွက် အန္တရာယ်ကြုံရခြင်း (၁း၁-၃း၁၅)။

(က)ပါရှန်းတို့၏ ရှုရှန်နန်းတော်၌ ဧသတာအား ဘုရင်မအဖြစ် ရွေးချယ်ခံရခြင်း (၁း၁-၂း၂၃)။

(ခ) ဂျူးလူမျိုးတို့အား ဆန့်ကျင်ပြီး ဟာမန်၏ ပူးပေါင်းကြံစည်မှု (၃း၁-၁၅)။

၂။ ဂျူးလူမျိုးတို့အတွက် ဘေတာ၏ဆုံးဖြတ်ချက် (၄း၁-၁၀း၃)။

(က)ဂျူးလူမျိုးတို့အတွက် ဧသတာ၏ဆုံးဖြတ်ချက် (၄း၁-၅း၁၄)။

(ခ) ဟာမန်၏ နှိမ်နှင်းခြင်း (၆း၁-၇း၁၀)။

(ဂ) အာရွှေရုနှင့် မော်ဒကဲတို့၏ အမိန့်ထုတ်ပြန်ချက် (၈း၁-၁၇)။

(ဃ)ဂျူးလူမျိုးတို့၏ ရန်သူများပေါ်၌ အောင်နိုင်ခြင်း (၉း၁-၁၉)။

(င) ပုရပွဲနေ့များ (၉း၂၀-၃၂)။

(စ) မော်ဒကဲ၏ အောင်မြင်ကျော်ကြားခြင်းနှင့် အမြင့်ဆုံးသောရာထူးကို ရရှိကြောင်း ကြေညာခြင်း (၁၀း၁-၃)။

# အပိုင်း ၃

# ကဗျာအလင်္ကာဆိုင်ရာကျမ်းများ

## နိဒါန်း

လေ့လာသုံးသပ်ပြီးခဲ့သော ပထမတစ်ဆယ့်ခုနှစ်ကျမ်းများ (ပညတ္တိကျမ်းမှ ရာဇဝင်ကျမ်းများ) ဖြစ်ကြသည့် ကမ္ဘာဦးကျမ်းမှ နေဟမိတ်မှတ်စာအထိ ကျမ်းတို့တွင် ဓမ္မဟောင်းတစ်ခုလုံး၏ သမိုင်းကြောင်းကို ခြုံငုံထားပါသည်။ ကျန်သောအပိုင်း ကျမ်းများအားလုံးဖြစ်ကြသည့် ကဗျာအလင်္ကာကျမ်းများနှင့် ပရောဖက်ဆိုင်ရာကျမ်းများတို့သည် ထိုကျမ်းတစ်ဆယ့်ခုနှစ် ကျမ်းတို့၌ပါသော သမိုင်းကြောင်းများနှင့် အံဝင်ဂွင်ကျဖြစ်နေပါသည်။ ရှေ့ဆက်၍ ဖော်ပြ မည့် ကဗျာအလင်္ကာဆိုင်ရာကျမ်းများတို့သည် ပထမငါးကျမ်းတို့၌ပါဝင်သော အခန်းတစ်ချို့ကို ခြုံငုံထားပါသည်။ ဥပမာ၊ ယောဘဝတ္ထု၊ ဆာလံကျမ်း၊ သုတ္တံကျမ်း၊ ဒေသနာကျမ်းနှင့် ရှောလမုန်သီချင်းများဖြစ်ကြပါသည်။ ထိုကျမ်းတို့ကို လေ့လာသုံးသပ်ခြင်းမပြုမှီ ဤကျမ်း ငါးကျမ်းတို့၌ ပါဝင်သော အကျင့်စရိုက်ပိုင်းဆိုင်ရာများတို့ကို ကျွန်ုပ်တို့မှတ်ယူကြရပါမည်။

"ကဗျာအလင်္ကာ" ဟူသောစကားလုံးသည် ထိုကျမ်းတို့၏ ဖွဲ့စည်းပုံစံနမူနာကို ညွှန်ပြနေကြောင်း လေ့လာသောသူများသည် ရှင်းလင်းစွာ နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ ထိုကျမ်းတို့မှာ လူသားတို့၏ အတွေးအခေါ်သက်သက်ဖြင့် ဖြစ်ပေါ်လာခြင်းမဟုတ်ပါ။ ဤကျမ်းတို့သည် လူသားတို့၏ အမှန်စင်စစ်တွေ့ကြုံရသောအရာများကို သရုပ်ဖော်ရေးသား ခြင်းဖြစ်ပါသည်။

# တော်စပ်ဆက်နွယ်ပုံများ

ကျွန်ုပ်တို့လေ့လာပြီးဖြစ်သော ရာဇဝင်ကျမ်းတစ်ဆယ့်ခုနှစ်ကျမ်းတို့မှာ ရာဇဝင်သမိုင်းကြောင်းနှင့် သက်ဆိုင်ခြင်းရှိသည်နည်းတူ ကဗျာအလင်္ကာနှင့်ဆိုင်သော ငါးကျမ်းတို့သည်လည်း အတွေ့အကြုံပိုင်းဆိုင်ရာကျမ်းများဖြစ်ပါသည်။ ထိုကျမ်းတို့က တစ်ဦးတစ်ယောက်နှင့်ဆိုင်သော အဖြစ်အပျက်များကို ဖော်ပြထားပါသည်။ ရာဇဝင်ကျမ်းတို့သည် လူမျိုးတော်နှင့် စပ်ဆိုင်၍ဖော်ပြသည့်နည်းတူ ကဗျာအလင်္ကာဆိုင်ရာကျမ်းတို့သည်လည်း ထိုလူမျိုးတို့၏ စိတ်ခံစားခြင်းဆိုင်ရာ သဘောထားများကို ဖော်ပြထားပါသည်။ ရာဇဝင်ကျမ်းတို့၌ ဟေဗြဲလူမျိုးနွယ်စုတို့အကြောင်းပါဝင်ခဲ့ပါသည်။ ကဗျာအလင်္ကာကျမ်းတို့၌ လူသားတို့၏ စိတ်နှလုံးသဘောတို့ကို ဖော်ပြထားပါသည်။

ကဗျာအလင်္ကာတို့သည် ဓမ္မဟောင်းကျမ်းတို့နှင့်သာဆိုင်သော ကဗျာအလင်္ကာများမဟုတ်ပါ။ ထိုကျမ်းတို့တွင် နောက်ပိုင်း၌ ကျွန်ုပ်တို့တွေ့မြင်ကြရမည်ဖြစ်သော ကျမ်းရေးသောသူတို့၏ ပုံတူသရုပ်ဖော်ခြင်းများကို ကြီးမားကျယ်ပြန့်စွာ ဖော်ပြထားပါသည်။

ဓမ္မဟောင်းကျမ်းသည် ဣသရေလလူမျိုးတို့နှင့်ပတ်သက်၍ သူတို့၏ အရေးပါသော ကျင့်ဝတ်တရားတို့၏ ရှုထောင့်အမြင် သို့မဟုတ် ဘုရားသခင်ရွေးကောက်တော်မူသောသူများဖြစ်ကြောင်းနှင့်ဆက်နွယ်ပြီး အဓိကအပိုင်းလေးပိုင်း ခွဲခြားထားပါသည်။

၁။ ပညတ်တရားတော်-ဣသရေလလူမျိုးတို့၏ ကျင့်ဝတ်တရားပိုင်းနှင့် ဆက်နွယ်ခြင်း

၂။ ရာဇဝင်သမိုင်းနှင့်ဆိုင်သော-ဣသရေလလူမျိုးတို့၏ တိုးတက်များပြားလာခြင်းနှင့် သူတို့၏ အသက်တာများနှင့် ဆက်နွယ်ခြင်း

၃။ ကဗျာလင်္ကာနှင့်ဆိုင်သော - ဣသရေလလူမျိုးတို့၏ ဝိညာဉ်ရေးရာ အသက်တာ များနှင့်ဆက်နွယ်ခြင်း

၄။ ပရောဖက်ပြုခြင်းဆိုင်ရာ-မေရှိယပေါ်၌ ပြည့်စုံလာမည့် ဣသရေလလူမျိုးတို့၏ အနာဂတ်ရေးရာနှင့်ဆက်နွယ်ခြင်း

ကဗျာအလင်္ကာဆိုင်ရာငါးကျမ်းတို့ကိုလည်း တစ်ခုနှင့်တစ်ခုဆက်နွယ်ပုံကို အောက်ပါ

အတိုင်း ရှုမြင်သုံးသပ်နိုင်ပါသည်။

၁။ ယောဘဝတ္ထု - ဒုက္ခဆင်းရဲခံခြင်းအားဖြင့် ကောင်းကြီးမင်္ဂလာများကို ခံစားရရှိခြင်း

၂။ ဆာလံကျမ်း - ဆုတောင်းပဌနာပြုခြင်းအားဖြင့် ချီးမွမ်းခြင်း

၃။ သုတ္တံကျမ်း - အထုံးအဖွဲ့တော် (ပညတ်တရား) အားဖြင့် ဉာဏ်ပညာရရှိခြင်း

၄။ ဒေသနာကျမ်း - ဖြစ်ရပ်မှန်များအားဖြင့် သမ္မာတရားရရှိခြင်း

၅။ ရှောလမုန်သီချင်း - ပူးပေါင်းညီညွတ်ခြင်းအားဖြင့် ဝမ်းမြောက်ခြင်း

ဟေဗြဲကဗျာအလင်္ကာတို့၏ အချိန်ကာလအပိုင်းအခြားများ၊

ဓမ္မဟောင်းကျမ်းတစ်လျှောက်၌ ဟေဗြဲကဗျာလင်္ကာများပေါ်လာသည်နှင့်အညီ ကဗျာလင်္ကာ ဆိုင်ရာ စာပေအရေးအသားတို့နှင့်ဆိုင်သော အခြေခံအချိန်ကာလ အပိုင်းအခြား သုံးပိုင်း ရရှိပါသည်။

၁။ ဘိုးဘေးဘီဘင်နှင့်ဆိုင်သော ခေတ်ကာလ - ယောဘဝတ္ထု (၁၇၅၀ ဘီစီအတွင်း)

၂။ ဒါဝိဒ်မင်းနှင့်ဆိုင်သော ပဋိညာဉ်ခေတ်ကာလ - ဆာလံကျမ်း (၁၀၅၀ ဘီစီအတွင်း)

၃။ ရှောလမုန်မင်းနှင့်ဆိုင်သော ပဋိညာဉ်ခေတ်ကာလ ( ၉၅၀ ဘီစီအတွင်း)

(က) ရှောလမုန်သီချင်း - လူပျိုတစ်ဦး၏ ချစ်ခြင်းမေတ္တာ

(ခ) သုတ္တံကျမ်း - အလယ်ခေတ်ကာလ လူတို့၏ ဉာဏ်ပညာ

(ဂ) ဒေသနာကျမ်း - လူအိုတစ်ဦး၏ ဝမ်းနည်းကြေကွဲခြင်း (၉၅၀ ဘီစီ အတွင်း) [၂၀]

## ခရစ်တော်ကို ကဗျာအလင်္ကာကျမ်းများ၌ တွေ့မြင်ရပုံ

မေရှိယတည်းဟူသော ခရစ်တော်သည် သမ္မာကျမ်းစာတစ်ခုလုံး၏ နှလုံးအခြေအမြစ် အလယ်ဗဟိုဖြစ်တော်မူကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ခရစ်တော်ကို လက်ဝါးကပ်

တိုင် ပေါ်၌ ရိုက်ထားတော်မူခြင်း၊ အသေခံတော်မူခြင်းအကြောင်း စိတ်ပျက်အားငယ်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်းနှင့် ရှင်ပြန်ထမြောက်တော်မူကြောင်း သတင်းအကြောင်း စိတ်ရှုပ်ထွေး လျက်ရှိသော ဧမောက်မြို့သို့သွားသည့် တပည့်တော် နှစ်ယောက်တို့အား ရှင်ပြန်ထမြောက် တော်မူပြီးဖြစ်သော ကယ်တင်ရှင်သည် သူတို့နှင့်အတူ ဘေးချင်းယှဉ်၍ လျှောက်လာပြီး သမ္မာကျမ်းစာ၌ သူ့အကြောင်းရေးထားသမျှတို့ကို ရှင်းလင်းဖွင့်ပြပေးတော်မူခဲ့ပါသည် (လုကာ၊ ၂၄း၂၇)။ ထို့နောက်ပိုင်း၌ သူသည် တပည့်တော် တစ်ဆယ့်တစ်ပါးတို့ထံသို့ ထင်ရှား ပေါ်လာသောအခါ *"တစ်ဖန်မိန့်တော်မူသည်ကား၊ မောရှေ၏ ပညတ္တိကျမ်းစာ၌လည်းကောင်း၊ ပရောဖက်တို့၏ ကျမ်းစာ၌လည်းကောင်း၊ ဆာလံကျမ်းစာ၌လည်းကောင်း၊ ငါ့ကို ရည်မှတ်၍ ရေးထားသမျှသောအချက်တို့သည် ပြည့်စုံရမည်ဟု ငါသည် သင်တို့နှင့်အတူ ရှိစဉ် သင်တို့အား ဟောပြောသော အကြောင်းအရာတို့ကား ဤအကြောင်းအရာပေတည်းဟု မိန့်တော်မူ၏"* (လုကာ၊ ၂၄း၄၄)။

ဤအကြောင်းအရာကို စိတ်နှလုံးသို့ထားခြင်းဖြင့်၊ ကဗျာအလင်္ကာကျမ်းများနှင့်ဆိုင်သော ကျမ်းတစ်ခုခြင်းစီတို့ကို ခြုံငုံသုံးသပ်၍ လေ့လာခြင်းကို အစမပြုမှီ၊ ခရစ်တော်နှင့် စပ်ဆိုင်သော သူတို့၏အမြင်ကို ကောင်းမွန်စွာ ရရှိဖို့လိုအပ်ပါသည်။ ဤအချက်များနှင့် ဆိုင်သော နော်မန်ဂီးစလာ (Norman Geisler) ဆိုသူသည် အောက်ပါအတိုင်း ရေးသားခဲ့ပါသည်။

> "ပညတ္တိကျမ်း၌ခရစ်တော်အတွက်အခြေခံအုတ်မြစ်ကိုချထားပြီး၊ရာဇဝင်ကျမ်း၌ ခရစ်တော်အတွက် ပြင်ဆင်ခြင်းကိုပြုကာ ကဗျာအလင်္ကာကျမ်းသည် လူတို့၏နှလုံးသားထဲ၌ ခရစ်တော်အတွက် နေရာလိုအပ်နေကြောင်းကို ဖွင့်ပြပေးပါသည်။ခရစ်တော်၏အသက်တာ၌ပြည့်စုံတော်မူသည့်အကြောင်းကို သူတို့သည်အတိအလင်းဖော်ပြထားခြင်းနှင့်ထုတ်ဖော်၍မပြောသော်လည်းသဘောပေါက်ပြီးဖြစ်ခြင်းနှစ်ခုစလုံးတို့ဖြင့်လည်းကောင်း၊သိရှိလျက်သော်လည်းကောင်း၊ မသိရှိလျက်နှင့်သော်လည်းကောင်း တိုက်တွန်းကြပါသည်။" ၂၀

ခရစ်တော်အားဖြင့် ဆင်ခြင်နှလုံးသွင်းရန် လိုအပ်ကြောင်းကို ယောဘဝတ္ထုက ဖော်ပြထားပါသည်။ ခရစ်တော်နှင့် ပူးပေါင်းမိတ်သဟာယဖွဲ့ခြင်း လိုအပ်သည်ကို ဆာလံကျမ်း၌ ဖော်ပြထားပါသည်။ ခရစ်တော်၌ ဉာဏ်ပညာလိုအပ်ကြောင်းကို သုတ္တံကျမ်း၌ ဖော်ပြ

ထားပါသည်။ လုံးလုံးလျားလျား ကျေနပ်နှစ်သိမ့်မှုလိုအပ်ကြောင်းကို ဒေသနာကျမ်း၌ ဖော်ပြထားပါသည်။ ခရစ်တော်နှင့်အတူ ပူးပေါင်းလျက် ချစ်ခြင်းမေတ္တာ လိုအပ်နေသည်ကို ရှောလမုန်သီချင်း၌ ဖော်ပြထားပါသည်။

# ဟေဗြဲကဗျာအလင်္ကာ

## ဟေဗြဲကဗျာအလင်္ကာ၏ သဘောသဘာဝ

ဟေဗြဲကဗျာအလင်္ကာသည် အင်္ဂလိပ်ကဗျာအလင်္ကာကဲ့သို့ ကာရန်နှင့်တိုင်းတာမှတ်သားခြင်းတို့ကို အထူးပြုထားခြင်းမရှိပါ။ ဟေဗြဲကဗျာအလင်္ကာတို့မှာ သြဇာသက်ရောက်မှုရှိရန်အတွက်၊ အခြားသော စရိုက်လက္ခဏာများပေါ်၌ မှီခိုပါသည်။ ဥပမာသာဓကများ (ကွဲပြား ခြားနားခြင်းတို့ကို နှိုင်းယှဉ်ဖော်ပြခြင်း) မှာ သမ္မာကျမ်းစာနှင့်ဆိုင်သော ကဗျာအလင်္ကာတို့၌ အရေးပါဆုံးသော စရိုက်လက္ခဏာဖြစ်ပါသည်။ ဟေဗြဲကဗျာအလင်္ကာများ၌ “ပုံဆောင်၍ ပြောဆိုခြင်း” သဘောမြောက်များစွာ ပါရှိပါသည်။

## ဟေဗြဲကဗျာအလင်္ကာသုံးမျိုးသုံးစား

ဟေဗြဲကဗျာအလင်္ကာ၌ သုံးမျိုးသုံးစားဟူ၍ ရှိပါသည်။ (၁) စိတ်ခံစားချက်ပါသော တေးကဗျာအလင်္ကာဖြစ်ပြီး၊ ရှေးသုံးစောင်းတူရိယာ (ဆာလံသီချင်းများ) ပေါ်၌ တေးဂီတအားဖြင့် ပါဝင်ပေါင်းစည်းထားခြင်းဖြစ်ပါသည်။ (၂) သြဝါဆိုင်ရာ ကဗျာအလင်္ကာသည် ဘဝအသက်တာ၏ အခြေခံနိယာမများနှင့် ပူးပေါင်းဆက်သွယ်ရာတွင် သမ္မာတရားကို ဖော်ထုတ်ပြရန် အသုံးပြုသော သွန်သင်ခြင်းဆိုင်ရာ တေးကဗျာဖြစ်ပါသည် (သုတ္တံကျမ်း၊ ဒေသနာကျမ်း)။ (၃) ဇာတ်လမ်းပြဇာတ်ပိုင်းဆိုင်ရာတွင် အသုံးပြုပါသည် (ယောဘဝတ္ထုနှင့် ရှောလမုန်သီချင်း)။

## ဟေဗြဲကဗျာအလင်္ကာတို့နှင့်ဆိုင်သော အဓိကသော့ချက်ဝိသေသ လက္ခဏာနှစ်မျိုး

ဥပမာတင်မြောက်ခြင်းသည် ပထမသော့ချက် ဝိသေသလက္ခဏာဖြစ်ပါသည်။ ဟေဗြဲ

ကဗျာအလင်္ကာများသည်နိုင်းယှဉ်ဖော်ပြသော တွေးတောချက်များကို ဥပမာ တင်မြောက်ခြင်းအားဖြင့် ညွှန်ပြကာ ပြန်လည်၍ စီစဉ်ပြုစုထားပါသည်။

(က)အဓိပ္ပါယ်တူဖြစ်သော-ပထမစာကြောင်း၏ တွေးတောချက်ကို ဒုတိယစာကြောင်းတွင် ကွဲပြားခြားနားသော စကားလုံးများဖြင့် အခြေခံကျကျပြန်လည်၍ ဖော်ပြပေးသည် (ဆာလံ၊ ၂း၄၊ ၃း၁၊ ၇း၁၇)။

(ခ) ဆန့်ကျင်ဘက်နှင့်ဆိုင်သော - ပထမစာကြောင်း၏ တွေးတောချက်များကို ဒုတိယ စာကြောင်းတွင် မတူကွဲပြားကြောင်းကို အထူးပြုထားပါသည် (ဆာလံ၊ ၁း၆၊ ၃၄း၁၀)။ ထိုအရာတို့မှာ မကြာခဏဆိုသလို "သို့သော်လည်း" ဟူ၍ အထောက်အထား ပြတတ်ပါသည်။

(ဂ) ပေါင်းစပ်ဖွဲ့စည်းထားသော - ပထမစာကြောင်း၏ သဘောထားအယူအဆကို ဒုတိယစာကြောင်းတွင် ရှင်းလင်းစေပါသည်။ သို့မဟုတ် သာ၍တိုးပွားတည်ဆောက်စေပါသည် (ဆာလံ၊ ၁း၃၊ ၉၅း၃)။

(ဃ)ရာသီဥတုနှင့်သက်ဆိုင်သော - ဒုတိယစာကြောင်းသည် နောက်ဆုံးအသုံးအနှုန်း စကားလုံး၏ လက်ခံနိုင်ဖွယ်ရှိကြောင်း ပြန်လည်၍ဖော်ပြ၏ (ဆာလံ၊ ၂၉း၁)။

(င) သင်္ကေတနှင့်ဆိုင်သော - စာကြောင်းတစ်ကြောင်းသည် အဓိကအချက်ကို ပို့ဆောင်၍ အဓိပ္ပါယ်နားလည်စေပြီး၊ ဒုတိယစာကြောင်းသည် ထိုအကြောင်းကို ပုံတူအရိပ်အားဖြင့် ဖွင့်ပြပေးပါသည် (ဆာလံ၊ ၄၂း၁၊ ၂၃း၁)။

ပုံဆောင်၍ ပြောဆိုခြင်းသည် ဒုတိယသော့ချက် (ဝိသေသလက္ခဏာဖြစ်ပါသည်)။ ပုံဆောင်၍ ပြောဆိုခြင်းမှာ အခြားအကြောင်းအရာတစ်ခုကို တင်ဆက်ရာတွင် တစ်စုံတစ်ခုကို အသုံးပြုသောအခါ ဖြစ်ပေါ်လာပါသည်။ အတွေးအခေါ်များနှင့် စိတ်အာရုံခံစားမှုများကို ဆက်သွယ်ပေးရာတွင် ဟေဗြဲကဗျာလင်္ကာ၌ ပုံဆောင်၍ ပြောဆိုခြင်းကို အသုံးပြုပါသည်။

ဥပမာ၊ *"ထာဝရဘုရား၏ တရားတော်၌ မွေ့လျော်သောသူတစ်ဦးသည် မြစ်နားမှာ စိုက်သော အပင်နှင့်တူ၏"* (ဆာလံ ၁း၂-၃)။ *"မွေ့လျော်သောသူတစ်ဦးမှာ"* အမှန်စင်စစ်

"သစ်ပင်" တစ်ပင်သက်သက်မဟုတ်ပါ။ ထိုသူအား သစ်ပင်တစ်ပင်နှင့် ပုံနှိုင်းထား ခြင်းဖြစ်ပါသည်။ "တူ၏" သို့မဟုတ် "ကဲ့သို့" ဟူသောစကားလုံးတို့မှာ ဤကဲ့သို့သောစာကြောင်း အမျိုးအစားများဖြစ်ကြ၏ (ဆာလံ၊ ၅း၁၂၊ ၁၇း၈၊ ၁၃၁း၂)။

ပုံဆောင်၍ ပြောဆိုခြင်းအခြားတစ်ခုမှာ "ဖြစ်၏" ဟူသောစကားလုံးကို အသုံးပြုခြင်းအားဖြင့် တစ်စုံတစ်ရာကို အခြားသောတစ်စုံတစ်ရာဖြင့် နှိုင်းယှဉ်ပြခြင်းဖြစ်ပါသည်။ ဆာလံ၊ ၂၃း၁ ၌ ဒါဝိဒ်မင်းက၊ *"ထာဝရဘုရားသည် ငါ၏ သိုးထိန်းဖြစ်တော်မူ၏"* ဟူ၍ ဆိုထားပါသည်။ သို့ရာတွင် သိုးထိန်းသည် မိမိသိုးကို ထိန်းသကဲ့သို့ပင် ထာဝရဘုရားသည် သူ့အား ထိန်းတော် မူကြောင်းကို ဆိုလိုပါသည် (ဆာလံ၊ ၈၄း၁၁၊ ၉၁း၄)။

ဆိုလိုသည့်အချက်များထက် ပိုမို၍ လွန်ကဲစွာပြောဆိုခြင်း အချိန်လည်းရှိ၏။ ဆာလံ၊ ၆း၆၌ ဒါဝိဒ်မင်းကြီးက၊ *"အကျွန်ုပ်ကုတင်ကို ကိုယ်မျက်ရည်၌ တညဥ့်လုံးမျှော၍၊ အိပ်ရာကိုလည်း မွန်းစေပါ၏"* ဟုဆိုခဲ့ပါသည်။ ဤနေရာ၌ သူ၏ ဝမ်းနည်းခြင်းအကြောင်းကို ဆိုလိုပါသည်။ ဒါဝိဒ်သည် သူ၏ အိပ်ရာကုတင်ကို မျှောသွားရလောက်အောင် မျက်ရည်များစီးဆင်းပြီး ငိုနေခြင်းမဟုတ်ပါ (ဆာလံ၊ ၇၈း၂၇၊ ၁၀၇း၂၆)။

တစ်ခါတစ်ရံ မေးခွန်းတစ်ခုကို အမှန်ဖြစ်သောအရာအား အတည်ပြုခိုင်ခန့်စေခြင်း သို့မဟုတ် ပြောင်ငြင်းဆိုခြင်းသဘောဖြင့် မေးခွန်းကို မေးလေ့မေးထရှိပါသည်။ ဒါဝိဒ်မင်းက၊ *"ကိုယ်တော်နှင့် အဘယ်သူတူပါသနည်း"* ဟု လျှောက်ဆိုရာ၌ (ဆာလံ၊ ၃၅း၁၀) သူ၏ အလိုဆန္ဒမှာ ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းကို အထူးပြု ဖော်ပြလိုခြင်းဖြစ်ပါသည်။ "မည်သူမျှမရှိပါ" ဟူသောအဖြေကို ရရှိဖို့ရန်သဘောဖြင့် မေးခြင်းမဟုတ်ပါ

(ဆာလံ၊ ၅၆း၈၊ ၁၀၆း၂)။

ပုံဆောင်၍ တင်စားပြောဆိုခြင်း နောက်ဆုံးဥပမာတစ်ခုမှာ၊ ဘုရားသခင်၏ ပုဂ္ဂိုလ်တော်ကို ဖော်ပြထင်ရှားစေရန် တိရိစ္ဆာန်တစ်ကောင်၏ အစိတ်အပိုင်းတစ်ချို့ကို အသုံးပြုထားခြင်း ဖြစ်ပါသည်။ ဤအရာမှာ ဘုရားသခင်အကြောင်းနှင့် သက်ဆိုင်၍ မှန်ကန်မှုအကြောင်းများကို အသေအချာသိရှိ၍ အဓိပ္ပါယ်သက်ဝင်နားလည်စေရန် ဖြစ်ပါသည်။ ဥပမာ၊ ဆာလံ၊ ၁၇း၈ ၌ ဒါဝိဒ်မင်းက ထာဝရဘုရားသခင်အား၊ *"အတောင်တော် အရိပ်ထဲမှာ ဖုံးအုပ်တော်မူပါ"* ဟူ၍ တောင်းလျှောက်ပါ၏။ ဤနေရာ၌ ဘုရားသခင်သည် အမှန်စင်စစ် ငှက်တစ်ကောင် မဟုတ်ပါ။ သို့သော်လည်း၊ မိခင်ငှက်သည် သူ၏ ငှက်

ကလေးကို ကာကွယ် စောင့်မသကဲ့သို့ ဘုရားသခင်အား ထိုသို့ပြုလုပ်ပါရန် ဒါဝိဒ်က တောင်းလျှောက်ခြင်းဖြစ်ပါသည် (ဆာလံ၊ ၉၁း၄)။

# ယောဘဝတ္ထု

## (ဒုက္ခဆင်းရဲခံရခြင်းအားဖြင့် ကောင်းကြီးမင်္ဂလာများ)

## ကျမ်းရေးသူနှင့် ကျမ်းအမည်

ဤကျမ်းကို ရေးသားခဲ့သောသူမှာ မည်သူဖြစ်သည်ကို မသိရပါ။ မည်သူသည် ကျမ်းကို ရေးသားသူဖြစ်ကြောင်း အခိုင်အလုံထောက်ပြနိုင်သော မူရင်းစာမူနှင့် ဆိုင်သော အရာ မရှိပါ။ ဤကျမ်းမှာ ယောဘ၏ အဓိကကျသော အကျင့်စရိုက်များမှ ကျမ်းအမည် ထင်ထင်ရှားရှား ပေါ်လာသည်ကို ကျွန်ုပ်တို့သိကြပါသည်။

သူသည် သမိုင်းဝင်ပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့ပါသည် (ယေဇကျေလ၊ ၁၄း၁၄၊ ၂၀၊ ယာကုပ်၊ ၅း၁၁)။ ကျမ်းကို ဝေဖန်သောသူတို့ကမူ ယောဘကိုယ်တိုင်၊ ဧလိဟု၊ မောရှေ၊ ရှောလမုန် သို့မဟုတ် အခြားသောသူများလည်းဖြစ်နိုင်သည်ဟု ယူဆခဲ့ကြပါသည်။

အာဗြဟံ၊ ဣဇက်၊ ယာကုပ်နှင့် ယောသပ်တို့ခေတ်အချိန်၌ ယောဘဝတ္ထုသည်လည်း ဒုက္ခဆင်းရဲခြင်း (မိမိချမ်းသာကြွယ်ဝမှု၊ မိသားစုနှင့် ကျန်းမာရေးကိုပါ ဆုံးရှုံးခြင်း) အကြီးအကျယ် ခံစားရသောအချိန်ကို ရုန်းကန်လာခဲ့သော အဓိကဇာတ်ကောင် ယောဘ ၏အမည်ဖြင့် ကျမ်းအမည်ကို မှည့်ခေါ်ခြင်းဖြစ်ပါသည်။

## ကျမ်းရေးသားခဲ့သည့်ခုနှစ်

ကျမ်းရေးသားသူကို မည်သူဖြစ်ကြောင်း ကျွန်ုပ်တို့အထောက်အထားမပြနိုင်သည့်နည်းတူ ရေးသားခဲ့သည့် အချိန်ကာလကိုလည်း အမှန်တကယ်သိရှိရန် မဖြစ်နိုင်ပါပေ။ မည်သို့ပင် ဆိုစေ၊ ထိုကျမ်းကို ရေးသားခဲ့သည့်ကာလမှာ မောရှေပညတ်တရားကို မပေးမီကာလ (၁၄၄၅-၁၄၀၅ ဘီစီ) ဖြစ်နိုင်ပါသည်။ ပညတ်တရားကိုမပေးမီ ဝတ်ပြုခြင်းဆိုင်ရာ ယဇ်ပုရောဟိတ်နှင့်၊ မိသားစု၌ ဦးခေါင်းမှာ ယဇ်ပုရောဟိတ်ဖြစ်ပါသည်။ ယောဘသည်

လည်း မိသားစု၏ ယဇ်ပုရောဟိတ်အနေဖြင့် ယဇ်ပူဇော်ခြင်းများကို ပြုခဲ့ကြောင်း မြင်ရပါသည် (ယောဘ၊ ၁း၅)။ ဤအကြောင်းအချက်အားဖြင့် ယောဘဝတ္ထုသည် ပညတ်တရားကိုမပေးမှီ အလျင်ကျကြောင်း ဖော်ပြထားပါသည်။ အာဗြဟံ၏ ခေတ်ကာလအတွင်း ဖြစ်နိုင်ဖွယ်ရှိပါသည်။

## ဦးတည်သည့် ရည်ရွယ်ချက်အကြောင်းရင်း

ယောဘဝတ္ထုသည် ဘုရားသခင်၏ ကောင်းမြတ်တော်မူခြင်း၊ တရားမျှတတော်မူခြင်းနှင့် စိုးစံတော်မူခြင်း၊ ဒုက္ခဆင်းရဲခြင်းနှင့် မကောင်းမှုများပေါ်၌ စီရင်ပိုင်သော အသက်ရှင်တော်မူသည့် ဘုရားသခင်ဖြစ်ကြောင်း ရှင်းလင်းထင်ရှားစေပါသည်။ သို့ဖြစ်၍ ဤကျမ်းသည် ဖြောင့်မတ်သောသူသည် အဘယ်ကြောင့် ဒုက္ခဆင်းရဲခြင်းကို ခံရသနည်း၊ အကယ်၍ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာကရုဏာတော်နှင့် ပြည့်စုံတော်မူသော ဘုရားသခင်မဟုတ်ပါ လောဟူသော မေးခွန်းနှင့် ဘုရားသခင်၏ တန်ခိုးအာဏာဖြင့် အုပ်စိုးတော်မူခြင်းနှင့် လူတို့သည် ထိုအကြောင်းကို ဝန်ခံသိမှတ်ကြရန် လိုအပ်ကြောင်း ဤကျမ်း၌ ရှင်းလင်းစွာ သွန်သင်ထားပါသည်။ ယောဘ၏ မိတ်ဆွေသုံးဦးတို့ကလည်း ထိုနည်းတူပင် ပြောဆိုခဲ့ကြသည်။ သူတို့က ဒုက္ခဆင်းရဲခြင်းအားလုံးတို့မှာ အပြစ်ဒုစရိုက်ကြောင့် ဖြစ်သည်ဟု ပြောဆိုခဲ့ ကြပါသည်။ မည်သို့ဆိုစေကာမူ ထိုဒုက္ခဆင်းရဲခြင်းသည် ဖြောင့်မတ်သောသူတို့ကို ဖြူစင်စေ ရန်ဖြစ်ကြောင်း ဧလိဟုက ထုတ်ဖော်ခဲ့ပါသည်။ သို့ဖြစ်၍ ဘုရားသခင်၏ အကြံအစည်မှာ ယောဘ၏ မဖြောင့်မတ်ခြင်းများကို ဖယ်ရှား၍ ထာဝရဘုရား၌ အပြည့်အဝခိုလှုံကိုးစားရန် ဖြစ်ပါသည်။[၂၂] ဦးတည်ရည်ရွယ်ချက် အကြောင်းရင်းကို Gleason Archer ဆိုသူက အောက်ပါ အတိုင်း ထိရောက်စွာ အကျဉ်းချုံး၍ ဆိုခဲ့ပါသည်။

> "ဤကျမ်း၌ ဘုရားသခင်ကို ကြောက်သောသူတို့၏ အသက်တာထဲ၌ နာကြင်ခြင်းဝေဒနာ ရုတ်တရက် ကျရောက်သော ဘေးဒုက္ခဆိုင်ရာပြဿနာ အယူအဆ များပါဝင်ပါသည်။ ဖြောင့်မတ်သောသူတို့သည် အဘယ်ကြောင့် ဒုက္ခဆင်းရဲခြင်း ခံရပါသနည်းဟူသော မေးခွန်းကို နားလည်စေပါသည်။ ဤသို့ အောက်ပါအတိုင်း အဖြေသုံးမျိုးသုံးစား ရရှိနိုင်ပါသည်။ (၁) ဘုရားသခင်သည် သူပေးသော ကောင်းကြီးမင်္ဂလာများကို ရုပ်သိမ်းသော်လည်း၊

ချစ်ခင်မြတ်နိုးရန် ထိုက်တန်သော ဘုရားဖြစ်ပါသည်။ (၂) ဘုရားသခင်သည် ဒုက္ခဆင်းရဲခြင်းများကို ဘုရားကို ကြောက်ရွံ့သောသူတို့၏ ဝိညာဉ် အသက်တာကို ဖြူစင်စေရန်နှင့် ခွန်အားဖြင့် ပြည့်စေရန် ခွင့်ပြုတတ်ပါသည်။ (၃) ဘုရားသခင်၏ အကြံအစည်တော်နှင့် လမ်းခရီးတော်မှာ ကျဉ်းမြောင်း သော လူသားတို့၏ စိတ်အတွေးအခေါ်များကို ကြီးမားကျယ်ပြန့် လာစေရန် ဖြစ်ပါသည်။ လူသားတို့သည် ဘဝ၏ အသက်တာ အခြေအနေ၊ အသက်ရှင်ခြင်းနှင့် တန်ခိုးရှိသည့် ဘုရားသခင်၏ အကြံအစည် တော်ကို မြင်နိုင်ရန် မတတ်နိုင်ကြသော်လည်း၊ အနန္တဘုရားသခင်သည် သူ၏ ဘုန်းတော် ထင်ရှားစေဖို့ရန်နှင့် အကောင်းဆုံးသောအရာများကို သိမြင်တော်မူ၏။ ဤသို့ ဖြေကြားခြင်းမှာ ယောဘအား အားပေးနှစ်သိမ့်ရန်လာသော မိတ်ဆွေသုံးဦး ဖြစ်သည့် ဧလိဖတ်၊ ဗိလဒဒ်နှင့် ဇောဖာတို့၏ ရှုထောင့်အမြင်ကို ဆန့်ကျင် လျက်ရှိပါသည်။ [၂၄]

ထို့အပြင် ဤကျမ်း၏ ရည်ရွယ်ချက်မှာ ဘုရားသခင်နှင့် စာတန်ကြား၌ ပဋိပက္ခဖြစ်သော ခေတ်ကာလနှင့် ဤကဲ့သို့ ပဋိပက္ခဖြစ်ခြင်းတွင် ဒုက္ခဆင်းရဲခံရခြင်းကြား၌ ပူးပေါင်းဆောင်ရွက်ဆက်သွယ်ခြင်းကို ဖော်ပြရန်ဖြစ်ပါသည်။ နောက်ဆုံးတွင် (ရောမ၊ ၈း၂၈) တွင် ရေးထားသော အမှန်တရားကို ထင်ဟပ်ပေါ်လွင်စေပါသည်။

## အဓိကပါဝင်သောသူများ

အပြစ်ကင်းစင်၍ ကျော်ကြားသော ယောဘ၊ စာတန်၊ ယောဘအား အပြစ်တင်သော သူများဖြစ်ကြသည့် ဧလိဖတ်၊ ဗိလဒဒ်။ ဇောဖာနှင့် ယောဘမိတ်ဆွေများထဲမှာ အသက်အငယ်ဆုံးနှင့် ပညာအရှိဆုံးဖြစ်သော ဧလိဟုတို့ဖြစ်ပါသည်။

## ခရစ်တော်ကို ယောဘဝတ္ထု၌မြင်ရပုံ

ယောဘဝတ္ထု၌ ခရစ်တော်အား နည်းလမ်းမျိုးစုံဖြင့် တွေ့မြင်နိုင်ပါသည်။ ယောဘသည် ရွေးနှုတ်ကယ်တင်သူ (၁၉း၂၅-၂၇) နှင့် ကြားခံလူ (၉း၃၃၊ ၃၃း၂၃) တို့ကို သတိပြုစေပါသည်။ ဘုရားသခင်ကို လုံးလုံးလျားလျား ပုန်ကန်ဆန့်ကျင်ခြင်းတည်းဟူသော စာတန်၏ အပြစ်တင်ဝေဖန်ခြင်းတို့အားဖြင့် ကျွန်ုပ်တို့ခံစားသော ဒုက္ခဆင်းရဲခြင်းများကို ခရစ်တော်၌ သာလျှင် “အဖြေ” ရှိကြောင်း၊ ဒုက္ခဆင်းရဲခံရခြင်း၏ နက်နဲသောအရာကို

ရှင်းလင်းဖော်ပြ ပေးရန် ယောဘသည် တစ်စုံတစ်ယောက်သောသူကို လိုအပ်နေကြောင်း သူသိခဲ့ပါသည် (ဟေဗြဲ၊ ၂း၁၄-၁၈၊ ၄း၁၅၊ ရောမ၊ ၈း၃၂-၃၄)။

## အဓိကအရေးကြီးသောအချက်များ

၁။ နိဒါန်း၊ ယောဘ၏ ဒုက္ခဆင်းရဲခံရခြင်း (၁း၁-၂း၁၃)။

(က)ယောဘ၏ အသိုင်းအဝန်းပတ်ဝန်းကျင်နှင့် သူ၏ အလေ့အထ (၁း၁-၅)။

(ခ) ယောဘ၏ ပြဿနာများနှင့် ထိုပြဿနာများ၏ရင်းမြစ် - စာတန် (၁း၆-၂း၁၀)။

(ဂ) ယောဘအား နှစ်သိမ့်အားပေးသူများ (၇း၁၁-၁၃)။

၂။ မိတ်ဆွေသုံးဦးအားဖြင့် လွဲမှားစွာအားပေးခြင်းပေါ်၌ အပြန်အလှန်ပြောဆိုခြင်း (၃း၁-၃၁း၄၀)။

(က)ပထမအကြိမ် အပြန်အလှန်ငြင်းခုံခြင်း (၃း၁-၁၄း၂၂)။

(၁) ယောဘ၏ ငိုကြွေးခြင်း (၃း၁-၂၆)။

(၂) ဧလိဖတ်၏ တုံ့ပြန်မှု (၄း၁-၅း၂၇)။

(၃) ယောဘ၏ တုန့်ပြန်မှု (၆း၁-၇း၂၁)။

(၄) ဗိလဒဒ်၏ တုံ့ပြန်မှု (၈း၁-၂၂)။

(၅) ယောဘ၏ ချေပချက် (၉း၁-၁၀း၂၂)။

(၆) ဇောဖာ၏ တုန့်ပြန်မှု (၁၁း၁-၂၀)။

(၇) ယောဘ၏ ချေပချက် (၁၂း၁-၁၄း၂၂)။

(ခ) ဒုတိယအကြိမ် အပြန်အလှန်ငြင်းခုန်ခြင်း (၁၅း၁-၂၁း၃၄)။

(၁) ဧလိဖတ်၏ တုန့်ပြန်မှု (၁၅း၁-၃၅)။

(၂) ယောဘ၏ တုန့်ပြန်မှု (၁၆း၁-၁၇း၁၆)။

(၃) ဗိလဒဒ်၏ တုန့်ပြန်မှု (၁၈း၁-၂၁)။

(၄) ယောဘ၏ ချေပချက် (၁၉း၁-၂၉)။

(၅) ဇောဖာ၏ တုန့်ပြန်ချက် (၂၀း၁-၂၉)။

(၆) ယောဘ၏ ချေပချက် (၂၁း၁-၃၄)။

(ဂ) တတိယအကြိမ် အပြန်အလှန်ငြင်းခုန်ခြင်း (၂၂း၁-၃၁း၄၀)။

(၁) ဧလိဖတ်၏ တုန့်ပြန်ချက် (၂၂း၁-၃၀)။

(၂) ယောဘ၏ ချေပချက် (၂၃း၁-၂၄း၂၅)။

(၃) ဗိလဒဒ်၏ တုန့်ပြန်ချက် (၂၅း၁-၆)။

(၄) ယောဘ၏ ချေပချက် (၂၆း၁-၃၁း၄၀)။

၃။ ဧလိဟု ပြောကြားသောစကားများ (၃၂း၁-၃၇း၂၄)။

(က)ပထမမိန့်ခွန်း။ ။ ဘုရားသခင်သည် လူတို့အား ဆင်းရဲခြင်းဒုက္ခများကြားမှ သွန်သင်တော်မူခြင်း (၃၂း၁-၃၃း၃၃)။

(ခ) ဒုတိယမိန့်ခွန်း။ ။ ဘုရားသခင်၏ တရားမျှတခြင်းနှင့် ဉာဏ်ပညာတော်ကို သက်သေထူခြင်း (၃၄း၁-၃၇)။

(ဂ) တတိယမိန့်ခွန်း။ ။ သန့်ရှင်းစင်ကြယ်ခြင်းနှင့် သန့်ရှင်းခြင်း၌ တည်မြဲခြင်း။ (၃၅း ၁-၁၆)။

(ဃ)စတုတ္ထမိန့်ခွန်း။ ။ ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းနှင့် ဘုရားသခင် ပေါ်၌ ပြစ်တင်ခြင်းနှင့်ဆိုင်သော ယောဘ၏အပြစ်။ (၃၆း၁-၃၇း၂၄)

၄။ လေပွေကဲ့သို့ ပြင်းထန်သော ဒုက္ခဆင်းရဲခြင်းထဲမှ ဘုရားသခင်၏ ထင်ရှားဖော်ပြတော်မူခြင်း (၃၈း၁- ၄၂း၆)။

(က)ပထမဖွင့်ပြတော်မူခြင်း (၃၈း၁-၄၀း၅)။

(၁)ဘုရားသခင်၏ အနန္တတန်ခိုးသည် ဖန်ဆင်းခြင်းပေါ်၌ ထင်ရှားလာခြင်း (၃၈း၁-၃၉း၃၀)။

(၂)ယောဘ၏ မိမိအပြစ်ပြုမှုများခြင်းကို ဝန်ခံခြင်း (၄၀း၁-၄၀း၅)။

(ခ) ဒုတိယအကြိမ်ဖွင့်ပြတော်မူခြင်း၊ ဘုရားသခင်၏ တန်ခိုးတော်နှင့် လူတို့၏ အားနည်းချက်၊ ယောဘ၏ နိမ့်ချသော တုန့်ပြန်မှု (၄၀း၆-၄၂း၆)။

၅။ နောက်ဆုံးမိန့်တော်မူချက် (၄၂း၇-၁၇)။

(က)လွဲမှားစွာ နှစ်သိမ့်အားပေးသော သူတို့အပေါ်၌ ဘုရားသခင်၏ ပြစ်တင်ချက် (၄၂း၇-၉)။

(ခ) ယောဘ၏ ပြန်လည်ထူထောင်ခြင်းနှင့် ဆုလဒ်များ (၄၂း၁၀-၁၇)။

# ဆာလံကျမ်း

## (ဆုတောင်းပဌနာပြုခြင်းအားဖြင့် ချီးမွမ်းခြင်း)

### ကျမ်းရေးသူနှင့် ကျမ်းအမည်

ဆာလံကျမ်းသည် သမ္မာကျမ်းစာ၌ အရှည်ဆုံးသော ကျမ်းတစ်ခုဖြစ်ပါသည်။ သမ္မာကျမ်းစာအုပ်ထဲတွင် ကျယ်ပြန့်စွာ အသုံးပြုခြင်းခံရသော ကျမ်းလည်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဆာလံကျမ်းထဲ၌ လူသားတို့၏ ဘဝအသက်တာတွင် ကြုံတွေ့သမျှသော အရာ အားလုံးတို့နှင့်ဆိုင်သော လူ၏ နှလုံးသားအကြောင်းကို ပြောဆိုထားပါသည်။ ကြိမ်ဖန်များစွာ ငြီးတွားငိုကြွေးခြင်းမှ ဆုတောင်းခြင်းနှင့် ချီးမွမ်းခြင်းအားဖြင့် သီချင်းဆိုရသောအခွင့်သို့ ပြောင်းလဲစေပါသည်။ ဆာလံကျမ်း၏ တစ်ချို့အပိုင်းများတွင် ကျမ်းကိုရေးသောသူတို့ကို မဖော်ပြပါ။ ကျမ်း၏ ခေါင်းစဉ်များအားဖြင့် စာရေးသောသူတို့အား ဖော်ပြပေးပါသည်။ ကျမ်းရေးသောသူများအား ခေါင်းစဉ်များအားဖြင့် ပြထားသည်ကို အောက်ပါအတိုင်း တွေ့နိုင်ပါသည်။ [၂၄]

| ဆာလံကျမ်းရေးသောသူများ | | |
|---|---|---|
| ဒါဝိဒ် | ၇၃ | ကျမ်း ၁၊ ကျမ်း ၂၊ ၁၈ ကျမ်း ၃၊ ၁ ၊ ကျမ်း ၄၊ ၂၊ ကျမ်း ၅၊ ၁၅။ |
| အာဆပ် | ၁၂ | ဆာလံ ၅၀၊ ၇၃-၈၃ |
| ကောရ | ၁၂ | ဆာလံ ၄၂-၄၉၊ ၈၄၊ ၈၆၊ ၈၇၊ ၈၈ |
| ရှောလမုန် | ၂ | ဆာလံ ၇၂၊ ၁၂၇ |
| မောရှေ | ၁ | ဆာလံ ၉၀ |
| အီသန် | ၁ | ဆာလံ ၈၉ |

ဟေဗြဲဘာသာစကား၌ ဆာလံကျမ်းကို "ချီးမွမ်းခြင်း" သို့မဟုတ် "ချီးမွမ်းခြင်းဆိုင်ရာကျမ်းများ" ဟူ၍ အမည်ဘွဲ့နာမပေးပါသည်။ ဆာလံကျမ်းတစ်ခု (၁၄၅) တည်းကိုသာ "ချီးမွမ်းခြင်း" ဟူသောစကားလုံးဖြင့် အမှတ်လက္ခဏာပြပါသည်။ သို့သော် ချီးမွမ်းခြင်းသည် ဆာလံကျမ်း၏ အနှစ်သာရဖြစ်ပါသည်။ ဆာလံကျမ်းသည် တေးသီချင်း သို့မဟုတ် ကဗျာ အလင်္ကာများဖြင့် စပ်ဆိုကာ တူရိယာသံစုံဖြင့် သီဆိုရသော ကျမ်းဖြစ်ပါသည်။ "ဆာလံကျမ်း" ဟူသော စကားလုံးသည် ဟေဗြဲစကားလုံးမှလာ၍ "တူရိယာကြိုးတို့ကို တီးခတ်ရန်" ဟူ၍ ဆိုလိုပါသည်။

## ကျမ်းကိုရေးသောခုနှစ်

ဆာလံကျမ်း၌ အစဉ်လိုက်ဖြစ်သည့် သက္ကရာဇ်စာရင်းသည် ကျယ်ပြန့်စွာ တွေ့ရှိရပြီး၊ ရည်ရွယ်ချက်အကြောင်းရင်းများသည်လည်း အခြေအနေအမျိုးမျိုးတွင် နေထိုင်ခဲ့ကြသော ကွဲပြားခြားနားသည့် မြောက်မြားစွာသော စာဖတ်သူများအားဖြင့် မြောက်များစွာသော စိတ်နေစိတ်သဘောထားနှင့် အတွေ့အကြုံများကို ရောင်ပြန်ဟပ်၍ စာဖတ်သူတို့၏ နေ့စဉ် အသက်တာ၌ မည်သို့အသက်ရှင်ရမည့်အကြောင်းနှင့် စပ်လျဉ်းသော အလွန့်အလွန် အရေးကြီးသည့် အချက်အလက်များကို ဖော်ပြပေးပါသည်။ ဆာလံကျမ်းအမျိုးမျိုးတို့၏ ရေးသားသောခုနှစ်နှင့် ပတ်သက်၍ Gleason Archer ဆိုသူက အောက်ပါအတိုင်း ရေးသားထားပါသည်။

> "အစောဆုံးရေးသားထားသောကျမ်းမှာ ဆာလံကျမ်း (၉၀) ဖြစ်ပြီး မောရှေက ၁၄၀၅ ဘီစီခန့်တွင် ရေးသားခဲ့ခြင်းဖြစ်သည်။ ဒါဝိဒ်စပ်ဆိုသော ဆာလံကျမ်းများမှာ ၁၀၂၀ နှင့် ၉၇၅ ဘီစီကြားတွင် ရေးသားခဲ့သည်။ အာဆပ် ရေးသားသော ကျမ်းများမှာလည်း ထိုအချိန်ကာလအတွင်း ဖြစ်နိုင်ဖွယ်ရှိပါသည်။ ဆာလံ၊ ၁၂၇ မှ ရှောလမုန်မင်းစိုးစံသည့်ကာလထိ ၉၅၀ ဘီစီဖြစ်နိုင်ဖွယ်ရှိပါသည်။ ကောရ၏ မျိုးစဉ်ဆက်နှင့် Ezrahites နှစ်ဦးတို့၏ နေ့ရက်ကို ခန့်မှန်းရခက်ပါသည်။ သူတို့ မှာ ကျွန်အဖြစ် ဖမ်းသွားခြင်းမခံမီ ဖြစ်နိုင်ဘွယ်ရှိ၏။ ကျမ်းအမည်မပါသော ဆာလံကျမ်းမှာ ဒါဝိဒ်မင်းရေးသားခဲ့သော ဆာလံကျမ်းများဖြစ်ကြောင်း သံသယ ဆိုဖွယ်မရှိ (ဥပမာ ၂နှင့် ၃၃)။ နောက်ပြီး အခြားကျမ်းများကို သူတို့ပြန်လာ ခဲ့ကြပြီးသည့်နောက်ပိုင်း၌

ရေးသားခဲ့ဟန်တူပါသည် (ဥပမာ ၁၂၆နှင့် ၁၃၇)။ မည်သို့ဆိုစေကာမူ ဆာလံကျမ်းအားလုံးတို့ကို ခန့်မှန်းချေအားဖြင့် ၅၀၀ ဘီစီ ထက် နောက်ကျပြီး ရေးသားထားကြောင်း ခိုင်လုံသောအထောက်အထား မတွေ့ရပါ။" [၂၅]

## ဦးတည်သည့် ရည်ရွယ်ချက်အကြောင်းရင်း

ဆာလံကျမ်းသည် ကျွန်ုပ်တို့အား အများနှင့်သက်ဆိုင်သော ဝတ်ပြုကိုးကွယ်ခြင်းကို ဦးတည်သည့် ရည်ရွယ်ချက်ကြောင်းရင်းအားဖြင့် မျှော်လင့်ခြင်းနှင့် နှစ်သိမ့်အားပေးခြင်း ဆိုင်ရာ သတင်းစကားကို ပေးပါသည်။ ထိုအရာများမှာ ဘုရားသခင်၏ ပုဂ္ဂိုလ်တော်နှင့် လုပ်ဆောင်တော်မူချက်အားဖြင့် ထာဝရဘုရား ကြောက်ရွံ့ခြင်းကို ဖြစ်စေ၍ ဆန့်ကျင် ပုန်ကန်ခြင်းမှ ကွယ်ကာပေးပါသည်။ ထိုအရာများမှာ ဣသရေလလူမျိုးတို့၏ ဝတ်ပြုကိုး ကွယ်ခြင်း၊ ယုံကြည်ခြင်းနှင့် ဝိညာဉ်ပိုင်းဆိုင်ရာ အသက်တာများကို ဖော်ပြပေးပါသည်။ ဆာလံကျမ်း၌ ဘုရားသခင်၏ ပုဂ္ဂိုလ်ဖြစ်ခြင်း၊ ဂုဏ်တော်များ၊ အကြံအစည်များနှင့် မျက်မှောက်တော်တို့၏အလင်းကို စကြာဝဠာတစ်ခုလုံးဆိုင်ရာ လူသားတို့၏ အတွေ့ အကြုံများနှင့် ဆိုင်သော ဘုရားသခင်၏ နှလုံးသားမှန်ဘီလူးအားဖြင့် ကျွန်ုပ်တို့မြင်တွေ့ နိုင်ပါသည်။

ဆာလံကျမ်းကို ၁၅၀ ထိ စုဆောင်းထားခြင်းအားဖြင့် ကြီးမား၍ အမျိုးမျိုးသော စိတ်ခံစား မှုများ၊ ပတ်ဝန်းကျင်အသိုင်းအဝန်းများနှင့် ဦးတည်သည့်အကြောင်းရင်းများကို ဖြစ်ပေါ်စေပါသည်။ ဤသို့ဆိုရာ၌ အဓိကဦးတည်သည့် ရည်ရွယ်ချက်အကြောင်းရင်းကို ယေဘုယျ ကောက်ချက်ဆွဲယူရန် ခက်ခဲပါသည်။ သို့သော်လည်း ဆာလံကျမ်း အားလုံး တို့တွင် ယုံကြည် သူများနှင့်ဆိုင်သော ဘုရားသခင်၏ ကောင်းမြတ်တော်မူခြင်းနှင့် ကျေးဇူးတော်ကို တစ်ဦးချင်းတုန့်ပြန်ရန်ပါဝင်ပါသည်။ မကြာခဏဆိုသလိုပင် ဆာလံ ကျမ်းကို ရေးသောသူ ကိုယ်တိုင်၏ အတွင်းပိုင်း၌ စိတ်ဓာတ်ကျဆင်းရသော ခံစားမှုများ၊ စိုးရိမ်ပူပန်မှုများ သို့မဟုတ် ဘုရားသခင်၏ ရန်သူတို့အားဖြင့် ဆန့်ကျင်ခြင်းကို ရင်ဆိုင် ကြုံတွေ့ရသော်လည်း ဘုရား သခင်အား ကျေးဇူးတင်ခြင်း၊ ဘုရားသခင်၏ ကျယ်ပြန့်စွာ ကွယ်ကာမ, စထောက်ပံ့တော်မူ ခြင်းတို့ကို ဖော်ပြပါသည်။ သို့သော်လည်း ဆာလံကျမ်းကို ရေးသောသူသည် မြည်တမ်းငိုကြွေးခြင်း သို့မဟုတ် ဝမ်းမြောက်ပျော်ရွှင်ခြင်း အကြောင်း တို့ကို ဦးတည်ရေးသားခြင်း ဖြစ်ပါသော်လည်း၊ သူသည် အသက်ရှင်သော ဘုရားသခင်

၏ မျက်မှောက်တော်၌ သူကိုယ်တိုင် အစဉ်အမြဲရှိနေကြောင်းကို ပေါ်လွင်အောင် ဖော်ပြနေပါသည်။ ဤဆာလံ ၂ ကဲ့သို့သော ဘုရားသခင်ကိုယ်တော်တိုင် ဖွင့်ပြတော်မူသည့် ကျမ်းများရှိပါသည်။ သို့ရာတွင် ထိုကျမ်းတို့မှာ ချွင်းချက်ဖြစ်ပါသည်။ [၂၆]

ဆာလံကျမ်းအများစုတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်သဘောသဘာဝနှင့် မေရှိယ ကြွလာမည်ဟူသော ကြိုတင်မျှော်လင့်ခြင်းဆိုင်ရာ မေရှိယနှင့်ပတ်သက်သည့် အကြောင်းအရာတို့ကို ခြုံငုံ၍ဖော်ပြထားပါသည်။

## ဆာလံကျမ်းများကို ပိုင်းခြားထားခြင်း

ဆာလံကျမ်းသည် အမှန်စင်စစ် ကျမ်းငါးကျမ်းကို တစ်အုပ်တည်းဖြင့် ပြုစုထား၏။ ဆာလံ ၁၅၀ သည် ချီးမွမ်းခြင်းဆိုင်ရာ အားလုံးတို့ကို စုဆောင်း၍ နိဂုံးချုပ်ထားသည်နည်းတူ၊ ဆာလံကျမ်းတစ်ခုခြင်းစီတို့၌လည်း ချီးမွမ်းခြင်း (ဘုရားသခင်ကို ချီးမွမ်းသောသဘောကို ပေါ်လွင်စေခြင်း) တို့ပါဝင်ပါသည်။

Epiphanius ဆိုသူက၊ "ဟေဗြဲဘာသာ၌ ဘုရားရှိခိုးခြင်းနှင့် ဆိုင်ရာကျမ်းကို အပိုင်းငါးပိုင်း ခွဲခြားထားပါသောကြောင့် ထိုကျမ်းတို့ကို အခြားသောပညတ္တိကျမ်း Pentateuch ဟုခေါ်ဆို နိုင်ပါသည်။ ဆာလံ ၁း၁၌ မေရှိယသည် ဣသရေလလူမျိုးတို့အား ပညတ္တိကျမ်းကို ပေးခဲ့ပါသည်။ ဒါဝိဒ်သည် တုန့်ပြန်ခံယူသောအားဖြင့် သူတို့အား ဆာလံကျမ်းငါးအုပ်ကို ပေးပါ သည်" ဟုဆိုပါသည်။ [၂၇]

ပညတ္တိကျမ်း Pentateuch တို့ကို အောက်ပါအတိုင်း ခွဲထားနိုင်ပါသည်။ [၂၈]

၁။ လူသားတို့နှင့် ဖန်ဆင်းခြင်းအကြောင်းနှင့်ဆိုင်သော ဆာလံကျမ်း (၁-၄၁) - ကမ္ဘာဦးကျမ်းနှင့် ဆက်နွယ်သည်။

၂။ ဣသရေလလူမျိုးတို့နှင့် ရွေးနှုတ်ကယ်တင်ခြင်းအကြောင်းနှင့်ဆိုင်သော ဆာလံကျမ်း (၄၂-၇၂) - ထွက်မြောက်ရာကျမ်းနှင့် ဆက်နွယ်သည်။

၃။ ဝတ်ပြုကိုးကွယ်ခြင်းနှင့် ဗိမာန်တော်အကြောင်းနှင့်ဆိုင်သော ဆာလံကျမ်း (၇၃-၈၉) - ဝတ်ပြုရာကျမ်းနှင့် ဆက်နွယ်သည်။

၄။ မြေကြီးပေါ်၌ ကျွန်ုပ်တို့၏ ခရီးသွားလှည့်လည်ခြင်းအကြောင်းနှင့်ဆိုင်သော

ဆာလံကျမ်း (၉၀-၁၀၆) - တောလည်ရာကျမ်းနှင့် ဆက်နွယ်သည်။

၅။ ချီးမွမ်းခြင်းနှင့် ဘုရားသခင်၏ နှုတ်ကပတ်တော် (၁၀၇-၁၅၀) - တရားဟောရာ ကျမ်းနှင့် ဆက်နွယ်သည်။

## ဆာလံကျမ်း၏ အပိုင်းခွဲခြားပုံကို နောက်တစ်နည်းဖြင့် ကြည့်ရှုခြင်း၊

| ကျမ်း | ဆာလံကျမ်းများ | ကျမ်းရေးသူ | အဓိကပါဝင်သည့်အကြောင်း |
|---|---|---|---|
| (က) | ဆာလံ ၁-၄၁ | ဒါဝိဒ်မင်း | ဝတ်ပြုကိုးကွယ်ရာသီချင်း |
| (ခ) | ဆာလံ ၄၂-၇၂ | ဒါဝိဒ်နှင့် ကောရ | အသနားခံရာ ဓမ္မတေး |
| (ဂ) | ဆာလံ ၇၃-၈၉ | အာဆပ် | အသနားခံရာ ဓမ္မတေး |
| (ဃ) | ဆာလံ ၉၀-၁၀၆ | အမည်မသေချာ | ချီးမွမ်းခြင်း |
| (င) | ဆာလံ ၁၀၇-၁၅၀ | ဒါဝိဒ်နှင့် အမည်မသိ | ချီးမွမ်းခြင်း |

## ဆာလံကျမ်း၏ အမျိုးအစား သို့မဟုတ် ပုံစံ

ဤကျမ်းတို့၏ ပုံစံနမူနာအရ အောက်တွင်ဖော်ပြသော ပုံဆောင်ချက်များမှာ ယေဘုယျအားဖြင့် လက်ခံဖွယ်သော အမျိုးအစားများဖြစ်ပါသည်။

၁။ မြည်တမ်းခြင်း(ဝမ်းနည်းကြေကွဲခြင်း)သို့မဟုတ် အသနားခံ တောင်းလျှောက်ခြင်း၊ တစ်ဦးချင်းနှင့်ဆိုင်သော (ဆာလံ ၃) သို့မဟုတ် အများနှင့်ဆိုင်သော

(ဆာလံ၊ ၄၄)။

၂။ ကျေးဇူးတင်ရှိခြင်း သို့မဟုတ် ချီးမွမ်းခြင်း၊ တစ်ဦးခြင်းနှင့်ဆိုင်သော (ဆာလံ၊ ၃၀) သို့မဟုတ် အများနှင့်ဆိုင်သော (ဆာလံ၊ ၆၅)။

၃။ ဘုရားသခင်၌ ကိုးစားခြင်း (ဆာလံ၊ ၄)။

၄။ ထာဝရဘုရားအား ပလ္လင်တော်ပေါ်၌ တင်မြှောက်ခြင်းဆိုင်ရာ ဓမ္မတေးသီချင်း၊ ယေရုစလင်မြို့နှင့် စပ်ဆိုင်သော ဆာလံကျမ်းများ (ဆာလံ၊ ၄၈)၊ မင်းမျိုးမင်းနွယ်နှင့် စပ်ဆိုင်သော ဆာလံကျမ်းများ (တစ်ချို့သောဆာလံကျမ်းများမှာ မေရှိယနှင့် စပ်ဆိုင်သည်၊ ဆာလံ၊ ၂း၁၁၀)။

၅။ ဩဝါဒ (သွန်သင်ခြင်း) နှင့် ဉာဏ်ပညာနှင့် စပ်ဆိုင်သော ဆာလံကျမ်းများ (၁၊ ၃၇၊ ၁၁၉)။

၆။ ရည်ရွယ်ချက်အားဖြင့် ရေးသားထားသည့် ဆာလံကျမ်းများ၏ အမျိုးအစားများမှာ၊ ဖန်ဆင်းခြင်းဆိုင်ရာ ဆာလံကျမ်း (ဆာလံ ၈၊ ၁၉)၊ သဘာဝတရားနှင့်ဆိုင်သောဆာလံကျမ်း (ဆာလံ ၁၉း၁၀၄)၊ အကြံအစည်၊ အထိမ်းအမှတ်တို့ကိုမှတ်မိစေသောဆာလံကျမ်းများ (ဆာလံ ၁၁၁၊ ၁၁၂၊ ၁၁၉) ထွက်မြောက်ရာဆာလံ (၇၈)၊ နောင်တရခြင်းနှင့်ဆိုင်ရာ ဆာလံ (ဆာလံ ၆)၊ ဘုရားဖူးလှည့်လည်ခြင်း ဆိုင်ရာဆာလံ (၁၂၀) နှင့် မေရှိယနှင့်ဆိုင်သော ဆာလံကျမ်း၊ နောက်ပြီး မေရှိယအကြောင်းနှင့် စပ်လျဉ်း၍ ပရောဖတ်ပြုခြင်းများကို ရေးသားထားသည့် ဆာလံကျမ်းများမှာ ဆာလံ ၂၊ ၈၊ ၁၆၊ ၂၂၊ ၄၀၊ ၄၅၊ ၇၂၊ ၁၁၀၊ ၁၁၈။

## အမိကပါဝင်သောသူများ

တစ်ခါတစ်ရံ ဆာလံကျမ်း၏ အမည်နာမများသည် ဒါဝိဒ် သို့မဟုတ် ကောရကဲ့သို့သော ကျမ်းရေးသူတို့ကို ညွှန်ပြနေသော်လည်း အခြေပြုသော ဆာလံကျမ်းသည် ထိုကဲ့သို့ ညွှန်ပြ ခြင်းမရှိပါ။ ဘုရားသခင်၏ လူတို့သည် သူတို့၏ ဝတ်ပြုကိုးကွယ်ခြင်းနှင့် ထာဝရဘုရား၏ သွားလာခြင်းတို့ကို ပိုမို၍ ဦးတည်ရန် ညွှန်းကာဖော်ပြထားပါသည်။

## ခရစ်တော်ကို ဆာလံကျမ်း၌ တွေ့မြင်ရပုံ

မြောက်များစွာသော ဆာလံကျမ်းတို့မှာ မေရှိယနှင့်သက်ဆိုင်သော ကျမ်းများဖြစ်ပြီး ခရစ် တော်၏ ပုဂ္ဂိုလ်တော်ဖြစ်ခြင်းနှင့် လုပ်ဆောင်ချက်များကို ဖော်ပြထားပါသည်။ ထိုအကြောင်း အရာတို့ကို အောက်ပါအတိုင်း အမျိုးအစားများ ခွဲခြားထားနိုင်ပါသည်။

၁။ မေရှိယကို ပုံစံနမူနာဖြင့် ဖော်ပြခြင်း။ ဤဆာလံကျမ်းများကို မေရှိယ နှင့်စပ်ဆိုင်သော ဆာလံကျမ်းများဟူ၍ ထင်ရှားစွာ တွေ့ရပါသည်။ ဆာလံကျမ်းရေးသူတို့မှာ တစ်နည်းတစ်လမ်းအားဖြင့် ခရစ်တော်ကို ပုံနမူနာဆောင်ကြပါသည် (၃၄း၂၀၊ ၆၉း၄၊ ၉)။ သို့သော်လည်း အခြားသောကျမ်းချက်တို့၌ ထိုသို့ဖော်ပြခြင်းမရှိပါ။ ဤအမှုအရာ၌ ယေရှုနှင့်တပည့်တော်တို့သည် သူတို့၏

အတွေ့အကြုံများပေါ်၌ ဆာလံကျမ်းရေးသားသူတို့နှင့် ရင်းနှီးစွာ ထိတွေ့မှုရှိသကဲ့သို့ ဖော်ပြထားပါသည် (ဥပမာ၊ ၁၀၉း၈၊ တမန်၊ ၁း၂၀)၊

၂။ ပုံစံနမူနာနှင့်ဆိုင်သော ပရောဖက်ပြုခြင်း။ ဆာလံဆရာသည် သူကိုယ်တိုင်၏ အတွေ့အကြုံများကို ဖော်ပြသော်လည်း ဝေါဟာရဘာသာစကားလုံး၏ အသုံးအနှုန်းအရ သူကိုယ်တိုင်၏ အသက်တာကို ကျော်လွန်ပြီး ခရစ်တော်၌ သာလျှင် မှန်ကန်သောသမိုင်းကြောင်းဆိုင်ရာများကို ညွှန်ပြပါသည် (၂၂)။

၃။ မေရှိယကို သွယ်ဝိုက်နည်းအားဖြင့် ဖော်ပြခြင်း။ ဆာလံဆရာသည် ဒါဝိဒ်၏ အိမ်တော် သို့မဟုတ် ရှင်ဘုရင်တစ်ပါးပါးကို အထူးပြုညွှန်ပြပြီး ရေးသားထားခဲ့ သော်လည်း ထိုအကြောင်းအရာတို့မှာ နောက်ဆုံးတွင် ခရစ်တော် ပေါ်၌သာ လုံးလုံးလျားလျားပြည့်စုံလာကြပါသည် (၂၊ ၄၅၊ ၇၂)။

၄။ ရှင်းလင်းပြတ်သားစွာ ပရောဖက်ပြုခြင်း။ မည်သည့်အခြားပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ဒါဝိဒ်၏သားတော် စသည်ဖြင့် ကိုးကားခြင်းမရှိဘဲ ခရစ်တော်ကို တိုက်ရိုက်ညွှန်ပြထားပါသည် (၁၁၀)။

၅။ ပလ္လင်ပေါ်နန်းတင်ခြင်း။ ။ ဤဆာလံကျမ်းတို့မှာ မေရှိယပေါ်၌ ပြည့်စုံလာ မည့်သခင်ဘုရား၏ ကြွလာတော်မူခြင်းနှင့် သူ၏ နိုင်ငံတော်ကို တည်ထောင် ခြင်းဆိုင်ရာအကြောင်းများကို ကြိုတင်၍ သိမြင်ခြင်း ဆာလံများဖြစ်ပါသည် (၉၆-၉၉)။

## ခရစ်တော်နှင့်စပ်ဆိုင်၍ အတိအကျပြည့်စုံလာသော ပရောဖက်ပြုခြင်းများ၊

| ပရောဖက်ပြုခြင်း | ဆာလံကျမ်း | ဓမ္မသစ်ကျမ်းချက်များ |
|---|---|---|
| ၁။ ဖွားမြင်တော်မူခြင်း | ၁၀၄း၄ | ဟေဗြဲ၊ ၁း၇ |
| ၂။ နိမ့်ချတော်မူခြင်း | ၈း၄ | ဟေဗြဲ၊ ၂း၆ |
| ၃။ ဘုရားဇာတိ | ၄၅း၆ | ဟေဗြဲ၊ ၁း၈ |
| ၄။ အမှုတော်ဆောင်ရွက်ခြင်း | ၆၉း၉ | ယောဟန်၊ ၂း၁၇ |
| ၅။ ငြင်းပယ်ခံရခြင်း | ၁၁၈း၂၂ | ယောဟန်၊ ၂၁း၄၂ |
| ၆။ အပ်နှံခြင်းကို ခံတော်မူခြင်း | ၄၁း၉ | ယောဟန်၊ ၁၃း၁၈ |
| ၇။ လက်ဝါးကပ်တိုင်ပေါ်၌ ရိုက်ထားခြင်း | ၂၂ | မဿဲ၊ ၂၇း၃၉၊ ၄၃၊ ၄၆၊ လုကာ၊ ၂၃း၃၅ |
| ၈။ ရှင်ပြန်ထမြောက်တော်မူခြင်း | ၂ နှင့် ၁၆ | တမန်တော်၊ ၂း၂၇ |
| ၉။ ကောင်းကင်သို့ ပြန်တက်တော်မူခြင်း | ၆၈း၁၈ | ဧဖက်၊ ၄း၈ |
| ၁၀။ စိုးစံတော်မူခြင်း | ၁၀၂း၂၆ | ဟေဗြဲ၊ ၁း၁၁ |

## အဓိကအရေးကြီးသောအချက်များ

၁။ ကျမ်းစာအုပ် (၁)။ ။ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ သီချင်းများ (ဆာလံ၊ ၁-၄၁)။

ဆာလံ၊ ၁။ ။ မင်္ဂလာရှိသော လူ့ဘဝအသက်တာ၌ လမ်းနှစ်သွယ် - နှုတ်ကပတ်တော် နှင့်လောက။

ဆာလံ ၂။ ။ မေရှိယရှင်ဘုရင် - ဘုရားသခင်နှင့် ခရစ်တော်အား ဆန့်ကျင်ပြီး ပူးပေါင်းဖွဲ့စည်းခြင်း။

ဆာလံ ၃။ ။ ဒုက္ခပြဿနာကြား၌ ငြိမ်သက်စွာနေခြင်း - ဘေးအန္တရာယ်ကြားမှ ကွယ်ကာမ, စတော်မူခြင်း။

ဆာလံ ၄။ ။ ဘုရားသခင်၌ ခိုလှုံကိုးစားရန် ညဦးဆုတောင်းခြင်း။

ဆာလံ ၅။ ။ ဘုရားသခင်၏ မျက်မှောက်တော်၌ ကိုယ်တော်အပေါ် စိတ်ချခိုလှုံရခြင်းနှင့်ဆိုင်သော နံနက်ဆုတောင်းခြင်း။

ဆာလံ ၆။ ။ နက်နဲသော ဒုက္ခဆင်းရဲခြင်းထဲမှ စိတ်ဝိညာဉ်အားဖြင့် ဆုတောင်းခြင်း။

ဆာလံ ၇။ ။ ခိုလှုံရန်အတွက် ဆုတောင်းခြင်း။

ဆာလံ ၈။ ။ ဖန်ဆင်းရှင်၏ ဘုန်းတန်ခိုးတော်နှင့်လူသားတို့၏ ဂုဏ်သိက္ခာကျင့်ထုံးတရား။

ဆာလံ ၉။ ။ဘုရားသခင်၏ ဖြောင့်မတ်တော်မူခြင်းအတွက် ကျေးဇူးတင်ချီးမွမ်းခြင်းဆိုင်ရာ ဆုတောင်းခြင်း။

ဆာလံ ၁၀။ ။ မကောင်းသောလူတို့အပေါ်၌ အောင်နိုင်ရန်ဆုတောင်းခြင်း။

ဆာလံ ၁၁။ ။ ထာဝရဘုရားသည် ခိုလှုံရာနှင့် ကွယ်ကာရာဖြစ်တော်မူခြင်း။

ဆာလံ ၁၂။ ။ မုသားစကားပြောသောသူတို့အား ဆန့်ကျင်၍ ကူညီမ, စရန် ဆုတောင်းခြင်း။

ဆာလံ ၁၃။ ။ ဒုက္ခဆင်းရဲခံသောအချိန်၌ ကူညီမ, စရန်အတွက် ဆုတောင်းခြင်း။

ဆာလံ ၁၄။ ။ လူသားတို့၏ မိုက်မဲခြင်းနှင့် ဆိုးသွမ်းခြင်းတို့ကို ဖော်ပြခြင်း။

ဆာလံ ၁၅။ ။ ဘုရားသခင်ကို ကြောက်ရွံ့သောသူကို ဖော်ပြခြင်း။

ဆာလံ ၁၆။ ။ ထာဝရဘုရားသည် သန့်ရှင်းသောသူတို့အတွက် ခိုလှုံရာဖြစ်တော်မူခြင်း။

ဆာလံ ၁၇။ ။ ဘုရားသခင်၏ တရားမျှတခြင်းအားဖြင့် ကယ်တင်ရန်အတွက် ဆုတောင်းခြင်း။

ဆာလံ ၁၈။ ။ ကယ်တင်ခြင်းအတွက် ချီးမွမ်းခြင်းဆိုင်ရာဆုတောင်းခြင်း။

ဆာလံ ၁၉။ ။ ဘုရားသခင်သည် မိမိဖန်ဆင်းတော်မူခြင်းအမှုနှင့် နှုတ်ကပတ်တော်အားဖြင့် ဖွင့်ပြတော်မူခြင်း။

ဆာလံ ၂၀။ ။ ရန်သူများအပေါ် အောင်မြင်ခြင်းအတွက် ဆုတောင်းခြင်း။

ဆာလံ ၂၁။ ။ ထာဝရဘုရားသည် တန်ခိုးကြီးသော ရှင်ဘုရင်ကဲ့သို့ ဖြစ်တော်မူခြင်း။

ဆာလံ ၂၂။ ။ လက်ဝါးကပ်တိုင်ကို သရုပ်သဏ္ဌာန်ပုံဖော်ခြင်း - စိတ်အားငယ်ဝမ်းနည်းကြေကွဲခြင်းနှင့် ချီးမွမ်းခြင်းဆာလံ။

ဆာလံ ၂၃။ ။ ထာဝရဘုရားသည် သိုးထိန်းဖြစ်တော်မူခြင်းကို ပုံဖော်ထားခြင်း -
ဘုရားသခင်၏ ကောင်းမြတ်တော်မူခြင်းဆိုင်ရာ ဆာလံကျမ်း။

ဆာလံ ၂၄။ ။ ရှင်ဘုရင်၏ ဘုန်းတန်ခိုးနှင့်ဆိုင်ရာ ဆာလံကျမ်း။

ဆာလံ ၂၅။ ။ ရွေးနှုတ်ကယ်တင်ခြင်း - လမ်းပြပို့ဆောင်ခြင်း၊ အပြစ်လွှတ်တော်မူခြင်းအတွက် ဆုတောင်းခြင်း။

ဆာလံ ၂၆။ ။ရွေးနှုတ်ကယ်တင်ရန်အတွက် ရိုးသားဖြောင့်မတ်စွာ အသနားခံခြင်း။

ဆာလံ ၂၇။ ။ထာဝရဘုရားထံတော်၌ ကြောက်ရွံ့ခြင်းကင်းမဲ့စွာ စိတ်ချစွာဖြင့် ဆုတောင်းခြင်း။

ဆာလံ ၂၈။ ။ဆုတောင်းချက်ကို နာသြောင်းတော်မူသောကြောင့် ကူညီမ, စရန်နှင့် ချီးမွမ်းခြင်းဆိုင်ရာ ဆုတောင်းခြင်း - ထာဝရဘုရားသည် ငါ၏

ကျောက် ဖြစ်တော်မူ၏။

ဆာလံ ၂၉။ ။ တန်ခိုးနှင့်ပြည့်စုံတော်မူသော ဘုရားသခင်၏ အသံတော်။

ဆာလံ ၃၀။ ။ လိုအပ်သောအချိန်ကာလ၌ ဘုရားသခင်၏ သစ္စာရှိတော်မူခြင်း အတွက် ကျေးဇူးတင်ချီးမွမ်းခြင်းဆိုင်ရာ ဆုတောင်းခြင်း။

ဆာလံ ၃၁။ ။ ညည်းညူခြင်း၊ အသနားခံခြင်းနှင့် ချီးမွမ်းခြင်းဆိုင်ရာ ဆုတောင်း ခြင်း။

ဆာလံ ၃၂။ ။ အပြစ်လွတ်ခြင်းဆိုင်ရာ ကောင်းကြီးမင်္ဂလာနှင့် ဘုရားသခင်၌ ခိုလှုံ ကိုးစားခြင်း။

ဆာလံ ၃၃။ ။ ထာဝရဘုရားသခင်အား ဖန်ဆင်းရှင်နှင့် ကယ်တင်ရှင်အဖြစ် ချီးမွမ်းခြင်း။

ဆာလံ ၃၄။ ။ ထာဝရဘုရားသခင်အား မ, စထောက်ပံ့သောသူနှင့် ကယ်တင်ရှင် အဖြစ် ချီးမွမ်းခြင်း။

ဆာလံ ၃၅။ ။တရားမျှတခြင်းနှင့် ရန်သူများထံမှ ကယ်တင်ရန်အတွက် ဆုတောင်းခြင်း။

ဆာလံ ၃၆။ ။ဆိုးသွမ်းမိုက်မဲသောသူတို့သည် ဘုရားသခင်၏ ချစ်ခြင်းအကြင်နာ တရားနှင့် ကွဲပြားခြားနားခြင်း။

ဆာလံ ၃၇။ ။ထာဝရဘုရားထံတော်၌ ခိုလှုံအနားယူရန်အတွက် ဆုတောင်းခြင်း။

ဆာလံ ၃၈။ ။ကြီးလေးသောအပြစ်ဝန်ထုတ်များကို ဝန်ခံလျက် ပြန်လည်ကျေအေး ခြင်းရရှိရန်အတွက် ဆုတောင်းခြင်း။

ဆာလံ ၃၉။ ။လူသားတို့၏ အားနည်းချည့်နဲ့ခြင်းကို ဝန်ခံအောက်မေ့လျက် ဆုတောင်းခြင်း။

ဆာလံ ၄၀။ ။ဝမ်းမြောက်ခြင်းနှင့် ပြည့်သောအတွေ့အကြုံများနှင့် ကယ်တင်ခြင်း ကို မျှော်လင့်ခြင်းဆိုင်ရာ ချီးမွမ်းခြင်း။

ဆာလံ ၄၁။ ။ဘေးဒုက္ခအကျပ်အတည်းထဲမှ ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာ များအတွက် ချီးမွမ်းခြင်း။

၂။ ကျမ်းစာအုပ် (၂)။ ။အသနားခံရာ ဓမ္မတေးသီးချင်းများ (ဆာလံ ၄၂-၇၂)

ဆာလံ ၄၂-၄၃။ ။ ဘုရားသခင်အား တောင့်တခြင်းနှင့် ထာဝရဘုရား၏ ကယ် တင်ခြင်းအတွက် မျှော်လင့်ခြင်း။

ဆာလံ ၄၄။ ။ လူမျိုးတော်စုတစ်ရပ်လုံး၏ ငိုကြွေးမြည်တမ်းခြင်းနှင့် ရွေးနှုတ်ကယ် တင်ဖို့ရန် ဆုတောင်းခြင်း။

ဆာလံ ၄၅။ ။ ဒါဝိဒ်သားတော်၏ မင်္ဂလာဆောင်ခြင်းသီချင်း။

ဆာလံ ၄၆။ ။ ဘုရားသခင်သည် ငါတို့၏ ခိုလှုံရာနှင့် ခွန်အားဖြစ်တော်မူ၏။

ဆာလံ ၄၇။ ။ ထာဝရဘုရားသည် အောင်မြင်သော ရှင်ဘုရင်ဖြစ်တော်မူ၏။

ဆာလံ ၄၈။ ။ လှပသောမြို့တော်၊ ဇီယွန်တောင်ထိပ်အတွက် ချီးမွမ်းခြင်း။

ဆာလံ ၄၉။ ။ဉာဏ်ပညာမပါက ကြွယ်ဝချမ်းသာခြင်းသည် အချင်းနှီးဗလာ ဟင်းလင်းသာဖြစ်၏။

ဆာလံ ၅၀။ ။ ကျေးဇူးတင်ချီးမွမ်းခြင်း၏ ယဇ်ပူဇော်ခြင်း။

ဆာလံ ၅၁။ ။ အပြစ်ဝန်ခံခြင်းနှင့် အပြစ်လွှတ်တော်မူခြင်း။

ဆာလံ ၅၂။ ။ ကြွားဝါသောဆိုးသွမ်းမှု၏ ဆိုးယုတ်မိုက်မဲခြင်း။

ဆာလံ ၅၃။ ။ ဘုရားမဲ့ဖြစ်ခြင်းအမှုကို သရုပ်ဖော်ထားခြင်း။

ဆာလံ ၅၄။ ။ ထာဝရဘုရားသည် ငါတို့၏ ကူညီမ , စသောသူ။

ဆာလံ ၅၅။ ။ ထာဝရဘုရားသည် ဖြောင့်မတ်သောသူကို ထောက်မတော်မူ၏။

ဆာလံ ၅၆။ ။ ကျွန်ုပ်တို့၏ အထူထပ်ဆုံးသောကြောက်ရွံ့ခြင်းထဲမှ ထာဝရ ဘုရားကို ကိုးစားရန်။

ဆာလံ ၅၇။ ။ အဆိုးဆုံးသော စွန့်လွှတ်အပယ်ခံခြင်း၊ အထီးကျန်ဘဝ၌ပင် ထာဝရ ဘုရားကို ချီးမြှောက်ရန်။

ဆာလံ ၅၈။ ။ ဖြောင့်မတ်သောသူတို့သည် ဧကန်အမှန်ဆုပေးခြင်းခံရပါလိမ့်မည်။

ဆာလံ ၅၉။ ။ ရန်သူများမှ ရွေးနှုတ်ကယ်တင်ခြင်းအတွက် ဆုတောင်းခြင်း။

ဆာလံ ၆၀။ ။ လူမျိုးတော်စုအား ကယ်တင်ခြင်းအတွက် ဆုတောင်ခြင်း။

ဆာလံ ၆၁။ ။ အားနည်းခြင်းစိတ်နှလုံးသားမှ ဆုတောင်းခြင်း။

ဆာလံ ၆၂။ ။ ထာဝရဘုရားကို မျှော်လင့်စောင့်စားခြင်း။

ဆာလံ ၆၃။ ။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ဆာငတ်ခြင်း။

ဆာလံ ၆၄။ ။ ကွယ်ကာခြင်းအတွက် ဆုတောင်းခြင်း။

ဆာလံ ၆၅။ ။ မြေကြီးနှင့်လူသားတို့အတွက် ဘုရားသခင်၏ ကြွယ်ဝတော်မူခြင်း။

ဆာလံ ၆၆။ ။ ဘုရားသခင်ပြုတော်မူသော အမှုတော်တို့ကို အောက်မေ့တော် မူခြင်း။

ဆာလံ ၆၇။ ။ဘုရားသခင်အား ချီးမွမ်းရန် လူသားအပေါင်းတို့ကို ခေါ်တော်မူခြင်း။

ဆာလံ ၆၈။ ။အဖိနှိပ်ခံသောသူတို့အတွက် ဘုရားသခင်သည် အဖဖြစ်တော် မူခြင်း။

ဆာလံ ၆၉။ ။ ဘုရားသခင်၏ သနားကြင်နာတော်မူခြင်းအားဖြင့် ကယ်တင်ခြင်း အတွက် ဆုတောင်းခြင်း။

ဆာလံ ၇၀။ ။ ဆင်းရဲသောသူ၊ ငတ်မွတ်သောသူတို့အတွက် ဆုတောင်းခြင်း။

ဆာလံ ၇၁။ ။ ခေတ်ကာလအတွက် ဆုတောင်းခြင်း။

ဆာလံ ၇၂။ ။ မေရှိယ၏ ဘုန်းတန်ခိုးအာနုဘော်အားဖြင့် စိုးစံတော်မူခြင်း။

၃။ ကျမ်းစာအုပ် (၃)။ ။အသနားခံတောင်းလျှောက်ခြင်းဆိုင်ရာ ဓမ္မတေးသီချင်း (ဆာလံ ၇၃-၈၉)။

ဆာလံ ၇၃။ ။ ထာဝရအတွက်ရည်စူးကာ ဆုတောင်းခြင်း။

ဆာလံ ၇၄။ ။ လူမျိုးတော်စုအတွင်း ဆင်းရဲဒုက္ခရောက်သောအချိန်၌ ကူညီမ , စရန် ဆုတောင်းခြင်း။

ဆာလံ ၇၅။ ။ ထာဝရဘုရားသည် တရားမျှတ၍ ဖြောင့်မတ်တော်မူ၏။

ဆာလံ ၇၆။ ။ ယာကုပ်၏ ဘုရားသခင်သည် အောင်မြင်သောတန်ခိုးနှင့်ပြည့်စုံတော်မူခြင်း။

ဆာလံ ၇၇။ ။အမှုရောက်သောကာလ၌ ဘုရားသခင်၏ ကြီးမြတ်တော်မူကြောင်း ကို အောက်မေ့သတိရပါ။

ဆာလံ ၇၈။ ။ ဣသရေလလူမျိုးတို့၏ သမိုင်းကြောင်းအားဖြင့် သင်ခန်းစာများရယူခြင်း။

ဆာလံ ၇၉။ ။ သိုးများတို့၏ စားကျက်နယ်မြေအတွက် အောက်မေ့သတိရရန် ထာဝရ ဘုရားသခင်အား အသနားခံတောင်းလျှောက်ခြင်း။

ဆာလံ ၈၀။ ။ ဘုရားသခင်၏ ဂရုဏာတော်အတွက် ဣသရေလလူမျိုးတို့၏ အသနားခံ တောင်းဆိုခြင်း။

ဆာလံ ၈၁။ ။ ထာဝရဘုရား၏ စကားတော်ကိုသာ နားထောင်ကြရန် ဣသရေလ လူမျိုးတို့၏ အသနားခံတောင်းဆိုခြင်း။

ဆာလံ ၈၂။ ။ မတရားသော တရားသူကြီးတို့အား ဆုံးမတားမြစ်တော်မူခြင်း။

ဆာလံ ၈၃။ ။ ဣသရေလလူမျိုးတို့၏ ရန်သူများအပေါ် တရားစီရင်ရန်အတွက် ဆုတောင်းခြင်း။

ဆာလံ ၈၄။ ။ ဘုရားသခင်၏ မျက်မှောက်တော်အတွက် လေးလေးနက်နက် တောင့်တခြင်း။

ဆာလံ ၈၅။ ။ နိုးထမှုအတွက် ဆုတောင်းခြင်း။

ဆာလံ ၈၆။ ။လူမျိုးတော်အပေါ်၌ ကျေးဇူးဂရုဏာတော် သွန်းလောင်းရန်အတွက် ဆုတောင်းခြင်း။

ဆာလံ ၈၇။ ။အသက်ရှင်သော ဇိယွန်တောင်ပေါ်၌ ဝမ်းမြောက်ပျော်ရွှင်ခြင်း။

ဆာလံ ၈၈။ ။ ဒုက္ခဆင်းရဲခြင်း၏ မှောင်မိုက်ထဲ၌ ဆုတောင်းခြင်း။

ဆာလံ ၈၉။ ။ ညှင်းပန်းနှိပ်စက်ခြင်း၌ ဘုရားသခင်၏ မ , စခြင်းနှင့် ကတိတော်များကို တောင်းဆိုခြင်း။

၄။ ကျမ်းစာအုပ် (၄)။ ။ချီးမွမ်းခြင်းဆိုင်ရာ ဓမ္မတေးသီချင်းများ (ဆာလံ ၉၀-၁၀၆)

ဆာလံ ၉၀။ ။ ငါတို့၏နေ့ရက်များကို ရေတွက်နိုင်ရန် ကျွန်ုပ်တို့အား သွန်သင်တော်မူခြင်း။

ဆာလံ ၉၁။ ။ အမြင့်ဆုံးသော ဘုရားသခင်၏ ကွယ်ကာရာအရိပ်အောက်၌ ခိုလှုံခြင်း။

ဆာလံ ၉၂။ ။ ထာဝရဘုရားအား ချီးမွမ်းခြင်း။

ဆာလံ ၉၃။ ။ ထာဝရဘုရားသည် ဘုန်းတန်ခိုးအာနုဘော်ဖြင့် စိုးစံတော်မူခြင်း။

ဆာလံ ၉၄။ ။ ထာဝရဘုရားသည် မြေကြီးကို တရားစီရင်သောသူဖြစ်တော်မူ၏။

ဆာလံ ၉၅။ ။ ဝတ်ပြုကိုးကွယ်ရန်အတွက် ငါတို့ကို ဖန်ဆင်းတော်မူသောသူ၏ စိတ်၌ ဒူးထောက်ကြပါစို့။

ဆာလံ ၉၆။ ။ ဤလောကကို ဖြောင့်မတ်ခြင်းတရားအားဖြင့် စီရင်တော်မူသော ထာဝရဘုရားအား ဝတ်ပြုကိုးကွယ်ကြ၏။

ဆာလံ ၉၇။ ။ ထာဝရဘုရားသည် စိုးစံတော်မူသောကြောင့် ဝမ်းမြောက်ခြင်းရှိကြလော့။

ဆာလံ ၉၈။ ။ ထာဝရဘုရားအတွက် အသစ်သောသီချင်းဖြင့် သီဆိုကြလော့။

ဆာလံ ၉၉။ ။ စိုးစံတော်မူသော ထာဝရဘုရားအား ချီးမြောက်ကြကုန်လော့။

ဆာလံ ၁၀၀။ ။ ထာဝရဘုရားအား ဝမ်းမြောက်ရွှင်လန်းခြင်းဖြင့် အမှုဆောင်ရွက်ကြလော့၊ ကိုယ်တော်သည် ထာဝရဘုရားဖြစ်တော်မူပြီး ကောင်းမြတ်တော်မူ၏။

ဆာလံ ၁၀၁။ ။သန့်ရှင်းသောအသက်တာထဲသို့ အသက်ရှင်ရန် ဆက်ကပ်အပ်နှံ ကြလော့။

ဆာလံ ၁၀၂။ ။ အားနည်း၍ ကျဆင်းနေသောသန့်ရှင်းသူတို့အတွက် ဆုတောင်းကြ လော့။

ဆာလံ ၁၀၃။ ။ ထာဝရဘုရားအား ကောင်းကြီးပေးကြလော့၊ ကိုယ်တော်၏ သနားခြင်း ဂရုဏာသည် ဘယ်တော့မှ ကုန်ဆုံးခြင်းမရှိပါ။

ဆာလံ ၁၀၄။ ။ထာဝရဘုရားသည် ဖန်ဆင်းတော်မူသမျှသော အရာအားလုံးတို့ အပေါ်၌ ဂရုတစိုက်ဖြင့် ကြည့်ရှုတော်မူ၏။

ဆာလံ ၁၀၅။ ။ထာဝရဘုရား၏ သစ္စာရှိတော်မူကြောင်းကိုကယ်တင်ခြင်းအကြောင်း တရား၌ လုပ်ဆောင်တော်မူ၏။

ဆာလံ ၁၀၆။ ။ ထာဝရဘုရား၏ ချစ်ခြင်းမေတ္တာတော်နှင့် ဣသရေလလူမျိုးတို့၏ စကားနားမထောင်ခြင်းအကြောင်းကို အောက်မေ့သတိရခြင်း။

၅။ ကျမ်းစာအုပ် (၅)။ ။ချီးမွမ်းခြင်းဆိုင်ရာ ဓမ္မတေးသီချင်းများ (ဆာလံ ၁၀၇-၁၅၀)

ဆာလံ ၁၀၇။ ။ ထူထပ်သော ဒုက္ခဆင်းရဲမှုများကြားထဲမှ ဘုရားသခင်၏ ကယ်တင် တော်မူခြင်းအတွက် ချီးမွမ်းခြင်း။

ဆာလံ ၁၀၈။ ။ အောင်မြင်ခြင်းအတွက် ချီးမွမ်းခြင်းနှင့် ဆုတောင်းခြင်း။

ဆာလံ ၁၀၉။ ။ ရန်သူများအပေါ်၌ ဆန့်ကျင်ပြီး တရားစီရင်ခြင်းများသည် မှန်ကန် ကြောင်း သက်သေခံခြင်းများအတွက် ဆုတောင်းခြင်း။

ဆာလံ ၁၁၀။ ။ မေရှိယသည် စစ်အောင်နိုင်သော ယဇ်ပရောဟိတ်ရှင်ဘုရင်ကဲ့သို့ ပုံဖော်ခြင်း။

ဆာလံ ၁၁၁။ ။ ဘုရားသခင်၏ သစ္စာရှိတော်မူခြင်းအပေါ်၌ ပွဲတော်ကျင်းပခြင်း။

ဆာလံ ၁၁၂။ ။ ယုံကြည်ခြင်း၏ အောင်မြင်ခြင်း။

ဆာလံ ၁၁၃။ ။ နှိမ့်ချလျက် ကြွဆင်းလာတော်မူသော၊ ချီးမြှောက်တော်မူခြင်းခံသည့် ထာဝရဘုရားအား ချီးမွမ်းကြလော့။

ဆာလံ ၁၁၄။ ။ ထွက်မြောက်ခြင်းအတွက် ချီးမွမ်းကြလော့။

ဆာလံ ၁၁၅။ ။ ရုပ်တုများ၏ စွမ်းအားမဲ့ခြင်းနှင့် ထာဝရဘုရား၏ ကြီးမြတ်တော်မူခြင်း။

ဆာလံ ၁၁၆။ ။ ရွေးနှုတ်ကယ်တင်ခြင်းအတွက် ထာဝရဘုရားအား ချီးမွမ်းကြလော့။

ဆာလံ ၁၁၇။ ။ လူမျိုးအပေါင်းတို့ချီးမွမ်းကြလော့။

ဆာလံ ၁၁၈။ ။ ထာဝရဘုရားသခင်၏ ကယ်တင်တော်မူခြင်းဆိုင်ရာ ကောင်းမြတ်တော်မူခြင်းအတွက် ချီးမွမ်းကြလော့။

ဆာလံ ၁၁၉။ ။ ဓမ္မကျမ်းစာတော်များအတွက် ချီးမွမ်းခြင်း။

ဆာလံ ၁၂၀။ ။ အပြစ်တင်ရှုတ်ချသူများကြားမှ ကယ်တင်တော်မူရန်အတွက် ဆုတောင်းခြင်း။

ဆာလံ ၁၂၁။ ။ထာဝရဘုရားသခင်သည် ငါ့ကို ထိန်းသိမ်းစောင့်ရှောက်သော အရှင်ဖြစ်တော်မူ၏။

ဆာလံ ၁၂၂။ ။ ယေရုဆလင်မြို့ငြိမ်းချမ်းရေးအတွက် ဆုတောင်းခြင်း။

ဆာလံ ၁၂၃။ ။ ကျေးဇူးဂရုဏာတော်အတွက် အသနားခံတောင်းလျှောက်ခြင်း။

ဆာလံ ၁၂၄။ ။ ငါတို့အား ကူညီမ , စသောသူသည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်း တော်မူသော အရှင်ဖြစ်တော်မူ၏။

ဆာလံ ၁၂၅။ ။ ဣသရေလလူမျိုးတို့အပေါ် ငြိမ်သက်ခြင်းရှိပါစေ။

ဆာလံ ၁၂၆။ ။ ပြန်လည်ထူထောင်ပေးခြင်းအတွက် ချီးမွမ်းကြလော့။

ဆာလံ ၁၂၇။ ။ သား၊ သမီးတို့သည် ထာဝရဘုရားထံတော်မှ ပေးတော်မူသော ဆုကျေးဇူးများဖြစ်သောကြောင့် ချီးမွမ်းကြလော့။

ဆာလံ ၁၂၈။ ။ မိသားစုသည် ထာဝရဘုရားသခင်အားဖြင့် ကောင်းကြီး ပေးတော်မူခြင်းခံရပါ၏။

ဆာလံ ၁၂၉။ ။ ညှင်းပန်းနှိပ်စက်သော သူတို့အတွက် ဆုတောင်းခြင်း။

ဆာလံ ၁၃၀။ ။ ဘုရားသခင်၏ ရွေးနှုတ်ကယ်တင်တော်မူခြင်းအတွက် စောင့်မျှော်နေခြင်း။

ဆာလံ ၁၃၁။ ။ ကလေးသူငယ်ကဲ့သို့ ထာဝရဘုရား၌ ခိုလှုံကိုးစားခြင်း။

ဆာလံ ၁၃၂။ ။ ဇိအုန်တောင်အား ထာဝရဘုရားသခင် ကောင်းကြီးမင်္ဂလာပေးရန်အတွက် ဆုတောင်းခြင်း။

ဆာလံ ၁၃၃။ ။ညီအစ်ကိုညီညွတ်ခြင်းအားဖြင့် ကောင်းကြီးမင်္ဂလာသက်ရောက်ခြင်း။

ဆာလံ ၁၃၄။ ။ ညအချိန်၌ပင် ထာဝရဘုရားအား ချီးမွမ်းကြလော့။

ဆာလံ ၁၃၅။ ။ ဘုရားသခင်၏ အံ့ဖွယ်သောအမှုတော်တို့အတွက် ချီးမွမ်းကြလော့။

ဆာလံ ၁၃၆။ ။ ထာဝရကာလ၌ တည်တော်မူသောဘုရားသခင်၏ ဂရုဏာတော်အတွက် ချီးမွမ်းကြလော့။

ဆာလံ ၁၃၇။ ။ ကျွန်အဖြစ် ဖမ်းဆီးသွားခြင်းကို ခံရသောသူတို့အတွက် မျက်ရည်များကျဆင်းခြင်း။

ဆာလံ ၁၃၈။ ။ ထာဝရဘုရားသည် နှိမ့်ချသောသူတို့၏ ဆုတောင်းပထနာပြုခြင်းကို နားထောင်တော်မူ၍ ကယ်တင်ခြင်း။

ဆာလံ ၁၃၉။ ။ ထာဝရဘုရားသည် ကျွန်ုပ်တို့ကိုပင် သိတော်မူ၏။

ဆာလံ ၁၄၀။ ။ ကယ်တင်တော်မူခြင်းအတွက် ဆုတောင်းခြင်း၊ ကိုယ်တော်သည် ကျွန်ုပ်အတွက် ဘုရားသခင်ဖြစ်တော်မူ၏။

ဆာလံ၁၄၁။ ။ ကျွန်ုပ်၏ ဆုတောင်းခြင်းသည် မွှေးကြိုင်သောအနံ့ကဲ့သို့ ဖြစ်ပါစေသော။

ဆာလံ ၁၄၂။ ။ မည်သူကမျှ ကျွန်ုပ်အား ဂရုမစိုက်သော်လည်း ထာဝရဘုရားသည် ဂရုစိုက်တော်မူ၏။

ဆာလံ ၁၄၃။ ။ ကွယ်ကာစောင့်ထိန်းတော်မူရန် ဆုတောင်းခြင်း၊ ကျွန်ုပ်အား သာ၍ မြင့်သောအရပ်သို့ ပို့ဆောင်တော်မူပါ။

ဆာလံ ၁၄၄။ ။ ထာဝရဘုရားသည် ငါ၏ကျောက်၊ ငါ၏ ရဲတိုက်ဖြစ်တော်မူ၏။

ဆာလံ ၁၄၅။ ။ ထာဝရဘုရား၏ ကြီးမြတ်တော်မူခြင်းနှင့် အံ့ဖွယ်သောအမှုတော်တို့ အတွက် ချီးမွမ်းကြလော့။

ဆာလံ ၁၄၆။ ။ ကြွယ်ဝစွာ မ , စကူညီသောအရှင်၊ ထာဝရဘုရားအား ချီးမွမ်းကြ လော့။

ဆာလံ ၁၄၇။ ။ ကျိုးပဲ့ကြေကွဲသောနှလုံးသားကို ကျန်းမာစေတော်မူသော ထာဝရဘုရားအား ချီးမွမ်းကြလော့။

ဆာလံ ၁၄၈။ ။ဉာဏ်ပညာတော်အားဖြင့် ဖန်ဆင်းတော်မူသောအရှင် ထာဝရဘုရား အား ချီးမွမ်းကြလော့။

ဆာလံ ၁၄၉။ ။မိမိလူစုတို့အပေါ်၌ ဝမ်းမြောက်အားရတော်မူသော ထာဝရဘုရား အားချီးမွမ်းကြလော့။

ဆာလံ ၁၅၀။ ။ ထာဝရဘုရားအား ချီးမွမ်းပဌာကာပြုကြကုန်လော့။

# သုတ္တံကျမ်း

## (ပညတ်တော်တရားအားဖြင့် ဉာဏ်ပညာ)

### ကျမ်းရေးသူနှင့်ကျမ်းအမည်

ဓမ္မရာဇဝင်တတိယစောင် ၄း၃၂ အရ ရှောလမုန်မင်းကြီးသည် သုတ္တံစကားသုံးထောင်နှင့် ဓမ္မတေးသီချင်း (၁၀၀၅) ပြောဆိုခဲ့ပါသည်။ သူသည် သုတ္တံစကားလုံးများကို သူ၏ စာအုပ်ထဲ၌ ရေးသားနေစဉ်တွင် နောက်ဆုံးသောအခန်းကြီးများ၌ ဤကျမ်းကိုရေးသော သူမှာ သူတစ်ဦးတည်းမဟုတ်ကြောင်း ဖော်ပြထားပါသည်။ သုတ္တံကျမ်း၌ အပိုင်း ၃ ပိုင်းတို့ကို ရှောလမုန်ဖော်ပြခဲ့သည်မှာ ၁း၁-၉း၁၈၊ ၁၀း၁-၂၂း၁၆ နှင့် ၂၅း၁-၂၉း၂၇ တို့ဖြစ်ကြပါသည်။ မည်သို့ပင်ဆိုစေကာမူ သုတ္တံကျမ်း၏ နောက်ဆုံးပိုင်းအခန်း (၂၅း၁-၂၉း၂၇) တို့သည် ဟေဇကိမင်းကြီး၏ တိုင်ပင်ခြင်းအားဖြင့် ရှောလမုန်မင်းကြီး ဆုတောင်းထားသောအရာများ ဖြစ်သည် (၂၅း၁)။ သုတ္တံကျမ်း ၂၂း၁၇ ၌ "ပညာရှိစကား" နှင့် ၂၄း၂၃၌ ပညာရှိစကားများ ဟူ၍ ထပ်ပြီးပေါင်းထည့်ကာ သုတ္တံ၊ ၂၂း၁၇-၂၀ ၌ ဤအခန်းများသည် ပညာရှိများထံမှ လာပြီး ရှောလမုန်မင်းကြီးကိုယ်တိုင်မဟုတ်ကြောင်း နိဒါန်းအရ ယူဆရပါသည်။ အခန်းကြီး ၃၀ သည် Jakeh ၏သား Agur နှင့် ၃၁း၁-၉ သည် ရှင်ဘုရင်လေမွေလတို့ကို အထူးသီးသန့် ညွှန်ပြထားပါသည်။

သုတ္တံကျမ်းသည် ဆိုရိုးစကားများ သို့မဟုတ် နိယာမများကို ညွှန်ပြသော တရားစကား အားဖြင့် ကျမ်းအမည်ကို ရရှိခြင်းဖြစ်ကြောင်း ထင်ရှားပါသည်။ သုတ္တံစကားအတွက် ဟေဗြဲစကားလုံး ၌ ဆိုလိုသည်မှာ "သဏ္ဍာန်တူ"၊ "ဆင်တူယိုးမှား" သို့မဟုတ် "နှိုင်းယှဉ် ချက်" ဟူ၍ဖြစ်ပါ သည်။ ထိုအရာတို့သည် အရေးကြီးသော ကျင့်ဝတ်တရားဆိုင်ရာ နိယာမကို နှိုင်းယှဉ်ခြင်း သဘောကို ညွှန်ပြပါသည်။ သုတ္တံစကားသည် ဆင်တူယိုးမှား ပညတ်ချက်များကို နှိုင်းယှဉ် ဖော်ပြရာတွင် ဗဟိုပြုသည်သာမက ဆန့်ကျင်ဘက် တစ်ဦးသည် ပညာရှိစွာ အသက်ရှင်နေ နိုင်ရန် ကျင့်ဝတ်တရားနှင့် ဝိညာဉ်ရေးရာနှင့် ဆိုင်သော သွန်သင်ချက်များကို အကျဉ်းချုံး၍ ရေးထားသောအချက်များအားဖြင့် ဤကျမ်းအမည်ကို ရရှိခြင်းဖြစ်ပါသည်။

## ကျမ်းကိုရေးသားသောခုနှစ်

၉၅၀-၇၀၀ ဘီစီ။

သုတ္တံကျမ်းသည် ဉာဏ်ပညာနှင့်ဆိုင်သော ကျမ်းဖြစ်သည့်အားလျော်စွာ သမိုင်းကြောင်းနှင့် ဆိုင်သော ကျမ်းမဟုတ်ပါ။ ဣသရေလလူမျိုးတို့၌ ညဏ်ပညာနှင့်ဆိုင်သောအရာများအတွက် ကျောင်းတော်ကြီးတစ်ခုဖြစ်ပါသည်။ ရှောလမုန်မင်းကြီး ရေးသားခဲ့သော သုတ္တံကျမ်းများမှာ သူအနစ္စမရောက်မီ ၉၃၁ ဘီစီတွင် ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ဟေဇကိအားဖြင့် ဆုတောင်းရေးသားခဲ့သော အခြားသုတ္တံကျမ်းများမှာ ၇၀၀ ဘီစီပတ်ဝန်းကျင်၌ ရေးသားခဲ့ခြင်းဖြစ်ပါသည်။

## ဦးတည်သည့် ရည်ရွယ်ချက်အကြောင်းရင်း

ဤကျမ်း၏ အမည်နှင့်အဓိပ္ပါယ်မှာ "သုတ္တံကျမ်း" ဟူ၍ ပေးထားသည့်အတိုင်း သုတ္တံကျမ်း၏ အဓိကဦးတည်ချက်နှင့် ရည်ရွယ်သည့်အကြောင်းရင်းမှာ အသက်ရှင်ဖို့ရန်အတွက် ဉာဏ် ပညာဖြစ်ပါသည်။ သို့ဖြစ်၍ ဘဝအသက်တာအားလုံးတို့၌ အပြစ်တရား၊ ကောင်းမြတ်ခြင်း၊ ကြွယ်ဝချမ်းသာခြင်း၊ ဆင်းရဲငတ်မွတ်ခြင်း၊ လျှာ၊ ဝါကြွားခြင်း၊ နှိမ့်ချခြင်း၊ တရားမျှတခြင်း၊ မိသားစု (မိဘနှစ်ပါး၊ သားသမီးများ၊ စည်းမျဉ်းစည်းကမ်းများ)၊ ရန်တုန့်ပြန်ခြင်း၊ ရှုန်းကန် လှုပ်ရှားခြင်း၊ ချစ်ခြင်းမေတ္တာ၊ ပျင်းရိခြင်း၊ မိတ်ဆွေ အပေါင်းအသင်း၊ အသက်နှင့် သေခြင်း စသည်တို့နှင့်ပတ်သက်၍ အထူးသွန်သင်ထားပါသည်။ သုတ္တံကျမ်းမှအပ အခြားမည်သည့် ကျမ်းမှ နေ့စဉ်အသက်တာတွင် ဉာဏ်ပညာဖြင့် အသက်ရှင်ရန် ပို၍လက်တွေ့ကျသော ကျမ်းများမရှိပါ။

အဓိကကျသော အခြေခံဦးတည်ချက်မှာ "*ထာဝရဘုရားကို ကြောက်ရွံ့ခြင်းသည် ပညာ၏ အချုပ်အချာဖြစ်၏*"(၁း၇၀) ပင်ဖြစ်ပါသည်။ ဘုရားသခင်အား ကြောက်ရွံ့မှုကင်းမဲ့ခြင်းသည် အသက်တာ၌ မိုက်မဲခြင်းသို့ ပို့ဆောင်ပါသည်။ ထာဝရဘုရားကိုကြောက်ရွံ့ခြင်းဟု ဆိုရာ၌ ကိုယ်တော်ကြောက်ရွံ့ရိုသေလေးစားထိုက်သော သန့်ရှင်းခြင်းပါရမီနှင့် တန်ခိုးတော် ထဲ၌ ရပ်တည်ခြင်းကို ဆိုလိုပါသည်။ တစ်ချိန်တည်းမှာပင် စစ်မှန်သောဉာဏ်ပညာသည် ထာဝရဘုရားကို ကြောက်ရွံ့ခြင်းဘက်သို့ ပို့ဆောင်သွားသည်ကို သုတ္တံကျမ်း၌ ဖော်ပြထားပါသည်။

## အဓိကပါဝင်သောသူများ

သုတ္တံကျမ်းကို လူတိုင်းတစ်ဦးချင်းစီအတွက် ရေးသားထားခြင်းဖြစ်ရာ၊ မည်သူတစ်ဦး တစ်ယောက်ကိုမျှ သေချာဖော်ပြမထားပါ။

## ခရစ်တော်ကို သုတ္တံကျမ်း၌ တွေ့မြင်ရပုံ

အခန်းကြီး ၈ ၌၊ ဉာဏ်ပညာသည် ပုဂ္ဂိုလ်တစ်ဦးကဲ့သို့ ထိုသူ၏အထဲ၌ စုံလျှင်ခြင်းကို မြင်ရပါသည်။ ထိုသူမှာ ဘုရားသခင်ဖြစ်တော်မူပြီး (၈း၂၂-၃၁)၊ ဇီဝနှင့် ဝိညာဉ်ရေးရာ အသက်တို့၏ အခြေခံရင်းမြစ်(၃း၁၈၊ ၈း၃၅-၃၆)၊ ဖြောင့်မတ်ခြင်းတရား (၈း၈-၉) နှင့် လက်ခံရယူသောလူတိုင်းအတွက် ရရှိခံစားနိုင်သည့်အရာ (၈း၁-၆၊ ၃၂-၃၅) ဖြစ်ပါသည်။ ဉာဏ်ပညာသည် ခရစ်တော်၏ ပုဂ္ဂိုလ်တော်ထဲ၌ လူ့ဇာတိကို ခံယူပါသည်။ *"ထိုနက်နဲသော အရာ၌ ပညာဘဏ္ဍာ၊ ဉာဏ်ဘဏ္ဍာရှိသမျှတို့သည် ဝှက်ထားလျက်ရှိကြ၏"*(ကော၊ ၂း၃)။ *"ထိုဘုရားသခင်အားဖြင့် သင်တို့သည် ယေရှုခရစ်၌ တည်နေကြ၏။ ထိုသခင်မူကား၊ ဘုရားသခင်စီရင်တော်မူသည်အတိုင်း ငါတို့၌ ပညာမှစ၍ ဖြောင့်မတ် ခြင်း၊ သန့်ရှင်းခြင်းနှင့် ရွေးနှုတ်ခြင်းဖြစ်တော်မူ၏"*(၁ကော၊ ၁း၃၀၊ ၁ကော၊ ၁း၂၂-၂၄)။ [၂၉]

## အဓိကအရေးကြီးသောအချက်များ

၁။ နိဒါန်း၊ သုတ္တံကျမ်း၏ ရည်ရွယ်ချက်အကြောင်းရင်း (၁း၁-၇)။

၂။ ဉာဏ်ပညာ၏ အသုံးအဖွဲ့တော်များ၊ လူငယ်များအတွက် သုတ္တံစကားများ (၁း၈-၉း၁၈)။

(က)မိဘစကားကို နားထောင်ပါ (၁း၈-၉)။

(ခ) မကောင်းသော အပေါင်းအသင်းများကို ရှောင်ပါ (၁း၁၀-၁၉)။

(ဂ) ဉာဏ်ပညာ၏ ခေါ်ယူခြင်းနှင့် အကြံဉာဏ်တော်များကို သတိပြုပါ (၁း၂၀-၃၃)။

(ဃ)ကာမဂုဏ်ကျူးလွန်ပျော်မွေ့ခြင်းကို ရှောင်ကြဉ်ပါ (၂း၁-၂၂)။

(င) ဘုရားသခင်ကို ကိုးစား၍ ကြည်ညိုလေးစားပါ (၃း၁-၁၂)။

(စ) ဉာဏ်ပညာ၏ ကောင်းကြီးမင်္ဂလာများ (၃း၁၃-၂၀)။

(ဆ)သူတစ်ပါးတို့အပေါ်မှာ ကြင်နာတရားရှိပါ။ ရက်ရောခြင်းကို ပြုပါ

(၃း၂၁-၃၅)။

(ဇ) ဉာဏ်ပညာကို ခံယူပါ (၄း၁-၉)။

(ဈ) ဆိုးသောအပေါင်းအသင်းကို ရှောင်ပါ (၄း၁၀-၁၉)။

(ည)အထက်ဖော်ပြပါအားလုံးတို့ကို သင်၏ နှလုံးသားထဲ၌ သိုထားပါ

(၄း၂၀-၂၇)။

(ဋ) ဖောက်ပြန်ကျူးလွန်ခြင်းမပြုပါနဲ့ (သူသား၊ မယားကို မပြစ်မှားပါနဲ့)

(၅း၁-၁၄)။

(ဌ) သင်၏ဇနီး သို့မဟုတ် ခင်ပွန်းသည်အပေါ်၌သစ္စာရှိပါ (၅း၁၅-၂၃)။

သူတစ်ပါးအတွက် အာမခံပေးခြင်းကို ရှောင်ပါ (၆း၁-၅)။

ပျင်းရိခြင်းကို ဖယ်ရှားပါ (၆း၆-၁၉)။

သူ့မယားကို ပြစ်မှားခြင်းမှ ရှောင်ရှားပါ (၆း၂၀-၃၅)။

သူတစ်ပါးသားမယားကို ပြစ်မှားခြင်းမှရှောင်ရှားပါ (၇း၁-၂၇)။

(ဍ) ဉာဏ်ပညာနှင့် မိုက်မဲခြင်းကို နှိုင်းယှဉ်ဖော်ပြခြင်း (၈း၁-၉း၁၈)။

၃။ ရှောလမုန်မင်းကြီး၏ သုတ္တံစကားများ (၁၀း၁-၂၄း၃၄)။

(က)ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မိုက်မဲခြင်းတို့ကို နှိုင်းယှဉ်ပြထားသော သုတ္တံ စကားများ (၁၀း၁-၁၅း၃၃)။

(ခ) ဘုရားသခင်နှင့် ကျွမ်းဝင်ခြင်းအသက်တာကို တိုက်တွန်းနိုးဆော်သည့် သုတ္တံ စကားများ (၁၆း၁-၂၂း၆)။

(ဂ) အကျင့်သီလအမျိုးမျိုးနှင့် ပတ်သက်သော သုတ္တံစကားများ (၂၂း၁၇-၂၃း၃၅)။

(ဃ)အမျိုးမျိုးသော လူတို့အကြောင်းနှင့် သက်ဆိုင်သည့် သုတ္တံစကားများ (၂၄း၁-၃၄)။

၄။ ဟေဇကိ၏ လူများက ကူးယူခဲ့သော ရှောလမုန်မင်းကြီး၏ သုတ္တံစကားများ (၂၅း၁-၂၉း၂၇)။

(က)အခြားသောသူများနှင့် ပေါင်းသင်းဆက်ဆံရေးနှင့် ပတ်သက်သော သုတ္တံစကားများ (၂၅း၁-၂၆း၂၈)။

(ခ) အမူအကျင့်များနှင့် ပတ်သက်သည့် သုတ္တံစကားများ (၂၇း၁-၂၉း၂၇)။

၅။ အာဂုရ၏ မိန့်ဆိုချက်များ (၃၀း၁-၃၃)။

(က)မိမိကိုယ်တိုင်နှင့်ဆိုင်သော စကားလုံးများ (၃၀း၁-၁၄)။

(ခ) ကိန်းဂဏန်းအရေအတွက်နှင့်ဆိုင်သော သုတ္တံစကားများ (၃၀း၁၅-၃၃)။

၆။ လေမွေလ၏ မိန့်ဆိုသော စကားလုံးများ (၃၁း၁-၉)။

၇။ သီလနှင့်ပြည့်စုံသော မိန်းမ (၃၁း၁၀-၃၁)။

# ဒေသနာကျမ်း

## (အစစ်အမှန်အားဖြင့် သမ္မာတရားသို့ရောက်ရှိခြင်း)

### ကျမ်းရေးသူနှင့် ကျမ်းအမည်

ဒေသနာကျမ်းကို ရေးသားခဲ့သောသူမှာ ရှောလမုန် (သို့) ဆောလုမွန်မင်းကြီးဖြစ်ကြောင်း အထောက်အထားနှစ်ခု (အတွင်းနှင့်အပြင်အားဖြင့်) တွေ့နိုင်ပါသည်။ အပြင်ပိုင်းအထောက် အထားအနေဖြင့်၊ ယုဒလူမျိုးတို့၏ ထုံးတမ်းစဉ်လာအရ ရှောလမုန်က ရေးသားထားကြောင်း မှတ်ယူကြသည်။ အတွင်းပိုင်းအထောက်အထားအရ ကျမ်းချက်များဖြင့် ဤကျမ်းကို ရေးသောသူမှာ ရှောလမုန်မင်းကြီးဖြစ်ကြောင်း အထောက်ထား

ခိုင်လုံစွာ ဖော်ပြထားပါသည်။ စာရေးသူကိုယ်ကိုင် "ဒါဝိဒ်၏ သားတော် ဓမ္မဒေသနာ ဆရာဖြစ်သော ယေရုရှလင် မင်းကြီး " ဟူ၍ အရင်ဆုံးဖော်ပြ၏ (၁း၁)။ ထို့နောက် စာရေးသူ၏ ထူးဆန်းသောဉာဏ်ပညာအားဖြင့် ကိုးကားထားပါသည် (၁း၁၆)။ အလွန် အမင်းကြွယ်ဝချမ်းသာခြင်း (၂း၇)၊ ပျော်ရွှင်မှုအတွက် အခွင့်ထူးများစွာရရှိခြင်း၊ အဆောက်အဦးတိုးချဲ့ခြင်း လုပ်ရှားမှုများ (၂း၄-၆) စသည့်အားလုံးတို့မှာ ဤကျမ်းကို ရေးသောသူသည် ရှောလမုန်မင်းကြီးဖြစ်ကြောင်း အထောက်အထားခိုင်လုံစေပါသည်။ ဤကဲ့သို့သော ရေးမှတ်သားရလောက်အောင် ဒါဝိတ်၏ အမျိုးနွယ်မှ တစ်ခြားမည်သူ ရှိနိုင်ပါအံ့နည်း?

ဒေသနာကျမ်း၏ အမည်သည် Septuagint မှ ဆင်းသက်လာပါသည်။ မူရင်းဂရိစကား လုံး၏ အဓိပ္ပါယ်မှာ "အစုအရုံး" ဟူ၍ဖြစ်ပါသည်။ ဟေဗြဲဝေါဟာရစကား၏ ဆိုလိုရင်း အဓိပ္ပါယ်မှာ "အစုအရုံးထဲ၌ စကားပြောဆိုသောသူ" သို့မဟုတ် ဒေသနာဆရာဟူ၍ အဓိပ္ပါယ်ရှိပါသည်။

## ကျမ်းကိုရေးသောခုနှစ်

၉၃၀ ဘီစီ။

ဂျူးလူမျိုးတို့၏ ထုံးတမ်းစဉ်လာအရ ရှောလမုန်သည် သူအသက်ငယ်စဉ် အစောပိုင်း ကာလ ၌ ရှောလမုန်သီချင်းကို ရေးသားခဲ့ပြီး လူငယ်တစ်ဦး၏ ချစ်ခြင်းမေတ္တာကြောင်းကို ဖော်ထုတ်ထားပါသည်။ သူသည် လူလတ်ပိုင်းတို့၏ ဉာဏ်ပညာနှင့်ဆိုင်သော သုတ္တံကျမ်း ကို သူ၏ အသက်တာရင့်ကျက်လာပြီးမှ ရေးသားခဲ့ပါသည်။ သူသည် အသက်အရွယ် အိုမင်းလာသော အခါ အသက်အရွယ်ကြီးသော ယောက်ျားတို့၏ ဝမ်းနည်းကြေကွဲ ခြင်းကို ဖော်ပြသောအား ဖြင့် ဒေသနာကျမ်းကို ရေးသားခဲ့သည် (၁၂း၁)။ ဓမ္မရာဇဝင် တတိယစောင် ၁၁ ၌ မှတ်တမ်းတင်ထားသော ရှောလမုန်မင်းကြီး၏ ကျင့်ဝတ်တရားပိုင်း ဆိုင်ရာ မှားယွင်းဖောက်ပြန်ခြင်းအပေါ် နောင်တရခြင်းနှင့်ဆိုင်သော သူ၏ ဝမ်းနည်း ကြေကွဲခြင်းကို မှတ်တမ်းတင်ခြင်း ဖြစ်ပါသည်။ ထို့နောက် ဒေသနာကျမ်းမှာ ရှောလမုန် မင်းကြီး အနိစ္စမရောက်မီ (၉၃၀ ဘီစီ) ၌ ပေါ်ပေါက်လာသော သူ၏ နိုင်ငံတော် ကွဲပြားခြင်းအကြောင်းနှင့် ဆက်နွယ်မှုများကို ရေးသားထားပါသည်။ [၃၀]

# ဦးတည်သည့် ရည်ရွယ်ချက်အကြောင်းရင်း

အခြေခံကျသော ဦးတည်ချက်မှာ ဘုရားသခင်မပါရှိပါက လူ့ဘဝသည် အချည်းနှီး သက်သက်ဖြစ်သည်။ ဤဦးတည်ချက်ကို အကျယ်ချဲ့သော ရည်ရွယ်ချက်အကြောင်းရင်း လေးမျိုးဖြင့် တွေ့နိုင်ပါသည်။

ပထမ၊ ဘုရားသခင်မပါရှိသော လူ့ဘဝအသက်တာသည် အဓိပ္ပါယ်ကင်းမဲ့ကြောင်း ရှာဖွေ ထင်ရှားစေပါသည်။ ကြိုးစားအားထုတ်မှုကို အခြေခံကာ စိတ်ချမှုကို ပြိုဖျက်ရန်ရှာခဲ့ပါသည်။ သူဖော်ပြသည်မှာ လူသားအပေါင်းတို့၏ ပန်းတိုင်များ သို့မဟုတ် လူသားအမြင်အားဖြင့် မှန်သည်ဟုထင်ရသော လမ်းခရီးများအားလုံးတို့သည် ပျက်စီးခြင်းနှင့် အချည်းနှီးသက်သက် ဖြစ်သော သူ၏အတွေ့အကြုံများကို မှတ်တမ်းတင်ခြင်းအားဖြင့် စာဖတ်ပရိသတ်တို့အား ဘုရားသခင်အတွက် ကြောက်ရွံ့ဖွယ်ကောင်းသော အန္တရာယ်များဖြစ်ကြောင်း သိမြင်စေပါ သည်။ လောကပျော်ရွှင်မှုနောက်သို့ လိုက်စားခြင်းအားဖြင့် ပျော်ရွှင်မှု၏ ပြည့်စုံခြင်းသို့ မရောက်နိုင်ကြောင်း သူဖော်ပြထားပါသည်။

ဒုတိယ၊ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်မှုပြုရမည်။ အမြင်အားဖြင့် အသက်မရှင်ရဟု ဆိုလိုသော အကြောင်းတရားများကို ဘဝအသက်တာ၌ အပြည့်အဝ နားလည်ခြင်းမရှိပါ။ ဘဝအသက်တာသည် ရှင်းပြမရနိုင်သော အဖြစ်အပျက်များဖြင့် ပြည့်နေပါသည်။ လူ့ဘဝထဲ၌ လူသားတို့နားမလည် သဘောမပေါက်နိုင်သော အရာများကို၊ ထိန်းချုပ်နိုင်သော အရာများစွာရှိပါသည်။ သို့သော်လည်း ယုံကြည်ခြင်းအားဖြင့် ဘုရား သခင်၏ တန်ခိုးကြီးသောဉာဏ်ပညာတော်နှင့် အမှုတော်ထဲ၌ ကျွန်ုပ်တို့သည် မှီခိုနိုင်ပါသည်။ ယောဘဝတ္ထုကဲ့သို့ပင် ဒေသနာကျမ်းသည်လည်း လူသားတို့၏ အဆုံးရှိခြင်း (အကန့်အသတ် ဖြစ်ခြင်း) ကို ဖေါ်ပြထားပြီး၊ ရှုပ်ထွေးသော အမှုအရာများပေါ်၌ ရှိသည့် အသက်တာကို လည်း နားလည်ရန်ကြိုးစားသင့်ကြောင်း ရေးသားထားပါသည်။ ဤလောက၏ အသက်တာ၊ "နေရောင်အောက်၌ရှိသော အသက်တာ" သည် ဘဝ၏ အဓိကသော့ချက်ကို လုံးဝမပေးနိုင်ပါ။ ဤအချက်ကို ထောက်မြင်ခြင်းအားဖြင့် လူသားတို့သည် မြေကြီးနှင့်ဆိုင်သောအရာကို ကြည့်ခြင်းထက် အထက်အရပ် ဘုရားသခင်အား ကြည့်မျှော်ပြီး ကိုးစားသင့်ပေသည်။

တတိယ၊ ဒေသနာကျမ်းသည် သုတ္တံကျမ်း၌ နှိုင်းယှဉ်ဖော်ပြထားသော ဘဝ၏ မှန်ကန်

သော အမြင်များကို တင်ဆက်ဖော်ပြထားပါသည်။ ဒေသနာကျမ်း၌ သုတ္တံကျမ်းတွင် ဖော်ပြသကဲ့သို့ ဘဝအကြောင်းဖော်ပြရာတွင် ကွာခြားမှုရှိပါသည် (သုတ္တံ၊ ၁၀း၁၆) ၌ တရားမျှတခြင်းသည် ဖြောင့်မတ်သောသူနှင့် ဆိုးသောသူတို့နှစ်ဦးစလုံးပေါ်၌ တည်ရှိကြောင်းဆိုထားပါသည်။ သို့သော်လည်း (ဒေသနာကျမ်း ၈း၁၄) ၌ ဤကဲ့သို့ အစဉ်သဖြင့် မဟုတ်ကြောင်း၊ ဤဘဝ၌ မဟုတ်ကြောင်း လေ့လာသုံးသပ်ထားပါသည်။ ဤအရာများမှာ ဆန့်ကျင်ခြင်းများ မဟုတ်ပါ လား။ ထိုသို့မဟုတ်ပါ။ အဘယ်ကြောင့် ဆိုသော် သုတ္တံကျမ်းသည် အပြစ်ဒုစရိုက်ပြည့်နေသော လောကကြီးထဲ၌ ကျဆုံးတတ် သော အသက်တာအကြောင်းကို ဖေါ်ပြခြင်းမဟုတ်ဘဲ ဘုရားသခင်၏ နိယာမများကို ဖော်ပြခြင်းသာဖြစ်ပါသည်။ ဒေသနာကျမ်း၌မူ ဖြောင့်မတ်သောသူ အသက်ရှင် တည်ရှိ ကြောင်း၊ သုတ္တံကျမ်းကဲ့သို့ ညွှန်ပြထားပြီး နေရောင်အောက်၌ အသက်ရှင်သော လူသား တို့၏ အကန့်သတ်ရှိသည့် ရှုထောင့်မှသုံးသပ်ခြင်းသည် ခိုင်လုံ မှန်ကန်မှုမရှိကြောင်း ဖေါ်ပြထားပါသည်။

စတုတ္ထ၊ ရှောလမုန်မင်းကြီး ဖော်ပြသည်မှာ၊ လူသားတို့သည် မိမိတို့၏ နည်းစနစ် ဗျူဟာ များဖြစ်သော ဘဝအသက်တာ၌ အစဉ်အမြဲ ဗလာဟင်းလင်းဖြစ်ခြင်း၊ အလဟသ ဖြစ်ခြင်းနှင့် လျှို့ဝှက်နက်နဲရှုပ်ထွေးမှုများဖြင့် ပြည့်နေသော နည်းဗျူဟာများကို စွန့်လွှတ် ရမည့်အကြောင်း ဖော်ပြထားပါသည်။ မည်သို့ပင်ဆိုစေ ဒေသနာကျမ်း၏ ဆိုလိုချက်မှာ ဘဝအသက်တာ၌ မည်သည့်အဖြေမျှမရှိ၊ ဘဝအသက်တာသည် လုံးလုံးလျားလျား သုံးမရ သို့မဟုတ် အဓိပ္ပါယ် ကင်းမဲ့ဖြစ်နေသည်ဟု ဆိုထားခြင်းမဟုတ်ပါ။ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းအားဖြင့် ဘဝ၏ အဓိပ္ပါယ်နှင့် သက်သေအထောက်ထားရှိကြောင်း သူသည် ရှင်းလင်းတင်ပြထားပါ သည်။ စိတ်ပျက်ခြင်း၊ ရှုံးနိမ့်ခြင်း၊ အလဟသ အချည်းနှီး ဖြစ်ခြင်းများကို ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းအားဖြင့် ကျေနပ်ရောင့်ရဲ တင်းတိမ် မှုကို ပြန်လည်ရရှိနိုင်ပါသည်။

## အဓိကပါဝင်သောသူများ

အဓိကပါဝင်သောသူမှာ ရှောလမုန်မင်းကြီးဖြစ်ပါသည်။

## ခရစ်တော်ကို ဒေသနာကျမ်း၌ တွေ့မြင်ရပုံ

လူသားတို့သည် စိတ်ကျေနပ်မှုအပြည့်အဝ သို့မဟုတ် အသက်နှင့် ပိုမိုကြွယ်ဝသော

အသက်တာ (ယော၊ ၁၀း၁၀၊ ၇း၃၇-၃၈) တို့သည် အသက်သခင်ယေရှုနှင့် မိတ်သဟာယဖွဲ့ခြင်းအားဖြင့်သာလျှင် ပြည့်စုံစေနိုင်ပြီး ဟာလာဟင်းလင်းဖြစ်သော လူ့ဘဝအတွေ့အကြုံများသည် ခရစ်တော်အားဖြင့်သာလျှင် ရရှိနိုင်ကြောင်းဖော်ပြထားပါသည်။ လူသားတို့၏ အရေးကြီး သော ရည်မှန်းချက်များ၊ လိုအင်ဆန္ဒများနှင့် ကျေနပ်နှစ်သိမ့်မှုများသည် ကယ်တင်ရှင်ပေါ်၌ သာလျှင် တွေ့ရပါသည်။

## အဓိကအရေးကြီးသောအချက်များ

၁။ နိဒါန်း၊ ပြဿနာကို ဖော်ပြခြင်း (၁း၁-၃)။

၂။ ပြဿနာကို ဖော်ထုတ်ထင်ရှားစေခြင်း (၁း၄-၂း၂၆)။

(က)ဘဝသံသရာ၏ အချည်းနှီးအလဟသဖြစ်ခြင်း (၁း၄-၁၁)။

(ခ) လူသားတို့၏ ဉာဏ်ပညာသည် အချည်းနှီးအလဟသဖြစ်ခြင်း (၁း၁၂-၁၈)။

(ဂ) လောကီပျော်ရွှင်မှုနှင့် ကြွယ်ဝချမ်းသာခြင်း၏ အလဟသဖြစ်ခြင်း (၂း၁-၁၁)။

(ဃ)ရုပ်ဝတ္ထုပစ္စည်းများ၏ အချည်းနှီးအလဟသဖြစ်ခြင်း (၂း၁၂-၂၃)။

(င) နိဂုံးချုပ်၊ ဘုရားသခင်၏ ထောက်ပံ့တော်မူခြင်း၌ ဝမ်းမြောက်ခြင်းနှင့် တင်းတိမ်ရောင့်ရဲမှုရှိခြင်း (၂း၂၄-၂၆)။

၃။ ဘဝအတွက် မပြောင်းလဲနိုင်သော ဘုရားသခင်၏အကြံအစည်တော် (၃း၁-၂၂)။

(က)လူ့ဘဝ၌ ဖြစ်ပျက်လာမည့်အရာများကို ကြိုတင်၍ ခွဲခန့်မှတ်သားတော်မူ၏ (၃း၁-၁၁)။

(ခ) ဘဝ၏ အခြေအနေကို ကြိုတင်၍ ခွဲခန့်မှတ်သားတော်မူ၏ (၃း၁၂-၁၃)။

(ဂ) လူသားအားတို့ကို တရားစီရင်တော်မူ၏ (၃း၁၄-၂၁)။

(ဃ)နိဂုံး (၃း၂၂)။

၄။ အချည်းနှီးအလဟသဖြစ်သော ဘဝသံသရာ (၄း၁-၅း၂၀)။

(က)မကောင်းမှု (စာတန်)၏ ဖိစီးနှိပ်စက်ခြင်း (၄း၁-၃)။

(ခ) ပင်ပန်းစွာ လုပ်ရသောအလုပ်၏ အလဟသဖြစ်ခြင်း (၄း၄-၁၂)။

(ဂ) နိုင်ငံရေးအောင်မြင်မှု၏ အလဟသဖြစ်ခြင်း (၄း၁၃-၁၆)။

(ဃ)လူသားတို့ ကိုးကွယ်မှုဘာသာ၏ အလဟသဖြစ်ခြင်း (၅း၁-၇)။

(င) လူသားတို့ ကြွယ်ဝချမ်းသာခြင်း၏ အလဟသဖြစ်ခြင်း (၅း၈-၁၇)။

(စ) နိဂုံး (၅း၁၈-၂၀)။

၅။ လူ့ဘဝတစ်ခုလုံးမှာ အချည်းနှီးအလဟသဖြစ်ခြင်း (၆း၁-၁)။

(က)ကြွယ်ဝချမ်းသာခြင်း၌ ကျေနပ်နှစ်သိမ့်မှုမတွေ့နိုင် ( ၆း၁-၂)။

(ခ) သားသမီးတို့၌ ကျေနပ်နှစ်သိမ့်မှုမတွေ့နိုင် (၆း၃-၆)။

(ဂ) လုပ်ဆောင်သောလုပ်ငန်းများ၌ ကျေနပ်နှစ်သိမ့်မှုမတွေ့နိုင် (၆း၇-၁၂)။

၆။ အချည်းနှီးသက်သက်ဖြင့် အသက်ရှင်ခြင်းပေါ်၌ ဆွေးနွေးတိုင်ပင်ခြင်း (၇း၁-၁၂း၈)။

(က)လူသားတို့၏ ဆိုးသွမ်းမိုက်မဲမှုအပေါ်၌ ဆွေးနွေးတိုင်ပင်ခြင်း (၇း၁-၂၉)။

(ခ) ဘုရားသခင်၏ ထောက်ပံ့ခြင်းအပေါ်၌ အကြံဉာဏ်ပေးခြင်း (၈း၁-၉း၁၈)။

(ဂ) မသေချာမရေရာသော ဘဝအသက်တာအတွက် အကြံဉာဏ်ပေးခြင်း (၁၀း၁-၂၀)။

(ဃ)အိုမင်းကြီးရင့်လာသော ဘဝအသက်တာအပေါ်၌ ဆွေးနွေးတိုင်ပင်ခြင်း (၁၁း၁-၁၂း၈)။

၇။ နိဂုံးချုပ် (၁၂း၉-၁၄)။

# ရှောလမုန်သီချင်း

## (ပူးပေါင်းဆောင်ရွက်မှုအားဖြင့် ဝမ်းမြောက်ခြင်း)

## ကျမ်းရေးသူနှင့် ကျမ်းအမည်

ရှောလမုန်သည် ကျမ်းရေးသူဖြစ်ပါသည်။ သူ့အား ခုနှစ်ကြိမ်တိုင်တိုင် ဖော်ပြထားပါသည် (၁း၁၊၅၊ ၃း၇၊ ၉၊ ၁၁၊ ၈း၁၁-၁၂)။ သူ့ကို သတို့သားအနေဖြင့် သိမှတ်တင်စားထားပါသည်။ အငယ် ၁ ၌ ရှောလမုန်သည် မြောက်များစွာသော တေးသီချင်းများမှ သူရေးသားခဲ့သော တေးသီချင်းတစ်ပုဒ်ဖြစ်ကြောင်း ဖော်ပြထားပါသည် (သူရေးခဲ့သမျှသော သီချင်းအများထဲမှ အကောင်းဆုံးဖြစ်နိုင်ပါသည်)။ (ဓမ္မရာဇဝင်တတိယစောင် ၄း၃၂)၌ ရှောလမုန်သည် တေးသီချင်း ၁၀၀၅ ခန့်ကို စပ်ဆိုရေးသားခဲ့ကြောင်း ပြောပြပါသည်။ ဤကျမ်းချက်၌ "ရှောလမုန်၏ သီချင်း" ဟူ၍မဖော်ပြပါ ရှောလမုန်ရေးသားခဲ့သော "တေးသီချင်းများ၏ သီချင်း"ဟူ၍ ဖော်ပြ၏။ ဤကျမ်း၏ အမည်နှင့်ပတ်သက်ပြီး ဒေါက်တာချားလ်စ်ရိုင်းရီက (Dr. Charles Ryrie) အောက်ပါအတိုင်း ရေးသားထားပါသည်။

> "ဤကျမ်း၏ အမည်နာမကို နည်းမျိုးစုံဖြင့် ပေးထားလျက်ရှိပါသည်။ အခန်းငယ် ၁ မှ ဟေဗြဲအမည်နာမ၌ "တေးသီချင်းများ၏ သီချင်း" သည် သီချင်းများထဲမှ အကောင်းဆုံး၊ ထိပ်ဆုံးအရာကို ဖော်ပြထားပြီး၊ အခန်းငယ် ၁ မှ အင်္ဂလိပ်ကျမ်း အမည်နာမဖြစ်သည့် "ရှောလမုန်၏ သီချင်း" သည် စာရေးသူအား ကိုယ်စားပြု ထားပါသည်။ တေးသီချင်းများသည် လက်တင်ဘာသာမှ ဆင်းသက်လာပါသည်။"[၃၁]

## ကျမ်းကို ရေးသားသည့်ခုနှစ်

၉၆၅ ဘီစီ။

## ဦးတည်သည့် ရည်ရွယ်ချက်အကြောင်းရင်း

ရှောလမုန်သီချင်းသည် ချစ်ခြင်းမေတ္တာနှင့် ထိမ်းမြားစုံဖက်ခြင်း၊ ယောကျ်ားနှင့် မိန်းမတို့၏

ရုပ်ပိုင်းဆိုင်ရာ လှပသော ချစ်ခြင်းမေတ္တာအကြောင်းတို့ကို ဘုရားသခင်၏ အမြင်ဖြင့် ပုံဖော် ထားသော မေတ္တာတေးသီချင်းဖြစ်ပါသည်။

ဤသီချင်းကို ၉၆၅ ဘီစီခန့်၌ ရှောလမုန်၏ ဘဝဖြစ်စဉ်အစောပိုင်းကာလ၌ ရေးထားဟန် ရှိပါသည်။ ဤအချိန်၌ ရှောလမုန်သည် မိဖုရား ၆၀ နှင့် မောင်းမမိဿံ ၈၀ ရှိ၏ (၆း၈)။ သို့သော်လည်း သူ၏ နောက်ပိုင်းအသက်တာ၌ မိဖုရားခုနှစ်ရာနှင့် မောင်းမမိဿံ သုံးထောင် ရှိ၏ (ဓမ္မရာဇဝင်တတိယစောင် ၁၁း၃)။

## အဓိကပါဝင်သောသူများ

သတို့သမီး (Shulamite)၊ ရှင်ဘုရင် (ရှောလမုန်)နှင့် ကောရ (ယေရုဆလင်မြို့သမီးများ)။

## ခရစ်တော်ကို ရှောလမုန်သီချင်း၌ တွေ့မြင်ရပုံ

ဤကျမ်းသည် ယုံကြည်သူများအပေါ်၌ ခရစ်တော်၏ အံ့ဘွယ်ချစ်ခြင်းမေတ္တာတော်ကို တင်စား၍ ဖော်ပြထားပါသည်

## အဓိကအရေးကြီးသောအချက်များ

၁။ ဘွဲ့နာမအမည် (၁း၁)။

၂။ ချစ်ခြင်းမေတ္တာသက်ဝင်ခြင်း (၁း၂-၃း၅)။

(က)သတို့သမီး၏ တောင့်တသောဆန္ဒများ (၁း၁-၈)။

(ခ) အပြန်အလှန်ချစ်ခြင်းမေတ္တာ သက်ဝင်နေခြင်းကို ဖော်ပြခြင်း (၁း၉-၂း၇)။

(ဂ) သတို့သမီးအိမ်သို့ ရှင်ဘုရင်အလည်အပတ်ကြွတော်မူခြင်း (၂း၈-၁၇)။

(ဃ)သတို့သမီးသည် ခွဲခွာခြင်းကို ပထမဦးဆုံးမြင်မက်ခြင်း ( ၃း၁-၅)။

၃။ ချစ်ခြင်းမေတ္တာ၌ ပေါင်းစည်းခြင်း (၃း၆-၅း၁)။

(က)လက်ထပ်ထိမ်းမြားမင်္ဂလာအခမ်းအနား (၃း၆-၁၁)။

(ခ) သတို့သမီး၏ လှပမှုအပေါ်၌ ချီးမွမ်းခြင်း (၄း၁-၁၅)။

(ဂ) ထိမ်းမြားလက်ထပ်ခြင်း၌ လိုလေသေးမရှိပြည့်စုံခြင်း (၄း၁၆-၅း၁)။

၄။ ချစ်ခြင်းမေတ္တာ၌ ရုန်းကန်လှုပ်ရှားခြင်း (၅း၂-၇း၁၀)။

(က) သတိုးသမီး၏ ခွဲခွာခြင်းကို ဒုတိယအကြိမ်မြင်မက်ခြင်း (၅း၂-၇)။

(ခ) သတိုးသား၏ နုပျိုခန့်ညားမှုအပေါ်၌ ချီးမွမ်းခြင်း (၅း၈-၆း၃)။

(ဂ) သတိုးသမီး၏ လှပမှုကို ချီးမွမ်းခြင်း (၆း၄-၇း၁၀)။

၅။ ချစ်ခြင်းမေတ္တာထဲ၌ ရင့်ကျက်တည်ငြိမ်လာခြင်း (၇း၁၁-၈း၁၄)။

(က) သတိုးသမီးသည် သူမ၏ အိမ်သို့လည်ပတ်ရန် ဆန္ဒရှိခြင်း (၇း၁၁-၈း၄)။

(ခ) လမ်းခရီးတော်နှင့် အိမ်သို့ပြန်လာခြင်း (၈း၅-၁၄)။

# အပိုင်း ၄

# ပရောဖက်ကြီးများ

## ဣသရေလလူမျိုးတို့၏ပရောဖက်များအားလုံးတို့ကို ရှုမြင်သုံးသပ်ခြင်း

## နိဒါန်း

ကျွန်ုပ်တို့သည် ဓမ္မဟောင်းကျမ်းကို ခြုံငုံ၍ လေ့လာရာတွင် "ပညတ်ကျမ်းများ၊" "ရာဇဝင်ကျမ်းများ"နှင့် "ကဗျာအလင်္ကာကျမ်း" ဟူ၍တွေ့မြင်ရမည်ဖြစ်ပါသည်။ ယခုနောက်ဆုံးအပိုင်းဖြစ်သည့် "ပရောဖက်များ" ဟူ၍သိရသော အခန်းများကို အစပြုလေ့လာကြရပါမည်။

"ပရောဖက်များ" ကို "ပရောဖက်ကြီးများ" နှင့် "ပရောဖက်ငယ်များ" ဟူ၍ ခွဲခြားသတ်မှတ် ထားလေ့ရှိပါသည်။ ကျမ်းငါးကျမ်းပါဝင်သော "ပရောဖက်ကြီးများ"တွင် ဟေရှာယအနာဂတ္တိကျမ်း၊ ယေရမိအနာဂတ္တိကျမ်း၊ ယေရမိမြည်တမ်းစကား၊ ယေဇကျေလအနာဂတ္တိကျမ်းနှင့် ဒံယေလအနာဂတ္တိကျမ်းတို့ပါဝင်သည်။ ကျမ်း ၁၂ ကျမ်းပါဝင်သော "ပရောဖက်ငယ်များ" တွင် ဟောရှေအနာဂတ္တိကျမ်း၊ ယောလအနာဂတ္တိကျမ်း၊ အာမုတ်အနာဂတ္တိကျမ်း၊ ဩဗဒိ အနာဂတ္တိကျမ်း၊ ယောနဝတ္ထု၊ မိက္ခာအနာဂတ္တိကျမ်း၊ နာဟုံအနာဂတ္တိကျမ်း၊ ဟဗက္ကုတ် အနာဂတ္တိကျမ်း၊ ဇေဖနိအနာဂတ္တိကျမ်း၊ ဟဂ္ဂဲအနာဂတ္တိကျမ်း၊ ဇခရိအနာဂတ္တိကျမ်းနှင့် မာလခိအနာဂတ္တိကျမ်းတို့ဖြစ်ကြပါသည်။

ဤပရောဖက်များတို့ကို စာရေးသောပရောဖက်များဟူ၍ သိရပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုကျမ်းကို ရေးသောသူတို့သည် သူတို့၏ စကားလုံးများကို ရေးသား မှတ်တမ်းတင်ထားသောကြောင့်ဖြစ်ပါသည်။ နှုတ်အားဖြင့် ပရောဖက်ပြုသော ပရောဖက်များလည်းရှိပါသည်၊ နာသန်၊ Ahijah, Iddo, Jehu, Elijah, Elisha, Obed, Shemaiah, Azariah, Hanani, Jahaziel, နှင့် Huldah တို့ဖြစ်ပြီး၊ သူတို့သည်

မိမိတို့ပြုသော ပရောဖက်ဆိုင်ရာများကို မှတ်တမ်းတင် ရေးသားထားခြင်းမရှိကြပါ။

## ကျမ်းရေးသူများ

ပရောဖက်ပြုခြင်းဆိုင်ရာကျမ်းများကို ရေးသားသောသူတို့သည် သူတို့၏ အမှုတော် ဆောင်ရွက်ခြင်း သို့မဟုတ်၊ ဘုရားသခင်ခေါ်တော်မူခြင်းနှင့်ဆိုင်သောအရာများကို ဂဏန်း အရေအတွက်အသုံးအနှုန်းတို့၏ သဘာဝအားဖြင့် ညွှန်ပြကာ ဖော်ပြလျက် ရှိပါသည်။ ထိုသူတို့အား ပရောဖက်များ၊ အနာဂတ်အဖြစ်အပျက်ကို သိမြင်မှုများ၊ တပ်စောင့်များ၊ ဘုရားသခင်၏ လူများ၊ သတင်းပေးပို့သူများနှင့် ထာဝရဘုရား၏ အစေခံကျွန်များဟူ၍ ခေါ်ကြပါသည်။

"ပရောဖက်" ဟူသော စကားလုံး၏ အဓိကဆိုလိုရင်းမှာ ပြောရေးဆိုခွင့် ရှိသူပင် ဖြစ်ပါသည်။ သို့ဖြစ်၍ စစ်မှန်သော ပရောဖက်ဟူသည် ဘုရားသခင်အတွက် လူတို့အား ပြောဆိုသောသူ ပင်ဖြစ်ပါသည်။ ဤအချက်မှာ ဓမ္မဟောင်းကျမ်းသုံးကျမ်းတို့၌ မှတ်တမ်းတင်ထားသော ကျမ်းချက်များအားဖြင့် ပရောဖက်တစ်ပါးဟူ၍ ဖေါ်ပြချက်မှာ ရှင်းလင်းလျက်ရှိပါသည်။ (၁) ထွက်မြောက်ရာကျမ်း ၆း၂၈-၇း၂။ ။ မောရှေသည် ဘုရားသခင်အတွက် ဖာရောဘုရင်အား ပြောရေးဆိုခွင့်ရှိသော သူအရာ၌ရှိနေစဉ် ဘုရားသခင်သည် အာရုံကို မောရှေ၏ ပရောဖက်အဖြစ်ခန့်ထားတော်မူ၏။ ဥပမာ၊ သူ့အတွက် ပြောရေးဆိုခွင့်ရှိသောသူဖြစ်သည်။ ဤနေရာ၌ ပုပ္ပိုလ်တစ်ပါးသည် အခြားသော သူတစ်ဦးအတွက် ကိုယ်စားပြောဆိုပေးခြင်း ဖြစ်ပါသည်။ (၂) တောလည်ရာကျမ်း ၁၂း၁-၈။ ။ အာရုန်နှင့် မီးဒန်တို့သည် မောရှေပေါ်၌ မနာလိုစိတ်ရှိကြကာ မောရှေ၏ နေရာကို လုယူလျက် သူတို့ကိုသူတို့ ဘုရားသခင်၏ ဗျာဒိတ်တော်ကို တဆင့်ပြောကြားသောသူ၊ ပြန်ဖြေပေးသောသူအရာ၌ နေကြ၏။ သို့သော် လည်း ဘုရားသခင်သည် မောရှေနှင့် သာလျှင် တိုက်ရိုက်စကားပြောမည်ဖြစ်ကြောင်း သူသည် အိမ်မက်ရူပါရုံများအားဖြင့် ပရောဖက်များကို စကားပြောမည်ဖြစ်ကြောင်း ပြဇာတ်သဘောအားဖြင့် တားဆီးကြောင်း ဖော်ပြတော်မူ၏။ "ပရောဖက်" ဟူသောစကားလုံး ၏ အဓိပ္ပါယ်မှာ ရှင်းလင်းလှပါသည်။ (၃) တရားဟောရာကျမ်း ၁၈း၉-၂၂။ ။ မောရှေ အနိစ္စမရောက်မီ ပရောဖက်တို့၏ လုပ်ငန်းတာဝန်ပိုင်းဆိုင်ရာ အခြေခံများကို ဆက်လက်၍ ဆောင်ရွက်သွားမည့် ပုံစံ နမူနာ အဖြစ် ထုတ်ဖော် ကြေငြာ ထားပါသည်။ [၇၂] ပရောဖက် ဟူသည်မှာ

ဘုရားသခင်ဖွင့်ပြတော်မူသော သတင်းစကားများကို ပြောဆိုပေး သောသူဖြစ် ကြောင်း ရှင်းလင်းစွာ ဤကျမ်းချက်များ၌ တွေ့မြင်နိုင်ပါသည်။

## သူတို့၏ ညွှန်ကြားချက် သို့မဟုတ် သတင်းစကား

ပရောဖက်များသည် ဘုရားသခင်အတွက် ပြောဆိုပေးသောသူဖြစ်သည်နှင့်အညီ၊ ဘုရားသခင်၏ လူတို့အပေါ်၌ ဖြစ်ပျက်လာမည့်အကြောင်းများကို သမိုင်းကြောင်း ဆိုင်ရာနှင့် ဆက်စပ်မှုရှိကာ ဘုရားသခင်၏ သတင်းစကားများကို ဘုရားသခင်၏ လူတို့ ပေါ်၌ ပြောဆိုပေးသောတာဝန်ရှိကြပါသည်။ ပရောဖက်ပြုခြင်း၏ ဆိုလိုရင်းမှာ မျက် မှောက် ရေးရာ၌ ဖြစ်ပျက်သောအကြောင်းအရာများနှင့် အနာဂတ်တွင် ဖြစ်ပျက်မည့် အကြောင်းအရာတို့ကို ဖော်ပြခြင်းတို့ပါဝင်ပါသည်။ အဖြစ်ပျက်တစ်ခုအား ထိုသို့ဖြစ်ပျက် လာခြင်းမရှိမီ ကြိုတင်၍ ဟောပြောခြင်းအဓိပ္ပါယ်ရှိပါသည်။ တင်ကြို၍ ဟောပြောခြင်း၌ ဘုရားသခင်၏ အလိုတော်ထဲတွင် ဟောပြောခြင်းဖြစ်ပါသည်။ ထိုအရာမှာ လူတို့အား နာခံလိုက်လျှောက်ရန် စိန်ခေါ် ခြင်းဖြစ်ပါသည်။ တင်ကြိုဟောပြောခြင်းတွင် ဘုရားသခင် ၏ အကြံအစည်တော်များထဲတွင် ကြိုတင်ပြီး မြင်နိုင်ခြင်းတို့ပါဝင်ပါသည်။ ထိုအရာမှာ ကြိုတင်ဟောပြောခြင်းဖြစ်ပါသည်။ ထို့အပြင် ကျရောက်လာမည့် တရားစီရင်ခြင်း အပေါ်၌ ဘုရားသခင်၏ ဂတိတော်များ သို့မဟုတ် သတိပေးတားမြစ်ချက်များအပေါ် သုံးသပ်ပြီး ဖြောင့်မတ်သောသူတို့ကို တိုက်တွန်း ပေးခြင်းလည်းဖြစ်ပါသည်။ ဘုရားသခင် ၏ မိန့်တော်မူချက်များကို ထုတ်ဖော်ခြင်းတွင် ဖရောဖက်သည် တခါတရံ ထိုအရာများ သည် အနာဂတ်၌ ရောက်လာမည့်အကြောင်း ဖော်ပြပေးပါသည်။ သို့ရာတွင်ထိုအရာမှာ ပရောဖက်တို့ သတင်းစကားများ၏ သေးငယ်သော အစိတ်အပိုင်းမျှသာဖြစ်ပါသည်။ ထို့ကြောင့် ပရောဖက်ဟူသည်မှာ ဘုရားသခင်၏ သတင်းစကားများကို နှုတ်အားဖြင့် စိတ်အာရုံထဲ၌ မြင်ယောင်စေခြင်းအားဖြင့် သို့မဟုတ် လူတို့ထဲသို့ ရေးသားခြင်းအားဖြင့် ဘုရားသခင်၏ ဗျာဒိတ်တော်ကို လက်ခံရရှိပြီး ပြောဆို သောသူအဖြစ် ဘုရားသခင် ရွေးကောက်တော်မူသောသူဖြစ်ပါသည်။ ဤအကြောင်းတရားအရ ပရောဖက်များတို့ အားဖြင့် အသုံးများသော နည်းဗြူဟာတစ်ခုမှာ “ထာဝရဘုရား မိန့်တော်မူသည်ကား” ဟူ၍ ဖြစ်ပါသည်။

သူတို့သည် ဘုရားသခင်၏ ပြောရေးဆိုခွင့်ရှိသောသူများဖြစ်သည်နှင့်အညီ သူတို့ဟော

ပြောသော သတင်းစကားမှာ ဓမ္မဟောင်းကျမ်း၌ ဘုရားသခင်၏ လူတို့ဆီသို့ ဟောပြောတော်မူချက်တို့မှာ သုံးပိုင်းဖြင့်အခြေပြုကြောင်း မြင်တွေ့နိုင်ပါသည်

ပထမ၊ သူတို့သည် လူမျိုးတော်တို့အပေါ်၌ မောရှေ၏ ပညတ်ကျမ်းကို ဟောပြောသွန်သင် အနက်အဓိပ္ပါယ်ဖွင့်ဆိုသော ဒေသနာဆရာများဖြစ်ကြောင်း အခြေပြုထားပါသည်။ သူတို့၏ တာဝန်မှာ လူတို့အား သတိပေးပဲ့ပြင်ဆုံးမခြင်း၊ အပြစ်ဒုစရိုက်များကို ဖော်ထုတ်ခြင်း၊ ကြောက်မက်ဘွယ်သော တရားစီရင်ခြင်းများဖြင့်ဆုံးမခြင်း၊ နောင်တတရားသို့ သွေးဆောင်ခြင်း၊ အားပေးနှစ်သိမ့်ခြင်းနှင့် ခွင့်လွှတ်ခြင်းတို့ဖြစ်ပါသည်။ သူတို့၏ လှုပ်ရှားမှုဖြစ်သည့် အပြစ်ဒုစရိုက်များပေါ်၌ သွန်သင်ဆုံးမခြင်းနှင့် နောင်တတရားသို့ သွေးဆောင်ခြင်းတို့မှာ ပရောဖက်များကာလ၌ ပို၍ထိရောက်ပါသည်။ ပရောဖက်တို့၏ သတိပေးခြင်းတို့ကို နားမထောင်ဘဲ လွဲသွားသော သူတို့ပေါ်၌ ဘုရားသခင်၏ အပြစ်ပေးရန် ကြံရွယ်ခြင်းအကြောင်းကို တင်ကြိုဟောပြော ခြင်းဖြစ်ပါသည်

(ယောန၊ ၃း၄)။

ဒုတိယ၊ သူတို့သည် မေရှိယနှင့် သူ၏ နိုင်ငံတော်အကြောင်းနှင့် ဆက်စပ်နေသော အဖြစ် အပျက်များ ကျရောက်လာမည့် တရားစီရင်ခြင်း၊ ရွေးနှုတ်ကယ်တင်ခြင်းတို့ကို ကြိုတင်၍ ထုတ်ဖော်ကြေငြာသောသူများဖြစ်ကြပါသည်။ အနာဂတ်အကြောင်း ကြိုတင်၍ ဟောပြောခြင်းမှာ လူတို့၏ ပြင်းပြစွာ သိလိုသောစိတ်ကို ကျေနပ်နှစ်သိမ့် စေရန် ဘယ်တော့မှ ကြံရွယ်ခြင်းသက်သက် မဟုတ်ပါ။ ဘုရားသခင်သည် အနာဂတ်ကို သိမြင်တော်မူ၍ ထိန်းချုပ်ထား တော်မူကြောင်းနှင့် အကြံအစည်တော်နှင့် ဗျာဒိတ်ပေးတော်မူခြင်းဖြစ်ပါသည်။ စစ်မှန်သော ပရောဖက်တို့အားဖြင့် ကြိုတင်ဟောပြောခြင်းများမှာ ထင်ရှားစွာ ပြည့်စုံခဲ့ပါသည်။ အနာဂတ်အကြောင်းနှင့် ကြိုတင်ဟောပြောခြင်း မပြည့်စုံခဲ့သောအရာများမှာ ထာဝရဘုရားထံမှ ရောက်လာသော သတင်းစကား မဟုတ်ကြောင်း ဖော်ပြပါသည် (တရား၊ ၁၈း၂၀-၂၂)။ ဓမ္မရာဇဝင်ပထမစောင် ၃း၁၉ ၌ ရှမွေလသည် ထာဝရဘုရားနှင့်အတူရှိသည်ဖြစ်၍ သူဟောပြောသမျှသော ပရောဖက်ဆိုင်ရာ စကားများစွာ အကုန်အစင်ပြည့်စုံပါသည် (မြေသို့မကျပါ)။

တတိယ၊ သူတို့သည် ဣသရေလလူမျိုးတို့အပေါ်၌ ကင်းစောင့်များဟူ၍ ဆိုထားပါသည် (ယေဇ၊ ၃း၁၇)။ ယေဇကျေလသည် ဇိအုန်မြို့ရိုးပေါ်၌ ကင်းစောင့်သောသူတစ်ဦးကဲ့သို့ ရပ်နေလျက် ဘာသာရေးအယူဝါဒမှားယွင်းသောသူတို့အား သတိပေးရန် တံပိုးကို အဆင်သင့်မှုတ်ရန် ပြင်ဆင်နေပါသည်။ သူသည် သူတို့အပေါ်၌ နိုင်ငံရေးနှင့်စစ်ရေးတွင်

လမ်းမှားကြကာ တစ်ပါးသောသူတို့၏ တန်ခိုးများပေါ်၌ မှီခိုခြင်း၊ ရုပ်တုကိုးကွယ်ခြင်းနှင့် ခါနန်လူမျိုးတို့၏ ဘုရားများအား ကိုးကွယ်ခြင်းတွင် ပါဝင်လာကြခြင်းမှာ အန္တရာယ်ရှိသော ဘာသာရေးဆိုင်ရာလှုပ်ရှားမှုနှင့် ပွဲလမ်းသဘင်များကို ဆန့်ကျင်လျက် သတိပေးတားမြစ် ထားပါသည်။

နောက်ဆုံးအနေဖြင့်၊ ပရောဖက်များတို့သည် ဘုရားသခင်မိန့်တော်မူသော သတင်းစကားများနှင့် ဆက်သွယ်မှုပြုကြကာ ဣသရေလလူမျိုးတို့၏ ဘာသာရေးနယ်ပယ်နည်းစနစ်တွင် အဓိကကျသောစည်းကမ်းများ၌ ဦးဆောင်လမ်းပြခဲ့ကြပါသည်။ ဣသရေလလူမျိုးနိုင်ငံ၌ ပရောဖက်များသည် လူအများနှင့် ပြေပြစ်စွာဆက်ဆံရာတွင် ကိုယ်စားလှယ်ဆောင်ရွက်ခြင်း၊ သို့မဟုတ် ပြီးမြောက်အောင်ဆောင်ရွက်ခြင်း၊ မောရှေ၏ ပဋိညာဉ်တရားနှင့်ဆိုင်သောအရာများကို လူမျိုးတော်တို့သည် မဖောက်ပြန် မဖျက်ဆီးမည့်အကြောင်း စွဲချက်တင်ခြင်းတို့တွင် နေရာယူဦးဆောင်မှုပြုခဲ့ကြ ပါသည်။ [၃၃]

ပရောဖက်ကြီးလေးပါးတို့အား နှိုင်းယှဉ်ပြခြင်း [၃၄]

| ပရောဖက်ကြီးလေးပါးတို့အား နှိုင်းယှဉ်ပြခြင်း | | | | |
|---|---|---|---|---|
| | ဟေရှာယ | ယေရမိ | ယေဇကျေလ | ဒံယေလ |
| ပရောဖက်ပြုခြင်း | ယုဒပြည်၌ရှိသော ဂျူးလူမျိုးများ | ယုဒပြည်နှင့်ဖမ်းသွားခြင်းခံသောဂျူးလူမျိုးများ | ဗာဗုလုန်ပြည်၌ ဖမ်းသွားခြင်း ခံသောဂျူးလူမျိုးများ | ဗာဗုလုန်နှင့် တပါးအမျိုးသား ရှင်ဘုရင်များ |
| နှင့်စပ်လျဉ်း၍ | ယုဒနှင့်ယေရုရှလင်မြို့ (ယေရှာယ ၁း၁။ ၂း၁) | ယုဒနှင့်လူမျိုးတော်များ (ယေရမိ ၁း၅၊ ၉-၁၀။ ၂း၁-၂) | ဣသရေလတအိမ်လုံး (ယေဇကျေလ ၂း၃-၆။ ၃း၄-၁၀၊၁၇) | ဖမ်းသွားသော ဣသရေလနှင့် တပါးအမျိုးသားများ (ဒံ ၂း၃၆-၄၃း၉ ) |
| အုပ်စိုးစဉ်ကာလအတွင်း | Uzziah, Jotham Ahaz, Hezekiah, (ယုဒရှင်ဘုရင်များ) | ယောရှိ Jehoiakim, Jehoiachia, zedekiah, (ယုဒဘုရင်များ) | Zedekiah (ယုဒရှင်ဘုရင်) Nebuchadnezzar (ဗာဗုလုန်ရှင်ဘုရင်) | Jehoiakim, Jehaiachi, Zedekiah (ယုဒဘုရင်များ) Nebuchadnezzar (ဗာဗုလုန်ရှင်ဘုရင်) |
| ခုနှစ် | ၇၄၀-၆၈၀ဘီစီ | ၆၂၇-၅၈၅ဘီစီ | ၅၉၂-၅၇၀ဘီစီ | ၆၀၅-၅၃၆ဘီစီ |
| သမိုင်းမှတ်တမ်း | ၄ရာ၊ ၁၅-၂၁ ရာဇဝင်ချုပ်ဒုတိယစောင် ၂၆-၃၀ | ၄ရာ၊ ၂၂-၂၅ | ဒံယေလ၊ ၁-၆ | ဒံယေလ၊ ၁-၆ |

ဓမ္မဟောင်းကျမ်း၌ ခရစ်တော်ကို တင်ကြို၍မြင်ရခြင်းကို ပြန်လည်သုံးသပ်ခြင်း [၃၅]

ကျွန်ုပ်တို့၏ လေ့လာသုံးသပ်ချက်အရ ပညတ်တရားသည် ခရစ်တော်အတွက် ရွေးကောက်ခြင်း (ကမ္ဘာဦးကျမ်း)၊ ရွေးနှုတ်ခြင်း (ထွက်မြောက်ရာကျမ်း)၊ သန့်ရှင်းစေခြင်း (ဝတ်ပြုရာကျမ်း)၊ ဆုံးမသွန်သင်ခြင်း (တောလည်ရာကျမ်း) နှင့် တိုက်တွန်းနှိုးဆော်ခြင်း (တရားဟောရာကျမ်း) တို့တွင် ဣသရေလလူမျိုးတို့ကဲ့သို့ပင် ဘုရားသခင် နှုတ်ကပတ်တော်၏ လမ်းပြပို့ဆောင်တော်မူခြင်း (ရောမ၊ ၃း၁) နှင့် မေရှိယ၏ မျိုးစဉ်ဆက်စာရင်း (ကမ္ဘာ၊ ၁၂း၁-၃၊ ရောမ၊ ၉း၄-၅) တို့အားဖြင့် အခြေပြုအုတ်မြစ်ချသည်ကို ဖော်ပြထားပါသည်။

ထိုထက်မက ခရစ်တော်အတွက် ပြင်ဆင်တော်မူခြင်းမှာ ဣသရေလလူမျိုးတို့ပိုင်ဆိုင်ရန် နယ်မြေကို ပေးအပ်ခြင်းဆိုင်ရာ ရာဇဝင်ကျမ်းများ၌ ဖော်ပြထားပါသည် (ယောရှု) လူမျိုးတော်တို့မှာ သစ္စာမဲ့ခြင်းကြောင့် တစ်ပါးသောလူမျိုးတို့အားဖြင့် ဖိနှိပ်ခြင်း၊ ညှင်း ဆဲခြင်းတို့ကို ခံနေရပါသည်။ ဘုရားသခင်သည် သူတို့အတွက် တရားသူကြီးများကို ပေါ်ထွန်းစေတော်မူပြီး၊ တစ်ပါးသော အမျိုးသားတို့အထဲ၌ သစ္စာရှိခြင်းကို တွေ့မြင်ရပါ သည် (ရုသ)။ နိုင်ငံတော်တည်ထောင်ခြင်းကို ရှောလုမင်း၏ လက်အောက်၌ လူမျိုးတော် ကို ပေးအပ်တော်မူ ၏ (ဓမ္မရာဇဝင်ပထမစောင်)။ ထိုနောက်၊ ဒါဝိဒ်မင်းလက်အောက်၌ တိုးချဲ့တော်မူ၏ (၂ရာ)။ ရှောလမုန်မင်း၏ စိုးစံခြင်းအောက်၌ လူမျိုးတော်တို့၏ ဘုန်းအသရေတော်ကို ထင်ရှားစေ၏ (၃ရာ၊ ၁း၁၀)။ ဤအချက်မှာ နိုင်ငံတော်နှစ်ခြမ်းကွဲခြင်း (၃ရာ၊ ၁၁-၂၂) ဖြစ်သည့် ဆယ်အုပ်စုဖြစ်သော မြောက်ပိုင်းနိုင်ငံနှင့်၊ နှစ်အုပ်စုဖြစ်သော ယုဒနှင့်ဗင်ဇာမင်အုပ်စု တောင်ပိုင်းနိုင်ငံသို့ ကွဲပြားသွားခြင်းဖြင့် လိုက်လာပါသည်။ နိုင်ငံတော်နှစ်ခုစလုံးတို့သည် ပျက်စီးယိုယွင်းခြင်းကို ခံရခြင်း (၆ရာ)၊ နောက်ဆုံး၌ အာရှုရိနှင့် ဗာဗုလုန်တို့အားဖြင့် ဖမ်းဆီးသိမ်းသွားခြင်းကို ခံရပါသည် (ဓမ္မရာဇဝင်စတုတ္ထစောင်)။ အကျိုးဆက်အနေဖြင့် ဗိမာန်တော်သည် ချို့ယွင်းအားနည်းလာခြင်း (ရာဇဝင်ချုပ်ပထမ)နှင့် ဖျက်ဆီးခံသွားခြင်း (ရာဇဝင်ချုပ်ဒုတိယစောင်) တို့ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေ ဘုရားသခင်၏ သစ္စာတရားတော်သည် သူ၏ ဂတိတော်ပေါ်၌ အစဉ်အမြဲတည်တော်မူ၏။ ထို့ကြောင့် ဗိမာန်တော် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းအခွင့်ရှိ (ဧဇရ) ပြီး၊ ဖမ်းသွားခြင်းကို ခံသောသူတို့အား ပြည်တော်သို့ ပြန်လည်ပို့ဆောင်ခြင်းအခွင့်နှင့် ပြန်လည်၍ ပြုစုပျိုးထောင်နိုင်ခြင်းရှိကြပါသည် (နေဟမိ)။ ဘုရားသခင်၏ လူတို့သည် ကွယ်ကာမ , စခြင်းကို ခံရသည် (ဧသတာ)။ ကဗျာ အလင်္ကာဆိုင်ရာကျမ်းများတွင် ခရစ်တော်၌ ဝိညာဉ်ရေးရာ ဆန္ဒကြီးမားခြင်းနှင့် ကျင့်ဝတ် တရားဆိုင်ရာ အခြေခံ

အုတ်မြစ်တို့ကို ဝိညာဉ်ပေါ်၌ အစဉ်အမြဲချထားကာ ရာဇဝင်ကျမ်းများတွင် ဖော်ပြထားသည့်အတိုင်း လူမျိုးတော်စုနှင့်ဆိုင်သော ဖွဲ့စည်းမှုအခြေခံများ တိုးတက်မြင့်မားလာပါသည်။

ပရောဖက်ဆိုင်ရာကျမ်းများတွင် ခရစ်တော်ကို ကြီးမားစွာ မျှော်လင့်စောင့်စားခြင်းသဘောကို ဖော်ပြထားပါသည်။ ဤအရာကို အောက်ပါအတိုင်းတွေ့နိုင်ပါသည်။

"အစောပိုင်းကာလ ပရောဖက်များဖြစ်သော (ဟောရှေ၊ ယောလ၊ အာမုတ်) တို့သည် လူမျိုးတော်နှင့်ဆိုင်သော ပြန်လည်၍ တိုးပွားတည်ထောင်ခြင်းကို မေရှိယအားဖြင့် ပြည့်စုံမည်အကြောင်း မျှော်လင့်ထားကြ၏။ ဟေရှာယနှင့် မိက္ခာတို့က ကြွလာမည့်ခရစ်တော်အားဖြင့် လူမျိုးတကာတို့သည် ကယ်တင်ခြင်း သို့ရောက်မည်အကြောင်း ဟောပြောထား၏။ သို့သော် ဩဗဒိ၊ ယောန၊ နာဟုန်၊ ဟဗက္ကု၊ ဇေဖနိတို့က တစ်ပါးသောအမျိုးသားတို့သည် ဘုရားသခင်၏ အပြစ်ဒဏ်ပေးခြင်းကို ခံရမည့်အကြောင်း သတိပေးထားပါသည်။ ယေရမိ မြည်တမ်းစကား၌ ဘုရားသခင်သည် မိမိလူမျိုးတော်အပေါ်၌ အပြစ်ဒဏ် ပေးခြင်းအတွက် ဝမ်းနည်းကြေကွဲခြင်းကို ဖော်ပြ၏။ သို့သော်၊ ယေရမိသည်ခရစ်တော်၌ပဋိညာဉ်ကျမ်းဆိုင်ရာအားလုံးတို့ကိုပြန်လည်၍အတည်ပြုမည်ဖြစ်ကြောင်း စောင့်မျှော်လျက်ရှိ၏။ ယေဇကျေလသည် လူမျိုးတော်စု၏ ဘာသာရေးဆိုင်ရာ ပြန်လည်ထူထောင်ခြင်းကို မျှော်လင့်လျက်ရှိ၏။ ဒံယေလမှာမူ နိုင်ငံရေးဆိုင်ရာ ပြန်လည်ထူထောင်ခြင်းကို ကြိုတင်၍ ဟောပြောထား၏။ ဗာဗုလုန်လူမျိုးတို့၏ ကျွန်အဖြစ်ဖမ်းသွားခြင်းကို ခံရပြီးနောက်ပိုင်းတွင် ဟဂ္ဂဲနှင့် ဇာခရိတို့က လူမျိုးတော်စုသည် ဘာသာရေး၌ ပြန်လည်ထူထောင်ခြင်းရှိကြမည့်အကြောင်း တိုက်တွန်းနိုးဆော်ထားကြပါသည်။ မာလခိသည် လူမှုရေးနှင့်ကျင့်ဝတ်တရားပိုင်ဆိုင်ရာပြန်လည်ထူထောင်ခြင်းကို ဖော်ပြပြီး *"တရားတော်မင်း သည် အနာပျောက်စေသော အတောင်တို့နှင့် ပေါ်ထွန်းတော်မူမည်"*(မာလခိ၊ ၄း၂) ဟူ၍ ပရောဖက်ပြုထားသည့်အတိုင်း သူတို့သည် စောင့်မျှော်လျက်ရှိကြ၏[၃၆]

ဤအချက်တို့သည် ကယ်တင်ရှင်ခရစ်တော်ကို ဓမ္မသမိုင်းဟောင်းတစ်လျှောက်လုံး မျှော်တခဲ့ကြောင်း သက်သေများပင် ဖြစ်လေတော့သည်။

# ဟေရှာယအနာဂတ္တိကျမ်း

## ထာဝရဘုရားသခင်၏ ကယ်တင်တော်မူခြင်း

### ကျမ်းရေးသူနှင့် ကျမ်းအမည်

ဤကျမ်းကို ရေးသောသူမှာ အာမုတ်၏သား ဟေရှာယပင်ဖြစ်ကြောင်းကို ဤကျမ်း၌ ရှင်းလင်းစွာ ဖော်ပြထားပါသည်။ သူသည် ဂျူးလူမျိုးမိသားစုမှ ဆင်းသက်လာသောသူ ဖြစ်ကြောင်း သိရပါသည်။ ဟေရှာယသည် အာဟတ်မင်းစိုးစံစဉ် မင်းမျိုးမင်းနွယ်နှင့် ဆိုင်သော တရားရုံးအသုံးအနှုန်းများကို ရင်းနှီးကျွမ်းဝင်စွာ သုံးနှုန်းထားပါသည်။ သူသည် ပညာကို ကောင်းမွန်စွာတတ်မြောက်သောသူတစ်ဦးဖြစ်ပြီး၊ အပြည်ပြည်ဆိုင်ရာကိစ္စရပ်များအတွက် အကြံပေးရန် ယေရုစလင်မြို့၌ မင်းမျိုးမင်းနွယ်များနှင့် သူ၏အချိန်ကို အများဆုံး ကုန်လွန်စေခဲ့ပါသည်။ ဟေရှာယအား ဘုရားသခင်က လမ်းပြခဲ့ရပါသော်လည်း၊ သူသည် မကြာခဏပင် ပြောင်လှောင်သရော်ခြင်းကို ခံရပါသည်။ အဘယ်ကြောင့်ဆိုသော် သူသည် တိုင်းတစ်ပါးတို့၏ (အာရှုရိ သို့မဟုတ်အီဂျစ်လူမျိုး) တန်ခိုးအာဏာကိုဆန့်ကျင်ပြီး ဟောပြောခဲ့ရခြင်းကြောင့်ဖြစ်၏။ အခန်း ၆ ၌ ထာဝရဘုရားအားဖြင့် သတိပေးတော်မူ သည့်အတိုင်း သူဟောပြောချက်များမှာ ပျက်စီးဆုံးရှုံးခြင်းသို့ရောက်ကြောင်းအစိုးရမင်းနှင့် လူထုတို့သည် ဘုရားသခင်၏ လူနှင့် ဘုရားသခင်၏ ဂတိတော်များအပေါ်မှာ ယုံကြည် ကိုးစားမှုများကို မပြုခဲ့ကြဘဲ နိုင်ငံရေးနှင့် ဆိုင်သော တိုင်းတစ်ပါးတို့၏ အပေါ်၌သာ ကိုးစားခိုလှုံကြ၏။

ဂျူးလူမျိုးတို့၏ ရှေးဟောင်းထုံးတမ်းစဉ်လာနှင့် ဆက်နွယ်မှုအရ သူသည် မနစေ စိုးစံသောကာလ၌ ကွပ်မျက်ခြင်းကို ခံခဲ့ရကြောင်း၊ သစ်တုံးဟောင်းလောင်းထဲတွင် အထည့်ခံပြီး လွှဖြင့်အပိုင်းပိုင်းဖြတ်ခြင်းကို ခံခဲ့ရပါသည် (ဟေဗြဲ ၁၁း၃၇)။ ဟေရှာယ ၃၇း၃၇-၃၈ တွင် သနာခရိတ်မင်းကြီး အနိစ္စရောက်ခြင်းအကြောင်း ရေးထားပါသဖြင့် ဟေရှာယသည် သနာခရိတ်မင်း အနိစ္စရောက်သောနှစ် ၆၈၁ဘီစီပြီး နောက်ပိုင်း အထိအသက်ရှင်ကြောင်း သိနိုင်ပါသည်။ [၃၇]

ဟေရှာယအနာဂတ္တိကျမ်းဟူသော ကျမ်း၏အမည်ကို သန့်ရှင်းသောဝိညာဉ်တော်၏ မှုတ်သွင်းထားခဲ့သည့် ကျမ်းရေးသူ၏ နာမည်ကို အစွဲပြု၍ ခေါ်ခြင်းဖြစ်ပါသည်။

ဟောပြုနာမည်၌ ပရောဖက်ဟူသောဝေါဟာရစကားလုံး၏ဆိုလိုရင်းမှာထာဝရဘုရားသည် ကယ်တင်ခြင်းဖြစ်တော်မူ၏ ဟူ၍ဖြစ်ပြီး၊ ထိုအချက်သည် ဤကျမ်း၏အဓိကဦးတည်ချက် နှင့် အကြောင်းများကို အကျဉ်းချုံးထားခြင်းပင်ဖြစ်ပါသည်။

ကျမ်းကိုရေးသားသောခုနှစ်

၇၄၀-၆၈၀ ဘီစီ။

ဟောရှာယသည် အလွန်ရှည်လျားသော အမှုတော်ဆောင်ရွက်ခြင်းသက်တမ်းကာလရှိပြီး ၇၄၀မှ ၆၈၀ဘီစီအထိ ဖြစ်ပါသည်။ သူ၏ အမှုတော်ဆောင်ရွက်ခြင်းမှာ ဩဇိယမင်းကြီး လက်ထက်နောက်ပိုင်း (၇၉၀-၇၃၉ ဘီစီ) တွင်အစပြုပြီး သောသန်မင်းစိုးစံသောကာလ (၇၃၉-၇၃၁ဘီစီ)၊ အာဟပ်မင်း (၇၃၁-၇၁၅ဘီစီ)၊ ဟေဇကိမင်း (၇၁၅-၆၈၆ဘီစီ) အထိတိုင်အောင် ဆက်လက်၍ အမှုတော်ကို ထမ်းရွက်ခဲ့ပါသည်။တစ်ပါးသော အမျိုး သားများတို့၏ အုပ်စိုးခြင်းချိန်၊ အာရှုရိရှင်ဘုရင် တိဂလပ်ပါလ်ဆာ (၇၄၅-၇၂၇ ဘီစီ) အချိန်ကာလမှစပြီး သနာခရိတ်မင်း (၇၀၅-၆၈၁ဘီစီ) ထိတိုင်အောင် ဟောရှာယသည် အမှုတော်ကို ဆောင်ရွက်ခဲ့ပါသည်။

## ဦးတည်သည့် ရည်ရွယ်ချက်အကြောင်းအရင်း

ဟောရှာယ၏ အမည်နာမသည် ဤကျမ်း၏ ဦးတည်ချက်အကြောင်းရင်းဖြစ်သော “ကယ်တင်ခြင်းသည် ထာဝရဘုရား၌ဖြစ်၏” ဟူသောအချက်ကို ဖော်ထုတ်ပေးပါသည်။ “ကယ်တင်ခြင်း”ဟူသောစကားလုံးသည်ဟောရှာယအနာဂတ္တိကျမ်း၌နှစ်ဆယ်ခြောက်ကြိမ် တွေ့ရပါသဖြင့် အထောက်အထားခိုင်လုံစေပါသည်။ သို့ရာတွင် ခုနှစ်ကြိမ်သည်သာလျှင် အခြားသောပရောဖက်များအားလုံးတို့နှင့် ပူးတွဲလျက်ရှိပါသည်။ ဤအကြောင်းတို့ကြောင့် ဟောရှာယကို “ဧဝံဂေလိတရားနှင့် ဆိုင်သော ပရောဖက်ဟူ၍ခေါ်ပါသည်။အဘယ် ကြောင့်ဆိုသော် သူသည် ကယ်တင်ခြင်းအကြောင်းနှင့် မေရှိယ၏ ရွေးနှုတ်တော် မူခြင်း အလုပ်ကို အလွန်အမင်းဟောပြောထားပါသည်။ အမှန်စင်စစ် ဤကျမ်းစာအုပ်သည် အခြားသော ဓမ္မဟောင်းကျမ်းစာရှိသမျှတို့ထက် မေရှိယ၏ ပုဂ္ဂိုလ်အကြောင်းနှင့် လုပ်ဆောင်ချက်များကို ပိုမို၍ ဟောပြောထားပါသည်။

တစ်ချို့သောသူတို့၏ အမြင်၌၊ သမ္မာကျမ်းစာအုပ်ငယ် တစ်အုပ်အဖြစ်မြင်ကြပါသည်။ သမ္မာကျမ်းစာတစ်အုပ်လုံးသည် ၆၆ ကျမ်းရှိသကဲ့သို့ ဟောရှာယအနာဂတ္တိကျမ်းသည် လည်း အခန်းပေါင်း ၆၆ ခန့်ရှိပါသည်။ ပထမအခန်းကြီး သုံးဆယ့်ကိုးခန်းတို့သည်

ဓမ္မဟောင်းကျမ်း သုံးဆယ်ကိုးကျမ်းတို့ကို ဖော်ပြထားပြီး၊ မေရှိယကြွလာမည့်အကြောင်းကို မျှော်လင့်လျက် ရှိပါသည်။ ဟေရှာယအနာဂတ္တိကျမ်း၏ နောက်ဆုံးအခန်းကြီးနှစ်ဆယ့်ခုနှစ်ခန်းတို့မှာ ဓမ္မသစ်ကျမ်းနှစ်ဆယ့်ခုနှစ်ကျမ်းတို့ကို ပုံဆောင်ထားပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုကျမ်းတို့သည် မေရှိယ၏ အကြောင်းနှင့် သူ၏ နိုင်ငံတော်အကြောင်း၊ ထာဝရဘုရား၏ အစေခံဖြစ်တော်မူကြောင်းကို ကျယ်ပြန့်စွာ ဟောပြောထား၏။ အခန်းကြီး ၁-၃၉ ၌၊ လူသားတို့သည် ကယ်တင်ခြင်းကို ကြီးမားစွာလိုအပ်ကြောင်း ပြောဆိုထားပြီး အခန်းကြီး ၄၀-၆၆ တို့၌၊ ကယ်တင်ခြင်းကို မေရှိယ၌ ဘုရားသခင် ပေးသနားတော်မူကြောင်းနှင့် သူ၏ နိုင်ငံတော်အကြောင်းကို ဖွင့်ပြထားပါသည်။

## အဓိကပါဝင်သောသူများ

ဟေရှာယသည် လူသားအနေဖြင့် အဓိကပါဝင်ပြီး၊ ဣသရေလလူမျိုးတို့၏ ထာဝရဘုရား၊ သန့်ရှင်းဖြောင့်မတ်တော်မူသော ထာဝရဘုရားသခင်တို့ကို ဟေရှာယအနာဂတ္တိကျမ်း၌ ရှင်းလင်းစွာ အထူးဖော်ပြထားပါသည်။

## ခရစ်တော်ကို ဟေရှာယအနာဂတ္တိကျမ်း၌ တွေ့မြင်ရပုံ

ဟေရှာယအနာဂတ္တိကျမ်းကဲ့သို့ ခရစ်တော်အကြောင်းကို ပြည့်ပြည့်စုံစုံ သေချာသဘောပေါက်နားလည်စေရန် ပုံသရုပ်ဖော်ထားသောကျမ်းသည် ဓမ္မဟောင်းကျမ်း၌ မရှိပါ။ ဟေရှာယသည် မေရှိယအား ခပ်သိမ်းသောအရာအပေါ် တန်ခိုးကြီးမားစွာဖြင့် စိုးစံတော်မူ ခြင်း (၆း၁-၂၆)၊ ဖွားမြင်တော်မူခြင်းနှင့် နှိမ့်ချတော်မူခြင်း (၇း၁၄၊ ၉း၆၊ ၁၁း၁)၊ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် သူ၏ အမှုတော်ဆောင်ရွက်ခြင်း (၁၁း၂-၃)၊ သူ၏ ဘုရားဇာတိ သဘာဝ (၇း၁၄၊ ၉း၆)၊ သူသည် ဒါဝိဒ်မင်းမျိုးမင်းနွယ်မှ ဆင်းသက်လာတော်မူခြင်း (၁၁း၁)၊ ကျွန်ုပ်တို့အတွက် ကိုယ်စား (၅၃)၊ အစားထိုးခြင်းနှင့် ရွေးနုတ်ကယ်တင်သူ (၄၉-၅၂) စသည်တို့ဖြင့် ဖော်ပြပါရှိပါသည်။

## အဓိကအရေးကြီးသည့်အချက်များ

၁။ အပြစ်တင်ခြင်း၊တရားစီရင်ခြင်းနှင့်ဆိုင်သောအနာဂတ္တိများ (၁း၁-၃၉း၈)။

(က) ယုဒလူမျိုးများနှင့် ပတ်သက်၍ (၁း၁-၁၂း၆)။

(၁) အပြစ်တင်ခြင်း (၁း၁-၅း၃၀)။

(၂) ပရောဖက်အဖြစ်ခန့်အပ်ခြင်း (၆း၁-၁၃)။

(၃) မေရှိယကြွလာခြင်း (၇း၁-၁၂း၆)။

(ခ) တစ်ပါးအမျိုးသားများနှင့် ပတ်သက်၍ (၁၃း၁-၂၃း၁၈)။

(၁) ဗာဗုလုန်အတွက် (၁၃း၁-၁၄း၂၃)။

(၂) အာရှုရိအတွက် (၁၄း၂၄-၂၇)။

(၃) ဖိလိတ္တိအတွက် (၁၄း၂၈-၃၂)။

(၄) မောဘအတွက် (၁၅း၁-၁၆း၁၄)။

(၅) ဒမာသက်နှင့် သူ၏ မဟာမိတ်ဣသရေလအတွက် (၁၇း၁-၁၄)။

(၆) အီသီယိုးပီးရားအတွက် (၁၈း၁-၇)။

(၇) အဲဂုတ္တု(အီဂျစ်)အတွက် (၁၉း၁-၂၀း၆)။

(၈) ဗာဗုလုန်အတွက် (၂၁း၁-၁၀)။

(၉) ဧဒုံပြည်အတွက် (၂၁း၁၁-၁၂)။

(၁၀) အာရေဗျအတွက် (၂၁း၁၃-၁၇)။

(၁၁) ယေရုရှလင်အတွက် (၂၂း၁-၂၅)။

(၁၂) ဟုရုပြည်အတွက် (၂၃း၁-၁၈)။

(ဂ) ဘုရားသခင်၏ နေ့ရက်နှင့်ပတ်သက်၍ (၂၄း၁-၂၇း၁၃)။

(၁) ခဲယဉ်းဆိုးယုတ်သော ကာလ၌ တရားစီရင်ခြင်းများ (၂၅း၁-၂၇း၁၃)။

(၂) နိုင်ငံတော်တည်ထောင်ချိန်၏ အောင်ပွဲများနှင့်ကောင်းကြီးများ (၂၄း၁-၂၃)။

(ဃ) ဣသရေလနှင့် ယုဒများဆိုင်ရာ အနာဂတ္တိများ (ကျိန်ဆိုမှုနှင့် ကောင်းကြီးဂတိများ) (၂၈း၁-၃၅း၁၀)။

(၁) ရှမာရိအားကျိန်ဆိုခြင်း (၂၈း၁-၂၉)။

(၂) ယုဒအားကျိန်ဆိုခြင်း (၂၉း၁-၃၁း၉)။

(၃) မေရှိယကြွလာခြင်းနှင့် နိုင်ငံတော်အကြောင်း (၃၂း၁-၂၀)။

(၄) အာရှုရိတို့ ယေရုရှလင်ကို ဖျက်ဆီးမှုအတွက် ကျိန်ဆိုခြင်း (၃၃း၁-၂၄)။

(၅) နိုင်ငံတော်များသိစေရန် ကျိန်ဆိုခြင်း (၃၄း၁-၁၇)။

(၆) တည်ထောင်မည့် နိုင်ငံတော်အကြောင်း (၃၅း၁-၁၀)။

(င) အာရှုရိဘုရင်သာသနာစရိတ်အတွက်အနာဂတ္တိများ(၃၆း၁၃၉း၈)။

(၁) စော်ကားမော်ကားအာရှုရိ (၃၆း၁-၂၂)။
(၂) ဘုရားသခင်၏ သစ္စာတော် (၃၇း၁-၇)။
(၃) အာရှုရိ၏ ခြိမ်းခြောက်မှု (၃၇း၈-၃၅)။
(၄) အာရှုရိကိုအောင်နိုင်ခြင်း (၃၇း၃၆-၃၈)။
(၅) ဟေဇကိဘုရင်ရောဂါစွဲခြင်း (၃၈း၁-၂၂)။
(၆) ဟေဇကိမိုက်မဲပုံ (၃၉း၁-၈)။

၂။ ကရုဏာနှင့်နှစ်သိမ့်ခြင်းအနာဂတ္တိများ (၄၀း ၁-၆၆ း ၂၄)။
(၁) လူမျိုးတော်အား ရွေးနှုတ်ကယ်တင်ခြင်းအကြောင်းနှင့် ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းအကြောင်း (၄၀း၁-၄၈း၂၂)။
(၂) လူမျိုးတော်အား ကယ်တင်မည့်အရှင်နှင့် ဒုက္ခခံစားရသော အစေခံကျွန်အား ကယ်တင်မည့်အကြောင်း (၄၉း၁-၅၇း၂၁)။
(၃) လူမျိုးတော်ကြွသရေလ၏ ဘုန်းထင်ရှားမည့်အနာဂတ်နှင့် ငြိမ်သက်ခြင်းအတွက် ဘုရားသခင်၏ အစီအမံ (၅၈း၁-၆၆း၂၄)။

# ယေရမိအနာဂတ္တိကျမ်း

## (အပြစ်တရားနှင့် အပြစ်စီရင်တော်မူခြင်းအကြောင်း သတိပေးခြင်း)

### ကျမ်းရေးသူနှင့် ကျမ်းအမည်

ဟေရှာယအနာဂတ္တိကဲ့သို့ပင်ဤကျမ်း၌ ရေးသူလူသားသည် အဘယ်သူ ဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြသည်။ ဗယ်မိန်ပြည်နယ် အနသုတ်မြို့မှ ဟိလခိ၏သား ယဇ်ပရောဟိတ် ယေရမိရေးသားခြင်းဖြစ်သည် (၁း၁)။ ရေးသားသည် ဆိုရာ၌ ယေရမိက မြွက်ဆိုသည်များကို ဗာရုတ်က ကူးယူရခြင်းဖြစ် သည်။ 'ယေရမိ' အားငိုကြွေးနေရသော ပရောဖက်ဟု သတ်မှတ်နိုင်သည် (၉း၁,၁၃း၁၇) အထီးကျန်ဆန်သော ပရောဖက်၊ ဘုရားသခင်က သူ့အား အိမ်ထောင်ပြုခွင့်မပေးဟု တွေ့ရသည် (၁၆း၂)။ စိုးရိမ်ပူပန်သူ၊ အားငယ်သူအဖြစ်လည်း တွေ့ရလေသည် (၁း၆)။ သို့သော် ဆန့်ကျင်မှုများ၊ ရိုက်ပုတ်မှုများ၊ အကျဉ်းခံရခြင်းများကို ခံစားလျက် ယုဒပြည်ကြုံတွေ့လတ္တံ့သော ဘုရားသခင်၏ တရားစီရင်ခြင်းများအကြောင်းကို ကြေငြာခဲ့ လေသည် (၁၁း၁၈-၂၃) (၁၂း၆) (၁၈း၁၈)

(၂ဝး၁-၃) (၂၆း၁-၂၄) (၃၇း၁၁-၃၈း၂၈)။

ဤကျမ်းကို ရေးသူပရောဖက်အမည်အတိုင်း သတ်မှတ်သည်။ 'ယေရမိ' ဆိုသည်မှာ "ယာဝေဘုရားသခင်သည် စီရင်တော်မူသည်" ဟု အဓိပ္ပါယ်သက်ရောက်သည်။

## ကျမ်းကိုရေးသောခုနှစ်

၆၂၇-၅၈၅ ဘီစီ။

ယေရမိသည် ဇေဖနိ၊ ဟဗက္ကုတ်၊ ဒံယေလ၊ ယေဇကျေလတို့နှင့် တစ်ခတ်တည်းရှင်သန်ခဲ့သည်။ သူ၏ပရောဖက်အမှုတော်သည် ဘီစီ ၆၂၆တွင် စတင်၍ ၅၈၆အလွန်တွင် ပြီးဆုံးသည်။ သူအမှုတော်ကို ဇေဖနိက ဆက်လက် ထမ်းရွက်ခဲ့ရသည်။ ဘီစီ ၅၉၃တွင် ဗာဗုလုန်ပြည်၌ ယေဇကျေလသည် စတင်၍ ပရောဖက်ပြုခဲ့ရာ ယေရုရှလင်မှ 'ယေရမိ' ထက်နောက်ကျသော ခေတ်ပြိုင်ပရောဖက် ဟု ဆိုနိုင်သည်။ 'ယေရမိ' ၏ ကွယ်လွန်ခြင်း အကြောင်းများကို မသိရသော်လည်း ယုဒတို့ဆိုရိုးအရ အီဂျစ်နိုင်ငံအတွင်း အသတ်ခံရသည်ဟု ဆိုလေသည် (ဟေဗြဲ ၁၁း၃၇)။

## ဦးတည်သည့် ရည်ရွယ်ချက်အကြောင်းရင်း

အဓိကရည်ရွယ်ချက်များမှာ (၁) ဘုရားသခင်၏ အပြစ်ဒဏ်စီရင်ခြင်း အကြောင်း သတိပေးရန် (၂) အကယ်၍ စစ်မှန်သော နောင်တရရှိပါက တိုင်းပြည်ကို ပြန်၍ ပေးအပ်မည်ဟူသော မျှော်လင့်ချက်ရှိခြင်းကို ဖော်ပြရန်ဖြစ်သည်။

## အဓိကပါဝင်သောသူများ

အဓိကပါဝင်သူမှာ ယေရမိကိုယ်တိုင်ဖြစ်၍ သူ၏ သွန်သင်မှု၊ ခံနိုင်ရည်သတ္တိနှင့် ညှင်းပန်းနှိပ်စက်ခံရခြင်းများကို ဖော်ပြသည်။

## ခရစ်တော်ကို ယေရမိအနာဂတ္တိ၌ တွေ့မြင်ရပုံ

ခရစ်တော်၏ သင်္ကေတကို ယေရမိ၌ အမျိုးမျိုးဖော်ပြထားသည်။ အသက်စမ်းရေတွင်း (၂း၁၃ နှင့် ယော ၄း၁၄)။ ဂိလဒ်ပြည်မှ ဗာလဖံပင်၏ အစေး (၈း၂၂)၊ ကျွေးမွေးသောသိုးထိန်း (၂၃း၄)၊ သန့်ရှင်းသောအညွန့်(၂၃း၅) ယေဟောဝါ ဇေဒကနဟူသောဘွဲ့နှင့် ဖြောင့်မတ်သော အရှင် (၂၃း၆)၊ ပဋိညာဉ်တရားသစ်ကို ပေးမည်ဘုရား (၃၁း၃၁-၃၄)

ဤအနာဂတ္တိကျမ်းတွင် ထင်ရှားသော မေရှိယသခင်အကြောင်း ဖော်ပြချက်တစ်ခုကို (၂၂း၂၈-၃၀)တွင် တွေ့မြင်နိုင်သည်။ ယင်းကျမ်းအရ ခေါနိနှင့် ယေခေါနိ၊ ယောရကိမ် မျိုးဆက်တို့သည် ဒါဝိဒ်၏ ရာဇပလ္လင်မှာ မထိုင်ရသော အမိန့်တော်ကို တွေ့ရသည်။ ထို့ကြောင့် ရှင်မဿဲခရစ်ဝင် ကျမ်း အခန်း ၁း၁-၁၇တွင် တွေ့မြင်ရသော ခရစ်တော်၏ ဆွေတော်စဉ်မျိုး တော်ဆက်ပွဲ ရှောလမုန်နှင့် ယေယောဖေါင်တို့မှ တစ်ဆင့် မာရိ၏ ခင်ပွန်း ယောသပ်သို့ တိုင်အောင်ယေရှု၏ မျိုးဆက်ခါရင်းကို တွေ့ရသည်။ သို့သော်ယောသပ်သည် ယေရှု၏ အသွေးအသားနှင့်ဆိုင်သော ဖခင် မဟုတ်သောကြောင့် ယောသပ်၏ သွေးသားအခြား သားများတစ်ယောက်မျှ ဒါဝိဒ်၏ ပလ္လင်ကို ယေရှုကဲ့သို့မဆက်ခံရကြောင်းကို တွေ့ရသည်။ ရှင်လုကာခရစ်ဝင်ကျမ်း အခန်းကြီး (၃း၂၃-၃၈)မှာမူ မိခင်ကြီးမာရိ၏ ဘက်မှမျိုးဆက်စာရင်းကို တွေ့ရပြီး ဒါဝိဒ်၏သား နာသန်(လုကာ ၃း၃၁)မှ ဆင်းသက်သည်ဟု ဖော်ပြထားရာ ယောယကိမ်အား ဆိုခဲ့သည့် ကျိန်စာနှင့် ကင်းလွတ်ပြီး မိခင်ရင်းယေရှုသည် ဒါဝိဒ်၏ ရာဇပလ္လင်ကို ဆက်ခံရကြောင်း အံ့သြဖွယ်တွေ့ရလေသည်။ [၃၈]

## အဓိကအရေးကြီးသည့်အချက်များ

၁။ ယေရမိအား ဆင့်ခေါ်ခြင်း (၁း၁-၁၉)။

(က) ခေါ်ဆိုခြင်း (၁း၁၁-၁၀)။
(ခ) အတည်ပြုလိုက်ခြင်း (၁း၁-၁၉)။

၂။ ယုဒနားဆင်ရန် အနာဂတ္တိများ (၂း၁-၄၅း၅)။

(က) ယုဒကို အပြစ်တင်ခြင်း (၂း၁-၂၅း၃၈)။

(၁) သိလျက်ကျူးလွန်သည် ယုဒတို့အပြစ်များ (၂း၁-၃း၅)။
(၂) ယုဒအားအပြစ်ပေးခြင်း (၃း၆-၆း၃၀)။
(၃) ယုဒ၏မှားယွင်းသော ကိုးကွယ်မှု (၇း၁-၁၀း၂၅)။
(၄) ယုဒ၏ပဋိညာဉ်ကို ချိုးဖောက်ခြင်း (၁၁း၁-၁၃း၂၇)။
(၅) မိုးခေါင်ခြင်းဘေးကို ကြုံရမည် (၁၄း၁-၁၅း၉)။
(၆) ယုဒ၏ပရောဖက်ကို အသစ်ထပ်မံခန့်အပ်ခြင်း (၁၅း၁၀-၁၆း၉)။
(၇) ယုဒ၏အပြစ်လွန်ကျူးမှုများ (၁၆း၁၀-၁၇း၂၇)။
(၈) ယုဒနှင့် အာဏာပိုင်သော သိုးထိန်းသမား (၁၈း၁-၂၃)။

(၉) ယုဒနှင့်ရေဘူးကွဲခြင်း (၁၉း၁-၂၀း၁၈)။

(၁၀) ယုဒဘုရင်များ (၂၁း၁-၂၃း၈)။

(၁၁) ယုဒ၏ပရောဖက်အတုအယောင်များ (၂၃း၉-၄၀)။

(၁၂) ယုဒတို့အဖမ်းခံရခြင်း (၂၄း၁-၂၅း၃၈)။

(ခ) ယေရမိရင်ဆိုင်ရသည့် ပဋိပက္ခများ (၂၆း၁-၂၉း၃၂)။

(၁) ယေရမိ၏ အမှုတော်ကို ယုဒတို့တုန့်ပြန်ချက် (၂၆း၁-၂၄)။

(၂) ယေရမိ၏ ယုဒအတွက် အကြံပြုချက်၊ နေဗုဒ်ခနေဇာအားအလျော့ပေးရန် (၂၇း၁-၂၉း၃၂)။

(ဂ) ပြန်လည်ပြုပြင်ရန်အတွက် ယုဒ၏ မျှော်လင့်ချက်(၃၀း၁-၃၃း၂၆)။

(ဃ) ယေရုရှင်လင် မကျဆုံးမီ မျှော်လင့်ချက် (၃၀း၁-၃၃း၂၆)။

(င) ယေရုရှလင်ကျဆုံးခြင်း (၃၉း၁-၁၈)။

(စ) ကျဆုံးပြီးနောက်ဖြစ်ရပ်များ (၄၀း၁-၄၅း၅)။

၃။ တပါးအမျိုးသားများအတွက် အနာဂတ္တိများ (၄၆း၁-၅၁း၆၄)။

(က) အဲဂုတ္တုအတွက် (၄၆း၁-၂၈)

(ခ) ဖိလိတ္တိများအတွက် (၄၇း၁-၇)

(ဂ) မောဘအတွက် (၄၈း၁-၄၇)

(ဃ) အမ္မုန်အတွက် (၄၉း၁-၆)

(င) ဧဒုံအတွက် (၄၉း၇-၂၂)

(စ) ဒမာသက်အတွက် (၄၉း၂၃-၂၇)

(ဆ) အာရပ်များအတွက် (၄၉း၂၈-၃၃)

(ဇ) ဧလံပြည်အတွက် (၄၉း၃၄-၃၉)

(ဈ) ဗာဗုလုန်အတွက် (၅၀း၁-၅၁း၆၄)

၄။ သမိုင်းကြောင်းဖြည့်စွက်ချက် (၅၂း၁-၃၄)

(က) ယေရုရှလင်၏ ကံကြမ္မာ (၅၂း၁-၂၃)

(ခ) အချို့သောသူများ၏ ကံကြမ္မာ (၅၂း၂၄-၃၄)

# ယေရမိမြည်တမ်းစကား

## (စီးဆင်းနေသည့် မျက်ရည်မြစ်)

### ကျမ်းရေးသူနှင့် ကျမ်းအမည်။

'ယေရမိမြည်တမ်းစကား' ကျမ်းတွင်ရေးသူ၏ အမည်ကို မဖော်ပြပါ။ သို့သော် အထောက်အထားလမ်းကြောင်း ၂ခုအရ ယေရမိ ရေးသားကြောင်း လက်ခံယုံကြည်ထားကြသည်။

'ဖြစ်ရလေခြင်း' ဟူသည့်အချက်မှာ ဤကျမ်း၏ နဖူးစီးပင်ဖြစ်ပါသည်။ ယင်းအချက်ကို အခန်း ၁း၁၊ အခန်း ၂း၁ နှင့် အခန်း၄း၁ တို့တွင် ထင်ရှားပေါ်လွင်စေ၏။ ဤကျမ်း၏ ဆိုလိုရင်းအချက်များအရ ဂျူးပညာရှင်များသည် ယင်းကို ငိုကြွေးမြည်တမ်းခြင်းများကျမ်း (LAMENTATIONS) ဟု စွဲမှတ်ခံယူကြသည်။

### ကျမ်းကိုရေးသောခုနှစ်

၅၈၆ သို့မဟုတ် ၅၈၅ ဘီစီ

ဤကျမ်းသည် ဘီစီ ၅၈၆ခုနှစ်တွင် ယေရုရှလင်မြို့တော်ကြီး ပျက်စီးခဲ့အပြီး မကြာမီအတောအတွင်း ရေးသားခဲ့ခြင်းဖြစ်ရာ ထိုနှစ်အတွင်းမှာပင် စတင်ရေးသားသည်ဟု ဆိုနိုင်သည်။ ပုံဖော်ပြသထားသော မြင်ကွင်း၏ ရှင်းလင်းပြတ်သားမှုများအရ ၅၈၆ သို့မဟုတ် ၅၈၅ ဘီစီတွင် ရေးသားကြောင်း သိနိုင်ပါသည်။

### ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

အပြစ်ဒုစရိုက်များနှင့် ပြည့်နှက်နေသော ယေရုရှလင်မြို့တော်ကြီး အပေါ်မှ ကျရောက်လာသော နာကြည်းခံခက်ဘွယ်ဒုက္ခဝေဒနာများကြောင့် စိတ်မသက် မသာစွာဖြင့် ညည်းတွားမြည်တမ်းရခြင်းသည် အဓိကအချက် ဖြစ်သည်။ ဤကျမ်း အားဖြင့် မြို့တော်ကြီးနှင့်တစ်ကွ ဗိမာန်တော်ပျက်စီးရပုံတို့ကို ဖော်ပြသည်။ ယုဒပြည် ၏အဖြစ်များအတွက်ဘုရားသခင် ကြိုတင်သတိပေးခဲ့သော တရားစီရင်ခြင်းဖြစ်ခဲ့ပုံကို တွေ့ရသည်။ သို့ဖြစ်၍ ပရောဖက်က ဘုရားသခင်၏ အပြစ်ပေးစီရင်ခြင်းသည် လူသားတို့

အဖို့တရားမျှတခြင်း၊ ဖြောင့်မတ်ခြင်း ရှိသည်ကို လူသားတို့ သတိသံဝေဂ ရယူရန် တိုက်တွန်းထားသည်။ ဆက်လက်၍ ဘုရားသခင်၏ ကရုဏာတော်ကို ရှာဖွေကြသင့်ကြောင်းကိုလည်း ဆိုဖွဲ့ထားလေသည်။

ယေရမိ၏ အနာဂတ္တိနှင့် မြည်တမ်းခြင်းကျမ်းနှစ်စောင်သည် အတူယှဉ်တွဲလေ့လာ မည်ဆိုပါက ပရောဖက်ကြီး၏ ထူးခြားကောင်းမြတ်သော ဆောင်ရွက်ချက်တစ်ခုအဖြစ် အောက်ပါအတိုင်း မြင်တွေ့ရလေသည်။[၃၉]

| | | |
|---|---|---|
| **ယေရမိအနာဂတ္တိ** | **အရှုံးနှင့်** | **ယေရမိမြည်တမ်းစကား** |
| **(သတင်းပေးခြင်း)** | **ပျက်သုဉ်းရသော** | **(ငိုကျွေးမြည်တမ်းခြင်း)** |
| **ရှေ့သို့မျှော်ကြ** | **ယေရုရှလင်** | **ပြန်လှည့်ကြည့်ကြ** |

## အဓိကပါဝင်သူ

ယေရမိကိုယ်တိုင်အဓိက

## ခရစ်တော်ကို၎င်းကျမ်း၌ တွေ့မြင်ရပုံ

ယေရမိမြည်တမ်းစကားတွင် ကယ်တင်ရှင်သခင်ခရစ်တော်၏ သဏ္ဌာန်တော်ကို ဖော်ပြသည့်အပိုင်း ၂ခုပါဝင်သည်။ (၁)၎င်းကျမ်းသည် လူသားတို့အတွက် ဝမ်းနည်းခဲ့ရခြင်း၊ နာကျင်ခဲ့ရခြင်း၊ လူသားတို့၏ အပယ်ခံရခြင်း၊ ရန်သူတို့၏ အပြစ်တင်ခံရခြင်း စသည့် ခရစ်တော်၏ အဖြစ်တော်များကို သတိရအောက်မေ့စေသည် (၁း၁၂)(၂း၁၅-၁၆) (၃း၁၄ ၊၁၉၊၃၀)

(၂)ယေရမိ၏ ယေရုရှလင်မြို့ကြီးပျက်စီးခြင်းအပေါ်မှာ ရှုမြင်ငိုကျွေးခဲ့ရပုံသည် (ရှင်မဿဲ၊ ၂၃း၃၇-၃၈)တွင် ဖော်ပြသည့် ခရစ်တော် ကိုယ်တော်တိုင် ထိုမြို့တော်ကြီးအတွက် ငိုကြွေးရခြင်းအား ပုံဖော်ပြသသည်။

## အဓိကအရေးကြီးသည့်အချက်များ

၁။ ယေရုရှလင်မြို့တော်ပျက်စီးခြင်း (၁း၁-၂၂)။

(က) ပရောဖက်၏မြည်တမ်းခြင်း (၁း၁-၁၁)။

(ခ) မြို့တော်ယေရုရှလင်၏ မြည်တမ်းခြင်း (၁း၁၂-၂၂)။

၂။ မိမိလူမျိုးတော်အတွက် ဘုရားသခင်၏ အမျက်တော် (၂း၁-၂၂)။

(က) ဘုရားသခင်၏ အမျက်တော် (၂း၁-၁၀)။

(ခ) စာရေးသူ၏ မြည်တမ်းခြင်း (၂း၁၁-၂၂)။

၃။ ဒုက္ခပင်လယ်ဝေနေသည့်ပရောဖက် (၃း၁-၆၆)။

(က) သူ၏ငြီးတွားမြည်တမ်းခြင်း (၃း၁-၁၈)။

(ခ) သူ့မျှော်လင့်ချက် (၃း၁၉--၄၂)။

(ဂ) သူ့ခံစားရခြင်း (၃း၄၃-၅၄)။

(ဃ) သူ့ဆုတောင်း (၃း၅၅-၆၆)။

၄။ ယေရုရှင်လင်မြို့တော်မှ စစ်ရှုံးသူများ (၄း၁-၂၂)။

(က) စစ်ရှုံးသွားသော မြို့တော် (၄း၁-၁၂)။

(ခ) ရှုံးရသောအကြောင်းတရား (၄း၁၃-၂၀)။

(ဂ) အနာဂတ်အတွက် မျှော်လင့်ချက် (၄း၂၁-၂၂)။

၅။ အသစ်ပြုပြင်ရန်ဆုတောင်းခြင်း (၅း၁-၂၂)။

(က) ဝန်ခံမှု (၅း၁-၁၈)။

(ခ) အသနားခံမှု (၅း၁၉-၂၂)။

# ယေဇကျေလအနာဂတ္တိကျမ်း

## (ငါဘုရားသခင်ဖြစ်သည်၊ သူတို့သိရကြမည်)

## ကျမ်းရေးသူနှင့် ကျမ်းအမည်

ရေးသူသည် ယဇ်ပရောဟိတ်ယေဇကျေလဖြစ်၏၊ သူ့ဖခင်မှာ ဗုဇိဖြစ်သည်။ သူ့ကိုပရောဖတ်အဖြစ် တာဝန်အပ်နှင်းခံရချိန်တွင် သူသည်ဘာဘုလုန် ပြည်၌ ကျွန်အဖြစ် သိမ်းသွားခြင်း ခံနေရပြီဖြစ်သည် (၁း၁-၃)။ ပရောဖက်တစ်ပါးအဖြစ် အမှုတော်ထမ်းရွက်ရာတွင် သူသည်ဗိမာန်တော်အတွက် အလေးထားရပုံ၊ ယဇ်ပရော ဟိတ် တစ်ပါးအဖြစ်ရပ်တည်ရပုံ၊ ယဇ်ပူဇော်မှုများအကြောင်းနှင့် ဘုရားသခင် ဘုန်းတော်ကို ထင်ရှားစေရန် အဓိကဖော်ပြသွားခဲ့သည်။ ယေဇကျေလ၏ ဘဝဖြစ်စဉ်ကို သူ့ အနာဂတ္တိ ကျမ်းအရသာလျှင် ကျွန်ုပ်တို့သိမြင်ခွင့် ရရှိသည်။ သူသည်အိမ်ထောင်ရှင်ဖြစ်သည် (၂၄း ၁၅-၁၈)။ ကိုယ်ပိုင်အိမ်ရာရှိသည် (၃း၂၄-၈း၁)။ သူသည် အခြားကျွန်ဘဝ သက်ဆင်းသူများနည်းတူ လွတ်လပ်ခွင့်များများ မရှိခဲ့ပေ။

ဟေရှာယနှင့် ယေရမိအနာဂတ္တိများကဲ့သို့ပင် သူ၏အမည်နာမအားဖြင့် ဤအနာဂတ္တိကို ဖော်ပြသည်။ တိုက်ရိုက်အဓိပ္ပါယ်ပြန်ဆိုမည် ဆိုပါက ‘ယေဇကျေလ’ ဆိုသည်မှာ ‘ဘုရားသခင်ခွန်အားပေးသည်၊ ဘုရားသခင်အားဖြင့် ခွန်အားရရှိသည်’ ဟု အဓိပ္ပါယ်ရှိလေ၏။

## ကျမ်းကိုရေးသောခုနှစ်

၅၉၃-၅၇၀ ဘီစီ

ဤအနာဂတ္တိကျမ်းတွင် နေ့စွဲကိုဖော်ပြထားသောကြောင့် အနာဂတ္တိရေးသားရာ နေ့စွဲများကို အတိအကျနီးပါးမျှ ဖော်ပြနိုင်ပါသည်။ နေ့စွဲပေါင်း ၁၃ခု အနက်၁၂ ခုတို့သည်ဘုရားသခင်က ယေဇကျေလအား ဆက်သွယ်ခဲ့သော နေ့ရက်များကို ပိုင်းခြားဖော်ပြသည်။ ကျန်တစ်ခုသော နေ့စွဲမှာ ယေရုရှလင်မြို့တော် ကျဆုံးပြီး နောက်ပိုင်း ယင်းသတင်းကို ဆောင်ကြဉ်းလာသူ ရောက်ရှိလာသော နေ့စွဲအဖြစ် တွေ့ရသည် (၃၃း၂၁) ဘီစီ ၅၉၃-ခုနှစ် ဇူလိုင်လ၌ ပရောဖက်အဖြစ် ခန့်အပ်ခံရပြီး

နောက် ယေဇကျေလသည် ပရောဖက်တာဝန်ကို ၂၂နှစ်တိုင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြောင်းတွေ့ရသည်။ ဘုရားသခင်ထံမှ ဗျာဒိတ်တော်ကို နောက်ဆုံး သူပြန်ကြားခဲ့ရသော အချိန်ကာလမှာ ဘီစီ ၅၇၁ ဖြစ်လေသည်။

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

ဣသရေလလူမျိုးတော်၏အပြစ်များကို ရှုံးချဖော်ပြရန် ယေဇကျေလအဓိက ဦးတည်ကြောင်း (အခန်းကြီး ၁-၃၂)အရ တွေ့ရ၏။ အနာဂတ်တွင် ဘုရားသခင် အဘယ်သို့ စီရင်မည်ကို နှစ်သိမ့်စေရန်အတွက် (၃၃-၄၈)အတွင်း ဖော်ပြထား လေသည်။

## အဓိကပါဝင်သောသူများ

ပရောဖက်တာဝန်ဖြင့် လူမျိုးတော်ဣသရေလကျွန်မဖြစ်မီ အချိန်မှ စတင်၍ ဘာဘုလုန်နိုင်ငံ၌ ကျွန်ဖြစ်သည့်အချိန်တိုင်အောင် တာဝန်ယူခဲ့ရသော ဗုဇီ၏သား ယေဇကျေလ ကိုယ်တိုင်အဓိက ပါဝင်သူဖြစ်သည်။

## ခရစ်တော်ကို ယေဇကျေလအနာဂတ္တိ၌ တွေ့မြင်ရပုံ

မေရှိယကယ်တင်ရှင်သခင်ခရစ်တော်အားအမြင့်ဆုံးသော ဣသရေလ တောင်ပေါ်၌ ကောင်းမွန်သော စပျစ်နွယ်ပင်အဖြစ် စိုက်ပျိုးမည့်အကြောင်းကို ဘုရားသခင်ဖော်ပြသည်။ (၁၇း၂၃-၂၄)။ ယင်းသည် ဟေရှာယအနာဂတ္တိ(၁၁း၁) ဖော်ပြချက်နှင့်တူညီသည်။ ယေရမိ (၂၃း၅) (၃၃း၁၅) နှင့် ဇာခရိ (၃း၈) (၆း၁၂) တွင်လည်း ဤသဘောတရား ကို တွေ့ရသည်။ ယေဇကျေလသည် မေရှိယသခင်အား အုပ်စိုးပိုင်သော သခင်အဖြစ်(၂၁း၂၆-၂၇)တွင် ဖော်ပြပြီး စစ်မှန်သော သိုးထိန်းကြီး အဖြစ် (၃၄း၁၁-၃၁)တွင် ဖော်ပြထားသည်။

## အဓိကအရေးကြီးသည့်အချက်များ

၁။ ယေဇကျေလအားခေါ်ယူ၍တာဝန်ပေးခြင်း (၁း၁-၃း၂၇)။

(က) ယေဇကျေလဘုရားသခင်ဘုန်းတော်ကို တွေ့ရှိခြင်း (၁း၁-၂၈)။

(ခ) နှုတ်ကပတ်တော်အတွက် တာဝန်ပေးအပ်ခံရခြင်း (၂း၁-၃း၂၇)။

၂။ ယေရုရှလင်မြို့တော်နှင့် ယုဒပြည်အားလက်တလောစီရင်ခြင်း (၄း၁-၂၄း၂၇)။

(က) လာမည့်တရားစီရင်ခြင်းအတွက် လက္ခဏာ ၄ရပ်(၄း၁-၅း၁၇)။

(ခ) လာမည့်တရားစီရင်ခြင်း ၂မျိုးအတွက် သတင်းစကားများ (၆း၁-၇း၂၇)။

(ဂ) ဗျာဒိတ်တော် ၄ခုကို ရူပါရုံခံစားရခြင်း (၈း၁-၁၁း၂၅)။

(ဃ) စီရင်တော်မူချက်တို့၏ သေချာမှုနှင့် အကြောင်းတရားများ (၁၂း၁-၂၄း၂၇)။

၃။ တစ်ပါးအမျိုးသားများအတွက် အနာဂတ္တိများ (၂၅း၁-၃၂း၃၂)

(က) အမ္မုန်အတွက် (၂၅း၁-၇)

(ခ) မောဘအတွက် (၂၅း၈-၁၁)

(ဂ) ဧဒုံအတွက် (၂၅း၁၂-၁၄)

(ဃ) ဖိလိတ္တိအတွက် (၂၅း၁၅-၁၇)

(င) တုရုအတွက် (၂၆း၁-၂၈း၁၉)

(စ) စိဒုံအတွက် (၂၈း၂၀-၂၆)

(ဆ) အဲဂုတ္တုအတွက် (၂၉း၁-၃၂း၃၂)

၄။ ဣသရေလအားအသစ်ပြန်လည်ပြုပြင်ခြင်း (၃၃း၁-၄၈း၃၅)

(က) အမွေခံရာမြေသို့ ဣသရေလတို့ပြန်ရပုံ (၃၃း၁-၃၉း၂၉)

(ခ) ဘုရားသခင်နိုင်ငံတော်၌ ဣသရေလတို့ပါဝင်ခြင်း (၄၀း၁-၄၈း၃၅)

# ဒံယေလအနာဂတ္တိကျမ်း

## (ကြသရေလ၏ အန္တိမပန်းတိုင်)

### ကျမ်းရေးသူနှင့်ကျမ်းအမည်

ဒံယေလ၏ကိုယ်ပိုင်အတွေ့အကြုံဖော်ပြချက် (၁၂း၄)အရ လည်းကောင်း၊ ငါဒံယေလဟူသည့် အသုံးအနှုန်းအရလည်းကောင်း (၇း၂)၊ ဒံယေလသည် ဤကျမ်းကို ရေးသူဟုဆိုရပါမည်။ ၆၀၅ဘီစီတွင် ဒံယေလသည် နေဗုခဒ်နေဇာဘုရင်၊ ဒါရိဘုရင်တို့၏ နန်းတော်၌ မင်းစိုးရာဇာ ရာထူးကိုရရှိခဲ့သည်။ သူသည် ပရောဖက် ရာထူးကို ရယူခဲ့ခြင်းမရှိပါ။ သို့သော် - - -ခရစ်တော်ကိုယ်တိုင်က သူအား ပရောဖက် တစ်ပါး အဖြစ်သတ်မှတ်ဖော်ပြခဲ့ပါသည်။ (မဿဲ ၂၄း၁၅) (မာကု ၁၃း၁၄)

ကျမ်းအမည်ကိုရေးသူ၏ အနာဂတ္တိအဖြစ်ဖော်ပြထားသည်။ ဒံယေလ၏ အနက်အဓိပ္ပါယ်မှာ 'ဘုရားသခင်သည် တရားစီရင်သူ သို့မဟုတ် ဘုရားသခင်သည် ငါ့အဖို့ တရားစီရင်' ဟူ၍ ဖြစ်ပါသည်။

### ကျမ်းကိုရေးသောခုနှစ်

၅၃၇ ဘီစီ

ဤဒံယေလအနာဂတ္တိကို ဗာဗုလုန်ဘုရင် နေဗုခဒ်နေဇာက ယေရုရှလင် မြို့တော်ကြီးအား တိုက်ခိုက်သိမ်းပိုက်ပြီးနောက် ဗာဗုလုန် မြို့တော်ကြီးဆီသို့ ဒံယေလနှင့် အခြားလူငယ်လူရွယ်များအား ဘီစီ ၆၀၅-ခုနှစ်တွင် ဖမ်းဆီးခေါ်ဆောင် သွားသည့် နောက်ပိုင်းတွင် ရေးသားခြင်းဖြစ်သည်။

### ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

ဘုရားသခင်သည် တစ်ဆူတည်းသော ဘုရားသခင်ဖြစ်တော်မူ၏။ သူ့ကိုဆန့်ကျင်သော လောကီအာဏာရှင်များအား တရားစီရင်နိုင်သူ၊ အကြွင်းမဲ့ဖျက်ဆီးနိုင်သူ ဖြစ်တော်မူ ကြောင်းကို ဖော်ပြထားပါသည်။ ဤအကြွင်းမဲ့တန်ခိုးတော်အားဖြင့်လည်း သူ့ကိုယုံကြည်အားကိုးသူ၏ လူမျိုးတော်အား ကယ်တင်နိုင်တော်မူခြင်းကို ဖော်ပြပါ

သည်။ ဤအနာဂတ္တိ ကျမ်းသည် ကျွန်အဖြစ်နှိုးနှစ်ခဲ့ရသော ဣသရေလ လူမျိုးများ အတွက် ဘုရားသခင်၏ အံ့သြဘွယ်အကြံတော်နှင့် ဘုန်းတန်ခိုးတော်ကို လောကီ အာဏာရှင်များ တန်ခိုးကြီးထွား၍ နေစဉ်အချိန်အတွင်း နားလည် သဘောပေါက်နိုင်စေ ရန် ရေးသားခဲ့ခြင်းဖြစ်ပါသည်။

## အဓိကပါဝင်သောသူများ

ဗာဗုလုန်ပြည်သို့ လူငယ်ကလေးဘဝမှာ အဖမ်းခံရောက်ရှိလျက် အစိုးရအရာ ရှိကြီး တစ်ဦးဖြစ်လာရုံသာမက ဣသရေလနှင့်တစ်ပါး အမျိုးသားများအတွက် ဘုရားသခင်၏ အထူးတာဝန်ကို ယူခဲ့ရသူဒံယေလ (ဗေလတရှာဇာ)၊ ဟာနနိ (ရှာဒရက်)၊ မိရှေလ(မေရှက်)၊ အာဇရိ (အဗေဒနေဂေါ)တို့သည် အဓိကပါဝင်သည်။ အခြားအရေး ကြီးပုဂ္ဂိုလ်များမှာ ဗာဗုလန်ဘုရင် နေဗုခဒ်နေဇာ(ဘီစီ ၆၀၅)၊ ထိုဘုရင်ကို ဆက်ခံသူ ဒါရိမင်းကြီး၊ ပေရသိခေါ်ပါရှန်းဘုရင်ကုရု၊ အခန်းကြီး ၁၀တွင် ဒံယေလကို လာ ရောက်တွေ့ဆုံသူ ကောင်းကင်တမန်မင်း မိက္ခာလတို့ဖြစ်ကြ၏။

## ခရစ်တော်ကိုဒံယေလအနာဂတ္တိ၌တွေ့မြင်ရပုံ

ခရစ်တော်ကို အခွင့်မရဘဲ အသေသတ်ခြင်းခံရသူဟူ၍ (၉း၂၅-၂၆)တွင် အထင်အရှားဖော်ပြထားသည်။ ယင်းသည် ကားတိုင်လမ်းကို ညွှန်းဆိုခြင်းဖြစ်သည်။ ထို့အတူ ခရစ်တော်ကို နိုင်ငံတော်နှင့် ခေတ်များကိုကိုယ်စားပြုသည့် ရုပ်တုအစိတ် အပိုင်းများအား တိုက်ခိုက်သည့် ကျောက်တုံးကြီးအဖြစ် (၂း၃၄-၄၅)တွင် ဖော်ပြထား သည်။ လူသား(၇း၁၃) နှင့် အသက်ကြီးသောသူ (၇း၂၂)အဖြစ်လည်း ဖော်ပြသည်။ (၁၀း၅-၉) အတွင်းရူပါရုံသည်လည်း ခရစ်တော်ကို ကိုယ်စားပြုခြင်းဖြစ်နိုင်သည်။ ဗျာဒိတ်ကျမ်း (၁း၁၂-၁၆)နှင့် ယှဉ်တွဲလေ့လာနိုင်သည်။

## အဓိကအရေးကြီးသည့်အချက်များ

၁။ ဒံယေလ၏ဘဝသမိုင်းမှတ်တမ်း (၁း၁-၂၁)

(က) ဗာဗုလုန်သို့သွားရခြင်း (၁း၁-၇)

(ခ) ဗာဗုလုန်အပေါ်မှာ သစ္စာရှိခြင်း (၁း၈-၁၆)

(ဂ) ဗာဗုလုန်၌ သူ၏ဂုဏ်သိက္ခာ (၁း၁၇-၂၁)

၂။ တစ်ပါးအမျိုးသားနိုင်ငံများအားစီရင်ခြင်းအတွက် ဗျာဒိတ် (၂း၁-၇း၂၈)

(က) နေဗုခဒ်နေဇာ၏ရုပ်တုကြီးအိပ်မက် (၂း၁-၄၉)

(ခ) ပူပြင်းသော မီးဖိုကြီးနှင့် ယုံကြည်ခြင်း၏ သက်သေ။ (၃း၁-၃၀)

(ဂ) နေဗုခဒ်နေဇာ၏ အရပ်မြင့်လှသော သစ်ပင်ကြီးအိပ်မက် (၄း၁-၃၇)

(ဃ) ဗေလရှာဇာမင်းကြီး၏ ညစာပွဲတော်၌ နံရံတွင် အက္ခရာတင်လာသော လက်ညှိုး (၅း၁-၃၁)

(င) ဒါရိမင်းကြီး၏ မှားယွင်းသော ဓမ္မသတ်အားဖြင့် ဒံယေလအားခြင်္သေ့တွင်းထဲသို့ချခြင်း (၆း၁-၂၈)

(စ) ဒံယေလ၏ သားရဲလေးကောင်ရူပါရုံ (၇း၁-၂၈)

၃။ ဣသရေလအနာဂတ်ရေးဗျာဒိတ် (၈း၁-၁၂း၁၃)

(က) ဒံယေလ၏ သိုး၊ ဆိတ်၊ ချိုငယ်ရူပါရုံများ (၈း၁-၂၇)

(ခ) သတင်းခုနှစ်ဆယ်ရှိသည့်နှစ်များအတွက် ဒံယေလအနာဂတ္တိ (၉း၁-၂၇)

(ဂ) ဣသရေလအနာဂတ်အတွက် ဒံယေလခံရသော ဗျာဒိတ်တော်နှင့်ရူပါရုံ (၁၀း၁-၁၂း၁၃)

# အပိုင်း (၅)

# ပရောဖက်ငယ်များ

## နိဒါန်း

### "ပရောဖက်ငယ်များ" ဟူသည်

ယခုဖော်ပြသွားမည့် ပရောဖက် ၁၂ပါးတို့၏ ကျမ်းများကိုယေဘုယျအားဖြင့် 'ပရောဖက်ငယ်များ၏ ကျမ်းများ' အဖြစ်ခံယူထားကြသည်။ ယင်းအသုံး အနှုန်းသည် AD၄ရာစုခန့်က အမြစ်စွဲလာခဲ့၍ ပရောဖက်ကြီးများဖြစ်သော ဟေရှာယ၊ ယေရမိနှင့် ယေဇကျေလတို့လောက် မရှည်လျားသော ကျမ်းများဖြစ်သောကြောင့် ဤသို့ ပရောဖက်ငယ်များဖြစ်သွားရခြင်းပင် ဖြစ်လေသည်။ ဤအခေါ်အဝေါ် အမြစ်မစွဲမီကဆိုလျှင် ဓမ္မဟောင်းကျမ်း များရှိ ပရောဖက်ကျမ်းများအားလုံးကို ပရောဖက်တို့၏ ဥပဒေသ ကျမ်းများ အဖြစ်သာ ခြုံငုံခေါ်ဝေါ်ခဲ့လေ၏။

### ပရောဖက်တို့၏ လုပ်ငန်းပိုင်း

ပရောဖက်တို့၏ အခန်းကဏ္ဍသည် ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းအား ဣသရေလ လူမျိုးတော်မှတစ်ဆင့် ကောင်းချီးပေးအံ့သောငှါ ဘုရားသခင်ရည်မှန်း၍ စတင် ဖွင့်လှစ်ပေးလိုက်သော အခန်းကဏ္ဍပင် ဖြစ်သည်။ ဘုရားသခင်သည် ဣသရေလ အား သူပိုင်ထိုက်သော ဘဏ္ဍာဖြစ်လိုသောဆန္ဒနှင့် မင်းစည်းစိမ်ရှိသော ယဇ်ပရောဟိတ်မျိုး အဖြစ် အခြားသော လူမျိုးတကာတို့အလယ်တွင် အသုံးပြုလိုသော ဆန္ဒရှိတော်မူကြောင်း

ကို (ထွက်မြောက်ရာကျမ်း၊ ၁၉း၅-၆) (တရားဟောရာကျမ်း၊ ၄း၆-၈)တို့အရ အခိုင်အမာ ဖော်ပြထားခဲ့သည်။ သို့သော် ဘုရားသခင်၏ စကားတော် ကို နားထောင်ခြင်းမရှိ၊ အခြားတစ်ပါးအမျိုးသားတို့၏ လမ်းစဉ်နှင့် ယုံကြည်မှုများ နောက်သို့သာ တကောက်ကောက်ပါအောင် လိုက်ခဲ့သော ဣသရေလတို့သည် ဘုရားသခင်၏ အလိုတော်အတိုင်း ဖြစ်မြောက်၍ မလာနိုင်ခဲ့ကြပေ။ လူမျိုးတော် ဣသရေလ အားအမွေမြေသို့ ပို့ဆောင်ပေးနေစဉ်က ခေါင်းဆောင်ကြီး မောရှေ မသေမီမှာပင် ပညတ်တော်များကို ဖောက်ဖျက်လျက်၊ တစ်ပါးအမျိုးသားတို့၏ လွဲမှားသော အယူများနောက်သို့ လိုက်ခဲ့ ကြသည်ဖြစ်ရာ အလိုတော်နှင့်မညီဘဲ ဖောက်ပြန်နေသည့်လူမျိုးတော်အား မောရှေမှ တစ်ဆင့်ဘုရားသခင်သည် ပြင်းထန်စွာ အပြစ်တင်ခဲ့ကြောင်းကို တွေ့ရလေ၏ (တရားဟောရာကျမ်း၊ ၁၈း၉-၁၄)။ ဤသို့အပြစ်တင်ခြင်းနှင့်အတူ သူ့အလိုတော်ကို မှန်ကန်စွာဖြင့် စံနစ်ကျနစွာ ချထားနိုင်စိမ့်သောငှါ (တရားဟောရာကျမ်း၊ ၁၈း၁၅-၂၂) ၌ ဤသို့ဆက်လက်ဖွင့်ဆိုခဲ့ပေ၏။

"သင်၏ဘုရားသခင်ထာဝရဘုရားသည် သင်၏အမျိုးသားချင်းတို့အထဲ၌ ငါနှင့်အတူ ပရောဖက်တစ်ပါးကို သင့်အဖို့ပေါ်ထွန်းစေတော်မူ မည်။ ထိုပရောဖက်၏ စကားကို နားထောင်ရမည်။ ဟောရပ်အရပ်တွင် စည်းဝေးကြသောနေ့၌ သင်က၊ နောက်တဖန်အကျွန်ုပ် ဘုရားသခင် ထာဝရဘုရား၏စကားတော်သံကို မကြားရပါစေ နှင့်၊ ထိုကြီးစွာသော မီးကိုမမြင်ရပါစေနှင့်၊ အကျွန်ုပ်သေမည်ကို စိုးရိမ်ပါသည်ဟု သင်၏ဘုရားသခင်ထာဝရဘုရား ရှေ့တော်၌ တောင်းပန်သမျှအတိုင်း၊ ထာဝရဘုရား က သူတို့စကားသည် လျှောက်ပတ်ပေ၏။ သူတို့အမျိုးသားတို့အထဲ၌ သင်နှင့်တူသော ပရောဖက်တစ်ပါးကို သူတို့အဖို့ ငါပေါ်ထွန်းစေ၍ ထိုပရောဖက်နှုတ်၌ ငါ့စကားကို ငါအပ်သဖြင့် ငါမှာထားသမျှတို့ကို သူတို့ အားဆင့်ဆို ရလိမ့်မည်။ ထိုပရောဖက်သည် ငါ့အခွင့်နှင့်ပေးပြောသော စကားတို့ကို အကြင်သူသည် နားမထောင်ဘဲနေအံ့၊ ထိုသူကို ငါစစ်ကြောမည်။ ငါမမှာထားဘဲ ငါ့အခွင့်ကို ဆောင်ရန် ရဲရင့်စွာဟောပြောသော ပရောဖက်၊ အခြားတပါးသော ဘုရားအခွင့်နှင့် ဟောပြောသော ပရောဖက်သည် အသေသတ်ခြင်းကို ခံရမည်ဟု ငါ့အားမိန့်တော်မူ၏။ သင်ကလည်း ထာဝရဘုရား မိန့်တော်မူသည်မမူသည်ကို ငါတို့သည် အဘယ်သို့သိနိုင်သနည်းဟု တွေးတောလျှင်၊ ပရောဖက်သည် ထာဝရ ဘုရား၏အခွင့်ကို ဆောင်ရန်ဟောပြောသည်အတိုင်း မဖြစ်၊ ဟောပြောသောစကား မပြည့်စုံလျှင် ထိုစကားကို ထာဝရဘုရားမိန့်တော်မမူ၊ ပရောဖက်သည် ရဲရင့်စွာဟောပြောပြီး၊ သူ့ကို မကြောက်ရ"

ဖော်ပြပါကျမ်းစကားအရ သမ္မာတရားနှင့် ညီညွတ်သော ပရောဖက်တို့၏

တာဝန်နှင့်အခန်းကဏ္ဍကို တွေ့မြင်ရသလို (ကမ္ဘာဦးကျမ်း၊ ၁၂း၁-၃) တွင် အာဗြဟံမှ တဆင့် ဖွင့်ပြခဲ့သော ကမ္ဘာတစ်ခုလုံးနှင့်ဆိုင်သည့် ပဋိညာဉ်ကို ဣသရေလသည် ဖြည့်ဆည်းဆောင်ရွက်ရမည်ကို နားလည်နိုင်ပါသည်။ ဘုရားသခင်သည် လူမျိုးတော်အား တိကျသောကတိတော်များနှင့် ကောင်းကြီးများချထားပေးသလို သတိပေးချက်များလည်း ရှိထားပြီးဖြစ်ကြောင်းကို (တရားဟောရာကျမ်း၊ ၂၈-၃၀) အတွင်း တွေ့နိုင်ပါလိမ့်မည်။ ယင်းတို့ကို ပါလတိနတိုင်းပြည်၏ ပဋိညာဉ်များဟူ၍လည်း ဆိုနိုင်ပါသည်။ စကားတော်ကို နားထောင်လျှင် ကောင်းကြီးမင်္ဂလာကို ခံရမည်ဖြစ်၍ နားမထောင်လျှင် ကျိန်စာသင့်ရမည်ဟူ၍ ဖြစ်ပေသည်။

ဤသို့ဆိုလျှင် ယခုကျွန်ုပ်တို့လေ့လာနေကြသော ပရောဖက်ကြီး ပရောဖက် ငယ်တို့၏ အခန်းကဏ္ဍများကို အဘယ်သို့သဘောပေါက်နိုင်ပါ မည်နည်း။ အကယ်စင်စစ် သူတို့သည် သမ္မာကျမ်းစာ၌ ပေါ်လာပြီးနောက် “သင်တို့သည် ဘုရားသခင်၏ ပဋိညာဉ်ကို ဖောက်ဖျက်ခဲ့ကြပြီမို့ ဘုရားသခင်၏ ကျိန်ဆိုမှုများအတိုင်း သင်ခံကြရပြီ၊ သို့မဟုတ် မကြာမီ စတင်ခံစားကြရလိမ့်မည်” ဟူ၍ ပြောရမည်သာဖြစ်လေသည်။

ဖြစ်ရလေပြီ သို့မဟုတ် ဖြစ်ရလတ္တံ့ဆိုသည်များမှာ (တရားဟောရာကျမ်း၊၂၈-၃၀)အတိုင်း သတိပေးထားသမျှတို့ပြည့်စုံခြင်းဟု ဆိုနိုင်ပါ သည်။ ယခုတွေ့ရသော ပရောဖက်တို့၏ သတင်းစကားများ၊ အပြစ်အလျှောက်ဆပ်ပေးစီရင်မှုများသည် ဓမ္မဟောင်းကျမ်း၏ သမိုင်းနောက်ခံ အကြောင်းတရားများကို နားလည်လျှင် အလွန် ရှင်းလင်းလွယ်ကူစွာ သဘောပေါက်မည်သာဖြစ်လေ၏။

ပရောဖက်တို့က ကြေငြာချက်ထုတ်ပြန်၍ သတိပေးယုံမျှသာ ပြုလုပ်နေသလောဟု မေးလျှင် ထိုမျှမက ကယ်တင်တော်မူခြင်း သတင်းစကားကိုလည်း ဖော်ပြ၍ ဘုရားသခင်၏ ဘုန်းတန်ခိုးတော် ဆင်းသက်ဦးမည်ကိုလည်း ဖွင့်ဆိုခဲ့ကြကြောင်းတွေ့ရပါမည်။ ဘုရားသခင်၏ အကြွင်းမဲ့တန်ခိုးအာဏာအားဖြင့် သူ၏လူမျိုးတော်၏ ဘဝအသက်တာမှာ အလိုတော်သည် ပြည့်စုံရမည်သာဖြစ်သည်ကို ပရောဖက်တို့က အတည်ပြု ဖော်ပြကြသည်။ ဤသို့သော ကယ်တင်ခြင်း ကျေးဇူးတော် ၏အကြောင်းကို ရုပါရုံ၌ တွေ့မြင်ရသော သီးသန့်ဖြစ်စဉ်တစ်ခု အနေဖြင့် ဖော်ပြခြင်း မျိုးလည်း ရှိနိုင်သည် (ဒံယေလ၊ ၉း၂၄-၂၇ နှင့် သီတင်းခုနှစ် ဆယ်ဆိုင်ရာ ဗျာဒိတ်)။ အချို့အပိုင်းများတွင်မူ သာမန်လူသားတို့အား ဘုရားသခင်ပေးခဲ့သည့် ကတိတော်များကို ပြန်လည်ဖော်ပြခြင်းမျိုးလည်း ဖြစ်နိုင်သည်။ ဥပမာ၊ အာဗြဟံနှင့် ဒါဝိဒ်တို့အား ဘုရားသခင်ပေးတော်မူခဲ့သည့် ကတိများကို ထပ်မံကြေငြာခြင်းမျိုး ဖြစ်နိုင်ပေသည်။

## ပရောဖက်ငယ်တို့၏ စာပေအထုံးအဖွဲ့

ပရောဖက်ကျမ်းအားလုံးတို့တွင် တူညီသောအခြေခံသဘောများ ပါဝင်စမြဲ ဖြစ်ပါသည်။ (၁) လူမျိုးတို့၏ အပြစ်ကြီးလေးမှုများကြောင့် အပြစ်စီရင်ခြင်းခံရမည်ကို သတိပေးခြင်း၊ (၂) အပြစ်တို့ကို ဖော်ပြခြင်း၊ (၃) စီရင်ချက်၏အကြောင်းကိုဖော်ပြခြင်း၊ (၄) နောင်တရဖို့ရန်နှိုးဆော်ခြင်း၊ (၅)အနာဂတ်၌ ကယ်တင်မည့်အကြောင်းကို ကတိပေးခြင်း ဟူ၍ ဖြစ်ပါသည်။

ပရောဖက်ကျမ်းတစ်စောင်ကို အနှစ်သာရထုတ်နှုတ်မည်ဆိုပါက တင်ပြချက် တစ်ခုကို ဘယ်လိုအစပြုပြီး နိဂုံး၌ အဘယ်ကဲ့သို့ အဆုံးသတ်သည်ကို သတိပြုရပါ လိမ့်မည်[၇၀] ပရောဖက်တို့သည် သူတို့၏ တင်ပြချက်ကို အစပြုကြရာ၌ "ဘုရားသခင် မိန့်တော်မူသည်ကား" ဟူ၍နိဒါန်းပျိုးထားလေ့ရှိပြီး နိဂုံးအပိုင်းအခြားမှာလည်း အဆိုပါ ဝေါဟာရမျိုးနှင့်သာ အဆုံးသတ်လေ့ရှိကြသည်ကို တွေ့ရပါလိမ့်မည်။

## ကျမ်းများ၏ အစီအစဉ်ကို ကြည့်သော်

အင်္ဂလိပ်သမ္မာကျမ်း၌ ပရောဖက်ကျမ်းငယ်များကို စီစဉ်ပုံ

| | | | |
|---|---|---|---|
| ၁ ဟောရှေ | ၄ ဩဗဒိ | ၇ နာဟုံ | ၁၀ ဟဂ္ဂဲ |
| ၂ ယောလ | ၅ ယောန | ၈ ဟဗက္ကုတ် | ၁၁ ဇာခရိ |
| ၃ အာမုတ် | ၆ မိက္ခာ | ၉ ဇေဖနိ | ၁၂ မာလခိ |

ကျွန်မဖြစ်မီသို့မဟုတ်ကျွန်ဖြစ်ပြီးခေတ်နှင့် ဣသရေလ သို့မဟုတ် ယုဒပြည်ဘယ် အချိန်ဘယ်အရပ်မှာ တာဝန်ယူခဲ့ကြကြောင်းကို အုပ်စုလိုက် လေ့လာခြင်း

| အုပ်စု | ပရောဖက်အနာဂတ္တိကျမ်းများ | အနီးစပ်ဆုံးနေ့စွဲများ(ဘီစီ) |
|---|---|---|
| <u>ကျွန် မဖြစ်မီ</u><br>ဣသရေလပြည်တွင်<br>ပရောဖက်ပြုသူများ | ယောန<br>အာမုတ်<br>ဟောရှေ | ၇၉၃-၇၅၃<br>၇၆၀<br>၇၅၅-၇၁၅ |
| ယုဒပြည်တွင်<br>ပရောဖက်ပြုသူများ | ဩဗဒိ<br>ယောလ<br>မိက္ခာ<br>နာဟုံ<br>ဇေဖနိ<br>ဟဗက္ကုတ် | ၈၄၀<br>၈၃၅-၇၉၆<br>၇၀၀<br>၆၃၃-၆၁၂<br>၆၃၀-၆၂၅<br>၆၀၀ |
| <u>ကျွန် ဖြစ်ပြီးနောက်</u><br>ပြည်တော်သို့ပြန်လာသူ<br>လူစုအတွက်ပရောဖက်ပြုသူများ | ဟဂ္ဂဲ<br>ဇာခရိ<br>မာလခိ | ၅၂၀<br>၅၂၁-၅၁၈<br>၄၅၀-၄၀၀ |

# ဟောရှေအနာဂတ္တိကျမ်း

## (မဆုတ်မနစ်မေတ္တာစစ်)

### ကျမ်းရေးသူနှင့် ကျမ်းအမည်

အခန်းကြီးအဖွင့်မှာပင် ကျမ်းရေးသူမှာ ဗေရိ၏သား 'ဟောရှေ' ဖြစ်ကြောင်း ဖော်ပြထားသည်။ သူ့ခင်ပွန်းသည်မှာ 'ဂေါမာ' ဟုဆိုသည် (၁း၃)။ သူသည်မြောက်ဖက် ဣသရေလပြည်သားဖြစ်သည်ကို မြောက်ဖက် ဣသရေလအတွက် အမှုထမ်းရွက်ခြင်း၊ ရှမာရိဘုရင်ကို ငါတို့ဘုရင်ဟု ငါဝေါ်ခြင်းတို့ အားဖြင့် ထင်ရှားစေသည်။ (၇း၅) သူ၏ကျမ်းစာထဲမှပင် သူ၏ဘဝအတွေ့အကြုံတို့ကို ဖော်ပြသွားသည်။

မြောက်ဖက်ဣသရေလတိုင်းပြည်တွင် နောက်ဆုံးဘုရင်ဖြစ်ခဲ့သူ၏ အမည်မှာလည်း ဟောရှေ (HOSEA)ဖြစ်ရာ ခွဲခြားနားလည်နိုင်ရန် အတွက် ပရောဖက်ဟောရှေ၏ အမည်ကို (HOSEA) ဟုပေါင်း၍ခေါ် သည်။ ဟောရှေ၊ ယောရှုနှင့် ယေရှုဟူသော နာမည်များသည် (HOSHEA) သို့မဟုတ် 'ကယ်တင်ခြင်း' ဟူသော အဓိပ္ပါယ်မှ ဆင်းသက်ရာတွင် တူညီနေကြောင်းကို စိတ်ဝင်စားဘွယ် တွေ့ရှိရသည်။ သို့သော် ယောရှုနှင့် ယေရှုတို့သည် 'ယေဟောဝါဘုရား၏ ကယ်တင်ခြင်း' ဟူသော သီးခြား အဓိပ္ပါယ်ကိုပါ ဖော်ပြနေသည်။ ဘုရားသခင်၏ စေတမန်ကြီးပရောဖက် 'ဟောရှာ' အနေဖြင့် သူ၏ဣသရေလ လူမျိုးများအား အကယ်၍ ရုပ်တုကိုးကွယ်ခြင်းကို စွန့်လျက် ဘုရားသခင်ထံသို့ ပြန်လာကြမည်ဆိုလျှင် ကယ်တင်ခြင်းကျေးဇူးကို ခံကြမည်ဟု ကမ်းလှမ်းဖော်ပြ ခဲ့ပေသည်။

### ကျမ်းကိုရေးသောခုနှစ်

## ၇၅၅-၇၁၅ ဘီစီ

ဟောရှေအနာဂတ္တိကျမ်း ၁း၁အဆိုအရ ဘီစီ၇၆၇-၇၃၉အတွင်း ယုဒတိုင်းပြည်၌ မင်းလုပ်ခဲ့'သူဩဇိ ယောသံ (၇၃၉-၇၃၁)၊ အာခတ်မင်း(၇၃၁-၇၁၅)၊ ဟေဇကိ (၇၁၅-၆၈၆)တို့ လက်ထက်၌ဟောရှေပရောဖက်ပြုခဲ့သည်။ ဣသရေလတိုင်းပြည်၌

ထိုအချိန်တွင် ဘုရင်မှာ ယောရှုသား ဒုတိယမြောက် ယေယောဗောင်(ဘီစီ ၇၈၂-၇၅၂) ဖြစ်ကြောင်း သိရသည်။

ဟောရှေ၏ ပရောဖက်ပြုမှုသည် ဆယ်စုနှစ်များစွာ ရှည်လျားသည်။ ယုဒပြည် ဩဇိမင်း၏ နောက်ဆုံးနှစ်များ၊ ဣသရေလဘုရင် ဒုတိယမြောက်ဖြစ် ဟေဇကိမင်း၏ နောက်ဆုံးပိုင်းအချိန်များမှ သည်ဟေဇကိနန်းတက်စနှစ်များအထိ အချိန်ကြာရှည်သည်။ ဟောရှေသည် ဣသရေလနယ်မှ ပရောဖက်ဖြစ်သော်လည်း သူ၏အနာဂတ္တိတွင် ယုဒဘုရင်များအကြောင်းကို ပို၍ဖော်ပြပြီး ဣသရေလ ဘုရင်အမည်ကို တစ်ပါးတည်းသာ ဖော်ပြသည်။ ယင်းသည် ယုဒပြည်ရှိ ဒါဝိဒ်မင်းမျိုး (၃း၅)သည် တန်ခိုးအာဏာ ကြီးမားလျက် ဣသရေလမင်းမျိုးတို့မှာမူ အခြေအနေ ယိမ်းယိုင်လျက် စည်းလုံးညီညွတ်မှုမရှိ၊ တိုင်းပြည် မတည်ငြိမ်ဖြစ်နေသောကြောင့် ဟုယူဆရသည် (၇း၃-၇)။[၆၁]

ဣသရေလဒုတိယမြောက် ယေရောဗောင်၏ နောက်ပိုင်းဘုရင် ၆ပါးတို့သည် ထင်ရှားခြင်းမရှိကြဘဲ နေဗဒ်၏သား ပထမမြောက် ရေယောဗောင်ကဲ့သို့ပင် အပြစ်များ လွန်ကျူးခဲ့ကြသည်ကိုလည်း တွေ့ရသည်။ ဣသရေလပြည်တွင် ယုဒပြည်မှာကဲ့သို့ တိုင်းပြည်အတွက် ကောင်းရာကောင်းကျိုး ပြုလုပ်ခဲ့သော မင်းကောင်းမင်းမြတ်များ တစ်ပါးမျှ မပေါ်ထွန်းခဲ့ပေ။

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

ဟောရှေအနာဂတ္တိကျမ်းသည် သစ္စာမရှိသော ဣသရေလ လူမျိုးတော် အပေါ်၌ မဆုတ်မနစ်သော မေတ္တာနှင့်ချစ်ခဲ့သော ဘုရားသခင့် မေတ္တာအကြောင်းကို သိစေရန် ရေးသားသော ကျမ်းဖြစ်သည်။ ဟောရှေ၏အိမ်ထောင်ရေးဘဝ ဖြစ်စဉ်မှတစ်ဆင့် ချစ်ခြင်းမေတ္တာနှင့် အကြင်နာတရားရှိသော ဘုရားသခင်သည် လူမျိုးတော်အား သူ၏အကြောင်းကိုသိစေရန်နှင့် ကောင်းချီးပေးသနားရန် ရည်ရွယ်သည်။ လူသတ္တဝါတို့အတွက် ဘုရားသခင်ကို သိကျွမ်းစေရန်လည်း ရည်ရွယ် သည်။ ဟောရှေ၏ ဖြစ်ရပ်သည် လူမျိုးတော် ဣသရေလ၌ အုပ်စုအလိုက်ဖြစ်စေ၊ လူတစ်ဦးချင်းအလိုက်ဖြစ်စေ ဘုရားသခင်၏ ပဋိညာဉ်ကို အဘယ်မျှ ချိုးဖောက်နေ သည်ကို ညွှန်ပြသည်။ သို့ဖြစ်၍ ပရောဖက်ကြီးသည် မိမိလူမျိုးများအား ဤမျှစိတ်ရှည် ၍ မေတ္တာကြီးမားသော ဘုရားသခင့်ထံ နောင်တရ၍ ပြန်လှည့်လာကြရန် တိုက်တွန်းခဲ့ သည်။ သစ္စာဖောက်သော ဣသရေလကို ဖောက်ပြန်သည့် မိန်းမနှင့်သားသမီး များအဖြစ် ဥပမာတင်စားဖော်ပြထားလေသည်။

## အဓိကပါဝင်သောသူများ

ဟောရှေ၊ ဂေါမာနှင့် ဣသရေလဘုရင်ယေဟု။

## ခရစ်တော်ကိုဟောရှေအနာဂတ္တိ၌ တွေ့မြင်ရပုံ

ဟောရှေတွင်မေရှိယကယ်တင်ရှင်အား ဘုရားသခင်၏ သားတော် အဖြစ် တွေ့ရသည်။ (၁း၁၊ ရှင်မဿဲ ၂း၁၅)။ လူသားတို့အတွက် တစ်ပါးတည်းသော ကယ်တင်ပိုင်ရှင် (၁၃း၄၊ ယောဟန် ၁၄း၆)။ သေခြင်းမှရွေးနှုတ်ပေးနိုင်သော သခင် (၁၃း၁၄၊ ၁ကော ၁၅း၅၅)။ မေတ္တာကရုဏာနှင့်ပြုစုသူ (၁၁း၄)။ သူ့ထံပြန်လာသူတို့အား အနာ ရောဂါမှ ပျောက်စေသူ (၆း၁)

## အဓိကအရေးကြီးသည့်အချက်များ

၁။ နိဒါန်း (၁း၁)

၂။ ဟောရှေအိမ်ထောင်၊ ဘုရားသခင်၏ မိမိလူမျိုးတော်နှင့် ဆက်ဆံရေး (၁း၂-၃း၅)

က။ ဟောရှေမိသားစု၏ ဗျာဒိတ်အလိုကျပုံစံ (၁း၂-၂း၁)

(၁)ဟောရှေ၏မိန်းမ၊ သစ္စာမရှိသော ဣသရေလ (၁း၂-၃(က))

(၂)ဟောရှေသားသမီးများ၊ ဣသရေလအားစီရင်ခြင်း (၁း၃ခ-၉)

(၃)ဣသရေလအနာဂတ်၊ ပြန်လည်ပြုပြင်ခြင်း (၁း၁၀-၂း၁)

ခ။ အပြစ်ပေး၍ ပြန်လည်လက်ခံခြင်း (၂း၂-၂၃)

(၁)ဘုရားသခင်ဣသရေလအား အပြစ်ပေးခြင်း (၂း၂-၁၃)

(၂)ဘုရားသခင်ဣသရေလအား ပြန်လည်လက်ခံခြင်း (၂း၁၄-၂၃)

ဂ။ ဟောရှေ၏ အိမ်ထောင်အားပြန်လည်ပြုပြင်ခြင်း (၃း၁-၅)

(၁)ဘုရားသခင်၏ အမိန့်တော် (၃း၁)

(၂)ဟောရှေ၏ နာခံတုန့်ပြန်ခြင်း (၃း၂-၃)

(၃)ဇာတ်လမ်းကို ရှင်းပြခြင်း (၃း၄-၅)

၃။ ဟောရှေထံမှသတင်းကောင်း၊ ဣသရေလအားတရားစီရင်ခြင်းနှင့် ပြန်လည် လက်ခံခြင်း (၄း၁-၁၄း၉)

က။ ဣသရေလအား ဘုရားသခင်စွဲဆိုခြင်း (၄း၁-၆း၃)

(၁) ဣသရေလအား ဘုရားသခင်စွဲဆိုခြင်း (၄း၁-၁၉)

(၂) ဣသရေလအတွက် စီရင်ချက်ကို ကြေငြာခြင်း (၅း၁-၁၄)

(၃) ဣသရေလအား ပြန်လည်လက်ခံခြင်းအတွက် ဗျာဒိတ် (၅း၁၅-၆း၃)

ခ။ ဘုရားသခင်၏ စွဲဆိုချက်ကို အကျယ်ချဲ့သော် (၆း၄-၁၁း၁၁)

(၁)ဣသရေလအပြစ်နှင့် အပြစ်ဒဏ် (၆း၄-၈း၁၄)

(၂)အပြစ်နှင့် အပြစ်ဒဏ်ကိုထပ်မံတင်ပြခြင်း (၉း၁-၁၁း၇)

(၃)ဘုရားကရုဏာတော်ပြန်လည်သစ်လွင်ခြင်း (၁၁း၈-၁၁)

ဂ။ ဣသရေလ၏ အမှုကို ဖိတ်လိုက်ခြင်း (၁၁း၁၂-၁၄း၉)

(၁)အပြီးသတ် အပြစ်တင်ခြင်း (၁၁း၁၂-၁၃း၁၆)

(၂)အပြီးသတ် နှိုးဆော်ချက် (၁၄း၁-၉)

# ယောလအနာဂတ္တိကျမ်း

## (ဘုရားသခင်၏ နေ့သို့ရောက်လိမ့်မည်)

### ကျမ်းရေးသူနှင့် ကျမ်းအမည်

ကျမ်း၏အစ(၁း၁)အရ ကျမ်းရေးသူသည် ယောလဖြစ်သည်။ ယောလ ဆိုသည်မှာ 'ယေဟောဝါသည် ဘုဂုားသခင်ဖြစ်တော်မူသည်' ဟူသော အဓိပ္ပါယ်ရှိသည်။ သူ့အဖေမှာ 'ပေသွေလ' ဖြစ်ကြောင်းမှတစ်ပါး ယောလ၏ အခြား အကြောင်းများကို မသိရပေ။

ယောလ၏ ကျမ်းဖော်ပြချက်များနှင့် သူ့အမည်၏ အနက်အဓိပ္ပါယ်သည် ညီညွတ်ကြောင်းတွေ့ရသည်။ ယောလ၏ ဖော်ပြချက်များတွင် ဘုရားသခင်တည်းဟူသော အချုပ်အခြာအာဏာပိုင်ရှင်၏ လက်တော်အောက်တွင် လူသားတို့၏သမိုင်း၊ နိုင်ငံတော်များနှင့် ဖန်ဆင်းခြင်းအလုံးစုံတို့ တည်ရှိနေသည်ကို ဖော်ပြထားလေသည်။

ကျမ်းကိုရေးသောခုနှစ်

၈၃၅-၇၉၆

ထိုကျမ်းအတွင်းမှာ အထက်ပါနေ့စွဲကို မတွေ့ရသော်လည်း ကျမ်းအတွင်းမှ အဖြစ်အပျက် အထောက်အထားများနှင့်နေ့စွဲကို တွက်ချက်ရယူပါသည်။ အချို့တို့က နေ့စွဲကို ၈၃၅-၄၀၀ ဘီစီဟု ကျယ်ပြန့်စွာ ခန့်မှန်းကြသည်။ သို့သော် ကျမ်းအတွင်းမှ ဖော်ပြချက်များအရ တုဇ်၊ စီဒုန်၊ ဖိလိတ္တိ၊ အဲဂုတ္တု၊ ဧဒုံတို့သည် ဣသရေလ၏ ရန်သူများအဖြစ်ဖော်ပြထားခြင်း (၃း၄၊၁၉)ကြောင့် ဗာဗုလုန်အား ကျွန်မခံရမှီ(PRE-EXILE) အချိန်ကာလဟု အများဆုံး တွက်ဆနိုင်သည်။ ကျွန်ဘဝနောက်ပိုင်းသမိုင်းတွင် ရန်သူများမှာ အာရှုရိ၊ ဗာဗုလုန်နှင့် ပေရသိနိုင်ငံများပါဝင်ရမည် ဖြစ်ပါသည်။

ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

ထိုအချိန်ကာလ၌ ယုဒပြည်တွင် ကျရောက်ခဲ့သောမိုးခေါင်မှု၊ ကျိုင်းကောင်တို့ ဖျက်ဆီးမှုများကို သာဓကယူလျက် ဘုရားသခင်၏ နေ့ရက်တွင် ဣသရေလ ခံစားရမည့်အနာဂတ်ရေးများကို ယောလဖော်ပြသွားခြင်းဖြစ်သည်။ အလွန် တိုတောင်းသော အချိန်အတွင်းမှာ သီးနှံအကုန်လုံးပျက်ဆီးရမည်။ သို့ဖြစ်၍ နောင်တရလျက် ဘုရားသခင်ထံပြန်လာပါ။ ဘုရားသခင်သည် ခွင့်လွှတ်လျက် ကောင်းချီးမင်္ဂလာ ချပေး မည်ဟူ၍ သူဆိုခဲ့သည်။ ထိုတရားအတိုင်း သူစာရေးနေသော အချိန်ကာလမှာပင် အမှန် ဖြစ်ခဲ့သလို သမိုင်းကြောင်း တစ်ခုလုံးတွင်လည်း အမှန် ဖြစ်တည်ခဲ့သည်။

ယောလအနာဂတ္တိမှ ဖွင့်ပြသည့် အကြွင်းမဲ့ခံစားရာ ကြည့်ရှု ပြုစုတော်မူခြင်း နှင့် အဆုံးစွန်သော ကောင်းချီးမင်္ဂလာများအတွက် ဂျူးလူမျိုးတို့သည် ဘုရားသခင်၏ စီရင်ခြင်းနှင့် ဝိညာဉ်တော် သွန်းလောင်းခြင်း ၂မျိုးကို အမှန်တကယ်ကြုံဆုံ ကြပါလိမ့်မည်။ မတူညီ၍ ဆန့်ကျင်ဘက်ဖြစ်သော ဤဖြစ်စဉ်တို့ကြောင့်ပင်လျှင် သူတို့သည် ဘုရားသခင်ထံ ပြန်လာရစမြဲဖြစ်ပေသည်။

## အဓိကပါဝင်သူ

ယောလ

## ခရစ်တော်ကိုအနာဂတ္တိ၌တွေ့မြင်ရပုံ

ခရစ်တော်ကို သန့်ရှင်းသော ဝိညာဉ်တော်ချပေးမည့် သူအဖြစ် ယောလ ဖော်ပြသည် (၂း၂၈ ယောဟန် ၁၆း၇-၁၅၊ တမန် ၁း၈)။ နိုင်ငံ များအားတရားစီရင်သူ (၃း၂၊၁၂)၊ ဣသရေလ၏ ခွန်အားနှင့် ရဲတိုက် (၃း၁၆)။

## အဓိကအရေးကြီးသည့်အချက်များ

၁။ ဘုရားသခင်၏ သမိုင်းဝင်နေ့ (၁း၁-၂၀)

(က) ကျိုင်းကောင်တို့စံတင်လောက်အောင်ကျရောက်ခြင်း (၁း၁-၁၂)

(ခ) မိုးခေါင်မှုကို စံတင်လောက်အောင်ရင်ဆိုင်ရခြင်း (၁း၁၃-၂၀)

၂။ ဗျာဒိတ်တော်အရတွေ့ရမည့်ဘုရားသခင်၏နေ့ (၂း၁-၃း၂၁)

(က) ဘုရားသခင်စီရင်မည့်နေ့ကြီးနီးပြီ (၂း၁-၂၇)

(၁) ယုဒပြည်အားဝင်ရောက်တိုက်ခိုက်ခြင်း (၂း၁-၁၁)

(၂) ယုဒပြည်အား ကယ်တင်ဖို့ရန် လိုအပ်သောအခြေအနေ (၂း၁၂-၂၇)

(ခ) ဘုရားသခင်၏နောက်ဆုံးနေ့ (၂း၂၈-၃း၂၁)

(၁) နောက်ဆုံးနေ့မတိုင်မှီ နိဂုံးဖြစ်ရပ်များ (၂း၂၈-၃၂)

(၂) နောက်ဆုံးနေ့တွင် ဖြစ်မည့်အရာများ (၃း၁-၂၁)

# အာမုတ်အနာဂတ္တိကျမ်း

## (မတရားမှုများအတွက် စီရင်ချက်)

## ကျမ်းရေးသူနှင့် ကျမ်းအမည်

နန်းတွင်းမှပေါ်ထွက်သူဟေရှာယ၊ ယဇ်ပရောဟိတ်ဖြစ်သူ ယေရမိတို့နှင့်မတူ၊ နွားကျောင်းသားနှင့် သဖန်းသီးဆွတ်သူဖြစ်သည့် အာမုတ်သည်ဤကျမ်းကိုရေးသည်။ သူ့ဇာတိမှာ ယေရုရှလင်မြို့တော် တောင်ဘက် ၁၀မိုင်ခန့်အကွာတွင်ရှိသည့် တေကောရွာဖြစ်သည်။ ဗက်လင်မြို့နှင့်နီးသည်။ ကျေးတောသားတစ်ဦးဖြစ်သော်လည်း နှုတ်ကပတ်တော်ကို လိုက်နာသူ ဖြစ်သည်။

'အာမုတ်' ဟူသည် 'ဝန်ထုပ်' သို့မဟုတ် 'ဝန်ထမ်းသူ' ဟုအဓိပ္ပါယ်ရသည်။ သူသည် တောင်ပိုင်းယုဒပြည်သား ဖြစ်သော်လည်း မြောက်ဖက်ဣသရေလတွင် အမှုတော်ကို ထမ်းရွက်ခဲ့ရပြီး အမှန်တကယ် လေးလံသောဝန်ကို ထမ်းရွက်ခဲ့ရသည်။ လောဘဒေါသများ၊ မတရားမှုများ၊ လောကီဆန်ခြင်းများ၊ မာန်မာနများ ထွန်းကား နေသည့် မြောက်ဖက် ဣသရေလတို့အတွက် ဘုရားသခင့်ထံမှ အမိန့်တော်များကို သူပြန်ကြားခဲ့ရသည်။ အာမုတ် (AMOS) ကို ဟေရှာယ၏ သခင်ဖြစ်သည့် (AMOZ) နှင့် မမှားရန်လိုသည် (ဟေရှာ ၊ ၁း၁)။

## ကျမ်းကိုရေးသားသောခုနှစ်

၇၆၀ ဘီစီခန့်

အာမုတ်အနာဂတ္တိကျမ်းဖော်ပြချက်အရ အစမှပင် အောက်ပါအတိုင်း တွေ့ရသည်။ "ယုဒရှင်ဘုရင်ဩဇိမင်း (၇၉၀-၇၃၉ဘီစီ) ဣသရေလရှင်ဘုရင် ယောရှသား ယေရောဗောင်မင်း (၇၉၃-၇၅၃ဘီစီ)တို့လက်ထက်၊ မြေကြီးမလှုပ်မီ နှစ်နှစ်အထက်က"ဟူ၍ ဖြစ်သည်။ ထို့ကြောင့် အာမုတ်သည် ဩဇိဘုရင်နှင့် ဒုတိယမြောက် ယေရောဗောင် မင်းတို့ခေတ်တွင် ပရောဖက်ဖြစ်ခဲ့ကြောင်း သိရသည်။ ခန့်မှန်းခြေ အားဖြင့် ၇၆၇-

၇၅၃ဘီစီ ကာလဖြစ်သည်။ မြေငလျင်ကြီးမလှုပ်မီ ၂နှစ်ဟု သိရသော်လည်း နေ့ရက်အတိအကျ မသိနိုင်ပါ။

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

ကောင်းကင်ဘုံမှနေ၍ အာမုတ်အတွက် ပရောဖက်ပြုရန် အချက်များ ရောက်လာရာတွင် အပြစ်စီရင်ခြင်းဖြင့် နိဒါန်းပျိုးသော်လည်း မျှော်လင့်ချက်များဖြင့် နိဂုံးချုပ်လေ့ ရှိကြောင်း တွေ့ရသည်။ စကြာဝဠာ၏ အနန္တဘုရားသခင်သည် သူ့ကို ပုန်ကန်ခြားနားနေသော လောကအားလုံးကို တရားစီရင်ရန်အတွက် စစ်သူကြီးမင်း ကဲ့သို့ ကြွလာလိမ့်မည်ဟု အာမုတ်က သတိပေးခဲ့သည်။ အထူးသဖြင့် ဘုရားသခင်၏ ပညတ်တော်ကို ချိုးဖောက်နေသော ဣသရေလတို့သည် အပြစ်ပေးခံရမည်ဟု ဖော်ပြသည်။ ယေယောဗောင်ဘုရင်၏ခေတ်တွင် ချမ်းသာကြွယ်ဝပြီး၊ ရုပ်ဝါဒ သမားများဖြစ်နေသည်။ မြောက်ပိုင်းဣသရေလသားများအနေဖြင့် ဘုရားသခင်၏ အပြစ်စီရင်ချက်မှ လွတ်မြောက်နိုင်ဖို့ရန် နောင်တတရားသည် အဓိက လိုအပ်ကြောင်း သူဖော်ပြခဲ့သည်။ ထိုကျမ်း၏ အဆိုအရ မတရားမှုကို မုန်းတီးသော ဘုရားသခင်သည် မိမိ၏သန့်ရှင်းခြင်းနှင့်အညီ ဣသရေလ၏ အပြစ်များကို အပြစ်မပေးဘဲ ခွင့်မလွှတ်နိုင်၊ ဖြောင့်မတ်စွာစီရင်ရမည်ဟု ဆိုထားလေသည်။

ဣသရေလနိုင်ငံတော်သည် ဖျက်ဆီးခြင်းခံရမည်ဖြစ်သော်လည်း နောင်တ ရရှိသော ဣသရေလကြွင်းသောသူလူတစ်စု (REMNANT)ကို ဘုရားသခင် ချန်လှပ်ထားမည်။ တစ်နေ့သောအခါ ထိုသူတစ်စုသည် ကတိတော်နှင့် လျော်ညီသော ကောင်းချီးကိုခံရ၍ ပြည်တော်၌ ထင်ရှားရမည်။ ထိုသူတို့နှင့်အတူ လူမျိုးတကာတို့ကို ဘုရားသခင် သိမ်းဆည်း မည်ဟု ဖော်ပြခဲ့လေသည်။

## အဓိကပါဝင်သောသူများ

အာမုတ်၊ ယုဒဘုရင် သြဇိမင်း၊ ဣသရေလဘုရင် ယေရောဗောင်။

## ခရစ်တော်အား အာမုတ်အနာဂတ္တိ၌ တွေ့မြင်ရပုံ

ဒါဝိဒ်မင်းဆက်ကို ပြန်လည်ဆောက်မည့်သူအဖြစ် ခရစ်တော်ကို (၉း၁၁)တွင် ဖော်ကျူးသည်။ လူမျိုးတော်ကိုပြန်လည်ထိန်းသိမ်းမည့် အရှင်အဖြစ်လည်း ဖော်ပြထားသည် (၉း၁၁-၁၅)။

## အဓိကအရေးကြီးသည့်အချက်များ

၁။ နိဒါန်း၊ ကျမ်းရေးသူနှင့် အဓိကအချက် (၁း၁-၂)

၂။ အာမုတ်ဖော်ပြသည့် စီရင်ချက် ၈ခု (၁း၃-၂း၁၆)

(က) ဒမာသက်နှင့်ပတ်သက်၍ (၁း၃-၅)

(ခ) ဖိလိတ္တိနှင့် ပတ်သက်၍ (၁း၆-၈)

(ဂ) တုရုနှင့် ပတ်သက်၍ (၁း၉-၁၀)

(ဃ) ဧဒုံနှင့် ပတ်သက်၍ (၁း၁၁-၁၂)

(င) အမ္မုန်နှင့် ပတ်သက်၍ (၁း၁၃-၁၅)

(စ) မောဘနှင့် ပတ်သက်၍ (၂း၁-၃)

(ဆ) ယုဒနှင့် ပတ်သက်၍ (၂း၄-၅)

(ဇ) ဣသရေလနှင့် ပတ်သက်၍ (၂း၆-၁၆)

၃။ အာမုတ်၏တရားဟောချက်များ (၃း၁-၆း၁၄)

(က) ဣသရေလအမှောင်ကျခြင်း (၃း၁-၁၅)

(ခ) ဣသရေလအစွန့်ပစ်ခံရခြင်း (၄း၁-၁၃)

(ဂ) ဣသရေလအတွက် မုသာတေးသီချင်း (၅း၁-၆း၁၄)

(ဃ) အနာဂတ်တရားစီရင်ချိန်မှာ ဣသရေလပျက်ဆီးရမည် (၅း၁-၁၇)

(င) ဘာသာရေးအရေခြုံများအား အပြစ်တင်ခြင်း (၅း၁၈-၂၇)

(စ) တိုင်းပြည်တစ်ခုလုံးအား ပြင်းထန်စွာ သတိပေးခြင်း (၆း၁-၁၄)

၄။ အာမုတ်ခံစားရသည့် ရူပါရုံငါးမျိုး (၇း၁-၉း၁၅)

(က) ဝါးမျိုမည့် ကျိုင်းကောင်များ (၇း၁-၃)

(ခ) ပင်လယ်ကို ပင်လောင်မည့်မီးကြီး (၇း၄-၆)

(ဂ) ချိန်ကြိုးချသည်ကိုမြင်ရခြင်း (၇း၇-၉)

(ဃ) ကြားဖြတ်သမိုင်းဖော်ပြချက် - - - ဗေသလယဇ်ပရောဟိတ်၏ ရန်ပြုခြင်း (၇း၁၀-၁၇)

(င) နွေကာလအသီးများပါသော ရူပါရုံ (၈း၁-၁၄)

(စ) တရားစီရင်သော ဘုရားသခင်အား မြင်မက်ရခြင်း (၉း၁-၁၀)

၅။ ဣသရေလအားပြန်လည်စောင့်ထိန်းမည့် ဂတိတော် ၅ချက် (၉း၁၁-၁၅)

# ဩဗဒိဗျာဒိတ်ရူပါရုံ

## (လက်ာတစ်ပုဒ်ဖြင့် စီရင်ခြင်း)

### ကျမ်းရေးသူနှင့်ကျမ်းအမည်

ကျမ်းရေးသူသည် ယုဒပြည်မှ မထင်ရှားလှသော ပရောဖက်တစ်ပါးဖြစ်၍ ဩဗဒိဟု အမည်ရှိသည်။ ဤအမည်၏ အနက်အဓိပ္ပါယ်မှာ “ဘုရားသခင်၏ တပည့်တော် သို့မဟုတ် ကိုးကွယ်ဦးညွှတ်သူ” ဖြစ်သည်။

ဓမ္မဟောင်းကျမ်းများထဲမှ လူအတော်များများ၏ အမည်များအဖြစ် ဩဗဒိ အမည်ကို တွေ့နိုင်သည်။ ဒါဝိဒ်ခေတ်တပ်မတော်အရာရှိတစ်ဦး (၅ ရာ၊ ၁၂း၉)။ ဘုရားသခင်၏

ပရောဖက်များကို ကာကွယ်ပေးသူ အာဟပ်မင်းဆိုးမင်းညစ် ၏အစေခံ(၁ဓ၊၁၃)၊ ယောရှိဘုရင်လက်ထက် ကလေဝိအမျိုးသားတစ်ဦး (၆ရာ၊ ၃၄း၁၂)တို့၏ အမည်များမှာ ဩဗဒိဟူ၍ တွေ့ခဲ့ရသည်။ ဇေရနှင့်အတူ ယေရုရှလင် သို့ ပြန်လာသော ဩဗဒိအမည်ရှိ ပုဂ္ဂိုလ်တစ်ဦးကိုလည်း တွေ့နိုင်သည် (ဧဇရ၊ ၈း၉)။ ဩဗဒိနှင့်ပတ်သက်၍ ဇာတိမြို့ရွာနှင့် မိသားစုအကြောင်းများကို မတွေ့ရ။ သူ့သခင်အမည်ကိုလည်း မဖော်ပြသောကြောင့် မျိုးကြီးဆွေကြီးထဲမှ ဖြစ်ဟန်မတူပေ။

## ကျမ်းကိုရေးသောခုနှစ်

၈၄၀ဘီစီ

သမ္မာကျမ်းစာတွင် အတိုဆုံးသော ကျမ်းဖြစ်ပြီး အပိုဒ်ငယ် ၂၁ခုသာပါဝင်ပါ သည်။ ရေးသားသောရက်စွဲကို အခက်ခဲဆုံးသတ်မှတ်ရပြီး ၈၄၀ဘီစီဟု ခန့်မှန်းရခြင်း မှာဒေံပြည် အတွက် ဖိလိတ္တိနှင့်အာရပ်များ၏ တစ်ဖက်မှပြုသော ဗျာဒိတ်များကို ဖော်ပြထားသော ကြောင့် ဖြစ်လေသည်။ ဤဖြစ်ရပ်များဖြစ်ပွားခဲ့သည်မှာ ယဟောရံ ဘုရင်၏ ခေတ်ဖြစ်သော ဘီစီ ၈၄၈-၈၄၁အတွင်း၌ ဖြစ်ခဲ့ပြီး ထိုအကြောင်းကို (၆ရာ ၂၁း၁၆-၁၇)တွင် တွေ့မြင်နိုင်ပေသည်။

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

ဩဗဒိ၏ရည်ရွယ်ရင်းမှာ မာန်မာနသည် ကျဆုံးခြင်း၏အကြောင်း ဖြစ်သည် ကို ဖော်ပြခြင်းဖြစ်သည်။ ဩဗဒိအနေဖြင့် ယေရုရှလင်မြို့တော်ကြီး၌ ဒုက္ခဆင်းရဲခြင်း ရောက်ရသည်ကို ဝမ်းမြောက်သော စိတ်ထားရှိပြီး မာန်မာနထောင်လွှားသူ ဒေံပြည် သည် တရားစီရင်ခြင်းကိုခံရသည့်အကြောင်းကို တင်ပြထားပါသည်။

## အဓိကပါဝင်သူ

ဩဗဒိ

## ခရစ်တော်အားဩဗဒိဗျာဒိတ်ရူပါရုံ၌တွေ့မြင်ပုံ

ဩဗဒိ(၁၅-၁၆)အရ ခရစ်တော်သည် တိုင်းနိုင်ငံများအား တရားစီရင်သူအဖြစ် တွေ့ရသည်။ ဣသရေလ၏ ကယ်တင်ရှင် (၁၇-၂၀)။ နိုင်ငံတော်ကို ပိုင်သစိုးမိုးသူ (၂၁)အဖြစ် ဖော်ပြသည်။ [၄၂]

## အဓိကအရေးကြီးသည့် အချက်များ

၁။ ဧဒုံပြည်အားတရားစီရင်မည့် အကြောင်းဗျာဒိတ်များ (၁း၁-၉)

(က) အစီရင်ခံရမည့်အသေအချာ (၁း၁-၄)

(ခ) စီရင်ခြင်း၏ ပြည့်စုံမှု (၁း၅-၉)

၂။ ဧဒုံအားစီရင်ခြင်း၏အခြေခံအကြောင်းတရား (၁း၁၀-၁၄)

(က) ညီအစ်ကိုစိတ်ထားမရှိမှု (၁း၁၀)

(ခ) မာန်မာနထောင်လွှားမှု (၁း၁၁-၁၂)

(ဂ) အမျက်ဒေါသ (၁း၁၃-၁၄)

၃။ တရားစီရင်သောအချိန်ကာလ (၁း၁၅)

၄။ တရားစီရင်မှု၏ ရလာဒ်များ (၁း၁၆-၁၈)

၅။ ဣသရေလအားထုတ်ဆောင်ခြင်း (၁း၁၉-၂၁)

# ယောနဝတ္ထု

## (အလိုတော်ကို ငြင်းဆန်မှု)

### ကျမ်းရေးသူနှင့် ကျမ်းအမည်

ကျမ်းရေးသူ 'ယောန' ဖြစ်၍ ဘခင်အမည် 'အမိတ္တဲ' ဖြစ်သည်။ ဣသရေလ နိုင်ငံ ဂါလိလဲအရပ်မှ ပရောဖက်ဖြစ်သည်။ ယင်းကို ကျမ်းအစ(၁း၁)တွင် တွေ့နိုင် သည်။ ထိုကျမ်းသည် သမိုင်းအထောက်အထားနှင့် လူပုဂ္ဂိုလ်အထောက်အထား၊ ပထဝီ အထောက်အထားများပြည့်စုံခြင်းရှိသည် (၄ရာ၊ ၁၄း၂၅)။ ခရစ်တော် ကိုယ်တော်တိုင် သည် ယင်းအချက်ကို သက်သေခံခဲ့သည် (မဿဲ၊ ၁၂း၄၀)။ ယောန၏ အဓိပ္ပါယ်မှာ ချိုးငှက်ဖြစ်သည်။

### ကျမ်းကိုရေးသောခုနှစ်

၇၉၃-၇၅၃ ဘီစီ

(၄ရာ ၁၄း၂၇) ဖော်ပြချက်အရယောနသည် ဒုတိယမြောက် ယေရောဗေါင် မင်းပြုသော အချိန်၌ ဣသရေလပရောဖက်ဖြစ်ခဲ့သည်။ ဧလိရှဲလွန်သွားပြီးနောက် သူပေါ်ထွန်းသည်။ အာမုတ်နှင့်ဟောရှေတို့ထက် သူသည် စော၍ပရောဖက်ဖြစ်ခဲ့လေ သည်။

### ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

ဣသရေလလူမျိုးတော်၏ ဘုရားသခင်သည် (၁)ကမ္ဘာလောကသား အားလုံးကို ချစ်တော်မူ၍ နောင်တနှင့် သူထံပြန်လာသူအားလုံးကို ကယ်တင်တော်မူသော ဘုရား ဖြစ်သည်။ (၂)လူနှင့် သဘာဝလောက တစ်ခုလုံး၏ အရေးအရာမှန်သမျှ ကို အကြွင်းမဲ့ အစိုးရသည်။ (၃)ကျဉ်းမြောင်းသော လူမျိုးရေးစိတ်ဓါတ်နှင့် လူသား အချင်းချင်း အပေါ် မှာ မေတ္တာကင်းမဲ့မှုများသည် ဘုရားသခင်၏ အလိုတော်ကို ဆန့်ကျင်ရာရောက်စေ သည်။ - - - ဤအချက်တို့ကို ယောနဝတ္ထုသည် ရှင်းလင်း ပြတ်သားစွာ ဖော်ပြထား ပါသည်။

## အဓိကပါဝင်သူ

ယောန

## ခရစ်တော်အားယောနဝတ္ထု၌တွေ့မြင်ရပုံ

ယောနဝတ္ထုမှတစ်ဆင့် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းကို တွေ့နိုင်သည် (မဿဲ၊ ၁၂း၄၀)။ ယောနကဲ့သို့ ယိမ်းယိုင်တွေဝေခြင်းမရှိသော သခင်ခရစ်တော်သည် ကယ်တင်ရှင်အဖြစ်လည်းကောင်း၊ ပရောဖက်အဖြစ်လည်းကောင်း လူမျိုးအားလုံးအတွက် အမှုတော်ကိုဆောင်ခဲ့သည်။ ယောန၏ဘဝဖြစ်စဉ်၌ ခရစ်တော်ကို ဘုရားသခင်ကယ်တင်ရှင်အဖြစ် ခံစားထိတွေ့ရသည်။ (၂း၉)

## အဓိကအရေးကြီးသည့်အချက်များ

၁။ ထွက်ပြေးသော ယောန (၁း၁-၁၇)

(က) ထွက်ပြေးရခြင်းအကြောင်းရင်း (၁း၁-၂)

(ခ) ပြေးရာလမ်း (၁း၃)

(ဂ) ပြေးမိသည့်ရလာဒ် (၁း၄-၁၇)

၂။ ယောနဆုတောင်းချက် (၂း၁-၁၀)

(က) သူဆုတောင်းချက်၏ လက္ခဏာ (၂း၁-၉)

(ခ) ဆုတောင်းခြင်းအဖြေ (၂း၁၀)

၃။ ယောန၏တရားဟောခြင်း (၃း၁-၁၀)

(က) တရားဟောရန် ဘုရားသခင့်အမိန့် (၃း၁-၃)

(ခ) ယောန၏ တရားဟောချက်အနှစ်သာရများ (၃း၄)

(ဂ) သူတရား၏ အကျိုးသက်ရောက်မှု (၃း၅-၁၀)

၄။ ယောနအတွက်သင်ခန်းစာ (၄း၁-၁၁)

(က) ဘုရားသခင်အား အရေးဆိုခြင်း (၄း၁-၃)

(ခ) ယောနအတွက် သွန်သင်ချက် (၄း၄-၁၁)

# မိက္ခာအနာဂတ္တိကျမ်း

## (ဘုရားသခင်နှင့်မည်သူတူသနည်း)

## ကျမ်းရေးသူနှင့်ကျမ်းအမည်

ရေးသားသူပရောဖက်မိက္ခာ၏ကျမ်းဖြစ်သည်။ ဤအနာဂတ္တိ ကျမ်းဖော်ပြ သမျှနှင့် ယေရမိ ၂၆း၁၈တို့အရ မိက္ခာ၏အကြောင်းကို အနည်းအကျဉ်းမျှ သိရ သည်။ မိက္ခာ (MICAH)သည် MICAIAH ဟူသောစကားမှ ဆင်းသက်၍ 'ယေဟောဝါဘုရားသခင် နှင့် ဘယ်သူတူသလဲ'ဟူသော မေးခွန်းအဓိပ္ပါယ်ရှိသည်။ ယင်းသဘောတရားကိုပင် မိက္ခာ သည် (၇း၁၈)တွင် "ကိုယ်တော်ကဲ့သို့ အဘယ်ဘုရား ရှိပါသနည်း" ဟုဆိုထားလေသည်။ သူခေတ်တွင် ဣသရေလလူကြီးများက မိက္ခာ၏ ဖွင့်ဆိုချက်ကို ကိုးကား၍ (၃း၁၂) ယေရမိ ဗျာဒိတ်ပြုသော တရားစီရင်ခြင်းများ မှန်ကန်ကြောင်း ကာကွယ်ပြောဆိုကြသည် (ယေရမိ၊ ၂၆း-၁၈)။

မိက္ခာသည် ယေရုရှလင်မြို့တော်၏ အနောက်တောင်ဖက် ၂၅မိုင်အကွာရှိ ယုဒကျေးရွာ တစ်ခုဖြစ်သော မောရရှရွာသားဖြစ်သည်။ ယင်းအရပ်သည် ဖိလိတ္တိ နယ်မြေ 'ဂါသ'မြို့နှင့် နီးသည်။ လာဒီရှခေါ် စီးပွားရေးအချက်အခြာကျသော မြို့နှင့် လည်းနီး၍ မြေသြဇာ ကောင်းသော တောင်ခြေရွာကြီး ဖြစ်ပေလေသည် (၁း၁-၁၄)။

## ကျမ်းကိုရေးသည့်ခုနှစ်

၇၀၀ ဘီစီ

ကျမ်း၏အစမှာမိက္ခ၏ ဖော်ပြချက်အရ ယောသံမင်း ဘီစီ (၇၅၀-၇၃၂) အာခတ် (ဘီစီ၇၃၆-၇၁၆)၊ ဟေဇကိ (၇၁၆-၆၈၇)တို့လက်ထက်တွင် ပရောဖက် ပြုခဲ့သည်။ ယုဒပြည်အတွက် အဓိကဖြစ်သော်လည်း မြောက်ဖက် ဣသရေလကို ပါထည့်သွင်းလျက် ရှာမာရိမြို့တော် ကျဆုံးရမည်ကို ဗျာဒိတ်ပြုခဲ့သည် (၁း၆)။ အာရှုရိတို့ ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးမည့် (၇၂၂ဘီစီ) မတိုင်မီ (ဘီစီ ၇၀၀)ဝန်းကျင် တွင် မိက္ခသည် အမှုတော်ကို ကောင်းစွာထမ်းဆောင်သွားသည်ဟု ဆို၏။

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

မိက္ခာသည်ဘုရားသခင်၏ ပဋိညာဉ်အရ သူ့စကားကိုနားထောင်လျှင် လူသားတို့သည် ကောင်းကြီးမင်္ဂလာကို ခံစားရမည် (တရားဟော၊ ၂၈း၁-၁၄)ဟူသော ပဋိညာဉ်ကို ဣသရေလတို့ဖောက်ဖျက်ကြသည့်အတွက် ကျိန်စာသင့်ကြရမည်၊ ကတိထားရာမြေမှ နှင်ထုတ်ခြင်းခံရမည် (တရားဟော၊ ၂၈း၁၅-၆၈)။ ဤအဖြစ်ဆိုးများကို ကြုံတွေ့စေအောင် ယုဒပြည်၌ မတ္တရားမှုများ လွှမ်းမိုးနေသည်။ ဘုရားသခင်သည် လူမျိုးတော်အား ဖြောင့်မတ်ခြင်း တရားလမ်းကြောင်းအတိုင်း ဆုံးမသွန်သင်ပေးနေသည်။ ဖိနှိပ်ချုပ်ချယ်ခြင်း၊ လာဘ်စားခြင်းများကို တရားသူကြီးများ ပရောဖက်များ၊ ယဇ်ပရောဟိတ်များ ကိုယ်တိုင် ကျူးလွန်၍ တပ်မက်မှုများကြီးထွားနေသည့် လိမ်လည်ခြင်း၊ မာနထောင်လွှားခြင်း၊ အကြမ်းဖက်ခြင်းများ ဖြစ်ပေါ်နေသည်။ အဆိုပါအခြေအနေတွင် လူမျိုးတော်အား ဆုံးမခြင်းသည် ဘုရားသခင်၏ မေတ္တာတော်ကိုဖော်ပြရန် ဘုရားသခင်သည် လူမျိုးတော်အား ပြုပြင်ပြောင်းလဲ စေလိမ့်မည်ဟု မိက္ခာဖော်ပြခဲ့သည်။

မိက္ခာ၏ သတင်းစကားသုံးမျိုးစလုံးတွင် အပြစ်စီရင်ခြင်းသည် ထင်ရှားနေသလို စောင့်ထိန်းတော်မူခြင်း၏ သစ္စာတရားကို ဖော်ပြထားသည်။ သူ၏ သတင်းစကားတိုင်းတွင် အပြစ်စီရင်ခြင်းမခံရမည့် ကျန်ကြွင်းသော လူစု (REMNANT) ၏ အကြောင်းများလည်း ပါဝင်သည် (မိက္ခ၊ ၂း၁၂၊ ၄း၇၊ ၅း၇-၈၊ ၇း၁၈)များ၌ တွေ့မြင်နိုင်သည်။ အနာဂတ်တစ်ချိန်တွင် အနန္တတန်ခိုးရှင် ဘုရားသခင်သည် လူမျိုးတော်အား ကမ္ဘာလောက အလယ်မှာ ကြွလာတော်မူ မည့်မေရှိယကယ်တင်ရှင်၏ အုပ်စိုးခြင်းအောက်၌ ဘုန်းတော်ကို ထင်ရှားစေမည်ဟု ကြေငြာသွားသည်။

မိက္ခာအနာဂတ္တိနိဂုံးပိုင်းတွင် တရားစီရင်ခန်းကို ဖော်ပြ၍ ဘုရားသခင်သည် လူမျိုးတော်ကို စီရင်ရန်အတွက် တောင်ကြီးတောင်ငယ်တို့ကို ဆင့်ခေါ်လျက် အမှုတော်ကို နားစွင့်ထောင်စေသည်၊ လူသတ္တဝါတို့သည် ယဇ်ပူဇော်ခြင်းအလျင်း မပါဝင်၊ ဘုရားသခင်ကို နှလုံးသားဖြင့် ကိုးကွယ်လာကြ၍ ဤသို့သော အမှုအရာကိုသာ ဘုရားသခင်လိုလားသည်ဟု ဆိုလာကြသည်။ သူတို့သည်ဘုရားသခင်၏ သတ်မှတ်ချက်များကို ပစ်ပယ်ကာ နေ့တခူဝကိစ္စများတွင် သူတို့၏ မမှန်ကန်သော လုပ်ရပ်များကို ဖုံးကွယ်ရန် ကြိုးစားကြပြန်သည်။ လူသားတစ်ဦးနှင့် ပတ်သက်၍ ဘုရားသခင်လိုလားသောအရာကို သူတို့သဘောမပေါက်နိုင်။ တစ်ခုတည်းသော စွဲဆိုချက်မှာ လူသားသည်အပြစ်နှင့် မကင်းနိုင်ဟူသော အချက်ကိုဖော်ပြသည်။

မိက္ခာအနာဂတ္တိကျမ်းသည် မျှော်လင့်ချက်ဖြင့် 'ချုပ်'ထားသည်။ တရားစီရင်သော ဘုရားသခင်သည် ကရုဏာတော်ကို ချပေးသည်။ (၇း၁၈)အရ"အပြစ်မှ လွှတ်တော်မူထသော၊ ကျန်ကြွင်းသော အမွေတော်လူတို့၏ လွန်ကျူးခြင်းများကို သည်းခံတော်မူထသော၊ ကရုဏာ၌ မွေ့လျော်သောကြောင့် အစဉ်အမျက်ထွက်တော် မမူသော ကိုယ်တော်ကဲ့သို့ အဘယ်ဘုရားရှိပါသနည်း" ဟူ၍တွေ့ရသည်။ အဆိုပါ သစ္စာတရားအားဖြင့် ၇း၇တွင် မိက္ခာသည် - - -"ငါမူကား ထာဝရဘုရားကို မျှော်လင့်မည်။ ငါ့ကိုကယ်တင်နိုင်တော်မူသော ဘုရားသခင်ကို ငါခိုလှုံမည်။ ငါ၏ ဘုရားသခင်သည် ငါ့စကားကို နားထောင်တော်မူမည်"ဟူ၍ ဆိုခဲ့လေသည်။ [၄၃]

## အဓိကပါဝင်သောသူများ

မိက္ခာ၊ ယောသံ၊ အာခတ်၊ ဟေဇကိ

## ခရစ်တော်ကို မိက္ခာအနာဂတ္တိကျမ်း၌ တွေ့မြင်ရပုံ

ခရစ်တော်သည် ယာကုပ်၏ ဘုရားသခင် (၄း၂)။ နိုင်ငံများအား တရား စီရင်သူ (၄း၃)။ ဗက်လင်မြို့ငယ်တွင် ဖွားမြင်ခြင်းခံမည့်ဘုရင် (၅း၂ နှင့် မဿဲ၊ ၂း၁-၆)။ ယဇ်ပရောဟိတ်နှင့် ကျမ်းတတ်များသည် (မိက္ခာ၊ ၅း၂)ကို ကိုးကား၍ မေရှိယ ဖွားမြင်မည့်အရပ်ကို ဟေရုဒ်မင်းအားကြားလျှောက်ခဲ့ကြသည်။

အဓိကအရေးကြီးသည့်အချက်များ

၁။ နိဒါန်း (၁း၁)

၂။ ပဉ္စမသတင်းစကား၊ ရှာမာရိနှင့် ယုဒအတွက်စီရင်ချက် (၁း၁-၂း၁၃)

က။ လာမည့်စီရင်ချက်ကို အတည်ပြုခြင်း (၁း၂-၇)

ခ။ လူတို့အတွက် ညည်းတွားခြင်း (၁း၈-၁၆)

(၁) မိက္ခာ၏ညည်းတွားခြင်း (၁း၈-၉)

(၂) အခြားသူများငိုကြွေးရန် တိုက်တွန်းခြင်း (၁း၁၀-၁၆)

ဂ။ ယုဒပြည်၏အပြစ်များ (၂း၁-၁၁)

(၁) လူတို့၏အပြစ်များ (၂း၁-၅)

(၂) ပရောဖက်အတုအယောင်တို့အပြစ်များ (၂း၆-၁၁)

ဃ။ အနာဂတ်တွင် ပြည်လည်စုဝေးရမည့်ဗျာဒိတ် (၂း၁၂-၁၃)

၃။ ဒုတိယသတင်းစကား၊ ဒုက္ခဆင်းရဲမှုနှင့် နောက်ဆက်တွဲ ကယ်တင်ခြင်း (၃း၁-၅း၁၅)

က။ တိုင်းပြည်ခေါင်းဆောင်များအားစီရင်ခြင်း (၃း၁-၁၂)

(၁) အာဏာပိုင်များအားစီရင်ခြင်း (၃း၁-၄)

(၂) ပရောဖက်အတုအယောင်များအားစီရင်ခြင်း (၃း၅-၈)

(၃) တာဝန်မဲ့ခေါင်းဆောင်အားလုံးကို စီရင်ခြင်း (၃း၉-၁၂)

ခ။ လူမျိုးတော်အတွက် ဘုရားသခင့်နိုင်ငံတော်ကောင်းကြီးများ (၄း၁-၅း၁၅)

(၁) ကောင်းကင်နိုင်ငံတော်၏ လက္ခဏာရပ်များ (၄း၁-၈)

(၂) ကောင်းကင်နိုင်ငံတော်မတည်မီဖြစ်စဉ်များ (၄း၉-၅း၁)

(၃) နိုင်ငံတော်ကို အုပ်စိုးမည့်သူ (၅း၂-၁၅)

၄။ တတိယသတင်းစကား၊အပြစ်တင်ရှုတ်ချခြင်းနှင့်ကောင်းကြီးကတိတော် (၆း၁-၇း၂၀)

က။ ဘုရားသခင်၏စွဲချက် (၆း၁-၅)

ခ။ လူမျိုးတော်ကိုယ်စား မိက္ခာ၏တုန့်ပြန်မှု (၆း၆-၈)

ဂ။ အပြစ်အတွက် သခင့်စီရင်မှု (၆း၉-၁၆)

(၁) အပြစ်များ (၆း၉-၁၂)

(၂) အပြစ်ပေးခြင်း (၆း၁၃-၁၆)

ဃ။ သခင့်ထံမိက္ခာလျှောက်လဲခြင်း (၇း၁-၂၀)

(၁) လူမျိုးတော်အပြစ်များကြောင့် မိက္ခာဝမ်းနည်းခြင်း(၇း၁-၆)

(၂) သခင့်အားမိက္ခာစိတ်ချယုံကြည်မှု (၇း၇-၁၃)

(၃) တဖန်စောင့်ထိန်းမှုရန် သခင့်အားမိက္ခာဆုတောင်းခြင်း (၇း၁၄)

(၄) အံ့သြဘွယ်အရာများကို လူမျိုးတော်အားပြသရန် သခင်ကတိပြုခြင်း (၇း၁၅-၁၇)

င။ ဘုရားသခင်၏စုံလင်တော်မူခြင်းကို မိက္ခာဖော်ပြခြင်း (၇း၁၈-၂၀)

# နာဟုံအနာဂတ္တိကျမ်း

## (နိနေဝေအတွက်အန္တရာယ်)

## ကျမ်းရေးသူနှင့်ကျမ်းအမည်

(နာဟုံ၊ ၁း၁)အရ 'ဧလကောရှ'ရွာသားဖြစ်သည် နာဟုံကဤဗျာဒိတ်တော်ကို နိနေဝေမြို့ကြီးအတွက် ခံယူရသည်ဆိုသော အချက်မှလွဲ၍ ထိုပရောဖက်အကြောင်းကို အခြားဘာမျှမသိရပါ။ နာဟုံဆိုသည်မှာ 'နှစ်သိမ့်ခြင်း'ဟု ဆိုသောအဓိပ္ပါယ်ရှိသည့် တိုင် နိနေဝေမြို့ကို သိမ်းပိုက်ထားသော အာရှုရိတို့အတွက် ဗျာဒိတ်တော်များသည် နှစ်သိမ့်စရာ တစ်ကွက်မျှမရှိပေ။ သို့သော်ယုဒပြည်အတွက် နှစ်သိမ့်စရာအကြောင်း ပါဝင်မည်ဖြစ်ပြီးသူသည် ယုဒပရောဖက်ဟု (၁း၁၅)အရ သိနိုင်ပါသည်။ 'ဧလကောရှ' ရွာအဘယ်မှာတည်ရှိသည်ကိုလည်း မသိနိုင်ဘဲ အများစုကမူ ယုဒပြည်တောင်ဘက်ခြမ်း၌ ရှိသည်ဟု ယုံကြည်သည်။

ထုံးစံအတိုင်းကျမ်းပြုသူ၏အမည်နှင့်ပင်ကျမ်းအမည်ကိုစတင်ပါသည်။

## ကျမ်းကိုရေးသားသောခုနှစ်

၆၆၃-၆၁၂ဘီစီ

နာဟုံသည် အဲဂုတ္တုမြို့ကြီး THEBES သို့မဟုတ် 'နောမုန်' မြို့ကျဆုံးရ မည်ကို ကြိုတင်သိရှိဖော်ပြခဲ့သည်။ နောမုန်သည် ဘီစီ ၆၆၃တွင် ကျဆုံးခဲ့သည်။ အခန်း၃ခန်းစလုံးတွင် နိနေဝေကျဆုံးမည်ကို ဗျာဒိတ်ပြုခဲ့ပြီး ဘီစီ ၆၁၂တွင် အမှန် ကျဆုံးသွားခဲ့ရသည်။ နိနေဝေ၏ ကျဆုံးခြင်းအကြောင်းကို ထိုအချိန်မတိုင်မီအထိ နာဟုံဖော်ပြလျက် ရှောင်လွှဲမရနိုင်သော ဖြစ်စဉ်အဖြစ်တင်ပြခဲ့သည် (၂း၁၊ ၃း၁၄၊ ၁၉)တို့တွင် တွေ့ရသည်။ ယင်းအချိန်ကာလသည် ယေရှိမင်း၏ခေတ်၊ ပရောဖက် ဇေဖနိနှင့် ယေရမိတို့နှင့်အပြိုင်ဖြစ်မည်ဟု တွက်ဆနိုင်သည်။

## ဦးတည်သည့်ရည်ရွယ်ချက်နှင့်အကြောင်းရင်း

နိနေဝေမြို့ကြီးမှ အာရှုရိတို့၏ ကောက်ကျစ်စဉ်းလဲခြင်းအတွက် အဘဘုရား သခင်၏ အမျက်တော်ကြောင့် နိနေဝေကျဆုံးရသည်။ ပရောဖက်ယောနတွေ့ မြင်လိုသော အာရှုရိတို့ အပေါ်သို့ ဘုရားသခင်၏ အပြစ်ဒဏ်စီရင်ခြင်းကို နှစ်ပေါင်း ၁၅၀ခန့် အကွာတွင် နာဟုံမှတဆင့် ရှင်းလင်းစွာမြင်ရသည်။

ယောန၏ဟောပြောမှုကြောင့် နိနေဝေသားများ ပြုပြင်ပြောင်းလဲခဲ့ခြင်း သည် တစ်ခဏသာတည်၍ မကြာမီမှာပင် ကြမ်းကြုတ်လျက် ကောက်ကျစ်စဉ်းလဲမှု များ ပြန်လည်ဖြစ်လာခဲ့သည်။ အာရှုရိဘုရင် ဒုတိယမြောက် 'သဂုန်'သည် ရှမာရိမြို့ တော်ကို ဖျက်ဆီးပြီးနောက် မြောက်ဖက်ဣသရေလကို ကျွန်ပြု၍ ဖမ်းဆီးခေါ်ဆောင် သွားရာ ဘီစီ ၇၂၂တွင် ဣသရေလလူမျိုးဆယ်မျိုးအစိပ်စိပ်ကွဲပြားသွားသည်။ တဖန် သာနာခရိပ်ဘုရင်သည် ယေရုရှလင်မြို့တော်ကို ဟေဇကိဘုရင်လက်ထက် (၇၀၁ဘီစီ)၌ ဖျက်ဆီးရန် စီရင်ခဲ့ပြန်သည်။

နိနေဝေသည် တန်ခိုးအာဏာနှင့် မည်မျှပင်ပြည့်စုံစေကာမူ 'နာဟုံ' မှတဆင့် ချမှတ်သောဘုရားသခင်၏ အပြစ်စီရင်ခြင်းကို ကြောက်မက်ဖွယ် ခံစားခဲ့ရသည်။ အာရှုရိတို့၏ ရက်စက်မှု 'တန်ခိုးနှင့် အာဏာစက်တို့သည် ဘုရားသခင်အမိန့်တော် အောက်မှာ ပျောက်ကွယ်သွားခဲ့ရသည်။ ယင်းကိုယုဒပြည်သည် ကြားနာ၍ နှစ်သိမ့်နိုင်ရန် ဤကျမ်းစာကို ရေးသားထားသည်။

## အဓိကပါဝင်သူ

'နာဟုံ'

## ခရစ်တော်အားနာဟုံအနာဂတ္တိကျမ်း၌ တွေ့မြင်ရပုံ

မေရှိယဆိုင်ရာ အနာဂတ္တိကျမ်းများတိုက်ရိုက်မပါဝင်ပါ။ သို့သော်အပြစ်ရှိ သည်ကို ယုံလွယ်သော ဘုရားသခင်ဖြစ်ကြောင်းနှင့် ရန်သူတို့ကို ဖျက်ဆီးနိုင်သော ဘုရားဖြစ်ကြောင်း သိသာစေပေသည်။

## အဓိကအရေးကြီးသည့်အချက်များ

၁။ နိဒါန်း (၁း၁)

၂။ ဗျာဒိတ်အနာဂတ္တိကျမ်းနှင့် ဘုရားသခင်၏စီရင်ချက်သည် အသေအချာဖြစ်ခြင်း (၁း၂-၁၅)

က။ နိနေဝေအပေါ်၌ သက်ရောက်သည့် သန့်ရှင်းသော အမျက်တော် (၁း၂-၈)

ခ။ ထာဝရဘုရားအပေါ်မှာ အကောက်ကြံသော 'နိနေဝေ'၏ စီမံကိန်းများ နိဂုံးချုပ်ရလိမ့်မည် (၁း၉-၁၁)

ဂ။ ယုဒတို့ခံစားနေရသော ဒုက္ခများသည် နိနေဝေစီရင်ခြင်းခံရသဖြင့် ပြီးပြတ်သွားရမည် (၁း၁၂-၁၅)

၃။ နိနေဝေအပေါ်စီရင်ခြင်းကို ဖော်ပြခြင်း (၂း၁-၁၃)

က။ တိုက်ခိုက်မှုပုံစံ (၂း၁-၆)

ခ။ အရှုံးကို ကြေငြာခြင်း (၂း၇-၁၃)

၄။ နိနေဝေကို စီရင်ရခြင်း၏ အခြေခံအကြောင်း (၃း၁-၁၉)

က။ သူ၏အကြမ်းဖက်မှု၊ လိမ်လည်မှုတို့ကြောင့် အရှက်ကွဲခြင်း(၃း၁-၇)

ခ။ နောမုန်မြို့အပေါ် အကောက်ကြံ၍ ကိုယ်တိုင်ဆုံးရှုံးရခြင်း (၃း၈-၁၁)

ဂ။ သူ၏ ခုခံကာကွယ်ခြင်းများသည် အကျိုးမရှိနိုင် (၃း၁၂-၁၉)

# ဟာဗက္ကုတ်အနာဂတ္တိကျမ်း

## (အရှုပ်ထုပ်ကို ဖြေရှင်းခြင်း)

### ကျမ်းရေးသူနှင့်ကျမ်းအမည်

(၁း၁)နှင့်(၃း၁)အရ ကျမ်းရေးသူ ဟာဗက္ကုတ်ဟုသိရသည်။ မိမိ ကိုယ်တိုင် ပရောဖက်ဖြစ်သည်ကို သူဖော်ပြ၍ သူ၏အဆုံးသတ်ကျမ်းနိဂုံးတွင် အင်္ဂလိပ်လို "ငါ၏ သံစုံဂီတဆရာ သို့ ကြိုးတူရိယာဖြင့် ဂုဏ်ပြုအပ်ပါသည်" ဟုဖော်ပြထားသည်ကို ထောက်ရှုခြင်းဖြင့် ယဇ်ပရောဟိတ်မင်းမျိုးဖြစ်ဘွယ်ရှိသည်ဟု ဆိုပါသည်။ အဆိုပါ အင်္ဂလိပ်လို ဖော်ပြချက်ကို သမ္မာကျမ်းစာတွင် မတွေ့ရှိရပါ။

ရေးသူ၏ အမည်အတိုင်း ကျမ်းကိုမှည့်ခေါ်သည်။ ဟာဗက္ကုတ်ဆိုသည်မှာ နွေးထွေးစွာ နှုတ်ဆက်ခြင်းဟူ၍ အဓိပ္ပါယ်ရသည်။ ပရောဖက်ကြီးသည် ထာဝရဘုရားအား သူ၏ ကယ်တင်ခြင်းသူ၏ ခွန်အားအဖြစ်မြဲမြံစွာ ဖက်တွယ်ခဲ့လေသည်။

### ကျမ်းကိုရေးသောခုနှစ်

၆၀၀ ဘီစီ

ဗာဗုလုန်တို့၏ကျူးကျော်တိုက်ခိုက်မှုအကြောင်းကို သတိပေး၍ ဗာဗုလုန်၏ ကျော်ဇောကတ္တိကို ဖော်ပြထားခြင်းကိုထောက်သော် ဟာဗက္ကုတ်သည် ယုဒနောက်ဆုံး ပိုင်းမင်းတစ်ပါးဖြစ်သည့် ယောယကိမ်လက်ထက်၌ အမှုထမ်းခဲ့ရလိမ့်မည်ဟု ယူဆရသည်။ ဗာဗုလုန်တို့အမှန်တကယ်မတိုက်ခိုက်သေးသော်လည်း တိုက်ခိုက်ရန် အသေအချာ ရှိနေပြီ ဖြစ်သည် (၁း၆၊ ၂း၁)။ သို့ဖြစ်၍ ကျမ်းရေးသောနှစ်မှာ ဘီစီ ၆၀၀ခန့်ဖြစ်ရပါမည်။

### ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

ဗာဗုလုန်တို့၏ ကျူးကျော်မှုကို မိန်းမောတွေဝေစွာ စဉ်းစားရာမှ ဤကျမ်း ဖြစ်ပေါ်လာသည်။ ဤသို့ဖြင့် သူ့ရင်ထဲမှာ မကျေနပ်သည့် အခက်အခဲနှစ်မျိုးကို ခံစားခဲ့ရသည်။

(၁) ယုဒပြည်အတွင်းရှိ မကောင်းဆိုးရွားမှုများကို ဘုရားသခင်သည် အဘယ်ကြောင့် ခွင့်ပြုရသနည်း (၁း၂-၄)။ သန့်ရှင်းသော ဘုရားသခင် (၁း၁၃)သည် အပြစ်ကြီးလှသော ဗာဗုလုန်အား အသုံးပြု၍ အဘယ်ကြောင့်တရားစီရင်ရသနည်း (၁း၁၂-၂း၁) . . ဟူသော မကျေနပ်မှုများဖြစ်သည်။ ဘုရားသခင်၏ အလင်းတရားအောက်မှာ ဆက်၍ တွေ့ရသော ဗျာဒိတ်များအားဖြင့် အဖြေများကိုရရှိ သော်လည်း ဟာဗက္ကုတ် နားလည်ရန် ခက်ခဲခဲ့သည်။ နိဂုံးတွင် ဝမ်းမြောက်သောစိတ်နှင့် အလိုတော်အတိုင်း ဝန်ခံကာ ချီးမွမ်းခြင်းတေးနှင့်ကျမ်းကို အဆုံးသတ်ခဲ့သည်။ ဒုက္ခဆင်းရဲခြင်းများ ကြုံတွေ့ရချိန်၌ ဘုရားသခင်၏ ကောင်းမြတ်တော်မူခြင်းနှင့် အစွမ်းသတ္တိကို သတိရစေသော အနာဂတ္တိကျမ်းဖြစ်သည်။

## အဓိကပါဝင်သူ

ဟာဗက္ကုတ်

## ခရစ်တော်အားဟာဗက္ကုတ်အနာဂတ္တိ၌ တွေ့မြင်ရပုံ

အနာဂတ္တိကျမ်းသဘောအတိုင်း ခရစ်တော်အား ကယ်တင်ပိုင်ရှင် အဖြစ် တွေ့ရသည်။ ကယ်တင်ခြင်းဟူသော ဝေါဟာရကို (၃း၁၃၊၁၈)တွင် ၃ကြိမ်တိုင် တွေ့ရှိရပြီး ထိုဝေါဟာရ အရင်းအမြစ်မှ ယေရှုဟူသော အမည်သည်ဆင်းသက်သည်။ (မဿဲ၊၁း၁၂၊၁ယောၥး၉)။ ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက် ရှင်လိမ့်မည် (၂း၄)ဟူသော အချက်နှင့် ပင်လယ်ရေသည် မိမိနေရာကို လွှမ်းမိုးသကဲ့သို့ မြေကြီးသည် ထာဝရဘုရား၏ ဘုန်းတော်ကို သိကျွမ်းခြင်းပညာနှင့် ပြည့်စုံလိမ့်မည် ဟူသော အချက်များသည် ခရစ်တော်ကို ယုံကြည်ခြင်းရှိစေရန် သတိပေးနေသည်။

## အဓိကအရေးကြီးသောအချက်များ

၁။ ဟာဗက္ကုတ်၏ ဇဝေဇဝါဖြစ်ခြင်း၊ ယုံကြည်ခြင်းကို စစ်ဆေး၍သွန်သင်ခြင်း

(၁း၁-၂း၂၀)

က။ ပထမပြဿနာ . . . ကောက်ကျစ်မှုများကို ယုဒပြည်တွင် ဘုရားသခင်

အဘယ်ကြောင့် ခွင့်ပြုထားသနည်း? (၁း၂-၄)

ခ။ ဘုရား၏ပထမအဖြေ (၁း၅-၁၁)

ဂ။ ဒုတိယပြဿနာ . . . ကောက်ကျစ်သူတို့ကို သုံး၍ အဘယ်ကြောင့် ယုဒပြည်ကို အပြစ်ပေးရသနည်း? (၁း၁၂-၂း၁)

ဃ။ ဘုရား၏ ဒုတိယအဖြေ (၂း၂-၂၀)

၂။ ဟဗက္ကုတ်၏ ထောပနာသံ၊ ယုံကြည်ခြင်းအောင်ပွဲ (၃း၁-၁၉)

က။ ဘုရားသခင်၏ အဖြစ်တော်ကိုချီးမွမ်းခြင်း (၃း၁-၃)

ခ။ ဘုရားသခင်၏ တန်ခိုးတော်ကို ချီးမွမ်းခြင်း (၃း၄-၇)

ဂ။ ဘုရားသခင်၏ အကြံတော်ကို ချီးမွမ်းခြင်း (၃း၈-၁၆)

ဃ. ဘုရားသခင်ကို ယုံကြည်ရခြင်းအတွက် ချီးမွမ်းခြင်း(၃း၁၇-၁၉)

# ဇေဖနိအနာဂတ္တိကျမ်း

## (တရားစီရင်ခြင်းဖြင့်ပြုသောကောင်းချီး)

### ကျမ်းရေးသူနှင့်ကျမ်းအမည်

အခန်းအစ(၁း၁)တွင်မြင်ရသည့်အတိုင်း ဇေဖနိရေးသား၏။ ဂေဒလိ၏မြေး၊ ကုရှိ၏သားဖြစ်သည်။ ဂေဒလိသည် အာမရိ၏သား၊ အာမရိသည် ဟေဇကိ၏သား ဖြစ်သည်။ မျိုးဆက် ၄ဆက်အထိ ထူးခြားစွာ ဖော်ပြခြင်းခံရသည်မှာ မျိုးရိုးဇာတိကို သိစေလို၍ ဖြစ်သည်။ ဇေဖနိသည် မြင့်မြတ်သော မျိုးရိုးမှဆင်းသက်သူဖြစ်၍ မင်းကောင်းမင်းမြတ်ဖြစ်သော ဟေဇကိ၏အနွယ်ဖြစ်ကြောင်း သိရသည်။
ပရောဖက် 'ဇေဖနိ' ၏ အမည်အဓိပ္ပါယ်မှာ 'ဘုရားသခင်ဝှက်ထားသူ' ဟူ၍ ဖြစ်သည် (၂း၃)။

## ကျမ်းကိုရေးသောခုနှစ်

၆၃၀-၆၂၅ ဘီစီ

နိဒါန်းပိုင်း (၁း၁၀)အရ ဇေဖနိသည် ယောရှိမင်း၏ လက်ထက် (၆၄၀-၆၀၉ဘီစီ)၌ ပရောဖက်ပြုခဲ့သည်။ နိနေဝေမြို့ကြီး မပျက်သုဉ်းမီ (၆၁၂ဘီစီ)မတိုင်မီ အချိန်ကဖြစ်သလို ယောရှိ၏ပြုပြင်ပြောင်းလဲမှုများ (၆၂၂-၆၂၁ဘီစီ)ထက် အရင်ကျသည်။ ဇေဖနိပရောဖက်ပြုချိန်မှာ ယုဒပြည်၌ ရုပ်တုကိုးကွယ်မှုများရှိနေကြောင်းကို ကျမ်းစာက ဖော်ပြသည့်အတွက် ယင်းရုပ်တုများကို ယောရှိမင်းမဖျက်ဆီးမီ ဤကျမ်းကိုရေးသားခြင်းဖြစ်သည်။ ခန့်မှန်းခြေ ဘီစီ ၆၃၀-၆၂၅ဟု တွက်ဆနိုင်သည်။

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

ယုဒတိုင်းသူပြည်သားများ၏ ဝိညာဉ်ရေး၊ စာရိတ္တရေးများသည် မင်းဆိုး မင်းညစ်များဖြစ်သော မနာရှေနှင့် အာမုန်ခေတ်မှ အမွေဆိုးကိုခံရ၍ ပျက်စီးနေ ကြောင်းဖော်ပြသည်(၃း၁-၇)။ တရားဟောရာကျမ်းအခန်းကြီး ၂၈တွင် ကြိုတင် သတိပေးခဲ့သည့်အတိုင်း ထာဝရဘုရား၏စကားတော်ကို နားမထောင်သော လူမျိုးတော်အတွက် အပြစ်ဒဏ်ကျခံ ရမည်ကို ညွှန်ပြသည်။ ဘုရားသခင်သည် သန့်ရှင်းတော်မူသည်နှင့်အညီ လူမျိုးတကာတို့ရှေ့တွင် အပြစ်တရားကိုစီရင် ပိုင်သ ကြောင်းဖော်ပြသည်။ တစ်ချိန်တည်းမှာပင် ကရုဏာတော်နှင့် ကြွယ်ဝပြည့်စုံလျက် ကောင်းကြီးမင်္ဂလာကို ဖြစ်စေသော သခင်သည် လူသားတို့၏ နောင်တတရားကို တောင်းဆိုသည်။ ထို့ကြောင့် ဇေဖနိအနာဂတ္တိအားဖြင့် အပြစ်စီရင်ခြင်း နောင်တရရန် ပြောဆိုခြင်း၊ အနာဂတ်အတွက် ကယ်နှုတ်၍ ကောင်းကြီးပေးခြင်းဟူသော အပိုင်းသုံးပိုင်းပါဝင်ပါသည်။

## အဓိကပါဝင်သောသူများ

ဇေဖနိ၊ ယောရှိ

## ခရစ်တော်အားဇေဖနိအနာဂတ္တိ၌တွေ့ရပုံ

အတိအကျဖော်ပြခြင်းမရှိပါ။ သို့သော်မေရှိယကယ်တင်ရှင်အား ဣသရေလ၌ ဖြောင့်မတ်

သောသူတစ်ဦး (၃း၅)အဖြစ်နှင့် ဘုရင်အဖြစ် (၃း၁၅)၌ တွေ့ရ၏။

## အဓိကအရေးကြီးသည့်အချက်များ

၁။ နိဒါန်း (၁း၁)

၂။ ဘုရားသခင်၏ နေ့၌တရားစီရင်ခြင်း (၁း၂-၃း၈)

 က။ ကမ္ဘာမြေကြီးတစ်ခုလုံးအား စီရင်ခြင်း (၁း၂-၃)

ခ။ ယုဒပြည်အားစီရင်ခြင်း (၁း၄-၂း၃)

(၁) စီရင်ရသည့်အကြောင်းရင်း (၁း၄-၁၃)

(၂) စီရင်ပုံကို ဖော်ပြခြင်း (၁း၁၄-၁၈)

(၃) လူမျိုးတော်အားဆင့်ဆိုခြင်း၊ နောင်တနှင့်ဘုရားသခင်ကိုရှာရန် (၂း၁-၃)

ဂ။ ပတ်ဝန်းကျင်နိုင်ငံများအားတရားစီရင်ခြင်း (၂း၄-၁၅)

(၁) ဖိလိတ္တိအတွက် (၂း၄-၇)

(၂) မောဘနှင့်အမ္မုန်အတွက် (၂း၈-၁၁)

(၃) အသိရောပိ(ကုရှ)အတွက် (၂း၁၂)

(၄) အာရှုရိအတွက် (၂း၁၃-၁၅)

ဃ။ ယေရှုရှလင်မြို့တော်အပေါ်စီရင်ခြင်း (၃း၁-၇)

(၁) ပရောဖက်၏ စွဲဆိုချက် (၃း၁-၅)

(၂) ဘုရားသခင်၏အဆုံးအဖြတ် (၃း၆-၇)

င။ မြေတစ်ပြင်လုံးအပေါ်မှာစီရင်ခြင်း (၃း၈)

၃။ ဘုရားသခင်၏ နေ့ရက်တွင် ပြန်လည်စောင့်ထိန်းခြင်း (၃း၉-၂၀)

က။ လူမျိုးတကာတို့အတွက် (၃း၉-၁၀)

ခ။ ဣသရေလအတွက် (၃း၁၁-၂၀)

# ဟဂ္ဂဲအနာဂတ္တိကျမ်း

## (အားပေးမှု)

## နိဒါန်း

ယခုအပိုင်းမှစတင်၍ ဆက်လက်တင်ပြရမည်မှာ ဗာဗုလုန် လောင်းရိပ်၌ ကျွန်ဘဝသို့ ဆင်းသက်သွားရပြီးနောက်ပိုင်းတွင် ပေါ်ထွန်းသော ဟဂ္ဂဲ၊ ဇာခရိနှင့် မာလခိဟူသော ပရောဖက်တို့၏ ကျမ်းများဖြစ်သည်။ ဤသူသုံးဦးစလုံးသည် ကျွန်ဘဝမှနေ၍ ဣသရေလ ပြည်တော်သို့ပြန်လာသူ လူနည်းစုဣသရေလတို့ကို အားပေးရန်အတွက်ပင် ဖြစ်ပေသည်။ ထိုလူနည်းစုသည် ဗိမာန်တော်နှင့် နိုင်ငံတော်ကို ပြန်လည်တည်ဆောက်ကြရမည်ဖြစ်ပါသည်။

ဟဂ္ဂဲနှင့်ဇာခရိတို့သည် ဗိမ္မာန်တော်ကို ပြန်လည်ဆောက်တည်ရင်း လူတို့၏ ဝိညာဉ်ရေးလိုအပ်ချက်များအတွက် အထူးအာရုံစိုက်ကြရပြီး မာလခိမှာမူ စိတ်ဓါတ်ရေး၊ လူမှုရေးများကို တိုင်းပြည်ပြန်လည် ထူထောင်ရေးနှင့်ပူးတွဲ၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခဲ့ရပေသည်။

## ကျမ်းရေးသူနှင့်ကျမ်းအမည်

ဟဂ္ဂဲဆိုသည်မှာ 'ပျော်ရွှင်မှု' ဟုအနက်အဓိပ္ပါယ်ရသည်။ ဣသရေလတို့၏ ပွဲတော်နေ့တစ်နေ့၌ ဖွားမြင်ခဲ့သည်ဟု ယူဆရသည်။ အခိုင်အမာမဖော်ပြခြင်းကိုတော့ မတွေ့ရပေ။ သူ့အကြောင်းကို ဤကျမ်းစာထဲမှာ ၉ကြိမ်ဖော်ပြပြီး (ဧဇရမှတ်စာ၊ ၅း၁-၂၆း၁၄) တို့တွင် အနည်းငယ်တွေ့ရသည်မှတစ်ပါး ကျယ်ကျယ်ပျံ့ပျံ့ မှတ်တမ်းမရှိပါ။ သူ့ကိုယ်သူ ပရောဖက်ဟဂ္ဂဲ(၁း၁)ဟုဆိုထားပြီး မျိုးရိုးဇာတိ မထည့်သွင်းပါ။ သူသည်ပရောဖက် ဇာခရိ၊ ယုဒမြို့ဝန်ဇေရုဗဗေလတို့နှင့် ခေတ်ပြိုင်ပုဂ္ဂိုလ်ဖြစ်သည်။

သူ့အမည်နှင့်ပင် အနာဂတ္တိကျမ်းကို မှည့်ခေါ်သည်။

## ကျမ်းကိုရေးသောခုနှစ်

၅၂၀ ဘီစီ

ပါးရှား (ပေရသိ)ဘုရင် ကုရု၏ အဆုံးအဖြတ်အရ ဂျူးဣသရေလလူပေါင်း ငါးသောင်းကို ယေရုရှလင်သို့ ပြန်ခွင့်ပြုခဲ့ရာ ဇေရုဗဗေလ (ဧဇရ၊ ၁း၂-၄၊ ဟေရှာယ ၄၄း၂၈)၊ ယဇ်ပရောဟိတ်မင်း ယောရှုတို့နှင့်တစ်ကွ ပရောဖက် ဟဂ္ဂဲနှင့် ဇာခရိတို့ ပါဝင်ခဲ့သည်။ ထိုအချိန်ကာလသည် ၅၃၈ဘီစီခန့်ဖြစ်သည်။

ထိုအချိန်တွင် အသစ်တည်သည့် ယဇ်ပလ္လင်ပေါ်မှာ ယဇ်ပရော ဟိတ်မင်းတို့ ဦးဆောင်သော ယဇ်ပူဇော်မှုများ ပြန်လည်ပြုလုပ်ခဲ့ကြသည်။ ဒုတိယနှစ်တွင် ဗိမ္ဗာန်တော် အုတ်မြစ်ကိုချသည် (ဧဇရ၊ ၃း၈-၁၃၊ ၅း၁၆) သို့သော် ရှမရိအမျိုးတို့၏ နှောင့်ယှက်မှု၊ ပါးရှားတို့၏ ဖိအားပေးမှုများကြောင့် ဗိမ္ဗာန်တော်လုပ်ငန်း ရပ်ဆိုင်းသွားရပြီး ဝိညာဉ်ရေး ခွန်အားများ လျော့သွားခဲ့ရသည်။ ယင်းသည် ပါးရှားဘုရင် ဒါရိ (၅၂၁-၄၈၆)နန်းတက်ချိန်တိုင်အောင် ဖြစ်သည်။ သို့သော် ဒါရိနန်းစံ ဒုတိယနှစ်တွင် ပရောဖက် ဟဂ္ဂဲအားဖြင့် ဣသရေလတို့အား ဗိမ္ဗာန်တော် တည်ဆောက်ရန် ဘုရားသခင်က ခွန်အားပေးခဲ့လေသည်။

ဟဂ္ဂဲ(၁း၁)အရ ဒါရိနန်းစံဒုတိယနှစ် ELUL(ဩဂုတ်-စက်တင်ဘာ) ပထမနေ့တွင် ဟဂ္ဂဲထံမှတစ်ဆင့် ဘုရားသခင့်နှုတ်ကပတ်တော် ရောက်ရှိလာကြောင်း တွေ့ရသည်။

## ဦးတည်သည့်ရည်ရွယ်ချက်နှင့်အကြောင်းရင်း

ဟဂ္ဂဲသည် သမ္မာကျမ်းစာ ဓမ္မဟောင်းပိုင်းတွင် ဒုတိယ အတိုဆုံးကျမ်းဖြစ်၏။ ဩဗဒိရူပါရုံကျမ်းမှာ အတိုဆုံးဖြစ်လေသည်။ ဟဂ္ဂဲ၏စာပေပုံစံသည် ရိုးသားရှင်းလင်း သည်၊ ပါဝင်သည့်အချက်မှာ သတင်းစကား၄ခုဖြစ်၍ မထင်ရှားလှသော ပရောဖက်၏ အမှုတော်ဆောင် သက်တမ်းမှာလည်း အချိန်ကန့်သတ်ချက်ဖြင့် တိုတောင်းဟန်ရှိသည်။ ဤသို့'အချိန်တိုသည့်ကျမ်းတို့သည်' ဟုဆိုရသော်လည်း ဟဂ္ဂဲ၏ဗျာဒိတ် ၄ခုတို့မှာ ပါဝင်သော ဗိမ္ဗာန်တော်တည်ဆောက်ရေးအတွက် အားပေးချက်များ၏ အင်အားသည်လျော့တွက်ရန် မဖြစ်နိုင်ပေ။ ကျစ်လျစ်သော စာပေအထုံးအဖွဲ့တစ်ခုအတွင်း ဤမျှကြီးမားသော ဝိညာဉ်ရေးအသိတရားကို ဖော်ပြနိုင်သူ ပရောဖက်ဟူ၍ အနည်းအကျဉ်းသာရှိပါသည်။ ဟဂ္ဂဲ၏ ထင်ရှားပြောင်မြောက်မှုတစ်ခုမှာ သူ၏အသံများသည် ဘုရား

သခင်ထံမှလာကြောင်းကို အောက်မေ့စေခြင်းပင် ဖြစ်သည်။ "ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား"ဟု အစချီသော သူ၏ဗျာဒိတ်များသည် အဆုံးသတ်သောအခါ၌ ထိုသစ္စာတရားကိုပင် ပြန်လည်ဖော်ထုတ်လေ့ရှိပေသည်။

ဟဂ္ဂဲသည်ပြည်တော်ပြန်ဣသရေလတို့အား ယေရုရှလင် ဗိမ္ဗာန်တော်ကြီး အားပြန်လည်တည်ဆောက်ရန် အားပေးတိုက်တွန်းထားပြီး (၁) ဘုရားသခင်သည် သူ့အားဦးညွှတ်သော လူမျိုးတော်ကို ကောင်းကြီးပေးသည် (၂) ဣန္ဒြိယ်တို့သည် ဘုရားသခင်၏ အမှုတော်ကို ထမ်းရွက်ရာ၌ ပူပန်စရာအကြောင်းမရှိ (၃) မနက်ဖန် အတွက်ဘုရားပေးသည့် ကတိတော်များသည် ယနေ့အတွက် ယုံကြည်ခြင်းတိုက်မြစ်ဖြစ်သည် ဟူ၍ရေးသား ဖော်ပြထားလေသည်။

## အဓိကပါဝင်သောသူများ

ဟဂ္ဂဲ၊ ဒါရိ၊ ဇေရုဗဗေလ၊ ယဇ်ပရောဟိတ်မင်းယောရှု

## ခရစ်တော်အားဟဂ္ဂဲအနာဂတ္တိ၌ တွေ့မြင်ရပုံ

ယခုကျမ်းတွင် မေရှိယကယ်တင်ရှင်အား ဗိမာန်တော်၏ ဘုန်းတန်ခိုးတော်ကို ပြည့်စေသူအဖြစ်တွေ့ရသည်(၂း၇-၉)။ ထို့ပြင် ထိုသခင်သည် လောကီနိုင်ငံတော်များ၏ အာဏာကို မှောက်လှန်နိုင်သူဟု ဖော်ပြသည် (၂း၂၂)။

## အဓိကအရေးကြီးသည့်အချက်များ

၁။ ပဌမသတင်းစကား။ ဗိမ္ဗာန်တော်ကို တည်ဆောက်ရန်ဖိတ်ခေါ်ခြင်း (၁း၁-၁၅)

- က။ နိဒါန်း (၁း၁)
- ခ။ ပထမအကြိမ်အပြစ်တင်မှု (၁း၂-၆)
- ဂ။ လိုက်နာရန် (၁း၇-၈)
- ဃ။ ဒုတိယအကြိမ်အပြစ်တင်မှု (၁း၉-၁၁)
- င။ သတင်းစကားကို တုန့်ပြန်ခြင်း (၁း၁၂-၁၅)

၂။ ဒုတိယသတင်းစကား။ ဘုရားသခင်၏ကတိတော်၌ သတ္တိရှိရှိယုံကြည်ရန် (၂း၁-၉)

ကး။ နိဒါန်း (၂း၁-၂)

ခ။ ဆောင်ရွက်နိုင်စွမ်းနှင့် အနာဂတ်ဘုန်းတော်ထင်ရှားစေမည့် ကတိတော် (၂း၃-၉)

၃။ တတိယသတင်းစကား။ အသက်တာကိုသန့်ရှင်းစင်ကြယ်စေရေး (၂း၁၀-၁၉)

က။ နိဒါန်း (၂း၁၀)

ခ။ ပြဿနာ၊ ကျန်ကြွင်းသောသူတို့၏ မလိုက်နာမှု (၂း၁၁-၁၄)

ဂ။ အဖြေ၊ ကျန်ကြွင်းသောသူတို့၏ လိုက်နာစောင့်ထိန်းမှု(၂း၁၅-၁၉)

၄။ စတုတ္ထသတင်းစကား၊ အနာဂတ်အတွက် ယုံကြည်စိတ်ချရန် (၂း၂၀-၂၃)

က။ နိဒါန်း (၂း၂၀-၂၁(က))

ခ။ အနာဂတ်တွင်တစ်ပါးအမျိုးသားများ ရှုံးနိမ့်ရမည့်ကတိ (၂း၂၁(ခ)-၂၂)

ဂ။ ဒါဝိဒ်၏ နိုင်ငံတော်ပြန်လည်ထူထောင်မည့်ကတိ (၂း၂၃)

# ဇာခရိအနာဂတ္တိကျမ်း

## (ဘုရားသခင်၏အပြစ်ရှိကြောင်းယုံလွှယ်ခြင်း)

### ကျမ်းရေးသူနှင့်ကျမ်းအမည်

ဇာခရိသည် ဗာရခိ၏သားဖြစ်၍ ဣဒေါ၏မြေးဖြစ်သည်။ 'ဣဒေါ'သည် လေဝိအမျိုးသား

ယဇ်ပရောဟိတ်များကို ခေါင်းဆောင်ခဲ့ သည် (နေဟေမိ၊ ၁၂း၄)။ ဇာခရိသည် ဟဂ္ဂဲနှင့် ခေတ်ပြိုင်ဖြစ်သည် (ဧဇရ၊ ၆း၁၄)။

ဇာခရိ၏ အမိပ္ပါယ်မှာ 'ဘုရားသခင်အောက်မေ့တော်မူသည်' သို့မဟုတ် 'ဘုရားသခင်အောက်မေ့မူပြီ' ဖြစ်သည်။ ယင်းသစ္စာတရား အတိုင်း ဤကျမ်းကိုလည်း ဖွင့်ဆိုသွားပါလိမ့်မည်။

## ကျမ်းကိုရေးသောခုနှစ်

၅၂၀-၅၁၈ ဘီစီ

ကျမ်း၏အစမှာပင် ဇာခရိ၏ သားနှင့်ဣဒေါ၏မြေးဖြစ်ကြောင်း ဖော်ပြထား၍ ဣဒေါအကြောင်းကို (နေဟမိ၊ ၁၂း၄)အရ ဇေရုဗဗေလနှင့် ခေတ်ပြိုင်ဖြစ်ကြောင်း ဆက်လက်နားလည်ရသည်။ ၂း၄အရ ဇာခရိဆိုသည် ငယ်ရွယ်နုပျိုသူဖြစ်ရပါမည်။ ဘီစီ ၅၂၀က စတင်သော ဗိမ္မာန်တော် ပြန်လည်တည်ဆောက်ရေးတွင် ဟဂ္ဂဲနှင့်အတူလူငယ်တစ်ယောက်အဖြစ် ပါဝင်ခဲ့ရပါလိမ့်မည်။ သူ၏နောက်ဆုံး အနာဂတ္တိ (၇း၁-၁၄)သည် နောက်ထပ်၂နှစ်အကြာ (ဘီစီ ၅၁၈)အတွင်း ရေးခဲ့သည်ဟု မှန်းဆရပြီးအခန်းကြီး (၉-၁၄)သည် ဟေလသတို့ အကြောင်းများဖြစ်သည့်အတွက် နောက်ထပ်နှစ်ပေါင်းများစွာကျော်လွန်သော (ဘီစီ ၄၈၀)နောက်ပိုင်းကျမှ ရေးသည်ဟု ခန့်မှန်းရသည်။

သူ၏ပုဂ္ဂိုလ်ရေးဘဝအကြောင်းကို ဆက်လက်၍ များစွာမတွေ့ရသော်လည်း (ရှင်မဿဲ၊ ၂၃း၃၅)အရ ဗိမ္မာန်တော်တည်ဆောက်ရာမြေတွင် လူရမ်းကားတို့၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်ဟု သိနိုင်သည်။ ယင်းအကြောင်းကို ရှင်မဿဲကျမ်းတွင် ခရစ်တော်သည် ယောယဒ၏သား ဇာခရိ၏ သေခြင်းအကြောင်းကိုသာ ဖေါ်ပြလျက် (၆ရာ၊၂၄း၂၀-၂၁)မှာ ဖေါ်ပြသည့်ယုဒဘုရင်ယောရှခေတ်က ယဇ်ပရောဟိတ်မင်း ယောယဒ၏သားဇာခရိ၏ သေခြင်းကို မဖော်ပြခဲ့ပေ။ ⁹⁹

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

ဇာခရိအနာဂတ္တိသည် ကျန်ကြွင်းသည့်ဂျူးလူမျိုးများအား ဗိမ္မာန်တော်ကို ပြီးမြောက်အောင် တည်ဆောက်ရန်အားပေးသည့် ကျမ်းဖြစ်သည်။ ထိုမျှမက ဘုရားသခင်သည်

မေရှိယကြွလာတော်မူရန်အတွက် ဣသရေလလူမျိုးတို့၏ ဝိညာဉ်ရေးသဘောထားများကို ပြုပြင်ပေးနေကြောင်း ဖော်ပြထားသည်။ ဣသရေလ၏ ဝိညာဉ်ရေးပြုပြင်ပြောင်းလဲမှု၌ ဗိမ္မာန်တော်ကြီးသည် အခရာကျသည့် အကြောင်းကို ဇာခရိအခိုင်အမာဖော်ပြသည်။ မိမိတို့အမွေခံရာ တိုင်းပြည်သို့ပြန်လည် ပို့ဆောင်တော်မူသော ဘုရားသခင်၏ ပြုစုစောင့်ရှောက်ခြင်းနှင့် အနာဂတ် ကယ်တင်ရှင်မေရှိယ၏ လူမျိုးတော်၏ စိတ်ဝိညာဉ်ကို စောင့်ထိန်းလမ်းပြခြင်းများ၏ အရေးကြီးပုံများကို ဖော်ပြသွားလေသည်။

## အဓိကပါဝင်သောသူများ

ဇာခရိ၊ ယဇ်ပရောဟိတ်မင်းယောရှု

## ခရစ်တော်အားဇာခရိအနာဂတ္တိ၌ တွေ့မြင်ရပုံ

မေရှိယ၏အကြောင်းကို ဖော်ပြရာတွင် အခြားဓမ္မဟောင်း ကျမ်းစာများ သည် ဇာခရိကို မမီနိုင်လောက်ပေ။ မေရှိယကယ်တင်ရှင် သခင်ခရစ်တော် ၏ပေါ်ထွန်းခြင်းနှင့်တစ်ကွ အစေခံကျွန်နှင့် ဘုရင်ဖြစ်ခြင်း၊ ဘုရားသခင်၏ ကောင်းကင်တမန်မင်းဖြစ်ခြင်းတို့ကို အလွန်သိသာစေသည်(၃း၁)။ ဖြောင့်မတ်သော အညွန့်(၃း၈)၊ မျက်စေ့ ခုနစ်လုံးပါဝင်သော ကျောက်တုံး (၃း၉)၊ ကားတိုင်တွင် လုံ့နှင့် ထိုးဖောက် ခံရသောသူ(၁၂း၁၀)၊ ကြွလာတော်မူ၍ နှိမ့်ချသောရှင်ဘုရင်(၉း၉-၁၀)၊ စွန့်ပစ်ခံရသော သိုးထိန်း(၁၃း၇)၊ ကြွလာတော်မူ၍ တရားစီရင်မည့်အရှင် ဖြောင့်မတ်သောဘုရင်(အခန်း ၁၄) . . . ဟူ၍ ပြည့်စုံစွာ ဖော်ပြထားလေသည်။

## အဓိကအရေးကြီးသည့်အချက်များ

၁။ နောင်တရရန်ပန်ကြားခြင်း (၁း၁-၆)

၂။ ဇာခရိ၏ ရူပါရုံ ၈မျိုး (၁း၇-၆း၈)

က။ မြင်းများနှင့် မြင်းစီးသူရဲကောင်း (၁း၇-၁၇)'

ခ။ ချို ၄ ခုနှင့် လက်သမား ၄ ဦး (၁း၁၈-၂၁)

ဂ။ မြို့ကို တိုင်းတာမည့်သူ (၂း၁-၁၃)

ဃ။ ရွှေမီးခုံ (၄း၁-၁၄)

င။ ပျံဝဲနေသည့် စာစောင် (၅း၁-၄)

စ။ ဇေါ၌ထိုင်နေသော မိန်းမ (၅း၅-၁၁)

ဆ။ ရထားစီး (၆း၁-၈)

၃။ ယောရှုကိုသရဖူဆောင်းခြင်း (၆း၉-၁၅)

၅။ အစာရှောင်ခြင်းအတွက် မေးခွန်းများ (၇း၁-၈း၂၃)

၅။ အနာဂတ်ရေးရာ နှုတ်တော်ထွက်စကားများ (၉း၁-၁၄း၂၁)

(က) မေရှိယ၏ ငြင်းပယ်ခြင်း (၉း၁-၁၁း၁၇)

(ခ) မေရှိယ၏ စိုးစံခြင်း (၁၂း၁-၁၄း၂၁)

# မာလခိအနာဂတ္တိကျမ်း

## (နောင်တနှင့်အပြန်)

### ကျမ်းရေးသူနှင့်ကျမ်းအမည်

ကျမ်းရေးသူမာလခိဖြစ်သည်ကို (၁း၁)တွင် သာဖော်ပြထား၏။ ဤအမည်၏ အနက်မှာ 'ငါ့စေတမန်'ဟူ၍ဖြစ်သည်။ ယင်းအမည်အနက် အဓိပ္ပါယ်သည် "ပဋိညာဉ်သတင်းဆောင်ကြဉ်းသူ" လာရောက်တော့မည်ကို ဖော်ပြသော ဤကျမ်း၏ အနှစ်သာရနှင့် ကိုက်ညီသည်။ ဗတ္တိဇ ဆရာယောဟန်၏အကြောင်း ဗျာဒိတ်လည်းဖြစ်သည်

(ရှင်မဿဲ၊ ၁၁း၁၀)။

## ကျမ်းကိုရေးသောခုနှစ်

၄၅၀-၉၀၀

မာလခိအနာဂတ်တ္တိကျမ်းရေးသောခုနှစ်နှင့် ပတ်သက်၍ GLEASON ARCHER က အောက်ပါအတိုင်းရေးသားထားသည်။

ကျမ်း၏အတွင်းပိုင်းဖော်ပြချက်များကို ထောက်ရှုသော်မာလခိ၏ အနာဂတ္တိများ သည် ဘီစီ၄၀၀၏ ဒုတိယပိုင်းအချိန်ကာလ၌ ပေါ်ထွန်းကြောင်း တွက်ဆရသည်။ မှန်းခြေ ဘီစီ၄၅၀ခန့်ဖြစ်သည်။ အောက်ပါအချက်တို့သည် ယင်းခန့်မှန်းချက်ကို သက်သေပြု နေကြ၏။

(၁) ဗိမ္ဗာန်တော်တည်ဆောက်ပြီးစီး၍ ပညတ်တော်ကာလ ယဇ်ပူဇော်မှု များ ပြန်လည် ပြုလုပ်နေကြပြီ (၁း၇၊ ၁၀၊ ၃း၁)။

(၂) ပေရသိဘုရင်ခံတစ်ပါးသည် အုပ်ချုပ်နေဆဲဖြစ်၍ နေဟမိအုပ်ချုပ် ချိန် (ဘီစီ ၄၄၅-၄၃၃) မရောက်သေးပါ။

(၃) မာလခိအပြစ်တင်သော လူမျိုးတော်၏ အပြစ်ဒုစရိုက်များသည် နေဟမိအုပ်ချုပ်ရေး ဒုတိယပိုင်း၌ ပြုပြင်ခဲ့ရသော အပြစ်များနှင့် တူညီသည်၊ ယင်းတို့မှာ ယဇ်ပရောဟိတ် တို့စည်းကမ်းမရှိခြင်း (၁း၆ နှင့် နေဟမိ ၁၃း၄-၉)။

(၄) ဘုရားဘဏ္ဍာအလှူငွေကို ဂရုမစိုက်သဖြင့် ယဇ်ပရော ဟိတ်လေဝိ များ ဆင်းရဲဒုက္ခရောက်ခြင်း (၃း၇-၁၂) နှင့် နေဟမိ (၁၃း၁၀-၁၃)။

(၅) တစ်ပါးအမျိုးသမီးများနှင့် လက်ထပ်စုံဖက်လွန်းကြခြင်း (၂း၁၀-၁၆ နှင့် နေဟမိ၊ ၁၃း၂၃-၂၈)။ မာလခိသည် ဖော်ပြပါ အပြစ်များအတွက် နေဟမိ၏ အရင်ကတည်းက ကန့်ကွက်ပြောဆိုနေခဲ့သည်ဖြစ်ရာ အဖြစ်နိုင်ဆုံးနေ့စွဲ သည် (ဘီစီ ၄၃၅)ဖြစ်ပါသည်။ [၅၅]

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

နေဟမိလက်ထက်တွင် လူမျိုးတော်သည် ပြန်လည်နိုးကြား လာချိန်ရှိခဲ့သည် (နေဟမိ၊

၁၀း၂၈-၃၉)၊ သို့သော် ယဇ်ပရောဟိတ်နှင့် လူထုသည် ဘုရားသခင်နှင့်အတူ အသက်ရှင်ရာ၌ အပေါ်ယံဆန်၍ စက်ရုပ်များကဲ့သို့သာလျှင် ဟန်ပြသဘောဖြစ်ခဲ့သည်။ သို့ဖြစ်၍ အထက်ကဖော်ပြခဲ့သောအပြစ်များကို မာလခိကဖော်ပြ အပြစ်တင်ချိန်တွင် သူတို့နားလည်ခြင်းမရှိ၊ ဘုရားသခင်ဘာများ မကျေနပ်စရာ ရှိသနည်းဟု စိတ်ထွေပြားနေခဲ့ကြသည်။ မာလခိသည် အဆိုပါလူသားတို့၏ မေးခွန်းများအတွက် အဖြေများကို ရေးသားလျက် သူတို့၏ ချွတ်ချော်အားနည်းမှုများကို ဖော်ပြအပြစ်တင်ခဲ့သည်။ နောက်ဆုံး တွင် ဘုရားသခင်၏ စေတမန်ကြွလာတော် မူမည်ကို ဖော်ပြလျက်ထိုသူသည် မေရှိယကယ်တင်ရှင်အတွက် လမ်းရှင်းပေးမည်ဟု အားပေးစကား ပြောကြားခဲ့ပေသည်။

ဤနည်းဖြင့် စစ်မှန်သော ကိုးကွယ်မှုမရှိသော လူတို့အား နောင်တနှင့် ပြန်လာကြပါရန် (၁း၆၊ ၃း၇)မာလခိတောင်းဆိုခဲ့သည်။ GLEASON ARCHERကကျမ်း၏အနှစ်သာရကို အကျဉ်းချုပ်ဖော်ပြရာတွင် . . .

မာလခိအနာဂတ္တိ၏ဦးတည်ချက်အနှစ်သာရမှာ "ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် လယ်ယာဥယျာဉ်များ ပြန်လည်ရှင်သန်၍ စီးပွားရေး အခြေအနေတိုးတက်စေအံ့သောငှါ၊ လူမျိုးတော်သည် ဘုရားသခင်၏ ရှေ့တော်မှာ ရိုးသား၍ သန့်ရှင်းစင်ကြယ်ရန် လိုအပ်နေသည်" ဟူသော အချက်ကို ဖော်ပြခြင်းဖြစ်သည်။ ဣသရေလသည် လူမျိုးတော်၏ အဆင့်အတန်းနှင့်အညီ သန့်ရှင်းသော တိုင်းနိုင်ငံအဖြစ် မေရှိယသခင်ကို စောင့်ဆိုင်းရမည်။ မေရှိယသခင်သည် တိုင်းပြည်၏ အနာရောဂါကို ပျောက်စေလျက်၊ ဖြောင့်မတ်စွာ တရားစီရင်ခြင်းဖြင့် သူတို့ အလွန်လိုလားနှစ်သက်သည့် မျှော်လင့်ခြင်းများကို ပြည့်စုံစေပေလိမ့် မည်" [၄၆]

## အဓိကပါဝင်သောသူများ

မာလခိ

## ခရစ်တော်အား မာလခိအနာဂတ္တိ၌တွေ့မြင်ရပုံ

မေရှိယနှင့် သက်ဆိုင်၍ မာလခိ၏ ဖော်ကျူးချက်များ အကြောင်းကို WILKINSON နှင့် Moa တို့က အကောင်းဆုံးဖော်ပြထားပါသည်။

"မာလခိအနာဂတ္တိသည် ပရောဖက်တို့၏ အသံများ ပြတ်တောက် သွားသည့် နောက်ထပ်အနှစ်၄၀၀အတွက် ပဏာမစောင်းသံကို တီးခတ်ညှင်းဆိုလျက် နောက်ဆုံးတွင် ဗတ္တိဇံဆရာယောဟန်တည်းဟူသော ပရောဖက်၏ "ဤလောက၏ အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ကို ကြည့်လော့" ဟူသည့် ကြွေကြော်သံ(ယော ၁း၂၉)အားဖြင့် ပေါက်ကွဲတုန်ဟီးသွားစေလေသည်။ မာလခိသည် သခင့်လမ်းခရီးတော်ကို ရှင်းလင်းပေးသူ စေတမန်၏ ကြွဆင်းလာမည်ကိုကြိုတင် သတင်းပေးခဲ့သည်။ (၃း၁နှင့်ဟေရှာယ ၄၀း၃၀)။ ဗတ္တိဇံဆရာယောဟန်က ထိုအနာဂတ္တိကို ပြည့်စုံစေသည်။ သို့သော် . . . ထိုအနာဂတ္တိ အပြီးတွင် အခြား ကျမ်းငယ်များ (၃း၂-၅)အားဖြင့် ခရစ်တော်၏ ဒုတိယအကြိမ် ကြွလာတော်မူခြင်း ဆီသို့ ကျော်လွှား၍ဗျာဒိတ်ပြုခဲ့လေသည်" ၇၇

## အဓိကအရေးကြီးသည့်အချက်များ

၁။ အခွင့်ထူးခံဣသရေလ (၁း၁-၅)

က။ ဘုရားသခင်၏ ချစ်ခြင်းဖော်ပြချက် (၁း၁-၂(က))

ခ။ ဘုရားသခင့်ချစ်ခြင်းအပေါ် မေးခွန်း (၁း၂(ခ))

ဂ။ ဘုရားသခင့်ချစ်ခြင်းကို လက်တွေ့ဆင်ခြင်မှု (၁း၃-၅)

၂။ ဣသရေလ၏ မစင်ကြယ်ခြင်း (၁း၆-၃း၁၅)

က။ လှည့်ဖျားမှု (၁း၆-၁၄)

ခ။ သစ္စာမရှိမှု (၂း၁-၉)

ဂ။ ဝိညာဉ်ရေးအရ အခြားဘုရား၏ သမီးများနှင့် ပေါင်းစပ်မှု (၂း၁၀-၁၂)

ဃ။ ပြတ်စဲခြင်း (၂း၁၃-၁၆)

င။ လှည့်ဖျားသောအပြစ် (၂း၁၇)

စ။ လာလတ္တံ့သောတမန် (၃း၁-၆)

ဆ။ လုယက်မှု (၃း၇-၁၂)

ဇ။ ဝါကြွားထောင်လွှားမှု (၃း၁၃-၁၅)

၃။ လူများအတွက် ကတိတော်များ (၃း၁၆-၄း၆)

က။ စာရင်းစာစောင်အတွက် ကတိတော် (၃း၁၆-၁၈)

ခ။ ခရစ်တော်ကြွလာတော်မူမည့် ကတိတော် (၄း၁-၃)

ဂ။ ဧလိယကြွလာမည့်ကတိတော် (၄း၄-၆)

# အခန်း (၃)

# ဓမ္မသစ်ကျမ်း
# ကို
# စူးစမ်းခြင်း

# နိဒါန်း

ဓမ္မသစ်ကျမ်းဆိုသည်မှာ သခင်ယေရှုခရစ်တော်၏ ကယ်တင်ခြင်း ကျေးဇူးတော်တည်းဟူသော သတင်းကောင်းဖြစ်သည့် သခင့်အသက်တာ၊ သခင့်သေခြင်း၊ သခင့်ရှင်ပြန်ထမြောက်တော်မူခြင်း၊ သခင်၏ ကောင်းကင်ဘုံသို့ တက်ကြွခြင်းစသော ဖြစ်စဉ်များ၏ သမိုင်းမှတ်တမ်း အစုအဝေးပင်ဖြစ်ပါသည်။ ထိုမျှမကသူ၏ ဤကမ္ဘာလောကကြီးအတွင်း ဆက်လက်လုပ်ဆောင်နေသော အမှုတော်များအကြောင်းကို သူရွေးချယ် ခန့်ထားသည့် တမန်တော်များက ရှင်းလင်းဖွင့်ဆိုဖော်ပြထားသည်ကိုလည်း ဓမ္မသစ်ကျမ်းသည် တင်ဆက်ပေး ထားပါသည်။ ယင်းဖြစ်စဉ်ဖြစ်ရပ် အပေါင်းသည်လည်း အမှတ်တမဲ့ ဖြစ်ပေါ်သည် မဟုတ် . . . ဓမ္မဟောင်း ကျမ်း၌ နှစ်ပရိစ္ဆေဒကြာမြင့်စွာကတည်းက မျှော်လင့်စောင့်စားခဲ့ရသည့် အကြောင်းတရားများ ပြည့်စုံလာရခြင်းသာဖြစ်လျက် ထာဝရဘုရားနှင့်ဆိုင်သော မြင့်မြတ်လှသည့် ဤသမိုင်းသည် လူသားတို့၏ သမိုင်းကဲ့သို့ ပုံနှိုင်းမရ၊ ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော်လမ်းပြသည့်အတိုင်း ရေးသားထားခြင်းပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် ဓမ္မသစ်ကျမ်းသည် ဓမ္မဟောင်းကျမ်းကဲ့သို့ပင် လူသတ္တဝါ၏ အမှားစွက် ဖက်ခြင်းကင်းစင်သည်။ နှုတ်ကပတ်တော်သည် ဘုရားသခင်၏ အချုပ်အခြာအာဏာကို ပိုင်သသည် ဖြစ်ပါ၍ ယနေ့အသင်းတော်အဖို့ သမ္မာတရားဖြစ်သလို ကယ်တင်ရှင် ကိုယ်တိုင်ကြွလာ တော်မူမည့် အနန္တကာလသမိုင်း အတွက်လည်း သမ္မာတရားပင်ဖြစ်လေသည်။

## ဓမ္မသစ်ကျမ်းဟူသော ဝေါဟာရ၏ 'အစ' နှင့် 'အနှစ်သာရ'

သမ္မာကျမ်းစာတစ်အုပ်လုံးကို ဓမ္မဟောင်းနှင့် ဓမ္မသစ်ဟူ၍ အပိုင်းကြီး ၂ခုခွဲခြမ်းထားရာ၌ ဒါဘာအဓိပ္ပါယ်လဲဟု မေးစရာရှိလေသည်။ ဂရိခ်စာပေ၏ သဘောအရ 'ကျမ်းစာ' ဆိုသည်မှာ 'စာချုပ်၊ သက်သေခံချက်၊ ပဋိညာဉ်' ဟူ၍ အဓိပ္ပါယ်ရှိ၏။ ဓမ္မဟောင်း ကျမ်းစာသည် သိနာတောင်မှာ ဘုရားသခင်က ဣသရေလ လူမျိုးတို့အတွက် မောရှေမှ

တဆင့်ချထားပေးသော ပဋိညာဉ်များကို အခြေခံထားသည့် မှတ်တမ်းများပင် ဖြစ်ပေသည်။ အခြားတစ်ဖက်တွင် ဓမ္မသစ်ကျမ်းစာ သို့မဟုတ် ဓမ္မသစ်ပဋိညာဉ်ရှိ၍ ယင်းပဋိညာဉ်အသစ်ရှိမည့်အကြောင်းကိုလည်း (ယေရမိအနာဂတ္တိ၊ ၃၁း၃၁)အရ လည်းကောင်း၊ ခရစ်တော်ကိုယ်တော်တိုင် အတည်ပြုချက်အဖြစ် (ကောရိန္သုဩဝါဒ ပဌမစောင်၊ ၁၁း၂၅) အရလည်းကောင်း ကျွန်ုပ်တို့ သိရှိရလေ၏။ ထိုကျမ်းစာသည် ခရစ်တော်ကို ယုံကြည်၍ ကယ်တင်ခြင်းတရားကို လက်ခံသူလူမျိုး၊ တိုင်းပြည်၊ ဘာသာ စကားခွဲခြားခြင်းမရှိသည့် လူသားအားလုံးနှင့် သက်ဆိုင်သော ထာဝရဘုရား၏ အသစ်သော စီရင်တော်မူချက်ကို ဖော်ပြ၍ထားလေသည်။

ဓမ္မဟောင်းကျမ်းဟူသည့် ပဋိညာဉ်ဟောင်းသည် ထာဝရဘုရား၏ သန့်ရှင်းမြင့်မြတ်တော်မူခြင်းအကြောင်းကို ဖြောင့်မတ်ခြင်းတရားနှင့် ပြည့်ဝသော ပညတ်တော်များအားဖြင့် ဖွင့်ပြထားလျက် လူသားတို့ကို ကယ်တင်မည့်အရှင်ရှိသည်၊ ပေါ်ထွန်းလိမ့်မည်ကို ကတိပြုထား၏။ ဓမ္မသစ်ကျမ်းဟူသည့် ပဋိညာဉ်သစ်မှာမူ ဖြောင့်မတ်ခြင်းတရားနှင့် ပြည့်စုံသော သားတော်သို့မဟုတ် လူသားတို့ကို ကယ်တင်မည့် အရှင်သခင်အားဖြင့် ထာဝရဘုရား၏ သန့်ရှင်းမြင့်မြတ်တော်မူခြင်းကို ဆက်လက်ညွှန်ပြထားလျက်၊ ထိုပဋိညာဉ်အသစ်နှင့် သက်ဆိုင်သော စာပေများ အားလုံးပေါင်းစု ပါဝင်လျက်ရှိသော ကျမ်းဖြစ်ပေသည်။

ဓမ္မသစ်ကျမ်းမှပေးစွမ်းသည့် သမ္မာတရားသည် (၁)လူသားတို့၏ အပြစ်ကို လွတ်မြောက်စေဖို့ရန် မိမိကိုယ်ကို ပူဇော်သောသူ၏အကြောင်း (မဿဲ၊ ၂၆း၂၈)နှင့်(၂) ထိုကယ်တင်ခြင်းဆုကျေးဇူးကို လက်ခံသော လူသားများတည်းဟူသော အသင်းတော်၏ အကြောင်းများတွင် အခြေခံ၍ ပေါ်ထွန်းလာခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ဓမ္မသစ်ကျမ်း၏ အဓိကအနှစ်သာရမှာ ‘ကယ်တင်ခြင်းဆုကျေးဇူး’ပင်ဖြစ်လေ၏။[၄၈]

အချုပ်ဆိုရသော်၊ ပဋိညာဉ်အဟောင်း၊ ပဋိညာဉ်အသစ်ဟူသော အသုံးအနှုန်းတို့သည် လူ့ဘောင်လောကအတွင်း ဘုရားသခင်၏ ဆက်သွယ် ခြင်းနှစ်ရပ်အပေါ်မှာ မူတည်သုံးစွဲခြင်းဖြစ်လျက် ထိုဆက်သွယ်ခြင်းနှစ်ရပ်၏ မှတ်တမ်းစာပေ အမျိုးအစားအပေါ်မှာလည်း မူတည်သည်ဟု ဆိုနိုင်သည်။ “ဓမ္မသစ်ကျမ်းဆိုသည်မှာ ဘုရားသခင်သည် သူကိုယ်တော်တိုင်နှင့်အတူ လူသတ္တဝါကျွန်ုပ်တို့အား ငြိမ်သက်ခြင်း အခွင့်ကိုခံစားစေပြီဟူသောနားလည်မှု သဝဏ်လွှာစာချုပ်တစ်ရပ်ပင် ဖြစ်ပါကြောင်း” [၄၉]

## ဓမ္မသစ်ကျမ်းအတွက် ဘုရားသခင်၏ ပြင်ဆင်ပေးခြင်း

ဓမ္မသစ်ကျမ်းဖြစ်တည်သော ကာလတွင် ရောမအာဏာစက်သည် ထိုခေတ်ဟောင်း ကမ္ဘာ့နယ်မြေအများစုကို လွှမ်းမိုးနေခဲ့သည်။ မည်သို့ဆိုစေ . . . ပါလက်စတိုင်းဟူသော အရပ်ဒေသသစ်မြို့ငယ်ကလေး တစ်ခုဖြစ်သော ယုဒပြည်ဗက်လင်မြို့၌ လူ့ဇာတိအဖြစ်တော်ကို ရယူခဲ့သည့် ပုဂ္ဂိုလ်တစ်ဦးသည် လူ့လောကကြီးတစ်ခုလုံးကို ပြောင်းလဲပစ်စေရန် အလို့ငှါ မွေးဖွားလာခဲ့ပေသည်။ ထိုဖြစ်ရပ်နှင့် ပတ်သက်၍ တမန်တော်ကြီး ရှင်ပေါလုက မှတ်တမ်းပြုရာတွင် "အချိန်ကာလပြည့်စုံသောအခါ၌၊ ပညတ်တော်ပဋိညာဉ်နှင့်အညီ၊ မိန်းမတစ်ဦးမှဖွားမြင်သော သားတော်ကို စေလွှတ်တော်မူမည်" ဟူသော ပဋိညာဉ်ဟောင်းကို ရည်ညွှန်းဖော်ပြခဲ့လေသည်။ ထိုနည်းအတူများစွာသော ထူးခြား၍အံ့သြဖွယ်ဖြစ်ရပ် အကြောင်းတရားများနှင့်အတူ မေရှိယကယ်တင်ရှင်သခင်၏ ကြွလာတော်မူခြင်းအတွက် ဘုရားသခင် ကြိုတင်ပြင်ဆင် ပေးခဲ့ကြောင်းကို တွေ့မြင်နိုင်ပါသည်။

## ဣသရေလလူမျိုးတော်မှတဆင့် ပြင်ဆင်ခြင်း

ဓမ္မဟောင်းကျမ်းစာဟူသည်မှာ ခရစ်တော်ကြွလာတော်မူမည်ကို အသိပေးနေသည့် ဇာတ်လမ်းကြီးဟု ဆိုနိုင်ပါသည်။ ဣသရေလလူမျိုးသည် ဘုရားသခင် ရွေးကောက်တော်မူသည့်၊ ပိုင်ထိုက်သော ဘဏ္ဍာတော်၊ ယဇ်ပရောဟိတ်အမျိုး၊ သန့်ရှင်းသော နိုင်ငံတော် (ထွက်မြောက်ရာကျမ်း၊ ၁၉း၅-၆)ဟု သတ်မှတ်ခြင်းခံခဲ့ ရသည်။ ထိုသတ်မှတ်ချက်နှင့်အညီ ရှေးမဆွမှီကတည်းက ဘုရားသခင်ပေးခဲ့သော ကတိတော်များအား အာဗြဟံ၊ ဣဇက်၊ ယာကုပ် (ကမ္ဘာဦး၊ ၁၂း၁-၃၊ ရောမ၊ ၉း၄)ဟူသော လူမျိုးတော်၏ ခေါင်းဆောင်ကြီးများသည် အစဉ်အဆက်စောင့်ထိန်း လိုက်နာသွားခဲ့ကြသည် (ကမ္ဘာဦးကျမ်းနှင့်ရောမ၊ ၃း၂)။ ဤနည်းအားဖြင့်လည်း ကယ်တင်ရှင်သည် သူတို့၏ မျိုးနွယ်တည်းမှ ဆင်းသက်ပေါက်ဖွားခဲ့ရလေသည် (ကမ္ဘာဦး၊ ၁၂း၃။ ဂလာတိ၊ ၃း၈၊ ရောမ၊ ၉း၅)။ ထို့ကြောင့် ရှည်လျားသော ကမ္ဘာဦးသမိုင်းနှင့် ဓမ္မဟောင်းကျမ်းသည် ခရစ်တော်၏အကြောင်းကို ပြည့်စုံစွာ သတင်းပေး၍ သခင်သည် ဒုက္ခများစွာကို ခံစားလျက် ဘုန်းတန်ခိုးကို ခံယူကြွဆင်းလာမည်ဟု ကြိုတင်ဖော်ပြခဲ့လေ၏။ ယင်းအကြောင်းတရားနှင့်ပတ်သက်၍ ဗျာဒိတ်အနာဂတ္တိများသာမက နှုတ်ကပတ်သမ္မာ ကျမ်းစာသည် မေရှိယကယ်တင်ရှင်၏ ဆွေတော်စဉ် မျိုးတော်ဆက်၊ ဖွားမြင်ခြင်းခံရာအရပ်၊ ဖွားမြင်

ချိန်ကဖြစ်ပေါ်ခဲ့သည့် အခြင်းအရာများ၊ သူ့ဘဝသက်တာ၊ သူ၏ အသေခံခြင်းနှင့်တကွ သူ၏သေခြင်းမှ ထမြောက်ခြင်းများကို အသေးစိတ်မျှ ဖော်ပြထားသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ပါသည်။

ဣသရေလသည် ဘုရားသခင်၏စကားကို နားမထောင်သဖြင့် သူ၏ စိတ်နှလုံး မာကျော မှုအလျောက် ကျွန်ဘဝသို့ သက်ဆင်းရန် ဘုရားသခင် အပြစ်ပေးစီရင်ခဲ့ဖူးသည်၊ သို့သော် ဘုရားသခင်သည် ကတိတော်ရှိသည့်အတိုင်း မေရှိယကြွလာတော်မူခြင်း အတွက် ပြင်ဆင်နိုင်ရန် ကျွန်ဘဝအနှစ် ၇၀တွင် လူမျိုးတော် အချို့တို့ကို မိမိတို့ တိုင်းပြည်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

ဓမ္မဟောင်းကျမ်းစာကို နိဂုံးချုပ်ခဲ့ပြီးနောက် နှစ်ပေါင်း ၄၀၀ကြာညောင်း သွားခဲ့ပါလေပြီ။ ဘုရားသခင်ကို ယုံကြည်ကိုးကွယ်နေကြသည့် ဘာသာရေးပုံစံအရ ပညတ်တော်သမား ဖါရိရှဲများ၏ ဓလေ့ထုံးစံနှင့်အပေါ်ယံဟန်ပြသဘောများက လွှမ်းမိုးနေသည်။ တစ်ချိန်တည်းမှာပင် အချို့သောသူတို့၏ ရင်ထဲ၌ မေရှိယကယ်တင်ရှင်ကို မျှော်လင့်ရင်း စိတ်လှုပ်ရှားလျက် ရှိနေလေသည်။

## ဂရိခ်စာပေယဉ်ကျေးမှုမှတစ်ဆင့် ပြင်ဆင်တော်မူခြင်း

ခရစ်တော်သည် သူ၏တပည့်တော်များအား ဝမ်းမြောက်ဘွယ် ကယ်တင် ခြင်းတရားကို မြေကြီးစွန်းတိုင်အောင်သွား၍ သက်သေခံကြဟူ၍ စေလွှတ်သော အချိန်(မဿဲ၊ ၂၈း၁၉-၂၀)တွင် ကမ္ဘာတစ်ခုလုံးနီးပါး နားလည်သည့် စကားတစ်ခု ရှိနေပြီကို အလွန်ထင်ရှားစွာ တွေ့မြင်နိုင်သည်။ အခြားမဟုတ်ပါ . . . ဥရောပတိုက် မက်စီဒွန်ပြည့်ရှင် ဖိလစ်ဘုရင်၏ သားတော်'အဲဇန္ဒားသဂရိတ်' ဘုရင်သည် ခရစ်တော်မပေါ်ထွန်းမီ နှစ်၃၀၀ကတည်းက ရှေးခေတ်နိုင်ငံတော်များ တစ်ခုပြီးတစ်ခုကို တိုက်ခိုက် သိမ်းပိုက်ခဲ့ပြီးနောက် သူ၏ အင်ပါယာကြီး တစ်ခုလုံးအတွင်း၌ ကမ္ဘာတစ်ခု-စာပေယဉ်ကျေးမှု တစ်ခုတည်းဖြစ်စေရန် ဆောင်ရွက်သွားနိုင်ခဲ့ခြင်းပင် ဖြစ်လေသည်။ သူ၏မဟာအောင်ပွဲများကို ခံယူရရှိပြီး နောက်ပိုင်းတွင် ဂရိခ်စာပေစကားသည် ဘုံစာပေစကားအဖြစ် တည်တံ့ကျန်ရစ်လျက် ဂရိခ်ယဉ်ကျေးမှုသည်လည်း လူသားတို့၏ အတွေးအခေါ် အယူအဆများအပေါ်မှာ လွှမ်းမိုး၍ ကျန်ရစ်ခဲ့ပေသည်။ အဲလက်ဇန္ဒား၏ အင်ပါယာမှာ သက်တမ်းများစွာမရှည် လှသော်လည်း ဂရိခ်စာပေယဉ်ကျေးမှုမှာမူ ဆက်လက်ထွန်းကား ပျံ့ပွားနေခဲ့လေ၏။

ဤသမိုင်းဖြစ်စဉ်ကို စဉ်းစားလိုက်လျှင် ဘုရားသခင်သည် မိမိ၏ အမှုတော်မြတ်အတွက် ကမ္ဘာလောကအတွင်း လူအများနားလည်သည့် ရှင်းလင်းတိကျသော စာပေကို ပြုစုပျိုးထောင်ပေးခဲ့သည်။ ယင်းစာပေအားဖြင့် ကယ်တင်ခြင်းတရားသတင်းစကားကို နှံ့ပြားစေခဲ့သည်။ ဤသို့စီရင်ခြင်းကြောင့် ဓမ္မသစ်ကျမ်းသည် ကျမ်းတစ်အုပ်လုံး (KOINE GREEK) ခေါ် ဂရိခ်စာပေဖြင့် ပြုစုထားကြောင်း တွေ့ရသည်။ ကျမ်းရေးသူများ အနက် ရှင်လုကာမှတစ်ပါး အားလုံးတို့သည် ဂျူးလူမျိုးများဖြစ်ကြပါလျက် ဟေဗြဲနှင့် အရေးမိခ် (ARAMAIC) စာပေနှင့် မရေးခဲ့ကြလေရာ၊ ထိုခေတ်ထိုကမ္ဘာအပိုင်း အခြားတွင် လူသားတိုင်းနားလည်နိုင်ခဲ့ကြလေသည်။

## ရောမများမှ တစ်ဆင့်ပြင်ဆင်တော်မူခြင်း

ဘုရားသခင်၏ မေရှိယသခင်အတွက် ပြင်ဆင်ခြင်းများသည် စုံလင်လှပေစွ။ ခရစ်တော် ပါလတိနနယ်မြေတွင် ဖွားမြင်စဉ်က ရောမသည် ကမ္ဘာတစ်ခွင်လုံးနီးပါးကို အုပ်စိုးနေခဲ့၏။ ပါလတိနပြည်သည်လည်း ရောမ၏လက်အောက်မှာပင်ရှိသည်။ ရောမသည် ငြိမ်ဝပ်ပိပြားမှုနှင့် ဥပဒေစိုးမိုးရေးကို အလွန်ဦးစားပေး ဂရုစိုက်သူ ဖြစ်သည်။ ဩဂတ်စတပ် ဆီဇာဘုရင်၏ လက်ထက်၌ ရောမ၏ သွေးချောင်းစီး ပြည်တွင်းစစ်ကြီးပြီး ပြတ်၍ ငြိမ်းချမ်းရေးရသည်မှအစ ရောမအင်ပိုင်ယာသည် နယ်မြေချဲ့ထွင်မှုများ အကြီးအကျယ် ပြုလုပ်ခဲ့သည်။ အထူးသဖြင့် ရောမလမ်းမကြီး များ ဖောက်လုပ်လျက် စစ်တပ်များနှင့် လုံခြုံမှုကို တာဝန်ယူခဲ့လေရာ အင်ပါယာတစ်လျှောက်၌ အလွန်တွင်ကျယ်စွာ ခရီးသွားလာနိုင်ခဲ့ကြသည်။ ဩဂတ်စတပ်ဆီဇာသည် ခရမ်းရောင်ဝတ်ရုံနှင့် သရဖူနှင့်ဧကရာဇ်ဘွဲ့ကိုခံကာ အကြွင်းမဲ့အာဏာကို ကိုင်စွဲထားခဲ့ပြီး ပညာသတ္တိရှိရှိဖြင့် အုပ်စိုးခဲ့ရာ ငြိမ်းချမ်းလျက် ချမ်းသာ ကြွယ်ဝသော ခေတ်တစ်ခေတ်ဖြစ်ခဲ့သည်။ ယင်းအချိန်ကာလနှင့်ပတ်သက်၍ ငြိမ်းချမ်းသော ရောမ (PAX ROMANA) ဟုခေါ်ဆိုကြပြီး (၂၇ဘီစီ-အေဒီ ၁၈၀)အထိ အဓွန့်ရှည် ခဲ့လေသည်။ 'ဩဂတ်စတပ်'အား မွေးဖွားခြင်းသည် ဘုရားတစ်ပါးဖွားမြင်ခြင်း ဖြစ်သည်ဟုပင် အများစုက ချီးမွမ်းထောမနာပြုနေကြပြီး ထိုအချိန်တွင် အမှန် တကယ်ပင်လျှင် ဘုရားသခင်သည် လူ့ဇာတိကိုခံယူ၍ ယေရှုဟူသောအမည်ကို ခံယူခဲ့ခြင်းဖြစ်သည်။ လူသားကို ဘုရားတမျှ ထောပနာ ပြုနေကြချိန်တွင် အဘယ်လူသားကမျှ ပေးစွမ်းနိုင်ခြင်း မရှိသော ထာဝရငြိမ်းချမ်းရေး၏ အရှင်ဘုရားသခင်ပေါ်ထွန်းခြင်းပင်ဖြစ်ပါသည်။ ရောမတို့၏ အုပ်ချုပ်ရေးနှင့် ဥပဒေ အာဏာတော်

အောက်တွင် ကယ်တင်ရှင်၏ လူ့ဇာတိအသက်တာ၊ ကယ်တင်ရှင်၏အမှုတော်များအတွက် ဘုရားသခင်ကြိုတင်ပြင်ဆင်ပေးခဲ့လေရာ ဝမ်းမြောက်ဘွယ် ကယ်တင်ခြင်းသတင်းစကားကို ကောင်းစွာ ညွှန်ကြားပြသသွားနိုင်ခဲ့လေ၏။

ဓမ္မသစ်ကျမ်းကို စူးစမ်းလေ့လာခြင်းပြုရာ၌ ကယ်တင်ရှင်ကြွလာတော် မူသောအချိန်၊ ၎င်းကာလ၌ ကမ္ဘာလောကကြီးအတွင်း အသင်းတော်ကိုတည်ဆောက်ချိန် အကြောင်းခြင်းရာများ အကြောင်းကို နားလည်ထားရန် လိုအပ်ပါသည်။ ဓမ္မပညာရှင် MERRILL C. TENNEY ရေးသားဖော်ပြထားသော အောက်ပါစာစုများအားဖြင့် မျက်မှောက်ခေတ် ကျွန်ုပ်တို့ယုံကြည်သူများသည် ဆင်ခြင်သုံးသပ်နိုင်စရာများ ရှိပါလိမ့်မည်။

"ခရစ်ယာန်အသင်းတော်သည် အခြားသောယုံကြည်ကိုးကွယ်ရာ ဘာသာရေးများနှင့် ပြည့်နှက်နေသော ကမ္ဘာလောကကြီး၌ ဖြစ်တည်၍ လာခဲ့ပါသည်။ အဆိုပါယုံကြည်ကိုးကွယ်မှုများ အားလုံးတို့သည် သဘာဝအလျောက် တစ်ခုနှင့်တစ်ခု အကြီးအကျယ်ခြားနားနေသည် မှန်သော်လည်း လက်လှမ်း၍ မှီရန်မလွယ်သည့် အနန္တတန်ခိုးရှင် ဘုရားသခင်ကို တောင့်တသည့်နေရာမှာတော့ အတူတူပင် ဖြစ်လေ၏။ ထိုယုံကြည်ကိုးကွယ်သောဘာသာတရားများအနက် ယုဒတို့၏ ဘာသာတရားကဲ့သို့ မောရှေမှအစ ပရောဖက်များအား ကိုယ့်ကိုကိုယ်ဖော်ပြသည့် ဘုရားသော်လည်းကောင်း၊ လူသတ္တဝါတို့၏ ဇာတိပကတိ အပြစ်တရားနှင့် အပြစ်မှလွတ်မြောက်အောင် ကယ်တင်သည့်တရားကို သော်လည်းကောင်း သေချာရေရာစွာ ဖော်ပြနိုင်သည့် ကိုးကွယ်ရာ ဘာသာဟူ၍ မရှိခဲ့ပေ။ တစ်နည်းဆိုရသော် . . . လူသားတို့၏ လက်ရှိကိုယ်ကျင့် တရားများသည် အပြစ်ဟူသော အရာအတွက် ဆေးမရှိသလို ထိုလူသားတို့အတွက် ကယ်တင်ခြင်းဟူသော တရားလည်း မရှိနိုင်ဘဲ ဖြစ်နေခဲ့လေသည်။

ယုဒဘာသာ၌ပင်လျှင် သမ္မာတရားသည် မရေရာမသေချာဘဲ ထုံးတမ်းစဉ်လာ အကျင့်များနှင့် သော်လည်းကောင်း၊ လုံးဝဥဿုံဂရုမစိုက်ခြင်းဖြင့်သော်လည်းကောင်း ဖြစ်ချင်တိုင်းဖြစ်နေသည်ကို တွေ့ရသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ယုံကြည်၍ နားလည်ခြင်းမရှိသောအခါတွင် ထိုနှုတ်ကပတ်တော်သည် လူသားတို့အတွက် ကမောက်ကမများဖြစ်စေခဲ့သည်ကို တွေ့ရသည်။ အခြေခံသဒ္ဒါ တရားတို့သည် လက်တွေ့တွင်

အလိုတော်အတိုင်း မဟုတ်တော့ဘဲ ပြောင်းပြန်ဖြစ်စဉ်များကို ဖြစ်ပေါ်စေခဲ့သည်။ ဘုရားသခင်၏ အုပ်ချုပ်မှု ဩဇာအာဏာစက်ကို ဂရုမပြုဘဲ ကံကြမ္မာကို ရိုးမယ်ဖွဲ့လာကြသည်။ ကျေးဇူးမေတ္တာတော်အစား မိမိတို့စိတ်ကြိုက်လုပ်ဆောင်မှုတွေ ပိုလာသည်။ ဖြောင့်မတ်ခြင်းတရားထက် ထင်သလိုကျင့်ကြံမှုတွေများပြားလာသည်။ ကိုးကွယ်ဝတ်ပြုခြင်းသည်လည်း အနှစ်သာရမရှိ ဆုတောင်းရာမှာပင် တစ်ကိုယ်ကောင်းဆန်လာကြပြီး ဘုရားသခင်၏ တန်ခိုးတော်အစား အယူသီးမှုများက လွှမ်းမိုးလာခဲ့လေသည်။ တနည်းအားဖြင့် ဘုရားသခင်ဖွင့်ပြသော အလင်းတရားသည် ထင်တိုင်းကြဲခံရသည့် အဆင့်သို့ရောက်၍ ယုံကြည်ခြင်း၌ဖြစ်စေ၊ တန်ဖိုးထားရှိမှု၌ဖြစ်စေ ဝေ့လည်ကြောင်ပတ် မပြတ်မသား ဖြစ်ခဲ့ရလေ၏။ အချို့သော လူသားများအတွက် ဆိုရပါလျှင် အနာဂတ် ဘာမျှမစဉ်းစားတော့ဘဲ စိတ်ကြိုက်ရှင်သန်ရခြင်းသည်ပင် ဘဝ၏အဘိဓမ္မာ ဖြစ်နေခဲ့လေ၏။

လောကကြီး၌ အသက်တာ၏ လမ်းညွှန်ချက်ဟူ၍မရှိ သို့ဖြစ်သောကြောင့် လောလောလတ်လတ်အဆင်ပြေလျှင် ပြီးစတမ်းဟူသည့်ခံယူချက်များ ဖြစ်လာခဲ့လေသည်။ ဘုရားသခင့်အပေါ်၌ သံသယဖြစ်ပွားလျက် ရှေးကာလဘုရားများအစား နောက်ထပ် ဘုရားများကို အသစ်ရှာဖွေလာကြလေသည်။ ထိုအချိန်နှင့် တိုက်ဆိုင်၍ လူသားတို့ ဇာတ်လမ်းဇာတ်ကွက်များကလည်း ဟိုမှသည်မှ ပေါ်ထွက်လာသည်နှင့်အညီ ဆင်းရဲ ချမ်းသာမရွေးလူတန်းစားအသီးအသီးအဖို့ စိတ်ကူးယဉ်ဆန်ဆန် ကိုးကွယ်ယုံကြည်မှုများလည်း ဖြစ်တည်ခဲ့သည်။ တနည်းအားဖြင့် လူ့ဘဝ တန်ဖိုးဖြစ်သောဝမ်းမြောက်ပျော်ရွှင်ခြင်း၊ လူ့ဘဝပန်းတိုးတိုင်တို့ကို လူသားများ မခံစားနိုင်ဘဲ ဆုံးရှုံးခဲ့ ရသည်" [၅၀]

ယင်းသည် MERRILL.C.TENNEY ၏ ဝေဖန်ရေးသားချက်ဖြစ်လျက် တိုးတက်နေသည်ဆိုသော ကျွန်ုပ်တို့ခေတ်အသင်းတော်များကိုယ်တိုင် သတိပြုဆင်ချင် အပ်သော အချက်များပင် ဖြစ်လေသည်။

## ဓမ္မသစ်ကျမ်းအား ဖွဲ့စည်းတည်ဆောက်ပုံ

ဓမ္မသစ်ကျမ်းတွင် ကျမ်းစောင်ရေ ၂၇ခု ပါဝင်၍ ရေးသားသူ ၉ဦးရှိသည်။ သူတို့၏ စာပေအမျိုးအစားအရအများအားဖြင့် အုပ်စု ၃ခုခွဲခြားလေ့ရှိသည်။

၁။ သမိုင်းဆိုင်ရာကျမ်း ၅ခု။ ခရစ်ဝင်ကျမ်းများနှင့် တမန်တော်ဝတ္တု

၂။ သြဝါဒကျမ်း ၂၁ခု ။ ရောမသြဝါဒမှစ၍ ရှင်ယုဒသြဝါဒအထိ

၃။ အနာဂတ္တိကျမ်း ၁ခု ။ ဗျာဒိတ်ကျမ်း

အောက်ဖော်ပြပါဇယားကွက်များအားဖြင့်လည်း ပိုင်းခြားနိုင်သည်။ [၅၁]

<table>
<tr><th colspan="7">ဓမ္မသစ်ကျမ်းများ</th></tr>
<tr><th>သမိုင်း</th><th colspan="5">သြဝါဒစာများ</th><th>အနာဂတ္တိ</th></tr>
<tr><td rowspan="9">ရှင်မဿဲ<br>ရှင်မာကု<br>ရှင်လုကာ<br>ရှင်ယောဟန်<br>တမန်တော်ဝတ္ထု</td><th colspan="4">ရှင်ပေါလု</th><th>အထွေထွေ</th><td rowspan="9">ဗျာဒိတ်ကျမ်း</td></tr>
<tr><th>အမှုတော်ဆောင်ခရီးစဉ်အစပိုင်း</th><th colspan="3">ယေရုရှလင်မြို့၌ အဖမ်းခံရပြီးနောက်</th><td rowspan="8">ရှင်ယာကုပ်သြဝါဒစာ<br>ဟေဗြဲသြဝါဒစာ<br>ရှင်ယုဒသြဝါဒစာ<br>ရှင်ပေတရုသြဝါဒစာပဌမစောင်<br>ရှင်ပေတရုသြဝါဒစာဒုတိယစောင်<br>ရှင်ယောဟန်သြဝါဒစာပဌမစောင်<br>ရှင်ယောဟန်သြဝါဒစာဒုတိယစောင်<br>ရှင်ယောဟန်သြဝါဒစာတတိယစောင်</td></tr>
<tr><td>ဂလာတိသြဝါဒ</td><th>ပဌမအကြိမ်ထောင်ကျစဉ်</th><th>လွတ်မြောက်စဉ်</th><th>ဒုတိယအကြိမ်ထောင်ကျစဉ်</th></tr>
<tr><td>သက်သာလောနိတ်သြဝါဒစာပဌမစောင်</td><td>ကောလောသဲသြဝါဒစာ</td><td>တိမောသေသြဝါဒစာပဌမစောင်</td><td>တိမောသေသြဝါဒစာဒုတိယစောင်</td></tr>
<tr><td>သက်သာလောနိတ်သြဝါဒစာဒုတိယစောင်</td><td>ဧဖက်သြဝါဒစာ</td><td>တိတုသြဝါဒစာ</td><td></td></tr>
<tr><td>ကောရိန္သုသြဝါဒစာပဌမစောင်</td><td>ဖိလေမုန်သြဝါဒစာ</td><td></td><td></td></tr>
<tr><td>ကောရိန္သုသြဝါဒစာဒုတိယစောင်</td><td></td><td></td><td></td></tr>
<tr><td>ရောမသြဝါဒစာ</td><td>ဖိလိပ္ပိသြဝါဒစာ</td><td></td><td></td></tr>
</table>

| ဓမ္မသစ်ကျမ်းတွင်ပါဝင်သော ကျမ်းများ၏ ဦးတည်ချက်များ | | |
|---|---|---|
| **သမိုင်း** | ဝမ်းမြောက်ဘွယ်သတင်းစကား ရှင်မဿဲ၊ ရှင်မာကု၊ ရှင်လုကာ၊ ရှင်ယောဟန် | ရှင်းလင်းဖွင့်ဆိုမှု ကယ်တင်ရှင်ကြွလာခြင်း၊ လူ့ဇာတိနှင့် အလုပ်လုပ်ခြင်း။ |
| **စာအုပ်စာပေ** | တမန်တော်ဝတ္တု တမန်တော်များမှတစ်ဆင့် ဝိညာဉ်တော်ဦးဆောင်လျက် လှုပ်ရှားခြင်း | ကြေငြာချက် ကြွလာတော်မူသော သခင့်သတင်းကို ကြေငြာခြင်း |
| **ဩဝါဒများ** | ဩဝါဒ အသင်းတော်များ၌လူပုဂ္ဂိုလ်များ အတွက် ပေးစာများဖြစ်ခြင်း ရောမဩဝါဒမှ ရှင်ယုဒဩဝါဒ အထိ | ရှင်းလင်းချက် ခရစ်တော်၏ လူ့ဇာတိဘဝနှင့် လုပ်ဆောင်ချက်များကိုသရုပ်ဖော်၍ ယုံကြည်သူခရစ်ယာန်များ ကမ္ဘာ လောကကြီးထဲတွင် အတုယူလျက် အသက်ရှင်ရန်။ |
| **အနာဂတ္တိ** | ဗျာဒိတ်တော် ကယ်တင်ရှင်သခင်ခရစ်တော် နောက်ဆုံးအကြိမ်ကြွလာတော် မူခြင်း | ပြီးမြောက်ခြင်းလောကကြီး အတွက် နောက်ဆုံး ဖြစ်စဉ်များ ကိုကြိုတင်ဖော်ပြလျက်ကယ်တင် ရှင် ပြန်လည်ကြွလာမည့် အကြောင်းသူ၏ အုပ်စိုး ခြင်းနှင့် ထာဝရနိုင်ငံတော်တည်ထောင်မှု။ |

ဓမ္မသစ်ကျမ်းစာသည်အချိန်ကာလအတိုင်း စီစဉ်ခြင်းမဟုတ်ဘဲ ယုတ္တိဗေဒ နည်းလမ်းကျနစွာ ရှေ့နောက်စီစဉ်တင်ဆက်ထားပါကြောင်းကို ဓမ္မပညာရှင် RYRUE က ဖော်ပြခဲ့ သည်။[၅၂] RYRIE ၏အဆိုအရ

"ရှေးဦးစွာ ခရစ်ဝင်ကျမ်းများအားဖြင့် ခရစ်တော်၏ သက်တော်စဉ်ကို မှတ်တမ်း တင်ပါသည်။ ထို့နောက်ခရစ်ယာန်ယုံကြည်ခြင်းတရား နှံ့ပြားသည့်သမိုင်း ဖြစ်စဉ်ကို တမန်တော်ဝတ္တုကဖော်ပြလျက် ဩဝါဒပေးစာများအားဖြင့် အသင်းတော်၏

ပြဿနာများ ကြားမှာ ယုံကြည်ခြင်းအခြေခံမှုများ တည်ဆောက်ပေးခဲ့ပါသည်။ နိဂုံးတွင်မူ ဗျာဒိတ်ကျမ်း အနာဂတ္တိနှင့်ခရစ်တော်၏ဒုတိယအကြိမ်ကြွလာတော်မူခြင်း ကိုရှုပါရုံခံစားရစေပေသည်”

ကျမ်းစာသုတေသီများအနေဖြင့် ဓမ္မသစ်ကျမ်းတို့ရေးသားသည့် နေ့စွဲများကို အတိအကျ သဘောမတူညီကြပါ။ သို့သော် အောက်ပါအချိန်ဇယားအတိုင်း ဖြစ်ခဲ့လိမ့်မည်ဟု အများစုက ခံယူကြပါ၏။

| ကျမ်းအမည် | နေ့စွဲ (A.D) | ကျမ်းအမည် | နေ့စွဲ (A.D) |
|---|---|---|---|
| ရှင်ယာကုပ်ဩဝါဒ | 45-46 | တမန်တော်ဝတ္ထု | 61 |
| ဂလာတိဩဝါဒ | 49 | ရှင်ပေတရုဩဝါဒပဌမစောင် | 63-64 |
| ရှင်မာကုခရစ်ဝင် | 50 60 | တိမောသေဩဝါဒစာပဌမစောင် | 63 |
| ရှင်မဿဲခရစ်ဝင် | 50 60 | တိတုဩဝါဒစာ | 65 |
| သက်သာလောနိတ် (ပနှင့်ဒု) | 51-52 | ဟေဗြဲဩဝါဒစာ | 64-68 |
| ကောရိန္သုဩဝါဒစာပဌမစောင် | 55 | ရှင်ပေတရုဩဝါဒဒုတိယစောင် | 67-68 |
| ကောရိန္သုဩဝါဒစာဒုတိယစောင် | 56 | တိမောသေဩဝါဒဒုတိယစောင် | 66 |
| ရောမဩဝါဒစာ | 57-58 | ရှင်ယုဒဩဝါဒစာ | 70-80 |
| ရှင်လုကာခရစ်ယာန် | 60 | ရှင်ယောဟန်ခရစ်ဝင် | 85-90 |
| ကောလောသဲနှင့် ဖေက်ဩဝါဒ | 60-61 | ရှင်ယောဟန်ဩဝါဒ(ပ၊ဒု၊တ) | 85-90 |
| ဖိလိပ္ပိနှင့် ဖိလေမုန်ဩဝါဒများ | 60-61 | ဗျာဒိတ်ကျမ်း | 96 |

# ဓမ္မသစ်ကျမ်းများကို စုဆောင်းခဲ့ရခြင်း

ဓမ္မသစ်ကျမ်းများတို့သည် သီးသန့်ဖြစ်စေခဲ့သော စာစောင်များဖြစ်ကြပြီး ယင်းတို့ကို အချိန်ကြာမြင့်စွာပြန်လည် စုဆောင်းပြီးမှ ကျမ်းစာအတွဲအဖြစ် တည်ဆောက်၍ နှုတ်ကပတ်တော်မှာပါဝင်လာရသည်။ ဘုရားသခင်၏ စောင့်ထိန်းမှုအားဖြင့် ဤကျမ်း ၂၇စောင်တို့ကို ကနဦးအသင်းတော်၏ အခြားစာပေများနှင့် သီးသန့်ခွဲထုတ်ခဲ့ရပါသည်။ ဤသို့နှုတ်ကပတ်တော်ဝင် ကျမ်းစာအဖြစ်သတ်မှတ်ရသည်မှာ သူတို့တွင် တွေ့မြင်ရသော ဝိညာဉ်အနှစ်သာရများနှင့် ကျမ်းပြုပုဂ္ဂိုလ်များ၏ တမန်တော်အခွင့်အာဏာ ပါဝင်ခြင်းများကြောင့်ဖြစ်သည်။ ဓမ္မပညာရှင် RYRIEကပင်လျှင် အကောင်းဆုံး ဖွင့်ဆိုရာ၌-

"ဤကျမ်းများကို ပြုစုပြီးနောက်၌ ကောက်ကာငင်ကာစုစည်းပြီး ကျမ်းစာအဖြစ် သတ်မှတ်ခဲ့ခြင်းမဟုတ်ပါ။ ဓမ္မသစ်ကျမ်းစာစောင် ၂၇ကို နှုတ်ကပတ်တော်မှာ စာရင်း သွင်းရမည်ဟု မဖြစ်မနေလုပ်ကိုင်ဆောင်ရွက်ခြင်း မရှိခဲ့ပါ။ ရှင်ပေါလု၏ ဆုံးမဩဝါဒစာ များ၊ ခရစ်ဝင်ကျမ်းများစသည့် စာစောင်များကို အသင်းတော်များ၊ သက်ဆိုင်ရာ ယုံကြည် သူများက တရိုတသေ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပြီး နောက်ပိုင်းကျမှ တစ်ဖြေးဖြေးချင်း ဆန်းစစ်စုစည်းခဲ့ရခြင်းဖြစ်ပါသည်။ ဤကျမ်း ၂၇စောင်စလုံးကိုလည်း ကနဦးအသင်း တော်များအားလုံးသည် တစ်ညီတညွတ်တည်းတရားအသိအမှတ် ပြုခဲ့ကြပါသည်။" ဟူ၍ ဖော်ပြထားပါသည်။

ဤအမှုတော်သည် နှစ်ပေါင်း ၃၅၀ခန့်ကြာမြင့်အောင် လုပ်ခဲ့ရသော အလုပ်ဖြစ်သည်။ ဒုတိယရာစုနှစ်အတွင်းမှာဆိုလျှင် အယူအဆအမှားများကို တွင်တွင်ကျယ်ကျယ် ထုတ်ဝေ ဖြန့်ချိခဲ့ကြပါ၍ အသက်ရှင်သော နှုတ်ကပတ်တော်ကို အလေးအနက်ပိုင်းစုစည်းရန် အခြေအနေဆိုက်ရောက်ခဲ့သည်။ ဤသို့ပိုင်းခြား ဆန်းစစ်ရာတွင် အောက်ပါဖော်ပြပါ စံချိန်များရှိခဲ့ပါ၏။

၁။ ထိုစာစောင်သည် တမန်တော်ရေးသော သို့မဟုတ်အတည်ပြုသော စာစောင်ဖြစ်ပါ၏လော။

၂။ ထိုစာစောင်၌ ပါဝင်သော ကျမ်းတို့သည် ဝိညာဉ်တော်တန်ခိုးရှိပါ၏ လော။

၃။ ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော်မှုတ်သွင်းထားကြောင်း သိသာပါ ၏လော။

၄။ ယုံကြည်သူအသင်းတော်များက ကျယ်ပြန့်စွာလက်ခံနိုင်ပါ၏လော။

မည်သို့ပင်ဖြစ်စေ . . . ရာစုသစ်၏ အသင်းတော်များမှာ နူတ်ကပတ်တော် ကျမ်းစာအားလုံးကို တစ်သွေးတစ်သံတစ်မိန့်ထဲ လက်ခံခဲ့ကြသည်တော့ မဟုတ်ပါ။ သို့သော် ကျမ်းစာများသည် အတုအယောင်များအဖြစ် ပုတ်ခတ်ရှုံ့ချမှုများ မရှိခဲ့ကြဘဲ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက် ရည်ညွှန်းသော ကျမ်းများဖြစ်သော ဖိလေမုန်၊ ရှင်ယောဟန်ဩဝါဒစာ ဒုတိယနှင့် တတိယစောင်တို့ကဲ့သို့သော ကျမ်းများ ကို ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေအသုံးပြုခြင်း မရှိခဲ့ကြပေ။ အများဆုံးအငြင်းပွား ခဲ့ရသော ကျမ်းများမှာ ရှင်ယာကုပ်၊ ရှင်ယုဒ၊ ရှင်ပေတရုဩဝါဒစာဒုတိယစောင်၊ ရှင်ယောဟန်ဩဝါဒစာ ဒုတိယစောင်၊ ဖိလေမုန်ဩဝါဒစာတို့ဖြစ်ခဲ့ပြီး နှောင်းပိုင်းတွင်မူ အများစုသဘောတူလက်ခံလာကြသည် သာမက ဗီ ၃၉၇ ၌ ကာသေ့ချ်မြို့ကြီးတွင် ကျင်းပသည်။ အသင်းတော်များကောင်စီညီလာခံက တခဲနက်အတည်ပြု ခြင်းကို ခံရလေသည်။

ဓမ္မသစ်ကျမ်းမူရင်း၌ ပါရှိသော အချက်အလက်များကို တိုက်ရိုက်တုပကူးယူမှုများ မရှိခဲ့သော်လည်း အနည်းနှင့်အများဆိုသလို ကိုးကားဖော်ပြထားသည့် ဂရိခ်လက်ရေးမူပေါင်း ၄၅၀၀၊ လက်တင်ဘာသာဖြင့် လက်ရေးမူပေါင်း ၈၀၀၀နှင့်တကွ၊ မူရင်းကိုဘာသာပြန်ဆိုထားသော စာအုပ်ပေါင်းအနည်းဆုံး ၁၀၀၀ရှိပါသည်။ ယင်းစာအုပ်စာပေများကို ဂရုတစိုက် လေ့လာသုံးသပ်ခြင်းအားဖြင့်လည်း ဓမ္မသစ်ကျမ်းစာသည် အလွန်တိကျမှန်ကန်သည် သစ္စာတရားဖြစ်ကြောင်း နားလည်လာရပေ၏။ [၅၃]

## အပိုင်း (၁)

# သမိုင်းနှင့်ယှဉ်ခရစ်ဝင်များ

# နိဒါန်း

ဓမ္မသစ်ကျမ်းများသည် သမိုင်း၊ ဩဝါဒ၊ ဗျာဒိတ်ဟူ၍ စာပေအမျိုးအစား သုံးခု စုပေါင်းထားကြောင်းကို သိခဲ့ရပါပြီ။ ခရစ်ဝင်ကျမ်းများဟူသည့် ဝမ်းမြောက်ဘွယ် ကယ်တင်ခြင်းတရားကို ဖွင့်ဆိုသောကျမ်းများ ၄စောင်သည် ဓမ္မသစ်ကျမ်း၏ ၄၆ ရာခိုင်နှုန်းကို ဖုံးလွှမ်းနေပြီး အကယ်၍ တမန်တော်ဝတ္ထုကိုပါ ထည့်သွင်းလျှင် သမိုင်းနှင့် ဆိုင်သောကျမ်းများစုစုပေါင်းသည် ဓမ္မသစ်ကျမ်း၏ ၆၀ရာခိုင်နှုန်းရှိမည် ဖြစ်လေသည်။ ခရစ်ယာန်ယုံကြည်ခြင်းတရားသည် ခရစ်ဝင်ကျမ်းများ၏ သဘာဝဖြစ်သော သမိုင်းမှန်ကန်မှုအပေါ်မှာ တည်ဆောက်ခြင်းဖြစ်လျက် ဝမ်းမြောက်ဘွယ်သော ကောင်းသတင်းကို အခြားသောကျမ်းများမှတစ်ဆင့် ဆင်းသက်လာခြင်းဖြစ်ကာ လက်ဆင့်ကမ်းဖော်ပြပေးလျက်ရှိပါသည်။ ယင်းသည် စစ်မှန်သော သမိုင်းကြောင်းဖြစ်ရပ်တို့၏ သက်သေခံချက်ဟု ဆိုရမည်လည်းဖြစ်ပါသည်။ ခရစ်ဝင်ကျမ်း ၄ဆူတို့သည် ယေရှု၏ လူ့ဇာတိခံယူခြင်းနှင့် ဘဝအသက်တာ၊ အသေခံတော်မူခြင်းနှင့် ရှင်ပြန်ထမြောက်တော်မူခြင်းများကို

ဖော်ပြပေး၍ တမန်တော်ဝတ္ထုမှာမူ ရှေးဦးခရစ်ယာန်အသင်းတော်များတွင် တမန်တော်ကြီးများ အမှုတော်ဆောင်ခဲ့ပုံများကို ဖော်ပြထား၏။

ထို့ကြောင့်တမန်တော်ဝတ္ထုဆိုသည်မှာ တမန်တော်တို့၏ ဩဝါဒကျမ်းများကို နားလည်စေရန်အတွက် မရှိလျှင်မဖြစ်သော ကျမ်းကြီးဟူ၍လည်း ဆိုရပါမည်။ ထိုဩဝါဒစာများသည် သမိုင်းဝင်အရပ်ဒေသ အသီးသီးမှ လူသားများဆီသို့ အမှန် တစ်ကယ်ရေးသားပေးလိုက်သော စာများပင်ဖြစ်လေသည်။ အချုပ်အားဖြင့်ဆိုရပါမူ ဓမ္မသစ်ကျမ်းဆိုသည်မှာ လူ့သမိုင်းအတွင်း၌ အသက်ရှင်တော်မူသော ဘုရားသခင်၏ သတင်းကောင်းများကို ဆောင်ကြဉ်းလာသော သမိုင်းမှတ်တိုင်အဖြစ် အတိတ်ကာလမှ သည်ပစ္စုပ္ပန်၊ အနာဂါတ်ကာလ သုံးပါးစလုံးအတွက် ဘုရားသခင်၏ သမ္မာတရားအလင်းရောင်ကို ဖော်ပြနေလေသတည်း။

## ဆင်တူခရစ်ဝင်ကျမ်းများ (SYNOPTIC GOSPELS)

ခရစ်ဝင်ကျမ်းတစ်ခုချင်းကို မစူးစမ်းမီ 'ဆင်တူခရစ်ဝင်ကျမ်းများ' ဟူသော ဝေါဟာရကို ရှင်းဖို့လိုအပ်ပါမည်။ ခရစ်ဝင်ကျမ်းတိုင်းမှာ တိကျသော အလေးအနက် ထားမှုနှင့် ရည်ရွယ်ချက်သီးသန့်စီရှိကြသော်လည်း ရှင်မဿဲ၊ ရှင်မာကု၊ ရှင်လုကာတို့ကို ဆင်တူကျမ်းများဟု ဆိုထားလေသည်။ အဘယ်ကြောင့်ဆိုသော် ခရစ်တော်၏ သက်တော်စဉ်ကို ထိုကျမ်းသုံးစောင်သည်အတူတစ်ကွ ရှုမြင်ကြလျက်ဖြစ်စဉ် ဖြစ်ရပ်များ၏ အကြောင်းအခြေခံနှင့် တင်ပြမှုများတွင်လည်း သဘောထားတူမျှကြသည်ကို တွေ့ရသောကြောင့် ဖြစ်ပေသည်။ ထိုမျှမက ဆင်တူကျမ်း ၃စောင်စလုံးသည် ရှင်ယောဟန်ခရစ်ဝင်အရ တွေ့မြင်ရသော ခရစ်တော်၏ သဏ္ဍာန်တော်ကိုလည်း ပို၍ အသက်ဝင်စေရန် ဘဝသရုပ်ကိုဖော်ပြပေးနိုင် ကြလေသည်။ အောက်ဖော်ပြပါအချက်များသည် ဆင်တူခရစ်ဝင်ကျမ်း ၃စောင်အတွင်းတူညီမှုရှိသော အပိုင်းများကို ဖော်ပြနေပါသည်။

- ♥ ဗတ္တိဇံဆရာယောဟန်၏မေရှိယအတွက်ကြွေကြောချက်

(မဿဲ၊ ၃၊ မာကု၊ ၁၊ လုကာ၊ ၃)

- ♥ ယေရှုဗတ္တိဇံခံယူခြင်း (မဿဲ၊ ၃၊ မာကု၊ ၁၊ လုကာ၊ ၃)

- ♥ ယေရှုအားစုံစမ်းနှောင့်ယှက်ခြင်း (မဿဲ၊ ၄၊ မာကု၊ ၁၊ လုကာ၊ ၄)
- ♥ ဆုံးမသြဝါဒပြုခြင်းနှင့် အံ့ဘွယ်နိမိတ်ပြသခြင်း (ကျမ်းတိုင်း၏ အပိုင်းအများစု)
- ♥ သဏ္ဌာန်တော်ပြောင်းလဲခြင်း (မဿဲ၊ ၁၇၊ မာကု၊ ၉၊ လုကာ၊ ၉)
- ♥ တရားစီရင်မှု၊ သေခြင်းနှင့် သင်္ဂြိုလ်ခံတော်မူခြင်း

  (မဿဲ၊ ၂၆-၂၇၊ မာကု၊ ၁၄-၁၅၊ လုကာ၊ ၂၂-၂၃)
- ♥ ရှင်ပြန်ထမြောက်တော်မူခြင်း (မဿဲ၊ ၂၈၊ မာကု၊ ၁၆၊ လုကာ၊ ၂၄)

## ခရစ်ဝင်ကျမ်း ၄စောင်၏ ရည်မှန်းချက်နှင့်တိကျသော ဦးတည်ချက်

ကျမ်း ၄စောင်စလုံး၏ ရည်မှန်းချက်သည် ယေရှုခရစ်တော်၏ ဘုရား ဇာတိကို ဖော်ပြရန် ဖြစ်လေ၏။ (ရှင်မဿဲခရစ်ဝင်၊ ၁၆း၁၃-၁၆) တွင် ဤသို့တွေ့မြင်ရပါ သည်။

> *"ယေရှုသည် ဖိလိပ္ပုကဲသရိမြို့၏ ကျေးလက်သို့ ကြွတော်မူသော အခါလူများ တို့သည် လူသားဖြစ်သော ငါ့ကိုအဘယ်သူဖြစ်သည် ဆိုကြသနည်းဟု တပည့်တော် တို့ကို မေးမြန်းတော်မူလျှင် လူအချို့က ကိုယ်တော်သည် ဗတ္တိဇံဆရာယောဟန် ဖြစ်သည် ဟူ၍၎င်း၊ အချို့က ဧလိယဖြစ်သည်ဟူ၍၎င်း၊ အချို့ကယေရမိမှစ၍ ပရောဖက်တစ်ပါး ပါးဖြစ်သည်ဟူ၍၎င်း ဆိုကြပါ၏ဟု လျှောက်ကြသော်၊ သင်တို့လည်း ငါ့ကို အဘယ်သူဖြစ်သည် ဆိုကြသနည်းဟု မေးမြန်းတော်မူလျှင်၊ ရှိမုန်ပေတရုက ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက် ရှင်တော်မူသော ဘုရားသခင်၏ သားတော်ဖြစ်တော်မူသည်ဟု လျှောက်လေ၏"*

(ရှင်မဿဲခရစ်ဝင်၊ ၁၆း၁၄)သည် ယေရှု၏ ခေတ်ကာလဌ်များစွာသော လူသားတို့၏ ခံယူချက်မတူညီပုံကို ဖော်ပြနေပါသည်။ အလွန်နည်းပါးသော လူတစ်စုကသာလျှင် ခရစ်တော်ကို ဘုရားသခင်၏ သားတော်ဟု ခံယူခဲ့ကြပါသည်။ သို့ဖြစ်၍ . . . သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းညွှန်မှုနှင့်အညီ ခရစ်ဝင်ကျမ်း ရေးသားသူတို့သည် ယေရှု၏ အဖြစ်တော်အမှန်ကို သူ၏လူ့ဇာတိ၊ သူ၏ လုပ်ဆောင်ချက်များမှတဆင့် အသိပေး

ဖော်ပြပေးခဲ့ကြလေ၏။ ဤနည်းအားဖြင့် ခရစ်ဝင်ကျမ်း ၄စောင်မှတစ်ဆင့် တိကျပြတ်သားသော သူတို့၏ ဦးတည်ချက်များကို ဖော်ပြသွားခဲ့ကြပြီး တပည့်တော်များအတွက် သခင်ခရစ်တော်သိစေချင်သော အဖြေများကို ဖော်ပြသွားခဲ့လေသည်။ တနည်းအားဖြင့် ယေရှုဘယ်သူနည်းဟူသော အဖြေပင် ဖြစ်ပါသည်။ သူတို့သည် သခင်ခရစ်တော်အားဖြင့် ဓမ္မဟောင်းကျမ်းများက မျှော်လင့်ခဲ့သည့် မေရှိယကယ်တင်ရှင်၊ ဘုရားသခင်၏ အစေခံကျွန်၊ လူသား၊ ဘုရားသခင်၏သားတော်၊ ထို့နောက် . . . လောက၏ ကယ်တင်ရှင်ဖြစ်ကြောင်းကို အလေးအနက်ဖော်ပြခဲ့သည်။ ခရစ်ဝင်ကျမ်းများ အားလုံးတို့သည် လူ့ဇာတိကို ခံယူသော ဘုရားသခင်၏ သဏ္ဌာန်တော်ကို လည်းကောင်း၊ ခရစ်တော်၏ အမှုတော် ဆောင်ရွက်ချက်များကိုလည်းကောင်း တိကျသောပုံရိပ်များနှင့် ပြသသွားခဲ့လေ၏။

ရှင်မဿဲခရစ်ဝင်ကျမ်းသည် ဂျူးလူမျိုးတို့အား သူတို့ မျှော်လင့်စောင့်စားနေသော မေရှိယကယ်တင်ရှင်သည် နာဇရက်မြို့သားယေရှုဖြစ်ကြောင်း ဂျူးလူမျိုးတို့၏ ဘုရင်ဖြစ်ကြောင်းကို ဖော်ပြသွားခဲ့သည်။ ရှင်မဿဲသည် ယေရှု၏ဆွေတော်စဉ် မျိုးတော်ဆက်ကို ဖော်ပြလျက်ထိုသခင်သည် လူသားတို့၏ငြင်းပယ်ခြင်းနှင့် အသေသတ်ခြင်းကိုခံရသော်လည်း ဓမ္မဟောင်းကျမ်းများမှ ဖော်ပြခဲ့သည့် မေရှိယ ကယ်တင်ရှင်ဖြစ်ကြောင်းကို ပညတ္တိကျမ်းချက် (၁၀)ချက်အားဖြင့် ဖော်ပြခဲ့သည် (ရှင်မဿဲ၊ ၁း၂၃၊ ၂း၁၅၊ ၂း၁၈၊ ၂း၂၃၊ ၄း၁၅၊ ၈း၁၅၊ ၁၂း၁၈-၂၁၊ ၁၃း၃၅၊ ၂၁း၅၊ ၂၇း၉-၁၀)တို့ဖြစ်၏။ ကယ်တင်ရှင်ယေရှုသည် လူမျိုးတော် အများစု၏ ငြင်းပယ်ခြင်းကိုခံရန် ကားတိုင်တော်တွင် အသက်စွန့်ခဲ့ရသော်လည်း အသေကောင်မရှိသည့် သင်္ချိုင်းဂူမှ ထမြောက်သွားခဲ့သည်။

ရှင်မာကုခရစ်ဝင်ကျမ်းသည် စကားများများမပြောဘဲအလုပ်ကိုသာ များများလုပ်တတ်သော ရောမလူမျိုးတို့အတွက် ယေရှုသည် ဘုရားသခင်၏ အစေခံကျွန်၊ မိမိအသက်တော်ကို လူအများအတွက် ပူဇော်သောသခင်အဖြစ် ဖော်ပြခဲ့သည်။ ထိုသို့တင်ဆက်ဖော်ပြရာတွင် မာကုသည် တိုတုတ်သော ခရစ်ဝင် ကျမ်းစာအသက်ဝင်အောင်၊ တက်ကြွအောင်ရေးသားခဲ့သည်။ မျက်မြင်သက်သေများထံမှ ခိုင်လုံသည့် အထောက်အထားများကို ပြဆိုခဲ့သည်။ ခရစ်တော်ယေရှု၏ နောက်ဆုံးရက်သတ္တပတ်ဖြစ်စဉ်များကို အထူးသဖြင့် ဖော်ပြသွားသည်။ ရှင်မာကု ခရစ်ဝင်ကျမ်း၏ သုံးပုံတစ်ပုံသည် ခရစ်တော်၏ အရေးကြီးသမျှ အရာရောက်သော နောက်ဆုံးနေ့ရက်ဖြစ်စဉ်များကို ဖော်ပြထားသည်။

ရှင်လုကာတည်းဟူသော ဆရာဝန်၊ သမိုင်းပညာရှင် ခရစ်တော်ကို လူသား တစ်ဦး အဖြစ်ပီပြင်စွာ ဖော်ပြသည်။ လူသားသည် ပျောက်သောသူတို့ကို ရှာ၍ ကယ်တင်အံ့ သောငှါ ကြွလာသတည်း” ဟု (၁၉း၁၀)တွင် ဖော်ပြခဲ့သည်။ ရှင်လုကာသည် ခရစ်တော်၏ လူ့ဇာတိခံဘဝအဖြစ်စဉ်ကို ဖော်ပြရင်း ဘုရားသခင်၏ ဇာတိဖြစ်စဉ်ကိုလည်း ကြေငြာပေးခဲ့သည်။ အချို့သမိုင်းပညာရှင်များကမူ ရှင်လုကာသည် ဂရိခ်လူမျိုး ဖြစ်သည့် အားလျော်စွာ လူသား၏ အဘိဓမ္မာများကို ပိုမိုသုံးစွဲခဲ့သည်ဟု ယူဆကြလေသည်။

ရှင်ယောဟန်သည် ခရစ်တော်ကို ထာဝရအသက်နှင့် ပြည့်စုံကြွယ်ဝစေသော ဘုရား၏ သားတော်အဖြစ်ယုံကြည်သူများအားပေး ပိုင်သူဟုဆိုခဲ့သည် (၁း၁-၂ယ ၁၂၊ ၃း၁၆-၁၈ယ ၃၆၊ ၁၀း၁၀)။ ရှင်ယောဟန်၏ရေးသားမှုများသည် လူ့လောက တစ်ခုလုံးအတွက် ဖြစ်ယုံမကအသင်းတော်သို့ ဦးတည်ရည်ညွှန်းခဲ့သည်။ အခန်း ၅ခုသည် ခရစ်တော်၏ အသေခံတော်မမူမှီ နာရီအနည်းငယ်အတွင်း တပည့်တော်များ အားပေးသောကျမ်း များဖြစ်သည်။ ထိုမျှမကအံ့ဘွယ်သော တန်ခိုးနိမိတ်လက္ခဏာ ၇ခုကို ယုံကြည်သူများ အတွက် ထာဝရအသက်အဖြစ် အားပေးဖော်ပြခဲ့သည် (ယောဟန်၊ ၂၀း၃၀-၃၁)။

# ရှင်မဿဲခရစ်ဝင်ကျမ်း

## (ယုဒဘုရင် ဖြစ်တော်မူခြင်း)

### ကျမ်းရေးသူနှင့် ကျမ်းအမည်

ခရစ်ဝင်ကျမ်းများတစ်ခုစီသည် ကျမ်းရေးသူလူသား၏အမည်ကို ယူလေ့ရှိ ပေ၏။ယခု ဤကျမ်းသည် အခြားခရစ်ဝင်ကျမ်းများကဲ့သို့ ရေးသူ၏အမည်ကို မဖော်ပြသော်လည်း ကနဦးအသင်းတော်များအနေဖြင့် တမန်တော်ကြီးရှင်မဿဲ ရေးသားသည်ဟု လက်ခံကြ သည်။ အလွန်ရှေးကျသည့် စာပေရှုဒေါင့်မှ ဝေဖန်သူများကလည်း “ရှင်မဿဲ၏ အဆို အရ” ဟူ၍ ဤကျမ်းကို ခေါင်းစဉ်တပ်ခဲ့ကြပြီဖြစ်လေ၏။ ရှင်မဿဲ သို့မဟုတ် ခရစ်တော်၏ တပည့်တော်အရင်းအခြာဖြစ်သော ရှင်မဿဲသည် မိမိ၏ ဂျူးလူမျိုးများအား

သူတို့မျှော်လင့် စောင့်စားနေကြသည့် မေရှိယကယ်တင်ရှင်အကြောင်းကို ဖွင့်ဆိုခဲ့ခြင်းပင် ဖြစ်ပါသည်။ သူ၏မူရင်းအမည်မှာ လေဝိဖြစ်သည်။ သူဘခင်မှာ အာလပဲ(ALPHAEUS) ဖြစ်သည် ဟုဆိုသည်။ သူသည် သခင်၏နောက်တော်သို့ မလိုက်မီမှာ အခွန်ခံတစ်ယောက် ဖြစ်ခဲ့သည် (မဿဲ၊ ၉း၉၊ ၁၀၊ မာကု၊ ၂း၁၄-၁၅)။ သခင်ယေရှုခေါ်သောအခါ ချက်ခြင်းနောက်တော်သို့လိုက်သည်ကို ထောက်သော်သူသည် ယေရှု၏အမှုတော်မြတ်ကို နှစ်သက်မြတ်နိုးနေသူဟူ၍ ခန့်မှန်းရသည်။

ကျမ်းကိုရေးသားသောခုနှစ်

AD ၅၀ သို့မဟုတ် ၆၀

ရှင်မဿဲ၏နေ့စွဲကို AD ၄၀မှစ၍ ၁၄၀အထိအမျိုးမျိုးအယူအဆ ရှိကြသည်။ သို့သော်ယေရုရှလင်မြို့တော်ကြီး ပျက်စီးမည့် AD ၇၀အတွက် ကြိုတင်ဖော်ပြထားသည့်အတွက် ထိုအချိန်မတိုင်မီ ရေးသားခြင်းဟု ဆုံးဖြတ်သင့်၏။ (၂၄း၂)အများစုက အစောဆုံး ရေးသားသည့် ခရစ်ဝင်အဖြစ် AD ၅၀ဟုအခိုင်အမာ ဆိုကြသည်။ အချို့ကမူ အစောဆုံး ကျမ်းမဖြစ်နိုင်ဟု AD ၆၀ကိုစွဲယူ ကြလေသည်။

ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

၁၆း၁၃-၁၅ အတွင်းယေရှုကသူ၏ တပည့်တော်များကို မေးခဲ့သော မေးခွန်းများအရ ရှင်မဿဲအနေဖြင့် ဂျူးလူမျိုးများကို နာဇရက်မြို့သားယေရှု၏ အဖြစ်တော်အစစ်အမှန်ကို သိစေလိုသည်။ ထို့ကြောင့် ဤကျမ်းကိုရေးသည် ဟုဆိုသည်။ ယေရှုသည် ဓမ္မဟောင်းကာလ ပရောဖက်တို့ဗျာဒိတ်ပြုခဲ့သော မေရှိယကယ်တင်ရှင်ဖြစ်ပါသလား၊ ဖြစ်သည်ဆိုလျှင် ထိုအချိန်က ဘာသာရေး ခေါင်းဆောင်များသည် ယေရှုကို အဘယ်ကြောင့် လက်မခံသနည်း၊ ယေရှုသည်လည်း ကောင်းကင်နိုင်ငံတော်ကို အဘယ်ကြောင့် မတည်ထောင်သနည်း၊ နောင်တွင်ရော . . . တည်ထောင်ဦးမည်လော . . . ဘယ်အချိန်မှာ တည်ထောင်မည်နည်း။ စသည်ဖြင့် မေးစရာများရှိခဲ့ရာ ရှင်မဿဲအနေဖြင့် ယေရှုသည် ဂျူးလူမျိုးတို့ စောင့်စားခဲ့ရသော မေရှိယဖြစ်သည်ကို ဆွေတော်စဉ်မျိုးတော်ဆက်စာရင်းနှင့် ရှင်းပြခဲ့သည် (၁း၁-၇)၊ မာဂုပညာရှိတို့၏ ဖူးမြော်ခြင်းနှင့် သက်သေပြခဲ့သည် (၂း၁-၁၂)။ ယေရုရှလင်မြို့တော်သို့ ဝင်ရောက်ခြင်းနှင့် ဖော်ထုတ်ခဲ့သည် (၂၁း၅)။ လူသားတို့အားအပြစ်စီရင်ခြင်း (၂၅း၃၁-၄၆)နှင့် အတည်ပြုခဲ့သည်။ ကောင်းကင်

နိုင်ငံတော်၏ အကြောင်းကို ဖော်ပြရာတွင် အခြားသော ခရစ်ဝင်ကျမ်းများနှင့် ဖော်ပြချက်ခြင်းတူညီမှုရှိ၍ ဓမ္မဟောင်းအနာဂတ္တိတို့ ဆက်လက်ပြည့်စုံရဦးမည်ကို နားလည်စေပါသည်။

## ခရစ်တော်အားရှင်မဿဲခရစ်ဝင်ကျမ်း၌ တွေ့ရပုံ

ရှင်မဿဲသည် ယေရှုကို ဓမ္မဟောင်းကာလ၌ မျှော်လင့်ခဲ့ရသော မေရှိယ ကယ်တင်ရှင်အဖြစ် သရုပ်ဖော်ခဲ့သည်။ အာဗြဟံ၊ ဒါဝိဒ်တို့မှ ဆင်းသက်သော သားဖြစ်သည်။ ထို့ကြောင့် ဒါဝိဒ်၏မင်းဆက်အနေဖြင့် နိုင်ငံတော်ကို ပိုင်သခွင့်ရှိ သည်။ 'ကောင်းကင်ဘုံရှင်' (KING OF HEAVEN)ဟူသော ဝေါဟာရကို သူ၏ ကျမ်းတစ်လျှောက်တွင် ၃၂ကြိမ် သုံးစွဲဖော်ပြခဲ့သည်။ ထိုမျှမက ဓမ္မဟောင်းကျမ်း အနာဂတ္တိများယေရှု၏ လူ့ဇာတိခံယူချိန်အတွင်း ၁၀ကြိမ်တိုင်ပြည့်စုံသည့်အကြောင်းကို မီးမောင်းထိုးဖော်ပြခဲ့သည်။ အခြားသော ခရစ်ဝင်ကျမ်းများထက်ဓမ္မဟောင်းကျမ်းကို အသုံးချကိုးကားရာမှာ ရှင်မဿဲခရစ်ဝင်ကျမ်းသည် ပို၍များသည်။ အကြိမ်ပေါင်း ၁၃၀တိုင်ရှိကြောင်း တွေ့ရလေသည်။

## အဓိကအရေးကြီးသည့်အချက်များ

၁။ လူ့ဇာတိနှင့် ဘုရင်အဖြစ်ကြွလာတော်မူခြင်း (၁း၁-၄း၂၅)

- က။ မွေးဖွားခြင်း (၁း၁-၂၅)
- ခ။ အသိအမှတ်ပြုခြင်း (၂း၁-၁၂)
- ဂ။ ထွက်ပြေးတိမ်းရှောင်ခြင်း (၃း၁၃-၂၃)
- ဃ။ သူ့အတွက်ပြင်ဆင်ရသူ (၃း၁-၁၇)
- င။ စုံစမ်းနှောက်ယှက်ခြင်း (၄း၁-၁၁)
- စ။ ပဌမတပည့်တော်များ (၄း၁၂-၂၅)

၂။ ကြေငြာခြင်းနှင့် ဘုရင်အဖြစ်ဟောပြောသွန်သင်ခြင်း (၅း၁-၇း၂၉)

- က။ ကိုယ်အမူအရာ (၅း၁-၁၂)

ခ။ ယုံကြည်သူတို့တာဝန် (၅း၁၃-၂၀)

ဂ။ လူမှုဆက်ဆံရေး (၅း၂၁-၄၈)

ဃ။ ပေးလှူခြင်း၊ ဆုတောင်းခြင်း၊ အစာရှောင်ခြင်း (၆း၁-၁၈)

င။ စစ်မှန်သော ရတနာ (၆း၁၉-၃၄)

စ။ ပညတ်တော်များဖြည့်ဆီးခြင်း (၇း၁-၂၉)

၃။ ဘုရင်၏အခွင့်အာဏာနှင့် (၈း၁-၁၁း၁)

က။ ကုသခြင်း (၈း၁-၁၇)

ခ။ ခေါ်ယူခြင်း (၈း၁၈-၂၂)

ဂ။ မုန်တိုင်းကို ငြိမ်းစေခြင်း (၈း၂၃-၂၇)

ဃ။ နတ်ဆိုးကို နှင်ထုတ်ခြင်း (၈း၂၈-၃၄)

င။ ထပ်မံကုသခြင်း (၉း၁-၃၈)

စ။ တပည့်တော်များအား ညွှန်ကြားခြင်း (၁၀း၁-၁၁း၁)

၄။ အရှင်သခင်အဖြစ်လက်မခံသောအစီအစဉ်များတိုးတက်ဖြစ်ပေါ်မှု (၁၁း၂-၁၆း၁၂)

က။ ဗတ္တိဇံဆရာယောဟန်ကို ချီးမွမ်းခြင်း (၁၁း၂-၁၉)

ခ။ နောင်တရကြ (၁၁း၂၀-၃၀)

ဂ။ ဖါရိရှဲတို့ တိုက်ခိုက်မှု (၁၂း၁-၅၀)

ဃ။ ပုံပြင်ဥပမာများ (၁၃း၁-၅၈)

င။ ယောဟန်ကို ခေါင်းဖြတ်မှု (၁၄း၁-၁၂)

စ။ ပိုမိုများပြားသည့်အံ့ဘွယ်တန်ခိုးလက္ခဏာများ (၁၄း၁၃-၃၆)

ဆ။ အကျင့်နှင့် လျှို့ဝှက်ညစ်ညူးမှု (၁၅း၁-၂၀)

ဇ။ ကုသမှုများ (၁၅း၂၁-၃၉)

ဈ။ ပိုမိုဆန့်ကျင်တိုက်ခိုက်ကြပြီ (၁၆း၁-၁၂)

၅။ ဘုရင့်တပည့်တော်များအားပြင်ဆင်ခြင်း (၁၆း၁၃-၂၀း၂၈)

က။ ပေတရု၏ ဝန်ခံချက် (၁၆း၁၃-၂၈)

ခ။ ကိုယ်ရောင်ကိုယ်ဝါတောက်ပခြင်း (၁၇း၁-၁၃)

ဂ။ နတ်ဆိုးစွဲခြင်း (၁၇း၁၄-၂၃)

ဃ။ ယုံကြည်ခြင်းနှင့် အခွန်ကောက်မှု (၁၇း၂၄-၂၇)

င။ ယုံကြည်ခြင်းနှင့် ချစ်ခြင်း (၁၈း၁-၁၉း၁၂)

စ။ ယုံကြည်ခြင်းနှင့် ကလေးသူငယ်များ (၁၉း၁၃-၁၅)

ဆ။ ယုံကြည်ခြင်းနှင့် နောက်တော်လိုက်ခြင်း (၁၉း၁၆-၃၀)

ဇ။ ကတိသစ္စာအကြောင်း (၂၀း၁-၁၆)

ဈ။ အာဏာလား၊ အစေခံခြင်းလား (၂၀း၁၇-၂၈)

၆။ ဘုရင်အဖြစ်ဖော်ပြမှု (၂၀း၂၉-၂၃း၃၉)

က။ ကန်းသူကိုမြင်စေ (၂၀း၂၉-၃၄)

ခ။ မြို့တော်သို့အဝင် (၂၁း၁-၂၇)

ဂ။ ဥပမာများနှင့် သွန်သင် (၂၁း၂၈-၂၂း၁၄)

ဃ။ ထပ်မံတိုက်ခိုက်ကြပြန်ပြီ (၂၂း၁၅-၄၆)

င။ ဖါရိရှဲဝါဒဖော်ထုတ်ပြ (၂၃း၁-၃၉)

၇။ ဘုရင်၏ကြိုတင်အနာဂတ္တိပြုခြင်းများ (၂၄း၁-၂၅း၄၆)

က။ တဖန်ကြွလာရန်ပြင်ဆင် (၂၄း၁-၅၁)

ခ။ ပြင်ဆင်ခြင်း၏ ပုံဥပမာများ (၂၅း၁-၃၀)

ဂ။ တရားစီရင်ခြင်း (၂၅း၃၁-၄၆)

၈။ ရမ္မက်ဒေါသနှင့်သခင့်ကို ငြင်းပယ်ခြင်း (၂၆း၁-၂၇း၆၆)

က။ သစ္စာဖောက်ခြင်း၊ ဖမ်းဆီးခြင်း (၂၆း၁-၅၆)

ခ။ အပြစ်စီရင်ခြင်းနှင့် ငြင်းဆန်ခြင်း (၂၆း၅၇-၇၅)

ဂ။ လူမိုက်နောင်တ (၂၇း၁-၁၀)

ဃ။ ကားတိုင်ထက်ဗွေ (၂၇း၁၁-၅၆)

င။ သင်္ဂြိုဟ်ခြင်း (၂၇း၅၇-၆၆)

၉။ ဘုရင့်သက်သေ (၂၈း၁-၂၀)

က။ ထမြောက်တော်မူပြီ (၂၈း၁-၁၀)

ခ။ ဖုံးဖိကြခြင်း (၂၈း၁၁-၁၅)

ဂ။ မဟာတာဝန် (၂၈း၁၆-၂၀)


# ရှင်မာကုခရစ်ဝင်ကျမ်း

## (ခမည်းတော်၏အစေခံ)

### ကျမ်းရေးသူနှင့်ကျမ်းအမည်

ရေးသူ၏ အမည်မဖော်ပြခဲ့သဖြင့် အမျိုးမျိုးသံသယပွားခဲ့သော ကျမ်းဖြစ်ပါသည်။ ‘မာကု၏ အဆိုအရ’ ဟူသော ဝေါဟာရကို A.D ၁၂၅ ခန့်တွင်ကျမှ ဖြည့်စွက်သည်။

မည်သို့ဆိုစေအဘက်ဘက်သော ရှုဒေါင့်မှ ရှင်မာကုကို ထောက်ခံ သည်။ ကနဦး အသင်းတော် ခေါင်းဆောင်အများစုကြီးက ရှင်ပေတရု၏ လုပ်ဖော်ဆောင်ဖက်ဖြစ်သူ ရှင်မာကုက ဤကျမ်းကိုရေးသည်ဟု သတ်မှတ်ခဲ့ကြ၏။ A.D ၁၁၂ခုနှစ်တွင် ထိုခေတ် ပုပ်ရဟန်းမင်းကြီးက ရှင်မာကုသည် ရှင်ပေတရု၏ 'စာတော် ပြန်' ဖြစ်သည်ဟု ဆိုခဲ့ပြီး ဓမ္မပညာရှင် W.M. DUNNETT က (တမန်တော်ဝတ္တု၊ ၁ဝး၃၆-၄၃)၌ တွေ့ရသော ရှင်ပေတရု၏ တရား ဟောချက်ကို ရှင်မာကုခရစ်ဝင်၏ ဖော်ပြချက်တို့သည် အခြေခံ၍ ယေရှုအကြောင်းကို ဖော်ပြသည်။ ရှင်မာကုက အလွန် အသေးစိတ်ရေးသားထားသည်ဟု ဆိုလေသည်။ [၃၇]

ရှင်မာကုသည် ယေရှု၏ တပည့်တော်အရင်းမဟုတ်ခဲ့သော်လည်း ယေရုရှလင်မြို့ရှိ ကြေးရေတတ်အမျိုးသမီးကြီး မာရိ၏သားဖြစ်သည်။ မာကုသည် ရှင်ပေတရုနှင့် အလွန် ရင်းနှီးခဲ့သည် (တမန်၊ ၁၂း၁၂၊ ၁ပေ၊ ၅း၁၃) သူသည် ဗာနဗ္ဗနှင့်လည်း ဝမ်းကွဲညီအစ်ကို ဖြစ်သည် (ကောလောသဲ၊ ၄း၁၈) အထူးသဖြင့် ပေတရုထံမှရရှိသော အချက်အလက်များ ကို တင်ပြခြင်း ဖြစ်သောကြောင့် တမန်တော် အခွင့်အာဏာနှင့် ပြည့်စုံသော ကျမ်းဖြစ် လာသည်။ ပေတရုက ငါ့သားမာကုဟူသော အခေါ်အဝေါ် (၁ပေ၊ ၅း၁၃)ကို သုံးစွဲလျှင် မာကုသည် ပေတရုကြောင့် ပြောင်းလဲလာရခြင်းဖြစ်ပါမည်။

မာကုသည် ရှင်ပေါလုနှင့်လည်း လက်တွဲဖော်တစ်ဦးဖြစ်ပါသည်။ CHARLES RYRIE က ဖော်ပြရာတွင် -

ရှင်မာကုသည် ရှင်ပေါလု၊ ရှင်ဗာနဗ္ဗတို့နှင့် ပဌမသာသနာပြုခရီးစဉ်ကို လိုက်ရန် ကြုံတောင့်ကြုံခဲအခွင့်အရေးရခဲ့သည်။ သို့သော် ခရီးစဉ်တစ်ခုလုံးမလိုက်ပါ နိုင်ခဲ့ပေ။ သို့ဖြစ်၍ ဒုတိယခရီးစဉ်တွင် ရှင်ပေါလုက သူ့ကိုချန်လှပ်ခဲ့ရာ သူသည် ဗာနဗ္ဗနှင့်အတူ ကုပရု (CYPRUS) ကျွန်းသို့လိုက်သွားခဲ့သည်။ နောက်ထပ် ၁၂နှစ် ခန့်အကြာတွင်မူ သူ့ကို ရှင်ပေါလုနှင့်အတူ ပြန်၍တွေ့ခဲ့ရသည် (ကောလောသဲ၊ ၄း၁၀၊ ဖိလေမုန် ၂၄)။ တမန်တော်ကြီးသုတ်သင်ခြင်းမခံရမီ သူ့ကိုတမ်းတစွာ ခေါ်ယူခဲ့သေးသည် (၂တိ၊ ၄း၁၁)။ သူ့ဘဝဇာတ်လမ်းအားဖြင့် အားနည်းချက်ရှိသည့် လူသားတစ်ယောက်အား ဘုရား သခင်၏ ဧရာမတာဝန်နှင့် အသုံးပြုတော်မူခြင်းကို သက်သေခံနေပေ၏။ [၃၈]

## ကျမ်းကိုရေးသားသောခုနှစ်

A.D ၅၀ သို့မဟုတ် ၆၀

ရှင်မာကုကျမ်း၏ ရက်စွဲကို အတိအကျမသိနိုင်သော်လည်း သုတေသီများက ပဌမ ခရစ်ဝင်အဖြစ် ယုံကြည်ကြသည်။ အဘယ်ကြောင့်ဆိုသော် ရှင်မာကု၏ ကျမ်းချက်ငယ် များစွာကို အခြားခရစ်ဝင်များက မှီငြမ်းသည်ဟု ယူဆကြ၍ ဖြစ်သည်။ ယေရုရှလင် မြို့တော်ရှိ ဗိမ္မာန်တော်ကြီးကို ရောမတို့လာရောက်ဖျက်ဆီးသည့် A.D ၇၀ မတိုင်ခင် အချိန်မှာ ရေးသားခြင်းဟု ယေဘုယျအားဖြင့် သတ်မှတ်ပါသည် (၁၃း၂)။

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

'ခရစ်တော်တည်းဟူသော အစေခံကျွန်'မှာ ကျမ်း၏အနှစ်သာရဖြစ်သည်။ ယင်အချက် ကို (၁၀း၄၅)တွင် ဤသို့တွေ့ရသည်။

"အကြောင်းမူကားလူသားသည် သူတစ်ပါးကို စေစားခြင်းငှါမလာ၊ သူတစ်ပါး အစေကို ခံခြင်းငှါရင်း၊ မိမိအသက်ကို စွန့်၍ လူများကို ရွေးခြင်းငှါရင်း၊ ကြွလာသတည်းဟု မိန့်တော်မူ၏"

ထိုကျမ်းကို သေချာစွာ လေ့လာခြင်းအားဖြင့် ခရစ်တော်၏ အစေခံခြင်း ခရစ်တော်၏ ဆက်ကပ်ပူဇော်ခြင်းဟူသည့် အနှစ်သာရ ၂ခုကို တွေ့မြင်ရမည်ဖြစ် ပါသည်။

ရှင်မာကုကျမ်းသည် ရောမနှင့် တစ်ပါးအမျိုးသားများ ဖတ်ရှုရန် ရည်ရွယ်ချက်ရှိသည်။ ယေရှု၏ ဆွေစဉ်မျိုးဆက်နှင့် တောင်ပေါ်ဒေသနာကို ထည့်သွင်း၍ မထားပေ။ ဘာသာ ရေးခေါင်းဆောင်များ၏ အပြစ်တင်ရှုတ်ချခြင်းကိုလည်း အနည်းအကျဉ်းသာ ပြဆိုလျက် ထားသည်။ ဤကျမ်းသည် ခရစ်တော်ကို အစေခံကျွန်အဖြစ် ဖော်ကျူးထားသည့် အလျောက် ယေရှုရှင်အနေဖြင့် သစ္စာရှိရှိ ထိထိရောက်ရောက် အလုပ်လုပ်ခြင်းများကို ဦးစားပေးဖော်ပြလေသည်။

### ခရစ်တော်အားရှင်မာကုခရစ်ဝင်ကျမ်း၌ တွေ့မြင်ရပုံ

ရှင်မာကု၏ စာပေဒါနသည် လူအများအတွက် သက်စွန့်မေတ္တာဖြင့် အစေခံခဲ့ခြင်းကို

ဖော်ကျူးခြင်းဖြစ်လေရာ ထိုလူများသည် ကာယအားဖြင့်လည်းကောင်း၊ ဝိညာဉ်ရေးအရ လည်းကောင်း မစကယ်တင်ရန် လိုအပ်နေသည်ကို ဖော်ပြသည်။ ဤဦးတည်ချက်အရ ယေရှုရှင်၏ အစေခံအမှုတော်ဆောင်ပုံကို ရှင်မာကုဦးစားပေးထားသည့် အလျောက်-

ခရစ်တော်သည် ပုံပြင်ဥပမာပေါင်း ၇၀ကို ပြောဆိုခဲ့ရာတွင် ရှင်မာကုသည် ၁၈ခုကိုသာ ဖော်ပြသည်။ အချို့တို့မှာ ဝါကျတိုတစ်ခုစာသာရှိသည်။ သို့သော် ရှင်မာကုသည် ခရစ်တော်ပြသခဲ့သည့် အံ့ဩဘွယ်တန်ခိုးလက္ခဏာပေါင်း ၃၅ခုကျော် ကို ဖော်ပြခဲ့ခြင်းဖြင့် အခြားခရစ်ဝင်ကျမ်းများထက် ပိုကဲဖော်ပြသွားလေသည်။ [၃၉]

## အဓိကအရေးကြီးသည့်အချက်များ

၁။ အစေခံရန်အတွက်ပြင်ဆင်ခြင်း (၁း၁-၁၃)

- က။ ရှေ့ပြေးတမန် (၁း၁-၁၃)
- ခ။ ဗတ္တိဇံခံယူခြင်း (၁း၉-၁၁)
- ဂ။ စုံစမ်းနှောက်ယှက်ခံရခြင်း (၁း၁၂-၁၃)

၂။ အစေခံကျွန်၏ ဂါလိလဲ၌တရားဟောသွန်သင်မှု (၁း၁၄-၉း၅၀)

- ကျ။ အမှုတော် (၁း၁၄-၂း၁၂)
- ခ။ ဆန့်ကျင်ကြပြီ (၂း၁၃-၃း၃၅)
- ဂ။ ပုံပြင်ဥပမာများ (၄း၁-၃၄)
- ဃ။ တန်ခိုးလက္ခဏာ (၄း၃၅-၅း၄၃)
- င။ ဆန့်ကျင်မှုကြီးထွားလာခြင်း (၆း၁-၈း၂၆)
- စ။ ပေတရုသခင့်ကို ဝန်ခံခြင်း (၈း၂၇-၃၃)
- ဆ။ တပည့်တော်များ၏ တန်ဖိုး (၈း၃၄-၉း၁)
- ဇ။ သဏ္ဌာန်တော်ပြောင်းလဲခြင်း (၉း၂-၁၃)
- ဈ။ နတ်ဆိုးစွဲသောသားအား ကယ်ခြင်း (၉း၁၄-၂၉)

ည။ မိမိသေရမည်ကို ကြိုတင်ပြောကြားခြင်း (၉း၃၀-၃၂)

၃။ အစေခံကျွန်၏ ယော်ဒန်ကမ်းခြေတစ်လျှောက်မှာ ဟောပြောသွန်သင်မှု (၉း၃၃-၁၀း၅၂)

က။ တပည့်တော်များအားပြင်ဆင်ရန် သွန်သင်ခြင်း (၉း၃၃-၄၅)

ခ။ ဗါတိမဲအား မျက်စေ့အလင်းရစေခြင်း (၁၀း၄၆-၅၂)

၄။ အစေခံကျွန်၏ ယေရုရှလင်မှ ပူလောင်သောက (၁၁း၁-၁၅း၄၇)

က။ တရားဝင်ခရီးကြွလာခြင်း (၁၁း၁-၁၉)

ခ။ ဆုတောင်းရန် သွန်သင်ခြင်း (၁၁း၂၀-၂၆)

ဂ။ ခေါင်းဆောင်များ၏ ဆန့်ကျင်ဖက်ပြုမှု (၁၁း၂၇-၁၂း၄၄)

ဃ။ အနာဂတ်အတွက် လမ်းညွှန်ချက် (၁၃း၁-၃၇)

င။ ပူလောင်သောက (၁၄း၁-၁၅း၄၇)

၅။ အစေခံကျွန်၏ ရှင်ပြန်ထမြောက်ခြင်း၌ ကြွယ်ဝပြည့်စုံခြင်း (၁၆း၁-၂၀)

က။ ထမြောက်တော်မူပြီ (၁၆း၁-၈)

ခ။ ကိုယ်ထင်ပြခြင်းများ (၁၆း၉-၁၈)

ဂ။ ကောင်းကင်ဘုံသို့ (၁၆း၁၉-၂၀)

# ရှင်လုကာခရစ်ဝင်ကျမ်း

## (လူသားဖြစ်ခြင်း)

### ကျမ်းရေးသူနှင့် ကျမ်းအမည်

သော်ဖိလုအမည်ရှိ လူတစ်ယောက်ဆီသို့ ရေးလိုက်သည်ရှင်လုကာ ခရစ်ဝင်ကျမ်းနှင့် တမန်တော်ဝတ္တုတို့သည် ရှင်လုကာရေးသားပြုစုသော စာပေများ ဖြစ်သည်။ စာတွင် နာမည်ကို မဖော်သော်လည်းပေါလုက “ငါချစ်သောဆေးသမား” (ကောလောသဲ၊ ၄း၁၄) ဟုဆိုခဲ့ခြင်းကို ခံရသည့် ရှင်လုကာရေးသားမှန်းထင်ရှားသည်။

ထိုစာစုနှစ်ခုစလုံးသည် ဂရိခ်လိုရေးထားသည့် ဓမ္မသစ်ကျမ်း၏ လေးပုံ တစ်ပုံရှိသည်။ ဓမ္မသစ်ကျမ်းတွင် လုကာ၏အမည်ကို (ကောလောသဲ၊ ၄း၁၄၊ တိမောသေဩဝါဒစာ ဒုတိယစောင်၊ ၄း၁၁၊ ဖိလေမုန်၊ ၂၄တို့တွင် တွေ့ရသည်။ (တမန်တော်၊ ၁၆း၁၀-၁၇၊ ၂၀း၅-၂၁း၁၈၊ ၂၇း၁-၂၈း၁၆)တို့၌ ပါဝင်သော ငါတို့ဆိုသည်မှာ ရှင်လုကာအပါအဝင် ဖြစ်၍ တမန်တော်ကြီးရှင်ပေါလုနှင့်အတူ ခရီးသွားလာခဲ့ဟန်ရှိပေသည်။ ရှင်ပေါလု၏ မိတ်ဆွေ အပေါင်းအသင်းများအနက် အခြားလူနှစ်ဦးကို ဖော်ပြမည့်ဆိုလျှင် တိတုနှင့် လုကာတို့ကို ချန်မထားသင့်ပါ။

(ကောလောသဲ၊ ၄း၁၀-၁၄)အရ လုကာသည် တစ်ပါးအမျိုးသားဖြစ်သည့် အတွက် ပေါလုကသူနှင့် ဂျူးများကို သီးသန့်ခွဲခြားထားသည်။ ထိုကျမ်းအရ အာရိတ္တယနု၊ မာကု၊ ယောရှုတို့သည် ဂျူးများဖြစ်သည်။ ဧပေဖြ၊ လုကာနှင့် ဒေမတို့သည် တစ်ပါးအမျိုးသားများ ဖြစ်လေသည်။ လုကာသည် ဂရိခ်စာပေကို အလွန်ကျွမ်းကျင်၍ (တမန်တော်၊ ၁း၁၉)အရ ‘မိမိတို့ဘာသာအားဖြင့်’ ဟုဖော်ပြထားရာ ယုဒ(ဂျူး) မဖြစ်နိုင်ချေ။ [၆၀]

ကျွန်ုပ်တို့အနေဖြင့် သူ၏ငယ်ဘဝ၊ သူ၏ယုံကြည်ခြင်းပြောင်းလဲမှုတို့ကို ဘာမျှ မသိရဘဲ ယေရှုခရစ်အတွက် မျက်မြင်သက်သေတစ်ဦးမဖြစ်ခဲ့ကြောင်းကိုသာ သိရသည် (လုကာ၊ ၁း၂)။ သူသည်ဆေးသမားပညာရှင်ဖြစ်သော်လည်း ဧဝံဂေလိ အမှုတော်ကိုဆောင်လျက် ကျမ်းစာများကိုရေးသူ၊ ခရီးများထွက်၍ သာသနာပြုသူဖြစ်သည်။ (၂တိ၊ ၄း၁၁)အရ

တမန်တော်ကြီးရှင်ပေါလုအသေခံချိန်တွင် သူအနားမှာ ရှိသည်၊ နှောင်းကာလ အသက်တာကိုမူ သေချာစွာမှတ်တမ်းမတင်နိုင်ပါ [၆၀]

## ကျမ်းကိုရေးသောခုနှစ်

A.D ၆၀

အများအားဖြင့် (၁) A.D ၅၉-၆၃ နှင့် (၂) A.D ၇၀ သို့မဟုတ် ၈၀ ဟုယူဆသူများရှိသည်။ သို့သော် တမန်တော်ဝတ္ထု၏ နိဂုံးတွင် ရှင်ပေါလုသည် ရောမတွင် ရောက်ရှိနေပြီး ရှင်လုကာအဆိုအရ တမန်တော်ဝတ္ထု၏ အရင်အထက်ကျမ်းစာကို ရေးခဲ့ကြောင်း (တမန်တော်၊ ၁း၁-၂) သိရသဖြင့် ရှင်လုကာကို အရင်ရေးပြီး ဖြစ်ရမည်၊ A.D ၆၀ ဝန်းကျင်ဖြစ်ရမည်ဟု ဆိုနိုင်၏။

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

ဦးတည်ရည်ရွယ်ချက်ကို ရှင်လုကာ၏ နိဒါန်းမျိုးပုံနှင့် ဖော်ပြရပါမည် . . .

“ရှေးဦးစွာမှစ၍ ကိုယ်တိုင်မြင်သော သက်သေဖြစ်လျက်၊ နှုတ်ကပတ်တော်မှုကို ဆောင်ရွက်သောသူတို့သည် ငါတို့တွင် ထင်ရှားစွာ ဖြစ်လေပြီးသော အတ္ထုပ္ပတ္တိများကို ငါတို့အားကြားပြောသည့်အစဉ်အတိုင်း မှတ်သားသောစာကို စီရင်ရေးထားသော သူအများရှိ ကြသည်ဖြစ်၍ ငါသည်လည်း ထိုအတ္ထုပ္ပတ္တိအလုံးစုံတို့ကို ရှေးဦးစွာမှစ၍ စေ့စေ့ဖွေရှာလိုက် စစ်ပြီးလျှင်၊ ကိုယ်တော်သင်ပြီးသောအကြောင်းအရာတို့သည် ဧကန်အမှန်ဖြစ်ကြောင်းကို ကိုယ်တော်သိစေခြင်းငှာ အစဉ်အတိုင်းရေးထား၍ ကြားလိုက်မည်အကြံရှိပါ၏။ အလွန်မြတ်သော သော်ဖိလု”

ဤနိဒါန်းအရ အလေးအနက်ပြုစရာများ ရှိပါသည်။

ရှင်လုကာသည် အခြားသော ပုဂ္ဂိုလ်များ၏ လုပ်ဆောင်မှုများကို နှစ်သက် သဘောကျသည် (၁း၁-၂)။ ကိုယ်တို့သိမြင်ခဲ့သူများနှင့် တိုင်ပင်ဆွေးနွေးခဲ့သည် (၁း၂-၃)။ ယုံကြည်ခြင်းအရာအစစ်အမှန်ကို ဝိညာဉ်တော်လမ်းပြသည့်အတိုင်း သော်ဖိလုအား ဖော်ပြလိုသည် (၁း၄)။ ဤစာစောင်သည် စေ့စပ်သေချာစွာ စူးစမ်း၍ မှတ်တမ်းပြုလိုက်ခြင်း ဖြစ်သည် (၁း၃-၄) [၆၂]

တစ်ပါးအမျိုးသားဖြစ်သည့် ရှင်လုကာသည် တစ်ပါးအမျိုးသားများအတွက် ကျမ်းစာများကို ပြုစုရန် တာဝန်ယူချင်စိတ် ရှိခဲ့ပါမည်။ ထို့ကြောင့်ပင်လျှင် မူရင်း 'အာရေးမိခ်' ဘာသာမှနေ၍ ဂရိခ်စာဖတ်သူများခံစား နားလည်လွယ်အောင်၊ မစိမ်းအောင် ဤကျမ်းကို ပြုစုနိုင်ခဲ့ခြင်းဖြစ်ပါ၏။[၆၃]

ရှင်လုကာခရစ်ဝင်သည် အရှည်လျားဆုံးသော ခရစ်ဝင်ကျမ်းဖြစ်လျက် နားလည်ရန် လွယ်ကူလှသော ကျမ်းလည်းဖြစ်ပါသည်။ 'ချစ်သောဆေး သမားလုကာ'၏ ပြောင်မြောက်မှုဟု ဆိုသင့်သည်။ ယင်းကျမ်းသည် ကယ်တင်ရှင်အား လူသားတစ်ဦးအဖြစ်လည်းကောင်း၊ ပျောက်ဆုံးနေသော သူတို့ကို ရှာဖွေကယ်တင်သူအဖြစ်၎င်း (၁၉း၁၀)ဖော်ပြထားသည်။ ရှင်မဿဲခရစ်ဝင်ကျမ်းတွင် ဒါဝိဒ်မင်းမျိုး၊ ရှင်မာကုအရ လူသားတို့အားပြုစုသူ ဘုရားသခင်၏ အစေခံကျွန်စသည်ဖြင့် တွေ့ရှိခဲ့ရပြီး ယခု ရှင်လုကာတွင်မူ လူသားစင်စစ် တစ်ဦးအနေဖြင့် လူတို့၏လိုအပ်ချက်ကို ဖြည့်ဆည်းသူ၊ လူတို့အနက်အကြွင်းမဲ့ပြည့်ဝစုံလင်သူ၊ လူသားတို့ကြားမှာ ရွေးကောက်ခံရပြီး၊ လူသားတို့ကြားမှာ အစစ်ဆေးခံရသူ၊ ကယ်တင်ပိုင်သော အရှင်နှင့် အမြင့်ဆုံးသော ယဇ်ပရောဟိတ်မင်းဖြစ်ထိုက်သူဟူ၍ ဖော်ပြထားသည်ကို တွေ့ရပါမည်၊ ရှင်မဿဲခရစ်ဝင်ကျမ်းတွင် ထင်ရှားသော ဖြစ်စဉ်များကို အစုလိုက်တွေ့ ရပြီးနောက်၊ ရှင်မာကုခရစ်ဝင်ကျမ်း၌ ထင်ရှားသောဖြစ်စဉ်များကို တိုတောင်းသော ဝါကျများနှင့် တွေ့ခဲ့ရသည်။ ယခုရှင်လုကာခရစ်ဝင်ကျမ်းမှာမူ ဆေးပညာရှင်/ သမိုင်းဆရာတစ်ဦး၏ လက်ရာအဖြစ် အသေးစိတ်ဆန်သော ထင်ရှားဖြစ်စဉ်တို့ကို တွေ့ရမည်ဖြစ်ပါသည်။

ဤကျမ်းသည် ပြည့်ဝစုံလင်သော လူသားနှင့် ဘုရားဇာတိကို ခံယူထားသည့် ခရစ်တော်အကြောင်းဖြစ်လေရာ လူ့ဘဝဇာတိမျိုးရိုးအရ ကမ္ဘာဦးလူသားအာဒံဆီသို့ တိုင်အောင်မျိုးဆက်စာရင်းကို ဖော်ပြသည် (၃း၃၈)။ ရှင်မဿဲတွင် အာဗြဟံ အထိသာ ဖော်ပြခဲ့သည်ကို သတိပြုနိုင်ပါသည်။ ခရစ်တော်၏ စိတ်ဓါတ်ဖွံ့ဖြိုးမှုကို (၂း၄၀-၅၂)အတွင်း ဖော်ပြထားပြီး၊ သူ၏ကိုယ်ကျင့်တရား၊ သူ၏ဝိညာဉ်ရေး အဆင့်အတန်း အကြွင်းမဲ့ပြည့်စုံသည်ကို သူ့ဗတ္တိဇခံယူချိန်၌ ကောင်းကင်ဘုံမှအဘဘုရား၏ အသံတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ ဆင်းသက်ခြင်းများအားဖြင့် ထင်ရှားစေပါ သည်။ တနည်းအားဖြင့် ကျွန်ုပ်တို့အတွက် ယေရှုသည်ရုပ်ပိုင်း၊ ဝိညာဉ်ပိုင်း အဖက်ဖက်မှ ပြည့်စုံသောအရှင်သခင်ဖြစ်ပေသည်။

# ခရစ်တော်အားရှင်လုကာခရစ်ဝင်ကျမ်း၌တွေ့မြင်ရပုံ

ယေရှုခရစ်၏ လူသားဝါဒနှင့် ကြင်နာသနားတတ်ခြင်းများကို ရှင်လုကာ ခရစ်ဝင်သည် အကြိမ်ကြိမ်အာရုံစူးစိုက် ဖော်ပြထားသည်။ ခရစ်တော်၏မျိုးရိုး အစဉ်အလာဖွားမြင်ခြင်း၊ ဖွံ့ဖြိုးမှုတို့ကို အပြည့်အစုံဆုံးနှင့်အများဆုံးဖော်ပြသည့် ခရစ်ဝင်ကျမ်းပင်ဖြစ်သည်။ ခရစ်တော်သည် စံပြလူသားဖြစ်၍ ပြစ်ရှိလူ့လောက အတွက် စိတ်တော်ထိခိုက်ခဲ့ရပြီး ထိုအပြစ်တရားကို ကိုယ်တိုင်ခံယူပြီး တန်ဖိုးမဖြတ်နိုင်သော ကယ်တင်ခြင်း လက်ဆောင်ကိုချပေးခဲ့သည်။ ဂရိခ်တို့၏ အဘိဓမ္မာတွင် မှတ်တမ်းပြုထားသော အကြွင်းမဲ့ပြည့်ဝချမ်းသာသည့် လူ့ဘောင်ကို ယေရှုကသာ ပေးစွမ်းနိုင်သည်ကို ဤကျမ်းအားဖြင့် နားလည်စေနိုင်သည်။ [၆၄]

အဓိကအရေးကြီးသည့်အချက်များ

၁။ နိဒါန်း၊ စာပေပုံစံနှင့် ရည်ရွယ်ချက် (၁း၁-၄)

၂။ လူသားယေရှုအားလူသားများနှင့် ယှဉ်တွဲသိမှတ်မှု (၁း၅-၄း၁၃)

က။ ခရစ်တော်မမွေးမီဖြစ်စဉ်များ (၁း၅-၅၆)

ခ။ ခရစ်တော်မွေးဖွားချိန်ဖြစ်ရပ်များ (၁း၅၇-၂း၃၈)

ဂ။ ခရစ်တော်၏ ငယ်ဘဝဖြစ်စဉ်များ (၂း၃၉-၅၂)

ဃ။ ခရစ်တော်၏အမှုတော်မတိုင်မီဖြစ်ရပ်များ (၃း၁-၄း၁၃)

၃။ လူသား၏ လူများအတွက်အမှုတော် (၄း၁၄-၉း၅၀)

က။ ခရစ်တော်၏ အမှုတော်အစ (၄း၁၄-၃၀)

ခ။ တန်ခိုးတော်များ၏ သရုပ် (၄း၃၁-၅း၂၈)

ဂ။ ခရစ်တော်၏ စီမံမှုကို ရှင်းလင်းခြင်း (၅း၂၉-၆း၄၉)

ဃ။ ခရစ်တော်၏ စီမံမှုကို ချဲ့ထွင်ခြင်း (၇း၁-၉း၅၀)

၄။ လူသားတို့ခရစ်တော်အားငြင်းပယ်ကြပုံ (၉း၅၁-၁၉း၂၇)

ဂ။ ခရစ်တော်အားဆန့်ကျင်မှုကြီးထွားလာခြင်း (၉း၅၁-၁၁း၅၄)

ခ။ ဆန့်ကျင်မှုများနှင့် ပတ်သက်၍ ညွှန်ကြားချက် (၁၂း၁-၁၉း၂၇)

၅။ လူသတ္တဝါတို့အတွက် လူသားကယ်တင်ရှင်၏ နာကြင်ခံစားမှု (၁၉း၂၈-၂၃း၅၆)

၆။ လူသတ္တဝါတို့အတွက် လူသားဇာတိအစစ်အမှန်ဖြစ်ခြင်း (၂၄း၁-၅၃)

# ရှင်ယောဟန်ခရစ်ဝင်ကျမ်း

## (ဘုရားသခင်၏ထာဝရသားတော်)

### ကျမ်းရေးသူနှင့်ကျမ်းအမည်

ဇေဗေဒဲ၏သား၊ ယာကုပ်၏ညီယောဟန်စီရင်ရေးသားသည့် ရှင်ယောဟန် ခရစ်ဝင်ကျမ်းသည် A.D ဒုတိယရာစုအပိုင်းမှ စတင်လျက် ကနဦးအသင်းတော် များခိုင်မာစွာခံယူရာကျမ်းဖြစ်လာခဲ့သည်။ ယေရှုသည် ယောဟန်နှင့် ယာကုပ်တို့ကို 'မိုယ်းကြိုးသားများ' ဟုဆိုခဲ့သည် (မာကု၊ ၃း၁၇)။ သူတို့၏ မိခင်ကြီး SALOME သည် ဂါလိလဲပြည်နယ်တွင် ယေရှုအားအစေခံလျက် ယေရှုကားတိုင်၌ အသက်တော်စွန့်ချိန်တွင် အနီး၌ရှိခဲ့သည် (မာကု၊ ၁၅း၄၀-၄၁)။ ယောဟန်သည် တပည့်တော် ၁၂ပါး အပါအဝင်ဖြစ်သည်သာမက ယေရှုချစ်သောတပည့်တော်အဖြစ် (၁၃း၂၃၊ ၁၈း၁၅၊ ၁၆၊ ၁၉း၂၆-၂၇)တို့တွင် ဖော်ပြထားသည်။ သူသည် ယေရှု၏ လက်ရုံးတစ်ဆူဖြစ်ခဲ့ပြီး သဏ္ဍာန်တော်ပြောင်းလဲရာ တောင်ပေါ်သို့ ယေရှု၏ ခေါ်ဆောင်ခြင်း ကိုခံရသည် (မဿဲ၊ ၁၇း၁)။ သူသည်တမန်တော်ကြီးရှင် ပေတရုနှင့် နီးစပ်စွာ လက်တွဲခဲ့သည်။ ခရစ်တော် ကောင်းကင်ဘုံသို့ ပြန်လည်တက်ကြွပြီးသော အခါ ရှင်ပေါလုက သူအားအသင်းတော်၏

အမှီတကဲအဖြစ်ဖော်ပြခဲ့သည်။

အတိအကျဆိုရပါမူ ယောဟန်ခရစ်ဝင်ကျမ်းသည် ကျမ်းရေးသူနှင့် ပတ်သက် ၍ ငြင်းခုံစရာများရှိသည်။ အခြားခရစ်ဝင်များနှင့် ပုံစံမတူမှုကြောင့် ဤသို့ငြင်းခုံ ကြရသည်မှာ မဆန်းလှပါ။ ဥပမာအားဖြင့် ရှင်ပေါလု၏ ဩဝါဒများ၌ သူ့အမည်ကို ဖော်ပြမြဲရှိပြီး ယင်းသည်ရှေးထုံးအစဉ်အလာပင် ဖြစ်ပါသည်။ ခရစ်ဝင်ကျမ်းများ အားလုံးတွင်မူ ဤသို့ကျမ်းဆရာ၏ အမည်ကို မဖော်ပြခဲ့ကြဘဲ သူတို့၏ စာပေအရ လည်းကောင်း၊ အစဉ်အလာအရသော်လည်းကောင်း ကျမ်းရေးသူများကို သတ်မှတ် အတည်ပြုခဲ့ရပေသည်။

## ကျမ်းကိုရေးသောခုနှစ်

A.D ၈၅-၉၀

အသင်းတော်သည် ရှင်ယောဟန်ခရစ်ဝင်ကျမ်းအား အမှတ်စဉ် ၄ခုခရစ်ဝင် အဖြစ် ခံယူခဲ့ပြီး ရှင်ယောဟန်သည် အလွန်အိုမင်းသော ကျမ်းရေးဆရာကြီးအဖြစ် သိမှတ်ခဲ့သည်။ သို့ဖြစ်၍ A.D ၈၅-၉၀ သည် ဖြစ်နိုင်ချေရှိသော နေ့စွဲဖြစ်နေပါသည်။ (ရှင်ယောဟန်၊ ၂၁း၁၈-၂၃)တို့အရ အချိန်ကာလများ လွန်မြောက်၍ ရှင်ပေတရုသည် အိုမင်းရင့်ရော်ခဲ့ပြီ၊ ယောဟန်သည် ရှင်သန်ဆဲရှိသည်ကို (ယောဟန်၊ ၂၁း၁၈-၂၃)အရ သိရှိနိုင်လေ၏။ [၆၅]

## အဓိကအရေးကြီးသည့်အချက်များ

အခြားသောသမ္မာကျမ်းဖော်ပြချက်တို့နှင့် နှိုင်းစာပါက ရှင်ယောဟန် ခရစ်ဝင်သည် ဝမ်းမြောက်ဘွယ်ကယ်တင်ခြင်းတရားကို အပီပြင်ဆုံးဖော်ပြထား သည်ဟုဆိုနိုင်ပါ၏။ ယင်းသစ္စာတရားကို တပည့်တော်သောမက ခရစ်တော်အား တွေ့ရချိန်၌ ဖွင့်ဆိုချက်များက သက်သေခံလျက်ရှိပါသည်။ သောမသည် ခရစ်တော်ရှင်ပြန်ထမြောက်သည်ကို မယုံကြည် ဖြစ်ခဲ့စဉ် (ယောဟန်၊ ၂၀း၂၄-၂၅) ထိုသံသယမှ တစ်ဆင့်တပည့်တော်များအား ပြောကြားသည့်စကားတော်များအားဖြင့် သက်သေပြုလျက်ရှိပါသည်။

ထို့နောက်ရှစ်ရက်မြောက်သောနေ့၌ တပည့်တော်တို့သည် တစ်ဖန်အတည်းမှာ ရှိကြ၍ သောမလည်းပါ၏။ တံခါးများကို ပိတ်ထားစဉ်အခါ ယေရှုသည် ကြွလာ၍ အလယ်မှာ ရပ်တော်မူလျက် သင်တို့၌ ငြိမ်သက်ခြင်းရှိစေသတည်းဟု မိန့်တော်မူ၏။

ထိုသို့တွေ့ဆုံစဉ်အချိန်နောက်ပိုင်း၌ သခင်ခရစ်တော်၌ ယုံကြည်ခြင်းရှိဖို့ရန် လိုအပ်ပုံကို ရှင်ယောဟန်က ဖေါ်ပြပေးခဲ့လေသည်။

ဤကျမ်းစာ၌ ရေး၍မထားသော အခြားနိမိတ်လက္ခဏာအများတို့ကိုလည်း ယေရှုသည် တပည့်တော်တို့မျက်မှောက်၌ ပြတော်မူ၏။ ယေရှုသည် ခရစ်တော်တည်း ဟူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို သင်တို့သည် ယုံမည်အကြောင်း၊ ထိုသို့ယုံ၍ နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း၊ ဤမျှလောက်ရေးထားလျက်ရှိသတည်း။

မှန်ပါသည်။ ရှင်ယောဟန်သည် ဘုရားသခင်၏ သားတော်ယေရှုအား ကယ်တင်ရှင်အဖြစ် လူသားတို့ယုံကြည်စေရန်အတွက် ယေရှု၏ ဘုန်းတော် (ယော၊ ၁း၁၄၊ ဟေရှာ၊ ၃၅း၁-၂၊ ယောလ၊ ၃း၁၈၊ အာမုတ်၊ ၉း၁၃)ကို ထင်ရှားစေမည့် ဖြစ်စဉ် ၇ရပ်တို့ကို သူ၏ကျမ်း၌ဖော်ပြပေးခဲ့လေသည်။

၁။ ရေကိုစပျစ်ရည်ဖြစ်စေခြင်း (၂း၁-၁၁)

၂။ အမတ်တစ်ယောက်၏သားအားကုသခြင်း (၄း၄၆-၅၄)

၃။ ၃၈နှစ်ရောဂါရှင်အား ကုသခြင်း (၅း၁-၁၈)

၄။ လူများစွာအား ကျွေးမွေးခြင်း (၆း၆-၁၃)

၅။ ရေပေါ်မှာ လျှောက်သွားခြင်း (၆း၁၆-၂၁)

၆။ ကန်းသူကိုမြင်စေခြင်း (၉း၁-၇)

၇။ လာဇရုအား သေရာမှရှင်စေခြင်း (၁၁း၁-၄၅)

ရှင်ယောဟန်၏ ဦးတည်ရည်မှန်းချက်သည် ရှင်မဿဲ၊ ရှင်မာကု၊ ရှင်လုကာ ခရစ်ဝင်များထက် ပိုင်းဖြတ်နားလည်ရန် လွယ်ကူလေသည်။

လေ့လာသူတစ်ဦးအနေဖြင့် အခြားကျမ်းများထက် နှစ်သက်အားရမှု ရှိနိုင်သည်။

ဤခရစ်ဝင်တွင် ယေရှု၏ မျိုးဆက်၊ မွေးဖွားခြင်း၊ ဗတ္တိဇံ၊ စုံစမ်းနှောက်ယှက် ခံရခြင်း၊ နတ်ဆိုးနှင်ခြင်း၊ ပုံပြင်ဥပမာ၊ အဆင်းသဏ္ဍာန်ပြောင်းလဲခြင်း၊ ညစာပွဲ၊ ဂေသရေမန် ဥယျာဉ်၌ ခံစားရပုံ၊ ကောင်းကင်သို့ တက်ကြွခြင်းများကို မဖော်ပြပေ။ ယောဟန်သည် ယေရုရှလင်၌ သခင်အမှုတော်ဆောင်ပုံ၊ ယုဒလူမျိုးတို့၏ပွဲတော်များ၊ လူပုဂ္ဂိုလ်များနှင့် ဆက်သွယ်ပြောဆိုမှုများ (၃း၁-၄း၃၈) (၁၈း၂၈-၁၉း၁၆)နှင့် တစ်ကွ တပည့်တော်တို့ အတွက် အမှုတော်ဆောင်ခြင်း (၁၃း၁-၁၇း၂၆)တို့ကို ဦးစားပေး ဖော်ပြသည်။ ကျမ်း၏ အဓိကအပိုင်းအခြားသည် ‘လက္ခဏာများစာအုပ်’ တွင် ပါဝင်သည်။ (၂း၁-၁၂း၅၀) ယင်းအပိုင်း၌ ဖော်ပြခဲ့သော တန်ခိုးလက္ခဏာမှာ ၇ရပ် ရှိပြီး ယေရှုအား ဘုရားသခင်၏ သားတော်မေရှိယ ကယ်တင်ရှင် အဖြစ်ကြေငြာထား သည်။ လက္ခဏာများ၏စာအုပ် (BOOK OF SIGNS)တွင် ထိုလက္ခဏာများနှင့် သက်ဆိုင်၍ ယေရှုကိုယ်တော်တိုင် ရှင်းလင်းဖွင့်ဆိုပြသည်များကိုလည်း ထည့်သွင်း ဖော်ပြသည်။ ဥပမာအားဖြင့် လူပရိသတ် ၅၀၀၀အား ကျွေးမွေးပြီးချိန် (၆း၁-၁၅)၊ ယေရှုကသူသည် အသက်မုန့်ဖြစ်၍ ကောင်းကင် ဘုံမှ အဘဘုရားသခင်က လူသားတို့ အတွက်ပေးသော အသက်ဖြစ်ကြောင်း ဟောပြော ခဲ့သည် (၆း၂၅-၃၅)။ ဤခရစ်ဝင်၏တမူထူးခြားချက်နောက်တစ်ခုမှာ ငါသည် (I AM) ဟူသော ယေရှု၏ စကား နိဒါန်းများပင် ဖြစ်ပါသည်

(၆း၃၅၊ ၈း၁၂၊ ၁၀း၇၊ ၉၊ ၁၁၊ ၁၄) (၁၁း၂၅၊ ၁၄း၆၊ ၁၅း၁၊ ၅)။

ရှင်းလင်းတိကျသော ဤခရစ်ဝင်ကျမ်းကို အဖက်ဖက်မှ ချိုင့်သုံးသပ်သင့်သည်။ ခရစ်ဝင် များသည် ကိုယ်ရေးအတ္ထုပ္ပတ္တိသက်သက်မဟုတ်ဘဲ ကျမ်းဆရာတို့ အနေဖြင့် သတင်း အချက်အလက် ပေါင်းစုံထဲမှ မိမိတို့၏ ဦးတည်ရည်ရွယ်ချက်အတိုင်း ဖြစ်စေရန် ထုတ်နုတ်ရေးသားခဲ့ခြင်းဖြစ်သည်။ သုတေသနပြုချက်အရ မဿဲ၊ မာကု၊ လုကာတို့၏ ကျမ်းများအတွင်းမှ ယေရှု၏ နှုတ်တော်ထွက်စကားများအားလုံးကို အသံထွက်၍ ဖတ်ရှုမည်ဆိုလျှင် စုစုပေါင်း ၃နာရီသာ ကြာညောင်းမည်ဖြစ်ပါသည်။ [၆၆]

## ခရစ်တော်အားရှင်ယောဟန်ခရစ်ဝင်၌ တွေ့မြင်ရပုံ

သခင်ယေရှု၏ အဖြစ်တော်ကို သမ္မာကျမ်းစာ၌ နေရာအနှံ့အပြားတွင် အထင်အရှား တွေ့ရပါသည်။ သို့သော်လူ့ဇာတိကို ခံယူသည့် သားတော်အဖြစ် ဖော်ပြသည့် နေရာတွင်

ဤကျမ်းထက်ပိုမိုအင်အားပြည့်ဝသော ကျမ်းမရှိပါ။ ဥပမာဆိုရလျှင် (၉း၁၁)၌ ယေရှုအမည် ရှိသောသူတစ်ယောက်ဟုဆိုလျက် ထိုသူကို (၁း၁၈)တွင် ခမည်းတော်၏ ရင်ခွင်၌ရှိသော တစ်ပါးတည်းသော သားတော်သည် ဘုရားသခင်ကို ထင်ရှားစေပြီဟု ဖော်ပြထားလေသည်။ ထို့အတူ (၆း၆၉) ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင်၏ သားတော်ဖြစ်တော်မူသည်ဟူ၍ တွေ့မြင်နိုင်ပါသည်။

ယေရှုခရစ်တော်၏ ဘုရားသခင်ဖြစ်ခြင်းကို ကြေငြာမှုအဖြစ် ငါသည် (I AM) ဟူသော ဖော်ပြသံများက ထောက်ခံအားပေးလျက်ရှိရာ ယင်းတို့သည် အောက်ပါအတိုင်း ဖြစ်သည်။

၁။ ငါသည် အသက်မုန့်ဖြစ်၏ (၆း၃၅)

၂။ ငါသည် ဤလောက၏ အလင်းဖြစ်၏(၈း၁၂)

၃။ ငါသည် တံခါးဝဖြစ်၏ (၁၀း၇၊ ၉)

၄။ ငါသည် ကောင်းသောသိုးထိန်းဖြစ်၏ (၁၀း၁၁ယ ၁၄)

၅။ ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏ (၁၁း၂၅)

၆။ ငါသည် လမ်းခရီးဖြစ်၏၊သမ္မာတရားလည်းဖြစ်၏၊ အသက်လည်းဖြစ်၏(၁၄း၆)

၇။ ငါသည် မှန်သော စပျစ်နွယ်ပင်ဖြစ်၏(၁၅း၁၊ ၅)

ဆက်လက်တင်ပြရသော် ရှင်ယောဟန်ခရစ်ဝင်သည် ယေရှုအား ဘုရား သခင်၏ သားတော်ဖြစ်ကြောင်း သက်သေပြသထားချက်များပင် ဖြစ်သည်။ (၅း၃၁-၄၇) အရ သူ့ကိုဆန့်ကျင်ပြုသူများအား ယေရှုကပြန်လည်ချေပသည်ကို တွေ့ရသည်။ ထိုသူတို့က ယေရှု၏ အဆိုပြုချက်များသည် သက်သေခိုင်လုံမှုမရှိကြောင်း ပြောလာကြသောအခါ ယေရှုသည် သူ့အတွက် သက်သေများကို ထောက်ပြခဲ့သည်။ ယင်းတို့မှာ ခမည်းတော်ဘုရား (၅း၃၂၊ ၃၇)၊ ဗတ္တိဇံဆရာယောဟန် (၅း၃၃) သူ၏တန်ခိုးနိမိတ်များ (၅း၃၆)၊ ကျမ်းစာများ (၅း၃၉)နှင့် မောရှေ (၅း၄၆) တို့ပင်ဖြစ်လေသည်။ တဖန်(၈း၁၄)အရ ငါ့သက်သေတည်၏ဟု ဆိုခဲ့သည်။ အချို့သော အချိန်များတွင် ယေရှုဖော်ပြသော

ငါသည် (I AM) or YAH WEH သည် ဘုရားသခင်၏ ဓမ္မဟောင်းကျမ်းမှ သုံးနှုန်းမှုနှင့် တူညီနေသည်။ (၄း၂၅၊ ၂၆) (၉း၂၄၊ ၂၈၊ ၅၈) (၁၃း၁၉) (၁၈း၅၊ ၆၊ ၈)။ သူ၏ဘုရား အဖြစ်တော်ကို အရေးကြီးဆုံး ဖော်ပြချက်များအဖြစ် (၁း၁) (၈း၅၈) (၁၀း၃၀) (၁၄း၉) (၂၀း၂၈) တို့တွင် လေ့လာချင်သည်။[62]

## အဓိကအရေးကြီးသည့်အချက်များ

၁။ နိဒါန်း၊ ဘုရားသခင်၏ သားတော်လူ့ဇာတိကို ခံယူခြင်း (၁း၁-၁၈)

 က။ ဘုရားသခင်ဖြစ်ခြင်း (၁း၁-၂)

ခ။ လူ့ဇာတိမခံယူမီခရစ်တော် (၁း၃-၅)

ဂ။ ခရစ်တော်၏ရှေ့ပြေး (၁း၆-၈)

ဃ။ ခရစ်တော်အားငြင်းပယ်ခြင်း (၁း၉-၁၁)

င။ ခရစ်တော်အားလက်ခံခြင်း (၁း၁၂-၁၃)

စ။ လူ့ဇာတိဘဝသို့ (၁း၁၄-၁၈)

၂။ သားတော်ဖြစ်ကြောင်းတင်ဆက်ခြင်း (၁း၁၉-၄း၅၄)

က။ ဗတ္တိဇံဆရာ ယောဟန်မှ (၁း၁၉-၃၄)

ခ။ ယောဟန်၏ နောက်လိုက်များထံ (၁း၃၅-၅၁)

ဂ။ ကာနမြို့မင်္ဂလာဆောင်ဝယ် (၂း၁-၁၁)

ဃ။ ယေရုရှလင်ဗိမာန်တော်တွင်(၂း၁၂-၃၅)

င။ နိကောဒင်သို့ (၃း၁-၂၁)

စ။ ဗတ္တိဇံဆရာယောဟန်မှ (၃း၂၂-၃၆)

ဆ။ ရှမာရိမိန်းမအတွက် (၄း၁-၄၂)

ဇ။ ကပေရနောင်မှအရာရှိသို့ (၄း၄၃-၅၄)

၃။ သားတော်ကို ဆန့်ကျင်မှု (၅း၁-၁၂း၅၀)

က။ ယုဒတို့ပွဲခံစဉ် (၅း၁-၄၇)

ခ။ ဂါလိလဲပင်လယ်ခါပွဲ၌ (၆း၁-၇၁)

ဂ။ သကေနေပွဲတော်တွင် (၇း၁-၁၀း၂၁)

ဃ။ ယေရုရှလင်မှ သင်္ကေနိပွဲမှာ (၁၀း၂၂-၄၂)

င။ ဗေသနိရွာဝယ် (၁၁း၁-၁၂း၁၁)

စ။ ယေရုရှလင်မှာ (၁၂း၁၂-၅၀)

၄။ သားတော်ရှင်၏ ညွှန်ကြားချက် (၁၃း၁-၁၆း၃၃)

က။ အပြစ်လွှတ်ခြင်းအကြောင်း (၁၃း၁-၂၀)

ခ။ သူ့ကိုသစ္စာဖောက်ခြင်းနှင့်ဆို၍ (၁၃း၂၁-၃၁)

ဂ။ သူ၏ခွဲခွာခြင်းနှင့် ပတ်သက်၍ (၁၃း၃၁-၃၈)

ဃ။ ကောင်းကင်ဘုံ (၁၄း၁-၁၄)

င။ သန့်ရှင်းသော ဝိညာဉ်တော်အကြောင်း (၁၄း၁၅-၂၆)

စ။ ငြိမ်းချမ်းရေး (၁၄း၂၇-၃၁)

ဆ။ အသီးသီးရာအသက်တာ (၁၅း၁-၁၇)

ဇ။ ကမ္ဘာလောကကြီး၌ (၁၅း၁၈-၁၆း၆)

ဈ။ သန့်ရှင်းသောဝိညာဉ်တော် (၁၆း၇-၁၅)

ည။ သူကြွလာမှုဦးမည် (၁၆း၁၆-၃၃)

၅။ အဘထံသို့ လူများအတွက် အသနားခံခြင်း (၁၇း၁-၂၆)

၆။ ကားတိုင်တင်ခြင်းခံရပြီ (၁၈း၁-၁၉း၄၂)

၇။ သားတော်ရှင်ပြန်ထမြောက်တော်မူခြင်း (၂၀း၁-၃၁)

က။ ပွင့်နေသော သင်္ချိုင်းတွင်း (၂၀း၁-၉)

ခ။ ထမြောက်သခင်ကိုယ်တင်ပြခြင်း (၂၀း၁၀-၃၁)

၈။ နိဂုံး၊ အိုင်နားမှာ ဆုံတွေ့မှု (၂၁း၁-၂၅)

က။ တပည့်တော် ၇ပါးထံ ကိုယ်ထင်ပြခြင်း (၂၁း၁-၁၄)

ခ။ ပေတရုအတွက် စကားသံများ (၂၁း၁၅-၂၃)

ဂ။ ခရစ်ဝင်ကျမ်းနိဂုံး (၂၁း၂၄-၂၅)

# တမန်တော်ဝတ္ထု

(ကယ်တင်ခြင်းတရားနှံ့ပြားပြီ)

## ကျမ်းရေးသူနှင့်ကျမ်းအမည်

ဝတ္ထုထဲတွင် ရေးသူနာမည်မဖော်သော်လည်း ရှင်လုကာရေးသားကြောင်း အထောက်အထား ခိုင်လုံသည်။ ရှင်လုကာ၏ တရားစာပေဒုတိယပိုင်းဟု ဆိုရပါမည်။ ပဌမပိုင်းမှာ ရှင်လုကာခရစ်ဝင်ဖြစ်သည်။ ကျမ်း ၂ခုလုံးသည် ဆရာဝန်/ စာရေး ဆရာဖြစ်သူနှင့် လုကာမှ သော်ဖိလုဆိုသူထံ 'ယေရှုပြုသောအမှုနှင့် သင်ကြားခဲ့ခြင်း များ' ဟူသော ခေါင်းစဉ်နှင့် ရေးသားပေးပို့ခဲ့ခြင်းဖြစ်သည်။

ယခုတမန်တော်ဝတ္ထုကို ဂရိခ်စာပေနယ်တွင် ACTS ဟူ၍လည်းကောင်း THE ACTS OF THE APOSTLES ဟူ၍လည်းကောင်း ခေါင်းစဉ်ပေးထား သည်။ THE ACTS

OF THE APOSTLES ဆိုလျှင် ခေါင်းစဉ်သည် မကိုက်ညီ နိုင်ပါ၊ အဘယ်ကြောင့် ဆိုသော် တမန်တော်အားလုံး၏ လုပ်ဆောင်ချက်များ မဟုတ်ဘဲ ပေတရုနှင့် ပေါလု တို့အကြောင်းများကသာ အထူးပြုထားခြင်းခံရ၍ ဖြစ်သည်။ မည်သို့ဆိုစေ ခရစ်တော်၏ ဝိညာဉ်တော်ဆင်းသက်ခြင်းကိုမူတမန်တော်များအားလုံးခံစားခဲ့ရသည်(၁း၂-၈) ကို တွေ့ရပြီး ထိုအရှိန်တန်ခိုးအားဖြင့် သူတို့သည် ကမ္ဘာ အရပ်ရပ်သို့ သွားရောက် အမှုတော် ဆောင်ခဲ့ကြရပေသည်။ လူအတော်များများသည် အဆိုပါခေါင်းစဉ်အစား THE ACTS OF THE HOLY-SPIRIT ဟု ပြောင်းလဲ လိုကြသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ ဦးဆောင်မှုဖြင့်သာ ယုံကြည်ခြင်းတရား နှံ့ပြားပျံ့ပွားခဲ့ရပုံ (အခန်း ၂)ကို ပေါ်လွင်စေလို၍ ဖြစ်ပေသည်။ ယခုတမန်တော် ဝတ္ထုတွင် အဓိကပုဂ္ဂိုလ်များအဖြစ်၊ ပေတရု၊ ယောဟန်၊ သတေဖန်၊ ဖိလိပ္ပု၊ ယာကုပ်၊ ဗာနဗ၊ သိလနှင့် ပေါလုတို့ကို တွေ့ရပါမည်။

## ကျမ်းကိုရေးသောခုနှစ်

A.D ၆၁

ဤရက်စွဲနှင့် သက်ဆိုင်၍ သုတေသီ STANLEY TOUSSAINT ဆိုသူ၏ မှတ်ချက်မှာ သိမှတ်ဘွယ်ဖြစ်လေ၏။

တမန်တော်ဝတ္ထုသည် ယေရုရှလင်အားရောမတို့ ဝင်ရောက်ဖျက်ဆီးသည့် A.D ၇၀ မတိုင်မီက ရေးခြင်းဖြစ်ရပါမည်။ ဤမျှအရေးကြီးသော ဖြစ်ရပ်ကြီးကို ထိုအချိန် နောက်ပိုင်းမှာ ရေးခဲ့ပါက တမန်တော်ဝတ္ထုသည် မထည့်သွင်းဘဲ ချန်လှပ်မည် မဟုတ်ပါ။ ထိုကျမ်းစာ၏ သဘောမှာလည်း ခရစ်တော်ကို ဂျူးများက ငြင်းပယ်မှုနှင့် တစ်ပါးအမျိုး သားများအား ဘုရားသခင် မစတော်မူခြင်းဖြစ်လေရာ မြို့တော်ကြီးအား ရောမတို့ တိုက်ခိုက်ခြင်းသည် မဟာပြဿနာကြီးတစ်ခုဟု ဆိုရပါလိမ့်မည်။

"တစ်ဖန်၊ ခန့်မှန်းခြေအားဖြင့် A.D ၆၆-၆၈ အချိန်တွင် သေဆုံးသည့် ရှင်ပေါလု၏ နောက်ဆုံးအဖြစ်ကိုလည်း ထိုအချိန်နောက်ပိုင်းကျမှ တမန်တော်ဝတ္ထုကို ရေးမည်ဆိုပါက ရှင်လုကာသည် ဘယ်နည်းနှင့်မျှ မဖော်ပြဘဲနေမည်မဟုတ်ပါပေ။

ထို့ပြင်တစ်ဝ၊ ရှင်လုကာသည် ရောမမြို့ကြီးမီးလောင်ရာ A.D ၆၄ မှအစ ခရစ်ယာန် များကို အပြစ်ဖို့သုတ်သင်ခဲ့သော ရောမဘုရင်နီရိုးအကြောင်းကိုလည်း တစ်စွန်း

တစ်စမျှမဖော်ပြခဲ့ပြန်ပေ။

ထပ်မံစဉ်းစားရန်အချက်မှာ၊ တမန်တော်ဝတ္ထုတွင် ရှင်ပေါလု၏ အကြောင်း များကို ရေးသားရင်း ရောမအရာရှိများ၏ ပေါလုနှင့်ပတ်သက်သော လုပ်ဆောင်ချက် များအား အယူခံတောင်းပန်မှု၊ ခရစ်ယာန်ဘာသာအား အကာအကွယ်ပြုမှုများ ပါဝင်ခဲ့လေရာ နီရိုးဘုရင်၏ ရက်စက်မှုများအရ ကျွဲပါးစောင်းတီးသလို အဓိပ္ပါယ်ရှိမည် မဟုတ်ပါ။ နီရိုးဘုရင်က အသင်းတော်ကို အမြစ်ပြုတ်အောင် ဖျက်ဆီးရန်အားသန် နေသည့် အချိန်ကာလမျိုးမှာ တမန်တော်ဝတ္ထု၏ အသင်းတော်အတွက် ကာကွယ်မှုသည် ထိုဘုရင့်စိတ်ဓါတ်ကို ဘယ်လိုမှပြောင်းလဲစေနိုင်မည်မဟုတ်။

ထို့ကြောင့်၊ ရှေးရိုးစွဲဓမ္မပညာရှင်အများစုအနေဖြင့် တမန်တော်ဝတ္ထုကို AD ၆၀-၆၁ တွင် ရေးသည်ဟု ယုံကြည်သည်။ ရေးသားရာအရပ်မှာ ရောမမြို့သို့မဟုတ် ဂါလိလဲကမ်းခြေ ကဲသရိ (ဆီဇားရီးယား)မြို့သို့မဟုတ်မြို့နှစ်ခုစလုံးတွင် ရေးသားခြင်းဖြစ်နိုင်ပါသည်။ ထိုဝတ္ထုကို ရေးနေစဉ်ကာလ၌ ရောမထောင်မှ ရှင်ပေါလုသည် လွတ်မြောက်ပြီ သို့မဟုတ် လွတ်မြောက်ရန် နီးနေပြီဟု ယူဆရလေသည်” [၆၈]

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

တမန်တော်ဝတ္ထုသည် ဓမ္မသစ်ကျမ်းများအနက်စံပြကျမ်းကြီးဖြစ်လျက် အခြား ကျမ်းများအားလုံးနှင့် ဆက်စပ်ပေးသည်။ ရှင်လုကာ၏ ဒုတိယစာတွဲ ဖြစ်သောကြောင့် ‘ယေရှုပြုမှုတော်မူသမျှ၊ သွန်သင်တော်မူသမျှ’ ကို သူရေးခဲ့ပြီး ဖြစ်ကြောင်း (၁း၂)၌ ဖော်ပြထားသည်၊ ခရစ်ဝင်ကျမ်းများအားလုံးသည် ထိုအချက်နှင့် ပြည့်စုံပြီးဖြစ်သည်။ ထိုဝတ္ထု၌ ခရစ်တော်ကောင်းကင်ဘုံသို့ ပြန်လည်တက်ကြွခြင်းနှင့် အတူ ဓမ္မသစ်ကာလဩဝါဒစာများ၏ အချိန်ကာလကို နိဒါန်းပျိုးထားသည်။ ထိုအချိန်ကာလတွင် တမန်တော်ကြီးများကို အသုံးပြု၍ ယေရှုသန့်ရှင်းသော ဝိညာဉ်တော်သည် အမှုတော်ကိုဆက်လက် ထမ်းဆောင်နေခဲ့ကြောင်းကို သူဖော်ပြပေးသည်။ ဝိညာဉ်တော်သွန်သင်သည့်အတွက်လည်း တမန်တော်ကြီးများအနေဖြင့် ဟောပြောသွန်သင်ခြင်းနှင့် ခရစ်တော်၏ ခန္ဓာဖြစ်သည့် အသင်းတော်တို့ကို တည်ဆောက်ခြင်းများပြုနိုင်ခဲ့ကြသည်။ တမန်တော်ဝတ္ထုသည် ခရစ်ဝင်ကျမ်းများနှင့် ဩဝါဒကျမ်းများ၏ ပေါင်းကူးတံတားပင် ဖြစ်လေသည်။

ကျွန်ုပ်တို့အနေဖြင့် တမန်တော်ဝတ္ထုကို ရှုထောင့်အမျိုးမျိုးမှ လေ့လာ တန်ဖိုးထားအပ်သည်။ သူသည်ရှင်ပေါလု၏ ဘဝအကြောင်းနှင့် သူ၏ ဩဝါဒစာများ၏ သမိုင်းမှတ်တိုင်များကိုပါ နားလည်စေသည်။ အကယ်စင်စစ် ဓမ္မသစ်အသင်းတော် ၏ အနှစ် ၃၀ကြာ သမိုင်းကန္တဝင် ကျမ်းအဖြစ် တမန်တော်ဝတ္ထုကို သတ်မှတ်ရမည် ဖြစ်ပါ၏။

တမန်တော်ဝတ္ထုကြီး၏ ဦးတည်ချက်ကို အဖက်ဖက်မှ သုံးသပ်ပြီးနောက် သုတေသီ STANLEY TOUSSAINT ကဆက်လက်ရေးသား၍ . . .

"တမန်တော်ဝတ္ထု၏ ဦးတည်ချက်ကို အောက်ပါအတိုင်း အတည်ပြုချင်ပါသည်။ သူသည် ကောင်းကင်နိုင်ငံတော်၏ သတင်းကောင်းကို ဂျူးလူမျိုးတို့ထံမှ တစ်ပါးအမျိုးသား အားလုံးတို့ထံ ရှင်လုကာခရစ်ဝင်ကျမ်းနှင့်အတူ စည်းစံနစ်ကျနစွာ၊ တန်ခိုးကြီးမား လှစွာဖြင့် သယ်ဆောင်သွားရန် ယေရုရှလင်မှစ၍ ရောမအင်ပိုင်ယာ အထိ ဦးတည်သွားလေ၏။ ရှင်လုကာခရစ်ဝင်တွင် "ခရစ်ယာန်ဘာသာသည် ဓမ္မဟောင်းကျမ်းနှင့် ယုဒဘာသာ၌ အမြစ်စွဲသည် ဆိုပါက အဘယ်ကြောင့် ကမ္ဘာ့ဘာသာတရားဖြစ်လာနိုင်သနည်း" ဟူသော မေးခွန်းအတွက် အဖြေရှိခဲ့ပါသည်။ ယခုတမန်တော်ဝတ္ထုတွင်လည်း ရှင်လုကာခရစ်ဝင်မှဆက်ခံသော ပဟေဠိအမေွနှင့်အတူ အဖြေရှိနေသည်ဟု ဆိုချင်လေသည်" [၆၉] ဟူ၍ဖြစ်ပါသည်။

(တမန်တော်ဝတ္ထု၊ ၁း၈)သည် ကျမ်း၏အနှစ်သာရကို နားလည်စေနိုင်သည်။ သင်တို့အပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော်ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့ (အခြေခံဒေသ)မှစသော ယုဒပြည်၊ ရှာမာရိပြည် (ဝန်းကျင်ဒေသ)၊ မြေကြီးစွန်းတိုင်အောင် (ကမ္ဘာကုန်ကျယ်သရွေ့) ငါ၏သက်သေ ဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏။

## ခရစ်တော်ကို တမန်တော်ဝတ္ထု၌တွေ့မြင်ရပုံ

သေခြင်းမှရှင်ပြန်ထမြောက်တော်မူသော ကယ်တင်ရှင်၏အကြောင်းသည် ဤကျမ်းမှာ ပါဝင်သော တရားဒေသနာတို့ကို ချုပ်ကိုင်ထားသည်။ ဓမ္မဟောင်းကျမ်းစာများ ရှင်ပြန်ထမြောက်ခြင်းသမိုင်း၊ တမန်တော်တို့သက်သေခံချက်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ စီရင်ပိုင်သော တန်ခိုးအာဏာဟူသော အချက်အားလုံးတို့သည် ယေရှုအား

ဘုရားရှင်အဖြစ် လည်းကောင်း၊ ခရစ်တော်အဖြစ်လည်းကောင်း ဖော်ပြနေကြသည်

(၂း၂၂-၃၆၊ ၁၀း၃၄-၄၃)။

ထိုသခင်ကိုယုံကြည်သောသူရှိသမျှတို့သည် နာမတော်အားဖြင့် အပြစ်လွှတ်တော်မူခြင်းကျေးဇူးကို ခံရကြလတ္တံ့ဟူ၍ ပရောဖက်အပေါင်းတို့သည် ထိုသခင်၏ သက်သေခံဖြစ်ကြသည် (၁၀း၄၃)၊ ထိုသခင်၏နာမတော်မှတစ်ပါး ငါတို့ကိုကယ်တင်နိုင်သော နာမတစ်စုံ တစ်ခုမျှ ကောင်းကင်အောက်၊ လူတို့တွင် မပေါ်မရှိ (၄း၁၂) [၃၀]

## အဓိကအရေးကြီးသည့်အချက်များ

၁။ ယေရုရှလင်တွင် သက်သေခံခြင်း (၁း၁-၆း၇)

က။ ရွေးကောက်ခြင်းခံရသူတို့၏ မျှော်လင့်ချက် (၁း၁-၂း၄၇)

ဖြစ်ပေါ်မှုတင်ပြချက် အမှတ် (၁)

ခ။ ယေရုရှလင်အသင်းတော်ကျယ်ပျံ့ခြင်း (၃း၁-၆း၇)

ဖြစ်ပေါ်မှုတင်ပြချက် အမှတ် (၂)

၂။ ယုဒပြည်၊ ရှမာရိပြည်တို့၌ သက်သေခံခြင်း (၆း၈-၉း၃၁)

က။ သတေဖန် မာတုရဖြစ်ခြင်း (၆း၈-၈း၁(က))

(၁)သတေဖန်အား ဖမ်းဆီးခြင်း (၆း၈-၇း၁)

(၂)သတေဖန်ဟောပြောခြင်း (၇း၂-၅၃)

(၃)သတေဖန်အားလုပ်ကြံခြင်း (၇း၅၄-၈း၁(က))

ခ။ ဖိလိပ္ပု၏ အမှုတော် (၈း၁(ခ)-၄၀)

ဂ။ ရှောလု၏သတင်း (၉း၁-၁၉(က))

ဃ။ ရှောလု၏ ပြဿနာများ (၉း၁၉(ခ)-၃၁))

ဖြစ်ပေါ်မှုတင်ပြချက် အမှတ်(၃)

၃။ မြေကြီးစွန်းတိုင်အောင် သက်သေခံခြင်း (၉း၃၂-၂၈း၃၁)

က။ အန္တိအုတ်အထိ ကျယ်ပျံ့လာသော အသင်းတော် (၉း၃၂-၁၂း၂၄)

ဖြစ်ပေါ်မှုတင်ပြချက် အမှတ်(၄)

ခ။ အာရှမိုင်းနားသို့ အသင်းတော်ကျယ်ပျံ့လာပုံ (၁၂း၂၅-၁၆း၅)

ဖြစ်ပေါ်မှုတင်ပြချက် အမှတ်(၅)

ဂ။ အေဂျီယံပင်လယ်ဒေသသို့ အသင်းတော်ကျယ်ပျံ့လာပုံ(၁၆း၆-၁၉း၂၀)

ဖြစ်ပေါ်မှုတင်ပြချက် အမှတ်(၆)

ဃ။ ရောမမြို့တော်သို့ ကျယ်ပျံ့လာသော အသင်းတော် (၁၉း၂၁-၂၈း၃၁)

ဖြစ်ပေါ်မှုတင်ပြချက် အမှတ်(၇)

# အပိုင်း(၂)

# ရှင်ပေါလု၏ဩဝါဒများ

## နိဒါန်း

သမိုင်းဆိုင်ရာကျမ်းစာများကို စူးစမ်းခဲ့ပြီးနောက် ယခုအချိန်တွင် ဩဝါဒကျမ်းစာ ၂၁ဆူသို့ ရောက်ပေပြီ။ အကယ်၍သာ ဗျာဒိတ်ကျမ်းကို ထိုကျမ်း(၁း၄) ဖော်ပြချက်အရ ဩဝါဒစာတစ်ခုအဖြစ်ခံယူမည်ဆိုလျှင် ဩဝါဒ ၂၂ဆူရှိမည်ဖြစ်ပါ သည်။ သို့သော် ဗျာဒိတ်ကျမ်း၏ ဗျာဒိတ်သဘောများအလွန်ပြည့်စုံသောကြောင့် ကျွန်ုပ်တို့သည် သူ့ကို ဓမ္မသစ်ပိုင်းမှ အနာဂတ္တိအဖြစ်သာလျှင် လက်ခံလိုက်ပါသည်။ ဩဝါဒစာများကို ရှင်ပေါလုရေးသော ဩဝါဒများ၊ ရှင်ပေါလုမရေးသောဩဝါဒများဟု နှစ်ပိုင်းခွဲထားရာ ရှင်ပေါလုက အသင်းတော်များအတွက် ရေးသည့်ဩဝါဒစာ ၉စောင်နှင့် သင်းအုပ်ဆရာဩဝါဒစာ ၄စောင်ပါဝင်နေပါသည်။ ယင်းတို့၏ နောက်တွင် ဂျူးသို့မဟုတ် ဟေဗြဲခရစ်ယာန်များအတွက် ဩဝါဒစာ ၈စောင် ရှိပါသေး သည်။ ခရစ်ဝင်ကျမ်းမှ ဝမ်းမြောက်ဘွယ် သတင်းစကားများသည် ခရစ်ယာန် တို့အဖို့ အဘယ်အဓိပ္ပါယ်ရှိ၍ အဘယ်နည်းနှင့် ဆွဲယူအသုံးပြုနိုင်သနည်းဟူသော မေးခွန်း တစ်ခုသည် မေးထိုက်သော မေးခွန်းတစ်ခုပင်ဖြစ်ပါသည်။ ယခုဩဝါဒစာများ အနေ ဖြင့် ထိုမေးခွန်းအတွက် အဖြေများကို ဖော်ပြယုံသာမက ခရစ်တော်၏ ဘုရားသခင်ဖြစ်ကြောင်း၊ ခရစ်တော်၏ အမှုတော်မြတ်အကြောင်းများကိုပါ တင်ဆက်ရင်း သမ္မာကျမ်းစာတော်မြတ်၏ သစ္စာအမှန်ကို ယုံကြည်သူတို့ထံ ဆောင်ကြဉ်းပေးပါလိမ့်မည်။

# ပေါလုနောက်ကြောင်းမမေ့ကောင်း

တာရှုမြို့သားရှောလုအဖြစ်နှစ်ပေါင်းများစွာ ရှင်သန်ခဲ့ပြီး ကိလိကိပြည် တာရှုမြို့တွင် ဂျူးမိဘတို့မှ ပေါက်ဖွားခဲ့သူဖြစ်သည်။ သာမန်ဂျူးတစ်ယောက်မဟုတ်၊ အယူအစွဲ ပြင်းထန်သော ဖါရိရှဲအမျိုးဖြစ်ခဲ့သူဟူ၍ (တမန် ၂၃း၆) အရသိရသည်။ ဟေဗြဲဘာသာ စကားသို့မဟုတ် အာရေးမစ်ကိုသာပြောဆိုသူ၊ ဗ္ဗလသရေလဗင်္ယာမိန် အမျိုးဖြစ်ကြောင်း ဖိလိပ္ပိ(၃း၄-၅)အရ သိရ၏။ တဲရှင်မိုးကာချုပ်လုပ်၍ ကုန်သည်ဘဝမှာကြီးပြင်းသူ (တမန်တော် ၁၈း၃)ဟုဆိုသည်။ ငယ်ဘဝတွင် ယေရုရှလင် ကိုရောက်ရှိပြီး ထိုခေတ်က ထင်ရှားလှသော ဆရာ'ဂါမလျေလ' ထံတွင် ပညာသင်ကြားခဲ့သည်။ ဂျူးအယူဝါဒကို ထူးချွန်ပေါက်မြောက်စွာ တတ်ကျွမ်းရာတွင် အခြားပညာရှင်များထက် သာလွန်၍ ဘိုးဘေးစဉ်ဆက် ထုံးတမ်းစဉ်လာများကို အစွန်းရောက်စွာ နှစ်သက်သူဖြစ်၏။ (ဂလာတိ ၁း၁၄)

ဤသို့စိတ်အားထက်သန်မှုကြောင့် ခရစ်ယာန်အသင်းတော်ကို သူသည် နှိပ်စက်ရန် ဆန္ဒများပြင်းပြခဲ့ပြီး၊ ဖါရိရှဲလူငယ်တစ်ယောက်အနေဖြင့် ခရစ်ယာန် ခေါင်းဆောင် တစ်ဦး ဖြစ်သော သတေဖန်အားသတ်ဖြတ်ချိန်တွင် ပါဝင်လျက် သက်သေခံတစ်ဦး ဖြစ်ခဲ့လေ သည် (၇း၅၈-၈၃)။ ခရစ်ယာန်ဆန့်ကျင်ရေးများ လုပ်ခဲ့ရာတွင် ယဇ်ပရောဟိတ် မင်းများ ၏ ထောက်ခံစာများနှင့် ကျား-မ-မရွေး ဖမ်းဆီးနှိပ်စက်ခံယုံသာမက အခြားသော မြို့ပြများရှိ ယေရှုခရစ်၏အသင်းတော်များ ကို သွားရောက်ဖျက်ဆီးခဲ့သူဖြစ်သည်။ (တမန် ၂၆း၁၀-၁၁) (ဂလာတိ ၁း၁၃)။ ထိုကဲ့သို့အသင်းတော်များကို နှောက်ယှက်ဖျက်ဆီးရေး လုပ်ငန်းများကို ဆောင်ရွက်ရန် ဒမာသက်မြို့သို့အသွားခရီးစဉ်တစ်ခု၌ ယုံကြည်ခြင်း ပြောင်းလဲ၍ တမန်တော်ကြီး ရှင်ပေါလုဘဝသို့ရောက်ခဲ့လေသည်။

ရှင်ပေါလုသည် ဂရိခ်ယဉ်ကျေးမှုနှင့်လည်း ယဉ်ပါးသူဖြစ်၍ ဂရိခ်ပညာကို တတ်ကျွမ်း ခဲ့သည်။ (တမန် ၁၇း၂၈၊ တိတု ၁း၁၂)။ သို့ဖြစ်၍ ဂရိခ်အဘိဓမ္မာများကို နားလည်သူ ဖြစ်သည်။ ကျောင်းသားဘဝကတည်းက ဂရိခ်ပညာရှင်တို့၏ အဆို အမိန့်များကို သိသူ၊ ခေတ်ပြိုင်ဂရိခ် အယူအဆများကို ကျွမ်းသောသူဖြစ်သည်။ ထိုမျှမကသေးပါ။ ပေါလု သည် ရောမပြည်နယ်သားတစ်ဦးဖြစ်သည့်အလျောက် ရောမသားအခွင့်အရေးကိုပါ ရရှိထားသူဖြစ်ရာ ဖိလိပ္ပိအကျဉ်းထောင်တွင် အကျဉ်း ကျစဉ်က ကဲသာဘုရင်ထံသို့ အယူခံလွှာ တင်သွင်းခွင့်ရရှိခဲ့ရလေသည်။ (တမန်၊ ၁၆း၃၇-၃၉)

ဖော်ပြပါအကြောင်းတရားများအရ ရှင်ပေါလုသည် တစ်ပါးအမျိုးသားများအား ဧဝံဂေလိ သတင်းစကားဝေငှရမည့် တမန်တော်အရည်အချင်းနှင့် ပြည့်စုံခဲ့သူဖြစ်သည်။ သူကိုယ်တိုင် (၁ကော၊ ၉း၂၂)၌ ဖော်ပြခဲ့သည့်အချက်မှာ . . .

"အချို့သောသူတို့ကို တစ်စုံတစ်ခုသော အမှုအရာအားဖြင့် ကယ်တင်ခြင်း အလို့ငှါ ခပ်သိမ်းသောသူတို့၌ ခပ်သိမ်းသောအရာဖြစ်၏" ဟူ၍ဖြစ်လေသည်။

## ရှင်ပေါလု၏ပြောင်းလဲခြင်း

အသင်းတော်ကို စဉ်ဆက်မပြတ်တကြွစွာ နှိပ်ကွပ်ခဲ့သူတမန်တော်ကြီးသည် ဒမာသက်မြို့သွား ခရီးလမ်းပေါ်တွင် ရှင်ပြန်ထမြောက်ခဲ့သူ ယေရှုခရစ်၏ ဘုန်းတော်ရောင်ဝါနှင့် ရင်ဆိုင်ရပြီးနောက် ရင်သိမ့်တုန်ဘွယ်သော ဘဝအတွေ့ အကြုံများကို ခံစားခဲ့ရလေသည်။ (တမန်၊ ၉း၃-၃၀)

သူသည် ယေရှုကို ဘုရားသခင်၏သားတော် မေရှိယကယ်တင်ရှင်အဖြစ် လက်ခံသူခရစ်ယာန်များအား ဆန့်ကျင်သူဖြစ်ခဲ့သည်။ (တမန်၊ ၇း၅၆)အရ "ကြည့်ပါ . . . ကောင်းကင်ဖွင့်လှစ်သည်ကိုင်၊ လူသားသည် ဘုရားသခင်၏ လက်ျာဘက်၌ ရပ်နေသည်ကိုင်၊ ငါမြင်သည်" ဟူသည့် သတေဖန်ဖော်ပြသော ထမြောက်သူ သခင်ကို သူမယုံခဲ့ပေ။ 'လူလိမ်' ဟုဆိုလျက် သတေဖန်ကို ကျောက်ခဲများဖြင့် ပေါက်၍ သတ်ကြသည်ကို ဝန်ခံသူ ရှောလုအဖြစ်ပင် ကိုယ်တိုင်ပါဝင်ခဲ့သူ ဖြစ်လေသည်။ သို့သော်ရှုရိပြည်ဒမာသက်မြို့ရှိ ခရစ်ယာန်များအား နှိပ်စက်ရန်အတွက် ခရီးထွက်ခွာစဉ် ခရစ်တော်၏ ကိုယ်ထင်ပြခြင်း ကို ရင်ဆိုင်ခဲ့ရပြီးနောက် 'သတေဖန်'၏ သက်သေခံချက်သည် မှန်လျက် မိမိသည် မှား၍နေကြောင်းကို သူသိသွားပြီး ယေရှုသည် ကယ်တင်ရှင်ဘုရားသခင်ဖြစ်ကြောင်းကို ယုံကြည်ခဲ့ပေသည်။ သို့ဖြစ်၍ပင် ဒမာသက်မြို့ရှိ ဗိမ္မာန်တော်များတွင် ခရစ်တော်သည် ကယ်တင်ရှင်ဖြစ်သည်ကို သူကြွေးကြော်ခဲ့သည်။ သူ၏အဆိုပါပြောင်းလဲမှုသည် အလွန်မြန်ဆန်၍ မျက်လှည့်ဆန်သော်လည်း ထာဝစဉ် တည်တံ့သော ပြောင်းလဲခြင်းပင် ဖြစ်လေသည်။ အဆိုပါဖြစ်ရပ်နှင့် သက်ဆိုင်လျက် သတ္တဗေဒအမြင်၊ ပညာရှင်တို့၏ အယူအဆများကို စိမ်ခေါ်မှုများရှိ၍ နေသည်။ ယင်းအကြောင်းများနှင့် ပတ်သက်၍ ယေရုရှ လင်သို့မပြန်မီ အာရေဗျကန္တာရနှင့် ဒမာသက်မြို့များမှာ သူအချိန်ယူလျက် ကိုယ့်ကို ကိုယ်ဆန်းစစ်ခဲ့သည်ဟု

ဆိုနိုင်သည် (ဂလာတိ၊ ၁း၁၆-၁၉)။ ထို့နောက်တွင် သူသည် မိမိဇာတိဒေသကိုပြန်၍ နေထိုင်ခဲ့ရာ ၈နှစ်မှ ၁၀နှစ် ကာလအတွင်း၌ သူအဘယ်ကဲ့သို့ လုပ်ဆောင်နေခဲ့သည်ကို ကျွန်ုပ်တို့အတိအကျမသိကြရပေ။ [၃၁]

## ရှင်ပေါလု၏ဩဝါဒများ၏ဦးတည်ချက်

ရှင်ပေါလု၏ဩဝါဒများတစ်ခုချင်းကို လေ့လာမှုမပြုမီ ထိုဩဝါဒစာတို့၏ ထင်ရှားသော ဝိသေသလက္ခဏာများကို သတိပြုဆင်ချင်သင့်ပါသည်။ [၃၂]

## ထောင်တွင်းမှပေးပို့သည့်ဩဝါဒစာများ

ဧဖက်၊ ဖိလိပ္ပိ၊ ကောလောသဲ၊ ဖိလေမုန်ဩဝါဒစာများသည်၊ ပေါလုအကျဉ်း ကျစဉ် ရေးသားခဲ့သည့်စာများဖြစ်လေ၏။ ထိုဩဝါဒစာများအားဖြင့် သူ၏အကျဉ်းကျခံရချိန် အခြေအနေမှန်ကို ကျွန်ုပ်တို့တွေ့ရသည်။ (ဧဖက်၊ ၃း၁၊ ၄း၁၊ ၆း၂၀) (ဖိလိပ္ပိ၊ ၁း၇၊ ၁၃) (ကောလောသဲ၊ ၄း၁၀၊ ၁၈) (ဖိလေမုန်၊ ၁၊ ၉၊ ၁၀)

ပေါလုအနေဖြင့် ထိုအချိန်တွင် အကျဉ်းချုပ်နေရသည် သို့မဟုတ် အကျယ်ချုပ် နေရသည်။ (တမန်တော်၊ ၂၈း၃၀)ကို အတိအကျမသိရသော်လည်း ထိုဩဝါဒစာ များအားဖြင့် ဘုရားသခင်သည် မိမိ၏ဘုန်းတော်ကို ထင်ရှားစေလျက် သူ၏ အမှုတော် မြတ်တွင် လူသားတို့ကို အသုံးပြုခဲ့ကြောင်းနှင့်တစ်ကွ (ဖိလိပ္ပိ၊ ၁း၂၊ ၁၃)၊ နှုတ်ကပတ် တော်ကို လောကီအာဏာ စက်များနှင့် ချုပ်နှောင်၍မရကြောင်း သိသာစေခဲ့သည် (၂တိ၊ ၂း၉)။

## သင်းအုပ်ဆရာဩဝါဒများ

ရှင်ပေါလု၏ဩဝါဒစာများကို ဤသို့ပိုင်းခြားအပ်နှံ၍ ပုဂ္ဂိုလ်ရေးဆန်ဆန် ရေးသားသော တိမောသေဩဝါဒ ၂စောင်၊ ဖိလေမုန်ဩဝါဒစာ ၁စောင် တို့ပါဝင် လေ၏။ မည်သို့ဆိုစေ ပုဂ္ဂိုလ်ရေးအရ ဩဝါဒပြုရာတွင် အသင်းတော်တစ်ခု၏ သင်းအုပ်ဆရာတစ်ပါးရေးသား ဆုံးမသည်ဟု ခံယူလျက် သင်းအုပ်ဆရာဩဝါဒများကို စာရင်းသွင်းရပါမည်။ လူတစ်ဦး တစ်ယောက်၏ အမည်ကို တပ်ထားသော်လည်း ဂုဏ်ကျေးဇူးအလွန်ကြီးမား၍ အသင်း တော် တစ်ခုလုံးအတွက် အကြုံးဝင်ကြောင်းကို တွေ့ရပါမည်။ တိမောသေနှင့် တိတု သည် အသင်းတော်တစ်ခုဆီတိုင်အောင်၊ ရှောင်ရန်များကို ဖော်ပြထားပေသည်။

(၁တိ၊ ၃း၁၄-၁၅၊ ၄း၆-၁၅) (၂တိ၊ ၂း၂) အဆိုပါဩဝါဒစာများအားဖြင့် အသင်းတော် တစ်ပါးကို အုပ်ချုပ်ခြင်း၊ အသင်းတော်၏ မူဝါဒချမှတ်ခြင်း၊ အသင်းတော် တို့၏ ကျင့်ထုံး နည်းစံနစ်များကိုဖော်ပြ၍ သင်းအုပ်ဆရာတစ်ပါး၏ တာဝန် ဝတ္တရားများကို ဖော်ပြထား ရာတွင် ယနေ့ခေတ်အသင်းတော်များ ကြီးပွားတိုးတက်ရေး နှင့် ဆောင်ရွက်ရန် တာဝန် များကိုပါ လမ်းညွှန်လျက်ရှိသည်ကို မြင်တွေ့ရပါသည်။

ထို့ကြောင့်ဤဩဝါဒစာများကို ကျွန်ုပ်တို့ မျက်မှောက်အသင်းတော်များ အနေဖြင့် အလေးအနက်ပြုရန် လိုအပ်ပါသည်။ ရှင်ပေါလု၏စာစောင် ၁၃ခုအနက် နောက်ဆုံး ရေးသားခဲ့သော ဩဝါဒစာများသည် အသင်းတော်၏နည်းစနစ်၊ အမှုတော် နှင့်ဖွဲ့စည်းပုံ များ အကြောင်းကို ဖော်ပြထားလျက် ယနေ့အသင်းတော်များအတွက် လမ်းညွှန်သဘွယ် အကျိုးပြုလျက်ရှိသည်ဟု ဆိုချင်ပေသည်။

တွေးခေါ်ဆင်ခြင်နိုင်ရန် အကြံပြုရမည်ဆိုပါက -

## အကြံပြုချက် အမှတ်(၁)

ဖွဲ့စည်းအုပ်ချုပ်မှုနှင့် စည်းစနစ်သည် အဓိကကျပါသည်။ အသင်းတော်နှင့် ယုံကြည်သူ တစ်ဦးစီ၌ ဝိညာဉ်ရေးတာဝန်များရှိကြပါသည်။ အခြေခံအားဖြင့် ဘုရား သခင်၏ နှုတ်က ပတ်တော်ကို မှန်ကန်စွာနားလည်ရန် လိုပါသည်။ ခရစ်တော်ပြသခဲ့သော ဘဝပုံစံ ကို လိုက်နာရန် အရေးကြီးပါသည်။ ဤနည်းအားဖြင့်သာ အသင်းတော်သည် ဝိညာဉ် ရေး၊ စိတ်ဓါတ်ရေးရာတို့၌ အခြေခံသဘောတရားများ တူညီလျက် နှုတ်ကပတ်တော်ကို ခံယူ ရာမှာ ခြားနားခြင်းရှိကြမည် မဟုတ်ပါ။

ဥပမာပေးရမည်ဆိုလျှင် အသင်းတော်တစ်ပါးကို တည်ဆောက်ရန် ကိစ္စသည် စုပေါင်းတာဝန်ဖြစ်သလို တစ်ဦးချင်း၏ တာဝန်လည်းဖြစ်သည်။ ပေးကမ်း လှူဒါန်းခြင်း၊ အလှူငွေကောက်ခံခြင်းစသော အမှုတော်များသည် သမ္မာကျမ်းစာမှ ဖော်ပြသည့် အတိုင်းနည်းစနစ်ကျကျနနဖြစ်ရန် လိုအပ်သည်။ ယုံကြည်သူခရစ်ယာန် တို့အနေဖြင့် မိမိတို့စိတ်ဆန္ဒရှိသည့်အတိုင်း လှူဒါန်းရမည်ဖြစ်ပြီး အခြေခံစည်းမျဉ်း များကို စိတ်ကြိုက် ပြုပြင်ပြောင်းလဲ၍ လှူဒါန်းခြင်း မပြုအပ်ပေ။ (၂ကော၊ ၉း၆-၁၀)

# အကြံပြုချက် အမှတ်(၂)

အသင်းတော်အဖွဲ့အစည်းသည် နှုတ်ကပတ်တော်၏ သွန်သင်ချက်အတိုင်း မှန်ကန်စွာ လိုက်နာကျင့်သုံးရပါမည် (၂တိ၊ ၂း၁၅)။ ဘုရားသခင်ချထားပေး သည့်သစ္စာတရားကို ဝိညာဉ်သဘောထားပြည့်ဝသည့် ခေါင်းဆောင်များ၏ ဦးဆောင်မှု နှင့် လိုက်လျှောက်ခြင်း (၁တိ၊ ၃း၁-၁၀)သည် အသင်းတော်ရှင်သန်မှုအတွက် မရှိမဖြစ်လိုအပ်သည်။ ယုံကြည်သူများ အနေဖြင့် အစဉ်အလာများအတိုင်း သော်လည်းကောင်း၊ မိမိတို့၏ ကျောထောက်နောက်ခံ သမိုင်းအပေါ်မှာ လည်းကောင်း အားပြုလွန်းအားကြီးမည်ဆိုပါက သမ္မာတရားလမ်းမကျ၊ ဝိညာဉ်သဘောများ ချွတ်ချော်၍ ဘုရားသခင်အလိုတော်အတိုင်း စွမ်းဆောင်နိုင်လိမ့်မည် မဟုတ်ပေ။

ယခုဩဝါဒစာများသည် အသင်းတော်ပုံစံကို ယခုကျွန်ုပ်တို့ဖော်ပြသလို ဖော်ပြမည် မဟုတ်၊ ဘုရားသခင်သည် ဤကဲ့သို့ ပုံသေကားချပ်ဖော်ပြခြင်း မပြုမီ ကတည်းက ရောမဩဝါဒစာ၊ ကောရိန္သုဩဝါဒစာပဌမစောင်နှင့် ဒုတိယစောင်၊ ဂလာတိဩဝါဒစာ၊ ဧဖက်ဩဝါဒစာ၊ ဖိလိပ္ပိဩဝါဒစာနှင့် ကောလောသဲဩဝါဒစာ တို့ကို ချထားပေးခဲ့ပြီး ဖြစ်ပါသည်။ ဤသို့ဆိုသောအခါ၌ အသင်းတော်အဖွဲ့အစည်း ပုံစံသည် အရေးမကြီးဘူးလားဟု မေးချင်စရာရှိပါလိမ့်မည်။ မဟုတ်ပါ . . . အသင်းတော်အဖွဲ့အစည်းနှင့် အုပ်ချုပ်ရေးသည် ပဌမဦးစားပေးအဆင့်၌မရှိ၊ ယင်းတို့သည် အသင်းတော်၏ ရှင်သန်ခြင်းတွင် ဒုတိယအဆင့်မှာသာ ရှိပါသည်။ ဘုရားသခင်၏ သတ်မှတ်စံချိန်စံညွှန်းအတိုင်း ကောင်းမြတ်သော သွန်သင်မှုနှင့် ဝိညာဉ်သဘောဆောင်သည့် အမှုတော်များဖြစ်ဖို့ရန်၊ ခရစ်တော်ပြုခဲ့သည့် ကယ်တင်ခြင်း ကျေးဇူးတော်ဆိုင်ရာ ကောင်းသတင်းဝိသေသလက္ခဏာတို့ကို ဖော်ပြစေရန်သာလျှင် ပဓါနဖြစ်ပါသည်။

ရှင်ပေါလု၏ ဩဝါဒစာတစ်ခုစီတွင် ကယ်တင်ရှင်သခင်ခရစ်တော်၏ အကြောင်းကို တူညီစွာ၊ ပီပြင်စွာ၊ ထိရောက်စွာ ဖော်ပြလျက်ရှိပြီး ဝမ်းမြောက်ဘွယ် ကယ်တင်ခြင်း သတင်းစကားကို ဆောင်ကြဉ်းလျက် ယုံကြည်သူအားလုံးအား သခင်ခရစ်တော်၌ အစဉ်တည်တံ့စွာ ခိုလှုံကိုးစားရန် ရေးသားပြုစုခဲ့ပါကြောင်း။

အောက်ပါဇယားကွက်များအားဖြင့် ခြားနားချက်များကို သိနိုင်ပါသည်။

| ခရစ်တော်ယေရှုအား အဓိကထားဖော်ပြခြင်း | |
|---|---|
| ရောမသြဝါဒစာ | ခရစ်တော်သည်ဘုရားသခင်၏တန်ခိုးတော်ကို ဆောင်ခဲ့သူ |
| ကောရိန္တုသြဝါဒစာပဌမစောင် | ခရစ်တော်သည်ဘုရားသခင်၏ပညာတော်ကို ဆောင်ခဲ့သူ |
| ကောရိန္တုသြဝါဒစာဒုတိယစောင် | ခရစ်တော်သည်ဘုရားသခင်၏နှစ်သိမ့်ခြင်းကို ဆောင်ခဲ့သူ |
| ကာလတိသြဝါဒစာ | ခရစ်တော်သည်ဘုရားသခင်၏ဖြောင့်မတ်ခြင်းကို ဆောင်ခဲ့သူ |
| ဧဖက်သြဝါဒစာ | ခရစ်တော်သည်ဘုရားသခင်၏ကြွယ်ဝပြည့်စုံခြင်းကို ဆောင်ခဲ့သူ |
| ဖိလိပ္ပိသြဝါဒစာ | ခရစ်တော်သည်ဘုရားသခင်၏ဖူလုံခြင်းကို ဆောင်ခဲ့သူ |
| ကောလောသဲသြဝါဒစာ | ခရစ်တော်သည်ဘုရားသခင်၏ပြည့်ဝကြီးမြတ်မှုကို ဆောင်ခဲ့သူ |
| သက်သာလောနိတ်သြဝါဒစာပဌမစောင် | ခရစ်တော်သည်ဘုရားသခင်၏ကတိတော်ကို ဆောင်ခဲ့သူ |
| သက်သာလောနိတ်သြဝါဒစာဒုတိယစောင် | ခရစ်တော်သည်ဘုရားသခင်၏ဆုလာဘ်ကို ဆောင်ခဲ့သူ |
| တိမောသေသြဝါဒစာပဌမစောင် | ခရစ်တော်သည်ဘုရားသခင်၏လူသားကို စေ့စပ်ပေးသူ |
| တိမောသေသြဝါဒစာဒုတိယစောင် | ခရစ်တော်သည်ဘုရားသခင်၏တရားစီရင်သူ |
| တိတုသြဝါဒစာ | ခရစ်တော်သည်ဘုရားသခင်၏ကြင်နာခြင်းကရုဏာကို ဆောင်ခဲ့သူ |
| ဖိလေမုန်သြဝါဒစာ | ခရစ်တော်သည်ဘုရားသခင်၏ယုံကြည်စိတ်ချခြင်းကို ခံရသူဖြစ်သည်။ |

| ဝမ်းမြောက်ဘွယ်သတင်းစကားကို အဓိကထားခြင်း | |
|---|---|
| ရောမသြဝါဒစာ | ကယ်တင်ခြင်းတရားနှင့် သတင်းကောင်း |
| ကောရိန္တုသြဝါဒစာပဌမစောင် | ကယ်တင်ခြင်းတရားနှင့် အမှုတော် |
| ကောရိန္တုသြဝါဒစာဒုတိယစောင် | ကယ်တင်ခြင်းတရားနှင့် အမှုတော်ဆောင်များ |
| ကာလတိသြဝါဒစာ | ကယ်တင်ခြင်းတရားနှင့် အကျင့်မှားသူများ |
| ဧဖက်သြဝါဒစာ | ကယ်တင်ခြင်းတရားနှင့် ကောင်းကင်ဆုကျေးဇူး |
| ဖိလိပ္ပိသြဝါဒစာ | ကယ်တင်ခြင်းတရားနှင့် လောကီအရာများ |
| ကောလောသဲသြဝါဒစာ | ကယ်တင်ခြင်းတရားနှင့် အဘိဓမ္မာများ |
| သက်သာလောနိတ်သြဝါဒစာပဌမစောင် | ကယ်တင်ခြင်းတရားနှင့် အသင်းတော်အနာဂတ် |
| သက်သာလောနိတ်သြဝါဒစာဒုတိယစောင် | ကယ်တင်ခြင်းတရားနှင့် ခရစ်တော်ဆန့်ကျင်သူအန္တိခရစ် |
| တိမောသေသြဝါဒစာပဌမစောင် | ကယ်တင်ခြင်းတရားနှင့် သင်းအုပ်များ |
| တိမောသေသြဝါဒစာဒုတိယစောင် | ကယ်တင်ခြင်းတရားနှင့် ဆန့်ကျင်မှု |
| တိတုသြဝါဒစာ | ကယ်တင်ခြင်းတရားနှင့် ဆက်နွယ်ဆောင်ရွက်မှု |
| ဖိလေမုန်သြဝါဒစာ | ကယ်တင်ခြင်းတရားစွမ်းပကား |

| ယုံကြည်သူအဖွဲ့အစည်းတွင် ကယ်တင်ခြင်းတရားကို အဓိကထားခြင်း | |
|---|---|
| ရောမသြဝါဒစာ | ခရစ်တော်၌ တရားမျှတခြင်းရှိသည်။ |
| ကောရိန္သုသြဝါဒစာပဌမစောင် | ခရစ်တော်၌ သန့်ရှင်းခြင်းရှိသည်။ |
| ကောရိန္သုသြဝါဒစာဒုတိယစောင် | ခရစ်တော်၌ ငြိမ်သက်ချမ်းသာခွင့်ရှိသည်။ |
| ဂလာတိသြဝါဒစာ | ခရစ်တော်၌ လွတ်လပ်ခြင်းရှိသည်။ |
| ဧဖက်သြဝါဒစာ | ခရစ်တော်၌ ချီးမြှောက်ခြင်းရှိသည်။ |
| ဖိလိပ္ပိသြဝါဒစာ | ခရစ်တော်၌ ဝမ်းမြောက်ခြင်းရှိသည်။ |
| ကောလောသဲသြဝါဒစာ | ခရစ်တော်၌ ပြီးမြောက်ခြင်းရှိသည်။ |
| သက်သာလောနိတ်သြဝါဒစာပဌမစောင် | ခရစ်တော်၌ ပြောင်းလဲခြင်းရှိသည်။ |
| သက်သာလောနိတ်သြဝါဒစာဒုတိယစောင် | ခရစ်တော်၌ အပေးအယူမျှတမှုရှိသည်။ |
| တိမောသေသြဝါဒစာပဌမစောင် | ခရစ်တော်၌ ခွန်အားတိုးတက်ခြင်းရှိသည်။ |
| တိမောသေသြဝါဒစာဒုတိယစောင် | ခရစ်တော်၌ အဓိဋ္ဌါန်ရှိသည်။ |
| တိတုသြဝါဒစာ | ခရစ်တော်၌ တက်ကြွခြင်းရှိသည်။ |
| ဖိလေမုန်သြဝါဒစာ | ခရစ်တော်၌ အင်အားပြည့်စုံသည်။ |

# ရောမသြဝါဒစာ

## (ခရစ်တော်သည်ဘုရားသခင်၏တန်ခိုးတော်ကိုဆောင်ယူသူ)

### ကျမ်းရေးသူနှင့်ကျမ်းအမည်

တမန်တော်ကြီးရှင်ပေါလုရေးသားသည် (၁း၁)၊ ရှေးဦးအသင်းတော်သည် ဤကျမ်းစာကိုတစ်ညီတညွတ်တည်းထောက်ခံ၍ ရှင်ပေါလုကို ဂုဏ်ပြုကြသည်။ ပေါလုအသက်တာမှ ထင်ရှားဖြစ်ရပ်များ၏ မှတ်တမ်းများပါဝင်သလို ယုံကြည်ခြင်း အခြေခံသဘော တရားများမှာလည်း ရှင်ပေါလု၏ အခြားစာပေများနှင့် စည်းလုံးညီညွတ်ကြောင်းကို ထင်ရှားသိသာစေသည်။

ရှင်ပေါလု၏အကြီးအကျယ်ဆုံးဟု ဆိုအပ်သော ဤကျမ်းစာအုပ်သည် ရောမမြို့တော်မှ အသင်းတော်ကို ဦးတည်ရေးသားသဖြင့် ရောမသြဝါဒစာဟု မှည့်ဆိုသည်။ (၁း၇၊ ၁၅)၊ ရှင်ပေါလုသည် ရောမအသင်းတော်ကို တည်ထောင်သူမဟုတ်သော်လည်း

တစ်ပါးအမျိုးသားတို့၏ တမန်တော်ကြီးအနေဖြင့် ရောမမြို့ရှိ ယုံကြည်သူများကို တွေ့ဆုံဖို့ရန် နှစ်ပေါင်းများစွာ တောင့်တခဲ့လျက် (၁၅း၂၂-၂၃)သူတို့၏ ယုံကြည်ခြင်းကို တည်တံ့အောင် ဟောပြောသွန်သင်လိုစိတ်လည်းရှိခဲ့သည် (၁း၁၃-၁၅)။

ဤသို့ရောမတွင် အမှုတော်ကို ဆောင်ဖို့ရန်အတွက် ရောမသားတို့က လမ်းကို ပြင်ဆင်ပေးကြပါရန် သူစာရေးခဲ့သည် (၁၅း၁၄-၁၇)။ ရေးသားသော အချိန်မှာ ကောရိန္တုမြို့တွင် ယုဒဆင်းရဲသားယုံကြည်သူများအတွက် အလှူငွေကို သူကောက်ခံပြီးသည့် အချိန်မှာ ဖြစ်သည်။ ကောရိန္တု မှတဖန် ယေရုရှလင်မြို့တော်ကို ပြန်သွားပြီး အလှူငွေများကိုအပ်ကာ ရောမနှင့်စပိန်ကို ခရီးထွက်ရန် ရည်ရွယ်ခဲ့သည် (၁၅း၂၄)။ သူနောက်ပိုင်းတွင် ရောမသို့ရောက်သွားသည်။ သို့သော်အကျဉ်းသား အဖြစ် ရောက်သွားခြင်းဖြစ်သည်။ ဤသြဝါဒစာကို ကောရိန္တုအနီးမှာရှိသော ကင်ခြေအသင်းတော်မှ အမျိုးသမီး ခေါင်းဆောင်တစ်ဦးဖြစ်သူ 'ဖိဗေ'က ရောမ အသင်းတော်သို့ ယူဆောင်ပေးပို့ကြောင်း တွေ့ရလေသည်။ (၁၆း၁)

## ကျမ်းကိုရေးသောခုနှစ်

AD 57-58

ရောမသြဝါဒစာကို တမန်တော်ကြီးသည် သူ၏ တတိယအကြိမ်မြောက်ခရီးစဉ် နိဂုံးပိုင်း AD 57-58 ၌ ရေးသားသည်ဟု ယူဆရသည်။ (တမန်တော်၊ ၁၈း၂၃-၂၁း၁၄)။ (ရောမ ၁၅း၂၆) ဖော်ပြချက်များအရ ကောရိန္တု အရပ်မှာရှိသော မာကေဒေါနိနှင့် အခါယအသင်းတော်များမှ အလှူငွေများကို ပေါလုလက်ခံရရှိပြီး ဖြစ်ရပါမည်။ ဤအချက်အရ သူသည် ကောရိန္တု ကိုရောက်ခဲ့ပြီးဖြစ်သည်။ ကောရိန္တု သြဝါဒစာကို သူရေးစဉ်ကသူသည် ကောရိန္တု ကို မရောက်ဖူးသေးကြောင်း သိရသည် ဖြစ်၍ (၁ကော၊ ၁၆း၁-၄၊ ၂ကော၊ ၈-၉) ယခုရောမသြဝါဒစာသည် ကောရိန္တု သြဝါဒများ ရေးသားပြီးစီးသည့် AD 55 နောက်ပိုင်းမှာ ရေးခြင်းဖြစ်ရပါမည်။

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

ရောမသြဝါဒစာသည် တိကျသော ပြဿနာများကို ဖော်ပြသည့်အခြား သြဝါဒများ ကဲ့သို့မဟုတ်ပေ။ ဤကျမ်း၌ ဦးတည်ချက် ၃မျိုးကို ရှာ၍တွေ့နိုင်သည်။ ပဌမအချက်အနေဖြင့် ရောမမြို့တော်ကိုလာလိုသော ဆန္ဒရှိပြီး ယေရုရှလင်မှတစ်ဆင့် သူလာရောက်နိုင်ရန် ပြင်ဆင်ပေးဖို့ မေတ္တာရပ်ခံသည်။ (၁၅း၂၄၊ ၂၈-၂၉နှင့် တမန်၊ ၁၉း၂၁)။ ရှင်ပေါလုသည် သူ၏စိတ်ကူးများကို ဖော်ပြလျက်သူ့ကို စောင့်ကြရန်

ဆုတောင်းပေးကြပါရန်ပန်ကြားခဲ့သည်။ (ရောမ၊ ၁၅း၃၀-၃၂)။ ဒုတိယ ဦးတည်ချက်မှာ ဘုရားသခင်၏ ဝမ်းမြောက်ဘွယ်ကယ်တင်ခြင်း သတင်းစကားအား အသေးစိတ်မျှ ပြည့်စုံစွာ ကြေငြာတင်ပြရန်ဖြစ်သည်။ (၁း၁၅)အရ ငါတတ်နိုင်သမျှ အတိုင်း ရောမမြို့ သားဖြစ်သော သင်တို့အား ဧဝံဂေလိတရားကို ဟောခြင်းငှာ စေတနာစိတ်ရှိ၏ ဟူ၍ သူဖော်ပြခဲ့သည်။ တမန်တော်ကြီးသည် ထိုတရားတော် အကြောင်းကို ရောမသားများ သေချာစွာ နားလည်ရန်၊ အသက်တာတစ်ခုလုံး အပေါ်မှာ ခံယူနိုင်ရန်၊ အထူးသဖြင့် ဖြောင့်မတ်ခြင်းအခွင့်အတွက် ဘုရားသခင်၏ စီရင်ချက်ဖြစ်သောအတိတ်၊ ပစ္စုပ္ပန်ကာလ အတွက် သန့်ရှင်းစင်ကြယ်စေခြင်းဟူသော ရွေးကောက်ခေါ်ယူခြင်း၊ အနာဂတ်နှင့်ဆိုင် လျက် ခရစ်တော်၏ ဘုန်းတော်ကို ပေးအပ်ခြင်းစသည့်အချက်များကို ရှင်းလင်းဖွင့်ဆို ထားသည်။ တတိယဦးတည်ချက်မှာ ရောမမြို့အသင်းသားမှ ဂျူးယုဒခရစ်ယာန်များ၊ တစ်ပါးအမျိုးသားခရစ်ယာန်များ ကြားမှ ပြဿနာဖြစ်နေသည့် အရေဖျားလှီးခြင်း ခံသင့်မသင့် ပြဿနာများကို ဖြေရှင်းခြင်းဖြစ်သည်။ ဘုရားသခင်သည် ဂျူးလူမျိုးတော် ဆိုင်ရာ ပဋိညာဉ်များကို မမေ့လျော့ဘဲ ဂျူးနှင့်တစ်ပါးအမျိုးသားများအားလုံးအတွက် ကယ်တင်ခြင်း ကျေးဇူးကို ပြုတော်မူကြောင်း ရှင်းလင်းဖွင့်ဆိုပေးခဲ့လေ၏။

ရှင်ပေါလုသည် ရောမဩဝါဒ၏ဦးတည်ချက်ကို (၁း၁၆-၁၇)တွင် ရှင်းလင်းစွာ ဖော်ပြသည်။ ထိုအပိုင်းတွင် ဘုရားသခင်သည် အပြစ်လူသားကို အဘယ်သို့ ကယ်တင် ပေးတော်မူကြောင်း ဖော်ပြထားရာ မဟာဆန်လှသော ဩဝါဒများ၏ အနှစ်သာရဟု ဆိုနိုင်သည်။ ယင်းဖော်ပြချက်သည် ဝမ်းမြောက်ဘွယ် ကယ်တင်ခြင်း၊ ဘုရားသခင်၏ တန်ခိုးတော်၊ အပြစ်မှလွတ်စေခြင်း၊ ယုံကြည်ခြင်းရှိသူ များ၊ ဘုရားသခင်၏ ဖြောင့်မတ် ခြင်း၊ ဂျူးနှင့်တစ်ပါး အမျိုးသားအားလုံးအတွက် ဖြစ်ပုံတို့ကို ဖော်ပြထားသည်။ CHARLES RYRIE ကအကောင်းဆုံးဝေဖန် သုံးသပ်ထားရာတွင် . . .

ရှင်ပေါလု၏အခြားဩဝါဒများနှင့် မတူဘဲ ရောမဩဝါဒစာသည် ယုံကြည်ခြင်း တရားအားဖြင့် ဘုရားသခင်၏ ဆုံးဖြတ်စီရင်တော်မူခြင်းအကြောင်းကို စံနစ်ကျနစွာ ဖော်ပြသည်။ ထိုကျမ်းကြီး၏ အနှစ်သာရမှာ ဘုရားသခင်၏ ဖြောင့်မတ် တော်မူခြင်း ဖြစ်သည်။ (၁း၁၆-၁၇)

ခရစ်ယာန်ဘာသာဝင်များ၏ အခြေခံယုံကြည်ချက်များစွာတို့ကို ပြေလည်စွာ ဆွေးနွေးပေးနိုင်သည်။ သဘာဝလောကကြီးမှ ဖော်ပြသော ဗျာဒိတ်တော် (ရောမ၊ ၁း၁၉-၂၀) လူ့လောကကြီး၏ အပြစ်မှောင်မိုက် (ရောမ၊ ၃း၉-၂၀)၊ ထိုအပြစ်အတွက် လွတ်မြောက် ရန်စီရင်ခြင်း (ရောမ၊ ၃း၂၄)၊ သည်းခံတော်မူသော မေတ္တာ(၃း၂၅)၊ ယုံကြည်ခြင်း (ရောမ၊ ၄း၁)၊ ဣသရေလအား ရွေးကောက်ခြင်းနှင့် ပယ်ရှားခြင်း (ရောမ၊

၆း၁)(၉-၁၁)၊ ဝိညာဉ်ဆုကျေးဇူးများ (ရောမ၊ ၁၂း၃-၈)၊ မင်းအစိုးရအား ရိုသေလေးစားခြင်း (ရောမ၊ ၁၃း၁-၇) [၃၃]

နိဒါန်း(၁း၁-၁၇)နှင့် နိဂုံးပိုင်း (၁၅း၁၄-၁၆း၂၇)တို့မှတစ်ပါး ရောမသြဝါဒ စာကို အပိုင်းအခြား ၃ခုဖြင့် လွယ်လင့်တကူ ပိုင်းခြားနိုင်ပါမည်။

၁။ ပဥ္စမအခန်းကြီး ၈ခုတို့သည် အခြေခံယုံကြည်ချက်များကို ဖော်ပြထားလျက် ဘုရားသခင်ကို ယုံကြည်ခြင်းတရားအားဖြင့် အပြစ်တရားမှ လွတ်မြောက်၍ သန့်ရှင်း စင်ကြယ်ခြင်းဖြစ်စေသော ဝမ်းမြောက်ဘွယ်ကယ်တင်ခြင်းတရား၏ လိုအပ်ချက်များ ကို ညွှန်ပြထားပါသည်။

၂။ အခန်းကြီး ၉ မှ ၁၁ သုံးကျမ်းတို့သည် လူမျိုးရေးများနှင့် ဆက်နွယ်၍ ဂျူးလူမျိုးများ၊ တစ်ပါးအမျိုးသားအား ဘုရားသခင်၏ ဆက်သွယ်ပုံကို လည်းကောင်း၊ ကျေးဇူးပြုတော်မူခြင်းကိုလည်းကောင်း သိသာထင်ရှားစေသည်။

၃။ အခန်းကြီး ၁၂ မှ ၁၆ တို့သည် ယုံကြည်သူခရစ်ယာန်များ၏ နေ့စဉ်အသက်တာ ကျင့်သုံးလိုက်နာစရာများကို ဖော်ပြထားပါသည်။

## ခရစ်တော်ကို ရောမသြဝါဒစာမှတွေ့မြင်ရပုံ

တမန်တော်ကြီးရှင်ပေါလုသည် ခရစ်တော်ကို ဒုတိယမြောက်အာဒံအဖြစ် တင်စားလျက်သူ၏ ဖြောင့်မတ်တော်မူခြင်း၊ သူ၏ကိုယ်စားခံသက်စွန့်မေတ္တာများသည် သူ့ကို ယုံကြည်သူတိုင်းအတွက် အပြစ်တရားမှ လွတ်မြောက်စေပြီဟု တင်ပြသွားလေ၏။ ခရစ်တော်သည် သူ၏ဖြောင့်မတ်တော်မူခြင်းကို ကျေးဇူးမေတ္တာလက်ဆောင် အဖြစ် အပြစ်သားတို့နေထိုင်ရာ လူ့ကမ္ဘာကို ပေးခဲ့သည်။ ဘုရားသခင်သည် လူ့လောက အပြစ်တရားအတွက် အမျက်တော်နှင့် အပြစ်ပေးမည့်အစား ခရစ်တော်သည် ဘုရားမေတ္တာနှင့် အသက်ကိုစွန့်ကာ ကယ်တင်တော်မူခဲ့သည်။ ထိုကဲ့သို့ ခရစ်တော်၏ ကယ်တင်ခြင်း၊ အပြစ်လွှတ်ခြင်း၊ ဘုရားသခင်နှင့် လူသားများ ပြန်လည် သင့်မြတ်ခြင်း၊ သေခြင်းမှ လွတ်မြောက်ခြင်း၊ ဘုန်းတော် ထင်ရှားစေခြင်းများအတွက် သခင်ခရစ်တော်၏ သေခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းတို့သည် အဓိကအနှစ်သာရ ဖြစ်လေသည်။ [၃၄]

## အဓိကအရေးကြီးသည့်အချက်များ

၁။ နိဒါန်း (၁း၁-၁၇)

### ၂။ အပြစ်တင်ခြင်း၊ လူ့ဘောင်၏အပြစ်များအတွက် ဖြောင့်မတ်ခြင်းတရားကို လိုအပ်ပုံ (၁း၁၈-၃း၂၀)

က။ ကိုယ်ကျင့်တရားပျက်စီးနေသူများအားရှုတ်ချခြင်း (တစ်ပါးအမျိုးသားများ) (၁း၁၈-၃၂)

ခ။ ကိုယ်ကျင့်တရားလက်ကိုင်ထားသူများ (၂း၁-၁၆)

ဂ။ ဘာသာရေးသမားများအား ရှုတ်ချခြင်း (ဂျူးများ) (၂း၁၇-၃း၈)

ဃ။ လူသားအားလုံးအာရုံချခြင်း (၃း၉-၂၀)

**၃။တရားစီရင်ခြင်း၊ ခရစ်တော်အားဖြင့် ဘုရားသခင်၏ သက်ညှာခြင်း (၃း၂၁-၅း၂၁)**

က။ ဖြောင့်မတ်ခြင်းတရားဟူသည် (၃း၂၁-၃၁)

ခ။ ဖြောင့်မတ်ခြင်းကို သရုပ်ပုံဖော်ပြသခြင်း (၄း၁-၂၅)

ဂ။ ဖြောင့်မတ်ခြင်းတရားအတွက် ကောင်းကြီး (၅း၁-၁၁)

ဃ။ ဖြောင့်မတ်ခြင်းနှင့် အပြစ်တင်ခြင်း နှိုင်းယှဉ်ချက် (၅း၁၂-၂၁)

**၄။သန့်ရှင်းစင်ကြယ်စေခြင်း၊ ဖြောင့်မတ်ခြင်းတရား၏ ဖွင့်ဆိုချက်နှင့်သရုပ် (၆း၁-၈း၃၉)**

က။ သန့်ရှင်းစင်ကြယ်ခြင်းနှင့် အပြစ် (၆း၁-၂၃)

ခ။ သန့်ရှင်းစင်ကြယ်ခြင်းနှင့် ပညတ်တရား (၇း၁-၂၅)

ဂ။ သန့်ရှင်းစင်ကြယ်ခြင်းနှင့် ဝိညာဉ်တော်တန်ခိုး (၈း၁-၃၉)

**၅။ရန်လိုမုန်းတီးခြင်းများ၊ ဂျူးနှင့်တစ်ပါးအမျိုးသားများ၊ ဘုရားသခင်၏ မေတ္တာတော် အနန္တ။ (၉း၁-၁၁း၃၆)**

က။ ဣသရေလ၏အတိတ်၊ ဘုရားသခင်၏ ရွေးကောက်ခြင်း (၉း၁-၂၉)
ခ။ ဣသရေလပစ္စုပ္ပန်၊ ဘုရားသခင်ငြင်းပယ်ခြင်း (၉း၃၀-၁၀း၂၁)
ဂ။ ဣသရေလ၏ အနာဂတ်၊ ဘုရားသခင် ပြန်လည်ကောင်းကြီးပေးခြင်း (၁၁း၁- ၃၆)

**၆။ နှုတ်ကပတ်တော်ကို သုံးစွဲခြင်း၊ အမှုတော်တွင် ဖြောင့်မတ်စွာ ပါဝင်ရန် (၁၂း၁-၁၅း၁၃)**

က။ ဘုရားသခင်နှင့် ဆက်သွယ်ခြင်း (၁၂း၁-၂)

ခ။ ကိုယ့်ဘဝကို ကိုယ်ပြုပြင် (၁၂း၃)

ဂ။ အသင်းတော်အပေါ်မှာ (၁၂း၄-၈)

ဃ။ ပတ်ဝန်းကျင်နှင့် ဆက်ဆံရာမှာ (၁၂း၉-၂၁)

င။ မင်းအစိုးရအပေါ် (၁၃း၁-၁၄)

စ။ အခြားယုံကြည်သူများအတွက် (၁၄း၁-၁၅း၁၃)

**၇။ ပုဂ္ဂိုလ်ရေးသတင်းများနှင့် ကောင်းကြီးပေးခြင်း (၁၅း၁၄-၁၆း၂၇)**

က။ ရှင်ပေါလု၏ စီမံချက်များ (၁၅း၁၄-၃၃)

ခ။ ရှင်ပေါလု၏ နှုတ်ခွန်းဆက်သံများ (၁၆း၁-၁၆)

ဂ။ ရှင်ပေါလု၏ နိဂုံးနှင့် ကောင်းကြီး (၁၆း၁၇-၂၇)

# ကောရိန္သု ဩဝါဒစာပဌမစောင်

## (ခရစ်တော်သည် ဘုရားသခင်၏ ပညာတော်ကိုဆောင်ခဲ့သူ)

### ကျမ်းရေးသူနှင့်ကျမ်းအမည်

ပေါလုရေးသားကြောင်းကို အဖက်ဖက်မှ ခိုင်လုံစွာ တွေ့မြင်ရသည်။ ပဌမရာစုနှစ် AD 96 အထိ ရှင်ပေါလုသာ ကျမ်းရေးသူဟု တစ်ညီတညွတ်တည်း သဘောတူခဲ့ကြသည်။ ဒုတိယရာစုနှစ် သင်းအုပ်ဆရာ CLEMENT က ကောရိန္သု ဩဝါဒစာပဌမစောင်ကို ကောင်းကြီးခံစားရသူ ရှင်ပေါလု၏ ဩဝါဒဟု ဆိုခဲ့သည်။ CLEMENT ကိုယ်တိုင်သည်လည်း ကောရိန္သု ယုံကြည်သူများထံ စာရေးဆက်သွယ် ၍ ပဌမစောင်မှာ ပေါလုဖော်ပြခဲ့သည့် အသင်းတော်တွင်းကွဲပြားခြားနားမှုများကို အကိုးအကားပြုခဲ့သည်။ ဩဝါဒစာ၏ အတွင်းစာသားများမှာလည်း ရေးသားသူပေါလု ၏အမည်ကို အနှံ့အပြားတွေ့ရလေသည်။

တမန်တော်ဝတ္ထုနှင့်များစွာသော ဩဝါဒများကို သေချာစွာ ဖတ်ရှုလျှင် ကောရိန္တု အသင်းတော်နှင့် ရှင်ပေါလုတို့၏ ဆက်နွယ်မှုများကို အကျဉ်းချုပ်မျှ အောက်ပါအတိုင်း တွေ့ရသည်။ (၁) သူ၏ ကောရိန္တု ပဌမခရီးစဉ်အပြီး (၂) ကောရိန္တု အတွက် ပဌမဆုံး စာကို ရေးခဲ့သည် (ထိုစာသည်ပျောက်ဆုံးခဲ့သည်) (၃) ထို့နောက်ဒုတိယအကြိမ် စာရေးခဲ့ရာ ယင်းမှာ ယခုပဌမစောင်ဖြစ်လာသည်။ (၄)ထိုစာကိုရေးပြီး ကောရိန္တု သို့ ဒုတိယအကြိမ် ခရီးပြုခဲ့ရာ စိတ်ထိခိုက်ဘွယ် ခရီးစဉ် ဖြစ်သည် (၂ကော၊ ၂း၁)။ (၅) ယင်းနောက်တတိယစာကို ရေးသားရာ ပျောက်ဆုံးခဲ့ ပြန်၍ (၆) စတုတ္ထစာကိုရေးခဲ့ရာ ယင်းသည်ဒုတိယစာစောင်ဖြစ်လာခဲ့လေ၏။ နောက်ဆုံး၌ ကောရိန္တု သို့ သူတတိယ မြောက်သွားခဲ့သည် (တမန်၊ ၂၀း၂-၃)။ ပျောက်ဆုံးသွားသော စာနှစ်စောင်မှာ ဘုရား သခင်က သမ္မာကျမ်းစာတွင် အသုံးမပြုလိုသောကြောင့် ပယ်ရှင်းလိုက်ခြင်းဟု ယုံကြည်ကြ သည်။

## ကျမ်းကိုရေးသောခုနှစ်

AD 55

တမန်တော်ကြီးရှင်ပေါလုသည် ကယ်တင်ခြင်းတရားကို AD 50 ခုနှစ် သူ၏ ကောရိန္တုဒုတိယခရီးစဉ်မှာ ဟောကြားခဲ့သည်။ ကောရိန္တု မှာ ပြစ်ကိလနှင့် အာကုလ အမည်ရှိ တဲရှင်လုပ်ငန်းရှင်များနှင့် သူနေထိုင်အလုပ်လုပ်ခဲ့သည် (တမန်တော်၊ ၁၈း၃)။ သူ၏ထုံးစံအတိုင်း ဂျူးတရားဇရပ်မှာ စတင်ဟောပြောခဲ့ရာ ဂျူးများအနက် မကျေနပ်သူ တို့က နှင်ထုတ်ခြင်းခံသည့် လက္ခဏာရှိသည်။ သို့သော် တရားဇရပ်နှင့် စပ်လျက်ရှိသော ယုတ္တုအမည်ရှိသူ၏အိမ်မှာ ဆက်လက်၍ အမှုတော် ဆောင်ခဲ့သည် (တမန်၊ ၁၈း၇)။ ဂျူးများသည် ရောမဘုရင်ခံ ဂါလျုန်ထံပေါလုကို ခေါ်ဆောင်ပြီး တရားစွဲကြသော်လည်း အမှုမှလွတ်မြောက်လျက် ကောရိန္တု တွင် ၁၈လ ကြာနေခဲ့သည်။ (တမန်၊ ၁၈း၁-၁၇၊ ၁ကော ၂း၃)။ ဤဩဝါဒစာ ကို AD 55 မှစ၍ ဧဖက်မြို့၌ သုံးနှစ်နေပြီး နောက်ပိုင်းမှာ ရေးသားခဲ့သည်။ (၁၆း၅-၉၊ တမန် ၂၀း၃၁)။ သူ့အဆိုအရ ဧဖက်တွင် ပင်တေကုတ္တေပွဲ နေ့တိုင်အောင် နေခဲ့သည်(၁၆း၈)။ ယင်းအချက်အားဖြင့် ဧဖက်မြို့တွင် ဤဩဝါဒစာကို တစ်နှစ်နီးပါးအချိန်ယူရေးသား နေခဲ့သည်ဟု ဆိုနိုင်သည်။

## ဦးတည်ရည်ရွယ်သည့်အကြောင်းရင်း

ဦးတည်ရည်ရွယ်ချက်ကို လွယ်ကူစွာနားလည်နိုင်ရန် သမိုင်းနောက်ခံ အနည်းငယ်ကို သိထားဖို့လိုအပ်သည်။ ကောရိန္တု သည် လူ ၇သိန်း ခန့်နေထိုင်သော

မြို့ကြီးဖြစ်ပြီး ယင်းနောက်သုံးပုံနှစ်ပုံမှာ ကျွန်များဖြစ်ကာ ကမ်းရိုးတန်းမြေ ကျဉ်းကျဉ်း၌ စုံပြုံနေထိုင်ကြရသည်။ ယင်းကုန်းရိုးသည် အေဂျီယံနှင့်အေဒရီအားတစ် ပင်လယ်စပ်ကြားမှာတည်ရှိပြီး မြောက်ဖက်ဂရိခ်သို့ ပေါက်ရောက်သော PELOPO-NNESUS နှင့် ဆက်နေသည်။ ချမ်းသာသော မြို့ကြီးပင်ဖြစ်စေကာမူ ကောရိန္တု လို အရပ်မျိုး၌ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားသည် အဘယ်သို့အောင်မြင်နိုင် မည်ကို ပေါလုနှင့် အမှုတော်ဆောင်များ တွေးမိခဲ့ကြမည်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ကောရိန္တု သည် ရုပ်လောကတပ်မက်မှု အလွန် များပြားသလောက် အပြစ်ဒုစရိုက်များနှင့် ဖုံးလွှမ်းနေသည်။ တစ်မြို့လုံးမှာ နတ်ကိုးကွယ်မှုတွေ မှိုလိုပေါက်၍ ACROCORINTHUS တောင်ကြီးပေါ်မှ APHRODITE နတ်ဘုရားမှာ အလွန်စိတ်ညွှတ်နူးဖွယ်ဖြစ်သည်။ ဂရိခ်စာပေ ကျမ်းဂန်တို့အရ ချမ်းသာကြွယ်ဝရေး၊ စိတ်အလိုလိုက်ရေးတို့ကို အားပေးသော နတ်ဘုရားဖြစ်သည်။ 'ကောရိန္တုကမိန်းကလေး' ဟုဆိုလိုက်လျှင် မကောင်းတာလုပ်၍ စားကြောင်းရည်ညွှန်းသည်။ 'ကောရိန္တု ကအကျင့်' ဟုဆိုလိုက်လျှင် ကာမဂုဏ်တွင် ပျော်မွေ့ခြင်းကို ဆိုလိုသည်။ လူချမ်းသာများ၊ အရာရှိ အရာခံများသည် နတ်ဘုရား ကျောင်းနားမှာသာနေ၍ ထောင်ချီ၍ရှိသော ပြည့်တန်ဆာများနှင့် တရုန်းရုန်း ဖြစ်နေတတ်ကြသည်။ သို့ဖြစ်၍ ရှေးခေတ်ဆိုရိုးစကားတစ်ခုတွင် 'ကောရိန္တု နားမှာ လမ်းမမှားစေနဲ့' ဟုပင် တွေ့ရလေသည်။

တမန်တော်ဝတ္ထု၏ ဖော်ပြချက်အရ ရှင်ပေါလု၏ အမှုတော်ကြောင့် ဂျူးလူမျိုး အနည်းငယ်သာ ပြောင်းလဲခဲ့ပြီး အများစုကြီးမှာ တစ်ပါးအမျိုးသားများ ဖြစ်လေ၏။ တစ်ပါးအမျိုးသားအများစုမှာ အောက်ခြေလူတန်းစားများဖြစ်မည်၊ သို့သော်အမျိုးမြင့် သူအချို့လည်း ပြောင်းလဲခဲ့ပါလိမ့်မည် (၁း၂၆-၃၁)။ ထိုလူသားများ ထဲတွင် လူနေမှုဘဝ၊ စီးပွားရေးဘဝ ကွာဟချက်တွေကြီးမားခဲ့မည်ဖြစ်ပြီး (၇း၂၀-၂၄၊ ၁၁း၂၁-၃၄)အချို့သော ပုဂ္ဂိုလ်များဆိုလျှင် သူတို့၏ အကျင့်ဟောင်းများထဲမှ ရုန်းထွက်နိုင်ကြဟန်မရှိပါ (၆း၉-၁၁)။ တစ်ချိန်တည်းမှာ ဂရိခ်တို့ထုံးစံအတိုင်း ကိုယ်ပညာ၊ ကိုယ့်အတွေးအခေါ်ကို အထင်ကြီးနေကြရာမှ ပိုမိုယိုယွင်းဆိုးဝါးခြင်းများ ပင် ဖြစ်လာခဲ့လေ၏။ (၁း၁၇၊ ၂း၁-၅) [၃၅]

ရှင်းနေပါပြီ၊ ကောရိန္တု၏ အကျင့်ဆိုးများ၊ ကိုးကွယ်ပုံနည်းစနစ်များ အောက်တွင် အသင်းတော်၏ ဝိညာဉ်ရေး၊ စာရိတ္တရေးများအခြေအနေဆိုးနှင့် ရင်ဆိုင်နေရသည်။ ထိုအခြေအနေတွင် ရှင်ပေါလု၏ ဩဝါဒစာသည် ခရစ်ယာန် အသက်တာသည် ခရစ်

တော်အားဖြင့် သန့်ရှင်းခြင်းရှိလျက်၊ အဘယ်အခြေအနေ မှာပင်ဖြစ်စေ သန့်ရှင်းသူများအနေဖြင့် ရှင်သန်ကြရန် တိုက်တွန်းထားသည်။ ခရစ်တော်အားဖြင့် အသစ်ဘ၀ကိုရောက်သောအခါ သန့်ရှင်းသော ဝိညာဉ်တော် အားဖြင့် ရှင်သန်နေထိုင်ရမည်။ (၃း၁၆၊ ၁၇၊ ၆း၁၁၊ ၁၉-၂၀)။ ဘုရားသခင်၏ ပညာတော်သည် ခရစ်တော်အားဖြင့် ယုံကြည်သူတို့ကို တစ်ဦးချင်း ပြောင်းလဲစေ နိုင်သလို လူ့အဖွဲ့အစည်းအတွင်းမှာလည်း ပြုပြင်ခြင်းရှိသည်ဟု သွန်သင်ထား လေသည်။

သို့ဖြစ်၍ ကောရိန္တုသြဝါဒပဋ္ဌမစောင်သည် မိမိသိကြားရသမျှသော အသင်းတော်တွင်းကများစွာ ပြဿနာတွေ၊ ကွဲပြားခြားနားမှုတွေအတွက် ရှင်ပေါလုက ထိန်းကျောင်းပဲ့ပြင်သောစာပင်ဖြစ်၏။ အသင်းတော်၏ မညီမညွတ်မှု (၁း၁၁)၊ ဘုရားသခင်ထက် လူ၏ဉာဏ်ပညာကို အားကိုးမှု (၁း၂၁-၃၀)၊ စာရိတ္တပျက်စီးခြင်း (၅း၁-၁၃၊ ၆း၉-၂၀)နှင့်တစ်ကွလက်ထပ်ခြင်း၊ ကွာရှင်းပြတ်စဲခြင်း၊ အစားအသောက် ကိစ္စ၊ ဝတ်ပြုကိုးကွယ်မှု၊ ဝိညာဉ်တော်၏ လက်ဆောင်များ၊ ထမြောက်ရှင်ပြန်ခြင်း အကြောင်းစသည့် မေးခွန်းများအတွက်ပါ ရှင်းလင်းဖွင့်ပြခြင်းပြုထားသည့်၊ ဘာသာရေးကိုးကွယ်ယုံကြည်မှုနှင့်၊ ကိုယ်ကျင့်တရားများအပေါ်က အခြေခံသည့် အယူလွဲချော်ခြင်း၊ ကာယကံမြောက်ကျူးလွန်ခြင်းများသည် ကောရိန္တုအသင်းတော် ကြီးများသရုပ်ပျက်နေစေကြောင်း သံသယပွားစရာမရှိပါ။

## ခရစ်တော်အားကောရိန္တုသြဝါဒပဋ္ဌမစောင်မှာတွေ့ရပုံ

၁ကော၊ ၁း၃၀သည် ခရစ်ယာန်အသက်တာတွင် သခင်ခရစ်တော်သည်သာ အဓိကဖြစ်ခြင်းကို ဖော်ပြပေးသည်။

"ထိုဘုရားသခင်အားဖြင့် သင်တို့သည် ယေရှုခရစ်၌ တည်နေကြ၏။ ထိုသခင် မူကား ဘုရားသခင်စီရင်တော်မူသည့်အတိုင်း၊ ငါတို့၌ ပညာမှစ၍ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနှုတ်ခြင်းဖြစ်တော်မူ၏။"

## အဓိကအရေးကြီးသည့်အချက်များ

၁။ နိဒါန်း (၁း၁-၉)

က။ အလေးပြုခြင်း (၁း၁-၃)

ခ။ ကျေးဇူးတော်ချီးမွမ်းဆုတောင်းခြင်း(၁း၄-၉)

၂။ အသင်းတော်၌ကွဲပြားခြားနားခြင်း (၁း၁၀-၄း၂၁)

က။ ကွဲပြားမှုသတင်း (၁း၁၀-၁၇)

ခ။ ကွဲပြားမှုအကြောင်း (၁း၁၈-၂း၁၆)

(၁) ဘုရားသခင်၏ကားတိုင်တရားကို နားမလည်မှု (၁း၁၈-၂း၅)

(၂) ဝိညာဉ်တော်၏ အမှုတော်ကို နားမလည်ခြင်း (၂း၆-၁၆)

ဂ။ ကွဲပြားခြင်း၏ရလဒ် (၃း၁-၄း၅)

(၁) ဝိညာဉ်ခွန်အားတိုးတက်ခြင်းမရှိ (၃း၁-၉)

(၂) ဆုကျေးဇူးများဆုံးရှုံး (၃း၁၀-၄း၅)

ဃ။ ပုံစံဥပမာနှင့် ဖော်ပြခြင်း (၄း၆-၂၁)

၃။ အသင်းတော်တွင် စိတ်ဓါတ်ပျက်ပြားမှု (၅း၁-၆း၂၀)

က။ ကမ်းကုန်အောင်ညစ်ညမ်းမှု (၅း၁-၁၃)

ခ။ သာသနာ့လူတို့ရှေ့၌တရားစီရင်မှု (၆း၁-၈)

အကျင့်ပျက်မှုအတွက် သတိ (၆း၉-၂၀)

၄။ လက်ထပ်ထိမ်းမြားမှုသြဝါဒ (၇း၁-၄၀)

က။ အိမ်ထောင်ပြုခြင်း မပြုခြင်း (၇း၁-၉)

ခ။ အိမ်ထောင်ပြုခြင်း၊ ကွာရှင်းခြင်း (၇း၁၀-၂၄)

ဂ။ အိမ်ထောင်နှင့် ခရစ်ယာန်တာဝန် (၇း၂၅-၃၈)

ဃ။ နောက်အိမ်ထောင်ပြုခြင်း (၇း၃၉-၄၀)

၅။ ရုပ်တုမှယဇ်ကောင်စားခြင်းညွှန်ကြားချက် (၈း၁-၁၁း၁)

က။ ခရစ်ယာန်သည် နတ်ပူဇော်ထားသော အစာကိုစားနိုင်သလား (၈း၁-၁၃)

ခ. ပေါလု၏ဥပမာ (၉း၁-၂၇)

ဂ. တိုက်တွန်းနှိုးဆော်ခြင်း (၁၀း၁-၁၁း၁)

၆။ ပရိသတ်ဝတ်ပြုကိုးကွယ်ရာမှာ (၁၁း၂-၁၄း၄၀)

က. မိန်းမတို့၏ ဖုံးလွှမ်းခြင်း (၁၁း၂-၁၆)

ခ. ခရစ်တော်၏ညစာ (၁၁း၁၇-၃၄)

ဂ. ဝိညာဉ်ကျေးဇူးအသုံးပြုခြင်း (၁၂း၁-၁၄း၄၀)

(၁) ဝိညာဉ်ဆုအမျိုးမျိုး (၁၂း၁-၁၁)

(၂) ဆုကျေးဇူး၏ရည်ရွယ်ချက်၊ ကွဲပြားသော်လည်း ညီညွတ်ရန် (၁၂း၁၂-၃၁)

(၃) ကျေးဇူးတော်တွင် မေတ္တာအဓိက (၁၃း၁-၁၃)

(၄) ပရောဖက်ပြုမှုသည် အခြားသော ဘာသာစကားထက်ကြီးမြင့် (၁၄း၁-၂၅)

(၅) ကျေးဇူးများကို သုံးစွဲရန်စည်းကမ်းများ (၁၄း၂၆-၄၀)

၇။ ရှင်ပြန်ထမြောက်ခြင်းဆိုင်ရာ ခံယူချက် (၁၅း၁-၅၈)

က. ရှင်ပြန်ထမြောက်ခြင်း၏ အရေးကြီးပုံ (၁၅း၁-၁၁)

ခ. ရှင်ပြန်ခြင်းကို ငြင်းဆန်မှု၏ ရလာဘ် (၁၅း၁၂-၁၉)

ဂ. ခရစ်ယာန်မျှော်လင့်ခြင်း (၁၅း၂၀-၃၄)

ဃ. ထမြောက်သောခန္ဓာ (၁၅း၃၅-၅၀)

င. ခရစ်တော်အားဖြင့် ရယူသောအောင်ပွဲ (၁၅း၅၁-၅၈)

၈။ ယေရုရှလင်အတွက် အလှူတော်ငွေ (၁၆း၁-၄)

၉။ နိဂုံး (၁၆း၅-၂၄)

# ကောရိန္သုဩဝါဒစာဒုတိယစောင်

## (ခရစ်တော်သည် ဘုရားသခင်၏ နှစ်သိမ့်ခြင်းကို ဆောင်ခဲ့သူ)

## ကျမ်းရေးသူနှင့် ကျမ်းအမည်

အဖွင့်မှာပင် ပေါလု၏ နှုတ်ခွန်းဆက်သံအားဖြင့် ပေါလုရေးသည်ဟု ဆိုရမည်။ ကျမ်း၏ အတွင်းမှာဖြစ်စေအပြင်မှာ အချက်အလက်တို့အားဖြင့်ဖြစ်စေ ပေါလု ရေးကြောင်း ငြင်းစရာမရှိ။ ဤကျမ်းတွင် ပေါလု၏ ဟန်ပန်အမူအရာများကို အခြားကျမ်းများထက် ပုဂ္ဂိုလ်ရေးဆန်ဆန်ရှုမြင်ရပါမည်။ [၇၆]

## ကျမ်းကိုရေးသောခုနှစ်

AD 56

(တမန်၊ ၁၉း၂၃-၄၁)အရ သိမြင်ရသော ပန်းတိမ်သမားများ၏ရုန်းရင်း ဆန်ခတ်ပြုမှုကြောင်း ပေါလုသည် ဧဖက်မြို့မှ မာကေဒေါနိပြည်သို့ ခရီးဆက်ခဲ့သည် (တမန်၊ ၂၀း၁)။ ထိုအချိန်သည် AD 56 ခုနှစ် နွေကာလဖြစ်သည်။ လမ်းတွင် တရောမြို့ကလေးမှာ တစ်ထောက်နားလျက် တိတုနှင့်တွေ့ဆုံရန် မျှော်လင့်စဉ် (၂ကော၊ ၂း၁၃) ကောရိန္သုမှ အခြေအနေများကို သတင်းရရှိပြီး တိတုကိုလည်းရှာမတွေ့ခဲ့ပေ။ သူနှင့် မာကေဒေါနိဆီသို့ ခရီးဆက်ရင်းတိတု၏ လုံခြုံရေးအတွက်လည်း စိတ်ပူပန်ခဲ့သည် (၇း၅-၆)။ မာကေဒေါနိသို့ တိတုရောက်လာခဲ့ပြီး ကောရိန္သုအသင်းတော်၏ ကောင်းသတင်းများကို ကြားနာရသလို မိမိ၏တမန်တော်အရာကို ဆန့်ကျင်သူများ ထကြွနေပုံကိုလည်း ဆက်လက်ကြားရသည်။မာကေဒေါနိပြည်မှနေ၍ စတုတ္ထမြောက် စာတစ်စောင်ကို ကောရိန္သုသို့ ရေးပို့ရာ ယင်းစာသည် ဤဩဝါဒစာဒုတိယစောင်ပင် ဖြစ်ပါသည်။ ရှင်ပေါလုသည် AD 56-57 အတွင်း ကောရိန္သုသို့ တတိယအကြိမ် သွားရောက်ခဲ့ရာ ဆောင်းတွင်းကာလဟု မှန်းဆရသည်။ (တမန်၊ ၂၀း၂-၃)

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

ပေါလုရေးသားသောစာများအနက် ယခုဩဝါဒသည် ပုဂ္ဂိုလ်ရေးဆန်လျက် ရင်းနှီးမှုအလွန်ရှိသည်၊ ဤစာတွင် ကောရိန္သုယုံကြည်သူများအား သူသည်ခိုင်မြဲသော မေတ္တာနှင့်ချစ်ကြောင်းဖွင့်ဆိုသည်၊ ကောရိန္သုသားအချို့က သူ့ကိုဝေဖန်မှု၊ သူ့အပေါ်မှာ အထင်အမြင်လွဲမှားမှုရှိနေသည့်ကြားက သူဤကဲ့သို့ ဖော်ပြခြင်းဖြစ်သည်။ ယင်းအကြောင်းများနှင့် ပတ်သက်၍ ဓမ္မဆရာ JAMES K.LOWERY ကအနက် ဖွင့်တင်ပြခဲ့ရာ၌

"ရှင်ပေါလုအဓိက စိတ်ပူပန်မိသည်မှာ တမန်တော်အယောင်ဆောင်၍ နှုတ်ကပတ်တော်ကို လွဲမှားအောင်ပြုလုပ်မည့်သူများအတွက်ပင် ဖြစ်သည်။ ထိုသူတို့ သည် ကိုယ့်အမြင်များ၊ အယူအဆများကို အမွှမ်းတင်လျက် တမန်တော်ကြီးများ၏ သတင်းကောင်း၊ တမန်တော်ကြီးတို့၏ ဂုဏ်သိက္ခာကိုကျအောင် လုပ်ဆောင်နေကြသည် ကောရိန္သုဩဝါဒစာ ဒုတိယစောင်သည် ရှင်ပေါလုအနေဖြင့် မိမိ၏တမန်တော် အရာ၊ မိမိ၏အမှုတော်ကို ခုခံကာကွယ်ထားသည်။ ယင်းသည် အမှန်တကယ် ကိုယ့်အကျိုးကိုကာကွယ်ခြင်းမဟုတ်ဘဲ မိမိ၏အမှုတော်ကို လက်ခံမှသာ ကောရိန္သုအသင်းတော်၏ ဝိညာဉ်ရေးအဆင့်ပြည့် မီနိုင်မည်ကိုသိသောကြောင့် ဖြစ်ပေသည်" ဟုဆိုထားလေ၏။ " ??

ရှင်ပေါလုဤသို့ကာကွယ်ခုခံရာတွင် ရည်မှန်းချက် ၃ချက်ပေါ်လွင်နေပါသည်။

(၁) အသင်းတော်သည် မိမိ၏အမှုတော်ကို လျောက်ပတ်စွာ တုန့်ပြန်ထားခြင်းအတွက် မိမိအလွန်ဝမ်းမြောက်ကြောင်း (၁း၁-၇း၁၆)။

(၂) ယုံကြည်သူခရစ်ယာန်များအား သူတို့တာဝန်ယူထားသည့်အတိုင်း ယုဒပြည် ခရစ်ယာန်များအတွက် ပေးလှူကြရန် (၈း၁-၉း၁၅)

(၃) သူ၏တမန်တော်အခွင့်အရေးနှင့် ဆောင်ရွက်ချက်များကို ကာကွယ်ရန် (၁၀း၁၊ ၁၃း၁၄)

## ခရစ်တော်အားကောရိန္သုဩဝါဒစာဒုတိယစောင်၌ တွေ့မြင်ရပုံ

ဤဩဝါဒစာတွင် ခရစ်တော်ကို နှစ်သိမ့်သက်သာခြင်းအရှင် (၁း၅) အောင်ပွဲကို ပေးသူ (၂း၁၄)၊ ဘုရားသခင်၏ ဝိညာဉ်တော် (၃း၄) လွတ်ခြင်းချမ်းသာခြင်းကို ပေးတတ်သူ (၃း၁၇)၊ အလင်းတရား (၄း၆)၊ တရားစီရင်ပိုင်သူ (၅း၁၀)၊ ပြန်လည်သင့်မြတ်ခြင်း အကြောင်း (၅း၁၉)၊ ကျေးဇူးလက်ဆောင် (၉း၁၅)လူကို ပိုင်ဆိုင်သူ (၁၀း၇)၊ တန်ခိုးကြီးသူ (၁၂း၉)

## အဓိကအရေးကြီးသည့်အချက်များ [၃၈]

၁။ ရှင်ပေါလု၏ ဆောင်ရွက်ချက်နှင့် အမှုတော်ကို ရှင်းပြခြင်း (၁း၁-၇း၁၆)

က. နှုတ်ဆက်ခြင်း (၁း၁-၂)

ခ. ဆင်းရဲခံရစဉ် သက်သာခွင့်အတွက် ကျေးဇူးတော်ချီးမွမ်းခြင်း (၁း၃-၁၁)

ဂ. ပေါလု၏စိတ်နေစိတ်ထား၊ ဆောင်ရွက်ချက်များ ညီညွတ်ပုံ (၁း၁၂-၂း၄)

ဃ. ကောရိန္သုမှ အပြစ်ပြုသူကို ခွင့်လွှတ်ခြင်း (၂း၅-၁၁)

င. အမှုတော်မြတ်အတွက် ဘုရားသခင်ညွှန်ကြားခြင်း (၂း၁၂-၁၇)

စ. ကောရိန္သုယုံကြည်သူများ၊ ခရစ်တော်၏စာ (၃း၁-၁၁)

ဆ. ဘုရားဘုန်းတော်ကို ဖွင့်လှစ်ထားသည့်မျက်နှာများမှ မြင်ရခြင်း (၃း၁၂-၄း၆)

ဇ. မြေအိုးထဲမှ ဘဏ္ဍာ (၄း၇-၁၆(က))

ဈ. သေခြင်း၏ အမြတ်ကို ခရစ်ယာန်တို့ခံယူပုံ (၄း၁၆(ခ)-၅း၁၀)

ည. ပြန်လည်သင့်မြတ်ခြင်းအမှုတော် (၅း၁၁-၆း၁၀)

သားသမီးများပမာအဘတောင်းဆိုခြင်း (၆း၁၁-၇း၄)

တိတုနှင့်တွေ့ဆုံခြင်း (၇း၅-၁၆)

၂။ တောင်းဆိုခြင်း၊ ယုဒပြည်ယေရုရှလင်မှ ခရစ်ယာန်များအတွက် (၈း၁-၉း၁၅)

က. ရက်ရောမှုကို အားပေးသည် (၈း၁-၁၅)

ခ. တိတုနှင့်အပေါင်းအသင်းများအား ကောရိန္သုသို့ (၈း၁၆-၉း၅)

ဂ. ရက်ရောစွာ လှူဒါန်းမှု၏အဖြေ (၉း၆-၁၅)

၃။တမန်တော်အခွင့်အရာအတွက်ခုခံချေပခြင်း (၁၀း၁-၁၃း၁၄)

 က. မိမိ၏အခွင့်အာဏာ၊ မိမိအမှုတော်နယ်မြေကို ကာကွယ်ခြင်း (၁၀း၁-၁၈)

ခ. သူရူးကဲ့သို့ ရဲရင့်စွာ ဝါကြွားခြင်း (၁၁း၁-၁၂း၂၁)

ဂ. နောက်ဆုံးသတိပေးချက်များ (၁၃း၁-၁၀)

ဃ. နိဂုံး (၁၃း၁၁-၁၄)

# ဂလာတိသြဝါဒစာ

## (ခရစ်တော်သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားကိုဆောင်ခဲ့သူ)

### ကျမ်းရေးသူနှင့်ကျမ်းအမည်

တမန်တော်ဖြစ်သော ငါပေါလုသည်ဟူ၍ အတိအကျဖော်ပြသည်။

### ကျမ်းကိုရေးသောခုနှစ်

AD 49

ဂလာတိပြည်တောင်ပိုင်းမှ ခရစ်ယာန်များထံရေးသားသော သြဝါဒဖြစ်၏။ အဆိုပါ ယုံကြည်သူ အသင်းတော်များကို ရှင်ပေါလု၏ ပဌမသာသနာပြုခရီးတွင် ကိုယ်တိုင် တည်ထောင်ပေးခဲ့ခြင်းဖြစ်သည်။ ဤကျမ်းကို ထိုခရီးစဉ်အဆုံးသတ်၊ အန္တိအုတ်မြို့မှနေ၍ AD 49 ခုနှစ်ခန့်မှာ ရေးခြင်းဖြစ်ရာ၊ အစောဆုံးလက်ရာဟု ဆိုနိုင်သည်။ ထိုကျမ်းစာကို ရေးပြီးသောအခါ ယေရှုရှလင်အသင်းတော်ကောင်စီ အစည်းအဝေးကြီးကို သူ တက်ရောက်ခဲ့သည်။ (တမန်တော်၊ ၁၅)

### ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

ဤဂလာတိသြဝါဒစာကို ဓမ္မပညာရှင်များစွာတို့က ခရစ်ယာန်ဘာသာဝင်တို့ ၏ လွတ်လပ်ရေးကြေငြာစာတမ်းဟု ခေါ်ဆိုကြသည်။ ထိုသြဝါဒတွင် ယုဒပညတ်တော် သမားများနှင့်သူတို့၏ ထုံးတမ်းစဉ်လာများကို အင်တိုက်အားတိုက် တော်လှန်ထား သည်ဖြစ်၍ ဤသို့ ယူစွဲကြခြင်းပင်ဖြစ်လေသည်။ ခရစ်ယာန်အသင်းတော်များ အနေဖြင့် ဓမ္မဟောင်းကျမ်းမှ အခမ်းအနားအစဉ်အလာများ၏ ချည်နှောင်မှုကို ခံစား၍နေခဲ့ကြရာ တမန်တော်ကြီးရှင်ပေါလုသည် အဆိုပါမှားယွင်းသော ကျင့်စဉ်တို့ ကို ချေဖျက်လျက် ယုံကြည်ခြင်းတရားအားဖြင့်သာ ဖြောင့်မတ်ရာသို့ရောက်သည်။ သန့်ရှင်းသော ဝိညာဉ်

တော်အားဖြင့်သာ အပြစ်တရားမှ စင်ကြယ်စေနိုင်သည်ဟူသော အဆင့်မြင့် သမ္မာတရားကို ချပြထားလေသည်။

ထို့ပြင်ယုဒဘာသာရေးသမားများသည် ကယ်တင်ခြင်းတရားကို လွဲချော် ကြေငြာမှုအပြင် ရှင်ပေါလု၏ အမှုတော်ဆောင်ရွက်မှုကိုလည်း သေးသိမ်အောင် လုပ်ဆောင်ခဲ့ကြသည်ဖြစ်၍ ရှင်ပေါလုသည် ပဌမအခန်းကြီးနှစ်ခု၌ မိမိ၏တမန်တော် ဘဝ၊ မိမိ၏တရားဒေသနာ တို့သည် ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်ထံမှ တိုက်ရိုက်ဆင်းသက်ခြင်း ဖြစ်ကြောင်း ဖော်ပြလျက် တုံ့ပြန်ချေပခဲ့လေသည်။ ထိုနောက်အခန်းကြီး ၃ နှင့် ၄ တို့၌ ကျေးဇူးမေတ္တာတော်၏ အရင်းခံအမှန်တရား၊ ယုံကြည်ခြင်းတရား၏ အပြစ်လွှတ်ပိုင်ခွင့်တို့ကို ဖွင့်ထုတ်ဖော်ပြထားလေသည်။ ဤဩဝါဒကို ဆင်ခြင်တုံတရားမရှိဘဲ ဖတ်ရှုသူအချို့က ဤကျမ်းအားဖြင့် အပြစ်ကို ကျူးလွန်ခွင့်လိုင်စင်ချပေးသလို ခရစ်ယာန်လွတ်လပ်ခြင်းအား အထင်လွဲ မှားတတ်ကြ သည်ဖြစ်ရာ ထိုသို့သော ဖျင်းညံ့သည့် အဓိပ္ပါယ်မရှိ၊ ယုံကြည်သူတို့၏ လွတ်လပ် ခြင်းဆိုသည်မှာ ဝိညာဉ်တော်၏ တန်ခိုးကို ခံယူလျက်ဝိညာဉ်လမ်းပြသည့် အသက်တာကို လျှောက်လှမ်းခြင်းဖြစ်သည်။ ဇာတိပကတိ အသွေးအသားဆန္ဒ၏ နောက်သို့ လိုက်ပါခြင်းမဟုတ်၊ ဝိညာဉ်တော်၏ အသီးကို သီးသောအသက်တာသာ ဖြစ်ရမည်ဟူ ၍ အခန်း ၅ နှင့် ၆ တို့မှာ ဆက်လက် ဖော်ပြထားကြောင်း တွေ့ပါလိမ့်မည်။

## ခရစ်တော်အားဂလာတိဩဝါဒစာ၌တွေ့မြင်ရပုံ

ခရစ်တော်၏ သေခြင်း၌ သေကြရသော ယုံကြည်သူတို့သည် ပညတ်တရား အားဖြင့် သေကြရလျက် ခရစ်တော်နှင့်အတူ အသက်ရှင်ခြင်းအခွင့်ကို ရရှိသည်။ (၂း၂၀) ယုံကြည်ခြင်း တရားအားဖြင့် လူသားတို့သည် အပြစ်တရား၏ အနှောင်အဖွဲ့မှ လွတ်မြောက်လာကြပြီး (အခန်း ၅) စစ်မှန်သော လွတ်လပ်ရေးအရသာကို ခံစားကြရသည်။ ခရစ်တော်အသေခံတော်မူသော ကားတိုင်တော်သည် ပညတ်တော် တို့၏ ကျိန်ဆိုမှု၊ အပြစ်၏တန်ခိုးနှင့် မိမိ၏အလိုဆန္ဒများမှ လွတ်မြောက်ကြရလေသည်။ (၁း၄၊ ၂း၂၀၊ ၃း၁၃၊ ၄း၅၊ ၅း၁၆၊ ၂၄၊ ၆း၁၄)

## အဓိကအရေးကြီးသည့်အချက်များ

၁။ ပုဂ္ဂိုလ်ရေး၊ ကျေးဇူးမေတ္တာတော်၏သတင်းကောင်း၊ ယုံကြည်ခြင်းအားဖြင့် အပြစ်လွှတ်ခြင်းအခွင့်ကို ကာကွယ်ခြင်း။ (၁း၁-၂း၂၁)

က. နိဒါန်း (၁း၁-၉)

ခ။ ကျေးဇူးနှင့် မေတ္တာတော်သတင်းကို ဗျာဒိတ်ခံရပုံ (၁း၁၀-၂၄)

ဂ။ ကျေးဇူးမေတ္တာတော်နှင့် ကယ်တင်ခြင်းတရားကို ယေရုရှလင်အသင်းတော်မှ အတည်ပြုခြင်း (၂း၁-၁၀)

ဃ။ ကယ်တင်ခြင်းတရားကို သက်သေခံရင်း ရှင်ပေတရုကို အပြစ်တင်ပုံ

(၂း၁၁-၂၁)

၂။ အခြေခံယုံကြည်ချက်သဘောတရား၊ ကယ်တင်ခြင်းကျေးဇူးတော်၊ ယုံကြည်ခြင်းအားဖြင့် အပြစ်လွတ်ခြင်းကို ရှင်းလင်းခြင်း။ (၃း၁-၄း၃၁)

က။ ဂလာတိသားတို့အတွေ့အကြုံ၊ ယုံကြည်ခြင်းအားဖြင့် ဝိညာဉ်တန်ခိုးကို ခံစားရ။ (၃း၁-၅)

ခ။ အာဗြဟံ၏ ဥပမာ။ ယုံကြည်ခြင်းကြောင့် ဖြောင့်မတ်ရာသို့ ရောက်သည်၊ အကျင့်အားဖြင့် မဟုတ် (၃း၆-၉)

ဂ။ ဖြောင့်မတ်ခြင်းအခွင့်ကို ယုံကြည်ခြင်းက ပေးစွမ်းသည်၊ ပညတ်တော်က မပေး (၃း၁၀-၄း၁၁)

ဃ။ ဂလာတိလူတို့သည် ယုံကြည်ခြင်းကြောင့် ကောင်းကြီးများခံစားရသည်။ ပညတ်တော်အကျင့်တရားကြောင့် မဟုတ် (၄း၁၂-၂၀)

င။ ပညတ်တော်နှင့် ကျေးဇူးမေတ္တာတရားသည် အလိုအလျောက်ဆန့်ကျင်သည်။ (၄း၂၁-၃၁)

၃။ လက်တွေ့၊ ကျေးဇူးမေတ္တာနှင့် ကယ်တင်ခြင်း၊ ယုံကြည်ခြင်းနှင့် ဖြောင့်မတ်ခြင်းကို ကိုးကားဖော်ပြမှု (၅း၁-၆း၁၈)

က။ လွတ်လပ်ခြင်းအခြေအနေ၊ ခိုင်မာစွာစောင့်ထိန်း (၅း၁-၁၂)

ခ။ လွတ်လပ်ခြင်းကို ကျင့်သုံး၊ တစ်ဦးကို တစ်ဦးမေတ္တာထား (၅း၁၃-၁၅)

ဂ။ လွတ်လပ်ခြင်း၏အင်အား၊ ဝိညာဉ်တော်လမ်းပြသည်ကိုခံယူ (၅း၁၆-၂၆)

ဃ။ လွတ်လပ်ခြင်းကို ဖော်ထုတ်၊ လူသားအားလုံးကို အကျိုးပြု (၆း၁-၁၀)

င။ နိဂုံး (၆း၁၁-၁၈)

# ဖေက်ဩြဝါဒစာ

## (ခရစ်တော်သည် ဘုရားသခင်၏ ကြွယ်ဝပြည့်စုံခြင်းကို ဆောင်ခဲ့သူ)

## ကျမ်းရေးသူနှင့်ကျမ်းအမည်

ထောင်တွင်းဩဝါဒများ တစ်ခုစီ၏ အဖွင့်ကျမ်းပိုဒ်များတွင် ရေးသူရှင်ပေါလု အဖြစ် နိဒါန်းပျိုးလေ့ရှိသည်။ “ဖေက်မြို့၌နေသော သန့်ရှင်းသူတည်းဟူသော ယေရှုခရစ်ကို ယုံကြည်သောသူတို့ကို ကြားလိုက်ပါ၏” (၁း၁)

## ကျမ်းကိုရေးသောခုနှစ်

AD 60-61

ကျမ်းရေးသားစဉ်ကာလ၌ ရှင်ပေါလုသည် အကျဉ်းသားတစ်ယောက် ဖြစ်နေခဲ့သည်။ (ဖေက်၊ ၃း၁၊ ၄း၁၊ ၆း၂၀)။ ဤကျမ်းကို ရှင်ပေါလုရေးသားခဲ့ စဉ်‘ကဲသရိ’ အကျဉ်းထောင် မှာလားဟု အငြင်းအခုံအချို့ရှိဖူးသည်။ တမန်တော် (၂၄)မှတ်တမ်းများအရ ဤသို့ငြင်းခုံခြင်း ဖြစ်ပြီး ထိုအချိန်သည် AD 57-59 ဝန်းကျင်ဖြစ်ပါသည်။ ရောမ အကျဉ်းထောင်သို့ ပေါလုရောက်ချိန်သည် AD 60-62 ဖြစ်၍ ထိုအချိန်မှာ ကျမ်းစာကို ရေးသည်ဟု ပိုမိုယူဆသင့်ပါသည်။ ဖေက်၊ ဖိလိပ္ပိ၊ ကောလေသဲ၊ ဖိလေမုန်ဩဝါဒများ အားလုံးသည်လည်း ထိုအချိန်မှာပင် ရေးသားဟန်ရှိသည်။ (ဖိလိပ္ပိ၊ ၁း၇၊ ကောလောသဲ၊ ၄း၁၀၊ ဖိလေမုန်၊ ၉) ဖေက်ဩဝါဒ၌ ရှင်ပေါလုထောင်မှ လွတ်မြောက်ခြင်းအကြောင်း များမပါဝင်ဘဲ (ဖိလိပ္ပိ၊ ၁း၁၉-၂၆၊ ဖိလေမုန်၊ ၁း၂၂ တို့တွင်သာ အထောက်အထားများ တွေ့ရလေရာ ဖေက်ဩဝါဒစာ သည် ရောမအကျဉ်းထောင်၌ အကျဉ်းခံရသည့် အစောဆုံးအချိန် AD 60 ၌ရေးသား ခြင်း ဖြစ်မည်၊ သူ့ကိုထိုစဉ်က အကျယ်ချုပ်ချထား သည် (တမန်၊၂၈း၃၀)ဟုမြင် ရသည်။ ထိုမှလွတ်မြောက်သောအခါ တိမောသေဩဝါဒစာ ပဌမစောင်နှင့် တိတု ဩဝါဒစာများကို ရေးသားခဲ့ပြီး ထပ်မံအကျဉ်းချခံရပြန်ချိန်တွင် တိမောသေဩဝါဒ စာဒုတိယစောင်ကို ရေးသားခဲ့ပြီးနောက် သူ့ကို ရောမမြို့တွင် သုတ် သင်ခဲ့ကြလေသည်။

# ဦးတည်သည့်ရည်ရွယ်သည့်အကြောင်းအရင်း

ဖေက်သြဝါဒစာအားဖြင့် အသင်းတော်သည် ခရစ်တော်၏ ခန္ဓာကိုယ် ဖြစ်ကြောင်းကို နက်နဲသည့်ဘုန်းတန်ခိုးအဖြစ် ဖော်ပြခဲ့သည်။ ခရစ်တော်သည် အသင်းတော်၏ဦးခေါင်း (၁း၂၂၊၂၃)နှင့်တစ်ကွ ယုံကြည်သူအားလုံးသည် ခရစ်တော် အားဖြင့် ကောင်းကြီးမင်္ဂလာများ ခံစားကြရသည် (၁း၃၊ ၂း၁၁-၂၂) သို့ဖြစ်၍ တစ်လုံးတစ်ဝတည်း တည်မှီနေကြရသည်ဟု ဖော်ပြလေသည်။

တမန်တော်ကြီး၏ ဆိုလိုရင်းအချက်မှာ မိမိ၏ခန္ဓာကိုယ်ဖြစ်သော အသင်းတော်နှင့် ဦးခေါင်းဖြစ်တော်မူသူ ခရစ်တော်ထံမှ အတိုင်းအဆမရှိသည့် ကောင်းကြီးမင်္ဂလာများကို ယုံကြည်သူတို့ခံစားရခြင်း အကြောင်းပင် ဖြစ်ပေ၏။ ဤအကြောင်းတရားအားဖြင့် သြဝါဒစာ၏ ဦးတည်ချက် ၂ခုကို ဖော်ထုတ်နိုင်သည်။ ရှေးဦးပဌမချိန်တွင် ခရစ်တော်ထံမှ ကြွယ်ဝသည့်ကောင်းကြီးအချို့ကို ထုတ်နုတ်ဖော်ပြ ၍ ထိုကောင်းကြီးများနှင့် သက်ဆိုင်သည့် ထာဝရဆုကျေးဇူးများကို ကောင်းကင်ဘုံနှင့် မြေကြီးပေါ်မှာ ခရစ်တော်အားဖြင့် ဘုရားသခင် အဘယ်ရည်မှန်းချက်ဖြင့် ချထား ပေးသနားတော်မူသည်ကို သိနားလည်ပေသည်။ ဒုတိယအချက်မှာ ဖော်ပြပါ ကြွယ်ဝခြင်းများနှင့်သက်ဆိုင်၍ ယုံကြည်သူများ သိကျွမ်းနားလည်၊ ခံယူလိုက်လျှောက်၍ ခရစ်တော်၏ခေါ်တော်မူခြင်း၊ ခရစ်တော်၏ ကောင်းကင်ဆုကျေးဇူးများနှင့် ထိုက်တန်စွာအသက်ရှင်စေရန် ဆုမ္မဖော်ပြခြင်းပင် ဖြစ်လေသည်။

ဤသြဝါဒစာစောင်ကို ပြုစုရာ၌ တမန်တော်ကြီးသည် အသေးစိတ်ဆန်သော လူတို့၏ အားနည်းချက်များကို ဖော်ထုတ်ဆုံးမခြင်းမရှိဘဲ၊ ခရစ်တော်၌ ကြီးရင့်ခြင်း၊ နားလည်းခြင်း၊ မှန်ကန်စွာခံယူခြင်းမရှိ၍ ဖြစ်နေကြရသော ပြဿနာများကို ကာကွယ်ရန်သာ ဦးတည်ထားသည်။ ယင်းတင်ပြချက်များတွင် ယုံကြည်သူတို့နှင့် စာတန်မာရ်နတ် တိုက်ခိုက်ရပုံ (၆း၁၀-၁၈)ကို အကျဉ်းမျှထည့်သွင်းထားသည်။ ထို့နောက်ယုံကြည်သူတို့၏ ကြွယ်ဝချမ်းသာခြင်း၊ အသက်တာခရီးစဉ်၊ ဘဝတိုက်ပွဲများ အကြောင်းကို ဖော်ပြထားလေသည်။

# ခရစ်တော်ကို ဖေက်သြဝါဒစာ၌ တွေ့မြင်ရပုံ

"ခရစ်တော်၌"၊ "ခရစ်တော်နှင့်" ဟူသောအသုံးအနှုန်းများကို ဤကျမ်း၌ ၃၅ကြိမ်မျှ တွေ့ရသည်။ ပေါလုသည်သူ၏သြဝါဒများ၌ ဤသို့ရေးသားလေ့ ရှိသော်လည်း ဤကျမ်းတွင် အများဆုံးတွေ့ရခြင်းဖြစ်သည်။ ဤဖော်ပြမှုမှတစ်ဆင့် ကယ်တင်ရှင်ထံတော်ပါးမှ

ဆုမင်္ဂလာများကို ရယူကြရာတွင် သူတို့သည် ခရစ်တော်၌ရှိသည် (၁း၁)။ကောင်းကြီးမင်္ဂလာ မှန်သမျှကို ခရစ်တော်အားဖြင့် ခံစားကြရသည်။ (၁း၃)။ ရွေးကောက်ခြင်းခံရသည် (၁း၄) ဘုရားသခင်၏ မွေးစားခြင်းကို ခံရသည်။ (၁း၅)။ ချစ်တော်မူခြင်းကို ခံရသည် (၁း၆)။ ကယ်တင်ခြင်းကို ရရှိသည် (၁း၇)။ အမွေတော်ကိုခံရသည် (၁း၁)၊ ခရစ်တော်၏ ဘုန်းတော်ကို ထောပနာပြုခွင့်ရသည် (၁း၁၂)။ ဝိညာဉ်တော်နှင့် တံဆိပ်ခတ်ခြင်းကို ခံရသည် (၁း၁၃-၁၄)၊ အသက်ရှင်၍ ကောင်းကင်ဘုံမှာ စိုးစံရသောအခွင့်ရှိသည် (၂း၅-၆)၊ ခရစ်တော်နှင့်အတူ ကောင်းမြတ်သောအမှုတော်ကို ဆောင်ရွက်ရသည်။ (၂း၁၀)၊ ဂတိတော်များကို မျှဝေခံစား ရသည်(၃း၆)၊ ဘုရားသခင်ထံတက်လှမ်းနိုင်သော အခွင့်ရရှိသည် (၃း၁၂) . . . စသည်ဖြင့် ဖော်ပြထားလေသည်။

## အဓိကအရေးကြီးသည့်အချက်များ

၁။ နှုတ်ခွန်းဆက်ခြင်း (၁း၁-၂)

၂။ ခံယူချက်ရေးရာ။ အသင်းတော်ကိုခေါ်ယူခြင်း (၁း၃-၃း၂၁)

 က။ ရွေးကောက်ခံရခြင်းအတွက် ချီးမွမ်းခြင်း (၁း၄-၁၄)

(၁) အဘဘုရား၏ရွေးချယ်ခြင်း (၁း၄-၆)

(၂) သားတော်၏ ကယ်တင်ခြင်း (၁း၇-၁၂)

(၃) ဝိညာဉ်တော်တံဆိပ်ခတ်နှိပ်ခြင်း (၁း၁၃-၁၄)

ခ။ ပညာတော်ကို တောင်းခံသည့် ဗျာဒိတ် (၁း၁၅-၂၃)

(၁) ဆုတောင်းခြင်း၏ အကြောင်း (၁း၁၅-၁၈(က))

(၂) ဆုတောင်းချက်များ (၁း၁၈(ခ)-၂၃)

ဂ။ အဆင့်အတန်းသတ်မှတ်မှုများ (၂း၁-၂၂)

(၁) ကောင်းကင်ဘုံ၏ နေရာသစ်များ (၂း၁-၁၀)

(၂) အိမ်တော်၌ နေရာသစ်များ (၂း၁၁-၂၂)

ဃ။ နက်နဲသော ရှင်းလင်းချက်များ (၃း၁-၁၃)

(၁) ဗျာဒိတ်တော်မှ ဆင်းသက်သည့်နက်နဲခြင်း (၃း၁-၆)

(၂) ကြေငြာရန် တာဝန်ပေးအပ်ခံရသည့် အမှုတော်ဆောင် (၃း၇-၁၃)

င။ အမှန်တရားအတွက် ဆုတောင်းခြင်း (၃း၁၄-၂၁)

၃။ ဩဝါဒစာ၏ လက်တွေ့ကျသောအပိုင်း၊ အသင်းတော်၏ လျှောက်လှမ်းမှု (၄း၁-၆း၂၄)

က။ ယုံကြည်သူတို့ညီညွတ်စွာ (၄း၁-၁၆)

(၁) ညီညွတ်နိုင်အောင် တောင်းပန်မှု (၄း၁-၃)

(၂) ညီညွတ်ခြင်းအခြေခံ (၄း၄-၆)

(၃) ညီညွတ်ခြင်းအဓိပ္ပါယ် (၄း၇-၁၆)

ခ။ ယုံကြည်သူတို့၏ ဖြောင့်မတ်စွာ ရပ်တည်မှု (၄း၁၇-၅း၁၈)

(၁) ဘဝဟောင်းပုံစံ (၄း၁၇-၁၉)

(၂) ယခုဘဝသစ်၌ (၄း၂၀-၃၂)

(၃) ငါတို့လျှောက်ရာလမ်း၏ပုံစံ (၅း၁-၇)

(၄) ဘာကြောင့် ဤသို့ပြောင်းလဲကြောင်း (၅း၈-၁၃)

(၅) ဤသို့လျှောက်လှမ်းရန် ဘဝအားမာန်ရရှိခြင်း (၅း၁၄-၁၈)

ဂ။ ကမ္ဘာလောကအလယ် (၅း၁၉-၆း၉)

(၁) ကိုယ့်ဘဝနှင့် အသင်းတော်အတွက် (၅း၁၉-၂၁)

(၂) ကိုယ့်မိသားစုအတွင်း (၅း၂၂-၆း၄)

(၃) ကိုယ့်လုပ်ငန်းခွင်အတွင်း (၆း၅-၆)

ဃ။ အရေးကြီးသော ကာလယုံကြည်သူတို့ဘဝ (၆း၁၀-၂၀)

(၁) လက်နက်များပြင်ဆင်ရန် (၆း၁၀-၁၃)

(၂) ချပ်ဝတ်တန်ဆာဆင်မြန်းရာ (၆း၁၄-၁၇)

(၃) ချပ်ဝတ်တန်ဆာကြိုတင်ပြင်ဆင်ပါ (၆း၁၈-၂၀)

င။ နိဂုံး (၆း၂၁-၂၄)

# ဖိလိပ္ပိဩဝါဒစာ

## (ခရစ်တော်သည် ဘုရားသခင်၏ ဖူလုံခြင်းကိုဆောင်ခဲ့သူ)

### ကျမ်းရေးသူနှင့်ကျမ်းအမည်

ရှင်ပေါလုရေးသားသည်။ မာကေဒေါနိပြည်၌ သူကိုယ်တိုင်တည်ထောင်ခဲ့ သော ဖိလိပ္ပိအသင်းတော်အတွက်ဖြစ်သည်။ ဖိလိပ္ပိ၌ရှိသော သင်းအုပ်တို့နှင့် သင်းထောက်တို့မှ ယေရှုခရစ်၏သန့်ရှင်းသူအပေါင်းကို ကြားလိုက်ပါ၏ (၁း၁) ဟုဆိုသည်။

### ကျမ်းကိုရေးသောခုနှစ်

AD 60-61

ဧဖက်ဩဝါဒနည်းတူ ဤဖိလိပ္ပိဩဝါဒစာအား အကျဉ်းကျနေသော ရှင်ပေါလု ရေးသားခြင်းဖြစ်၏။ ရောမအရာရှိတစ်ဦးဦး၏ အကြောင်းကို ရည်ညွှန်း၍ သော်၎င်း၊ သူ၏ သေခြင်းနှင့်ပတ်သက်ဖော်ပြချက်များအရသော်၎င်း ထောက်ထား၏။ ဤစာကို ရောမတွင် ရေးသားခြင်းဖြစ်ရပါမည်။ (၁း၁၃၊ ၁း၂၀-၂၆) အသေခံဖို့ရန် အခြေအနေမှာ

ရှိသော်လည်း လွတ်မြောက်ရန်လည်း သူယုံကြည်မျှော်လင့်ခဲ့လေသည်။ ထိုအချက်တို့အရ ဖိလိပ္ပိ ဩဝါဒစာကို ဧဖက်ဩဝါဒ၏ နောက်ပိုင်း AD 60-61 ၌ရေးသားခြင်းဖြစ်မည်ဟု တွက်ဆရသည်။

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

ဧဖက်ဩဝါဒစာမှာလိုပင် ခရစ်တော်၏ ကိုယ်ခန္ဓာသည် အသင်းတော်ဖြစ် လျက် အသင်းတော်၏ဦးခေါင်းသည် ခရစ်တော်ဖြစ်ကြောင်းကို ဖော်ပြသည် (၁း၂၂-၂၃)။ ဝိညာဉ် ဆုကျေးဇူးများကို ယုံကြည်သူတို့မျှဝေခံစားကြရ၍ တစ်ဦးနှင့်တစ်ဦး ချစ်ခင်စည်းလုံးမည်ကို ဧဖက်ဩဝါဒကဲ့သို့ပင် အသိပေးသည်။ (၁း၃၊ ၂း၁၁-၂၂) ဖိလိပ္ပိအသင်းတော်သားများသည် ခရစ်တော်ဖော်ပြသည် ညီညွတ်ခြင်းကို မပျက်မကွက်စောင့်ထိန်းကြသလို ခရစ်တော်၏ ကျေးဇူးတော်၌ တည်နေရခြင်းအတွက် ဝမ်းမြောက်မှုရှိကြသည် (၁း၂၇၊ ၂း၂ ၄)။ ဤဩဝါဒစာ၏ ဦးတည်ချက်သည် ခရစ်တော်၌ ဝမ်းမြောက်ခြင်းနှင့် ညီညွတ်ခြင်းပင် ဖြစ်လေသည်။

ရှင်ပေါလု၌လည်း ဤဩဝါဒအတွက် ရည်ရွယ်ချက်များရှိခဲ့သည်။

(၁) သူသည်ဖိလိပ္ပိအသင်းတော်မှပေးပို့လိုက်သော လက်ဆောင်အတွက် သူတို့အပေါ်မှာ မေတ္တာတုန့်ပြန်လျက် ကျေးဇူးတင်ရှိသည် (၁း၅၊ ၄း၁၀-၁၉)။

(၂) သူ၏အခြေအနေများကို တင်ပြလိုသည် (၁း၁၂-၂၆၊ ၄း၁၀-၁၉) ။

(၃) ခရစ်ယာန်တို့အား နှိပ်စက်ငြင်းပန်းခြင်း အပါအဝင်ဘယ်အခြေအနေမှာမဆို ယုံကြည်ခြင်း မြဲမြံခိုင်ခန့်စေရန် အားပေးလိုသည် (၁း၂၇-၃၀၊ ၄း၄)။

(၄) နှိမ့်ချသော သဘောနှင့် ညီညွတ်မှုရှိစေချင်သည် (၂း၁-၁၁၊ ၄း၂-၅)။

(၅) သူ၏တပည့်တိမောသေနှင့် ဧပဖြောဒိတ်တို့အား ဖိလိပ္ပိအသင်းတော်သို့ စေလွှတ်လိုသည် (၂း၁၉-၃၀)။

(၆) ဖိလိပ္ပိအသင်းတော်အား စည်းကမ်းမရှိအကျင့်မကောင်းသောသူများ၊ ယုဒအယူသီး သမားများနှင့် ပတ်သက်၍ သတိပေးလိုသည် (အခန်းကြီး ၃)။

## ခရစ်တော်အားဖိလိပ္ပိသြဝါဒတွင် တွေ့မြင်ရပုံ

ဤကျမ်းစာတွင် ခရစ်တော်အကြောင်းကို ရှင်းလင်းတင်ဆက်၍ ဆိုဖွဲ့ သလောက် အခြားဘယ်ကျမ်းတွင်မှ ဆိုဖွဲ့ခြင်းမရှိ၊ သခင်လူ့ဇာတိခံယူခြင်း၊ သမ္မာ တရားဖြစ်ခြင်း၊ သဘာဝကျခြင်းတို့ကို ဖော်ပြရာ၌ အလွန်ပီပြင်သည်။ (၂း၅-၈) ခရစ်တော် ဆောင်ရွက်ခဲ့ပြီးသောအမှုတော်၊ ဆောင်ရွက်လတ္တံ့သောအမှုတော်များနှင့် ပတ်သက်၍ ခရစ်တော်သည် ယုံကြည်သူတို့၏-

(၁) အသက်လမ်း (၁း၂၁)

(၂) စံပြုရမည့်နှိမ့်ချသောသူနှင့် သက်စွန့်မေတ္တာရှင် (၂း၄-၅)

(၃) ကျွန်ုပ်တို့၏နိမ့်ကျသော လူ့ဘဝကို သူ၏ဘုန်းတော်နှင့် ပတ်ရစ်သော ရှင်သန်ခြင်း ပေးမည့်သခင် (၃း၂၁)နှင့်

(၄) ဘဝ၏မည်သို့သော အခြေအနေမှာမဆို ခွန်အားနှင့် ပြည့်စုံစေသောဘုရား . . . ဟူ၍ ဖော်ပြခဲ့သည်။

## အဓိကအရေးကြီးသည့်အချက်များ [၃၉]

၁။ နှုတ်ခွန်းဆက်ခြင်းနှင့် ကျေးဇူးတော်ကို ချီးမွမ်းခြင်း (၁း၁-၁၁)

၂။ ပေါလု၏ရောမတွင် တွေ့ရသောအခြေအနေများ၊ ခရစ်တော်အကြောင်း သွန်သင်မှု (၁း၁၂-၃၀)

၃။ ခရစ်ယာန်ဘဝ၊ ယေရှု၏စိတ်သဘောတော် (၂း၁-၃၀)

က. နှိမ့်ချကြရန် သွန်သင်ခြင်း (၂း၁-၄)

ခ. နှိမ့်ချခြင်း၏ ဥပမာတော် (၂း၅-၁၁)

ဂ. နှိမ့်ချခြင်းကို ကျင့်သုံးခြင်း (၂း၁၂-၁၈)

ဃ. တိမောသေနှင့် ဧပဖြောဒိတ်တို့၌ တွေ့ရသည့်နှိမ့်ချခြင်း (၂း၁၉-၃၀)

၄။ ခရစ်ယာန်ဘဝ၏ ဆုလာဘ်၊ ခရစ်တော်ကို သိကျွမ်းရခြင်း (၃း၁-၂၁)

က. ယုဒအယူသီးသူများအတွက် ပေးသောသတိ (၃း၁-၄(က))

ခ. ရှင်ပေါလုဥပမာ (၃း၄(ခ)-၁၄)

ဂ. အခြားပုဂ္ဂိုလ်များအား တိုက်တွန်းခြင်း (၃း၁၅-၂၁)

၅။ ခရစ်ယာန်အသက်တာ၏ ငြိမ်သက်ခြင်း၊ ခရစ်တော်ရှိနေတော်မူကြောင်းကို သိခြင်း (၄း၁-၂၃)

က. အခြားသူများနှင့်အတူ ငြိမ်သက်ခြင်း (၄း၁-၃)

ခ. မိမိကိုယ်တိုင်ငြိမ်သက်ခြင်း (၄း၄-၉)

ဂ. ဘယ်အချိန်အခါ၌မဆိုငြိမ်သက်ခြင်း (၄း၁၀-၂၃)

# ကောလောသဲဩဝါဒစာ

## (ခရစ်တော်သည် ဘုရားသခင်၏ ပြည့်ဝကြီးမြတ်မှုကိုဆောင်ခဲ့သူ)

### ကျမ်းရေးသူနှင့်ကျမ်းအမည်

ရှင်ပေါလု၏နှုတ်ခွန်းဆက်ခြင်းကို ၁း၂တွင် တွေ့ရပြီးကောလောသဲမြို့ ၌နေသော ညီအစ်ကိုတို့အတွက်ဟု ပဏာမပြုထားသည်။ (၁း၂)

### ကျမ်းကိုရေးသောခုနှစ်

AD 60-61

ရောမအကျဉ်းထောင်မှာ ပထမအကြိမ် ထောင်ကျစဉ်အတောအတွင်း တမန်တော်ကြီး ရှင်ပေါလုသည် ဩဝါဒစာ ၄စောင်ကို ရေးခဲ့သည်။ အဓိပ္ပါယ်မှာ AD 60-61 တို့၌ ရေးသားခြင်းပင်ဖြစ်သည်။ (ဧဖက်ဩဝါဒနှင့် ဖိလိပ္ပိဩဝါဒစာများမှ ရက်စွဲရှင်းလင်းချက် များကိုပြန်၍လေ့လာပါ)

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

ဝမ်းမြောက်ဖွယ်ကယ်တင်ခြင်းတရားမှ ပေးအပ်သောကြွယ်ဝပြည့်စုံသည့် ခွန်အားကြောင့် ခရစ်တော်၏ ကိုယ်ခန္ဓာနှင့်တူသော အသင်းတော်သည် ကြီးမြတ်ခြင်း ရှိသည်။ ဦးဆောင်အဖွဲ့အစည်းဖြစ်သည်။ အဖက်ဖက်က ပြည့်စုံလုံလောက်ခြင်းရှိသည် ဟု ခံစားနားလည်နိုင်သည်။ ဤကျမ်းငယ်အားဖြင့် ရှင်ပေါလုဖော်ပြသော 'ခရစ်တော်၏ ရုပ်ပုံလွှာ' ကိုတွေ့ရသည်။[၅၀] ခရစ်တော်ယေရှု၏ ပီပြင်သောဘဝသရုပ် နှင့် ပြီးမြောက်သောအမှုတော်အကြောင်းကို ကောလောသဲဩဝါဒစာမှာ ဖော်ကျူးလျက် ယုံကြည်သူ၏ ရူပါရုံမြင်ကွင်းအတွင်းမှ သခင့်ကိုမျှော်တခြင်းအားဖြင့် ပင်လျှင် ကျေးဇူးတော်ကြောင့် ဘဝပြည့်စုံဘိသကဲ့သို့ ခံစားနိုင်သည်၊ စုံလင်ခြင်းရှိနိုင် သည် (၂း၁၀)။ ဘုရားစင်စစ်-လူစင်စစ်ဖြစ်သောသခင်၏ ပြည့်ဝမှု၊ သခင့် ဆောင်ရွက်မှုတို့သည် ယုံကြည်သူတို့အား သခင်နှင့်အတူ ပြည့်ဝ၊ စုံလင်၊ တင်းတိမ် ရောင့်ရဲစေနိုင်ပြီး စကြာဝဠာကို ဖန်ဆင်းအုပ်စိုးသော သခင်သည် လူသားတို့အတွက် ကာလအစဉ်လိုအင်များကို ပြည့်စုံစေသည်။ ထိုသခင်သည် ဖန်ဆင်းသူ၊ ထိန်းချုပ်သူ၊ ကယ်နှုတ်သူ၊ လူနှင့်တစ်ကွ စကြာဝဠာကို သပ္ပါယ်မျှတစေသူဟူ၍ ကောလောသဲ ဩဝါဒစာသည် သွန်သင်ပေးလေသည်။

## ခရစ်တော်အားကောလောသဲဩဒစာ၌တွေ့မြင်ရပုံ

ဓမ္မပညာရှင် WILKINSON နှင့် MOA တို့၏အဆိုအရ . . . ခရစ်တော် ဆိုင်ရာ စံပြုကျမ်းဟု ဆိုရလောက်အောင် ပြောင်မြောက်သော ကျမ်းဖြစ် ၍ ခရစ်တော်ကို အမှတ်ပြုရာတွင် အထွဋ်အမြတ်၏၊ အာဏာစက်ရှိသမျှကို အုပ်စိုးသူ (၂း၁၀)။ ဖန်ဆင်းတော်မူသမျှတို့၏ သခင်(၁း၁၆-၁၇)၊ လူသားနှင့်ဘုရားကို မိတ်သဟာယဖွဲ့စေသူ (၁း၂၀-၂၂) (၂း၁၃-၁၅)ဟူ၍ ဖော်ပြသည်။ ထိုမျှသာမက ထိုသခင်သည် ယုံကြည်သူ၏ မျှော်လင့်စရာအုတ်မြစ် (၁း၅၊ ၂၃၊ ၂၇)၊ ဘဝသစ် အတွက် အင်အား (၁း၁၁၊ ၂၉)၊ ကယ်တင်သူနှင့် ရန်ငြိမ်းစေသူ (၁း၁၄၊ ၂၀-၂၂) (၂း၁၁-၁၅)၊ ဘုရားသခင် သဏ္ဌာန်တော်ကို ခံယူခြင်း (၁း၁၅၊ ၁၉) (၂း၉)။ အရာရာကိုဖန်ဆင်းသူ၊ ထိန်းသိမ်းသူ (၁း၁၆-၁၇)၊ အသင်းတော်၏ ဦးခေါင်း(၁း၁၈)၊ ရှင်ပြန်ထမြောက်သည့် လူသား (၁း၁၈) (၃း၁)။ လိုသမျှကိုဖူလုံစေသော ကယ်တင်ရှင် (၁း၂၈) (၂း၃, ၂၀) (၃း၁-၄) စသည်ဖြင့် ဖော်ပြထားကြောင်း တွေ့ရပါသည်။ [၅၁]

## အဓိကအရေးကြီးသည့်အချက်များ [၈၂]

၁။ အခြေခံယုံကြည်ချက်ဆိုင်ရာ။ ခရစ်တော်၏ လူ့ဘဝဇာတိနှင့် လုပ်ဆောင်ချက် (၁း၁-၂း၃)

က. နိဒါန်း (၁း၁-၁၄)

(၁) ကောလောသဲယုံကြည်သူများအား ပေါလုနှုတ်ဆက်ခြင်း (၁း၁-၂)

(၂) ကောလောသဲလူသားတို့ယုံကြည်ခြင်းကြောင့် ကျေးဇူးတင်ခြင်း (၁း၃-၈)

(၃) ကောလောသဲ၏ တိုးတက်မှုအတွက် ဆုတောင်းခြင်း (၁း၉-၁၄)

ခ. ခရစ်တော်၏ ဘဝသဏ္ဌာန် (၁း၁၅-၁၈)

(၁) အဘခမည်းတော်နှင့် ဆက်သွယ်မှု (၁း၁၅)

(၂) ဖန်ဆင်းခြင်းနှင့် သက်ဆိုင်မှု (၁း၁၆-၁၇)

(၃) အသစ်သောဖန်ဆင်းခြင်းနှင့်ဆိုင်၍ (၁း၁၈)

ဂ. သခင့်လုပ်ဆောင်ချက် (၁း၁၉-၂း၃)

(၁) ခရစ်တော်၏အလုပ်ကို ရှင်းပြခြင်း (၁း၁၉-၂၀)

(၂) သခင့်အလုပ်ကို ကြည့်၍ ခံယူရန် (၁း၂၀-၂၃)

(၃) သခင်အလုပ်အားဖြင့် ကြီးထွားစေမှု (၁း၂၄-၂း၃)

၂။ အားပြိုင်မှု၊ ခရစ်တော်၌ တည်နေမှုကို ဖျက်ဆီးသော ပြဿနာများ (၂း၄-၃း၄(က))

က. မှားယွင်းသောသွန်သင်မှုများသတိထား (၂း၄-၈)

(၁) လှည့်ဖျားသောဆရာတို့၏ ပရိယာယ်(၂း၄-၅)

(၂) ယုံကြည်ခြင်းအသက်တာကြီးပွားရာ (၂း၆-၇)

(၃) မှားယွင်းသောအဘိဓမ္မာများ (၂း၈)

ခ။ တရားစစ်တရားမှန် (၂း၉-၁၅)

(၁) ခရစ်တော်၌ ယုံကြည်သူအဆင့်အတန်း (၂း၉-၁၀)

(၂) အရေဖျားလှီးသည်ဆိုရာမှာ (၂း၁၁-၁၂)

(၃) ယုံကြည်သူအကျိုးကျေးဇူး (၂း၁၃-၁၅)

ဂ။ စစ်မှန်သောဩဝါဒနှင့် ဆက်နွယ်လျှင် (၂း၁၆-၃း၄)

(၁) သက်သာခွင့်။ ပညတ်တရားအကျင့်များမှလွတ်ခြင်း (၂း၁၆-၁၉)

(၂) သက်သာခွင့်။ ဘာသာရေးစည်းကမ်းများမှလွတ်ခြင်း (၂း၂၀-၂၃)

(၃) ခံစားခွင့် ။ ကောင်းကင်သားဘဝသို့ (၃း၁-၄)

၃။ လက်တွေ့ ခရစ်တော်အားဖြင့် လေ့ကျင့်ခြင်း (၃း၅-၄း၆)

က။ အတွင်းသဘော (၃း၅-၁၇)

ခ။ မိသားစုရေး (၃း၁၈-၄း၁)

ဂ။ အပြင်လက္ခဏာ (၄း၂-၆)

၄။ ပုဂ္ဂိုလ်ရေး၊ တမန်တော်ကြီး၏ စီမံချက်နှင့်၊ ပုဂ္ဂိုလ်ရေးရာများ (၄း၇-၁၈)

က။ သူ၏အထူးကိုယ်စားလှယ်များ (၄း၇-၉)

ခ။ သူ၏နှုတ်ခွန်းဆက်ခြင်းများ (၄း၁၀-၁၈)

# သက်သာလောနိတ်
# ဩဝါဒစာပဌမစောင်

## (ခရစ်တော်သည် ဘုရားသခင်၏ ကတိတော်ကိုဆောင်ခဲ့သူ)

## ကျမ်းရေးသူနှင့်ကျမ်းအမည်

အခန်း ၁း၁ နှင့် ၂း၁၈ တို့တွင် ဖော်ပြချက်အရ ရှင်ပေါလုရေးသားခဲ့သည်။

## ကျမ်းကိုရေးသောခုနှစ်

AD 51-52

ကောရိန္တုမြို့ကြီးတွင် ၁၈လခန့်နေထိုင်စဉ်ကာလအတောအတွင်း ဤဩဝါဒစာ ၂စောင်ကို ပြုစုခဲ့သည်။ (တမန်တော် ၁၈း၁-၁၁) ပဌမစောင်ကို သူ၏တပည့် တိမောသေသည် သက်သာလောနိတ်မှ ပြန်လည်ရောက်ရှိလာပြီး အသင်းတော်၏တိုးတက်မှု သတင်းကောင်းများ ကြားနာရချိန်တွင် ရေးသည်။ ဒုတိယစာစောင်ကို နောက်ထပ်ရက် သို့မဟုတ် လအနည်းငယ် တွင်း ဆက်လက်ရေးသားသည်။ အနီးစပ်ဆုံးဖြစ်နိုင်သည်မှာ AD 51-52 အတွင်းဖြစ်သည်။

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

သက်သာလောနိတ်တွင် ရှင်ပေါလုသည် ၃ပတ်ခန့်သာ နေခဲ့ရသည်။ (တမန် ၁၇း၂) သို့ဖြစ်၍ လုံလောက်သော ညွှန်ကြားချက်များကို အသင်းတော်သစ်အတွက် မပေးနိုင်ခဲ့ပေ။ ထို့ကြောင့် ဤဩဝါဒ၏ ဦးတည်ရည်မှန်းချက်များကို အကျဉ်းချုံး ဆင်ခြင်စဉ်းစားရသည်ရှိသော် သက်သာလောနိတ်အသင်းတော်ယုံကြည်သူတို့အား ပြုတော်မူသော ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းခြင်း (၁း၂-၃)။ မိမိ၏ အမှုတော်ဆောင်ခြင်းကို သေးသိမ်အောင် ပြုမှုများအတွက် ကာကွယ်ခြင်း (၂း၁-၁၂)၊ ယုံကြည်သူတို့အား ဘဝဟောင်းအကျင့်ဟောင်းများ ပြန်၍ လုပ်ရန်တွန်းအားပေး သည့် ဖိနှိပ်မှုများကို ကြံ့ကြံ့ခံ

ရပ်တည်ကြရန် (၃း၂-၃) (၄း၁-၁၂)။ သေသော ယုံကြည်သူများ၏ ရှေ့ရေးနှင့်ဆိုင်သော ကိစ္စအတွက်ခံယူချက်များထားဖို့ရန် မေးခွန်းများဖြေကြားခြင်း (၄း၁-၁၃)။ ဘုရားသခင်၏ နေ့ရက်အကြောင်းကို ဖြေကြားခြင်း (၅း၁-၁၁)။ အသင်းတော်သစ်၌ ကြုံတွေ့ရသည့် ပြဿနာအချို့ကို ဖြေရှင်းပေးခြင်း (၅း၁၂-၁၃၊ ၁၉-၂၈)

## ခရစ်တော်အားသက်သာလောနိတ်ဩဝါဒစာပဌမစောင်၌ တွေ့ရပုံ

သခင်၏ပြန်လည်ကြွလာတော်မူခြင်းကို အခန်းတိုင်းမှာ ထည့်သွင်းဖော်ပြ၍ ခရစ်တော်သည် ယုံကြည်သူတို့အတွက် ကယ်တင်ခြင်းကို ယခုပေးသလို သူပြန်ကြွလာ ချိန်တွင်ပေးလိမ့်မည်အကြောင်း မျှော်လင့်စေသည်။ ထိုသို့သခင်ပြန်လည်ကြွလာသော အခါကပ်ကာလ ဒုက္ခဆင်းရဲခြင်းနှင့် ကင်းစင်စေလိမ့်မည်၊ (၁း၁၀) (၅း၄-၁၁) ဆုမင်္ဂလာများသွန်းလောင်းမည် (၂း၁၉)၊ ပြည့်ဝစုံလင်စေမည် (၃း၁၃)၊ ရှင်ပြန်ထမြောက်စေမည် (၄း၁၃-၁၈)၊ ထိုမျှမက သူ့ကို ယုံကြည်သူတို့အား သန့်ရှင်းစေ၍ စောင့်ရှောက်မည်။

## အဓိကအရေးကြီးသည့်အချက်များ

၁။ အတိတ်။ ယုံကြည်ခြင်း၏ အလုပ်(၁း၁-၃း၁၃)

က. သက်သာလောနိတ်လူများအား ညွှန်ကြားခြင်း (၁း၁-၁၀)

(၁) ရှင်ပေါလု၏ မှတ်ချက် (၁း၁-၄)

(၂) ဘဝ၏သက်သေ (၁း၅-၇)

(၃) ဘဝသက်သေခံချက်များကို ရှင်းလင်းခြင်း (၁း၈-၁၀)

ခ. တမန်တော်ကြီးနှင့် နောက်လိုက်များ၏ ရှေ့ဆောင်မှု (၂း၁-၁၂)

(၁) သက်သေခံချက် (၂း၁-၂)

(၂) သူတို့၏ သမ္မာလမ်း (၂း၃-၇(က))

(၃) သူတို့၏ လုပ်ဆောင်ချက် (၂း၇(ခ)-၁၂)

ဂ. သက်သာလောနိတ်လူတို့၏ ကောင်းမှုများ (၂း၁၃-၁၆)

(၁) နှုတ်ကပတ်တော်ကို လက်ခံကြပုံ (၂း၁၃)

(၂) နှုတ်ကပတ်တော်ကို တုန့်ပြန်ကြပုံ (၂း၁၄)

(၃) နှုတ်ကပတ်တော်ကို ငြင်းဆန်မှုများ (၂း၁၅-၁၆)

ဃ. တမန်တော်ကြီးသူတို့အတွက် ခံစားရပုံ (၂း၁၇-၂၀)

(၁) နှလုံးသားမှ ခံစားချက် (၂း၁၇)

(၂) စာတန်အနှောက်အယှက် (၂း၁၈)

(၃) သက်သာလောနိတ်အတွက် သူစိတ်ချခဲ့ပုံ (၂း၁၉-၂၀)

င. သက်သာလောနိတ်အတွက် အတည်ပြုချက် (၃း၁-၁၀)

(၁) တိမောသေအား စေလွှတ်ခြင်း (၃း၁-၅)

(၂) တိမောသေ၏တင်ပြချက် (၃း၆-၁၀)

စ. နိဂုံးဆုတောင်း (၃း၁၁-၁၃)

(၁) တစ်ခေါက်တစ်ခါပြန်လာနိုင်မည့်အကြောင်း (၃း၁၁)

(၂) သက်သာလောနိတ်မေတ္တာစိတ်ကြီးထွားစေရန် (၃း၁၂)

(၃) သန့်ရှင်းခြင်းပါရမီအမြဲတည်စေ (၃း၁၂)

၂။ ပစ္စုပ္ပန်။ မေတ္တာတရားအတွက် အားထုတ်ခြင်း (၄း၁-၁၂)

က. ဘုရားသခင်ကိုချစ်၍ ဆောင်ရန် (၄း၂-၈)

ခ. ညီအစ်ကိုချင်းချစ်၍ ဆောင်ရန် (၄း၉-၁၀)

ဂ. အပြင်လူတို့အား ချစ်နိုင်စေရန် (၄း၁၁-၁၂)

၃။ မျှော်လင့်ချက်ကောင်းများဖြင့်ရှေ့သို့ (၄း၁၃-၅း၂၈)

က. ခရစ်တော်၏ နေ့ရက်မှာ ခွန်အားရရှိရေး (၄း၁၃-၁၈)

(၁) သန့်ရှင်းသူတို့ပြန်လည်နိုးထရာဝယ် (၄း၁၃-၁၆)

(၂) သန့်ရှင်း၍ အသက်ရှင်သူတို့အား သိမ်းဆည်းခြင်း (၄း၁၇-၁၈)

ခ။ သခင့်နေ့ရက်နှင့် သက်ဆိုင်၍ (၅း၁-၁၁)

(၁) ခရစ်တော်တစ်ဖန်ကြွလာဦးမည် (၅း၁-၅)

(၂) ခရစ်ယာန်တို့အသက်တာမှာ (၅း၆-၁၀)

(၃) အချုပ်အားဖြင့် (၅း၁၁)

ဂ။ ယုံကြည်သူအဖွဲ့အစည်းအတွင်း ပြုမူကျင့်ကြံခြင်း (၅း၁၂-၂၈)

(၁) အပြီးသတ်ညွှန်ကြားမှုများ (၅း၁၂-၂၂)

(၂) အပြီးသတ်တောင်းဆု (၅း၂၃-၂၄)

(၃) အပြီးသတ်စာသားစု (၅း၂၅-၂၈)

# သက်သာလောနိတ်
# ဩဝါဒစာဒုတိယစောင်

## (ခရစ်တော်သည် ဘုရားသခင်၏ ဆုလာဘ်ကိုဆောင်ခဲ့သူ)

### ကျမ်းရေးသူနှင့် ကျမ်းအမည်

ဤဒုတိယမြောက်ဩဝါဒစာကို ဩဝါဒစာ၏ (၁း၁)နှင့်(၃း၁၇)ဖော်ပြချက် များအရ တမန်တော်ရှင်ပေါလုရေးသားကြောင်း သိနိုင်သည်။

### ကျမ်းကိုရေးသောခုနှစ်

AD 51-52

သမိုင်းကြောင်းဖြစ်စဉ်များအလွန်တူညီသည်ကို ထောက်ရှု၍ ဤ ဒုတိယစောင်ကို ပဌမစောင်ရေးပြီး မကြာမီမှာရေးသည်ဟုယူဆကြသည်။ အလွန်ဆုံး ၆လခန့်သာ ကွာခြားမည်ဟု အများသဘောတူကြသည်။ (၁း၄-၅) ဖော်ပြချက်များ အရ အသင်းတော်

အား ဖိနှိပ်မှုများပိုမိုလာဟန်ရှိသည်။ ထို့အတွက်ကြောင့်ပင် အခြားသောအကြောင်းများနှင့်အတူ ရှင်ပေါလုသည် ဤစာစောင်ကို ကောရိန္တုမှာ ဆက်လက်ရေးသားခဲ့ခြင်းဖြစ်သည်။ ထိုအချိန် တွင် သိလနှင့် တိမောသေတို့သည် သက်သာလောနိတ်သို့ ပဌမ ဩဝါဒစာကို ယူသွားပြီးနောက် ကောရိန္တုပြန်ရောက်လာ ပြီးလျှင် သက်သာလောနိတ်၏ နောက်ထပ်ဖြစ်ပေါ်တိုးတက်မှုများကို အစီရင် ခံကြသဖြင့် ဤဒုတိယစာစောင်ကို ဆက်လက်ရေးသားခြင်းဖြစ်သည်ဟု ယုံကြည်ရ သည်။

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

ဤဩဝါဒစာဒုတိယစာကို အရေးတကြီးရေးသားစေရန်အတွက် တမန်တော်ကြီးရှင်ပေါလုသည် သက်သာလောနိတ်မြို့အကြောင်း ၃မျိုးကို ကြားခဲ့ရ သည်။ ယင်းတို့မှာ

(၁)သက်သာလောနိတ်၏ ယုံကြည်သူတို့သည် ဘာသာရေးအရ ဖိနှိပ်မှုများကို တိုး၍ ရင်ဆိုင်နေကြရသည် (၁း၄-၅)။

(၂) သခင်ယေရှုကြွလာတော်မူမည့် အနာဂတ်အချိန်အကြောင်းကို ပေါလု၏ ဩဝါဒ စာအတုများ၊ လိမ်လည်လှည့်ဖျားဖော်ပြမှုများရှိနေပြီ (၂း၁)။

(၃) ယင်းလိမ်လည်မှုများကြောင့် အချို့ယုံကြည်သူများတွေဝေ၍၊ ထိုသို့ကြွလာတော်မူခြင်းကို အကြောင်းပြုကာ မိမိတို့၏ အလုပ်များကို မလုပ်၊ ပျင်းရိ၍ နေကြသည်။ စည်းကမ်းမရှိဘဲ ဖြစ်နေကြသည် (၃း၅-၁၅)။

သို့ဖြစ်၍ ပေါလုသည် ဤဩဝါဒပြုစဉ်အခါတွင် လူသားတို့အား စိတ်ငြိမ်သက်ခြင်းရရန်နှင့် အမှန်တရားအတိုင်းဖြစ်ရန် ရည်မှန်းချက် ၃ချက်ကို အသုံးပြုခဲ့ သည်။

(၁) ဘုရားသခင်ကြွလာသောအခါတွင် ဆုကျေးဇူးမင်္ဂလာနှင့်အတူ အပြစ် စီရင်ခြင်းကိုလည်း ချမှတ်လိမ့်မည်ကို ဖော်ပြသည် (၁း၃-၁၀)။

(၂) သခင်ကြွလာသောနေ့ရက်၌ အဓိကဖြစ်ပေါ်မည့်အကြောင်းတရားများ အကြောင်းကို ရှင်းလင်းဖော်ပြသည် (၂း၁-၂)။

(၃) အလုပ်မလုပ်ဘဲနေကြသူများနှင့် ပတ်သက်၍အသင်းတော်က အရေးယူ ဆောင်ရွက်ရန် လုပ်ငန်းအဆင့်ဆင့်ကို အရေးစိတ် အသေးစိတ် ရေးသားဖော်ပြပေးသည်။ (၃း၆-၁၅)

## ခရစ်တော်အားသက်သာလောနိတ်ဩဝါဒစာဒုတိယစောင်၌တွေ့မြင်ရပုံ

ဤဩဝါဒစာ၏ အဓိကကျသော အခန်းကြီး ၁နှင့်၂ တို့သည်ခရစ်တော်၏ ပြန်လည်ကြွလာခြင်းကို ဖော်ပြ၍သူ့ကို ဆန့်ကျင်ပုန်ကန်သူများအား အပြစ်ပေးစီရင် မည့်အကြောင်းကို တင်ပြထားသည်။ သို့ဖြစ်၍ ဩဝါဒစာဒုတိယစာစောင်ကို တရားစီရင်မည့် သခင်ခရစ်တော်အားမျှော်လင့်စောင့်စားစေသော ကျမ်းဟုဆိုနိုင်ပါမည်။

## အဓိကအရေးကြီးသည့်အချက်များ

၁။ နှုတ်ဆက်ခြင်းနှင့် နိဒါန်း (၁း၁-၂)

၂။ အသင်းတော်အား နှိပ်စက်ညှင်းပန်းမှုအတွက် ဘုရားသခင်၏ အလိုတော်ကို ဖော်ပြလျက် အားပေးနှစ်သိမ့်ခြင်း (၁း၄-၁၂)

၃။ ဘုရားသခင်၏ နေ့ရက်နှင့် ပတ်သက်၍ အယူလွဲမှုများကို ပြင်ဆင်လျက် စိန်ခေါ်ဖော်ပြခြင်း (၂း၁-၁၇)

- က။ ပစ္စုပ္ပန်ကာလနှင့် စပ်ဆိုင်၍ (၂း၁-၂)
- ခ။ ဖောက်ပြန်မှုများနှင့် သက်ဆိုင်၍ (၂း၃(က))
- ဂ။ ပျက်စီးခြင်း၏သား သို့မဟုတ် ဒုစရိုက်လူ (၂း၃(ခ)-၄)
- ဃ။ ဆီးတားနှောက်ယှက်သောသူ (၂း၅-၉)
- င။ ယုံကြည်သူများနှင့် ပတ်သက်၍ (၂း၁၀-၁၂)
- စ။ ယုံကြည်သူများနှင့် ပတ်သက်၍ (၂း၁၃-၁၇)

၄။ အလုပ်မလုပ်လိုသောသူများအတွက် အပြစ်စီရင်ခြင်း (၃း၁-၁၆)

- က။ တမန်တော်ကြီး၏ စိတ်ချယုံကြည်မှု (၃း၁-၅)
- ခ။ တမန်တော်ကြီး၏ ညွှန်ကြားစေခိုင်းမှုများ (၃း၆-၁၅)

၅။ တမန်တော်ကြီးကောင်းကြီးမင်္ဂလာပေး၍ နှုတ်ဆက်ခြင်း (၃း၁၆-၁၈)

# တိမောသေဩဝါဒစာပဌမစောင်

## (ခရစ်တော်သည် ဘုရားသခင်နှင့် လူသားကို စေ့စပ်ပေးသူ)

## ကျမ်းရေးသူနှင့်ကျမ်းအမည်

ဧဖက်အသင်းတော်မှ လူငယ်ဓမ္မဆရာ တိမောသေသည် အသင်းတော်နှင့် ပတ်ဝန်းကျင်တွင် ပြဿနာအမျိုးမျိုးနှင့် ရင်ဆိုင်နေရသည်။ တိမောသေအတွက် အဘဆရာကြီးဖြစ်သော ရှင်ပေါလုက ယင်းပြဿနာများနှင့် ပတ်သက်၍ ၂စောင် ရေးသားပေးပို့ကာ အတိုင်ပင်ခံအကြံများပြုခဲ့သည်။ ထိုနည်းတူ ကရေတေ ကျွန်းကလေးမှာ ရောက်ရှိနေသောသူ့တပည့်တိတုဆီကိုလည်း ဩဝါဒစာတစ်စောင် ရေးသားပေး ပို့ခဲ့သည်။ ထို့ကြောင့် ဤဩဝါဒ ၃စောင်ကို သင်းအုပ်ဩဝါဒများဟု စုပေါင်းခေါ် ဝေါ်ကြပါသည်။

## ကျမ်းကိုရေးသားသောခုနှစ်

AD 63

တမန်တော်ဝတ္ထုနှင့် ဩဝါဒစာများကိုတူပြိုင်လေ့လာခြင်းအားဖြင့် ယခုတိမောသေဩဝါဒစာပဌမစောင်နှင့် တိတုဩဝါဒတို့ကို ရောမတွင် အကျဉ်းကျ နေသော တမန်တော်ကြီး ရှင်ပေါလုသည် သူ့ပဌမဦးစွာ လွတ်ငြိမ်းချမ်းသာခွင့်ရချိန်မှာ ရေးသားပြုစုကြောင်း သိနိုင်သည်။ ထို့တွက်ဆချက်များအရ ရှင်ပေါလု ဤဩဝါဒကို ရေးသားချိန်သည် နီးရိုးဘုရင်က ခရစ်ယာန်များအား စတင်နှိပ်စက်ညှင်းပန်းခြင်း ပြုသော AD 64 မတိုင်မီဖြစ်သော AD 63 ခုနှစ်နွေဦးပေါက်ဖြစ်လိမ့်မည်ဟု နားလည်ရသည်။ ထိုအချိန်သည် သူထောင်မှ လွတ်ခါစအချိန်ပင်ဖြစ်သည်။ တိတုဩဝါဒစာကိုမူ AD 65 တွင်လည်းကောင်း၊ တိမောသေဩဒစာဒုတိယစောင်ကို AD 66 တွင်လည်းကောင်း ရေးခြင်းဖြစ်မည်ဟု ခန့်မှန်းနိုင်ပါသည်။ ကနဦး အသင်းတော်၏ ဖခင်ကြီးဖြစ်သော EUSEBIUS ၏ အဆိုအရ တမန်တော်ကြီးသည် AD 57 တွင် သေဆုံးသွားခဲ့သည်။ ရောမနိုင်ငံသားအနေဖြင့် သူ့ကိုခေါင်းဖြတ် ကွပ်မျက်ခဲ့ပြီး ရှင်ပေတရုမှာမူ ကားစင်တင်ခံခဲ့ရသည်ဟု ဆိုပေသည်။

ရှင်ပေါလု၏သာသနာပြုခရီးစဉ်များသည် AD 48-56 အတွင်း ခရီးစဉ်များ ဖြစ်၍ AD 56-60 ကာလ၌ သူသည်ရောမတရားရုံးများမှာ အမှုများရင်ဆိုင်လျက် ရောမမြို့သို့ နောက်ဆုံးမှာ ရောက်ရှိသွားလေ၏။ AD 61-62 တို့တွင် သူ့ကို အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခဲ့ပြီးနောက် လွတ်ငြိမ်းခွင့်ပြုခဲ့ရာ AD 62-67 တို့၌ အတန်အသင့် လွတ်လပ်ခွင့်ရရှိပြီး ဧဖက်အသင်းတော်၌ တိမောသေကိုလည်းကောင်း၊ ကရေတေကျွန်း၌ တိတု့ကိုလည်း ကောင်းအမှုတော်ဆောင်များအဖြစ်ခန့်အပ်ခဲ့သည်၊ ထိုသူတို့အတွက် ဩဝါဒစာများကိုလည်း ရေးသားပေးပို့ခဲ့သည်။ ထို့ကြောင့် ယခုတိမောသေ ဩဝါဒစာ ပဌမစောင်နှင့် တိတုဩဝါဒစာ များကိုရေးသားချိန်မှာ AD 63-65 ဖြစ်မည်။ နောက်ထပ် တစ်ဖန်အဖမ်းခံရပြန်လျက် ထောင်ကျချိန် . . . တနည်းအားဖြင့်AD 66 ခုနှစ်တွင်မူ တမန်တော်ကြီးသည် တိမောသေဩဝါဒစာ ဒုတိယစာစောင်ကို ရေးသားခြင်း ဖြစ်ရလိမ့်မည်၊ သို့ဖြစ်၍ တိမောသေဩဝါဒစာ ဒုတိယစောင်သည် ပေါလု၏ 'နောက်ဆုံး ဩဝါဒ' ဖြစ်ရမည်ဟုပညာရှင် အများစုက သဘောတူထားကြပါ၏။ [၈၃]

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

တိမောသေဩဝါဒစာပဌမစောင်တွင် ရည်မှန်းချက် ၅ခုကို အနည်းဆုံးတွေ့ နိုင်ပါမည်။

(၁) တိမောသေအနေဖြင့် မိမိ၏တာဝန်ဝတ္တရားကို သိမှတ်ရန် အားပေးသည်။ ဝိညာဉ်ဆုကျေးဇူးကို ခံရကြောင်းသိစေသည်။ ဤနည်းအားဖြင့် ဝိညာဉ်ရေးသတ္တိတိုးပွားစေရန် ရည်ရွယ်ရေးသားသည်။ (၁း၃) (၄း၁၄)။ ထို့အတူတိမောသေ၏ ကောင်းမြတ် သော ဝန်ခံချက်ကိုလည်း ဖော်ပြပေးသည် (၆း၁၂)၊ တိမောသေအား အခြေခံ ယုံကြည်ခြင်းကို အပ်နှံကြောင်းကိုလည်း ဖော်ပြသတိပေးသည် (၆း၂၀)။

(၂) တိမောသေအနေဖြင့်ကောင်းမြတ်သော ယုံကြည်ခြင်းအခြေခံမှုတို့ကို စောင့်ရှောက်လျက် လိမ်ညာလှည့်ဖျားသည့် ဆရာသမားများ၏ အမှားများကို သမ္မာကျမ်းစာနှင့်အညီ ရင်ဆိုင်ဖြေရှင်းရန် အားပေးထားသည် (၁း၃-၁၁၊ ၁၈-၂၀) (၄း၁-၁၆) (၆း၃-၁၀)

(၃) အသင်းတော်၏ ကိုးကွယ်ဝတ်ပြုခြင်းကျင့်စဉ်ကို ချမှတ်ရန်ရည်ရွယ်သည် (၂း၁-၁၅)။

(၄) အသင်းတော်၏များစွာသော ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် လမ်းညွှန်လိုသည်။ ဥပမာအားဖြင့် အသင်းတော်ခေါင်းဆောင်ပိုင်း၌ ရှိရမည့်

အရည်အချင်းများ ပြဿနာဖြစ်သည်။ (၃း၁-၁၆) ထိုမှုမက အသက်ကြီးသူနှင့် မုဆိုးမများအပါအဝင် ခရစ်ယာန်ယုံကြည်သူအားလုံး၌ သင့်တင့်လျောက်ပတ်သော အကျင့်များနှင့် နေထိုင်ပြုမူကြရန် (၅း၁-၁၆)နှင့်

(၅) ရုပ်ဝတ္ထုပစ္စည်းများအား တပ်မက်ခြင်း၏ ဆိုးယုတ်မှုကို သတိပေးရန် (၆း၁၁-၁၉) ဟူသော ရည်မှန်းချက်များရှိခဲ့လေသည်။

တိတုသြဝါဒစာ၊ တိမောသေသြဝါဒစာ ဒုတိယစောင်တို့နှင့် တူညီမှုရှိစွာဖြင့် ဤသြဝါဒစာပဌမစောင်၏အဓိကဦးတည်ချက်မှာ "ကောင်းသောစစ်ကိုတိုက်စေခြင်း" (၁း၁၈) ဖြစ်သည်။ ယင်းဦးတည်ချက်သည် အသင်းတော်အတွက် လုပ်ငန်းလမ်းညွှန် . တနည်းအားဖြင့် ဘုရားသခင်၏ အိမ်တော်အတွက် တာဝန်ကို ဖော်ပြခြင်းပင်ဖြစ် သည် (၃း၁၅)

## ခရစ်တော်အားတိမောသေသြဝါဒစာပဌမစောင်၌တွေ့မြင်ရပုံ

ဝါကျနှင့်စာကြောင်းများစွာတို့သည် ကယ်တင်ရှင်၏ လူ့ဘဝနှင့် အမှုတော် အကြောင်းကို သတိပေးလျက်ရှိသည်။ ထိုသခင်သည် ကျွန်ုပ်တို့အား ဆင့်ခေါ်ခြင်း၊ ကျွန်ုပ်တို့အတွက် ပေးအပ်သောခွန်အား၊ မျှော်လင့်ချက်နှင့် ချစ်ခြင်းမေတ္တာတို့၏ အရင်းခံဖြစ်သည်။ အမှုတော်ကို ဆောင်ရွက်ရန်အတွက် ယင်းအချက်တို့သည် လိုအပ်သည် (၁း၁၂-၁၄)။ ထိုသခင်သည် အပြစ်လူသားများအတွက် ကယ်တင် ရန်ကြွလာခဲ့သူဖြစ်သည် (၁း၁၅)။ ဘုရားသခင်နှင့် လူတို့စပ်ကြားမှာ လူဖြစ်သော ယေရှုခရစ်တည်းဟူသော အာမခံတစ်ဦးတည်းရှိ၏ (၂း၅)။ ဘုရားသခင်သည် ကိုယ်ခန္ဓာပေါ်ထွန်း တော်မူပြီ။ ဟုတ်မှန်တော်မူခြင်းအကြောင်းသည် ဝိညာဉ်တော် အားဖြင့် ထင်ရှားပြီ၊ ကောင်းကင်တမန်တို့သည် ကိုယ်တော်ကို ရှုမြင်ရကြပြီ၊ တစ်ပါးအမျိုးသားတို့သည် သတင်းတော်ကို ကြားရကြပြီ၊ လောကီသားတို့သည် ယုံကြည်ရကြပြီ၊ ဘုန်းအသရေနှင့်တစ်ကွ အထက်သို့ဆောင်ယူခြင်းကို ခံတော်မူပြီ (၃း၁၆)။ ယုံကြည်သောသူတို့ကို ကယ်မတော်မူသော ဘုရားသခင် (၄း၁၀) . . . စသည်ဖြင့် ခရစ်တော်၏ အကြောင်းကို ဖော်ပြထားလေသည်။

## အဓိကအရေးကြီးသည့်အချက်များ

၁။ နှုတ်ခွန်းဆက်သခြင်းများ (၁း၁-၂)

၂။ အခြေခံယုံကြည်ချက်များအတွက် ညွှန်ကြားချက်များ (၁း၃-၂၀)

က။ အယူလွဲမှားမှုများအတွက် သတိပေးခြင်း (၁း၃-၁၁)

ခ။ ကျေးဇူးမေတ္တာတော်ကို ရှင်ပေါလုသက်သေခံခြင်း (၁း၁၂-၁၇)

ဂ။ တိမောသေအား တာဝန်ပေးခြင်း (၁း၁၈-၂၀)

၃။ ဝတ်ပြုကိုးကွယ်မှုအတွက် ညွှန်ကြားချက် (၂း၁-၂း၁၅)

က။ ဆုတောင်းမှုနှင့် ပတ်သက်၍ (၂း၁-၇)

ခ။ ယောကျ်ားများ၊ မိန်းမများနှင့် ပတ်သက်၍ (၂း၈-၁၅)

၄။ ခေါင်းဆောင်များဆိုင်ရာ ညွှန်ကြားလွှာ (၃း၁-၁၆)

က။ အသင်းတော်လူကြီးပိုင်းအတွက် (၃း၁-၁၃)

ခ။ ကြားဖြတ်ရှင်းလင်းတင်ပြချက်များ (၃း၁၄-၁၆)

၅။ အန္တရာယ်များစွာ သတိပြုရာ (၄း၁-၁၆)

က။ အန္တရာယ်များကို ဖော်ပြခြင်း (၄း၁-၅)

ခ။ အန္တရာယ်များကို ကာကွယ်ရန် တာဝန်နှင့် ရင်ဆိုင်ရန် (၄း၆-၁၆)

၆။ များစွာသောတာဝန်များ (၅း၁-၆း၁၀)

က။ အရွယ်အလိုက်နာခံထိုက်စေ (၅း၁-၂)

ခ။ မုဆိုးမများသို့ (၅း၃-၁၆)

ဂ။ အသင်းတော်လူကြီးများသို့ (၅း၁၇-၂၅)

ဃ။ ကျွန်နှင့်သခင်များသို့ (၆း၁-၂)

င။ ပါးစပ်ဘုရား၊ လက်ကားယားများသို့ (၆း၃-၁၀)

၇။ တိမောသေ . . . နောက်ဆုံးအနေဖြင့် (၆း၁၁-၂၁)

က။ ဘုရားသခင်နှင့်တူစွာအသက်ရှင်ပါ (၆း၁၁-၁၆)

ခ။ လူချမ်းသာတို့နားဆင်ပါ။ (၆း၁၇-၁၉)

ဂ။ ကျန်ယုံကြည်သူများအတွက် တိုက်တွန်းချက် (၆း၂၀-၂၁)

# တိမောသေဩဝါဒစာဒုတိယစောင်

## (ခရစ်တော်သည် ဘုရားသခင်၏ တရားစီရင်သူ)

### ကျမ်းရေးသူနှင့်ကျမ်းအမည်

တိမောသေဩဝါဒစာပဌမစောင်ကို ပြန်၍ လေ့လာရန်

### ကျမ်းကိုရေးသောခုနှစ်

AD 66

### တိမောသေဩဝါဒစာပဌမစောင်ကိုပြန်၍ လေ့လာရန်

### ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

တိမောသေဩဝါဒစာဒုတိယစောင်သည် ကျွန်ုပ်တို့၏ အစဉ်အလာအတိုင်း တည်ရှိခဲ့သော ခံစားချက်များကို ရုတ်တရက်ပြောင်းလဲစေနိုင်မည့်ကျမ်းဟု ဆိုချင် ပါသည်။ မှန်ပါသည်။ ထိုဩဝါဒစာကို မရေးမီတွင် ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသော ယခင် ဩဝါဒပဌမစောင်နှင့်တိတုဩဝါဒစာတို့ကို ရေးသားချိန်တွင်ရှင်ပေါလုသည် လွတ်လပ် သောသူ၊ လှုပ်ရှားသွား လာခွင့်ရှိသူဖြစ်ခဲ့ပြီး ယခုအချိန်တွင်မူ သေမိန့်ကို စောင့်ဆိုင်း ရသော အကျဉ်းသားတစ်ယောက် ဖြစ်နေပါပြီ။ သူ၏ရင်ထဲ၌ မဟာရည်မှန်းချက် ၂ခုဖြင့် ဤဩဝါဒကို သူရေးသားခဲ့လေသည် . . .

(၁) တိမောသေအား ရောမမြို့သို့ အမြန်ဆုံးလာရောက်၍ သူမသေမီအချိန် အတွင်း သူနှင့်တွေ့ဆုံရန် (၄း၉, ၂၁ နှင့် ၄း၆-၈)

(၂) တိမောသေအနေဖြင့် ခိုင်ခန့်သော ယုံကြည်ခြင်းအားဖြင့် အခက်ခဲဟူသမျှကို ရင်ဆိုင် ကျော်လွှားရန်၊ ကျွန်ုပ်တို့၏ အသက်တာ၌ စုံစမ်းနှောက်ယှက်ခြင်းများနှင့် ကြုံတွေ့ နေရမည်ဖြစ်ကြောင်းကို သတိပြုကြရန် . . . ရည်မှန်းချက်များ ချထားခဲ့ပေသည်။

ဩဝါဒပဌမစောင်ကဲ့သို့ . . . ပုဂ္ဂိုလ်ရေးအရဖော်ပြထားသည့် ဦးတည်ချက်များကို တွေ့ရသည်။ ပုဂ္ဂိုလ်ရေးရာအရ ဩဝါဒပြုရာတွင် (၁း၆) အရ . . .

"သို့ဖြစ်၍ ငါလက်တင်သောအားဖြင့် သင်၌ ဘုရားသခင်ပေးတော်မူသော ဆုကို နှိုးဆော်မည့်အကြောင်း၊ ငါသည် သင့်ကို သတိပေး၏" ဟုဖော်ပြထားသည်။

အခြားမှိုင်မြင်ကိုးကားသင့်သော ကျမ်းများအနေဖြင့် (၁း၁၄) (၂း၁,၂) (၂း၁၅) (၄း၅)တို့ကို လေ့လာနိုင်သည်။ အသင်းတော်အဖွဲ့အစည်းအနေဖြင့် ခရစ်တော်၏အစေခံ၊ ခရစ်တော်အတွက် အနစ်နာခံသူစစ်သားများအဖြစ် အမှုတော်ကိုထမ်းဆောင်ရန် အားပေးထားသည် (၂း၂-၄)။ ယင်းကဲ့သို့ အမှုတော်၌ ပါဝင်ခြင်းသည် အဆုံးတိုင်အောင် ကောင်းစွာ တိုက်လှန်ခြင်းဖြစ်ကြောင်းကို ဖော်ပြထားလေသည် (၄း၆-၇)

## ခရစ်တော်အားတိမောသေဩဝါဒစာဒုတိယစောင်၌တွေ့မြင်ရပုံ

အမှုတော်ဆောင်ရွက်ခြင်း၏ အဓိကအချက်နှင့် အမှုတော်ဆောင်ရွက်ရန် ခွန်အားသတ္တိ အလုံးစုံတို့သည် ခရစ်တော်အပေါ်၌သာ အခြေခံသည်။ ထို့ကြောင့် ခရစ်တော်အား ယုံကြည်ခြင်းတရားသည် အမှုတော်ဆောင်ခြင်း၏ အခြေခံအုတ်မြစ် ဖြစ်သည်။ ထိုအချက်ကို (၁း၁၀)အရ "ထိုသခင်သည် သေခြင်းအကြောင်းကို ပယ်ရှား၍ အသက်ရှင်ခြင်းအကြောင်းနှင့် မဖောက်ပြန်ခြင်းအကြောင်းကို ဧဝံဂေလိ တရားအားဖြင့် ထင်ရှားစေတော်မူပြီ" ဟုဖော်ပြထားပါသည်။ သေခြင်းမှထမြောက်သည့်သခင်(၂း၈)။ ကယ်တင်ရှင်ဖြစ်၍ ထာဝရဘုန်းတန်ခိုးကို ပေးပိုင်သူ (၂း၁၀) ယုံကြည်ခြင်းတရားကို စောင့်ရှောက်သူများအတွက် သော်လည်းကောင်း၊ သမ္မာတရားလမ်း၌ လျှောက်သွားသူများ အတွက် သော်လည်းကောင်း၊ သူနှင့်အတူ စိုးစံရသောအခွင့်ကို ရရှိမည် (၂း၁၁-၁၃) (၄း၈)ဟူ၍ ဖော်ပြထားကြောင်းကို တွေ့မြင်နိုင်သည်။

## အဓိကအရေးကြီးသည့်အချက်များ

၁။ နှုတ်ခွန်းဆက်ခြင်း (၁း၁-၂)

၂။ တိမောသေအားကျေးဇူးတင်ကြောင်းဖော်ပြခြင်း (၁း၃-၇)

၃။ တိမောသေ၏ တာဝန်များကို သတိပေးဖော်ပြခြင်း (၁း၈-၁၈)

၄။ သစ္စာရှိသော တပည့်တော်၏ လက္ခဏာများ (၂း၁-၂၆)

က။ ကျေးဇူးမေတ္တာတော်၌ ခွန်အားကြီးမားသူ (၂း၁)

ခ။ သူတပါးအတွက် သစ္စာတရားကို ဝေမျှသူ (၂း၂)

ဂ။ စစ်သားပမာတည်ကြည်သူ (၂း၃-၄)

ဃ။ အားကစားသမားကဲ့သို့စည်းကမ်းလိုက်နာ၍ လယ်သမားကဲ့သို့ အလုပ်ကြိုးစားသောသူ (၂း၅-၁၃)

င။ ကြိုးစားအားထုတ်အလုပ်လုပ်သူ (၂း၁၄-၁၉)

စ။ သန့်ရှင်းစင်ကြယ်သောတန်ဆာ (၂း၂၀-၂၃)

ဆ။ တစ်ပါးအမျိုးသားအစေခံကျွန် (၂း၂၄-၂၆)

၅။ သစ္စာရှိအစေခံသတိပြုရန် (၃း၁-၁၇)

က။ သမ္မာတရားလမ်းမှသွေဖီလျှင် (၃း၁-၉)

ခ။ လမ်းမလွဲစေရန် ကာကွယ်ခြင်း (၃း၁၀-၁၇)

၆။ သမ္မာတရားကိုဟောပြောရန်စေခိုင်းခြင်း (၄း၁-၅)

၇။ ယုံကြည်၍ သစ္စာစောင့်သော အစေခံကျွန်အတွက် နှစ်သိမ့်ခြင်း (၄း၆-၁၈)

က။ အသက်တာကို ကောင်းမွန်စွာ အဆုံးသတ်ခြင်း (၄း၆-၇)

ခ။ ဤဘဝမှလွန်သောခါ (၄း၈)

ဂ။ မိတ်ဆွေများ၏အကြောင်း (၄း၉-၁၈)

၈။ နိဂုံးချုပ်နှုတ်ခွန်းဆက်ခြင်း (၄း၁၉-၂၂)

# တိတုဩဝါဒစာ

## (ခရစ်တော်သည် ဘုရားသခင်၏ကြင်နာခြင်းကရုဏာကိုဆောင်ခဲ့သူ)

## ကျမ်းရေးသူနှင့် ကျမ်းအမည်

သင်းအုပ်ဩဝါဒများအားလုံးအား တိမောသေဩဝါဒစာပဌမစာစောင်မှာ ခြုံငုံလေ့လာခဲ့ပြီးဖြစ်သည်။

တိတုဟူသောအမည်ကို တမန်တော်ဝတ္ထုတွင် မမြင်ရပါ။ သို့သော် တမန်တော်ကြီး၏ ဆုံးမဩဝါဒများတွင် သူ့အမည်ကို ၁၃ကြိမ်ခန့် ကိုးကားဖော်ပြထား သည်။ ထိုကျမ်းပိုင်းများအားဖြင့် တိတုသည် တမန်တော်ကြီး၏ အနီးကပ်ဆုံးနှင့် စိတ်အချရဆုံး အမှုတော်ဆောင် တစ်ပါးအဖြစ်နားလည်ရသည်။ ဘုရားသခင်၏ ဝမ်းမြောက်ဘွယ် ကယ်တင်ခြင်းကျေးဇူးတရားကို ဆွေးနွေးရန်အတွက် အန္တိအုတ်မြို့မှ ယေရုရှလင်သို့ ထွက်ခွာချိန်တွင် (တမန်တော်၊ ၁၅း၁မှစ၍ လေ့လာရန်) တမန်တော်ကြီးသည် တိတုကိုခေါ်သွားပြီး အရေဖျားလှီးမခံဘဲနှင့် ကယ်တင်ခြင်း ကျေးဇူးတော်ကို ခံယူနိုင်ကြောင်း သက်သေပြခဲ့သည် (ဂလာတိ၊ ၂း၁-၃)။ ရှင်ပေါလု၏ အဆိုပါပြဿနာအပေါ်၌ ခံယူချက်သည် မှန်ကန်ကြောင်းကို ထိုကျမ်းပိုင်း၌ ထင်ရှားစွာတွေ့ရသည် (ဂလာတိ၊ ၂း၃-၅)။ ထိုကျမ်းချက်များကို ထောက်၍တိတုသည် ပေါလု၏ လေးစားဘွယ် လုပ်ဖော်ဆောင်ဖက်အဖြစ် သတ်မှတ်နိုင်သည်။ ရှင်ပေါလု၏ တတိယခရီးစဉ်တွင် တိတုသည် ဧဖက်မြို့၌ တမန်တော်ကြီးနှင့်အတူအလုပ် လုပ်ခဲ့သည်ဟု ယူဆရသည်။ ထိုမှတစ်ဆင့်သူ့ကို တမန်တော်ကြီးသည် ကောရိန္တုမြို့ အသင်းတော်အား ကြည့်ရှုရန် စေလွှတ်ခဲ့သည် (၂ကော၊ ၂း၁၂-၁၃) (၂ကော၊ ၇း၅-၆၊ ၈း၆)

## ကျမ်းကိုရေးသောခုနှစ်

AD 65

ဤဩဝါဒစာ၏နောက်ကြောင်းဖြစ်စဉ်များသည် ရေးသားချိန်ကို ခန့်မှန်း တွေးဆစေနိုင်သည်။ ရှင်ပေါလုသည် ရောမမြို့တွင် အကျယ်ချုပ်မှ လွတ်မြောက်ချိန်ဖြစ်သည်။ (တမန်တော်ဝတ္ထုနိဂုံးပိုင်းကို လေ့လာရန်)။ ပေါလုသည် ရောမနိုင်ငံသား ဖြစ်ယုံမက၊

အမှုစွဲ လောက်သောအပြစ်ရှာ၍ မရသောကြောင့် ကဲသာဘုရင်ရှေ့တွင် အမှုမတင်နိုင်ဘဲ သူ့ကို လွှတ်ပေးလိုက်ရခြင်းဖြစ်သည် (တမန်၊ ၂၄-၂၅၊ ၂၈း၃၀)။ ထိုလွှတ်မြောက်ချိန်တွင် ရှင်ပေါလုသည် ဧဖက်မြို့သို့သွား၍ တိမောသေအား သင်းအုပ်ဆရာတွင် ခန့်ထားပြီး နောက်၊ မာကေဒေါနိပြည်သို့ ခရီးဆက်ခဲ့သည်။ ဂရိနိုင်ငံမြောက်ပိုင်းမာကေဒေါနိမှာ တိမောသေဩဝါဒ စာပဌမစောင်ကို သူရေး သားခဲ့သည်။ (၁တိ၊ ၁း၃-၅)။ ထို့နောက် ကရေတေ (CRETE) ကျွန်းသို့ဝင်ရောက်၍ တိတုအား အသင်းတော်လုပ်ငန်းများ လုပ်စေခဲ့သည်။ ပြီးမှတစ်ဖန် ဂရိပြည် တောင်ပိုင်း ရှိ အခါယပြည်နိကောပလိသို့ ခရီးဆက်ခဲ့သည် (တိတု၊ ၃း၁၂)။ ယခုဩဝါဒစာကို နိကောပလိ သို့မဟုတ် မာကေဒေါနိ မှနေ၍ ရေးသား၍ တိတုအားပေးလျက် ဩဝါဒပြုခြင်း ဖြစ်ရပါမည်။ ထိုအရပ်ဒေသ များမှ တစ်ဖန်တမန်တော်ကြီးသည် တရောမြို့သို့ သွားရောက်ခဲ့ပြီးနောက် (၂တိ၊ ၄း၁၃)ပြန်၍ အဖမ်းခံရပြန်လျက် ရောမသို့ခေါ်ဆောင်ကာ အကျဉ်းချခြင်းခံရသည်၊ နောက်ဆုံးတွင် ခေါင်းဖြတ် ကွပ်မျက်ခြင်းခံရသည်။ ပြီးခဲ့သော အပိုင်းများ၌ ဖော်ပြခဲ့သလို ရောမအကျဉ်းထောင် ထဲမှာရှိစဉ် သူသည် တိမောသေဩဝါဒစာ ဒုတိယစောင်ကို ရေးခဲ့ခြင်းဖြစ်သည်။ ထိုဖြစ်စဉ်များအားလုံးသည် AD 62-67 အတွင်းဖြစ်ရပ်များပင် ဖြစ်လေသည်။

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

အဓိကဦးတည်ချက်နှင့် အကြောင်းရင်းများစွာကို ဤဩဝါဒစာ၌ တွေ့မြင် ရသည်။ (၁) ကရေတေကျွန်းရှိအသင်းတော်များတွင် လိုအပ်နေသော အသင်းတော် ရေးရာကိစ္စ များအား ဖြေရှင်းရန်အတွက် တိတုအားလုပ်ဆောင်သင့်သည်များကို ညွှန်ကြားရန်။

(၂) တိတုရင်ဆိုင်နေရသော ဆန့်ကျင်မှုများနှင့် ပတ်သက်၍ မိမိ၏အခွင့်အာဏာနှင့် ဆောင်ရွက်ရန်။

(၃) အဆိုပါဆန့်ကျင်မှုများအား အဘယ်ကဲ့သို့ရင်ဆိုင်ရမည်ကို ညွှန်ကြား၍ ယုံကြည် ခြင်း၊ ဆောင်ရွက်ခြင်းတို့အတွက် အထူးသတိပြုရန်ရှိသည်များကို ဖော်ပြကာ၊ အယူလွဲမှားသော အရာများနှင့် ပတ်သက်၍ တင်းကြပ်စွာ သတိပေးထားသည် (၁း၅၊ ၁၀-၁၁)။ ဆောင်းကာလတွင် နိကောပလိမြို့၌ တိတုနှင့် ဆုံတွေ့ရန် စီစဉ်ခဲ့သည်ကို ဖော်ပြသည်။ (၃း၁၂)။ ထိုအစီအစဉ်ဖြစ်မြောက်ခြင်းရှိမရှိကိုကျွန်ုပ်တို့မသိရပါ။ တိတုသည် ကရေတေကျွန်းပေါ်၌ သေတပန်သက်တစ်ဆုံးအမှုတော်ဆောင်ခဲ့သည်ဟု ပြောထုံးရှိပါကြောင်း။

ဤကျမ်း၏အနှစ်သာရမှာ ခရစ်တော်၏ အသက်တာအားဖြင့် တွေ့ရသော ဘုရားသခင်၏ ကျေးဇူးမေတ္တာတော်နှင့်တစ်ကွ ဘုရားသခင်မနှစ်သက်သည်များကို ရှောင်ကြဉ်လျက် ဘုရားသခင်၏ သမ္မာတရားလမ်းအတိုင်း ဖြောင့်မတ်တည်ကြည်စွာ အလုပ်လုပ်ကြရန် တိုက်တွန်းခြင်းဖြစ်သည်။

အရေးကြီးသည့်ကိစ္စရပ်များအနေဖြင့် အသင်းတော်ခေါင်းဆောင်လူကြီးတို့ ၏ အရည်အချင်း(၁း၅-၉)၊ အသက်အရွယ်အလိုက်ဆောင်ရွက်ရန် ညွှန်ကြားချက်များ (၂း၁-၈)၊ မင်းအစိုးရနှင့် ဆက်ဆံခြင်း (၃း၁-၂)။ အကျင့်တရားနှင့် ဝိညာဉ်တော်၏ ပြုပြင်နိုင်းယှဉ်ချက် (၃း၅)။ ဘုရားသခင်၏ သားသမီးများ၌ ကောင်းသော အကျင့် တရားများဖြစ်ပေါ်စေရန် ကျေးဇူးတော်၏ ပြုပြင်ခြင်း (၂း၁၁-၃း၈)အကြောင်းများကို ဖော်ပြထားပါသည်။

## ခရစ်တော်အားတိတုဩဝါဒစာ၌တွေ့မြင်ရပုံ

ရှင်ပေါလု၏အခြားသော ဩဝါဒစာများနှင့် တစ်လုံးတစ်ဝတည်းဖြစ်၍ ခရစ်တော်၏ ဘဝပုံစံနှင့် အမှုတော်ဆောင်ရွက်ခြင်းသည် ခရစ်ယာန်ယုံကြည်သူတို့ အား အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အတွက်အဘယ်သို့ ကျင့်ကြံနေထိုင်ရမည်ကို ဖော်ပြကြောင်း ဩဝါဒပြုထားသည်။ ခရစ်တော်၏ ဘုရားဘုန်းတော်ထင်ရှားခြင်း၊ ကယ်တင်ပိုင်ရှင် ဖြစ်ခြင်း (၂း၁၂)တို့ကို ဖော်ပြလျက် (၂း၁၃)ဖော်ပြချက်အရ အောက်ပါအတိုင်း တွေ့ရသည်။

"ငါတို့ကိုကယ်တင်တော်မူသော အရှင်သခင်ယေရှုခရစ်၏ ဘုန်းအသရေ တော်ထင်ရှားပေါ်ထွန်းခြင်းကိုငင်း၊ ငါတို့သည် မျှော်လင့်လျက်၊ ဘုရားမဲ့တရားမဲ့ နေခြင်း၊ လောကီတပ်မက်ခြင်းကို ပယ်ရှားလျက်၊ ယခုဘဝ၌ ကျ္ကန္ဒြေစောင့်ခြင်း၊ တရားသဖြင့်ကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းတို့ကို ပြုနေရမည်အကြောင်း ငါတို့ကိုဆုံးမသွန်သင်၍ လူအပေါင်းတို့ကို ကယ်တင်တတ်သော ဘုရားသခင်၏ ကျေးဇူးတော်သည် ထင်ရှားပေါ်ထွန်းလျက်ရှိ၏" ထို့အတူ (၂း၁၄)တွင် အောက်ပါ အတိုင်းဆက်လက်ဖော်ပြထားလေ၏။

"ထိုသခင်ယေရှုခရစ်သည် ခပ်သိမ်းသောဒုစရိုက်မှငါတို့ကို ရွေးနုတ်ခြင်း ငှါငင်း၊ ကောင်းသောအကျင့်ဘက်၌ စိတ်အားကြီး၍ ပိုင်ထိုက်တော်မူသော အကျိုးကို မိမိအဘို့ စင်ကြယ်စေခြင်းငှါငင်း၊ ကိုယ်ကိုကိုယ်စွန့်ကြဲတော်မူပြီ"

## အဓိကအရေးကြီးသည့်အချက်များ

၁။ နှုတ်ဆက်ခြင်းနှင့်အဖွင့်စကားများ (၁း၁-၇)

၂။ အသင်းတော်လူကြီးများအား ရွေးချယ်ခန့်ထားခြင်း (၁း၅-၉)

၃။ အသင်းတော်ကို မထီမဲ့မြင်ပြုသူများ (၁း၁၀-၁၆)

၄။ အသင်းတော်၏ လုပ်ငန်းစဉ်များ (၂း၁-၃း၁၁)

က. တိတုအတွက်တာဝန်များ (၂း၁-၁၀)

ခ. ကျေးဇူးမေတ္တာ ညွှန်ကြားလွှာ (၂း၁၁-၁၅)

ဂ. ဘုရားသခင့်အမှုတော်သရုပ်ဖော် (၃း၁-၁၁)

၅။ နိဂုံးညွှန်ကြားချက်များနှင့် နှုတ်ဆက်ခြင်း (၃း၁၂-၁၅)

# ဖိလေမုန်ဩဝါဒစာ

## (ခရစ်တော်ဘုရားသခင်၏ ယုံကြည်စိတ်ချခြင်းကိုခံရသူ)

## ကျမ်းရေးသူနှင့်ကျမ်းအမည်

အခြားထောင်တွင်းပေးစာဩဝါဒများဖြစ်သည် - ဧဖက်ဩဝါဒစာ၊ ဖိလိပ္ပိဩဝါဒစာနှင့် ကောလောသဲဩဝါဒစာများကဲ့သို့ ဤဩဝါဒစာကို ပဋ္ဌမအကြိမ် ရောမ၌ အဖမ်းခံရစဉ် ရှင်ပေါလုရေးသားခဲ့သည်။ ဤစာသည် 'ဩနေသိမ်' အမည်တွင် သူ၊ ရောမအင်ပိုင်ယာ အတွင်းက သန်းပေါင်းများစွာရှိသည့် ကျွန်များအနက်မှ ကျွန်တစ်ယောက်နှင့် ပတ်သက်၍ သူ၏သခင်ဖြစ်သော ဖိလေမုန် ထံသို့ ရှင်ပေါလုရေးသားပေးပို့ခြင်းဖြစ်လေသည်။ ဩနေသိမ် သည်သခင်ပစ္စည်းကို ခိုးယူ၍ အိမ်မှထွက်ပြေးလာပြီးနောက်ရောမသို့ ရောက်လာခဲ့ရာ၊ တမန်တော်ကြီး ရှင်ပေါလုနှင့် တွေ့ဆုံပြီးနောက် ယေရှုခရစ်ကို ယုံကြည် ပြောင်းလဲလာခဲ့သည် (၁း၁၀) ထိုနည်းအားဖြင့် သခင်ဖိလေမုန်နှင့် ကျွန်ဩနေသိမ်

တို့သည် ခရစ်ယာန်အချင်းချင်း တစ်ဦးကိုတစ်ဦး တာဝန်ယူရမည့် အခြေအနေသို့ ရောက်ခဲ့သည်။ ဩနေသိမ်သည် သူ့သခင်ထံသို့ ပြန်သွားရမည်ဖြစ်သလို၊ သခင် ဖိလေမုန်သည် သူ့ကိုခွင့်လွှတ်၍ ကြိုဆိုလက်ခံကာ ညီအစ်ကိုချင်းကဲ့သို့ သဘောထား ရမည်။ သာမန်အားဖြင့် အပြစ်ကိုပင် ခံထိုက်သော ကျွန်ပြေးဖြစ်သော်လည်း၊ ရှင်ပေါလု သည် ဩနေသိမ်ကိုယ်စား အသနားခံလျှောက်ထားခဲ့ကြောင်းကို တွေ့ရပါသည်။

## ကျမ်းကိုရေးသားသောခုနှစ်

AD 60-61

ရှင်ပေါလုပဌမအကြိမ်ရောမမြို့၌ အကျဉ်းကျချိန်တွင် ရေးသားခြင်းဖြစ်၍ AD 60-61 ဟု ယူဆရသည်။

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

မူရင်းရည်မှန်းချက်မှာ ပုဂ္ဂိုလ်ရေးဆန်သော ဤစာဖြင့်ဩနေသိမ်အတွက် ဖိလေမုန်သည် ခွင့်လွှတ်ရန်၊ ပြန်လည်လက်ခံရန်၊ ကယ်တင်ခြင်းတရား၏ အရိပ် အောက်တွင် ချစ်သော ညီအစ်ကို၊ အစေခံကျွန်အချင်းချင်းအဖြစ်သဘောထားရန် ဖော်ပြသည်။ (၁း၁၀-၁၇)၊ ဖိလေမုန်အနေဖြင့် ဩနေသိမ်၏ပြစ်မှားခြင်း၊ ကြွေးတင်ခြင်းကို ပေါလုကကိုယ်စား ဆပ်ပေးပါမည်ဟုဆိုသည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့ကိုယ်စား အပြစ်ကိုဆပ်ပေးသည့် ခရစ်တော်၏ အကြောင်းကို သရုပ်ဖော်ပြ သည်ဟု ဆိုနိုင်သည် (၁း၁၈)။ နောက်တစ်ဆင့် စဉ်းစားလျှင် ခရစ်တော်၏ အသက်တာကို ခံစားရသည့် ကျွန်ုပ်တို့အနေဖြင့် အမှန် တစ်ကယ် အသက်တာတွင် ပြောင်းလဲပြီးနောက် လက်တွေ့ကျသော မေတ္တာသရုပ်ကို မိမိတို့၏ လူမှုဘဝနယ်ပယ် အသီးသီးမှာ ပြသသွားရန် အားပေးထားကြောင်းတွေ့ ရသည်။ ဤအသစ်သော သဘောတရားကို (ဧဖက်၊ ၆း၅-၉) (ကောလောသဲ၊ ၃း၂၂ နှင့် ၄း၁)တို့တွင် လေ့လာနိုင် သည်။ ယခုဩဝါဒမှတင်ဆက်မှုသည် အလွန်ကောင်းမွန် သည်။ ဥပမာပင်ဖြစ်သည်။ နောက်ဆုံးမှတ်ရန်အချက်မှာ ဖိလေမုန်အတွက် သူသည် ကျေးဇူးတော်ကို ချီးမွမ်း ကြောင်းနှင့်တစ်ကွ မိမိထောင်မှလွတ်မြောက်ပါက မိမိတည်းခိုဘို့ ရန် ပြင်ဆင်ပေးမည့် အကြောင်း မေတ္တာရပ်ခံခြင်းဖြစ်သည်။ (၁း၄-၇၊ ၂၂)

ထို့ကြောင့်ဤဩဝါဒစာသည် ဘဝကို ပြောင်းလဲစေနိုင်သည့် အင်အားကို ကယ်တင် ခြင်းတရားသည် ပေးစွမ်းနိုင်ခြင်းနှင့်တစ်ကွ ထိုတရားကို ခံယူတည်ဆောက် ခြင်းအားဖြင့်

တင်းကြပ်သော ချည်နှောင်ခြင်းမှ ညီရင်းအစ်ကိုပမာ မေတ္တာတရား ပွားများနိုင်ပုံကို နားလည်စေနိုင်ပေသည်။

ကောလောသဲအသင်းတော်၌ ကျွန်ပိုင်ရှင်သခင်ပေါင်းများစွာရှိသည်။ (ကောလောသဲ၊ ၄း၁)။ သို့ဖြစ်၍ ဤဩဝါဒစာသည် ဖိလေမုန်သာမကဘဲ အခြား ခရစ်ယာန်ယုံကြည်သူ သခင်များအတွက်လည်း မိမိတို့၏ အစေခံကျွန်များနှင့် ဆက်ဆံကြရာတွင် လမ်းပြထား သည်။ရှင်ပေါလုသည် ဖိလေမုန်မိမိ၏ ကျွန်တစ်ယောက်ကို စိတ်ကြိုက်အရေးယူနိုင်သော အခွင့်အရေးရှိသည်ကို မငြင်းပေ။ သို့သော် ခရစ်တော်၌ ညီအစ်ကိုကဲ့သို့သော စိတ်ဓါတ် ထားရှိရန် ဖိလေမုန်အား မေတ္တာရပ်ခံထားသည် (၁း၁၆)။ တစ်ချိန်တည်းမှာပင် 'ဩနေ သိမ်' ပြန်လည်ပေးဆပ် ရန်ရှိသည်များအတွက် ရှင်ပေါလုသည် ပုဂ္ဂိုလ်ရေးအရ တာဝန် ယူခဲ့သည်။

ဤဩဝါဒစာသည် ကျွန်စနစ်ကို ဆန့်ကျင်တိုက်ခိုက်သော သဘောမရှိပါ။ သို့သော် . . ခရစ်ယာန်သခင်နှင့် အစေခံကျွန်တို့သည် ထိုခေတ်နှင့်ထိုစနစ်အတွင်း အဘယ်ကဲ့ သို့ ယုံကြည်ခြင်းတရားကို စောင့်ရှောက်သင့်ကြောင်း လမ်းညွှန်ပြသည်။ ဖိလေမုန်သည် ဩနေသိမ်အား လွတ်ငြိမ်းချမ်းသာခွင့်ပေး၍ ပေါလုထံသို့ ပြန်လည် စေလွှတ်ခြင်း ဖြစ်နိုင်သည် (၁း၁၄)။ အချို့သော သုတေသီတို့၏ အဆိုအရ ဩနေသိမ်သည် ဓမ္မအမှုတော်ဆောင်တစ်ဦးဖြစ်လာပြီး ဧဖက်အသင်းတော်၌ ဂိုဏ်းအုပ်တစ်ဦး ဖြစ်ခဲ့သည် ဟု ယူဆရပါ သည်။ [၈၄]

## ခရစ်တော်အားဖိလေမုန်ဩဝါဒစာ၌ တွေ့မြင်ရပုံ

ဤဩဝါဒစာ၏ သရုပ်ဖော်ပြမှုအရခရစ်တော်၌ တွေ့မြင်ရသည့် အပြစ် လွှတ်ခြင်း သဘောတရားကို လှပစွာခံစားထိတွေ့နိုင်သည်။ အလွန်အပြစ်ကြီးမား သော ဩနေသိမ် (၁း၁၁, ၁၈)သည် ရှင်ပေါလု၏ ကိုယ်စားခံမေတ္တာကြောင့် စိတ်လှုပ်ရှားခဲ့ရသည် (၁း၁၀- ၁၇)။ ရှင်ပေါလုသည် မိမိ၏အခွင့်အာဏာများကို နဘေးချိတ်၍ (၁း၈)ဩနေသိမ်၏ အပြစ်အကြွေးများကို အစားထိုးခံယူခဲ့သည် (၁း၉)။ ဖိလေမုန်၏ မေတ္တာကျေးဇူးကြောင့် ဩနေသိမ်သည် ပြန်လည်ပြုပြင်ခြင်းကို ခံယူ၍ အသစ်သော ဆက်ဆံမှုကို ရယူနိုင်ခဲ့သည်။ (၁း၁၅-၁၆)။ ဤဩဝါဒ၏ တင်စားချက် အရ ကျွန်ုပ်တို့၏ဘဝသည် ဩနေသိမ်ကဲ့သို့ပင် ဖြစ်သည်။ ရှင်ပေါလု၏ ဖိလေမုန်ထံ လျှောက်ထားချက်သည် ခရစ်တော်၏ အဘဘုရားသခင်အား ဆုတောင်းမှုနှင့်တူညီ သည်။ ဩနေသိမ်သည် ပညတ်တရားအရ အပြစ်ကို ခံရမည်ဖြစ်သော်လည်း ကျေးဇူးကရုဏာတော်အားဖြင့် ကယ်တင်ခြင်းကို ရရှိခဲ့လေသည်။ [၈၅]

**အဓိကအရေးကြီးသည့်အချက်များ**

၁။ ဖိလေမုန်အတွက် ကျေးဇူးတော်ကို ချီးမွမ်းဆုတောင်းခြင်း (၁း၁-၇)

၂။ သြနေသိမ်အတွက် မေတ္တာရပ်ခံခြင်း (၁း၈-၁၈)

၃။ ပေါလုမှ ဖိလေမုန်သို့ ပေးသောကတိ (၁း၁၉-၂၁)

၄။ ပုဂ္ဂိုလ်ရေးကိစ္စရပ်များ (၁း၂၂-၂၅)

# အပိုင်း(၃)

# သြဝါဒစာများ

## နိဒါန်း

ယခုအချိန်တွင် ဓမ္မသစ်ကျမ်းစာမှ နောက်ဆုံးသြဝါဒစာ 'ဂ' စောင်၏ အပိုင်းသို့ ကျွန်ုပ်တို့ ရောက်လာပါပြီ။ ယင်းကျမ်းများအနက် '၇'စောင်ကို GENERAL သို့မဟုတ် CATHOLIC သြဝါဒစာများဟု အမည်ပေးထားရာ ယင်းတို့ အတွင်းမှာ ဟေဗြဲသြဝါဒစာကို စာရင်းမထည့်သွင်းနိုင်ပေ။ CATHOLIC ဟူ၍ဆိုရခြင်းမှာကမ္ဘာတစ်ဝှမ်းနှင့် ဆိုင်သည်၊ အထွေထွေသဘောဆောင်သည်ဟု ဆိုလိုခြင်းဖြစ်ပြီး ရှင်ပေါလု၏ ကျမ်းများမှာမူ အသင်းတော်များ၊ လူပုဂ္ဂိုလ်များထံ ရည်စူးရေးသားထားသဖြင့် သီးသန့်ခွဲခြားခြင်းပင် ဖြစ်လေသည်။[၈၆] ရှင်ယောဟန် သြဝါဒစာဒုတိယစောင်နှင့် တတိယစောင်တို့မှ တစ်ပါး ယခုအထွေထွေသြဝါဒစာ အားလုံးသည် ကျဉ်းမြောင်းသော အစုအဖွဲ့တစ်ခုမှာ ကန့်သတ်မထားဘဲ ဦးတည်မှု ကျယ်ပြန့်သည်၊ ဥပမာအားဖြင့် ရှင်ယာကုပ်သည် အရပ်ရပ်တို့၌ ကွဲပြားသော တစ်ဆယ့် နှစ်ပါးသောအမျိုးတို့ကို ကြားလိုက်ပါ၏ဟူ၍ အခန်းကို ဖွင့်လှစ်ထားရာ ထိုခေတ်ကာလ ၌ ကမ္ဘာအနှံ့ရောက်ရှိနေသူ ကနဦးအသင်းတော်များနှင့် ဂျူးခရစ်ယာန်အားလုံး ဆီသို့ ရည်စူးကြောင်းသိနိုင်သည်။ ထို့အတူသြဝါဒစာ ပဌမစောင်အစပိုင်း၌ "အရပ်ရပ်တို့၌ ကွဲပြားသော ဧည့်သည် အဂန္တုတို့ကို ကြားလိုက်ပါ၏' ဟုဆို၍ပုန္တုပြည်၊ ဂလာတိပြည်၊ ကပ္ပဒေါကိပြည်၊ အာရှိပြည်၊ ဗိသုနိပြည်မှ

စသည့်အနယ်နယ်အရပ်ရပ်ရှိ ယုံကြည်သူအားလုံးကို အကြုံးဝင်စေကြောင်း တွေ့နိုင်လေသည်။ မည်သို့ဆိုစေ ရှင်ယောဟန်ဩဝါဒစာဒုတိယနှင့် တတိယစောင်တို့ကိုပါမခွဲ . . . ဟေဗြဲဩဝါဒစာ ကိုလည်း အများနှင့်ရောနှောလျက် အားလုံးအထွေထွေဩဝါဒကျမ်းများဖြစ်သည်ဟု သတ်မှတ်လိုက်ပြီး ဤအပိုင်းတွင် ကျမ်း 'ဂ' ကျမ်းကို အထွေထွေဩဝါဒများအဖြစ် လေ့လာကြရပါမည်။ အထွေထွေဩဝါဒယခုကျမ်း 'ဂ' ဆူစလုံးသည် ဟေဗြဲဩဝါဒစာမှလွဲ၍ ရေးသားသောကျမ်းဆရာတို့၏ အမည်နာမများကို ယူဆောင်ဖော်ပြထားခြင်းဖြစ်ရာ၊ ရှင်ပေါလု၏ဩဝါဒများနှင့်မတူညီကြောင်း သတိပြုနိုင်ပါသည်။

ယေဘုယျအားဖြင့် ရှင်ယာကုပ်ဩဝါဒစာနှင့် ရှင်ပေတရု ဩဝါဒစာ ပဌမစောင် တို့သည် ကောင်းကင်ဘုံ၏ စံသတ်မှတ်ချက်ဖြစ်သော အမှန်နှင့်အမှားကို အခြေခံလျက် ယုံကြည်သူတို့၏ ကျင့်ဝတ်နီတိများကို ဖော်ပြသည်။ ယုံကြည်သူတို့အား သခင်နှင့်အတူ သန့်ရှင်းစွာ လျှောက်လှမ်းရန်ဖော်ပြသည်။ ရှင်ပေတရုဩဝါဒစာ ဒုတိယစောင်နှင့် ရှင်ယုဒဩဝါဒစာတို့သည် အနာဂတ္တိရေးကျမ်းစာဖြစ်၍ လှည့်ဖျားတတ်သော ဆရာများ၏ အန္တရာယ်ကို သတိပေးကာ ယုံကြည်ခြင်း၌ မြဲမြံစေရန်အတွက် ယုံကြည်သူများကို သတိပေး ထားလေသည်။

ဟေဗြဲဩဝါဒစာနှင့် ရှင်ယောဟန်ဩဝါဒစာများတို့သည် ခရစ်တော်၏ အကြောင်းကို အခြေချ၍ ခရစ်တော်သည် ဘုရားသခင်၏ အပြီးသတ်ဗျာဒိတ်တော် ဖြစ်သည်၊ ဓမ္မဟောင်း ကျမ်းများ၏ ပြည့်စုံခြင်းဖြစ်သည်၊ သို့ဖြစ်၍ သူ၏ထာဝရ အသက်ကိုခံယူ၊ ဝမ်းမြောက်ဘွယ် ဧဝံဂေလိတရားထက်ဘာကိုမျှ စိတ်မဝင်စားဘဲ ခရစ်တော်နှင့်အတူ ကောင်းသောအကျင့်များကို ကျင့်သုံးရန် တိုက်တွန်းထားခြင်းပင် ဖြစ်လေသည်။

သမ္မာကျမ်းစာတစ်အုပ်လုံး၏ '၁၀'ရာခိုင်နှုန်းပင် မရှိသော ယခုအထွေထွေ ဩဝါဒများသည် ဤအချိုးအစားနှင့်မမျှအောင် ယုံကြည်သူတို့၏ အသက်တာကို လွှမ်းမိုးထားသည်ဟုဆိုရပါမည်။ ခရစ်ယာန်တို့အတွက် သမ္မာတရားအားဖြင့် ကြွယ်ဝချမ်းသာမှုကို ရှင်ပေါလု၏ ဩဝါဒ '၁၃'စောင်နှင့် ပေါင်းစပ်ဖြည့်စွက်လျက် အဖက်ဖက်မှ ပြည့်စုံစေသည်။ ရှင်ယာကုပ်၊ ရှင်ပေတရု၊ ရှင်ယောဟန်၊ ရှင်ယုဒနှင့် ဟေဗြဲဩဝါဒ ဆရာတို့သည် သူတို့၏ရှုဒေါင့်အသီးသီးမှနေပြီး ဤဩဝါဒစာများ အားဖြင့် ရောမအမှုတော်ကြီးမှာ ပါဝင်ခဲ့ကြသည်။ ထိုပုဂ္ဂိုလ်ကြီး ၅ဦးထဲမှာ '၁'ဦး၏ ကျမ်းကိုဖယ်ထုတ်လိုက်ယုံမျှနှင့် တမန်တော်ဝတ္တု၏နောက်ပိုင်း ဓမ္မသစ်ကျမ်း၏ ဗျာဒိတ်တော်သည် အကြီးအကျယ် အနှစ်သာရကင်းမဲ့သွားမည်ဟု ဆိုချင်ပါသည်[၈၇]

# ဟေဗြဲသြဝါဒစာ

## (ခရစ်တော်သည် အရာရာထက်ကြီးမြတ်သည်)

### ကျမ်းရေးသူနှင့် ကျမ်းအမည်

AD 400 မှ1600 တိုင်နှစ်ပေါင်း ၁၂၀၀အတွင်းဝယ်ဤကျမ်းကို "ပေါလုမှ ဟေဗြဲလူမျိုးများသို့ပေးပို့သော သြဝါဒစာ" ဟု အမှတ်သညာပြုခဲ့၏။ သို့သော် ဤစာစောင်ကို ရေးသူနှင့်ပတ်သက်၍ မူသဘောတူညီမှုဟူ၍ တစ်ခါမျှမရှိခဲ့ကြပါ။ သို့ဖြစ်၍ ရှေးအကျဆုံးနှင့် စိတ်အချရဆုံး ခေါင်းစဉ်မှာ 'ဟေဗြဲလူမျိုးများသို့' သို့မဟုတ် 'ဟေဗြဲသြဝါဒစာ' ပင်ဖြစ်ပါသည်။

ဤကျမ်းရေးသူ၏ကိစ္စနှင့် ပတ်သက်၍ အဆိုတင်သွင်းမှုတွေအများအပြား ရှိလျက် ပညာရှင်တို့၏ အငြင်းအခုံများလည်းအသေးစိတ်ဆန်ဆန်ဖြစ်ပွားခဲ့ပါသည်။ သို့သော်ထိုကျမ်း၌ရေးသူ၏ အမည်ကို ဘယ်မှာမျှမတွေ့ရသလို၊ အမှန်တကယ်ပင် ရေးသားရာအရပ်၊ နေ့စွဲနှင့် ဖတ်ရှုသူတို့အကြောင်းများလည်း ဘာမျှမသိကြရပါ။

မည်သို့ရှိစေ . . . မူရင်းကျမ်းစာကို ဖတ်ရသူများသည် ဤကျမ်းနှင့် ပတ်သက်၍ ဘယ်သူကမျှ အငြင်းမပွားခဲ့သလိုရေးသားသူကိုလည်း သိခဲ့ကြကြောင်း ထင်ထင်ရှားရှား သက် သေပြနိုင်သည် (၁၃း၁၈-၂၄)။ တစ်ချိန်တည်း၌ အသင်းတော် သမိုင်းတွင် ဤကိစ္စအတွက် ကွဲပြားမှုတွေကို တစ်ဆက်တည်းတွေ့လာရပြန်သည်။ အချို့က ရှင်ပေါလု၊ အချို့က ဗါနဗ၊ အချို့ကလုကာ၊ အချို့က CLEMENT စသည်ဖြင့် အမျိုးမျိုးယူဆခဲ့ကြပြီး အချို့ကတော့ 'အမည်မသိခြင်း' ကိုပင် ကျေကျေနပ်နပ်နှင့် နှစ်ခြိုက်စွာ ခံယူထားကြသည်။ဟေဗြဲသြဝါဒစာ၏ အနှစ်သာရနှင့် အရှိန်တန်ခိုးပါဝင်မှုကိုမူ ဘယ်လိုမျှစောဒကမတက်နိုင်ဘဲ ဝိညာဉ်တော်မှုတ်သွင်း သည့် ကျမ်းအဖြစ်လက်ခံရမည်ဖြစ်ပါ၏။

ရှင်ပေါလု၏သြဝါဒများကဲ့သို့ ဖတ်ရသော ပရိသတ်များအကြောင်းကို မဖော်ပြသော်လည်း တစ်ခုသောအချက်ကိုတော့ ပြတ်သားစွာပြောနိုင်ပါသည်။ ဓမ္မဟောင်းကျမ်းများကို ကိုးကားပုံ၊ ယဇ်ပူဇော်ခြင်းကို အလေးအနက်ထားပုံနှင့် ဤကျမ်း၏ သဘောသဘာဝအရ . . . ဤကျမ်းစာ၏ အဓိကပရိသတ်မှာ ဂျူး သို့မဟုတ် ဟေဗြဲလူမျိုးများသာ ဖြစ်ရမည်ဟူသော အချက်ပေပင်။

ဓမ္မပညာရှင် ZANE C. HODGES ၏အဆိုတွင် အောက်ပါအတိုင်း တွေ့မြင်ရပါသည်။

ရေးသားသူကိုမသိရသလိုဖတ်ရှုသူပရိသတ်ကိုလည်း အတိအကျ မသတ်မှတ် နိုင်ပါ။ သီးသန့်ဆန်သော အစုအဖွဲ့တစ်ခုခုဟူ၍မူ အထင်အရှားသဘောထားနိုင် ပါမည်။ စဉ်းစားနိုင်သော အချက်များအနေဖြင့် ထိုစာဖတ်ပရိသတ်တို့၌ ခိုင်မာသော သမိုင်းကြောင်းရှိပြီး ယင်းကို "အထက်ကာလအချိန်ကို အောက်မေ့ကြ" ဟူသည့် ဖော်ပြချက်နှင့် သက်သေပြနိုင်သည် (ဟေဗြဲ၊ ၁၀း၃၂-၃၄)။ ကျမ်းရေးသူသည်လည်း သူတို့၏ အတိတ်ကိုသိ၍ ထိုအချိန်တွင် သူတို့သည် အခြားခရစ်ယာန်များအပေါ်မှာ ရက်ရောသောစေတနာထားခြင်းကိုပါ သိထားသည် (၆း၁၀)။ ထိုမျှမက ထိုအချိန်၌ ထိုပရိသတ်၏ ဝိညာဉ်ရေးအခြေအနေကိုလည်း သိနှင့်ပြီးဖြစ်သည် (၅း၁၁-၁၄)။ ကျမ်းဆရာသည် သူပရိသတ်နှင့် အဆက်အသွယ်ရှိလျက် သူတို့ထံသို့ အလည်သွားရောက်ရန်ပင် ဆန္ဒရှိကြောင်းဖော်ပြထားလေရာ တိမောသေနှင့်အတူ သွားလိုဟန်ရှိသည် (၁၃း၁၉၊ ၂၃)။ ထိုသူတို့အား သူ့အတွက် ဆုတောင်းပေးရန်လည်း မေတ္တာရပ်ခံသည်။ (၁၃း၁၈)။

အဘယ်မည်သောရှုဒေါင့်မှဖြစ်စေ . . . လေ့လာဆန်းစစ်ပါက ဟေဗြဲ ဩဝါဒစာ၏ ပရိသတ်သည်အဓိကအားဖြင့် ဂျူးဟေဗြဲများအဓိကဖြစ်ရမည်။ ဩဝါဒစာ၌ ပါဝင်သော အကြောင်းများကိုယ်တိုင် ထိုအချက်ကို မီးမောင်းထိုးပြနေသည်။ ရှေးအစဉ်အလာအရ ဟေဗြဲများဟု ခေါင်းစဉ်တပ်ထားခြင်းသည် သဘာဝကျ ပါသည်။ အချို့က တစ်ပါးအမျိုးသားများကို အဓိကဦးတည်သည်ဟု ဆိုစေကာမူ ဂျူးအစွဲအလန်းကြီးသူများကိုသာ စာရေးသူသည် အာရုံစူးစိုက်ထားမှန်းသိသာသည်၊ အထူးသဖြင့် ရှေးကာလယဇ်ပရောဟိတ်စံနစ်ကို ဆန့်ကျင် ရေးသားခြင်းသည် ဂျူးများကိုအစဉ်အလာဟောင်းသို့ မကူးပြောင်းစေရန်အတွက် ဦးတည်ခြင်းပင် ဖြစ်သည်၊ ဓမ္မဟောင်းကျမ်းများ၏ ဩဇာလွှမ်းမိုးမှုများအတွက် ပြင်းထန်းစွာ ဖြေရှင်းချက် ထုတ်ခြင်းသည် ထိုလွှမ်းမိုးမှု အရိပ်အောက်မှ ပရိသတ်အတွက်သာ ဖြစ်ရပါလိမ့်မည်။ [၈၈]

## ကျမ်းကိုရေးသားသောခုနှစ်

AD 64-68

အဖြစ်နိုင်ဆုံးသော ခုနှစ်ပင်ဖြစ်သည်။ ကနဦးအသင်းတော်ခေါင်းဆောင်ကြီး ELEMENT OF ROME သည် AD 95 တွင် အဆိုပါကျမ်းစာကို ပဌမဆုံးကိုးကားကြောင်း ကို တွေ့ရသဖြင့် ထိုကျမ်းသည် ထိုအချိန်၌ တည်နေပြီဖြစ်ကြောင်း သိသာသည်။ ဒုတိယအချက်အနေဖြင့် ထိုကျမ်းကို ယေရုရှလင်မြို့အဖျက်ဆီးမခံရချိန် AD 70 မတိုင်မီရေးသားခြင်း ဖြစ်ရပါမည်။ အကြောင်းမှာ -

(၁) စာရေးသူသည် ယဇ်ပူဇော်မှုအစဉ်အလာချုပ်ငြိမ်းကြောင်းကို ရေးသားရာတွင် ဗိမာန်တော်ဖျက်ဆီးခံရခြင်းကို ထည့်သွင်းခြင်း မပြုပါ။

(၂) စာရေးသူဖော်ပြသော ယဇ်ပရောဟိတ်လုပ်ငန်းဆောင်တာများသည် ထိုအချိန်မှာ ကောင်းစွာ ပြုလုပ်နေဆဲ လက္ခဏာရှိနေသည် (၅း၁-၃) (၇း၂၃၊ ၂၇)(၈း၃-၅) (၉း၆-၉၊ ၁၃၊ ၂၅) (၁၀း၁၊ ၃-၄၊ ၈၊ ၁၁) (၁၃း၁၀-၁၁)။

(၃) ကျမ်းရေးသူသည် တိမောသေအား အခြားသို့လွှတ်လိုက်ခြင်းအား ဖော်ပြထားသည် (၁၃း၂၃)။ ဤဖော်ပြချက်သည် အမှုတော်နှင့် ရောမတွင် ရောက်နေသော ရှင်ပေါလုနှင့်  ဆက်စပ်ကြည့်ပါက AD 60 ၏ နောက်ပိုင်းမှာ” ဖြစ်ကြောင်းထင်ရှားစေသည်။

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

ခရစ်တော်၏ ကြီးမြတ်တော်မူခြင်းကို ဖော်ပြလျက် ခရစ်ယာန်ဘာသာသည် ဓမ္မဟောင်းပညတ်တော်များထက်သာလွန်ကြီးမြတ်၊ ကြီးမြင်ကြောင်း သိစေသည်။ ယင်းအချက်ကို ‘သာ၍ကောင်းမွန်သော’ ‘ပြည့်ဝစုံလင်သော’၊ ‘ကောင်းကင်ဘုံနှင့် ဆိုင်သော’ ဟူသည့် ဝေါဟာရများဖြင့် ထင်ရှားစွာ သရုပ်ဖော်ပြထားသည်။ ယင်းသည် သူ၏အခြေခံရည်ရွယ်ချက် ဖြစ်သည့်အလျောက်ခရစ်တော်၏ သာလွန်ကြီးမြတ်ခြင်းကို အချက် ‘၅’ချက်ဖြင့် တင်ပြခဲ့သည်။

(၁) သခင်သည် ဓမ္မဟောင်းကာလပရောဖက်တို့ထက်ကြီးမြတ်သည် (၁း၁-၃)။

(၂) ကောင်းကင်တမန်တို့ထက်ကြီးမြတ်သည် (၁း၄- ၂း၁၈)။

(၃) မောရှေထက်ကြီးမြတ်သည် (၃း၁-၆)။

(၄) ယောရှုထက်ကြီးမြတ်သည် (၃း၇-၄း၁၆)။

(၅) ယဇ်ပရောဟိတ်မင်းအာရုန်ထက်ကြီးမြတ်သည် (၅း၁-၁၀း၁၈)။

ဤရည်မှန်းချက်၏ ပန်းတိုင်မှာ ခရစ်တော်ထံမှ အနှစ်သာရများကို စွန့်လျက် ပညတ် တရား၏ အရိပ်များနောက်သို့လိုက်ပါမသွားရန် သတိတရားရှိစေရေးပင် ဖြစ်၏(၁၀း၁)။ သို့ဖြစ်၍ စာဖတ်သူတို့အတွက် ရင့်ကျက်ခြင်းရှိရန်၊ သစ္စာရှိ ယုံကြည်သူများအဖြစ် ဆုကျေးဇူးကို ရယူရန် ကောင်းကင်ဘုံမှ ခေါ်တော်မူခြင်းကို ပြည့်စုံစွာ နားလည်ရန် ရေးသားဖော်ပြခဲ့သည်။ ဤကဲ့သို့မြဲမြံစေရန်အတွက် ခရစ်ယာန်တို့၏ ယုံကြည်ခြင်း ကြီးပွားစေအံ့ငှါ ကျမ်းပိုင်း ၅ပိုင်းကို ခွဲခြား၍ စိန်ခေါ်ထားကြောင်း လေ့လာနိုင်ပါသည် (၂း၁-၄) (၃း၁-၄း၁၃) (၅း၁၁-၆း၂၀) (၁၀း၂၆-၃၉) (၁၂း၁၄-၂၉)။

## ခရစ်တော်ကို ဟေဗြဲသြဝါဒစာ၌တွေ့မြင်ရပုံ

ခရစ်တော်၏ ကြီးမြင့်၍ ကြီးမြတ်ခြင်းအကြောင်းကို အောင်မြင်စွာ ဖော်ပြခြင်းဖြင့် ဟေဗြဲသြဝါဒစာသည် ဓမ္မသစ်ကျမ်း၌ အကောင်းဆုံးသော ခရစ်တော် ဆိုင်ရာ ကျမ်းတစ်ဆူ ဖြစ်လာခဲ့သည်။ ဘုရားသခင်ကိုယ်စားပြု၍ အလွန်တောက်ပ ထင်ရှားသော သားတော်ကို အနှစ်သာရပြည့်ဝစွာတွေ့ရသည် (၁း၃၊ ၁၂၊ ၁၃)။ ဘုရားသခင်၏ လက်ျာတော်ဘက်၌ ထိုင်သောသူ (၁း၃၊ ၁၃)၊ အဘဘုရားသခင် ကိုယ်တိုင်က သားတော် ကို ဘုရားသခင်အဖြစ် ကြေငြာမှု (၁း၈-၉)၊ ထာဝရ ဖန်ဆင်းရှင် (၁း၁၀-၁၂) မေလခိဇေဒက်ကဲ့သို့သော ထာဝရ ယဇ်ပရောဟိတ်မင်းကြီး (အခန်း ၇)ဟူ၍ ခေါ်ပြပါရှိ သည်။ ဤသြဝါဒစာအရ ခရစ်တော်သည် ဘုရားစင်စစ် ဖြစ်သော ပရောဖက်၊ ယဇ်ပရော ဟိတ်မင်း၊ ရှင်ဘုရင်ဟူသော အဖြစ်တော်များကို ကိုယ်စားပြုထားသည်။ သခင်သည် သူ၏ညီအစ်ကိုလူသားများနှင့်အတူ လူဇာတိ ဘဝကို ခံယူပြီးနောက်ယာယီမျှသာ တည်တံ့သော ယဇ်ပူဇော်ခြင်းဖြင့် မဖြေရှင်းနိုင် သည့် အပြစ်များ၏ လက်မှကျွန်ုပ်တို့ကို ကယ်နှုတ်ပေးသောအရှင်ဖြစ်သည်။ ထိုမျှမက ကောင်းကင်ဘုံသို့ တက်ကြွပြီးသည်နောက် ကျွန်ုပ်တို့၏အားနည်းခြင်းအပြစ်များအတွက် စာနာထောက်ထားတတ်သော ယဇ်ပရောဟိတ်မင်းအဖြစ်ကာလအစဉ် တည်ရှိနေပေသည်။

## အဓိကအရေးကြီးသည့်အချက်များ

၁။ ခရစ်တော်သည် ပညတ်တော်ကာလခေါင်းဆောင်များထက် ကြီးမြတ်တော်မူသည် (၁း၁-၇နှင့်၂၈)

က။ ဓမ္မဟောင်းကာလပရောဖက်တို့ထက်ကြီးမြတ်ခြင်း (၁း၁-၃)

ခ။ ကောင်းကင်တမန်တို့ထက်ကြီးမြတ်ခြင်း (၁း၄-၂း၁၈)

ဂ. မောရှေထက်ကြီးမြတ်ခြင်း (၃း၁-၆)

ဃ. ယောရှုထက်ကြီးမြတ်ခြင်း (၃း၇-၄း၁၃)

င. ယဇ်ပရောဟိတ်မင်းအာရုန်ထက်ကြီးမြတ်ခြင်း (၄း၁၄-၇း၂၈)

(၁) ရဲရင့်စိတ်ထား (၄း၁၄-၁၆)

(၂) ယဇ်ပရောဟိတ်ဂုဏ်သတ္တိ (၅း၁-၁၀)

(၃) ဝိညာဉ်ရင့်ကျက်ရေးသို့တက် (၅း၁၁-၆း၂)

(၄) ဘုရားသခင်၏ကတိတည်ကြည်၏ (၆း၁၃-၂၀)

(၅) ခရစ်တော်သည် ထာဝရယဇ်ပရောဟိတ်မင်းကြီးဖြစ်ကြောင်း (၇း၁-၂၈)

၂။ ကြီးမြတ်သော ယဇ်ပရောဟိတ်မင်းကြီး၏ မြင့်မြတ်သောယဇ်ပူဇော်ခြင်း (၈း၁-၁၀း၃၉)

က. ပို၍ သာလွန်ကောင်းမြတ်သော ပဋိညာဉ် (၈း၁-၁၃)

ခ. သာလွန်ကောင်းမြတ်သော တဲတော် (၉း၁-၁၂)

ဂ. သာလွန်ကောင်းမြတ်သော ယဇ် (၉း၁၃-၁၀း၁၈)

ဃ. တိုက်တွန်းနှိုးဆော်ချက် (၁၀း၁၉-၃၉)

၃။ ယုံကြည်ခြင်းတရားကို စောင့်ရှောက်ကြ (၁၁း၁-၁၂း၂၉)

က. အတိတ်ကာလယုံကြည်ခြင်းသူရဲကောင်းများ (၁၁း၁-၄၀)

ခ. ယုံကြည်ခြင်းတရားကို စောင့်ရှောက်ရန် အားပေးခြင်း (၁၂း၁-၁၁)

ဂ. ယုံကြည်ခြင်းတရားကို စောင့်ရှောက်ရန် တိုက်တွန်းခြင်း (၁၂း၁၂-၁၇)

ဃ. ယုံကြည်ခြင်းတရားကို စောင့်ရှောက်ရန် လှုံ့ဆော်ခြင်း (၁၂း၁၈-၂၉)

၄။ နိဂုံး (၁၃း၁-၂၅)

က. ခရစ်ယာန်အသက်တာ၏လက်တွေ့မူဝါဒများ (၁၃း၁-၁၇)

ခ. ဆုတောင်းကြလော့ (၁၃း၁၈-၁၉)

ဂ. ကောင်းကြီးပေးခြင်း (၁၃း၂၀-၂၁)

ဃ. ပုဂ္ဂိုလ်ရေးမှတ်တမ်းများ (၁၃း၂၂-၂၃)

င. နှုတ်ဆက်ခြင်းနှင့် ဆုတောင်းပေးခြင်း (၁၃း၂၄-၂၅)

# ရှင်ယာကုပ်ဩဝါဒစာ

## (ခရစ်တော်သည် ဥပမာ)

### ကျမ်းရေးသူနှင့် ကျမ်းအမည်

"ဘုရားသခင်နှင့် အရှင်ယေရှုခရစ်၏ ကျွန် ငါယာကုပ်သည်၊ အရပ်ရပ်၌ ကွဲပြားသော တစ်ဆယ့်နှစ်ပါးသော အမျိုးတို့ကို မေတ္တာနှင့် ကြားလိုက်ပါ၏" ဟူသော နိဒါန်းဖြင့် ကျမ်းကိုစတင်သည်။ ယာကုပ်ဟူသောအမည်ဖြင့် ဓမ္မသစ်ကျမ်းတွင် ပုဂ္ဂိုလ် ၄ ဦးကို တွေ့ရသည်။ ၎င်းတို့မှာ -

(၁) ဇေဗေဒဲ၏သား ယောဟန်၏ညီအစ်ကိုတော်သူ (မာကု၊ ၁း၁၉)

(၂) အာလဖဲ၏သား ယာကုပ် (မာကု၊ ၃း၁၈)

(၃) ယုဒ၏သခင် (လုကာ၊ ၆း၁၆)နှင့်

(၄) သခင်ခရစ်တော်၏ မအေတူဖအေကွဲညီတော် (ဂလာတိ၊ ၁း၁၉)တို့ပင်ဖြစ်သည်။ ဓမ္မပညာရှင် RYRIE ၏အဆိုကိုရှုပါ။

ယာကုပ်အမည်တွင်သော ပုဂ္ဂိုလ် ၄ ဦးအနက် ဤရှင်ယာကုပ်ဩဝါဒစာကို ရေးသားနိုင်သူမှာ နှစ်ဦးဖြစ်သည်။ ယောဟန်၏ ညီအစ်ကို ဇေဗေဒဲသားယာကုပ်နှင့် ခရစ်တော်ယေရှု၏ ညီဝမ်းကွဲယာကုပ်တို့ဖြစ်ကြသည်။ ထိုနှစ်ယောက်အနက် ဇေဗေဒဲသား ယာကုပ်သည် AD 44 တွင် အမှုတော်အတွက် အသတ်ခံခဲ့ရသည် (တမန်တော်၊ ၁၂း၂)။ သို့ဖြစ်သည်အတွက် ယေရုရှလင်အသင်းတော်၏ ခေါင်းဆောင် ဖြစ်လာခဲ့သော ယေရှု၏ ညီတော်ယာကုပ် (တမန်၊ ၁၂း၁၇)(၁၅း၁၃)(၂၁း၁၈)သည် ဤကျမ်းကိုရေးသူဖြစ်ရမည်ဟု နားလည်နိုင်သည်။ ဤအချက်ကို ဤကျမ်းတွင် တွေ့ရသည်။ ဂရိခဲအသုံးအနှုန်းများသည် ယေရုရှလင်အသင်းတော်ကောင်စီ၌ ယာကုပ်ပြောဆိုသော မိန့်ခွန်းမှ အသုံးအနှုန်းများ တူညီနေမှုက ခိုင်လုံစွာ သက်သေ ပြသနေသည်။(ယာကုပ်၊ ၁း၁)နှင့်(တမန်၊ ၁၅း၂၃)တို့ကို ယှဉ်ကြည့်နိုင်သည်၊ ထိုအတူ (ယာကုပ်၊ ၁း၂၇)နှင့် (တမန်၊ ၁၅း၁၄)ကိုလည်းကောင်း(ယာကုပ်၊ ၂း၅)နှင့် (တမန်၊ ၁၅း၁၃)တို့ကိုငင်း လေ့လာနိုင်သည်။ [၁၉]

သူ၏ ဩဝါဒကို ခံယူသူများအား ယာကုပ်ကဖေါ်ပြပုံနှင့်ပတ်သက်၍ ရှင်းလင်းသင့်သည်။ "အရပ်ရပ်၌ ကွဲပြားသော တစ်ဆယ်နှစ်ပါးသောအမျိုးတို့ကို မေတ္တာနှင့် ကြားလိုက်ပါ၏"(၁း၁) ဟု သူအစပျိုးထားသည်။(၁း၁၉)နှင့်(၂း၁၇)တို့တွင် ငါချစ်သော ညီအစ်ကိုတို့" ဟူ၍ သူဆိုထားလေရာ အရပ်ရပ်သို့ ကွဲပြားခြင်းဆိုသည်မှာ AD 66-70 ကျမှ ကွဲပြားသည်ကို မဆိုလိုဘဲ ရှေးယခင်ကတည်းက ကွဲပြားပျံ့နှံ့ နေခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်(မဿဲ၊၁း၁၁၊၁၂၊၁၇)။ တမန်တော် ဝတ္ထုရှေ့ပိုင်း ဖေါ်ပြချက်များအရ ဂျူးလူမျိုးများတို့သည် ကမ္ဘာအရပ်ရပ်မှနေ၍ ပင်တေကုတ္တေပွဲနေ့ ကို တက်ရောက်ရန် ယေရှုရှလင်မှာ စုရုံးရောက်ရှိနေခဲ့ကြသည်။(တမန်တော်၊ ၁း၅)။ ထိုမြောက်များစွာသော ဂျူးလူမျိုးတို့သည် ထိုပင်တေကုတ္တေပွဲနေ့၌ အံ့ဩဘွယ်သော ဖြစ်ရပ်များကို တွေ့ကြုံရလျက် ယေရှုခရစ်တော်ကို ယုံကြည်သွားခဲ့ကြသည်။ ထိုနောက်မှ ထိုဂျူးတို့သည် မိမိတို့ သက်ဆိုင်ရာ ကမ္ဘာအရပ်ရပ်သို့ ပြန်သွားခဲ့ကြပြီး ဖြစ်လေရာ ထိုယုံကြည်သူများ အတွက် ယခုဩဝါဒစာကို ရေးသားနေခြင်းဖြစ်ပါသည်။

## ကျမ်းကိုရေးသားသည့်ခုနှစ်

AD 44-46

ဤရှင်ယာကုပ်ဩဝါဒစာသည် အစောဆုံးသော ဩဝါဒဟု ပညာရှင်များက ဖေါ်ပြလျက် AD 45 ခန့်မှာ ရေးသားသည်ဆို၏။ အကြောင်းပြချက်များအနေဖြင့် ၁။ ဂျူးတို့၏စရိုက် လက္ခဏာများအလွန်ပီပြင်ပေါ်လွင်သည့် ကျမ်းဖြစ်သည်။ အသင်းတော်သည် ဂျူးအစဉ်အလာတို့ လွှမ်းမိုးနေဆဲ ဖြစ်ကြောင်း သိသာသည်။ ၂။ တစ်ပါးအမျိုးသား ယုံကြည်သူများ အရေဖျားလှီးခံသင့် မခံသင့် ပြဿနာကို မဖေါ်ပြသေးပေ။ ၃။ အသင်း တော်၏ ဟူသော အသုံးအနှုန်းကို မတွေ့ရဘဲ တရားစရပ်ဟူ၍သာ တွေ့ရသည်(၂း၂)။ ၄။ ယေရှုရှလင်စည်းဝေးပွဲ၌ ဂျူးခရစ်ယာန် နှင့် တစ်ပါးအမျိုးသား ခရစ်ယာန်များအကြား ဖြစ်ပွားနေသည့် ပြဿနာများ အကြောင်းကို ကိုးကားဖေါ်ပြမှု မပါဝင်ပေ။(တမန်တော် ဝတ္ထု၊ ၁၅ကို လေ့လာရန်။ အချိန်ကာလAD 49) ထိုအချိန်ထက်စောစွာ ရေးသားခြင်းဖြစ် ကြောင်း ထင်ရှားနေ ၏။ ၅။ ခရစ်တော်၏ ဩဝါဒများကို ကိုးကားရာ၌ ခရစ်ဝင်ကျမ်းလာ စကားများ အလွန်နည်းသည်ကို ထောက်လျှင် ခရစ်ဝင်ကျမ်းများထက်စော၍ ရေးသားခြင်းဖြစ်ရ ပါမည်။ ⁹⁰

## ဦးတည်သည့် ရည်ရွယ်ချက်အကြောင်းရင်း

အသက်ရှင်သော ယုံကြည်ခြင်းတရားကို တည်ဆောက်ရန် ရှင်းလင်းစွာ ဦးတည်ထားသည်။ ထိုယုံကြည်ခြင်းသည် အဓိကကျသည် အင်အားရှိသည်၊ လက်တွေ့ အလုပ်သဘောပါဝင်သည်။ ပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့ဖြင့် ဖြစ်စေ အသက် မပါသော ယုံကြည်ခြင်းတရား၏ ဆိုးကျိုးများကို ခံယူနိုင်ရန် ဖော်ပြသတိပေးလျက် ဝိညာဉ်အသက်တာ ကြီးပွားရာအတွက် လမ်းညွှန်ထားသည်။

## ခရစ်တော်အား ရှင်ယာကုပ်ဩဝါဒစာ၌တွေ့မြင်ရပုံ

(၁း၁)(၂း၁)တို့တွင် ကယ်တင်ရှင်သခင်ယေရှုခရစ်တော်၏နာမတော်ကို ဖော်ပြ၍ ထိုသခင်၏ကြွလာတော်မူခြင်းကို မျှော်လင့်ဖော်ပြသည်။(၅း၇-၈)။ ကျမ်းပိုဒ်ငယ်'၁၀၀' ချက်ပါဝင်သည်။ ဤဩဝါဒစာသည် ဓမ္မဟောင်းကျမ်း ၂၂ကျမ်းကို မှီငြမ်းကိုးကား၍ ခရစ်တော်၏တောင်ပေါ် ဒေသနာမှ အဆုံးအမများကို ၁၅ကြိမ် ထင်ဟပ်ဖော်ပြထားပါသည်။ [၉၁]

## အဓိကအရေးကြီးသည့်အချက်များ [၉၂]

၁ ယုံကြည်စိတ်ချရှင်သန်ကြ (၁း၁-၂၇)

က နှုတ်ဆက်၍အစပျိုးခြင်း (၁း၁)

ခ အမျိုးမျိုးသော စုံစမ်းခြင်း၌ ဝမ်းမြောက်စေ (၁း၂-၁၂)

- ၁ စုံစမ်းခြင်းအပေါ်သဘောထား (၁း၂)
- ၂ စုံစမ်းခြင်း၏အကျိုး (၁း၃-၄)
- ၃ စုံစမ်းခြင်းအတွက် အထောက်အကူ (၁း၅-၁၂)

ဂ အပြစ်သွေးဆောင်ခြင်းများ၊ ခွန်အားနှင့် တုန့်ပြန်(၁း၁၃-၁၈)

- ၁ အပြစ်သွေးဆောင်မှု၊ ဘယ်ကအစပြု (၁း၁၃-၁၄)
- ၂ သေခြင်းအထိ၊ အဆင့်ဆင့်ရှိ၏ (၁း၁၅-၁၆)
- ၃ အပြစ်သွေးဆောင်မှုအား ဖြေရှင်းနည်း (၁း၁၇-၁၈)

ဃ သမ္မာတရား၌ တည်မှီခြင်း (၁း၁၉-၂၇)

၁ သမ္မာတရားကို ခံယူခြင်း (၁း၁၉-၂၁)

၂ သမ္မာတရားကို တုန့်ပြန်ခြင်း (၁း၂၂-၂၅)

၃ သမ္မာတရားလေးစားလိုက်နာ (၁း၂၆-၂၇)

၂ ကရုဏာတရား လက်ကိုင်ထား၍ (၂း၁-၂၆)

က သူတစ်ပါးကို လက်ခံ (၂း၁-၁၃)

၁ လူတိုင်းကို လေးစား (၂း၁-၄)

၂ ကရုဏာပွား လူအများသို့ (၂း၅-၉)

၃ ပြည့်စုံစေလော့ (၂း၁၀-၁၃)

ခ ထောက်ပံ့ကူညီကြရမည် (၂း၁၄-၂၆)

၁ ယုံကြည်ခြင်းသက်သေပြနိုင်စေ (၂း၁၄-၁၇)

၂ ယုံကြည်ခြင်း လက္ခဏာခိုင်မာစွာ(၂း၁၈-၂၀)

၃ ယုံကြည်ခြင်း ဥပမာထင်ရှားရာ (၂း၂၁-၂၆)

၃ ပြောဆိုစကား သတိထား (၃း၁-၁၈)

က အပြောတွင်ဆင်ချင် (၃း၁-၁၂)

၁ လျှာတွင် အစွမ်းတန်ခိုးရှိသည် (၃း၁-၅)

၂ လျှာသည် ဖေါက်ပြန်ပြောင်းလွဲတတ်သည် (၃း၆-၈)

၃ လျှာသည် ညစ်ငြမ်းသည် (၃း၉-၁၂)

ခ အတွေးအမြင်မှာ သတိရှိ (၃း၁၃-၁၈)

၁ ပညာသည် နှိမ့်ချခြင်း ဖြစ်၏ (၃း၁၃)

၂ ပညာသည်ဘုရားသခင်၏ ကျေးဇူးကမ္ဘာဖြစ်၏ (၃း၁၄-၁၆)

၃ ပညာသည် ငြိမ်သက်ခြင်းကို ဖြစ်စေ၏ (၃း၁၇-၁၈)

၄ နောင်တနှင့်ဝန်ခံခြင်း (၄း၁-၁၇)

က အမုန်းတရား၊ ဒေါသများမှ နှိမ့်ချခြင်းသို့ (၄း၁-၆)

၁ ပဋိပက္ခတို့အစ (၄း၁-၂)

၂ ပဋိပက္ခ ပြဿနာ အဝဝ (၄း၃-၄)

၃ ပဋိပက္ခတို့ ငြိမ်းစေရန် (၄း၅-၆)

ခ အပြစ်စီရင်ခြင်းမှ လွတ်မြောက်ခွင့်သို့ (၄း၇-၁၂)

၁ လွတ်မြောက်ခွင့်အတွက် အကြံပြုခြင်း (၄း၇-၉)

၂ ဖြောင့်မတ်ခြင်းတရား၏ အားသာချက် (၄း၁၀-၁၁)

၃ ဖြောင့်မတ်ခြင်းတရားကို ပိုင်သောသူ (၄း၁၂)

ဂ ဝါကြွားမှုမှ ယုံကြည်ခြင်း ဘဝသို့ (၄း၁၃-၁၇)

၁ ဝါကြွားသံ (၄း၁၃)

၂ ဝါကြွားခြင်းနှင့် စီရင်ခြင်း (၄း၁၄)

၃ ဝါကြွားခြင်းအတွက် ဖြေရှင်းချက် (၄း၁၅-၁၇)

၅ ဝေမျှ ကြကုန်စို့ (၅း၁-၂၀)

က ပိုင်ဆိုင်မှုများကို မျှဝေခြင်း (၅း၁-၆)

၁ ချမ်းသာခြင်း၏ ဒုက္ခ (၅း၁)

၂ ချမ်းသာခြင်း၏ ယိုယွင်းမှု (၅း၂-၃)

၃ ချမ်းသာခြင်းအတွက် ကျိန်စာ (၅း၄-၆)

ခ သည်းခံစိတ်ကို ဝေမျှခြင်း (၅း၇-၁၂)

၁ သည်းခံခြင်း၏ အနှစ်သာရ (၅း၇-၉)

၂ သည်းခံခြင်း၏ သာဓက (၅း၁၀-၁၁)

၃ သည်းခံခြင်း၏ သက်သေ (၅း၁၂)

ဂ ဆုတောင်းဝေမျှ မေတ္တာပြ (၅း၁၃-၂၀)

၁ လိုအပ်သူများအတွက် ခံစားချက်ဖြင့် (၅း၁၃)

၂ လိုအပ်သူများအတွက် ဆုတောင်းချက် (၅း၁၄-၁၈)

၃ လိုအပ်သူများအတွက် အဓိကလိုအပ်ချက် (၅း၁၉-၂၀)

# ရှင်ပေတရုဩဝါဒစာပဌမစောင်

## (ခရစ်တော်သည် ဆင်းရဲဒုက္ခကို ခံစားခြင်းအတွက် ပုံဥပမာ)

### ကျမ်းရေးသူနှင့် ကျမ်းအမည်

(၁း၁) ဖေါ်ပြချက်အရ တမန်တော်ကြီး ရှင်ပေတရုသည် ဤကျမ်းကို ရေးသားသူ ဖြစ်သည်။ ယင်းအမှန်တရားကို ကနဦးအသင်းတော်သည် ကမ္ဘာ့အသင်း တော်များ ကိုယ်စား သက်သေခံပြီးဖြစ်သည်။ သူ၏ ကျမ်းအစတွင် "ရွေးကောက်တော်မူ သောသူ တည်းဟူသော ပွန္တုပြည်၊ ဂလာတိပြည်၊ ကပ္ပဒေါကိပြည်၊ အာရှိပြည်၊ ဗိသုနပြည်၊ " မှရွေးကောက်တော်မူသော သူများဟူ၍ ဖေါ်ပြထား၏။ ယာယီတည်းခို သောသူများ၊ တိုင်းတစ်ပါးလူမျိုးများနှင့် ကမ္ဘာ့အနှံ့ ပျံ့နှံ့သော လူမျိုးတော်များသို့ တိုင်အောင် ဦးတည် ကြောင်းသိနိုင်သည်။ [၉၃] ရှင်ပေတရု၏ စိတ်ထဲ၌ ဂျူးများ၊ တစ်ပါး အမျိုးသားများ မခွဲခြား အတူတစ်ကွ တည်ရှိခဲ့မည်ဟု ဆိုချင်ပါသည်။

ဤကျမ်းသည် ရောမအင်ပိုင်ယာအတွင်း ပျံ့နှံ့လျက် တည်ရှိနေသော ခရစ်ယာန်များထံ ဦးတည်ထားသည်။ အထူးသဖြင့် အာရှမိုင်းနား ကျွန်းဆွယ် သို့မဟုတ် တူရကီပြည် မြောက်ဖက်ခြမ်း ဒေသအသင်းတော်များပင် ဖြစ်သည်။ ထိုဒေသအသင်းတော်များတွင်

ဂျူးအသင်းတော်များ၊ တစ်ပါးအမျိုးသား အသင်းတော်များ အစုံရှိနေသည်။ ကျမ်းတစ်စောင်လုံးတွင် ဓမ္မဟောင်းကျမ်းမှ ကိုးကားချက်များစွာ ပါဝင်သည်။ "အရပ်ရပ်ကွဲပြားသော"(၁း၁) ဟူသော စကားမှာ DIASPORA ဟူသည့် အထူးပြု ဝေါဟာရမှ ဆင်းသက်သည်။ ယေရုရှလင်၏ပြင်ပမှ ဂျူးများအားလုံးသည် DIASPORA (ပျံ့နှံ့နေခြင်း) ဘဝမှာ ရောက်ရှိနေသည်ဟု ဆိုနိုင်သည်။

တစ်ပါးအမျိုးသားများကို ဤဩဝါဒ(၁း၁၄)အားဖြင့် အတိတ်ကာလက မှောင်မိုက်တွင် ကျင်လည်ခဲ့ရသော်လည်း ယခုတွင် ကျင့်ကြံပြုမူခြင်း ရှိသမျှ၌ သန့်ရှင်းကြစေရန် တိုက်တွန်းထားသည်။ တစ်ပါးအမျိုးသားတို့သည် မှောင်မိုက်တွင် ကျင်လည်ခဲ့ရသော်လည်း ယခုအချိန်တွင် ဘုရားသခင်၏ ပိုက်ထိုက်သော လူမျိုးတော် များ ဖြစ်နေကြပြီဟူ၍(၂း၁၀)အရအား ပေးထားသည်။ သို့ဖြစ်၍ ရှင်ပေတရုသည် ဤကျမ်းဖြင့် ဂျူးသို့မဟုတ် တစ်ပါးအမျိုးသားအသင်းတော်များအားလုံးကို စနစ်တကျ ထည့်သွင်းဆုံးမခဲ့သည်။ [၉၄]

## ကျမ်းကိုရေးသောခုနှစ်

AD. 63-64

အသင်းတော်သမိုင်းသည် ရှင်ပေတရု၏နှောင်းပိုင်းအချိန်များကို ရောမ မြို့တော်ကြီးနှင့် ဆက်စပ်ထားပါသည်။ (၅း၁၃)အရ တွေ့ရသော ဗါဗုလုန် ဟူသော အမည်သည် ရောမမြို့ကြီးအား အမည်ဝှက်အဖြစ် သုံးစွဲသည်ဟု ဆိုကြလေရာ ပေတရုသည် ဤစာအုပ်ကို ရောမမှာရေးသည်၊ နီရိုးဘုရင်က ခရစ်ယာန် အသင်းတော်ကို ညှင်းပန်းနှိပ်စက်သည့် AD 64 မတိုင်မီ AD 63 ခန့် ဖြစ်မည်ဟု တွက်ဆကြသည်။ ရှင်ပေတရုသည် ရောမကို ခရစ်ယာန်တို့၏ အန္တရာယ်ကောင်ကြီး အဖြစ် သဘောမထားခြင်းကို (၁ပေတရု၊၂း၁၃-၁၇)အရ တွေ့နိုင်သည်။ သို့သော် မကြာမီတွင် ဧကရာဇ်နီးရိုး၏ ညှင်းပန်းနှိပ်စက်မှုများကြောင့် ခရစ်ယာန်အသင်းတော်၌ ဒုက္ခဆင်းရဲများခံစားခဲ့ရသည်။

## ဦးတည်သည့် ရည်ရွယ်ချက် အကြောင်းရင်း

ရှင်ပေတရုဩဝါဒစာ ပဌမစောင်သည် အခြေခံယုံကြည်ချက်များကို ဖော်ပြ၍ ခရစ်ယာန်အသက်တာနှင့် တာဝန်များကို ရှင်းလင်းပေးသည်။ သူ၏ဦးတည် ရည်ညွှန်းချက်တို့သည် ယုံကြည်ခြင်းကြောင့် ညှင်းပန်းနှိပ်စက်ခြင်းများ ခံစားရခြင်း ပြဿနာများကို အခြေခံသည်။ ဤကျမ်းကို အမှောင်လွှမ်းနေသော ကမ္ဘာလောကကြီး ၌ ဧည့်သည်

အာဂန္တုများ၊ သံတမန်များအဖြစ် အသက်ရှင်ကြရသူ ခရစ်ယာန်တို့အဖို့ လက်ကိုင်ပြုရမည့်ကျမ်းဟု သတ်မှတ်ခဲ့ကြလေသည်။ (၁း၁၊၁၃-၂၁)(၂း၁၁-၁၂) (၃း၁၄၊၁၇) (၄း၁၊၁၃၊၁၅၊၁၆၊၁၉)။ အတိအကျ ဖေါ်ပြည့်န်ကြားချက်များအနေဖြင့် ညှင်းပန်းနှိပ်စက်မှုကို ကြုံတွေ့ရလျှင် ယုံကြည်သူ ခရစ်ယာန်တို့ ဘယ်နည်းဘယ်ပုံ အသက်ရှင်ရမည်ကို မီးမောင်းထိုး ဖေါ်ပြသည်။ ၁။ ခရစ်တော်၏ကြွလာတော်မူခြင်း၊ ရွေးနှုတ်ကယ်တင်တော်မူခြင်း ကျေးဇူးတော်ကို ဗဟိုပြုခံယူရန်(၁း၃-၁၂)။ (၂) ဒုက္ခဝေဒနာခံစားရာတွင် ခရစ်တော်အား ပြည့်ဝစုံလင်စွာ ဥပမာပြု ၍ ခံယူရန်။ (၂း၂၁-၂၄)။ (၃)ရွေးကောက်၍ ခေါ်တော်မူခြင်းခံရသော ဘုရား၏လူများအဖြစ် ကမ္ဘာလောကကြီးအတွင်း ကောင်းမွန်စွာ သက်သေပြနေထိုင်ကြရန်(၂း၄-၁၂)(၄း၁-၁၉)။ အခြားဖေါ်ပြချက်များအနေဖြင့် ယုံကြည်ချက်နှင့် လက်တွေ့လိုက်နာခြင်းကို ဆက်စပ်ပေးသည် (၅း၁၂)။ ဘုရားသခင်ဆန္ဒတော်နှင့် ညီညွတ်သည့် ခေါင်းဆောင်မှု၊ ဘုရားသခင်၏သိုးစုကို ကောင်းမွန်စွာ စောင့်ထိန်းမှုများ(၅း၁-၄)သည် ရန်လိုနေသော ကမ္ဘာကြီးအတွင်း၌ အသင်းတော်၏ အဓိကလုပ်ငန်း လိုအပ်ချက်ဖြစ်ကြောင်း ဖေါ်ပြသည်။

## ခရစ်တော်အား ရှင်ပေတရုဩဝါဒစာပဌမစောင်၌ တွေ့မြင်ရပုံ

ဤဩဝါဒစာသည် ခရစ်တော်၏အကြောင်း၊ ခရစ်တော်၏အမှုတော်များနှင့် ပြည့်ဝနေသော ကျမ်းဖြစ်သည်။ ခရစ်တော်၏ ရှင်ပြန်ထမြောက်တော်မူခြင်းမှစ၍ အသက်ရှင်သော မျှော်လင့်ချက်၊ မဖျောက်ဖျက်နိုင်သော အမွေများရရှိခံစားရ ကြောင်း(၁း၃-၄) ဖေါ်ပြသည်။ နေရာတော်တော်များများတွင် ခရစ်တော်၏ ဘုန်းတန်ခိုးတော်နှင့် ပေါ်ထွန်းမည့် ဗျာဒိတ်တော်ကို ဖေါ်ပြသည်(၁း၇၊၁၃) (၄း၁၃)(၅း၁)။ ခရစ်တော်သည် ဘုရားသခင်၏သိုးသငယ်အဖြစ် ကားတိုင်ပေါ်တွင် ကျွန်ုပ်တို့ အပြစ်များအတွက် အသက်စွန့် ကယ်တင်ခဲ့ကြောင်း ဖေါ်ပြသည်(၁း၁၈-၁၉)(၂း၂၄)။ ခရစ်တော်သည် ကျွန်ုပ်တို့ ခံစားရ ဒုက္ခဝေဒနာများအတွက် အကောင်းဆုံး ပုံသက်သေဖြစ်သည်(၂း၂၁-၂၄)။ ခရစ်တော်သည် ကောင်းသော သိုးထိန်းကြီးဖြစ်၍ ကျွန်ုပ်တို့ကို စောင့်ထိန်းတော်မူသည်။ (၂း၂၅)(၅း၄)

## အဓိကအရေးကြီးသည့်အချက်များ

၁ ယုံကြည်သူများအား ကယ်တင်ခြင်း (၁း၁-၁၂)

က နှုတ်ဆက်ခြင်း (၁း၁-၂)

ခ အနာဂတ်သို့ အသက်ရှင်သောမျှော်လင့်ချက်နှင့်ယခုစစ်ဆေးခံရခြင်း(၁း၃-၉)

ဂ ယခုကယ်တင်ခြင်းနှင့် အတိတ်ကဗျာဒိတ် (၁း၁၀-၁၂)

၂ ယုံကြည်သူများအား သန့်ရှင်းစေခြင်း (၁း၁၃-၂း၁၂)

က သန့်ရှင်းစေရန် ခေါ်ယူခြင်း (၁း၁၃-၂၁)

ခ စင်ကြယ်စိတ်နှင့်ချစ်မေတ္တာ (၁း၂၂-၂၅)

ဂ နှုတ်ကပတ်တရား နို့စစ်အားဖြင့် (၂း၁-၃)

ဃ နှလုံးသားဝိညာဉ်အဓိကပင် (၂း၄-၁၀)

င ဒုစရိုက်ရှောင်၊ သုစရိုက်ကိုဆောင်(၂း၁၁-၁၂)

၃ ယုံကြည်သူတို့၏ ဝန်ခံခြင်း (၂း၁၃-၃း၁၂)

က မင်းအစိုးရကိုဝန်ခံ (၂း၁၃-၁၇)

ခ အလုပ်၌ သစ္စာရှိ (၁း၁၈-၂၅)

ဂ အိမ်ထောင်ရေး သစ္စာ (၃း၁-၈)

ဃ အရာရာ၌ ဖြောင့်မတ်ခြင်း (၃း၉-၁၂)

၄ ယုံကြည်သူတို့ ဆင်းရဲခံရခြင်း (၃း၁၃-၅း၁၄)

က ဆင်းရဲခံရစဉ်ခါ ကျင့်ဆောင်ရာ (၃း၁၃-၁၇)

ခ ခရစ်တော်ကို ပမာပြု (၃း၁၈-၄း၁၆)

ဂ ခံစားကြစေ (၄း၇-၁၉)

ဃ ခံစားရချိန် သိုးထိန်းများ (၅း၁-၉)

င နိဂုံးနှင့်ကောင်းကြီးပေးခြင်း (၅း၁၀-၁၄)

# ရှင်ပေတရုသြဝါစာ ဒုတိယစောင်

## (ခရစ်တော်သည် နှုတ်ကပတ်တော်၏ လုံလောက်မှု)

## ကျမ်းရေးသူနှင့် ကျမ်းအမည်

ကျမ်းရေးသူသည် ရှင်ပေတရုဖြစ်သည်(၁း၁) ကျမ်းစာတွင်း ဖေါ်ပြချက်များ အရ ပုဂ္ဂိုလ်ရေးဖေါ်ပြမှုအပိုင်းတွင် အိုမင်းရင့်ယော်နေသည့် ဖခင်ကြီး၏နောက်ဆုံး မှတ်တမ်းသဘွယ် ရေးသားသည်(၁း၁၄)။ သူသည် သခင်ခရစ်တော်၏ ကိုယ်ရောင် ကိုယ်ဝါ ပြောင်းလဲခြင်းကို ကိုယ်တိုင်သက်သေခံသည်။(၁း၁၆-၁၈)(ရှင်မဿဲ၊ ၁၇း၁-၅)။ ဤစာစောင်ဖြစ်ကြောင်း စာဖတ်သူကို သိစေသည်(၃း၁)။ တမန်တော် ရှင်ပေါလုအား ချစ်သောညီပေါလုဟူ၍ ရင်းနှီးစွာ ဖေါ်ပြသည်(၃း၁၅)။ ဒုတိယ စာစောင်ဟူ၍ ပဌမစာစောင်နှင့် ခွဲခြားထားသည်။

ပဌမစာစောင်ကဲ့သို့ပင် တူညီသော ပရိသတ်အတွက် ရေးသားသည်။ သူ၏ နောက်ဆုံး သတိပေးသော စာစောင်၊ သက်သေခံချက်ဟု ဆိုနိုင်၏။ (၁း၁၄)(၂း၁-၂၂)(၃း၃) ပါန္တုပြည်၊ ဂလာတိပြည်၊ ကပ္ပဒေါကိပြည်၊ အာရှိပြည်၊ ဗိသုနိပြည်တို့တွင် ရှိသော ဂျူးနှင့် တစ်ပါးအမျိုးသားအသင်းတော်များသို့ ဦးတည်ထားသည်။(ရှင်ပေတရု သြဝါဒစာ ပဌမစောင် ၁း၁)။

## ကျမ်းကိုရေးသောခုနှစ်

AD. 67-68

နောက်ဆုံးနှုတ်ဆက်သော သဘောဖြင့် သူ့အလုပ်ပြီးဆုံးချိန်တွင် ရေးသားသည် (၁း၁၂-၁၄)။ အသင်းတော်သမိုင်းဦးပညာရှင်(EUSEBIUS)၏ အဆိုအရ ရှင်ပေတရုသည် နီရိုးဘုရင်ခေတ်တွင် သတ်ဖြတ်ခြင်းခံရသည်။ ယင်းအချိန် သည် AD. 67-68 ဖြစ်ပြီး ထိုအချိန်မှာပင် သူအပြီးသတ် ရေးခဲ့ခြင်း ဖြစ်ရပါမည်။

# ဦးတည်သည့် ရည်ရွယ်ချက်အကြောင်းရင်း

ရှင်ပေါလုသည် တိမောသေသြဝါဒစာ ဒုတိယစောင်ဖြင့် ဖေါက်ပြန် ပြောင်းလဲမှုများကို သူမသေခင်မှာ သတိပေးခဲ့သလို ရှင်ပေတရုသည်လည်း ဤကျမ်း မှတစ်ဆင့် သတိပေး ထားသည်။ ယင်းသတိပေးခြင်းသည် ရှေးပရောဖက်များ၏ အနာဂတ္တိ၊ သခင်ခရစ်တော် ၏ဗျာဒိတ်နှင့် တမန်တော်တို့၏ သတိပေးချက်အတိုင်းပင် ဖြစ်သည် (၂း၁)(၃း၁-၃)။ ဤသို့ဖေါ်ပြရခြင်းသည် အသင်းတော်ရင်ဆိုင်နေခဲ့ရသော အန္တရာယ် များ၊ အထူးသဖြင့် ဆရာအတုအယောင်များ၏ အန္တရာယ်ကို ကာကွယ်ရန် ဖြစ်သည်။

အသက်ရှင်ခြင်း၊ ဘုရားသခင်၌ မွေ့လျော်ခြင်းများကို ဘုရားသခင်သည် ပေးအပ်ပြီးဖြစ်၍ ခရစ်တော်၌ ရင့်ကျက်ကြီး ပွားခြင်းရှိရန် သြဝါဒပြုသည်(၁း၃)။ သြဝါဒ ပြုရာတွင် မေတ္တာသဘောနှင့် သိမ်မွေ့စွာ ပြုပြင်ခြင်း ဖြစ်သည်။ ပျင်းရိခြင်းနှင့် အကျိုးမဲ့ခြင်း မရှိစေရန် တိုက်တွန်းသည်(၁း၈)။ ဤအခြေခံကောင်းပေါ်တွင် အယူ လွဲမှားသည့် ပရောဖက် အတုအယောင်တို့အား ကာကွယ်တားဆီးရန် ဆုံးမထားသည်။ သူ့အတွက် အချိန်မရှိတော့ကြောင်း (၁း၁၃-၁၅)နှင့် အသင်းတော်၌ အန္တရာယ်ရှိ နေကြောင်း(၂း၁-၃)သတိပေးခဲ့သည်။ ရှင်ပေတရုသည် ယုံကြည်သူတို့၏ ဆင်ချင်တုံ တရား၊ မှတ်မိသောဉာဏ်တို့ကို အားသစ်လောင်းပေးခဲ့သည်(၁း၁၃)(၃း၁-၂)။ ဤနည်းဖြင့် ဆုံးမသြဝါဒကို ခိုင်မြဲစေသည် (၁း၁၅)။ ရင့်ကျက်သော ယုံကြည်သူများ ဖြစ်စေအံ့သောငှာ ဘုရားသခင်၏ ကျေးဇူးမေတ္တာနှင့် ကယ်တင်ရှင်ကို သိကျွမ်းခြင်း နှင့် ကြီးပွါးစေဖို့ အထူးအားပေးထားသည်(၁း၂-၁၁)(၃း၁၈)

ဖျက်ဆီးတတ်သော မိစ္ဆာဆရာများကို ချုပ်ထိန်းကာကွယ်ရန်အတွက် နှုတ်ကပတ် တော်သည် အသေချာဆုံးသော အုတ်မြစ်ဖြစ်ကြောင်းကို ဖေါ်ပြသည် (၁း၁၂-၂၁)။ ထိုမိစ္ဆာဝါဒီများ၏ အန္တရာယ်များကို ဖေါ်ပြရင်း ထိုသူတို့ ခံစားရမည့် စီရင်ချက်များ ကိုလည်း ထည့်သွင်းဖေါ်ပြသည်(၂း၁-၂၂)

နိဂုံးပိုင်းတွင် ခရစ်တော်ပြန်လည် ကြွလာမည် အသေအချာဖြစ်ကြောင်းကို အတည်ပြု သည် (၃း၁-၁၆)။ သခင်ကြွလာတော်မူခြင်းနှင့်ပတ်သက်၍ အသင်းတော်ထံ နိဂုံး စကားကို ပြတ်သားစွာဖြင့် ဤသို့ သူဆိုထားသည်။

'သို့ဖြစ်၍ ချစ်သူတို့ မတရားသောသူတို့၏ပရိယာယ်အားဖြင့်၊ သင်တို့သည် လည်း သွေး ဆောင်ရာသို့ လိုက်၍ သင်တို့တည်ကြည်ခြင်းမှ မရွေ့ လျော့မည်အကြောင်း၊ ဤအရာ များကို သိနှင့်ပြီဖြစ်၍ ကိုယ်ကိုကိုယ် စောင့်ရှောက်ကြလော့၊ ကျေးဇူးတော်၌၎င်း၊ ငါတို့ကို

ကယ်တင်တော်မူသောအရှင်သခင် ယေရှုခရစ်ကို သိကျွမ်းခြင်း၌၄င်း၊ ကြီးပွားကြလော့၊ ထိုသခင်သည် ယခုမှစ၍ ထာဝရနေ့ရက်ကါလပတ်လုံးဘုန်းအသရေ ရှိစေတော်မူသတည်း။ အာမင်”

## ခရစ်တော်အား ရှင်ပေတရုဩဝါဒစာ ဒုတိယစာစောင်၌ တွေ့မြင်ရပုံ

ဘုရားသခင်၌မွေ့လျော်ခြင်းနှင့်အသက်ရှင်ခြင်းအတွက် ခရစ်တော်သည် အဓိက ဖြစ်ကြောင်းကို ဖေါ်ပြသည်၊ ခရစ်တော်ကို ဗဟိုပြုရာတွင် ‘သခင်နှင့် ကယ်တင်ရှင်’ ဖြစ်ကြောင်း (၄)ကြိမ်ဖေါ်ပြခဲ့သည်။ သခင်ဟူ၍(၁၄)ကြိမ်ဖေါ်ပြသည်။ တောင်ကုန်းတစ်ခုပေါ်မှာ ဘုန်းတန်ခိုးနှင့် ကိုယ်ရောင်ကိုယ်ဝါ ပြောင်းလဲချိန်ကို သူဖေါ်ပြလျက် သခင်ဒုတိယအကြိမ် ကြွလာမည့်အကြောင်းကို ဖေါ်ပြသည်။ ထိုအချိန်ကါလတွင် ပေတရုနှင့်တပည့်တော်၂ယောက် တို့တွေ့မြင်ခဲ့ရသလို ကမ္ဘာ လောကတစ်ခုလုံးသည် သခင့်ကိုဖူးတွေ့ရမည်ဟုသူဆိုလေသည်။

## ဦးတည်သည့် ရည်ရွယ်ချက်အကြောင်းရင်း

၁ နှုတ်ခွန်းဆက်ခြင်း (၁း၁-၂)

၂ ခရစ်ယာန်စိတ်ဓါတ်ဖွံ့ဖြိုးစေရန် (၁း၃-၂၁)

 က ယုံကြည်ခြင်း ကြီးထွားရန် (၁း၃-၁၁)

ခ ယုံကြည်ခြင်း၏အခြေခံအချက်များ (၁း၁၂-၂၁)

၃ မိစ္ဆာပရောဖက်များအား ရှုတ်ချခြင်း (၂း၁-၂၂)

က သူတို့အန္တရာယ်နှင့် လုပ်ပုံတွေ (၂း၁-၃)

ခ သူတို့ ဖျက်ဆီးခြင်းနှင့် ရှုတ်ချခြင်း (၂း၄-၉)

ဂ သူတို့ လက္ခဏာ၊ သူတို့အမူအရာ (၂း၁၀-၂၂)

၄ အနာဂတ်ရေး မျှော်တွေး ယုံကြည် (၃း၁-၁၈)

က မိစ္ဆာဆရာတို့ လမ်းလွဲမှု (၃း၁-၇)

ခ သခင်ကြွလာမည့်နေ့ရက်ချက်ခြင်းမဟုတ်( ၃း၈-၉)

ဂ သခင်ကြွလာချိန် အဖြစ်များ(၃း၁၀-၁၃)

ဃ သိပြီဖြစ်၍ တည်ကြည်စွာ စောင့်ကြ (၃း၁၄-၁၈)

# ရှင်ယောဟန်ဩဝါဒစာ ပဌမစောင်

## (ခရစ်တော်သည် ဘုရားသခင်၏ချစ်ခြင်း)

### ကျမ်းရေးသူနှင့် ကျမ်းအမည်

ရေးသူ၏အမည်ကို ကျမ်း၌မတွေ့ရပါ၊ သို့သော်ကိုယ်တိုင် ကယ်တင်ရှင်ကို သိသော၊ ရင်းနှီးကျွမ်းဝင်သော ရှင်ယောဟန်ဖြစ်ကြောင်းညီညွတ်စွာအတည်ပြုကြသည် (၁း၁-၅)။

ဩဝါဒတစ်လျှောက်လုံး၌ ယုံကြည်သူတပည့်တော်များထံ ရှင်ယောဟန် ရေးသားကြောင်း သိသာစေသော ထင်ရှားသည့် ကျမ်းပိုဒ်များကို တွေ့ရသည် (၂း၁၊၁၂-၁၄၊၁၉) (၃း၁) (၅း၁၃)။ သို့သော် ရှင်ယောဟန်သည် အဘယ်အရပ်ရှိ ဘယ်သူထံရေးကြောင်း ဖော်ပြခြင်းမရှိပါ။ သို့ဖြစ်၍ အသင်းတော်များစွာ ထံဖြန့်ဝေ သည်ဟု ယူဆရသည်။ အထူးသဖြင့် သုတေသီများက ယောဟန်အားဖေက် အသင်းတော်မှာ နောက်ဆုံးအမှုထမ်းခဲ့သည်ဟု သတ်မှတ်ထားသောကြောင့် ဖေက် အရပ်ဒေသအသင်းတော်များ ဖြစ်မည်ဟု ယုံကြည်နိုင်ပါသည်။ ဤဩဝါဒစာ ပဌမစောင်ကို ဖေက်တည်ရှိသော အာရှမိုင်းနား (မျက်မှောက် ခေတ်တူရကီ) တွင် ဦးစွာအသုံးပြုခဲ့သည်၊ အဲလက်ဇန္ဒြီးမြို့မှ သာသနာ့ခေါင်းဆောင် CLEMENT က ယောဟန်သည် ထိုအရပ်ရှိပျံ့နှံ့နေသော အသင်းတော်များတွင် သင်းအုပ်လုပ်ခဲ့ကြောင်း ဖော်ပြခဲ့ပေသည်။ [၉၅]

### ကျမ်းကိုရေးသောခုနှစ်

AD. 85-90

အချိန်သတ်မှတ်ရန် ခက်ခဲပါသည်။ အနှစ်သာရပိုင်းများသည် ရှင်ယောဟန် ခရစ်ဝင် ဖော်ပြချက်များနှင့် ဆင်တူသဖြင့် ခရစ်ဝင်ကျမ်းရေးပြီး နောက်ပိုင်းမှာ ဤဩဝါဒစာ ကိုရေးခြင်း ဖြစ်ပါမည်။ သို့သော် AD. 65တွင် DOMITIAN ဘုရင်၏ ခရစ်ယာန်

များအား နိုပ်စက်ညှင်းပန်းမှုမတိုင်မီ ရေးခဲ့ဟန်ရှိသဖြင့် AD. 85-90အတွင်းဟု ခံယူကြပါသည်။

## ဦးတည်သည့် ရည်ရွယ်ချက်အကြောင်းရင်း

သခင်ခရစ်တော်အားဖြင့် ဘုရားသခင်နှင့် မိဿဟာယဖွဲ့နိုင်ရန် ဦးတည် ဖေါ်ပြသည်။ (၁း၃-၇)။ စာဖတ်သူ ယုံကြည်သူများသည် ထိုခေတ်၌ ရေပန်းစားနေ သည့် (GNOSTICISM) အယူအဆအရ အစစအရာရာသည် မကောင်းဆိုးယွား များသာဖြစ်ပြီး လွတ်လပ်မှုဆိုသည်ကို အသိဉာဏ်ပညာအားဖြင့်သာ ရရှိနိုင်သည် ဆိုသော အယူ တင်းမှုကြီးနှင့်ရင်ဆိုင်လျက်နေရသည့် အချိန်ကာလဖြစ်သည်။ ရှင်ယောဟန်သည် ယင်းအယူလွဲမှားမှုကို ကာကွယ်၍ ဘုရားသခင်သည် အလင်း ဖြစ်သည်၊ ချစ်ခြင်း မေတ္တာဖြစ်သည်။ အသက်လမ်းဖြစ်သည်ဟူ၍ ဆိုခဲ့သည်။(၁း၅) (၄း၈၊၁၆)(၁း၁-၂) (၅း၁၁-၁၃)။ ဘုရားသခင်နှင့် မိဿဟာယဖွဲ့သောအခါ အလင်းတရား၌ ကျင်လည်၍ ဘုရားသခင်၏အသက်လမ်းကို ထိတွေ့ရသည်။ သူ၏ ချစ်ခြင်းမေတ္တာတော်ကို နားလည် ခံစားရပြီး ဖြောင့်မတ်ခြင်းတရားကို ရရှိသည်။ ထိုသို့ မိဿဟာယဖွဲ့နိုင်ခြင်းကို သက်သေအထောက်အထားများနှင့် ဆန်းစစ်နိုင် ကြောင်း တင်ပြသည်။ အချို့ ယုံကြည် သူများက ယင်းကို ကယ်တင်ခြင်း ကျေးဇူးအား စစ်ဆေးကြည့်ရှုခြင်းဟု ဆိုပါသည်။ မည်သို့ဆိုစေ အနှစ်သာရပိုင်းအရ မိစ္ဆာဆရာသမားများအကြောင်း သွန်သင်ချက်၊ သြဝါဒခံယူရသူ ယုံကြည်သူများ၏ အနေအထားများကို ထောက်၍ မိဿဟာယ တရား၏ သစ္စာကို ဆန်းစစ်မှုအဖြစ်၄င်း၊ ကယ်တင်ရှင်သခင်အား သိကျွမ်း၍ သခင်နှင့် အတူ အသက်ရှင်ခြင်းဖြင့် ဘဝသစ်သို့ ပြောင်းလဲခြင်းအား ဆန်းစစ်ခြင်းအဖြစ်၄င်း၊ သဘောပေါက်ခံယူသင့်ပေသည်။

ဘာသာအယူဝါဒလွဲမှားခြင်းနှင့် ပတ်သက်၍အသင်းတော်ရင်ဆိုင်နေရပုံကို အတိအကျ မစွပ်စွဲနိုင်သော်လည်း ဤသြဝါဒစာပဋ္ဌမစောင်တွင် ဘုရားသခင်၏ လူ့ဇာတိခံယူခြင်း သစ္စာကိုလက်မခံခြင်း၊ အပြစ်ဒုစရိုက်များသည် ဘုရားနှင့် မိဿဟာယဖွဲ့ခြင်းကို မထိ ခိုက်ဟူသောအယူရှိခြင်းများအကြောင်းကို တွေ့ရပါသည်။ သို့ဖြစ်၍ ရှင်ယောဟန်သည် ချစ်သားတို့ ဟူ၍ အစချီကာ(၂း၁၊၁၈၊၂၈) (၃း၇၊၁၈) (၅း၂၁) အဓိကအချက်၅ချက်ကို တင်ဆက်ပေးလေသည်။

(၁) စစ်မှန်သော မိဿဟာယဖွဲ့မှုကို အားပေးရန်(၁း၃)၊ (၂) ဝမ်းမြောက် ခြင်းကို ပြည့်ဝစွာ ရရှိရန် (၁း၄) (၃) စစ်မှန်သော မိတ်သဟာယတရားအားဖြင့်

သန့်ရှင်းခြင်း ရှိစေရန် (၁း၆-၂း၂) (၄) အယူလွဲမှားမှုများအား တားဆီးကာကွယ်ရန် (၂း၁၈-၂၇)နှင့် (၅) အာမခံချက် အခိုင်အမာဖော်ပြရန်(၅း၁၁-၁၃)တို့ ဖြစ်လေသည်။

## ခရစ်တော်အား ရှင်ယောဟန်ဩဝါဒစာ ပဌမစာစောင်၌တွေ့မြင်ရပုံ

ဤကျမ်းသည် ကယ်တင်ရှင်သခင်ကို ယုံကြည်သူတို့အသက်တာမှာ အမှုတော်ဆောင်ခြင်းအကြောင်းကို ဗဟိုပြုထားသည်။ သခင်နောက်တစ်ဖန် ကြွလာခြင်းအကြောင်းကို ဗျာဒိတ်ပြုထားသည်။ သူ၏အသွေးတော်သည် ယုံကြည် သူတို့၏ အပြစ်များကို အဆက်မပြတ် ဆေးကြောပေးနေသည်(၁း၇)။ မိမိ၏ အပြစ်များကို ဝန်ချတောင်းပန်လျှင် မိမိတို့ လွန်ကျူးရာ အပြစ်များအားလုံးမှ လွတ်မြောက်၍ ဖြောင့်မတ်ခြင်းအခွင့်ကို ရရှိသည်(၁း၉)။ ခရစ်တော်သည် အမှန် တကယ်ပင်လျှင် အဘဘုရား သခင့်ရှေ့မှောက်တွင် ကျွန်ုပ်တို့အတွက် ဖြောင့်မတ်သော အမှုတော်ဆောင်ဖြစ်သည်(၂း၁)။ ထိုအမှုတော်သည် လောကသားအားလုံးအတွက် လည်းဖြစ်သည်(၂း၂)။ ယေရှုသည် လူသားအဖြစ် ကြွလာတော်မူသော ခရစ်တော် ကယ်တင်ရှင်ဖြစ်သည်(၂း၂၂)(၄း၂-၃)။ သူသည် ရေအားဖြင့်၄င်း၊ အသွေး အားဖြင့်၄င်း၊ ကြွလာသည်(တစ်နည်း)ရေ၌ ဗတ္တိဇံပေး၍ လက်ဝါးကပ်တိုင်တွင် အသွေးသွန်းခဲ့သည်(၅း၆)။ ထိုသခင်သည် နောက်တစ်ဖန်ကြွလာသောအခါ ကျွန်ုပ်တို့သည် သူ့ကို ဖူးတွေ့လျက် သူနှင့်တူကြရလိမ့်မည်(၂း၂၈-၃း၃)။

## အဓိကအရေးကြီးသည့်အချက်များ

၁ နိဒါန်းနှင့် ဩဝါဒစာ၏ရည်မှန်းချက် (၁း၁-၄)

၂ မိတ်သဟာယဖွဲ့ရန် လိုအပ်ချက်များ (၁း၅-၂း၂)

 က အလင်း၌ လျှောက်လှမ်းခြင်း (၁း၅-၇)

 ခ အပြစ်ဝန်ချတောင်းပန်ခြင်း (၁း၈-၂း၂၂)

၃ မိတ်သဟာတရားနှင့် အညီ ကျင့်ကြံပြုမူရမည် (၂း၃-၂၇)

 က ခရစ်တော်နှင့်တူစွာ အသက်ရှင်ပါ (၂း၃-၁၁)

 ခ လောကီအရာများကို မစွဲလန်းနှင့် (၂း၁၂-၁၇)

ဂ သတိ၊ အန္တိခရစ်ရှိနေသည် (၂း၁၈-၂၈)

၄ မိတ်သဟာယဖွဲ့ခြင်း၏ လက္ခဏာများ (၂း၂၈-၅း၃)

က ကောင်းသောမျှော်လင့်ခြင်းနှင့် သန့်ရှင်းခြင်း (၂း၂၈-၃း၃)

ခ သက်စွန့်မေတ္တာကိုထောက်ထား၊ဖြောင့်မတ်ခြင်းတရားကိုကျင့်စောင့် (၃း၄-၂၄)

ဂ ဝိညာဉ်များကို စုံစမ်းစစ်ဆေးခြင်း (၄း၁-၆)

ဃ ခရစ်တော်၏ချစ်ခြင်းမေတ္တာသည်မိဿဟာယတရား၌ထင်ရှား၍နေသည် (၄း၇-၅း၃)

၅ မိတ်သဟာယတရား အကျိုးကျေးဇူးများ (၅း၄-၂၁)

က လောကကို အောင်ခြင်း (၅း၄-၅)

ခ သားတော်အား အထူးပြုလေ့လာခြင်း (၅း၆-၁၂)

ဂ ထာဝရအသက်ကို မလွဲမသွေရမည် (၅း၁၃)

ဃ ဆုတောင်းလျှင်ရမည် (၅း၁၄-၁၇)

င အနာဂတ်တွင်၊ အပြစ်များကို အောင်မည် (၅း၁၈-၂၁)

# ရှင်ယောဟန်ဩဝါဒစာ ဒုတိယစောင်

## (ခရစ်တော်သည် လူ့ဇာတိခံယူသောဘုရား)

## ကျမ်းရေးသူနှင့် ကျမ်းအမည်

ကြေငြာမထားဘဲနှင့် ယောဟန်ရေးသားကြောင်း လက်ခံကြသည်။ သူက 'အသက်ကြီးသူ' အဖြစ်ကိုယ့်ကိုကိုယ် ဖေါ်ပြထားရာ ခရစ်ဝင်ကျမ်းနှင့် ဩဝါဒစာ ပဌမစောင်များနှင့် ထပ်တူသဘောဆောင်သည်။ ရှင်ယောဟန်ဩဝါဒစာ တတိယစောင်၏ မိတ်ဆက်ပုံနှင့်လည်း တူညီသည်။ ဤ'အသက်ကြီးသူ' ဟူသော အသုံးအနှုန်းအရ သူ၏ ပရိသတ်နှင့် သူ၏ ရင်းနှီးကျွမ်းဝင်မှုကို သိသာနိုင်သည်။ ထိုဝေါဟာရသည် သူ၏ရာထူး တံဆိပ် ဟူ၍လည်း ဆိုနိုင်သည်၊ ထိုပုဂ္ဂိုလ်ရေး၊ အဆောင် အယောင်ကို အများစုက နှစ်ခြိုက်လက်ခံထားကြသည်။

အစဉ်အလာအရ ဤကျမ်းကိုလည်း ရှင်ယောဟန်ခရစ်ဝင်ကျမ်းနှင့် ဆက်စပ်ထားကြသည်။

(၁း၁၊၄-၅)အရ မြတ်သောသခင်မကိုငှင်း၊ သားသမီးတို့ကိုငှင်း ကြားလိုက်ပါ၏ ဟု ဖေါ်ပြသည်။ အသေးစိတ်အကြောင်းအချက်များကို မဖေါ်ပြနိုင်ပါ။

## ကျမ်းကိုရေးသော ခုနှစ်

AD 85-90

သတ်မှတ်ရန်ခက်ခဲသည်၊ သို့သော် ဩဝါဒစာ ပဌမစောင်နှင့် တစ်ချိန်တည်း ရေးသားဟန်ရှိသည်။ ရှင်းလင်းချက်များကို ဩဝါဒပဌမစောင် ရှင်းလင်းချက်များ တွင် ပြန်လည်လေ့လာရန်။

# ဦးတည်သည့် ရည်ရွယ်ချက်အကြောင်းရင်း

အဓိကအကြောင်းအနေဖြင့် စာရှုသူ ယုံကြည်သူတို့အား သမ္မာတရားလမ်း နှင့် ပညတ်တော်များအတိုင်း တည်ကြည်စွာ ဆက်လက် အသက်ရှင်ရန် ရည်စူးသည် (၁း၄-၆)။ သို့ဖြစ်၍(၁း၇)တွင် အန္တရာယ်ကို ညွှန်ပြသတိပေးထားရာ "လူ့ဇာတိအား ဖြင့် ကြွလာတော်မူသော ယေရှုခရစ်ကို ငြင်းပယ်လျက်၊ လှည့်ဖြားသောသူအများတို့သည် လောကထဲသို့ ဝင်ကြပြီ" ဟူ၍တွေ့ရသည်။

ရှင်ယောဟန်သည် ခရစ်တော်၏တရားကို အမှန်အတိုင်း မသွန်သင်ဘဲ လမ်းလွဲနေသည့် မိစ္ဆာဆရာတို့၏ လှည့်ဖျားခြင်းမှ ကာကွယ်ရန် ဤစာစောင်ကို ရေးသည်(၁း၉)။

ဤနည်းအားဖြင့် ဦးတည်ချက်၂ခုကို တွေ့နိုင်မည်ဖြစ်သည်။ (၁) ပြည့်ဝစုံလင်သော အကျိုးကျေးဇူးကို မဆုံးရှုံးစေရေးအတွက် ကာကွယ်ရန် (၁း၈၊၉)။ (၂) ထိုသမ္မာတရားကို ငြင်းပယ်သောသူများအား ဆရာသမားများအဖြစ် လက်ခံကြို ဆိုခြင်းမပြုရန် ညွှန်ကြား သည်။ ဤနေရာတွင် အသိအမှတ်မပြုရန်သာ ညွှန်ကြားခြင်း ဖြစ်လျက် ရန်မူရန်၊ အမှန်တရားကို သက်သေခံရန်ငြင်းပယ်ရန် မဟုတ်ကြောင်း သတိမူရပါမည်။

# ခရစ်တော်အား ရှင်ယောဟန်ဒြဲဝါဒစာ ဒုတိယစောင်၌ တွေ့မြင်ရပုံ

ပဉ္စမစာစောင်နည်းတူ ခရစ်တော်၏ လူ့ဇာတိခံယူခြင်းဆိုင်ရာ နှုတ်ကပတ် သမ္မာတရားကို ကာကွယ်ထားသည်။ ယေရှုခရစ်၏ လူ့ဇာတိနှင့်ကြွလာခြင်းကို မယုံသောသူများ၏ အမှားများကို သက်သေပြထားသည်။

# အဓိကအရေးကြီးသည့်အချက်များ

၁ ပဏာမခွန်းဆက်ခြင်း (၁း၁-၃)

၂ သမ္မာတရား၌ လျှောက်သွားကြ (၁း၄)

၃ အချင်းချင်း ချစ်မေတ္တာ (၁း၅-၆)

၄ လှည့်ဖျားသူတို့အား သတိပေး (၁း၇-၁၁)

၅ နိဂုံးမှတ်ချက်များနှင့် နှုတ်ဆက်ခြင်း (၁း၁၂-၁၃)

# ရှင်ယောဟန်ဩဝါဒစာ တတိယစောင်

## (ခရစ်တော်၏နာမတော်)

## ကျမ်းရေးသူနှင့် ကျမ်းအမည်

တမန်တော်ရှင်ယောဟန်ပင် စာရေးသူဖြစ်၍ ဒုတိယစာစောင်နည်းတူ အသက်ကြီးသူ ဟု ကိုယ်ကို ရည်ညွှန်းသည်။ စာစောင် ၂ခုစလုံး၏ ပဏာမ ခွန်းဆက်သံတွင် "မှန်ကန်သောချစ်ခြင်းမေတ္တာရှိ၍" ဟုဆိုခဲ့သည်။ ထို့'အတူ သမ္မာတရား၌ ကျင်လည် ခြင်း' ဟူသော အချက်ကို စာစောင်၂ခုစလုံး၏(၁း၄)တွင် ဆက်လက်တွေ့မြင်ရသည်။

ရှင်ယောဟန်ရေးသမျှသော စာစောင်များတွင် ဤတတိယစာစောင်သည် ပုဂ္ဂိုလ်ရေး အဆန်ဆုံးဖြစ်သည်။ ယခုစါအစတွင် "ချစ်အပ်သော ဂါယုသို့" ဟု အစချီထား ကြောင်းကို တွေ့ရသည်(၁း၁)။ အသင်းတော်ရေးရာများနှင့် ဆက်စပ်လျက် ဂါယုထံ ရေးသားခြင်း ဖြစ်သည်။ ဂါယုအကြောင်း နောက်ထပ်မဖော်ပြသော်လည်း အာရှမိုင်းနားရှိ အသင်းတော်များတွင် ရှင်ယောဟန် မသေမီ အမှုတော်ဆောင်စဉ် ဂါယုသည် ထိုဒေသ၌ ထင်ရှားသောသူ ဖြစ်ရပါမည်။ ဓမ္မသစ်ကျမ်းတွင် အခြား ဂါယုများလည်း ပါဝင်ခဲ့ရာ ကောရိန္သုမှ ဂါယု(ရောမ၊ ၁၆း၂၃) မာကေဒေါနိမှ ဂါယု(၁၉း၂၉)။ ဒေရဗေမြို့သား ဂါယု(တမန်တော်၊ ၂၀း၄)တို့ကိုတွေ့ရသည်။ သို့သော် သူတို့နှင့် ယောဟန်၏ အဆက်အသွယ် ရှိပုံများကို အသေးစိတ် မသိရှိရပါ။

## ကျမ်းကိုရေးသော ခုနှစ်

သဝါဒစာ ပဌမစောင်၊ ဒုတိယစောင်တို့ကဲ့သို့ပင် ရေးသားချိန် တူညီကြောင်း အဘက်ဘက်မှ ထင်ရှားသည်။

# ဦးတည်သည့် ရည်ရွယ်ချက်အကြောင်းရင်း

ဓမ္မအမှုတော်ဆောင် ဧည့်သည်များအား ဧည့်ဝတ်ပြုခြင်း၊ ရုပ်ပိုင်းဆိုင်ရာ အကူအညီပေးခြင်းနှင့်ပတ်သက်၍ ရေးသားထားသည်။ ဂါယု၏အမှုတော် ဆောင်ရွက်ခြင်း၊ ခရစ်ယာန်မေတ္တာနှင့် စိတ်စေတနာပြည့်ဝခြင်းအပါအဝင် သမ္မာ တရားနှင့်ပြည့်ဝပုံကို မိမိအား ဆန့်ကျင်ငြင်းပယ်၍ အကြီးအကဲလုပ်ချင်သူ 'ဒယောတရပ်' အမည်ရှိ လူတစ်ယောက်နှင့် နှိုင်းယှဉ်ဖော်ပြသည်။

တိကျသော ဦးတည်ချက်များအဖြစ်(၁) ဂါယုအား ချီးမွမ်းထောမနာ ပြုခြင်း[၁း၁-၆(က)](၂) မိမိစေလွှတ်လိုက်သောသူများအား ဂါယုအနေဖြင့် ဆက်လက်အကူအညီပေးရန် တိုက်တွန်းခြင်း(၁း၆(ခ)-၈) (၃) ဒယောတရပ်' ၏တစ်ကိုယ်ကောင်းဆန်မှုအတွက် အပြစ်တင်ခြင်း(၁း၉-၁၀) (၄) ဒမေတရိအတွက် သက်သေခံခြင်း (၁း၁၂)။ (၅) မိမိ၏ စိတ်ဆန္ဒနှင့် အလည်လာရောက်လိုခြင်းကို ဂါယုသိစေရန် မိမိရောက်လာသောအခါ အခက်အခဲ များအတွက် တိုင်ပင်ဆွေးနွေး ရန်(၁း၁၀(က)-၁၃၊၁၄)။

## အဓိကအရေးကြီးသည့်အချက်များ

၁ နှုတ်ဆက်၍ပဏာမပျိုးခြင်း (၁း၁)

၂ ဂါယုအား ချီးမွမ်းခြင်း (၁း၂-၈)

က ဂါယု၏ သန့်ရှင်းစင်ကြယ်ခြင်း (၁း၂-၄)

ခ ဂါယု၏ စိတ်သဘောထားပြည့်ဝခြင်း (၁း၅-၈)

၃ ဒယောတရပ်အား အပြစ်တင်ရှုတ်ချခြင်း (၁း၉-၁၁)

က ဒယောတရပ်၏စိတ်ဓါတ် (၁း၉)

ခ ဒယောတရပ်၏ တစ်ကိုယ်ကောင်းပြုမူမှု (၁း၁၀-၁၁)

၄ ဒေမေတရိအား ချီးမွမ်းခြင်း (၁း၁၂)

၅ နိဂုံးမှတ်ချက်များ (၁း၁၃-၁၄)

# ရှင်ယုဒဩဝါဒစာ

## (ခရစ်တော်သည် လူ့ဘောင်၏လုံခြုံမှု)

### ကျမ်းရေးသူနှင့် ကျမ်းအမည်

မိမိကိုယ်တိုင် ရှင်ယုဒဖြစ်ကြောင်း ဖော်ပြထားသည်(၁း၁)။ ဂရိခ်စာပေတွင် ယုဒကို JUDAS ဟုခေါ်ဆိုသော်လည်း ယုဒရှကါရုတ်နှင့် ခြားနားစေရန် ပညာရှင်များက အင်္ဂလိပ်စာဖြင့် JUDE ဟု မှည့်ခေါ်လေသည်။ ယုဒယေရှုခရစ်၏ ကျွန်၊ ယာကုပ်၏ညီအဖြစ် ကိုယ့်ကိုကိုယ် မိတ်ဆက်ထားသည်(ရှင်မဿဲ၊ ၁၃း၅၅) (ရှင်မာကု၊ ၆း၃)တို့အရ ယေရှု၏အမေတူ၊ အဖေကွဲ ညီတော်စပ်သည်။

ဤအပိုင်းတွင် မှတ်သားရန် စာစုတစ်စုကို ဖော်ပြလိုပါသည်။

"ယုဒသည် ယေရှု၏ညီတော်သူ ဖြစ်သော်လည်း နှိမ့်ချသောသဘောဖြင့် ဝါကြွား မှုမရှိ၊ အစ်ကိုအရင်းဖြစ်သူ ယာကုပ်၏ညီအဖြစ်သာ ဖော်ပြသည်။ 'ကျွန်' ဟူသော စကားအားဖြင့် ယေရှုခရစ်နှင့် သွေးသားတော်စပ်မှုကို အဓိကမထားလို ကြောင်း ထင်ရှားသည်။ သို့သော် မိမိ၏အကြောင်းမှန်ကို အတိအကျ ခွဲခြားရန် လိုအပ်ကြောင်းကို သူနားလည်သည်။ ထိုခေတ်ကါလ၌ ယုဒဟူသော အမည်မှာ လူသုံးများခဲ့ပြီး၊ ယေရှု၏တပည့်တော်များထဲမှာပင် သစ္စာဖောက်ယုဒနှင့် အခြားယုဒ တစ်ဦးတို့ ရှိခဲ့လေရာ သူသည် ယာကုပ်၏ညီအဖြစ် ဖြည့်စွက်ရှင်းလင်းခဲ့ရပေသည်။" [၉၆]

ဤဩဝါဒစာသည် ယုံကြည်သူအားလုံးကို ရည်စူးထားသဖြင့် အခန်းကို စတင်သော (၁း၁)တွင် "ခမည်းတော်ဘုရားသခင်သန့်ရှင်းစေတော်မူ၍ ယေရှုခရစ် ခေါ်ထား စောင့်မတော်မူသော သူတို့ကို ကြားလိုက်ပါ၏" ဟု သူဆိုဖွင့်ထားလေသည်။ ဆက်လက်၍ ထိုသူများအား "ချစ်သူတို့" ဟု သူခေါ်ဆိုခဲ့ပြန်သည်(၁း၃)။

### ကျမ်းကိုရေးသော ခုနှစ်

AD 70-80

ကျမ်းအခြေခံသဘောတရားသည် ရှင်ပေတရုသြဝါဒစာ ဒုတိယစောင်နှင့် ဆင်တူသည်။ သို့သော် ရှင်ပေတရုစာတွင်(၂ပေတရု၊၂း၁)အရ "မိစ္ဆာဆရာတို့သည် သင်တို့တွင် ရှိကြလိမ့်မည်" ဟု တွေ့မြင်ရပြီး ရှင်ယုဒတွင်မူ "အဓမ္မလူအချို့တို့သည် ပရိယာယ်နှင့် အမှတ်တမဲ့ ဝင်ကြပြီ"(၁း၄) ဟူ၍ ပြောင်းလဲဖော်ပြလေသည်။ ရှင်ပေတရု၏ သြဝါဒစာ ဒုတိယ စောင်သည် ထိုပြဿနာကို ကြိုတင်တွက်ဆခြင်းဖြစ်ပြီး ယခုရှင်ယုဒ တွင်မူ လက်ရှိ ဖြစ်စဉ်အနေဖြင့် ဖော်ပြထားခြင်းကို တွေ့ရသည်။ သို့ဖြစ်၍ ရှင်ပေတ ရုသြဝါဒ ဒုတိယစောင်ကို ရေးသားသည်။ AD 67-68 ၏နောက်ပိုင်း AD 70-80 တွင် ရှင်ယုဒသြဝါဒစာကို ရေးခြင်းဖြစ်ပါမည်။

## ဦးတည်သည့် ရည်ရွယ်ချက်အကြောင်းရင်း

ရှင်ယုဒသည် လူသားတိုင်းအတွက် ကယ်တင်ခြင်း ကျေးဇူးတရားအကြောင်း ကို ဖော်ပြရန် ရည်ရွယ်ရင်း ရှိသော်လည်း ထိုခေတ်ကာလ၌ အကြီးအကျယ်ပျံ့နှံ့လာ နေသော (GNOSTICISM)၏လွဲမှားသော အယူအဆများ အသင်းတော်အတွင်း တိတ်တ ဆိတ် ဝင်ရောက်လာခြင်းကို ကာကွယ်ရန်အလို့ငှာ ယုံကြည်သူများအား မိမိတို့ ယုံကြည် ခြင်းကို စောင့်ရှောက်ဘို့ တွန်းအားပေးရေးသားခဲ့ရသည်။ GNOSTICISM အယူအဆ အရ ရုပ်ပစ္စည်းအားလုံးတို့သည် မကောင်းဆိုးရွားများဖြစ်ပြီး ဝိညာဉ် လောကဓါတ် တစ်ခုလုံးသည် ကောင်းမြတ်သည်ချည်း ဖြစ်နေလေရာ မိမိတို့၏ စိတ်နှလုံးထဲက ကြိုက်နှစ်သက်သောအရာ မှန်သမျှကို ကိုယ်ခန္ဓာက လိုက်ပါ လုပ်ဆောင်ရန် အားပေးနေ လေသည်။ ဤနည်းအားဖြင့် အပြစ်ဒုစရိုက်များကို ပျော်ပျော်ကြီး ကျူးလွန်နေချိန်တွင် ရှင်ယုဒသည် ဤသြဝါဒဖြင့် အသင်းတော်ကို ဆုံးမသွန်သင်ခြင်း ဖြစ်လေသည်။ [၉၇]

ဦးတည်ချက် ၂-ရပ်ကို သတိပြုနိုင်ပါသည်။

(၁) အသင်းတော်ကို ဝင်ရောက်လာသည့် စာရိတ္တပျက်ပြားနေသူများကြောင့် ယုံကြည် သူများအား ပျက်စီးစေသည်။

(၂) ယုံကြည်သူများအနေဖြင့် ယုံကြည်ခြင်း တရားတွင် ကြီးပွားလျက် ခိုင်ခန့်မြဲမြံစေရန်၊ သမ္မာတရားလမ်းကြောင်းအတိုင်း ရှင်သန်စေကြရန် ဖော်ပြထားပေသည်။

## ခရစ်တော်အား ရှင်ယုဒ ဩဝါဒစာ၌ တွေ့မြင်ရပုံ

ခရစ်တော်၌ ရရှိခံစားရသော ယုံကြည်သူတို့အတွက် စိတ်ချလုံခြုံမှုကို မျက်မှောက်ပြုရန် ဖေါ်ပြသည်(၁း၂၄)။ ထာဝရအသက်ဆုကျေးဇူး (၁း၂၁)အကြောင်း ကို သတိပေးသည်။ ခရစ်တော်နောက်တဖန် အသေအချာ ကြွလာတော်မူမည်(၁း၂၁)ကို ရေးသားသည်။ အဘဘုရား သခင်၏ ရှေ့တော်မှောက်သို့ ဝင်ရောက်နိုင်ရန် ယေရှုခရစ်တော်က လမ်းဖွင့်ပေးကြောင်းကို သိစေအပ်ပေသည်(၁း၂၅)။

## အဓိကအရေးကြီးသည့် အချက်များ

၁ နှုတ်ဆက်ခြင်းနှင့်ရည်ရွယ်ချက် (၁း၁-၄)

၂ အဓမ္မလူတို့အကြောင်းကို ထုတ်ဖေါ်ပြသခြင်း (၁း၅-၁၆)

  က ထိုသူတို့၏ အတိတ်ကာလအပြစ်ဒဏ် (၁း၅-၇)

  ခ ထိုသူတို့၏ ယခုလက္ခဏာများ (၁း၈-၁၃)

  ဂ အနာဂတ်တွင် စီရင်ခြင်းခံရဦးမည် (၁း၁၄-၁၆)

၃ ယုံကြည်သူများအား ကာကွယ်ခြင်းနှင့် တိုက်တွန်းခြင်း (၁း၁၇-၂၃)

၄ ကောင်းကြီးပေးခြင်း (၁း၂၄-၂၅)

# အပိုင်း ၄

# ပရောဖက်ကျမ်းဗျာဒိတ်ကျမ်း

## (ခရစ်တော်ပြန်လာဦးမည်)

# နိဒါန်း

ဗျာဒိတ်ကျမ်းသို့ ရောက်လေပြီ။ ဤကျမ်းအားဖြင့် ဘုရားသခင်ထံမှ လူတို့အတွက် စီရင်တော်မူရာ ဗျာဒိတ်တော်ဖြစ်သော သမ္မာကျမ်းစာတော်မြတ်သည် နိဂုံးကမှတ် အဆုံးသတ် ရပါမည်။ ကမ္ဘာဦးကျမ်းသည် သမ္မာကျမ်းကို နိဒါန်းပျိုး၍ ယခုဗျာဒိတ်ကျမ်း နှင့် အဆုံးသတ်ပေးလိုက်ပါသည်။ သူ့အားဖြင့် မဟာကပ်ကမ္ဘာ၏ နောက်ဆုံးဖြစ်စဉ်များ၊ ဘုရားသခင်ပြန်လည် ကြွလာတော်မူပုံ၊ အပြီးသတ် စိုးစံတော်မူပုံနှင့် သူ၏နိုင်ငံတော်တို့ကို တွေ့ရမည် ဖြစ်ပါသည်။ နှုတ်ကပတ် သမ္မာကျမ်းစာကို ဖြတ်သန်းလေ့လာသူ တစ်ယောက် အနေဖြင့် မဟာဆန်လှသော အဓိကအချက်ကြီးများကို တွေ့မြင်ခဲ့ပြီးဖြစ်ရာ၊ ကောင်းကင် နှင့် မြေကြီး၊ အပြစ်တရား၊ အပြစ်ကြောင့်ရောက်လာသောကျိန်စာ၊ ကြေကွဲဝမ်းနည်း ရခြင်း၊ လူသားနှင့် သူခံစားရသော ကယ်တင်ခြင်း၊ စာတန်မာရ်နတ်နှင့် သူ၏ကျဆုံးခန်း၊ သူခံရလတံသော အချုပ်အနှောင်၊ ဣသရေလတည်းဟူသော လူမျိုးတော်၊ လူမျိုးတော် ဖြစ်တည်လာခဲ့ပုံ၊ လူမျိုးတော်ခံစားရာ ကောင်းကြီးနှင့် စည်းကမ်းသတ်မှတ်ချက်များ၊ အခြားနိုင်ငံတော်နှင့် လူမျိုးများ၊ ဗါဗုလုန်နိုင်ငံနှင့် ဗါဗုလုန် အယူဝါဒ၊ လောကီမင်း တို့၏ နိုင်ငံတော်များနှင့် ကောင်းကင်နိုင်ငံတော် . . . စသည်ဖြင့် တွေ့မြင်ခဲ့ကြရပါပြီ။ ယခုအချိန်မှာတော့ အဆုံးစွန်သောအားဖြင့် အထက်ဖော်ပြပါ အဓိက အကြောင်း ခြင်းရာများသည် မိမိတို့၏ ဆိုင်ရာဆိုင်ရာ အနာဂတ်ရေး ပြည့်စုံမှုများနှင့် အတူ ပြီးပြတ်သွားကြရမည်သာ ဖြစ်လေ၏။ ဝမ်းမြောက်ဘွယ် ကယ်တင်ခြင်း သတင်းများ ဟူ သည့် ခရစ်ဝင်ကျမ်းများနှင့် ဩဝါဒကျမ်းများအနေဖြင့် ဤအချုပ်အခြာ နိဂုံးပိုင်းကို ပေါင်းစု၍ သရုပ်ပြအမွှမ်းတင်ခဲ့သည်ဟု ဆိုအပ်သော်လည်း ယခုဗျာဒိတ်ကျမ်းသို့ မပေါက်ရောက်မချင်း ကျွန်ုပ်တို့အတွက် ရှုပါရုံမြင်ကွင်းသည် ရှင်းလိမ့်မည် မဟုတ်ပါ။ စတင်လေ့လာကြပါစို့။

# ဗျာဒိတ်ကျမ်း၊ သမ္မာကျမ်းစာ၏ ပြည့်စုံခြင်း

## ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းများ

### ကောင်းကင်နှင့်ငရဲ

လူသား - ဖန်ဆင်းခြင်း၊ ကျဆုံးခြင်းနှင့် ကယ်တင်ခြင်း

အပြစ်-အကြောင်းတရား၊ ကျိန်စာ၊ ဝမ်းနည်းကြေကွဲရခြင်း

စာတန်-လက္ခဏာ၊ ကျဆုံးခြင်း၊ ချုပ်နှောင်ခံရခြင်း

လူမျိုးများ-နားမထောင်ခြင်း၊ ကိုးကွယ်မှုများ

ဣသရေလ-ရွေးကောက်ခြင်း၊ ကောင်းကြီး၊ စည်းကမ်း

ကတိထားသောဘုရား-အမှုတော်၊အုပ်စိုးခြင်း၊

နိုင်ငံတော်၏ကတိ၊စီမံကိန်း

### ကျမ်းရေးသူနှင့် ကျမ်းအမည်

ဗျာဒိတ်ကျမ်း၏ ကိုယ်တိုင်ဖော်ပြချက်အရ ရှင်ယောဟန်ရေးသားပြုစု သည်(၁း၄၊၉) (၂၂း၈)။ သူသည် ပရောဖက်တာဝန်ယူရသည်(၂၂း၉)။ သူသည် အာရှမိုင်းနားဒေသမှ အသင်းတော်များ၏ ခေါင်းဆောင်ကြီး ဖြစ်ခဲ့ပြီး ယခုကျမ်းကို ထိုအသင်းတော်များထံ ရည်ညွှန်းရေးသားထားသည်(၁း၄)။

အစဦအလာခံယူချက်အရ ရှင်ယောဟန်သည် ခရစ်တော်၏ တပည့်တော်ယောဟန် ပင် ဖြစ်သည်။ စာပေထုံးဖွဲ့မှု ပုံစံသည် ယခုဗျာဒိတ်ကျမ်းနှင့် ရှင်ယောဟန်ခရစ်ဝင်ကျမ်း ပုံစံချင်း မတူကြပါ။

## ကျမ်းကိုရေးသောခုနှစ်

AD 96

ရောမဧကရာဇ် DOMITIAN သည် AD 81-96 အတွင်း အုပ်စိုးခဲ့သည်၊ ဓမ္မပညာရှင် IRENAEUS ၏ အဆိုအရ ဤကျမ်းကို DOMITIAN ၏ခေတ်အတွင်း ပတ်မုကျွန်းမှာ ရှင်ယောဟန်ရေးသားခဲ့ခြင်းဖြစ်ပြီး၊ ယင်းအချက်ကို CLEMENT နှင့်EUSEBIUS စသော ကနဦးအသင်းတော်ဖခင်ကြီးများက ထောက်ခံခဲ့သည်။ ဓမ္မပညာရှင်အများစုကလည်း လက်ခံထားပြီး AD 81-96 ဟု သဘောတူကြသည်။ ဤနည်းအားဖြင့် ဓမ္မသစ်ကျမ်းတွင် နောက်ဆုံးဖြစ်သော ဤကျမ်းကို ရှင်ယောဟန် ခရစ်ဝင်နှင့် ရှင်ယောဟန်ဩဝါဒစာ ပဌမစောင်၊ ဒုတိယစောင်နှင့် တတိယစောင်တို့ အပြီးတွင် ရေးသားခြင်းဖြစ်ရပါမည်။

## ဦးတည်သည့်ရည်ရွယ်ချက်အကြောင်းရင်း

ဗျာဒိတ်ကျမ်း၏ အဓိကအနှစ်သာရမှာ မကောင်းဆိုးရွားသို့မဟုတ် မိစ္ဆာကို ကိုယ်စားပြု၍ စာတန်မာရ်နတ်၏ အင်အားကို ရယူထားသော ပုဂ္ဂိုလ်များ၏ ပဋိပက္ခများ၊ ကမ္ဘာနှင့်ချီ၍ ကျယ်ပြန့်သော စာတန်၏စီမံကိန်းကြီးများ၊ ယင်းအရာ အားလုံးတို့ကို ချေမှုန်းအောင်မြင်သော ကယ်တင်ရှင်သခင်၏ အောင်ပွဲနှင့်တကွ သူ၏ကောင်းကင် နိုင်ငံတော်ကို အနှစ်တစ်ထောင်(ဗျာဒိတ် ၂၀)တည်ထောင်ခြင်း၊ အနန္တကာလ စိုးစံခြင်းအကြောင်းပင်ဖြစ်သည်။

ဤအကြောင်းများကို ရှင်ယောဟန်မှတစ်ဆင့် ရူပါရုံရရှိလျက် ကမ္ဘာ လောကအတွင်း ကြောက်မက်ဘွယ်၊ စိတ်ပျက်၍အော့နှလုံးနာဘွယ်တင်ပြချက်များ အဖြစ် ကျမ်းစာလေ့လာသူများကို ပြသသွားခြင်း ဖြစ်ပါသည်။ ဗျာဒိတ်တော်သည် ခြင်္သေ့အမျိုးဖြစ်သော ဒါဝိဒ်မင်းမှ ဆင်းသက်သည့် ယုဒလူမျိုးတို့၌ အောင်မြင်နိုင် သော ခွန်အားရှိပုံ၊ ထိုခြင်္သေ့သည် အသတ်ခံရသော သိုးသငယ်ကဲ့သို့ ရပ်နေပုံ၊ သို့သော် အသက်နှင့် ပြည့်စုံ၍ အမျက်ဒေါသရှိလျက် အပြစ်ဒုစရိုက်များ ကျူးလွန်ကာ တော်လှန်ပုန်ကန်နေသော ကမ္ဘာကြီးအား ဘုရားသခင်၏အံ့ဩဘွယ် သန့်ရှင်းခြင်းနှင့် အညီ အပြစ်စီရင်လိုက်ပုံများကို ဖေါ်ပြထားပါသည်။

မိမိတို့အခန်းကဏ္ဍအလျောက် အရေးကြီးသော သရုပ်ဆောင် ပုဂ္ဂိုလ်များ ဤကျမ်းတွင် ပါဝင်သည်။ ၎င်းတို့မှာ ကယ်တင်ရှင်သခင်ယေရှု၊ စာရေးသူ ရှင်ယောဟန်၊ သက်သေခံ

နှစ်ဦးဖြစ်သည် ပင်လယ်မှ ထွက်လာသော သားရဲကြီး၊ မိစ္ဆာပရောဖက်နှင့် သခင်နှင့် ပြန်လာသူ သတို့သမီးကညာတို့ပင် ဖြစ်သည်။

## ခရစ်တော်အား ဗျာဒိတ်ကျမ်း၌ တွေ့မြင်ရပုံ

ဤဗျာဒိတ်ကျမ်းသည် ယေရှုခရစ်၏ ဗျာဒိတ်တော်ဖြစ်သည့်အလျောက် သူ၏ ဘုန်းတန်ခိုးတော်၊ ပညာဥာဏ်နှင့်ခွန်အား(၁း၁-၂၀)၊ သူ၏အသင်းတော်၌ အချုပ်အခြာဖြစ်ပုံ(၂း၁-၃း၂၂)၊ သူ၏ကမ္ဘာလောကကြီးအတွက် စီရင်ပိုင်သော အခွင့်အာဏာရှိပုံများကို ဖော်ပြပါသည်။ ခရစ်တော်၏ ဗျာဒိတ်ပီသစွာဖြင့် သရုပ်ဖော်ပေးသော ဘွဲ့အမျိုးမျိုးကို တွေ့နိုင်သည်။ ယင်းတို့မှာ ယေရှုခရစ်(၁း၁)အား သစ္စာရှိသော သက်သေ၊ သေသူတို့တွင် သားဦး၊ လောကီဘုရင်တို့၏အထွဋ်(၁း၅)၊ အဦးဆုံးသောသူ . . နောက်ဆုံးသောသူ(၁း၁၇) အသက်ရှင်သောသူ(၁း၁၈)၊ ဘုရားသခင်၏ သားတော်(၂း၁၈)၊ သန့်ရှင်းသောသူ . . ဟုတ်မှန်သောသူ (၃း၇)၊ အာမင်၊ သစ္စာရှိ၍ ဟုတ်မှန်သော သက်သေခံ၊ ဘုရားသခင်၏ ဝေနေယျသတ္တဝါတို့ အထွဋ်(၃း၁၄)၊ ယုဒအမျိုး၏ ခြင်္သေ့၊ ဒါဝိဒ်၏အမြစ်(၅း ၅) သိုးသငယ် (၅း၆)၊ သစ္စာနှင့်သမ္မာဟူသော အမည်(၁၉း၁၁)၊ ဘုရားသခင်၏နှုတ်ကပတ်တော်(၁၉း၁၃)၊ ဘုရင်တို့၏ဘုရင်၊ သခင်တို့၏သခင်(၁၉း၁၆)၊ အာလဖလည်းဖြစ်၏၊ ဩမေဃလည်းဖြစ် (၂၂း၁၃)၊ ထွန်းတောက်သော မိုဃ်းသောက်ကြယ်(၂၂း၁၆)၊ ငါတို့သခင်ယေရှုခရစ်(၂၂း၂၁)

## အဓိကအရေးကြီးသည့် အချက်များ

၁။ ပဏာမစကား (၁း၁-၈)

၂။ ဖြစ်ခဲ့ပြီးသော အရာများ (၁း၉-၂၀)

၃။ ဖြစ်နေဆဲအရာများ (၂-၃)

- က။ ဧဖက်အသင်းတော်သို့ (၂း၁-၇)
- ခ။ စမုရနအသင်းတော်သို့ (၂း၈-၁၁)
- ဂ။ ပေရဂံအသင်းတော်သို့ (၂း၁၂-၁၇)
- ဃ။ သွာတိရအသင်းတော်သို့ (၂း၁၈-၂၉)

င။ သာဒိအသင်းတော်သို့ (၃း၁-၆)

စ။ ဖိလဒေလဖိအသင်းတော်သို့ (၃း၇-၁၃)

ဆ။ လောဒိကိအသင်းတော်သို့ (၃း၁၄-၂၂)

၄။ ဖြစ်လတ္တံ့သောအရာများ (၄း၁-၂၂း၅)

က။ ဒုက္ခဆင်းရဲခံစားရာကာလ (၄း၁-၁၉း၂၁)

(၁) ကောင်းကင်ဘုံမှ ပလ္လင်(၄း၁-၁၁)

(၂) တံဆိပ် '၇' ချက်ခတ်သောစာစောင်နှင့် သိုးသငယ်ခြသေ့် (၅း၁-၁၄)

(၃) တံဆိပ်ခတ်ထားသောစီရင်ချက်များ (၆း၁-၁၇)

(၄) ကြားဖြတ်ကာလ၊ ဒုက္ခဆင်းရဲခြင်းကပ်အတွင်းမှ လွတ်မြောက်သူများ (၇း၁-၁၇)

(၅) ပဌမတံပိုး '၄' ခုနှင့်စီရင်ခြင်းများ (၈း၁-၁၃)

(၆) ပဥ္စမတံပိုး၊ ဆဌမတံပိုးနှင့် အမင်္ဂလာမျိုး (၈း၁-၂၁)

(၇) ကောင်းကင်တမန်နှင့် စာအုပ်ငယ် (၁၀း၁-၁၁)

(၈) ဗိမာန်တော်၊ သက်သေခံ '၂'ပါးနှင့် သတ္တမတံပိုး (၁၁း၁-၁၉)

(၉) ကောင်းကင်၌ ဖြစ်သောစစ်(၁၂း၁-၁၇)

(၁၀)သားရဲနှင့် မိစ္ဆာပရောဖက် (၁၃း၁-၁၈)

(၁၁)အထူးကြေငြာချက်များ (၁၄း၁-၂၀)

(၁၂)နောက်ဆုံးဘေးဒဏ် '၇' ပါး၏ အကြို (၁၅း၁-၈)

(၁၃)ဖလားများသွန်းလောင်း၍ စီရင်ခြင်းများ (၁၆း၁-၂၁)

(၁၄)ဘာသာရေးဗာဗုလုန်ကိုစီရင်ခြင်း (၁၇း၁-၁၈)

(၁၅)စီးပွားရေးဗာဗုလုန်ကိုစီရင်ခြင်း (၁၈း၁-၂၄)

(၁၆)ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်း (၁၉း၁-၂၁)

ခ။ ခရစ်တော်စိုးစံခြင်း (အနှစ်တစ်ထောင်)နှင့် ဖြူသောပလ္လင်ကြီး၊ (၂၀း၁-၁၅)

(၁) စာတန်ကို ချည်နှောင်ခြင်း (၂၀း၁-၃)

(၂) သန့်ရှင်းသူကိုရှင်ပြန်၍ထမြောက်ခြင်း (၂၀း၄-၆)

(၃) အပြစ်သားတို့ ပုန်ကန်ခြင်း (၂၀း၇-၉)

(၄) စာတန်မာရ်နတ်အတွက်ဝေဒနာ (၂၀း၁၀)

(၅) အပြစ်သားများအား တရားစီရင်ခြင်း (၂၀း၁၁-၁၅)

ဂ။ ဘုရားသခင်၏နိုင်ငံတော် (၂၁း၁-၂၂း၅)

(၁) ယေရုရှလင်မြို့သစ်၏ဖြစ်တည်မှု (၂၁း၁-၈)

(၂) ယေရုရှလင်မြို့သစ်၏ ဂုဏ်ဒြပ်များ(၂၁း၉-၂၇)

(၃) ယေရုရှလင်မြို့သစ်၏ ဝမ်းမြောက်ခြင်း (၂၂း၁-၅)

ဃ။ အဆုံးသတ်စကား (၂၂း၆-၂၁)

## အခန်း (၅)

# ဘာသာပြန်ဆိုခြင်း၏ အခြေခံမှုများ

# နိဒါန်း

အခန်းလေးကို သင်တန်းသားအတွက် ဘာသာပြန်ဆိုခြင်း၏ အခြေခံစည်းမျဉ်းငါးခုနှင့် အခြေခံမူဝါဒဆယ့်ငါးခုတို့ကို မိတ်ဆက်ပေးလိုက်ပါသည်။ ဤအခန်းတွင်၊ စည်းမျဉ်းဟူသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ စူးစမ်းလေ့လာရာ ရသောအချိန်တိုင်း၌ တိကျသောလမ်းညွှန်ချက်များကို ဆိုလိုပါသည်။ မူဝါဒသည် စည်းမျဉ်းထဲတွင် အပါအဝင် ဖြစ်ပြီး အသုံးပြုရာတွင် အရေးကြီးသော်လည်း အချိန်တိုင်းအတွက် အကျုံးမဝင်ပေ။ ဤအပိုင်းသင်ခန်းစာကို လေ့လာသည်နှင့် သင်တန်းသားသည် ဤအခန်းတွင် မိတ်ဆက်ပေး ထားသည့် မူဝါဒများကို မည်သည့်အချိန်တွင် မည်သို့အသုံးပြုရမည်ကို သိရှိနားလည်လာ မည်ဖြစ်ပါသည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မှန်ကန်စွာ ဘာသာပြန်ဆိုရေရွတ်ခြင်းသည် တစ်သက်လုံးလိုက်လျှောက်ရမည်ဖြစ်သည်။ တစ်ဦးတစ်ယောက်က ကျမ်းစာထဲ၌ မည်သည့်နေရာအား ဖွင့်ကြည့်ရမည် သို့မဟုတ် စာကြောင်းများ၏ ဆိုလိုရင်းကို တစ်ခါတည်း မည်သို့နားလည်ရ မည်ဟူ၍ ပုံသေနည်းမရှိပါချေ။ သင်တန်းသားသည် အမှန်တရားမရရှိနိုင်သည့်အတွက် စိတ်မရှုပ်ထွေးစေသင့်ပေ။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်ကို အမှီသဟဲပြုကြစေရန် ဘုရားရှင် သည် သူ၏ နှုတ်ကပတ်တော်ထဲတွင် ခက်ခဲသောအရာများကို ရည်ရွယ်ချက်ဖြင့် ထားရှိတော် မူခဲ့သည် (၁ကော၊ ၃း၁၀-၁၆)။ အချို့စာကြောင်းများသည် နားလည်ရလွယ်ကူပါသော်လည်း ထာဝရအရာများ အကြောင်းနှင့် ပတ်သက်လာလျှင်မူ နားလည်ရခက်ခဲတတ်ပေသည် (၁ကော၊ ၁၃း၁၂)။

ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို ပုံသေနည်းဖြင့် ဘာသာပြန် ရွတ်ဆိုနိုင်မည်ဆိုလျှင် မယုံကြည်သောသူသည်လည်း နှုတ်ကပတ်တော်အားလုံးကို ဘာသာပြန်ဆိုမည်ဖြစ်၏။ ကျွန်ုပ်တို့၏ ဝိညာဉ်ဆိုင်ရာကြီးထွားမှုအတွက် ဘုရားရှင်သည် သူ၏ နောက်တော်လိုက်များအား သူ့ကို ရှာဖွေစေလိုပြီး သူ့နှုတ်တော်ထွက်စကားများကိုလည်း သင်ကြားစေလိုပါသည် (၂တိ၊ ၂း၁၅)။ ဤစည်းမျဉ်းများနှင့် မူဝါဒများကို သင့်လမ်းညွှန်အဖြစ်အသုံးပြုပြီး သန့်ရှင်းသောဝိညာဉ်တော်ကို သမ္မာတရားအလင်းရရှိနိုင်ဘို့အတွက် အားကိုးယုံကြည် လိုက်ပါ (ယော၊ ၁၆း၁၃)။

ကျွန်ုပ်တို့သင်ကြားလေ့လာမည့် စည်းမျဉ်းများနှင့် မူဝါဒများကို အောက်ပါအတိုင်း အကျဉ်းချုပ်စာရင်းဖြင့်ဖော်ပြနိုင်သည်။

**စည်းမျဉ်းတစ်။** ။ ကျမ်းစာရှိ နှုတ်ကပတ်တော်အားလုံးကို လေ့လာခြင်းအားဖြင့် ဘုရားသခင်နှင့် ခရစ်တော်အကြောင်းကို မှန်ကန်တိကျသော အချက်အလက် များဖြင့် ရှာဖွေခြင်း။

က။ မူဝါဒတစ်။ ။ ဘုရားဂုဏ်တော်အနှစ်သာရကို လေ့လာခြင်း။

ခ။ မူဝါဒနှစ်။ ။ ခရစ်တော်၏ ထင်ရှားဖော်ပြပုံကို ရှာဖွေခြင်း။

**စည်းမျဉ်းနှစ်။** ။ ရှင်းလင်းသောစာပိုဒ်ကို လမ်းညွှန်အဖြစ်အသုံးပြုခြင်းအားဖြင့် မှန်ကန် တိကျသော အချက်အလက်များကို နားလည်ရန် ရှာဖွေခြင်း။

က။ မူဝါဒသုံး။ ။ ရှေ့သို့တိုးတက်မှုရှိသည့်အတိုင်း ဘာသာပြန်ဆိုခြင်း

ခ။ မူဝါဒလေး။ ။ မူရင်းအတိုင်း ဘာသာပြန်ဆိုခြင်း။

ဂ။ မူဝါဒငါး။ ။ တိကျစွာ အသေးစိတ်ဘာသာပြန်ဆိုခြင်း။

ဃ။ မူဝါဒခြောက်။ ။ အခြေခံကျသော ကျမ်းပိုဒ်များကို ဘာသာပြန်ဆိုခြင်း။

င။ မူဝါဒခုနှစ်။ ။ လူဆန္ဒအလျောက် ဆုံးဖြတ်ချက်နှင့်အညီ ဘာသာပြန်ဆိုခြင်း။

စ။ မူဝါဒရှစ်။ ။ ပဋိပက္ခဖွဲ့ခြင်းနှင့်ဆိုင်စွာ ဘာသာပြန်ဆိုခြင်း။

**စည်းမျဉ်းသုံး။** ။ ကျမ်းစာကို ကျမ်းစာဖြင့် နှိုင်းယှဉ်ခြင်းအားဖြင့် လိမ္မာပါးနပ်စွာ ရှာဖွေခြင်း။

က။ မူဝါဒကိုး။ ။ ကွဲပြားခြားနားမှုကို ရှာဖွေခြင်း။

ခ။ မူဝါဒတစ်ဆယ်။ ။ အကြောင်းရင်းပေါ် အခြေခံ၍ ဘာသာပြန်ဆိုခြင်း။

ဂ။ မူဝါဒဆယ့်တစ်။ ။ နှိုင်းယှဉ်၍ဘာသာပြန်ဆိုခြင်း။

ဃ။ မူဝါဒဆယ့်နှစ်။ ။ သဘောထားညီညွတ်စွာ ဘာသာပြန်ဆိုခြင်း။

င။ မူဝါဒဆယ့်သုံး။ ။ ခေတ်ကာလအပိုင်းအခြားနှင့်အညီ ဘာသာပြန်ဆိုခြင်း။

စ။ မူဝါဒဆယ့်လေး။ ။ ပရောဖက်ပြုချက်ကို သတိထား၍ ဘာသာပြန်ဆိုခြင်း။

**စည်းမျဉ်းလေး။** ။ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မှန်ကန်စွာအသုံးပြုခြင်းအားဖြင့် ခရစ်ယာန်အသက်တာဖြင့် နေထိုင်ကျင့်ကြံမှုကို ရှာဖွေခြင်း။

က။ မူဝါဒဆယ့်ငါး။ ။ ဆီလျော်စွာ အသုံးပြုခြင်းသည် ဆီလျော်စွာ ဘာသာပြန်ဆို ခြင်းအပေါ်၌ မူတည်သည်။

ခ။ ဆီလျော်အောင် လိုက်လျှောက်ရန် အဆင့်(၅)ဆင့်။

ဂ။ ဆီလျော်အောင် ဘာသာပြန်ဆိုခြင်းအတွက် အဟန့်အတား (၆)ခု။

ဃ။ လိုက်နာခံယူရန် ကျဆင်းတတ်သော နည်းလမ်း (၈)မျိုး။

## အပိုင်း ၁

# စည်းမျဉ်းတစ်

**စည်းမျဉ်းတစ်။ ။ကျမ်းစာရှိ နှုတ်ကပတ်တော်အားလုံးကို လေ့လာခြင်းအားဖြင့် ဘုရားသခင်နှင့် ခရစ်တော်အကြောင်းကို မှန်ကန်တိကျသော အချက်အလက်များဖြင့် ရှာဖွေခြင်း။**

ဘုရားသခင်၏ အခြေခံအသွင်လက္ခဏာအနှစ်သာရသည် ကိုယ်တော်၏ ဂုဏ်တော်များအဖြစ် မှန်ကန်စွာ ဘာသာပြန်ဆိုမှုအတွက် အရေးကြီးပါသည်။ထိုဂုဏ်တော်အနှစ်များသည် ဘယ်အခါမျှ မဆီလျော်ခြင်း၊ အလျော့အတင်းညှိယူရခြင်းဟူ၍ မရှိပါ။ ဘုရားသခင်၏ သဘာဝထူးကဲမြင့်မြတ်မှုကို သိရှိသလောက် ကိုယ်တော် ဖေါ်ပြမိန့်ဆိုချက်တို့ကို နားလည်ကြ မည် (ဖိလိပ္ပိ၊ ၃း၁၀)။

ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်၌ ရှိသောဂုဏ်တော် အနှစ်သာရများ ကို ကျမ်းစာက သုံးပါးတစ်ဆူအဖြစ် သက်သေထူထားသည်။ သုံးပါးတစ်ဆူဟူသည်မှာ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်ဟူ၍ ဘုရားဖြစ်ကြောင်းကို ထင်ရှားစွာ ဖေါ်ပြပါသည်။ သူတို့၌ အတိုင်းအတာ (၃)မျိုးရှိသည်။ ခမည်းတော်သည် အကြံအစည်တော် ထားရှိသူ (တမန်၊ ၂း၂၃)၊ သားတော်သည် စီမံဆောင်ရွက်သူ (ယောဟန်၊ ၅း၃၆)၊ သန့်ရှင်းသောဝိညာဉ်တော်သည် ဖွင့်ဟဖေါ်ပြသူ (ယောဟန်၊ ၁၆း၁၃) ဖြစ်သည်။ ထိုသို့ မတူညီသော အတိုင်းအတာများအကြောင်း လေ့လာလျှင် သုံးပါးတစ်ဆူဖြစ်ခြင်းကို ခွဲခြားဘို့ မကြိုးစားသင့်ပါ။ ဘုရားတစ်ဆူတည်းရှိပြီး (တရား၊ ၆း၄) ခမည်းတော်၊ သားတော်၊ သန့်ရှင်း သော ဝိညာဉ်တော်သည် ဘုရားဖြစ်အင် ဂုဏ်တော်အနှစ်သာရများကို ပိုင်ဆိုင်သောဘုရား ဖြစ်ပါသည်။

နောက်ပိုင်းသင်ခန်းစာတို့တွင် သုံးပါးတစ်ဆူဘုရားအကြောင်း ပို၍လေ့လာကြမည်။

## က။ မူဝါဒတစ်။ ။ဘုရားဂုဏ်တော်အနှစ်သာရကို လေ့လာခြင်း။

ဘုရားသခင် ပိုင်ဆိုင်တော်မူသော ဂုဏ်တော်အနှစ်သာရ ဆယ်ချက်ရှိပါသည်။ အလွတ်ကျက်ပြီး ထပ်ဖန်တလဲလဲ ရွတ်ဆိုသင့်ပါသည်။

၁။ ထူးကဲမြင့်မြတ်ခြင်း (Sovereignty)

ဘုရားသခင်သည် ထူးကဲမြင့်မြတ်ခြင်းရှိသည်။ ဆိုလိုသည်မှာ သူသည် ရှင်ဘုရင်ဖြစ်ပြီး ထိုသို့ပြုမူတတ်သည်။ထူးကဲမြင့်မြတ်ခြင်းအဓိပ္ပါယ်မှာ သဘာဝလွန် တန်ခိုးအာဏာ၌ တည်ရှိ၍ ဆောင်ရွက်လုပ်ကိုင်ခြင်းဖြစ်သည်။ ဖန်ဆင်းခြင်းအားလုံးအပေါ်၌ အုပ်စိုးနိုင်မှု အာဏာ သည် အကန့်အသတ်မဲ့ဖြစ်သည်။ ဘုရားသခင်သည် ဖန်ဆင်းခံရသူ မဟုတ်ဘဲ ကိုယ်တိုင် ဖန်ဆင်းရှင်ဖြစ်သည် (ရောမ၊ ၁း၂၀၊၂၅)။ ထို့ကြောင့် ဘုရားသခင်သည် မိမိ၏အကြံအစည်၊ ပညတ်နှင့် စီရင်ခြင်းတို့ကို ကိုယ်တိုင်လုပ်နိုင်သော အစွမ်းတန်ခိုး ရှိသည်။ အကြံအစည် တော်ကို နားလည်ရန် ခက်ခဲသော်လည်း မိမိရွေးချယ်သည့်အတိုင်း လုပ်နိုင်စွမ်းရှိသည်။

၂။ ဖြောင့်မတ်ခြင်း (Righteousness)

ဘုရားသခင်၏ အလုံးစုံဖြောင့်မတ်ခြင်းသည် အရာခပ်သိမ်း၌ စုံလင်ခြင်း သဘော ဖြစ်သည်။ ဘုရားသခင်သည် အရာခပ်သိမ်း၌ ဖြောင့်မတ်ခြင်းစံချိန် ထူးကဲသောကြောင့် ကျွန်ုပ်တို့ အတုယူလိုက်လျှောက်သင့်သည် (ဧဖက်၊ ၅း၁)။

၃။ တရားမျှတခြင်း (Justie)

ဘုရားသခင်သည် ပြည့်ဝစုံလင်သော တရားမျှတသူဖြစ်သည်။ ဘုရားသခင်၏ တရားမျှတခြင်းသည် ဖြောင့်မတ်ခြင်းကြောင့်ဖြစ်သည်။ ကိုယ်တော်သည် "သူတစ်ပါးကြည်ညိုခြင်း" ကြောင့် ဖြောင့်မတ်ရခြင်း မဟုတ်ပါ (ရောမ၊ ၂း၁၁)။ တစ်ပိုင်းတစ်စဖော်ပြခြင်းလည်း မလုပ်ပါ။ (ပညတ်ကို လွန်ကျူးသော) အပြစ်ရှိရာ၌ ကိုယ်တော်၏တရားမျှတခြင်းလည်း ရှိသည် (ရောမ၊ ၅း၁၃)။

၄။ ချစ်ခြင်းမေတ္တာ (Love)

ခြွင်းချက်မရှိ စုံလင်သောအကြွင်းမဲ့မေတ္တာသည် ဘုရားသခင်၌သာရှိသည်။ ချစ်ခြင်းမေတ္တာ ဆိုသည်မှာ မိမိခံစားချက်ကို မနှစ်မြို့သော်လည်း သူတစ်ပါးအတွက် အကောင်းဆုံး လုပ်ဆောင်ပေးခြင်း သဘောမျိုးဖြစ်သည်။ ခရစ်ယာန်တို့သည် ထိုမေတ္တာသဘောကို

ဆောင်ပြီး တစ်ပါးသူတို့ ဘုရားကိုသိလာစေဘို့ လုပ်ဆောင်ရခြင်းဖြစ်သည် (ယောဟန်၊ ၁၃း၃၄-၃၅)။

၅။ ထာဝရအသက် (Eternal Life)

ဘုရားသခင်သည် ထာဝရအသက်ဖြစ်တော်မူ၏။ ပြောင်းလဲခြင်းမရှိ အစဉ်အမြဲတည်သည်။ ထာဝရအသက်ဟူသည် အစမရှိ အဆုံးမရှိ။ ခရစ်ယာန်ဖြစ်သော ကျွန်ုပ်တို့သည် ထိုသို့သော အဆုံးအစကင်းသည့် ထာဝရအသက်ကို ပိုင်ဆိုင်ရသည်။ ဘုရားသခင်၏ ထာဝရအသက် သည် သေခြင်း၌ အဘယ်အခါမျှ မနှစ်မြုပ်ကြောင်း ထင်ရှားသည်။

၆။ အရာခပ်သိမ်းကို တတ်စွမ်းသည် (Ommipotent - All power)

အဓိပ္ပါယ်မှာ ဘုရားသခင်သည် အရာခပ်သိမ်းကို တတ်နိုင်ကြောင်းဖြစ်သည်။ အရာခပ်သိမ်း ကို တတ်နိုင်ခြင်း နမူနာသည် ကောင်းကင်နှင့်မြေကြီးဖန်ဆင်းခြင်း၌ တွေ့ရသည် (ကမ္ဘာ၊ ၁း၁)။ "နှုတ်တော်ထွက်စကား" ဖြင့် ကောင်းကင်ကို ဖန်ဆင်း၍ "နှုတ်တော်အသက်"အားဖြင့် ကောင်းကင်တန်ဆာများကို ဖန်ဆင်းသည် (ဆာလံ၊ ၃၃း၆)။

၇။ နေရာတိုင်း၌ ရှိတော်မူသည် (Ommipotent - At All Places)

အဓိပ္ပါယ်မှာ တချိန်တည်းမှာ နေရာတိုင်း၌ ရှိတော်မူသည်။ ဘုရားသခင်သည် အရာခပ်သိမ်းဖြစ်ခြင်း မဟုတ်ပါ။ နေရာတိုင်း၌ ရှိခြင်းကိုဆိုသည်။ ဘုရားပကတိ ဖြစ်ခြင်းသဘောကို ဖော်ပြခြင်းဖြစ်သည်။

၈။ အရာခပ်သိမ်းကို သိတော်မူသည် (Ommipotent - All Knowing)

ဘုရားသခင်သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ အားလုံးကို သိတော်မူသည်။ ဘုရားသခင်သည် ဖြစ်ပျက်လာမည့် အရာအားလုံးကို အသေအချာသိယုံမက ဖြစ်နိုင်သည့်အရာကိုပါ သိတော်မူသည်။ အခြေအနေအားလုံး၏ အချိန်အခါနှင့်ဆုံးဖြတ်ချက်ချမည့် အရာအားလုံး အထိ သိတော်မူ၏။ အကြံအစည်တော်သည် နှစ်ကာလတစ်လျှောက် အကျိုးသက်ရောက်မှု အတွက် ဖြစ်စေရသည် (ရောမ၊ ၈း၂၈-၃၀)။

၉။ ပြောင်းလဲခြင်းမရှိ (Immutable - un changing)

ဘုရားသခင်၏ ဂုဏ်တော်အနှစ်သာရတို့သည် ဘယ်အခါမျှ ပြောင်းလဲခြင်းမရှိပါ။

၁၀။ သစ္စာနှင့်ပြည့်စုံခြင်း (Truthful)

ဘုရားသခင်သည် သစ္စာနှင့် လုံးဝပြည့်စုံသည်။ ဘုရားသခင် လုပ်ဆောင်သမျှ အားလုံးသည် ယုံကြည်နိုင်ဘွယ်ဖြစ်ကြောင်း ဤအသွင်လက္ခဏာအားဖြင့် သိရသည် (တရားဟော၊ ၂၃း၁၉)။ ဘုရားသခင် မုသားပြောဘို့ မဖြစ်နိုင်ပါ (တိတု၊ ၁း၂)။

## ခ။ မူဝါဒနှစ်။ ။ခရစ်တော်၏ ထင်ရှားဖော်ပြပုံကို ရှာဖွေခြင်း

ဒုတိယစည်းမျဉ်းက သမိုင်းရာဇဝင်အားလုံးတို့သည် ခရစ်တော်ကို ရှေ့ရှုနေကြပါကြောင်း ပြန်လည်သိမြင်လာခြင်းဖြစ်သည်။ ၎င်းတို့မှာ ခရစ်တော်သည် အရာခပ်သိမ်း ဖန်ဆင်းကြောင်း (ယောဟန်၊ ၁း၁၊၃၊၁၄၊ ကောလော၊ ၁း၁၆-၁၇)၊ အာလဖနှင့်ဩမေဃ "အစဦးနှင့် အဆုံးဖြစ်ကြောင်း" (ဗျာဒိတ်၊ ၁း၈)၊ လူ့ဇာတိခံယူသော တစ်ပါးတည်းသော ဘုရားဖြစ်ကြောင်း (ဖိလိပ္ပိ၊ ၂း၆-၈) တို့ဖြစ်ကြသည်။

ဘုရားရှင်၏ နှုတ်ကပတ်တော်ကို နားလည်ဘို့ရှာဖွေသောအခါ ကျွန်ုပ်တို့ ရွတ်ဆိုသော စာကြောင်းက သခင်ယေရှုခရစ်တော်အကြောင်း သမ္မာတရားနှင့် မည်သို့ဆက်စပ်မှု ရှိကြောင်း ဆုံးဖြတ်ရမည်ဖြစ်သည်။ ဤသို့ပြုလုပ်ရန် နည်းလမ်းတစ်ခုမှာ ကျမ်းစာထဲရှိ တစ်စုံတစ်ဦး၊ တစ်နေရာရာ၊ အရာတစ်ခုခု သို့မဟုတ် အဖြစ်အပျက်တစ်ခုခုစီက ကျွန်ုပ်တို့၏ သခင်အကြောင်းကို မည်သို့သင်ပြထားကြောင်း ဆုံးဖြတ်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့ကို "ကောင်းသောအရာများ၊" မှန်ကန်သောသမ္မာတရား၊ ကျွန်ုပ်တို့၏ သခင် ယေရှုခရစ် အကြောင်းတို့ကို သင်ကြားလေ့လာရန်နှင့် ရှာဖွေရန်တိုက်တွန်းထားပြီး၊ ထိုကောင်းသော အရာများ၏ "အရိပ်" မျှသာဖြစ်သော ပညတ်ဟောင်းကိုသာ မကြည့်မိစေရန် သတိပေးထား ၏ (ဟေဗြဲ၊ ၁၀း၁၊ ယော၊ ၁၄း၆)။ ဓမ္မဟောင်းကျမ်းထဲရှိ ဤလူသားများ၊ နေရာများနှင့် အဖြစ်အပျက်များကို ကိုယ်တော်အား ပို၍နားလည်နိုင် စေရန် ဘုရားရှင်သည် ကျွန်ုပ်တို့ အတွက် ပုံသက်သေသာဓကများအဖြစ် ပေးထားခြင်း ဖြစ်သည် (၁ကော၊ ၁၀း၁-၆)။

လူသားပုံသက်သေအနေဖြင့် ကိုယ်တော်ရှင်အကြောင်းပြောပြသော ပုံဥပမာကို ပုရောဖက် ယောနစာအုပ်တွင် တွေ့ရှိရပါသည်။ သင်မှတ်မိသည့်အတိုင်း၊ ယောနသည် ဘုရားသခင် စေခိုင်းသည့် အာရှုရိပြည်သို့သွားရန် ငြင်းဆန်ခဲ့သည်။ ထိုသို့မသွားဘဲ အခြားဒေသသို့ သင်္ဘောဖြင့် လိုက်သွားခဲ့၏။ လေမုန်တိုင်းတိုက်ခတ်လာပြီး၊ ယောနကို သင်္ဘောပေါ်မှ ချကာ၊ ငါးကြီး၏ ဝမ်းဗိုက်ထဲရောက်ရှိသွားပြီးနောက်၊ သုံးရက်မြောက်သောနေ့တွင်

အာရှိရိပင်လယ် ကမ်းနားသို့ ငါးကြီး အန်ထုတ်လိုက်သည်တွင် ယောနပါသွားပြီး၊ ဘုရားသခင်စေခိုင်းရာသို့ လိုက်သွားရလေတော့သည်။ သုံးရက်နှင့်သုံးညကို "ပရောဖက် ယောန၏ အမှတ်လက္ခဏာ" ခေါ်စမှတ်ပြုကြပြီး (မဿဲ၊ ၁၂း၃၉-၄၀)၊ သင်္ချိုင်းဂူထဲ၌ ယေရှုခရစ် နေခဲ့ရသည့်အချိန်ကို ဖော်ပြခြင်းဖြစ်သည်။

နေရာကလည်း ကိုယ်တော်ရှင်အကြောင်း ပုံသက်သေဆောင်နိုင်ပါသည်။ ယေရှုသည် "မုန့်အိမ်" ဟုအဓိပ္ပါယ်ဆောင်သည့် ဗက်လင်မြို့တွင် (မိက္ခာ ၅း၂) မွေးဖွါးလာမည် ဖြစ်သည်။ အမှန်တကယ်ပင်၊ ယေရှုသည် ကောင်းကင်ဘုံမှ ကြွဆင်းလာတော်မူသော အသက်မုန့်ဖြစ်ပြီး ဝိညာဉ်ရေးအသက်တာကို တည်တံ့ခိုင်မြဲစေသူဖြစ်လာပါသည်။ (ယော၊ ၆း၃၅)။

ဘုရားသခင်အကြောင်းကို တိုက်ရိုက်ပြောပြသော အရာဝတ္ထုမြောက်များစွာရှိပါသည်။ တဲတော်နှင့် ဗိမာန်တော်တို့သည် ဤကဏ္ဍ၌ ပါဝင်ကြ၏။ မန္နမုန့်ချထားသည့် စားပွဲတော်၊ ရွှေဖြင့်ပြုလုပ်ထားသည့် မီးထွန်းတိုင်နှင့် အမွှေးနံ့သာတို့ဖြင့် သင်းကြိုင်နေသော ယဇ်ပူဇော်ရာ တို့ဖြင့် ဝန်းရံထားသည့် သန့်ရှင်းမြင့်မြတ်သည့်နေရာကို မြင်ယောင်လာ သောအခါ ခရစ်တော် ယေရှုကို ကိုယ်စားပြုဖော်ကျူးထားကြောင်း သဘောပေါက်ကြ ပါသည်။ နောက်ပြီး၊ ကိုယ်တော် သည် အသက်မုန့်ဖြစ်၏ (ယော၊ ၆း၃၅)။ "လောက၏ အလင်း" လည်းဖြစ်၏ (ယော၊ ၈း၁၂)။ ကျွန်ုပ်တို့၏ ဆုတောင်းသံကို နားညောင်းတော် မူသောသခင် (အမွှေးနံ့သာများက သန့်ရှင်းသူတို့၏ ဆုတောင်းချက်များကို ကိုယ်စား ပြုထားပြီး [ဗျာဒိတ်၊ ၈း၃-၄] ဆုတောင်းခြင်းသည် "ဆက်ကပ်ပူဇော်ခြင်း" [ဟေဗြဲ၊ ၁၃း၁၅-၁၆] မည်ပေသည်။

လေဝိပုရောဟိတ်များက ပြုလုပ်လေ့ရှိသည့် ဆက်ကပ်ခြင်းများကဲ့သို့သော *အဖြစ်အပျက် လုပ်ဆောင်ချက်များ*သည် ကိုယ်တော်အရှင်သခင်အကြောင်းကို ပြောပြပါသည်။ ပူဇော် ဆက်ကပ်ခြင်းအားလုံး (ဝတ်ပြု၊ ၁-၇) တို့က "အချိန်အားလုံးအတွက် တစ်ခုသာပူဇော်ခြင်း" ဖြစ်သည့် ယေရှုအကြောင်းကို (ဟေဗြဲ၊ ၁၀း၁၀-၁၂) ကျွန်ုပ်တို့အား ညွှန်ပြပြောဆိုပါသည်။ အမှန်စင်စစ် ကိုယ်တော်သည် *"ဤလောက၏အပြစ်ကို ဆောင်သွားသောဘုရားသခင်၏ သိုးသငယ်"*(ယော၊ ၁း၂၉) ပင်ဖြစ်သည်။

သင်တန်းသားသည် ကျမ်းစာရှိ စာအုပ်တစ်အုပ်စီ၏ အဓိကရည်ရွယ်ချက်နှင့် ယေရှုခရစ် တော်သည် အဓိကအကြောင်းအရာဖြစ်ကြောင်း လေ့လာနိုင်သည်။ [၉၈]

| | |
|---|---|
| ကမ္ဘာဦး၊ | ဖန်ဆင်းရှင်နှင့် မိန်းမမှမျိုးနွယ် (၁း၁၊ ၃း၁၅) |
| ထွက်မြောက်၊ | အပြစ်သားအတွက် အသေခံသော သိုးသငယ် (၁၂း၁-၁၃) |
| ဝတ်ပြု၊ | ကျွန်ုပ်တို့၏ ယဇ်ပရောဟိတ်မင်း (တစ်အုပ်လုံး) |
| တောလည်၊ | ယာကုပ်အမျိုးမှကြယ် (၂၄း၁၇) |
| တရားဟော၊ | မောရှေကဲ့သို့ ပရောဖက် (၁၈း၁၅) |
| ယောရှု၊ | ကောင်းကင်ဗိုလ်ခြေအပေါင်း၏အရှင်သခင် (၅း၁၃-၁၅) |
| တရားသူကြီး၊ | တရားသူကြီး (၁၁း၂၇) |
| ရုသ၊ | ရွေးနှုတ်သောအခါ အနွယ် (၃) |
| ဓမ္မရာဇဝင်၊ | ဘုရင်တကာတို့၏ သခင် (၂ဓမ္မ၊ ၇း၁၈-၂၀) |
| ၃ရာ/ရာဇဝင်ချုပ်၊ | ကောင်းကင်မြေကြီးအရှင်သခင် (အုပ်လုံး) |
| ဧဇရ၊ | ပြန်လည်ရယူသူ (၁း၁) |
| နေဟမိ၊ | သစ္စာရှိသူ (၉း၃၂) |
| ဧသတာ၊ | မော်ဒီကဲ (၁၀) |
| ယောဘ၊ | ရှင်ပြန်ထမြောက်၍ ပြန်ကြွလာမည့် ရွေးနှုတ်သခင် (၁၉း၂၅) |
| ဆာလံ၊ | ကောင်းကြီးခံသောသူ (၁) |
| | ဘုရားသားတော် (၂) |
| | အသေခံသောသူ (၂၂) |
| | ထမြောက်သောသူ (၂၃) |
| | ကြွလာသောသူ (၂၄) |
| | အုပ်စိုးသောသူ (၇၂) |
| | ချီးမွမ်းခြင်းကို ခေါင်းဆောင်သူ (၁၅၀) |
| သုတ္တံ၊ | ကျွန်ုပ်တို့၏ဉာဏ်ပညာ (၄) |
| ဒေသနာ၊ | လစ်လျူရှုထားသော ပညာရှိ (၉း၁၄-၁၅) |
| ရှောလမုန်သီချင်း၊ | ငါနှစ်သက်ရာသခင် (၂း၁၆) |
| ဟေရှာယ၊ | ကိုယ်စားခံသော သခင်(၅၃) |
| ယေရမိ၊ | ဖြောင့်မတ်ခြင်း၏သခင် (၂၃း၆) |
| မြည်တမ်းစကား၊ | ဝမ်းနည်းငိုကြွေးသူ (၁း၁၂-၁၈) |
| ယေဇကျေလ၊ | ပလ္လင်ပေါ်ထိုင်သူ (၁း၂၆) |

| | |
|---|---|
| ဒံယေလ၊ | ဖြိုဖျက်သောကျောက်တုံး(၂း၃၄) |
| ဟောရှေ၊ | ဒါဝိဒ်၏ဘုရင် (၃း၅) |
| ယောလ၊ | ဝပြောစေသောသခင် (၂း၁၈-၁၉) |
| အာမုတ်၊ | ကြသရေလကို ကယ်ယူသူ (၃း၁၂) |
| သြဗဒိ၊ | ဇိအုန်တောင်ပေါ်မှ ကယ်လွှတ်သူ (ငယ်၁၇) |
| ယောန၊ | သင်္ချိုင်းပြီးထမြောက်သော ကယ်တင်ရှင် (တစ်အုပ်လုံး) |
| မိက္ခာ၊ | ထာဝရဘုရားသခင် (၅း၂) |
| နာဟုံ၊ | အမျက်တော်ကာလဒိုင်းလွှား (၁း၇) |
| ဟဗက္ကုတ်၊ | ယုံကြည်ခြင်းဒိုင်းလွှား (၂း၄) |
| ဇေဖနိ၊ | စီရင်ခြင်းနှင့် သန့်ရှင်းခြင်းအလယ်၌ရှိသူ (၃း၅၊၁၅) |
| ဟဂ္ဂဲ၊ | ပြိုလွင့်သော သိုးထိန်း (၂း၁၇) |
| ဇာခရိ၊ | အညွှန်း (၃း၈) |
| မာလခိ၊ | ဖြောင့်မတ်ခြင်းတရားတော် နေမင်း (၄း၂) |
| | |
| မဿဲ၊ | ဂျူးရှင်ဘုရင် (၂း၁) |
| မာကု၊ | ယေဟောဝါ၏ကျွန် (တစ်အုပ်လုံး) |
| လုကာ၊ | စုံလင်သောလူ၏ သား (၃း၃၈၊ ၄း၁-၁၃) |
| ယောဟန်၊ | ဘုရားသားတော် (၁း၁) |
| တမန်တော်၊ | တက်ကြွသောအရှင် (၁း၈-၉) |
| ရောမ၊ | ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်း (၃း၂၂) |
| ၁ကော၊ | အဦးသီးသော ထမြောက်သူ (၁၅း၂၀) |
| ၂ကော၊ | ကျွန်ုပ်တို့အတွက် အပြစ်ဒါဏ်ခံသူ (၅း၂၁) |
| ဂလာတိ၊ | ပညတ်တရားအဆုံး (၃း၁၀၊၁၃) |
| ဧဖက်၊ | ကျွန်ုပ်တို့၏ လက်နက်စုံ (၆း၁၁-၁၈) |
| ဖိလိပ္ပိ၊ | လိုအပ်သမျှကို ထောက်ပံ့သူ(၄း၁၉) |
| ကောလောသဲ၊ | ရှေးမစွကတည်ရှိသူ (၁း၁၈) |
| ၁သက်၊ | ပြန်ကြွလာမည့်သခင် (၄း၁၅-၁၈) |
| ၂သက်၊ | ဤလောကသို့ပြန်လာ၍ တရားစီရင်မည့်သူ (၁း၇-၉) |
| ၁တိမောသေ၊ | အကျိုးဆောင်သခင် (၂း၅) |
| ၂တိမောသေ၊ | သရဖူအပ်ပေးသူ (၄း၈) |

| | |
|---|---|
| ၁တု၊ | ကြီးမြတ်သောဘုရားနှင့် ကယ်တင်ရှင် (၂း၁၃) |
| ဖိလေမုန်၊ | အကျဥ်းခံသူ၏ မိတ်ဆွေ (၁း၉) |
| ဟေဗြဲ၊ | ပြီးပြည့်စုံခြင်းနှင့် ယုံကြည် (၉-၁၁) |
| ယာကုပ်၊ | ဆာဘဒ်၏ သခင် (၅း၄) |
| ၁ပေ၊ | ဓမ္မဟောင်းပရောဖက်အကြောင်းပြည့်စုံသူ (၁း၁၀-၁၁) |
| ၂ပေ၊ | သည်းခံသော ကယ်တင်ရှင် (၃း၉) |
| ၁ယော၊ | အသက်တာအတွက် နှုတ်ကပတ်တော် (၁း၁) |
| ၂ယော၊ | အန်တိခရစ်ကို ချိန်ရွယ်သူ (၁း၇) |
| ၃ယော၊ | သမ္မာတရား၏သခင် (၁း၃-၄) |
| ရှင်ယုဒ၊ | ယုံကြည်သူတို့ကို ကာကွယ်သူ (၁း၂၄-၂၅) |
| ဗျာဒိတ်၊ | ဘုရင်တကာတို့၏ဘုရင်၊ သခင်တကာတို့၏သခင် (၁၉း၁၁-၁၆) |

# အပိုင်း ၂

# စည်းမျဉ်းနှစ်

စည်းမျဉ်းနှစ်။ ။ရှင်းလင်းသောစာပိုဒ်ကို လမ်းညွှန်အဖြစ် အသုံးပြုခြင်း အားဖြင့် မှန်ကန်တိကျသော အချက်အလက်များကို နားလည်ရန် ရှာဖွေခြင်း။

ဤစည်းမျဉ်းက နားလည်ရအလွယ်ကူဆုံးသော ကျမ်းပိုဒ်များကိုရှာဖွေပြီး နားလည်ရခက်ခဲလှ သည့် အခြားကျမ်းပိုဒ်များကို ရှင်းလင်းလွယ်ကူအောင် သင်ပြပေးပါသည်။

ဤစည်းမျဉ်းနှင့် ဆက်နွယ်သည့် မူဝါဒခြောက်ခုကို ကျွန်ုပ်တို့ သင်ကြားကြရပါမည်။ ဤမူဝါဒ များက သင်တန်းသားအား ရှင်းလင်းသောစာပိုဒ်များကို နေရာချတတ်စေပြီး တွက်ချက်တတ် စေမည်ဖြစ်သည်။ ပြီးနောက် ကျမ်းစာတွင်တွေ့ရသည့် ခေါင်းစဉ်အမျိုးမျိုးတို့ကို အဓိပ္ပါယ် ပြန်နိုင်စေရမည်ဖြစ်သည်။

က။ မူဝါဒသုံး။ ။ရှေ့သို့တိုးတက်မှုရှိသည့်အတိုင်း ဘာသာပြန်ဆိုခြင်း။

ဤမူဝါဒက ဘုရားသခင်သည် ခေတ်ကာလတစ်လျှောက် သတင်းပေးမှုများကို ဖော်ပြကြောင်း ကျွန်ုပ်တို့အား သွန်သင်သည်။ ဥပမာ၊ မေရှိယအတွက် ပရောဖက်ပြုချက်သည် ကမ္ဘာ၊ ၃း၁၅ တွင် တွေ့ရသည်။ ဂတိတော်ရှိသည့် မိန်းမ၏ မျိုးစေ့အကြောင်းဖြစ်သည်။ ဓမ္မဟောင်းကျမ်းသည် ဤ "မျိုးစေ့"အကြောင်း စုံလင်စွာ ဆက်တိုက်ဖော်ပြခဲ့သည်။ မေရှိယသည် အာဗြဟံ၏ မျိုးစေ့မှ ဖြစ်ရမည် (ကမ္ဘာ၊ ၁၂း၃)။ ဣဇက်၏ မျိုးစေ့မှ ဖြစ်ရမည် (ကမ္ဘာ၊ ၂၁း၁၂)။ ယာကုပ်၏ မျိုးစေ့မှ ဖြစ်ရမည် (ကမ္ဘာ၊ ၃၅း၁၀-၁၂)။ ယုဒ၏ အမျိုးအနွယ်မှ ဖြစ်ရမည် (ကမ္ဘာ၊ ၄၉း၈-၁၁)။ ယေရှဲ၏ အငုတ်မှ အတက်ဖြစ်သည် (ဟေရှာယ၊ ၁၁း၁)။ ဒါဝိဒ်၏ အိမ်တော်မှ ဖြစ်ရမည် (၂ရာ၊ ၇း၁၂-၁၆)။ ဗက်လင်မြို့မှာ မွေးရမည် (မက္ခာ၊ ၅း၂)။ သူသည် လူဖြစ်သကဲ့သို့ ဘုရားသခင်ဖြစ်သည် (ဆာလံ၊ ၁၁၀း၁)။ ဧမာနွေလဟု ခေါ်တွင်မည် (ဟေရှာယ၊ ၇း၁၄)။ ပရောဖက် ဖြစ်သည် (တရားဟော၊ ၁၈း၁၈)။ ယဇ်ပုရောဟိတ်ဖြစ်သည် (ဆာလံ၊ ၁၁၀း၄)။ တရားသူကြီးဖြစ်သည် (ဟေရှာယ၊ ၃၃း၂၂)။ ရှင်ဘုရင်ဖြစ်သည် (ယေရမိ၊ ၂၃း၅)။ ဝိညာဉ်တော်အထူးဘိသိတ်ပေးသည် (ဟေရှာယ၊ ၁၁း၂)။ ဘုရားသခင်၏ အိမ်တော်အတွက် စိတ်အားထက်သန်သူဖြစ်သည် (ဆာလံ၊ ၆၉း၉)။

အချိန်ကာလတစ်လျှောက်လုံး ဆက်တိုက်ဖြစ်ပေါ်လာခဲ့သော ပရောဖက်ပြုချက်များကို "တိုးတက်သော ထင်ရှားဖေါ်ပြခြင်း" ဟုခေါ်သည်။ ယေဘုယအားဖြင့် ပရောဖက်ပြုချက် ဖြစ်ပေါ်လာပြီး တိကျထင်ရှားသော ပရောဖက်ပြုချက်သည်လည်း ပေါ်လွင်လာခဲ့သည်။

ထို့ကြောင့်၊ ပထမဖေါ်ပြချက်ပေးထားသည့်အတိုင်း ကြည့်မြင်ရပြီး၊ ထိုအကြောင်းရင်း အတိုင်း နားလည်နိုင်ဘို့ ကျွန်ုပ်တို့ကို ညွှန်ကြားလေသည်။ ဥပမာ၊ စာတန်၏ လုပ်ရပ်ကို (ကမ္ဘာ၊ ၃း၁)တွင် တွေ့မြင်ခဲ့ပြီးဖြစ်သည်။ ထို "မြွေဆိုး" အကြောင်းလေ့လာရင်း သူသည် ဘုရားနှင့် ယှဉ်ပြိုင်သော လှည့်စားသူအဖြစ် ကျွန်ုပ်တို့သိလာရပါသည်။ လူ့သမိုင်း တစ်လျှောက်မှာ စာတန်သည် ကောင်းဘို့ရာ ဘယ်အခါမျှ မပြောင်းလဲခဲ့ပါ (ဗျာ၊ ၁၂း၉၊ ၂၀း၂-၃၊ ၁၀)။ သူသည် အချိန်ကာလနှင့်အညီ သူ၏စနစ်ကို ပြောင်းသော်လည်း သူ့ အယူအဆက မပြောင်းခဲ့ပါ (ဟေရှာယ၊ ၁၄း၁၂-၁၄) (ဗျာ၊၁၂း၉၊ ၂၀း၇-၈)။ ဘုရားတစ်ဆူဖြစ်ဘို့ ကြိုးစားသူ ဖြစ်သည် (၂သက်၊ ၂း၄)။

စကြာဝဠာဆိုင်ရာ အမှန်တရားသည် ပထမဆုံးဖေါ်ပြချက်နှင့် ဆက်စပ်၍ တည်ရှိနေ ကြောင်း ကျွန်ုပ်တို့ သိလာရသည်။ အချို့သော ခေါင်းစီးအကြောင်းရင်းတို့ကို ကမ္ဘာဦး ကျမ်း၌ပထမ တွေ့ခဲ့ရသည့်အတိုင်း ပြန်၍သုံးသပ်နိုင်သည်။ နှုတ်ကပတ်တော်ကို ဘာသာ ပြန်ဆိုချင်သူ အတွက် အဓိကပြုလုပ်ရမည့်အရာများမှာ ကမ္ဘာဦးကျမ်းကို စနစ်တကျ၊ တိကျစွာ လေ့လာရန် ဖြစ်သည်။

## ခ။ မူဝါဒလေး။ ။မူရင်းအတိုင်း ဘာသာပြန်ဆိုခြင်း။

ဤမူဝါဒက ဘုရားသခင် မိန့်တော်မူသမျှသည် သူ့ဆိုလိုရင်းဖြစ်သည်ကိုလည်းကောင်း၊ သူဆိုလိုသည်က သူမိန့်တော်မူချက်ဖြစ်သည်ကိုလည်းကောင်း သင်ပြထား၏။ နှုတ် ကပတ်တော်ကို နားလည်ဖို့ ညွှန်နေပါသောကြောင့် ဤမူဝါဒသည် လွန်စွာအရေးကြီး ပါသည်။ ကျွန်ုပ်တို့သည် ကလေးများကို ညွှန်ကြားသောအခါ၌ သူတို့မှတ်မိစေဖို့ တတ်နိုင် သမျှ ရှင်းလင်းစွာ ဖော်ပြရသည်။ မတူညီသော နည်းလမ်းအမျိုးမျိုးမှ တစ်စုံတစ်ရာကို ညွှန်ကြား ခြင်းဖြင့် သူတို့၏ သေးငယ်သော ဦးနှောက်သည် ထိုအရာကို ကိုင်စွဲမိပေမည် (ဟေပြ၊ ၁း၁)။ ကျွန်ုပ်တို့ ဘုရားသခင်၏ သားသမီးများ မဟုတ်ပါလား (၁ယော၊ ၃း၁)။ ကိုယ်တော် သည် ကျွန်ုပ်တို့၏ အဖမဟုတ်ပါလား (ရောမ၊ ၈း၁၅)။ မူရင်းအတိုင်း ဘာသာပြန်ဆိုခြင်းဆိုသည်မှာ ကျွန်ုပ်တို့သည် ဘုရားသားသမီးများအနေဖြင့် ကိုယ်တော် မိန့်တော်မူသမျှကို လက်ခံရရှိခြင်းဖြစ်သည်။

ဤသို့ဖြင့် နှုတ်ကပတ်တရားစကားကို ရှင်းလင်းလွယ်ကူစွာ တိုက်ရိုက်ကြည့်မြင်နိုင်ပါသည်။ မရှင်းသော ကျမ်းပိုဒ်ပင်လျှင် နားလည်လက်ခံလာအောင် ရှင်းလင်းလာပေမည်။

ကျွန်ုပ်တို့သည် ရှင်းလင်းလွယ်ကူ၍ တိုက်ရိုက်နားလည်ဖို့ လွယ်ကူသော ဥပမာတစ်ခုကို ယော၊ ၃း၁၆ တွင်တွေ့ရပြီး၊ *"ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏"* (ယော၊ ၃း၁၆) ဟုဆိုထားပါသည်။ "ဖြစ်နိုင်သည်၊" "ဖြစ်လိမ့်မည်" သို့မဟုတ် "ဖြစ်လျှင်" ဟူကာ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၌ မသေချာမရေရာခြင်းအလျင်းမရှိ။ ဤအရာက ကိုယ်တော်၏ လောကအပေါ် ချစ်တော်မူခြင်းကို ရှင်းလင်းစွာဖော်ပြထားပြီး "ယုံကြည်သောသူအပေါင်းတို့" ကို ထာဝရအသက်ရမည့်အကြောင်း ရှင်းလင်းစွာ တင်ပြထား၏။

ရောမ၊ ၃း၂၃ တွင် ဤဖော်ပြချက်ပုံစံကို တွေ့ရသည်။ *"လူအပေါင်းသည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့်ရှေ့တော်၌ အသရေပျက်ကြပြီ။"* ကျမ်းစာအရ၊ အပြစ်၏ အခြေအနေမှာ ခရစ်တော်မပါသော လူ့ဘဝသည် အပြစ်ထဲ၌ ရှိနေကြောင်း ဖြစ်သည် (၁ပေ၊ ၂း၂၂)။ ကျမ်းစာကသာ နည်းဥပဒေသကို ပြုလုပ်၍ ကျမ်းစာကပင် ထိုနည်းဥပဒေသ၏ ခြွင်းချက်ကို ပြုလုပ်နိုင်သည်။ ကျွန်ုပ်တို့သင်တန်းသားများသည်လည်း ဘုရားရှင်၏ တစ်လောကလုံး အတွက် မိန့်တော်မူချက်ကို မည်သူမျှ ခြွင်းချက်ထား၍မရ။ ထို့ကြောင့် ခရစ်တော်ယေရှုမှ အပ ကျွန်ုပ်တို့အားလုံး အပြစ်သားများဖြစ်ကြ၏။

ကျမ်းစာ၌ "ဝှက်ထားခြင်း"နှင့် "နက်ရှိုင်းခြင်း" အဓိပ္ပါယ်သည် တစ်ခုပြီးတစ်ခု ကွဲလွဲမှုရှိသည်။ "ဒဏ္ဍာရီဆန်ဆန်" ချဉ်းကပ်ခြင်းသည် နှုတ်ကပတ်တော်၏ စစ်မှန်သောအနှစ်ကို ဖယ်ထုတ်တတ်သည်။ "ဇာတ်လမ်းသရုပ်"ဖော်၍ ချဉ်းကပ်ခြင်းသည် နှုတ်ကပတ်တော်ကို ထပ်မံဖြည့်စွပ်တတ်သည်။ ဘုရားသခင်က ထိုအရာများကို သတိထားဖို့ ညွှန်ပြထားပြီး နှုတ်ကပတ်တော်၏ အဓိပ္ပါယ်အစစ်အမှန်မှ သွေဖီမသွားဖို့ လိုသည် (ဗျာဒိတ်၊ ၂၂း၁၈-၁၉)။

ကျမ်းစာသည် မူရင်းသမိုင်းကြောင်းတစ်လျှောက်မှ အခြေပြုထားသည် (၁ကော၊ ၁၅)။ မူရင်းအတိုင်းအတာ မစဉ်းစားလျှင် အသင်းတော်နှင့် ဣသရေလရာဇဝင်တစ်လျှောက် ရှုပ်ထွေးမှုများပေါ်လာပေမည်။

အခြားသော စကြာဝဠာလုံးဆိုင်ရာ ဖော်ပြချက်ဖြစ်သည့် ဥပမာများကို၊ (ရောမ၊ ၈း၃၅-၃၉၊ ယောဟန်၊ ၃း၁၆၊ ၁၈၊ ၃၆၊ ဧဖက်၊ ၂း၈-၁၀၊ ၁ယော၊ ၂း၁-၂၊ တိတု၊ ၃း၅) တိုတွင် ဖတ်ကြည့်ပါ။

ဂ။ မူဝါဒ၄း။ ။တိကျစွာ အသေးစိတ်ဘာသာပြန်ဆိုခြင်း။

ဤမူဝါဒသည် ကျမ်းစာကို ဘာသာပြန်ရှတ်ဆိုသောအခါ တိကျစွာဖြေဆိုသင့်သည့် တိကျသောမေးခွန်းအချို့တို့ကို ထုတ်ဖော်လေသည်။ ဥပမာ၊ "မည်သူ့အကြောင်းကို အခြေခံသနည်း?" "မည်သူ့ကို ပြောသနည်း?" "မည်သည့်အကြောင်းကို အခြေခံသနည်း?" "မည်သူနှင့် သက်ဆိုင်သနည်း?"

ဤမူဝါဒသဘောမှာ သမိုင်းကြောင်းတစ်လျှောက်တွင် ဘုရားသခင်သည် ဂျူး၊ တစ်ပါးအမျိုး သား၊ အသင်းတော်ဟူ၍ အမည်နာမများကို အာရုံစိုက်ခွဲခြားပြီး ထိတွေ့ဆက်ဆံခြင်းကို ဆိုလိုသည် (၁ကော၊ ၁၀း၃၂)။ ထို့ကြောင့် ဂတိတော်၊ ပဋိညာဉ်တော် သို့မဟုတ် သတိပေး ချက်တို့သည် မည်သူတို့နှင့် အဓိကသက်ဆိုင်ပြီး မည်သူ့အတွက်ဖြစ်ကြောင်း လေ့လာကြဘို့ ဖြစ်သည်။

ကျွန်ုပ်တို့သည် မည်သူ့အတွက် အဓိကဆိုလိုသည့် ပဋိညာဉ်ဟူ၍ လာမည့်အခန်းများတွင် လေ့လာမည်ဖြစ်သည်။ ဥပမာ၊ တစ်ပါးအမျိုးသားတို့သည် ဘုရားသခင်ကို နားမထောင်ကြသောကြောင့်လည်းကောင်း၊ ဆိုးညစ်သောကြောင့်လည်းကောင်း၊ ဖယ်ရှားပစ်နိုင်ကြောင်း ဖြစ်သည်။ ရှမာရီ၊ ဗာဗုလုန်၊ အာရှုရိနှင့် ပါရှားတို့သည် ထိုသို့ဖြစ်ခဲ့ကြသည်။ ဣသရေလတို့ ကွဲပြားမည့် အကြောင်းသာမကဘဲ ပြန်လည်စုစည်းကြမည့် အကြောင်းကိုပါ ဘုရားသခင် ဂတိတော်ထားရှိသည်။ မည်သည့်လူမျိုးကိုမှ ဤဂတိမျိုး မထားပါ။ အကယ်၍ ဤဂတိတော် ကို ဣသရေလအတွက်မဟုတ်ဘဲ အခြားလူမျိုးများအတွက် ကျွန်ုပ်တို့ ယူဆလိုက်လျှင် ကျမ်းစာခံယူမှုလွဲမှားသွားပြီး ဖြစ်သည်။

ဒုတိယဥပမာမှာ၊ ခါနန်ပြည်ကို ဣသရေလတို့ သိမ်းယူဝင်စားပြီး နိုင်ငံသားဖြစ်ကြမည့် အကြောင်းဖြစ်သည် (ကမ္ဘာ၊ ၁၂း၁-၃၊ ၁၃း၁၅)။ အသင်းတော်အတွက်မှာမူ ကောင်းကင်နိုင်ငံသားခံယူရမည် (ဖိလိပ္ပိ၊ ၃း၂၀)။ လူမျိုးရေးနှင့် နယ်မြေဆိုင်ရာဂတိတော်မှာ အသင်းတော်နှင့် အခြားသောလူမျိုးတို့အတွက် မဟုတ်ပါ။

တတိယဥပမာမှာ၊ ဣသရေလတို့ ဘုရားသခင်နှင့်ဆက်ဆံရေးအပေါ် မူတည်ပြီးရမည့် ကောင်းကြီးမင်္ဂလာ (တရားဟော၊ ၈း၇-၁၀) နှင့် ထိုဣသရေလတို့အပေါ် ပြုမူချက်

အပေါ် မှာမူတည်ပြီး တစ်ပါးအမျိုးသားတို့ခံစားမည့် ကောင်းကြီးမင်္ဂလာ (ကမ္ဘာ၊ ၁၂း၃) ဟူ၍ ကွဲပြားမှုဖြစ်သည်။ အသင်းတော်ကို ဆက်ဆံသူနှင့် အခြားလူမျိုးကို ဆက်ဆံသူ မည်သူ့ အတွက်ကိုမျှ ထိုကောင်းကြီးမင်္ဂလာနှင့် မဆိုင်ပါ။

ဃ။ မူဝါဒခြောက်။ ။အခြေခံကျသော ကျမ်းပိုဒ်များကို ဘာသာပြန်ဆိုခြင်း။

ဤမူဝါဒသည် ကျွန်ုပ်တို့ ဝိညာဉ်ရေးအသက်တာအတွက် ဘုရားသခင်ပေးသော အခြေခံကျ သည့် သဘောထားများကို ရှင်းလင်းစွာ ဖေါ်ပြသည့် ကျမ်းပိုဒ်အမှန်အကန်များကို သိမှတ်စေသည်။ ကျမ်းစာ၌ သမ္မာတရားနှင့် သက်ဆိုင်သော ဖြစ်ရပ်အမျိုးမျိုးကို ဘုရားသခင်သည် ကျမ်းပိုဒ်တစ်ခုတည်း၌ အတိုချုံး၍ စုစည်းပေးထားသည်။ ဥပမာ၊

- ခရစ်တော်ရှင်ပြန်ထမြောက်ခြင်း။ ၁ကော ၊ ၁၅
- လူ၏လျှာ။ ယာကုပ်၊ ၃
- ဣသရေလတို့ ပြန်ရောက်ခြင်း။ ရောမ၊ ၁၁
- ယုံကြည်ခြင်းအောင်မြင်ဘို့။ ဟေဗြဲ၊ ၁၁
- မိမိသားသမီးများအတွက် ဘုရားသခင်၏ ဥပဒေသ။ ဟေဗြဲ၊ ၁၂း၁-၁၁
- အသင်းတော်။ ဧဖက်၊ ၁-၃
- ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ခြင်း။ ရောမ၊ ၃း၁၀-၂၁
- ပညတ်တရား။ ထွက်မြောက်၊၂၀
- ဘုရားသခင်၏လက်နက်စုံ။ ဧဖက်၊ ၆း၁၀-၁၇
- ချစ်ခြင်းမေတ္တာ။ ၁ကော၊ ၁၃

ဤနည်းဖြင့် အခြေခံကျမ်းပိုဒ်ကို လေ့လာ၍ အဓိကမူဝါဒများကို လက်ခံနိုင်ပြီး နောက်ဆက် တွဲကျမ်းပိုဒ်ကို ထပ်ဖြည့်နိုင်သည်။ ဥပမာ၊ ၁ကော၊ ၁၃း၄-၈ တွင် ပါသော ချစ်ခြင်းမေတ္တာ အရည်အသွေးတို့ကို အချိန်ယူ၍ လေ့လာသင်ကြားနိုင်သည်။

*“မေတ္တာသည် စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည် ငုဏ်ပြိုင်ခြင်း မရှိ၊ ဝါကြွားခြင်းမရှိ။ မာန်မာနမရှိ။ မလျောက်ပတ်စွာ မကျင့်တတ်၊ ကိုယ့်အကျိုးကို မရှာတတ်၊ ဒေါသအမျက်မထွက်တတ်၊ အပြစ်ရှိသည်ဟု မထင်တတ်၊ မတရားသော*

*အမှု၌ ဝမ်းမြောက်ခြင်း မရှိတတ်၊ သမ္မာတရား၌ ဝမ်းမြောက်တတ်၏၊ ခပ်သိမ်းသော အရာကို ဖုံးအုပ်တတ် ၏။ ခပ်သိမ်းသောအရာတို့ကို ယုံတတ်၏။ ခပ်သိမ်းသော အရာ တို့ကို မြော်လင့်တတ်၏။ ခပ်သိမ်းသောအရာတို့ကို သည်းခံတတ်၏။ မေတ္တာသည် ဖေါက်ပြန်ခြင်းသဘောနှင့် အစဉ်ကင်းလွတ်၏"*

မာကု၊ ၁၂း၂၉-၃၁ ပါ အကြောင်းကို ဖတ်ရှုရသောအခါ အကြီးမားဆုံးသော ပညတ်တော်နှင့် ပတ်သတ်၍ မေးခွန်းကို ခရစ်တော် ဖြေကြားချက်ကို တွေ့ရှိရမည်ဖြစ်သည်။

*"ယေရှုက ပညတ်တကာတို့တွင် အမြတ်ဆုံးသော ပညတ်ဟူမူကား၊ 'အို ဣသရေလ အမျိုး၊ နားထောင်လော့၊ ငါတို့၏ ဘုရားသခင်ထာဝရဘုရားသည် တစ်ဆူတည်းသော ထာဝရဘုရားဖြစ်တော်မူ၏။ ထာဝရဘုရားသည် တစ်ပါးတည်းဖြစ်တော်မူ၏။ သင်၏ ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့။ ဤပညတ်သည် ပထမပညတ်ဖြစ်၏။ ထိုမှတစ်ပါး ကိုယ်နှင့်စပ်ဆိုင်သော သူတို့ကို ကိုယ်နှင့်အမျှချစ်လော့ဟူသော ဒုတိယပညတ်သည် ပထမပညတ်နှင့် သဘောတူ၏။ ဤပညတ်တို့ထက် သာ၍ကြီးမြတ်သော ပညတ်မရှိဟု ပြန်၍ မိန့်တော် မူ၏။"*

ဤပညတ် (၂)ခု၌ ချစ်ခြင်းမေတ္တာအရည်အသွေး ပါဝင်နေရာ ဘုရားသခင်ကိုလည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း ချစ်သောအကြောင်းကို သတ်မှတ်၍ စစ်ဆေးနိုင်သည်။ ချစ်ခြင်း မေတ္တာ၏ အရေးကြီးပုံကို မာကု၊ ၁၂ ၌ တွေ့ရသည်။ ချစ်ခြင်းမေတ္တာ၏ ထင်ရှားပေါ်လွင် ခြင်းကို ၁ကော၊ ၁၃ ၌ တွေ့ရသည်။

သင်သည် ၁ကော၊ ၁၃ ရှိ "ချစ်ခြင်းမေတ္တာ" ကို လိုက်လျှောက်ခြင်းရှိမရှိ စစ်ဆေးလိုလျှင် မိမိကိုယ်ကို မေးခွန်းထုတ်ပါ။ "ငါ၌ စိတ်ရှည်သည်းခံခြင်းရှိသလား?" "ကြင်နာတတ်ပါသလား?" "မနာလိုစိတ် ရှိနေသလား?"

ဤမူဝါဒ၏ အခြားသောဥပမာတစ်ခုကို "ဘုရားသခင်အတွက် ပြည့်စုံသော စစ်ဝတ်တန်ဆာ" (ဧဖက်၊ ၆း၁၀-၁၇) တွင် တွေ့ရသည်။ ယုံကြည်သူ၏ ဝိညာဉ်ပိုင်းဆိုင်ရာ စစ်ဝတ်တန်ဆာအပြည့်အစုံကို ဤနေရာ၌သာ တစ်စုတစ်စည်းတည်းဖေါ်ပြထား၏။ "သစ္စာတည်းဟူသော ခါးပတ်ကိုစည်းလျက်" ဟုဖေါ်ပြထားသော ခါးပတ်ကို ဟေရှာယ၊ ၁၁း၅ တွင် ရည်ညွှန်းခဲ့ပြီးဖြစ်သည်။ "ရင်အုပ်တန်ဆာ" နှင့် "သံခမောက်လုံး" တို့ကို ၁သက်၊ ၅း၈ တွင် ရည်ညွှန်းဖေါ်ပြပါသည်။ "လက်နက်စုံ" သို့မဟုတ် စစ်ဝတ်တန်ဆာ၏ အစိတ် အပိုင်းတစ်ခုဖြစ်သည့် "ဓား" လက်နက်ကို ဟေဗြဲ၊ ၄း၁၂ တွင် အသုံးပြုထားသည်။

၈။ မူဝါဒခုနှစ်။ ။လူ့ဆန္ဒအလျောက် ဆုံးဖြတ်ချက်နှင့်အညီ ဘာသာပြန်ဆိုခြင်း။

ဤမူဝါဒသည် ဘုရားသခင်က လူကို ရွေးချယ်ပိုင်ခွင့်ပေးထားချက်နှင့်အညီ လွတ်လပ်စွာ လုပ်ဆောင်စေပြီး ထိုတာဝန်အတိုင်း ဆောင်ရွက်ခြင်းဖြစ်သည် (ယော၊ ၃း၁၈၊ ဂလ၊ ၆း၇)။ လူသားတို့၏ ရွေးချယ်မှု မူဝါဒသည် အာဒံနှင့် ဧဝ၏ ဖြစ်ရပ်ပုံသာဓကေ၌ ထင်ရှားစွာ တွေ့ရသည် (ကမ္ဘာ၊ ၂-၃)။ အရာခပ်သိမ်းကို သိတော်မူသော ဘုရားသခင် သည် တားမြစ်ထား သည့် *"ကောင်းမကောင်း သိကျွမ်းစေသည့် အပင်မှ အသီးကို သူတို့စားမိကြမည်"* ဟုသိတော်မူသော်လည်း ဘုရားသခင်သည် တားမြစ်ထားသော ညစာမစားဘို့ ဖန်တီးသော ဘုရားမဟုတ်ပါ။ အာဒံနှင့်ဧဝကိုယ်၌က ရွေးချယ်၍ စားမိကြ ခြင်းကြောင့် ဖြစ်သည်။ ထိုကြောင့် သူတို့၌ တာဝန်ရှိလာကြပြီး ဧဒင်ဥယျာဉ်မှ ထွက်ခဲ့ကြ ရသည်။

ကျမ်းစာ၌ ဆုံးဖြတ်ချက်အဆိုးအကောင်းတို့သည် လူသားမှ ဖြစ်လာသည်ဟု မှတ်တမ်း တင်ထားသည်။ ဤသည်မှာ လူ့စိတ်အတွင်း ရိုးသားမှုကို သက်သေပြခြင်း တစ်ခုဖြစ်စေ သည်။ လူသားတို့ ရွေးချယ်မှုအတွက် များစွာသော ဝေါဟာရနှင့် စာတမ်းများရှိကြရာ မှတ်သားဘွယ် စကားရပ်တို့မှာ "ယုံကြည်မှု" နှင့် "ယုံစားခြင်း" တို့ဖြစ်သည်။ ယင်းတို့မှာ ဂရိစကားတစ်လုံး တည်း၌ အဓိပ္ပါယ်ပေါ်လွင်သည်။ ဘုရားသခင်သည် အရာခပ်သိမ်းကို သိတော်မူပါသဖြင့် မည်သူသည် သားတော်ယေရှုခရစ်ကို ယုံကြည်၍ ကယ်တင်ခြင်းသို့ ရောက်မည်ကိုလည်း သိတော်မူသည် (ရောမ၊ ၈း၂၉၊ ၁ပေ၊ ၁း၁-၂)။ ကိုယ်တော်၏ ကြိုတင်သိမြင်ခြင်း ဉာဏ်တော်သည် ယုံကြည်ဘို့ လိုအပ်ချက်များကို ဖယ်ထုတ်မသွား ပါချေ။

ကျမ်းစာတွင် လူသားက ပြုလုပ်ခဲ့သည့် အကောင်းအဆိုးဆုံးဖြတ်ချက်နှစ်မျိုးစလုံးကို မှတ်တမ်းတင်ထားသည်။ ဤအချက်က ၎င်း၏ အတွင်းပိုင်းရိုးရှင်းမှုကို သက်သေပြ နေ၏။ ဤမူဝါဒအားဖြင့် လူတို့၏ ဆိုးဝါးသော ဆုံးဖြတ်ချက်များအကြောင်းကို ကျမ်းစာ၌ မှတ်တမ်းရှိကြောင်းကို ဖေါ်ထုတ်သည်။ လူ၏ အလိုဆန္ဒအတိုင်း ဆုံးဖြတ်လုပ်ဆောင် ကြခြင်း ဖြစ်ပြီး၊ အကြံအစည်တော်အတိုင်း ဖြစ်ပါသော်လည်း ဘုရားသခင် ဘယ်သော အခါမှ အမိန့်တော်ပေးခြင်းမရှိခဲ့ပါ။ လူသည် ဘုရားသခင် ခွင့်လွှတ်တော်မူသောကြောင့် သူ့လုပ် ဆောင်ချက်ကို ပြုလုပ်နေရသည်မဟုတ်ကြောင်း ကျမ်းစာက မှတ်တမ်းတင်ထား ၏။ ယေရှု ခရစ်တော်သည် ယုဒရှကာရုတ်က လှည့်ဖြားလိမ့်မည်ဖြစ်ကြောင်း သိတော်

မူပြီး ထိုသို့ မပြုလုပ်ဘို့ သတိပေးတော်မူခဲ့သည် (မဿဲ၊ ၂၆း၂၄)။ သို့သော် ယုဒရှကာရုတ်က ကိုယ်တော် ကို လှည့်စားခဲ့ပြီး အကျိုးဆက်များကို သူခံစားခဲ့ရသည်။

ဘုရားသခင်က လူသားကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ပေးထားသည်။ သို့သော် အချိန်တိုင်း၌ ခြွင်းချက်မရှိ ရွေးချယ်မှုပြုနိုင်စွမ်းကိုမူ ဘုရားရှင်က မပေး။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုခြင်းတွင် လူသားအမျိုး၏ ဆိုးရွားသည့် အပြစ်ရှိသော ရွေးချယ်မှုများကို ဆင်ခြင်ရမည်ဖြစ်သည်။

စ။ မူဝါဒရှစ်။ ။ ပဋိညာဉ်ဖွဲ့ခြင်းနှင့်ဆိုင်စွာ ဘာသာပြန်ဆိုခြင်း။

ဤနည်းစနစ်သည် လူနှင့်ဘုရားအကြား သဘောတူညီမှုတစ်ခုကို ချုပ်ဆိုခြင်းသဘောဖြစ်သည်။ လူ၏ ခြွင်းချက်ကိုထောက်ပြီး ချုပ်ဆိုခြင်းနှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်တရားအစစ်အမှန်ကြောင့် ခြွင်းချက်မဲ့ချုပ်ဆိုခြင်းဟူ၍ နှစ်မျိုးရှိသည်။

ပဋိညာဉ်ဟူသည် ဘုရားသခင်က မိမိ၏လူတို့နှင့် ဆက်ဆံခြင်းအကြောင်း သမိုင်းကြောင်းမှ ဖြစ်ရပ်အခြေခံကို ချိုင့်သုံးသပ်ရန် ဖြစ်သောကြောင့် အလွန်အရေးကြီးပါသည်။ ပဋိညာဉ်တို့ကို ကျွန်ုပ်တို့နားလည်ပြီး မိမိတို့ဘဝ၌ လမ်းညွှန်အဖြစ်ခံယူလျှင် အမှားအယွင်းမရှိဘဲ ကျမ်းစာကို နားလည်သဘောပေါက်ကြမည်။ ဥပမာ၊ ဣသရေလတို့သည် လူ့သမိုင်း တစ်လျှောက်တွင် အခက်အခဲများနှင့် ဒုက္ခအရောက်ဆုံးလူသားဟု သိရသော်လည်း (ဝတ်ပြု၊ ၂၆)၊ ဘုရားသခင်သည် သူတို့ကို အကာအကွယ် ပြုသည့်အတိုင်း ထိုဖြစ်ရပ်တို့မှ မရွေ့လျော့ သွားပါ။

တစ်ဦးချင်းစီလေ့လာဘို့ ပဋိညာဉ်(၉)မျိုးရှိသည်။ ကျမ်းစာအညွှန်းအတိုင်း ထိုပဋိညာဉ်များကို အတိုချုံးဖော်ပြပြီး မှတ်စုပြုလုပ်ပါ။

၁။ ။ ဧဒင်ဥယျာဉ်ဆိုင်ရာ ပဋိညာဉ်

ဤပဋိညာဉ်သည် ဘုရားသခင်နှင့် အာဒံအကြား ဧဒင်ဥယျာဉ်၌ ချုပ်ဆိုသော ပဋိညာဉ်ဖြစ် သည် (ကမ္ဘာ၊ ၁-၂)။ ၎င်းသည် လူတို့၏ နားထောင်ခြင်းအပေါ်မှာ မူတည်ပြီး ဘုရားသခင် ကောင်းကြီးပေးမှုလည်း ပါဝင်သည်။ ထိုကောင်းကြီးတို့မှာ ပတ်ဝန်းကျင်ကောင်းမွန်ခြင်း (၂း၈)၊ အစားအစာပြည့်စုံခြင်း၊ စိတ်ရွှင်လန်းခြင်း (၂း၉)၊ ကောင်းမွန်သော ရာသီဥတု (၁း၆-၇၊ ၃း၈)၊ ခြွင်းချက်ကင်းသော လိင်ဆက်ဆံခြင်း (၂း၂၁-၂၅)၊ နေ့စဉ်ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်း (၁း၂၆-၂၇၊ ၃း၈) တို့ဖြစ်ကြသည်။ ထိုပဋိညာဉ်တို့ကို လူကလက်ခံရရှိပြီး တားမြစ်သောအသီးကို စားခြင်းဖြင့် ချိုးဖျက်

ရာသို့ ရောက်ခဲ့ရသည်။

ဒေဝဥယျာဉ်ဆိုင်ရာ ပဋိညာဉ်သည် အကျိုးသက်ရောက်မှုမရှိတော့ပါသော်လည်း ကောင်းကြီးမင်္ဂလာမြောက်များစွာတို့မှာမူ ကောင်းကင်နှင့် မြေကြီးသစ် ခေတ်ရောက်ရှိသော ကာလတွင် လူတို့အပေါ် တည်ရှိတည်မြဲနေမည်ဖြစ်သည် (ဗျာဒိတ်၊ ၂၁-၂၂)။

၁။ ။အာဒံနှင့်ဆိုင်ရာ ပဋိညာဉ်

ဤပဋိညာဉ်သည် အာဒံကျဆင်းပြီး ဒေဝဥယျာဉ်၌ ဘုရားသခင်နှင့် အာဒံ ချုပ်ဆိုသော အရာ ဖြစ်သည် (ကမ္ဘာ၊ ၃း၁၄-၁၉)။ ၄င်းသည် ခြွင်းချက်မရှိ တိကျပြတ်သားမှုရှိသည်။

ဤပဋိညာဉ်သည် "ကျဆင်းခြင်း" ဟုခေါ်သည့် မူလအပြစ်၏ အကျိုးဆက်ကြောင့် ဖြစ်လာရသည်။ ဘုရားသခင်သည် လှည့်ဖြားမှုတန်ဆာကို ကျိန်ဆဲလိုက်ပြီး (၃း၁၄) အာဒံနှင့် မြွေတို့မှ ဆင်းသက်လာသော အမျိုးအနွယ်ကြားမှာ ယှဉ်ပြိုင်တိုက်လှန်ခြင်း တစ်ခုကိုထားရှိလိုက်သည် (၃း၁၄-၁၅)။ မိန်းမသည် အုပ်စိုးခြင်းကို ဝန်ခံပြီး သားဖွားခြင်း ဝေဒနာကို နာကျင်စွာ ခံရသည် (၃း၁၆)။ မြေကြီးသည်လည်း ကျိန်ခြင်းကိုခံ၍ အသီးအနှံ ဖွံ့ဖြိုးမှုခက်ခဲသည် (၃း၁၇-၁၉)။လူယောကျ်ားနှင့် လူမိန်းမတို့သည် ကိုယ်ခန္ဓာ၌ သေရပြီး (၃း၁၉၊၂း၁၇) ပြည့်စုံတင့်တယ်သော ဥယျာဉ်ထဲမှ နှင်ထုတ်ခြင်း ခံရသည် (၃း၁၇-၁၉)။

အာဒံနှင့်ဆိုင်ရာ ပဋိညာဉ်သည် ခေတ်အဆက်ဆက်တည်ရှိပြီး ဘုရားသခင်က နတ်မိစ္ဆာကို မိလေနိခေတ်ပြီးနောက် မီးအိုင်ထဲ လွှင့်ပစ်လိုက်သည့်အချိန်အထိ အကျိုးသက်ရောက်မှု ရှိမည်ဖြစ်သည် (ဗျာဒိတ်၊ ၂၀း၇-၁၀)။ အာဒံကျဆုံးခြင်း၏ အကျိုးဆက်သည် လူသားမျိုးနွယ်စုတစ်ခုလုံးကို သက်ရောက်စေကြောင်း ကျွန်ုပ်တို့သိနားလည်သင့်သည် (ရောမ၊ ၅း၁၂-၁၄)။

၃။ ။နောဧဆိုင်ရာ ပဋိညာဉ်

ဤပဋိညာဉ်ကို ကမ္ဘာ၊ ၈း၂၀- ၉း၁၇ ၌တွေ့ရပြီး ရေလွှမ်းမိုးအပြီး နောဧနှင့် ဘုရားသခင် ချုပ်ဆိုခြင်းဖြစ်သည်။ ၄င်းသည် ခြွင်းချက်မဲ့ ပဋိညာဉ်ဖြစ်ပြီး ရေလွှမ်းမိုးခြင်းကို ရင်မဆိုင်ရခင် လူသားမျိုးနွယ်ကို ဖျက်ဆီးမည့်အကြောင်း ဖော်ပြချက်ဖြစ်သည်။ နောက်တစ်ကြိမ် ရေလွှမ်း မိုးခြင်းဖြင့် ကမ္ဘာ့လူသားအားလုံးကို မဖျက်ဆီးဖို့ ကတိတော်လည်းပါသည်။ လူဦးရေပြန်လည် တိုးပွါးဖို့ (၉း၁)၊ တိရိစ္ဆာန်အသားကို စားရမည့်အကြောင်း (၉း၂-၄)၊

လူ့အသက်ကိုသတ်လျှင် အပြစ်ဒါဏ်စီရင်မည့်အကြောင်း (၉း၅-၆) ဘုရားသခင်၏ မိန့်ဆိုချက်လည်းပါဝင်သည်။ ဤပဋိညာဉ်နှင့်ပတ်သက်၍ ကောင်းကင်တွင် သက်တန့်ကို ပေါ်စေခြင်းအားဖြင့် ဘုရားသခင်၏ သစ္စာတည်ရှိမှုကို ဖော်ပြမည်ဖြစ်ကြောင်း လက္ခဏာ ပေးခဲ့သည်။

နောဧဆိုင်ရာပဋိညာဉ်သည် ရေလွှမ်းမိုးခြင်းမှအစပြုခဲ့ပြီး ထာဝစဉ်တည်ရှိတည်မြဲမည်ဖြစ်သည်။ နေရာဒေသအလိုက်ဖြစ်ပေါ်တတ်သော ရေလွှမ်းမိုးခြင်းများမှာမူ ရှိနေမည်ဖြစ်ပါသော်လည်း တစ်ကမ္ဘာလုံးကို ဖျက်ဆီးနိုင်သည့် ရေလွှမ်းမိုးမှုမျိုးရှိတော့မည်မဟုတ်။ တိရိစ္ဆာန်အသားကို စားနိုင်ခြင်းအခွင့်ကို ပေးထားခဲ့ပြီဖြစ်ပါသောကြောင့် လူသားအားလုံးအတွက် အသီးအရွက်သာစားရမည်ဟု (ဒံ၊ ၁) မပြောနိုင်ကြောင်း ကျွန်ုပ်တို့ ဆင်ခြင်ကြရမည်ဖြစ်သည်။ ဤပဋိညာဉ်၏ နောက်ပိုင်းတွင် သူများအသက်ကိုသတ်လျှင် ဘုရားသခင် ဒါဏ်ခတ် မည်ဖြစ်ကြောင်းဖြစ်ပြီး ယနေ့ထိ အကျုံးဝင်ပါသေး၏။

၄။ ။အာဗြဟံဆိုင်ရာ ပဋိညာဉ်

အာဗြဟံနှင့်ဆိုင်သော ဂတိတော်ပဋိညာဉ်ကို ကမ္ဘာဦး ၁၂း၁-၃ တွင် တွေ့ရပြီး၊ နောက်ပိုင်းတွင် ထပ်၍ ရှင်းလင်းချက်များကို ဖြည့်စွက်ပေးထားသည်။ ၎င်းကို အာဗြဟံနှင့် ချုပ်ဆိုပြီး ဘုရားသခင်တောင်းဆိုချက်ကို သူတွေ့ရှိသည်အထိ ခြွင်းချက်တစ်ခုအနေဖြင့် ရှိခဲ့ပြီးနောက် တွင် သူ၏ အမျိုးအနွယ်တို့၌ ခြွင်းချက်မဲ့ ဆက်လက်တည်ရှိသည်။

အာဗြဟံနှင့်ဂတိထားချုပ်ဆိုသော ပဋိညာဉ်၌ ပုဂ္ဂိုလ်ရေးဆိုင်ရာခံစားရမည့် ကောင်းကြီးမင်္ဂလာ၊ မရေမတွက်နိုင်သော သားစဉ်မြေးဆက်များ၊ မြို့ပြအိုးအိမ်၊ တိုင်းရေးပြည်ရွာအလိုက် ကောင်းကြီးမင်္ဂလာ၊ ကာကွယ်စောင့်ရှောက်မှုတို့အပြင် အမျိုးအနွယ်မှ မေရှိယဆင်းသက်လာခြင်းအထိ ပါဝင်သည် (ကမ္ဘာ၊ ၁၇း၁-၈)။

အာဗြဟံနှင့်ဆိုင်သော ပဋိညာဉ်သည် အာဗြဟံထံပေးထားခဲ့သော ဂတိတော်မှ စတင်ခဲ့သည်။ မေရှိယဆင်းသက်လာခြင်းသည် ယေရှုခရစ်တော် ပထမအကြိမ်ကြွလာတော်မူသောအခါ တွင် ပြီးပြည့်စုံခဲ့သည် (ဂလာ၊ ၃း၁၆)။ ပဋိညာဉ်နှင့် ဆက်နွယ်ပတ်သက်သည့် ရုပ်ဝတ္ထုပိုင်း ဆိုင်ရာကောင်းကြီးမင်္ဂလာများမှာ သမိုင်းတစ်လျှောက် အချို့နေရာများတွင် ပေးထားခဲ့ပါသော်လည်း အထွတ်အထိပ်မှာမူ မိလေနိခေတ်၌ ပေးတော်မူမည်ဖြစ်သည်။ ဤပဋိညာဉ် သည် အာဗြဟံခေတ်မှ မိလေနခေတ်တိုင်အောင် ခေတ်အဆက်ဆက် တည်ရှိတည်မြဲမည် ဖြစ်သည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်ထဲတွင် ရှုပ်ထွေးနက်နဲသော စာပိုဒ်များကို ဖြေရှင်းရာတွင် အာပြဟံနှင့်ဆိုင်သော ပဋိညာဉ်မူဝါဒကို အသုံးပြုခြင်းအားဖြင့် ပို၍နားလည်သဘောပေါက် လွယ်ကူစေပါသည်။ စာပိုဒ်ကို မဿဲ၊ ၁၁း၂၀-၂၄ ၌ အောက်ပါအတိုင်း တွေ့ရှိနိုင်သည်။

*"ထိုအခါ များစွာသောတန်ခိုးတော်ကို ပြတော်မူသောမြို့ရွာတို့သည် နောင်တမရ သောကြောင့်၊ ထိုမြို့တို့ကို ဤသို့ကဲ့ရဲ့ပြစ်တင်တော်မူ၏။ အိုခေါရာဇိန်မြို့၊ သင်သည် အမင်္ဂလာရှိ၏။ အိုဗက်ဇဲဒမြို့၊ သင်သည် အမင်္ဂလာရှိ၏။ အကြောင်းမူကား သင်တို့တွင် ပြသောတန်ခိုးကို တုရုမြို့နှင့်ဇိဒုန်မြို့တို့တွင် ပြဘူးလျှင်၊ ထိုမြို့တို့သည် ရှေးကာလ၌ လျှော်တေအဝတ်ကိုဝတ်၍၊ ပြာနှင့်လူးလျက် နောင်တရကြလိမ့် မည်။ ငါဆိုသည်ကား၊ တရားဆုံးဖြတ်သောနေ့၌ သင်တို့သည် တုရုမြို့နှင့်ဇိဒုန်မြို့ ထက်သာ၍ ခံရကြလတံ့။ အိုကပေရနောင်မြို့၊ သင်သည် မိုယ်းကောင်းကင်တိုင် အောင် မြှောက်စားခြင်းကို ခံရသော်လည်း၊ မရဏာနိုင်ငံတိုင်အောင် နှိမ့်ချခြင်းကို ခံရလတ္တံ့။ အကြောင်းမူကား၊ သင်၌ပြသော တန်ခိုးကို သောဒုံမြို့၌ ပြဘူးလျှင်၊ ထိုမြို့သည် ယခုတိုင်အောင် တည်ရာ၏။ ငါဆိုသည်ကား၊ တရားဆုံးဖြတ်သောနေ့၌ သင်သည် သောဒုံမြို့ထက်သာ၍ ခံရလတံ့ဟု မိန့်တော်မူ၏။"*

ကျေးဇူးဂရုဏာတော်အားဖြင့်၊ ဣသရေလသည် အာပြဟံနှင့်ဆိုင်သော ဂတိတော် ပဋိညာဉ်ကြောင့် နောင်တရရန် အချိန်ပို၍ ပေးအပ်ခဲ့သည်။ ဣသရေလသည် နောင်တမရရှိပါက၊ ပဲ့ပြင်ဆုံးမမှုသည် ပြင်းထန်မည်ဖြစ်ပါသော်လည်း သူတို့တိုင်းပြည်ကို ဖျက်ဆီးမည်မဟုတ်။ သမိုင်းမှ ဖယ်ရှားပစ်မည်လည်းမဟုတ်ချေ။

၅။ ။မောရှေဆိုင်ရာ ပဋိညာဉ်

ဤပဋိညာဉ်ကို ဘုရားသခင်သည် သိနတောင်ပေါ်မှာ မောရှေနှင့် ချုပ်ဆိုသည်။ ထွက်မြောက်ရာကျမ်း၂၀ တွင်လည်းကောင်း၊ ဝတ်ပြုရာကျမ်း၊ တောလည်ရာကျမ်းနှင့် တရားဟောရာကျမ်းတို့၌ရှိသည့် အချို့စာပိုဒ်များတွင်လည်း တွေ့ရသည်။ ၎င်းသည် နာခံခြင်းအပေါ်မှာ အခြေခံသည်။ နားထောင်သောသူသည် ကောင်းကြီးခံရပြီး ငြင်းဆန်သူမှာ ကျိန်ခြင်းခံရသည် (ဝတ်၊ ၂၆)။

မောရှေဆိုင်ရာပဋိညာဉ်၏ အခြေခံမူလရည်ရွယ်ချက်မှာ ကယ်တင်ရှင်လိုအပ်ကြောင်းကို ပြသခြင်းဖြစ်သည် (ဂလ၊ ၃း၂၄-၂၅)။ ဘုရားသခင်၏ ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ ဥပဒေများကို ရှင်းလင်းစွာဖော်ပြထားသည်။ ဣသရေလတို့ကို လေဝိအမျိုး ယဇ်ပုရောဟိတ် နှင့် တဲတော်ဆိုင်ရာတို့အတွက် ညွှန်ကြားချက်များကို ချမှတ်ပေးသည်။

ယေရှုခရစ်တော်သည် ပဋိညာဉ်၏ ဥပဒေအားလုံးကို စောင့်ထိန်းလိုက်နာနိုင်သူအဖြစ် ဤပဋိညာဉ်ကို ပြီးပြည့်စုံစေရန် လာရောက်ကြွလာတော်မူခဲ့ပါသည် (မဿဲ၊ ၅း၁၇)။ ဤပဋိညာဉ်ကို ဣသရေလခေတ် အတောအတွင်းအတွက်သာ ပေးထားခဲ့ခြင်းဖြစ်သည်။ ထိုခေတ်မှာ၊ မောရှေဆိုင်ရာပဋိညာဉ်ပေးခဲ့သည့် အချိန်မှစတင်ပြီး (ထွက်၊ ၂၀)၊ အသင်းတော် စတင်တည်ထောင်ခဲ့သည့် ပင်တိကုတေနေ့အထိဖြစ်သည်။

ဓမ္မဟောင်းကျမ်းရှိ စာကြောင်းအတော်များများသည် မောရှေပဋိညာဉ်အောက်၌ ဖြစ်ပျက်ခဲ့သောအချိန်များကို ရည်ညွှန်းကြောင်း ကျွန်ုပ်တို့နားလည်ရမည်။ ဥပမာ၊ တိရိစ္ဆာန်အတော်များများသည် "မသန့်ရှင်းကြောင်း" မိန့်တော်မူပြီး အသားမစားကြရန် တားမြစ်ခဲ့သည်များလည်းရှိခဲ့သည် (ဝတ်ပြု၊ ၁၁)။ ယနေ့တွင် ဤအရာသည် ကျွန်ုပ်တို့အတွက် အကျုံးဝင်ခြင်းမရှိတော့ပေ။ အကြောင်းမှာ ယေရှုခရစ်တော်သည် မည်သည့်အစား အစာမဆို "သန့်ရှင်းကြောင်း" ရှင်းလင်းတော်မူသောကြောင့်ဖြစ်သည် (မာကု၊ ၇း၁၄-၁၈)။

၆။ ။ဒါဝိဒ်ဆိုင်ရာပဋိညာဉ်

ဤပဋိညာဉ်သည် ဒါဝိဒ်နှင့် ချုပ်ဆိုခြင်းဖြစ်ပြီး ၂ဓမ္မရာဇဝင် ၇း၈-၁၉ နှင့် ဆာလံ ၈၉ တို့တွင် တွေ့ရသည်။ ဒါဝိဒ်၏ အိမ်တော်အတွက် အမျိုးသား ဦးစီးအုပ်ချုပ်မှုဆိုင်ရာ အတွက် ခွင်းချက်မဲ့ပဋိညာဉ်ဖြစ်ပြီး လူတစ်မျိုးနွယ်လုံးကို ထာဝစဉ် အုပ်ချုပ်မည့် "ကြီးမြတ်သော သားတော်" အကြောင်း ဂတိတော်ထားရှိခြင်းဖြစ်သည်။

ဒါဝိဒ်ဆိုင်ရာပဋိညာဉ်သည် ဒါဝိတ်မင်းလက်ထက်အတွင်း အကျိုးသက်ရောက်မှု ရှိလာသည်။ ဤပဋိညာဉ်၏ တစ်ချို့တစ်ဒေသမှာ "ကြီးမြတ်သော သားတော်" ဖြစ်သည့် ယေရှုခရစ်သည် ပထမအကြိမ် ကြွလာတော်မူသောအခါ ပြည့်စုံလာပါသည် (လုကာ၊ ၁း၃၂)။ အကျိုးရလဒ်မှာ ထာဝစဉ်တည်ရှိတည်မြဲနေမည်ဖြစ်သည်။

တစ်ချိန်တွင် ဒါဝိတ်မင်းဆက်ထဲမှ ရှစ်နှစ်အရွယ်သာရှိသေးသည့် ယောရှိဆိုသူ၏ လက်ထဲသို့ ထီးနန်းရောက်ရှိခဲ့ဘူးလေသည် (၄ရာ၊ ၂၂း၁)။ ဤအချိန်အခါ၌ ယုဒလူမျိုးတို့သည် ဘုရား သခင်၏ ဂတိတော်အပေါ် အခြေခံထားသည့် မျှော်လင့်ချက်ရှိခဲ့ကြသည်။

ဤပဋိညာဉ်ကို ပြည့်စုံစေခြင်းအားဖြင့် ယေရှုသည် ရှင်ပြန်ထမြောက်တော်မူခဲ့ပြီးနောက် (မဿဲ၊ ၂၈း၁၈) ကောင်းကင်နှင့်မြေကြီးတစ်လျှောက် အုပ်ချုပ်မှုအာဏာရရှိတော်မူမည်။ ယနေ့ယုံကြည်သူက ခရစ်တော်ယေရှုသည် ကောင်းကင်ပလ္လင်တော်ပေါ်တွင် စိုးစံတော်မူပြီး (ဟေဗြဲ၊ ၈း၁) သူ၏ မြေကြီးဆိုင်ရာ ထီးနန်းကိုလည်း တစ်နေ့လာရောက်တည်ထောင်တော်မူလိမ့်မည်ဟု (မဿဲ၊ ၂၅း၃၁) သိနားလည်ခြင်းအားဖြင့် နှစ်သိမ့်မှုရရှိနိုင်ပါသည်။

၇။ ။ပါလက်စတိုင်းဆိုင်ရာ ပဋိညာဉ်

ဤပဋိညာဉ်သည် အာဗြဟံဆိုင်ရာပဋိညာဉ်၏ အဆက်ဖြစ်သည်။ ယုဒလူမျိုးများ၏ နားမထောင်ခြင်းကြောင့်ဖြစ်ရသော ကွဲလွင့်သွားခြင်းအကြောင်းဖြစ်သည်။ သို့သော် နောင်တရသောအခါ ပြန်လည်စုစည်းမိကြသည် (တရားဟော၊ ၃၀း၁-၁၀)။

ဤပဋိညာဉ်သည် ဣသရေလခေတ်အတွက်ဖြစ်ပြီး ယုဒလူမျိုးများသည် ဒုတိယကြွလာတော် မူခြင်း၌ သဘာ၀လွန်အံ့သြဖွယ် ပြန်စုမိကြသောအခါ (မဿဲ၊ ၂၄း၃၁၊ မာကု၊ ၁၃း၂၇)၊ အဲဂုတ္တုမြစ်မှ ယူဖရေးတစ်မြစ်အထိ ကျယ်ပြန့်သော အာဗြဟံထံ ဂတိတော်ပေးခဲ့သည့် တိုင်းပြည် (ကမ္ဘာ၊ ၁၅း၁၈) ကိုတည်ထောင်သည့်အခါ ပြီးပြည့်စုံလာမည်ဖြစ်သည်။ ပဋိညာဉ်ပေးခဲ့ပြီးနောက်ပိုင်း ဣသရေလလူမျိုးများကွဲလွင့်သွားခဲ့ကြသည်မှာ ခေတ္တခဏ အတွက်သာဖြစ်ကြောင်း ဘာသာပြန်ဆိုသူသည် နားလည်သဘောပေါက်ရမည် ဖြစ်သည်။

၈။ ။ဣသရေလတို့အတွက် ပဋိညာဉ်အသစ်

ဤပဋိညာဉ်သည် ဣသရေလအိမ်တော်၌ ချုပ်ဆိုခြင်းဖြစ်ပြီး (ယေရမိ၊ ၃၁း၃၁-၃၄)၊ ဟေဗြဲတွင် ထပ်၍ပြောထားသည် (ဟေဗြဲ၊ ၈း၈-၁၂)။ ၎င်းသည် ခရစ်တော်၏ အသွေးတော်ပေါ်မှာ အခြေခံပြီး (ဟေဗြဲ၊ ၉း၁၁-၁၄)၊ ဂျူးတို့ကို အသစ်မွေးဖွားစေသည့် (ဂျူးများ အသစ် ပြောင်းလဲခြင်း) ခြွင်းချက်မရှိချုပ်ဆိုထားသည့် ပဋိညာဉ်ဖြစ်သည်။

သန့်ရှင်းသောဝိညာဉ်တော် ကိန်းအောင်း၍ ကြွယ်၀ခြင်းကောင်းကြီးခံစားရာ (ယေရမိ၊ ၃၂း၄၀၊ ဟေရှာယ၊ ၆၁း၈) ဂတိတော်ပဋိညာဉ်သည် မိလေနီနိုင်ငံတော်၌ ပြည့်စုံ လိမ့်မည်။ နှုတ်ကပတ်တော်လေ့လာသင်ကြားသည့်အခါ ဤပဋိညာဉ်၌ ဘုရားသခင်ပြုတော်မူခဲ့သည့် ဂတိတော်သည် ဂျူးယုံကြည်သူများအတွက်သာဖြစ်ကြောင်း နားလည်ဖို့ လွန်စွာအရေးကြီးပါသည်။ ယုဒလူမျိုးတိုင်းကို သူတို့၏အမျိုးအနွယ်ကြောင့် ဤပဋိညာဉ်အားဖြင့်

ကောင်းကြီးပေး တော်မူလိမ့်မည်မဟုတ်။

၉။ ။အသင်းတော်အတွက် ပဋိညာဉ်သစ်

ဤပဋိညာဉ်သစ်သည် ဓမ္မသစ်အသင်းတော်အတွက် ချုပ်ဆိုခြင်းဖြစ်သည် (မဿဲ၊ ၂၆း၂၆-၂၈)။ ခရစ်တော်၌ ယုံကြည်သူများအတွက် ခြွင်းချက်မရှိပဋိညာဉ်ဖြစ်ပြီး၊ ကားတိုင်ပေါ် အခြေခံခြင်းဖြစ်ကာ (ဟေဗြဲ၊ ၉း၁၁-၁၄)၊ သခင်ဘုရား၏ ပွဲတော်ကို အောက်မေ့၍ ကျင်းပရ ခြင်းဖြစ်သည် (၁ကော၊ ၁၁း၂၅)။ ယုံကြည်သူများသည် လူသား အားလုံးဆိုင်ရာ တော်ဝင် ယဇ်ပုရောဟိတ်မျိုးဖြစ်လာကြရမည်ဖြစ်ပြီး (ဟေဗြဲ၊ ၉း၁၁)၊ ယခုကာလနှင့် ထာဝရကာလတို့ အတွက် ပြည့်စုံစေမည့် ဂတိတော်များဖြစ်သည်။ ဤ ပဋိညာဉ်အတွက် ခရစ်တော်သည် အမှုဆောင်သခင် (ကြားခံလူ) ဖြစ်လာခဲ့သည် (ဟေဗြဲ၊ ၉း၁၅)။

ဤပဋိညာဉ်သည် အသင်းတော်စတင်တည်ထောင်ခဲ့သည့် ပင်တိကုတေနေ့မှ စတင်ခဲ့ပြီး (တမန်တော်၊ ၂)၊ ထာဝရတည်မြဲနေမည်ဖြစ်သည်။ ဤပဋိညာဉ်အောက်၌ လက်ခံရရှိခဲ့သည့် ကောင်းကြီးမင်္ဂလာများသည် ထာဝရတည်မြဲနေမည်ဖြစ်ပြီး ပြန်လည်ယူဆောင်သွားမည် လည်းမဟုတ်ကြောင်း သင်တန်းသားက နားလည်သင့်သည်။ ထို့ကြောင့် အသင်းတော်ခေတ် ယုံကြည်သူသည် အသက်တာ၌ မည်မျှပင် အခက်အခဲနှင့် ကြုံနေစေကာမူ ကိုယ်တော်ရှင် ဘုရားသည် စွန့်လွှတ်ခြင်းလုံးဝမပြု - သူတို့ကို မည်သည့်အခါ ၌မျှ စွန့်လွှတ်လိမ့်မည်လည်း မဟုတ် (မဿဲ၊ ၂၈း၁၈-၂၀)။

# အပိုင်း ၃

# စည်းမျဉ်း ၃

စည်းမျဉ်း ၃။ ။ကျမ်းစာကို ကျမ်းစာဖြင့် နှိုင်းယှဉ်ခြင်းအားဖြင့် လိမ္မာပါးနပ်စွာ ရှာဖွေခြင်း

တတိယစည်းမျဉ်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မှန်ကန်စွာသိနားလည်ခြင်းနှင့် အသုံးပြုခြင်းမှလာသော ပညာဉာဏ်ကို ရှာဖွေရန်ဖြစ်သည်။ ဘုရားသခင်၌ ရှုပ်ထွေးမှု လုံးဝမရှိကြောင်း ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သိနားလည်ပြီး လက်ခံကြရမည်ဖြစ်သည် (၁ကော၊ ၁၄း၃၃)။ ထို့ကြောင့် မည်သည့်နားမလည်နိုင်ခြင်းမဆို ကျွန်ုပ်တို့ထံမှလာ၏။ ဘုရား သခင်သည် ကျမ်းစာထဲတွင် ဗျည်းများနှင့် စကားဝှက်တို့ကို ထားရှိခြင်းအားဖြင့် ကျွန်ုပ်တို့အား အသိဉာဏ်ပညာလင်းစေပါသည် (သုတ္တံ၊ ၁း၂-၆)။

က။ မူဝါဒကိုး။ ။ကွဲပြားခြားနားမှုကို ရှာဖွေခြင်း

ဤမူဝါဒသည် ဘုရားသခင် တည်ဆောက်သောအရာများ ကွဲပြားမှုတို့ကို ဆင်ခြင်ရန် ညွှန်ကြားမှုပြုလုပ်ပေးသည်။ တနည်းအားဖြင့်ဆိုသော် ယုံကြည်ခြင်းနှင့် အကျင့်တို့အကြား လက်ခံခြင်းနှင့် လက်ခံနိုင်ဘွယ်အကြား၊ ကယ်တင်ခြင်းနှင့် ဆုလဒ်တို့အကြား ယုံကြည်သူတို့၏ ကယ်တင်ခြင်းနှင့် လိုက်လျှောက်မှုအကြား၊ ပညတ်နှင့် ကျေးဇူးတော်အကြား ကွဲပြားမှုတို့ ကို သိမှတ်ခံယူရန်ဖြစ်သည်။ ကျမ်းစာက ကွဲပြားမှုကို ထင်ရှားစွာ ဖော်ပြပါသည်။ ဘုရားသခင် ရွေးချယ်တည်ဆောက်မှုတို့၏ ကွဲပြားပုံကို ကျွန်ုပ်တို့ရှာဖွေတွေ့ရှိရန် ကျမ်းစာက လှုံ့ဆော် တိုက်တွန်းထားသည်။

ကွဲပြားမှုအတွက် နမူနာသာဓကယူရန် ယုံကြည်ခြင်းနှင့် အကျင့်အကြောင်းကို ဧဖက်၊ ၂း၈-၁၀ အရ လေ့လာနိုင်သည်။

> *"ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာအခွင့်မရှိ။ အဘယ်ကြောင့်နည်းဟူမူကား၊ ငါတို့သည် ကောင်းသောအကျင့်တို့ကို ကျင့်ရမည်အကြောင်း၊*

*ယေရှုခရစ်၌ ပြုပြင်၍ ဖန်ဆင်းတော်မူရာဖြစ်ကြ၏။ ထိုကောင်းသော အကျင့်တို့၌ ငါတို့သည် ကျင်လည်ရမည်အကြောင်း၊ ဘုရားသခင်သည် ငါတို့ကို ပြင်ဆင်တော်မူနှင့်ပြီ။"*

ကယ်တင်ခြင်းသည် အကျင့်ကြောင့် မဟုတ်ဘဲ ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ဖြစ်ကြောင်း ရှင်းလင်းစွာ ဖေါ်ပြထားသည်။ အကျင့်သည် ကယ်တင်ခြင်းအတွက် မဟုတ်ဘဲ ခရစ်ယာန်အသက်တာအတွက်ဖြစ်သည်။

ယုံကြည်ခြင်းသည် ပင်ကိုယ်၌ ထိုက်တန်မှုမရှိပါသော်လည်း ယုံကြည်ခြင်းဆိုင်ရာ အဖြစ်အပျက်တို့၌ ထိုက်တန်မှုများစွာ ပါရှိသည်။ တစ်စုံတစ်ဦး၌ ယုံကြည်ခြင်းရှိဘို့ အခြားတစ်ဦးကို ယုံစားရမည်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံး အပြစ်သားများဖြစ်ကြ၍ မှန်သောလမ်းကို မရွေးချယ်ကြောင်း ကိုယ်တိုင်သိရှိကြပြီးဖြစ်သည် (ရောမ၊ ၃း၂၃)။

ကိုယ်ခန္ဓာလေးလံသော လူတစ်ယောက်သည် အလွန်သေးငယ်သော ကြိုးတစ်ချောင်းနှင့် သစ်ကိုင်းအငယ်လေးမှာ ချည်ထားပြီး ချောက်ကမ်းတစ်ဘက်မှ တစ်ဘက်သို့ ဒန်းစီးသလို လွဲ၍ ထိုကြိုးကလေးနှင့် တွယ်စီးနေသည်ဟုဆိုလျှင် ယင်းဖြစ်ရပ်သည် ယုံကြည်လောက်သောအရာမဟုတ်၍ ယုံဘို့အလွန်ခက်သည်။ အကယ်၍ ကြိုးသည် အလွန်တုန်ခိုင်ပြီး သစ်ကိုင်းအကြီးမှာ ချည်ပြီးလွှဲစီးနေသည်ဟုဆိုလျှင် ယုံလောက်သောအရာဖြစ်ပေသည်။

ခရစ်တော်သည် ကျွန်ုပ်တို့အပြစ်အတွက် ကားတိုင်မှာ အသေခံပြီး ရှင်ပြန်ထမြောက်ခြင်းသည် သာ၍ယုံလောက်သော အကြောင်းတရားမဟုတ်ပါလား။

အကျင့်တရား၌ ဆင်းရဲသားကို ကူညီတတ်သော ပင်ကိုယ်စိတ်သဘောပါရှိသည် (ဂလ၊ ၂း၁၀)။ သို့သော်၊ ထိုစိတ်ရင်း စေတနာကောင်းသည်ပင် ကိုယ့်ကိုယ်ကို မကယ်နိုင်ပါ။ အကျင့်သည် ခရစ်တော်၌ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို ဖေါ်ထုတ်ရန် ဘုရားသခင် ပုံချမှတ်ထားခြင်းဖြစ်သည်။ ထိုအကြောင်းကြောင့် ခရစ်တော်နာမတော်အတွက် ကျွန်ုပ်တို့ လုပ်ဆောင်ခဲ့သမျှ အဆိုးအကောင်းတို့သည် အကျိုးခံစားခွင့်ရှိသည် (၂ကော၊ ၅း၁၀)။ သခင်ဘုရား ကျွန်ုပ်တို့အတွက် လုပ်ပေးသမျှကို ကျေးဇူးတင်၍ ကောင်းသောအကျင့်ကို ကျင့်ကြဘို့ဖြစ်သည်။ မိမိအကျိုးအမြတ်အတွက်သာ ကြည့်ပြီးကောင်းသောအကျင့်ကို လုပ်နေရမည်မဟုတ်ပါ။

အခြားသော ကွဲပြားမှုတစ်မျိုးမှာ ယုံကြည်သူတို့ လုံခြုံစိတ်ချမှုအကြောင်းနှင့် အပြစ်နှင့်ပြည့်သော ဘဝအသက်တာအကြောင်း ခြားနားမှုဖြစ်သည်။

ကျွန်ုပ်တို့သည် အပြစ်ရှိ၍ ဘုရားသခင်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသည့်တိုင် ကျွန်ုပ်တို့အတွက် ခရစ်တော် အသေခံသော ကြီးသောအမှုသည် ထင်ရှားလျက်ရှိသည်။ ယခုမှာ ကိုယ်တော်၏ မိသားစုဝင်ဖြစ်လာသော ကျွန်ုပ်တို့အတွက်  ဘာလိုသေးသနည်း (ရောမ၊ ၅း၆-၁၀)။

ယုံကြည်သူသည် ကယ်တင်ခြင်းရပြီး အပြစ်ပြုလုပ်မိနိုင်ကြောင်း ကျမ်းစာက ဖေါ်ပြထားသည်။

> *“ကိုယ်အပြစ်မရှိဟု ငါတို့သည်ဆိုလျှင် ကိုယ်ကိုကိုယ် လှည့်ဖြားကြ၏။ ငါတို့၌ သစ္စာတရားမရှိ ကိုယ့်အပြစ်တို့ကို ဖေါ်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့် ၄င်း၊ ဖြောင့်မတ်ခြင်းတရားနှင့်၄င်း ပြည့်စုံတော်မူ၏။ ဒုစရိုက်ကို မပြုပြီဟု ငါတို့သည်ဆိုလျှင် ဘုရားသခင်ကို မုသာအပြစ်တင်ကြ၏။ နှုတ်ကပတ်တော်လည်း ငါတို့၌မရှိ”* (၁ယော၊ ၁း၈-၁၀)

ဤကျမ်းပိုဒ်သည် ယုံကြည်သူတွေအတွက်ဖြစ်သည်။ ဓမ္မသစ်ကျမ်း၌ ယုံကြည်သူသည် အပြစ် မလုပ်ဘို့ သတိပေးသော ကျမ်းပိုဒ်ကို အထူးရှာ၍ ပယ်နေစရာမလိုပါ။ သို့သော် ယုံကြည်သူ အပြစ်လုပ်မိလျှင် ကယ်တင်ခြင်းရှုံးဆုံးမည်လားဟု မေးစရာရှိလာသည်။

ကယ်တင်ခြင်းသည် ထာဝရဖြစ်ကြောင်း ရောမနှင့် အခြားဩဝါဒစာစောင်များစွာ၌ တွေ့ရသည်။ ပေါလုက၊ *“ဘုရားသခင် ကယ်လွှတ်တော်မူသောကြောင့် ယေရှုခရစ်၌ တည်၍ ဇာတိပကတိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်း ကျင့်သောသူတို့သည် အပြစ်စီရင်ခြင်းနှင့် လွတ်ကြ၏။ ယေရှုခရစ်၌တည်၍ အသက်ရှင်စေသော ဝိညာဉ်တော်၏ တရားသည် အပြစ်တရား၏လက်မှ၄င်း၊ သေခြင်းတရား၏လက်မှ၄င်း ငါ့ကိုကယ်လွှတ်ပြီ”* (ရောမ၊ ၈း၁-၂) ဟုဆိုပါသည်။ ကောရံန္သုအသင်းသားများ၏ အပြစ်များမှာ လွှတ်သော်လည်း ပေါလုသည် သူတို့ကို “ကယ်တင်ခြင်းမရသောသူ” ဟုမခေါ်ဘဲ “ဇာတိပကတိလူ” ဟုခေါ်သည် (၁ကော၊ ၃း၁-၂)။ ထို့ပြင် “သန့်ရှင်းသူ” ဟူ၍ပင်ခေါ်သေးသည် (၁ကော၊ ၁း၂)။

ခရစ်ယာန်သည် အပြစ်လုပ်မိခြင်းရှိကြမည်ဖြစ်ပါသော်လည်း *“ငါတို့သည် မယုံကြည်သော်လည်း ထိုသခင်သည် သစ္စာတည်သဖြင့်”* (၂တိ၊ ၂း၁၃) ကယ်တင်ခြင်းဆုံးရှုံးသွားမည် မဟုတ်ကြောင်း ထင်ရှားပါသည်။

အပြစ်ရှိသော ခရစ်ယာန်တစ်ဦးအတွက် အထူးတလည် ဂယက်ရိုက်ခတ်မှုမရှိပါ။ ဆုလဒ်ဆုံးရှုံးမှုသာဖြစ်မည်။ *“ကိုယ်တော်ကို ငြင်းလျှင် ကျွန်ုပ်တို့ကို ငြင်းပယ်မည်”* (၂တိ၊ ၂း၁၂)။

ကိုယ်တော်နှင့်အတူ စိုးစံခွင့်လည်း ရမည်မဟုတ်ပါ။

ဤသာကေနှစ်ခုတွင် ဘုရားသခင်တည်ဆောက်သော နှုတ်ကပတ်တော်၏ ခြားနားမှု အသွင်ကို တွေ့နိုင်မည်။ ယင်းတို့၏ အကျိုးအကြောင်းဆက်စပ်မှုအရ မှန်ကန်သော သဘောထားကို ခံယူပြီး မိမိတို့ဘဝအသက်တာကို ရှင်သန်နိုင်ပါသည်။

ခ။ မူဝါဒတစ်ဆယ်။ ။ အကြောင်းရင်းပေါ် အခြေခံ၍ ဘာသာပြန်ဆိုခြင်း

ဤမူဝါဒသည် ကျမ်းစာ၌ စကားလုံး စာပိုဒ်ကျမ်းပိုဒ်များအတိုင်း ဒွန်တွဲဖြစ်ပေါ်လာသော အကြောင်းအရာအပေါ်မှာ ဖြစ်ပေါ်လာသည် (ပထမနှင့်နောက်ဆုံးကျမ်းပိုဒ်၊ စကားလုံး သို့မဟုတ် စာကြောင်းမှလွဲ၍)။ ဤမူဝါဒသည် စကားလုံးနှင့် ကျမ်းပိုဒ်အချင်းချင်း ဆက်စပ်မှုကို အားပေးသည်။ ဘုရားသခင်သည် ကျမ်းပိုဒ်၌ ပါသောအကြောင်း အရာကိုငှင်း၊ အခြား တူညီသော ဖြစ်ရပ်ပါသည့် ကျမ်းပိုဒ်ကိုငှင်း၊ အလင်းပေးတော်မူသည်။

ကျွန်ုပ်တို့သည် အကြောင်းရင်းကို ကောက်နှုတ်ပြီး ကွဲပြားသောအဓိပ္ပါယ်မဖေါ်သင့်ပါ။ အကြောင်းရင်းမဲ့စွာ ကျမ်းပိုဒ်ကို ထုတ်၍ အသုံးပြုခြင်းသည် ကိုယ့်သဘောဆန္ဒအတိုင်း ဖြစ်ဘို့ လှည့်စားခြင်းတစ်မျိုးဖြစ်သည်။ ဤသို့မမှန်ကန်သော နည်းစနစ်အကြောင်းကို သင်ခန်းစာ (၄) ၌ ဆွေးနွေးခဲ့ပြီးပြီ။

အကြောင်းရင်းပေါ် အခြေခံ၍ ဘာသာပြန်ဆိုခြင်းသည် မည်သူက ပြောကြောင်း မည်သူ က နားထောင်ကြောင်း ကျမ်းပိုဒ်၏ အဓိပ္ပါယ်အချိန်ကါလနေရာတို့ကို စာဖတ်သူတို့ နားလည်နိုင်ပါသည်။ (သင်ခန်းစာ (၅)၊ အခန်း (၁) ကို ပြန်ကြည့်ပါ)

အကြောင်းအရင်း အမျိုးအစား (၃) မျိုးရှိပါသည်။ ၄င်းတို့မှာ၊

၁။ ။နီးကပ်သောအကြောင်းရင်း

စာပိုဒ်တစ်ခုတည်းမှာ အသွင်တူပါရှိသောကျမ်းပိုဒ်ဖြစ်သည်။ ဥပမာ၊ *"ထိုကြောင့် ခရစ်တော်သည် ငါတို့ကို လွှတ်တော်မူသော လွှတ်ခြင်းအခွင့်၌ တည်နေသဖြင့် ကျွန်ခံရာ ထမ်းပိုးကို ထမ်း၍ ချည်နှောင်ခြင်းကို တဖန်မခံကြနှင့်"*(ဃ၊ ၅း၁)။ ဤကျမ်းပိုဒ်အရ ကျွန်ုပ်တို့သည် ကျွန်ခံခြင်းကို နိုင်ငံရေး၊ လူမှုရေးအရ လွဲမှားစွာ ခံယူကျင့်သုံး တတ်ကြ သည်။ သို့ရာတွင် ဤကျမ်းပိုဒ်သည် ဝိညာဉ်ရေးကျွန်ခံခြင်းအကြောင်းကိုသာ ညွှန်း သည်။ အရေပြားလှီးခြင်း ကဲ့သို့သော ဘာသာရေးထုံးစံအောက်၌ ကျွန်ခံမနေဘဲ လွတ် လပ်စွာ တစ်ဦးကိုတစ်ဦးချစ်ခင်ဘို့ဖြစ်သည်။ (ဂလ၊ ၅း၁၃)

၂။ ။ကြား၌ရှိသောအကြောင်းရင်း

ဤကြား၌ ရှိသောအကြောင်းရင်းသည် သက်ဆိုင်သောကျမ်းပိုဒ်များကို စာစောင် အခန်းကြီး တစ်ခုတည်း၌ တွေ့ရသည်။ မဿဲ၊ ၂၄း၄၀ ကို နမူနာကြည့်ပါ။ *"ထိုအခါ လယ်၌ရှိသော သူနှစ်ယောက်တို့တွင် တစ်ယောက်ကို သိမ်းယူ၍ တစ်ယောက်မူကား နေရစ်ရလတ့်"* ဤဖြစ်ရပ်သည် နောက်ဆုံးသောကာလအတွက် ဖြစ်သည်။ မည်သူကို သိမ်းယူပြီး မည်သူ ကျန်ရစ်ခဲ့မည်နည်း။ အသင်းတော်သိမ်းဆည်းချိန်၌ ဖြောင့်မတ်သူကို ခေါ်ဆောင်ပြီး ဆိုးညစ် သူကျန်ခဲ့မည်လော။ ခရစ်တော်သည် မိလေနိကာလနိုင်ငံ တည်ထောင်ချိန်မှာ ဆိုးညစ်သူကို ခေါ်သွားပြီး ဖြောင့်မတ်သူဝင်စားဘို့ ကျန်ခဲ့မည်လော။ နီးကပ်သောအကြောင်းရင်းက ဤမေးခွန်းအတွက် အဖြေမပေးနိုင်ပါ။

မဿဲ၊ ၁၃း၄၉ မှ အဖြေပေးထားပါသည်။ နောက်ဆုံးသောကာလတွင် *ဖြောင့်မတ်သော သူတို့အထဲမှ ဆိုးညစ်သောသူကို နှုတ်ယူခွဲထား၍* မည်သူ့ကို ခေါ်ဆောင်သွားပြီး မည်သူ ကျန်ခဲ့မည်ကို ကြား၌ရှိသော အကြောင်းရင်း၌ အဖြေရှိသည်။ ကျမ်းပိုဒ်သည် ဒုတိယ အကြိမ် ကြွလာခြင်းကို ရည်ညွှန်းသည်။

ဖြစ်ရပ်အကြောင်းခံမှ လွဲမသွားဘဲ နားလည်သဘောပေါက်ဘို့ ကျမ်းစာ တစ်ပိုဒ်ပြီး တစ်ပိုဒ်ကို လေ့လာဘို့လိုသည်။ မဿဲ၊ ၂၄ အစပိုင်းကို ဦးစွာလေ့လာရုံနှင့် အဖြေရရန် မလွယ်ပါ။ထိုမဿဲ ၂၄ တစ်ခန်းလုံးကို ဖတ်မှသာ အဖြေထွက်လာပေမည်။

၃။ ။အလှမ်းကွာသော အကြောင်းရင်း

နှုတ်ကပတ်တော်၏ အတွင်းကျကျ တသမတ်တည်း ဆီလျော်မှုကို ဖြစ်စေသည်။ ကျမ်းစာ တစ်အုပ်လုံးမှ ကျမ်းပိုဒ်များထုတ်ယူပြီး သီးခြားကျမ်းပိုဒ်တစ်ခုကို ဆင်ခြင်သုံးသပ်ရခြင်း ဖြစ်သည်။

အလှမ်းကွာသော အကြောင်းရင်းကို လေ့လာရန်အတွက် ကျမ်းပိုဒ်တစ်ခုသည် အခြား အလှမ်းဝေးသော ကျမ်းပိုဒ်နှင့် သဘောထားကိုက်ညီရန် ဖြစ်သည်။ ဥပမာ၊ ကျေးဇူးတော်၊ ယုံကြည်ခြင်း၊ ချစ်ခြင်းမေတ္တာစသည်ဖြင့် ခေါင်းစဉ်ရွေးချယ်ပြီး ကျမ်းညွှန်းကိုကြည့်၍ လေ့လာရခြင်းဖြစ်သည်။

ကျမ်းညွှန်းစာအုပ်တစ်ခုသည် စကားလုံးတစ်လုံးခြင်း၊ ကျမ်းပိုဒ်တစ်ခုခြင်းအနေဖြင့် ရှာဖွေ သိရှိနိုင်သည်။

အလှမ်းကွာသော အကြောင်းအရင်းသည် ပရောဖက်ဘာသာပြန်ဆိုခြင်း၌၄င်း၊ "ပုံဆစ်" နှင့် "ပုံဆောင်ခြင်းများ" ကို နားလည်ရန်အတွက်၄င်း၊ မူဝါဒများစွာ ပေးထားသည်။ ဥပမာ၊ ထွက်၊ (၂၆း၃၁-၃၅)တွင် ပါသော ကလာကာသည် ဟေဗြဲ၊ ၁၀း၂၀ တွင် ခရစ်တော်၏ ကိုယ်ခန္ဓာအသားဟူ၍ ကိုယ်စားပြုပြန်ဆိုထားသည်။

၂တိ၊ ၂း၁၅ အရ *"သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားခြင်းရှိဖို့"* ဘာသာပြန်ဆိုခြင်းသည် အရေးကြီးသည်။ ကျွန်ုပ်တို့သည် ဩဝါဒဖော်ပြချက်များ၊ ပြုလုပ်ကြလျှင် ထိုဖော်ပြချက်သည် နီးကပ်သော အကြောင်းအရင်း၊ ကြားနေအကြောင်းအရင်း၊ အလှမ်းကွာသော အကြောင်း အရင်းတို့၌ ကျမ်းစာနှင့် ဆီလျော်အောင် ဖော်ထုတ်နိုင်ရမည်။ ကျွန်ုပ်တို့၏ ယုံကြည်ချက်သည် ကျမ်းစာနှင့်မညီလျှင် အယူဝါဒအတွက် မေးခွန်းများပေါ်လာမည်။

ဂ။ မူဝါဒဆယ့်တစ်။ ။နှိုင်းယှဉ်၍ဘာသာပြန်ဆိုခြင်း

နှိုင်းယှဉ်၍ ဘာသာပြန်ဆိုခြင်းမူဝါဒသည် နှုတ်ကပတ်တော်ကို အတွင်းကျကျ ဆီလျော်အောင် ကျမ်းပိုဒ်အချင်းချင်း သဘောထားကိုက်ညီစေပြီး အဓိပ္ပါယ်အမှန်အကန်ကို နားလည်စေပါသည်။

ဥပမာ၊ ကျေးဇူးတော်နှင့် ဂရုဏာတော်သည် တူညီသောအဓိပ္ပါယ်သို့ နှိုင်းယှဉ်နိုင်သလို ဘုရားသခင်နှင့် စာတန်သည် လုံးဝကွဲပြားသော အဓိပ္ပါယ်အဖြစ် မှတ်ယူရပေမည်။ တူညီခြင်းနှင့် ကွဲပြားခြင်းကို နှိုင်းယှဉ်ကြသောအခါ ကျွန်ုပ်တို့သည် အပိုင်းအစကွဲပြားနေသော ပုံကားချပ်တစ်ခုကို ပုံဖော်ရသကဲ့သို့ဖြစ်သည်။ သီဩလော်ဂျီသည် ဤသို့ အစိတ်အပိုင်းများ ကွဲပြားမှုကို စုစည်းခြင်းဖြစ်သည်။

၁တိ၊ ၃း၆ အရ နာမနှင့် ယစ်မူးခြင်းမရှိဘဲ အတွေ့အကြုံရှိသော ဘာသာပြန်သူသည် သီဩလော်ဂျီဖွံ့ဖြိုးမှု၌ သတိထား၍ လုပ်ဆောင်ရသည် (သုတ္တံ၊ ၃း၅-၆)။ ကျမ်းပိုဒ်ပေါင်း (၃၁၀၀၀ ကျော်) အတွင်း တိကျသော အကြောင်းအရင်းကို ချုံ၍ မျှော်ကြည့်တတ်ရမည်။ အမှားကိုရှောင်၍ လုပ်ဆောင်လျှင် နှိမ့်ကျခြင်းသို့ ရောက်နိုင်သည်။

ကျမ်းပိုဒ်များကို နှိုင်းယှဉ်သောအခါ ကျမ်းစာ၏ အစိတ်အပိုင်းများတို့၌ ဆင်ခြင်သုံးသပ်ခြင်း ရှိလာနိုင်သည်။ ဥပမာ၊ ယုံကြည်ခြင်း၊ ဖြောင့်မတ်ခြင်း (ကမ္ဘာ၊ ၁၅း၆၊ ရော၊ ၃-၄)။ ယာကုပ်၊ ၂း၁၄-၂၆ တွင် အကျင့်အားဖြင့် ဖြောင့်မတ်ခြင်းအကြောင်းကိုလည်း ဒွန်တွဲ၍ ဆင်ခြင်နိုင်သည်။ ယင်းကျမ်းပိုဒ်နှစ်ခုစလုံးကို သုံးသပ်သောအခါ၌ "အကျင့်သည် ကယ်တင်ခြင်းရဖို့ မဟုတ်ဘဲ" ယုံကြည်ခြင်း၏ အပြင်လက္ခဏာ ဖွံ့ဖြိုးမှုဖြစ်ကြောင်း

နားလည်ရသည်။ *"ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏"* (ဧဖက်၊ ၂း၈-၁၀)။ *"ကောင်းသောအကျင့်က ထိုနောက်မှ လိုက်သည်။"*

ကျွန်ုပ်တို့သည် မေးခွန်းများပေါ်ထွက်လာရန် ရည်ရွယ်ပြီး သီဩလော်ဂျီအယူဝါဒကို ကျမ်းပိုဒ် ၏ အကြောင်းအရင်းတို့၌ တည်ဆောက်ခြင်းကို ရှောင်ကြဉ်ရမည်။ ဥပမာ၊ မာကု၊ ၁၆း၉ ကို လူအချို့တို့သည် အယူဝါဒတစ်ရပ်အဖြစ် တည်ဆောက်ကြ၍ မှားယွင်းသော သီဩလော်ဂျီရလဒ်ကို ခံယူရလိုက်သည်။

အခြားဥပမာတစ်ခုမှာ "နက်နဲခက်ခဲခြင်း" (အကြောင်းစုံမသိရသော တစ်စုံတစ်ခု) နှင့် ပတ်သက်၍ ကျမ်းပိုဒ်ခြင်း နှိုင်းယှဉ်ကြသည်။ ဧဖက်၊ ၃ ကို လေ့လာ၍ နက်နဲခြင်း အကြောင်း စဉ်းစားသောအခါ နက်နဲခြင်းဆိုသည်ကား အဘယ်နည်းဟု မေးခွန်းပေါ်လာရသည်။ကောလောသဲ၊ ၁း၁၅-၂၇၊

> *"ရှေးကပ်ကာလပတ်လုံး ဝှက်ထားလျက်ရှိသော်လည်း၊ ယခုတွင် သန့်ရှင်းသူတို့အား ဖေါ်ပြသော နက်နဲရာတည်းဟူသော ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို အကုန်အစင် ဟောပြောစေခြင်းငှါ သင်တို့အကျိုးကို ထောက်၍ ငါ့အား အပ်ပေးတော်မူသော ဘုရားသခင်၏ သာသနာတော်နှင့်အညီ၊ ငါသည် အသင်းတော်၌ ဓမ္မဆရာ၏အဖြစ်သို့ ရောက်ရပြီ။ တပါးအမျိုးသားတို့တွင် ဤနက်နဲသောအရာနှင့်ဆိုင်သော မဟာစည်းစိမ်ကား အဘယ်မျှလောက်ကြီးသည်ကို သန့်ရှင်းသူတို့သည် သိစေခြင်းငှါ ဘုရားသခင်အလိုတော်ရှိတော်မူ၏။ ထိုစည်းစိမ်ကား၊ ဘုန်းအသရေကို မျှော်လင့်ခြင်းအကြောင်းတည်းဟူသော သင်တို့အထဲ၌ တည်တော်မူသော ခရစ်တော်ပေတည်း။"*

နက်နဲသောအရာသည် မေရှိယသခင်နှင့် ရင်းနှီးမှုအသစ်အားဖြင့် ကျမ်းစာအတိုင်း ခိုင်လုံသော သက်သေဖြစ်သည်။ ဤရင်းနှီးမှုအသစ်ကို အသင်းတော်ကာလအဖြစ် သိမှတ်ခံယူကြရသည်။

ဃ။ မူဝါဒဆယ့်နှစ်။ ။ သဘောထားညီညွတ်စွာ ဘာသာပြန်ဆိုခြင်း

ဤမူဝါဒသည် ဘုရားသခင်၏ သစ္စာရှိမှုနှင့် မှန်ကန်ခြင်းအကြောင်းကို ဖော်ထုတ်ခြင်းဖြစ်သည်။ ကိုယ်တော်သည် ရှုပ်ထွေးသောအရာကို လုပ်ဆောင်သူမဟုတ်ပါ (၁ကော၊ ၁၄း၃၃)။ ကျမ်းစာ၌ အမှန်အကန် ဆန့်ကျင်ဖီလာမှုမရှိပါ။ ဘုရားသခင် မှုတ်သွင်းထား၍ တစ်သမတ်တည်း ဆီလျော်ပြီး ခိုင်ခံ့စည်းလုံးမှုရှိသည်။

ကျမ်းစာဘာသာပြန်ခြင်း ကွဲလွဲမှုသည် ဘုရားကြောင့်မဟုတ်ပါ။ လူ၏ အတွေးအခေါ်ကြောင့် ဖြစ်သည်။ လူတို့သည် ကျမ်းစာကို နားလည်ခြင်းအပေါ်မှာ စိတ်ခံစားမှုထားပြီး လုပ်ဆောင် တတ်သောကြောင့် ကျမ်းစာကပင် သတိပေးထားသည်(ယောဟန်၊ ၅း၃၇၊ ၃း၅-၆ ။၂ကော၊ ၅း၇)။ ဘုရားသခင်နှင့် ရင်ဆိုင်မတွေ့သ၍ ကျမ်းစာကို ဘယ်အခါမျှ စုံလင်စွာ နားလည်မည် မဟုတ်ပါ (၁ကော၊ ၁၃း၁၂)။ ထို့ကြောင့် ကျွန်ုပ်တို့သည် ယုံကြည်ခြင်းဖြင့် လိုက်လျှောက်ရန် ကောင်းကင်အိမ်တော်သို့ လမ်းပြသော ဘုရားသခင်ကို ကိုးစားကြရမည် (ဟေဗြဲ၊ ၁၁း၆၊ ကော၊ ၂း၆)။

ကျွန်ုပ်တို့သည် ကျမ်းပိုဒ်နှစ်ခုယှဉ်ပြိုင်ခြင်းကိုတွေ့တိုင်း ဉာဏ်ပညာရသည်။ သုတ္တံကျမ်း ပထမပိုင်းတွင် နည်းဥပဒေသတရားတို့ကို နားလည်လျှင် ဉာဏ်ပညာကို ရနိုင်ကြောင်း ဖော်ပြထားသည် (သုတ္တံ၊ ၁း၂-၆)။ အားထုတ်၍ လေ့လာဖို့လိုသည်။ ဥပမာ၊ ယာကုပ် ၂ ကို ရောမ၊ ၃-၄ နှင့်ယှဉ်၍ အကျင့်နှင့် ယုံကြည်ခြင်းအကြောင်း လေ့လာရန်ဖြစ်သည်။

ထိုကျမ်းပိုဒ်တို့၏ ဆက်စပ်မှုကို ကြည့်ခြင်းအားဖြင့် အချိန်၊ နေရာ၊ အညွှန်းတို့ကို ရှောင်ပြီး လေ့လာပါက ဘာသာပြန်ခြင်း ပြဿနာပေါ်မည်မဟုတ်ပါ။ ကျမ်းစာ၌ ဆန့်ကျင်ဖီလာခြင်း ဇကန်အမှန်မရှိကြောင်း သတိပြုရကြမည်။

နှုတ်ကပတ်တော်သည် အကြောင်းအရင်းတစ်ခုကို အခြေအနေအမျိုးမျိုးဖြင့် တစ်သဘောတည်းဖြစ်အောင် ဖော်ပြတတ်သောကြောင့် မိမိစိတ်ကြိုက် တစ်ခုတည်းကိုင်စွဲ၍ မရကြောင်း သတိထားရမည်။ ဥပမာ၊ လူအပေါင်းတို့သည် အပြစ်ရှိကြသည် (ရောမ၊ ၃း၂၃) ကဲ့သို့ ဝတ်ပြုရာကျမ်းကလည်း အပြစ်သားအားလုံးဖြစ်ကြောင်း တူညီသော အဓိပ္ပါယ်ဖြင့် ဖော်ပြသည်။

ကျမ်းစာလေ့လာခြင်းဖြင့် ရှင်းလင်းစွာ သိရသည်မှာ ကျွန်ုပ်တို့ သိမှတ်ခံယူနိုင်ဖို့ ဘုရားသခင်သည် နှုတ်ကပတ်တော်ကို မူရင်းအတိုင်း တည်ဆောက်ထားခြင်းဖြစ်သည်။

င။ မူဝါဒဆယ့်သုံး။ ။ခေတ်ကာလအပိုင်းအခြားနှင့်အညီ ဘာသာပြန်ဆိုခြင်း

ခေတ်ကာလဆိုသည်မှာ ဘုရားသခင်သည် မိမိလူမျိုးအတွက် တာဝန်ယူဆောင်ရွက်သော သမိုင်းကြောင်း ကာလအမျိုးမျိုးကို ဆိုလိုသည်။ ဤတာဝန်ဝတ္တရားများကို အချိန်ခွဲခန့်သတ်မှတ်ပြီး သီးခြားဆောင်ရွက်တော်မူသော သမိုင်းစဉ်တစ်လျှောက် ကာလတို့ဖြစ်သည်။ *"ယဇ်ပုရောဟိတ်အမျိုးသည် ပြောင်းလဲလျှင် ပညတ်တရားသည် မပြောင်းလဲဘဲမနေနိုင်ရာ"* (ဟေဗြဲ၊ ၇း၁၂)။ ဤကျမ်းပိုဒ်အရ ဘုရားသခင်သည် ခေတ်ကာလ

အပြောင်းအလဲအလိုက် လူတို့၌ ဆက်ဆံမှုအခြေအနေ ပြောင်းလဲခြင်းရှိကြောင်း ဖေါ်ပြချက်ကို သိရသည်။

အာဒံကျဆင်းချိန်မှစ၍ ခေတ်ကာလ ၄ မျိုးရှိသည်၊

၁။ အာဒံကျဆင်းချိန်မှစ၍ အဲဂုတ္တုမှ ထွက်ချိန်အထိ တပါးအမျိုးသား တို့၏ကာလ

ဤကာလသည် ကမ္ဘာဦးကျမ်းနှင့် ယောဘဝတ္ထုတို့၌ ဖြစ်သည်။ ခန့်မှန်းတွက်ချက် ခြင်းအရ၊ ၃၉၀၀ ဘီစီမှ ၁၄၄၅ ဘီစီအထိဖြစ်သည်။

၂။ ။ထွက်မြောက်ရာကာလမှစ၍ ပင်တေကုတ္တေနေ့အထိ ဣသရေလတို့၏ကာလ

ဣသရေလတို့၏ ကာလကို ကမ္ဘာဦးကျမ်းနှင့် ယောဘဝတ္ထုမှလွဲ၍ ဓမ္မဟောင်းကျမ်းတို့၌ တွေ့ရသည်။ ထို့ပြင် ခရစ်ဝင် ၄ ကျမ်းနှင့် တမန်တော်ဝတ္ထုတိုင်အောင်လည်းဖြစ်သည်။ ဓမ္မဟောင်းကျမ်းတွင် အချို့ကျမ်းပိုဒ်တို့သည် မိလေနိကာလကို ရည်ညွှန်းနေသည်။ ဟေရှာယ၊ ၆၁-၆၆ နှင့် ယေဇကျေလ ၄၀-၄၈ တွင် နမူနာ ၂ မျိုးပါဝင်သည်။

ဤကာလအတွက် ခန့်မှန်းတွက်ချက်ခြင်းမှာ၊

၁၄၄၅ ဘီစီမှ ၃၃ အေဒီအထိဖြစ်သည်။

၃။ ။ပင်တေကုတ္တေနေ့မှစ၍ ချီဆောင်ခြင်းနေ့အထိ အသင်းတော် ကာလဖြစ်သည် (ချီဆောင်ခြင်းအပြီးမှ ခရစ်တော် ဒုတိယအကြိမ်ကြွလာသည်အထိ ဘေးဒါဏ်ကြီးကာလ (၇) နှစ် ဣသရေလတို့၏ ကာလဖြစ်သည်)

အသင်းတော်ကာလမှာ တမန်၊ ၂-၂၈၊ ဩဝါဒစာစောင်များနှင့် ဗျာဒိတ်၊ ၂-၃ အထိဖြစ်သည်။ ဘေးဒါဏ်ကြီးကာလသည် ဗျာဒိတ်၊ ၄-၁၉ အထိဖြစ်သည်။
အသင်းတော်ကာလသည် ၃၃ အေဒီမှ အစပြုပြီး ချီဆောင်ခြင်းအချိန်မှ ပြီးစီးမည်။

၄။ ။ဒုတိယအကြိမ် ကြွလာခြင်းမှ ဖြူသောတရားပလ္လင်ကြီးအထိ မိလေနိကာလဖြစ်သည်။

ဤကာလသည် ဗျာဒိတ်ကျမ်း ၂၀ နှင့် ဓမ္မဟောင်းတို့၌ ရေးသားထားသည်။

ခေတ်ကာလနှင့်ပတ်သက်၍ ဘုရားသခင်သည် လူတို့နှင့် ထိတွေ့ရာအကြောင်းမှာ ပြောင်းလဲသော ယဇ်ပရောဟိတ်အမှုတို့ကို လေ့လာလျှင် နားလည်ရသည်။ ဥပမာ၊ ဣသ

ရေလတို့ ထွက်မြောက်ချိန်နှင့် လူမျိုးစုကြီး မဖြစ်မီအချိန်ထိ လူသားအားလုံးသည် "တပါးအမျိုးသား ကာလ" ၌ ရှိကြသည်။ ဤကာလ၏ ယဇ်ပုရောဟိတ်အမှုအရာသည် "မိသားစုယဇ်ပုရော ဟိတ်အနွယ်" ဟုခေါ်သော မိသားစုအတွင်း အသက်ကြီးသူတို့က ဦးဆောင်၍ ဆောင်ရွက် သောအမှုဖြစ်သည်။ နောဧ (ကမ္ဘာ၊ ၈း၂၀)၊ အာဗြဟံ (ကမ္ဘာ၊ ၂၂း၂)၊ ယောဘ (ယောဘ၊ ၁း၅) တို့အားဖြင့်ဖြစ်သည်။ သူတို့ကျင့်သုံးရသည့် ပညတ်သည် *"သူတို့စိတ်နှလုံးထဲ ရေးသားချက်"* တို့ဖြစ်သည် (ရောမ၊ ၂း၁၅)။

ဂျူးများ အဲဂုတ္တုမှ ထွက်လာကြပြီး ဣသရေလတို့၏ ကာလဟု ဖြစ်ပေါ်လာပြီး "လေဝိအမျိုးယဇ်ပုရောဟိတ်အနွယ်" ဟုသိကြသော လေဝိအမျိုးအနွယ်လည်း ပေါ်ပေါက်ခဲ့သည်။ ဤအမျိုးသည် အာရုန်မှ ဆင်းသက်သော လေဝိအမျိုးဖြစ်သည်။ လေဝိအမျိုးယဇ်ပရော ဟိတ်တို့သည် တဲတော်ဝတ်ပြုရပြီးနောက်ပိုင်းတွင် ဗိမာန်တော်ဝတ်ကိုပါ ဆောင်ရွက်ကြရ သည်။ ထိုကာလအချိန် သူတို့၏ တာဝန်မှာ တိရိစ္ဆာန်များကို ယဇ်ပူဇော်ခြင်း၊ ကိုးကွယ်ခြင်းကို ချီဆောင်ခြင်း၊ ဘုရားစကားနှင့် အဆက်အသွယ်ပြုခြင်းများ ဆောင်ရွက်ရသော်လည်း တိကျသော နည်းစနစ်များကို မောရှေအားဖြင့် ဘုရားသခင်ချမှတ်ပေးတော်မူသည်။ သို့ရာတွင် ခရစ်တော်လက်ထက် အချိန်ကာလ၌ ဤနည်းစနစ်တို့သည် အစစ်အမှန် ဆောင်ရွက်ခြင်းထက် ဘာသာရေးထုံးတမ်းတို့ကို သာပြီး ဦးစားပေး လုပ်ဆောင်ကြကြောင်း ဝမ်းနည်းဘွယ် စိတ်ဝင်စားစရာတွေ့ရသည် (ဟေဗြဲ၊ ၁၀း၈)။ သူတို့ကျင့်သုံးရသည့် ပညတ်တို့မှာ  ထွက်မြောက်ရာ၊ ဝတ်ပြုရာ၊ တောလည်ရာနှင့် တရားဟောရာကျမ်းတို့၌ ပါရှိသည်။

ခရစ်တော်အသေခံ၍ ရှင်ပြန်ထမြောက်ပြီး ပင်တေကုတ္တေနေ့၌ ခေတ်ကာလ အသစ်တစ်ခုကို ဘုရားသခင် အစပြုခဲ့သည်။ ဤခေတ်ကို "အသင်းတော်ကာလ" ဟုခေါ်သည်။ ဤခေတ်၌ ခရစ်တော်ကို ယုံကြည်လက်ခံသူတိုင်းသည် ယဇ်ပုရောဟိတ်အမျိုးအနွယ်ဖြစ်လာရကြသည် (၁ပေ၊ ၂း၅၊၉)။ ဤယုံကြည်သူယဇ်ပုရောဟိတ် အနွယ်ဝင်တို့သည် တိရိစ္ဆာန်ကို ယဇ်ပူဇော်ရမည်မဟုတ်ဘဲ *"ဝိညာဉ်ရေးကို မိမိတို့ ကိုယ်ကို ဘုရားသခင် လက်ခံနိုင်ဘွယ် အသက်ရှင်သော သန့်ရှင်းသောယဇ်အဖြစ် ဆက်သ၍ အသက်ရှင်ကြရသည်"* (ရော၊ ၁၂း၁)။ ဤခေတ်ကာလအတွင်းမှာ ယဇ်ပုရောဟိတ်ပုံစံသည် ပြောင်းလဲလာခဲ့သည်။  ဝိညာဉ်ရေးသဘောထားက မပြောင်းလဲပါ။ ချီးမွမ်းခြင်း၊ နှုတ်ကပတ်တော်ခံယူခြင်းနှင့် ဆက်ကပ်ကြရသည်။ ခေတ်ကာလတို့သည် ဘုရားသခင်ချမှတ်သောမူဝါဒ ပြောင်းလဲချက်အပေါ် မူတည်သည်။ အသင်းတော်ခေတ်ကာလသည် "လွတ်လပ်သောဥပဒေသ" ကို ပေါ်လွင်လာစေသည် (ယာကုပ်၊ ၁း၂၅၊၂း၁၂၊ ရောမ၊

၁၃း၈-၁၀၊ ဂလ၊ ၅း၁၄၊ ယာကုပ်၊ ၂း၈)။ ချစ်ခြင်း မေတ္တာ၌ တည်သော ပညတ်ဖြစ်သည်။

မိလေနိခေတ်ကာလသည် လေဝိအမျိုးဇာဒုတ်အားဖြင့် အသစ်သော ယဇ်ပုရောဟိတ်အမှုအရာကိုဖြစ်စေသည် (ယေဇ၊ ၄၀း၄၆၊ ၄၃း၁၉၊ ၄၄း၁၅၊ ၄၈း၁၁)။ ပညတ်ဥပဒေသည် ဣသရေလတို့အတွက် ပဋိညာဉ်အသစ်မှာ အခြေခံသည် (ယေ၊ ၃၁း၃၁-၃၃၊ ဟေဗြဲ၊ ၈း၈-၁၀)။ *"သံလှံတံနှင့် အုပ်စိုးသကဲ့သို့ ခရစ်တော်ကိုယ်တိုင် တည်ထောင်ခြင်းဖြစ်သည်"* (ဗျာ၊ ၁၂း၅)။

ထို့ကြောင့် ခေတ်ကာလနှင့်အညီ ဘာသာပြန်ဆိုခြင်းသည် နည်းစနစ်ပုံစံများကို ပြောင်းလဲစေသော်လည်း ကိုယ်ခန္ဓာအရေးထက် ဝိညာဉ်ရေးကို အခြေခံသောမူဝါဒ၌ တည်ရှိဆဲဖြစ်သည်။ ဥပမာ၊ ယခုခေတ်ကာလတွင် ခရစ်တော်၏ ယဇ်ပူဇော်ခံခြင်းအကြောင်းကို အောက်မေ့ဘို့ရန် ကျွန်ုပ်တို့သည် တိရိစ္ဆာန်များကို ယဇ်ပူဇော်ဘို့ မလိုပါ (ဟေဗြဲ၊ ၁၀း၁၀)။ ထိုသို့ မပြုလုပ်ရဘဲ ခရစ်တော်ကို အောက်မေ့ခြင်းအနေဖြင့် ချီးမွမ်းခြင်းအလို့ငှါ သခင်ဘုရား၏ ပွဲတော်ကို စားရကြသည် (၁ကော၊ ၁၁း၂၃-၃၄)။ မိလေနိခေတ်တွင် ခရစ်တော်ကို အောက်မေ့ဘို့ တိရိစ္ဆာန်ယဇ်ပူဇော်ခြင်းအမှု ပြန်၍လုပ်ရမည် (ယေဇ၊ ၄၃း၁၈-၂၇)။ သမိုင်းကြောင်းကွဲလွဲမှု သည် ကျမ်းစာကို ဘာသာပြန်လေ့လာခြင်းမှ ဆင်းသက်လာသည်။ ခေတ်ကာလတစ်ခုမှ တစ်ခုသို့ ပြောင်းလဲခြင်းအချိန်အတွက် အခြေခံသုံးသပ်နိုင်သော မြင်ကွင်းအချို့ရှိသည်။ ယင်းတို့သည် ဘုရားသခင် လူတို့၌ သီးခြားထိတွေ့ဆက်ဆံသော သမိုင်းကြောင်းဖြစ်ရပ်ဆိုင် ရာ ခေတ်ကာလမူဝါဒကို ပျက်ပြားစေခြင်းမရှိပါ။

ခေတ်ရေစီးကြောင်းအလိုက် (လွန်ကဲသောခေတ်ကာလ အယူဝါဒ) ဖြစ်လာသည့် ခေတ်ကြီး တစ်ခု၌ ခေတ်ငယ်တစ်ခုကို သွတ်သွင်းခြင်းမျိုးဖြစ်သည်။ ကျွန်ုပ်တို့သည် ဤသို့လုပ်ဆောင်ခြင်းကို ကျမ်းစာနှင့်အညီဖြစ်ကြောင်း တိကျစွာ ဘာသာပြန်ခြင်း၌ ရှုတ်ထွေးစေကြောင်း သတိထားရမည်။ ဥပမာ၊ တောင်ပေါ်ဒေသနာ၌ အသင်းတော်၏ တန်ခိုးအကြောင်း ဘာမျှ မတွေ့ရပါ။ အဘယ်ကြောင့်ဆိုသော် ခရစ်တော်သည် ဣသရေလတို့ခေတ်အတွက် ပြောနေခြင်းဖြစ်သည်။ ၁တိ၊ ၆း၃ အရ ခက်ခဲသော အယူဝါဒအဖြစ် ကျွန်ုပ်တို့ အလွဲယူခြင်းမရှိဘို့ လိုသည်။

ကျွန်ုပ်တို့ လုပ်သင့်သောအရာမှာ ခေတ်ကာလလေ့လာခြင်းကို တိုးချဲ့၍ မူဝါဒချမှတ်ဘို့ဖြစ်သည်။ ကျမ်းစာအလိုအရ ယဇ်ပုရောဟိတ်အမှုအရာသည် ပြောင်းလဲခြင်းရှိနိုင်သော်လည်း လုပ်ဆောင်ချက်မူဝါဒသည် မပြောင်းလဲဘဲ တည်ရှိနေမည်ဖြစ်သည်။ ခေတ်ကာလတိုင်း၏ယဇ်ပုရောဟိတ်အမှုအရာမှာ ကိုယ်တော်၌ ဆက်ကပ်ခြင်းနှင့် နှုတ်ကပတ်တော်ကို သွန်သင်ခြင်းဖြစ်သည်။

စ။ မူဝါဒဆယ့်လေး။ ။ ပရောဖက်ပြုချက်ကို သတိထား၍ ဘာသာပြန်ဆိုခြင်း

ဤမူဝါဒသည် ကျမ်းစာ၌ ရှေ့ဖြစ်ရပ်ကို ကြိုဟောခြင်းအကြောင်းကို အဓိကထားသည်။ စစ်မှန်သော ပရောဖက်ပြုချက်တို့သည် ဝိညာဉ်တော်က လူတို့အားဖြင့် ဖေါ်ပြကြောင်း ကျမ်းစာ၌ ရေးသားထားသည်။ "အနာဂတ္တိစကားသည် လူ့အလိုအားဖြင့် ဖြစ်ဘူးသည် မဟုတ်" (၂ပေ၊ ၁း၁၉-၂၁)။ ပရောဖက်ပြုချက်ကို ဘာသာပြန်ဆိုရာ၌ လှည့်စားမှုအချို့ကို ဝမ်းနည်းဘွယ်တွေ့ရသည်။ အယူလွဲမှားသော အဖွဲ့အစည်းတို့က အသစ်ပြောင်းလဲခြင်း အတွက် လူတို့ကို ရရှိဘို့ ပရောဖက်ပြုချက်တို့ကို အထူးလွန်ကဲစွာ အသုံးချတတ်ကြသည်။ ခရစ်တော်၌ ယုံကြည်သူတို့သည် ယဇ်ပုရောဟိတ်အမျိုးဖြစ်ကြောင်း သတိရပါ။ ထူးကဲစွာ ဘာသာပြန်ဆိုမှု အသစ်ကို ပြုလုပ်သူများ သူတို့အဖွဲ့ဝင်ဖြစ်ဘို့ သူတို့၏ ထူးကဲသစ်လွင် သော ဘာသာပြန်ဆိုခံယူမှု၌ ပါဝင်လာဘို့ သိမ်းသွင်းသူတို့ကို ရှောင်ကြဉ်ပါ။

ပရောဖက်ပြုချက်တို့ကို တိကျစွာ ဘာသာပြန်ဆိုသူသည် အစိတ်အပိုင်း ထောင်ချီ၍ ကွဲပြား နေသော ပုံကားချပ်ကြီး တစ်ခုထဲ၌ စုစည်းလုပ်ဆောင်ရသည် (ပရောဖက်ပြုချက် ကျမ်းပိုဒ် ၁၀၀၀ ခန့် မျှရှိသည်)။ ထိုပုံကားချပ်ကို သရုပ်ဖေါ်ပြီး သမိုင်းကြောင်းတစ် လျှောက်၊ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အတွက် သက်ဆိုင်သော ခရစ်တော်၏ ပုံရိပ်ကို တွေ့မြင်ကြရမည်။ ထို့နောက် သိရှိပြီးဖြစ်သောအရာတို့ကို ရေတွက်ခြင်း ထင်ရှားသော အစိတ်အပိုင်းတို့ကို ဆင်ခြင်ရန် ကောက်နှုတ်ခြင်းစသည်ဖြင့် အကျယ်ချဲ့ရမည်။ ကျွန်ုပ် တို့၏ အထင်အမြင်အရ ဖြစ်ရပ်အကြောင်းနှင့် မဆီလျော်သောအရာတို့ကို လျှော့ချခြင်း ပြုလုပ်ခွင့်မရှိပါ။

ကျမ်းစာတစ်အုပ်လုံး၏ လေးပုံတစ်ပုံသည် ပရောဖက်ပြုချက် အနာဂတ္တိစာစောင်များဖြစ် ကြောင်း သိမှတ်ပြီး လေ့လာရမည်။ ဤသင်ခန်းစာအတွက် ကျွန်ုပ်တို့ လိုက်နာရန် အချက် (၃) မျိုးရှိသည်။

၁။ ။ပရောဖက်တို့က ဘာသာပြန်ဆိုခြင်းကို ပြုလုပ်ကြောင်း သိမှတ်ခံယူခြင်း

ပရောဖက်သည် မိမိကိုယ်တိုင် ဘာသာပြန်ဆိုမှုပြုလုပ်ခြင်းရှိသည်။ ဥပမာ၊ ယောဟန်၊ ၂း၁၉-၂၁၊

*"ယေရှုကလည်း ဤဗိမာန်တော်ကို ဖြိုဖျက်ကြလော့။ သုံးရက်အတွင်းတွင် ငါတည် ဆောက်မည်ဟု မိန့်တော်မူ၏။ ယုဒလူတို့က အနှစ်လေးဆယ့်ခြောက်*

*နှစ်ပတ်လုံး ဤဗိမာန်တော်ကို တည်ဆောက်ရကြ၏။ သင်မူကား သုံးရက်တည်းနှင့် တည်ဆောက်မည်လောဟု ဆိုကြ၏။ ထိုသို့မိန့်တော်မူရာ၌ မိမိကိုယ်တည်းဟူသော ဗိမာန်ကို အမှတ်ပြု၍ မိန့်တော်မူ၏။"*

အချို့ပရောဖက်ပြုချက်တို့သည် ဤကျမ်းပိုဒ်ကဲ့သို့ ဘာသာပြန်ရန် လွယ်ကူကြသည်။ ဘုရားသခင်သည် သတိပေးချက်မရှိဘဲ ရာစုနှစ်တို့ကိုကျော်၍ လုပ်ဆောင်နိုင်ကြောင်းကိုလည်း သိမှတ်ပါ။ ကျမ်းပိုဒ်တစ်ခုတည်း၌ပင် ရာစုနှစ်ကာလတို့ကိုကျော်၍ လုပ်ဆောင်တော်မူကြောင်း လုကာ၊ ၄း၁၈-၂၀ နှင့် ဟေရှာယ၊ ၆၁း၁-၂ တွင် ခရစ်တော်၏ ကိုးကားချက်ကို ကြည့်လျှင် တွေ့ရသည်။

၂။ ။ပရောဖက်ပြုချက်သည် သမိုင်းကြောင်းအရ ပြည့်စုံခဲ့ပြီးဖြစ်ကြောင်း သိမှတ်ခံယူခြင်း

ကျမ်းပိုဒ်အချို့တို့သည် ပြည့်စုံခဲ့ပြီးသော ပရောဖက်ပြုချက်ဖြစ်ကြောင်းကို ဖော်ပြထားခြင်းကို ဦးစွာသိရှိဘို့ လေ့လာရမည်။ ဤသို့ဖြင့် မည်သည့်ပရောဖက်ပြုချက်သည် မပြည့်စုံသေး ကြောင်း ကျွန်ုပ်တို့၏ အနာဂါတ်ကာလမှ ပြည့်စုံမည်ဖြစ်ကြောင်းတို့ကို သိရှိရမည်။

ဥပမာတစ်ခုမှာ နောဧခေတ်ရေလွှမ်းမိုးခြင်းဖြစ်ရပ်သည် နှစ်ပေါင်း ၁၂၀ ခန့်က ကြိုတင်ဗျာဒိတ်ပေးထားခြင်းဖြစ်သည် (ကမ္ဘာ၊ ၆း၃)။ ဤဖြစ်ရပ်သည် ပြည့်စုံခဲ့ပြီးဖြစ်ကြောင်း ကျမ်းစာက ဖော်ပြသည် (ကမ္ဘာ၊ ၇-၈)။

ဘုရားသခင်သည် ဣသရေလတို့ကို ပြန်လည်စုစည်းမည့်အကြောင်း ကျမ်းစာက ဖော်ပြသည် (ဇေ၊ ၉း၁၄၊ မဿဲ၊ ၂၄း၃၁)။ ဤပရောဖက်ပြုချက်သည် မပြည့်စုံသေးပါ။ ကျမ်းစာအရသာမက သမိုင်းကြောင်းဖြစ်ရပ်ကပါ သက်သေရှိကြောင်းသိရသည်။ အချို့သော ပရောဖက်ပြုချက်တို့ ပြည့်စုံခြင်းအကြောင်းကို ပို၍သိရှိရန် အခြားသမိုင်းကြောင်းဖြစ်ရပ်စာအုပ်တို့ကိုပါ ဖတ်၍ လေ့လာသင့်သည်။ လောက၏ သမိုင်းကြောင်းဖြစ်ရပ်စာအုပ်တို့မှာ ဝိညာဉ်တော်မှုတ်သွင်း၍ မထားကြောင်း သတိရဘို့လိုပြီး ကျမ်းစာသင်သူတို့မှာ ဘုရားသခင်၏ စကားကို တိကျမှန်ကန်သည်ဟု ခံယူကြရမည်။

၃။ ။ပရောဖက်ပြုချက် ဘာသာစကားကို သိမှတ်ခံယူခြင်း

ပရောဖက်ပြုချက်တို့၌ သခင်ဘုရားကို ရည်ညွှန်းပြောဆိုသောစကား "ယုဒအနွယ်မှ ခြင်္သေ့" "ဘုရားသခင်၏ သိုးသငယ်" (ဗျာဒိတ်၅)၊ ပုံဆောင်ခြင်းအကြောင်း (ဗျာဒိတ်၊

၁၃တွင်ပါသော သားရဲ)၊ ပုံစံများ (ထွက်၊ ၂၅-၄၀ တွင်ပါသည့် မြေကြီးပေါ်မှ တဲတော်) စသည်တို့ကို ဆင်ခြင်၍ ခံယူသတ်မှတ်ရသည်။ ကျွန်ုပ်တို့သည် ပရောဖက်ပြုချက် ဘာသာရပ်စကားကို ရှင်းလင်းထား သော ကျမ်းစာအခ်ပ္ပါယ်ကို ဦးစွာကြည့်မှတ်ခြင်းဖြင့် သိသာထင်ရှားနိုင်ပါသည်။

မှန်းဆခြင်းသည် ဘာသာပြန်ဆိုခြင်းမဟုတ်ပါ။ လူသည် မိမိမှန်းဆချက်ကို မိမိအယူဝါဒ အဖြစ် ပြောင်းလဲပစ်ဘို့ လွယ်ကူပါသည်။ မည်သို့ပင်ဆိုစေ ပရောဖက်စကားတို့သည် သင့်လျော်သော အချိန်ကာလမရောက်မှီအထိ အချို့စကားတို့ကို နားမလည်နိုင်သေး ကြောင်း သိမှတ်ကြရမည် (ဒံယေလ၊ ၁၂း၄၊၈-၁၀)။

# အပိုင်း ၄

# စည်းမျဉ်း ၄

စည်းမျဉ်းလေး။ ။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မှန်ကန်စွာ အသုံးပြုခြင်းအားဖြင့် ခရစ်ယာန်အသက်တာဖြင့် နေထိုင်ကျင့်ကြံမှုကို ရှာဖွေခြင်း

ယောဟန်၊ ၇း၁၇ မှ ခရစ်တော်ဖေါ်ပြချက်အတိုင်း ပေါ်ထွက်လာသော မူဝါဒဖြစ်သည်။ နှုတ်ကပတ်တော်ကို အမှန်တကယ် “သိ” လိုလျှင် ထိုနှုတ်ကပတ်တော်အတိုင်း “ပြုလုပ်” (အသက်ရှင်) လိုစိတ်ရှိရမည်။ ဤမူဝါဒသည် နှုတ်ကပတ်တော်ကို လေ့လာဘို့ အားပေး တိုက်တွန်းခြင်းရှိ၏။ မိမိအယူအဆ သဘောထားများကို ဖယ်၍ ဝိညာဉ်တော် ထွန်းလင်း ခြင်းကို ရိုးသားစွာ ခံယူရမည် (၁ကော ၂း၁၄)။ မိမိတို့၏ သန့်ရှင်းခြင်းလက္ခဏာသည်ပင် တန်ဘိုးသတ်မှတ်နိုင်ကြောင်း အတွင်းဝိညာဉ်စူးစမ်းခြင်းသဘောလည်း သက်ရောက် သည် (၂ကော၊ ၁၃း၅)။

ကျွန်ုပ်တို့သည် အာမခံချက်မရှိသော အယူအဆနှင့် ကိုယ်တိုင်သဘောထားများကို ကိုင်ဆွဲထားရန် လွယ်ကူပြီးမှ ကျမ်းစာအတိုင်း သက်သေထင်ရှားရှိစေဘို့ စူးစမ်းနိုင်သည်။ ထိုနည်းစနစ်သည် အခြားသောလမ်းကြောင်းကို ညွှန်းသည့်ကျမ်းပိုဒ်ကို မမြင်မိစေရန် ၎င်းအခြားအရာနှင့် ချိန်ထိုးဘို့ ဖေါ်ပြသည်။ ကျမ်းပိုဒ်ကို မတွေ့မိစေရန် ၎င်းကာဆီးတတ် သောကြောင့် တစ်စုံတစ်ခုသာ ထင်ရှားမှုဖြစ်ယုံရှိ၏။

ဥပမာ၊ ဒါဝိဒ်သည် ဗာသရှေဘနှင့် ဖြစ်ပျက်သောကိစ္စကို သုံးသပ်ပြီး ကိုယ့်စိတ်ကြိုက် ယူဆတတ်ကြသည် (၂ရာ၊ ၁၁)။ လူသည် သူ့မယားနှင့် ပြစ်မှားခြင်း၊ လူသတ်ခြင်းအမှုကို ပြုနိုင်သည်ဟု ဤကျမ်းပိုဒ်ကို ဆွဲကိုင်၍ အချို့က ဆင်ခြေပေးကြသည်။ ပညတ်တော် ၁၀ ပါး၌ပါသော လူသတ်ခြင်း၊ သူ့မယားကို ပြစ်မှားခြင်းစသည်တို့သည် ဘုရားသခင် လက်ခံနိုင်သောအရာမဟုတ်ကြောင်း ထိုကျမ်းပိုဒ်နှင့် ယှဉ်တွဲ၍ ဖတ်ဘို့လည်းလိုသည် (ထွက်၊ ၂၀း၁-၁၇)။ ဘုရားသခင်သည် ဒါဝိဒ်၏ နောင်တကို သိမှတ်ပြုသောကြောင့် သူသည် ရှင်ဘုရင်ရာထူးပြုတ်မသွားပါ (ဆာလံ၊ ၅၁)။ သို့သော် အပြစ်ကြွေးများကို ကြောက်မက်ဘွယ်ပေးဆပ်ခဲ့ရသည်။

က။ မူဝါဒဆယ့်ငါး။ ။ ဆီလျော်အောင် လိုက်လျှောက်ခြင်းသည် လျော်ညီစွာ ဘာသာပြန်ခြင်းဖြင့် တည်ဆောက်ထားသည်။

နှုတ်ကပတ်တော်ကို လျော်ညီစွာ လိုက်လျှောက်နိုင်ဘို့ လျော်ညီစွာ ဘာသာပြန်ခြင်းကို လိုအပ်သည်။ ကျမ်းစာ၌ ကျင့်သုံးရန် များစွာရှိသော်လည်း ဘာသာပြန်ဆိုမှုတစ်ခုတည်း အဓိပ္ပါယ်မှန်ကန်မှုရှိရမည်။ ဥပမာ၊ (၁တိ၊ ၃း၁-၇) အရ အသင်းတော်အုပ်ထိန်းသူ၏ အရည်အချင်းကို ကြည့်သောအခါ ပြောင်းလဲသူအသစ်တစ်ယောက်မဟုတ်ရဘဲ အသင်းတော်၌ ၄င်းခေါင်းဆောင်တို့၌ ဦးဆောင်နိုင်သော ရင့်ကျက်သည့်အရည်အချင်းများကို ဆိုလိုသည်။

ခ။ ဆီလျော်အောင် လိုက်လျှောက်ရန် အဆင့်ငါးဆင့်

အဆင့် ၁။ ဝိညာဉ်ရေးရာမူဝါဒများကို ဆီလျော်အောင် ကျင့်သုံးလိုက်နာခြင်း၊ နားလည်သဘောပေါက်ခြင်း၊ ပြန်လည်ကောက်နှုတ်ခြင်းတို့အတွက် ဆုတောင်းပါ။ (ယာ၊ ၁း၅)

အဆင့် ၂။ ရွေးချယ်ပြီးသောကျမ်းပိုဒ်ကို မှန်ကန်ပြည့်ဝစွာ နားလည်ဘို့ ကြိုးစားပါ။ ဤသို့ပြုလုပ်ခြင်းဖြင့် စာကြောင်းမှ စာပိုဒ်မှ အခန်းကြီးထိ၄င်း၊ အခန်းကြီးမှ စာစောင်တစ်အုပ်လုံးအထိ၄င်း စာပိုဒ်ဆက်စပ်၍ ပြီးစီးနိုင်သည်။ ဤအဆင့်ကို နောက်ပိုင်းတွင် ပို၍ ဆွေးနွေးမည်။ (တိတု၊ ၂း၁၅)

အဆင့် ၃။ ကျမ်းပိုဒ်တစ်ခုစီကို ဘာသာပြန်ဆိုခြင်းမှ ပေါ်ပေါက်လာသော ဝိညာဉ် ရေးရာတို့ကို သတ်မှတ်ပါ။ ဝိညာဉ်ရေးရာသည် အချိန်ကာလဘောင်ခတ်ထားခြင်းနှင့် ယဉ်ကျေးမှုဓလေ့တို့ကို ဖြတ်ကျော်သည်။ ဥပမာ၊ လိင်ဖေါက်ပြန်ခြင်းသည် အချိန်ကာလဘောင်ခတ်ထားခြင်းနှင့် ယဉ်ကျေးမှုဓလေ့ အားလုံးကို ဖြတ်ကျော်လာပြီး အပြစ်ဒုစရိုက်ဟူ၍ ရှောင်ကျဉ်ရန်ဖြစ်သည်။ (ရော၊ ၁၃း၈-၁၀)

အဆင့် ၄။ ကျမ်းစာ၏ မူဝါဒအချို့ကို မိမိကိုယ်တိုင်မလိုက်နာမိခြင်းအတွက် ဘုရားသခင်၌ ရိုးသားစွာဝန်ခံပြီး အမှားပြင်ဆင်ခြင်းကို လက်ခံပါ။ ဆာလံ ၅၁ တွင် ပါသော ဒါဝိဒ်သည် ဗာသရှေဘနှင့် မှားယွင်းမိ၍ နောင်တရ ဆုတောင်းခြင်း အကြောင်းကို ဖတ်ပါ။ (၂ကော၊ ၁၃း၅)

အဆင့် ၅။ ကျေးဇူးတော်နှင့် ယုံကြည်ခြင်း၌ လိုက်လျှောက်ပါ။ *"ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွ ယုံကြည်ခြင်း တိုးပွါးပြည့်စုံလျက် ထိုသခင်၌ ကျင*

*လည်ကြလော့*”(ကောလောသဲ၊ ၂း၆)။

ဂ။ ။ဆီလျော်အောင်ဘာသာပြန်ဆိုခြင်းအတွက် အဟန့်အတားခြောက်ခု

နှုတ်ကပတ်တော်ကို ဘာသာပြန်ရာ၌ များစွာသောအဟန့်အတားရှိသော်လည်း အဓိက ၆ မျိုးကို သုံးသပ်ကြမည်။ မည်သူမျှ မမှားဘဲမရှိကြောင်း သတိရပါ။ ၁ကော၊ ၁ဝး၁၂ တွင် ပေါလုရေးသားချက်ကို မှတ်ဘို့လိုသည်။ “*အကြင်သူသည် မိမိတည်ကြည်လျက် နေသည်ဟု မိမိထင်မှတ်လျက်ရှိ၏။ ထိုသူသည် မလဲခြင်းငှာ သတိပြုစေ။*”

၁။ ။ဇာတိသဘော

ဘာသာပြန်ဆိုမှု အဟန့်အတားတစ်ခုမှာ ဇာတိသဘောဖြစ်သည်။ အပြစ်နှင့် ညှိစွန်းသော ဘဝကို ဆက်လက်ရှင်သန်ပြီး ဇာတိပကတိဖုံးလွှမ်းခြင်းဖြစ်သည် (၁ကော၊ ၃း၃)။ ယုံကြည်သူသည် ဝိညာဉ်တော်၏ ပဲ့ပြင်မှုကို လိုက်နာသည်ထက် ဇာတိပကတိအလိုကို ပို၍ လိုက်တတ်ကြသည် (ဂလ၊၅း၁၉-၂၃)။ နောင်တမရဘဲ အပြစ်ကို တောင်းပန်ခြင်းမရှိသောဘဝ ဖြစ်သည် (၁ယော၊ ၁း၉၊ ၂ကော၊ ၁၂း၂၁)။

ဇာတိပကတိအလိုကို ကျမ်းစာ၌ လေ့လာလျှင်တွေ့ရသည်။ “သူ့မယားကို ပြစ်မှားခြင်း၊ မတရားသောမေထုံ၌ မှိဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊ ကိလေသာလွန်ကျူးခြင်း၊ ရုပ်ထုကို ကိုးကွယ်ခြင်း၊ သူတစ်ပါးကို ပြုစားခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ အမျက်ထွက်ခြင်း၊ ငြင်းခုံခြင်း၊ အချင်းချင်းကွဲပြားခြင်း၊ သင်းကွဲခြင်း၊ သူ့အကျိုးကို ငြူစူခြင်း၊ လူ့အသက်ကို သတ်ခြင်း၊ ယဇ်မျိုးကို သောက်ကြူးခြင်း၊ ပွဲလုပ်ခြင်း” (ဂလ၊ ၅း၁၉-၂၁)။ ဥပမာ၊ လိင်ကိစ္စငြိစွန်းသော ဆရာတစ်ဦးသည် ထိုကျမ်းပိုဒ်ပါအကျင့်ကို လိုက်နာကျင့်သုံးခြင်း သဘောဖြစ်သည်။

ဝိညာဉ်တော်သည် သမ္မာတရားကို ဖေါ်ပြသည့်တိုင် (ယော၊ ၁၆း၁၃) ဇာတိလူသည် ထိုဝိညာဉ်တော်၏ ပဲ့ပြင်မှုကို ရှောင်ဘို့ ရွေးချယ်သည်။ ထို့ကြောင့် နှုတ်ကပတ်တော်၏ ဝိညာဉ်ရေးရာအကြောင်းတရားစစ်ကို နားမလည်ဘဲ ရှုတ်ထွေးနေပေသည်။

ဇာတိလူသည် သာမန်လူနှင့် တူညီမှုအချို့ရှိသော်လည်း သိသာစွာကွဲပြားသည် (၁ကော၊ ၂း၁၄)။ သာမန်လူသည် မယုံကြည်သူကို ဆိုလိုပြီး ဘုရားသခင်၏ ဝိညာဉ်ရေးများကို လက်မခံ။ ဇာတိလူသည် ဝိညာဉ်တော်နှင့် မိတ်သဟာယမဖွဲ့သလို သာမန်လူ၌လည်း ဝိညာဉ်ရေးရာ ဘာမျှမရှိ။ ကျမ်းစာအကြောင်းလည်း မှန်ကန်စွာ နားမလည်ပါ။

၂။ ။အနတ္တဖြစ်ခြင်း

လူတို့အရေးပေးခံရမှုနှင့် ကျော်ကြားမှုကို လိုလားခြင်းသည်လည်း အနတ္တသဘော ဖြစ်သည်။ထိုသဘောထားကြောင့် ဘာသာပြန်ဆိုမှု မဆီလျော်ခြင်းဖြစ်သည်။ သုတ္တံ၊ ၁၆း၁၈ ၌ သတိပေးထားသည်။ *"မာနသည် ပျက်စီးခြင်းအရင်၊ ထောင်လွှားသော သဘောသည် ရှုတ်ချခြင်းအရင်၌ နေရာကျတတ်၏။"*

နှုတ်ကပတ်တော်ကို အားထုတ်၍ လေ့လာသလို အမှန်အတိုင်း စွဲကိုင်ဘို့လည်းလိုသည် (၂တိ၊ ၂း၁၅)။ လေ့လာခြင်းသည် ကိုယ်တော်ကိုငှ်း၊ သူတစ်ပါးကိုငှ်း၊ ချစ်သောစိတ်နှင့် ဖြစ်ရမည်။ မိမိ၏ အခြေအနေ ထင်ရှားလိုစိတ်ကြောင့် မဖြစ်ရပါ (မာကု၊ ၁၂း၂၉-၃၁)။ ဝိညာဉ်ရင့်ကျက်ဘို့ အသစ်သောအကြောင်းတရားများကို တိုး၍လေ့လာခြင်း လိုအပ်သော်လည်း သူတစ်ပါး၌သာ ထင်ရှားသောအကျိုးသက်ရောက်မှုကို ကြည့်နေမည်ဆိုလျှင် မိမိသဘော မစင်ကြယ်သောကြောင့် အချည်းနှီးဖြစ်ရသည်။

ကျွန်ုပ်တို့သည် မိမိတို့၏ လေ့လာမှုစနစ်အပေါ်မှာ အမှန်ကန်ဆုံးဟု ထင်မှတ်ပြီး ဘဝင်မြင့်နေလျှင် ဝိညာဉ်တော်၏ လုပ်ဆောင်မှုကို တွေ့ရတော့မည် မဟုတ်ပါ။

၃။ ။တဖက်စောင်းနင်းဖြစ်ခြင်း

ဘာသာပြန်ဆိုခြင်း ဆီလျော်မှုမဖြစ်အောင် တတိယအဟန့်အတားမှာ တဖက်စောင်းလိုက်ခြင်းဖြစ်သည်။ ယင်းမှာ ပုဂ္ဂိုလ်စွဲပေါ်မူတည်ပြီး ဆန့်ကျင်ဘက်သဘောထား ဖြစ်ပေါ်စေသည်။ "ငါတော့ ဒီကိစ္စကို ဒီလိုမဖြစ်စေဘူး" ဟူ၍ အခိုင်အမာစွဲကိုင်နေလျှင် နှုတ်ကပတ်တော်နှင့် မဆီလျော်တော့ပါ။

ဝမ်းနည်းစရာအကြောင်းတစ်ခုမှာ လူတစ်ချို့တို့သည် ကျမ်းစာက အတိအလင်းဖော်ပြနေသည့်အတိုင်း လူမျိုးစွဲကို အခြေခံ၍ လိုက်လျှောက်လျှက်ရှိကြသည်။

> *"ယေရှုခရစ်၌ ဗတ္တိဇံကို ခံသောသူရှိသမျှတို့သည် ခရစ်တော်ကို ယူတင်ဝတ်ဆောင်သောသူဖြစ်ကြ၏။ ယေရှုခရစ်၌ ယုဒလူမရှိ၊ ဟေလသလူမရှိ၊ ကျွန်မရှိ၊ လူလွတ်မရှိ၊ ယောကျ်ားမရှိ၊ မိန်းမ မရှိ။ ထိုသခင်၌ သင်တို့အပေါင်းသည် တလုံးတဝတည်းဖြစ်ကြ၏။ ခရစ်တော်နှင့်စပ်ဆိုင်လျှင် အာဗြဟံ၏ အမျိုးအနွယ်ပင် ဖြစ်၍ ဂတိတော်အတိုင်း အမွေခံ၏အရာ၌ တည်ကြ၏။"* (ဂလ၊ ၃း၂၇-၂၉)

ဘုရားသခင်၌ လူမျိုးစွဲစိတ်ရှိလျှင် တစ်ပါးအမျိုးသားများ ကယ်တင်ခြင်းရမည်မဟုတ်။

၄။ ။တသမတ်တည်း မဖြစ်ခြင်း၏ ဥပဒေသ

ကျမ်းစာကို ကြိုးစား၍ ပြန်ဆိုကြသော်လည်း ဝိညာဉ်ရေးဥပဒေသတို့၌ တသမတ်တည်း မဖြစ်လျှင် ဘာသာပြန်ဆိုမှုလွဲမှားနိုင်ကြောင်း တွေ့ရှိကြမည်။

(က) မိမိကိုယ်ကို တန်ဘိုးထား၍ ဝန်ခံသောဥပဒေသ

ကျွန်ုပ်တို့၌ ယုံကြည်ခြင်းရှိမရှိ ကိုယ်တိုင်စစ်ဆေးဘို့ ၂ကော၊ ၁၃း၅ တွင် ဖေါ်ပြသည်။ ကိုယ်တော်၏ အဆင့်တိုင်း ကျွန်ုပ်တို့သည် ဘုရားသခင်ရှေ့၌ ပြုကျင့်ဘို့ လိုသည်။ အားနည်းသောအခါ သခင်ဘုရား ရှေ့မှောက်တွင် ဝန်ခံပြီး ခွန်အားယူဘို့ လိုသည်။

*"ကိုယ့်အပြစ်တို့ကို ဖေါ်ပြတောင်းပန်လျှင် ငါတို့ အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့်ငှင်း၊ ဖြောင့်မတ်ခြင်းတရားနှင့် ငှင်း ပြည့်စုံတော်၏"* (၁ယော၊ ၁း၉)။
အားနည်းကျဆင်းခြင်းသည် နှုတ်ကပတ်တော်ကို မှားရင်းရှုပ်ထွေးစွာ ခံယူမိစေသော ဇာတိစိတ်ကို ဖြစ်ပေါ်စေသည်။

(ခ) တသမတ်တည်း ဆုတောင်းခြင်းဥပဒေသ
*"တောင်းကြလော့၊ တောင်းလျှင်ရမည်။ ရှာကြလော့၊ ရှာလျှင်တွေ့မည်။ တံခါးကို ခေါက်ကြလော့၊ ခေါက်လျှင် ဖွင့်မည်။ တောင်းသောသူမည်သည်ကားရ၏။ ရှာသောသူလည်းတွေ့၏။ ခေါက်သောသူအားလည်းတံခါးကိုဖွင့်၏။"* (မဿဲ၊ ၇း၇-၈)။

အားနည်းကျဆင်းခြင်းသည် ဘုရားနှင့် မိတ်သဟာယဖွဲ့မှုကို ကျိုးပျက်စေသည်။

(ဂ) တသမတ်တည်းလေ့လာသောဥပဒေသ
၂တိ၊ ၂း၁၅ တွင် ကျမ်းစာ၏ အရေးကြီးသောအပိုဒ်များကို အားထုတ်စွဲကိုင်ဘို့ ဖေါ်ပြထားသည်။ *"သင်မူကား ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိဘဲ သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက် ဘုရားသခင်ရှေ့၌ ကိုယ်ကိုကိုယ် ဆက်သခြင်းငှာ ကြိုးစားအားထုတ်လော့"*(၂တိ၊ ၂း၁၅)။

ကျမ်းစာကို တသမတ်တည်းလေ့လာမှုမရှိလျှင် သီးသန့်ကျမ်းပိုဒ်တစ်ခုတည်း၌ တဝဲလည်လည်စွဲလမ်းပြီး အားနည်းကျဆင်းတတ်သည်။

၅။ ။ယိုင်နဲ့သော နည်းစနစ်ဥပဒေသ

ဘာသာပြန်ရန် နည်းစနစ်တို့သည် တိကျသေချာခြင်းကို အဟန့်အတားဖြစ်စေသည်။ အကြောင်းအရာကို အခြေခံပြီး ယုံကြည်မှုသည်လည်း ကိုယ်တိုင်နားလည်သလို အကျိုးသက်ရောက်စေသည်။ ဥပမာ၊ ကျမ်းစာကို ဘုရားသခင် မှုတ်သွင်းထားကြောင်းမယုံလျှင် ကျမ်းစာ၌ပါသော နိမိတ်လက္ခဏာတို့ကို သိပ္ပံပညာနှင့် အကြောင်းပြပြီး ဆင်ခြင်ပေးတတ်သည် (၂တိ၊ ၃း၁၆-၁၇)။ သို့သော်၊ ကျမ်းစာသည် ဘုရားသခင် မှုတ်သွင်းထား၍ အတိအကျ မှန်ကန်ကြောင်း ယုံကြည်လျှင် နမိတ်လက္ခဏာတို့ကို ဘုရားတန်ခိုးတော်ကြောင့် ဖြစ်ပျက်ခဲ့ ကြောင်းလက်ခံလာမည်။

ကျမ်းစာဘာသာပြန်ဆိုခြင်း ဆုကျေးဇူးကို တိကျသေချာသော ခရစ်ယာန်တို့၌သာ ဘုရားကပေးကြောင်း အချို့ယုံကြည်ကြသည်။ ယုံကြည်သူသည် ယဇ်ပရောဟိတ်မျိုး ဖြစ်ကြောင်း ကျမ်းစာက ဖော်ပြ၍ (၁ပေ၊ ၂း၅ ၊ ၉) ဘုရားသခင်၏ ပလ္လင်တော်ရင်းသို့ တိုးဝင်ခွင့်ရှိကြသည် (ဟေဗြဲ၊ ၄း၁၆)။ ဝိညာဉ်တော်က ကျွန်ုပ်တို့ကို တိုက်ရိုက်ညွှန်ကြားသည်။ (၁ကော၊ ၂း၁၅)

ကျမ်းစာကို ဇာတ်လမ်းသရုပ်ဖော်ခြင်း သို့မဟုတ် ဒဏ္ဍာရီဆန်ဆန် ဘာသာပြန်ဆိုခြင်းသည် ရှုတ်ထွေးစေတတ်သောကြောင့် အတိအကျဖြစ်ဘို့ လိုအပ်သည်။ သရုပ်ဖော်ခြင်းစနစ်သည် လည်း နိုင်ငံရပ်ခြားအဓိပ္ပါယ်ကို အကြောင်းရင်းထဲမှ မပြောင်းလဲပေးနိုင်ပါ။ နောဧလက်ထက်ရေလွှမ်းမိုးခြင်းကိစ္စသည် ကမ္ဘာနှင့်အဝှမ်း လူသားများတွေ့ကြုံရခြင်း အဖြစ် မယူ လျှင် သရုပ်ဖော်ပြန်ဆိုမှုသည် ရိုးသားဖြူစင်မှုရှိမည် မဟုတ်ပါ။

ဒဏ္ဍာရီဆန်ဆန်ရေးသားခြင်းသည်လည်း မဖြစ်နိုင်သောအရာများကို အဓမ္မသွတ်သွင်းပြီး အမှန်တရားဖော်ပြမှု အလွန်နဲပါးလှသည်။ နောဧရေလွှမ်းမိုးခြင်းကိစ္စကို သေးငယ်သော အမှုအဖြစ် သုံးသပ်လျှင် ကမ္ဘာနှင့်အဝှမ်း ဖြစ်ပျက်သောအမှုကြီးဖြစ်၍ မှီတင်းနေထိုင်သူတို့အတွက် ဒဏ္ဍာရီသဖွယ် ခံယူကြလိမ့်မည်။ ဒဏ္ဍာရီပုံပြင်တွင် အမှန်တရား အနည်းငယ်မျှကို လိမ်ညာမှုအပေါင်းက ဝိုင်းဝန်းထားသည်ဟု ပြောနိုင်ပေသည်။
အချို့သည် ခရစ်တော်၏ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းအကြောင်းကိုပင် ဒဏ္ဍာရီဇာတ်လမ်းကဲ့သို့ သရုပ်ဖော်၍ ပြန်ဆိုကြသည်။ သူတို့၏ ပြန်ဆိုမှုသည် အမှန်ဖြစ်ခဲ့လျှင် ခရစ်တော်အသေခံခြင်း၊ သင်္ဂြိုလ်ခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ ရွေးနှုတ်ခြင်း စသည်ဖြင့် ကျွန်ုပ်တို့အတွက် မည်သို့မျှ အကျိုးမရှိကြောင်း ပေါလုက ပြောထားသည် (၁ကော၊ ၁၅)။

ပုံစံအနေအထားကို ဆင်ခြင်သုံးသပ်ပြီး တိုက်ရိုက်ဘာသာပြန်ဆိုခြင်းစနစ်သည်ပင် အမှားအယွင်းရှိနိုင်သည်။ ဥပမာ၊ ရှောလမုန်သီချင်းသည် သဘာဝလွန်၍ ပြန်ဆိုထားသော စာအုပ်ဖြစ်သည်။ မူရင်းအတိုင်း ဘာသာပြန်ဆိုမှု၌ မှန်ကန်သော နည်းစနစ်ပါဝင်နေရပြီး ပုံစံအနေအထားနှင့် ဘာသာရပ်စကားတို့ကို အသိအမှတ်ပြုနိုင်သည်။ မူဝါဒ (၉) ၌ ထိုအကြောင်းကို ဆွေးနွေးမည်။

၆။ ။မခိုင်မြဲသော အကြောင်းပြချက်

လူတို့၏ အကြောင်းပြချက်သည် ဘုရားသခင်၏ ကြီးမြတ်ခြင်းအကြောင်းကို အပြည့်အဝနားလည်အောင် မဖေါ်ပြနိုင်ပါ။ လူ့သဘောအတိုင်း ဘုရားအကြောင်းကို အပြည့်အဝနားလည်လျှင် လူသည် အပြစ်မဲ့သူဖြစ်သွားပေမည်။ *"ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့ ကိုးစားလော့။ ကိုယ်ဉာဏ်ကို အမှီမပြုနှင့်၊ သွားလေရာရာ၌ ထာဝရဘုရားကို မျက်မှောက် ပြုလော့။ သို့ပြုလျှင် သင်၏ လမ်းခရီးတို့ကို ပဲ့ပြင်တော်မူလိမ့်မည်။ ငါသည် ပညာရှိ၏ဟု ကိုယ်ကိုကိုယ် မထင်နှင့်။ ထာဝရဘုရားကို ကြောက်ရွံ့၍ ဒုစရိုက်ကို ရှောင်လော့"* (သုတ္တံ ၃း၅-၇)။ ကျွန်ုပ်တို့သည် နားလည်နိုင်သော စွမ်းရည်အပေါ်မှာမဟုတ်ဘဲ ယုံကြည်ခြင်း အပေါ်မှာသာ လိုက်လျှောက်ဘို့ ဘုရားသခင်အလိုရှိသည်။

ကျွန်ုပ်တို့သည် တစ်နေ့လျှင် သခင်ဘုရားကို ကောင်းစွာနားလည်တွေ့မြင်ရမည်ဟု ဂတိတော်ရှိသည်။ *"ယခုတွင် ငါတို့သည် မှန်အားဖြင့် ရိပ်မိလျက်သာနေကြ၏။ ထိုအခါမူကား မျက်မှောက်ထင်ထင်မြင်ရလိမ့်မည်။ ယခုတွင် ငါ အသိအမြင် မစုံလင်ဖြစ်၏။ ထိုအခါမူကား သူတစ်ပါးသည် ငါ့ကို သိသကဲ့သို့ ငါသိရလိမ့်မည်"*(၁ကော၊ ၁၃း၁၂)။ ဘုရားသခင်နှင့် တွေ့သောအခါ အဖြေမရှိသော မေးခွန်းများအတွက် အားလုံးသိရကြမည်။

ပထမရာစုနှစ် ဂျူးတို့အတွက် မခိုင်မြဲသောအကြောင်းပြချက် ပြဿနာမှာ ခရစ်တော်ကို မေရှိယအဖြစ် လက်မခံနိုင်ခြင်းဖြစ်သည်။ မဿဲ ၂၂း၄၁-၄၆ တွင် ပါသော ခရစ်တော်နှင့် ဖါရိရှဲတို့၏ အခြေအတင်ပြောစကားကို သုံးသပ်ပါ။

> *"ဖါရိရှဲတို့သည် စုဝေး၍ နေကြစဉ်တွင် ယေရှုက၊ "သင်တို့သည် ခရစ်တော်ကို အဘယ်သို့ ထင်မှတ်ကြသနည်း။ အဘယ်သူ၏သားဖြစ်သနည်း" ဟု မေးတော်မူ လျှင်၊ "ဒါဝိဒ်၏သားဖြစ်သည်" ဟုလျှောက်ကြသော်၊ သို့ဖြစ်လျှင် ဒါဝိဒ်သည် ခရစ်တော်ကို သခင်ဟူ၍ ဝိညာဉ်တော်အားဖြင့် အဘယ်ကြောင့်ခေါ်သနည်း။*

*ဒါဝိဒ်၏ စကားမှာ ထာဝရဘုရားက သင်၏ ရန်သူတို့ကို သင်၏ခြေတင်ရာ ငါမချ မထားမှီတိုင်အောင် ငါ့လက်ျာဘက်၌ ထိုင်နေလော့ ဟု ငါ၏သခင်အား မိန့်တော်မူသည် ဟု ဒါဝိဒ်ဆိုသတည်း။ ထိုသို့ ဒါဝိဒ်သည် ခရစ်တော်ကို သခင် ဟူ၍ ခေါ်လျှင် အဘယ်သို့ သူ၏သားဖြစ်သနည်းဟု မေးတော်မူသည်ရှိသော် အဘယ်သူမျှ စကား တစ်ခွန်းကို ပြန်လျှောက်ခြင်းငှာ မတတ်နိုင်ကြ။ ထိုနေ့မှစ ၍ နောက်တဖန် အဘယ် သူမျှ မမေးမလျှောက်ဝံ့ကြ။"*

ခရစ်တော်သည် ဆာလံ၊ ၁၁၀း၁ ကို ကိုးကား၍ ပြောနေခြင်းဖြစ်သည်။ မေရှိယသည် ဘုရားသခင်နှင့် လူတစ်ပြိုင်နက်ဖြစ်ခြင်းသည် ဆိုင်ပြိုင်သော အကြောင်းပြချက် မဟုတ်ပါလား။

ဃ။ လိုက်နာခံယူရန် ကျဆင်းတတ်သော နည်းလမ်းရှစ်မျိုး

၁။ သခင်ဘုရား၌ မှီခို၍ ခွန်အားတောင်းပြီး လိုက်နာခံယူမှုမရှိခြင်း။

၂။ ဘုရားသခင်၏ သမ္မာတရားကို ဆန့်ကျင်သော အပြုအမူသဘောထား ပြောင်းလဲဘို့ ဟန့်တားခြင်း။

၃။ မူဝါဒ အမှန်အကန်ဖြစ်ကြောင်း သိလျက်နှင့် နားမထောင်ခြင်း။

၄။ လောကီဆန်သော ဖိအားပေးခြင်းတို့၌ ရှုံးနိမ့်ခြင်း။

၅။ မိမိဘဝနှင့်သက်ဆိုင်၍ လိုက်လျှောက်ရမည့်နှုတ်ကပတ်တော်ကို စိတ်ဝင်စားမှု လျော့နည်းခြင်း။

၆။ အပြစ်ကို တရားဝင်ခြင်း၊ မထင်ရှားခြင်းစသည့်နည်း အမျိုးမျိုးဖြင့် ဆင်ခြေပေးခြင်း။

၇။ ပညာဉာဏ်ရှိသည့်အတိုင်း ရွေးချယ်ရမည်အစား ခံစားမှုကို ဦးစားပေးခြင်း။

၈။ ပျင်းရိခြင်း၊ တဖက်စောင်းနင်းခြင်း၊ အစွဲထားခြင်းတို့ဖြင့်တွေးတော၍ ရှုတ်ထွေးနေခြင်း။

# အခန်း (၅)

# ဘုရားသခင်၏ အဖြစ်တော်

# 'အခြေခံမှုကြီးများ'

# အပိုင်း – ၁

# သုံးပါးတစ်ဆူဘုရား (တြိနီတီ)

## (က) သုံးပါးတစ်ဆူဘုရား (တြိနီတီ)ကို အဓိပ္ပာယ်သတ်မှတ်ဖော်ပြခြင်း

စစ်မှန်သောဘုရားသခင် တစ်ဆူတည်းသာရှိတော်မူကြောင်း ကျွန်ုပ်တို့ ရှင်းလင်းစွာ ဖော်ပြ ပြောဆိုနိုင်ပါသည် (တရား၊ ၄း၃၅၊ ၆း၄၊ ကော၊ ၈း၄-၆၊ ဖေက်၊ ၄း၃-၆၊ ယာကုပ်၊ ၂း၁၉)။ ထိုဘုရားသခင်သည် မိမိကိုယ်ကို ခမည်းတော် (ယော၊ ၆း၂၇)၊ သားတော် (ယော၊ ၁း၁)နှင့် သန့်ရှင်းသော ဝိညာဉ်တော် (တမန်၊ ၅း၃-၄) ဟူ၍ ထင်ရှား ဖော်ပြတော်မူပါသည်။ ဘုရားသခင်၏ အတွင်းပိုင်းကျကျ လုပ်ဆောင်တော်မူချက်တို့၏ သဘောသဘာဝကိုမူ ကျွန်ုပ်တို့ မသိရှိနိုင်ပါ။

သုံးပါးတစ်ဆူဘုရား (The Trinity) ဟူသော ဝေါဟာရစကားလုံးကို စုံလင်ပြီးပြည့်စုံသော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သတ်မှတ်ရန်မှာ ခက်ခဲလှပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ကျွန်ုပ်တို့နားလည်ခြင်း ဉာဏ်မီသမျှ အားလုံးတို့ထက် ကျော်လွန်ပြီး ရှိနေတော်မူသောကြောင့် ဖြစ်ပါသည်။ အမှန်စင်စစ် သူသည် ဘုရားသခင်ဖြစ်တော်မူ၏ (ရောမ၊ ၁၁း၃၃)။ ကျွန်ုပ်တို့ခရစ်ယာန်တို့၏ အသက်ရှင်လိုက်လျှောက်ခြင်းမှာ သူ့အား ကျေနပ်နှစ်သိမ့်စေတော်မူရန် ယုံကြည်ခြင်း အားဖြင့် အသက်ရှင်လိုက်လျှောက်ခြင်းဖြစ်ပါသည် (ဟေဗြဲ၊ ၁၁း၆)။ ကောင်းကင်အရာကို မကြည့်မြင်ပါက ကျွန်ုပ်တို့သည် ပတ်ဝန်းကျင်အမြင်ပေါ်၌သာ အသက်ရှင်လိုက် လျှောက်ကြရပါမည်။ ဤသို့သော နေ့ရက်ကာလများ၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏

အကြောင်းကို ပြည့်စုံစွာ သိရှိကြရပါလိမ့်မည် (၁ကော၊ ၁၃း၁၂)။ သို့သော်လည်း ယခုတွင် ကျွန်ုပ်တို့ ပြည့်ဝစုံလင်စွာ နားမလည်သော အရာတို့ကို ယုံကြည်ခြင်းအားဖြင့် လက်ခံကြရပါမည်။ သုံးပါးတစ်ဆူဘုရားနှင့် ပတ်သက်၍ ဥပမာတစ်ခုမှာ ကြက်ဥတစ်လုံး၌ တွေ့မြင်နိုင်ပါသည်။ ထိုကြက်ဥ၌ အကာ၊ အခွံနှင့် အနှစ် ဟူ၍ရှိပြီး၊ ဤအရာ သုံးမျိုးတို့မှာ တသီးတခြားစီ ဖြစ်ကြပါသည်။ သို့သော်လည်း ကြက်ဥတစ်လုံးသာ ဖြစ်ပါသည်။

သုံးပါးတစ်ဆူဘုရား (The Trinity) နှင့်ပတ်သက်၍ သရုပ်ဆောင် တာဝန်ယူခြင်း အသွင်ပုံသဏ္ဍာန်သုံးမျိုးအားဖြင့် ကျွန်ုပ်တို့ရှင်းလင်းစွာ ဖော်ပြနိုင်ပါမည်။ ခမည်းတော်သည် စီမံသူဖြစ်၍ (တမန်တော်၊ ၂း၂၃)၊ သားတော်မှာ အသေခံသောသူဖြစ်ပါသည်။ ဆိုလိုသည်မှာ ကြိုတင်စီမံချက်ကို သယ်ပိုးသောသူဟူ၍ ဖြစ်ပါသည် (ယော၊ ၅း၃၆)။ သန့်ရှင်းသော ဝိညာဉ်တော်သည် ဖွင့်ပြသောသူဖြစ်ပါသည် (ယော၊ ၁၆း၁၃)။ ထိုသူတို့၏ ကွဲပြားခြားနားသော တာဝန်ယူရသည့် အခန်းကဏ္ဍကို ကျွန်ုပ်တို့လေ့လာသောအခါ ကျွန်ုပ်တို့သည် သုံးပါးတစ်ဆူဘုရားကို ကွဲပြားခြားနားစေရန် ရှာဖွေခြင်း မပြုရပါ။ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်အားလုံးတို့၏ အမူအကျင့်ပုံသဏ္ဍာန်တော်မှာ ဘုရားသခင်သာလျှင် ပိုင်ဆိုင်နိုင်ပါသည်။

ဤအကြောင်းမှာ ကျွန်ုပ်တို့အတွက် ပြဿနာတော့မဟုတ်ပါ။ ကျွန်ုပ်တို့သည် အတွင်းပိုင်းကျကျ လုပ်ဆောင်တော်မူချက်များကို နားလည်သဘောပေါက်ခြင်း မရှိနိုင်ပါ။ သို့သော်လည်း ကျွန်ုပ်တို့သည် အစပြုတော်မူခြင်းနှင့် ကျွန်ုပ်တို့၏ ခရီးလမ်းဆုံးသို့ရောက်သော အကျိုးရလဒ်များကို တွေ့မြင်ရပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သဘောသဘာဝကို သူပြုတော်မူသော အရာများအားဖြင့် တွေ့မြင်နိုင်ပါသည် (ရောမ၊ ၁း၂၀)။

## (ခ) သက်သေအထောက်အထား

သုံးပါးတစ်ဆူဘုရားကို သက်သေအထောက်အထားပြဆိုရာတွင် အထက်၌ ကျွန်ုပ်တို့ညွှန်ပြထားခဲ့သည့်အတိုင်း ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်

တော်တို့မှာ "ဘုရားသခင်"ဟူ၍ ခေါ်ဆိုခြင်းကို တွေ့မြင်ရပါသည်။ အကယ်၍ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်တို့သည် ဘုရားသခင်သာလျှင် ပိုင်ဆိုင်နိုင်သော အရည်အသွေးများနှင့် ဘုရားသခင်သာလျှင် ပြုနိုင်တော်မူသော အမှုအရာများတို့ကို ပြုနိုင်လျှင် ထို"သုံးပါး" တို့မှာ "ဘုရားသခင်"ဖြစ်တော်မူသော "သူ" အမှန်ဖြစ်တော်မူကြောင်း ရှင်းလင်းထင်ရှားပါသည်။ အခန်းကြီး (၄)၌ အပိုင်း(၁)တွင် "ဘုရားသခင်၏ အတွင်းပိုင်းဆိုင်ရာ အရေးအကြီးဆုံးသော သဘောတရားပေါ်၌ အခြေခံ၍ အနက်ဖွင့်ဆို ခြင်းဖြစ်ပါသည်။" ကျွန်ုပ်တို့သည် ယခုတွင် ဘုရားသခင်၏ အမူအကျင့်များနှင့် သုံးပါးတစ်ဆူဘုရားတွင် တစ်ဦးနှင့် တစ်ဦး ဆက်စပ်မှုဆိုင်ရာ အမူအကျင့်တို့ကို အကျယ်တဝင့် ရှင်းလင်းဖော်ပြကြရပါလိမ့်မည်ဖြစ်၏။

ဤအရာမှာ အရေးကြီးသော လေ့လာခြင်း အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ ဤကျမ်းချက်များတို့မှာ နှုတ်ကပတ်တော်အကြောင်းကို လေ့လာနေသောသူများ ဘယ်သောအခါမျှ မမေ့နိုင်သည့် သမ္မာကျမ်းစာနှင့်ဆိုင်သော အခြေခံကျသည့် အုတ်မြစ်နှစ်ခုတို့ကို တည်ဆောက်ထားပါသည်။ ပထမအခြေခံအုတ်မြစ်မှာ "ဘုရားသခင် တစ်ဆူတည်းသာလျှင် ရှိတော်မူ၏" ဟူ၍ ဖြစ်ပါသည်။ ဒုတိယမှာ "ငါသည် ထိုသူမဟုတ်" ဟူသော အချက်ပင်ဖြစ်ပါသည်။

## (ဂ) ဘုရားသခင်၏ အတွင်းပိုင်းဆိုင်ရာ အရေးကြီးဆုံးသော အမူအကျင့်၁၀ရပ်

ပထမကွင်းစကွင်းပိတ် (     )သည် ခမည်းတော်ဘုရားကို ညွှန်ပြပါသည်။ ဒုတိယ [     ]မှာ သားတော်ကို ညွှန်ပြသော ကျမ်းချက်များဖြစ်ပြီး၊ တတိယ {     } မှာ သန့်ရှင်းသောဝိညာဉ်တော်ကို ညွှန်ပြသော ကျမ်းချက်များအဖြစ် လေ့လာကြရန် ဖြစ်ပါသည်။

## ၁။ အချုပ်အခြာအာဏာတော်

ဘုရားသခင်သည် ဘုန်းတန်ခိုးတော်နှင့် စိုးစံတော်မူသောသူ ဖြစ်ပါသည်။ ဆိုလိုသည်မှာ သူသည် မိန့်တော်မူသည့်အတိုင်း လုပ်ဆောင်တော်မူသော ရှင်ဘုရင်ဖြစ်ပါသည် (ဒံ၊ ၄း၁၇၊ ၁တိ၊ ၁း၁၇၊ ဆာ၊ ၄၇း၂၊ ၇)။ [ဗျာ၊ ၁၉း၁၆၊ ယော၊ ၅း၂၁]။ {ဇာ၊ ၄း၆၊ ၁ပေ၊ ၄း၁၄၊ ၁ကော၊ ၁၂း၁၁}။ အချုပ်အခြာ အာဏာတော် (ဘုန်းတန်ခိုးတော်နှင့် စိုးစံတော်မူခြင်း)ဟု ဆိုရာ၌ “ဩဇာနယ်ပယ် တစ်ခုအတွင်း၌ အထွဋ်အထိပ်သို့ ရောက်သော တန်ခိုးအာဏာဖြင့် လုပ်ဆောင်ခြင်း”ဟူ၍ ဖြစ်ပါသည်။ ဘုရားသခင်သည် အပြင်ပိုင်းဆိုင်ရာ ထိန်းချုပ်မှုမှ လွတ်ကင်းခြင်းရှိသည်ဟု ဆိုရာတွင် အထွဋ်အထိပ်ဆုံးသို့ရောက်သော တန်ခိုး အာဏာတော်ဖြင့် ဖန်ဆင်းတော်မူသော အရာများ အားလုံးတို့ပေါ်၌ အုပ်စိုးတော်မူခြင်းကို ဆိုလိုပါသည်။ သူသည် ဖန်ဆင်းခြင်းကိုခံရသောသူ မဟုတ်ပါ (ရော၊ ၁း၁၂၊ ၂၅)။

ဘုရားသခင်သည် မိမိအကြံအစည်တော်၊ မိမိကိုယ်ပိုင်ပညတ်တော်များနှင့် မိမိကိုယ်ပိုင် တရားစီရင်ချက်များပေါ်၌ တန်ခိုးအာဏာတည်ရှိတော်မူပါသည်။ အတိုချုံးဆိုရသော်၊ ဘုရားသခင်သည် သူရွေးချယ်တော်မူသည့်အတိုင်း တန်ခိုးတော်အားဖြင့် ပြုတော်မူ၏။ သူ၏အကြံအစည်တော်သည် နားလည်ဖို့ရန် ခက်ခဲသော်လည်း ပြုတော်မူရန် သူရွေးချယ်ဆုံးဖြတ်သည်အတိုင်း ပြုနိုင်တော်မူသော ဘုရားသခင်ဖြစ်ပါသည်။

## ၂။ ဖြောင့်မတ်တော်မူခြင်း

ဘုရားသခင်သည် ဖြောင့်မတ်တော်မူခြင်းနှင့် ပြည့်စုံတော်မူ၏။ ဆိုလိုသည်မှာ သူသည် ခပ်သိမ်းသောအရာတို့၌ စုံလင်တော်မူခြင်းကို ဆိုလိုပါသည် (ယော၊ ၁၇း၂၅၊ ၁ယော၊ ၁း၅)။ [၁ယော၊ ၂း၁၊ လု၊ ၁း၃၅၊ ဟေဗြဲ၊ ၇း၂၆]။ {ဟေရှာ၊ ၃၂း၁၅-၁၈၊ ဆာ၊ ၁၄၃း၁၀၊ နေ၊ ၉း၂၀}။ သူသည် ခပ်သိမ်းသောအမှုအရာတို့၌ ဖြောင့်မတ်တော်မူသော စံနှုန်းဖြစ်တော်မူပါ၏။ သူသည် ကျင့်ဝတ်တရားပိုင်း၌ ပြည့်စုံတော်မူ၏။ ကျွန်ုပ်တို့ အတုယူဖို့ရန် တည်ထားသော စံသတ်မှတ်ချက်ဖြစ်ပါသည် (ဖေက်၊ ၅း၁)။

## ၃။ တရားမျှတခြင်း

ဘုရားသခင်သည် ဖြောင့်မတ်၍ တရားမျှတတော်မူသောသူဖြစ်၏။ သူသည် လုံးလုံးလျားလျားနှင့်အပြည့်အဝ တရားသဖြင့် ပြုမူဆောင်ရွက်သောသူဖြစ်ပါ၏ (ဟေရှာ၊ ၄၅း၂၁၊ ယောဘ၊ ၃၇း၂၃)။ [ယော၊ ၅း၂၂-၃၀၊ ဗျာ၊ ၁၉း၁၁]။ {ဟေရှာ၊ ၄း၄၊ ၂၈း၆}။ ဘုရားသခင်၏ တရားမျှတခြင်းသည် သူ၏ဖြောင့်မတ်တော်မူခြင်း ဖြစ်ပါသည်။ ဘုရားသခင်သည် လူ၏မျက်နှာကို ထောက်ထားတတ်သူ မဟုတ်ပါ (ရော၊ ၂း၁၁)။ သူသည် မျက်နှာလိုက်ခြင်း ရှိသူမဟုတ်ပါ။ အပြစ်တရားပေါ်လာသောအခါ (သူ၏ ပညတ်တော်ကို ချိုးဖောက်ခြင်း) (ရော၊ ၅း၁၃)။ တရားမျှတခြင်းသည် ပေါ်လွင်ထင်ရှားလာပါ၏။

လူသည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို အမီလိုက်ရန် ကျေနပ်အားရစေခြင်းငှာ မတတ်နိုင်ပါ။ သို့ဖြစ်၍ ဘုရားသခင်၏ တရားမျှတခြင်းကို မခံနိုင်ဘဲ "အမျက်ပြေ" စေတော်မူမည်အကြောင်း မေရှိယကယ်တင်ရှင်ကို လိုအပ်နေပါသည်။ ကယ်တင်ရှင် သခင်ယေရှုခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်၌ လောကီသားအားလုံးတို့၏ အပြစ်ဒုစရိုက်များအတွက် ပေးဆပ်ရန် အသေခံတော်မူခြင်းအားဖြင့် တရားမျှတမှုကို ဆောင် ကြဉ်းပေးလိုက်သည်။ အမျက်ပြေ ကျေနပ်စေခြင်းကို ပြီးပြည့်စုံစေခဲ့ပါသည် (၁ယော၊ ၂း၁-၂)။

## ၄။ ချစ်ခြင်းမေတ္တာ

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ ဆိုလိုသည်မှာ စုံလင်၍ အခြေအနေပေါ်၌ တည်ခြင်းမဟုတ်သော ချစ်ခြင်းမေတ္တာကို သူ့ထံ၌တွေ့ရပါကြောင်း ဆိုလိုပါသည် (၁ယော၊ ၄း၈-၁၀၊ တိတု၊ ၃း၄၊ ယော၊ ၁၇း၂၄-၂၅)။ [ယော၊ ၁၅း၉]။ {ဂလာ၊ ၅း၂၂}။

ဤသို့သော ဘုရားသခင်၏ အမူအကျင့်တို့မှာ လူသားအပေါင်းတို့ကို ရွေးနှုတ်ကယ်တင်ခြင်းငှာ ယေရှုခရစ်တော်ကို စေလွှတ်ရသော အခြေခံအကြောင်းရင်း

ဖြစ်ပါသည် (ယော၊ ၃း၁၆)။ ချစ်ခြင်းမေတ္တာဟူသည်မှာ ကျွန်ုပ်တို့ အပြစ်ဒုစရိုက်များ အားလုံးအတွက် ပေးဆပ်ရန် လက်ဝါးကပ်တိုင်ပေါ်၌ သခင်ဘုရားကို ချည်နှောင်ခြင်း အကြောင်း ဖြစ်ပါသည် {လု၊ ၂၃း၃၄}။ ထိုအရာမှာ ပထမဦးဆုံးသော သန့်ရှင်းသော ဝိညာဉ်တော်၏ “အသီး”ဖြစ်ပါသည် [ဂလာ၊ ၅း၂၂]။

ချစ်ခြင်းမေတ္တာဟူသည်မှာ မှန်သောအရာကို လုပ်ဆောင်ခြင်းနှင့် အခြားသော သူတို့အတွက် အကောင်းဆုံး လုပ်ဆောင်ရန်အတွက်ဖြစ်ပါသည်။ ထိုသို့ပြုမူရာတွင် မနှစ်မြို့ဖွယ်သော ခံစားချက်များပေါ်၌ပင်လျှင် ပြည့်စုံစေခြင်း ဖြစ်ပါသည်။ ခရစ်ယာန်တို့ သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို အထူးခံစား ပေးဝေမျှသောသူများနှင့် ထိုမေတ္တာကို အခြားသောသူတို့ပေါ်၌လည်း ပြန့်နှံ့စေသောသူများ ဖြစ်ကြပါသည်။ သို့ဖြစ်မှသာ လူသားအပေါင်းတို့သည် ဘုရားသခင်ကို သိမြင်လာကြပါမည်ဖြစ်၏ (ယော၊ ၁၃း၃၄-၃၅)။

## ၅။ ထာဝရအသက်

ဘုရားသခင်သည် ထာဝရအသက်ဖြစ်ပါသည်။ သူသည် အစဉ်အမြဲရှိတော်မူပြီး၊ အစဉ်ထာဝရ အသက်ရှင် တည်ရှိမည်ဖြစ်ပါသည် (ဟေရှာ၊ ၅၇း၁၅)။ {ယော၊ ၈း၅၄၊ ၁ယော၊ ၅း၁၁-၁၂၊ မိ၊ ၅း၂၊ ဗျာ၊ ၁း၈-၁၇}။ [ဟေဗြဲ၊ ၉း၁၄]။

ထာဝရအသက်ဟူသည် အစလည်းမရှိ၊ အဆုံးလည်းမရှိပါ။ ကျွန်ုပ်တို့သည် ထာဝရမကုန်ဆုံးနိုင်သော အသက်ကို အမှန်တကယ်ပိုင်ဆိုင်ကြသော ခရစ်ယာန်များ ဖြစ်ကြပါသည်။ ထိုအသက်မှာ အစရှိပြီး၊ အဆုံးမရှိသော အသက်ဖြစ်ပါသည်။ ဘုရားသခင်၏ ထာဝရအသက်ဟုဆိုရာ၌ သူသည် အစဉ်အမြဲ ထာဝစဉ်သေခြင်းနှင့် လွတ်တော်မူကြောင်းကို သွန်သင်ထားပါသည်။

၆။ အနန္တတန်ခိုးရှင်ဖြစ်တော်မူ၏။

ဘုရားသခင်သည် အနန္တတန်ခိုးရှင် ဖြစ်တော်မူ၏။ ဆိုလိုသည်မှာ သူ၌ မည်သည့် အမှုကိုမဆို ပြုနိုင်သော တန်ခိုးရှိတော်မူခြင်းကို ဆိုလိုပါသည် (မာ၊ ၁၄း၃၆၊ ၁ပေ၊ ၁း၅)။ {မဿဲ၊ ၂၈း၁၈၊ ဗျာ၊ ၁၉း၆}။ [၂တိ၊ ၁း၇၊ ရော၊ ၁၅း၁၃]။

သူ၏အနန္တတန်ခိုးရှိတော်မူခြင်း ဥပမာတစ်ခုမှာ ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းရာတွင် တွေ့မြင်နိုင်ပါသည်။ (ကမ္ဘာ၊ ၁း၁)။ "သူ၏ နှုတ်မြွက်တော်မူသောစကား" အားဖြင့် ကောင်းကင်များကို ဖန်ဆင်းတော်မူသည်။ သူ၏ "မှုတ်သွင်းတော်မူခြင်းအားဖြင့် ကောင်းကင်အရာများအားလုံးတို့ကို ဖန်ဆင်းတော်မူကြောင်း ကျွန်ုပ်တို့အား ပြောပြထားပါသည် (ဆာလံ၊ ၃၃း၆)။

၇။ နေရာတိုင်းမှာ ရှိတော်မူ၏။

**ဘုရားသခင်သည် နေရာတိုင်းမှာ ရှိတော်မူသော ဘုရားသခင်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ကိုယ်တော်သည် နေရာတိုင်း၌ တစ်ချိန်တည်းမှာပင် တူညီသော အဟုန်ဖြင့် ရှိနေတော်မူကြောင်း ဆိုလိုပါသည် (သုတ္တံ၊ ၁၅း၃၊ ၆ရော၊ ၂း၆)။ (မဿဲ၊ ၁၈း၂၀၊ ၂၈း၂၀)။ (ဆာ၊ ၁၃၉း၇-၁၆)။ ဤသို့ဆိုရာ၌ ဘုရားသခင်သည် ခပ်သိမ်းသောအရာ ဖြစ်တော်မူ၏ (ဘုရားအများ)ဟူ၍ ဆိုလိုခြင်းမဟုတ်ပါ။ သူသည် နေရာတိုင်း၌ ရှိတော်မူ၏။ ဤအရာအားဖြင့် ကျွန်ုပ်တို့အား ဘုရားသခင်၏ ပုဂ္ဂိုလ်တော်ရေးရာ သဘောသဘာဝကို ထင်ရှားစေခြင်းဖြစ်ပါသည်။**

ဘုရားသခင်သည် ကွဲပြားခြားနားသည့် အဟုန်များဖြင့် တစ်နေရာတည်းတွင် ရှိတော်မူခြင်းမရှိကြောင်း အမူအကျင့်မှလည်း ကျွန်ုပ်တို့ တွေ့မြင်နိုင်ပါသည် (ဆာ၊ ၁၃၉း၇-၁၇)။ သူသည် အခြားသောသူတို့အပေါ်၌ အာရုံစိုက်ခြင်း ရှိသည်ထက်

အချို့သောသူတို့ပေါ်၌ နည်းသောအာရုံစိုက်ခြင်းကို ပြုတော်မူခြင်းမရှိပါ။ အမှန်စင်စစ် သူသည် နေရာတိုင်းမှာ ရှိတော်မူသည်ဟု ဆိုရာတွင် သူသည် တစ်ချိန်တည်းမှာပင် တစ်နေရာထက်မကသော နေရာများ၌ မိမိကိုယ်ကို ထင်ရှားပြသရန် တတ်နိုင်တော်မူခြင်းကို ဆိုလိုပါသည်။

## ၈။ ခပ်သိမ်းသောအရာတို့ကို သိမြင်တော်မူခြင်း

ဘုရားသခင်သည် ခပ်သိမ်းသောအရာကို သိမြင်တော်မူသော ဉာဏ်တော်ရှိသည်။ သူသည် အတိတ်ကာလ၊ ပစ္စုပ္ပန်ကာလနှင့် အနာဂတ်ကာလတို့တွင် ဖြစ်ပျက်သမျှသည် ခပ်သိမ်းသောအရာတို့ကို သိမြင်တော်မူပါ၏ (ဆာ၊ ၁၃၉း၁-၆၊ ဟေဗြဲ၊ ၄း၁၃)။ {ယော၊ ၂း၂၄-၂၅၊ ၁၈း၄၊ မဿဲ၊ ၉း၄}။ [၁ကော၊ ၂း၁၀-၁၁၊ ဟေရှာ၊ ၁၁း၂] ။

သူသည် ဖြစ်ပေါ်သမျှသော အရာအားလုံးတို့ကို သိမြင်တော်မူ၏။ သူသည် အမှန်ဖြစ်ပေါ်သောအရာများသာမက၊ ဖြစ်နိုင်ဖွယ်ရှိသော အရာအားလုံးတို့ကိုလည်း သိမြင်တော်မူပါ၏။ သူသည် ခပ်သိမ်းသောအချိန်ကာလတို့၌ ဖြစ်ပေါ်လာမည့်အရာများအားလုံးတို့ကို သိမြင်တော်မူပါ၏။ ထာဝရကာလနှင့်ဆိုင်သော သူ၏အကြံအစည်တော်မှာ ဤအချက်အလက်များအားလုံးတို့ကို ဆင်ခြင်ခြင်းဖြင့်ဖြစ်ပါသည်(ရော၊ ၈း၂၈-၃၀)။

## ၉။ ပြောင်းလဲခြင်းမရှိသော၊ မပြောင်းလဲနိုင်သော အရှင်ဖြစ်တော်မူ၏။

ဘုရားသခင်သည် ပြောင်းလဲခြင်းမရှိသောသူ ဖြစ်ပါသည်။ ဆိုလိုသည်မှာ ဘယ်သောအခါမျှ မပြောင်းလဲနိုင်သော သူ၏အတွင်းသဘော အနှစ်သာရကို ဆိုလိုပါသည် (ယာ၊ ၁း၁၇၊ ဟေဗြဲ၊ ၆း၁၇၊ မာ၊ ၃း၆)။ {ဟေဗြဲ၊ ၁၃း၈}။ [၁ကော၊ ၁၂း၄၊ ဧ၊ ၁း၁၃] ။

ဤအမှုအကျင့်မှာ ဘုရားသခင်သည် အစဉ်အမြဲပြုတော်မူသော လူသားတို့ပေါ်၌ထားရှိသည့် ကတိတော်များ၏ အကျိုးကျေးဇူးဆိုင်ရာပင်ဖြစ်ပါသည်။ သူသည် မိမိစိတ်နှလုံးတော်ကို ဘယ်သောအခါမျှ ပြောင်းလဲလိမ့်မည်မဟုတ်ပါ။ သူမိန့်တော်မူသည်မှာ "ယေရှုခရစ်၌ တည်၍ ဇာတိပကတိအတိုင်း မကျင့်၊ ဝိညာဉ်ပကတိအတိုင်း ကျင့်သော သူတို့သည် အပြစ်စီရင်ခြင်းနှင့် လွတ်ကြ၏" (ရော၊ ၈း၁)။ သူ၏ စိတ်နှလုံးတော်ကို ဘယ်သောအခါမျှ ပြောင်းလဲလိမ့်မည်မဟုတ်ကြောင်း ကျွန်ုပ်တို့အပြည့်အဝ စိတ်ချခိုလှုံနိုင်ပါသည်။ သူသည် ယေရှုခရစ်တော်ကို ယုံကြည်ကိုးစားသော သူတို့အပေါ်၌ ထာဝရအသက်ကို ပေးတော်မူမည်ဟု ကတိတော်ရှိပါသည်။ သို့ဖြစ်၍ သူသည် ဤဧဝံဂလိတရားကို ပယ်ဖျက်လိမ့်မည်မဟုတ်ကြောင်း ကျွန်ုပ်တို့သိရှိနိုင်ပါသည် (ယော၊ ၃း၁၆)။ အကယ်၍ ဘုရားသခင်သည် သူပြုတော်မူသော ဂတိတော်များကို ချေဖျက်ပါက သူသည် လိမ်ညာသောသူဖြစ်ပါလိမ့်မည်။ ထိုသို့ဆိုသော် သူသည် မဖြောင့်မတ်သောသူဖြစ်သွားပါမည် (ဟေဗြဲ၊ ၆း၁၇-၁၈)။

ဤစကြဝဠာထဲ၌ ရှိသမျှသော အခြားသောအရာ ရှိသမျှအားလုံးတို့မှာ ပြောင်းလဲလျက်ရှိနေပါသည်။ ဘုရားသခင်သည် ပြောင်းလဲခြင်းမရှိသော တစ်ပါးတည်းသောသူ ဖြစ်ပါ၏။ ထိုအကြောင်းတို့ကြောင့် သူ့အပေါ်၌ မျှော်လင့်ခြင်းသည် ကျွန်ုပ်တို့၏ ဝိညာဉ်များအတွက် "ကျောက်ဆူး"သဖွယ်ဖြစ်ပါသည် (ဟေဗြဲ၊ ၆း၁၉)။

## ၁၀။ သမ္မာတရားဖြစ်တော်မူခြင်း

ဘုရားသခင်သည် လုံးလုံးလျားလျား သမ္မာတရားဖြစ်တော်မူပါ၏ (တရား၊ ၃၂း၄၊ ယော၊ ၇း၂၈၊ ၁၇း၃)။ [ဟော၊ ၁၄း၆၊ ၁ယော၊ ၅း၂၀]။ {၁ယော၊ ၅း၇-၈၊ ၄း၆၊ ယော၊ ၁၄း၁၇၊ ၁၅း၂၆၊ ၁၆း၁၃}။

ဤသို့သော အမှုအကျင့်အားဖြင့် ကျွန်ုပ်တို့အား ပြောပြသည်မှာ ခပ်သိမ်းသော ဘုရားသခင်မိန့်တော်မူသမျှတို့မှာ အပြည့်အဝ ယုံကြည်လောက်သော အရာဖြစ်ပါသည်

(တောလည်၊ ၂၃း၁၉)။ သို့ဖြစ်၍ မုသားနှင့် လိမ်ညာပြောဆိုခြင်းမှာ ဘုရားသခင်အတွက် မဖြစ်နိုင်သောအရာဖြစ်ပါသည် (တိတု၊ ၁း၂)။

သမ္မာတရားမှာ ဘုရားသခင်သည် ယေရှုခရစ်တော်၏ ပုဂ္ဂိုလ်တော်အားဖြင့် မိမိကိုယ်ကို ထင်ရှားပြသတော်မူ ခြင်းဖြစ်ပါသည် (ယော၊ ၁၄း၆)။ သမိုင်းကြောင်း တစ်လျှောက်လုံး၏ မှန်ကန်ခြင်းမှာ တည်ရှိခြင်း၊ ဖော်ပြခြင်း သို့မဟုတ် နိယာမတို့ဖြင့် ဖော်ပြထားပါသည်။ ထိုအကြောင်းတို့ကြောင့် မည်သည့်အမှုအရာ၌မဆို လူသားတို့သည် သမ္မာတရားကို ယုံကြည်နိုင်ရန် ယေရှုခရစ်တော်၏ နှုတ်ထွက်စကားတော်နှင့် နှိုင်းယှဉ်ပြရပါမည် (၁တိ၊ ၆း၃)။

# အပိုင်း – ၂

# ဘုရားသခင်၏ နာမတော်များ

## နိဒါန်း

ဤအခန်းကဏ္ဍ၌ သမ္မာကျမ်းစာထဲတွင် တွေ့ရှိရသော ဘုရားသခင်၏ အမည်နာမတော်များ သို့မဟုတ် ဘွဲ့ နာမတော်များပေါ်၌ အာရုံပြု လေ့လာသွားမည်။ ဘုရားသခင်အား ခေါ်ဝေါ်သော အမည်နာမ ဝေါဟာရ စကားလုံးများနှင့် ပတ်သက်၍ ဂရိဘာသာနှင့် ဟေဗြဲဘာသာတို့တွင် ကွဲပြားခြားနားသော ဝေါဟာရ စကားလုံးများစွာ ရှိပါသည်။ ထိုအရာများတို့မှာ ဘုရားသခင်၏ အသက်ရှင် တည်ရှိတော် မူခြင်း သို့မဟုတ် သူ၏အမူအကျင့်လက္ခဏာတို့၏ ထူးခြားချက်တို့ကို အာရုံပြုစေရန် အသုံးပြုခဲ့ခြင်း ဖြစ်ပါသည်။

အချို့သော ဘာသာပြန်ဆိုချက်များ၌ ဟေဗြဲဘာသာ သို့မဟုတ် ဂရိဘာသာ ဝေါဟာရစကားလုံးတို့မှာ ထိုစကားလုံးတို့၏ အသံထွက်များပေါ်အခြေခံ၍ ထိုဝေါဟာရ စကားလုံးတို့၏ အနှစ်သာရကို နားလည်ခြင်းမရှိဘဲ အသစ်သော ဝေါဟာရ စကားလုံး ထဲသို့ ရိုးစင်းစွာ ကူးပြောင်းစေခဲ့ကြပါသည်။ ဤလေ့လာခြင်း၌ မည်သို့ပင်ဆိုစေကာမူ ဘာသာပြန်ဆိုရာတွင် ဟေဗြဲဘာသာ သို့မဟုတ် ဂရိဘာသာမူရင်းဘွဲ့နာမ နှစ်ခုစလုံး ကိုလေ့လာသောသူတို့အား ဖော်ပြပေးထားပါသည်။

## က။ ဟေဗြဲဘာသာဝေါဟာရနာမည်များ

### ၁။ ဘုရားသခင်

ဟေဗြဲဘာသာစကား၌ "ဘုရားသခင်"ကို အီလောဟီးမ် ELOHIMဟူသော ဝေါဟာရစကားလုံးမှ ဘာသာပြန် ဆိုထားခဲ့ပါသည်။ ထိုဝေါဟာရကို ပထမဦးဆုံး (ကမ္ဘာ၊ ၁း၁)၌ တွေ့ရှိရပြီး၊ ဓမ္မဟောင်းကျမ်းထဲ၌ အကြိမ်ပေါင်း ၂၅၀၀ ခန့် ပေါ်လာပါသည်။ ဤဝေါဟာရစကားလုံး၏ အဓိပ္ပာယ်မှာ ဘုရားသခင်၏ ဖြစ်တော်မူခြင်းဆိုင်ရာ အားလုံး တို့ ပါဝင်ပြီး၊ သူ၏အရည်အသွေးများ အားလုံးတို့မှာ တစ်ချိန်တည်းမှာပင် မျက်မှောက် ထင်ရှားပါသည်။ ဤဝေါဟာရစကား လုံးကို ခမည်းတော်အား ဖော်ပြရာတွင် ကြိမ်ဖန် များစွာ အသုံးပြုခဲ့ပါသည်။ သုံးပါးတစ်ဆူဘုရားဖြစ်တော်မူသောကြောင့် ဤသို့ အသုံးပြုတော်မူခြင်းအားဖြင့် သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်ကိုလည်း ဖော်ပြ ရန် အသုံးပြုခြင်းဖြစ်ကြောင်း လေ့လာသောသူတို့ မြင်ကြရပါလိမ့်မည်။

အီလောဟီးမ် ELOHIMဟုဆိုရာ၌ အများကိန်း (တစ်ခုထက် ပို၍ များသောသူ) စကားလုံးဖြစ်၍ "အများနှင့်ဆိုင်သော ကြီးမြတ်တော်မူခြင်း" ဟူ၍ ကျမ်း တတ်ပုဂ္ဂိုလ်များအားဖြင့် ဖော်ပြထားခဲ့ကြပါသည်။ ဤဘွဲ့နာမသည် ဘုရားသခင်၏ အကန့်အသတ်မဲ့သော ကြီးမြတ်တော်မူခြင်းကို ညွှန်ပြပါသည်။ ဤဝေါဟာရစကားလုံးမှာ အများကိန်းပုံသဏ္ဌာန်ကို ဆောင်သော်လည်း အသုံးပြုသော ကြိယာမှာ အနည်းကိန်း

(တစ်ခုကိန်း) ဖြစ်၍ ဘုရားသခင်တစ်ပါးတည်းသာ ရှိတော်မူကြောင်းကို တစ်ဖက် ဖော်ပြခြင်းဖြစ်ပါသည် (တရား၊ ၆း၅)။

အီလောဟီးမ် ဟူသော ဝေါဟာရစကားလုံးမှာ မကြာခဏ ဆိုသလိုပင်အခြား သော စကားလုံးနှင့်တွဲဖက်၍ ဘုရားသခင်အတွက် အခြားသော ဘွဲ့နာမတစ်ခု ဖြစ်လာ ပါသည်။

## (က) အနန္တတန်ခိုးရှင် ဘုရားသခင်

“အနန္တတန်ခိုးရှင်ဘုရားသခင်” ဟူ၍ ဘာသာပြန်ဆိုခြင်းမှာ အဲ-ရှဒိုင်း ELSHADDAI မှ ဖြစ်ပါသည်။ EL ဟူသော စကားလုံးမှာ အီလောဟီးမ်း စကား လုံး အတိုကောက်ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ ထိုဝေါဟာရစကားလုံးအား ဘုရားသခင် သည် မိမိလူတို့ပေါ်၌ သွန်းလောင်းတော်မူသော ကောင်းကြီးမင်္ဂလာများကို ဖော်ပြရာတွင် အသုံးပြုခဲ့ပါသည်။

ဤဘွဲ့နာမကို တွေ့ရသော နေရာများမှာ (က၊ ၁၇း ၁၊ ၂၈း ၃၊ ၃၅း ၁၁၊ ၄၃း ၁၄၊ ၄၈း ၃၊ ၄၉း ၂၅၊ ထွက်၊ ၆း ၃၊ တော၊ ၂၄း ၄-၁၆၊ ရှသ၊ ၁း ၂၀-၂၁၊ ယော၊ ၅း ၁၇၊ ၆း ၄-၁၄၊ ၈း ၃၊ ၅၊ ၁၁း ၇၊ ၁၃း ၃၊ ၁၅း ၂၅၊ ၂၁း ၁၅-၂၀၊ ၂၂း ၃၊ ၁၇၊ ၂၃၊ ၂၅၊ ၂၆၊ ၂၃း ၁၆၊ ၂၄း ၁၊ ၂၇း ၂၊ ၁၀၊ ၁၁၊ ၁၃၊ ၂၉း ၅၊ ၃၁း ၂-၃၅၊ ၃၂း ၈၊ ၃၃း ၄၊ ၃၄း ၁၀-၁၂၊ ၃၅း ၁၃၊ ၃၇း၂၃၊ ၄၀း၂၊ ဆာ၊ ၆၈း ၁၄၊ ၉၁း ၁၊ ဟေရှာ၊ ၁၃း ၆၊ ယေ၊ ၁း ၂၄၊ ၁၀း ၅၊ ယော၊ ၁း ၁၅)။

## (ခ) အမြင့်ဆုံးသော ဘုရားသခင်

"အမြင့်ဆုံးသောဘုရားသခင်"ဟူသော ဘွဲ့နာမကို အဲလ်-အဲလ်ရွှန် EL ELYON ဟူသော ဝေါဟာရစကားလုံးမှ ဘာသာပြန်ဆိုခြင်းဖြစ်၍ ခပ်သိမ်းသော အမှုအရာများ အားလုံးတို့ပေါ်၌ ကြီးကြပ် အုပ်စိုးတော်မူသောသူဟူ၍ ညွှန်ပြထားပါသည်။

တွေ့မြင်ရသောနေရာများမှာ (က၊ ၁၄း ၁၈-၂၀၊ ၂၂၊ ၄၀း ၁၇၊ တော၊ ၂၄း ၁၆၊ တရား၊ ၂၆း ၁၉၊ ၂၈း ၁၊ ၃၂း ၈၊ ယော၊ ၁၆း ၅၊ ၂ရာ၊ ၂၂း ၁၄။ ၃ရာ၊ ၉း ၈၊ ၄ရာ၊ ၁၅း ၃၅၊ ၁၈း ၁၇၊ ၅ရာ၊ ၇း ၂၄၊ ၆ရာ၊ ၇း ၂၁၊ ၈း ၅၊ ၂၃း ၂၀၊ ၂၇း ၃၊ ၃၂း ၃၀၊ နေ၊ ၃း ၂၅၊ ဆာ၊ ၇း ၁၇၊ ၉း ၂၊ ၁၈း ၁၃၊ ၂၁း ၇၊ ၄၆း ၄၊ ၄၇း ၂၊ ၅၀း ၁၄၊ ၅၇း၂၊ ၇၃း ၁၁၊ ၇၇း ၁၀၊ ၇၈း ၁၇၊ ၃၅၊ ၅၆၊ ၈၂း ၆၊ ၈၃း ၁၈၊ ၈၇း ၅၊ ၈၉း ၂၇၊ ၉၁း ၁-၉၊ ၉၂း ၁၊ ၉၇း ၉၊ ၁၀၇း ၁၁၊ ဟေရှာ၊ ၇း ၃၊ ၁၄း ၁၄၊ ၃၆း ၂၊ ယေ၊ ၂၀း ၂၊ ၃၆း ၁၀၊ မြည်၊ ၃း ၃၅၊ ၃၈၊ ယေဇ၊ ၉း ၂၊ ၄၁း ၇၊ ၄၂း ၅)။

## (ဂ) ထာဝရဘုရားသခင်

"ထာဝရဘုရားသခင်"ဟု ဖော်ပြချက်မှာ အဲလ်အိုလမ် EL OLAMဟူသော ဝေါဟာရစကားလုံးမှ ဘာသာပြန်ခြင်း ဖြစ်ပါသည်။ ဟေဗြဲဝေါဟာရစကားလုံး အိုလမ် OLAM မှာ ထာဝရကာလ (အဆုံးမရှိသော)ဟူ၍ သုံးနှုန်းသည်ထက် ထာဝရကာလ (အစမရှိ၊ အဆုံးမရှိ) ဟူ၍ သုံးနှုန်းပါက ပိုမို၍ ကောင်းမွန်စွာ နားလည်ခြင်း ရှိပါမည်။

ထိုဘွဲ့နာမကို (ကမ္ဘာ၊ ၂၁း ၃၃ နှင့် ဟေရှာ၊ ၄၀း ၂၈)တို့တွင် တွေ့ရပါသည်။ ဘုရားသခင်သည် ထာဝရကာလနှင့်ဆိုင်၍ သုံးနှုန်းရာတွင် ထာဝရ (အိုလမ်)ဟူသော ဝေါဟာရသည် ကြိမ်ဖန်များစွာ ပေါ်လာပါသည်။

၂။ ထာဝရဘုရား

ယာဝေး YAHWEH ဟူသော ဝေါဟာရစကားလုံးကို “ထာဝရဘုရား” ဟူ၍ ကြိမ်ဖန်များစွာ ဘာသာပြန်ဆိုထားပါသည်။ ထိုသို့ဆိုသော် “သခင်” သို့မဟုတ် “အရှင်” ဟူသော ဘာသာပြန်ခြင်းတို့မှာ တစ်မူထူးခြားမှုရှိကြောင်းကို ဖော်ပြပါသည်။ ယာဝေး YAHWEH ဟူသော ဝေါဟာရသည် ဘုရားသခင်၏ “ပုဂ္ဂိုလ်တော်”နှင့် “စီမံမှု”တို့ကို ဖော်ပြထားပါသည်။

ဘုရားသခင်၏ နာမတော်ဖြစ်သော “ထာဝရဘုရား”ဟူသော ဘွဲ့နာမသည် ဟေဗြဲဝေါဟာရစကားလုံး ယာဝေး YAHWEHမှ များသောအားဖြင့် ဘာသာပြန်ဆိုထားပါသည်။ ထာဝရဘုရား ယာဝေးသည် ဘုရားသခင်၏ ကိုယ်ပိုင် အမည်နာမဖြစ်၍ (ထွက်၊ ၃း၁၄) ၅၃၀၀ ကြိမ်ထက်မနည်း ဓမ္မဟောင်းကျမ်းထဲ၌ တွေ့ရပါသည်။ ထိုဘွဲ့နာမသည် မိမိ တစ်ဦးတည်း အသက်ရှင်တည်ရှိနိုင်သောသူဟူ၍ ဖြစ်ပါသည်။ ထာဝရဘုရားကို ပထမဦးဆုံး အသုံးပြုသည်ကို (ကမ္ဘာ၊ ၂း၄) ၌ တွေ့ရှိရပြီး ဘုရားသခင် ELOHIM နှင့် ဆက်နွယ်ကာ ဘုရားသခင် ထာဝရဘုရား LORD GOD ဟူ၍ ဘာသာပြန်ဆိုထားပါသည်။

ဗာဗုလုန်ပြည်သို့ ကျွန်ပြုသိမ်းသွားခြင်းကို ခံရပြီးနောက် (၅၈၆-၅၁၆ ဘီစီ) ဣသရေလလူမျိုးတို့တွင် ဘုရားသခင်၏ ကိုယ်ပိုင်အမည်နာမကျမ်းထဲ၌သာ ရှိလာခဲ့ပါတော့သည်။ ထိုသူတို့သည် ဘုရားသခင်၏ နာမတော်ကို မမြွက်ဆိုကြပါ။ ထာဝရဘုရားဟု ခေါ်ရမည့်အစား အာဒိုနိုင်း ADONAI ဟူ၍ ခေါ်ဆိုခဲ့ကြရပါသည်။ အေဒီခြောက် နှင့် ခုနစ်ရာစုနှစ်အတွင်း အာဒိုနိုင်းဟူသော စကားလုံး၏ သရသံထွက်သော စကားလုံး တို့ကို ဗျည်းသံထွက်သော VHWH သို့ပေါင်းထည့်ကာ “Jehovah ယေဟောဝါ” ဟူ၍ အသံထွက်လာခဲ့ခြင်းဖြစ်ပါသည်။

(က) ထာဝရဘုရားပြင်ဆင်တော်မူမည်

"ထာဝရဘုရားပြင်ဆင်တော်မူမည်"ဟူသော ဘွဲ့နာမကို "ယေဟောဝါယိရေ" YAHWEH JIREH ဟူသော ဝေါဟာရစကားလုံးမှ ဘာသာပြန်ဆိုထားပါသည်။ ဤဘွဲ့နာမကို (ကမ္ဘာ၊ ၂၂း ၁၄) ၌ တွေ့ရပြီး ထာဝရဘုရားသည် အာဗြဟံအား သူ၏သား ဣဇာက် ကိုယ်စား သိုးသငယ်ယဇ်ကောင်ကို ပြင်ဆင်ပေးတော်မူခြင်းကို ညွှန်ပြပါသည်။

## (ခ) ထာဝရဘုရားသည် ငါ၏အောင်လံ

"ထာဝရဘုရားသည် ငါ၏အောင်လံ"ဟူသော ဘွဲ့နာမတော်မှာ "ယေဟောဝါ နိဿိ" YAHWEH NISSI ဟူသော ဝေါဟာရစကားလုံးမှ ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။ ဤဘွဲ့နာမကို (ထွက်၊ ၁၇း ၁၅) ၌ တွေ့ရှိရပြီး။ ဘုရားသခင်သည် မောရှေဘက်မှနေပြီး အာမလက်လူတို့ကို တိုက်ခိုက်ချေမှုန်းတော်မူခြင်းမှ ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။

(ဂ) ထာဝရဘုရားသည် ငြိမ်သက်ခြင်းအရှင်

ထာဝရဘုရားသည် ငြိမ်သက်ခြင်းအရှင်ဟူသော ဘွဲ့နာမကို YAHWEH SHALOMမှ ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ ယင်းဘွဲ့နာမကို (တရား၊ ၆း၂၄)တွင် တွေ့ရသည်။

(ဃ) ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား

"ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား"ဟူသော ဘွဲ့နာမတော်မှာ YAHWEH SABBAOTH ယေဟောဝါရှာဘုတ်ဟူသော ဝေါဟာရစကားလုံးမှ ဘာသာပြန်ဆိုခြင်းဖြစ်ပါသည်။ စစ်ဖက်ဆိုင်ရာ အသုံးအနှုန်းတစ်ခုဖြစ်၍ ထာဝရဘုရား

သခင်သည် ကောင်းကင်တမန်တပ်များနှင့် ဣသရေလတပ်များတို့ပေါ်၌ ဗိုလ်ချုပ်ဖြစ်တော်မူကြောင်းကို ဆိုလိုပါသည်။ ဤဘွဲ့နာမကို (၁ရာ၊ ၁း ၃)၌ ပထမဆုံး အသုံးပြုခဲ့ပါသည်။ တဖန် အကြိမ်ပေါင်းတစ်ရာထက်မက အသုံးပြုခဲ့ပါသည်။

၃။ ထာဝရဘုရား၊ သခင်၊ ပိုင်ဆိုင်သူ

အာဒိုနိုင်း ADONAI ဟူသော ဝေါဟာရစကားလုံးမျာလည်း အီလိုဟင်မ် ELOHIM ကဲ့သို့ပင် အများကိန်းဖြစ်ပြီး ကြီးမြတ်တော်မူသော ဘုရားသခင်ဟူ၍ ညွှန်ပြပါသည်။ မည်သို့ပင်ဆိုစေ ELOHIM နှင့်မတူဘဲ အနည်းကိန်းအဖြစ် တွေ့ရှိရသည်မှာ ADON အာဒွန်ဟူ၍ဖြစ်ပါသည်။ ADON အာဒွန်ဟူသော ဝေါဟာရစကားလုံး၏ ဆိုလိုရင်းမှာ "သခင်"ဟူ၍ဖြစ်ပြီး၊ ပိုင်ဆိုင်သောသူကို ဖော်ပြခြင်းဖြစ်ပါသည်။ ထို့အပြင် အခွင့်အာဏာကိုလည်း ညွှန်ပြရန် အသုံးပြုပါသည်။ (က၊ ၁၅း ၃)၌ ပထမဦးဆုံး အသုံးပြုပြီး အာဗြဟံသည် ဤနာမတော်ဖြင့် ထာဝရဘုရားကို ခေါ်ဆိုခဲ့ပါသည်။ ထိုဝေါဟာရစကားလုံးနှင့်ညီမျှသော ဂရိဝေါဟာရစကားလုံးမှာ ကူရီးအော်စ် KURIOS ဟူ၍ ဖြစ်ပါသည်။

## ခ။ ဂရိဝေါဟာရအမည်နာမများ

၁။ ဘုရားသခင်

"ဘုရားသခင်"အတွက်သုံးသော ဂရိဝေါဟာရစကားလုံးမှာ သီသြော်စ် THEOS ဟူ၍ဖြစ်ပါသည်။ ဟေဗြဲ ဝေါဟာရစကားလုံးမှာ အီလောဟီးမ် ELOHIM ဟူ၍ဖြစ်ပါသည်။ ဤဘွဲ့နာမသည် ဘုရားသခင်၏ အရည်အသွေး ရှိသမျှ အားလုံးကို တချိန်တည်းမှာပင် ဖော်ပြထားပါသည်။ ထိုဝေါဟာရစကားလုံး သီသြော်စ် THEOS မှာ အီလောဟီမ်း ELOHIM ကဲ့သို့ပင် မကြာခဏဆိုသလိုပင် စက်တူ

ဂျင့် SEPTUAGINT ၌ ဘာသာပြန်ဆိုထားပါသည်။ (SEPTUAGINT မှာ ဂရိဘာသာဖြင့် ဘာသာပြန်ဆိုသော ပေဟြဲဓမ္မဟောင်းကျမ်း ဖြစ်ပါသည်။) (ယော၊ ၁း၁) နှင့် (ကမ္ဘာ၊ ၁း၁) တွင် ဖော်ပြထားသော ဘွဲ့နာမ အီလောဟီးမ် ELOHIM အတွက် သီဩြော်စ် THEOS ကို အစားထိုး၍ အသုံးပြုထားသည်ကို ရှင်းလင်းစွာ တွေ့မြင်ရပါသည်။ ထိုဘွဲ့နာမတော်နှစ်ခုတို့၏ ဆက်နွယ်မှုကို ရှင်းလင်းစွာ ဖော်ပြထားပါသည်။

## ၂။ ထာဝရဘုရား

ဂရိဘာသာဝေါဟာရတွင် "ထာဝရဘုရား"ကို ကူရီအော်စ် KURIOS ဟူ၍ ဖြစ်ပါသည်။ ထိုဘွဲ့နာမကို ဓမ္မသစ်ကျမ်းထဲ၌ အကြိမ်ပေါင်း ၇၀၀ ထက်မနည်း အသုံးပြုပြီး၊ တန်ခိုးအာဏာတော်နှင့် အုပ်စိုးတော်မူခြင်းကို အထူးပြုထားပါသည်။ ဤဝေါဟာရစကားလုံးကို ရိုသေလေးမြတ်ခြင်းဟူ၍လည်း အသုံးပြုနိုင်ပါသေးသည်။ THEOS သီအော်စ်နှင့် ELOHIM အီလောဟီးမ်းတို့မှာ တူညီသော အဓိပ္ပာယ်ရှိကြကြောင်းအထက်၌ ကျွန်ုပ်တို့ တွေ့မြင်ခဲ့ပြီးဖြစ်ပါသည်။ ထိုနည်းတူ KURIOS ကူရီအော်(စ်)နှင့် YAHWEH ယာဝေးဟူသော ဘွဲ့နာမတို့မှာလည်း တူညီသော အဓိပ္ပာယ်ရှိကြောင်းကို ကျွန်ုပ်တို့တွေ့မြင်ကြရပါလိမ့်မည်ဖြစ်၏။ (မာ၊ ၁၁း ၉) ၌ စာရေးသူသည် (ဆာ၊ ၁၁၈း ၂၆)၌ ဖော်ပြထားသော "ထာဝရဘုရား၏ နာမတော်နှင့် ကြွလာတော်မူသောသူသည် မင်္ဂလာရှိ၏"ဟူ၍ ဖော်ပြထားသောအချက်ကို ကိုးကားထားခြင်းဖြစ်ပါသည်။ (ဆာ၊ ၁၁၈)၌ ပေဟြဲဝေါဟာရစကားလုံးမှာ YAHWEH ယာဝေဟူ၍ဖြစ်ပြီး KURIOSဟူသော စကားလုံးဝေါဟာရအဖြစ်သို့ ဘာသာပြန်ဆိုထားပါသည်။

### ၃။ သခင်

"သခင်"ဟူသော စကားလုံးမှာ DESPOTES ဒီစ်ပိုတီးစ်ဟူသော ဝေါဟာရ စကားလုံးသို့ ဘာသာပြန်ဆိုထားပါသည်။ သို့သော်လည်း ထိုစကားလုံးကို "သခင်ဘုရား" ဟူ၍လည်း ဘာသာပြန်ဆိုထားပါသည်။ (လု၊ ၂း ၂၉၊ တ၊ ၄း ၂၄)။ "သခင်" ဟူသည်မှာ KURIOSဟူသောစကားလုံး၌ ဖော်ပြအထူးပြုထားသည့် တန်ခိုးအာဏာနှင့် အုပ်စိုးတော်မူခြင်းကို အထူးပြုသည်ထက် "ပိုင်ဆိုင်ခြင်း"ဟူသော သဘောကို ပိုမို၍ အထူးပြုဖော်ပြထားပါသည်။ ထိုစကားလုံးကို (၁တိ၊ ၆း ၁၊ ၂၊ တိ၊ ၂း ၂၁၊ တိ၊ ၂း ၉၊ ၁ပေ၊ ၂း ၁၈၊ ၂ ပေ၊ ၂း ၁၊ ယု၊ ၁း ၄၊ ဗျာ၊ ၆း ၁၀) တို့တွင် တွေ့ရပါသည်။

# အပိုင်း – ၃

# ခမည်းတော်ဘုရား

### က။ ပုဂ္ဂိုလ်ဖြစ်တော်မူခြင်း

ခမည်းတော်ဘုရားကို ဖော်ပြရန် အကောင်းဆုံးသော နည်းလမ်းမှာ သူကိုယ်တိုင်ဖွင့်ပြ၍ အသုံးပြုတော်မူသော သူ့နှုတ်ထွက်စကားအားဖြင့် လေ့လာဆန်းစစ်ခြင်းပင် ဖြစ်ပါသည်။ သုံးပါးတစ်ဆူဘုရားအကြောင်း ကျွန်ုပ်တို့ လေ့လာမှု၌ ပြည့်စုံပြီးဖြစ်ပါသည်။ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်တို့မှာ တူညီသော အမူအကျင့် စရိုက်လက္ခဏာရှိကြသည်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ မှတ်သားခဲ့ရပါသည်။

ယခုတွင် ကျွန်ုပ်တို့၏ ကောင်းကင်ဘုံရှင်အဖ အကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့အား သွန်သင်ပေးချက်များကို သမ္မာကျမ်းစာကို အသုံးပြု၍ ဖော်ပြချက်များပေါ်၌ ဆင်ခြင်ကြပါစို့။

ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တို့အကြားတွင် ထူးခြားမှုရှိပါသည်။ ဘုရားသခင်တစ်ဆူတည်းသာလျှင်ရှိပါသည် (တရား၊ ၆း ၄)။ သမ္မာကျမ်းစာထဲ၌ သုံးပါးတစ်ဆူဘုရားတို့တွင် ဤကျမ်းချက်သည် မည်သူ့အား အထူးပြု၍ ညွှန်းဆိုသည်ဖြစ်ကြောင်းကို ခွဲခြားသတ်မှတ်ရန် ခက်ခဲလှပါသည်။ ဤခက်ခဲမှုကို မျှော်လင့်ဖွယ်နှင့်နားလည်ရခက်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် သီးခြားစီ ခွဲခြားထား၍မရပါ သို့မဟုတ် ကွဲပြားခြားနား၍ မရပါ (ယော၊ ၁၀း ၃၀၊ ၁၄း ၉)။ ခမည်းတော်၏ သူ့စရိုက်တော်နှင့်ပတ်သက်၍ ဆန်းစစ်လေ့လာရာတွင် စကားလုံးများနှင့် စကားစုများကို ရွေးချယ်ပြီး လေ့လာခြင်းအားဖြင့် သူသည် မည်သူဖြစ်တော်မူကြောင်းကို သိရှိနားလည်ခြင်းနှင့် သဘောပေါက်ခြင်းတို့ကို တိုးပွားစေပါသည်။

ကြိမ်ဖန်များစွာ ဖော်ပြထားသည့်စကားလုံးမှာ “ငါ”ကဲ့သို့သော စကားလုံးဖြစ်၍ “ခမည်းတော်”နှင့်အတူ အသုံးပြုခဲ့ပါသည်။ ဤအချက်အားဖြင့် ခမည်းတော် သူ့စရိုက်တော်ဖြစ်ခြင်း သဘောသဘာဝကို ဖော်ပြထားပါသည်။ “သင်” “သူ၏” သို့မဟုတ် “သူမ၏” ဟူသော စကားလုံးတို့တွင် “ခမည်းတော်”ဟူသော စကားလုံးသို့လည်း ပေါင်းထည့်သည်ကို ပုဂ္ဂိုလ်ဖြစ်ခြင်းနှင့် ဆက်နွယ်မှုပိုင်းဆိုင်ရာ ဖော်ပြထားပါသည်။ အများကိန်းဖြစ်သည့် “ကျွန်ုပ်တို့” “သင်တို့” သို့မဟုတ် “သူတို့” ကဲ့သို့သော စကားလုံးများမှာ ပူးပေါင်း၍ ဆက်နွယ်မှုပိုင်းဆိုင်ရာကို ဖော်ပြထားပါသည်။

ခ။ ခမည်းတော်၏ ပုဂ္ဂိုလ်ဖြစ်တော်မူကြောင်းကို အောက်ပါအတိုင်း ဖော်ပြထားပါသည်

"အနန္တတန်ခိုးကြီးသော" သူ၏တန်ခိုးနှင့် ကောင်းကြီးပေးရန် တတ်နိုင်တော်မူခြင်း အရည်အသွေးတို့ ပါဝင်ပါသည် (က၊ ၄၉း ၂၅၊ တော၊ ၂၄း ၄၊ ၁၆၊ ရှ၊ ၁း ၂၀-၂၁၊ ယော၊ ၅း ၁၇၊ ၆း ၄-၁၄၊ ၈း ၃၊ ၅၊ ၁၁း ၇၊ ၁၃း ၃၊ ၁၅း ၂၅၊ ၂၁း ၁၅-၂၀၊ ၂၂း ၃၊ ၁၇၊ ၂၃၊ ၂၅၊ ၁၆၊ ၂၃း ၁၆၊ ၂၄း ၁၊ ၂၇း ၂၊ ၁၀၊ ၁၁၊ ၁၃၊ ၂၉း ၅၊ ၃၁း ၂၊ ၃၅၊ ၃၂း ၈၊ ၃၃း ၄၊ ၃၄း ၁၀၊ ၁၂၊ ၃၅း ၁၃၊ ၃၇း ၂၃၊ ၄၀း ၂၊ ဆာ၊ ၆၈း ၁၄၊ ၉၁း ၁၊ ဟေရှာ၊ ၁၃း ၆၊ ယေဇ၊ ၁း ၂၄၊ ယောလ၊ ၁း ၁၅၊ ဗျာ၊ ၁း ၈)။

♥ "ရှေးကာလနေ့ရက်များ" သူ၏ ထာဝရကာလနှင့်ဆိုင်သော သဘောသဘာဝကို ညွှန်ပြပါသည် (က၊ ၂၁း ၃၃၊ ဟေရှာ၊ ၃၁၇း ၉၊ ၁၃၊ ၂၂၊ ၄၀း ၂၈)(ဒံ၊ ၇း၉၊ ၁၃၊ ၂၂)။

♥ "ထာဝရဘုရား"သူ၏ ထာဝရကာလနှင့်ဆိုင်သော သဘောသဘာဝကို ညွှန်ပြသည် (က၊ ၂၁း ၃၃၊ ဟေရှာ၊ ၄၀း ၂၈)။

♥ "သစ္စာရှိသောဘုရားသခင်" သူ၏ မပြောင်းလဲနိုင်သော ချစ်ခြင်းမေတ္တာ သဘောသဘာဝကို ညွှန်ပြပါသည် (တရား၊ ၇း ၉)။

♥ "ခမည်းတော်၏ ဘုန်းအသရေတော်" ဘုန်းအသရေရှိရှိသမျှအားလုံးမှာ သူ့ထံတော်မှဖြစ်ကြောင်းညွှန်ပြ၏ (ဧဖက်၊ ၁း ၁၇)။

♥ "ကျေးဇူးကရုဏာနှင့်ပြည့်စုံသောအဖ" သူ၏နှိုင်းပြ၍မရနိုင်သော ကျေးဇူးတော်ကို ညွှန်ပြ၏ (၂ ကော၊ ၁း ၃)။

♥ "အမြင့်ဆုံးသောဘုရားသခင်" စကြာဝဠာတစ်ခုလုံး၏ အမြင့်ဆုံးသောတန်ခိုးကို ပိုင်ဆိုင်တော်မူကြောင်း ညွှန်ပြ၏ (က၊ ၁၄း ၁၈-၂၀၊ ၂၂။ ဆာ၊ ၅၇း ၂၊ ၇၈း ၃၅၊ ဟေဗြဲ၊ ၇း၁)။

♥ "သစ္စာစောင့်သောဘုရား - ဖြောင့်မတ်သောဘုရား" သူသည် အစဉ်ထာဝရ အမှားအယွင်းမပြုကြောင်း ညွှန်ပြ၏ (တရား၊ ၃၂း၄)။

♥ "ဘုန်းကြီးတော်မူသောဘုရား" သူ၏ထင်ရှားထွန်းတောက်သော သဘာဝကို ညွှန်ပြ၏ (ဆာ၊ ၂၉း ၃၃၊ တ၊ ၇း ၂)။

♥ "ဘုရားတို့၏အရှင်" လောကီဘာသာရေးဆိုင်ရာ ဘုရားရှိသမျှအားလုံးတို့ပေါ်၌ သူ၏ကြီးကြပ်ကွပ်ကဲခြင်း တန်ခိုးတော်ကို ညွှန်ပြ၏ (တရား၊ ၁၀း ၁၇၊ ဆာ၊ ၁၃၆း ၂၊ ဒံ၊ ၂း ၄၇၊ ၁၁း ၃၆)။

♥ "ငြိမ်သက်ခြင်း၏ အရှင်ဘုရားသခင်" ဘုရားသခင်သည် ပဋိပက္ခဖြစ်ခြင်းများကို အလိုတော်မရှိကြောင်း ညွှန်ပြ၏ (ရော၊ ၁၅း ၃၃၊ ၁၆း ၂၀၊ ဖိ၊ ၄း ၉၊ ၁သက်၊ ၅း ၂၃၊ ဟေဗြဲ၊ ၁၃း၂၀)။

♥ "အသက်ရှင်သော ဘုရားသခင်" ထာဝရကာလတည်သော သဘောသဘာဝ ကို ညွှန်ပြ၏ (မဿဲ၊ ၂၂း ၃၂၊ မာ၊ ၁၂း ၂၇၊ လု၊ ၂၀း ၃၈)။

♥ "အမြင့်ဆုံးသောဘုရားသခင်" သူ၏အုပ်စိုးတော်မူခြင်းတွင် ကြည်ညိုလေးမြတ် ခြင်းကို ခံထိုက်တော်မူသောသူ ဖြစ်ကြောင်း ညွှန်ပြ၏ (မိ၊ ၆း ၆)။

♥ "သစ္စာစောင့်တော်မူသော ဘုရားသခင်" သမ္မာတရားကို အဓိပ္ပာယ်ဖွင့်တော်မူ သော ဘုရားသခင်ဖြစ်ကြောင်း ညွှန်ပြ၏ (ဆာ၊ ၃၁း ၅၊ ယေရှာ၊ ၆၅း ၁၆)။

♥ "အလွန်ကြီးမြတ်၍ ကြောက်ရွံ့ဘွယ်ဖြစ်တော်မူသော အရှင်ဘုရားသခင်" ထင်ရှားသော ဘုန်းတော်နှင့် ကြီးမြတ် တော်မူခြင်းကို ညွှန်ပြ၏ (တရား၊ ၇း ၂၁၊ နေ၊ ၁း ၅၊ ဒံ၊ ၉း ၄)။

♥ "ကြီးမြတ်၍ မဟာတန်ခိုးနှင့် ပြည့်စုံလျက် ကြောက်မက်ဖွယ်သောဘုရား" ထင်ရှားသော ဘုန်းတော်နှင့် တန်ခိုးတော်ကို ညွှန်ပြ၏ (မြည် ၊၃၂း ၁၈၊ နေ၊ ၉း ၃၂)။

♥ "ဘုရားတကာတို့ထက် ကြီးမြတ်သောဘုရင်" လူသားတို့ပြုသော ဘုရားရှိသမျှ အားလုံးတို့ပေါ်၌ အုပ်စိုးတော်မူ ခြင်းကို ညွှန်ပြ၏ (ဆာ၊ ၉၅း ၃)။

♥ "ကြောက်ရွံ့ရိုသေဖွယ်သောဘုရား" ကြည်ညိုလေးစားခြင်းကို ပိုင်ဆိုင်တော်မူသောသူဖြစ်ကြောင်း ညွှန်ပြ၏ (ဆာ၊ ၇၆း၁၁)။

♥ "သန့်ရှင်းသောသူ" သူ၏ ဖြောင့်မတ်တော်မူခြင်း၊ စုံလင်တော်မူခြင်းကို ညွှန်ပြ၏ (၄ရာ၊ ၁၉း ၂၂။ ယော၊ ၆း ၁၀။ ဆာ၊ ၂၂း ၃။ဆာ၊ ၇၁း ၂၂၊ ၇၈း ၄၁၊ ၈၉း ၁၈။ သု၊ ၉း ၁၀၊ ၃၀း ၃၊ ဟေရှာ၊ ၁း ၄၁၊ ၅း ၁၉၊ ၂၄၊ ၁၀း ၁၇၊ ၂၀၊ ၁၂း ၆၊ ၁၇း ၇၊ ၂၉း ၁၉၊ ၂၃၊ ၃၀း ၁၁-၁၂၊ ၁၅၊ ၃၁း ၁၊ ၃၇း ၂၃၊ ၄၀း ၂၅၊ ၄၁း ၁၄၊ ၁၆၊ ၂၀၊ ၄၃း ၃၊ ၁၄၊ ၁၅၊ ၄၅း ၁၁၊ ၄၇း ၄၊ ၄၈း ၁၇၊ ၄၉း ၇၊ ၅၄း ၅၊ ၅၅း ၅၊ ၆၀း ၉၊ ၁၄။ ယေ၊ ၅၀း ၂၉၊ ၅၁း ၅။ ယေဇ၊ ၃၉း ၇။ ဟော၊ ၁၁း ၉၊ ၁၁း ၁၂။ ဟဗ၊ ၁း ၁၂၊ ၃း ၃၊ ၁ယော၊ ၂း ၂၀)။

♥ "အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရား" သူ၏အလိုတော်အရ သူ၏လူမျိုးတို့နှင့် သူ၏ အကြားတွင် အခြားသော မည်သည့်ဘုရားကိုမျှ မကိုးကွယ်ရန် ဆန္ဒရှိတော်မူကြောင်းကို ညွှန်ပြ၏ (ထွက်၊ ၃၄း ၁၄)။

♥ "အပြစ်ရှိသည်ဟု ယုံလွယ်၍ ဒဏ်ပေးသောဘုရား" သူ၏လူတို့ကို ခိုးယူရန် ရှာသောသူတို့ပေါ်၌ တရားစီရင် လိမ့်မည်ဖြစ်ကြောင်း ညွှန်ပြ၏ (နာ၊ ၁း၂)။

♥ "ဘုန်းကြီးသောရှင်ဘုရင်"သူသည်အမြင့်ဆုံးသော ဘုန်းကြီးခြင်းရှိတော်မူကြောင်းကို ညွှန်ပြ၏ (ဆာ၊ ၂၄း၇-၁၀)။

♥ "အသက်ရှင်၍ စစ်မှန်တော်မူသော ဘုရားသခင်" အစစ်အမှန်ဖြစ်၍ ထာဝရကာလနှင့်ဆိုင်သောသူ၏ သဘောသဘာဝ (၁သက်၊ ၁း ၉)။

♥ "အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူသော ထာဝရအရှင်ဘုရားသခင်" သူ၏အခွင့်အာဏာ (ထာဝရဘုရား)၊ သဘောသဘာဝ (ဘုရားသခင်)နှင့် တန်ခိုးတော် (အနန္တ

တန်ခိုး) တို့ကို ညွှန်ပြ၏ (ဗျာ၊ ၄း ၈၊ ၁၁း ၁၇၊ ၁၅း ၃၊ ၁၆း ၇၊ ၁၉း ၆၊ ၂၁း ၂၂။ မာ၊ ၁၂း ၂၉။ တ၊ ၂း ၃၉)။

♥ "ငြိမ်သက်ခြင်း" သူ၏ပြည့်စုံသော လိုက်လျောခြင်း (တရား၊ ၆း၂၄)။

♥ "အမြင့်ဆုံးသောရှင်ဘုရင်" သူ၏ပိုင်ဆိုင်သော အမြင့်ဆုံးနေရာနှင့် အာဏာရှိတော်မူခြင်း (ဆာ၊ ၇း၁၇။ ၄၇း၂)။

♥ "ကျွန်တော်တို့၏ အဖဘုရား" သူ၏ကိုယ်ရေးသဘောသဘာဝနှင့် အာဏာတော် (ဆာ၊ ၉၀း၁၇၊ ဒံ၊ ၉း၉၊ ၁၅၊ မာကု၊ ၁၂း၂၉၊ တမန်၊ ၂း၃၉)။

♥ "ချစ်ခြင်းမေတ္တာ" သူ၏သဘောသဘာဝထဲ၌ တွေ့မြင်ရသော အမွေခံခြင်းကို ညွှန်ပြ၏ (၁ယော၊ ၄း ၈-၁၆)။

♥ "ချစ်ခြင်းသနားခြင်း မေတ္တာကရုဏာ" သူ၏ချစ်ခြင်းမေတ္တာ အမူအကျင့်အားထင်ရှားစေသော သစ္စာရှိခြင်းကို ညွှန်ပြ၏ (ထွက်၊ ၃၄း ၆-၇။ တရား၊ ၅း ၁၀၊ ၇း ၉၊ ၁၂။ ၃ရာ၊ ၈း ၂၃။ ၅ရာ၊ ၁၆း ၃၄။ ၆ရာ၊ ၆း ၁၄။ ဧဇ၊ ၃း ၁၁။ နေ၊ ၁း ၅၊ ၉း ၁၇။ ယော၊ ၃၇း ၁၃။ ဆာ၊ ၆း ၄၊ ၁၃း ၅၊ ၂၆း ၃၊ ၃၁း ၁၆၊ ၃၂း ၁၀၊ ၃၆း ၅-၇၊ ၆၁း ၃၊ ၈၉း ၂၊ ၁၄၊ ၁၀၃း ၈၊ ၁၁၊ ၁၃၆း ၁-၂၊ ၂၈၊ ၁၃၈း ၈။ မြည်၊ ၃း ၂၂၊ ၃၂။ ယောလ၊ ၂း ၁၃)။

♥ "ဂုဏ်အသရေ ဘုန်းအာနုဘော်" သူ၏အံ့သြဖွယ်ကောင်းသော သဘောသဘာဝကိုညွှန်ပြ၏ (၂ပေ၊ ၁း ၁၇)။

♥ "ကောင်းကင်ဘုံ၌ တန်ခိုးအာနုဘော်တော်၏ပလ္လင်" သူ၏မြင့်မြတ်ခြင်းကိုညွှန်ပြ၏ (ဟေဗြဲ ၁း၃၊ ၈း ၁)။

♥ "ဘုန်းတန်ခိုးရှင်" သူ၏မြင့်မြတ်ခြင်းကို ညွှန်းဆိုသည် (ယေ၊ ၃၃း၂၁)

♥ "အမြင့်ဆုံးသော ဘုရား" သူသည် ခပ်သိမ်းသောအရာရှိသမျှတို့ပေါ်၌ ရှိတော်မူကြောင်းညွှန်၏ (တော၊ ၂၄း ၁၆။ တရား၊ ၃၂း ၈။ ၂ရာ၊ ၂၂း ၁၄။ ဆာ၊ ၇း ၁၇၊ ၉း ၂၊

၁၈း ၁၃၊ ၂၁း ၇၊ ၄၆း ၄၊ ၄၇း ၂၊ ၅၀း ၁၄၊ ၅၇း ၂၊ ၇၃း ၁၁၊ ၇၇း ၁၀၊ ၇၈း ၁၇၊ ၃၅၊ ၅၆၊ ၈၂း ၆၊ ၈၃း ၁၈၊ ၈၇း ၅၊ ၉၁း ၁၊ ၉၊ ၉၂း ၁၊ ၉၇း ၉၊ ၁၀၇း ၁၁။ ဟောရှာ၊ ၁၄း ၁၄။ မြည်၊ ၃း ၃၅၊ ၃၈။ ဒံယေ၊ ၃း ၂၆၊ ၄း ၂၊ ၁၇၊ ၂၄၊ ၂၅၊ ၃၂၊ ၃၄၊ ၅း ၁၈၊ ၂၁၊ ၇း ၁၈၊ ၂၂၊ ၂၅၊ ၂၇။ ဟောရှေ၊ ၇း ၁၆၊ ၁၁း ၇။ မာကု၊ ၅း ၇။ လု၊ ၁း ၃၂၊ ၃၅၊ ၇၆၊ ၆း ၃၅၊ ၈း ၂၈၊ တမန်၊ ၇း ၄၈၊ ၁၆း ၁၇။ ဟေဗြဲ၊ ၇း ၁)။

♥ “ငါ့သီချင်း”တေးဂီတနှင့်ဆိုင်ရာ ဖော်ပြခြင်းသဘောကို ညွှန်ပြ၏

(ထွက်၊ ၁၅း ၂။ ဆာ၊ ၁၁၈း ၁၄၊ ၁၁၉း ၅၄။ ဟေရှာ၊ ၁၂း ၂)။

♥ “တစ်ပါးတည်းသောဘုရား” ဘုရားသခင်ဖြစ်တော်မူကြောင်း ညွှန်ပြ၏

(ယော၊ ၅း ၄၄။ ၁တိ၊ ၁း ၁၇။ ယုဒ၊ ၁း ၂၅)။

♥ “တစ်ဆူတည်းသာလျှင် ပညာနှင့်ပြည့်စုံတော်မူသော ဘုရားသခင်” သူ၏ ဉာဏ်ပညာတော်ကို ညွှန်ပြ၏ (ရော၊ ၁၆း ၂၇)။

♥ “စုံလင်သော” သူ၏မည်သည့်အဖြစ်၊ မည်သည့်အမှားအယွင်းတစ်စုံတစ်ခုမျှ မရှိကြောင်း ညွှန်ပြ၏ (မဿဲ၊ ၅း ၄၈)။

♥ “မှန်သောဘုရားသခင်” သူသည် လူကိုဖန်ဆင်းတော်မူခဲ့ပြီး၊ လူသည် ဘုရားကို ဖန်ဆင်းခြင်းမဟုတ်ကြောင်း ဆိုလိုပါသည်

(၆ရော၊ ၁၅း ၃။ ယေရမိ၊ ၁၀း ၁၀။ ၁ယော၊ ၅း ၂၀)။

## ဂ။ ခမည်းတော်၏ လုပ်ဆောင်ခြင်းအခန်းကဏ္ဍ

သုံးပါးတစ်ဆူဘုရားသခင်ဟူသော တြိနီတီထဲ၌ ခမည်းတော်၏ လုပ်ဆောင်တော်မူခြင်း အခန်းကဏ္ဍကို ကောင်းကင်နှင့်မြေကြီး ဖန်ဆင်းတော်မူခြင်းမတိုင်မီ အကြံအစည်တော်အားဖြင့် တည်ရှိစေတော်မူပြီးဖြစ်ပါသည် (ဧ၊ ၁း ၁၁၊ ၃း ၁၁)။

ယ။ ခမည်းတော်၏ လုပ်ဆောင်တော်မူခြင်း အခန်းကဏ္ဍကို အောက်ပါ
အတိုင်း ဖော်ပြနိုင်ပါသည်

**♥ "ခိုင်ခန့်မြဲမြံသောမြို့" အတွင်းပိုင်းဆိုင်ရာနှင့် အပြင်ပိုင်းဆိုင်ရာတို့တွင် တည်ဆောက်မှုရှိသမျှပေါ်၌ ပုံသဏ္ဍာန်နှင့် စီမံချက်တို့ကို ချမှတ်နိုင်သောသူ၏ အရည်အချင်းနှင့် တည်ဆောက်မှုအပိုင်းတစ်ခုခြင်းစီတို့၏ ဆက်စပ်မှုရှိကြောင်း တို့ကို ညွှန်ပြပါသည် (ဟေဗြဲ၊ ၁၁း ၁၀)။**

♥ "တည်ဆောက်သောသူ" စီမံကိန်းအကြံအစည်တော်များကို အမှန်တကယ် ဖြစ်မြောက်တည်ရှိစေရန် ပြောင်းလဲ ပေးနိုင်သော သူ၏အရည်အသွေးကို ညွှန်ပြ၏

(ဟေဗြဲ၊ ၃း ၄၊ ၁၁း ၁၀)။

♥ "ချစ်သနားခြင်း မေတ္တာကရုဏာနှင့် ပြည့်စုံသောဘုရား" လူသားတို့ပေါ်၌ သူ၏စိတ်ရှည်သည်းခံခြင်းကို ညွှန်ပြ ပါသည် (ထွက်၊ ၃၄း ၆)။

♥ "အမှုရောက်သောကာလ၌ ခိုလှုံရာ" အားနည်းသူတို့အပေါ်၌ အနိုင်ထက် ပြုသောသူတို့၏ တန်ခိုးအာဏာကို နှစ်သက်တော်မူခြင်းမရှိကြောင်း ညွှန်ပြပါသည်

(ဟေရှာယ၊ ၂၅း ၄)။

♥ "နိစ္စထာဝရဘုရင်"သူ၏ ထာဝရကာလ စိုးစံတော်မူခြင်းကို ညွှန်ပြပါသည်

(ယေရမိ၊၁၀း ၁၀)။

♥ "အလင်းတို့၏အဖ" လောကကို အလင်းပေးစေရန် ဆုကျေးဇူးများကို ပေးပိုင်တော်မူသော အရှင်ဖြစ်ကြောင်း ညွှန်ပြပါသည် (ယာ၊ ၁း ၁၇)။

♥ "သနားခြင်းကရုဏာ၏အဖ သူ၏ဖန်ဆင်းခြင်းအပေါ်၌ အစဉ်မပြတ် ကျေးဇူး ပြုတော်မူကြောင်းကို ညွှန်ပြထားပါသည် (၁ကော၊ ၁း ၃)။

♥ “စိတ်ဝိညာဉ်တို့၏အဖ” ယေရှုခရစ်၌ ယုံကြည်သောသူတို့အား ဝိညာဉ်ရေးရာနှင့်ဆိုင်သော အသက်ဆုကျေးဇူးကို ညွှန်ပြပါသည် (ဟေဗြဲ၊ ၁၂း ၉)။

♥ “မိဘမရှိသောသူတို့၏အဖ” မိဘမရှိသောသူတို့အပေါ်၌ သူ၏သနားခြင်းကရုဏာကို ပြပါသည် (ဆာ၊ ၆၈း ၅)။

♥ “အပြစ်ကို ဖြေတတ်သောဘုရား” လူသားတို့အား သူတို့၏ အပြစ်ဒုစရိုက်ထဲမှ ကယ်တင်လိုသောဆန္ဒကို ညွှန်ပြပါသည် (နေဟမိ၊ ၉း ၁၇၊ ဆာ၊ ၉၉း ၈)။

♥ “အသက်စမ်းရေတွင်း” ထာဝရကာလ၌ တည်သောအသက်ကို ပေးပိုင်တော်မူသော အရှင်ဖြစ်ကြောင်း ညွှန်ပြပါသည် (ယေရမိ၊ ၂း ၁၃၊ ၁၇း ၁၃)။

♥ “မှန်သောစပျစ်နွယ်ပင်” ဝိညာဉ်ပိုင်းဆိုင်ရာ အသီးကို ထုတ်လုပ်ပေးရန် သူ၏ကြံရွယ်တော်မူချက်ကို ဖော်ပြ ထားပါသည် (ယော၊ ၁၅း ၁)။

♥ “ဣသရေလဘုန်း” ဣသရေလလူမျိုးတို့အပေါ်၌ သူ၏သစ္စာရှိခြင်းနှင့် တည်မြဲစေခြင်းတို့ကို ညွှန်ပြစေခြင်း (၁ရာ၊ ၁၅း ၂၉။ မိက္ခာ၊ ၁း ၁၅)။

♥ “ဘုရားသခင်နှင့် ငါတို့သခင်ယေရှုခရစ်တော်၏အဖ” ယေရှုခရစ်တော်နှင့် ပတ်သက်၍ ဘုရားသခင်၏ ဖန်ဆင်းခြင်းကို ညွှန်ပြပါသည်

(ရောမ၊ ၁၅း ၆။ ၂ကော၊ ၁း၃။ ဧဖက်၊ ၁း ၃။ ၁ပေ၊ ၁း ၃)။

♥ “ငါ့ကိုဖန်ဆင်းတော်မူသောဘုရား” လူခန္ဓာကိုယ်တည်ဆောက်မှု သူ၏ညွှန်ကြားချက် ပါဝင်သည်ဖြစ်ကြောင်းကို ညွှန်ပြပါသည် (ယောဘ၊ ၃၅း ၁၀)။

♥ “ငါ၏ကျောက်ဖြစ်သော ဘုရားသခင်” ယုံကြည်သူများအတွက် တည်ငြိမ်မှုရှိခြင်းကို မစတော်မူကြောင်း ညွှန်ပြထားပါသည် (ဆာ၊ ၄၂း ၉)။

♥ “အာပြဟံ၊ ဣဇာက်၊ ယာကုပ်တို့၏ ဘုရားသခင်” အာပြဟံနှင့်ဆိုင်သော ပဋိညာဉ်တရား၌ သူ၏ဆောင်ရွက် ချက်အပိုင်းကို ညွှန်ပြခြင်း

(ထွက်၊ ၃း ၁၆။ တမန်၊ ၃း ၁၃၊ ၇း ၃၂)။

♥ “သက်သာခြင်းအမျိုးမျိုးတို့၏အရှင်” ဒုက္ခဆင်းရဲခြင်းခံရာကာလ၌ ကူညီမစ သောသူဖြစ်ကြောင်း ညွှန်ပြသည် (၂ကော၊ ၁း ၁၃)။

♥ “ခပ်သိမ်းသောသတ္တဝါတို့ကို အစိုးရသော ဘုရားသခင်” အနာဂတ်အတွက် သူ၏အစီအမံထဲ၌ ကျွန်ုပ်တို့အတွက် စိတ်ချမှုရှိပါသည် (ရော၊ ၁၅း ၁၃)။

♥ “မေတ္တာကိုရင်း၊ ငြိမ်းချမ်းခြင်းကိုရင်း ပေးတော်မူသော ဘုရားသခင်” ပဋိပက္ခ ဖြစ်မှုများ၌ ပြန်လည် ကျေအေးစေရန် သူ၏အလိုဆန္ဒကို ညွှန်ပြပါသည်

(၂ကော၊ ၁၃း ၁၁)။

♥ “ငါ့ကို ကယ်တင်တော်မူသောဘုရားသခင်” တစ်ဦးချင်းနှင့်ဆိုင်ရာ ကျွန်ုပ်တို့၏ ထာဝရကာလ ကယ်တင်ခြင်း သဘောသဘာဝကို ညွှန်ပြပါသည် (ဆာလံ၊ ၁၈း ၄၆၊ ၂၅း ၅၊ ၂၇း ၉၊ ၅၁း ၁၄၊ ၈၈း ၁။ မိက္ခာ၊ ၇း ၇။ ဟဗ၊ ၃း ၁၈။ လုကာ ၁း၄၇

♥ “အကျွန်ုပ်ခိုလှုံရာဘုရား” လူသားတစ်ဦးချင်းတို့အပေါ်၌ ဘုရားသခင်၏ မစထောက်ပံ့တော်မူခြင်း သဘော သဘာဝကို ညွှန်ပြခြင်း (ဆာလံ၊ ၄၃း ၂)။

♥ “အကျိုးအပြစ်ပေးတတ်သော ဘုရားသခင်ထာဝရဘုရား” မတရားသော သူတို့အပေါ်၌ တရားစီရင်တော်မူခြင်းကို ပြုတော်မူမည်ဖြစ်ကြောင်း ညွှန်ပြပါသည်

(ယေရမိ၊ ၅၁း ၅၆)။

♥ “ခပ်သိမ်းသောသတ္တဝါတို့၏ အသက်ဝိညာဉ်ကိုအစိုးရတော်မူသော ဘုရား သခင်ထာဝရဘုရား” အသက်ရှိ သတ္တဝါအားလုံးတို့အပေါ်၌ တည်ရှိစေတော်မူသော သဘာဝကို ညွှန်ပြပါသည် (တောလည်၊ ၂၇း ၁၆)။

♥ “ငါတို့အဖတည်းဟူသော ဘုရားသခင်” ယုံကြည်သူများတို့သည် ဘုရားသခင်နှင့်အတူ မိသားစုဆက်နွယ်မှု ရှိကြောင်း ညွှန်ပြပါသည် (ရောမ၊ ၁း ၇။ ၁ကော၊ ၁း ၃။ ၂ကော၊ ၁း ၂။ ဂလာ၊ ၁း ၃။ ဧဖက်၊ ၁း ၂။ ဖိလိပ္ပိ၊ ၁း၂။ ကောလာသဲ၊ ၁း ၂။ ၂သက်၊ ၁း ၁၊ ၂း ၁၆။ ဖိ၊ ၁း ၃။ ယာကုပ်၊ ၁း ၂၇)။

♥ “ငါတို့အစွမ်းသတ္တိတည်းဟူသော ဘုရားသခင်”တစ်ဦးခြင်းနှင့်ဆိုင်သော ခွန်အားကိုပေးသော အရင်းအမြစ် ဖြစ်သည်သာမက ပူးပေါင်းခြင်းနှင့်ဆိုင်ရာ ခွန်အားကိုလည်း ပေးတော်မူသော အရင်းအမြစ်ဖြစ်ကြောင်း ညွှန်ပြပါသည် (ဆာ၊ ၈၁း ၁)။

♥ “မြေကြီးပေါ်မှာရှိသမျှသော အတိုင်းတိုင်း အပြည်ပြည်တို့၏ ဘုရားသခင်” ကောင်းကင်တမန်များနှင့် လူသား အားလုံးတို့ပေါ်၌ တည်ရှိသော မည်သည့် အခွင့်အာဏာတန်ခိုးမဆို ထိုအရာအားလုံးတို့အပေါ်၌ စိုးစံသောသူဖြစ်ကြောင်း ညွှန်ပြပါသည် (၄ရာ၊ ၁၉း ၁၅။ ဟေရှာ၊ ၃၇း ၁၆)။

♥ “ခမည်းတော်ဘုရား” ခပ်သိမ်းသောအရာအားလုံးတို့ကို ထောက်ပံ့ပေးတော်မူသော အရှင်ဖြစ်ကြောင်း ညွှန်ပြပါသည် (ယော၊ ၆း ၂၇။ ၁ကော၊ ၈း ၆၊ ၁၅း ၂၄။ ဂလာ၊ ၁း ၁။ ဧဖက်၊ ၅း ၂၀၊ ၆း ၂၃။ ဖိလိပ္ပိ၊ ၂း ၁၁။ ကောလောသ၊ ၁း ၃၊ ၃း ၁၇။ ၁သက်၊ ၁း ၁။ ၂သက်၊ ၁း ၂။ ၁တိ၊ ၁း ၂။ တိတု၊ ၁း ၄၊ ၁ပေ၊ ၁း ၂၊ ၁ပေ၊ ၁း ၁၇၊ ၂ယော၊ ၁း ၃၊ ယုဒ၊ ၁း ၁)။

♥ “င့ါဘက်၌ တရားသဖြင့်စီရင်၍ လူစုတို့ကို င့ါအောက်၌ နှိမ့်ချသော ဘုရားသခင်” လူတစ်ဦးချင်းတို့နှင့် သက်ဆိုင်၍ မှားယွင်းသောသူတို့အား တရားစီရင်တော်မူသော အရှင်ဖြစ်ကြောင်းကို ညွှန်ပြပါသည် (၂ရာ၊ ၂၂း ၄၈။ ဆာလံ၊ ၁၈း ၄၇)။

♥ “သည်းခံခြင်း၊ သက်သာခြင်း၏ အရှင်ဘုရားသခင်” သူသည် ယုံကြည်သူတို့၏ ကြပ်တည်းခက်ခဲရာကာလ၌ မစကူညီသော အရှင်ဖြစ်ကြောင်း ညွှန်ပြပါသည် (ရောမ၊ ၁၅း၅)။

♥ “ထာဝရဘုရားသည် များပြားသော လူတို့တွင် တရားစီရင်၍” သူသည် လူမျိုးတို့အပေါ်၌ အကျင့်စရိုက်များကို ပယ်ဖျက်ပေးပိုင်သော အရှင်ဖြစ်ကြောင်း ညွှန်ပြပါသည် (ယောန၊ ၄း ၂)။

♥ “ငှါကိုမြင်တော်မူသောဘုရား” လူသားတို့အပေါ်၌ သတိနှင့် ကြည့်ရှုတော်မူခြင်းကို ညွှန်ပြပါသည် (ကမ္ဘာ၊ ၁၆း ၁၃)။

♥ “မိဘမရှိသောသူ၏ခိုလှုံရာ” ဘုရားသခင်သည် မိဘမရှိသောသူတို့ကို မစကူညီကြောင်း ညွှန်ပြပါသည် (ဆာလံ၊ ၁၀း ၁၄)။

♥ “သင်တို့ကို နှစ်သိမ့်စေသော” နာကျင်ခြင်းဝေဒနာများကို ပျောက်ကင်းစေနိုင်သောသူ၏ အရည်အချင်းကို ညွှန်ပြပါသည် (ဟေရှာ၊ ၅၁း ၁၂)။

♥ “သူ့စိတ်အကြံအစည်ကို လူအားဖော်ပြသော” သူ၏စိတ်နှလုံးတော်ကို လူသားတို့အား ဖွင့်ပြတော်မူခြင်းကို ညွှန်ပြပါသည် (အာမုတ်၊ ၄း ၁၃)။

♥ “သူတို့၏ စိတ်နှလုံးရှိသမျှတို့ကို ဖန်ဆင်းသောသူ” လူသားတို့၏ အတွင်းပိုင်းအကျဆုံးသော စိတ်နှလုံးကိုပင် တန်ခိုးတော်အားဖြင့် ဖန်ဆင်းတော်မူကြောင်းကို ညွှန်ပြပါသည် (ဆာလံ၊ ၃၃း ၁၅)။

♥ “ငါတို့၌ ပြုပြင်သော တန်ခိုးတော်အတိုင်း ငါတို့တောင်းပန် ကြံစည်သမျှထက် အလွန်ထူးခြားစွာ ပြုပြင်ခြင်းငှာ တတ်နိုင်တော်မူသော ဘုရားသခင်” အကန့်အသတ်မရှိ ဘတ်စွမ်းနိုင်တော်မူသောသူ၏ လုပ်ဆောင်ချက်များကို ညွှန်ပြပါသည် (ဧဖက်၊ ၃း ၂၀)။

♥ “ယေရှုကို သေခြင်းမှထမြောက်စေတော်မူသော ဝိညာဉ်တော်” ယေရှုခရစ်တော်၏ ရှင်ပြန်ထမြောက်တော်မူခြင်းတွင် ခမည်းတော်၏ လုပ်ဆောင်ချက်ကို ညွှန်ပြသည် (ရောမ၊ ၈း ၁၁)။

♥ “သန့်ရှင်းတော်မူသောအဖ” သူ၏ စုံလင်တော်မူသော ဖြောင့်မတ်ခြင်းကို ညွှန်ပြပါသည် (ယောဟန်၊ ၁၇း ၁၁)။

♥ "သင်တို့တွင်နေ၍ သန့်ရှင်းသောဘုရား" သူ၏ဖြောင့်မတ်ခြင်းကို မျက်မှောက်ကာလ၌ ထင်ရှားစေတော်မူခြင်း ကို ညွှန်ပြပါသည် (ဟောရှေ၊ ၁၁း ၉)။

♥ "သင်၏လင်" သူ၏ဖန်ဆင်းတော်မူခြင်း၌ မေတ္တာတရား ပွားများစေတော်မူခြင်းကို ညွှန်ပြပါသည် (ဟေရှာ၊ ၅၄း ၅)။

♥ "မုဆိုးမတို့ဘက်မှ တရားစီရင်တော်မူ၏" အကွယ်အကာမဲ့သော သူတို့အပေါ်၌ ဂရုတစိုက် ကြည့်ရှုတော်မူခြင်းကို ညွှန်ပြပါသည် (ဆာလံ၊ ၆၈း ၅)။

♥ "မြေကြီးလုံးကို စီရင်တော်မူသောသခင်" သူ၏တန်ခိုးအာဏာသည် ကမ္ဘာတစ်ဝှမ်းလုံးပေါ်၌ သက်ရောက်တည်ရှိ တော်မူကြောင်း ညွှန်ပြပါသည် (က၊ ၁၈း၂၅)။

♥ "ကောင်းကင်ဘုံ၏ အရှင်ဘုရားသခင်" သူ၏ ပလ္လင်တော်တည်ရှိရာနေရာကို ညွှန်ပြပါသည် (ဒံယေလ၊ ၄း ၃၇)။

♥ "အသက်ရှင်တော်မူသော ခမည်းတော်" သူ၏မျက်မှောက်ကာလ လှုပ်ရှားတော်မူခြင်းကို ညွှန်ပြပါသည် (ယောဟန်၊ ၆း ၅၇)။

♥ "အစိုးရတော်မူသောအရှင်" သူသည် သခင်ဖြစ်တော်မူကြောင်းကို ဆိုလိုပါသည် (လုကာ၊ ၂း ၂၉)။

♥ "ထာဝရဘုရားသည် ငါ၏အောင်လံ" လူမျိုးတော်စု၏ အလံကဲ့သို့ပင် ကျွန်ုပ်တို့အာရုံပြုဦးတည်ရန် လိုအပ် တော်မူကြောင်းကို ညွှန်ပြပါသည် (ထွက်၊ ၁၇း ၁၅)။

♥ "အိုထာဝရဘုရား အကျွန်ုပ်၏ကျောက်" သူသည် ယုံကြည်သူတို့အတွက် တည်ငြိမ်ခြင်းကိုပေးတော်မူသော အရှင်ဖြစ်ကြောင်းကို ညွှန်ပြပါသည်

(ဆာလံ၊ ၁၉း၁၄။ ၂၈း၁။ ၁၄၄း၁)။

♥ “မြေကြီးတစ်ပြင်လုံးကို အစိုးရတော်မူသောအရှင်” မြေကြီးတစ်ပြင်လုံးမှာ သူ၏တန်ခိုးအာဏာအောက်၌ ရှိတော် မူကြောင်းကို ညွှန်ပြပါသည်

(ဟောရှေ၊ ၃း ၁၃။ ဆာလံ၊ ၉၇း ၅။ မိက္ခာ၊ ၄း ၁၃။ ဇာခရိ၊ ၄း ၁၄)။

♥ “ကောင်းကင်နှင့်မြေကြီးကို အစိုးရတော်မူသောအဘ” စကြဝဠာတစ်ခုလုံးကို သူ၏တန်ခိုးအောက်၌ရှိကြောင်း ညွှန်ပြသည်

(မဿဲ၊ ၁၁း ၂၅။ လုကာ၊ ၁၀း ၂၁။ တမန်၊ ၁၇း ၂၄)။

♥ “ဘုရင်တို့၏အရှင်” မြေကြီးပေါ်၌ ရှိသမျှသောရှင်ဘုရင်အားလုံးတို့အပေါ်၌ တန်ခိုးအာဏာရှိတော်မူခြင်း (ဒံယေလ၊ ၂း ၄၇)။

♥ “ငါတို့ကို ဖန်ဆင်းတော်မူသော ထာဝရဘုရား” လူသားတို့ကို ဖန်ဆင်းရာတွင် သူ၏တန်ခိုးအာဏာကို အသုံးပြု ကြောင်း ညွှန်ပြပါသည် (ဆာလံ၊ ၉၅း ၆)။

♥ “အကျွန်ုပ်တို့ကို ကာကွယ်တော်မူသောဘုရားရှင်” သူ၏လူတို့အား ကွယ်ကာမစနိုင်သော အစွမ်းသတ္တိကို ညွှန်ပြပါသည် (ဆာလံ၊ ၉၅း ၁၁)။

♥ “သင်တို့၏ရောဂါကို ငြိမ်းစေသောထာဝရဘုရား” ရောဂါဝေဒနာများအပေါ်၌ တန်ခိုးရှိကြောင်း ညွှန်ပြသည် (ထွက်၊ ၁၅း ၂၆)။

♥ “သင်တို့ကို သန့်ရှင်းစေသောဘုရား” သင်တို့အား လောကအရာထဲမှ သီးခြားခွဲထားနိုင်သော သူ၏တန်ခိုးကို ညွှန်ပြပါသည်

(ထွက်၊ ၃၁း ၁၃။ ဝတ်ပြု ၂၀း ၈၊ ၂၂း ၃၂)။

♥ “ဒဏ်ပေးသောဘုရား” သူ၏လူတို့အပေါ်၌ အမျိုးမျိုးသော အချိန်ကာလတွင် ဆုံးမသွန်သင်တော်မူခြင်းကို ညွှန်ပြပါသည် (ယေဇကျေလ၊ ၇း ၉)။

♥ “ထောက်ပံ့ခြင်းကို ပြုတော်မူသောထာဝရဘုရား” သူ၏လူတို့အား ကြည့်ရှုစောင့်ရှောက်တော်မူခြင်းကို ညွှန်ပြခြင်း (ကမ္ဘာဦး၊ ၂၂း ၁၄)။

♥ "သင့်ကိုဖန်ဆင်းသောသူ" ဘုရားသခင်၏ လက်တော်အားဖြင့် ဖန်ဆင်းခြင်းကို ညွှန်ပြပါသည် (ဟေရှာယ၊ ၅၄း ၅)။

♥ "အလုံးစုံတို့ကို ဖန်ဆင်းတော်မူသော ဘုရားသခင်" သူ၏ ဖန်ဆင်းခြင်းအမှုကို ကျယ်ပြန့်စေခြင်း အကြောင်းကို ညွှန်ပြပါသည်

(ဒေသနာ၊ ၁၁း ၅။ ယေရမိ၊ ၁၀း ၁၆၊ ၅၁း ၁၉)။

♥ "ကောင်းကင်ဘုံ၌ရှိတော်မူသောသခင်" တန်ခိုးအာဏာရှိသော အခြားသူတို့ကိုလည်း သူသည် ခွဲခန့်မှတ်သား တော်မူကြောင်း ညွှန်ပြပါသည် (ကောလောသဲ ၄း ၁)။

♥ "ငါ့သက်သေ" သူသည် ကျွန်ုပ်တို့အား ခုခံကာကွယ်ပေးရန် ရပ်နေသည့် အကြောင်းကို ညွှန်ပြပါသည် (ယောဘ၊ ၁၆း ၁၉)။

♥ "အကျွန်ုပ်မျှော်လင့်ကိုးစားရာ" သူ့အပေါ်၌ ကျွန်ုပ်တို့၏ ကိုးစားခြင်း သဘောသဘာဝကို ညွှန်ပြပါသည် (ဆာလံ၊ ၇၁း ၅)။

♥ "အကျွန်ုပ်ကို ကယ်တင်တော်မူသောဘုရား" ကယ်တင်တော်မူခြင်းအကြောင်း သဘောသဘာဝကို ညွှန်ပြပါ သည် (ထွက်၊ ၁၈း ၄။ ဆာလံ၊ ၂၇း ၉၊ ၄၀း ၁၇၊ ၅၄း ၄၊ ၆၃း ၇၊ ၇၀း ၅၊ ၁၁၈း ၇၊ ၁၂၁း ၁။ ဟေဗြဲ၊ ၁၃း ၆)။

♥ "အကျွန်ုပ်ခိုလှုံရာ တွေ့သောအမှုကို သိမှတ်တော်မူ၏" သူ၏ ကျွန်ုပ်တို့အပေါ်၌ ကွယ်ကာမစတော်မူခြင်းအကြောင်း သဘောသဘာဝကို ညွှန်ပြပါသည်

(ဆာလံ၊ ၃၂း ၇)။

♥ "ငါ၏မျှော်လင့်ခြင်း" အနာဂတ်အကြောင်းနှင့်ပတ်သက်၍ ဘုရားသခင်အားကိုးစားခြင်း သဘောသဘာဝကို ညွှန်ပြပါသည် (ဆာလံ၊ ၂၅း ၂၁၊ ၃၉း ၇၊ ၆၂း ၅၊ ၇၁း ၅၊ ၁၁၉း ၇၄၊ ၈၁၊ ၁၁၄၊ တမန်တော်၊ ၂၃း၆၊ ၂၆း ၆)။

♥ "ငါ၏အလင်း" ဘုရားသခင်၏ လမ်းပြပို့ဆောင်တော်မူခြင်းကို ညွှန်ပြပါသည်

(ဆာလံ၊ ၂၇း ၁။ မိက္ခာ၊ ၇း ၈)။

♥ “ဘေးရောက်သည်ကာလ၌ အကျွန်ုပ်ခိုလှုံရာ ဘေးလွှတ်ရာဖြစ်တော်မူ၏” ဘေးဒုက္ခခက်ခဲမှုပေါ်၌ ကွယ်ကာတော်မူခြင်းကို ညွှန်ပြပါသည်

(ယေရမိ၊ ၁၇း၁၇၊ ဆာလံ၊ ၅၉း ၁၆)။

♥ “ငါမှီခိုရာ” ဘုရားသခင်၏ ထောက်ပံ့တော်မူခြင်း သဘောသဘာဝကို ညွှန်ပြပါသည် (၂ ရာ၊ ၂၂း ၁၉။ ဆာလံ၊ ၁၈း ၁၈)။

♥ “သင်၏ဒုစရိုက်အမှုတို့ကို မအောက်မေ့ သင်၏ဒုစရိုက်အပြစ်တို့ကို ဖြေလွှတ်သောသူ” ဘုရားသခင်၏ အပြစ် လွှတ်တော်မူခြင်း သဘောသဘာဝကို ညွှန်ပြပါသည်

(ဟေရှာယ၊ ၄၃း ၂၅)။

♥ “ကျွန်ုပ်တို့ခိုလှုံရာ” သူသည် ကျွန်ုပ်တို့၏ အိမ်တော်အမှန်ဖြစ်ကြောင်း ဆိုလိုပါသည် (ဆာလံ၊ ၉၀း ၁)။

♥ “ငါတို့၏တရားသူကြီး” လူမျိုးအားလုံးတို့အပေါ်၌ သူ၏ တရားစီရင်တော်မူခြင်းကို ဆိုလိုပါသည် (၁ရာ၊ ၂၄း ၁၅။ ဟေရှာယ၊ ၃၃း ၂၂)။

♥ “ငါတို့၏ပညတ်တရားရှင်” လူမျိုးအားလုံးတို့အပေါ်၌ တန်ခိုးတော်အားဖြင့် စီရင်တော်မူမည်ဖြစ်ကြောင်းကို ဆိုလို ပါသည် (ဟေရှာ၊ ၃၃း ၂၂)။

♥ “ငါတို့ကိုရွေးနှုတ်သောသူ” လူသားတို့အတွက် ကယ်တင်ခြင်းရရန် ရွေးဝယ်တော်မူခြင်းကို ဆိုလိုပါသည် (ဟေရှာယ၊ ၄၇း ၄၊ ၆၃း ၁၆)။

♥ “ငါတို့ခိုလှုံရာဖြစ်၍ ခွန်အားကိုပေးတော်မူ၏” သူ၏လူတို့အပေါ်၌ ကွယ်ကာမစခြင်းကို ဆိုလိုပါသည် (ဆာလံ၊ ၄၆း ၁)။

♥ “ကောင်းကင်မြေကြီးရှင် အမြင့်ဆုံးသောဘုရားသခင်” ခပ်သိမ်းသောအရာတို့ကို ပိုင်ဆိုင်တော်မူကြောင်း ဆိုလိုပါသည် (ကမ္ဘာဦး၊ ၁၄း ၁၉၊ ၂၂)။

♥ “အိုးထိန်းသမား” သူ၏လက်တော်အားဖြင့် ဖန်ဆင်းပုံသွင်းတော်မူကြောင်းကို ဆိုလိုပါသည် (ဟေရှာ၊ ၂၉း ၁၆၊ ၄၅း ၉၊ ၆၄း ၈။ ယေရမိ၊ ၁၈း ၄၊ ၆။ ဇေခရိ၊ ၁၁း ၁၃။ ရောမ၊ ၉း ၂၁)။

♥ “သင့်ကိုရွေးနှုတ်သောသူ” တစ်ဦးချင်း၏ ကယ်တင်ခြင်းအတွက် ရွေးဝယ်ခြင်းကိုဆိုလိုပါသည် (ဟော၊ ၅၄း ၅)။

♥ “မိမိလူတို့၏ ခိုလှုံရာ” သူ့လူတို့အတွက် ကာကွယ်မစခြင်းကို ပေးတော်မူကြောင်း ဆိုလိုပါသည် (ယောလ၊ ၃း ၁၆)။

♥ “မိုးသက်မုန်တိုင်းလွတ်ရာ နေရောင်ကွယ်ကာရာဖြစ်တော်မူ၏” လူတို့၏ ဆူပူသောင်းကြမ်းမှုမှ ကွယ်ကာဆောင်မခြင်း ပေးတော်မူကြောင်းကို ညွှန်ပြသည် (ဟော၊ ၂၅း ၄)။

♥ “တရားတော်မူသောအဖ” သူ၏ဖြောင့်မတ်ခြင်းကို ညွှန်ပြပါသည် (ယောဟန်၊ ၁၇း ၂၅)။

♥ “တရားသဖြင့် စီရင်သောသူ” သူ၏မျက်နှာမလိုက်ပဲ တရားဆုံးဖြတ်တော်မူခြင်းကို ညွှန်ပြပါသည် (ဆာလံ၊ ၇း၁၁။ ယေရမိ၊ ၁၁း၂၀။ ၂တိ၊ ၄း၈)။

♥ “ငါခိုလှုံရာကျောက်” သူ၏ ကွယ်ကာဆောင်မခြင်းတွင် တည်ငြိမ်မှုရှိကြောင်းကို ညွှန်ပြပါသည် (ဆာလံ၊ ၉၄း ၁၂)။

♥ “ငါ့ကို အားပေးသောကျောက်” ခွန်အားကိုဖြစ်စေသော တည်ငြိမ်မှုရှိစေခြင်း (ဆာလံ၊ ၆၂း ၇)။

♥ “ငါတို့သည် ကယ်တင်ခြင်းသို့ရောက်ရာကျောက်” ငါတို့၏ ကယ်တင်ခြင်းချမ်းသာတည်ငြိမ်ခြင်းကို ညွှန်ပြပါသည် (ဆာလံ၊ ၉၅း ၁)။

♥ “ခိုလှုံရာ” သူသည် လုံခြုံမှုကိုပေးသော နေရာဖြစ်ကြောင်း ညွှန်ပြပါသည် (ဟော၊ ၈း ၁၄။ ယေဇကျေလ၊ ၁၁း၁၆)။

♥ “ကယ်တင်ခြင်းအကြောင်း” သူသည် ခိုလှုံရာဖြစ်တော်မူကြောင်း ဆိုလိုပါသည် (ဆာလံ၊ ၂၈း ၈)။

♥ “နေရောင်ကွယ်ကာရာ” ဖိနှိပ်ခြင်းဖြစ်ပေါ်လာသောအခါ ထောက်ပံ့တော်မူခြင်း ကို ညွှန်ပြပါသည် (ဟေ၊ ၂၅း ၄)။

♥ “ခွန်အားဗလ” သူ၏တန်ခိုးကိုပေးတော်မူခြင်းအကြောင်း ညွှန်ပြပါသည် (ဟေရှာယ၊ ၂၈း ၆)။

♥ “အကျွန်ုပ်နှလုံး၏အစွမ်းသတ္တိ” ယုံကြည်သူတို့၏ နှလုံးသားထဲတွင် သူသည် လုပ်ဆောင်၍ စွမ်းအင်ကို ပေးတော်မူကြောင်း ညွှန်ပြပါသည် (ဆာလံ ၇၃း၂၆)။

♥ “အကျွန်ုပ်၏ ကယ်တင်ခြင်းအစွမ်းသတ္တိ” ကျွန်ုပ်တို့ ကယ်တင်ခြင်း၏ နောက်ကွယ်၌ရှိသောတန်ခိုး (ဆာလံ၊ ၁၄၀း ၇)။

♥ “ဘေးအန္တရာယ်ရောက်သည်ကာလခိုလှုံရာ” လူတို့၏ ဖိနှိပ်ညှင်းဆဲခြင်း အောက်၌ ရှိနေသောသူတို့အား ကွယ်ကာမစတော်မူခြင်းဖြစ်ပါသည် (ဆာလံ၊ ၉း ၉)။

♥ “ညှင်းဆဲခြင်းကိုခံရသောသူတို့၏ခိုလှုံရာ” မည်သည့်အချိန်၌မဆို ရောက်လာသော ဖိနှိပ်မှုတို့မှ ကာကွယ်ကာ ဆောင်မတော်မူခြင်းကို ညွှန်ပြပါသည် (ဆာလံ၊ ၉း၉)။

♥ “ငါ့အသက်ကို ထောက်ပင့်သောသူ” ဝိညာဉ်ပိုင်းဆိုင်ရာ သူ၏မစထောက်ပင့်တော်မူခြင်း သဘောသဘာဝကို ညွှန်ပြပါသည် (ဆာလံ၊ ၅၄း ၄)။

♥ “ဆရာ သို့မဟုတ် သွန်သင်နိုင်သူ” လူတို့အား သွန်သင်ဆုံးမခြင်းကို ပေးနိုင်သော အရည်အချင်းကို ညွှန်ပြပါသည် (ယောဘ၊ ၃၆း ၂၂။ ဟေရှာ ၃၀း ၂၀)။

♥ “ပဋိနာစကားကို နားထောင်တော်မူသောဘုရား” လူတို့၏ တောင့်တသောဆန္ဒကို နားလည်တော်မူကြောင်း ဆိုလိုပါသည် (ဆာလံ၊ ၆၅း ၂)။

♥ “ပိဋိညာဉ်တရားနှင့် ကရုဏာတရားကို စောင့်ရှောက်သောသူ” သူသည် ချစ်ခြင်းမေတ္တာအပြင် သူ၏ ပဋိညာဉ်တရားကို စောင့်ထိန်းတော်မူကြောင်း ဆိုလိုပါသည် (၃ရာ၊ ၈း ၂၃။ ၆ရာ၊ ၆း ၁၄)။

♥ “ဘေးရောက်သည်ကာလ အထူးသဖြင့် ကူမတော်မူကြောင်း” ကျွန်ုပ်တို့သည် ကူညီမစခြင်းကို လိုအပ်သော အခါ သူသည် ကျွန်ုပ်တို့နှင့်အတူ ရှိတော်မူကြောင်း ဆိုလိုပါသည် (ဆာလံ၊ ၄၆း ၁)။

# အပိုင်း (၄)

# သားတော်ဖြစ်သောဘုရားသခင်

## က။ ယေရှုခရစ်၏ပုဂ္ဂိုလ်တော်

သားတော်အရှင်ယေရှုသည် လူ့ဇာတိကို ခံယူထားသော ဘုရားသခင်ပင်ဖြစ်သည်။ သူသည် လူသူတော်ကောင်းဖြစ်၍ ဘုရားဖြစ်လာသည်မဟုတ်၊ ဘုရားအဖြစ်မှ လူအဖြစ် ကူးသန်းခြင်းဖြစ်သည် (ယော၊ ၁း၁၊၁၄)။ ဘုရားအဖြစ်မှ လူ့သဏ္ဍာန်ကို တိကျစွာ ခံယူခဲ့သည် (ယော၊ ၁၄း၈-၉။ ဟေဗြဲ၊ ၁း၃)။

## ၁။ ကြိုတင်တည်ရှိနှင့်ခြင်း

အသွေးအသားနှင့် မွေးဖွား၍ မလာမီကတည်းက သူရှိနှင့်သည် “ထိုသားတော်သည် ကောင်းကင်ပေါ် မြေကြီးပေါ်မှာ ရှိသမျှသော ရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊

အစိုးရခြင်းတန်ခိုးဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခပ်သိမ်းသော အရာတို့ကို ဖန်ဆင်းတော်မူ၏” ဟူ၍ (ကောလောသဲ၊ ၁း၁၆)၌ ဖော်ပြသည်။ (ယော၊ ၈း၅၈) တွင် သခင်ကိုယ်တိုင်က ‘အာဗြဟံမဖြစ်မီငါဖြစ်၏’ ဟု ဆိုထားသည်။

## ရှင်ယောဟန်ခရစ်ဝင်၏ နိဒါန်း၌

“အစအဦး၌ နှုတ်ကပတ်တော်ရှိ၏၊ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့် အတူရှိ၏၊ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏၊ ထိုနှုတ်ကပတ်တော် သည် အစအဦး၌ ဘုရားသခင်နှင့်အတူရှိ၏။ ထိုနှုတ်ကပတ်တော်သည် ခပ်သိမ်းသော အရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့် ကင်းလွတ်လျက် ဖြစ်သောအရာ တစ်စုံတစ်ခုမျှမရှိ” ဟုတွေ့ရသည် (ယော၊ ၁း၁-၃)။ တစ်ဖန် (၁း၁၄)အရ “နှုတ်ကပတ် တော်သည်လည်း လူ့ဇာတိ၏အဖြစ်ကို ခံယူ၍ ကျေးဇူးတော်နှင့်ဝှင်း၊ သစ္စာတော်နှင့်ဝှင်း ပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍ ခမည်းတော်၌ တစ်ပါးတည်းသော သားတော်၏ ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ” ဟု ဆက်၍ တွေ့ရသည်။ ယင်းဖော်ပြချက်များအားဖြင့် သူသည် အနန္တကာလ၏ သခင်အဖြစ် တည်ရှိကြောင်း သိသာသည်။

## ၂။ ဘုရားနှင့်လူအတူတူ

ယေရှုသည် ဘုရားသခင်နှင့်လူအတူယှဉ်တွဲလိုက်ခြင်းဖြစ်သည်။ သူသည်ဘုရားစင်စစ်၊ လူစင်စစ်ဖြစ်သည်။ နားလည်ရန် ခက်မည်အမှန်၊ သို့သော်သမ္မာတရား ဖြစ်သည် မှာလည်းအမှန်ပင်။

ခရစ်တော်သည် ကားတိုင်ပေါ်မှာ အသေမခံမီ အချိန်အနည်းငယ်ကပင်လျှင် ဖါရိရှဲတို့ အား မေးခွန်းတစ်ခုထုတ်ပြန် ခဲ့၏။ “မေရှိယသည် ဒါဝိဒ်မင်း၏ သခင်ဖြစ်သလို ဒါဝိဒ်မင်း

၏ သားလည်း အဘယ်သို့ ဖြစ်နိုင်မည်နည်း” ဟူသော မေးခွန်းဖြစ်သည် (မဿဲ၊ ၂၂း၄၁-၄၆)။ ဆန့်ကျင်ဖီလာဖြစ်နေသည့် ဤပြဿနာတွင် ဖြစ်နိုင်သော လမ်းမှာ တစ်ခုထဲသာ ဖြစ်သည်။ မေရှိယသည် ဘုရားစင်စစ် လူစင်စစ် ဖြစ်ခြင်းကြောင့်သာ ဖြစ်နိုင်ခြင်းပင်။

## ၃။ သူ၏ ပြည့်ဝစုံလင်မှု

အဘက်ဘက်က ပြည့်ဝစုံလင်သော ယေရှုဖြစ်သည်။ ဘုရားစင်စစ်ဖြစ်ရာတွင် သူသည် အကြွင်းမဲ့ပြည့်ဝစုံလင်သည်။ လူစင်စစ်အဖြစ်မှု အချို့သော ပညာရှင်များက သံသယ ဖြစ်ခြင်းများ ရှိပါသည်။ ယင်းကိစ္စအတွက် ရှင်းပြရန်လိုပါသည်။

(ရောမ၊ ၅း၁၂)တွင် “အပြစ်တရားသည် တစ်ယောက်သောသူအားဖြင့် ဤလောကသို့ ဝင်၍ အပြစ်တရားအားဖြင့် သေခြင်းတရားဝင်သည်နှင့်အညီ၊ လူအပေါင်းတို့သည် အပြစ်ရှိ သောကြောင့် သေခြင်းသို့ ရောက်ရကြ၏” ဟုဆိုပါသည်။

တစ်ယောက်သောသူဖြစ်သည့် အာဒံကြောင့် အပြစ်တရားသည် နှံ့ပြားလျက် သေခြင်း ဆင်းရဲကို လူသားတိုင်း ခံစားကြရခြင်းဖြစ်သည် (ရောမ၊ ၅း၁၃-၁၉)။ ယေရှု ခရစ်တွင် လောကဆိုင်ရာ အဖေဟူ၍မရှိ သန့်ရှင်းသော ဝိညာဉ်တော်သည်သာ ‘အဘ’ ဖြစ်လေရာ (လုကာ၊ ၁း၃၅) ဘုရားသခင်၏ သားတော်အဖြစ် အခေါ်ခံရသည်၊ ထို့ပြင် အာဒံမှစသော လူ့သမိုင်းကို ငြိစွန်းစေသော အပြစ်ဒုစရိုက်နှင့် သေခြင်းတရားသည် သူ့ကို မအောင်မြင် ခဲ့ပါ။ (တစ်နည်း) လူ၏ အပြစ်မျိုးစေ့နှင့် ကင်းလွတ်ခဲ့သည်၊ အာဒံ သည် ပြည့်ဝစုံလင်ရာမှ ကျဆုံးခဲ့ရသော်လည်း ယေရှုသည် ကျဆုံးခြင်းမရှိဘဲ ပြည့်ဝ စုံလင်ခဲ့ပါသည်။

(၁ပေ၊ ၂း၂၂)အရ ‘ထိုသခင်သည် ဒုစရိုက်ကိုမပြု၊ နှုတ်တော်မှလည်း မုသာကိုရှာမတွေ့’ ဟု မြင်ရသည်။ (ဟေဗြဲသြဝါဒစာ၊ ၅း၉ နှင့် ၇း၂၈) အရ ယေရှုခရစ်သည် ထာဝရ ပြည့်ဝစုံလင်ခြင်း (သို့) အမြဲစုံလင်ခြင်းသို့ ရောက်သည်ဟုဆိုလေရာ ယေရှုသည် ဘယ်နည်းနှင့်မျှ လူတစ်ယောက်ကဲ့သို့ အပြစ်မရှိနိုင်ပါ။ အပြစ်တရားကို ကျင့်သုံးမည့်သူ မဖြစ်နိုင်ပါ။

## ခ။ ယေရှုခရစ်၏ အခန်းကဏ္ဍ

ဘုရားသခင်၏ စီမံချက်နှင့်အညီ လိုအပ်ချက်ကို ဆောင်ရွက်ရခြင်းသည် သူ၏ အခန်းကဏ္ဍပင်ဖြစ်၏ (ယော၊ ၈း၂၈-၂၉)၊ လူ့ဘောင်လောက၏ အပြစ်များအတွက် ပြန်လည်ပေးဆပ်ရန် အမှုအရာများအားလုံးကို သူသည် ပြီးမြောက်အောင် တာဝန်ယူခဲ့သည် (၂ကော၊ ၅း၂၁)။

## ၁။ လူကလေးအသွင်ကူးရောက်စဉ်

ဓမ္မဟောင်းကာလ ပရောဖက်တို့၏ ဗျာဒိတ်အနာဂတ္တိများအတိုင်း ဖွားမြင်ခြင်းကို ခံယူတော်မူသည်။ အထူးသဖြင့် ဟေရှာယ အနာဂတ္တိများ၏ ဖေါ်ပြချက်များကို လေ့လာထိုက်သည် (ဟေရှာယ၊ ၇း၁၄) (၉း၆) (၁၁း၁) (၅၃း၂)။ တစ်ဖန်ယေရှုသည် မိန်းမမှ ဆင်းသက်သောအမျိုးဖြစ်၍ လူသားစင်စစ်ဖြစ်သည် (ကမ္ဘာဦး၊ ၃း၁၅)။

သူ့ကို ဗက်လင်မြို့မှာ မွေးဖွားမည်ဟု ပရောဖက် မိက္ခာဗျာဒိတ်ပြုခဲ့သည် (မိက္ခာ၊ ၅း၂)။ အာဗြဟံ၏ အမျိုးမှ ပေါ်ထွန်းမည်ဟု ဆိုခဲ့သည် (ကမ္ဘာ ၂၂း၁၈၊ မဿဲ ၁း၁၊ ဂလာတိ ၃း၁၆)။ ဣဇာက်မှ ဆင်းသက်မည် (ကမ္ဘာဦး ၂၁း၁၂)၊ ယာကုပ် (ကမ္ဘာဦး၊ ၃၅း၁၀-၁၂)၊ ယုဒ (ကမ္ဘာဦး၊ ၄၉း၈-၁၀)၊ ယေရှဲ (ဟေရှာယ၊ ၁၁း၁) နှင့် ဒါဝိဒ်မျိုးရိုး ဖြစ်ရမည် (၂ရာ၊ ၇း၁၂-၁၆) (ယေရမိ၊ ၂၃း၅) (ဆာလံ၊ ၁၃၂း၁၁)---- စသော ကျမ်းစကားများနှင့် အခိုင်အမာဖွင့်ဆိုခဲ့သည်။

## ၂။ အပျိုကညာမိခင်

ဘုရားသခင်၏ စီမံချက်အရ မေရှိယကယ်တင်ရှင်သည် အပျိုကညာမှ မွေးဖွားရပါမည် (ဟေရှာယ၊ ၇း၁၄)။ ယင်းအချက်သည် ဓမ္မပညာအမြင်အရ အလွန်ပီပြင်စွာ နားလည်နိုင်သည်။ တစ်ချိန်ထဲမှာ ယေရှု၏ ဖွားမြင်ခြင်းသည် အံ့ဘွယ်သော တန်ခိုးနိမိတ်အဖြစ် သတိချပ်ရမည်။ ပရောဖက်ပြုခြင်းသည် မာရိ၌ ပြီးပြည့်စုံလင်ခဲ့ပါသည် (မဿဲ၊ ၁း၂၀-၂၃)။

## ၃။ သူ၏ အသေခံတော်မူခြင်း

အသေခံတော်မူခြင်းသည် များစွာသောအမှုတို့ကို အောင်စေသည်။ သူသည် သေဒဏ်ကျခံသင့်သူမဟုတ် (လုကာ၊ ၂၃း၄)။ အပြစ်ရှိသူလူသားအားလုံး (ရော၊ ၃း၂၃) သာလျှင် သေဒဏ်ကိုခံသင့်သည် (ရော၊ ၆း၂၃)။ သို့ဖြစ်၍ လူသားမှန်သမျှ သေသင့်ကြရစမြဲဖြစ်နေသည်။ ယခုအပြစ်စိုးစင်းမျှ မရှိ၍ သေဒဏ်မခံသင့်သော ယေရှုသည် သန့်ရှင်း၍ ဖြောင့်မတ်တော်မူသော ဘုရားသခင်၏ ရှေ့မှောက်မှာ ကျွန်ုပ်တို့အားလုံး၏ အပြစ်များအား ပြန်လည်ပေးဆပ်ရန်အလို့ငှာ ကျွန်ုပ်တို့၏ နေရာသို့ဝင်၍ အသေခံလိုက်ပေပြီ (ယော၊ ၁၀း၁၅-၁၇)။

## က။ ကိုယ်စားခံ၍ အပ်နှံခဲ့ခြင်း

ကိုယ်စားခံခြင်းသည် ကျွန်ုပ်တို့၏ ကိုယ်အား အသေခံရာကားတိုင်သို့ တက်ခဲ့ခြင်းကို ဆိုလိုခြင်းပင်ဖြစ်သည်။ (၁ပေ၊ ၂း၂၄) တွင် ဖွင့်ဆိုသည်မှာ “ငါတို့သည် အပြစ်နှင့်ဆိုင်သောအရာ၌ အသေဖြစ်၍ ဖြောင့်မတ်ခြင်းအရာ၌ အသက်ရှင်စေမည့် အကြောင်း၊ ငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်မှာ ခံတော်မူပြီ။ ဒဏ်ချက်တော်များအားဖြင့် သင်တို့သည် အနာပျောက်လျက် ရှိကြ၏” ဟူ၍ဖြစ်၏။

## ခ။ ရွေးနှုတ်ခြင်း

ရွေးနှုတ်ခြင်းဟူသည် အကြွေးကိုဆပ်ပေး ရွေးနှုတ်လျက် လွတ်ငြိမ်းချမ်းသာရာ အခွင့်ကို ခံစားရရှိစေခြင်းပင် ဖြစ်သည်။ တစ်နည်းအားဖြင့် ကိုယ်တိုင်ပင်မသိပါဘဲလျက် ကျွန်ဘဝသို့ ကျဆင်းနေရဆဲ အဆင့်မှကိုယ့်ဘဝ လွတ်မြောက်ရေးအတွက် တစ်စုံတစ်ဦးက ကိုယ့်ကိုဝယ်ယူလိုက်သော သဘောပင်ဖြစ်သည်။ အပြစ်တရားမှ ခွင့်လွှတ်၍ ရွေးနှုတ်ခြင်းသည် ကျွန်ုပ်တို့ကို စာတန်၏ အာဏာစက်အောက်မှ ဘုရားသခင်၏ နိုင်ငံတော်ထဲ

ကူးရောက်စေရေးအတွက်ပင် ဖြစ်သည် (ကောလောသဲ၊ ၁း၁၃-၁၄)။

ခရစ်တော်သည် ထိုက်တန်သော အခကို ပေး၍ 'လူ့ဘောင်' ကို ရွေးယူခဲ့သည် (၂ပေ၊ ၂း၁)။ ထိုအဖိုးအခသည် သူ့အသွေးတော်ဖြစ်၍၊ ကားတိုင်အထက်မှ သက်စွန့်မေတ္တာအားဖြင့် စီးဆင်းခဲ့သည် (ဗျာဒိတ်၊ ၅း၉-၁၀)။ ဤကဲ့သို့ သူ့အားဖြင့် စာတန်အရိပ်အောက်မှ လွတ်မြောက်လာသော လူသားတို့သည် သခင်၏ အလိုတော်ကို ဝန်ခံရန်အတွက် အခွင့်အရေးကို ရယူသင့်သည် (၁ကော၊ ၆း၁၉-၂၀)။ ယင်းသည် မတတ်သာ၍ တာဝန်ယူခြင်းမဟုတ်ဘဲ၊ ပေးအပ်လာသော ကျေးဇူးမေတ္တာအားဖြင့် စီးဆင်းခဲ့သည် (ဗျာဒိတ်၊ ၅း၉-၁၀)။ ဤကဲ့သို့ သူ့အားဖြင့် စာတန်အရိပ်အောက်မှ လွတ်မြောက်သော လူသားတို့သည် သခင်၏ အလိုတော်ကို ဝန်ခံရန်အတွက် အခွင့်အရေးကို ရယူသင့်သည် (၁ကော၊ ၆း၁၉-၂၀)။ ယင်းသည် မတတ်သာ၍ တာဝန်ယူခြင်း သဘောမဟုတ်ဘဲ၊ ပေးအပ်လာသော ကျေးဇူးမေတ္တာတော်ကို ချီးမွမ်း၍ ထောမနာပြုခြင်းပင်ဖြစ်သည်။ ကြီးမြတ်သော ဘုရားထံတွင် အစေခံသည်။ အလိုတော်ကိုလိုက်နာသည် ဆိုရာဝယ် ကျွန်ုပ်တို့အနေဖြင့် 'အစေခံကျွန်'၏ စိတ်ဓါတ်ကိုမွေး၍ လူ့အလိုသို့မလိုက်၊ ဇာတိပကတိစိတ်ထားကို စွန့်ရန်၊ ခရစ်တော်ကိုသာ ပဓာနပြုရန် လိုပေသည် (၁ကော၊ ၇း၁၉-၂၃)။

ဖွင့်ဆိုခဲ့သည့် သခင်ပေးသော လွတ်လပ်မှုကို 'အားထုတ်ကာကွယ်ရန်' လည်း လိုပေသေးသည် (ဂလာတိ၊ ၅း၁)။ လူသားတို့ သဘာဝမှာ အပြစ်နှင့် စုံစမ်းနှောင့်ယှက်ခြင်းကို အရှုံးပေးလိုလျက် ယုံကြည်သည်ဆိုပြီး မယုံကြည်သောသူများနှင့် ထူးမခြားနားဖြစ်နေတတ်ပါသည် (ဧဖက်၊ ၅း၁-၁၄)။ ခရစ်တော်ပေးသည့် လွတ်မြောက်ခြင်းနှင့် ကျေးဇူးမေတ္တာတော်ကို ဇာတိစိတ်အလိုက လုပ်ချင်တိုင်း လုပ်သို့ကဲ့ သို့မဟုတ် ဇာတိစိတ်ကို ငြင်းပယ်ကာ လူသားကမ္ဘာ၌ အချင်းချင်း မေတ္တာဝေမျှ ရှင်သန်ကြရန် ထိုကျေးဇူးမေတ္တာတော်ကို ဆက်လက် အသုံးပြုကြရပေမည် (ဂလာတိ၊ ၅း၁၃)။

## ဂ။ ပြန်လည်သင့်မြတ်ခြင်း

အမုန်းပွားနေသော အုပ်စုများ ရှိနေသည်ဆိုပါစို့။ ပြန်လည်သင့်မြတ်ခြင်းသည် အမုန်း တရားကို ဖယ်ရှားသည်။ ဤနည်းဖြင့် ငြိမ်းချမ်းရေးဖြစ်တည်လာ၏။

(ရောမ၊ ၅း၁၀) အရ ခရစ်တော်ကို မယုံသောသူများအား 'ဘုရားသခင်၏ရန်သူ' ဟုတွေ့ရပြီး ထိုသူတို့သည် ဘုရားသခင်၏ အမျက်တော်သင့်ခြင်းကို ခံကြရသည် (ယော၊ ၃း၁၆၊၁၈၊၃၆ နှင့် ဧဖက်၊ ၂း၃)။ ဤအခြေအနေတွင် ရွေးကောက်တော် မူသော ဣသရေလနှင့်တကွ လူ့လောကကြီးတစ်ခုလုံးအတွက် ဘုရားသခင်နှင့် ပြန်လည် ဆုံတွေ့ခွင့်ကို ခရစ်တော် စီရင်ခဲ့သည် (ဧဖက်၊ ၂း၁၆)။ အသွေးတော်ဖြင့် ငြိမ်းချမ်းရေးကို ရယူပေးခဲ့ခြင်းပင် (ကောလောသဲ၊ ၁း၂၂)။

ဤသစ္စာတရား အမှန်ကို (၂ကော၊ ၅း၁၉)အရ တွေ့မြင်နိုင်ပြီးလျှင်၊ ကမ္ဘာလောကနှင့် ဘုရားသခင်၏ ကြား၌ ငြိမ်သက်ခြင်းကို ဆောင်ကြဉ်းပေးဘို့ရန် ကျွန်ုပ်တို့အား အမှုတော်ကို ဆောင်ရွက်စေ၏ (၂ကော၊ ၅း၁၈-၂၁) သို့ဖြစ်၍ ကျွန်ုပ်တို့ တစ်ဦးစီသည် ငြိမ်းချမ်းရေး၏ စေတမန်များဟု ခံယူထိုက်ပါသည် (မဿဲ၊ ၅း၉)။

ဘုရားသခင်၏ အနန္တမေတ္တာတော်သည် နက်နဲကျယ်ဝန်းလွန်းလှသည် (ရောမ၊ ၅း၈၊ လုကာ၊ ၆း၃၁-၃၅) ဖြစ်ပါ၍ လောကကြီး တစ်ခုလုံးအတွက် 'ပြန်လည်သင့်မြတ်ခြင်း တရား'ကို ခံစားနိုင်ပေသည် (ကောလောသဲ၊ ၁း၂၀)။

## **ဃ။ တောင်းပန်ခြင်း**

ဖြောင့်မတ်တော်မူခြင်းနှင့် တရားမျှတခြင်းရှိသည့် သန့်ရှင်းမြင့်မြတ်တော်မူသော ဘုရားသခင်ကို တောင်းပန်ခြင်းအမှု၊ အသနားခံရခြင်းအမှုတို့ကို 'ပူဇော်ဆက်သ' ခြင်းနှင့် ပူးတွဲစဉ်းစားရပါမည်။

လူ၏အပြစ်တရားကြောင့် ဘုရားသခင် အမျက်တော်ရှိသည်။ ယင်းသမ္မာတရားကို ဓမ္မဟောင်းကျမ်း၊ ဓမ္မသစ်ကျမ်းတို့မှာ ကျယ်ပြန့်စွာ လေ့လာနိုင်သည်။ (တရားဟော၊ ၆း၁၄၊ ယောရှု ၂၃း၁၆၊ ဆာလံ၊ ၇၈း၂၁) နှင့် (ယောဟန်၊ ၃း၃၆၊ ရောမဩဝါဒ၊ ၁း၁၈၊ ဧဖက်၊ ၂း၃၊ ၁သက်သာလောနိတ်၊၂း၁၆) နှင့်တစ်ကွ နေရာပေါင်းများစွာ တွေ့မြင်နိုင်ပါသည်။ တစ်ချိန်ထဲမှာ ဘုရားသခင်သည် ချစ်တတ်သောဘုရား၊ ကရုဏာတော်နှင့်ပြည့်စုံသောဘုရားဖြစ်တော်မူလေ၏။ ယင်းအကြောင်းများကို စာဖွဲ့ရာ၌ (CHARUESRMRIE) က. . .

"ဤအကြောင်းများကို သဘောပေါက်မည်ဆိုပါက ဓမ္မဟောင်းကျမ်း၏ အနှစ်သာရသည် ယုတ္တိမရှိသော အသက်မဲ့နတ်ဘုရားကြီးကို 'ပူဇော်ပသ'၍ ဆုတောင်းရခြင်း၊ ပန်ကြားရခြင်းသဘော လုံးဝမဟုတ်. . အသက်ရှင်၍ ဖြောင့်မတ်သော ဘုရားသခင်သည် အပြစ်တရားကို မကြိုက်သည့်အတွက် ပညတ်တော်တရားများအရ ပူဇော်ပသရခြင်း ဖြစ်သည်။ ထိုသခင်သည် ချစ်ခြင်းမေတ္တာအားဖြင့်လည်း သူနှင့် မိတ်သဟာယဖွဲ့ရန် ပညတ်တရား 'လမ်းမ'များကို ချပေးခဲ့ခြင်းပင်ဖြစ်ပါ၏[၉၉]"ဟူ၍ ထည့်သွင်းဖော်ပြခဲ့ပါသည်။

ယေရှုခရစ်၏ အသက်တော်ကို စွန့်၍ပူဇော်ခြင်းသည် အပြစ်လူသားတို့အပေါ်မှာ သက်ရောက်လျက် တည်ရှိသည့် အမျက်တော်ကို ဖြေစေလေပြီ (ရောမ၊ ၃း၂၃-၂၅) (၁ယော၊ ၂း၂)။ ယင်းသည် မေတ္တာတော်၏ သရုပ်အမှန်ပင်ဖြစ်၏ (၁ယော၊ ၄း၁၀)။ ထိုအချက်တို့ကား ဘုရားသခင်၏ အလိုတော်နှင့်အညီ ခရစ်တော်၏ လူ့ဇာတိတော်ကို ခံယူလာခဲ့ခြင်း အကြောင်းရင်းကို သိသာစေတော့သည် (ဟေဗြဲ၊ ၂း၁၇-၁၈)။

## ၄။ ယေရှုခရစ်၏ ရှင်ပြန်ထမြောက်ခြင်း

ရှင်ပြန်ထမြောက်ခြင်း ဆိုသည်မှာ နောက်နောင် ဘယ်ခါမျှ မသေနိုင်သော အဖြစ်သို့ ပျက်စီးယိုယွင်းခြင်းမရှိ အကောင်း ပကတိအတိုင်း သေခြင်းမှ ရှင်ပြန်ထမြောက်မှုပင် ဖြစ်သည် (၁ကော၊ ၁၅း၄၂၊၅၄)။ တဒင်္ဂမဟုတ်၊ အစဉ်ထာဝရဖြစ်သည် (ယော၊ ၁၁း၄၃)။

ကျမ်းစာဖော်ပြချက်များအရ ယေရှုသည် အမှန်သေခဲ့သည်။ (မဿဲ၊ ၂၇း၆၂-၆၆)၊ (မာကု၊ ၁၅း၃၉၊၄၄)၊ (လုကာ၊ ၂၃း၄၈-၄၉)၊ (ယောဟန်၊ ၁၉း၃၃)။ သင်္ချိုင်းဂူသည်အနာဂတ္တိအရ ပြည့်စုံစွာတည်ရှိပြီးဖြစ်သည်(ဟေရှာယ၊ ၅၃း၉)၊ (မဿဲ၊၂၇း၅၇-၅၈)၊ (မာကု၊၁၅း၄၂-၄၅)၊ (လုကာ၊ ၂၃း၅၀-၅၂)၊ (ယော၊ ၁၉း၃၈) အလောင်းတော်ကို ထိုဒေသထုံးစံအတိုင်း ကျပ်ထုပ်စည်း၍ သင်္ဂြိုဟ်ခဲ့သည် (မဿဲ၊ ၂၇း၅၉-၆၀)၊(မာကု၊ ၁၅း၄၆)၊ (လုကာ၊ ၂၃း၅၃-၅၄)၊ (ယော၊ ၁၉း၄၀-၄၂) နှင့် (မဿဲ၊ ၂၇း၆၂-၆၆)။ ဂျူးလူမျိုးများနှင့် ရောမတို့ ကိုယ်တိုင်သည် မြုပ်နှံရာအရပ်ကိုရောက်၍၊ စောင့်ကြပ်၍၊ တံဆိပ်ခတ်နှိပ်ခဲ့သည် (မဿဲ၊ ၂၇း၆၂-၆၆)။ ဂျူးတို့သည် နောက်ပိုင်းတွင် အလောင်းတော်ကို တပည့်တော်များက ခိုးယူသွားပြီဟု ပြောင်ပြောင်တင်းတင်း လိမ်လည်ခဲ့ကြသည်

(မဿဲ၊ ၂၈း၁၁-၁၅ နှင့် မာကု၊ ၁၄း၁၅)။

ရှင်မဿဲ၊ ၂၇း၆၂တွင် ဂရိဝေါဟာရ 'KULIO' ဟူသောစကားဖြင့် ဖေါ်ပြချက်အရ သင်္ချိုင်းဂူဝကို ပိတ်ဆို့ထားသော ကျောက်တုံးကြီးသည် ကုန်းမြင့်သို့ရွေ့လျားသွားခဲ့သည်။ ယင်းကို (ရှင်မာကုခရစ်ဝင်၊ ၁၆း၃-၄)၊ (လုကာ၊ ၂၄း၂) နှင့် (ယော၊ ၂၀း၁) တို့အရလည်း တွေ့မြင်ရသည်။ ဂရိစာပေအရ ရွေ့လျားပုံသာမက မြှောက်၍ထားသည်ဟုဆိုသည်။ သင်္ချိုင်းတွင်း၌လည်း သခင့်အလောင်းမရှိတော့ပါ (ရှင်မဿဲ၊ ၂၈း၅-၈)၊ (မာကု၊ ၁၆း၂-၈)၊ (လုကာ၊၂၄း၁-၈)၊ (ယောဟန်၊ ၂၀း၁)။ အလောင်းတော်ကို ပတ်ရစ်သော အဝတ်စကို သာလျှင်တွေ့ရှိရတော့သည်။

သာမညသဘာဝမဟုတ်၍ ဉာဏ်မမီနိုင်သည့်ဖြစ်စဉ်များသာဖြစ်သည် (ယော၊ ၂၀း၂-၁၀)။ ယေရှု၏ရုပ်ခန္ဓာသည် အလိုအလျောက် ထိုအရပ်မှ ထွက်ခွာသွားခြင်းဖြစ်ပေ၏။

ထို့နောက်ကိုယ့်ကိုကိုယ်ထင်ရှားပြခဲ့သည်။ မာဂဒါလမာရိ(ယော၊ ၂၀း၁၄)၊ အခြားသော မိန်းမများ (မဿဲ၊ ၂၈း၉-၁၀)၊ ပေတရု (လုကာ၊ ၂၄း၂၄)၊ (၁ကော၊ ၁၅း၅)။ ဧမောက် ရွာအသွားခရီးလမ်းပေါ်မှ တပည့်တော်နှစ်ဦး (လုကာ၊ ၂၄း၁၃-၃၃)၊ ဂါလိလဲပင်လယ်တွင် တပည့်တော်'၇'ဦး(ယော၊ ၂၁း၁-၂၃)၊ ဂါလိလဲရှိတောင်ကုန်းတစ်ခုတွင် လူဦးရေ'၅၀၀'

(၁ကော၊ ၁၅း၆) ညီဝမ်းကွဲယာကုပ် (၁ကော၊ ၁၅း၇)၊ ကောင်းကင်သို့ မတက်မီ တပည့်တော် ၁၁ ဦး(မဿဲ၊ ၂၈း၁၆-၂၀)၊ (လုကာ၊ ၂၄း၃၃-၅၂)၊ (တမန်၊ ၁း၃-၁၂)၊ တက်ကြွပြီးနောက်ပိုင်း တမန်တော်ကြီးရှင်ပေါလု (တမန်၊ ၉း၃-၆) နှင့် (၁ကော၊ ၁၅း၈) ---- ဟူသောမှတ်တမ်းများရှိသည်။

ယေရှုခရစ်၏ ရှင်ပြန်ထမြောက်ခြင်းသည် ကမ္ဘာ့ဘာသာတရားများအနက် ခရစ်ယာန်တို့၏ သီးသန့်ခြားနားချက်ပင် ဖြစ်ပေသည်။ ခရစ်ဝင်ကျမ်းများ၏ အသက်သွေးကြောနှင့် အနှစ်သာရလည်းဖြစ်သည်(၁ကော၊ ၁၅း၁-၃)။

သခင်ယေရှုကိုယ်တော်တိုင်က ဤသို့ထမြောက်ခြင်းအကြောင်းကို ကြိုတင်ဖွင့်ဆိုခဲ့သည် (မဿဲ၊ ၁၆း၂၁၊ ၁၇း၉-၂၂-၂၃၊ ၂၀း၁၈-၁၉၊ ၂၆း၃၂) (မာကု၊ ၉း၁၀) (လုကာ၊ ၉း၂၂-၂၇)။ ဤသို့ သမိုင်းနောက်ခံနှင့်မှတ်တမ်း စုံလင်စွာမရှိခဲ့ပါမူ၊ သခင့်အမှုတော်သည် အဓိပ္ပါယ်မရှိနိုင်။ ကျွန်ုပ်တို့အဖို့လည်း အပြစ်တရား၏ ဖိစီးမှုမှ လွတ်မြောက်စရာအကြောင်းမရှိတော့ပါ(၁ကော၊ ၁၅း၁၆-၁၇)။ အဖဘုရားသခင်သည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအတွက် စီစဉ်ဆောင်ရွက်သူ ဖြစ်သည်ကို (ကောလောသဲဩဝါဒ၊ ၂း၁၂)၊ (၁၊ သက်သာလောနိတ်၊ ၁း၁၀)၊ (၁ပေတရု၊ ၁း၂၁)၊ (ဟေဗြဲ၊ ၁၃း၂၀)တို့တွင် တွေ့ရသလို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဤအမှုတော်ဖြစ်တည်ခဲ့ရကြောင်း (တမန်၊ ၂း၂၄)၊ (ရောမ၊ ၈း၁၁)၊ (ရှင်ပေတရုဩဝါဒစာပဌမစာစောင်၊ ၃း၁၈)တို့၌ ဖော်ပြသည်။

သခင်ရှင်ပြန်ထမြောက်ခြင်းသည် သူ၏နှုတ်ကပတ်တော်နှင့် အမှုတော် မှန်ကန် ကောင်းမြတ်ခြင်းရှိကြောင်း အထောက်အထားပင်ဖြစ်သည်။ ခရစ်ယာန်တို့အတွက်ကား အခြေခံယုံကြည်ချက်ပေပင်(ရောမ၊ ၆း၄)။

## ၅။ယေရှုခရစ်၏ ကောင်းကင်ဘုံသို့တက်ကြွခြင်း

ဤမြေလောကမှတဖန် ကောင်းကင်ဘုံသို့တက်ကြွပြီးနောက် ခရစ်တော်သည် ခမည်းတော် အဖဘုရားသခင်၏ လက်ယာတော်ဘက်၌ ကျိန်းဝပ်လျက်ရှိသည်။ စကြာဝဠာ အနန္တ အမြင့်ဆုံးနေရာပေပင် (ဆာလံ၊ ၁၁၀း၁)၊ (ဧဖက်၊ ၁း၂၀)၊ (ကောလောသဲ၊ ၃း၁)၊ (ဟေဗြဲ၊ ၁း၃၊ ၈း၁၊ ၁၀း၁၂)နှင့်(၁ပေတရု၊ ၃း၂၂)။

ကောင်းကင်ဘုံသို့ တက်ကြွတော်မူသောနေ့သည် 'ပင်တေကုတ္တေပွဲနေ့' '၁၀'ရက် အလို၌ ဖြစ်သည်။ သူ၏ကိုယ်စား သန့်ရှင်းသောဝိညာဉ်တော်ကို ပေးအပ်ခဲ့သည်(တမန်၊ ၂း၃၃)။ ဤသို့ပေးအပ်ခဲ့မည်ကိုလည်း ဂတိထားခဲ့သည်(ယော၊ ၁၄း၁၆-၁၇)။ ထို့အတူ ဝိညာဉ်တော်အားဖြင့် သူ၏အသင်းတော်ကိုတည်ဆောက်ခဲ့သည်(တမန်၊ ၁း၉-၁၁၊ တမန်၊ ၂း)၊ သူ၏ကောင်းကင်ဘုံသို့တက်ကြွခြင်းသည် ကောင်းကင်တမန်နှင့် ကောင်းကင် ဗိုလ်ခြေတို့အား အုပ်စိုးခြင်း၏ သက်သေဖြစ်သည် (ဟေဗြဲ၊ ၁း၃-၁၃)။

ယေရှုကောင်းကင်ဘုံသို့တက်ကြွရာတွင် သေပြီးသူအချို့တို့၏ဝိညာဉ်များကို သူနှင့် ယူဆောင်သွားသည်။ (လုကာ၊ ၁၆း၂၂ နှင့် ဧဖက်၊ ၄း၇-၁၀)။ လူများအတွက် ကောင်းကြီးကိုချပေးခဲ့သည်(ဧဖက်၊ ၄း၈)။ ဤသို့ကောင်းကြီးများကိုပေးရာတွင် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် အသင်းတော်များမှ တစ်ဆင့်ပေးခဲ့ခြင်းဖြစ်သည်(၁ကော၊ ၁၂း၁၁)။

### (၅) ယေရှုခရစ်၏ကြားကာလ

ယေရှုခရစ်သည် ဒုတိယအကြိမ်မြေပေါ်သို့ ပြန်ကြွလာတော်မမူမီ အဖခမည်းတော်၏ လက်ျာဘက်ပလ္လင်တော်ပေါ်၌ စိုးစံနေချိန်ကို ကြားကာလ (SESSION) ဟု သတ်မှတ်ပါသည်။ ဘုန်းစည်းစိမ်ဝင်စားချိန်ဟုလည်း ဆိုနိုင်ပါမည်။ ဤသို့ စည်းစိမ်ဝင်စားဘို့ရန် ဘုရားသခင်အလိုတော်ရှိသည်။ ထိုအချိန်လွန်၍ သူဒုတိယအကြိမ် ပြန်ကြွလာ လျက်အောင်ပွဲခံသည့် အခါတွင် "သူ၏ရန်သူတို့ကို သူ့ခြေတော်တင်ရာခုံ၌ ငါချထားမည်" ဟုဘုရားသခင် ဗျာဒိတ်ရှိထားသည် (ဆာလံ၊ ၁၀၀း၁)။

ဤ'ကြားကာလ'သည် ခရစ်တော်၏ ဘုန်းတော်ထင်ရှားနေသည့် ကောင်းကင်ဘုံ ကာလဖြစ်သည်။ ဘုန်းတော်သည် ဘုရားဖြစ်သော သူ၏ဘုန်းတော်ဟု ဆိုနိုင်သည်။ "အလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက်ကြီးမြတ်သော ဘွဲ့နာမကို ရရှိထားသည်။ ခပ်သိမ်းသောသတ္တဝါတို့သည် ယေရှု၏ဘွဲ့နာမတော်ကို ဒူးထောက်၍ဝန်ခံကြရမည်" ဟုဆိုသည် (ဖိလိပ္ပိ၊ ၂း၉)။ ယင်းဘုန်းတော်ဝင်စားမှုကို ပရောဖက် ဒံယေလက သူ၏ (ဒံယေလ၊ ၇း၁၃-၁၄)တွင် အနာဂတ္တိ ဗျာဒိတ် ပြုထားသည်။

ထိုအချိန်ကာလတွင် ခရစ်တော်သည် အောက်ပါအမှုတော်များကို လူ့လောကအတွက် လုပ်ဆောင်ပေးလျက်နေသည်။

## ၁။ ကြားနေစေ့စပ်သူ

သန့်ရှင်းသူများအတွက် ကယ်တင်ခြင်းကို အဖထံတွင်ချဉ်းကပ်တောင်းဆိုသည်၊ (ဟေဗြဲ၊ ၇း၂၅)။ ဤအမှုတော်ကို ဝိညာဉ်တော်နှင့်အတူ လုပ်ဆောင်ခြင်းဖြစ်ပေသည်။(ရောမ၊ ၈း၂၆၊၂၇၊၃၄)။

"ခပ်သိမ်းသောအရာတို့သည် ခေါ်တော်မူသောသူများအတွက် ကောင်းကျိုးချမ်းသာဖြစ်စေရန်" ခရစ်တော် ဆောင်ရွက်နေသည်။

## ၂။ အကျိုးတော်ဆောင်ကြီး

ဘုရားသခင်ချစ်သောလူသားများ၏ ပျက်စီးရာ၊ ပျက်စီးကြောင်းအတွက် 'စာတန်'၏ အရေးဆိုမှုများ၊ အပြစ်တင်မှုများကို ရှေ့နေတစ်ဦးကဲ့သို့ ကျွန်ုပ်တို့ဘက်မှ ကာကွယ်ပေးနေသည်။

## ၃။ အာမခံသူ

ကောင်းကင်ခရီးအတွက် ပေါင်းကူးတံတားဟုဆိုသင့်သည်။ အလယ်လူဟူ၍လည်း ခံယူနိုင်သည်။ သဘောထားမတိုက်ဆိုင် သော်လည်း ပြန်လည်၍ သဘောတူလိုသူများ စပ်ကြားမှာရှိရန်လိုအပ်သူပင်ဖြစ်သည်။

လူနှင့်ဘုရားကြားမှာ ဤအမှုအတွက် ခရစ်တော်တာဝန်ယူသည်(၁တိ၊ ၂း၅)။ သို့ဖြစ်၍ ပညတ်တော်ဥပဒေဖြင့်မစီရင်၊ ကျေးဇူးကရုဏာနှင့်သာ စီရင်ဘို့ရန် ပဋိညာဉ်သစ်ကို သူကိုယ်တော်တိုင်ချထားပေးသည်(ဟေဗြဲ၊ ၈း၆-၁၃)။ ဤပဋိညာဉ်အသစ်အတွက်လည်း သူကိုယ်တိုင်အသက်ပေးခဲ့ခြင်းဖြစ်ရာ မောရှေခေတ်ပညတ်တော်အနှောင်အဖွဲ့မှ လူသားတို့ကို လွတ်မြောက်စေသည်၊ ထိုပဋိညာဉ်သစ်သည် ကမ္ဘာကုန်ကျယ်သရွေ့ အာဏာတည်သည် (ဟေဗြဲ၊ ၉း၁၃-၁၅၊ ဟေဗြဲ၊ ၁၂း၂၂-၂၄)။

## ၄။ ထာဝရယဇ်ပုရောဟိတ်မင်းကြီး

ဘုရားသခင်တိုက်ရိုက်ခန့်အပ်သော ယဇ်ပုရောဟိတ်မင်းကြီးသည် လေဝိအမျိုး ယဇ်ပုရောဟိတ်များကဲ့သို့ လူ့ဇာတိမှရွေးချယ်ခြင်း မဟုတ်ပါ (ဟေဗြဲ၊ ၅း၄-၁၀၊ ၇း၅-၂၈)။ ခရစ်တော်ယဇ်ပုရောဟိတ်မင်းကြီးဖြစ်ကြောင်း အနှစ်သာရကို ဟေဗြဲဩဝါဒ၌ ထင်ရှားစွာဖေါ်ပြသည်။

ခရစ်တော်သည် လေဝိအမျိုးဟူသော အမည်မပေါ်မီ နှစ်၄၀၀ကတည်းက အာဗြဟံခေတ်၌ ပေါ်ထွန်းသောမေလခိ ဇေဒက်နှင့်တူသည် (ဟေဗြဲ၊ ၇း၁-၃)။ အပြစ်နှင့်ဒွန်တွဲနေသည့် လောကကမ္ဘာပေါ်မှာ ဤကဲ့သို့အဆင့်ရှိသူ ယဇ်ပုရောဟိတ်မင်းရှိ၍သာလျှင် ကရုဏာတရား၊ သစ္စာတရားနှင့်အညီ အဖဘုရားသခင်ထံမှ အပြစ်လွှတ်ခြင်းအခွင့်ကိုရနိုင်သည်(ဟေဗြဲ၊ ၂း၁၇၊ ၄း၁၄-၁၅)။ ထိုမင်းကြီး၏အမှုတော်သည်လည်း ကာလအစဉ်တည်ရှိသည်(ဟေဗြဲ၊ ၆း၂၀၊ ၇း၃-၂၄)။

ယဇ်ပုရောဟိတ်၏တာဝန်မှာ ယဇ်များကိုပူဇော်ခြင်းပင်ဖြစ်၏(ဟေဗြဲ၊ ၈း၁-၃)။ ယေရှုသည် ကိုယ်ကိုကိုယ်ပူဇော်ခဲ့ရာ (ဟေဗြဲ၊၉း၆-၁၄) တစ်ခါတည်းသော ပူဇော်ခြင်းဖြင့် ထာဝရရွေးနှုတ်ခြင်းကိုဖြစ်စေသည်(ဟေဗြဲ၊ ၁၀း၁၀-၁၂)။ သူ၏ကြားဝင်စေ့စပ်ခြင်း၊ အာမခံပြုခြင်း၊ အမှုတော်များသည်ယဇ်ပုရောဟိတ်မင်းတာဝန်ထက်ပင် ကျယ်ပြန့်သေးပေသည်။ (၁ပေတရု၊ ၂း၅-၉နှင့် ဗျာဒိတ် ၁း၆)တို့အရ ဘုရားသခင်၏ "အသင်းတော်" သည် ယဇ်ပုရောဟိတ်အရာ၌ ခန့်ထားတော်မူခြင်းခံရသည်ဟု ဖေါ်ပြနေလေရာ ဘုရား

သခင်၏အလိုတော်နှင့်အညီ ခရစ်တော်၏လမ်းကိုလျှောက် လိုက်ရင်း အသင်းတော် အသီးသီးသည် ကိုယ့်ကိုကိုယ်ပူဇော်နိုင်ကြရမည်ဖြစ်လေသည်

(၁ကော၊ ၁၁း၁)၊ (ရောမ၊ ၁၂း၁)။

## ၅။ အသင်းတော်၏ဦးခေါင်း

ခရစ်တော်သည် အသင်းတော်၏ဦးခေါင်း (သို့) ခေါင်းဆောင်ကြီးဖြစ်သည်(ဧဖက်၊ ၁း၂၂-၂၃)(ကောလောသဲ၊ ၁း၁၈)။ ခရစ်တော်ကို ယုံကြည်သူအပေါင်းမှာ ခရစ်တော်အတွက် သတို့သမီးကညာ သို့မဟုတ် ခရစ်တော်၏ကိုယ်ခန္ဓာအဖြစ် အသင်းတော်အမည် ခံယူကာ တည်ဆောက်စုရုံးရခြင်းဖြစ်သည်(၁ကော၊ ၁၂း၁၃)။

ယေရှုသည်အသင်းတော်၏ အဆွေခင်ပွန်းဖြစ်သည်(ဧဖက်၊ ၅း၂၃)၊ သို့ဖြစ်၍ မပြောင်းလဲသော ချစ်ခြင်းမေတ္တာဖြင့် အစဉ်တစိုက် စောင့်ရှောက်ကျေးဇူးပြုသည် (ဧဖက်၊၅း၂၅-၂၇)။ ခရစ်တော်နှင့်သတို့သမီးကညာအသင်းတော်သည်ခရစ်တော် ဒုတိယအကြိမ်မြေပေါ်သို့မဆင်းမီ မင်္ဂလာပွဲကျင်းပရမည်(ဗျာဒိတ်၊ ၁၉း၇-၁၀နှင့်၁၉း၁၁-၁၆)။ ယခုပစ္စုပ္ပန်ကာလတွင် မေတ္တာနှင့်သစ္စာတည်နေပြီးဖြစ်သည်။ သတို့သမီး ကညာဖြစ်သောအသင်းတော်သည် ခရစ်တော်အားစောင့်ဆိုင်းလျက် အသင့်ပြင်ဆင်လျက် ရှိနေလေသည် (ဧဖက်၊ ၄း၁၅ နှင့် ဧဖက် ၅း၂၆-၂၇)။

## ၆။ သိုးထိန်းကြီး

သိုးထိန်းဟူသည် အစွဲသညာမှာ "သင်းအုပ်ဆရာတော်"ဟူသော ဝေါဟာရ၏ အစပင် ဖြစ်ပါသည်။ ခရစ်တော်သည်"ကောင်းသောသိုးထိန်း"ဖြစ်တော်မူသည်။ သူ၏သိုးများ အတွက်အသက်ကိုပင်စွန့်တော်မူသည်ဟူ၍ (ယော၊ ၁၀း၁၁)တွင် ဖော်ပြပါရှိသည်ကို အကိုးအကားပြု၍ ငြိမ်သက်ခြင်း၏အရှင်ဘုရားသခင်ကို "သိုးထိန်းကြီး" ဟု တင်စား ခဲ့ပါသည် (ဟေဗြဲ၊ ၁၃း၂၀)။

အဘဘုရားသခင်၏လက်ျာတော်ဘက်တွင်စိုးစံတော်မူသောသခင်သည် သူ၏သိုးများကို ကါကွယ်၍လမ်းပြတော်မူသော ၏“သိုးထိန်းကြီး”ဟု ကျွန်ုပ်တို့ကို ကျမ်းစာက ဖေါ်ပြပါသည်(၁ပေတရု၊ ၅း၄)။

## (၆) ယေရှုနာမဖေါ်ပြစုံလင်

- ♦ အကျိုးတော်ဆောင်ကြီး ---- ကျွန်ုပ်တို့အားကာကွယ်သည် (၁ယော၊ ၂း၁)။
- ♦ အာလဖနှင့်ဩမေဃ --- ဂရိစာပေအရ ‘အစ’ နှင့်‘အဆုံး’

  (ဗျာဒိတ်၊ ၁း၈၊ ၂၁း၆ နှင့် ၂၂း၁၃)။
- ♦ “အာမင်”(သို့)အဆုံးစွန်စကား (၂ကော၊ ၁း၂၀)(ဗျာဒိတ်၊ ၃း၁၄)။
- ♦ ဘိသိက်ခံရသောသူ (သို့မဟုတ်) မေရှိယကယ်တင်ရှင် (၁ရာ၊ ၂း၃၅၊ ၄ရာ၊ ၆း၄၂၊ ဆာလံ၂း၂၊ ၂၈း၈၊ ၈၄း၉၊ ၈၉း၃၈၊၅၁၊ ၁၃၂း၁၀၊၁၇၊ ဒံယေလ ၆း၂၅-၂၆၊ တမန်တော် ၄း၂၆)။
- ♦ လုပ်ပိုင်ခွင့်အာဏာကိုအပ်နှင်းထားသဖြင့် ‘တမန်တော်’ဟုခေါ်ဆိုခြင်း

  (ဟေဗြဲ၊ ၃း၁)။
- ♦ တရားကိုစီရင်၍ စုံလင်စေသောသူ (ဟေဗြဲ၊ ၁၂း၂)။
- ♦ ကယ်တင်ခြင်းဗိသုကာ (ဟေဗြဲ၊ ၁၂း၂)။
- ♦ အစလည်းဖြစ်၏၊ အဆုံးလည်းဖြစ်၏ (တစ်နည်း) အသက်၏အချုပ်အခြာဖြစ်ခြင်း

  (ဗျာဒိတ်၊ ၂၁း၆ နှင့် ၂၂း၁၃)။
- ♦ ဖန်ဆင်းခြင်း၏အစ (သို့) ဖန်ဆင်းခြင်း၏အရှင် (ဗျာဒိတ်၊ ၃း၁၄)။
- ♦ ကောင်းကြီးနှင့်အချုပ်အခြာအာဏာပိုင်(၁တိ၊ ၆း၁၅)။

- ♦ ဘုရားသခင်၏အညွန့် (ဟေရှာ၊ ၄း၂)။
- ♦ ဘုရားသခင်၏မုန့် (ယော၊ ၆း၃၃၊၅၁)။
- ♦ အသက်မုန့် (သို့) လောကဘုံအတွက်ဖြစ်ခြင်း (ယော၊ ၆း၃၅၊၄၈)။
- ♦ မင်္ဂလာဆောင်သတို့သား (သို့) ယုံကြည်သူတို့ကို အသက်ပေး၍ရွေးသောသူ၊ ချစ်သောသူ။(ဟေရှာယ၊ ၆၂း၅)၊ (မဿဲ၊ ၉း၁၅၊ ၂၅း၁၊ ၅၊၆၊၁၀)(မာကု ၂း၁၉-၂၀)(လုကါ၊ ၅း၃၄-၃၅)၊ (ယော၊ ၂း၉၊ ၃း၂၉)၊ (ဗျာဒိတ်၊ ၁၈း၂၃)။
- ♦ ထွန်းတောက်သောမိုးသောက်ကြယ် (သို့) လောက၏အလင်း (ဗျာဒိတ်၊ ၂၂း၁၆)။
- ♦ သိုးထိန်းကြီး (သို့) သိုးစုတို့၏တာဝန်ခံ (၁ပေ၊ ၅း၄)။
- ♦ တိုက်မြစ်နှင့်တိုက်ထောင့်အမြစ်ကျောက်မြတ် (ဧဖက်၊ ၂း၂၀)၊(၁ပေ၊ ၂း၄၊၆)။
- ♦ ငါ၏သခင်ယေရှု (ဖိလိပ္ပိ၊ ၃း၈)။
- ♦ ငါတို့မျှော်လင့်ခြင်းဖြစ်သောယေရှုခရစ် (၁တိ၊ ၁း၁)။
- ♦ ဘုရားသခင်၏ခရစ်တော် (သို့) ကယ်တင်ရှင်အဖြစ်စေလွှတ်ခံရသူ (လုကာ၊ ၉း၂၀ နှင့် လုကာ၊ ၂၃း၃၅)။
- ♦ ဗိုလ်ခြေသခင် (ဒံယေလ၊ ၈း၁၁)။
- ♦ ဣသရေလအဘို့ သက်သာစေသောသူ (လုကာ၊ ၂း၂၅)။
- ♦ လူအများအတွက်ပဋိညာဉ် (ဟေရှာယ၊ ၄၂း၆)။
- ♦ တံခါးဝ (သို့) ဘုရားသခင်ထံဝင်စေသူ (ယော၊ ၁၀း၇၊၉)။
- ♦ ထာဝရအဖ (ဟေရှာယ၊ ၉း၆)။
- ♦ ထာဝရအသက် (၁ယော၊ ၁း၂)။

♦ အမြဲတည်သောကျောက် (သို့) ကျွန်ုပ်တို့အတွက်ခိုင်ခန့်ခြင်း (ဟေရှာ၊ ၂၆း၄)။

♦ ဘုရားဘုန်းတော်နှင့်ဇာတိပုံသဏ္ဍာန် (ဟေဗြဲ၊ ၁း၃)။

♦ သစ္စာနှင့်သမ္မာ (ဗျာဒိတ်၊ ၁၉း၁၁)။

♦ သစ္စာနှင့်၊ သမ္မာတရားနှင့်ပြည့်စုံသောသက်သေ (ဗျာဒိတ်၊ ၃း၁၄)။

♦ သစ္စာသက်သေ (ဗျာဒိတ်၊ ၁း၅)။

♦ အစလည်းဖြစ်၏၊ အဆုံးလည်းဖြစ်၏ (သို့မဟုတ်) ဖန်ဆင်းခြင်းအစသူ့ထံမှ

(ဗျာဒိတ်၊ ၁း၁၇၊ ၂း၈၊ ၂၂း၁၃)။

♦ သေခြင်းတရားမှ ပထမဆုံးမွေးဖွားသူ (သို့မဟုတ်) သေခြင်းကို ဦးစွာအောင်မြင်သူ

(ကောလောသဲ၊ ၁း၁၈။ ဗျာဒိတ်၊ ၁း၅)။

♦ ဖန်ဆင်းတော်မူခြင်းမှသားဦး (သို့မဟုတ်) ဖန်ဆင်းရှင် (ကောလောသဲ၊ ၁း၁၅)။

♦ အိပ်ပျော်သူတို့တွင်အဦးသီးသောအသီး (သို့မဟုတ်) စဦးဆုံး ရှင်ပြန်ထမြောက်သူ

(၁ကော၊ ၁၅း၂၀)။

♦ မွှေးကြိုင်သောအနံ့ (ဧဖက်၊ ၅း၂)။

♦ အခွန်အခံနှင့်အပြစ်ရှိသူတို့၏မိတ်ဆွေ (သို့) အပယ်ခံတို့အားကိုးရာ

(မဿဲ၊ ၁၁း၁၉ နှင့် လုကာ၊ ၇း၃၄)။

♦ ဣသရေလအမျိုး၏ဂုဏ်အလင်းဖြစ်စေသူ (သို့) ချီးမွမ်းခြင်းခံထိုက်သူ

(လုကာ၊ ၂း၃၂)။

♦ မြေတစ်ပြင်လုံး၏ဘုရား (ဟေရှာ၊ ၅၄း၅)။

♦ အလုံးစုံတို့၏ဘုရား (ရောမ၊ ၉း၅)။

♦ ဦးဆောင်မှုပေးသူ၊ ကါကွယ်ပိုင်သသူ (သို့) ကောင်းသောသိုးထိန်း

(ယောဟန်၊ ၁၀း၁၁)။

♦ ယဇ်ပုရောဟိတ်မင်းအကြီး (ဟေဗြဲ၊ ၄း၁၄)။

♦ ကြီးစွာသောအလင်း (ဟေရှာ၊ ၉း၂ နှင့် မဿဲ၊ ၄း၁၆)။

♦ သိုးထိန်းကြီး (ဟေဗြဲ၊ ၁၃း၂၀)။

♦ သာလွန်ကောင်းမြတ်သောပဋိညာဉ်အတွက်အာမခံသူ (ဟေဗြဲ၊ ၇း၂၂)။

♦ ဝိညာဉ်တို့ကို ကြည့်ရှုအုပ်စိုးသောအရှင် (၁ပေ၊ ၂း၂၅)။

♦ ဦးခေါင်းဖြစ်တော်မူ၍ ဉာဏ်တော်နှင့်ဦးဆောင်သည်

(၁ကော၊ ၁၁း၃၊ ဖေက်၊ ၄း၁၅၊ ကောလောသဲ၊ ၂း၁၉)။

♦ တစ်ပါးအမျိုးသားတို့ကို အုပ်စိုးခြင်းငှာဖေါ်ထွန်းသူ (ရောမ၊ ၁၅း၁၂)။

♦ သန့်ရှင်းစေတတ်သောသူ (ဟေဗြဲ၊ ၂း၁၁)။

♦ နှလုံးနှင့်စိတ်ကိုထိုးထွင်းသိမြင်သူ (ဗျာဒိတ်၊ ၂း၂၃)။

♦ ကိုယ်ခန္ဓာ၏ဦးခေါင်းတော် (သို့) အသင်းတော်ကိုဦးဆောင်သူ(ကောလော၊ ၁း၁၈)။

♦ အသင်းတော်၏ ဦးခေါင်း (သို့) ယုံကြည်သူများတို့၏အချုပ်အခြာ (ဖေက်၊ ၅း၂၃)။

♦ အထွဋ်အမြတ်၊ အာဏာစက်တို့ကို အုပ်စိုးသူ (ကောလောသဲ၊ ၂း၁၀)။

♦ အလုံးစုံတို့၏ အမွေခံသခင် (ဟေဗြဲ၊ ၁း၂)။

♦ ယဇ်ပုရောဟိတ်အကြီး (ဟေဗြဲ၊ ၂း၁၇၊ ၃း၁၊ ၄း၁၄၊၁၅၊ ၅း၅၊၁၀၊ ၆း၂၀၊ ၇း၂၆၊ ၈း၁၊ ၉း၁၁၊ ၁၃း၁၁-၁၂)။

♦ ကျွန်ုပ်တို့ကိုချစ်၍ အပြစ်နှင့်လွတ်စေသူ (ဗျာဒိတ်၊ ၁း၅)။

♦ ဘုရားသခင်၏တစ်ပါးတည်းသော သားတော်

(ယောဟန်၊ ၃း၁၆၊ ဟေဗြဲ၊ ၁၁း၁၇၊ ၁ယော၊ ၄း၉)။

♦ သန်ရှင်း၍ဖြောင့်မတ်သူ (တမန်တော်၊ ၃း၁၄)။

♦ ဘုရားသခင်၏သန့်ရှင်းတော်မူသောသူ (သို့) လောကဥ္စပြည့်ဝစုံလင်စွာနေခဲ့သူ

(မာကု၊ ၁း၂၄၊ လုကါ၊ ၄း၃၄၊ ယောဟန်၊ ၆း၆၉)။

♦ သန့်ရှင်းသောသားတော် (တမန်၊ ၄း၂၇၊၃၀)။

♦ ဣသရေလအတွက်မျှော်လင့်ချက် (ယေရမိ၊ ၁၄း၈၊ ၁၇း၁၃ နှင့် တ၊ ၂၈း၂၀)။

♦ ကယ်တင်ခြင်းတရား၏ဦးချို (သို့) ကယ်တင်နိုင်စွမ်းသူ (လုကာ၊ ၁း၆၉)။

♦ မျက်စိဖြင့်မမြင်ရသော ဘုရားသခင်၏ ပုံသဏ္ဍာန်တော် (ကောလော၊ ၁း၁၅)။

♦ ဧမာနွေလ (သို့) ငါတို့နှင့်အတူရှိသောဘုရား

(ဟေရှာယ၊ ၇း၁၄၊ ၈း၈ နှင့် မဿဲ၊ ၁း၂၃)။

♦ ဖော်ပြဘို့ရန်ခက်ခဲသော လက်ဆောင် (၂ကော၊ ၉း၁၅)။

♦ နာဇရက်မြို့သား (မဿဲ၊ ၂၆း၇၁။ မာကု၊ ၁း၂၄၊ ၁၀း၄၇။ လုကာ၊ ၄း၃၄၊ ၁၈း၃၇၊ ၂၄း၁၉။ ယော၊ ၁း၄၅၊ ၁၈း၅၊၇။ တမန်၊ ၂း၂၂၊ ၆း၁၄၊ ၁၀း၃၈၊ ၂၂း၈၊ ၂၆း၉)။

♦ ဘုရင်တကာတို့၏ဘုရင် (ဗျာဒိတ်၊ ၁၉း၁၆)။

♦ လူမျိုးတကာတို့၏ဘုရင် (ဗျာဒိတ်၊ ၁၅း၃)။

♦ ဘုရားသခင်၏သိုးသူငယ် (ယော၊ ၁း၂၉၊၃၆)။

♦ နောက်ဆုံးသောအာဒံ (၁ကော၊ ၁၅း၄၅)။

♦ အသက်ဖြစ်ခြင်း (သို့မဟုတ်) ခရစ်တော်အားဖြင့် ရုပ်ဒြပ်မကကြီးမြတ်သော အသက်ရှင်နိုင်ခြင်း (ယောဟန်၊ ၁း၄၊ ၁၁း၂၅၊ ၁၄း၆)။

♦ အသက်ကိုပေးနိုင်သောဝိညာဉ်တော် (၁ကော၊ ၁၅း၄၅)။

♦ တစ်ပါးအမျိုးသားတို့အတွက် ဗျာဒိတ်အလင်း (လုကာ၊ ၂း၃၂)။

♦ အသက်၏အလင်း (သို့) နားလည်ရန်ခက်ခဲသော လူ့ဘဝကို လမ်းပြသူ (ယော၊ ၃၃း၃၀၊ ဆာ၊ ၄၉း၁၉၊ ၅၆း၁၃ နှင့် ယော၊ ၈း၁၂)။

♦ "လူသားတို့၏အလင်း" (ယော၊ ၁း၄)။

♦ လောက၏အလင်း (သို့) ဝိညာဉ်အလင်းရောင် ကင်းမဲ့နေသော ကမ္ဘာအား လမ်းပြသူ (ယောဟန်၊ ၈း၁၂၊ ၉း၅)။

♦ အသက်ရှင်သောသူ (ဗျာဒိတ်၊ ၁း၁၇-၁၈)။

♦ အသက်ရှင်သောကျောက် (၁ပေ၊ ၂း၄)။

♦ အစိုးပိုင်သောအရှင် (တမန်၊ ၄း၂၄။ ဗျာဒိတ်၊ ၆း၁၀)။

♦ သခင်နှင့်ကယ်တင်ရှင်ဖြစ်တော်မူသောယေရှုခရစ် (၂ပေ၊ ၁း၁၁၊၂၀၊ ၃း၁၈)။

♦ ဘုန်းကြီးတော်မူသောသခင် (၁ကော၊ ၂း၈)။

♦ သခင်တို့၏ သခင် (ဗျာဒိတ် ၁၉း၁၆)။

♦ ငြိမ်းချမ်းခြင်း၏ အရှင်သခင် (သို့မဟုတ်) ဘုရားသခင်နှင့်လူတို့ကြား ငြိမ်းချမ်းရေး တည်ဆောက်သူ (၂သက်၊ ၃း၁၆)။

♦ စပါးရှင် (မဿဲ၊ ၉း၃၈ နှင့် လုကာ၊ ၁၀း၂)။

♦ ဥပုသ်နေ့ကို အစိုးရသူ (မဿဲ၊ ၁၂း၈၊ လုကာ၊ ၆း၅)။

♦ တရားသဖြင့် ဖြောင့်မတ်စွာစီရင်သောသူ (ယေရမိ၊ ၂၃း၆၊ ၃၃း၁၆)။

♦ ဘုရားသခင်ပေးတော်မူသော သက်သေကို ရသောသူ (တမန်၊ ၂း၂၂)။

♦ ကောင်းကင်ဘုံမှဖြစ်သောသခင် (၁ကော၊ ၁၅း၄၇)။

♦ နာကျင်ခြင်းဝေဒနာနှင့် ကျွမ်းဝင်သူ (ဟေရှာယ၊ ၅၃း၃)။

♦ 'သခင်' သို့မဟုတ် အဆင့်အတန်း၊ တန်ခိုးအာဏာ နှင့် အရည်အချင်းအရ သာလွန်သူ (လုကာ ၅း၅၊ ၈း၂၄၊၄၅၊ ၉း၃၃၊ ၁၇း၁၃၊ ဧဖက် ၆း၉၊ ကောလောသဲ ၄း၁ နှင့် ၂တိမောသေ ၂း၂၁)။

♦ ပဋိညာဉ်တရားသစ်ကို ဆောင်ကြဉ်းလာသူ (ဟေဗြဲ ၉း၁၅၊ ၁၂း၂၄)။

♦ ကြင်နာခြင်းနှင့် သစ္စာတရားရှိသူ ယဇ်ပုရောဟိတ်မင်း (ဟေဗြဲ၊ ၂း၁၇)။

♦ တရားသစ်နှင့်ဆိုင်သော တမန်တော် (မာလခိ၊ ၃း၁)။

♦ မေရှိယ (သို့) လူတို့အပြစ်များအား ကယ်တင်ရန် စေလွှတ်ခြင်းခံရသူ (ယော၊ ၁း၄၁၊ ၄း၂၅)။

♦ တန်ခိုးကြီးသောဘုရား (ဟေရှာယ၊ ၉း၆)။

♦ ထွန်းတောက်သော မိုးသောက်ကြယ် (၂ပေ၊ ၁း၁၉ နှင့် ဗျာဒိတ်၊ ၂၂း၁၆)။

♦ နာဇရက်လူဟု ပြောင်လှောင်ခေါ်ခြင်းခံရသူ (မဿဲ၊ ၂း၂၃)။

♦ ဒါဝိဒ်၏ အမြစ်၊ ဒါဝိဒ်၏ အနွယ် (ဗျာဒိတ်၊ ၂၂:၁၆)။

♦ ခမည်းတော်နှင့် တစ်လုံးတစ်ဝတည်းရှိသူ (ယော၊ ၁၀း၃၀)။

♦ ခမည်းတော်၌ တပါးတည်းသော သားတော် (ယော၊ ၁း၁၄-၁၈)။

♦ ကယ်တင်သောအရှင်၊ တစ်ဆူတည်းသော ဘုရားသခင် (ရှင်ယုဒ၊ ၁း၂၅)။

♦ ဘုန်းကြီးတော်မူသော ငါတို့သခင် (ရှင်ယာကုပ်၊ ၂း၁)။

♦ ကယ်တင်တော်မူသော၊ ငါတို့  ဘုရားသခင် (၂ပေ၊ ၁း၁)။

♦ ငါတို့အသက် (ကောလော၊ ၃း၄)။

♦ ငါတို့အရှင် (သို့) အသင်းတော်၏ အကြွင်းမဲ့ ကယ်တင်ရှင်အဖြစ် ခံယူမှု (ရောမ၊ ၁း၄၊ ၅း၂၁၊ ၇း၂၅၊ ၁ကော၊ ၁း၉ နှင့် ရှင်ယုဒ၊ ၁း၂၅)။

♦ တစ်ပါးတည်းအစိုးရတော်မူသော အရှင်သခင် (သို့) အသင်းတော်၏ ဘုရားအဖြစ် လက်ခံယုံကြည်မှု (ရှင်ယုဒ၊ ၁း၄)။

♦ ပဿခါသိုးသငယ် (သို့) ကယ်တင်ခြင်းပေးရန် အသက်စွန့်မှု (၁ကော၊ ၅း၇)။

♦ ငါတို့၏ ငြိမ်သက်ခြင်း (ဧဖက်၊ ၂း၁၄)။

♦ ငါတို့၏ ကယ်တင်ရှင် (တိတု၊ ၃း၆)။

♦ သမားတော်ကြီး (လုကာ၊ ၄း၂၃)။

♦ အစိုးရသောအရှင်၊ ကယ်တင်သောသခင် (တမန်တော်၊ ၅း၃၁)။

♦ အသက်တာ၏ အရှင် (တမန်တော်၊ ၃း၁၅)။

♦ ငြိမ်သက်ခြင်းကို အစိုးရသူ (ဟေရှာယ၊ ၉း၆)။

♦ အရှင်တကာတို့၏အရှင် (ဒံယေလ၊ ၈း၂၅)။

- ပရောဖက် (သို့) ဗျာဒိတ်တော်များကို ပြည့်စုံစေသူ

(တရား၊ ၁၈း၁၈ နှင့် တမန်၊ ၃း၂၂)။

- ကျွန်ုပ်တို့ အပြစ်များအတွက် အမှုဆောင်လျက် ဆုတောင်းပေးသူ (၁ယော၊ ၂း၂)။
- ရွှေငွေ အကြေးများချွတ်သကဲ့သို့ အပြစ်အညစ်အကြေးများကို ချွတ်သူ

(မာလခိ၊ ၃း၃)။

- ဘုရားသခင်၏ ဘုန်းတော်ရောင်ခြည် (ဟေဗြဲ၊ ၁း၃)။
- လူအပေါင်းတို့ကို ရွေးနှုတ်သည့်အာမခံ (၁တိ၊ ၂း၆)။
- ထမြောက်ခြင်းနှင့် အသက်ရှင်ခြင်း (ယောဟန်၊ ၁၁း၂၅)။
- ဖြောင့်မတ်စွာစီရင်သူ (ဟေရှာ၊ ၂၄း၁၆၊ တမန်၊ ၃း၁၄၊ ၇း၅၂၊ ၂၂း၁၄ နှင့် ၁ယော၊ ၂း၁)။
- ဒါဝိဒ်၏ အမြစ် (သို့) ဒါဝိဒ်ကို ရွေးကောက်သောဘုရားဖြစ်ခြင်း (ဗျာဒိတ်၊ ၂၂း၁၆)။
- လောကီမင်းများကိုအစိုးရသူ (ဗျာဒိတ်၊ ၁း၅)။
- လောက၏ကယ်တင်ရှင် (ယော၊ ၄း၄၂ နှင့် ၁ယော၊ ၄း၁၄)။
- သိုးထိန်းရှင် (ကမ္ဘာဦး၊ ၄၉း၂၄၊ ဆာလံ၊ ၈၀း၁၊ ဒေသနာ၊ ၁၂း၁၁)။
- ဝိညာဉ်များကို စောင့်ရှောက်သူ (၁ပေ၊ ၂း၂၅)။
- လူသားတို့၏ အချက်ပြ အလံတော် (သို့) ခိုလှုံကိုးကွယ်ရာ (ဟေရှာယ၊ ၁၁း၁၀)။
- ဘုရားသခင်၏ သားတော် (ယော၊ ၁၀း၃၆၊ ၁၁း၄)။
- အသက်ရှင်တော်မူသော ဘုရားသခင်၏ သားတော် (မဿဲ၊ ၁၆း၁၆)။

- ♦ အမြင့်ဆုံးသော ဘုရား၏ သားတော် (မာကု၊ ၅း၇ နှင့် လုကာ၊ ၈း၂၈)။
- ♦ ထာဝရကယ်တင်ခြင်းကျေးဇူးကိုပြုသောသူ (ဟေဗြဲ၊ ၅း၉)။
- ♦ သင့်အသက်တာ၌ မြဲမြံခြင်း (သို့) ဘဝကို ရင်ဆိုင်ဝံ့သူ (ဟေရှာယ၊ ၃၃း၆)။
- ♦ မှီခိုရာကျောက်မြတ် (ဟေရှာယ၊ ၂၈း၁၆)။
- ♦ လူတို့ပယ်ထားသော ကျောက်မြတ် (သို့) ဣသရေလတို့ ငြင်းပယ်ခဲ့သောသူ (ဆာလံ၊ ၁၁၈း၂၂၊ မဿဲ၊ ၂၁း၄၂၊ မာကု၊ ၁၂း၁၀၊ လုကာ၊ ၂၀း၁၇၊ ၁ပေ၊ ၂း၇)။
- ♦ ရဗ္ဗိ (သို့) ဆရာ (ယော၊ ၂၀း၁၆)။
- ♦ စုံစမ်းခြင်းကိုခံရာကျောက် (ဟေရှာယ၊ ၂၈း၁၆)။
- ♦ အချိန်တန်သည့်အခါ၌ ပေါ်ထွန်းသောသက်သေ (၁တိ၊ ၂း၆)။
- ♦ မှန်သောကောင်းကင်မုန့် (ယော၊ ၁း၄-၉ နှင့် ၁ယော၊ ၂း၈)။
- ♦ မှန်သောစပျစ်နွယ် (သို့) ဝိညာဉ်အသီးများသီးစေသူ (ယောဟန်၊ ၁၅း၁)။
- ♦ သမ္မာတရား (ယော၊ ၅း၃၃၊ ၈း၃၁း၃၂၊ ၁၄း၆)။
- ♦ လမ်းခရီး (သို့) ကယ်တင်ခြင်း၏အစ၊ အသက်တာ၏လမ်းပြ (မဿဲ၊ ၇း၁၄၊ ယော၊ ၁၄း၅-၆)။
- ♦ ကြွယ်ဝပြည့်စုံသော ကယ်တင်ခြင်း (ဟေရှာယ၊ ၃၃း၆)။
- ♦ ဉာဏ်နှင့်ပညာ (သို့) ထာဝရဘုရားကို ကြောက်ရွံ့ခြင်းသဘော (ဟေရှာယ၊ ၃၃း၆)။
- ♦ ပညာမှစ၍ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနှုတ်ခြင်းများကို ပေးနိုင်သူ (ဟေရှာယ၊ ၃၃း၆)။

- ဘုရားသခင်၏ ပညာကို လူသား၌ တည်စေသူ (၁ကော၊ ၁း၃၀)။
- လူသားတို့အတွက်သက်သေ (ဟေရှာယ၊ ၅၅း၄)။
- အံ့ဩဘွယ်တိုင်ပင်ဖက် (သို့) အသက်တာ၌ လမ်းပြသူ (ဟေရှာယ၊ ၉း၆)။
- မျှော်လင့်ရာနှုတ်ကပတ်တော် (ဆာလံ၊ ၁၁၉း၈၁၊ ယောဟန်၊ ၁း၁-၁၄၊ ၁ယော၊ ၁း၁ နှင့် ဗျာဒိတ်၊ ၁၉း၁၃)။
- ဘုရားသခင်၏ နှုတ်ကပတ်တော် (သို့) ဘုရားသခင်၏ အခြေခံအဖြစ်တည်ရှိမှု (၂ပေ၊ ၃း၅၊ ယောဟန်၊ ၁း၁-၅ နှင့် ဗျာဒိတ်၊ ၁၉း၁၃)။
- အသက်ရှင်ခြင်းနှင့်ဆိုင်သော နှုတ်ကပတ်တော် (ဖိလိပ္ပိ၊ ၂း၁၆၊ ၁ယော၊ ၁း၁)။
- သင်၏ လင် (သို့) လောကသားတို့၏ အဆွေခင်ပွန်း (ဟေရှာယ၊ ၅၄း၅)။
- သင့်ကို ဖန်ဆင်းသောသူ (၅၄း၅)။
- သင့်ကို ရွေးနှုတ်သောသူ (၅၄း၅)။
- သင်၏ ကယ်တင်ခြင်းအလင်းတရား (လုကာ၊ ၂း၂၉-၃၀)။

# အပိုင်း (၅)

# သန့်ရှင်းသော ဝိညာဉ်တော် ဘုရား

## က။ **သူ၏ပုဂ္ဂိုလ်ဖြစ်တော်မူခြင်း**[၁၀၀]

သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားဖြစ်တော်မူကြောင်း သက်သေပြဆိုပြီးဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ပုဂ္ဂိုလ်တစ်ပါး ဖြစ်တော်မူ၏။ ဘုရားသခင်၏တန်ခိုး သို့မဟုတ် ဘုရားသခင်၏ လှုပ်ရှားမှုတို့ကို ပြဆိုရာ အသုံးပြုသော ဘွဲ့နာမတစ်ခု သက်သက်မျှ မဟုတ်ပါ။ ဤအချက်သက်သေပြဆိုရန်မှာ ပုဂ္ဂိုလ်တစ်ပါး၌ ပိုင်ဆောင်သော အမှုအကျင့်လက္ခဏာဖြစ်သည့် အသိဉာဏ် စိတ်အာရုံခံစားမှုနှင့် လိုအင်ဆန္ဒသုံးပါးစလုံး သူ၌ရှိပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ ပုဂ္ဂိုလ်ဖြစ်ခြင်း၊ လုပ်ဆောင်ချက်တို့နှင့်ပတ်သက်၍ အသင်းတော်သမိုင်းတစ်လျှောက်တွင် သဘောထားခြင်း မတူညီမှုများ မကြာခဏဆိုသလို ပေါ်ပေါက်လာပါသည်။ “အသင့်အတင့်ပေါင်းဖော်ခြင်း အဖွဲ့အစည်းအားဖြင့် သင်တို့သည် အချင်းချင်း စိတ်သဘော မခြားမနားတစ်လုံးတစ်ဝတည်း ဖြစ်အံ့သောငှာ ကြိုးစားအားထုတ်ကြလော့” ဟူ၍ (ဧဖက်၊ ၄း၃)၌ ဖော်ပြထားချက်ကို ကျွန်ုပ်တို့ သဘောချာဂရုတစိုက် အာရုံပြုကြရပါမည်။ စစ်မှန်သော နားလည် သဘောပေါက်ခြင်းနှင့် သန့်ရှင်းသော ဝိညာဉ်တော်ပေါ်၌ မှီခိုခြင်းသည် ကျွန်ုပ်တို့အား ချစ်ခြင်းမေတ္တာထဲသို့ ပို့ဆောင် ပါလိမ့်မည် (ဂလာတိ၊ ၅း၂၂)။ ထိုချစ်ခြင်းမေတ္တာမှာ ဘုရားသခင်ကို ကျွန်ုပ်တို့ချစ်သော မေတ္တာသာမက တစ်ဦးနှင့်တစ်ဦးအပေါ်၌လည်း ချစ်ခြင်းမေတ္တာရှိကြရပါမည် (၁ ယော၊ ၄း၂၀)။

သန့်ရှင်းသောဝိညာဉ်တော်၏ "ဗိမာန်တော်"မှာ ခရစ်တော်၏ ကိုယ်အင်္ဂါဖြစ်ပါသည်။ တမန်တော်ကြီး ရှင်ပေါလုက "သင်တို့ (အများကိန်းဖြစ်၍ အဓိပ္ပာယ်မှာ "သင်တို့အားလုံး"ဟူ၍ဖြစ်၏) ကိုယ်ခန္ဓာသည် (တစ်ခုကိန်း)ဘုရားသခင် ပေးသနားတော်မူသော သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန် (တစ်ခုကိန်း၊ အဓိပ္ပာယ်မှာ ကိုယ်ခန္ဓာတစ်ခုသည် ဗိမာန် တော်တစ်ခုဖြစ်၏) ဖြစ်ကြောင်းကိုဎင်း၊ မိမိတို့ကို မိမိတို့မပိုင်ကြောင်းကိုဎင်း၊ မသိကြသလော" (၁ ကော၊ ၆း၁၉)ဟူ၍ ပြောဆိုခဲ့ပါသည်။ သည့်မတိုင်မီ (၁ကော၊ ၃း၁၆) ၌လည်း ရှင်ပေါလုသည် ထိုနည်းတူသော မေးခွန်းမျိုး မေးခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်၏ ကိုယ်ခန္ဓာဖြစ်သော ယုံကြည်သူ တစ်ဦးချင်းစီတို့နှင့် ဆက်နွယ်မှုရှိပါသည်။ ကျွန်ုပ်တို့အား ဗိမာန်တော်ကို မသန့်ရှင်းမှုများဖြင့် မညစ်ညမ်းစေရန် သတိပေး တားမြစ်ထားပါသည် (၁ ကော၊ ၃း၁၇)။ ဤနေရာ၌ တစ်ပါးတည်းသော သတို့သား ယေရှုခရစ်တော်သာလျှင် ရှိပါသည်။ ဤအချက်ကို ကျွန်ုပ်တို့လေ့လာမှု၌ လမ်းပြအဖြစ် အသုံးပြုကြပါစို့။

## ၁။ အသိဉာဏ်

သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏အရာများတို့ကို သိမြင်နိုင်၊ ရှာဖွေနိုင်သော အရည်အချင်း ရှိပါသည် (၁ကော၊ ၂း၁၀-၁၁)။ ဤအရာအားဖြင့် သူ၌ စိတ်အာရုံရှိပါသည် (ရောမ၊ ၈း၂၇)။ လူတို့အား သွန်သင်နိုင်သော အရည်အချင်း ရှိပါသည် (၁ ကော၊ ၂း၁၃)။

## ၂။ စိတ်ခံစားမှု

သန့်ရှင်းသော ဝိညာဉ်တော်သည် စိတ်နာ (ဝမ်းနည်း) နိုင်သည်ဖြစ်ကြောင်း ဘုရားသခင်၏ နှုတ်ကပတ်တော်၌ အထူးထင်ရှားစွာ ဆိုထားပါသည် (ဟေရှာယ၊ ၆၃း၁၀။ ဧဖက်၊ ၄း၃၀)။ ထိုသို့ဆိုသော် သူသည် စိတ်ခံစားမှုကို ပိုင်ဆိုင်နေသည်

ဖြစ်ကြောင်း ထင်ရှားပါသည်။ အကယ်၍သူသည် အရှိန်အဟုန်တန်ခိုး လွှမ်းမိုးခြင်း သို့မဟုတ် လှုပ်ရှားမှုအား သက်သက်ဖြစ်ပါက ထိုကဲ့သို့သော စိတ်ခံစားမှုကို ရှိမည်မဟုတ်ပါ။ ဤအချက်မှာ အမှန်စင်စစ် သူသည် စော်ကားမော်ကားပြုခြင်းကို ခံရတတ်ကြောင်း အထောက်အထားဖြစ်ပါသည် (မာကု၊ ၃း၂၉)။

### ၃။ လိုအင်ဆန္ဒ

သူသည် ရွေးချယ်နိုင်သော အရည်အချင်းကိုလည်း ပိုင်ဆိုင်တော်မူကြောင်း ထင်ရှားလှပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ခရစ်တော်၏ ကိုယ်ခန္ဓာထဲသို့ ဝိညာဉ်ပိုင်းဆိုင်ရာ ဆုကျေးဇူးများကို ပေးလှူနိုင်ပါသည် (၁ ကော၊ ၁၂း၁၁)။ သူသည် ခရစ်ယာန်တို့၏ လှုပ်ရှားမှုများကို လမ်းပြခြင်း၊ ညွှန်ကြားခြင်းပြုပေးတော်မူကြောင်း ထင်ရှားပါသည် (တမန်၊ ၁၆း၆-၁၂)။

### ၄။ ပုံသဏ္ဍာန်

ယေရှုသည် ဗတ္တိဇံမင်္ဂလာကို ခံတော်မူစဉ် သန့်ရှင်းသော ဝိညာဉ်တော်သည် ဂျိုးငှက်ကဲ့သို့သော ပုံသဏ္ဍာန်ကို ဆောင်ကြောင်း တွေ့ရှိရပါသည်။ ထိုဂျိုးငှက်မှာ ငြိမ်သက်ခြင်းလက္ခဏာပင်ဖြစ်ပါသည်

(မဿဲ၊ ၃း၁၆။ မာကု၊ ၁း၁၀၊ လုကာ၊ ၃း၂၂၊ ယော၊ ၁း၃၂)။

## ၁။ သူလုပ်ဆောင်တော်မူသော အခန်းကဏ္ဍ

### ၁။ ဖန်ဆင်းတော်မူခြင်း

သန့်ရှင်းသောဝိညာဉ်တော်သည် ဖန်ဆင်းခြင်းတွင် ပါဝင်၍ ကောင်းကင်များနှင့် မြေကြီးကို ပုံသွင်းတော်မူကြောင်း ရှင်းလင်းလှပါသည်။ မြေကြီးသည် အဆင်းပုံသဏ္ဍာန်ကင်းလာ၍ လွတ်လပ်လဟာ ဖြစ်လာခဲ့ပြီးနောက်ပိုင်း၌ (ကမ္ဘာ၊ ၁း၂)

ငှက်မကြီးသည် မိမိသားပေါက်ငယ်များပေါ်၌ ဖုံးအုပ်သကဲ့သို့ ဖြစ်ပါသည်။ (တရားဟော၊ ၃၂း၁၁)။ ထာဝရဘုရား သည် မိုးကောင်းကင်မျက်နှာကျက်များကို “နှုတ်မြွက်တော်မူခြင်း”ဖြင့် ဖန်ဆင်းတော်မူ၍ သန့်ရှင်းသော ဝိညာဉ်တော်သည် ကြယ်များကို ထိုအထဲ၌ ထည့်သွင်းတော်မူသည်ဟု သမ္မာကျမ်းစာ၌ ဆိုထားပါသည် (ဆာ၊ ၃၃း၆)။ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ၏ဖန်ဆင်းတော်မူခြင်းပေါ်၌ ထိန်းချုပ်တော်မူ၏ (ယော၊ ၂၆း၁၃)။

သန့်ရှင်းသော ဝိညာဉ်တော်သည် လူသားတို့အား ဖန်ဆင်းပုံသွင်းရာတွင်လည်း လုပ်ဆောင်သော အခန်းကဏ္ဍရှိပါသည် (ယောဘ၊ ၃၃း၄)။ တိရိစ္ဆာန်များကို ဖန်ဆင်းခြင်း၌လည်းရှိပါ၏ (ဆာလံ၊ ၁၀၄း၂၄-၂၅၊ ၁၀၄း၃၀)။ ဖန်ဆင်ခြင်းတွင် သူ၏ လုပ်ဆောင်တော်မူသော အခန်းကဏ္ဍကို ဘုရားသခင် ထာဝရဘုရားသည် သူ၏ ဖန်ဆင်းတော်မူခြင်း တစ်လျှောက် ဖွင့်ပြတော်မူပါသည်

(ဟေရှာယ ၄၀း၁၂-၁၃၊ ရောမ ၁း၂၀၊ ယောဟန် ၁၆း၁၃-၁၄)။

## ၂။ ဗျာဒိတ်တော် (ဖွင့်ပြတော်မူခြင်း)

သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်အခန်းကဏ္ဍ ဖွင့်ပြတော်မူခြင်းမှာ အသစ်သော သမ္မာတရားကို လူတို့ထံသို့ သတင်းပေးရန်ဖြစ်ကြောင်း ထင်ရှားရှင်းလင်းလှပါသည် (ယော၊ ၁၆း၁၃)။ သူသည် လူသားကိုယ်စားလှယ်များကို ဆက်သွယ်မှုပြုရာတွင် အသုံးပြုပါသည် (၂ ရာ၊ ၂၃း၂)။ ထိုသတင်းစကားမှာ ဆိုးသော သတင်းဖြစ်ပါသည် (မိက္ခာ၊ ၃း၈)။

သမ္မာကျမ်းစာသည်ပင်လျှင် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဖွင့်ပြတော်မူခြင်းဖြစ်ပါသည် (မဿဲ၊ ၂၂း၄၂-၄၃။ တမန်၊ ၁း၁၆။ ၄း၂၄-၂၅၊ ၂၈း၂၅-၂၆၊ ဟေဗြဲ၊ ၁၀း၁၅-၁၆)။

## ၃။ နားလည်သဘောပေါက်ခြင်း

သန့်ရှင်းသောဝိညာဉ်တော်သည် ဝိညာဉ်ရေးရာသတင်းစကားတို့ကို လူသားတို့အား ဖွင့်ပြပေးတော်မူခဲ့ပါသည်။ သို့သော်လည်း တစ်ချို့သောအရာတို့မှာ နားလည်သဘောပေါက်ရန် ခက်ခဲလှပါသည် (၁ ကော၊ ၁၃း၁၂)။ သို့ဖြစ်၍ သန့်ရှင်းသောဝိညာဉ်တော်သည်ပင်လျှင် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ နားလည်စေရန် ကူညီမစတော်မူပါ၏။ (၁ ကော၊ ၂း၁၂-၁၆)။ ဘုရားသခင်၏ နှုတ်ကပတ်တော် မည်သည့်အပိုင်း ကျမ်းချက်များကို ကျွန်ုပ်တို့ အသက်တာထဲ၌ တွေ့ကြုံနေရသော ကွဲပြားခြားနားသည့် ပတ်ဝန်းကျင်အခြေအနေများတွင် ခံယူကျင့်သုံးရမည်ကိုလည်း မစကူညီပေးပါသည် (လုကာ၊ ၁၂း၁၁-၁၂။ ဟေဗြဲ၊ ၃း၇-၈)။ ဘဝအသက်တာအတွက် ခံယူကျင့်သုံးနိုင်ရန် ဝိညာဉ်ရေးရာ နားလည်သဘောပေါက် ခံယူနိုင်ခြင်းကို "ဉာဏ်ပညာ" ဟူ၍ ခေါ်ပါသည်။

## ၄။ မှုတ်သွင်းတော်မူခြင်း

သန့်ရှင်းသောဝိညာဉ်တော်သည် သမ္မာကျမ်းစာကို ရေးသားရန် တစ်ချို့သောလူတို့ကို စိတ်လှုပ်ရှား အားတက်စေပါသည် (၂ ပေ၊ ၁း၂၁)။ "ကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့် ဖြစ်ကြောင်း" ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့ကို ပြောပြထားပါသည်။ ဆိုလိုသည်မှာ "ဘုရားသခင်-ဝိညာဉ်တော်" အားဖြင့် ဖြစ်ကြောင်း ဆိုလိုပါသည် (၂ တိ၊ ၃း၁၆-၁၇)။ တမန်တော်ကြီးရှင်ပေါလုသည် ဤကျမ်းချက်ကို ရေးသားရာတွင် အခြားမည်သည့်နေရာ၌မျှ မတွေ့ရသော ဂရိဝေါဟာရစကားလုံးကို အသုံးပြုခဲ့ပါသည်။ ထိုစကားလုံးမှာ THEOPNEUSTOS သီအိုန်ျူအပ်စ်တို(စ်) ဟူ၍ဖြစ်ပြီး၊ ဂရိဝေါဟာရစကားလုံးများ THEOS သီအို(စ်)နှင့် PNEUMA နျူအူမာတို့မှ ပေါင်းစပ်ထားကာ "ဘုရားသခင်"နှင့် "ဝိညာဉ်တော်"ဟူ၍ ဆိုလိုပါသည်။ ကျမ်းစာရှိသမျှတို့မှာ သန့်ရှင်းသော ဝိညာဉ်တော်ဘုရားသခင်အားဖြင့် မှုတ်သွင်းတော်မူခြင်းအားဖြင့် ဖြစ်ပါသည်။

## ၅။ နိမိတ်လက္ခဏာများ

ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးအားဖြင့် နိမိတ်လက္ခဏာများကို ပြုတော်မူခဲ့ပါသည် (လုကာ၊ ၄း၁၈)။ သန့်ရှင်းသောဝိညာဉ်တော်သည် အခြားသော နိမိတ်လက္ခဏာများကို ပြုရာတွင် ညွှန်ကြားပေးသောသူ ဖြစ်ပါသည်။ ထင်ရှားသော ဥပမာတစ်ခုမှာ ဖိလိပ္ပုသည် အဲသယောပိပြည်သားအမတ်ကို ဗတ္တိဇံမင်္ဂလာ ပေးပြီးသောအခါ ကွယ်ပျောက် သွားခဲ့ပါသည် (တမန်၊ ၈း၃၉)။ အခြားသော ဥပမာတစ်ခုမှာ အပျိုကညာမှ ဖွားမြင်တော်မူခြင်း၌ တွေ့မြင်ရပါသည်။

## ၆။ အပျိုကညာမှ ဖွားမြင်တော်မူခြင်း

အပျိုကညာမာရိအား ပဋိသန္ဓေတည်လာ၍ သားယောကျ်ားကို ဖွားမြင်လိမ့်မည်။ ထိုသားမှာ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့်ဖြစ်၍ "ဘုရားသခင်၏သား"ဟူ၍ ခေါ်ဝေါ်ခြင်းကို ခံရပါမည်ဟူ၍ ကောင်းကင်တမန် ဂါဗြေလအားဖြင့် ဟောပြောခဲ့ပါသည် (လုကာ၊ ၁း၂၇-၃၅)။ ဤကျမ်းချက်၌ ကျွန်ုပ်တို့အား သုံးပါးတစ်ဆူဘုရားတွင် ကောင်းကင်ဘုံရှင် အဖသည် ယေရှု၏ခမည်းတော်ဖြစ်ကြောင်းကို ဖွင့်ပြပေးသည်သာမက သန့်ရှင်းသောဝိညာဉ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူကြောင်းကိုပါ ဖွင့်ပြပေးပါသည်။

မာရိသည် ယေရှုကို မိမိကိုယ်ထဲ၌ ပဋိသန္ဓေစွဲယူပြီးနောက် မာရိနှင့် ထိမ်းမြားစုံဖက်ရန် စေ့စပ်ထားပြီးဖြစ်သော ယောသပ်ထံသို့လည်း ထိုကောင်းကင်တမန်သည် ပေါ်လာ၍ မာရိသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေတည်သည် ဖြစ်ကြောင်းကို ပြောပြခဲ့ပါသည် (မဿဲ၊ ၁း၁၈-၂၀)။

## ၇။ အပြစ်ကိုဖော်ပြခြင်း

သန့်ရှင်းသောဝိညာဉ်တော်၏ အခြားသောလုပ်ဆောင်ချက်တစ်ခုမှာ လူတို့အား အပြစ်ကိုဖော်ပြပေးပါသည်။ ထိုသို့ဆိုသော် သူသည် လောကကိုသာ ဦးတည်ပြောဆိုခြင်းမဟုတ်ပါ။ ဘုရားသခင်၏ ပညတ်တရားကို နာမခံသော သူတို့အား သူတို့သည် အပြစ်ရှိသောသူများဖြစ်ကြကြောင်း၊ ကယ်တင်ရှင်လိုအပ်နေကြောင်းကို တစ်ဦးချင်းနှင့်ဆိုင်၍လည်း ဖော်ပြတော်မူခြင်းပင်ဖြစ်ပါသည် (ယောဟန်၊ ၁၆း၈)။ သူသည် ကျွန်ုပ်တို့၏ သိတတ်ခြင်းဉာဏ်အားဖြင့် အပြစ်ကို ဖော်ပြပေးတော်မူပါသည် (ရောမ၊ ၉း၁)။

## ၈။ အသစ်ပြောင်းလဲခြင်း

အသစ်ပြောင်းလဲခြင်းဟုဆိုရာ၌ "အသစ်မွေးဖွားခြင်း"ကို ဆိုလိုပါသည်။ ထိုအရာမှာ ကယ်တင်ခြင်းရရှိပြီးမှ ဖြစ်ပေါ်လာသော တစ်စုံတစ်ခုကို ဆိုလိုခြင်းမဟုတ်ပါ။ ကယ်တင်ခြင်းရရှိချိန်၌ တစ်ပြိုင်တည်း ဖြစ်ပေါ်လာသောအရာပင် ဖြစ်ပါသည်။ ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်ထဲ၌ ဂတိပေးတော်မူသည့်အတိုင်း အကျိုးသက်ရောက်မှုအနေဖြင့် "အသစ် မွေးဖွားခြင်း"ကို ပေးပိုင်သောသူမှာ သန့်ရှင်းသော ဝိညာဉ်တော်ပင်ဖြစ်သည် (၁ ပေတရု၊ ၁း၂၃။ တိတု၊ ၃း၅)။

## ၉။ ဗတ္တိဇံမင်္ဂလာ

သန့်ရှင်းသောဝိညာဉ်တော်၏ ဗတ္တိဇံခံခြင်းနှင့်သက်ဆိုင်၍ ခရစ်ယာန်ယုံကြည်မှုတွင် ရှုပ်ထွေးမှုများစွာ ရှိပါသည်။ ဤအကြောင်းနှင့်ပတ်သက်၍ သမ္မာကျမ်းစာ၌ မည်သို့သွန်သင်ထားသည်ကို ကျွန်ုပ်တို့ သေချာရှင်းလင်းစွာဖြင့် အနီးကပ်ဆုံးလေ့လာဆင်ခြင်ကြပါစို့။

ဂရိဝေါဟာရစကားလုံး "BAPTIZE - ဘတ်တိုင်စ်" မှာ (BAPTIDZO - ဘတ်သိဇို) ဟူ၍ဖြစ်ပြီး ဆိုလိုသည်မှာ "TO DIP - နှစ်ရန်" ဟူသော အဓိပ္ပာယ်ရှိ၍ "အဝတ်အစားစွတ်စိုနေခြင်း သို့မဟုတ် အိုးတစ်ခုကို အခြားတစ်ခုထဲသို့ နှစ်ခြင်းအားဖြင့် ရေများဖုံးလွှမ်းစေခြင်း သို့မဟုတ် မေးခွန်းများဖြင့် ပြည့်စုံစေခြင်း"[၁၀၁] သဘောကို ဂရိဘာသာအားဖြင့် ဖော်ထုတ်ပြသခြင်းတို့အတွက် အသုံးပြုထားပါသည်။ ဗတ္တိဇံ သို့မဟုတ် "နှစ်ခြင်း" (ဥပမာ လူတစ်ဦးသည် ရေထဲ၌ရှိ၍ သို့မဟုတ် စစ်မြေပြင်၌ စစ်သားများအားဖြင့် လှံသွားသည် သွေးထဲ၌ နှစ်မြုပ်ဖုံးလွှမ်းစေခြင်း) ဖြစ်ပေါ်လာသော အခါ ထိုအရာမှာ တကယ်ဖြစ်ပျက်သည်ဖြစ်စေ၊ ကိုယ်ကာယပိုင်းဆိုင်ရာ သို့မဟုတ် စိတ်လှုပ်ရှားမှုပိုင်းဆိုင်ရာဖြစ်စေ ဆက်စပ်မှုကို ဖော်ထုတ်ရန် နည်းစနစ်အဖြစ် အသုံးပြုခဲ့ပါသည်။ ဥပမာ ယေရှုက ငါခံသော ဗတ္တိဇံဟူ၍ မိန့်တော်မူရာတွင် လက်ဝါးကပ်တိုင်ကို ပြောဆိုတော်မူခြင်းဖြစ်ပါသည် (မာကု ၁၀း၃၈)။ သူသည် ရေဖြင့် ဗတ္တိဇံ မင်္ဂလာကို ခံခဲ့ပြီးဖြစ်ပါ သည် (မာကု ၁း၉)။ ယေရှု၏ ရေ၌ ဗတ္တိဇံမင်္ဂလာခံခြင်းမှာ သူသည် သူ့အသက်တာအတွက် ခမည်းတော်ဘုရား၏ အကြံအစည်တော်ကို လက်ခံခြင်းသဘောကို ပုံဖော်ခြင်းဖြစ်ပါသည်။ နှစ်ခြင်းဆရာယောဟန်၏ ဟောပြောခြင်း၌ လည်း မေရှိယကယ်တင်ရှင်သည် "သန့်ရှင်းသောဝိညာဉ်တော်နှင့် ဗတ္တိဇံပေးမည့် အကြောင်း" ဂတိတော်ပါဝင်ခဲ့ပါသည် (မဿဲ၊ ၃း၁၁၊ မာကု၊ ၁း၈၊ လုကာ၊ ၃း၁၆၊ ယောဟန် ၁း၃၃၊ တမန် ၁း၅)။ သို့ဖြစ်၍ သန့်ရှင်းသော ဝိညာဉ်တော်၏ ဗတ္တိဇံမင်္ဂလာသည် ပင်တေကုတ္တေ နေ့၌ သခင်ဘုရားသည် သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်တော်မူခြင်းမတိုင်မီ ဖြစ်ပေါ်လာခြင်းမရှိခဲ့ပါ (ယော၊ ၁၄း၁၆-၁၇။ တမန်၊ ၂း၁-၄)။ ထိုအဖြစ်ကို ပေတရုက "အစအဦး"ဟူ၍ ခေါ်ခဲ့ပါသည် (တမန်၊ ၁၁း၁၆)။ မည်သည့်ယုံကြည် သူကမျှ ထိုနေ့ မတိုင်မီ ဦးစားပေးအနေဖြင့် လက်ခံရခြင်းမရှိခဲ့ပါ။ ထိုအခါမှာ ပင်တေကုတ္တေနေ့၌ ဖြစ်ပေါ်လာခဲ့ပြီး၊ အသင်းတော်အတွက် အသစ်သော ဖြစ်ရပ်ကြီးပင်ဖြစ်ပါသည်။

ထိုသန့်ရှင်းသော ဝိညာဉ်တော်၏ ဗတ္တိဇံ ရည်ရွယ်ချက်မှာ ယုံကြည်သူများ တို့အား ပင်တေကုတ္တေနေ့မှစ၍ "ခရစ်တော်၏ကိုယ်အင်္ဂါ"ဟူ၍ သိရသော "ခန္ဓာကိုယ်"

(၁ကော၊၁၂း၁၂-၁၃)။ သို့မဟုတ် အသင်းတော် (ဖေက်၊ ၅း၂၂-၃၀)ထဲသို့ ထည့်သွင်းခြင်း ဖြစ်ကြောင်းကို နားလည်ခြင်းမရှိဘဲ သန့်ရှင်းသောဝိညာဉ်တော်၏ ဗတ္တိဇံကို နားလည် သဘောပေါက်ရန်မှာ မဖြစ်နိုင်သောအရာဖြစ်ပါသည်။ အပြစ်တရားနှင့် ဇာတိသဘော ဆန်ခြင်းသည် ထို"ကိုယ်ခန္ဓာ"မှ မည်သူ့ကိုမျှ မဖယ်ရှားကြောင်း သို့မဟုတ် ကောရိန္တု အသင်းတော်မှလည်း မည်သူ့ကိုမျှ ဖယ်မထားကြောင်းကို သတိပြုပါ (၁ ကော၊ ၁-၁၁) ထဲ၌ မြောက်မျှားစွာသောသူတို့သည် အပြစ်ကျူးလွန်ကြသည်ကို ဖတ်ပါ)။

"သန့်ရှင်းသောဝိညာဉ်တော်နှင့် ဗတ္တိဇံကို ခံယူကြပါရန်" သမ္မာကျမ်းစာ မည်သည့်နေရာ၌မျှ ပညတ်ထားခြင်း သို့မဟုတ် တိုက်တွန်းနှိုးဆော်ခြင်းမတွေ့ရှိရပါ။ သို့ဖြစ်၍ တစ်စုံတစ်ဦး၏ ဝိညာဉ်တော်နှင့် ဗတ္တိဇံခံယူမှုသည် ယေရှုခရစ်တော်ကို ယုံကြည်၍ သူ၏အသေခံတော်မူခြင်း၊ သင်္ဂြိုလ်တော်မူခြင်းနှင့် ရှင်ပြန်ထမြောက်တော်မူ ခြင်းကို လက်ခံသောအခါ ဖြစ်ပေါ်လာရခြင်းပင်ဖြစ်သည်။ (၁ကော၊ ၁၅း၁-၄)။ ရေ၌ ဗတ္တိဇံခံယူခြင်းဆိုသည်မှာ ယေရှုခရစ်ကို လက်ခံလိုက်သည်ဟူသော သက်သေကို ပြသ ခြင်းဖြစ်သည်။

ယုံကြည်သူများတို့အတွက် ဝိညာဉ်ပိုင်းဆိုင်ရာ စစ်မှန်သော ဗတ္တိဇံခံခြင်းကို တမန်တော်ရှင်ပေါလုအားဖြင့် အောက်ပါအတိုင်း ရှင်းလင်းစွာ ဖော်ပြထားပါသည်။ "ယေရှုခရစ်၌ ဗတ္တိဇံကို ခံသောသူ ရှိသမျှတို့သည် အသေခံတော်မူခြင်း၌ ဗတ္တိဇံကို ခံကြသည်ဟု သင်တို့ မသိကြသလော။ ထို့ကြောင့် အသေခံတော်မူခြင်း၌ ဗတ္တိဇံကို ခံသောအားဖြင့် ထိုသခင်နှင့်အတူ သင်္ဂြိုလ်ခြင်းကို ခံကြ၏။ အကြောင်းမူကား၊ ခရစ်တော် သည် ခမည်းတော်၏ ဘုန်းတန်းခိုးအားဖြင့် သေခြင်းမှ ထမြောက်တော်မူသည် နည်းတူ၊ ငါတို့သည်လည်း အသစ်သော အသက်၌ ကျင်လည်ရကြသတည်း။ တစ်နည်းကား အသေခံတော်မူခြင်း၏ ပုံသဏ္ဌာန်ကိုဆောင်၍ ထိုသခင်နှင့်အတူ ငါတို့သည် စိုက်ပျိုး လျက်ရှိသည်မှန်လျှင် ထမြောက်တော်မူခြင်း၏ ပုံသဏ္ဌာန်ကိုဆောင်၍ စိုက်ပျိုးလျက် ရှိကြလိမ့်မည်" (ရောမ၊ ၆း၃-၅)။

သန့်ရှင်းသောဝိညာဉ်တော်၏ ဗတ္တိဇံမှာ ယုံကြည်သူ တစ်ဦးချင်းစီတို့၌ သန့်ရှင်းသောဝိညာဉ်တော်သည် မိမိတို့ဘဝ အတွင်းပိုင်း၌ တည်ရှိနေခြင်းကို ဆိုလိုပါသည် (ယော၊ ၁၄း၁၇၊ ရောမ၊ ၅း၅)။ သို့ဖြစ်၍ လူတစ်ဦးသည် ယေရှုခရစ်တော်ကို မိမိကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံသောအခါ ယေရှု၏ကိုယ်စား သူ၏လုပ်ဆောင်ပေးတော်မူချက်ကို အသိအမှတ်ပြုဖော်ပြထင်ရှားစေခြင်း ဖြစ်ပါသည်။

## ၁၀။ တံဆိပ်ခတ်ခြင်း

"တံဆိပ်"သည် ရိုက်နှိပ်၍ စွဲထင်သောအရာ၊ လက်စွပ်တစ်ကွင်းကို ပျားဖယောင်း ထဲသို့ ရိုက်နှိပ်ခြင်းကဲ့သို့သောသဘောကို ညွှန်ပြထားပါသည်။ ယုဒလူတို့သည် ဤသို့တံဆိပ်ခတ်ခြင်းကို ယေရှုခရစ်တော်၏ သင်္ချိုင်းဂူ၌ ပြုခဲ့ကြပါ သည်။ သို့မှသာ ပိတ်ထားသော ကျောက်တုံးသည် လှိမ့်သွားခြင်းရှိမရှိကို သူတို့ပြောပြရန် တတ်နိုင်ကြပါလိမ့်မည်ဖြစ်၏ (မဿဲ၊ ၂၇း၆၆)။ သန့်ရှင်းသော ဝိညာဉ်တော်သည် မျက်စိဖြင့် မမြင်နိုင်သော ဘုရားသခင်၏ တံဆိပ်ကို ယေရှုခရစ်တော်အား ယုံကြည်သော သူတို့ပေါ်၌ ထားတော်မူ၏ (ဧဖက်၊ ၁း၁၃)။ ဤတံဆိပ်ခတ်ခြင်းကို ခံသောသူတို့အား ဘုရားသခင် နိုင်ငံတော်သို့ ဝင်စားနိုင်ရန် စာရင်းသွင်းလက်ခံခြင်းဖြစ်ပါသည်။ ယုံကြည်သူသည် ယေရှုခရစ်တော်နှင့်အတူ ထာဝရကာလ အစဉ်အမြဲပူးပေါင်းခြင်းရှိ၍ သန့်ရှင်းသော ဝိညာဉ်တော်သည် ထိုပူးပေါင်းခြင်း၌ သူ၏နာမတော်ကို "အမှတ်အသား" ပြုတော်မူပါ ၏။ သန့်ရှင်းသော ဝိညာဉ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူပြီး၊ ဤမမြင်နိုင်သော အမှတ်အသား ဖြစ်သော "ဘုရားသခင်၏တံဆိပ်"ကို အသုံးပြုတော်မူပါသည် (၂ ကော၊ ၁း၂၂)။

သန့်ရှင်းသော ဝိညာဉ်တော်သည် ယုံကြည်သူများကို တံဆိပ်ခတ်ပြီးဖြစ်ရာ ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်များကို လွန်ကျူးသောအားဖြင့် သူ့အား "စိတ်နာ" စေခြင်း

ကို မပြုအပ်ပါချေ (ဇဖက်၊ ၄း၃၀)။ ကျွန်ုပ်တို့အား "ရွေးနှုတ်ရာ နေ့ရက်တိုင်အောင် တံဆိပ်ခတ်ခြင်း"ကို ခံရသည်ဖြစ်ကြောင်း ဖော်ပြထားပါသည် (ဇဖက်၊ ၄း၃၀။ ၁း၁၄)။ ထိုအရာမှာ ရှင်ပြန်ထမြောက်ရာနေ့ရက်၌၊ အပြည့်အဝပြည့်စုံလာမည့် အနာဂါတ် ရွေးနှုတ်ရာ နေ့ရက်ကို ညွှန်ပြပါသည်(ရောမ၊ ၈း၂၃)။

## ၁၁။ အတွင်းပိုင်း၌တည်ရှိခြင်း

သန့်ရှင်းသောဝိညာဉ်တော်သည် အတွင်းပိုင်း၌ တည်ရှိခြင်းကို ကယ်တင်ခြင်း ရရှိသည့်အချိန်၌ ဖြစ်ပေါ်လာပါသည်။ ဤအရာမှာ ယေရှုမိန့်တော်မူခဲ့သည် ဂတိတော် ဖြစ်သော "ဝိညာဉ်တော်ကို သင်တို့အား ပေးတော်မူမည်" ဟူသည့် ဂတိတော်ကို ပြည့်စုံ စေခြင်းဖြစ်ပါသည် (ယောဟန်၊ ၁၄း၁၆-၁၇)။ ပင်တေကုတ္တေနေ့၌ မတိုင်မီ သန့်ရှင်းသော ဝိညာဉ်တော်သည် ယုံကြည်သူတို့၏ "အပေါ်၌" ရှိခဲ့သည်ဟု ဆိုထားပါသည်။ ပင်တေကုတ္တေနေ့ကျရောက်ပြီးနောက်ပိုင်း၌ သူသည် ယုံကြည်သူတို့၏ "အတွင်းပိုင်း ၌ ရှိနေတော်မူကြောင်း" ပြောဆိုထားပါသည်။ သို့ဖြစ်၍ အတွင်းပိုင်း၌ရှိနေသော သန့်ရှင်းသော ဝိညာဉ်တော်သည် အသင်းတော်ကို ညီညွတ်စေတော်မူပါသည် (ရောမ၊ ၈း၉၊ ၁ ကော၊ ၃း၁၆၊ ၆း၁၉။ ၂ တိမောသေ၊ ၁း၁၄)။

သန့်ရှင်းသောဝိညာဉ်တော်၏ အခြားလုပ်ဆောင်ချက်အမျိုးမျိုးတို့မှာ အပြစ်ကို ဖော်ပြခြင်းနှင့် သမ္မာတရားကို ဖွင့်ပြတော်မူခြင်းဖြစ်ပါသည်။ သို့သော်လည်း သူ၏ "တည်ရှိခြင်း"မှာ ပြောင်းလဲခဲ့ပါသည်။ ကယ်တင်ခြင်းကို ရရှိသည့်နေ့၌ ပင်လျှင် သန့်ရှင်းသော ဝိညာဉ်တော်၏ နှစ်ခြင်း (ဗတ္တိဇံ)သည် ယုံကြည်သူတို့၏ အထဲ၌ ဖြစ်ပေါ် လာပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ ဗတ္တိဇံနှင့် အတွင်းပိုင်း၌ တည်ရှိနေ ခြင်းနှစ်ခုစလုံးတို့မှာ ဘုရားသခင်ထံတော်မှ ဆုကျေးဇူးများဖြစ်ကြပါသည် (တမန်၊ ၁၁း၁၆-၁၇။ ရောမ၊ ၅း၅)။ သူတို့မှာ ရွှေ့ပြောင်းခြင်းသို့ ရောက်ရှိကြလိမ့်မည် မဟုတ်

(ရောမ၊ ၁၁း၂၉)။ သန့်ရှင်းသောဝိညာဉ်တော်၏ အတွင်းပိုင်း၌ တည်ရှိခြင်းသည် ကောရိန္သုအသင်းတော်အားဖြင့် သက်သေပြခဲ့ သကဲ့သို့ ပြောင်ပြောင်တင်းတင်း လွန်ကျူးသောအပြစ်ကို ရွေ့ပြောင်းပေးခြင်းမဟုတ်ပါ။ (၁ ကော၊ ၁း၂။ ၃း၁၆ နှင့် ၆း၁၉) တို့၌ ကောရိန္သုမြို့၌ရှိသော ယုံကြည်သူများမှာ အပြစ်ဒုစရိုက်များစွာ လွန်ကျူးခဲ့ကြ သော်လည်း ရှင်ပေါလုသည် အခန်းကြီး ၅ နှင့် ၆ တို့၌ ဖော်ပြထားသည်အတိုင်း ကယ်တင်ခြင်း ရှိကြပါကြောင်း သိရှိရပါသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် ကယ်တင်ခြင်းသို့ရောက်ရှိပြီးနောက်ပိုင်း၌ ပေးတော်မူသော မှတ်သားချက် နှစ်ခုတို့ကို တမန်တော်ဝတ္ထု၌ တွေ့ရှိရပါသည် (တမန်၊ ၁၀း၄၄၊ ၁၉း၁-၆)။ မျှော်လင့်ခြင်းများစွာတို့ဖြင့် မည်သူနည်း?မည်သည့်အရာနည်းနှင့် မည်သည့်အချိန်နည်းကဲ့သို့သော အရေးကြီးသည့် မေးခွန်းတို့ကို လေ့လာသူတို့ မှတ်မိကြပါမည်။ ထိုအမှုအားလုံးတို့၌ ပါဝင်ခဲ့သော လူတို့သည် မေရှိယ ကြွလာတော်မူမည့်အကြောင်း ယုံကြည်ခဲ့ကြပါသည်။ သို့သော်လည်း သူသည်ကြွလာတော်မူပြီး ဖြစ်ကြောင်း မသိရှိခဲ့ကြပါချေ။ မေရှိယသည် ကြွလာတော်မူပြီးဖြစ်ကြောင်းကို သွန်သင်ပေးခဲ့ပြီးမှ ယုံကြည်လာကြပါသည်။ ထို့နောက်မှ သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်ကို ခံယူခဲ့ကြပါသည်။ ထိုမျှ နက်နဲသောအဖြစ်အပျက်ကို အပေါ်ယံကြောမျှသာ ဖြစ်သည်ဟူ၍ ယုံကြည်ခြင်းမှာ ပညာကင်းမဲ့လွန်းရာသို့ ရောက်ပါ၏။

## ၁၂။ ပြည့်ဝခြင်း

သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝတော်မူခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ လေ့လာခြင်းတွင် အဖြေများရရှိ ဖို့ရန်အတွက် ကျွန်ုပ်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်သို့ တစ်ဖန်လှည့်ကြရပါမည်။ သမ္မာကျမ်းစာ၌ ဖော်ပြထားသော သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းကို ကျွန်ုပ်တို့ ကြည့်ကြရပြီး၊ ကျွန်ုပ်တို့၏ ကိုယ်ပိုင်အသက်တာများ၌ ဖော်ပြချက် များကို ဆုံးဖြတ်ရန် ရှာဖွေကြရပါမည်။

## (က) သန့်ရှင်းသောဝိညာဉ်တော်၌ ပြည့်ဝခြင်းဟူသော သဘောကို အောက်ပါအတိုင်း ကျွန်ုပ်တို့တွေ့ရှိရပါသည်။

### ၁။ လက်မှုပညာအတတ်နှင့် ခေါင်းဆောင်မှုကဲ့သို့သော အထူးအစွမ်းပေးခြင်းကို ပေးတော်မူခြင်း

သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝခြင်းကို ဣသရေလလူမျိုးများ ခေတ်ကာလတွင် အထူးသီးသန့်အမှုများကို ဆောင်ရွက်ရန် တစ်ဦးချင်းနှင့်ဆိုင်သော အထူးသီးသန့်ရွေးချယ်သော သူတို့အပေါ်၌ ပေးတော်မူခဲ့ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် တောင်းဆိုခြင်းကို ပြုနိုင်ပါသည် (လုကာ ၊၁၁း၁၃)။ သို့သော်လည်း ထိုအရာမှာ လိုအပ်ခြင်းမရှိပါ။ ထိုသဘောကို ထံတော်၌ အမှုတော်ဆောင်ရွက်သူ ဗေဇလေလအား ပေးတော်မူခဲ့ပါသည်။ ထို့ကြောင့် သူ၏လက်မှု ပညာအတတ်သည် ဘုရားသခင်အား ချီးမြှင့်ကြည်ညိုခြင်းရှိရပါမည် (ထွက်၊ ၃၁း၃။ ၃၅။၃၁)။ ယောရှုအားလည်း မောရှေအနိစ္စရောက်ပြီးနောက် ဣသရေလလူမျိုးတို့ကို ဦးဆောင်မည်အကြောင်း "ယောရှု၏စကားကိုနားထောင်ရမည်" ဟူ၍ ကြိုတင် မိန့်တော်မူထားပါသည် (တရားဟော၊ ၃၄း၉)။

### ၂။ အထူးအမှုတော်ဆောင်ရွက်ခြင်း၊ တိုက်တွန်း နှိုးဆော်ခြင်းနှင့် ပရောဖက်ပြုခြင်းတို့အတွက်

ရှင်လုကာခရစ်ဝင်ကျမ်း၌ နှစ်ခြင်းဆရာယောဟန် (လုကာ၊ ၁း၁၅)၊ သူ၏အမိ ဧလိရှဗက် (လုကာ၊ ၁း၄၁)နှင့် သူ၏အဖ ဇာခရိ (လုကာ၊ ၁း၆၇)တို့မှာ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝကြသည်အကြောင်းကို ကျွန်ုပ်တို့တွေ့မြင်ရပါသည်။ ဤသို့ဆိုသော် "သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝခြင်းသည် အထူးအမှုတော် ဆောင်ရွက်ခြင်းကို ပြုနိုင်ရန်အတွက် ပေးထားသော ဘုရားသခင်၏ တန်ခိုးတော်ကို ညွှန်ပြခြင်းဖြစ်ကြောင်း" အခြေခံနိယာမတစ်ခုကို တည်ဆောက်ထားသည်ကို ညွှန်းပါသည်။

## ၃။ အထူးသီးသန့် ကြားနာသူတို့နှင့်အထူး ဆက်သွယ်မှုပြုခြင်းအတွက်

ယေရှုသည် ရှင်ပြန်ထမြောက်တော်မူပြီး၊ ကောင်းကင်ဘုံသို့ ပြန်၍ မတက်ကြွမီ တပည့်တော်တို့အား "သန့်ရှင်းသော ဝိညာဉ်တော်ကိုခံယူကြပါ" (ယော၊ ၂၀း၂၂)ဟူ၍ မိန့်တော်မူခဲ့ပါသည်။ ဤသို့ဆိုရာတွင် သန့်ရှင်းသောဝိညာဉ်တော် ကို နာခံကြပါရန် တိုက်တွန်းနှိုးဆော်ခြင်းဖြစ်သည် (တမန်၊ ၁း၂)၊ တစ်ဖန်ရက်အနည်းငယ်လွန်ပြီးသောအခါ သွန်းလောင်း တော်မူမည့် (တန်ခိုးကိုပေးတော်မူခြင်း)အကြောင်း စောင့်နေကြရန် မိန့်တော်မူခြင်းဖြစ်ပါသည် (တမန်၊ ၁း၈)။ ဤအချက် အားဖြင့် ယေရှုကို လက်ဝါး ကပ်တိုင်ပေါ်၌ ရိုက်ထားသောသူတို့အား ခွင့်လွှတ်ခြင်းကျေးဇူးတော်ကို သူတို့အား ပေးတော်မူ ခြင်းဖြစ်ပါသည် (ယောဟန်၊ ၂၀း၂၃)။

သန့်ရှင်းသောဝိညာဉ်တော်သည် ထိုသူတို့အား ပင်တေကုတ္တေနေ့၌ ပြည့်ဝစေ ခြင်းအားဖြင့် တန်ခိုးကို ပေးတော်မူသောအခါ ထိုသူတို့သည် မိမိတို့မသိဘူးခဲ့သော လူ့ဘာသာစကားအားဖြင့် စတင်၍ ဟောပြောခဲ့ကြပါသည် (တမန်၊ ၂း၁-၁၁၊ အထူးသဖြင့် အငယ်၊ ၄၊ ၈၊ ၁၁)။ ပေတရုအား အခန်းကြီး (၂း၁၄-၄၀)၌ မှတ်တမ်းတင် ထားသည့်အတိုင်း တရားဒေသနာကို ဟောပြောရန် တန်ခိုးနှင့်ပြည့်ဝပြီး ယေရှု ခရစ်တော်အကြောင်း ဟောပြောသော ဒေသနာတော်ကို သူတို့လက်ခံကြရမည့် အကြောင်း သူတို့အားလုံးတို့အပေါ်၌ သန့်ရှင်းသော ဝိညာဉ်တော်၏ ဂုဏ်တော်ကို ပေးထားပါသည်။ ဤသို့ဖြင့် ဣသရေလလူမျိုးတို့၏ ခေတ်ကာလအတွင်း၌ကဲ့သို့ပင် အထူးဆောင်ရွက်ရမည့် အမှုများကို ဆောင်ရွက် အကောင်အထည်ဖော်ရန် အထူးသဖြင့် ဝိညာဉ်တော်တန်ခိုးနှင့် ပြည့်စုံစေခြင်း အထောက်အထားဖြစ်ပါသည်။

## ၄။ ဝိညာဉ်ရေးဆိုင်ရာ၌ ခုခံကွယ်ကာခြင်းနှင့် ရဲရင့်ခြင်းတို့ အတွက်

တစ်ဖန် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝခြင်းကို ပေတရုသည် ယုဒလူမျိုး တို့အား ခုခံကွယ်ကာခြင်း၌ ပေါ်လာပါသည် (တမန်၊ ၄း၅-၁၂)။ ထို့နောက် မိတ်ဆွေများ

အား အကွယ်အကာပြုခြင်းအကြောင်း သတင်းပေးပို့ခြင်း၌ တွေ့ရပါသည်။ ပေတရုနှင့် သူ၏မိတ်ဆွေများ အားလုံးတို့မှာ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝခဲ့ကြပြီး နှုတ်ကပတ် တော်ကို ရဲဝံ့စွာ ဟောပြောနိုင်ရန်တန်ခိုးကို ရရှိခဲ့ကြပါသည် (တမန်၊ ၄း၃၁)။ တန်ခိုးနှင့်ပြည့်ဝစေသော ဤအချက်နှစ်ချက်တို့၌ အခြားသောဘာသာ စကားတို့ဖြင့် ဟောပြောခြင်း မပါဝင်ခဲ့ပါချေ။ သို့ဖြစ်၍ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝခြင်း ဟူသည် အစဉ်အမြဲအခြားသော ဘာသာစကားဖြင့် ပြောဆိုခြင်းပါဝင်သည်ဟု ယုံကြည် ခံယူခြင်းမှာ မမှန်ကန်ပါကြောင်း သတိပြုထားသင့်ပါသည်။

သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝခြင်းနှင့်စပ်ဆိုင်၍ အစောပိုင်း၌ပေးသော ဤဥပမာများအားဖြင့် အတွင်းပိုင်း၌ ရှိနေသော သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူတို့၏ အသက်တာ၌ တစ်ချိန်တည်းရှိပြီး ထိုအရာမှာ အစဉ်အမြဲ တည်ရှိနေ ပါသည်ဖြစ်ကြောင်း ကျွန်ုပ်တို့ပိုင်းခြားနိုင်ပါသည်။ သို့ရာတွင် သန့်ရှင်းသော ဝိညာဉ်တော် နှင့် ပြည့်ဝခြင်းမှာ တစ်ချိန်ထက်မနည်းဖြစ်ပေါ်နိုင်၍ အစဉ်အမြဲမတည်ရှိပါချေ။ အခြားသော သက်သေခံချက်မှာ ယုံကြည်သူတို့အား သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် "အတွင်းပိုင်း၌ရှိနေကြရန်" မိန့်တော်မူခြင်းမရှိပါ။ သို့သော်လည်း သူတို့အား "ပြည့်ဝ ကြရန်" မိန့်တော်မူထားပါသည် (ဧဖက်၊ ၅း၁၈)။ အတွင်းပိုင်း၌ သန့်ရှင်းသော ဝိညာဉ်တော်တည်ရှိနေခြင်းမှာ နေရာရာထူးတစ်ခု ပါဝင်ပါသည်။ (သန့်ရှင်းသော ဝိညာဉ် တော်သည် ကျွန်ုပ်တို့၏အထဲ၌ ရှိတော်မူ၏။ ကျွန်ုပ်တို့သည် ခရစ်တော်၏ အထဲ၌ ရှိနေပါသည်)။ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းတွင် ယုံကြည်သူတို့အားဖြင့် သူ၏တန်ခိုးတော် ထင်ရှားခြင်း ပါဝင်ပါသည်။

## ၅။ အမှုတော်ဆောင်ရာတွင် တန်ခိုးကိုပေးရန်အတွက်

သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းမှာ အသင်းတော်ထဲ၌ အခြားသော ယုံကြည်သူများတို့အား အစေခံ နိုင်ကြရန် ကျွန်ုပ်တို့၏ လုပ်ရှားမှုများတွင် တန်ခိုးကို ပေးတော်မူခြင်းဖြစ်ပါသည်။ ကနဦးအသင်းတော်ထဲ၌ မုဆိုးမများတို့ကို ကြည့်ရှု

စောင့်ရှောက်ခြင်းနှင့် ပတ်သက်၍ ပြဿနာတစ်ခုပေါ်လာပါသည် (တမန်၊ ၆း၁)။ တပည့်တော် တစ်ဆယ့်နှစ်ပါးတို့ကလည်း ဤအမှုကိစ္စကို ဆောင်ရွက်နိုင်မည့်သူ သန့်ရှင်းသောဝိညာဉ်တော်၊ ဉာဏ်ပညာနှင့်ပြည့်ဝသော လူတို့ကို ရွေးကောက်ကြရန် အသင်းတော်အား ပြောဆိုထားခဲ့ပါသည် (တမန်၊ ၆း၂-၅)။ အသင်းတော်ကလည်း ပြုခဲ့ပါသည်။ အသင်းတော်အတွင်း၌ အမှုတော်များကို ဆောင်ရွက်နိုင်ရန် ဝိညာဉ်ပိုင်းဆိုင်ရာ တန်ခိုးနှင့်ပြည့်ဝသော လူများလိုအပ်ကြောင်းကို တပည့်တော်တို့သည် မြင်ခဲ့ကြပါသည်။

## ၆။ စာတန်နှင့်ဆိုင်သော လိမ်ညာမှုကို သတ်မှတ်ဖော်ထုတ်နိုင်ရန်အတွက်

ရှောလု (ပေါလု)သည် သူ၏ ပထမသာသနာပြုခရီးတွင် ရောမအရာရှိ သေရဂိပေါလုနှင့် ဗာယေရှုအမည်ရှိသော ယုဒအမျိုးသားမိစ္ဆာပရောဖက်နတ်ဝိဇ္ဇာ အတတ်သမားတို့အား ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဟောပြောခဲ့ပါသည် (တမန်၊ ၁၃း၆-၇)။ ရှင်ပေါလုသည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်ဝ၍ နတ်ဝိဇ္ဇာ အတတ်သမားဟု ဆိုလိုသော ဧလုမသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို တားဆီးလှည့်ဖျားရန် ကြိုးစားနေသည်ကို သိမြင်ခဲ့ပါသည် (၁၃း၈-၁၀)။

## ၇။ ငြင်းပယ်ခြင်းကို ရင်ဆိုင်နိုင်ရန်အတွက်

သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝခြင်းကြောင့် ယုဒ လူတို့သည် ရှင်ပေါလုနှင့် ဗာနဗတို့ကို အန္တိအုတ်မြို့မှ နှင်ထုတ်ငြင်းပယ်ခဲ့ကြကြောင်း မှတ်တမ်းဥပမာ သာဓကရှိပါသည် (တမန်၊ ၁၃း၄၂-၅၁)။ ဤအမှုအရာ၌ ကြည့်သော် တမန်တော်တို့သည် သူတို့၏ အမှုတော်ဆောင်ရွက်ခြင်း၌ သန့်ရှင်းသော ဝိညာဉ်တော်နှင့် သာ အဓိကထား၍ ဆောင်ရွက်ခဲ့ကြောင်းကို ထင်ရှားပေါ်လွင်စေသည် (၁၃း၅၂)။

## (၁) ကြီးထွားသော ခရစ်ယာန်တို့အထဲ၌ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝခြင်း

ယုံကြည်သူတို့အား သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝကြရန် မိန့်တော်မူသည်ဖြစ်၍ (ဧဖက်၊ ၅း၁၈) ယုံကြည်သူရှိသမျှတို့သည် တစ်ချိန်လုံး ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းမရှိသည်ကို ကျွန်ုပ်တို့ ကောက်ချက်ချနိုင်ပါသည်။

အပြစ်သည် ယုံကြည်သူတို့အား ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းကို ဟန့်တားသည်ဖြစ်ရာ တန်ခိုးနှင့်ပြည့်ဝခြင်း သို့မဟုတ် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝခြင်းကိုလည်း ဟန့်တားမှုပြုနိုင်ကြောင်း ကျွန်ုပ်တို့ကောက်ချက်ချနိုင်ပါ သည် (၁ယော၊ ၁း၆)။ ဆက်လက်၍ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းသည် ကျွန်ုပ်တို့ ခရစ်ယာန် လိုက်လျှောက် ခြင်းကို ဖော်ပြထားပါသည်။ ထိုအရာမှာ "အလင်းထဲ၌ လျှောက်လှမ်းခြင်း" (ယော၊ ၈း၁၂၊ ၁၂း၃၅-၃၆။ ဧဖက်၊ ၅း၇-၁၀။ ၁ ယော၊ ၁း၇)ကို ညွှန်ပြပါသည်။ ယုံကြည်သူတို့သည် အပြစ်ပြုမိလိမ့်မည် (၁ ယော၊ ၁း၈-၁၀)။ ဤအရာသည် ကျွန်ုပ်တို့နှင့် ဘုရားသခင် မိတ်သဟာရဖွဲ့ခြင်းကို နာကျင် ထိခိုက်စေပါသည်။ သို့ဖြစ်၍ ယုံကြည်သူသည် မိမိအပြစ် ဒုစရိုက်များကို ဝန်ခံပြီး၊ "ငါတို့ အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာ တရားနှင့်ရင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်ရင်း ပြည့်စုံတော်မူ၏"ဟူသော ဂတိတော်ကို ယုံကြည်ခြင်း အားဖြင့် လက်ခံရပါမည် (၁ ယော၊ ၁း၉)။

သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းမှာ ပြည့်စုံစွာ ပြုတော်မူပြီး ဖြစ်ကြောင်း တပြိုင်တည်းဖြစ်ပျက်သော အရာတစ်ခုဖြစ်ကြောင်းနှင့် တစ်ဝက်တစ်ပျက် ပြည့်စုံခြင်း၊ တိုးပွားခြင်းသဘောမဟုတ်ကြောင်းကို ရှင်းလင်းစွာ မှတ်သားရန် လိုပါသည်။ တစ်စုံတစ်ဦးသည် သန့်ရှင်းသောဝိညာဉ်တော်နှင့် တစ်ဝက်တစ်ပျက် ပြည့်ဝခြင်း သို့မဟုတ် တစ်စိတ်တစ်ပိုင်း ပြည့်ဝခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝခြင်းမှာ ခရစ်ယာန် တစ်ဦး၏ အသက်တာရင့်ကျက်ခြင်း မဟုတ်ကြောင်း ငြင်းဆိုရန် ကိုးကား

ချက်မရှိပါ။ သို့ဖြစ်၍ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝခြင်းမှာ (၁) ယုံကြည်သူများ အားလုံးတို့ ရရှိနိုင်ပါသည်။ သူတို့၏ အသက်တာရင့်ကျက်ခြင်းရှိမရှိပေါ်၌ မူတည်ခြင်း မရှိပါ။ (၂) ထိုအရာမှာ ပြီးပြည့်စုံပြီးဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်အား ခုခံတားဆီး နိုင်ကြောင်း ရှင်းလင်းစွာ မြင်နိုင်ပါသည် (တမန်၊ ၇း၅၁)။ သို့ဖြစ်၍ ယုံကြည်သူ တစ်ဦးချင်းတို့သည် ဝိညာဉ်တော်နှင့် ပြည့်ဝရမည့်အကြောင်း ကြိုးစား အားထုတ် ကြရပါမည်။

ဤအချက်အလက်များမှ ကျွန်ုပ်တို့စုဆောင်းရရှိသည်မှာ သန့်ရှင်းသော ဝိညာဉ် တော်နှင့် ပြည့်ဝခြင်းသည် ပြီးပြည့်စုံသော လုပ်ဆောင်ချက်တစ်ခုဖြစ်၍ ယုံကြည်သူ တို့သည် ခရစ်ယာန်အသက်တာ၌ အသက်ရှင်ရန် တန်ခိုးဖြစ်ပါကြောင်း ကျွန်ုပ်တို့ ကောက်ချက်ချ နိဂုံးချုပ်နိုင်ပါသည်။ မည်သို့ပင်ဆိုစေ၊ ဤအရာမှာ ခရစ်ယာန် အသက် တာ၌ ဦးတည်ချက် မဟုတ်ပါ။ သို့သော်လည်း ထိုအရာမှာ ခရစ်ယာန် အသက်တာကို အစပြုခြင်းနှင့်တည်မြဲစေခြင်း သော့ချက်တစ်ခုဖြစ်ပါသည်။

သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝစေခြင်းကို ကြီးထွားစေသော အထူး အရေးပါသည့် အချက်လေးချက်တို့မှာ ဘုရားသခင်ကို ချီးမွမ်းခြင်းတန်ခိုး (အပြင်ပိုင်း ဖော်ထုတ်ခြင်း)၊ ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခြင်း (အတွင်းပိုင်း ဖော်ထုတ်ခြင်း)၊ ဘုရားသခင်အား ကျေးဇူးတင်ရှိခြင်းနှင့် တစ်ဦးပေါ်တစ်ဦး ဆက်ကပ်အပ်နှံခြင်း စသည် တို့ဖြစ်ပါသည် (ဧဖက်၊ ၅း၁၉-၂၁)။

## ၁၃။ ဆုတောင်းခြင်း

သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝခြင်းအခန်းတွင် အဆက်မပြတ်ရှိခြင်း၏ အရေးကြီးပုံကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ပါသည်။ ဤနေရာ၌လည်း ကျွန်ုတို့အား "ဝိညာဉ် တော်ထဲ၌ ဆုတောင်းရန်"အရေးကြီးပုံကို သွန်သင်ထားပါသည်။ ထိုအရာမှာ သန့်ရှင်း သော ဝိညာဉ်တော်တရားနှင့် ကျွန်ုပ်တို့ဆက်သွယ်ခြင်းကို ညွှန်ပြထားပါသည် (ဧဖက်၊ ၆း၁၈။ ယုဒ၊ ၁း၂၀-၂၁)။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းအသက်တာထဲ၌ ကျွန်ုပ်တို့

ဆုတောင်းသည်နှင့်အမျှ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းဖြစ်သည်မှာ ထင်ရှားလှပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် အဆက်မပြတ် မိမိတို့၏ အပြစ်ဒုစရိုက်များကို လက်တွေ့ဝန်ခံကြရပါမည် (၁ ယော၊ ၁း၉)။

ကျွန်ုပ်တို့သည် အဘယ်သို့ဆုတောင်းရမည်ကို မသိနိုင်သော အချိန်အခါရှိပါလိမ့်မည်။ မည်သည့်စကားလုံးများကို အသုံးပြုကြရမည်အကြောင်း သို့မဟုတ် ကျွန်ုပ်တို့သည် အမှန်စင်စစ် မည်သည့်အရာကို ပြောဆိုရန် ကြိုးစားနေကြကြောင်းကိုပင် မသိကြပဲနေတတ်၏။ ဤသို့ဖြစ်ပေါ်သောအခါ ခမည်းတော်၏ ရှေ့မှောက်တော်၌ ကျွန်ုပ်တို့ဆုတောင်းရမည့်အရာများကို သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့ အတွက်ကိုယ်စားပြု မစတော်မူကြောင်း ကျွန်ုပ်တို့သိနားလည်နိုင်ပါသည်

(ရောမ၊ ၈း၂၆-၂၇)။

## ၁၄။ သေချာစိတ်ချစေခြင်း

သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်အခန်းကဏ္ဍတွင် ယုံကြည်သူတို့အား ကယ်တင်ခြင်းနှင့် ထာဝရ ကာလမင်္ဂလာရှိကြောင်းများ သေချာစိတ်ချမှုကို ပေးပါသည်။ ကျွန်ုပ်တို့အား "ငါတို့သည် ဘုရားသခင်၏ သားဖြစ်ကြောင်း" ကျွန်ုပ်တို့သည် "ခရစ်တော်နှင့်အတူ ဆက်ဆံသောအမွေခံဖြစ်ကြောင်း ဝိညာဉ်တော်သည် သက်သေခံ၏"ဟူ၍ ပြောဆိုထားပါသည် (ရောမ၊ ၈း၁၆-၁၇)။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ ထာဝရကာလနှင့်ဆိုင်ရာ အမွေခံခြင်း၏ "ဂတိတော်(အာမခံ)" ဖြစ်ပါသည် (ဧဖက်၊ ၁း၁၃-၁၄)။

## ၁၅။ ကိုယ်စားပြုခြင်း (ကြားဝင်တောင်းပန်ခြင်း)

ကျွန်ုပ်တို့သည် မိမိတို့၏ဆန္ဒများကို ထုတ်ဖော်ခြင်း မပြုနိုင်လောက်အောင် အားနည်းနေသောအခါမှာလည်း ခမည်းတော် သိမြင်တော်မူမည့်အကြောင်း သန့်ရှင်းသော ဝိညာဉ်တော်က သေချာစွာ ဆောင်ရွက်ပေးတော်မူပါသည် (ရောမ၊ ၈း၂၆)။

## ၁၆။ လက်ဆောင်ပေးခြင်း

ယေရှုခရစ်တော်သည် ခမည်းတော်ထံသို့ တဖန်ပြန်၍ တက်ကြွသွားတော်မူသောအခါ လူတို့အားလက်ဆောင်များကို ပေးတော်မူခဲ့ပါသည် (ဧဖက်၊ ၄း၁၁)။ ဤဝိညာဉ်ရေးရာ ဆုကျေးဇူးများမှာ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ယုံကြည်သူတို့အား ဝေမျှပေးကမ်းခဲ့သည့် ကျေးဇူးများဖြစ်ပါသည်

(၁ ကော၊ ၁၂း၁၁၊ ၁၈။ ဟေဗြဲ၊ ၂း၄)။

ဝိညာဉ်ပိုင်းဆိုင်ရာ ဆုကျေးဇူးတစ်ခုမှာ အထူးထက်မြက်သော အရည်အသွေးတို့သည် (သာမန်အရည်အချင်းများကိုကျော်လွန်၍) ဘုရားသခင် ပေးတော်မူခြင်းဖြစ်၍ ခရစ်တော်၏ ကိုယ်အင်္ဂါကို အကျိုးပြုရန် အသက်တာ၌ အထူးကျင့်ဆောင်ဖို့ဖြစ်ပါသည် (၁ ကော၊ ၁၂)။ ယုံကြည်သူတစ်ဦးချင်းတို့၌ ဆုကျေးဇူးတစ်မျိုးစီရှိကြပြီး၊ အခြားသော ယုံကြည်သူတို့အား အစေခံခြင်းတွင် အသုံးပြုဖို့ဖြစ်ပါသည် (၁ ပေတရု၊ ၄း၁၀)။

ဝိညာဉ်ရေးရာဆုကျေးဇူးသည် သဘာဝ သို့မဟုတ် ပုံမှန်အရည်အချင်း မဟုတ်ပါ။ သို့သော် သန့်ရှင်းသော ဝိညာဉ်တော်သည် သင်၏သဘာဝအရည်အချင်းကို ဖြည့်စွမ်းအသုံးပြုတော်မူပြီး၊ ဝိညာဉ်ရေးရာ ဆုကျေးဇူးအားဖြင့် အံ့ဖွယ် အရည်အချင်းများကို ဖြစ်ပေါ်အသုံးပြုစေပါမည် (ရောမ၊ ၁၂း၈)။

သင်၏ဝိညာဉ်ရေးရာဆုကျေးဇူးများကို အပြည့်အဝတည်စေရန်အတွက် အချို့သော သာမန်အရည်အချင်းများကို လည်း သင်လိုအပ်နိုင်ပါသည်။ ဥပမာ-သင့်အား သွန်သင်ခြင်းပိုင်းဆိုင်ရာ အတတ်ပညာ ဆုကျေးဇူးကို ပေးတော်မူပြီးသားဖြစ်ခဲ့ပါက (ရောမ၊ ၁၂း၇။ ၁ ကော၊ ၁၂း၂၈။ ဧဖက်၊ ၄း၁၁) သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လေ့လာသင်ကြားရန် လိုအပ်ပါလိမ့်မည်ဖြစ်၏ (၂ တိမောသေ၊ ၂း၁၅)။ ပြီးနောက် “သူ့အတတ်ပညာများကို ထိရောက်စွာ အသုံးပြုနည်း” ကိုလည်း လေ့လာသင်ကြားထိုက်ပါသည်။ ဝိညာဉ်ဆုကျေးဇူးတော်အား အကောင်းဆုံး အသုံးချနိုင်ရန် ဖြစ်လေသည်။

ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာ ဆုကျေးဇူးများတို့ နှင့် ပတ်သက်၍ အကျယ်ချဲ့ လေ့လာခြင်းကို နောက်ပိုင်းအခန်း၌ ဆက်လက်ဆွေးနွေးပါလိမ့်မည်။

## ၁၇။ သွန်သင်ခြင်း

သန့်ရှင်းသော ဝိညာဉ်တော်၏ အရေးကြီးသောလုပ်ဆောင်ချက် အခန်းကဏ္ဍ တစ်ခုမှာ ကျွန်ုပ်တို့အား ဘုရားသခင်၏ အကြောင်းအရာများတို့ကို သွန်သင်ပေးတော်မူ ခြင်းပင်ဖြစ်ပါသည် (ယောဟန်၊ ၁၄း၂၆)။ သူသည် ကျွန်ုပ်တို့အား အထူးလိုအပ်မှုနှင့် အညီ အထူးလျင်မြန်စွာ သွန်သင်ပေးနိုင်ပါသည် (လုကာ၊ ၁၂း၁၁-၁၂) သို့မဟုတ် သူသည် ကျွန်ုပ်တို့ကိုယ်တိုင် လေ့လာသင်ကြားခြင်း၏ အခန်းကဏ္ဍအားဖြင့်လည်း ခွန်အားပွားများရန် ပို့ဆောင်နိုင်ပါသည် (ယောဟန်၊ ၁၆း၁၃-၁၅)။

သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြမှုဖြင့်သာ ဝိညာဉ်နှင့်ဆိုင်သောအရာ များကို ကျွန်တော်တို့ ကောင်းမွန်စွာသိရှိနိုင်သည် (၁ ကော၊ ၂း၁၀-၁၆)။

## ၁၈။ လမ်းပြစောင့်ထိန်းတော်မူခြင်း

သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်ယာန်အသက်တာတစ်လျှောက်၌ ကျွန်ုပ်တို့၏ လမ်းပြပို့ဆောင်သူဖြစ်ပါသည်။ တစ်ခါထပ်၍ ပြောပါရစေ။ သူသည် ကျွန်ုပ်တို့အား လမ်းပြပို့ဆောင်သူကြီးဖြစ်ပါသည်။ သူသည် ကျွန်ုပ်တို့အား လမ်းပြ ပို့ဆောင်သူအနေဖြင့် သူ၏အခြေခံကျသော ဦးတည်ချက်မှာ ကျွန်ုပ်တို့အား ယေရှုခရစ် တော်အကြောင်းကို သွန်သင်ပေးရန်ဖြစ်ပါသည် (ယောဟန်၊ ၁၆း၁၃)။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော်ကဲ့သို့ဖြစ်လာနိုင်ကြပါမည် (၁ ကော၊ ၁၁း၁။ ဧဖက်၊ ၅း၁)။

ဘုရားသခင်၏ အလိုတော်သည် သူ၏နှုတ်ကပတ်တော်အားဖြင့် ရှင်းလင်းစွာ ဖွင့်ပြတော်မူသည့် နေရာမျိုးတွင် ဥပမာ ကိုယ်ကျင့်တရားပိုင်ဆိုင်ရာ၌ (၁ တိမောသေ၊ ၁း၈-၁၁။ ရောမ၊ ၈း၁၂-၁၄)။ သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြပို့ဆောင်ခြင်းမှာ ထင်ရှားလျက်ရှိပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် သမ္မာကျမ်းစာကို မှုတ်သွင်း

တော်မူသည်ဖြစ်ရာ (၂ တိမောသေ၊ ၃း၁၀-၁၆။ ၂ ပေတရု ၁း၂၁)။ ကျွန်ုပ်တို့သည် ရေးသားခဲ့သည့် ကျမ်းစာပေါ်၌ သူ၏အလိုတော်ကို သိရှိနိုင်ပြီး၊ ထိုအရာမှာ ကျွန်ုပ်တို့ အတွက် လမ်းပြပို့ဆောင်ခြင်းဖြစ်ပါသည်။

ဘုရားသခင်၏ အထူးအကြံအစည်တို့ကို သူ၏နှုတ်ကပတ်တော်ထဲ၌ ရှင်းလင်းစွာ ဖွင့်ပြတော်မူခြင်းမရှိသော အခါမျိုးတွင်လည်း ကျွန်ုပ်တို့အနေဖြင့် ဘယ်အရာကို ရွေးသင့်သည်ကို သင်ကြားပေးပါသည်။ ဥပမာ ကောင်းသောအရာများ တို့ကြားမှ ရွေးချယ်စရာအကြောင်း ပေါ်လာသောအခါ "ကျွန်ုပ်တို့သည် ကိုယ်တော်၏ အလိုတော်ထဲသို့ မိမိကိုယ်ကိုကိုယ် သန့်ရှင်းသော ယဇ်အဖြစ်ပူဇော်ခြင်း"ကဲ့သို့ ဆက်ကပ်အပ်နှံကြရပါမည် (ရောမ၊ ၁၂း၁)။ သို့မှသာ ကျွန်ုပ်တို့သည် ထိုအမှုကိစ္စနှင့်ပတ်သက်၍ ကိုယ်တော်၏ အလိုတော်ကို သိရှိလာနိုင်မည်ဖြစ်ပါသည် (ရောမ၊ ၁၂း၂)။

သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြပို့ဆောင်မှုနှင့်ပတ်သက်၍ အခြားသော ဥပမာများမှာ (တမန်၊ ၈း၂၉၊ ၁၀း၁၉-၂၀၊ ၁၃း၂-၄၊ ၁၆း၆-၇၊ ၂၀း၂၀-၂၃ )တို့၌ ကြည့်ပါ။

## ၁၉။ အသီးသီးခြင်း

အတွင်းပိုင်း၌ တည်ရှိနေသည့် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အားဖြင့် အသီးသီးစေရန် အလိုဆန္ဒ ရှိပါသည်။ ဤအသီးတို့အားဖြင့် အသီးသီးစေရန် အလိုဆန္ဒရှိပါသည်။ ဤအသီးမှာ "ချစ်ခြင်းမေတ္တာမှစသည့် ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ သနားခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာရှိခြင်း၊ နူးညံ့သိမ်မွေ့ခြင်းနှင့် ကာမဂုဏ်ချုပ်တည်းခြင်းများ" ဖြစ်ပါသည် (ဂလာတိ၊ ၅း၂၂-၂၃)။ ဤအသီးကိုသီးရန်မှာ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်အား ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာ လျှောက်လှမ်းခြင်းထဲ၌ တန်ခိုးကို ပေးစေတော်မူရန် အခွင့်ပေးရပါမည် (ဂလာတိ၊ ၅း၁၆၊ ၂၅)။ သို့ဖြစ်မှသာ အသွေးအသားနှင့် အပြစ်တရား၏ လုပ်ဆောင်ချက်များကို ကျွန်ုပ်တို့အနေဖြင့် အောင်နိုင်မည်ဖြစ်ပါသည် (ဂလာတိ၊ ၅း၁၇-၂၁)။

## ၂၀။ ဝမ်းမြောက်ခြင်းနှင့် ရွှင်လန်းခြင်း

သန့်ရှင်းသော ဝိညာဉ်တော်သည် ဝမ်းမြောက်ခြင်းကို ကျွန်ုပ်တို့၏ အတွင်းပိုင်း၌ အားဖြည့်သွန်းလောင်းသောအခါ ကျွန်ုပ်တို့၏ အပြင်ပိုင်း ရွှင်လန်းခြင်း ပေါ်ထွက်လာမည်ဖြစ်ပါသည်။ ဤသို့သော ဝမ်းမြောက်ခြင်းသည် ညှင်းပန်းနှိပ်စက်ခြင်းကို ကြုံတွေ့ရသော ကာလ၌ပင် ပေါ်လာနိုင်ပါသည် (၁ သက်၊ ၁း၆)။ ဤအရာများမှာ မကြာခဏဆိုသလို အခြားသောသူများစွာတို့၏ အကျိုးအတွက် တုန့်ပြန်သော ခမည်းတော်၏ ကောင်းကြီးမင်္ဂလာဖြစ်၍ လူတစ်ဦးချင်း ခံစားရသည်ထက် ပိုမိုအဓိပ္ပါယ် လေးနက်ပါသည် (လုကာ၊ ၁၀း၂၁)။

## ၂၁။ စီးထွက်လာသော ချစ်ခြင်းမေတ္တာ

ယေရှုခရစ်ကို ယုံကြည်သောသူတစ်ဦး၏ အတွင်းအထဲ၌ သန့်ရှင်းသော ဝိညာဉ်တော် တည်ရှိတော်မူသောအခါ သူသည် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့်ယှဉ်သော စစ်မှန်သည့်ချစ်ခြင်းမေတ္တာကို သူနှင့်အတူ ယူဆောင်လာကာ စိတ်ညစ်ခြင်း၊ မနှစ်မြို့ခြင်းနှင့်ကင်းသော မျှော်လင့်ခြင်းကိုလည်း ဖြစ်ပေါ်စေပါသည် (ရောမ၊ ၅း၅)။

## ၂၂။ ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်း

ယုံကြည်သူ၏အသက်တာထဲ၌ သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရားသခင်၏ နိုင်ငံတော်တွင် အရေးအကြီးဆုံးသော ကောင်းကြီးမင်္ဂလာများမှာ ကိုယ်ကာယပိုင်းဆိုင်ရာများထက် ဝိညာဉ်ပိုင်းဆိုင်ရာဖြစ်ကြောင်း ဖွင့်ပြတော်မူပါသည် (ရောမ၊ ၁၄း၁၇)။

## ၂၃။ တန်ခိုးနှင့်ပြည့်စေခြင်း

သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူတို့ထံသို့ တန်ခိုးကို သူနှင့်အတူ ယူဆောင်လာပါသည်။ ထို့ကြောင့် ယုံကြည်သူသည် ကြွယ်ဝသော မျှော်လင့်ခြင်းကို ပိုင်ဆိုင်ရရှိနိုင်ပြီး (ရောမ၊ ၁၅း၁၃)။ တစ်ဖန် သူသည် ထာဝရကာလနှင့် ကောင်းကင်ဆိုင်ရာ ဧဝံဂေလိတရားကို ဟောပြောရန် တတ်စွမ်းနိုင်မည်ဖြစ်ပါသည် (၁ ပေတရု၊ ၁း၁၂)။

## ၂၄။ သန့်ရှင်းစေခြင်း

ကျွန်ုပ်တို့အား ဘုရားသခင်ထံသို့ "သီးသန့်ခွဲထားသောသူ၊ သန့်ရှင်းစေခြင်း" ဖြစ်ကြပါသည်။ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင် လက်ခံနိုင်ဖွယ်သော ချီးမွမ်းခြင်း ယဇ်ကို ပူဇော်နိုင်မည်ဖြစ်ပြီး အခြားသောသူများအတွက် ကောင်းသောအရာများကို လုပ်ဆောင်နိုင်မည်ဖြစ်ပါသည် (ရောမ၊ ၁၅း၁၆။ ဟေဗြဲ၊ ၁၃း၁၅-၁၆)။ ဤသန့်ရှင်း စေခြင်း၌ ကိုယ်ကျင့်တရားပိုင်ဆိုင်ရာလည်း ပါဝင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်ကျင့်တရားပျက်ပြား ဖောက်ပြန်ခြင်း၌ ပါဝင်သောသူတို့သည် မိမိတို့၏ ဝိညာဉ်ရေးဆိုင်ရာ တိုးပွားကြီးထွားခြင်းကို တဖြည်းဖြည်းနှင့် အားနည်းစေကြကာ နောက်ဆုံး၌ ရပ်ဆိုင်းသွားတတ်ကြပါသည် (၁ သက်၊ ၄း၁-၈)။ ကျွန်ုပ်တို့၏ သန့်ရှင်းခြင်းဆိုင်ရာ အပိုင်း၌ သန့်ရှင်းသော ဝိညာဉ်တော်အား သူသည် သန့်ရှင်းတော်မူ သည့်နည်းတူ ကျွန်ုပ်တို့အားလည်း "သန့်ရှင်း"စေခြင်း အခွင့်ကို ပေးပါမည် (၁ ပေ၊၁း၁၆)။

## ၂၅။ မိတ်သဟာရဖွဲ့ခြင်း

သန့်ရှင်းသော ဝိညာဉ်တော်သည် ယေရှုခရစ်တော်၏ ကျေးဇူးတော်နှင့် ခမည်းတော်၏ ချစ်ခြင်းမေတ္တာတော်ကို အခြေခံသော မိတ်သဟာယဖွဲ့ခြင်းကို ယုံကြည်သူများတို့အကြား၌ တည်ထောင်ပေးသောသူ ဖြစ်ပါသည် (၂ ကော၊ ၁၃း၁၄)။

## ဂ။ သန့်ရှင်းသောဝိညာဉ်တော်အား အောက်ပါအတိုင်း ခံစားနားလည် နိုင်သည်။

"တစ်ပါးသော ဥပဇ္ဈာယ်ဆရာ" ယေရှုကဲ့သို့ နှစ်သိမ့်သက်သာစေတော်မူခြင်းနှင့် တိုက်တွန်းနှိုးဆော်ခြင်း အမှုတော် ဆောင်ရွက်သည်ကို ညွှန်ပြပါသည်

(ယောဟန်၊ ၁၄း၁၆)။

"အနန္တတန်ခိုးရှင်၏ အသက်တော်" အသက်ကိုပေးရာတွင် သူ၏တန်ခိုးတော် ကို ညွှန်ပြပါသည် (ယောဘ၊ ၃၂း၈၊ ၃၃း၄)။

"ဆုကျေးဇူး" ဘုရားသခင်ထံမှလာသော ဆုကျေးဇူးအနေဖြင့် သူ၏မျက်မှောက်

ကာလ တည်ရှိနေတော်မူခြင်းကို ညွှန်ပြပါသည် (တမန်၊ ၂း၃၈။ ၈း၁၉-၂၀။ ၁၀း၄၅)။

"ဥပဇ္ဈာယ်ဆရာ" လူတို့အား သမ္မာတရားကို သွန်သင်ရာတွင် သူ၏တိုက်တွန်းနှိုးဆော်ခြင်းကို ညွှန်ပြပါသည် (ယောဟန်၊ ၁၄း၂၆)

"အာမခံ" ကျွန်ုပ်တို့၏ ကယ်တင်ခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့အားပေးတော်မူသော အမှတ်လက္ခဏာကို ညွှန်ပြပါသည် (၂ ကော၊ ၁း၂၂၊ ၅း၅။ ဧဖက်၊ ၁း၁၄)။

"ဂတိတော်" ဘုရားသခင်၏ အကြံအစည်တော်ထဲ၌ သူ၏လုပ်ဆောင်ချက်အခန်းကဏ္ဍကို ညွှန်ပြပါသည် (တမန်တော်၊ ၂း၃၃။ ဧဖက်၊ ၁း၁၃)။

"ဝိညာဉ်တော် အမွေခံ" ကျွန်ုပ်တို့အား ဘုရားသခင်၏ အိမ်ထောင်မိသားစုထဲသို့ အမွေခံရန် ပို့ဆောင်ပေးတော်မူသော သူ၏ လုပ်ဆောင်ချက်အခန်းကို ညွှန်ပြပါသည် (ရောမ၊ ၈း၁၅)။

"တရားစီရင်သော ဝိညာဉ်နှင့် မီးလောင်သောဝိညာဉ်" သူသည် ဘုရားကဲ့သို့ပင် သူ၏ဖြောင့်မတ်ခြင်းနှင့် တရားမျှတခြင်းကို ညွှန်ပြပါသည် (ဟေရှာယ၊ ၄း၄)။

"ခရစ်တော်၏ ဝိညာဉ်" ယေရှုခရစ်တော်၏ နိမ့်ချခြင်း လူသားအဖြစ်ခံယူခြင်းထဲ၌ သူ၏လုပ်ဆောင်တော်မူချက်ကို ညွှန်ပြပါသည်
(ရောမ၊ ၈း၉။ ဖိလိပ္ပိ၊ ၁း၁၉။ ၁ ပေတရု၊ ၁း၁၁)။

"ကြံစည်တတ်စွမ်းနိုင်သောသတ္တိကိုပေးသော ဝိညာဉ်" သူသည် လိုအပ်နေသော သူတို့ကို ပေးနိုင်ရန် သနားခြင်းနှင့် မစထောက်ပံ့ခြင်းကို ညွှန်ပြပါသည်
(ဟေရှာယ၊ ၁၁း၂)။

"ယုံကြည်သောဝိညာဉ်တော်" သူ၏ထိုက်တန်မှုကို ယုံကြည်ရန် ညွှန်ပြသည် (၂ကော၊ ၄း၁၃)။

"ဘုန်းကြီးသော ဝိညာဉ်တော်" သူ၏ကိုယ်ပိုင်ကြီးမြတ်တော်မူခြင်းကို ညွှန်ပြပါသည် (၁ ပေတရု၊ ၄း၁၄)။

“ဘုရားသခင်၏ ဝိညာဉ်တော်” သူပိုင်ဆိုင်သော ဘုရားသခင်၏ သဘော သဘာဝကို ညွှန်ပြပါသည် (ကမ္ဘာ၊ ၁း၂။ ထွက်၊ ၃၁း၃။ ၃၅း၃၁။ တောလည်၊ ၂၄း၂။ ၁ ရာ၊ ၁၀း၁၀။ ၁၁း၆။ ၁၉း၂၀၊ ၂၃။ ၆ ရာ၊ ၁၅း၁။ ၂၄း၂၀။ ယောဘ၊ ၃၃း၄။ ဆာလံ၊ ၁၀၆း၃၃။ ယေဇကျေလ၊ ၁၁း၂၄။ မဿဲ၊ ၃း၁၆။ ၁၂း၂၈။ ရောမ၊ ၈း၉၊ ၁၄။ ၁ ကော၊ ၂း၁၁၊ ၁၄။ ၇း၄၀။ ၁၂း၃။ ဧဖက်၊ ၄း၃၀။ ဖိလိပ္ပိ၊ ၃း၃။ ၁ ယော၊ ၄း၂)။

“ဘုရားသခင်၏ ဝိညာဉ်တော်” သူသည်ဘုရားသခင်ဖြစ်တော်မူကြောင်း သူ၏သဘာဝကို ညွှန်ပြပါသည် (ကမ္ဘာ၊ ၄၁း၃၈)။

“ကျေးဇူးတော်ကိုခံသောသဘော၊ ဆုတောင်းပဌနာပြုသောသဘော” ကျေးဇူးတော်အရာ၌ သူ၏သဘောတော် နှင့် ဆုတောင်းခြင်းကို နားထောင်ရန် သူ၏ဆန္ဒရှိတော်မူကြောင်းကို ညွှန်ပြပါသည် (ဇာခရိ၊ ၁၂း၁၀)။

“သားတော်၏ ဝိညာဉ်တော်” သုံးပါးတစ်ဆူဘုရားဖြစ်တော်မူကြောင်းကို ညွှန်ပြပါသည် (ဂလာတိ၊ ၄း၆)။

“သန့်ရှင်းခြင်း၏ ဝိညာဉ်တော်” သူသည် သန့်ရှင်းတော်မူသော သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်သည်သာမက (သီးသန့်ခွဲထားခြင်း) ထိုသန့်ရှင်းခြင်းကို ဖွင့်ပြတော်မူသောသူလည်းဖြစ်ကြောင်း ဆိုလိုပါသည် (ရောမ၊ ၁း၄)။

“တရားစီရင်သော ဝိညာဉ်တော်” သူ၏တရားစီရင်တော်မူခြင်းကို ဖွင့်ပြတော်မူကြောင်း ညွှန်ပြပါသည် (ဟေရှာယ၊ ၄း၄)။

“တရားမျှတခြင်း၏ ဝိညာဉ်တော်” သူ၏အမှားအယွင်းမရှိခြင်းကို ညွှန်ပြပါသည် (ဟေရှာယ၊ ၂၈း၆)။

“ဉာဏ်ပညာနှင့် ဘုရားသခင်ကို ကြောက်ရွံ့သောဝိညာဉ်တော်” ထာဝရဘုရားသခင်ကို ကြည်ညိုလေးမြတ်ခြင်းသို့ ပို့ဆောင်ပေးသော ဉာဏ်ပညာကို သူပေးတော်မူကြောင်း ညွှန်ပြပါသည် (ဟေရှာယ၊ ၁၁း၂)။

"ဝိညာဉ်တော်၏အသက်" ဝိညာဉ်ရေးရာအသက်ကို သူပေးပိုင်တော်မူကြောင်း ညွှန်ပြပါသည် (ရောမ၊ ၈း၂)။

"ငါတို့ဘုရားသခင်၏ ဝိညာဉ်တော်" ဘုရားသခင် ဖွင့်ပြတော်မူသော အသင်းတော်၏ အသက်တာထဲ၌ သူ၏ လုပ်ဆောင်တော်မူချက်ကို ညွှန်ပြပါသည် (၁ ကော၊ ၆း၁၁)။

"အသက်ရှင်တော်မူသော ဘုရားသခင်၏ ဝိညာဉ်တော်" ဘုရားသခင်နှင့် ရုပ်တုတို့ကြား၌ ပဋိညာဉ်စာချုပ် ဖြစ်ပါသည် (၂ ကော၊ ၃း၃)။

"ထာဝရဘုရား၏ဝိညာဉ်တော်" သခင်အတွက် သူ၏ကူညီမစတော်မူခြင်းကို ညွှန်ပြပါသည် (လုကာ၊ ၄း၁၈။ တမန်၊ ၅း၉။ ၈း၃၉။ ၂ ကော၊ ၃း၁၇)။

"စစ်မှန်သောဝိညာဉ်တော်" အဘယ်ကြောင့်ဆိုသော သူ၏အထဲ၌ မုသား လုံးဝ မရှိပါ (ယောဟန်၊ ၁၄း၁၇။ ၁၅း၂၆။ ၁၆း၁၃။ ၁ ယော၊ ၄း၆။ ဟေရှာယ၊ ၆၁း၁)။

"ဘုရားသခင် ထာဝရဘုရား၏ ဝိညာဉ်တော်" ထာဝရဘုရား သူ၏သခင် အတွက် သူ၏ကူညီမစတော်မူခြင်းကို ညွှန်ပြသည် (ယော၊ ၅း၉၊ ၈း၃၉။ ၂ကော၊ ၃း၁၇)။

"ဉာဏ်ပညာနှင့် နားလည်ခြင်း၏ဝိညာဉ်တော်" ဘဝအသက်တာ၌ ခံယူကျင့်သုံးနိုင်ရန် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မှန်ကန်စွာ နှိုင်းယှဉ်ခြင်းနှင့် အသုံးပြုခြင်းကို ပေးပိုင်တော်မူသော အရည်အချင်းကို ညွှန်ပြပါသည် (ဟေရှာယ၊ ၁၁း၂)။

"ဉာဏ်ပညာနှင့် ဗျာဒိတ်တော်၏ ဝိညာဉ်တော်" ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မှန်ကန်စွာ အသုံးပြုရန် တစ်စုံတစ်ဦးအား ပို့ဆောင်ရန် အရည် အချင်းကို ညွှန်ပြပါသည်။ သို့မှသာ ခရစ်တော်ကို ပိုမို၍ သိရှိမည်ဖြစ်၏ (ဧဖက်၊ ၁း၁၇)။

"အနန္တတန်ခိုးရှင်၏အသံတော်" ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဆက်သွယ် ပို့ဆောင်ပေးသူဖြစ်ကြောင်းကို ညွှန်ပြပါသည် (ယေဇကျေလ၊ ၁း၂၄)။

"ထာဝရဘုရား၏အသံတော်" အထွတ်အထိပ်သို့ရောက်သော အခွင့်တန်ခိုး အာဏာအတွက် ဆက်သွယ်ပေးပိုင်တော်မူကြောင်းကို ညွှန်ပြပါသည် (ဟေရှာယ၊ ၆း၈)။

# အခန်း (၆)

# ဘုရားသခင်၏
# ဖြစ်ပွားစေတော်မူခြင်းဆိုင်ရာ
# အနှစ်သာရများ

# အပိုင်း (၁)

## ဖန်ဆင်းတော်မူခြင်း

သမ္မာကျမ်းစာပထမဆုံးအခန်းငယ်ထဲ၌ ကျွန်ုပ်တို့ အား "အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူ၏"ဟူ၍ ပြောပြထားပါသည် (ကမ္ဘာ၊ ၁း၁)။ "ဖန်ဆင်းသည်"ဟူသည် စကားလုံးကို ဟေဗြဲဘာသာဝေါဟာရစကားလုံး BARA ဗာရားဖြစ်ပြီး၊ အဓိပ္ပာယ်မှာ "တစ်စုံတစ်ခုကို အစပြုရန် အသစ်ဖြစ်စေ သည်"[၁၀၂] ဟူ၍ ဆိုလိုပြီး "ဘာမှမရှိခြင်းမှ တစ်စုံတစ်ခုကို ဖန်ဆင်းခြင်း"[၁၀၃] ဟူ၍လည်း ဆိုလိုပါသည်။ အရာဝတ္ထုများကို အသက်ရှင်တည်ရှိစေရန် "BARA - ဗာရား"ဟူသော စကားလုံးကို ဘုရားသခင်သာလျှင် မိန့်တော်မူနိုင်ပါသည်။

ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းကြောင်းကို သမ္မာကျမ်းစာ၌ အခြားမြောက်များစွာသော ကျမ်းချက်များ၌လည်း ဖော်ပြထားပါသည် (ဟေရှာယ၊ ၄၀း၂၆-၂၈။ ၄၂း၅။ ၄၅း၁၂၊ ၁၈)။ ဤအချက်မှာ လူသားတို့၏ အကြီးမားဆုံးသော မေးခွန်းများထဲတွင် တစ်ခုဖြစ်၍ ပြောဆိုလက်ခံရန် အရေးကြီးပါသည်။ အဖြေမှာ ဘုရားသခင်သည် လူကိုဖန်ဆင်းတော်မူ၏ဟူ၍ ဖြစ်ပါသည်။ ဟေဗြဲကျမ်းစာကို ရေးသားခဲ့သောသူက ကျွန်ုပ်တို့အား "ယခုမြင်ရသော အရာတို့သည် အရင်ထင်ရှားသော အရာထဲကမဖြစ်ဘဲ လောကဓါတ်တို့သည် ဘုရားသခင်၏ အမိန့်တော်ကြောင့်သာ ဖြစ်တည်သည်ကို ငါတို့သည် ယုံကြည်ခြင်းအားဖြင့် သိကြ၏" (ဟေဗြဲ

၁၁း၃)။ ဘုရားသခင် နှုတ်မြွက်တော်မူခြင်းအမိန့်တော်အားဖြင့် ခပ်သိမ်းသောအရာများ တည်ရှိလာကြောင်းကို ကျွန်ုပ်တို့အား ပြောပြခဲ့ပါသည်။ ဖန်ဆင်းခြင်းသည် ဘုရားသခင်၏ အခွင့်အာဏာတော်နှင့် တန်ခိုးတော်အားဖြင့်သာ အသက်ရှင်တည်ရှိလာခဲ့ခြင်းဖြစ်ပါသည်။ ဆင့်ကဲဖြစ်စဉ်သဘောအရ တည်ရှိလာခဲ့ခြင်း မဟုတ်ပါ

(ဆာလံ၊ ၃၃း၆။ ၁၄၈း၄-၅)။

ဘုရားသခင်သည် အသက်ဝိညာဉ်အားလုံးတို့ကို ဖန်ဆင်းတော်မူကြောင်း သမ္မာကျမ်းစာ၌ ပြောပြထားပါသည် (ကမ္ဘာ၊ ၁း၂၁)။ လူတို့၏ စိတ်ဝိညာဉ်များ အပါအဝင်ဖြစ်ပါသည် (ကမ္ဘာ၊ ၁း၂၇။ ၅း၂။ ၆း၇။ ဟေရှာယ၊ ၄၅း၁၂)။ ထို့နောက် သူသည် ဖန်ဆင်းခြင်းအမှုမှ အနားယူတော်မူ၏ (ကမ္ဘာ၊ ၂း၃-၄)။ မည်သို့ပင်ဆိုစေ အနာဂါတ်တွင် တစ်နေ့သောအခါမှာ သူသည် ကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ဖန်ဆင်းတော်မူမည်ဖြစ်ပါသည် (ဟေရှာယ၊ ၆၅း၁၇။ ၂ ပေတရု၊ ၃း၁၀-၁၃။ ဗျာ။ ၂၁း၁)။

# အပိုင်း(၂)

# ကောင်းကင်တမန်များ

## က။ ကောင်းကင်တမန်ဟူသည်

နှုတ်ကပတ်တော်သည် လူ့လောက၏အပြင်၌ ကောင်းကင်တမန်များရှိကြောင်းကို ဖော်ပြထားသည်။ သူတို့၏အကြောင်းကို ကျမ်းစာ၏အစ ကမ္ဘာဦးကျမ်းမှသည် နိဂုံးဗျာဒိတ်ကျမ်းထိတိုင် အကြိမ်ပေါင်းများစွာ တွေ့နိုင်လေသည်။ ကောင်းကင်တမန် (ANGEL)၏ အဓိပ္ပါယ်ကို ဟေဗြဲဘာသာအရ (MALACHI'AK) ဟူ၍လည်းကောင်း၊ ဂရိတို့အဆို အရ (AGGELOS) ဟူ၍လည်းကောင်း တွေ့ရပြီး တိုက်ရိုက်အဖြေမှာ "စေတမန်များ" ဟူ၍ အနက်အဓိပ္ပါယ်ရှိနေလေသည်။ သို့ဖြစ်၍ သူတို့သည် တွေးခေါ်မျှော်မြင်နိုင်သူများ၊ အဆက်အသွယ်ပြုနိုင်သူများပင်ဖြစ်သည်။ သူတို့၌ အသိဉာဏ်ရှိကြောင်းကို (မဿဲ၊ ၈း၂၉၊ ၂ကော၊ ၁၁း၃၊ ၁ပေ၊ ၁း၁၂)တွင် တွေ့ရပြီး ခံစားချက်ရှိကြောင်းကို (လုကာ၊ ၂း၁၃၊ ယာကုပ်၊ ၂း၁၉၊ ဗျာဒိတ်၊ ၁၂း၁၇)တို့အရ တွေ့မြင်နိုင်ပါသည်။ ထို့မျှမက သူတို့၌ ရွေးချယ်နိုင်သည့် စွမ်းပကားရှိသည်ကို (လုကာ၊ ၈း၂၈-၃၁၊ ၂တိ၊ ၂း၂၆၊ ယုဒ၊၆)တို့အရ သိနိုင်ပြီး သူတို့သည် ကိုယ်ပိုင် ဂုဏ်ဒြပ်ရှိသူများဟု နားလည်ရပါသည်။

သူတို့သည် ဝိညာဉ်ရေးဆိုင်ရာ သဘာဝရှိကြောင်းကို (ဟေဗြဲ၊ ၁း၁၄)တွင်ဖော်ပြလျှက် ဘုရားသခင်အလိုတော်ရှိချိန်မှာ လူ့သဘာဝကို ဆောင်ယူကြောင်း (လုကာ၊ ၂း၉၊ ၂၄း၄)တို့၌ တွေ့မြင်ရသည်။ လူသားတို့ထက် အဆင့်မြင့်သည်ကိုလည်း (ဟေဗြဲ၊ ၂း၇)အရ တွေ့ရပြန်ပေ၏။ ယင်းအချက်တို့အရ သဘာဝလူသားထက် အဆင့်မြင့်သော အသိဉာဏ် ရှိသည်ကို (ဗျာဒိတ်၊ ၁၀း၁-၃)အရ ကျွန်ုပ်တို့လည်း သိရပါသည်။ သို့သော်

သူတို့အနေဖြင့် အရာရာကို မတတ်စွမ်းနိုင်ခြင်းနှင့်ပတ်သက်၍ (၁ပေတရု၊ ၁း၁၂)အရလည်းကောင်း၊ အကြွင်းမဲ့တန်ခိုးတော်ကို ဘုရားသခင်ကဲ့သို့မပိုင်၊ အကြွင်းမဲ့ တည်ရှိခြင်းကိုလည်း ဘုရားသခင်ကဲ့သို့ မတတ်စွမ်းနိုင်သည်ကို (မဿဲ၊ ၂၅း၄၁)အရ လည်းကောင်း တွေ့ရပြန်လေသည်။ ကောင်းကင်တမန်တို့၏ ပုဂ္ဂိုလ်ရေး အမည်နာမ များကို ကျမ်းစာတွင် ၃ခုတွေ့ရှိရသည်။ ယင်းတို့မှာ မိက္ခေလ (ဒံယေလ၊ ၁၀း၁၃, ၂၁၊ ၁၂း၁၊ ယုဒ၊ ၁း၉၊ ဗျာဒိတ်၊ ၁၂း၇)။ ဂါဗြေလ (ဒံယေလ၊ ၈း၁၆၊ ၉း၂၁၊ လုကာ၊ ၁း၁၉, ၂၆)နှင့် မာရ်နတ်စာတန် (ဗျာဒိတ်၊ ၁၂း၉)တို့ ဖြစ်ကြသည်။

## ခ။ ကောင်းကင်တမန်ကို ဖန်ဆင်းသူ

သူတို့ကို ဘုရားသခင်ဖန်ဆင်းသည် (ဆာလံ၊ ၁၄၈း၂-၅)။ မြေကြီးကိုမတည်မီ ကတည်းကဖြစ်သည် (ယောဘ၊ ၃၈း၇)။ သူတို့သည် လူကဲ့သို့ မျိုးပွားခြင်းမရှိ သေဆုံးခြင်း လည်းမရှိ (လုကာ၊ ၂၀း၃၅-၃၆)။ ထို့ကြောင့် အရေအတွက်အားဖြင့် မပြောင်းလဲပါ။ သူတို့၏ အရေအတွက်ကို အတိအကျ မတွက်ဆနိုင်သော်လည်း များစွာရှိသည်ဟု ဆိုသည် (ဟေဗြဲ၊ ၁၂း၂၂၊ ဗျာဒိတ်၊ ၅း၁၁)။

(မဿဲ၊ ၅း၄၈)အရ ဘုရားသခင်သည် စုံလင်တော်မူပြီး အပြစ်နှင့်လုံးဝ ကင်းစင် တော်မူသည် (၂ကော၊ ၅း၂၁)။ သို့ဖြစ်၍ သူဖန်ဆင်းခြင်းများသည်လည်း ဆိုးသွမ်း မိုက်မဲခြင်း မဖြစ်နိုင်ပါ။ (ဆာ၊ ၅း၄) စေတမန်မာရ်နတ်သည်လည်း အပြစ်ကင်းမဲ့သော ကောင်းကင်တမန်ဖြစ်ခဲ့ပြီးမှ ဘုရားသခင်ကို ဆန့်ကျင်ဖို့ရန် ဖောက်ပြန်ပျက်စီး သွားခဲ့ရခြင်းဖြစ်သည် (ယေဇကျေလ၊ ၂၈း၁၂-၁၅၊ ဟေရှာယ၊ ၁၄း၁၂-၁၄)။

အချို့လူများက ကောင်းကင်တမန်ဟူသည် လူများမှ ဖြစ်ပွားသည်ဟု စွဲလန်း ယုံကြည်ကြသည်။ အကယ်စင်စစ် လူသားများမတည်မီကတည်းက သူတို့ရှိနေပြီးဖြစ်ရာ ဤအယူအဆမှာ မှားယွင်းပါသည်။

## ဂ။ သူတို့အဖွဲ့အစည်း

သူတို့၌ အဖွဲ့အစည်းသဏ္ဍာန်နှင့် အဆင့်အတန်းသတ်မှတ်ချက်များရှိသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် စည်းဝေးစုရုံးခြင်း (ဆာလံ၊ ၈၉း၅၊ ၇)၊ စစ်တိုက်ခြင်းရှိ သည် (ဗျာဒိတ်၊ ၁၂း၇)။

ရာထူးအမြင့်ဆုံးမှာ ကောင်းကင်တမန်မင်း မိက္ခေလဖြစ်သည် (ယုဒ၊ ၉)၊ သူ့ကို မင်းစုအကြီးအကဲအဖြစ်လည်း (ဒံယေလ၊ ၁၀း၁၃) ၌ ခေါ်ဝေါ်သည်။ သူသည် ဘုရားသခင်၏ တမန်များကို ဦးဆောင်လျက် စာတန်နှင့်စစ်တိုက်ကြောင်း (ဗျာဒိတ်၊ ၁၂း၇) တွင် တွေ့ရသည်။ သူ့၌ အောင်မြင်ထင်ရှားသော အသံရှိသည်

(၁ သက်သာ၊ ၄း၁၆)။

ကောင်းကင်တမန်တို့ကို အာဏာရှိများ (ရောမ၊ ၈း၃၈) (ဧဖက်၊ ၁း၂၁၊ ၃း၁၀၊ ၆း၁၂) (ကောလောသဲ၊ ၁း၁၆၊ ၂း၁၀၊ ၁၅) တန်ခိုးရှင်များ (ဧဖက်၊ ၁း၂၁၊ ၂း၂၊ ၃း၁၀၊ ၆း၁၂) (ကောလောသဲ၊ ၁း၁၆၊ ၂း၁၀၊ ၁၅) (၁ပေ၊ ၃း၂၂)၊ ဘုန်းတန်ခိုးကြီးသူများ (၂ပေ၊ ၂း၁၁)၊ အထွဋ်အမြတ်များ (ဧဖက်၊ ၁း၂၁) (ကောလောသဲ၊ ၁း၁၆) (၂ပေ၊ ၂း၁၀) (ယုဒ၊ ၈). . . ဟူ၍ ဖော်ပြပြီး သူတို့နယ်ပယ်နှင့်သူတို့လုပ်ငန်းခွဲခြားမှုရှိသည်။

ကောင်းကင်တမန်များအနက် "သရပ်"နှင့် "ခေရုဗိမ်"ဟူသည့် အုပ်စု ၂-ခု သီးခြား ရှိသည်။ "သရပ်"၏အကြောင်းကို ကျမ်းစာတစ်နေရာတည်းမှာသာ တွေ့ရပြီး (ဟေရှာယ၊ ၆း၂၊ ၆) ယင်းဖော်ပြချက်အရ အတောင်ပံ ၆ခုနှင့် လူသဏ္ဍာန်ရှိသည်။ မီးဖြင့် သန့်ရှင်းစေနိုင်သည်။ သူ၏အနက်အဓိပ္ပါယ်မှာ "လောင်မြိုက်စေသူ"ပင် ဖြစ်သည်။

ခေရုဗိမ်တို့သည် ရာထူးကြီးမြင့်သည်၊ စာတန်သည် ခေရုဗိမ်အဖွဲ့ဝင်ဖြစ်ခဲ့သည်။ (ယေဇကျေလ၊ ၂၈း၁၄၊၁၆)။ အာဒံနှင့် ဧဝတို့အပြစ်သင့်၍ ဧဒင်ဥယျာဉ်မှ နှင်ထုတ်ခံရပြီးချိန်၊ အသက်ပင်သို့ လူများမလာစေရန် ခေရုဗိမ်များစောင့်ကြပ်ခဲ့သည် (ကမ္ဘာ၊ ၃း၂၄)။

ဓမ္မဟောင်းကျမ်း (ထွက်မြောက်ရာ၊ ၂၅း၁၈-၂၂)အရ ခေရုဗိမ်မျးသည် အစိတ် အပိုင်းများဖြစ်ခဲ့သည်။ ထိုကျမ်း(၂၆း၁)တွင် ကုလားကား၌ အရုပ်အဖြစ် ချယ်လှယ် သည်ကို တွေ့ရသည်။ (၂၆း၃၁)တွင်လည်း ထိုနည်းတူဖော်ပြသည်။ တောလည်ရာ (၇း၈၉)အရ မောရှေသည် ဘုရားသခင်၏ အသံတော်ကို ခေရုဗိမ်နှစ်ပါးတို့အကြား၊ အထက်ဖက်မှ ကြားနာခဲ့ရသည်။

ရှောလမုန်မင်းကြီးတည်ဆောက်ခဲ့သော ဗိမာန်တော်ကြီး၏ ဗျာဒိတ်ဌာနတော် အခန်း၌လည်း ခေရုဗိမ်တို့အရေးပါခဲ့သည်ကို တွေ့ရသည်။ ရွှေဖြင့်မွမ်းမံသော ခေရုဗိမ်များ ကို သံလွင်သားနှင့်ထုလုပ်ကြောင်းတွေ့ရသည် (၃ရာ၊ ၆း၂၃-၂၈)။ ထို့အတူ

တံခါးများ၊ နံရံများတွင်လည်း ခေရုဗိမ်များကို ထုလုပ်ထားသည်ကို ထိုကျမ်းတွင်ဆက်၍ တွေ့ရသည်။ ကောင်းကင်တမန် ခေရုဗိမ်၏ တောင်ပံများသည် ပဋိညာဉ်သေတ္တာပေါ်၌ ဖြန့်ကျက်ထားသည် (၃ရာ၊ ၈း၆-၇၊ ၁ရာ၊ ၆း၂၉-၃၅)။ ယင်းတို့ကို ဗိမာန်တော် ပရိဘောဂ များနှင့်အတူ ထားရှိသည် (၃ရာ၊ ၇း၂၉-၃၆)။

ပရောဖက်ယေဇကျေလခံယူခဲ့သော ရူပါရုံတွင် ခေရုဗိမ်သည် ဘုရားသခင်၏ ပလ္လင်တော်ရှိသော အခန်းကိုသယ်ဆောင်လာသည်ကို တွေ့ရသည် (ယေဇကျေ၊ ၁၀း၁-၂၂)။ ကျမ်းစာတော်မြတ်အရ ခေရုဗိမ်တို့၏အကြောင်းကို ကျွန်ုပ်တို့ အသေအချာ နားမလည်နိုင်သော်လည်း သမိုင်းတွင် အရေးကြီးသည့် တာဝန်များ ထမ်းခဲ့ကြကြောင်း တွေ့ရသည်။ နိုင်ငံတော် တည်ထောင်သော ကာလတိုင်အောင် ထိုသို့အရေးပါ အရာ ရောက်မည်ကို (ယေဇကျေ၊ ၄၁း၁၈၊ ၂၀၊ ၂၅)တို့အရ သိရသည်။

သို့ဖြစ်၍ ဘုရားသခင်၌ ခေရုဗိမ်တို့နှင့်သက်ဆိုင်သော အစီအစဉ်ရှိမည်ကို ကျွန်ုပ်တို့ အသေးစိတ်ဆက်လက်လေ့လာရပါမည်။

## ဃ။ သူတို့၏အမှုတော်ဆောင်ရွက်ခြင်း

လူ့သမိုင်းမှ ကြီးမားသော ဖြစ်ရပ်များတွင် သူတို့ပါဝင်ခဲ့သည်။ လူ့မြေကို ဘုရားသခင် ဖန်ဆင်းပြုပြင်ချိန်၌ သူတို့ ဝမ်းမြောက်စွာ ထောပနာပြုခဲ့သည် (ယောဘ၊ ၃၈း၆-၉) မောရှေခေတ်ပညတ်တော်များကို ချထားပေးရာတွင် သူတို့အကြိုးဝင်ခဲ့သည် (ဂလာတိ၊ ၃း၁၉) (ဟေဗြဲ၊ ၂း၂)။ အခြားသော ဗျာဒိတ်များ၊ အထူးသဖြင့် ဘုရားသခင်၏ သစ္စာတော်ကို ဖော်ပြမှုများမှာ သူတို့ပါဝင်ခဲ့သည် (ဒံယေလ၊ ၇း၁၅-၂၇၊ ၈း၁၃-၂၆၊ ၉း၂၀-၂၇) (ဗျာဒိတ်၊ ၁း၁၊ ၂၂း၆၊ ၈) သူတို့သည် ဣသရေလအတွက်သာမက လူမျိုးများ အတွက်လည်းဖြစ်သည် (ဒံယေလ၊ ၁၂း၁၊ ၄း၁၇၊ ၁၀း၂၁၊ ၁၁း၁) (ဗျာဒိတ်၊ ၈၊ ၉၊ ၁၆)။

ခရစ်တော်ဖွားမြင်ခြင်းအကြောင်းကို ကြိုတင်သတင်းပေးခဲ့၏ (မဿဲ၊ ၁း၂၀) မိဘတို့ကို အဲဇစ္စတုသို့ ထွက်ပြေးစေခဲ့၏ (မဿဲ၊ ၂း၁၃-၁၅)။ တစ်ဖန် ပြန်လည်၍ အဲဇဂုတ္တုမှ ပြန်စေ၏ (မဿဲ၊ ၂း၁၉-၂၁)။ ခရစ်တော်အား စာတန် စုံစမ်းနှောင့်ယှက် ပြီးချိန်မှာ စောင့်ရှောက်ခဲ့၏ (မဿဲ၊ ၄း၁၁)။ ထို့အတူ အသေခံလုဆဲအချိန်တွင် ဂေသရှေမန် ဥယျာဉ်၌ စောင့်ရှောက်ပေးခဲ့သည် (လုကာ၊ ၂၂း၄၃)၊ ကယ်တင်ရှင်

ထမြောက်ချိန်တွင်လည်း သူတို့ရှိသည်(မဿဲ၊ ၂၈း၁-၂)။ ခမည်းတော်ထံ ပြန်လည်တက်ကြွချိန်မှာလည်း ရှိနေခဲ့သည် (တမန်၊ ၁း၁၀-၁၁)။

အသင်းတော် စတင်တည်ထောင်ချိန်တွင် ဝမ်းမြောက်ခြင်းတရားနာကြားလိုသူများထံ တမန်တော်တို့ကို ပို့ဆောင်ပေးသည် (တမန်၊ ၈း၂၆၊ ၁၀း၃)။ လိုအပ်လျှင်ညွှန်ကြားချက် ချပေးသည် (တမန်၊ ၁၀း၃,၇)။ ဆုတောင်းခြင်းအတွက် အဖြေများပေးသည် (တမန်၊ ၁၂း၅-၁၀) အန္တရာယ်များမှ ကာကွယ်သည် (တမန်၊ ၁၂း၁၁)။ သူတို့သည် ခရစ်တော် ပြန်ကြွတော်မူချိန်တွင် ပါဝင်ကြရဦးမည် (မဿဲ၊ ၂၅း၃၁) (၂သက်သာ၊ ၁း၇)။ တရားစီရင်ရာတွင်လည်း ပါဝင်ကြလိမ့်မည် (ဗျာဒိတ်၊ ၇း၁၊ ၈း၂)။

သူတို့သည် ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းသည် (ဆာလံ၊ ၁၄၈း၁-၂) (ဟေရှာယ၊ ၆း၃)ကိုးကွယ်ဝတ်ပြုသည် (ဟေဗြဲ၊ ၁း၆) (ဗျာဒိတ်၊ ၅း၈-၁၃)၊ အမိန့်တော်ကို နာခံသည် (ဆာလံ၊ ၁၀၃း၂၀။ ဗျာဒိတ်၊ ၂၂း၉)။

မတရားသူများအတွက် အပြစ်စီရင်ရန်ကြေငြာသည် (ကမ္ဘာဦး၊ ၁၉း၁၃) (ဗျာဒိတ်၊ ၁၄း၆-၇၊ ၁၉း၁၇၊ ၁၈) အချို့စီရင်ချက်များကို လုပ်ဆောင်ပေးသည် (တမန်၊ ၁၂း၂၃) (ဗျာဒိတ်၊ ၁၆း၁)၊ ဖြောင့်မတ်သူနှင့် မတရားသူကို ခွဲခြားလေ့ရှိသည် (မဿဲ၊ ၁၃း၃၉-၄၀)။

ကောင်းကင်တမန်များသည် ယုံကြည်သူများကို ကူညီနေဆဲဖြစ်သည် (ဟေဗြဲ၊ ၁း၁၄) ကျွန်ုပ်တို့အား (ဟေဗြဲ၊ ၁၃း၂)တွင် “ဧည့်သည်ဝတ်ကို ပြုသည်တွင် ကောင်းကင်တမန်တို့ကို အမှတ်တမဲ့ ဧည့်ခံကြပြီ”ဟု ဩဝါဒပြုထားသည်။ သူတို့သည် ခရစ်ယာန်တို့ အသက်တာကို ကြည့်ရှုစစ်ဆေးနေသည် (၁ကော၊ ၄း၉) အမှန်တကယ်တွင် ကျွန်တော်၊ ကျမတို့ထံမှ ရှာဖွေဆည်းပူးလေ့လာနေနိုင်သည် (ဧဖက်၊ ၃း၈-၁၀) (၁ပေ၊ ၁း၁၀-၁၂)။ အထူးအခွင့်အရေးအနေဖြင့် ကျွန်ုပ်တို့၌ လိုအပ်ပါက လာရောက်အားပေးနိုင်သည်။ (တမန်၊ ၂၇း၂၃-၂၄)။ ကျွန်ုပ်တို့ သေသောအခါ ကောင်းကင်အိမ်တော်သို့ ပို့ဆောင်ပေးပါမည် (လုကာ၊ ၁၆း၂၂)။

# င။ စာတန်ဘယ်သူလဲ

## (၁) စာတန်မာရ်နတ်ဆိုတာ

လှည့်စားတတ်သော ဉာဏ်ရည်ရှိသည် (၂ကော၊ ၁၁း၃)၊ စိတ်လှုပ်ရှားခံစားတတ်သည် (ဗျာဒိတ်၊ ၁၂း၁၇) (လုကာ၊ ၂၂း၃၁)။ ရွေးချယ်နိုင်သော ဉာဏ်ရှိသည် (ဟေရှာယ၊ ၁၄း၁၂-၁၄) (၂တိ၊ ၂း၂၆)စာတန်သည် "ဖန်ဆင်းခံ"မဟုတ် . . . မကောင်းဆိုးရွား သက်သက်သာဖြစ်သည်ဟု ယူဆသူများရှိသည်။

ယေရှုခရစ်တော်အနေဖြင့် စာတန်၏ လုပ်ဆောင်ချက်များသည် အထင်သေး၍ မရနိုင်ကြောင်း ဆုံးမခဲ့ပြီး နောက်ဆုံးသောကာလတွင်မူ စာတန်သည် မီးဖြင့် ဖျက်ဆီးခံရမည်ကို ကြိုတင်ဖော်ပြခဲ့သည် (မဿဲ၊ ၂၅း၄၁)။ သူ့ကို ကျွန်ုပ်တို့လူသား အနေဖြင့် ဆုံးမရန်၊ ဖျက်ဆီးရန် မဖြစ်နိုင်ဟူ၍ သဘောထားပြီး ခရစ်တော်၏ သစ္စာတရားကို မြဲမြံစွာ ဆုပ်ကိုင်လျက် ဆန့်ကျင်ရန်၊ ငြင်းဆန်ရန် အထူးလိုအပ်ပါသည်။ စာတန်ကလည်း ကျွန်ုပ်တို့အား နှုတ်ကပတ်တော်လမ်းကြောင်းကို သံသယရှိရန် ကမ္ဘာဦးမှစ၍ အစဉ်သွေးဆောင်ဖျားယောင်းနေပေသည် (ကမ္ဘာဦး၊ ၃း၁-၅)။

## (၂) ဘယ်လိုဖြစ်ခဲ့သလဲ

မာရ်နတ်စာတန်သည် ခေရုဗိမ်အဆင့်ရှိလျက် ပြည့်ဝစုံလင်စွာ ဖန်ဆင်းခြင်းခံရသူ . . . သို့သော် အပြစ်၏နောက်သို့ လိုက်ပါသွားသူ သစ္စာဖောက်ဖြစ်သည်။ (ယေဇကျေလ၊ ၂၈း၁၂-၁၅)အရ တုရုဘုရင်နှင့် ဥပမာတင်စားဖော်ပြထားပါသည်)။ သူသည် လောကီ အဆင်းတန်ဆာများနှင့် ကိုယ့်ကိုယ်ကို ဖုံးလွှမ်းကာ သန့်ရှင်းရာဌာနကိုပင် ညစ်ညမ်းအောင် ပြုနိုင်သည်အထိ အစွမ်းရှိသည် (၂၈း၁၈)။ "ကုန်သွယ်ရေး"၌ပင် အစွမ်းတန်ခိုးတော်ထက်လှ၍ အခြားသော ကောင်းကင်တမန်သုံးပုံတစ်ပုံကို ဘုရားသခင်အား သစ္စာဖောက်ရန် သူတတ်စွမ်းလိမ့်မည်ဖြစ်ကြောင်း ကျမ်းစာက ဖော်ပြသည် (ဗျာဒိတ်၊ ၁၂း၄)။

စာတန်သည် ဘုရားသခင်ကို အာခံခဲ့သည်။ ယင်းအချက်ကို (ဟေရှာယ၊ ၁၄း၁၂-၁၄)တွင် တွေ့ရသည်။ သူ၏အခြေခံအပြစ်မှာ မာန်မာနဖြစ်ကြောင်း (၁တိ၊ ၃း၆)တွင် မြင်တွေ့ရသည်။ ဟေရှာယအနာဂတ္တိဖော်ပြချက်အရ (ဘုရားသခင်

အလိုတော်ဘာဘဲရှိရှိ . . . ငါလိုချင်တာပဲငါသိ) ဟူသော သဘောတရားကို တွေ့မြင်ရသည်။ စာတန်သည် အပြစ်တရားကို ဖန်တီးသူ (ယေဇကျေလ၊ ၂၈း၁၅)၊ ထိုအပြစ်အတွက် တာဝန်ခံရမည့်တရားခံ (မဿဲ၊ ၂၅း၄၁)၊ ထိုအပြစ်တရားသည် သူ့အဇ္ဈတ္တအတွင်းသဏ္ဍာန်မှာ ဖြစ်တည်ခြင်း (ဟေရှာယ၊ ၁၄း၁၃) စသည်ဖြင့် လေ့လာတွေ့ရှိရသည်။

စာတန်၏ ပထမဆုံးသော လိုအင်ဆန္ဒမှာ "ငါကောင်းကင်သို့တက်မည်"ဟူ၍ ဘုရားသခင်နှင့်တန်းတူဖြစ်လိုသော သဘောဖြစ်သည်။ ဒုတိယဆန္ဒမှာ "ဘုရားသခင်၏ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကို ငါချီးမြှောက်မည်"ဟုဖြစ်၍ ကောင်းကင်ဗိုလ်ခြေအားလုံးကို စိုးမိုးလိုကြောင်း တွေ့ရသည်။ တတိယဆန္ဒအရ "မြောက်မျက်နှာဘက်၊ ဗျာဒိတ်တော် တောင်ပေါ်မှာငါထိုင်မည်" ဟူ၍ တွေ့ရလေရာ ရှေးခေတ်ဗာဗုလုန်နတ်ဘုရား ကိုးကွယ်မှုများထက် သာလွန်မှုကို တောင့်တခြင်းဖြစ်သည်။ "ဗျာဒိတ်တော်တောင်ပေါ်မှာ ငါထိုင်မည်၊ မိုးတိမ်ပေါ်သို့ ငါတက်မည်" ဟူသည့် စတုတ္ထဆန္ဒအရ မိုဃ်းတိမ်တိုင်ကဲ့သို့သော ဘုရားသခင်၏အာဏာတော်ကို စာတန်သည် လုယူလိုခြင်းဖြစ်လေသည်။ "အမြင့်ဆုံးသော ဘုရားကဲ့သို့ငါနေမည်" ဟူသော ပဉ္စမဆန္ဒအရ စာတန်သည် ဘုရားသခင်အား အဆုံးအစမရှိ တော်လှန်ခြင်းကို ဖော်ပြလိုက်ပါသည်။

စာတန်မာရ်နတ်၏ အခြေခံသဘောများကို နားလည်လျှင် (ဖိလိပ္ပိ၊ ၂း၃)၏ ဆုံးမချက်ကို အဘယ့်ကြောင့် ခံယူအပ်သည်ကို နားလည်မည်ဖြစ်သည်။

"ရန်တွေ့လိုသောစိတ်၊ အချည်းနှီးကျော်ဇောကိတ္တိကို တပ်မက်သောစိတ်ရှိ၍ အဘယ်အမှုကိုမျှ မပြုကြနှင့်၊ သူတစ်ပါးသည် ကိုယ့်ထက်သာ၍ ကောင်းမြတ်သည်ဟု နှိမ့်ချသော စိတ်ရှိ၍ တစ်ယောက်ကိုတစ်ယောက် ထင်မှတ်ကြလော့" ဟု ထိုကျမ်းချက်တွင် တွေ့ရသည်။ ဤကျမ်းကို သေချာလေ့လာပါက ဘုရားသခင်သည် စာတမန်မာရ်နတ်၏ စရိုက်လက္ခဏာများကို ကျွန်ုပ်တို့ မကျင့်သုံးရန် မှာကြားလိုက်ကြောင်း တွေ့ရပါလိမ့်မည်။

## (၃) စာတန်၏နာမည်နှင့်ဘွဲ့များ

စာတန်၏အခြားသော အခေါ်အဝေါ်များ၌ လေးနက်သော အဓိပ္ပါယ်များရှိပါသည် (ဟေရှာယ အနာဂတ္တိကျမ်း၊ ၁၄း၁၂)အရ နံနက်သားမိုးသောက်ကြယ်ဟု ဖေါ်ပြထားရာတွင် လက်တင်ဘာသာအရ အလင်းရှင် (သို့မဟုတ်) လူစီဖာဟူသော အဖြေထွက်လာပါသည် (ဗျာဒိတ်၊ ၂၂း၁၆)တွင် ခရစ်တော်သည် "ငါသည်ကား ဒါဝိဒ်၏အမြစ်ဖြစ်၏၊ အနွယ်လည်းဖြစ်၏၊ ထွန်းတောက်သော မိုယ်းသောက်ကြယ် လည်းဖြစ်၏" ဟု ဖေါ်ပြထားလေရာ "စာတန်"သည် သူ၏အခြေခံ မူလကပင်စ၍ ခရစ်တော်၏ "အယောင်ဆောင်အတုအပ"ဖြစ်ကြောင်း မြင်တွေ့ရသည်။

သူ့ကို ဆန့်ကျင်ဖက်ပြုသူ (SATAN)ဟု ဟေဗြဲဘာသာဖြင့် ခေါ်ဝေါ်ကြောင်း (တောလည်ရာ၊ ၂၂း၂၂ -၃၂) (၁ရာ၊ ၂၉း၄) (၂ရာ၊ ၁၉း၂၂) (၃ရာ၊ ၅း၄၊ ၁၁း၁၄၊ ၂၃၊ ၂၅) (၅ရာ၊ ၂၁း၁) (ယောဘ၊ ၁း၆-၁၂) (ယောဘ၊ ၂း၁-၇) (ဆာလံ၊ ၁၀၉း၆) (ဇာခရိ၊ ၃း၁၊၂) (မဿဲ၊ ၄း၁၀) (မဿဲ၊ ၁၂း၂၆၊ ၁၆း၂၃) (မာကု၊ ၁း၁၃၊ ၃း၂၃၊ ၂၆၊ ၄း၁၅၊ ၈း၃၃) (လုကာ၊ ၁၀း၁၈၊ ၁၁း၁၈၊ ၁၃း၁၆၊ ၂၂း၃၊ ၃၁) (ယောဟန်၊ ၁၃း၂၇) (တမန်တော်၊ ၅း၃၊ ၂၆း၁၈) (ရောမ၊ ၁၆း၂၀) (၁ကော၊ ၅း၅၊ ၇း၅) (၂ကော၊ ၂း၁၁၊ ၁၁း၁၄၊ ၁၂း၇) (၁သက်၊ ၂း၁၈) (၂သက်၊ ၂း၉) (၁တိ၊ ၁း၂၀၊ ၅း၁၅) (ဗျာဒိတ်၊ ၂း၉၊ ၁၃၊ ၂၄၊ ၃း၉၊ ၁၂း၉၊ ၂၀း၂၊ ၇) . . တို့တွင် တွေ့မြင်ရသည်။ ယုံကြည်သူများအား အစဉ်အပြစ်တင်သူအဖြစ် (ဗျာဒိတ်၊ ၁၂း၁၀)တွင် ဖေါ်ပြသည်။ သူ၏ အပြစ်တင်ခြင်းမှ ကယ်တင်ရှင် သခင်ခရစ်တော်က ကာကွယ်ပေးသည် (၁ယော၊ ၂း၁-၂) စာတန်သည် အပြစ်ကျူးလွန်ရန်လည်း အားပေးသည် (ကမ္ဘာဦး၊ ၃း၁-၅) (မဿဲ၊ ၄း၃) (၁သက်သာ၊ ၃း၅) (တမန်၊ ၅း၃) (၁ကော၊ ၇း၅)။

သူ့ကို နတ်ဆိုးအဖြစ်လည်း ခေါ်ဝေါ်နိုင်သည်။ ယင်းသည် ဂရိဝေါဟာရ (DIAMOLOS) မှဆင်းဆက်သည်။ မဟုတ်မမှန် လုပ်ကြံသူပင်ဖြစ်သည်။ (မဿဲ၊ ၄း၁-၅ ၊ ၈ ၊ ၁၁ ၊ မဿဲ၊ ၁၃း၃၉၊ မဿဲ၊ ၂၅း၄၁) (လုကာ၊ ၄း၂ ၊ ၃ ၊ ၆ ၊ ၁၃၊ လုကာ၊ ၈း၁၂) (ယော၊ ၆း၇၀၊ ယော၊ ၈း၄၄၊ ယောဟန်၊ ၁၃း၂) (တမန်၊ ၁၀း၃၈၊ တမန်၊ ၁၃း၁၀) (ဖေက်၊ ၄း၂၇၊ ဖေက်၊ ၆း၁၁) (၁တိ၊ ၃း၆ ၊ ၇) (၂တိ၊ ၂း၂၆) (ဟေဗြဲ၊ ၂း၁၄) (ယာကုပ်၊ ၄း၇) (၁ပေ၊ ၅း၈) (၁ယော၊ ၃း၈ ၊ ၁၀) (ယုဒ၊ ၉) (ဗျာဒိတ်၊ ၂း၁၀၊ ၁၂း၉၊ ၁၂၊ ၂၀း၂ ၊ ၁၀)။

သူ့ကို ရှေးမြွေဟောင်းကြီး သို့မဟုတ် နဂါးကြီးအဖြစ်လည်း အမည်တပ်သည် (ကမ္ဘာ၊ ၃း၁ ၊ ၂ ၊ ၄ ၊ ၁၃ ၊ ၁၄) (၂ကော၊ ၁၁း၃) (ဗျာဒိတ်၊ ၁၂း၉ ၊ ၁၄၊ ၁၅၊ ဗျာဒိတ်၊ ၂၀း၂)။

အဆင်းနီသော နဂါးကြီးဟူ၍လည်း မှည့်ခေါ်ကြောင်းတွေ့ရသည် (ဗျာဒိတ်၊ ၁၂း၃၊ ၄၊ ၇၊ ၉၊ ၁၃၊ ၁၆၊ ၁၇၊ ဗျာဒိတ်၊ ၁၃း၂၊ ၄၊ ၁၁၊ ဗျာဒိတ်၊ ၁၆း၁၃၊ ဗျာဒိတ်၊ ၂၀း၂)။

နောက်ထပ်အခေါ်အဝေါ်မှာ "ဗေလဇေဗုလ"ဟူ၍ဖြစ်သည်။[၁၀၄] နတ်ဆိုးတို့၏ သခင်ဟု ဆိုလိုရင်းဖြစ်သည် (မဿဲ၊ ၁၀း၂၅၊ မဿဲ၊၁၂း၂၄) (မာကု၊ ၃း၂၂) (လုကာ၊ ၁၁း၁၅၊ ၁၈၊ ၁၉)။

(၁ကော၊ ၆း၁၅)တွင် ရှင်ပေါလုက "ဗေလျာလ"ဟု စာတန်ကို ဖော်ပြခဲ့သည်။ စာတန်အား ဤလောကကို အစိုးရသော မင်းဟုလည်းဆိုသည် (ယော၊ ၁၂း၃၁) ဤ လောကကို အစိုးရသော ဘုရားဟုလည်း သုံးနိုင်သည် (၂ကော၊ ၄း၄)၊ အာကာသ ကောင်းကင်ကို အစိုးရသောမင်းဟု (ဧဖက်၊ ၂း၂)တွင် တွေ့ရသည်။ ထိုကျမ်းမှာပင် ငြင်းဆန်သော သူတို့၌ ပြုပြင်သော ဝိညာဉ်ဟုလည်း တွေ့နိုင်သေး၏။

ဖော်ပြချက်အလုံးစုံသည် စာတန်ဆိုသည်မှာ ဘုရားသခင်နှင့်ဆန့်ကျင်ဖက်သာ ဖြစ် **သည်ကိုသိသာစေပါမည်။**

## (၄) စာတန်ဘာတွေလုပ်နေသလဲ

ဘုရားသခင်၏ စီရင်တော်မူခြင်းကို ဖျက်စီးရန် မိမိအလိုကျအတိုင်း လောကကြီးကို စိုးမိုးရန် လုပ်ဆောင်နေသည် (ဟေရှာယ၊ ၁၄း၁၂-၁၄)၊ ဘုရားသခင် ၏အလိုတော်ကို တုပပြိုင်ဆိုင်ပြီး ဘုရားကို ဖယ်ရှားရန်အလို့ငှာ သူ၏ နတ်ဆိုး စေတမန်ကို စေလွှတ်အသုံးချနေသည် (၁တိ၊ ၄း၁၊ ၂)၊ ယင်းတို့ကို တမန်ဖြစ် ယောင်ဆောင်သည့် လှည့်ဖျားတတ်သူ အမှုစောင့်များဟု (၂ကော၊ ၁၁း၁၃-၁၅)တွင် ဆိုထားသည်။

ငြိမ်သက်၍ စည်းကမ်းကျန်သော ဘုရားသခင်၏ ကမ္ဘာကို ဖျက်ဆီးပစ်ရန်နှင့် ဂရိစာပေအရ WORLD ခေါ် လောကီနိုင်ငံတော်ကိုသာ သူကလိုလားနေသည်။[၁၀၅]

ဤအကြံထမြောက်ရန်အတွက် လူတို့၏ ဉာဏ်အလင်းကွယ်စေရန် (၂ကော၊ ၄း၄)၊ သခင်ခရစ်တော်၏ သမ္မာတရားလမ်းကို လွှဲရှောင်ကြစေရန် (လုကာ၊ ၈း၁၂)၊ ဘုရားဝတ်၌ မွေ့လျော်မှုမရှိဘဲ ငြင်းပယ်စေရန် (၂တိ၊ ၃း၅)၊ အပေါ်ယံ၌ ခရစ်ယာန် အယောင်ဆောင်ပြီး အတွင်းသဘောအရ ဖောက်ပြန်နေစေရန် (မဿဲ၊ ၂၃း၂၅-၁၆)။ ဤသို့ဖြင့် ယုံကြည်ခြင်း အတုအယောင်၌ပင် စွဲလန်းကျင့်ကြံမှု (ကောလောသဲ၊ ၂း၁၆-၂၃)၊ အပြစ်တရားကို တရားဝင် ကျင့်ကြံမှု (ရောမ၊ ၁း၃၂) (ဗျာဒိတ်၊ ၂း၂၄) များဖြစ်ပွားလာစေနိုင်ပြီး ဘုရားသခင်၏ နိုင်ငံတော်ဆုကျေးဇူးနှင့် လူသားများ လွှဲချော်စေရန် လုပ်ဆောင်နေလေသည် (ကောလောသဲ၊ ၁း၁၃) (၁ယော၊ ၂း၁၅-၁၇)။

ယေရှုခရစ်တော်အားဖြင့် လောကီလူ့ဘောင်ကို အောင်မြင်ခွင့်ရနိုင်သော လူသားကို (၁ယော၊ ၅း၄-၅) စာတန်သည် အလွတ်မခံနိုင်ဘဲ သူခိုးကဲ့သို့ လာရောက်ခိုးနိုင်သည်။ သတ်နိုင်သည်။ ဖျက်ဆီးနိုင်သည် (ယော၊ ၁၀း၁၀)၊ အကြောင်းမှာ စာတန်သည် လူ့အဖွဲ့အစည်းကို မုန်းသောသူဖြစ်သည် (ဆာလံ၊ ၆၉း၁-၄) (မဿဲ၊ ၁၀း၂၂)။

အထက်ပါအချက်တို့အားဖြင့် ကယ်တင်ခြင်းတရားတော်ကို သူသည်ပိတ်ဆို့ ဆီးတားလျက် လူသားကို လောကီလမ်း၌သာပို၍ စွဲမက်စေချင်သည်။ (၁သက်သာ၊ ၃း၅) (၁ယော၊ ၂း၁၅-၁၇)၊ ယုံကြည်သူတို့ကိုလည်း တစ်ကိုယ်ကောင်းဆန်ရန် ဖန်တီးသည် (တမန်တော်၊ ၅း၁-၃)၊ အကျင့်ဆိုးများကျင့်စေသည် (၁ကော၊ ၇း၅)။

(၁ပေ၊ ၅း၈)တွင် မာရ်နတ်သည် ဟောက်သော ခြင်္သေ့ကဲ့သို့ မျိုရန် ချောင်းမြောင်းနေကြောင်း ဖေါ်ပြသည်။ တစ်နည်းအားဖြင့် ညီအစ်ကိုများ အပြစ်ရောက်ရန် အစဉ်ကြိုးစားနေခြင်း (ဗျာဒိတ်၊ ၁၂း၁၀)ဖြစ်သည်။ (လုကာ၊ ၂၂း၃၁) အရ လူသား များအား ဆန်ခါနှင့် ခါချသကဲ့သို့ ပြုမူလျက်ရှိသည်။

ဤအချက်တို့ကို ထောက်ရှုလျက် ယုံကြည်သူအပေါင်းတို့သည် သစ္စာမရှိသော စာတန် (ယော၊ ၈း၄၄)၏ သဘာဝကို သိနားလည်လျက် ရှောင်ရှားကြရန်လိုပေသည်။

## ၈။ စာတန်၏စေတမန်များ

စာတန်၏စေတမန်များသည် ကောင်းကင်တမန်များအနက် သုံးပုံတစ်ပုံအရေအတွက် ရှိသည် (ဗျာဒိတ်၊ ၁၂း၄)၊ သူတို့ကို နတ်ဆိုးများ၊ မသန့်ရှင်းသော ဝိညာဉ်များဟုလည်း ခေါ်နိုင်သည်။ စာတန်သည် သူတို့၏မင်းဖြစ်သည် (မဿဲ၊ ၁၂း၂၄)၊ ဂရိစာပေအရ "နတ်ဆိုး"ဆိုသည်မှာ အနိမ့်စားနတ်ဘုရားများသာဖြစ်သည်။ အပြစ်နှင့်မကောင်းမှုများကို လွှန်ကျူးသဖြင့် ဝိညာဉ်ဆိုးများလည်းဖြစ်သည်။ အထက်ကဖွင့်ဆိုခဲ့သည့်အတိုင်း သူတို့၌ ရာထူးနှင့်အဆင့်အတန်းများခွဲခြားထားပြီး သူတို့သည် အင်အားရှိသည်၊ သန်မာကြသည် (မာကု၊ ၅း၃) (တမန်၊ ၁၉း၁၆)။

နတ်ဆိုးတို့သည် အသိဉာဏ်ရှိ၍ ယေရှုအကြောင်းကိုသိသည် (မာကု၊ ၁း၂၄)သူတို့ ဒုက္ခရောက်နိုင်ကြောင်းကိုလည်းသိ၍ (မဿဲ၊ ၈း၂၉) သူတို့၏ ဩဝါဒများကိုတိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်နိုင်ကြသည် (၁တိ၊ ၄း၁-၃)၊ ကယ်တင်ခြင်းတရားတော်အကြောင်းကို သူတို့သိသော်လည်း လက်မခံဘဲနေသည် (ရှင်ယာကုပ်၊ ၂း၁၉)။

သူတို့သည် ဘုရားသခင်ကို ဆန့်ကျင်တိုက်ခိုက်ကြပြီး အကြံအစည်တော်နှင့်အလိုတော်ကို လမ်းချော်ရန်လုပ်ကြသည်။ သမ္မာတရားအပေါ်မှာလည်း အမြစ်ထုတ်၍ပုံပျက်အောင်လုပ်ကြသည်။

နတ်ဆိုးများသည် ရုပ်တုဆင်းတုများ၊ မျက်လှည့်လက်လှည့်များကို ပြစားနိုင်ကြသဖြင့် ယုံကြည်သူတို့ ဖောက်ပြန်ပျက်စီးတတ်သည်။ ရုပ်တုများကို ကျောက်၊ သစ်သားတို့နှင့် ပြုလုပ်၍ ကိုးကွယ်လျှင် အန္တိခရစ်ကို ကိုးကွယ်ရာသို့ရောက်သည် (ဗျာဒိတ်၊ ၁၃း၁၅) လူသားများသည် ကိုယ့်အရည်အချင်းကိုပင် ကိုယ်တိုင်ကိုးကွယ်တတ်ကြသူများဖြစ်ရာ စာတန်သည် ယင်းဖောက်ပြန်မှုကို မြှောက်၍ ပေးနိုင်လေသည်။

နတ်ဆိုးများသည် မိစ္ဆာဝါဒကို အားပေးသဖြင့် အချည်းအနှီးသော ကိုးကွယ်မှုကိုဖြစ်စေသည် (၁ယော၊ ၄း၁-၄)။ ကိုယ်ကျင့်တရားကိုသာ အဓိကပွားစေသည် (၁တိ၊ ၄း၃-၄) (ဧဖက်၊ ၂း၈-၉)။ အပြစ်တရား၌ ဆက်လက်ပျော်မွေ့နေလေသည် (ဗျာဒိတ်၊ ၂း၂၀-၂၄) (ဂလာတိ၊ ၅း၁၃၊ ရောမ၊ ၆း၁)။

ရုပ်ပိုင်းဆိုင်ရာများကိုလည်း ရောဂါရစေနိုင်သည် (မဿဲ၊ ၉း၃၃)၊ စိတ်ရောဂါများ လည်းဖြစ်စေနိုင်သည် (မာကု၊ ၅း၄-၅)၊ သဘာဝရောဂါဘယနှင့် နတ်ဆိုးရောဂါများကို ခွဲခြမ်းသိမြင်နိုင်ရန် သမ္မာကျမ်းစာက ဖေါ်ပြသည် (မဿဲ၊ ၄း၂၄) (မာကု၊ ၁း၃၂၊ ၃၄) (လုကာ၊ ၇း၂၁၊ လုကာ၊ ၉း၁)။

နတ်ဆိုးစွဲခြင်းသည် လူနှင့်တိရစ္ဆာန်မရှောင်နိုင်သည့် နတ်ဝိညာဉ်ပူးကပ်ချုပ်ကိုင်ခြင်းပင်ဖြစ်သည် (လုကာ၊ ၈း၂၈-၃၁၊ ၃၂း၃၃)။ သို့သော် (၁ယော၊ ၄း၄)အရ ကျွန်ုပ်တို့အနေဖြင့် သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် တွန်းလှန်နိုင်သည်။ “သင်တို့ဘက်၌ရှိသောသူသည် လောကဘက်၌ရှိသော သူထက်သာ၍ကြီးတော်မူ၏” ဟု ထိုကျမ်းက ဆိုထားလေသည်။ နတ်ဆိုးသည် အမြဲတမ်း ကြမ်းတမ်းမည်ဟု မဆိုသာပေ၊ သူ့ကို “လင်းသောကောင်းကင်တမန်ဖြစ်ယောင် ဆောင်တတ်ကြောင်း” (၂ကော၊ ၁၁း၁၃-၁၅)အရ သိရသည်၊ အရေးကြီးသည်မှာ နတ်ဆိုးကို ခရစ်တော်ရှိကြောင်း ကြေငြာ၍ ဖယ်ထုတ်ရန် ပင်ဖြစ်သည် (၁ယော၊ ၄း၁-၄)။

စာတန်၏ ဖျက်ဆီးမှုနည်းဗျူဟာများကို သိထားရန်လိုပါသည် (၂ကော၊ ၂း၁၁) သူသည် လူသားတို့ကို ကျော်ကြားမှု၊ ခနဥစ္စာ၊ သြဇာအာဏာ၊ ပျော်ရွှင်မှုများပေး၍ ဖျက်ဆီးနိုင်ပါသည်။ အကယ်စင်စစ် လူသားတို့အတွက် ဘုရားသခင်က လိုလေသေးမရှိအောင် ဤဆုကျေးဇူးတို့ကို ပေးထားပြီးဖြစ်ပါသည် (၁ယော၊ ၃း၁) (ဧဖက်၊ ၂း၁၉-၂၀) (ရောမ၊ ၈း၁-၂)။ ခရစ်တော်အားဖြင့် ခံစားရသော ငြိမ်သက်ချမ်းသာမှုကို ခံယူရန်သာ အဓိကလိုပါသည် (ဖိလိပ္ပိ၊ ၄း၇)။

ကျွန်ုပ်တို့သည် ဘုရားသခင်ကို အလေးအနက်မထားဘဲ စာတန်ကိုသာ အာရုံစိုက်နေဖို့မလိုပါ။ စာတန်သည် သမိုင်းနှင့်ချီ၍ ဆိုးသွမ်းလာသူဖြစ်ရာ ဘုရားသခင်ကို တဒင်္ဂလောက် အာရုံမပြုယုံမျှနှင့် သူကကျွန်ုပ်တို့ကို ပူးကပ်နှောက်ယှက် သွားပါလိမ့်မည်။

တမန်တော်ကြီး ရှင်ပေါလု၏ (ဧဖက်သြဝါဒ ၆း၁၂၊ ၁၃)ကို သတိပြုကြပါ။

“အကြောင်းမူကား ငါတို့သည် အသွေးအသားရှိသော ရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်၊ အထွဋ်အမြတ်တို့နှင့်၎င်း၊ အာဏာစက်တို့နှင့်၎င်း၊ လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သော မင်းတို့နှင့်၎င်း၊ မိုယ်းကောင်းကင်၌နေသော နတ်ဆိုးတို့နှင့်၎င်း၊ ဆိုင်ပြိုင်တိုက်လှန်ရကြ၏။ ထို့ကြောင့် ခဲယဉ်းဆိုးယုတ်သော နေ့ရက်ကာလ၌ ဆီးတားနိုင်သဖြင့် ကိစ္စအလုံးစုံတို့ကို ပြီးစီး၍ ခံရပ်နိုင်မည်အကြောင်း ဘုရားသခင် ပြင်ဆင်တော်မူသော လက်နက်စုံကို ယူဆောင်ကြလော့”

# အပိုင်း (၃)

# မနုဿလူသား

## က။ လူကိုဖန်ဆင်းတော်မူခြင်း

လူကိုဖန်ဆင်းခြင်းမှာ ခမည်းတော်ဘုရား၊ သားတော်ဘုရားနှင့် သန့်ရှင်းသော ဝိညာဉ်ဘုရား (ဘုရားသခင် ဖြစ်တော်မူကြောင်း ထင်ရှားဖော်ပြသော အသက်ရှင်ခြင်း အားလုံးတို့ကို ပိုင်ဆိုင်သောသူ)တို့၏ စီမံတော်မူချက်အားဖြင့် ဖြစ်ပါသည်။ စီမံချက်မှာ ကျမ်းချက်၌ဤသို့ ဖော်ပြထားပါသည်။ "ငါတို့ပုံသဏ္ဍာန်နှင့်အညီ လူကိုဖန်ဆင်းကြစို့" (ကမ္ဘာ၊ ၁း၂၆)။ ထို့ကြောင့် ဤသုံးပါးတစ်ဆူတည်းသော ဘုရားသခင်၌ ပါဝင်သမျှ အလုံးစုံတို့မှာ လူကိုဖန်ဆင်းခြင်း၌ ပါဝင်ခဲ့ကြပါသည်။ လူ၏သဏ္ဍာန်ကို သူတို့စိတ်ကြိုက် ပုံဖော်သည်ဟု ဆိုရမည်။

စီမံတော်မူချက်၌ ဘုရားသခင်၏ "ပုံသဏ္ဍာန်တော်"နှင့် "တစ်သဏ္ဍာန်တည်း" ပြုတော်မူကြောင်း ပါဝင်ခဲ့သည်။ ဤဝေါဟာရစကားလုံးနှစ်လုံး "ပုံသဏ္ဍာန်တော်-IMAGE"မှာ ဟေဗြဲဘာသာဖြင့် "TSELEM - တီစီလင်မ်"ဟူ၍ဖြစ်ပြီး ဂရိဘာသာ၌ ELKON အေကွန်ဟူ၍ဖြစ်ပါသည်။ အခြေခံအားဖြင့် လူ၏ ရုပ်ပိုင်းဆိုင်ရာ အပိုင်းကို ညွှန်ပြပါသည်။ ဒုတိယ စကားလုံးဖြစ်သည့် "တစ်သဏ္ဍာန်တည်း -LIKE-NESS "ဟူသော စကားလုံးမှာ ဟေဗြဲဘာသာဖြင့် DEMUTH ဒဲမုစ်ဖြစ်ပြီး၊ ဂရိဘာသာ၌ "HOMOIOSIS ဟိုမော်အိုစစ်ဟူ၍ ဖြစ်ပါသည်။ အခြေခံအားဖြင့်

လူ၏နာမ်ပိုင်းဆိုင်ရာကို ဆိုလိုပါသည်။ ဤဖော်ချက်ဖြစ်သည့် ရုပ်ပိုင်းဆိုင်ရာနှင့် နာမ်ပိုင်းဆိုင်ရာတို့မှာ ယေဘုယျသဘောဖြစ်၍ အလွန်အမင်း စည်းကမ်းဖြင့် ကန့်သန့်ထားခြင်းသဘောမဟုတ်ပါ။ ဘုရားသခင်၏စီမံတော်မူချက်မှာ ရုပ်ပိုင်းဆိုင်ရာနှင့် နာမ်ပိုင်းဆိုင်ရာနှစ်မျိုးစလုံးတို့ကို ပြုတော်မူရန်ဖြစ်ပါသည်။ လူသည် အသက်ရှင်ခြင်း၊ အသိဉာဏ်ရှိခြင်း၊ ကျင့်ဝတ်တရားရှိခြင်းနှင့် ဆုံးဖြတ်နိုင်သော အစွမ်းသတ္တိရှိပြီး၊ ဘုရားသခင်ကဲ့သို့ပင်ဖြစ်ပါမည်။ သို့သော်လည်း ဘုရားသခင် ဖြစ်တော်မူခြင်းသဘောကို ဆိုလိုခြင်း မဟုတ်ပါ။ သို့ဖြစ်၍ လူသည် ဘုရားသခင်နှင့်အတူ မိတ်သဟာယဖွဲ့နိုင်သော အစွမ်းရှိကြောင်းကို သိစေသည်။

ဘုရားသခင်ထာဝရဘုရားသည် လူယောကျ်ား၊ အာဒံကို ပထမဦးစွာ ပြုတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့အား "ဇီဝအသက်ကို မှုတ်တော်မူလျှင် လူသည် အသက်ရှင်သော သတ္တဝါဖြစ်လေ၏" (ကမ္ဘာ၊ ၂း၇)ဟူ၍ မိန့်တော်မူထားပါသည်။ "အသက်ရှင်တည်ရှိခြင်း being" ဟူသော စကားလုံးမှာ ဟေဗြဲဝေါဟာရစကားလုံး Nephesh နဲဖီးရှ်(စ်)ဟူ၍ ဖြစ်ပြီး၊ ဆိုလိုသည်မှာ "Soul စိတ်" ဟူ၍ဖြစ်ပါသည်။ ဘုရားသခင်သည် ရုပ်ဝတ္ထုပစ္စည်းမှ လူ၏ရုပ်ပိုင်းဆိုင်ရာကို ဖွဲ့စည်းတော်မူ၍ အသက်ရှင်တည်ရှိလာရန် သူသည် မြေမှုန့်မှနေ၍ ခေါ်တော်မူ၏။ သူသည် လူ၏စိတ်ပိုင်းဆိုင်ရာ (ရုပ်ပိုင်းမဟုတ်သော လူ၏အပိုင်း) ဘာမျှမရှိသော အရာမှ ဖန်ဆင်းတော်မူ၏ (ကမ္ဘာ၊ ၁း၂၇)။ ထို့နောက် သူသည် ထိုအပိုင်းနှစ်ခုတို့ကို ပူးစပ်စေတော်မူပြီး "လူ"ဟူ၍ ခေါ်ဆိုပါသည်။

အာဒံမှာ တစ်မူထူးခြားဖန်ဆင်းတော်မူကြောင်း လေ့လာသောသူတို့ သတိပြုမိဖို့ရန် လိုပါသည်။ သူသည် သာမန် အသိအာရုံမှ မွေးဖွားလာခဲ့ခြင်းမဟုတ်ပါ။ သူသည် မြေမှုန့်မှ အသက်အရွယ်ကြီးသော လူယောကျ်ားအဖြစ် ဖန်ဆင်းတော်မူ၍ အသိဉာဏ်ရှိသော အသက်ရှင်သည့် လူဖြစ်လာခဲ့ပါသည်။ ဘုရားသခင်သည် သူ့ကို ဧဒင်ဥယျာဉ်ထဲ၌ နေရာချထားတော်မူ၍ သူ့အားဖြင့် တိရစ္ဆာန်အားလုံးတို့ကို အမည်ပေးစေတော်မူခဲ့ပါသည် (ကမ္ဘာ၊ ၂း၈၊ ၁၉)။ ဘုရားသခင် ထုတ်ဖော်မိန့်မြွက်သည်မှာ "ယောကျ်ားသည်

တစ်ယောက်တည်း မနေကောင်း” (ကမ္ဘာ၊ ၂း၁၈)။ ထို့ကြောင့် သူသည် အာဒံအား အထောက်အမဖြစ်စေ၍ ပြည့်စုံစေမည့်သူကို ဖန်ဆင်းရန် ဆုံးဖြတ်တော်မူခဲ့ပါသည်။ သူမအား “မိန်းမ”ဟူ၍ခေါ်ရမည်။ အဘယ်ကြောင့်ဆိုသော် သူသည် ဘုရားသခင်၏ ခွဲစိတ်တော်မူခြင်းအားဖြင့် လူယောကျ်ားထံမှလာခဲ့သည်ဖြစ်၍ (ကမ္ဘာ၊ ၂း၁၈-၂၃) သူမ၏အမည်ကို “ဧဝ”ဖြစ်ရပါမည်။ အဘယ်ကြောင့်ဆိုသော် သူမသည် “အသက်ရှင်သမျှသော လူအားလုံးတို့၏အမိ”ဖြစ်ပါသည် (ကမ္ဘာ၊ ၃း၂၀)။ ဘုရားသခင်သည် လူမိန်းမကို “တည်ဆောက်တော်မူ၏”ဟူ၍ ဆိုထားပါသည်။ အဓိပ္ပာယ်မှာ သူသည် အသက်ရှင်သော ရုပ်ခန္ဓာ (အာဒံ၏နံရိုး)ကို အသုံးပြုတော်မူ၍ မိန်းမ၏ ကိုယ်ခန္ဓာသို့ ပြုတော်မူကာ သူမအား အသက်ကို ပေးတော်မူ၏ (ကမ္ဘာ၊ ၂း၂၁-၂၃)။ ယောကျ်ားနှင့် မိန်းမနှစ်ဦးစလုံးတို့မှာ တိုက်ရိုက်အားဖြင့် အထူးကောင်းမွန်စွာ အထူးအလေးအနက်ပြု၍ ဖန်ဆင်းတော်မူခြင်းဖြစ်ပါသည်။ သူတို့မှာ နိမ့်ကျသော ဖန်ဆင်းခြင်းထဲ၌ မပါဝင်ခဲ့ကြပါချေ။

ဘုရားသခင်သည် တိရစ္ဆာန်များကိုလည်း “မြေမှုန့်”မှ ဖန်ဆင်းတော်မူပြီး၊ အသက်ကို သွင်းပေးတော်မူ၏ (ကမ္ဘာ၊ ၂း၁၉)။ တိရစ္ဆာန်တို့အား “ဘုရားသခင်၏ ပုံသဏ္ဌာန်တော်နှင့်အညီ”ဟူ၍ မိန့်တော်မူခြင်းမရှိပါ။ သူတို့၌ အသက်ရှိ၍ အတိုင်းအတာတစ်ခုထဲ၌ အသိဉာဏ်ရှိပါသည်။ တိရစ္ဆာန်တို့၌ ကိုယ်ကျင့်တရား နှင့်ဆိုင်သော ဆုံးဖြတ်ချက်များတို့နှင့်ဆိုင်ရာ အရည်အချင်း (အမှန်နှင့်အမှားနှစ်ခုတို့ကြား ဆုံးဖြတ်နိုင်ခြင်း) မရှိကြပါ။ တိရစ္ဆာန်တို့မှာ အသက်ရှင်ပါသည်။ သို့သော်လည်း အသက်၏ အကြောင်းရင်းနှင့်ဆိုင်ရာ တွေးခေါ် မျှော်မြင်နိုင်မှုမရှိကြပါ

(၂ ပေတရု၊ ၂း၁၂။ ယုဒ၊ ၁း၁၀)။

## ၁။ လူ၏ကျဆုံးခြင်း

လူယောကျ်ားနှင့် လူမိန်းမ (အာဒံနှင့်ဧဝ)တို့မှာ ဘုရားသခင်ပြုခဲ့သော ဧဒင် ဥယျာဉ်ထဲ၌ ရှိခဲ့ကြပါသည် (ကမ္ဘာ၊ ၂း၁၀၊ ၁၅)။ လူ၏အလုပ်မှာ ဥယျာဉ်တို့စိုက်ပျိုးရန်နှင့် ကြည့်ရှုစောင့်ရှောက်ရန်ဖြစ်ပါသည် (ကမ္ဘာ၊ ၂း၁၅)။ ဘုရားသခင်သည် သူ့အား မိန့်တော်မူသည်မှာ သူသည် ဥယျာဉ်၏အလယ်၌ရှိသော "အကောင်းနှင့် အဆိုးကို သိသောအပင်"၏ အသီးမှတပါး ကျန်သောအသီးများကို စားနိုင်သည်။ ထိုအပင်သည် "အသက်ပင်"ဖြစ်၏ဟု ဆိုထားလေသည် (ကမ္ဘာ၊ ၂း၁၆)။ အာဒံအား (ထာဝရဘုရား သည် ဧဝကိုမဖန်ဆင်းမီ) သတိပေး တားမြစ်ထားပါသည်။ အကယ်၍ သူသည် အကောင်းနှင့်အဆိုးကို သိသောအပင်၏ အသီးကိုစားပါက သူသည် "ဧကန်အမှန် သေရမည်"ဖြစ်၏ (ကမ္ဘာ၊ ၂း၁၇)။ ဖော်ပြသည်မှာ ဘုရားသခင်၏ ပညတ်တော်ကို ချိုးဖောက်ခြင်း၏ အပြစ်ဒဏ်မှာ သူ၏ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ် နှစ်မျိုးစလုံးကို ထိခိုက်စေပါသည် (ဟေဗြဲကျမ်းချက်၌ အမှန်စင်စစ် တူညီသော စကားလုံးဖြစ်သည့် သေမည်၊ သင်သည် သေလိမ့်မည်)ကို သုံးထားပါသည်။

"မြွေ" (စာတန်အားဖြင့်ဝင်၍ ဗျာဒိတ်၊ ၁၂း၉)သည် မိန်းမမှတစ်ဆင့် ယောကျ်ားကို လှည့်စားရန် တတ်နိုင်ခဲ့ ပါသည်။ သူသည် ဧဝကို လိမ်ညာလှည့်စားရန် တတ်နိုင်သည် (၂ ကော၊ ၁၁း၃။ ၁ တိမောသေ၊ ၂း၁၄) ထို့ကြောင့် သူမသည် တားမြစ် ထားသောအသီးကိုယူ၍ စား၏။ ထို့နောက် ဧဝသည် အာဒံကိုလည်းပေး၏။ သူသည် လည်း ဘုရားသခင်၏ ပညတ်တော်ကို ချိုးဖောက်ခဲ့လေ၏ (ကမ္ဘာ၊ ၃း၆)။

လူတို့၏ ကျဆုံးသွားရခြင်းအကြောင်း အဖြစ်အပျက်ကို ပိုမို၍ အသေးစိတ် ကျွန်ုပ်တို့ အကျဉ်းချုံး၍ လေ့လာကြပါစို့။ မြွေသည်ယောကျ်ား မရှိသောအချိန်၌ မိန်းမထံသို့ ချဉ်းကပ်ခဲ့သည်ကို သတိပြုပါ။ ယောကျ်ားမှာ ဥယျာဉ်ထဲတွင် တန်ခိုး အာဏာရှိသောသူဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူသည် ထိုဥယျာဉ်ကို စောင့် ရှောက်ရန် တာဝန်ပေး အပ်ခြင်းကိုခံရပါသည် (အဓိပ္ပာယ်မှာ ကင်းစောင့်ရန်ဖြစ်ပါသည်)

(ကမ္ဘာ၊ ၂း၁၅)။ ယောကျ်ားနှင့်မိန်းမတို့ နှစ်ဦးစလုံးတို့အား ထိုအပင်၏အသီးကို မစားကြရန် မိန့်တော်မူခြင်းမဟုတ်ခဲ့ပါ (ကမ္ဘာ၊ ၃း၁)။ တစ်နည်း. . . မြွေသည် သူလွယ်လင့်တကူ လှည့်ဖျား နိုင်မည့်သူထံသို့ သွားခဲ့ပါသည်။

စာတန်ကလည်း အမှန်စင်စစ် ဘုရားသခင် မိန့်တော်မူသော စကားနှင့် ဆန့်ကျင်ဖက်ဖြစ်သော မေးခွန်းတစ်ခုဖြင့် စကားပြောဆိုခြင်းကို အစပြုခဲ့ပါသည်။ စာတန်က ဘုရားသခင်သည် သူတို့အား ဥယျာဉ်ထဲ၌ရှိသော မည်သည့် အပင်၏အသီးကိုမျှ မစားရဟု တားမြစ်ထားပါသလားဟူ၍ မေးခဲ့ပါသည် (ကမ္ဘာ၊ ၃း၁)။ ဤသို့မေးရသည့် ရည်ရွယ်ချက်မှာ အကယ်၍ သူတို့နှစ်ဦးသည် ဥယျာဉ်ထဲ၌ရှိသော အသီးကို စားရသော အခွင့်မရှိကြပါက အစာကိုရှာဖို့ရန် ထိုဥယျာဉ်ကို စွန့်ခွာရမည် ဖြစ်ပါသည်။ မေးခွန်းမှာ ဘုရားသခင်၏ ကောင်းမြတ်တော်မူခြင်းပေါ်၌ လျှို့ဝှက်နက်နဲ လိမ္မာပါးနပ်စွာဖြင့် အစပြုတိုက်ခိုက်ခြင်းဖြစ်ပါသည်။ ထိုမေးခွန်းလွှာမှာ မိန်းမသည် မည်သည့်အရာကို သိရှိခဲ့ပြီး၊ သူမသည် ဘုရားသခင်၏ ပညတ်တော်ပေါ်၌ မည်သို့ အလေးအနက်ထားခဲ့သည်ကို သိမြင်ဖို့ရန် ဖြစ်ပါသည်။

မိန်းမ၏တုန့်ပြန်ချက်မှာ ရိုးသားစွာ ဖွင့်ပြခြင်းဖြစ်ပါသည် (ကမ္ဘာ၊ ၃း၂-၃)။ သူမသည် မြွေ၏အဆိုပြုချက်ကို အမှန်ပြင်ပေးပြီး သူ့အား ဖြေကြားရန် ရှာဖွေနေပါသည်။ ပြဿနာတစ်ခုမှာ သူမသည် ဘုရားသခင်၏ မိန့်တော်မူချက်၌ မပါသော စကားကို ထပ်၍ပေါင်းထည့်မိခဲ့ပါသည်။ သူမက “မကိုင်ရ” ဟူသော စကားလုံးအပိုထည့်မိခဲ့ပါသည်။ တစ်ချို့က အာဒံသည် ဧဝအား ပြောပြရာတွင် ထိုစကားစုကို ထည့်ပေါင်းပေးခဲ့ခြင်းဖြစ်မည်ဟု ထင်မှတ်ကြပါသည်။ ထိုစကားလုံးကို ထည့်ပေါင်းသောသူမှာ အာဒံဖြစ်ဖြစ်၊ ဧဝပဲဖြစ်စေ၊ အကျိုးရလဒ်မှာ သူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ထပ်၍ပေါင်းထည့်ခြင်းကြောင့် ရှုက်ကြောက်ခြင်းသို့ ရောက်ရှိခဲ့ကြရပါသည်။ ထိုမေးခွန်းမှာ လုံလောက် လှပါသည်။ သို့ဖြစ်၍ စာတန်သည် ထိုသို့ထပ်၍ ပေါင်းထည့်ခြင်းပေါ်၌ ခြေကုပ်ယူကာ ဘုရားသခင်၏ အပြစ်ဒဏ် (ကမ္ဘာ၊ ၃း၅)။

ပြီးနောက် သူနှင့်သဘောတော်တို့ကို (ကမ္ဘာ၊ ၃း၅)တိုက်ရိုက်စိန်ခေါ်ခဲ့ပါသည်။ သူက ဤ "ကောင်းမကောင်း သိခြင်း"မှာ ဘုရားသခင်သည် သူတို့အတွက် သိဖို့ရန် အကျိုးရှိသောအရာကို ဖုံးကွယ်ထားပေးသည်ဟု ပြောဆိုခဲ့ပါ သည်။

"ကောင်းသော"ဟူသော စကားမှာ ဘုရားသခင်ပြုတော်မူသော ဘုရားသခင် သတ်မှတ်ပြီးသော အရာဖြစ်ကြောင်း သတိပြုပါ (ကမ္ဘာ၊ ၁း၄။ ၁၀၊ ၁၂၊ ၁၈၊ ၂၁၊ ၂၅၊ ၃၁၊ ၂း၉၊ ၁၂)။ "ကောင်းသော"ဟူသည့် စကားလုံးမှာရမည် ဟူသော အကြောင်းကို သိဖို့ရန်ဆန္ဒရှိခြင်းသဘောကို မဟုတ်ပါ။ သို့ဖြစ်၍ ဘုရားသခင်၌ မရှိသောအရာများ ပါဝင်၍ ထိုအရာတို့မှာ အခြားသောသူများကို နာကျင်စေနိုင်ပါသည်။ ဥပမာ တစ်စုံတစ်ဦးသည် ရေငတ်သောသူတစ်ဦးအား သောက်စရာရေကို ပေးလိုက်ခြင်းသဘောမဟုတ်ဘဲ အလွန်ကူညီတတ်သောသူဖြစ်ကြောင်းကို ဖော်ထုတ်စေလိုသောငှာ ရေငတ်သောသူတစ်ဦးကို သောက်စရာရေကို ပေးလိုက်ခြင်းသဘောမျိုးဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအရာမှာ ဘုရားသခင်၏ အလိုတော်ဖြစ်ပါသည် (မာကု၊ ၉း၄၁)။ ယခုအရာမှာ ဘုရားသခင်ကို ဘေးဖယ်ထားကာ "ကောင်းသော" အမှုပြုခြင်းဖြစ်၏။ ကျွန်ုပ်တို့လေ့လာဆွေးနွေးသည်နှင့်အညီ စာတန်၏အကြံအစည်မှာ ဘုရားသခင်ကို ဘေးဖယ်ထားပြီး ဤလောကကြီးထဲ၌ အစီအစဉ်စနစ်များ ဖန်တီးရန် ဖြစ်ပါသည်။ စာတန်သည် မိန်းမ၏အသိအာရုံအမြင်နှင့် သူမ၏အသိဉာဏ်တို့ကို တောင်းဆိုထားပါသည် (ကမ္ဘာ၊ ၃း၆)။ ဤအချက်၌ မိန်းမသည် ယုံကြည်ခြင်းဖြင့် လိုက်လျှောက်ခြင်းကို ရပ်တန့်လိုက်ရပါသည်။ သူမသည် ဘုရားသခင်အား ကိုးစားခြင်းမှ ရပ်တန့်ပြီး၊ သူမကိုသူမ ကိုးစားခြင်းကို အစပြုခဲ့ပါသည်။ သူမသည် ဘုရားသခင်ကဲ့သို့ ဉာဏ်ပညာပွင့်လိမ့်မည်ဖြစ်ကြောင်း စာတန်သည် သူမအား ပြောဆိုခဲ့ပါသည် (ကမ္ဘာ၊ ၃း၅)။ အကယ်၍ သူမသည် ဘုရားသခင်ကဲ့သို့ ဉာဏ်ပညာရှိပါက သူမ၏အသက်တာ၌ ဘုရားသခင်အပေါ် မှီခိုရန် မလိုတော့ပါ။ သို့ဖြစ်၍ မိမိကိုယ်ကို အုပ်စိုးနိုင်မည်ဖြစ်၏။ စာတန်သည် သူမအား သူကိုယ်တိုင်ဘုရားဖြစ်ချင်သော ဆန္ဒသဘောကို သွင်းပေးခဲ့ပါသည် (ဟေရှာယ၊ ၁၄း၁၂-၁၄) "ဘုရားသခင်ကို ရှာသောသူအား အကျိုးပေးတော်

မူမည်" (ဟေဗြဲ၊ ၁၁း၆)ကို ကျွန်ုပ်တို့သိပါသည်။ မိန်းမသည် တားမြစ်ထားသောအသီးကို စားမိသောအခါ ဘုရားသခင်အပေါ်၌ ကိုးစားခြင်းမပြုခဲ့ တော့ပါ။ အမှန်စင်စစ် ဘုရားသခင်သည် ကောင်းတော်မူခြင်းမရှိ. . . သူမသည် သူ့ကိုမလိုအပ်. . . ယုံကြည်ခြင်းမပါဘဲ မိမိဘဝ၌ ပျော်ရွှင်ရန်တတ်နိုင်သည် ဖြစ်ကြောင်းစသည်ဖြင့် . . . မိန်းမသည် ယုံကြည်မှုလမ်းလွဲလာရန် စာတန်သည် သူမအား လှည့်ဖြားခဲ့ပါသည် (၂ ကော၊ ၁၁း၃)။ သူမသည် စားခဲ့ပြီးဖြစ်၏။

သမ္မာကျမ်းစာ၌ဆိုထားသည်မှာ "မိမိခင်ပွန်းအားပေး၍ သူသည်လည်း စား၏" (ကမ္ဘာ၊ ၃း၆)ဟူ၍ ဖြစ်ပါသည်။ အာဒံသည် ထိုအသီးကိုမစားမီ သူတို့နှစ်ဦးကြား စကားပြောဆိုခြင်းအကြောင်းကို ကျွန်ုပ်တို့အား မဖော်ပြပါ။ အာဒံသည် စာတန်အားဖြင့် လှည့်ဖြားခဲ့ခြင်းမဟုတ်ပါ (၁ တိမောသေ၊ ၂း၁၄)။ အာဒံသည် အပြစ်ပြုရန်အတွက် မိမိ၏ အသိစိတ်ဓါတ်အားဖြင့် ရွေးချယ်ခဲ့ပါသည်။ သမ္မာကျမ်းစာ၌ "သူစားခဲ့၏"ဟူ၍ ကျွန်ုပ်တို့အား ဆိုထားပါသည် (ကမ္ဘာ၊ ၃း၆)။ သူတို့နှစ်ဦးစလုံးမှာ အပြစ်သို့ကျရောက်ခဲ့ရ ပါသည်။ သို့သော်လည်း အပြစ်ဒဏ်မှာ ကွဲပြားခြားနားပါသည်။

သူတို့သည် ဘုရားသခင်၏ ပညတ်တော်ကို ချိုးဖောက်ပြီဖြစ်ကြောင်း အာဒံနှင့် ဧဝသည် ချက်ခြင်းသိရှိခဲ့ရပြီး ကြောက်ရွံ့လာခဲ့ကြရပါသည်။ သူတို့သည် ယခုတွင် မိမိတို့၏ အဝတ်အချည်းစည်းရှိသောကြောင့် ရှက်ကြောက်ခြင်းသို့ ရောက်ခဲ့ ကြရပါသည် (ကမ္ဘာ၊ ၂း၂၅။ ၃း၇)။ သူတို့သည် မိမိတို့၏ အရှက်ပြဿနာကို ဖုံးအုပ်ကြရန် သင်္ဘောသဖန်းရွက်များကို ကိုယ်တိုင်ချုပ်၍ ဖုံးအုပ်ကြပါသည် (ကမ္ဘာ၊ ၃း၇)။ ထို့နောက် သူတို့သည် ဘုရားသခင်ထံတော်မှ ပုန်းကွယ်ရန် ကြိုးစားခဲ့ကြပါသည် (ကမ္ဘာ၊ ၃း၈)။ ဤအရာမှာ လူတို့သည် မိမိကိုယ်ကို ကယ်တင်ရန် ပထမဦးဆုံး ကြိုးစားခြင်းဖြစ်ပါသည်။

## ၈။ လူ၏ကျဆုံးခြင်းအတွက် အပြစ်ဒဏ်

မြွေသည် ပထမဦးဆုံးအပြစ်ဒဏ်ကို ခံရသောသူဖြစ်၏။ သူသည် တစ်သက်ပတ်လုံး မြေကြီးမှ မြေမှုန့်ကိုစားရ၏ (ကမ္ဘာ၊၃း၁၄)။ မြွေသည် စာတန်မဟုတ်ပါ။ သို့သော်လည်း စာတန်သည် မြွေအထဲ၌ရှိ၏။ (စာတန်ကိုယ်တိုင် သည် မြေကြီးပေါ်၌ ဝိုင်းပတ်၍ လှည့်လည်ရန်တတ်နိုင်ပါသည် (ယောဘ၊ ၁း၆။ ၂း၁) ကောင်းကင်ဘုံသို့တက်၍ ညီအစ်ကိုများကို အပြစ်တင်နိုင်သေး၏ (ဗျာ၊ ၁၂း၁၀)။ စာတန်အသုံးခံဖြစ်သော မြွေအားမြေကြီးပေါ်ရှိ တိရစ္ဆာန်တို့တွင် ကြောက်ရွံ့ဖွယ်နှင့် စက်ဆုပ်အထင်သေးဖွယ် အကောင်းဆုံးသော သတ္တဝါဖြစ်စေခဲ့လေသည် (ကမ္ဘာ၊ ၃း၁၄)။

စာတန်သည် မြွေကို လွှမ်းမိုး၍ စကားပြောဆိုစေသောသူဖြစ်ရာ သူသည်လည်း တရားစီရင်ခြင်းကိုခံရ၏။ သူနှင့် "မိန်းမ၏အမျိုး" (ကမ္ဘာ၊ ၃း၁၅)တို့ကြား၌ အစဉ်မပြတ်ရန်လိုခြင်းသဘောရှိ၏။ ဤအချက်မှာ မေရှိယပေါ်ထွန်းမည့်အကြောင်းကို ကမ္ဘာဦးကျမ်းသည် ပထမဦးဆုံးညွှန်ပြခြင်းဖြစ်ပါသည်။ ကိုယ်တော်၏ ဖွားမြင်တော်မူခြင်းသဘာဝကို အထူးသဖြင့် ဖော်ပြပါသည်။ အဘယ်ကြောင့်ဆိုသော် "အမျိုး"ဟုဆိုရာ၌ အမျိုးသားမှလာသောအရာဖြစ်သည်ကို သာမန်အားဖြင့် သိရပါသည် (ကမ္ဘာ၊ ၁၂း၇။ ၂၂း၁၇၊ ၁၈)။ မေရှိယသည် အပျိုကညာမှ ဖွားမြင်တော်မူမည့်အကြောင်းကို နောက်ပိုင်းတွင် သမ္မာကျမ်းစာထဲ၌ ဖော်ပြထားပါသည် (ဟေရှာယ၊ ၇း၁၄)။ ဤသို့ ပရောဖက်ပြုခြင်းမှာ မေရှိယအကြောင်းကို ကြိုတင် ဟောပြောခြင်းဖြစ်ပါသည် (ဗျာ၊ ၁၂း၄-၅)။ မြွေသည် မေရှိယ၏ ခြေဖနှောင့်ကို ကြိတ်လိမ့်မည် (ထိုအရာမှာ အမှန်စင်စစ် လက်ဝါးကပ်တိုင်၌ အသက်စွန့်ခဲ့ရခြင်းကို ဆိုလိုပါသည်)။ သို့သော်လည်း မေရှိယသည် မြွေ၏ဦးခေါင်းကို ကြိတ်ရမည် (ထိုသို့ ဆိုရာတွင် မေရှိယသည် စာတန်ပေါ်၌ အပြီးသတ် အောင်မြင်တော်မူခြင်းကို ဆိုလိုပါသည်)။

ပထမဦးဆုံးအပြစ်၏ဒဏ်မှာ လူ၏အသိအာရုံထဲ၌ အပြစ်ရှိခြင်း "လူတို့၏ အဝတ်အချည်းစည်းရှိသည်ကို ရှက်ကြောက်ခြင်း" (ကမ္ဘာ၊ ၃း၇)နှင့် "မိတ်သဟာရဖွဲ့ခြင်းကို ဆုံးရှုံးခြင်း" "သူတို့ကိုယ်တိုင်ပုန်းနေကြရခြင်း" (ကမ္ဘာ၊ ၃း၈)ဖြစ်ပါသည်။

မိန်းမအား "ကိုယ်ဝန်ဆောင်ခြင်းဝေဒနာကို တိုးပွားစေမည်"ဟု ကျိန်ဆို၏ (ကမ္ဘာ၊ ၃း၁၆)။ တစ်ဖန်သူမအား ခင်ပွန်း၏အုပ်စိုးခြင်းကို ခံရပါမည့်အကြောင်းဖြစ်လေ၏ (သူမသည် ခင်ပွန်းပေါ်၌ အုပ်စိုးလိုသောဆန္ဒရှိခဲ့ပါသည်)။ ဤအချက်မှာ သူမသည် ခင်ပွန်းသည်ပေါ်၌ ခေါင်းဆောင်ပြုလိုသောအခါ (အသီးအားဖြင့်) သူသည် သူမကို ရပ်တန့်စေရန်ဖြစ်သည်။

ထို့နောက် တာဝရဘုရားသည် မိန်းမကို အပြစ်တင်၍ အာဒံ၏စွပ်စွဲချက်ကို တုန့်ပြန်ပေးတော်မူ၏ (ကမ္ဘာ၊ ၃း၁၇)။ အာဒံသည် မိန်းမစကားကို နားမထောင်ပဲနေသင့်သည်။ ဤကျမ်းချက်ကို အပြည့်အဝနားလည်ခြင်းမရှိသော သူအနေဖြင့် ယောကျ်ားသည် သူ့ဇနီး၏စကားကို တစ်ချိန်တစ်ခါမျှ နားထောင်ခဲ့ခြင်း မရှိကြောင်း ယုံကြည်ပါမည်။ ထိုအရာမှာ လွဲမှားစွာခံယူခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် အာဗြဟံအား သူ၏မိန်းမစာရာ၏ စကားကို နားထောင်ရန် မိန့်တော်မူ၏ (ကမ္ဘာ၊ ၂၁း၁၂)။ တစ်စုံတစ်ဦး၏စကားများကို လက်ခံခြင်းသဘောမှာ ဘုရားသခင်သည် မည်သို့မိန့်တော်မူသည်ဟုဆိုသော အချက်ပေါ်၌ အစဉ်အမြဲမူတည် နေပါသည်။ အာဒံ၏အပြစ်မှာ သူ့မိန်းမစကား နားထောင်ခြင်းပေါ်၌ အခြေခံခြင်းမရှိပါ။ သို့သော်လည်း တားမြစ်ထားသောအသီးကို သူစားရန်ဆုံးဖြတ်ခဲ့ခြင်းမှာ အဓိကအပြစ်ဖြစ်ပါသည်။ အာဒံပေါ်၌ ကျရောက်သော ကျိန်ခြင်းမှာ ပင်ပန်းကြီးစွာ အလုပ်လုပ်ပြီးမှ စားရမည့်အကြောင်း ပါဝင်ပါသည် (ကမ္ဘာ၊ ၃း၁၇-၁၉)။ တားမြစ်သောအသီးကို စားခြင်း၏ မူလအပြစ်ဒဏ်ကို မေ့လျော့ခြင်းမရှိပါ။ အာဒံပြစ်မှားသောအခါ သူသည် ဝိညာဉ်ရေးရာ၌ သေပြီးဖြစ်သောကြောင့် သူသည် ဘုရားသခင်နှင့် မိတ်သဟာရဖွဲ့ခြင်းကို အဓိက ဆုံးရှုံးခဲ့ရပါသည်။ သူ၏ကိုယ်ခန္ဓာပိုင်းဆိုင်ရာ သေခြင်းမှာမူ အသက် ၉၃၀ ကျမှ ပြည့်စုံလာ၏ (ကမ္ဘာ၊ ၅း၅)။ ဘုရားသခင်သည် အာဒံနှင့် သူတို့ပေါ်၌ ကျေးဇူးတော်ကို ပြန်၍ထားတော်မူ၏ (ကမ္ဘာ၊ ၃း၂၁)။ တိရစ္ဆာန်၏ အရေခွံကိုခြုံပေးရခြင်း အဓိပ္ပာယ်မှာ ယဇ်ပူဇော်ခြင်းအတွက် အပြစ်မဲ့သော တိရစ္ဆာန်အသေခံရမည့် အကြောင်း ဖြစ်ပါသည်။

ထိုအကြောင်းမှာ မေရှိယပေါ်၌ ပြည့်စုံလာခဲ့သည့် အပြစ်တရား၊ ဒုစရိုက်အပြစ်များ အတွက် လိုအပ်နေသော ယဇ်ပူဇော်ခြင်းကို ပုံဆောင်ခြင်းဖြစ်ပါသည်

(ဟေဗြဲ၊ ၁၀း၁၀၊ ၁၂)။

အာဒံနှင့် ဧဝတို့သည် ထာဝရဘုရားသခင်အားဖြင့် အဝတ်ခြုံစေပြီးသည့် နောက်ပိုင်း၌ သူတို့အား ဧဒင်ဥယျာဉ်တော်ထဲမှ နှင်ထုတ်ခြင်းကို ခံခဲ့ကြရပါသည် (ကမ္ဘာ၊ ၃း၂၂-၂၄)။ "ယခုမှာသူသည် ထာဝရအသက်ကို ရခြင်းငှာ၊ လက်ကိုဆန့်လျက် အသက် ပင်၏အသီးကိုယူ၍မစားသင့်"ဟု မိန့်တော်မူ၏။ ဘုရားသခင်သည် အဘယ်ကြောင့် ထိုကဲ့သို့ ပြုတော်မူကြောင်းကို သိရှိပိုင်းခြားနားလည်ဖို့ရန်မှာ အခက်အခဲမရှိပါ။ အဘယ် ကြောင့်ဆိုသော် လူသည် အပြစ်သို့ ကျရောက်ခဲ့ပြီးဖြစ်ရာ ဤဘဝအခြေ အနေဖြင့် အပြစ်ထဲတွင် ထာဝရနေဖို့ရန်မှာ မကောင်းပါချေ။ ယုံကြည်သူတို့ အဖို့ သေခြင်းမှာ ကောင်းမြတ်၍ မင်္ဂလာရှိသောအရာ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့မှာ သူတို့၏ မေရှိယ (ယေရှုခရစ်တော်)ကဲ့သို့ ဖြူစင်၍ စုံလင်သည့် အသစ်သော ကိုယ်ခန္ဓာ ဖြင့် ရှင်ပြန်ထမြောက်ကြပါလိမ့်မည်ဖြစ်၏ (၁ ယော၊ ၃း၂)။ ထို့နောက် အသက်ပင်ရှိရာ ကျိန်ခြင်းနှင့် ကင်းဝေးသောနေရာကောင်းကင်ဘုံသို့ ဆောင်ယူခြင်းကို ခံကြရပါလိမ့် မည်ဖြစ်၏ (ဗျာ၊ ၂၂း၂-၃)။ နှုတ်ကပတ်တော်တွင် ကျွန်ုပ်တို့ နားမလည် နိုင်စရာများစွာ ရှိမည်မှန်သော်လည်း အဓိပ္ပါယ်မရှိသောအရာဟူ၍ တစ်လုံးတစ်ပါဒမျှ မရှိပါ။

## ဃ။ လူ၏သဘောသဘာဝ

### ၁။ ကိုယ်ခန္ဓာ

လူ၏ကိုယ်ခန္ဓာမှာ ဘုရားသခင်သည် အာဒံကို မြေမှုန့်မှ မိမိပုံသဏ္ဍာန်တော်နှင့် အညီ ဖန်ဆင်းပြီး (ကမ္ဘာဦး၊ ၁း၂၆)၊ ဧဝကို အာဒံ၏ကိုယ်မှ ဖန်ဆင်းတော်မူခြင်းဖြင့် ဖြစ်ပေါ်လာပါသည် (ကမ္ဘာ၊ ၂း၇၊ ၂၁)။ အာဒံနှင့် ဧဝတို့၌ သားသမီးများ မွေးဖွားနိုင်သော

အင်္ဂါကို ဘုရားသခင်ထည့်ပေးထားပါသည်။ ပထမ သားနှစ်ယောက်တို့မှာ ကာဣနနှင့် အာဗေလတို့ ဖြစ်ပါသည် (ကမ္ဘာ၊ ၄း၁၊ ၂)။ ကမ္ဘာလူသားအားလုံးတို့မှာ အာဒံနှင့် ဧဝ အားဖြင့် ဆင်းသက်လာခဲ့ကြပါသည်။ ဧဝဟူသော အမည်၏ဆိုလိုရင်းမှာ "အသက် ရှင်သောသူအပေါင်းတို့၏အမိ"ဟူ၍ ဖြစ်ပါသည် (ကမ္ဘာ၊ ၃း၂၀)။

ကိုယ်ခန္ဓာမှာ လူ၏ရုပ်ဝတ္ထုပိုင်းဖြစ်ပါသည်။ ကိုယ်ခန္ဓာ၌ အမြင်၊ ထိခြင်း၊ ကြားခြင်း၊ အရသာခံခြင်း၊ အနံ့ခံခြင်း အာရုံတို့ရှိပါသည်။ ကျွန်ုပ်တို့မှာ ဦးခေါင်း၊ လက်များ၊ ခြေများစသည်ဖြင့် ကွဲပြားခြားနားသော ကိုယ်ခန္ဓာအစိတ်အပိုင်းများ အားလုံးကို ပိုင်ဆိုင်ကြပါသည်။ ထိုအရာအသီးသီးတို့မှာ တူညီသောဖွဲ့စည်းခြင်း မရှိကြောင်း မှတ်သားရန်မှာ အရေးကြီးပါသည်။ ကျွန်ုပ်တို့သည် လက်များဖြင့် လမ်းမလျှောက်ကြပါ။ ခြေထောက်များဖြင့် အစာမစားကြပါ။ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာပိုင်းဆိုင်ရာ အင်္ဂါရပ်များသည် "အသင်းတော်"ဟူ၍ သိရသော ဝိညာဉ်ပိုင်းဆိုင်ရာ ကိုယ်ခန္ဓာ "ခရစ်တော်၏ ကိုယ်ခန္ဓာ"၏ ပုံသဏ္ဍာန်ကို သရုပ်ဖော်ထားပါသည် (ရောမ၊ ၁၂း၄-၅)။ ယုံကြည်သူ အားလုံးတို့မှာ ဝိညာဉ်ပိုင်းဆိုင်ရာ ကိုယ်ခန္ဓာအတွင်း၌ ကွဲပြားခြားနားသော ဖွဲ့စည်း တည်ရှိခြင်းရှိကြပါသည် (၁ ကော၊ ၁၂)။

ကိုယ်ခန္ဓာမှာ ကြွက်သားများဖြင့် ဘုရားသခင်ဖွဲ့စည်းထား၍ ရုပ်ဝတ္ထုပိုင်းဆိုင် ရာ လူ၏နေအိမ်သဖွယ်ဖြစ်ပါသည်။ ယေရှုခရစ်တော်သည် ကျွန်ုပ်တို့အပြစ် ဒုစရိုက် များကိုဖြေရန် မြေကြီးနှင့်ဆိုင်သော သူ၏ကိုယ်ခန္ဓာကို ပူဇော်ခဲ့သည် (၁ ကော၊ ၁၁း၂၄)။ တစ်ဖန် ကျွန်ုပ်တို့အား ခမည်းတော်နှင့် ပြန်လည်၍ ကျေအေးစေတော် မူပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့မှာ "သန့်ရှင်းစင်ကြယ်လျက် အပြစ်တင်ခွင့်နှင့် ကင်းလွတ်လျက်" (ကောလောသဲ၊ ၁း၂၁-၂၃)။ သခင်ဘုရားသည် ကျွန်ုပ် တို့၏ အပြစ်ဒုစရိုက်များကို သူ၏ကိုယ်ခန္ဓာထဲ၌ ပေးဆပ်တော်မူခဲ့ပါသည် (၁ ပေတရု၊ ၂း၂၄)။ "ခရစ်တော်၏ နည်းတူ" ကျင့်သကဲ့သို့ ဆက်ရပါမည် (၁ကော၊ ၁၁း၁)။ သို့ဖြစ်မှသာ သူသည် မိမိ အလိုတော်နှင့်အညီ ကျွန်ုပ်တို့ကို အသုံးပြုနိုင်မည်ဖြစ်၏ (ရောမ၊ ၁၂း၁-၂)။

ကျွန်ုပ်တို့သေသည့်တိုင်အောင် ကျွန်ုပ်တို့၏ ကိုယ်အင်္ဂါရပ်ရှိသမျှအားလုံးတို့ဖြင့် ခရစ်တော်ကို ချီးမြှင့်ဘုန်းကြီး စေရမည် (ဖိလိပ္ပိ၊ ၁း၂၀)။

ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာများကို အမှုတော်မြတ်၌ အဆင်သင့်အသုံးတော်ခံရန် စောင့်ရှောက်ထိန်းသိမ်းကြရမည် အကြောင်း အလိုတော်ရှိပါသည် (၁ ကော၊ ၉း၂၇)။ ကျွန်ုပ်တို့သည် တစ်နေ့သောအခါ ကိုယ်ခန္ဓာ၌ကျင့်သော အကျင့်ရှိသည်အတိုင်း အကျိုးအပြစ်ကိုခံရန် ခရစ်တော်၏တရားပလ္လင်ရှေ့၌ ပေါ်လာရကြမည်ကို သိမှတ်ကြရန် ဖြစ်ပါသည် (၂ ကော၊ ၅း၁၀)။ လျှာကဲ့သို့သော ကျွန်ုပ်တို့၏ ကိုယ်အင်္ဂါရပ်မှ အသေးငယ်ဆုံးသည်ပင်လျှင် ကျွန်ုပ်တို့၏ ပြောဆိုခြင်းမှာ ကျွန်ုပ်တို့၏ အပြစ်ဒုစရိုက်များကြောင့် ယေရှုခရစ်တော် အသေခံတော်မူကြောင်း သတင်းကောင်းကို သယ်ဆောင်ရာတွင် အသုံးပြုဖို့ဖြစ်ပါသည် (ယာ၊ ၃း၂-၅)။ ထို့အတွက်ကြောင့် ယခုကျွန်ုပ်တို့ အသက်ရှင်ကြရခြင်းဖြစ်ပါသည် (၂ ကော၊ ၄း၁၀)။

တစ်နေ့သောအခါ ဤမြေကြီးအရာနှင့်ဆိုင်သော ကိုယ်ခန္ဓာသည် ဘယ်သောအခါမျှ မသေနိုင်တော့သော အသစ်သော ကိုယ်ခန္ဓာသို့ ကူးပြောင်းသွားမှာဖြစ်ပါသည် (၁ ကော၊ ၁၅း၄၀-၄၄)။ ထိုကိုယ်ခန္ဓာမှာ ရှင်ပြန်ထမြောက်၍ ထင်ရှားသော ယေရှုခရစ်တော်၏ ကိုယ်ခန္ဓာကဲ့သို့ဖြစ်ပါမည် (ဖိလိပ္ပိ၊ ၃း၂၀-၂၁)။ ဤအသစ်သော ကိုယ်ခန္ဓာအားဖြင့် ကျွန်ုပ်တို့သည် ယခင်ယေရှုခရစ်တော်၌ စုံလင်၍ ပြည့်ဝသော မိတ်သဟာယဖွဲ့ခြင်းကို ခံစားရရှိကြပါလိမ့်မည် (၂ ကော၊ ၅း၆-၈)။

## ၂။ စိတ်

စိတ်မှာ လူတို့၏ ကိုင်တွယ်၍မရသော နာမ်ပိုင်းဆိုင်ရာ တစ်ခုဖြစ်ပါသည်။ ထိုအရာမှာ မမြင်နိုင်၊ မကိုင်တွယ်နိုင်၊ မကြားနာ၊ အရသာမခံစားနိုင်၊ အနံ့ မခံစားနိုင်ပါချေ။ ကိုယ်ခန္ဓာသည် စိတ်မပါဘဲ အသက်မရှင်နိုင်သည်ဖြစ်ရာ (ကမ္ဘာ၊ ၃၅း၁၈)၊

ဟေဗြဲဝေါဟာရစကားလုံး "NEPHESH - နိဖယ်လ်စ်" နှင့် ဂရိဝေါဟာရစကားလုံး "PSUCHE - ပါစူချ(စ်)" တို့ကို "စိတ်"ဟူ၍ ကြိမ်ဖန်များစွာ ဘာသာပြန်ဆို ထားပါသည်။ သို့သော်လည်း "အသက်" သို့မဟုတ် "ပုဂ္ဂိုလ်"ဟူ၍ ဖြစ်ပါသည်။ အာဒံကို ဖန်ဆင်းရာတွင် သမ္မာကျမ်းစာ၌ ဆိုထားသည်မှာ "အသက်ရှင် သော သတ္တဝါဖြစ်၏" ဟူ၍ ဖြစ်ပါသည် (ကမ္ဘာ၊ ၂း၇။ ၁ ကော၊ ၁၅း၄၅)။ ဤစကားလုံးများ အသုံးပြုပုံနှင့် အသက်ဟူ၍ ဖော်ပြခြင်းတွင် အမျိုးမျိုးသော အဓိပ္ပာယ်များကို ဤသင်ခန်းစာ၌ ခြုံငုံမည်မဟုတ်ပါ။ ဘုရားသခင်သည် အာဒံနှင့် ဧဝတို့၏စိတ်ကို ဖန်ဆင်းတော်မူကြောင်း ရိုးသားစွာ ယုံကြည်ကြပါစို့။ သူသည် နှာခေါင်းမှ ဇီဝအသက်ကို မှုတ်သွင်းတော်မူခြင်း အားဖြင့် သူတို့မှာ အခြားသော လူသားမျိုးစဉ် ဆက်တို့ကို မွေးဖွားစေနိုင်ပါသည် (ထွက်၊ ၁း၅)။ "NEPHESH" ကို တိရစ္ဆာန်များ၏ အသက်ကိုဖော်ပြရာတွင်လည်း အသုံးပြုပါသည် (ကမ္ဘာ၊ ၁း၂၀၊ ၂၁၊ ၂၄၊ ၃၀။ ၂း၁၉)။ အနှစ်သာရအားဖြင့်မူ လူနှင့် တိရစ္ဆာန်တို့သည် အလွန့်အလွန် ခြားနားလှပါသည်။

စိတ်သည်ကိုယ်ခန္ဓာအတွင်း၌ မည်သည့်အမှုကို လုပ်ဆောင်သည်ဖြစ်ကြောင်း ကို ပိုင်းခြားဆုံးဖြတ်ရန် ကျွန်ုပ်တို့ ရှာဖွေသည်နှင့်အညီ ဘုရားသခင်သည် စိတ်ကိုပိုင်ဆိုင် တော်မူကြောင်း (မဿဲ၊ ၁၂း၁၈။ ဟေဗြဲ၊ ၁၀း၃၈)နှင့် သူသည် မိမိပုံသဏ္ဍာန်တော်နှင့် အညီ လူကိုဖန်ဆင်းတော်မူကြောင်းတို့ကို ပထမသိရှိကြရပါမည် (ကမ္ဘာ၊ ၂၆-၂၇)။ လူတို့၏ စိတ်အတွင်း၌ ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ ဆုံးဖြတ်နိုင်သော အရည်အချင်း (အမှန်နှင့် အမှား နှစ်ခုတို့ကြားမှ ရွေးချယ်နိုင်ခြင်း)ရှိပါသည်။ ဤသို့ဆိုလိုသည်မှာ ရွေးချယ်ခြင်း ပေါ်လာသောအခါ စဉ်းစားဆင်ခြင်နိုင်ခြင်းသဘောကို စိတ်အတွင်း၌ ထားရှိပါသည်။ ဤသို့ရွေးချယ်နိုင်သော အရည်အချင်းကို "ကိုယ်ပိုင်ဆုံးဖြတ်ချက်"ဟူ၍ ခေါ်ပါသည်။ စိတ်သည် ကိုယ်ကျင့် တရားပိုင်းဆိုင်ရာ ရွေးချယ်ခြင်းကို ပြုသည်ဖြစ်၍ စိတ်၌ကယ်တင်ခြင်း လိုအပ်နေကြောင်း ကျွန်ုပ်တို့သိရှိနိုင်ပါသည်။ (ဆာလံ၊ ၃၃း၁၈-၁၉။ တမန်၊ ၂း၄၁။ ဟေဗြဲ၊ ၁၀း၃၉။ ဆာလံ၊ ၄၁း၄။ ယာ၊ ၁း၂၁။ ၁ပေ၊ ၁း၈-၉)တို့ အရ ထိုကျေးဇူးတော်ကို အဘယ်မျှလိုအပ်နေကြောင်းလည်း မှတ်ချက်ချနိုင်ပါသည်။

ယေရှုသည် မိမိကိုယ်ခန္ဓာကိုသာ ပေးဆပ်ခြင်းမဟုတ်ပါ။ ပျောက်ဆုံးနေသော လူသားတို့ကို ကယ်တင်နိုင်ရန် သူ၏စိတ်ကိုလည်း ပေးတော်မူခဲ့ပါသည် (မဿဲ၊ ၂၀း၂၈။ မာကု၊ ၃း၄။ ယောဟန်၊ ၁၀း၁၁၊ ၁၅၊ ၁၇၊ ၁၅း၁၃)။ သို့ဖြစ်၍ သူသည် ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်အားကို ထိန်းကျောင်းလမ်းပြပို့ဆောင်သောသူဟူ၍ သိနိုင်ပါသည် (၁ပေ၊ ၂း၂၅)။ အကယ်၍ ယုံကြည်ခြင်းမရှိပါက စိတ်မှာ ကယ်တင်ခြင်းသို့မရောက်နိုင်ပါ။ ထိုစိတ်မှာ ငရဲထဲ၌ ပျက်စီးဆုံးရှုံးခြင်းသို့ ကျရောက်သွားပါလိမ့်မည်

(မဿဲ၊ ၁၀း၂၈။ ၁၆း၂၆)။

လူတို့သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို လိုအပ်နေကြောင်း အချို့သော ဆုံးဖြတ်ခြင်းမှာ (တရားဟော၊ ၆း၅။ ၁၀း၁၂-၁၃။ ၃၀း၆) မှန်သောအရာ မည်သည့်အရာဖြစ်သည်ကို လုပ်ဆောင်နိုင်ရန် ဖန်ဆင်းရှင်ကို ကျွန်ုပ်တို့ ကိုးစားရပါမည် (၁ ပေတရု၊ ၄း၁၉) ကျွန်ုပ်တို့အသက်တာများ၌ စိတ်နှလုံးနိမ့်ချလျက် ညီအစ်ကိုများ အတွက် အသက်ရှင်ကြရပါမည် (၁ ယော၊ ၃း၁၆)။ လူတို့၏စိတ်အတွင်း ကိုယ်ကျင့်တရား ပျက်ပြားစေခြင်း၏ အဖိုးအခမှာ စစ်မျက်နှာများဖြစ်ပေါ်စေခြင်း ဖြစ်ပါသည် (၁ယော၊ ၃း၁၆)။ လူ၏စိတ်ဝိညာဉ်မှာ ကိုယ်ကျင့်တရားဖောက်ပြန်ခြင်းအစအတွက် စစ်မက်ဖြစ်ခြင်း (၁ပေတရု၊ ၂း၁၁။ ၁ယော၊ ၃း၁၆)နှင့် မိစ္ဆာအရာတို့သည် ဝိညာဉ်ရေးရာ၌ တည်ငြိမ်မှုမရှိစေရန် ချည်နှောင်ခြင်း (၂ ပေတရု၊ ၂း၁၂-၁၄) တို့၌ တွေ့ရပါသည်။

ဆုံးဖြတ်ချက်ကို မည်သည့်နေရာမှ ချသည်အကြောင်းကို ကပ်၍ပြောဆိုရသော် စိတ်မှာ စိတ်ခံစားလှုပ်ရှားမှု တိုးပွားရာနေရာလည်းဖြစ်ပါသည်။ စိတ်သည် သနားကြင်နာနိုင်ခြင်း (ယောဘ၊ ၃၀း၂၅)၊ ခါးသီးခြင်း (၄ ရာ၊ ၄း၂၇)၊ နက်နဲသော ဝမ်းနည်းခြင်းကို ကြုံတွေ့ခြင်း (ဆာလံ၊ ၄၃း၅။ ယေရမိ၊ ၁၃း၁၇။ မဿဲ၊ ၂၆း၃၈)၊ ထိုးဖောက်ခြင်း (လုကာ၊ ၂း၃၅)၊ ဆိုးညစ်ခြင်း (ရောမ၊ ၂း၉)နှင့် မုန်းတီးခြင်း (၂ ရာ၊ ၅း၈) ရှိနိုင်ပါသည်။ စိတ်သည် ချစ်နိုင်ခြင်း (သီချင်း၊ ၁း၇။ ၃း၁-၄) ထာဝရဘုရားကို ချီးမွမ်းခြင်း (လုကာ၊ ၁း၄၆)နှင့် ပျော်ရွှင်ခြင်း (လုကာ၊ ၁၂း၁၉)တို့ ခံစားနိုင်ပါသည်။

## ၃။ လူ့ဝိညာဉ်

ဟေဗြဲဝေါဟာရစကားလုံး၌ ဝိညာဉ်ကို "RUACH - ရူအတ်" ဟူ၍ခေါ်ပြီး ဂရိဝေါဟာရစကားလုံး၌ "PNEUMA နျူမာ" ဟုခေါ်ဆိုပါသည်။ ဤစကားလုံးများမှာ သမ္မာကျမ်းစာထဲမှ လေ့လာရန် ခက်ခဲသောခေါင်းစဉ်တစ်ခုဖြစ်ပါသည်။အဘယ်ကြောင့်ဆိုသော် ထိုဝေါဟာရနှစ်ခုစလုံးတို့သည် အဓိပ္ပာယ်အမျိုးမျိုး ဖော်ပြရာတွင် အသုံးပြုပြီး "လေမှုတ်သွင်းခြင်း"၊ "သန့်ရှင်းသောဝိညာဉ်တော်" "ဝိညာဉ်ဆိုးများ"နှင့် "လူ့ဝိညာဉ်"စသည်ဖြင့် အမျိုးမျိုး ဖော်ပြ၍ စာကြောင်းရှေ့နောက် အသွားအလာအရ မည်သည့် အဓိပ္ပာယ်ကိုဆိုလိုကြောင်း တွေ့ရှိနိုင်ပါသည်။

လူ့ဝိညာဉ်မှာ ဝိညာဉ်ရေးရာနှင့်ဆိုင်သော အသက်ဖြစ်၍ ကိုင်တွယ်၍မရသော လူ၏နာမ်အပိုင်းဖြစ်ပြီး၊ မူလအရင်းအမြစ်မှာ ဘုရားသခင်အားဖြင့် ပြုပြင်ခြင်းဖြစ်ပါသည် (ဒေသနာ၊ ၁၂း၆-၇။ ယေဇကျေလ၊ ၁၂း၁။ ဟေဗြဲ၊ ၁၂း၉)။ အထူးသဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကို ဆိုလိုပါသည် (ယောဟန်၊ ၃း၆။ ၆း၆၃)။ "လူ့ဝိညာဉ်"မှာ အသက်ရှင်ခြင်းအတွက် လိုအပ်သော အရာဖြစ်ပါသည်

(လုကာ၊ ၈း၅၅။ ယာကုပ်၊ ၂း၂၆)။

အနက်ဖွင့်ဆိုခြင်း၏ နိယာမအရ လူ့ဝိညာဉ်အကြောင်းနှင့်ပတ်သက်၍ အချို့သော အခြေခံအကြောင်းတရားများကို ရှင်းလင်းသည့် ကျမ်းချက်များကို အသုံးပြုခြင်းအားဖြင့် ကျွန်ုပ်တို့လေ့လာနိုင်ပါသည်။ လူ့ဝိညာဉ်၏ အမူအကျင့် စရိုက်ကို ကြည့်သော် လူမြောက်များစွာသော အမူအကျင့်တို့တွင် လူ့ဝိညာဉ်စိတ် (ကျွန်ုပ်တို့၏ နောက်ဆုံးခေါင်းစဉ်)၊ နှလုံးသား (နောက်ဆက်၍လေ့လာမည့်ခေါင်းစဉ်) တို့မှာ တူညီကြောင်းတွေ့ရပါသည်။ မည်သို့ပင်ဆိုစေ လူ့ဝိညာဉ်သည် လူ့နှလုံးသားနှင့် စိတ်တို့မှ ကွဲပြားခြားနားခြင်းရှိကြောင်း ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ကျွန်ုပ်တို့အား ပြောပြထားပါသည် (ဟေဗြဲ၊ ၄း၁၂)။

လူ့ဝိညာဉ်နှင့်ဆက်နွယ်၍ ကျမ်းချက်များကို ကျွန်ုပ်တို့လေ့လာသောအခါ အခြေပြုချက်လေးမျိုးကို တွေ့ရပါသည်။

## (က) သတင်းစကားကို လက်ခံခြင်း

ကျေးဇူးတော် (ဂလာတိ၊ ၆း၁၈၊ ဖိလိမုန်၊ ၁း ၂၅) ကိုယ်ကျင့်တရား၏ မှန်ကန်မှု (မာလခိ၊ ၂း၁၅-၁၆)နှင့် ဗျာဒိတ်တော် (ဧဖက်၊ ၁း၁၆-၁၇) စသည့် အကြောင်းကြားခြင်း သတင်းစကားများကို လက်ခံနိုင်ပါသည်။ ဒေါသထွက် စေနိုင်သည် (တမန်တော်၊ ၁၇း၁၆)။ နှိုးဆော်လှုပ်ရှားစေနိုင်ပါသည် (၅ ရာ၊ ၅း၂၆၊ ရောမ၊ ၁း၁-၅)။

## (ခ) သတင်းစကားကို သတ်မှတ်ဖော်ထုတ်နိုင်သည်

လူ့ဝိညာဉ်သည် လက်ခံရရှိသော သတင်းစကားကို အကဲဖြတ်နိုင်ပါသည်။ ထိုအရာမှာ သဘောပေါက်နိုင်ပါသည် (ယောဘ၊ ၆း၄)။ ငါတို့၏ အတွေးအခေါ်များကို သိရှိနိုင်သည် (၁ ကော၊ ၂း၁၁)။ လေးလေးနက်နက် စဉ်းစားဆင်ခြင်သည် (ဆာလံ၊ ၇၇း၆)။ နားလည်သဘောပေါက်နိုင်သည် (ယောဘ၊ ၂၀း၃၈၊ ၃၂း၈)။ ပညာရှိခြင်း အကြောင်း အကဲဖြတ်နိုင်သည် (ထွက်၊၂၈း၃၊ တရားဟော၊ ၃၄း၉၊ ဧဖက်၊ ၁း၁၆-၁၇)။

## (ဂ) ဆုံးဖြတ်ချက်ကိုချစ်ခြင်း

လူ့ဝိညာဉ်သည် သတင်းစကားကို တစ်ကြိမ်တစ်ခါ လက်ခံ၍ သတ်မှတ်ဖော်ပြရာတွင် မည်သည့်အကြောင်းအရာ လှုပ်ရှားမှုကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆုံးဖြတ်နိုင်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြခြင်း၊ (တမန်တော်၊ ၂၀း၂၂-၂၃) ဘုရားသခင်အား ဆပ်ကပ်အပ်နှံရန် (ဆာလံ၊ ၃၁း၅) ယုံကြည်ခြင်းရှိရန် (၂ ကော၊ ၄း၁၃-၁၄) နောင်တရရန် (ဟေရှာယ၊ ၅၇း၁၅၊ ၆၆း၂)တို့ကို ဆက်လက်၍ ခံယူရန်

ရွေးချယ်နိုင်ပါသည်။ သို့မဟုတ် ထာဝရဘုရားကို ဆန့်ကျင်ခြင်းဘက်သို့ လှည့်နိုင်သည် (ယောဘ၊ ၁၅း၁၃)။ ဘုရားသခင်အတွက် သစ္စာမဲ့နိုင်ပါသည် (ဆာလံ၊ ၇၈း၈)။

## (ဃ) တုန့်ပြန်ခြင်း

အခြေအနေများကို နားလည်သဘောပေါက်ခြင်း၊ ဆုံးဖြတ်ခြင်း၊ သုံးတတ်ခြင်းရှိသောအခါ လူ့ဝိညာဉ်သည် ရင်ဆိုင်တုန့်ပြန်ရန် နည်းလမ်းတစ်ခုခုဖြင့် တုံ့ပြန်နိုင်သည်။ မကောင်းသောအမှုကိုပင်လျှင် ရင်ဆိုင်နိုင်ပါသည်။

လူ့ဝိညာဉ်ကို အောက်ပါလက္ခဏာများအတိုင်း ဖော်ပြနိုင်ပါသည်။

- ဒေါသထွက်နိုင်သည် (တရားသူကြီး၊ ၈း၃။ ဒေသနာ၊ ၇း၉၊ ၁၀း၄)။
- လျှင်မြန်စွာ ဒေါသထွက်နိုင်သည် (သုတ္တံ၊ ၁၄း၂၆) (စိတ်နေစိတ်ထားသည် ဝိညာဉ်အားဖြင့်ဖြစ်၏)။
- စိတ်ပင်ပန်းညှိုးငယ်ခြင်းရှိနိုင်သည် (ယောဘ၊ ၇း၁၁)။
- စိတ်ပျက်ခြင်းရှိနိုင်၏ (ဆာလံ၊ ၇၆း၁၂။ သုတ္တံ၊ ၁၆း၁၈။ ဒေသနာ၊ ၇း၈)။
- ကျိုးပဲ့နိုင်သည်

(ဆာလံ၊ ၅၁း၁၇။ သုတ္တံ၊ ၁၅း၁၃၊ ၁၇း၂၂၊ ၁၈း၁၄။ ဟေရှာယ၊ ၆၄း၁၄)။
- ငြိမ်သက်သာယာနိုင်သည် ( သုံတ္တံ၊ ၁၇း၂၇)။
- နိုးဆော်ခြင်းကိုခံနိုင်သည် (ယောဘ၊ ၃၂း၁၈)။
- ကျိုးပဲ့ကြေမွနိုင်သည် (ဆာလံ၊ ၃၄း၁၈။ သုတ္တံ၊ ၁၅း၄)။
- လိမ်ညာလှည့်ဖျားခြင်းကိုခံနိုင်သည် (ဆာလံ၊ ၃၂း၂)။
- ညစ်ညမ်းခြင်းရှိနိုင်သည် (၂ ကော၊ ၇း၁)။

- ညှိုးငယ်နိုင်သည် (ထွက်၊ ၆း၉) (ညှိုးငယ်ခြင်းရှိသော ဝိညာဉ်တော်)။
- သူတစ်ပါး၏ခံစားချက်ကို ထပ်တူခွဲဝေခံစားနိုင်သည်

(၁ ကော၊ ၅း၃-၅။ ကောလောသဲ၊ ၂း၅)။

- မှားယွင်းနိုင်သည် (ဟေရှာယ၊ ၂၉း၂၄)။
- ထာဝရဘုရား၏ မျက်မှောက်တော်ကို ကြုံတွေ့နိုင်သည် ( ၂ တိ၊ ၄း၂၂)။
- သူကိုယ်တိုင် ဖော်ထုတ်နိုင်သည် (သုတ္တံ၊ ၂၉း၁၁)။

(စိတ်နေသဘောထား သည် သူ့ဝိညာဉ်၌တည်၏)

- အားနည်းချိနဲ့နိုင်သည်

(ဆာလံ၊ ၇၇း၃၊ ၁၄၃း၇။ ဟေရှာယ ၊၅၇း၁၆၊ ၆၁း၃။ ယေဇကျေလ၊ ၂၁း၇)။

- လူတို့ပေါ်၌ သစ္စာရှိနိုင်သည် (သုတ္တံ၊ ၁၁း၁၃)။

(အားကိုးထိုက်ခြင်း “သစ္စာရှိသောဝိညာဉ်”)

- ရဲရဲတောက် ပြင်းပြခြင်းရှိနိုင်သည်

(တမန်တော်၊ ၁၈း၂၅။ ရောမ၊ ၁၂း၁၀-၁၁)။

- မိုက်မဲခြင်းသို့ ရောက်နိုင်သည် (ယေဇကျေလ၊ ၁၃း၃)။
- နူးညံ့သိမ်မွေ့ခြင်းရှိနိုင်သည်

(၁ ကော၊ ၄း၂၁။ ဂလာတိ၊ ၆း၁။ ၁ ပေ၊ ၃း၄)။

- ထာဝရဘုရားအား ဆပ်ကပ်နိုင်သည် (တမန်တော်၊ ၇း၅၉)။
- ဝမ်းနည်းကြေကွဲနိုင်သည် (ဟေရှာယ၊ ၅၄း၆)။

- မာကြောခြင်းရှိနိုင်သည် (တရားဟောရာ၊ ၂း၃၀)။
- သန့်ရှင်းခြင်းရှိနိုင်သည်  (၁ ကော၊ ၇း၃၄)။
- ဂုဏ်ပြုခြင်းရှိနိုင်သည်  (၂ ကော၊ ၁၂း၁၈)။
- နှိမ့်ချခြင်းရှိနိုင်သည်  (သုတ္တံ၊ ၁၆း၁၉။ ၂၉း၂၃)။
- မနာလိုဝန်တိုခြင်းရှိနိုင်သည်  (တောလည်ရာ၊ ၅း၁၄)။
- ဘုရားသခင်၏ အလိုတော်ထဲ၌ အသက်ရှင်နိုင်သည်  (၁ ပေ၊ ၄း၆)။
- သစ္စာတရားရှိနိုင်သည် (တောလည်ရာ၊ ၁၄း၂၄)
- ရင့်ကျက်ခြင်းသို့ ပြုပြင်နိုင်သည်  (ဟေဗြဲ၊ ၁၂း၂၃)။
- လူတို့အား တိုက်တွန်းနှိုးဆော်နိုင်သည်
  (ထွက်၊ ၃၅း၂၁။ သုတ္တံ၊ ၁၆း၂။ ဗျာ၊ ၁၉း၁၀)။
- ရွှေ့လျားနိုင်သည် (ယောဟန်၊ ၁၁း၃၃)။
- အသစ်ပြုပြင်နိုင်သည်  (ယေဇကျေလ၊ ၁၁း၁၉။ ၁၈း၃၁။ ၃၆း၂၆)။
- ဖိနှိမ့်ခြင်းခံနိုင်သည်  (၁ ရာ၊ ၁း၁၅)။
- အောင်မြင်ခြင်းသို့ ရောက်နိုင်သည် (ဆာလံ၊ ၁၄၂း၃။ ၁၄၃း၄)။
- စီမံကိန်းရေးဆွဲနိုင်သည်  (တမန်၊ ၁၉း၂၁)။
- ဆင်းရဲဒုက္ခခံနိုင်သည်  (မဿဲ၊ ၅း၃)။
- ဆုတောင်းနိုင်သည်  (၁ ကော၊ ၁၄း၁၄-၁၆)။
- ကြိုတင်၍ ခန့်ထားခြင်းရှိနိုင်သည်
  (ယောဘ၊ ၁၀း၁၂။ ၁ သက်သာလောနိတ်၊  ၅း၂၃)။

- တိတ်ဆိတ်စွာနေနိုင်သည် (၁ ပေတရု၊ ၃း၄)။
- ကုန်သွယ်မှုရှိနိုင်သည် (ဟေရှာယ၊ ၁၉း၃။ ယေရမိ၊ ၅၁း၁)။
- တစ်ဖန်လန်းဆန်းခြင်းရှိနိုင်သည် (၂ ကော၊ ၇း၁၃)။
- ဝမ်းမြောက်ခြင်းရှိနိုင်သည် (လုကာ၊ ၁း၄၇)။
- အသစ်တစ်ဖန်ခွန်အားရှိနိုင်ပါသည် (ဧဖက်၊ ၄း၂၀-၂၄)။
- အနားယူခြင်းလိုအပ်နိုင်သည် (၂ ကော၊ ၂း၁၃)။
- နိုးကြားခြင်းရှိနိုင်သည် (ကမ္ဘာ၊ ၄၅း၂၇။ ၁ ရာ၊ ၃၀း၁၂)။
- ကိုယ့်ကိုကိုယ် အုပ်စိုးနိုင်သည် (သုတ္တံ၊ ၁၆း၃၂)။
- ဝမ်းနည်းနိုင်သည် (၃ ရာ၊ ၂၁း၅)။
- ထာဝရဘုရားကိုရှာနိုင်သည် (ဟေရှာယ၊ ၂၆း၉)။
- အစေခံနိုင်သည် (ရောမ၊ ၁း၉)
- ဖျားနာခြင်းရှိနိုင်သည် (သုတ္တံ၊ ၁၈း၁၄)။
- လွှမ်းဆွတ်တမ်းတနိုင်သည် (မာကု၊ ၈း၁၂)။
- ခိုင်မြဲစွာတည်ရှိနိုင်သည် (ဆာလံ၊ ၅၁း၁၀)။
- ခွန်အားရှိနိုင်သည် (လုကာ၊ ၁း၈၀)။
- အခြားသောသူများအတွက် အစေခံနိုင်သည် (၁ ကော၊ ၁၄း၃၁-၃၂)။
- ဆပ်ကပ်အပ်နှံခြင်းရှိနိုင်သည် (ဟေဗြဲ၊ ၁၂း၉)။
- ကြောက်လန့်ခြင်းရှိနိုင်သည် (၂ တိမောသေ၊ ၁း၇)။

- ပူပန်ခြင်းဒုက္ခရှိနိုင်သည် (ကမ္ဘာ၊ ၄၁း၈။ ယောဘ၊ ၂၁း၄။ ဒံယေလ၊ ၂း၁-၃။ ယောဟန်၊ ၁၃း၁၈-၂၁)။
- အထိန်းအချုပ်မဲ့ဖြစ်လာနိုင်သည် (သုတ္တံ၊ ၂၅း၂၈)။
- ထာဝရဘုရားနှင့် ပူးပေါင်းညီညွတ်နိုင်သည် (၁ ကော၊ ၆း၁၇)။
- အခြားသောယုံကြည်သူများနှင့် ပူးပေါင်းညီညွတ်နိုင်သည် (ဖိလိပ္ပိ၊ ၁း၂၇)။
- အားနည်းနိုင်သည်
(ယောရှု၊ ၂း၁၁။ တရားသူကြီး ၊၁၅း၁၉။ ၃ ရာ၊ ၁၀း၄-၅)။
- လိုအင်ဆန္ဒရှိနိုင်သည် (ဆာလံ၊ ၅၁း၁၀-၁၂)။
- ဝတ်ပြုကိုးကွယ်ခြင်းပြုနိုင်သည် (ယောဟန်၊ ၄း၂၃)။
- ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက် အထောက်အကူဖြစ်စေနိုင်သည်
(ရောမ၊ ၈း၁၆)။

## ၄။ နှလုံးသား

လူ၏နှလုံးသားသည် သမ္မာကျမ်းစာတစ်လျှောက်လုံး၌ ဆင်ခြင်စရာဆွေးနွေးရန် အကြောင်းအရာတစ်ခု ဖြစ်ပါသည်။ ဟေဗြဲဝေါဟာရစကားလုံး LEBH - လက်နှင့် ဂရိဝေါဟာရစကားလုံး KARDIA - ကာဒီအာတို့မှာ အကြိမ်ပေါင်း တစ်ထောင်ခန့် အတူတကွ အသုံးပြုခဲ့ပါသည်။ ဤစကားလုံးများသည် ကိုယ်ခန္ဓာအတွင်းပိုင်းဆိုင်ရာ အစိတ်အပိုင်းများကို ဆိုလိုပြီး သွေးကြောမျှင်များတစ်လျှောက် သွေးလည်ပတ်ခြင်း အင်္ဂါအစိတ်ပိုင်းများဖြစ်ပါသည် (၂ ရာ၊ ၁၈း၁၄၊ ၄ ရာ၊ ၉း၂၄)။ ထို့အပြင် ဤစကားလုံးသည် ပုံမှန်အားဖြင့် လူ၏အတွင်းပိုင်း၌ လှုပ်ရှားနေသော ဇဟိုအချက်ကို ဖော်ပြထားပါသည်။ သမ္မာကျမ်းစာ၌ “နှလုံးသား” ဟူသော စကားလုံးအသုံးပြုပုံ ကွဲပြားခြားနားမှုများကို ဆင်ခြင်နိုင်ရန် အောက်ပါအတိုင်း တိကျစွာ အဓိပ္ပာယ် ဖွင့်ဆိုနိုင်ပါသည်။

## (က) အသိဉာဏ်ပိုင်းဆိုင်ရာဗဟိုချက်

နှလုံးသားကို အသိဉာဏ်ပိုင်းဆိုင်ရာ ဗဟိုချက်ကို ဖော်ပြရန် အသုံးပြုပါသည်။ သို့ဖြစ်၍ တန်ဘိုးသတ်မှတ်နိုင်သော အရည်အချင်းရှိနိုင်သည် (တရားဟော၊ ၈း၅)။ ချိုးမွမ်းတတ်သော အရည်အချင်းရှိသည် (ဆာလံ၊ ၁၁၉း၁၁)။ စီမံကိန်းရေးဆွဲနိုင်သော အရည်အချင်းရှိသည် (ဟေဗြဲ၊ ၄း၁၂)။ ထို့အပြင် နှလုံးသားသည် မကောင်းသော အတွေးအခေါ်များနှင့် လုပ်ဆောင်ချက်များဖြစ်ပေါ်ရာ သွေးကြောအရင်းအမြစ်လည်း ဖြစ်ပါသည် (မဿဲ၊ ၁၅း၁၉-၂၀)။

## (ခ) စိတ်လှုပ်ရှားမှုဆိုင်ရာဗဟိုချက်

နှလုံးသားသည် စိတ်လှုပ်ရှားမှုဆိုင်ရာ ဗဟိုချက်အနေဖြင့် အသုံးပြုပါသည်။ နှလုံးသားသည်ချစ်ခြင်း (တရားဟော၊ ၆း၅) လိုအင်ဆန္ဒ (ဆာလံ၊ ၃၇း၄) ဝမ်းမြောက်ပျော်ရွှင်ခြင်း (ဆာလံ၊ ၁၀၄း၁၅။ ဟေရှာယ၊ ၃၀း၂၉။ ကောလောသဲ၊ ၃း၁၆) စသည်တို့ရှိပါသည်။ နှလုံးသားသည် ဝမ်းနည်းကြေကွဲခြင်း (နေဟမိ၊ ၂း၂၊ ရောမ၊ ၉း၂) ခါးသီးခြင်း (ဆာလံ၊ ၇၃း၂၁) သူ့ကိုယ်သူ ဆုံးမသွန်သင်နိုင်ခြင်း (ယောဘ၊ ၂၇း၆)ရှိပါသည်။

## (ဂ) ကိုယ်ပိုင်ဆုံးဖြတ်ချက်ဆိုင်ရာ ဗဟိုချက်

နှလုံးသားသည် ကိုယ်ပိုင်ဆုံးဖြတ်ချက်ဆိုင်ရာ ဗဟိုချက်ပင်ဖြစ်ပါသည်။ နှလုံးသားသည် ဘုရားသခင်ကို ရှာနိုင်သည် (တရားဟော၊ ၄း၂၉)။ ပြောင်းလဲနိုင်သည် (ထွက်၊ ၁၄း၅)။ ထို့အပြင် ဘုရားသခင်ဘက်မှ မာကြောသော သဘောလည်း ရှိနိုင်ပါသည် (ထွက်၊ ၈း၁၅။ ဟေဗြဲ ၄း၇)။

## (ဃ) ဝိညာဉ်ပိုင်းဆိုင်ရာ အသက်၏ဗဟိုချက်

နှလုံးသားသည် ဝိညာဉ်ပိုင်းဆိုင်ရာ အသက်တာ၏ ဗဟိုချက်ဖြစ်ပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်၌ "ဖြောင့်မတ်ရာသို့ရောက်ခြင်းငှာ လူ့စိတ်နှလုံးဖြင့် ယုံကြည်ရမည်" ဟူ၍ ဆိုထားပါသည် (ရောမ၊ ၁၀း၉-၁၀)။ ယုံကြည် သူများအတွက် စိတ်နှလုံးသည် သားတော်၏အိမ်တော် (၁ ပေတရု၊ ၃း၁၅။ ဧဖက်၊ ၃း၁၇)နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ အိမ်တော်လည်းဖြစ်ပါသည် (၂ ကော၊ ၁း၂၁)။

## ၅။ ကောင်းမကောင်းဝေဖန်တတ်သည့်အသိစိတ် (သြတ္တပ္ပစိတ်)

"အသိစိတ် သြတ္တပ္ပ"ဟူသော စကားလုံးသည် ဓမ္မသစ်ကျမ်း၌သာ ပေါ်လာပါသည်။ ဤစကားလုံး၏ တည်ဆောက်ပုံမှာ "နှလုံးသား"ဟူသော စကားလုံးအားဖြင့် ဆက်နွယ်မှုရှိပြီး ဓမ္မဟောင်းကျမ်းထဲ၌ တွေ့ရှိရပါသည် (၁ ရာ၊ ၂၄း၅။ ယောဘ၊ ၂၇း၆)။ ဂရိဝေါဟာရစကားလုံး "SUNEIDESIS -စူနေဒေဆစ်" မှာ အခြေခံအားဖြင့် "သိခြင်း" သို့မဟုတ် "ဉာဏ်ပညာရှိခြင်း"ဟူ၍ဖြစ်ပါသည်။ ဤစကားလုံးသည် လူတစ်ဦးချင်းနှင့်ဆိုင်သော အမှန်နှင့် အမှားကို သိခြင်းကိုဆိုလိုပါသည်။ အသိစိတ်-သြတ္တပ္ပဟူသည် လူ၏အစိတ်အပိုင်းဖြစ်၍ သူ့အားသွန်သင်ထားခဲ့သည်များကို လုပ်ဆောင်ရန် တွန်းအားပေးခြင်းဖြစ်ပါသည်။ သြတ္တပ္ပသည် ကျွန်ုပ်တို့အား အမှန်နှင့် အမှားကို သွန်သင်ခြင်း မရှိပါ။ တစ်ယောက်သောသူသည် "ကောင်းသောအသိစိတ် သြတ္တပ္ပ" ဖြင့်ပင် အမှားကို ပြုနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော သူ့အား လွဲမှားစွာ အကြောင်းကြားရသောကြောင့်ဖြစ်ပါသည်။

ကယ်တင်ခြင်း သို့မရောက်ရှိသေးသော လူတစ်ဦး၏ အသိစိတ်မှာ မကောင်းသော လမ်းညွှန်ခြင်း၌ ရှိနိုင်ပါသည် (ယောဟန်၊ ၈း၉။ ရောမ၊ ၂း၁၅)။ အကယ်၍ လူတစ်ဦးအား မှန်သည်မှားသည်ဟူသော ဘုရားသခင်၏စံနှုန်းကို သွန်သင်ခြင်းရှိသော

အခါ ဖြစ်နိုင်ပါသည်။ အသိစိတ်မှာ "နောင်ကာလ၌ ဩတ္တပ္ပစိတ်တွင် သံပူနှင့်ခတ်ခြင်းကို ခံပြီးလျှင်" (၁ တိမောသေ၊ ၄း၂) ဟူ၍ ဖော်ပြထားရာ တစ်စုံတစ်ဦးသည် ဘုရားသခင်၏ စံနှုန်းတော်ကို ဆက်လက်ငြင်းပယ်သောအခါ ဖြစ်ပါမည်။ တစ်စုံတစ်ဦးသည် ဘုရားသခင်၏ စံနှုန်း များကို ချိုးဖောက်သောအခါ ဩတ္တပ္ပစိတ်မှာ "ညစ်ညူး" သည်ဟု ဆို၏ (တိတု၊ ၁း၁၅)။ သို့သော်လည်း ဩတ္တပ္ပစိတ်မှာ မကောင်းမှုများမှ သန့်ရှင်းနိုင်ပါသည် (ဟေဗြဲ၊ ၁၀း၂၂)။

သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ပြောင်းလဲစေသော ခရစ်ယာန်တို့၏ ဩတ္တပ္ပစိတ်မှာ ဘဝအသက်တာနှင့် ဆက်နွယ်မှုရှိသမျှ အမျိုးမျိုးသော အခြေအနေ၌ မည်သည့်အရာသည် မှန်သည်ဖြစ်ကြောင်းကို ပြုလုပ်ရန် သူ့အား တွန်းပို့ပေးပါသည်။ ထိုအရာသည် သူ့အား သူနေထိုင်သည့် အစိုးရမင်းအာဏာအောက်၌ နာခံခြင်းရှိရန် တွန်းအားပေးပါသည် (ရောမ၊ ၁၃း၅)။ ဖြောင့်မတ်သော လုပ်ငန်းရှင်တစ်ဦး၏ အောက်မှသယ်ပိုးရန် ဖြစ်ပါသည် (၁ ပေတရု၊ ၂း၁၉)။ အားနည်းသော ညီအစ်ကိုတစ်ဦး၏ ဩတ္တပ္ပစိတ်ကို နာကျင်စေခြင်းမပြုရန် ဖြစ်ပါသည် (၁ ကော၊ ၈း၇၊ ၁၀၊ ၁၂)။

## ၆။ စိတ်ဆန္ဒ

ဂရိဘာသာစကား၌ "စိတ်ဆန္ဒ"ကို NOUS-နပ်စ်ဟူ၍ ဖြစ်ပါသည်။ စိတ်ဆန္ဒမှာ အသိအာရုံများ၊ စိတ်လှုပ်ရှား မှုများနှင့် မှတ်ဉာဏ်များအားလုံးတို့ရှိရာ နေရာဖြစ်ပြီး တန်ဖိုးသတ်မှတ်ခြင်းနှင့် နိဂုံးချုပ်ခြင်းအတွက် အတူတကွပေါ်လာကြပါသည်။ ထိုစကားလုံးထဲ၌ လူသားတို့၏ ဦးနှောက်ပိုင်းဆိုင်ရာနှင့် စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ ပါဝင်လှုပ်ရှားလုပ်ဆောင်မှု အားလုံးပါဝင်ပါသည်။ သို့ဖြစ်၍ ထိုနေရာမှာ လူ၏ ကိုင်တွယ်၍ရသော အပိုင်း (ရုပ်ပိုင်း)နှင့် ကိုင်တွယ်၍ မရသော အပိုင်း (နာမ်ပိုင်း)တို့ စုံစည်းရာဖြစ်ပါသည်။ W.E UNIUS ဆိုသူက အောက်ပါတိုင်း ဆိုထားပါသည်။

"စိတ်ဆန္ဒ"မှာ ဩတ္တပ္ပစိတ်ကို တုန့်ပြန်လှုပ်ရှားစေသောနေရာဖြစ်၍ လက်ခံခြင်းနှင့် နားလည်သဘောပေါက်ခြင်း အဖွဲ့အစည်းများ၊ စိတ်ခံစားမှု၊ တရားစီရင်ခြင်းနှင့် ဆုံးဖြတ်ခြင်းတို့ ပါဝင်နေပါသည်။ ဆက်နွယ်နေသော ဂရိဝေါဟာရ စကားလုံးများ "DIANOIA - ဒိုင်အေနွဲအာ ၏ အဓိပ္ပာယ်မှာ စဉ်းစားရန်နှင့် ENNOLA - အင်နွဲအာ ၏ အဓိပ္ပာယ်မှာ အကြံဉာဏ်၊ ရည်ရွယ်ရင်း သို့မဟုတ် ကြံရွယ်ချက်" ဟူ၍ ဖြစ်ပါသည်။ စိတ်ဆန္ဒနှင့် နှလုံးသားတို့မှာ နီးကပ်စွာ ဆက်နွယ်မှုရှိနေစဉ် သူတို့မှာ ကွဲပြားခြားနားမှုရှိပါသည် (ဟေဗြဲ၊ ၈း၁၀၊ ၁၆)။[၁၀၆]

"စိတ်ဆန္ဒ"၏ ဖွဲ့စည်းပုံကို ဓမ္မဟောင်းကျမ်းထဲ၌ ဆွေးနွေးသောအခါ ဟေဗြဲဝေါဟာရစကားတစ်လုံးမျှ မရှိပါ။ နှလုံးသား၊ စိတ်နှင့် ဝိညာဉ်ဟူသော စကားလုံးတို့ဖြင့်သာ ဆွေးနွေးလေ့ရှိပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် စိတ်ဆန္ဒကို ဂရိဝေါဟာရစကားလုံး အသုံးအနှုန်းများမှသာ နားလည်သဘောပေါက်နိုင်ပါသည်။

ကယ်တင်ခြင်းရရှိသော သူတို့နှင့် မရရှိသေးသောသူတို့ နှစ်ဦးစလုံးတို့တွင် စိတ်ဆန္ဒများရှိကြပါသည် (ရောမ၊ ၁၄း၅)။ တစ်စုံတစ်ဦးသည် သူ့အား ဘုရားသခင်ပေးထားတော်မူသော စိတ်ဆန္ဒကို အဘယ်ကဲ့သို့ အသုံးပြုနေသည်ဟူသည့်အချက်မှာ အရေးကြီးပါသည် (ဧဖက်၊ ၄း၁၇၊ ၁၈။ ဟေဗြဲ၊ ၄း၁၂)။ ENNOLA - အင်နွဲအာ စကားလုံးကို အာရုံပြုခြင်းအတွက် အသုံးပြု၍ ဘာသာပြန်ဆိုထားပါသည်။ ထာဝရဘုရားသည် စိတ်ဆန္ဒရှိတော်မူသည်ဖြစ်ရာ ကျွန်ုပ်တို့သည် ထိုအရာကို သိဖို့ရန်ရှာရပါမည် (ရောမ၊ ၁၁း၃၄။ ၁ ကော၊ ၂း၁၆)။ သူသည် ကျွန်ုပ်တို့အား စိတ်ဆန္ဒကို ပေးထားပါသည်။ ထို့ကြောင့် သူ့အား ချစ်ခြင်းရှိကြရန်ဖြစ်ပါသည် (မဿဲ၊ ၂၂း၃၇၊ မာကု၊ ၁၂း၃၀။ လုကာ၊ ၁၀း၂၇)။ သူ့အား နားလည်သဘောပေါက်သိကျွမ်းခြင်းရှိရန် ဖြစ်ပါသည် (လုကာ၊ ၂၄း၄၅)။ ခရစ်ယာန်တို့၏ စိတ်ဆန္ဒမှာ ခမည်းတော်နှင့် သားတော်အထဲ၌ တွေ့ရှိရသော သမ္မာတရားကို သိရှိဖို့ရန်ဖြစ်ပါသည် (၁ ယော၊ ၅း၂၀) ၌ DIANOIA - ဒိုင်အေနွဲအာ ဟူသော ဝေါဟာရစကားလုံးကို "နားလည်သဘော ပေါက်ခြင်း"ဟူ၍ ဘာသာပြန်ဆိုထားပါသည်။

ကျွန်ုပ်တို့အား ထာဝရဘုရားပေးတော်မူသော စိတ်ဆန္ဒကို ယုတ္တိရှိရှိ ဆင်ခြင်နိုင်ရန် ဖြစ်ပါသည်။ ဤအချက်ကို သက်သေပြရန်မှာ သချ်ာနည်းဖော်မြူလာအရ တွက်ချက်နိုင်ပါသည် (ဗျာ၊ ၁၃း၁၈)။ ကျိုးကြောင်းဆီလျော်သော တွေးခေါ်ခြင်းကို နားလည်သဘောပေါက်နိုင်ပါသည် (ဗျာ၊ ၁၇း၉)။ ဤအရည်အချင်းနှင့် နားလည်သဘောပေါက်ခြင်းသည် စိတ်ဆန္ဒ၌ ဆုံးဖြတ်ချက်များဖြစ်၍ လမ်းပြသော စံနှုန်းများဖြစ်လာကာ တစ်စုံတစ်ယောက်သောသူ၏ ဩတ္တပ္ပစိတ် တည်ဆောက်ပေးနိုင်ပါသည် (ရောမ၊ ၇း၂၃-၂၅)။ ဤသို့သော တစ်ဦးချင်းနှင့်ဆိုင်ရာ တိုးပွားခြင်းသည် အခြားသော သူတို့ပေါ်၌ သွန်သင်ဆုံးမနိုင်သော အရည်အချင်းသို့ ပို့ဆောင်ပေးပါသည် (၁ ကော၊ ၁၄း၁၉)။ တစ်ဖန် ခရစ်တော်၏ ကိုယ်ခန္ဓာထဲသို့ လုံလောက်စွာ တည်ဆောက်နိုင်ရန် ရင့်ကျက်လာမည်ဖြစ်ကြောင်း မျှော်လင့်ချက်အပြည့်အဝ ရှိနိုင်ပါသည် (၁ ကော၊ ၁း၁၀)။ ဩတ္တပ္ပစိတ်သည် မိမိကိုယ်တိုင်နှင့်လည်းကောင်း၊ ဘုရားသခင်နှင့် အခြားသောသူတို့နှင့် လည်းကောင်း ရိုးသားခြင်းရှိရပါမည် (၂ ပေတရု၊ ၃း၁)။ ဩတ္တပ္ပစိတ်သည် ဤအရာများ အားလုံးတို့၌ လူသားတို့နှင့် အတူအလုပ်လုပ်ရန်ပင် ဖြစ်ပါသည် (၁ ကော၊ ၁၄း၁၅)။

ဩတ္တပ္ပစိတ်သည် ဘုရားသခင်၏ အမှုတော်ထဲ၌ အသုံးခံနိုင်သည်နည်းတူ (မာကု၊ ၁၂း၃၀)၊ ဘုရားသခင်အား ဆန့်ကျင်ခြင်းကို "ရွေးချယ်နိုင်ပါသည်" သို့မဟုတ် "ပျက်စီးယိုယွင်းနိုင်ပါသည်။" ဆိုလိုသည်မှာ ဘုရားသခင်၏ စံနှုန်းများကို ကျင့်ဆောင်ခြင်းမရှိပါ (ရောမ၊ ၁း၂၈။ ၁ တိမောသေ၊ ၆း၅။ ၂ တိမောသေ၊ ၃း၈)။ ဘုရားသခင်အား ရန်လိုခြင်းပြုနိုင်ပါသည် (ကောလာသဲ၊ ၁း၂၁)။ သို့ဖြစ်၍ ဩတ္တပ္ပစိတ်သည် ညစ်ညမ်းခြင်းရှိနိုင်ပါသည် (တိထု၊ ၁း၁၅)။ ယုံကြည်သူတို့၏ ဩတ္တပ္ပစိတ်သည်ပင် တိုးပွားခြင်းနှင့်ကင်းနိုင်ပါသည် (၁ ကော၊ ၁၄း၁၄)။ ဩတ္တပ္ပစိတ်သည် အတ္တဆန်ခြင်း သို့မဟုတ် ကိုယ်ကာယနှင့်ဆိုင်သောအရာများကိုသာ စဉ်းစားခြင်းရှိသောအခါ (လုကာ၊ ၁း၅၁။ ဧဖက်၊ ၂း၃။ ကောလောသဲ၊ ၂း၁၈) မတိုးပွားဘဲဖြစ်နိုင်ပါသည်။ မှားယွင်းသော ဩဝါဒများကို မှန်သည်ဟု ယုံကြည်သော အခါမှာလည်း လှုပ်ခါနိုင်ပါသည် (၂ သက်သာလောနိတ်၊ ၂း၂၊ NOUS - နိုအပ်စ်ကို "စိတ်တည်ငြိမ်ခြင်းသမာဓိ"ဟူ၍ ဘာသာ

ပြန်ဆိုသည့်နေရာ၌) များစွာသော ကျေးဇူးချီးမွမ်းခြင်းနှင့် ဩတ္တပ္ပစိတ်သည် အသစ်လန်းဆန်းနိုင်ကြောင်း ကျွန်ုပ်တို့ တွေ့မြင်နိုင်ပါသည်။ ထို့ကြောင့် ဘုရားသခင်၏ အလိုတော်ကို သိနိုင်သည် (ရောမ၊ ၁၂း၂)။ အပြစ်ဒုစရိုက်စိတ်စွဲလန်းရာမှ ပြန်လှည့်လာနိုင်သည် (ဧဖက်၊ ၄း၂၂-၂၄)။ လုပ်ဆောင်ခြင်းအတွက် ပြင်ဆင်နိုင်ပါသည် (၁ ပေတရု၊ ၁း၁၃)။ ဒုက္ခဆင်းရဲကို ခံဖို့ရန် ပြင်ဆင်နိုင်ပါသည် (၁ ပေတရု၊ ၄း၁၊ ENNOIA အင်္ဂလိပ်အနက်ကို "ရည်ရွယ်ချက်"ဟူ၍ ဘာသာပြန်ဆိုသည့်နေရာ၌) ဘုရားသခင်၏ ငြိမ်သက်ခြင်းအားဖြင့် စောင့်ထိန်းခြင်းကို ခံရသည် (ဖိလိပ္ပိ၊ ၄း၇)။

## ၇။ အသွေးအသား

"အသွေးအသား"ဟူသော ဝေါဟာရစကားလုံးသည် အသက်ရှင်ဖန်ဆင်းသော ရုပ်ဝတ္ထုပိုင်းဆိုင်ရာ သဘာဝကို ညွှန်ပြပါသည်။ ကိုယ်ခန္ဓာကို ဖုံးအုပ်သည့် အသားမျှင်တစ်ရှူးများ (ကမ္ဘာ၊ ၂း၂၁၊ ထွက်၊ ၁၂း၈၊ လုကာ၊ ၂၄း၃၉) သို့မဟုတ် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အားလုံးကို ဆိုလိုပါသည် (ကမ္ဘာ၊ ၆း၁၇၊ ၁၉။ ၁ ကော၊ ၁၅း၃၉၊ ဟေဗြဲ၊ ၅း၇)။ သမ္မာကျမ်းစာအရ "အသွေးအသား"ဟူသော ဝေါဟာရစကားလုံးမှာ လူ့အစိတ်အပိုင်းဖြစ်သော ရုပ်ဝတ္ထုပိုင်းနှင့် နာမ်ပိုင်းဆိုင်ရာတို့ ဆက်စပ်မှုကို ဖော်ပြရန် အသုံးပြုပါသည်။

ဘုရားသခင်သည် ယေရှုခရစ်တော်တည်းဟူသော ပုဂ္ဂိုလ်တော်ထဲ၌ အသွေးအသားကို ခံယူလာခဲ့ပါသည် (ယော၊ ၁း၁၊ ၁၄။ ၁တိမောသေ၊ ၃း၁၆)၊ ဒါဝိဒ် အမျိုးအနွယ်အားဖြင့် (ရောမ၊ ၁း၃၊ ၉း၅)။ ဤသို့ဆိုသော် ဘုရားသခင်သည် စစ်မှန်သော လူသား ဇာတိကိုခံယူပါသည်။ သူ့အား အပြစ်ရှိသော အသွေးအသား ပုံသဏ္ဍာန်ဖြင့် ပြုတော်မူ၏။ သို့သော်လည်း အသွေးအသားထဲ၌ အပြစ်တရားမရှိပါ (ရောမ၊ ၈း၃)။ သူသည် ဒါဝိဒ်မင်း၏ "သခင်ဘုရား"ဖြစ်တော်မူ၏။ ဒါဝိဒ်မင်း၏ "သားတော်"လည်း ဖြစ်တော်မူ၏ (မဿဲ၊ ၂၂း၄၅)။ ယေရှုသည် ကျွန်ုပ်တို့၏ အပြစ်ဒုစရိုက်များကို သယ်ပိုးပေးရန် ကြွလာတော်မူပါ၏။ ထို့ကြောင့် သူသည် လူသားတို့အား ဘုရားသခင်နှင့် ငြိမ်းချမ်းခြင်းကို တည်ဆောက် ပေးနိုင်ပါ၏။ (ဧဖက်၊ ၂း၁၄-၁၅။ ကောလောသဲ၊ ၁း၂၂-

၂၃)။ စာတန်၏ တန်ခိုးကို ချိုးဖဲ့တော်မူ၏ (ဟေပြ၊ ၂း၁၄)။ ယေရှုသည် အသွေးအသား အမှန်ခံယူခြင်း မဟုတ်ပါကြောင်း မှားယွင်းသော မိစ္ဆာဆရာများတို့ ပေါ်လာ၍ ဟော ပြောကြမည့်အကြောင်းကို ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အား ပြောပြ ထားပါသည် (၁ ယော၊ ၄း၂၊ ၂ ယော၊ ၁း၇)။

ဓမ္မဟောင်းကျမ်း၌ ဘုရားသခင်သည် လူ့အသွေးအသား ဇာတိကို ခံယူဖို့ရန် ကြွလာခြင်းလိုအပ်ကြောင်းကို ပုံထုသမားသရုပ်ဖော်ပြထားခဲ့ပါသည်။ တဲစောင့်၏ ကုလားကာနှင့် ဗိမာန်တော်မှာ ယေရှုသည် လူသားတို့အား ဘုရားသခင်နှင့်အတူ ထာဝရ အသက်ကို ရရှိကြမည်အကြောင်း တံခါးဖွင့်ပေးတော်မူသော အမှတ်လက္ခဏာတစ်ခု ဖြစ်ပါသည် (ဟေပြ၊ ၁၀း၁၉-၂၀၊ မဿဲ၊ ၂၇း၅၁)။ ဣသရေလလူမျိုးတို့အား တော၌ အနှစ်လေးဆယ်တိုင်တိုင် “မန္န”မုန့်ဖြင့် ကျွေးမွေးတော်မူခဲ့ခြင်းမှာ ခရစ်တော်သည် သူ၏ အသွေးအသားအားဖြင့် ယုံကြည်ခြင်းအားဖြင့် ရရှိနိုင်သော ကျေးဇူးတော်ကို ထောက်ပံ့ ပေးတော်မူမည်အကြောင်း အမှတ်လက္ခဏာတစ်ခုဖြစ်ပါသည် (ထွက်၊ ၁၆း၃၁-၃၅၊ ယောဟန်၊ ၆း၅၁-၅၆)။ ဆာလံ ဆရာကလည်း မေရှိယသည် အသွေးအသားဖြင့် ကြွလာ တော်မူ၍ ပုပ်စပ်ခြင်း၊ (ဆွေးမြည့်ခြင်း)သို့ မရောက်ရ ဟုဆိုထားပါသည်။ ဆိုလိုသည်မှာ သေခြင်းမှ သူ၏ရှင်ပြန်ထမြောက်တော်မူခြင်းကို ပုံတူသရုပ်ဖော်ထားခြင်းဖြစ်ပါသည်။ (ဆာလံ၊ ၁၆း၁၀၊ တမန်၊ ၂း၃၁)နှင့် ဘုရားသခင်သည် ခရစ်တော်ယေရှု၏ ဆုတောင်း ခြင်းကို နားထောင်တော်မူ၏ (ဟေပြ၊ ၅း၇)။

ခရစ်တော်၏ ဒုက္ခဆင်းရဲခံခြင်းနှင့် အသွေးအသားကို ခံယူတော်မူခြင်း၏ ရည်ရွယ်ချက်မှာ လူသားတို့အတွက် အတုယူစရာ စနမူနာတစ်ခုဖြစ်ပါသည် (၁ ပေတရု၊ ၄း၁-၂)။ လူသားတို့၏ အသွေးအသားမှာ အပြစ်ဒုစရိုက်ပြုရာ ခံတပ်၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့် အဆက်မပြတ် စစ်တိုက်ခြင်းသဘောရှိသည်ကို သမ္မာကျမ်းစာ၌ ကြိမ်ဖန် များစွာ ဖော်ပြထားပါသည် (ဂလာတိ၊ ၅း၁၆-၁၇)။ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက် အပိုင်းတစ်ခုမှာ အပြစ်တရား၏ ပြဿနာနှင့် အကျိုးဆက်များကို ဖော်ထုတ်ရန်ဖြစ်ပါသည် (ယောဟန်၊ ၁၆း၈-၁၁)။

ဘုရားသခင်၏ နှုတ်ကပတ်တော်ထဲ၌ ဖော်ပြထားသည့် အသွေးအသား၏ အကျင့်လက္ခဏာများရှိပါသည်။ ဝိညာဉ်နှင့်ကင်းသော အသွေးအသား (ကိုယ်ခန္ဓာ)သည် အသေဖြစ်၏ (ယောဟန်၊ ၆း၆၃)။ အသွေးအသားသည် မွေးဖွားခြင်းကိုသာ ပေးနိုင်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် အသွေးအသားနှင့် ဝိညာဉ်အသက်ရှင်သန်စေသည် (ယောဟန်၊ ၃း၆)။ ကျွန်ုပ်တို့သည် မိမိတို့၏ အသွေးအသား ကိုယ်ခန္ဓာကို ချစ်ကြပါသည်။ ကျွေးမွေးပြုစုကြပါသည် (ဧဖက်၊ ၅း ၂၈- ၂၉)။ အသွေးအသားအချို့သော ဉာဏ်ပညာတော်ကို ပိုင်ဆိုင်နိုင်ပါသည် (၁ကော၊ ၁း ၂၆- ၂၉)။

အသွေးအသားသည် စုံစမ်းခြင်းကို ဆန့်ကျင်ရန် အားနည်းနေပါသည် (မဿဲ၊ ၂၆း၄၁)။ ကယ်တင်ခြင်းကို ဦးစားပေးရန် အားနည်းနေပါသည်။ အသွေးအသား၏ အလိုသို့လိုက်ခြင်းမှာ လူသားတို့၏ ပုံမှန်အသက်ရှင်ခြင်းသဘော ဖြစ်ပါသည် (ဧဖက်၊ ၂း၃)။ သို့ဖြစ်၍ အသွေးအသားသည် ဩတ္တပ္ပစိတ်၏ အတွေးအခေါ်များကို ထိခိုက်စေသော နည်းလမ်းဖြစ်ပါသည် (ကောလောသဲ၊ ၂း၁၈)။ ပျက်စီးယိုယွင်းသော အသွေးအသား၏ အလိုဆန္ဒသို့လိုက်ခြင်းသည် အခွင့်အာဏာကို မနှစ်မြို့ခြင်း (၁ ပေတရု၊ ၂း၉-၁၀) ဖြစ်ပါသည်။ ထို့ကြောင့် ခရစ်ယာန်တို့သည် မိမိတို့ပေါ်၌ အသွေးအသားနှင့်ဆိုင်ရာ အခွင့်အာဏာရှိသောသူတို့၏ အစေကိုခံရန်လည်း ကြိုးထွားကြရမည် (ဧဖက်၊ ၆း၅)။ လက်ခံနိုင်ဖွယ်သော အခွင့်အာဏာမှာ စစ်တိုက်ခြင်းဖြစ်၍ အသွေးအသားမှာ ဘုရားသခင်၏ ပညတ်တော်စံနှုန်းများကို အပြင်းအထန် ဆန့်ကျင်နေကြပါသည် (ရောမ၊ ၇း၅)။ အသွေးအသားထဲ၌ ကျွန်ုပ်တို့၏ အသက်တာမှာ ကျွန်ုပ်တို့သည် အသွေးအသားအားဖြင့် အခြားသောသူတို့ကို မစစ်ကြော မစီရင်သော်လည်း အခြားသောသူတို့သည် ကျွန်ုပ်တို့ပေါ်၌ စစ်ကြောစီရင်နေခြင်း ဖြစ်ပါသည် (ယောဟန်၊ ၈း၁၅)။ အသွေးအသားနှင့်ဆိုင်ရာ လုပ်ဆောင်မှုများပေါ်၌ အခြေခံပြီး အခြားသော သူတို့သည် ကျွန်ုပ်တို့ကို ကြည်ညိုလေးစားမည်မဟုတ်ပါ (၂ ကော၊ ၅း၁၆)။ ထိုအပြင် အသွေးအသားထဲ၌ အစီအစဉ်များ ဗီဇမျိုးရိုး နိုင်ငံသားဖြစ်ခြင်း လုပ်ဆောင်မှုများ သို့မဟုတ် ဖြောင့်မတ်ခြင်း စသည်များနှင့် ပတ်သက်၍ စိတ်ချမှုကို ရှိကြမည်မဟုတ်ပါ (ဖိလိပ္ပိ၊

၃း၂-၇)။ အသွေးအသားထဲ၌ ကျွန်ုပ်တို့ အသက်ရှင်ရမည့်အကြောင်းမှာ ဘုရားသခင်၏ အလိုတော်နှင့်အညီ အသက်ရှင်ကြရပါမည် (၁ ပေတရု၊ ၄း၆)။

အသွေးအသား၌ မြောက်များစွာသော အားနည်းချက်များရှိပါသည်။ အပြစ်တရားကို ခုခံတားဆီးရန် အားနည်း နေပါသည် (ရောမ၊ ၆း၁၉)။ လောကကြီးသည် အသွေးအသားအား အပြစ်နှင့်ပြည့်သော အရာများကို တောင့်တသည့် ဆန္ဒကိုပေးပါသည် (၁ ယော၊ ၂း၁၆)။ အပြစ်ရှိသော သူတို့သည် မြောက်များစွာသော အပြစ်ဒုစရိုက်များကို စွန့်လွှတ်ပါက ထာဝရနှင့်ဆိုင်သော ကောင်းကြီးမင်္ဂလာများကို ဖြစ်စေပါသည် (ဂလာတိ၊ ၅း၁၉-၂၁)။ အသွေးအသား၏ အတ္တဆန်ဆန် သွေးဆောင်ခြင်းသည် အသွေးအသားကို ပျက်စီးခြင်းသို့ ပို့ဆောင်သွားပါလိမ့်မည် (ဂလာတိ၊ ၆း၈)။ အသွေးအသားသည် နောက်ဆုံးတွင် ခြောက်သွေ့သွားပါလိမ့်မည် (၂ ပေတရု၊ ၁း၂၄-၂၅)။ မှားယွင်းသော မိစ္ဆာဆရာတို့သည် အသွေးအသားနှင့်ဆိုင်သော လိုအင်ဆန္ဒများနောက်သို့ လိုက်သွားကြရန် သွေးဆောင်ဖြားယောင်းလျက်ရှိပါသည် (၂ ပေတရု၊ ၂း၁၈-၁၉)။

အသွေးအသားသည် ကာမဂုဏ်ပိုင်းဆိုင်ရာ၌လည်း အားနည်းချက်များရှိပါသည်။ ထိမ်းမြားလက်ထပ်ခြင်းသည် ယောကျ်ားနှင့်မိန်းမတို့ကို တစ်သားတစ်ကိုယ်တည်းကဲ့သို့ ဆက်သွယ်ပေးပါသည်။ သို့ဖြစ်၍ အသွေးအသား တပ်မက်ခြင်းသည် ထူးဆန်းသော အသွေးအသားနောက်သို့ လိုက်သွားခြင်းဖြစ်သည်။ ထိုအရာမှာ လိင်တူချင်းကာမစိတ်ထားရှိခြင်း၊ မိန်းမချင်းကာမစိတ်ရှိခြင်းသဘောနှင့် တိရစ္ဆာန်ကဲ့သို့သော ရွံ့ရှာဘွယ်ကောင်းသည့် အပြုအမူများပါဝင်ပါသည် (မာကု၊ ၁၀း၈။ ယုဒ၊ ၁း၇)။ အပြစ်တရားကို တောင့်တသော လိုအင်ဆန္ဒသည် အသွေးအသားပျက်စီးခြင်းသို့ ပို့ပေးသည် (၁ ကော၊ ၅း၅)။

အခြားသောအားနည်းခြင်းတစ်ခုမှာ အသွေးအသားသည် ကျယ်ပြန့်စွာ တံခါးဖွင့်ထား၍ လျှင်မြန်စွာ ပြောင်းလဲမှုရှိ၏ (၂ ကော၊ ၁း၁၇)။ ထိုအရာမှာ ယုံကြည်သူတို့၏ အသက်တာထဲ၌ တည်ငြိမ်မှုကို ပျက်ပြားစေသော သဘောကို ဖြစ်ပေါ်စေသည်။

အကယ်၍ ဩတ္တပ္ပစိတ်ကို ကျွန်ုပ်တို့၏ ခေတ္တခဏသာခံသော လှုံ့ဆော်ခြင်းဖက်သို့ အခြေခံ၍ ကြိမ်ဖန်များစွာ ပြောင်းလဲခြင်းရှိပါက ကျွန်ုပ်တို့သည် ရှုပ်ထွေးခြင်းနှင့် ရှုပ်ထွေးမှုပြဿနာများကို လျှင်မြန်စွာ ကြုံတွေ့ရပေမည်။

အသွေးအသားသည်လည်း အကန့်သတ်ရှိပါသည်။ အသွေးအသားခန္ဓာကိုယ်၌ မည်သည့်အရာကို ပြုသည့်အကြောင်း (ဥပမာ အရေဖျားလှီးခြင်း)တို့သည် ဝိညာဉ်သဘောရှိခြင်းကို ဖော်ပြခြင်းမဟုတ်ပါ (ရောမ၊ ၂း၂၈)။ အခမ်းအနား အစီအစဉ်များသည် အားနည်းချက်များနှင့် အသွေးအသား၏ အကန့်အသတ်ရှိခြင်းများကို ဖြေရှင်းပေးလိမ့်မည် မဟုတ်ပါ (ကောလောသဲ၊ ၂း၂၃။ ၁ ပေတရု၊ ၃း၂၁)။

ပညတ်တရားကိုလိုက်လျှောက်ခြင်းအားဖြင့် အသွေးအသားသည် ဖြောင့်မတ်ခြင်းသို့ မရောက်နိုင်ပါ (ရောမ၊ ၃း၁၉-၂၀) အသွေးအသားတစ်ခုတည်းဖြင့် ကောင်းသောအရာကို လုပ်ဆောင်နိုင်လိမ့်မည်မဟုတ် (ရောမ၊ ၇း၁၈) ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာများသည် ကိုယ်ခန္ဓာနှင့် အသွေးအသားအတွက် သတ်မှတ်ခြင်း မဟုတ်ပါ (၁ကော၊ ၁၅း၅၀) အသွေးအသားသည် ဘုရားသခင်၏ ဖွင့်ပြတော်မူခြင်းကို လိုအပ်ပါသည် (မဿဲ၊ ၁၆း၁၇)။

ယုံကြည်သူတို့၏ အသက်တာထဲတွင် အသွေးအသားနှင့်ဆိုင်ရာ စစ်တိုက်ခြင်းရှိပါသည်။ တစ်စုံတစ်ဦးသည် ယေရှုခရစ်တော်ကို ယုံကြည်သောအခါ ထိုသူသည် မိမိအပြစ်ဒုစရိုက်များအတွက် ယေရှုအသေခံတော်မူ၍ အဖိုးခပေး တော်မူကြောင်းကို သိမှတ်ခံယူခြင်းဖြစ်ပါသည် (ဂလာတိ၊ ၅း၂၄)။ ဤသို့သိမြင်ခြင်းသဘောသည် ယုံကြည်သူ၏အထဲ၌ ဝိညာဉ်ပိုင်းဆိုင်ရာ အချို့သောကြီးထွားခြင်းကို တောင်းဆိုထားပါသည်။ အသက်တာရင့်ကျက်ခြင်းမရှိသေးသော ယုံကြည်သူတစ်ဦးသည် ဘုရားသခင်၏ လက်တော်ထဲ၌ သူသည် ထာဝရကာလ လုံခြုံမှုရှိကြောင်းကို တွေ့ရှိနိုင်ပါသည် (ယောဟန်၊ ၁၀း၂၇-၃၀)။ တစ်ဖန် ထိုသူသည် ယေရှုခရစ်အားဖြင့် ခွင့်လွှတ်ခြင်းအခွင့်ကို ရရှိပြီးဖြစ်ပါသည် (ဂလာတိ၊ ၅း၁)။ ထို့ကြောင့် ထိုသူသည် မှားယွင်းစွာဖြင့် မိမိ အသွေး

အသားတပ်မက်လိုက်စားခြင်းထဲသို့ ရောက်ရှိနိုင်ပါသည်။ ဤလုံခြုံခြင်းနှင့် လွတ်မြောက်ခြင်းသည် အသွေးအသားနှင့်ဆိုင်ရာ လိုက်စားခြင်းအတွက် အခွင့်အရေးပေးခြင်း မဟုတ်ပါ (ဂလာတိ၊ ၅း၁၃)။ ဤအရာမှာ စစ်ပွဲဆင်နွှဲခြင်းဖြစ်ပါသည်။

အသွေးအသား၌ တွေ့ရှိရသော အခြားသောစစ်တိုက်ခြင်းတစ်ခုမှာ အသွေးအသားထဲ၌ လိုအင်ဆန္ဒရှိပါသည် (ယောဟန်၊ ၁း၁၂-၁၃)။ အသွေးအသားနှင့်ဆိုင်ရာ အပြစ်တရားကို ကျူးလွန်ရန်အလားအလာရှိခြင်းသည် ဩတ္တပ္ပစိတ်နှင့် တိုက်ပွဲဝင်ခြင်းဖြစ်ပါသည် (ရောမ၊ ၇း၂၅)။ သန့်ရှင်းသောဝိညာဉ်တော်နှင့် တိုက်လှန်ခြင်းပင်ဖြစ်ပါသည် (ဂလာတိ၊ ၅း၁၆)။ သို့ဖြစ်၍ ယုံကြည်သူတို့သည် အသွေးအသားနှင့်ဆိုင်သော အပြစ်ဒုစရိုက်များ၏ သွေးဆောင်ခြင်းနောက်သို့ လိုက်ရမည်လော သို့မဟုတ် သန့်ရှင်းသောဝိညာဉ်တော် သွေးဆောင်ခြင်းထဲသို့ လိုက်ရမည်လောဟူသည့် အချက်ကို ရွေးချယ်ရပါမည် (ရောမ၊ ၈း၃-၁၃)။ သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးအားဖြင့်သာလျှင် အသွေးအသား၏ ဆန္ဒများကို အောင်နိုင်မည် ဖြစ်ပါသည် (ဂလာတိ၊ ၃း၃၊ ၅း၁၆)။ မည်သို့ဆိုစေကာမူ စစ်မှန်သော ဝိညာဉ်ရေးဆိုင်ရာ ကျွန်ုပ်တို့ တွေ့ကြုံရသည့် တိုက်ပွဲမှာ အခြားသောလူတို့၏ အသွေးအသားအားဖြင့် မဟုတ်ပါ (၂ကော၊၁၀း၂-၃)။ စာတန်နှင့် သူ၏ တန်ခိုးအာဏာများပင်ဖြစ်ပါသည် (ဧဖက်၊ ၆း၁၂)။

ဝိညာဉ်ပိုင်းဆိုင်ရာ ကျွန်ုပ်တို့၏ ခရီးစဉ်မှာ သန့်ရှင်းခြင်းသို့ရောက်လိုသောငှာ အသွေးအသားနှင့်ဆိုင်သော ညစ်ညူးခြင်းအားလုံးတို့မှ စင်ကြယ်ခြင်းသို့ရောက်ရန် ရှာဖွေရပါမည် (၂ကော၊ ၇း၁) ကျွန်ုပ်တို့သည် ယေရှုခရစ်တော်အား မိမိတို့၏ အသက်တာထဲသို့ ဝင်ရောက်နေရာယူစေကာ အသွေးအသားနှင့်ဆိုင်သော တပ်မက်ခြင်းများ အားလုံးကို ဖယ်ထုတ်ပေးရန်ဖြစ်ပါသည် (ရောမ၊ ၁၃း၁၄)။ သို့မှသာလျှင် ယေရှုသည် ကျွန်ုပ်တို့၏ အသွေးအသားကိုယ်ခန္ဓာအားဖြင့် ဘုန်းထင်ရှားနိုင်မည်ဖြစ်ပါသည် (၂ကော၊ ၄း၁၁)။ ဤအရာမှာ ယေရှုခရစ်၌ ယုံကြည်သောအသက်တာအားဖြင့်သာလျှင် ပြုနိုင်ပါသည် (ဂလာတိ၊ ၂း၂၀) သို့ဖြစ်မှသာလျှင် ကျွန်ုပ်တို့၏ အသွေးအသား ကိုယ်ခန္ဓာသည် ခရစ်တော်၏ ကိုယ်ခန္ဓာသို့ ဆက်ကပ်ပူဇော်နိုင်မည်ဖြစ်ပါသည် (ကော၊ ၁း၂၄)။

ဘုရားသခင်သည် ကျွန်ုပ်တို့အား ချစ်တော်မူကြောင်းနှင့် ကျွန်ုပ်တို့အား ကိုယ်ခန္ဓာအသွေးအသားထဲ၌ ဆူးကိုလည်း ထည့်ပေးနိုင်သည်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ သတိပြုရပါမည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မိမိကိုယ်ကို ချီးမြှောက်ခြင်းမှ ဖယ်ရှား နိုင်ပါမည် (၂ ကော၊ ၁၂း၇)။

## ဂ။ အပြစ်တရား၏ သဘောသဘာဝ

အာဒံ၏အပြစ်တရားသည် လူသားအပေါင်းတို့အပေါ်သို့ ကျရောက်သည့် အကြောင်းကို "အပြစ်တရား၏သဘော သဘာဝ"ဟူသော ဝေါဟာရစကားလုံးဖြင့် ဖော်ပြထားပါသည်။ ဤသို့ဆိုသော် လူသားအပေါင်းတို့သည် (လောကီဖခင် မရှိသော ယေရှုခရစ်တော်မှတစ်ပါး) အာဒံ၏အပြစ်တရားကို လက်ခံရရှိခဲ့ကြသည်ဖြစ်ကြောင်း အကျိုးဆက်အနေဖြင့် တရားစီရင်တော်မူခြင်းသို့ အပြစ်တင်ခြင်းရှိကြသည်အကြောင်း ဖြစ်ပါသည် (ရောမ၊ ၅း၁၂-၁၄၊ ၁၈-၁၉)။ ဤအပြစ်တရား၏ သဘောသဘာဝမှာ အသွေးအသားကိုယ်ခန္ဓာ၏ အစိတ်အပိုင်းတစ်ခုဖြစ်၍ လူတစ်ဦးချင်းနှင့်ဆိုင်သော အသက်တာထဲ၌ တည်ရှိသောအပြစ်ဒုစရိုက်များဖြစ်ပါသည်။ ကျွန်ုပ်တို့သည် လူတို့၏ အပြစ်တရားဆိုင်ရာ သဘောသဘာဝအကြောင်းကို "ဘုရားသခင်၏ အကြံအစည် တော်"ဟူသော နောက်အခန်းတွင် လေ့လာကြရပါမည်။

## ဃ။ လိုအင်ဆန္ဒ

လူ၏လိုအင်ဆန္ဒကိုဖော်ပြရန် အသုံးပြုသောစကားလုံးအတွက် ဂရိဝေါဟာရ စကားလုံး၌ အခြေခံစကားလုံး နှစ်လုံးရှိပါသည်။ ပထမစကားလုံးမှာ THELELA ထဲလဲလာဟူ၍ဖြစ်ပြီး၊ အလိုဆန္ဒကိုဆိုလိုပါသည်။ ဒုတိယစကားလုံးမှာ MOULLEMA မိုလဲမာဟူ၍ဖြစ်ပြီး အကြံအစည်ရည်ရွယ်ချက် သို့မဟုတ် စီမံကိန်းဟူ၍ ဆိုလိုပါသည်။

ဤစကားလုံးနှစ်ခုစလုံးတို့မှာ ဘုရားသခင်၏ လိုအင်ဆန္ဒ သို့မဟုတ် အကြံအစည် ရည်ရွယ်ချက်ကိုဖော်ပြရန် အများဆုံး အသုံးပြုထားပါသည်။ လူသည် ဘုရားသခင်၏ ပုံသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းတော်မူခြင်းဖြစ်ရာ လူ၌ လိုအင်ဆန္ဒရှိကြောင်းကို ဖော်ပြခြင်းဖြစ်ပါသည်။ ထိုစကားလုံးတို့ကို လူသားတို့၏လိုအင်ဆန္ဒ သို့မဟုတ် အကြံအစည်ရည်ရွယ်ချက်ကို ဖော်ပြရာတွင်လည်း အသုံးပြုဖော်ပြထားပါသည်။

လူတို့၏လိုအင်ဆန္ဒမှာ ပြင်းထန်မှုရှိနိုင်ပါသည်။ လူသည် ဘုရားသခင်အတွက် အသက်ရှင် ရွေးချယ်နိုင်သည့်နည်းတူ ဘုရားသခင်အား ဆန့်ကျင်ခြင်းကိုလည်း ရွေးချယ်နိုင်ပါသည် (ယောရှု၊ ၂၄း၁၅)။ ငြင်းဆန်သောသူတို့နှင့်တကွ ကိုယ်ကာယ၏ အလိုသို့လည်းကောင်း၊ စိတ်၏အလိုသို့လည်းကောင်း (ဧဖက်၊ ၂း၃)။ မိမိအထဲ၌ရှိသော အပြစ်တရား၏ သဘောသဘာဝကို အောင်နိုင်ရန် လူ၏လိုအင်ဆန္ဒသည် ခိုင်လုံသော ပြင်းထန်မှုမရှိပါ (ရောမ၊ ၇း၁၅-၂၁)။ သန့်ရှင်းသောဝိညာဉ်တော်သည် ခပ်သိမ်းသောအရာတို့ကို တတ်စွမ်းနိုင်ရန် ခရစ်တော်အားဖြင့် တန်ခိုးကိုပေးပါသည် (ဖိလိပ္ပိ၊ ၄း၁၃)။ လူ၏လိုအင်ဆန္ဒသည် အဘယ်မျှလောက်ပြင်းထန်မှုရှိစေကာမူ လူတို့အား မကယ်တင်နိုင်ပါ (ယောဟန်၊ ၁း၁၂-၁၃)။ လူသည်နာမတော်၌ ယုံကြည်ခြင်းအားဖြင့် ယေရှုခရစ်တော်ကို ဆုကျေးဇူးအဖြစ် လက်ခံရပါမည် (ယောဟန်၊ ၁း၁၂-၁၃။ တမန်တော်၊ ၄း၁၂)။ တစ်စုံတစ်ဦးသည် ဘုရားသခင်၏သားတော် ယေရှုခရစ်တော်၌ ယုံကြည်သောအခါ ထိုသူသည် ထာဝရအသက်ကို ရသည်ဖြစ်၍ ထိုအသက်ကို ဘယ်သောအခါမျှ မဆုံးရှုံးနိုင်တော့ပါ (ယောဟန်၊ ၆း၃၉-၄၀)။

ဘုရားသခင်သည် လူတို့၏လိုအင်ဆန္ဒ (တောင့်တခြင်းများ)ကို အလိုရှိပါသည်။ ဤအကြောင်းအရာ မှန်ကန်ကြောင်းကို ယေရှုခရစ်တော် သူကိုယ်တိုင်သွန်သင်တော်မူ၍ အသက်ရှင်တော်မူခဲ့ပါသည် (ယောဟန်၊ ၅း၃၀၊ ၆း၃၈-၃၉) ဒါဝိဒ်မင်းကြီးအား "ဘုရားသခင်စိတ်နှလုံးတော်နှင့် တွေ့သောသူ" ဟူ၍ ခေါ်ဆိုရခြင်းအကြောင်းမှာ (တမန်တော်၊ ၁၃း၂၂) သူသည် ဘုရားသခင်၏အလိုတော်ကို ဆောင်ရွက်ရန် လိုအင်ဆန္ဒရည်ရွယ်ချက်

ရှိသောကြောင့် ဖြစ်ပါသည်။ သူသည် တစ်ချိန်တစ်ခါ၌ စိတ်ဆင်းရဲစွာ ပြစ်မှားမိခဲ့သော်လည်း ဘုရားသခင်၏ အကြံအစည်တော်ကို လုပ်ဆောင်နိုင်ရန် ဒါဝိဒ်မင်း၌ လိုအင်ဆန္ဒရှိခဲ့ပါသည်။

ဘုရားသခင်၏ အလိုတော်ကို လုပ်ဆောင်ရန် ဆန္ဒရှိခြင်းမှာ ကျွန်ုပ်တို့ နားလည်သဘောပေါက်ခြင်း၏ အရေးကြီးသော အဆုံးအဖြတ်ပေးရန်ဖြစ်ပါသည်။ (ယောဟန်၊ ၇း၁၇) ဘုရားသခင်သည် သူ၏အလိုတော်ကို နည်းပညာအရ သွေးဆောင်ရန် ရှာဖွေတော်မူခြင်းမဟုတ် အသက်တာကိုပြောင်းလဲစေရန် ဖြစ်ပါသည်။ ဘုရားသခင် နှုတ်ကပတ်တော်ကို လေ့လာသောတစ်စုံတစ်ဦးသည် ဤအကြောင်းအရာကို သိမြင်သည့် အကြောင်းအရာအားဖြင့် အသက်မရှင်သောသူသည် ဘဝတစ်ခုလုံး၌ အစဉ်အမြဲ လိမ်လည်သော တစ်လွဲတစ်ချော်ဖြစ်သော သူပင်ဖြစ်ပါသည်။

လူတို့သည် ကွယ်ကာမစခြင်း (မဿဲ၊ ၁း၁၉) ဆန့်ကျင်ခြင်းအတွက် တရားဝင်အမှုကိစ္စများကို ယူဆောင်လာခြင်း (မဿဲ၊ ၅း၅၀)နှင့် အခြားသောသူတို့ထံမှ ချေးငှားခြင်းတို့ကို မိမိတို့၏ ကိုယ်ပိုင်အလိုဆန္ဒအတိုင်း လုပ်ဆောင်နိုင်ကြသည် အကြောင်းကို ဘုရားသခင်၏ နှုတ်ကပတ်တော်ထဲ၌ ကျွန်ုပ်တို့တွေ့ရပါသည်။ ထို့အပြင် လူတို့သည် ခရစ်တော်နောက်သို့ လိုက်ရန်ဆန္ဒရှိနိုင်ကြောင်း (မဿဲ၊ ၁၆း၂၄-၂၅)၊ ကြီးမားသောသူ ဖြစ်လာနိုင်ကြောင်း (မဿဲ၊ ၂၀း၂၆-၂၇)၊ ခရစ်တော်၏ အထဲ၌ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းအသက်တာ၌ အသက်ရှင်နိုင်ကြောင်း (၂ တိမောသေ၊ ၃း၁၂)နှင့် အခြားသောသူ တို့ကိုလည်း ထိုနည်းလမ်းအတိုင်းပြုစုရန် အလိုရှိကြကြောင်း (မဿဲ၊ ၇း၁၂) စသည်တို့ကိုလည်း ကျွန်ုပ်တို့ တွေ့ရှိနိုင်ပါသည်။

လိုအင်ဆန္ဒသည် တောင့်တခြင်းသဘောကို ခြေတစ်လှမ်းကျော်ပြီး သွားပါက ထိုအရာသည် စီမံကိန်းတစ်ခု ဖြစ်လာပါသည်။ ဂရိဝေါဟာရစကားလုံး MOULEMA မိုလဲမာဟူသော စကားလုံး၏ ဆိုလိုရင်းမှာ (လိုအင်ဆန္ဒသည် စီမံကိန်းများ ဖြစ်လာသည်)ဟု ဆိုလိုပါသည်။ ဤဝေါဟာရစကားလုံးကို နည်းလမ်းပေါင်းစုံဖြင့် ကွဲပြားခြားနားသော ဘာသာပြန်ထားပါသည်။ သို့သော်လည်း အားလုံးတို့မှာ လိုအင်ဆန္ဒနှင့်အတူ

စီမံကိန်းသို့သွားရန် စိတ်ကူးအကြံအစည်ဖြစ်ပါသည်။ ဘုရားသခင်၌ လိုအင်ဆန္ဒ တစ်ခုရှိပါသည်။ ထိုအရာမှာ စီမံကိန်းဖြစ်ပါသည် (ရောမ၊ ၉း၁၉)။သားတော်သည် ထိုစီမံကိန်း ကို တိကျသောလုပ်ဆောင်တော်မူချက်ဖြစ်ပါသည် (မဿဲ၊ ၁၁း၂၇)။

စီမံကိန်းများမှာ အခြားသောအရာများကို ခုခံတားဆီးရန် အလိုဆန္ဒအားဖြင့် ကြီးထွားနိုင်ပါသည် (တမန်တော်၊ ၂၇း၄၃)။ သူတို့ကို နာကျင်စေခြင်း (ယောဟန်၊ ၁၁း၅၃၊ ယောဟန်၊ ၁၂း၁၀။ တမန်တော်၊ ၅း၃၃) သို့မဟုတ် တစ်စုံတစ်ဦးအား ကယ်တင်ရန် (တမန်တော်၊ ၂၇း၃၉)စသည်တို့အားဖြင့် တိုးပွားနိုင်ပါသည်။ ခရီးထွက်ရန်အတွက် စီမံကိန်းများ (တမန်တော် ၁၅း၃၇)အဖြစ်အပျက်အမှန်တရားများကို ရှာဖွေတွေ့ရှိရန် (တမန်တော်၊၂၃း၈) စစ်တိုက်ခြင်းအမှုကိုပြုရန် (လုကာ၊ ၁၄း၃၁) နောက်ဆုံးအပြစ်တရား ကို ကျူးလွန်ရန်ပင်လျှင် (၁ ပေတရု၊ ၄း၃) စသည် စီမံကိန်းများကို ရေးဆွဲနိုင်ပါသည်။ စီမံကိန်းများမှာ ဘုရားသခင်ထံတော်မှ သို့မဟုတ် ကျွန်ုပ်တို့၏ အသွေးအသားဆန္ဒမှ လာနိုင်ပါသည် (၂ ကော၊ ၁း၁၇)။

# အပိုင်း(၄)

# ကောင်းကင်တမန်စစ်ပွဲများ

ဘုရားသခင်နှင့် စာတန်မာရ်နတ်၏ စစ်ပွဲများအကြောင်းကို ကျွန်ုပ်တို့၏ ကျမ်းစာလေ့လာရေး၌ မဖြစ်မနေ ထည့်သွင်းဖော်ပြနေရပါသည်။ ယင်းကို "ကောင်းကင် တမန်တို့၏စစ်ပွဲ"ဟု ဆိုရမည်ဖြစ်ပြီး အသေးစိတ်သာ ဖော်ပြရလျှင် အလွန် နက်နဲကျယ်ပြန့်လျက် လက်လှမ်းမှီဖွယ်ပင်မရှိဟု ဆိုရပါမည်။ သို့သော် "လူ့လောကကြီး" အဘယ့်ကြောင့် ဖြစ်တည်နေရသနည်းဆိုသော ပြဿနာကို ခေတ်အဆက်ဆက် ဖြေရှင်း လာကြရသလို ဤစစ်ပွဲ၏ သဘောတရားကိုလည်း လေ့လာသင့်သည်ဟု ဆိုချင်ပါသည်။

လူသတ္တဝါကို ဘုရားသခင် မဖန်ဆင်းမီ တစ်ချိန်ကတည်းက ဘုရားသခင် အနေဖြင့် "ကောင်းကင်တမန်"ဟူသော အတန်းအစားကို ဖန်ဆင်းခဲ့ပါသည်။ ကောင်းကင်တမန် တို့၏အချုပ်အခြာမှာ "လူစီဖါ"ဟု အမည်ရှိသော ကောင်းကင်တမန် ဖြစ်ခဲ့ပြီး သူသည် ဘုရားသခင်၏ အဆင့်အတန်းကို တက်လှမ်းလုယူရန် လမ်းစဉ်ကို ရွေးချယ်ဆုံးဖြတ်ခဲ့ပါသည် (ဟေရှာယ၊ ၁၄း၁၂-၁၄)။ သူသည် အပြစ်ကျူးလွန်သူ (ယေဇကျေလ၊ ၂၈း၁၁-၁၉)ဖြစ်၍ နတ်ဆိုးစာတန်မာရ်နတ် အဖြစ် အဆင့်ကူး သွားခဲ့သည် (ဗျာဒိတ် ၊၁၂း၉)။ ထိုအပြစ်ကြောင့်ပင်လျှင် သူနှင့်တကွ သူ့နောက်လိုက် ကောင်းကင်တမန်များကို အပြစ်စီရင်ရန် "ထာဝရမီးအိုင်" တစ်ခုကို ပြင်ဆင်ထား ခဲ့ပေသည် (မဿဲ၊ ၂၅း၄၁)။

ဘုရားသခင်သည် စီရင်ချက် ချမှတ်ခဲ့သော်လည်း ဆိုင်းငံ့ထားသော ပြစ်ဒဏ် အဖြစ် သတ်မှတ်သည် (ဗျာဒိတ်၊၂၀း၁၄)အရ ခရစ်တော်လောကကို အုပ်စိုးသည့် အနှစ် ၁၀၀၀ကျော်ကာလကျမှသာလျှင် အပြစ်ကို ပေးမည်ဖြစ်ရာ ခရစ်တော်ကြွလာမည့်အချိန် အထိ ရှည်ကြာသော သမိုင်းကာလအတွင်း၌ လူသားအပေါင်းတို့သည် ဘုရားသခင်နှင့် စာတန်မာရ်နတ်၏ ပဋိပက္ခအလယ်တွင် ရပ်တည်နေရပေတော့သည်။

သို့ဖြစ်၍ပင် ကျွန်ုပ်တို့ခရစ်ယာန်ယုံကြည်သူများ၏ ဘဝအသက်တာမှာ ထိုစစ်ပွဲနှင့် ဆက်စပ်ရှင်သန်နေရမည်ဟူသောအချက်ကို တမန်တော်ကြီး ရှင်ပေါလုက ဧဖက်သြဝါဒမှတစ်ဆင့် သတိပေးခဲ့ရခြင်းဟု ဆိုရပါမည်။ ယင်းအချက်ကို ထပ်မံဖော်ပြရမည်ဆိုပါက

"အကြောင်းမူကား ငါတို့သည် အသွေးအသားရှိသော ရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်၊ အထွဋ်အမြတ်တို့နှင့်၎င်း၊ အာဏာစက်တို့နှင့်၎င်း၊ လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သော မင်းတို့နှင့်၎င်း၊ မိုးကောင်းကင်၌နေသော နတ်ဆိုးတို့နှင့် ၎င်းဆိုင်ပြိုင်တိုက်လှန်ရကြ၏" . . . ဟူ၍ဖြစ်ပါသည် (ဧဖက်၊ ၆း၁၂)။

တစ်နည်းဆိုရပါမူ . . . ကျွန်ုပ်တို့သည် လူသားအချင်းချင်းနှင့် ရင်ဆိုင်ရခြင်း မဟုတ် . . . ဘုရားသခင်၏ရန်သူဖြစ်သော စာတန်မာရ်နတ်နှင့် ရင်ဆိုင်နေရသည်၊ ထို့ကြောင့် ဤစစ်ပွဲကြီးတွင် ပါဝင်တိုက်လှန်ရန်အလို့ငှာ . . . "ဘုရားသခင်ပြင်ဆင်တော်မူသော လက်နက်စုံကို ယူဆောင်ကြရမည်" ဟု ဆက်လက်ဖော်ပြထားသည်ကို တွေ့ရပါမည် (ဧဖက်၊ ၆း၁၃)။

အထက်ကဖော်ပြခဲ့သည့်အတိုင်း ထိုစစ်ပွဲ၏ အသေးစိတ်အကြောင်းအရာတို့ကို အလွန်နက်နဲကျယ်ပြန့်လျက် ကျွန်ုပ်တို့ လက်လှမ်းမီမီ ရှင်းလင်းဖော်ပြရန် မဖြစ်နိုင်ကြောင်း တင်ပြအပ်ပါသည်။ မည်သို့ဖြစ်စေ (၁ကော၊ ၁၃း၁၂)အရ ထိုအချိန်ကာလပြည့်စုံသော အခါတွင်မူ ကျွန်ုပ်တို့အတွက် အဖြေကိုထင်ရှားစွာတွေ့ရမည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။ ကျွန်ုပ်တို့အနေဖြင့် မိမိတို့အတွက် ထိုက်တန်လုံလောက်သော အသိတရားများကို မွေးမြူရင်း ယုံကြည်ခြင်းတရားကို စောင့်ရှောက်မှု (ဟေဗြဲ၊ ၁၁း၆)၊ ဘုရားကို သစ္စာရှိစွာ ကိုးကွယ်မှုနှင့် တကွ လူသားအချင်းချင်း မေတ္တာပြည့်ဝစွာထားကာ အသက်တာကို လျှောက်လှမ်းသွား ကြရမည်ဖြစ်ပါကြောင်း (မာကု၊ ၁၂း၂၉-၃၁)။

# အခန်း (၇)

# ဘုရားသခင်၏ ကြံစည်တော်မူခြင်း (စီမံကိန်း)ဆိုင်ရာ ပြဿနာများ

# အပိုင်း (၁)

# ဗျာဒိတ်တော် သမ္မာကျမ်းစာ

## သမ္မာကျမ်းစာကိုလေ့လာခြင်း

ဘုရားသခင်သည် သူကိုယ်တိုင် လူသားတို့အား ဖွင့်ပြတော်မူခြင်းအကြောင်းကို သမ္မာကျမ်းစာ၌ ရေးသားထားပါသည်။ သူသည် မည်သည့်အရာကို ဖန်ဆင်းတော်မူကြောင်းအားဖြင့်လည်း ကိုယ်တော်တိုင်ဖွင့်ပြတော်မူခဲ့ပါသည် (ရောမ၊ ၁း၂၀)။ ဗျာဒိတ်တော်ဟူသော စကားလုံးမှာ အခြေခံကျကျဆိုရသော် အဖုံးကိုဖွင့်ထားလိုက်ပါ။ သို့မှသာ မည်သည့်အရာ ဖုံးအုပ်ထားသည်ကို သိရှိနိုင်၊ မြင်နိုင်မည်ဖြစ်ပါသည် ဟူ၍ဖြစ်၏။ ဘုရားသခင်သည် ရေးသားထားခဲ့သော သူ၏နှုတ်ကပတ်တော်အားဖြင့် ကိုယ်တော်တိုင် မြင်နိုင်ရန် ဖွင့်ပြတော်မူ၏။ ဘုရားသခင်သည် ကိုယ့်ကိုယ်ကို မြောက်များစွာသော လူတို့ထံသို့ ဖွင့်ပြတော်မူ၍ ထိုကဲ့သို့ထင်ရှားဖွင့်ပြတော်မူခြင်းကို သမိုင်းတစ်လျှောက်လုံး ရေးသားထားရန် မိန့်တော်မူ၏။ ထိုအရာကို မှုတ်သွင်းတော်မူခြင်းဟူ၍ ခေါ်ဆိုပါသည်။

ဘုရားသခင်သည် ဤသို့ထင်ရှားဖွင့်ပြတော်မူခြင်းနှင့် မှုတ်သွင်းတော်မူခြင်းတို့ကို ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်းကို ပြုတော်မူရင်း ကျမ်းစာအုပ်ထဲ၌ အမှားအယွင်းလုံးဝကင်းစင်စွာ ရေးသားစေတော်မူခဲ့ပါသည်။ သို့ဖြစ်၍ ဘုရားသခင်၏ နှုတ်ကပတ်

တော်ဖြစ်သော သမ္မာကျမ်းစာသည် သူ၏ အခွင့်တန်ခိုးအာဏာဖြစ်တော်မူ၏။ သို့ဖြစ်သောကြောင့် ကျွန်ုပ်တို့အား ဝိညာဉ်ရေးရာရှိသမျှသော အမှုကိစ္စရှိသမျှ အားလုံးတို့၌ လမ်းပြပို့ဆောင်ပေးပါသည်။ ၁၄၅၀-၄၀၀ ဘီစီအတွင်း ဘုရားသခင်သည် မြောက်မြားစွာသော ကျမ်းရေးသူတို့အား ကွဲပြားခြားနားသော ၃၉ အုပ်တို့ကို ရေးသားစေခဲ့သည်။ ထိုကျမ်းတို့ကို ဓမ္မဟောင်းကျမ်းဟူ၍ ခေါ်ဆိုခဲ့ပါသည်။ အေဒီ ၄၆-၉၆ ခုနှစ်အတွင်း သူသည် ပိုမို၍များသော ကျမ်းရေးသူတို့အား နောက်ထပ် ၂၇ အုပ်တို့ကို ရေးသားစေကြရာတွင် မှုတ်သွင်းတော်မူပါသည်။ ထိုကျမ်းများကို ဓမ္မသစ်ကျမ်းဟူ၍ ခေါ်ပါသည်။ ဤကျမ်းများ ပေါင်းစည်းခြင်းကို သမ္မာကျမ်းစာ၏ အတိုင်းအတာစံ (CANON OF SCRIPTURE) ဟူ၍ ခေါ်ပါသည်။ ဘုရားသခင်သည် ဤကွဲပြားခြားနားသော ကျမ်းရေးသူများတို့အားဖြင့် လူသားတို့အား ကိုယ်တော်တိုင် ထင်ရှားဖွင့်ပြတော်မူခြင်းဖြင့် ကျမ်းရေးသူတို့ကို ပိုင်ဆိုင်ရပြီး၊ စုဆောင်းထားသော ကျမ်းစာအုပ်များကို သမ္မာကျမ်းစာ၏ အတိုင်းတာစံ (CANON) ထဲသို့ ပူးပေါင်းဖွဲ့စည်းစေခြင်းအားဖြင့် ကိုယ်တော်၏ အလိုတော်ဆန္ဒရှိသည်အတိုင်း ပြုတော်မူခဲ့ပါ၏။

# အပိုင်း (၂)

# ပြဿနာ အပြစ်တရား (အပြစ်အကြောင်းလေ့လာခြင်း)

## က။ နိဒါန်း

ယေဘုယျအားဖြင့် အပြစ်တရားဟူသည်မှာ ဘုရားသခင်၏ စံချိန်စံနှုန်း အတိုင်းအတာကို ချိုးဖောက်ခြင်းဖြစ်ပါသည်။ အပြစ်တရား ပေါ်လွင်ထင်ရှားလာစေရန် အတွက် သူ့အားဖြင့် စံနှုန်းတစ်ခုကို ထားရှိတော်မူကြောင်း ဘုရားသခင်၏ နှုတ်ကပတ် တော်သည် ထင်ရှားရှင်းလင်းစွာ ဖော်ပြပါသည်။ ထို့ကြောင့် အကယ်၍ သူသည် စံနှုန်း အတိုင်းအတာကို တည်ထားတော်မူခြင်းမရှိခဲ့ပါက အပြစ်တရားဟူ၍ ရှိမည်မဟုတ်ပါ (ရောမ၊ ၄း၁၅၊ ၅း၁၃)။ အပြစ်တရားအတွက် ဟေဗြဲဘာသာနှင့် ဂရိဘာသာ ဝေါဟာရစကားလုံးနှစ်လုံးတို့မှာ Chata ချာတာနှင့် Hamartia ဟာမာတီအာ ဟူ၍ ဖြစ်ပါသည်။ ဆိုလိုသည်မှာ ပစ်မှတ်ကိုလွဲခြင်းဟူ၍ ဖြစ်ပါသည်။ ဤအရာမှာ မြှားတစ်စင်းဖြင့် ပစ်မှတ်တစ်နေရာသို့ပစ်ရာ ပစ်မှတ် အလယ်ဗဟိုကို မထိပဲ လွဲသွား ခြင်းနှင့် ထပ်တူထပ်မျှဖြစ်ပါသည်။ အကယ်၍ တစ်စုံတစ်ဦးသည် အလယ်ဗဟိုအချက်ကို အစက်ကလေးအနည်းငယ်မျှပင် လွဲမှားသွားခဲ့သည်ရှိသော် ထိုသူသည် ပစ်မှတ်ကို လွဲသွားခဲ့ခြင်းဖြစ်ပါသည်။

**ခ။ ဤနေရာ၌ ဘုရားသခင်၏ နှုတ်ကပတ်တော်ထဲ၌ တွေ့မြင်ရသော ကွဲပြားခြားနားသည့် အပြစ်တရားသုံးမျိုး သုံးစားရှိပါသည်။**

## ၁။ စွပ်စွဲတင်ရှိခြင်းအပြစ်

လူသားအပေါင်းတို့သည် မွေးမွေးခြင်း အာဒံ၏အပြစ်တည်းဟူသော အပြစ်တရား၏ မူလရင်းမြစ်အတွက် အပြစ်ဒဏ်နှင့် တာဝန်ဝတ္တရားတို့ကို ရရှိပါသည်။ "စွပ်စွဲတင်ရှိခြင်း"ဟူသော ဝေါဟာရစကားလုံး၏ ဆိုလိုရင်းမှာ ထိုအပြစ်တရားကို အာဒံ၏သားစဉ်မြေးဆက် (ကျွန်ုပ်တို့ လူသားအားလုံး)တို့အပေါ်၌ တင်ရှိခြင်းပင် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော်၊ အာဒံ၏မူလအပြစ်တရားကြောင့်ပင်ဖြစ်ပါသည်။ (ရောမ၊ ၅း၁၂) ၌ "အပြစ်တရားသည် တစ်ယောက်သောသူအားဖြင့်"ဟု ဆိုထားပါသည်။ ထိုအရာကို (ရောမ၊ ၅း၁၈-၁၉) ၌လည်း ပြန်၍တစ်ဖန် ညွှန်ပြထားပါသည်။ "အပြစ်တရားအားဖြင့် သေခြင်းတရားဝင်သည်" အာဒံလွန်ကျူးခဲ့သော အပြစ်သည် အာဒံမှစ၍ လူသားအားလုံးတို့အပေါ်သို့ အပြစ်ရောက်ရှိလာခဲ့ရပါသည်။

ဤအရာမှာ မြေကြီးနှင့်ဆိုင်သော ဖခင်အားဖြင့် ရရှိသောအပြစ်တရားဖြစ်ကြောင်း သတိပြုမိရန်မှာ အရေးကြီးပါသည်။ ယေရှု၌ မြေကြီးနှင့်ဆိုင်သော ဖခင်မရှိခဲ့ပါချေ။ ကောင်းကင်နှင့်ဆိုင်သော အဖသာလျှင်ရှိတော်မူ၏။ သို့ဖြစ်သောကြောင့် အာဒံ၏အပြစ်ကို ခရစ်တော်ပေါ်သို့ စွပ်စွဲတင်၍မရပါ။

## ၂။ အမွေခံသောအပြစ်

"အပြစ်ကို စွပ်စွဲတင်ရှိခြင်း"၏ အကျိုးရလဒ်မှာ လူတိုင်းတို့သည် အပြစ်တရား၏ သဘောသဘာဝတို့ကို အမွေဆက်ခံခဲ့ကြသည်ဖြစ်ရာ လူတို့သည် တစ်ဦးချင်းနှင့်ဆိုင်သော အပြစ်တို့ကို လွန်ကျူးလာခဲ့ကြပါသည်။ ထိုအရာကို မကြာခဏဆိုသလို

"အပြစ်တရား၏ သဘောသဘာဝ" သို့မဟုတ် "လူဟောင်း"ဟူ၍ ခေါ်ဆိုခဲ့ပါသည်။ အပြစ်သို့ရောက်စေသော အာဒံ၏ အပြစ်၏အကျိုးရလဒ်ကို ရွှေ့ပြောင်းစေပြီးဖြစ်သော်လည်း (ရောမ၊ ၆း၆၊ ၈း၁)အပြစ်တရား၏ သဘောသဘာဝမှာ ကိုယ်ခန္ဓာပိုင်း၌ သေခြင်းသို့မရောက်ရှိမှီတိုင်အောင် လူတိုင်းတို့ပေါ်၌ တည်ရှိနေပါသည်။

တမန်တော်ကြီး ရှင်ပေါလုသည် သူ့ကိုယ်ရေးကိုယ်တာနှင့်ဆိုင်သော အပြစ်တရား၏ သဘောသဘာဝနှင့် ဆိုင်ပြိုင်တိုက်လှန်ခြင်းအကြောင်းကို (ရောမ၊ ၇း၁၆-၁၈) ၌ ဤသို့ရေးသားခဲ့ပါသည်။ "မကောင်းသောအကျင့်ကို ငါကိုယ်တိုင် ကျင့်သည်မဟုတ်၊ ငါ့အထဲမှာနေသောအကျင့်တရားသည် ကျင့်၏"။ ဤကျမ်းချက်အားဖြင့် ရှင်ပေါလုကိုယ်တိုင်ပင်လျှင် သူနှင့်ဆိုင်သော အပြစ်တရား၏ သဘောသဘာဝ အချို့တို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရာတွင် ဆုံးရှုံးခဲ့သည်ဖြစ်ကြောင်း ကျွန်ုပ်တို့ ကောက်ချက်ချနိုင်ပါသည်။ သူသည် ကျွန်ုပ်အား ပြောပြသည်မှာ အမှန်စင်စစ် ဤအရာသည် သန့်ရှင်းသောဝိညာဉ်တော်နှင့် စစ်ဖြစ်ခြင်းဖြစ်ပါသည် (ဂလာတိ၊ ၅း၁၆-၁၇)။ ထို့ကြောင့် ယုံကြည်သူတို့သည် "လူဟောင်းကိုချွတ်ပယ်ရန်" ကြိုးစား၍ ရှာဖွေရပါမည်(ဧဖက်၊ ၄း၂၀-၂၂)။

ဤနေရာ၌လည်း ယေရှုသည် "စွပ်စွဲတင်ရှိသောအပြစ်"မရှိကြောင်းနှင့် "အပြစ်တရား၏ သဘောသဘာဝကို အမွေဆက်ခံခြင်း"လည်းမရှိကြောင်း သတိပြု မှတ်သားရပါမည်။

## ၃။ ကိုယ်တိုင်နှင့်ဆိုင်သော အပြစ်

ကိုယ်တိုင်နှင့်ဆိုင်သောအပြစ်သည် ဘုရားသခင်၏ စံနှုန်းတော်ကို ချိုးဖောက်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မောရှေ၏ ပညတ်တရားအောက်၌ မရှိကြတော့သည်မှန်သော်လည်း ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ သွန်သင်ထားသော နိယာမများမှာ တည်ဆဲပင်ဖြစ်ပါသည်။ ရှင်ပေါလုသည် (၁ တိမောသေ၊ ၁း၈-၁၀) ၌ ဤသို့ရေးသားခဲ့ပါသည်။

“ပညတ်တရားကို တရားသဖြင့် ကျင့်သောသူအဖို့မထား၊ မတရားသဖြင့် ကျင့်သောသူ၊ နားမထောင်သောသူ၊ ဘုရားကို မကိုးကွယ်သောသူ၊ အပြစ်ထင်ရှားသောသူ၊ ဘုရားတရားကို မရိုမသေသောသူ၊ မတရားသော မေထုန်၌ မှီဝဲသောသူ၊ ယောကျ်ားချင်း မေထုန်ပြုသောသူ၊ လူကိုခိုးသွားသောသူ၊ မုသားစကားကို သုံးသော၊ မဟုတ်မမှန်ပဲ ကျိန်ဆိုသော သူမှစ၍ စင်ကြယ်သောဩဝါဒနှင့် ဆန့်ကျင်ဘက်ဖြစ်သမျှတို့အဖို့ ပညတ်တရားကိုထားသည်ဟု သိမှတ်၍ ထိုတရားကို တရားသဖြင့် သုံးသောသူ၌ ပညတ်တရားသည် အကျိုးကို ပေးတတ်သည်ဟု ငါတို့သိကြ၏” (ဂလာတိ၊ ၅း၁၉-၂၁)။ “ဇာတိပကတိအကျင့်တို့သည် ထင်ရှားကြ၏။ ထိုအကျင့်တို့ဟူမူကား သူ့မယားကို ပြစ်မှားခြင်း၊ မတရားသော မေထုန်၌မှီဝဲခြင်း၊ ညစ်ညူးစွာ ကျင့်ခြင်း၊ ကိလေသာလွန်ကြူးခြင်း၊ ရုပ်တုကို ကိုးကွယ်ခြင်း၊ သူတပါးကို ပြုစားခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ အမျက်ထွက်ခြင်း၊ ငြင်းခုန်ခြင်း၊ အချင်းချင်းကွဲလွဲခြင်း၊ သင်းခွဲခြင်း၊ သူ့အကျိုးကိုငြူစူခြင်း၊ လူအသက်ကိုသတ်ခြင်း၊ ယစ်မျိုးကို သောက်ကြူးခြင်း၊ ပွဲလုပ်ခြင်းမှစ၍ ထိုသို့သော အကျင့်ပေတည်း။ ထိုသို့သော အကျင့်ကို ကျင့်သောသူတို့သည် ဘုရားသခင်၏ နိုင်ငံတော်ကို အမွေမခံရကြဟု အထက်က ငါပြောနှင့်ခဲ့ပြီးသည့်အတိုင်း ယခုပင်လည်း ငါပြော၏”

## ဂ။ ဤနေရာ၌ ကိုယ်နှင့်ဆိုင်သော အပြစ်ဒုစရိုက်များသုံးမျိုးရှိပါသည်။

### ၁။ အသိဉာဏ်ပိုင်းဆိုင်ရာ အပြစ်ဒုစရိုက်များ

ကိုယ်တိုင်နှင့်ဆိုင်သော အပြစ်နှင့်ပတ်သက်၍ ပထမအမျိုးအစားမှာ တစ်စုံတစ်ဦးသည် မည်သို့တွေးတောသည် အကြောင်း ဖြစ်ပါသည်။ ယေရှုသည် ကျွန်ုပ်တို့အား (မဿဲ၊ ၅း၂၈) ၌ မိန့်တော်မူထားသည်မှာ “ငါပညတ်သည်ကား ကိလေသာစိတ်နှင့် သူ့မယားကိုကြည့်ရှုသောသူသည် စိတ်နှလုံးထဲ၌ ထိုမိန်းမနှင့် ပြစ်မှားပြီ” ဟူ၍ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဩတ္တပ္ပစိတ်နှင့် အတွေးအခေါ်များထဲတွင်

အပြစ်ဒုစရိုက်များဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် ထိုအရာတို့မှာ သန့်ရှင်းဖြူစင်သော တွေးတောခြင်းများမဟုတ်ပါ။ ကျွန်ုပ်တို့အား "ငါ (ဘုရားသခင်)သည် သန့်ရှင်းတော်မူသည်နည်းတူ သင်တို့သည်လည်း သန့်ရှင်းခြင်းရှိကြလော့"ဟူ၍ မိန့်တော်မူထားပါသည် (၁ ပေတရု၊ ၁း၁၆)။ မောရှေ၏ ပညတ္တိကျမ်းဆယ်ပါးတို့မှာ "တောင့်တမှုနှင့်ဆိုင်သော အသိဉာဏ်ပိုင်းဆိုင်ရာအပြစ်ကို ဆန့်ကျင်၍ တားမြစ်ခြင်းဖြစ်ပါသည် (ထွက်၊ ၂၀း၁၇)။

ကိုယ်တိုင်နှင့်ဆိုင်သော အခြားအပြစ်ဒုစရိုက်များကဲ့သို့ပင် အသိဉာဏ်ပိုင်းဆိုင်ရာ အပြစ်ဒုစရိုက်များသည်လည်း ချစ်ခြင်းမေတ္တာနှင့်ဆိုင်သော ပညတ်တရားကို ချိုးဖောက်နေပါသည်။ ဥပမာအနေဖြင့် အသိဉာဏ်ပိုင်းဆိုင်ရာ အပြစ်ဖြစ်သော မျက်နှာလိုက်ခြင်းနှင့်ပတ်သက်၍ (ယာကုပ်၊ ၂း၈-၉) ၌ ဆိုထားသည်မှာ "လူမျက်နှာကိုထောက်လျှင် ဒုစရိုက်ဖြစ်သည်" ဟူ၍ဖြစ်ပါသည်။ မကြာခဏဆိုသလိုပင် အသိဉာဏ်ပိုင်းဆိုင်ရာ အပြစ်ဒုစရိုက်များသည် ပြောင်ကျကျလုပ်ရှားမှုများကို ဖြစ်ပေါ်စေပြီး၊ မြင်နိုင်ခြင်းသို့ရောက်ရှိလာပါသည်။

## ၂။ လျှာနှင့်ဆိုင်သောအပြစ်ဒုစရိုက်များ

ကိုယ်တိုင်နှင့်ဆိုင်သော အပြစ်နှင့်ပတ်သက်၍ ဒုတိယအမျိုးအစားမှာ တစ်စုံတစ်ဦးသည် မည်သည့်စကားကို ပြောဆိုကြောင်းဖြစ်ပါသည်။ လျှာနှင့်ပတ်သက်၍ မကောင်းမှုများကို ယာကုပ်ကျမ်း၌ စာပိုဒ်ရှည်တစ်ခုဖြင့် ရေးသားဖော်ပြခဲ့ပါသည်။ (၃း၁-၁၀) လျှာနှင့်ပတ်သက်သော အပြစ်ဒုစရိုက်များမှာ ပညတ်တော်ဆယ်ပါးထဲတွင် ကိုးပါးမြောက်၌ ရှင်းလင်းစွာ ဖော်ပြထားပါသည်။ "ကိုယ်နှင့်စပ်ဆိုင်သောသူတစ်ဘက်၌ မမှန်သောသက်သေကိုမခံနှင့်" (ထွက်၊ ၂၀း၁၆)။ စာတန် (အပြစ်တင်သောသူဟူ၍ အဓိပ္ပာယ်ရှိပါသည်)တည်းဟူသော နတ်ဆိုး (လူ့အသက်ကို သတ်သောသူ)ဟူ၍ အဓိပ္ပာယ်ရှိပါသည်။ အခြားသောသူတို့အား စကားပြောဆိုခြင်းအားဖြင့် နာကျင်စေသော

သခင်ဖြစ်ပါသည်။ လျှာနှင့် သက်ဆိုင်သော အပြစ်၏ အကျင့်စရိုက်မှာ ဘုရားသခင်အား ချစ်ခြင်းလည်းမပါ၊ အခြားသောသူတို့ပေါ်၌လည်း ချစ်ခြင်းမပါပဲ . . . သို့မဟုတ် မေတ္တာမပါဘဲ လျှာအားဖြင့် စကားလွန်ကျူးခြင်းဖြစ်ပါသည်။

## ၃။ ပြောင်ကျကျကျူးလွန်သောအပြစ်ဒုစရိုက်များ

ကိုယ်တိုင်နှင့်ဆိုင်သော အပြစ်ဒုစရိုက်များ၏ တတိယနှင့် နောက်ဆုံးသော အမျိုးအစားမှာ တစ်စုံတစ်ယောက်သော သူသည် မည်သည့်အရာကို ပြုမူကြောင်းပင် ဖြစ်ပါသည်။ ဤအရာမှာ လူတို့သည် တကယ့်လက်တွေ့ လုပ်ဆောင်ခြင်း များဖြစ်ပါသည်။ ဤအပြစ်ဒုစရိုက် အမျိုးအစားတို့၏ ထင်ရှားသော ဥပမာသုံးခုတို့မှာ ပညတ်တော်ဆယ်ပါးတို့တွင် ခြောက်၊ ခုနှစ်နှင့် ရှစ်ပါးတို့တွင် တွေ့မြင်ရပါသည်။

* “ သင်သည်လူအသက်ကိုမသတ်ရ ”

* “ သင်သည် သူတစ်ပါးတို့၏သားမယားများကို မစော်ကားရ ”

* “ သင်သည် သူတစ်ပါးဥစ္စာကိုမခိုးရ ” ဟူ၍ဖြစ်ပါသည်။

ယာကုပ် ၄ း ၁၇ ၌လည်း “ကောင်းသောအကျင့်ကိုသိလျက် မကျင့်ဘဲနေသူသည် အပြစ်ရှိ၏”ဟုဆိုထားပါသည်။

အချို့သောအပြစ်တို့မှာ ဤဖော်ပြချက်သုံးမျိုးတို့တွင် ပါဝင်တတ်ကြောင်း မှတ်သားရန်အရေးကြီးပါသည်။ ယေရှုသည် ရှင်းလင်းစွာသွန်သင်တော်မူခဲ့သည်မှာ လူအသက်ကိုသတ်ခြင်းသည် ဩတ္တပ္ပစိတ်ထဲမှသော်လည်းကောင်း၊ လျှာအားဖြင့် သော်လည်းကောင်း တစ်စုံတစ်ယောက်သောသူ၏ အသက်ကိုသေစေနိုင်သည် ဖြစ်ကြောင်း မိန့်တော်မူပါသည် (မဿဲ၊ ၅ း ၂၁-၂၃)။

ယေရှုခရစ်တော်သည် မည်သည့်အပြစ်ဒုစရိုက်အမျိုးအစားကိုမျှ ပြစ်မှား လွန်ကျူးခြင်းမရှိခဲ့ပါချေ (၁ ပေတရု၊ ၂ း ၂၂)။

# အပိုင်း (၃)

# ဖြေရှင်းချက်သည် ကယ်တင်ခြင်း

(ကယ်တင်ခြင်းအကြောင်းလေ့လာခြင်းဆိုတဲ့နိုသြော်လော်ဂျီ )

## က။ နိဒါန်း

ယေရှုခရစ်တော်မှတစ်ပါး လူသားအပေါင်းတို့အတွက် အပြစ်တရားသည် ပြဿနာတစ်ခုဖြစ်သောကြောင့် လူသားအပေါင်းတို့သည် ထိုအပြစ်တရား၏ ဒဏ်မှကယ်တင်ခြင်းသို့ရောက်ရန်လိုအပ်နေပါသည်။ ဘုရားသခင်သည် သူ၏တန်ခိုးအနန္တဖြင့် စိုးစံတော်မူခြင်းနှင့်ခပ်သိမ်းသောအရာတို့ကို သိမြင်တော်မူခြင်း အားဖြင့် လူတစ်ယောက်သည် ကယ်တင်ခြင်းသို့ရောက်နိုင်မည်အကြောင်း စီမံကိန်းအကြံအစည်တော်တစ်ခုချမှတ်ခဲ့ပါသည်။ ထိုအကြံအစည်စီမံကိန်းမှာ ယေရှု၏အသက်တာအားဖြင့်ပေးဆပ်ရန်ဖြစ်ပါသည်။ ယေရှုသည်ဖြောင့်မတ်တော်မူခြင်းနှင့် တရားမျှတတော်မူခြင်းရှိသောခမည်းတော်အား အခြားသောမည်သည့်လူသားတစ်ဦးတစ်ယောက်မျှ မပေးဆပ်နိုင်သောအဖိုးအခကိုပေးခြင်းအားဖြင့် ကျေနပ်နှစ်သက်စေခဲ့ပါသည်။ ထိုအရာမှာအပြစ်အတွက်အဖိုးအခပင်ဖြစ်ပါသည်။ လူသားတို့အားယေရှု၏ ယစ်ပူဇော်ခြင်းအထဲတွင် ယုံကြည်ခြင်းအားဖြင့် တိုးဝင်ချဉ်းကပ်ကြရန်ဖိတ်ခေါ်ခဲ့ပါသည် (၂ကော၊ ၈း၉)။

## ၁။ ဧဝံဂေလိတရားတော်

ဧဝံဂေလိတရားဟူသောစကားလုံး၏ဆိုလိုရင်းမှာ ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း ဟူ၍ပင်ဖြစ်ပါသည်။ အရှင်းလင်း ဆုံးဖော်ပြရသော် ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းဟူသည်မှာ ကယ်တင်ခြင်းသည် "ခရစ်တော်အပေါ်၌သာလျှင် ယုံကြည်ခြင်းအားဖြင့်" ရရှိခြင်းဖြစ်ပါသည်။ (တမန်တော်၊ ၁၆း၃၀) ၌ရောမအစိုးရ၏ထောင်မှူးတစ်ယောက်သည် တမန်တော်ရှင်ပေါလုအား "ကယ်တင်ခြင်းသို့ရောက်ရန်ကျွန်ုပ်ဘာလုပ်ရမည်နည်း" ဟုမေးခဲ့ပါသည်။ ရှင်ပေါလု ကလည်း သခင်ယေရှုကိုယုံကြည်ပါ "ကယ်တင်ခြင်းသို့ရောက်မည်" ဟုဖြေခဲ့ပါသည်။ (၁၆း၃၁) ယေရှုခရစ်တော်၌ ယုံကြည်ခြင်းသည် ကယ်တင်ခြင်းသို့ရောက်ရန် တစ်ခုတည်းသောလိုအပ်သည့်အရာဖြစ်ကြောင်းရှင်းလင်းစွာဖော်ပြပါသည်။ (ယောဟန်၊၃း၁၆၊၁၈း၃၆)လူသားတို့ကိုကယ်တင်နိုင်သော နာမတစ်စုံတစ်ခုမျှ လူတို့အားပေးထားတော် မူခြင်းမရှိပါ (တမန်တော် ၄း၁၂)။

လူသားအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်ကြမည်အကြောင်း ဘုရားသခင် အလိုတော်ရှိပါသည်။ (၁ တိမောသေ၊ ၂း၄။ ၂ ပေတရု၊ ၃း၉) ထို့ကြောင့် ယေရှုခရစ်တော်သည် လောကီသားအပေါင်းတို့၏အပြစ်အတွက် ပေးဆပ်ခဲ့ပြီး ဖြစ်ပါသည်။ (၁ယော၊ ၂း၂) ထို့ကြောင့်သူသည် လူသားအပေါင်းတို့ကို မိမိထံတော်သို့ နီးစေတော်မူပါသည် (ယောဟန်၊ ၁၂း၃၂)။ သန့်ရှင်းသောဝိညာဉ်တော်သည် အပြစ်တရား၏ပြဿနာနှင့်ပတ်သက်၍ လောကီသားတို့ကို နောင်တရစေကာပြောင်းလဲ စေပါသည်။ ယေရှုခရစ်တော်သည် အပြစ်တရား၏အဖြေဖြစ်တော်မူကြောင်းဖော်ပြထား ပါသည် (ယောဟန်၊ ၁၆း၇ - ၁၅)။

မည်သူမဆိုလူတိုင်းတို့သည် ယေရှုခရစ်တော်အကြောင်းကိုယုံကြည်လက်ခံရမည့် အခြေခံအကြောင်းတရားများတွင် သူသည် လူ့ဇာတိကိုခံယူရန်ကြွလာတော်မူသော ဘုရားသခင်ဖြစ်တော်မူကြောင်း (ယော၊ ၁း၁၊ ၁၄) ခရစ်တော်သည်လူတို့၏ အပြစ်

ဒုစရိုက်အတွက်ကြောင့် အဖိုးခကိုပေးရန်အသေခံတော်မူကြောင်း ယေရှုသည် သင်္ဂြိုလ်ခြင်းကိုခံတော်မူကြောင်း (သူသည်ဧကန်အမှန် သေတော်မူကြောင်းကိုဖော်ပြခြင်း ဖြစ်ပါသည်။) ယေရှုသည်တစ်ဖန်သုံးရက်မြောက်သောနေ့၌ ကိုယ်ခန္ဓာအားဖြင့် သေခြင်းမှရှင်ပြန်ထမြောက်တော်မူကြောင်း စသည်တို့အပါအဝင်ဖြစ်ပါသည် (၁ ကော၊ ၁၅း၃-၅)။

## ၈။ ကျေးဇူးတော်

ကျေးဇူးတော်ဆိုသည်မှာ ကျွန်ုပ်တို့လုပ်အားဖြင့်ကြိုးစား၍မရနိုင်သော သို့မဟုတ် ရရှိရန်ထိုက်တန်ခြင်းမရှိသော တစ်စုံတစ်ရာ ကိုကျွန်ုပ်တို့အား ပေးသနားတော်မူခြင်း ဟူ၍ဆိုလိုပါသည်။ အကယ်၍ကျွန်ုပ်တို့သည် တစ်စုံတစ်ရာကိုလုပ် အားဖြင့်ရရှိနိုင်ပါက ထိုအရာမှာ "လုပ်အားခ"ဖြစ်၍ ထိုအရာသည်ကျွန်ုပ်တို့၏လုပ်ဆောင်မှုအပေါ်၌ အခြေပြု၍ရရှိသောအရာဖြစ်ပါသည်။ ကယ်တင်ခြင်းကိုကျွန်ုပ်တို့အား ရရှိစေသော ကျေးဇူးတော်မှာ ဘုရားသခင်ထံမှလာသောဆုကျေးဇူးဖြစ်ပါသည်။ သမ္မာကျမ်းစာ၌ "ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလို အလျှောက် ရောက်သည်မဟုတ်။ ဘုရားသခင်ပေးသနားတော်မူရာဖြစ်သတည်း။ ထိုသို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာအခွင့်မရှိ။"ဟူ၍မိန့်တော်မူထားပါသည် (ဧဖက်၊ ၂း၈၊၉) ဘုရားသခင်၏ကျေးဇူးတော်မှာ ယုံကြည်ခြင်းအားဖြင့်ကျွန်ုပ်တို့လက်ခံရရှိသော ကယ်တင်ခြင်း ဆုကျေးဇူးကို ပေးတော်မူပါသည်။ ဧဝံဂေလိတရားမှာ ဘုရားသခင်၏ ကျေးဇူးတော်ဟူ၍ဖော်ပြထားပါသည် (တမန်တော်၊ ၂၀း၂၄)။ယေရှုခရစ်တော် ကိုယ်တော်တိုင်သည် လူသားအပေါင်းတို့အတွက်ကျေးဇူးတော်၏ စံနမူနာဖြစ်ပါသည် (ယောဟန်၊ ၁း၁၄-၁၇)။

## ဃ။ ယုံကြည်ခြင်း

ယုံကြည်ခြင်းသည်ကိုးစားခြင်းဖြစ်ပါသည်။ ခံစားထိုက်သောအရာကုသိုလ်မှာ ယုံကြည်ခြင်းထဲ၌မတွေ့ရပါ။ သို့သော်လည်း ယုံကြည်ခြင်းအားဖြင့်သာဖြစ်ပါသည်။ ထို့ကြောင့်ကယ်တင်ခြင်းသည် ယေရှုခရစ်တော်ကိုယုံကြည်လက်ခံခြင်းအားဖြင့်သာလျှင်ဖြစ်ပါသည်။ ယုံခြင်းသည်အကျင့်မဟုတ်ပါ။

လူသားများအနေဖြင့်ကျွန်ုပ်တို့သည် မိမိတို့၏ကယ်တင်ခြင်းကို အကျင့်သို့မဟုတ်အလုပ်အားဖြင့်ရရှိကြရန် အလိုဆန္ဒရှိကြပါသည်။ မြောက်များစွာသောလူတို့သည် ဘုရားသခင်ထံမှလာသော ကျေးဇူးတော်အားဖြင့်ကယ်တင်ခြင်းသို့ ရောက်ရှိကြသည်ကိုယုံကြည်ရမည့်အစား အကျင့်အားဖြင့်ကောင်းသောအလုပ်ကိုလုပ်မှသာလျှင်ကယ်တင်ခြင်းသို့ ရောက်သည်ဟုလွဲမှားစွာယုံကြည်ကြပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား "ကောင်းသောအကျင့်ကိုကျင့်ရန် ဖန်ဆင်းတော်မူခြင်းဖြစ်သည်" ဟူသောအရာမှာ မှန်ကန်ပါသည်။ (ဧဖက် ၂း၁၀) သို့သော်လည်း ကျွန်ုပ်တို့သည် ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းသို့ရောက်သည် ဖြစ်ကြောင်း အကျိုးကျေးဇူးအနေဖြင့်သာလျှင် ကောင်းသောအကျင့်ကိုကျင့်ရမည် ဖြစ်ပါသည်။ ကယ်တင်ခြင်းကိုရရှိရန် ကောင်းသောအကျင့်အားဖြင့် ကြိုးစားရန်မဟုတ်ပါ။

တစ်ချိန်တုန်းက ခရစ်တော်၏အမှုတော်ဆောင်စဉ်ကာလအတောအတွင်း၌ သူသည်ထာဝရအသက်အကြောင်းနှင့် ဘုရားသခင် ပေးတော်မူသောလက်ဆောင်နှင့်ပတ်သက်၍ ဟောပြောသွန်သင်ခဲ့ဘူးပါသည်။ (ယောဟန် ၆း၂၆ - ၂၇)။ လူတို့သည်ယေရှုအား "မေးခွန်းများ ထုတ်ခဲ့ချိန်တွင် ယေရှုခရစ်တော် " (ယောဟန်၊ ၆း၂၆-၂၇) ကလည်းနောက်ဆုံးတွင် ထိုသူတို့အား "ထာဝရအသက်စာကို ကြိုးစား၍ စားကြလော့" ဟုမိန့်တော်မူခဲ့ပါ၏ (ယောဟန် ၆း၂၉)။ သူမိန့်တော်မူခြင်း၏ဆိုလိုသည်မှာ အကယ်၍သင်သည် ယုံကြည်လျှင် ကယ်တင်ခြင်းသို့ရောက်ရန် အကျင့်ရှိပြီးဖြစ်ပါသည်။ ထိုနောက်မှတစ်ဖန် ထိုယုံကြည်ခြင်းတရားကိုယ်တိုင်မှာ အကျင့်ဖြစ်ကြောင်းဆို

လိုပါသည်။ ထိုယုံကြည်ခြင်းသည် ကယ်တင်ခြင်းအတွက် ဘုရားသခင်၏ လုပ်ဆောင်ချက်အားဖြင့် တန်ခိုးရှိ၍ထိုသစ္စာတရားကို ဘုရားသခင်ကိုယ်တော်တိုင် စီရင်ပေးတော်မူပါသည်။

ဘုရားသခင်သည် လူတိုင်းတို့အား ယုံကြည်ခြင်းရှိရန်အရည်အချင်း ရွေးချယ်နိုင်သော အရည်အချင်းကိုပေးပါသည်။ ဤအရာမှာ "ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီဖန်ဆင်းတော်မူ၏" ဟူသောအချက် ဖြစ်ပါသည် (ကမ္ဘာ၊ ၁း၂၆ - ၂၇)။ လူတို့အားရွေးချယ်နိုင်ရန် စုံလင်သောအရည်အချင်းကိုပေးပြီးဖြစ်သော်လည်း။ သူသည်ခပ်သိမ်းသော အချိန်ကာလတို့၌စုံလင်စွာရွေးချယ်လိမ့်မည်ဟူ၍ ဆိုလိုခြင်းမဟုတ်ပါ။ ရွေးချယ်နိုင်ရန်ပေးသော အရည်အချင်းမှာ သူ သို့မဟုတ် သူမ၏ ဆုံးဖြတ်ချက်များအတွက် တစ်ဦးချင်းနှင့်ဆိုင်သောတုန့်ပြန်နိုင်ခြင်းကို ဆိုလိုပါသည်။

ခပ်သိမ်းသောလူအပေါင်းတို့သည် ရွေးချယ်ရန်လွတ်လပ်ခွင့်ရှိကြသည်ဖြစ်ရာ ခရစ်တော်ကိုမရွေးချယ်မိသော သူတို့သည် သူ့အားဆန့်ကျင်ဖို့ရန် ရွေးချယ်ကြပါသည်။ (မဿဲ၊ ၁၂း၃၀။ ယောဟန်၊ ၃း၁၈)။ ခရစ်တော်ကိုရွေးချယ်ခြင်းသည် ကယ်တင်ခြင်းသို့ပို့ဆောင်၍ ကောင်းကင်ဘုံ၌ထာဝရအသက်ကိုလည်း ရစေပါသည်။ ခရစ်တော်အားဆန့်ကျင်ခြင်းကိုရွေးမိသောသူသည် အပြစ်ဒဏ်ခံရခြင်းနှင့်အပါယ်ငရဲထဲ၌ ထာဝရကာလကျရောက်စေခြင်းပင်ဖြစ်ပါသည် (ယောဟန်၊ ၃း၃၆)။

## င။ နောင်တရခြင်း

နောင်တရခြင်းဟူသည် "သြတ္တပ္ပစိတ်ကိုပြောင်းလဲစေရန်ပင်ဖြစ်ပါသည်။ ထိုသို့ဆိုသော် တစ်စုံတစ်ဦး၏ ယုံကြည်ခြင်းသည်အခြားသောသူယုံကြည်ရန် ပြောင်းလဲစေပါသည်။ မယုံကြည်သောသူအပေါင်းတို့သည် သူတို့၏ သြတ္တပ္ပစိတ်ကို ယေရှုခရစ်တော်ထံသို့ ပြောင်းလဲစေရန် ထာဝရဘုရားအလိုတော်ရှိပါသည်။ ထို့ကြောင့်

သူတို့သည် ပျက်စီးခြင်းသို့မရောက်ရမည်အကြောင်းဖြစ်ပါသည်။ (၂ ပေတရု၊ ၃း၉။ တမန်၊ ၂၀း၂၁)။ ထိုအရာ၌ သူတို့သည် မိမိတို့၏အပြစ်ဒုစရိုက်များအတွက် အဖိုးအခကိုသူတို့မပေးနိုင်ကြကြောင်း၊ သို့ရာတွင် ယေရှုသည်သူတို့၌ရှိသော အပြစ်တရား၏အကြွေးကို ယေရှုဆပ်ပေးတော်မူကြောင်းဖြစ်၏ (လုကာ၊ ၂၄း၄၅-၄၇)။ ဤသို့သော စိတ်နှလုံးထား ပြောင်းလဲခြင်းသည် ခရစ်ယာန်တို့ အသစ်သောအသက်တာထဲ၌ အခြေခံအုတ်မြစ်ဖြစ်ပါသည် (ဟေဗြဲ၊ ၆း၁)။ ယုံကြည်သူတို့သည်ပင်လျှင် သူတို့မှန်ကန်ပါသည်ဟုယုံကြည်ခဲ့သောအရာ တစ်စုံတစ်ခုမှာ မမှန်ကန်ကြောင်းသိရှိလာသောအခါ သူတို့၏သြတ္တပ္ပစိတ်ကိုပြောင်းလဲကြပါလိမ့်မည် (၂ တိမောသေ၊ ၂း၂၄-၂၅)။ သို့မဟုတ် အပြစ်တရားဟူ၍ သူတို့သတိမထားမိသောတစ်စုံတစ်ရာသည်လည်း အပြစ်တရားဖြစ်ပါသည် (၂ကော၊ ၇း၉-၁၀)။ ဤအပြစ်ဒုစရိုက်များ (အခြားသောသူများအားလုံး)အတွက် ဘုရားသခင်ထံတော်သို့ တိုးဝင်ချဉ်းကပ်ကြရပါမည် (၁ယော ၁း၉)။

## စ။ ဖြောင့်မတ်စေခြင်း

ဖြောင့်မတ်စေခြင်းမှာ တစ်စုံတစ်ယောက်သောသူအား ဖြောင့်မတ်သည်ဟု ထုတ်ဖော်ကြေငြာခြင်း ဖြစ်ပါသည်။ လူသည်အပြစ်ရှိသောသူဖြစ်၍ ဖြောင့်မတ်ခြင်းမရှိပါ။ သူသည်သန့်ရှင်းတော်မူသောဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းအတွက် ဖြောင့်မတ်ခြင်းလိုအပ်ပါသည် (ဟေရှာယ၊ ၆၄း၆။ ရောမ၊ ၃း၂၀) ဤအချက်များမှာ လူသားတို့အတွက်အရေးကြီးပြင်းထန်သော ပြဿနာတစ်ခုဖြစ်ပါသည်။ လူတစ်ဦးသည် ဘုရားသခင်နှင့် ဆက်သွယ်ရန် လုံလောက်သော ဖြောင့်မတ်ခြင်းကိုအဘယ်သို့ရနိုင်ပါမည်နည်း။ အဖြေမှာ (ရောမသြဝါဒစာ၊ ၃း၁၉-၄း၅) ၌တွေ့ရှိရသည်။ အဓိကကျမ်းချက်မှာ (၁) ပညတ်တရား၏ အကျင့်အားဖြင့် မည်သူမျှဖြောင့်မတ်ခြင်းသို့ မရောက်(၃း၂၀၊ ဂလာတိ၊ ၂း၁၆။ ၃း၂၄)။ (၂) ဖြောင့်မတ်စေခြင်းသည် ကျေးဇူးတော်အားဖြင့်

ပေးသနားတော်မူသော ဆုကျေးဇူးလက်ဆောင်တစ်ပါးဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် ခရစ်တော်သည် အပြစ်ကြွေးကိုပေးဆပ်တော်မူခဲ့ပြီးဖြစ်ပါသည်။ (ရွေးနှုတ်ကယ်တင်ခြင်း) ကျေနပ်နှစ်သက်တော်မူ၏။ (အမျက်တော်ပြေ စေသည်)ဟုဆိုရာ၌ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းနှင့် တရားမျှတခြင်းအတွက် တောင်းဆိုချက်များကို ကျေနပ်နှစ်သက်စေပါသည် (ရောမ၊ ၃း၂၄)။ (၃) ဖြောင့်မတ်ခြင်းသည် ယေရှု၌ ယုံကြည်ခြင်းအားဖြင့်ဖြစ်ပါသည် (ရောမ၊ ၃း၂၆)။ ယေရှုခရစ်တော်၌ ယုံကြည်ခြင်းရှိသော သူအား ခရစ်တော်၏ ဖြောင့်မတ်ခြင်းကို ပေးတော်မူပြီဖြစ်သောကြောင့် ထိုသူအား ဖြောင့်မတ်သောသူဟူ၍ ကြေငြာသတ်မှတ်ထားပါသည်။ ယေရှုခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့် ရရှိသောဖြောင့်မတ်ခြင်းသည် ကျွန်ုပ်တို့အား ဘုရားသခင်နှင့် ငြိမ်သက်ခြင်းအတွက် အာမခံပေးထားပါသည် (ရောမ၊ ၅း၁)။ သို့ဖြစ်၍ ဘုရားသခင်၏အမျက်တော် ထဲမှကျွန်ုပ်တို့အား ရွေးနှုတ်ကယ်တင်တော်မူပြီး ဘုရားသခင်၏ဖြောင့်မတ်တော်မူခြင်းနှင့် တရားမျှတခြင်းကိုရရှိခံစား စေတော်မူသည် (ရောမ၊ ၅း၉)။ ထိုအရာမှာ ကျွန်ုပ်တို့အား အပြစ်တရား၏ သဘောသဘာဝမှ လွတ်မြောက်စေတော်မူခြင်းဖြစ်ပါသည် (ရောမ၊ ၆း၇) ကျွန်ုပ်တို့အားခရစ်တော်နှင့် အတူအမွေခံဖို့ရန်လည်း အာမခံပေးတော်မူပါသည် (တိတု၊ ၃း၄-၇)။

## ဆ။ သန့်ရှင်းစေတော်မူခြင်း

သန့်ရှင်းစေတော်မူခြင်းဟူသည်မှာ ကျွန်ုပ်တို့အားသန့်ရှင်းစင်ကြယ်စေရန် သီးသန့်ခွဲထားပြီးဖြစ်ကြောင်း ဆိုလိုပါသည်။ သန့်ရှင်းခြင်းကိုဘုရားသခင်၏ ဖြောင့်မတ်တော်မူခြင်းနှင့် တရားမျှတတော်မူခြင်းအားဖြင့်တိုင်းတာ ထားပါသည်။ တစ်စုံတစ်ဦးသည် ယေရှုခရစ်တော်ကိုယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ခြင်းသို့ ရောက်တော်မူသောအခါ ထိုသူအားခရစ်တော်အားဖြင့် သန့်ရှင်းခြင်းသို့ရောက်ရှိပြီးဖြစ်ပါသည် (တမန်တော်၊ ၂၆း၁၈။ ဟေဗြဲ၊ ၂း၁၁)။

ခရစ်တော်သည် တစ်ကြိမ်တစ်ခါပူဇော်ခြင်းအားဖြင့်အစဉ်အမြဲထာဝရကာလအတွက် အာမခံဖြစ်ပြီး (ဟေဗြဲ၊ ၁၀း၁၀-၁၄၊ ၁၃း၁၂) သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် (၂သက်သာ၊ ၂း၁၃။ ၁ပေတရု၊ ၁း၂) ထိုသူသည်သန့်ရှင်းခြင်းသို့ ရောက်ရှိခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် တစ်ကြိမ်တစ်ခါ ယုံကြည်သူများဖြစ်လာကြသောအခါ ဤသန့်ရှင်းခြင်းကို ကျွန်ုပ်တို့သည်လူတိုင်းတို့အား ဝေမျှရန်ဖြစ်ပါသည် (ဟေဗြဲ၊ ၁၂း၁၄)။

ဤသို့ဖြင့် ကနဦးအစသန့်ရှင်းစေခြင်းသည် ယုံကြည်သူတို့၏အသက်တာထဲ၌ အပြစ်နှင့်ကင်းစင်လိမ့်မည်ဟူ၍ အာမခံခြင်းသဘောမဟုတ်ပါ။ ကောရိန္သုအသင်းတော်ထဲ၌ယုံကြည်သူများတို့သည်အမှားအယွင်းများကိုပြုမိခဲ့ကြပါသည်။ သို့ရာတွင် ထိုသူတို့သည် ခရစ်တော်၌ သန့်ရှင်းသောသူများဖြစ်ကြပါသည်

(၁ကော၊ ၁း၂၊ ၃၀။ ၆း၉-၁၂)။

ယုံကြည်သူများတို့သည် မိမိတို့၏အသက်တာထဲ၌ သန့်ရှင်းခြင်းစံချိန်ရှိကြရန်ခရစ်တော်၌ တည်ထားသောသူများ ဖြစ်ကြပါသည် (၁ သက်သာလောနိတ်၊ ၄း၃၊ ၄၊ ၇။ ဧဖက်၊ ၅း၂၅၊၂၆။ ၁ပေတရု၊ ၃း၁၅)။ ဤနေရာ၌ကယ်တင်ခြင်းသို့ ရောက်ရှိချိန်၌ ပေါ်လာသော သန့်ရှင်းစေခြင်းကိုတိုးပွားစေခြင်း သဘောပါဝင်ပါသည် (ရောမ၊ ၆း၁၉။ ၁ သက်သာလောနိတ်၊ ၅း၂၃)။ ဤသို့တိုးပွားခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်၌ ယုံကြည်ကိုးစားခြင်းအားဖြင့်ပြည့်စုံ လာမည်ဖြစ်ပါသည် (ယောဟန်၊ ၁၇း၁၇-၁၉)။ တစ်ဖန်ဖြူစင်ခြင်းသို့ရောက်ရန် သခင်ဘုရား၌ဆက်ကပ်အပ်နှံသော အသက်တာလိုအပ်ပါသည်။ သို့ဖြစ်မှသာ အလွန်ကောင်းမြတ်သောအမှုတော်မြတ်အတွက်အသုံးခံသောသူ ဖြစ်လာပါမည် (၂တိမောသေ၊ ၂း၂၁)။ ယုံကြည်သူတို့၏ ပေးလှူခြင်းအသက်တာမှာ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ခရစ်တော်အတွက် သီးသန့်ခွဲခြားနေခြင်းဖြစ်ပါသည် (ရောမ၊ ၁၅း၁၅-၁၆)။ ဤကဲ့သို့မကျင့်သောသူတို့သည်ကျေးဇူးတော်ကို စော်ကားသောသူများ ဖြစ်ကြ၍ ထာဝရဘုရားသခင်ထံတော်မှပြင်းထန်သော ဆုံးမသွန်သင်ခြင်းကို ရင်ဆိုင်တွေ့ကြုံကြပါလိမ့်မည် (ဟေဗြဲ၊ ၁၀း၂၉)။

## ၉။ အပြစ်လွှတ်တော်မူခြင်း

အပြစ်လွှတ်တော်မူခြင်းသည် "အဝေးသို့စေလွှတ်ခြင်း"ဟူသော သဘောမျိုး ဖြစ်ပါသည်။ ထိုဝေါဟာရစကားလုံးမှာ ဂရိဝေါဟာရစကားလုံး "APHIEMT - အာဖီအီမိုင်း"မှလာပြီး "ထွက်ခွါခြင်း"ဟူ၍ ကြိမ်ဖန်များစွာဘာသာ ပြန်ဆိုထားပါသည်။ (မဿဲ၊ ၄း၂၀-၂၂၊ ၅း၂၄)တစ်စုံတစ်ဦးသည် တစ်နေရာကိုကျောခိုင်း၍ထွက်ခွါပြီး အခြားတစ်နေရာသို့ ရွှေ့ပြောင်းသွားသကဲ့သို့ အပြစ်ဒုစရိုက်များကို စွန့်လွှတ်ကာ ကျောခိုင်းရပါမည်။ ထိုအပြစ်တရားတို့ကိုနောက်ထပ်၍ သယ်ဆောင်စရာ ဝန်ထုပ် ဝန်ပိုးမဖြစ်စေရတော့ပါ (ဟေဗြဲ၊ ၁၂း၂)။ယေရှုခရစ်တော်၏ လက်ဝါးကပ်တိုင် ပေါ်သို့ ပထမဦးစားပေးရမည့် အပြစ်ဒုစရိုက်များနှင့် လွန်ကျူးခြင်းအပြစ်များသည် "ဖုံးအုပ်ခြင်းသို့ရောက်ရှိသွား"ပြီးဖြစ်ပါသည်။ ဆိုလို သည့်အဓိပ္ပါယ်မှာ ထိုအပြစ်တရား များမှာ ဤနေရာ၌ရှိနေပါသေးသည်။ သို့သော်လည်းတရားစီရင်ခြင်းကိုမခံရတော့ပါ (ဆာလံ၊ ၃၂း၁။ ရောမ၊ ၄း၇)။ အပြစ်ဖြေခြင်းဟူသော စကားလုံး၏ ဆိုလိုရင်းမှာ "ဖုံးအုပ်ခြင်း"ဖြစ်ပါသည်။ ခရစ်တော်ကို လက်ဝါးကပ်တိုင်ပေါ်မှာယဇ်ပူဇော်ခြင်းသည် အပြစ်ဒုစရိုက်များကို "အဝေးသို့လွှတ်ပစ်ခြင်း" သို့မဟုတ် အပြစ်လွှတ်တော်မူခြင်း ဖြစ်ပါသည် (မဿဲ၊၂၆း၂၇-၂၈) အပြစ်လွှတ်ခြင်းသည် နှစ်ခြင်းဆရာယောဟန် နှင့် (လုကာ၊ ၃း၃-၄) ယေရှုခရစ်တော် (လုကာ၊ ၄း၁၈-၁၉။ တမန်တော်၊ ၅း၃၁) တို့နှစ်ဦးစလုံး၏ သွန်သင်ဟောပြောတော်မူခြင်းထဲ၌ မရှိမဖြစ်လိုအပ်သောအရာ တစ်ပါးဖြစ်ပါသည်။ အပြစ်လွှတ်တော်မူခြင်းသည် ကျွန်ုပ်တို့၌ တင်ရှိသောအရာများ (မဿဲ၊ ၆း၁၂-၁၅) အပြစ်ဒုစရိုက်များ။ (မဿဲ၊ ၉း၂-၆) သို့မဟုတ် နှလုံးသား၏ မှားယွင်းသော ကြံရွယ်ချက်များ (တမန်တော်၊ ၈း၂၂) စသည်တို့ကို ဖြေလွှတ်တော်မူခြင်း ဖြစ်သည်။

အပြစ်ဒုစရိုက်များမှ အပြစ်လွှတ်တော်မူခြင်းသည် ကယ်တင်ခြင်းအတွက် မရှိမဖြစ် လိုအပ်သောအရာဖြစ်ပါသည် (လုကာ၊ ၁း၇၇)။အပြစ်သားများတို့၏ အပြစ်ကြွေးများကို

ပေးဆပ်ရန် ခရစ်တော်၏အသေခံတော်မူခြင်းသည် ဘုရားသခင်၏ အပြစ်လွှတ်တော်မူခြင်းအတွက်အခြေခံကျသော အရာဖြစ်၍ဘုရားသခင်၏ ကျိန်ခြင်းမှလွတ်မြောက်စေပါသည် (ဧဖက်၊ ၁း၇၊ ကောလောသဲ၊ ၁း၁၃-၁၄၊ ဟေဗြဲ၊ ၉း၂၂)။ တစ်စုံတစ်ဦးသည်ခရစ်တော်၌ ယုံကြည်လာသော အခါသူတို့၏ အပြစ်ဒုစရိုက်များမှ အပြစ်လွှတ်တော်မူခြင်းကို ရရှိကြပြီးဖြစ်ပါသည် (တမန်တော်၊ ၁၀း၄၃၊ ၂၆း၁၈)။ ခရစ်တော်သည် အပြစ်တရားအားဖြင့် သက်ရောက်စေသော အကြွေးများကို ပေးဆပ်တော်မူပြီးဖြစ်ရာ အပြစ်တရားကိုဖုံးအုပ်ရန်အတွက် ယဇ်ပူဇော်ခြင်းထပ်၍ လုံးဝမလိုအပ်တော့ပါချေ

(ဟေဗြဲ၊ ၁၀း၁၇-၁၈)။

အပြစ်လွှတ်တော်မူခြင်းသည် ကျေးဇူးတော်၏ လုပ်ဆောင်တော်မူချက်အားဖြင့်ဖြစ်ရာ ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်များကို ကျော်ခိုင်း၍စွန့်ခွါစေရန်ဖြစ်ပါသည်။ ဘုရားသခင်သည် တစ်စုံတစ်ရာကိုပိုမို၍ ခမ်းနားကြီးကျယ်အောင်လုပ်ဆောင်တော်မူပါသည်။ အကယ်၍ ကျွန်ုပ်တို့သည် အဝတ်အစားများကိုစွန့်သကဲ့သို့ တစ်စုံတစ်ရာကိုစွန့်လွှတ်ကျော်ခိုင်းကြပါက ကျွန်ုပ်တို့သည်ထိုအရာများကို တစ်ဖန်ယူရန် တစ်ချိန်ချိန်၌ပြန်၍ လှည့်သွားကြမည်ဖြစ်ကြောင်းသိရှိပါသည်။ သို့ဖြစ်၍ဘုရားသခင်သည် ကျွန်ုပ်တို့အားမိမိတို့၏ အပြစ်ဒုစရိုက်များကိုစွန့်လွှတ်ကျော်ခိုင်းကြသည်သာမက သူသည် ထိုအပြစ်ဒုစရိုက်များကို ချေဖျက်ပေးထားပါသည်။

ခရစ်တော်ကိုယ်တိုင် ကျွန်ုပ်တို့အားမိန့်တော်မူသည်မှာ " အကြွင်းမဲ့အပြစ်မှလွတ်မည်ဟုဖြစ်သည်" (ဂရိဝေါဟာရစကားလုံး၌ ဖုံးအုပ်ဖျောက်ဖျက်ပစ်ခြင်းဟူ၍ ဆိုလိုပါသည်။) "ခရစ်တော်နှင့်အသက်ရှင်စေ၍ အပြစ်ရှိသမျှနှင့် လွတ်စေမည်" (ကောလောသဲ၊ ၂း၁၃-၁၄) အမှန်စင်စစ် ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်များမှာ စွန့်ပစ် "ကျော်ခိုင်းခြင်း" သက်သက်မျှသာမဟုတ်ကျွန်ုပ်တို့အား ထာဝရဘုရား၏ ရှေ့တော်မှောက်၌ပြန်လည်၍ လန်းဆန်းစေခြင်းသို့ပို့ဆောင်ရန်အတွက် ထိုအပြစ်ဒုစရိုက်များသည် နောက်ထပ်လုံးဝ မကျန်ရှိတော့ခြင်း သဘောလည်းဆိုလိုပါသည်

(တမန်တော်၊ ၃း၁၉)။

ယုံကြည်သူများသည် ဘုရားသခင်ကဲ့သို့ (ဧဖက်၊ ၅း၁)နှင့် ခရစ်တော်ကဲ့သို့ (၁ကော၊ ၁၁း၁) ဖြစ်လာကြရန်ဖြစ်ပါသည်။ ထိုသို့ဆိုသော်စိတ်ဝိညာဉ်ခွင့်လွှတ်ခြင်းအတွက် လိုအပ်တော်မူကြောင်းကို ရှင်းလင်းစွာသွန်သင်ထားခြင်းဖြစ်ပါသည် (မဿဲ၊ ၁၈း၂၁-၂၂)။ အပြစ်ဒုစရိုက်များကိုစွန့်လွှတ်တော်မူခြင်းသည် ကြီးမားသောစေလွှတ်တော်မူခြင်း၏ အစိတ်အပိုင်းဖြစ်သောကြောင့် ခရစ်ယာန်တို့သည် အပြစ်လွှတ်သောလူများ ဖြစ်လာကြရန်မှာအရေးကြီးပါသည် (လုကာ၊ ၂၄း၄၆-၄၇။ တမန်တော်၊ ၁၀း၄၃-၁၃း၃၈)။ ကျွန်ုပ်တို့အားမည်သည့်အရာကို သွန်သင်တော်မူခြင်းခံရသည်အတိုင်း အသက်ရှင်ရန် ဆန္ဒသည်ကျွန်ုပ်တို့ထဲ၌ရှိရပါမည်။

ယုံကြည်သူများတို့သည် အပြစ်ပြုမိသောအခါ ထိုကျူးလွန်သောအပြစ်အတွက် အပြစ်လွှတ်ခြင်းနှင့် သန့်ရှင်းခြင်းသို့ရောက်ရန် ထိုအပြစ်ဒုစရိုက်များကို ဘုရားသခင်ထံသို့ဝန်ချတောင်းပန်ရမည် (၁ယော၊ ၁း၆-၁၀) သို့ဖြစ်မှသာ တစ်စုံတစ်ယောက်သောသူသည် ခရစ်ယာန်အသက်တာထဲ၌ ပုံမှန်ကြီးထွားခြင်း အဆက်မပြတ်ရှိနိုင်ပါသည်။ ယေရှုသည် လက်ဝါးကပ်တိုင်တော်ပေါ်၌ အပြစ်ဒုစရိုက်များအားလုံးအတွက် ပေးဆပ်တော်မူခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့အားအဆင်သင့် အပြစ်လွှတ်တော်မူခြင်းရှိပါသည်။ ယုံကြည်သူတစ်ဦး မိမိအပြစ်ဒုစရိုက်များကို ဝန်ခံသောအခါထိုသူ၏ အပြစ်ဒုစရိုက်များကို ပေးဆပ်တော်မူပြီးဖြစ်ကြောင်း မှတ်မိသိမှတ်စေခြင်းဖြစ်ပါသည်။

## ၈၂။ခွင့်မလွှတ်နိုင်သောအပြစ် (သန့်ရှင်းသောဝိညာဉ်တော်ကို ပြစ်မှားခြင်း)

ခွင့်မလွှတ်နိုင်သောအပြစ်တစ်ပါးတည်းရှိပါသည်။ ထိုအပြစ်မှာ သန့်ရှင်းသောဝိညာဉ်တော်ကို ပြစ်မှားခြင်းဖြစ်ပါသည် (မဿဲ၊ ၁၂း၃၁-၃၂)။ ဘုရားသခင်ကို ပြစ်မှားခြင်းဟုဆိုရာ၌ သူသည်တစ်စုံတစ်ရာဖြစ်တော်မူသည်အတိုင်း မဖြစ်ပါဟူ၍

ထုတ်ဖော်ခြင်းဖြစ်ပါသည်။ တစ်စုံတစ်ဦးသည်ဘုရားသခင်အသက်ရှင် တည်ရှိတော်မူခြင်းနှင့်ပတ်သက်၍ မည်သည့်အပိုင်းကိုမဆိုတိုက်ခိုက်သောအခါ ထိုအရာမှာမမှန်ကန်ကြောင်း ထုတ်ဖော်ခြင်းဖြစ်၍ ထိုသဘောမှာ ပြစ်မှားခြင်းအဖြစ်သက်ရောက်ပါသည်။ သမ္မာတရား၏ဝိညာဉ်တော်တည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်သည် (ယောဟန်၊ ၁၄း၁၇) ယေရှုအားမေရှိယဖြစ်တော်မူကြောင်းဖွင့်ပြထားပါသည် (ယောဟန်၊ ၁၄း၆၊ ၁၆း၁၃)။ တစ်စုံတစ်ဦးသည်ယေရှုခရစ်တော်အား မေရှိယမဟုတ်ကြောင်းငြင်းပယ်သောအခါ ဘုရားသခင်သည် ယေရှုအကြောင်းနှင့်ပတ်သက်၍ လိမ်ညာပြောဆိုခြင်းဖြစ်သည်ဟု ထိုသူသည်ထုတ်ဖော်ခြင်းဖြစ်ပါသည် (၁ယော၊ ၅း၁၀)။ မျှော်လင့်ခြင်းအပြည့်ဖြင့်သင်သည် လူတစ်ဦး၌ကိုယ်ခန္ဓာ ကိုယ်ကာယနှင့်ဆိုင်သော အသက်ရှင်နေသရွေ့ ယေရှုသည်မေရှိယဖြစ်ကြောင်းလက်ခံနိုင်သော အခွင့်အရေး ထိုသူ၌ရှိနေကြောင်း သင်သည်သိရှိလာပါမည် “သန့်ရှင်းသောဝိညာဉ်တော်ကို ပြစ်မှားခြင်း” နှင့်ပတ်သက်၍ ကျွန်ုပ်တို့နိဂုံးချုပ်ရန် ဆင်ခြင်ရမည့် အကြောင်းအချက်အားလုံးတို့မှာ တစ်စုံတစ်ဦးသည် သေသည့်တိုင် ယေရှုခရစ်တော်အကြောင်းနှင့်ပတ်သက်၍ သန့်ရှင်းသော ဝိညာဉ်တော်သည် လိမ်ညာပြီးမဟုတ်မမှန် သက်သေခံသည်ဟုခံယူခြင်းသည် သန့်ရှင်းသော ဝိညာဉ်တော်ကိုပြစ်မှားခြင်းဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်အား ပြစ်မှားခြင်းဆိုရာ၌ ဘုရားသခင်အားတိုက်ရိုက် ရုန့်ရင်းကြမ်းတမ်းစွာပြုမူခြင်းသဘောကို ဖော်ပြသော စကားမဟုတ်ပါ (မဿဲ၊ ၂၆း၇၄ ၌ ပေတရုသည် ခရစ်တော်အား ငြင်းပယ်ခြင်းအကြောင်းနှင့်နှိုင်းယှဉ်ကြည့်ပါ) သန့်ရှင်းသော ဝိညာဉ်တော်ကိုပြစ်မှားခြင်းဟူသည်မှာ အသက်ရှင်သည့်ကာလပတ်လုံး ယေရှုကိုမေရှိယ ကယ်တင်ရှင်အဖြစ်မယုံကြည်ခြင်း အပြစ်ဖြစ်ပါသည်။ ဤအပြစ်မှာ ယေရှုခရစ်တော်သည် ကယ်တင်ရှင်အနေဖြင့် ထာဝရအပယ်ငရဲ၏ အကျိုးဆက်များကိုသယ်ပိုးပေးကြောင်း လုပ်ဆောင်ချက်ကို လက်ခံရန် ခေါင်းမာခြင်း၊ ငြင်းပယ်ခြင်းဖြစ်၍ ယင်းသည် နှလုံးသားခိုင်မာခြင်း အပြစ်ဖြစ်ပါသည်။

# အပိုင်း (၄)

# လုံခြုံမှုအပြည့်ပေးသောဘုရားသခင်၏ ကတိတော်များ

## က။ နိဒါန်း

တစ်စုံတစ်ဦးသည်ယေရှုခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် တယ်တင်ခြင်းသို့ ရောက်တော်မူပြီးသည့်နောက်ပိုင်း၌ "ကျွန်ုပ်တို့သည်ကယ်တင်ခြင်း မရရှိသေးသော သူဖြစ်လာနိုင်ပါသလား" ကဲ့သို့သောမေးခွန်းများစွာပေါ်လာပါသည်။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းသို့ရောက်ရှိပြီးသည်နောက်ပိုင်း၌ အပြစ်လုပ်မိပါက ကယ်တင်ခြင်းသို့ တစ်ဖန် မည်သို့ရောက်ရှိမည်နည်း? ကျွန်ုပ်တို့သည်ခရစ်ယာန်အသက်တာ၌ မည်သို့ အသက်ရှင်နေကြပါမည်နည်း? ဘုရားသခင်သည် ချစ်ခြင်း မေတ္တာအားဖြင့် လုံခြုံမှုပေးပါသလား? သို့မဟုတ် ကျွန်ုပ်တို့၏ကယ်တင်ခြင်းဆုံးရှုံးနိုင်ကြောင်းကို ကြောက်ရွံ့နေရမည်လား? ကျွန်ုပ်တို့သည်ထာဝရအသက်ရရှိပြီဖြစ်ကြောင်း သေချာခြင်းကိုအဘယ်သို့ သိရှိနိုင်မည်နည်း (၁ယော၊ ၅း၁၃)။ ကျွန်ုပ်တို့လေ့လာသော ဤအချက်၌ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအကြောင်းနှင့်ပတ်သက်၍ ယုံကြည်သူတို့သည် ထိုမေးခွန်းများကို ဖြေနိုင်မည့်အကြောင်း ဖော်ပြထားပါသည်။

## ၁။ ကြိုတင်၍သိမြင်တော်မူခြင်းနှင့်ကြိုတင်၍ခွဲခန့်မှတ်သားတော်မူခြင်း

ကြိုတင်၍သိမြင်တော်မူခြင်းဆိုသည်မှာ "မဖြစ်ပေါ်မီကြိုတင်၍ သိရှိခြင်း" ကိုဆိုလိုပါသည်။ ယေရှုသည် ကမ္ဘာမတည်မရှိမီ ကြိုတင်၍ သိမြင်တော်မူခဲ့ပါသည် (၁ ပေတရု၊ ၁း၂၀)။ ကြိုတင်၍ခွဲခန့်မှတ်သားတော်မူခြင်းဟူသော စကားလုံးသည် ဂရိဝေါဟာရစကားလုံး "PROORIDZO ပါလာဒိုဒစ်ရို" မှလာပြီးဆိုလိုရင်းမှာ "အချိန်မရောက်မီ ကြိုတင်၍အမှတ်အသားပြုခြင်း" ဖြစ်ပြီးနယ်နမိတ်ခွဲခြားသတ်မှတ်ခြင်း သဘောပင်ဖြစ်ပါသည်။

ဘုရားသခင်၏ကြိုတင်၍ သိမြင်တော်မူခြင်းသည် အဖြစ်အပျက်များကို သူသည်ကြိုတင်၍ခွဲခန့်မှတ်သားတော် မူခြင်းနှင့်ဆက်စပ်နေကြောင်းကိုဘုရားသခင်၏ နှုတ်ကပတ်တော်မှ ရှင်းလင်းစွာဖော်ပြထားပါသည် (ရောမ၊ ၈း၂၉-၃၀။ ၁ပေတရု၊ ၁း၁-၂)။ ဘုရားသခင်၏ ခပ်သိမ်းသောအရာကိုသိမြင်တော်မူခြင်းဆိုသည်မှာဖြစ်ပျက်ခဲ့သော အရာများနှင့်ဖြစ်ပေါ်လာဦးမည့်အရာများတို့ကို သိမြင်ခြင်းရှိသည်သာမကဘဲ သူသည် ဖြစ်နိုင်ဖွယ်သောအရာရှိသမျှတို့ကိုလည်း သိမြင်တော်မူခြင်းဖြစ်ပါသည်။ ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းမှာ သူမှတ်တော်မူသော စီမံကိန်းများဖြင့် ရှင်းလင်းစွာမြင်နိုင်ပါသည်။ ထိုအရာမှာသူ၏ လူဇာတိခံယူခြင်းနှင့် ကောင်းကင်တမန်များဆိုင်ရာ ဖန်ဆင်းတော်မူခြင်း၊ ဆုံးဖြတ်နိုင်သော အရည်အချင်းနှင့် သူ၏အကြံအစည်တို့ကို ပို့ဆောင်နိုင်ခြင်း တို့အားဖြင့် ရှင်းလင်းစွာမြင်နိုင်ပါသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်ထဲ၌ တွေ့မြင်ရသောပရောဖက်ပြုခြင်းများမှာ သူ၏ကြိုတင်၍သိမြင်တော်မူ ခြင်းအချို့တို့ကိုဖွင့်ပြရန်ဖြစ်ပါသည် (၂ပေတရု၊ ၃း၁၇)။ ဤရောက်လာမည့်အချို့သောအဖြစ်အပျက်များကို ကျွန်ုပ်တို့ သည်ထိုအဖြစ်အပျက်များ စွာ ဘုရားသခင်ထံတော်မှလာသည် သို့မဟုတ် စာတန်အားဖြင့်လာသည်အကြောင်းကို ပိုင်းခြားသိမြင်နိုင်ပါသည်။

## ဂ။ ပဋိညာဉ်တရားတော်

“အနက်ဖွင့်ခြင်း၏အခြေခံနိယာမ”၌ နိယာမအတွင်းကွဲပြားခြားနားသော ပဋိညာဉ်များ သို့မဟုတ် သဘောတူ ညီချက်များ ကိုးခုဖော်ပြထားပါသည်။ ထိုအရာမှာ ဘုရားသခင်သည်လူတို့နှင့်ပြုတော်မူသောအရာများဖြစ်ပါသည်။ အချို့တို့မှာ အခြေအနေပိုင်းနှင့်ဆိုင်၍လူတို့၏နာခံခြင်းပေါ်၌ အခြေခံထားပါသည်။ အခြားသော အရာများမှာ အခြေအနေပိုင်းနှင့်မဆိုင်ဘဲ ဘုရားသခင်၏ပြည့်စုံတော်မူခြင်းအပေါ်၌လုံးလုံးလျားလျား အခြေခံထားပါသည်။ ဤ ပဋိညာဉ်များ၌ ဘုရားသခင်ထံတော်မှလာသော ကတိတော်များပါဝင်ပါသည်။ ထိုကတိတော်များမှာဘုရားသခင်သည် ယုံကြည်သူတို့အားအချိန်မီနှင့် ထာဝရကာလအတွက်လုံခြုံမှုပေးခြင်းဖြစ်ပါသည်။ လေ့လာသောသူတို့သည် ပဋိညာဉ်များနှင့်လုံခြုံမှုဆိုင်ရာ ဆင်ခြင်စရာများကို ဘုရားသခင်၏ ကတိတော်များပေါ်၌အခြေခံ၍ပေးတော်မူခြင်းဖြစ်ကြောင်း ရှုမြင်သုံးသပ်ရပါမည်။

## ဃ။ ထာဝရကာလလုံခြုံမှု

ထာဝရကာလလုံခြုံမှုဟုဆိုရာ၌ ကယ်တင်ခြင်းသည်မဆုံးရှုံးနိုင်ကြောင်း ဆိုလိုပါသည်။ ဤအချက်ကိုသက်သေ ပြရန်ကျွန်ုပ်တို့လေ့လာခဲ့ပြီးဖြစ်သောနိယာမများကို အသုံးပြုပြီးဖော်ပြကြရပါမည်။ ကျွန်ုပ်တို့သည်တိုးပွားခြင်းဆိုင်ရာ အကြောင်းရင်း၏ အရေးကြီးပုံကိုဤခေါင်းစီးကို ဆင်ခြင်ခြင်းအားဖြင့်အောက်မေ့ကြပါစို့။ အကယ်၍ ကျွန်ုပ်တို့သည် စကြဝဠာတစ်ခုလုံးနှင့်ဆိုင်ရာ ကျွန်ုပ်တို့၏ထာဝရကယ်တင်ခြင်း မဆုံးရှုံးနိုင်ကြောင်း ဖော်ပြချက်ကိုဘုရားသခင်၏ နှုတ်ကပတ်တော်ထဲ၌တွေ့ရှိရပါက သမ္မာကျမ်းစာအားဖြင့်ချွင်းချက်သဘောကိုဖော်ပြခြင်းမတွေ့ရှိပါက ကျွန်ုပ်တို့သည် ထိုသို့ဖော်ပြချက်သည် အမှန်အကန်ဖြစ်ကြောင်းလက်ခံကြရပါမည်။ ထိုသို့ဆိုသော်၊ အကယ်၍သမ္မာကျမ်းစာသည် ဖော်ပြချက်ကိုပြုပါက သမ္မာကျမ်းစာ၌သာလျှင်

ချွင်းချက်သဘောကိုဖော်ပြရန်အခွင့်အာဏာရှိပါသည်။ ဥပမာအနေဖြင့်- သမ္မာကျမ်းစာ၌"လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ" ဟုဆိုထားပါသည် (ရောမ၊ ၃း၂၃)။ သမ္မာကျမ်းစာထဲ၌ ချွင်းချက်အနေဖြင့်ထားသည်မှာ သခင်ယေရှုခရစ်တော်သာလျှင် အပြစ်ကင်းစင်၍စုံလင်သောသူဖြစ်ပါကြောင်း ပြဆိုထားသည်။ "ထိုသခင်သည် ဒုစရိုက်ကိုမပြု" (၁ပေတရု၊ ၂း၂၂) ဟူ၍ဖော်ပြထားပါသည်။ ဤထုတ်ဖော်ချက်အပိုင်းတစ်ခုလုံး၏ အကြောင်းရင်းမှာ ဖြစ်တတ်သည့်သဘောကိုဆင်ခြင်၍ ကောက်ချက်ချခြင်းဖြစ်ပါသည်။ ဖြစ်တတ်သည့် သဘောကိုဆင်ခြင်၍ ကောက်ချက်ချခြင်းသည် "အကယ်၍ ယေရှုခရစ်တော်မှ တပါးလူသားအပေါင်းတို့သည်အပြစ်ရှိပါက၊ ကျွန်ုပ်သည်လည်းအပြစ်ရှိသောသူဖြစ်ပါသည်" ဟူ၍ တရားဝင်နိဂုံးချုပ်ခြင်းသို့ပို့ဆောင်ပေးနိုင်ပါသည်။ ဖြစ်တတ်သည့်သဘောကိုဆင်ခြင်၍ ကောက်ချက်ချခြင်းသည် တနည်းအားဖြင့်ဆိုသော် အစိတ်အပိုင်းမှတစ်ခုလုံးတို့၏ အကြောင်းရင်းဖြစ်ပါသည် (ကျွန်ုပ်၌အပြစ်ရှိပါက အားလုံးတို့သည်လည်း အပြစ်ရှိ၏)။ ဖြစ်တတ်သည့်သဘောကို ဆင်ခြင်၍ကောက်ချက်ချခြင်းသည် မှန်ကန်လုနီးပါးရှိပါသည်။ သို့သော်လည်း ချွင်းချက်အနေဖြင့် ယေရှုခရစ်တော်၌ အပြစ်မရှိကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့်ထိုအရာမှာ အကန့်အသတ်ရှိကြောင်းကို လည်းဖော်ပြပေးပါသည်။ အများဆုံးမှားနိုင်သောအမှားတစ်ခုမှာ တစ်ခုလုံးမှ အစိတ်အပိုင်းတစ်ခုခုကို ချန်လှပ်ထားမိတတ်ခြင်းပင် ဖြစ်ပါသည်။

ထာဝရကာလလုံခြုံမှုရှိကြောင်း ကျွန်ုပ်တို့၏သက်သေပြခြင်းကို ကွဲပြားခြားနားသော ထုတ်ဖော်ချက်လေးမျိုးတို့ကို အသုံးပြုနိုင်ပါသည်။

## ၁။ ကျိုးကြောင်းဆီလျော်သောထုတ်ဖော်ခြင်း

ယခုတွင်ထာဝရကာလ လုံခြုံမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဆီလျော်သောထုတ်ဖော်ခြင်း ဥပမာသုံးမျိုးတို့ကို ကျွန်ုပ်တို့ဆင်ခြင်ကြပါစို့။ ပထမ၊ ကယ်တင်ခြင်းသည် အကျင့်အားဖြင့်ရရှိသည်မဟုတ် ယုံကြည်ခြင်းအားဖြင့်ကျေးဇူးတော်ကြောင့် ရရှိခြင်း

ဖြစ်ရာ အပြစ်ကျူးလွန်ခြင်းကဲ့သို့သော အကျင့်တရားများအားဖြင့်ထိုကယ်တင်ခြင်းကို မဆုံးရှုံးနိုင်ပါ (ဧဖက်၊ ၂း၈-၉)။ ဒုတိယ၊ "အသစ်သောမွေးဖွားခြင်း"သည် ကျွန်ုပ်တို့အား "ဘုရားသခင်၏သားသမီးများ" ဖြစ်စေသောကြောင့်၊ ကျွန်ုပ်တို့၏ မှားယွင်းခြင်းများသည် ကျွန်ုပ်တို့၏အဖဖြစ်တော်မူခြင်းသဘောကိုပြောင်းလဲစေနိုင် မည်မဟုတ်ပါ (ယော၊ ၁း၁၂-၁၃။ ၂တိမောသေ၊ ၂း၁၃)။ တတိယ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ရန်သူများဖြစ်နေကြစဉ်ပင်လျှင် ဘုရားသခင်သည် ကျွန်ုပ်တို့အားကယ်တင်ရန်လုပ်ဆောင်ပေးတော်မူခဲ့သည်ဖြစ်ရာ ယခုတွင်သူသည် ကျွန်ုပ်တို့အားစွန့်ပစ်သောအားဖြင့် ကယ်တင်ခြင်းဆုံးရှုံးခြင်းသို့ရောက်ရှိစေရန် ပြုတော်မူလိမ့်မည်မဟုတ် (ရောမ၊ ၅း၉-၁၀)။

## ၂။ နေရာအဆင့်ရာထူးပိုင်းဆိုင်ရာထုတ်ဖော်ခြင်း

ထာဝရကာလလုံခြုံမှုကို နေရာအဆင့်ရာထူးပိုင်းဆိုင်ရာထုတ်ဖော်ခြင်းမှာ ယုံကြည်သူသည် ယေရှုခရစ်တော် ၏ "အထဲ၌"ရှိနေကြောင်းကို အခြေပြုပြောဆိုခြင်းဖြစ်ပါသည်။ ခရစ်တော်ယေရှု၏အထဲ၌ရှိသော သူတို့ပေါ်၌အပြစ် တင်တော်မူခြင်းမရှိတော့ပါ (ရောမ၊ ၈း၁)။ ခရစ်တော်၏အထဲ၌ ယုံကြည်သူတို့အားချစ်သော ခမည်းတော်၏ ချစ်ခြင်းမေတ္တာသည် သူ၏သားတော်ချစ်ခြင်းမေတ္တာနှင့် ညီတူညီမျှဖြစ်ပါသည်။ အထူးသဖြင့်ယခုတွင် ကျွန်ုပ်တို့သည်လည်းသူ၏ သားသမီး များဖြစ်ကြပါသည် (ယော၊ ၁း၁၂-၁၃။ ရောမ၊ ၈း၃၈-၃၉။ ဂလာတိ၊ ၃း၂၆။ ဧဖက်၊ ၁း၅-၈)။ အမှန်စင်စစ် ကျွန်ုပ်တို့သည် ခရစ်တော်၏ရှင်ပြန်ထမြောက်တော်မူခြင်း၌အပါအဝင်ဖြစ်ပါသည်။ သေခြင်းသို့ မဆင်းသက်နိုင်တော့ပါ (ဧဖက်၊ ၂း၆)။ အခြားအရေးကြီးသောဆင်ခြင်စရာမှာ "ဦးခေါင်း"သည်သူ၏ ကိုယ်ခန္ဓာမှနေ မပြောင်းရွှေ့နိုင်ပါ။ ပြည့်စုံသော ကိုယ်အင်္ဂါရှိပါသည် (၁ကော ၁၂း၁၃)။ ကျွန်ုပ်တို့သည်အစဉ်အမြဲသူ၏ အဝင်ဖြစ်ကြပါသည်။

## ၃။ အကွယ်အကာပေးခြင်းဆိုင်ရာထုတ်ဖော်ခြင်း

ထာဝရလုံခြုံမှုဆိုင်ရာအကွယ်ကာပေးခြင်းနှင့်ပတ်သက်၍ ထုတ်ဖော်ခြင်းမှာ ကျွန်ုပ်တို့အားစာတန်၏တိုက်ခိုက်ခြင်းတွင်ခရစ်တော်သည် ခမည်းတော်၏ လက်ျာဘက်၌ ရပ်နေတော်မူ၍ ကျွန်ုပ်တို့အားခုခံကွယ်ကာပေးခြင်းပင်ဖြစ်ပါသည် (၁ယော၊ ၂း၁-၂။ ဗျာဒိတ်၊ ၁၂း၁၀) သူသည်ဘုရားသခင်နှင့်လူတို့စပ်ကြား၌ ဖြန်ဖြေပေးသောသူ (အလယ် ၌ရှိနေသောလူသား)ဘုရားသခင်နှင့်လူစပ်ကြား၌ လူအတွက်သာ၍ ကောင်းသော ပဋိညာဉ်ကိုပေးသောသူဖြစ်ပါသည် (ဂလာတိ၊ ၃း၂၀။ ၁တိမောသေ၊ ၂း၅။ ဟေဗြဲ၊ ၈း၆။ ၉း၁၅။ ၁၂း၂၄)။ ယခုတွင်သူသည် သူရွေးကောက်ထားသော လူတို့အတွက် ကိုယ်စားပြုဆုတောင်းပေးပါသည်။ ထိုသူတို့၏လုံခြုံမှုနှင့် ကွယ်ကာမှုကို ပေးရန်ဖြစ်ပါသည် (ရောမ၊ ၈း၃၁-၃၉)။ တစ်စုံတစ်ဦးသည် "သူ၏သိုးတို့ကိုသူ့လက်မှ ဆွဲနှုတ်ရန်" ကြိုးစားသောသူသည် အနန္တတန်ခိုးရှင်ခမည်းတော်နှင့် သားတော်အား တိုက်ခိုက်သောသူဖြစ်ပါသည် (ယောဟန်၊ ၁၀း၂၇-၂၉) (စာရေးသူ၏မှတ်ချက် ထိုအရာမှာကျွန်ုပ်အ တွက်လုံခြုံမှုဖြစ်ပါသည်။)

## ၄။ ဝိညာဉ်ပိုင်းဆိုင်ရာဖော်ထုတ်ခြင်း

ထာဝရလုံခြုံမှုအတွက် ဝိညာဉ်ပိုင်းဆိုင်ရာဖော်ထုတ်ချဉ်းကပ်ခြင်းသည် သန့်ရှင်းသော ဝိညာဉ်တော်ပုဂ္ဂိုလ်တော် ဖြစ်ခြင်းနှင့်လုပ်ဆောင်မှုတို့အပေါ်၌ ကျွန်ုပ်တို့၏ ဆက်သွယ်မှုကို အခြေခံထားပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကယ်တင်ခြင်း သို့မရောက်သောလူ "ပျက်စီးနိုင်သောမျိုးစေ့" တည်းဟူသော အသွေးအသား၌ မွေးဖွား သောသူတို့ကို ယေရှုခရစ်တော်ပေါ်၌ ယုံကြည်လာစေပြီး "မပျက်စီးနိုင်သောမျိုးစေ့" အားဖြင့်မွေးဖွားစေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် နောက်တစ်ဖန်မသေနိုင်ပါ (၁ကော၊ ၁၅း၄၂၊ ၅၂။ ၁ပေတရု၊ ၁း၂၂-၂၅။ ယောဟန်၊ ၁၁း၂၅-၂၆)။ ကယ်တင်ခြင်း သို့ရောက်ရှိသည်နှင့်တစ်ပြိုင်နက်တည်းမှာပင် ကျွန်ုပ်တို့အား ဆုကျေးဇူးများစွာပေးပါ သည်။ ထိုအရာမှာပြည့်စုံခြင်းမပျက်စီးနိုင်ခြင်းသဘောဖြစ်၍ သန့်ရှင်းသော

ဝိညာဉ်တော်ထံမှလာပါသည် (ရောမ၊ ၁၁း၂၉)။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကယ်တင်ခြင်းသို့ရောက်ရှိသည့်အချိန်၌ ယုံကြည်သူတို့၏ အထဲ၌ရှိနေပါသည်။ ယုံကြည်သူတို့၏ရှင်ပြန်ထမြောက်သော ကိုယ်ခန္ဓာအတွက် ပြင်ဆင်ထားခြင်းဖြစ်ပါသည် (ရောမ၊ ၈း၉၊ ၁ယော၊ ၂း၂၇၊ ၂ကော၊ ၁း၂၂)။ သန့်ရှင်းသော ဝိညာဉ်တော်သည် ယုံကြည်သူတို့အား ခရစ်တော်နှင့်ပူးပေါင်းစေရန် ဗတ္တိဇံကိုပေးပါသည် (ရောမ၊ ၈း၉၊ ၁ယော၊ ၂း၂၇) ယုံကြည်သူတို့အားရွေးနုတ်ခြင်း တံဆိပ်ခတ်တော်မူသည်

(၂ကော၊ ၁း၂၁-၂၂။ ဧဖက်၊ ၁း၁၃၊ ၁၄၊ ၄း၃၀)။

## င။ မွေးစားခြင်း (အမွေခံခြင်း)

ယေရှုခရစ်တော်သည်သာလျှင် ဘုရားသခင်၏တစ်ပါးတည်းသော သားတော်ဖြစ်ပါသည်။ (ယောဟန် ၃း၁၆) ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ခရစ်တော်နှင့် ခရစ်တော်၏အထဲ၌ ပူးပေါင်းဆက်နွယ်နေသောအခါ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အမွေခံသားဖြစ်လာပါသည်။ ဤအမွေခံခြင်းသည်ဣသရေလလူမျိုးတို့အတွက်ဖြစ်သည်။ သို့သော်လည်း သူတို့အများစုသည် မိမိတို့၏မေရှိယကိုငြင်းပယ်ခဲ့ကြပါသည်

(ရောမ၊ ၉း၃-၄)။

ယခုတွင်ယုံကြည်သူတို့သည် ခမည်းတော်နှင့်အတူသူ၏သားနှင့်သမီးများကဲ့သို့ ဆက်သွယ်ပူးပေါင်းရသော အခွင့်ကိုရရှိကြပါသည်။ သူတို့သည်ခရစ်တော်နှင့်အတူ အမွေခံသောသူဖြစ်ကြောင်းသိရှိရပါသည် (ရောမ၊ ၈း၁၅-၁၇၊ ဂလာတိ၊ ၄း၄-၇)။ တစ်နေ့သောအခါ ကျွန်ုပ်တို့သည်ဤအမွေစားခံခြင်း ကောင်းချီးမင်္ဂလာများကို အပြည့်အဝ နားလည်သဘောပေါက်ကြပါလိမ့်မည် (ရောမ၊ ၈း၂၂-၂၃)။

# အပိုင်း (၅)

# အနာဂတ်ကာလ–ပရောဖက်ပြုခြင်း

## (နောက်ဆုံးသောကာလအကြောင်းကို လေ့လာခြင်း)

### က။ နိဒါန်း

ဘုရားသခင်သည် သူ၏ကျေးဇူးတော်အောက်၌ ခေတ်ကာလအဆက်ဆက် စီမံကိန်းများကို ချမှတ်ထားခဲ့ပါသည်။ သူသည်ကျွန်ုပ်တို့အား ကျရောက်လာမည့် သမိုင်းကြောင်းဆိုင်ရာအဓိကကျသော အဖြစ်အပျက်များကိုဖွင့်ပြ ပေးပါသည်။ အချို့သောအမှုကိစ္စများ၌သူသည် ကျွန်ုပ်တို့အားအသေးစိတ်များစွာဖော်ပြပေးပါသည်။ အခြားသောအမှုကိစ္စ၌အနည်းငယ်ကိုသာဖွင့်ပြပေးပါသည်။ ကျွန်ုပ်တို့ဘုရားသခင်သည် မနက်ဖြန်အရေးကိုသူ၏လက်ထဲ၌ကိုင်ထားတော်မူသည်ဖြစ်ကြောင်း ကျွန်ုပ်တို့ ယုံကြည်ခြင်းရှိပါသည်။

ပရောဖက်ပြုခြင်းသည် ဘုရားသခင်နှုတ်ကပတ်တော်၏ အဓိကကျသော အကြောင်းအချက်ဖြစ်ပါသည်။ အမှန်စင်စစ်သမ္မာကျမ်းစာထဲ၌အခန်းကြီး ၁၁၈၉ ၌ ၂၇၁ခန်းသည် ပရောဖက်ပြုခြင်းဖြစ်ပါသည်။ ထိုအရာမှာသမ္မာကျမ်း စာတစ်ခုလုံး၏ လေးပုံတစ်ပုံနီးပါးဖြစ်ပါသည်။ ထို့အပြင်အခြားသောကျမ်းစာအုပ်များ၌လည်း ပရောဖက်ပြုခြင်းဆိုင်ရာ ကျမ်းချက်များစွာတို့ကိုတွေ့ရှိရပါသေးသည်။ သို့ဖြစ်သောကြောင့် ပရောဖက်ပြုခြင်းဆိုင်ရာအကြောင်းလေ့လာခြင်းသည် အရေးကြီးပါသည်။

ကျွန်ုပ်တို့သည်ပရောဖက်ပြုခြင်းဆိုင်ရာလေ့လာခြင်းတွင် ပထမဦးဆုံး ကျွန်ုပ်တို့ ဆုံးဖြတ်ရန်လိုအပ်သော အရာမှာဖြစ်ပျက်ခြင်းမရှိသေးသော အဖြစ်အပျက်များ၏ အဓိကအချက်များပင်ဖြစ်ပါသည်။ ဤအရာများသည် ကျွန်ုပ်တို့ ၏လေ့လာမှုတွင် လမ်းပြမှုကိုပေးလိမ့်မည်။ အခန်းကြီးလေး၌ "အနက်ဖွင့်ခြင်းဆိုင်ရာ အခြေခံနိယာမ များကို" ကျွန်ုပ်တို့လေ့လာသည်။ နိယာမ ၁၅ ကို အောက်မေ့သတိရပါ။ ထိုနိယာမ၌ တစ်ချို့မှာ ပြည့်စုံခြင်း မရှိသေးကြောင်း ဖော်ပြထားပါသည်။ ကျွန်ုပ်တို့ လေ့လာမှုပြု သောအခါ မြောက်များစွာသောစကားလုံးများမှာ အနာဂတ်တွင် ရောက်ရှိလာမည့် အဖြစ်အပျက်များကို ဖော်ပြရန်အသုံးပြုသော စကားလုံးများ ဖြစ်ကြောင်း ကျွန်ုပ်တို့ နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။

## ခ။ ခေတ်ကာလအပိုင်းအခြားများ

ပရောဖက်ပြုခြင်းများသည် ခေတ်ကာလ အပိုင်းအခြားများကို လေ့လာခြင်းနှင့် ဆက်စပ်မှုရှိပါသည်။ လေ့လာသောသူတို့အတွက် "အနက်ဖွင့်ခြင်းဆိုင်ရာ အခြေခံ နိယာမများ"မှနိယာမ ၁ခုကိုပြန်လည်ဖော်ပြရန်လိုအပ်ပါသည်။ ထိုနိယာမမှာ ခေတ်ကာလအပိုင်းအခြားများနှင့်ပတ်သက်နေပါသည်။

ခေတ်ကာလအပိုင်းအခြားများမှာ လူတို့အတွက်ကွဲပြားခြားနားသော တာဝန်ဝတ္တရားများကို ဘုရားသခင် တည်ထောင်ပေးသည့်သမိုင်းကြောင်းကာလ အပိုင်း အခြားများပင်ဖြစ်ပါသည်။ ဤနေရာ၌ယဇ်ပုရောဟိတ်ဖြစ်ခြင်း အရာများပြောင်းလဲခြင်း နှင့် ခေတ်ကာလပိုင်းဆိုင်ရာပညတ်တရားပြောင်းလဲခြင်းဟူ၍ရှိပါသည် (ဟေဗြဲ၊ ၇း၁၂)။

အာဒံသည်အပြစ်သို့ကျဆုံးခြင်းမှ ဣသရေလလူမျိုးတို့သည်အီဂျစ်ပြည်မှ ထွက်မြောက်လာခြင်း၌ ပြည့်စုံသွားခဲ့သည်ကာလမှာတစ်ပါးသော အမျိုးသားတို့၏ ကာလဖြစ်ပါသည်။ ဣသရေလလူမျိုးတို့၏ ခေတ်ကာလမှာအီဂျစ်ပြည်မှ ထွက်မြောက် ခြင်း(ပညတ်တရားကိုပေးတော်မူခြင်း)မှစ၍ ပင်တေကုတ္တနေ့ အထိဖြစ်ပါသည်။

ထိုကာလကို “ဘေးဒဏ်ကြီးကာလ” သို့မဟုတ် “ဒံယေလ၏ရက်သတ္တ(၇၀)ပတ်” ဟူ၍ဆိုရသော(၇)နှစ်ကာလအပိုင်းအခြားမှတစ်ပါး ကျန်သောအပိုင်းများ ပြည့်စုံခဲ့ပြီးဖြစ်ပါသည် (ဒံယေလ၊ ၉း၂၄-၂၇)။

ကျွန်ုပ်တို့သည်ယခုတွင် ပင်တေကုတ္တေနေ့မှ အစပြု၍ အသင်းတော် ရွေးနှုတ်ရာနေ့ရက် (RAPTURE) အထိ ကျယ်ပြန့်သော အသင်းတော် ကာလထဲတွင် နေကြရပါသည်။

အနှစ်တစ်ထောင်ကာလအုပ်စိုးခြင်းသည် ယေရှုခရစ်တော် ဒုတိယအကြိမ် ပြန်ကြွလာသောအခါ သူ၏နိုင်ငံတော်ကို အနှစ် ၁၀၀၀ကာလတွင် တည်ထောင်ပြီး စာတန်၏ နောက်ဆုံးပုန်ကန်ခြင်း အဆုံးသတ်သွားပါလိမ့်မည်။

## ၈။ ရွေးနှုတ်ခြင်း ( Rapture)

“Rapture-ရတ်ချာ”ဟူသောစကားလုံးမှာ လက်တင်ဘာသာစကား “PAPERE - ရာပဲရီ”ဟူသော စကားလုံးမှဆင်းသက်လာပြီး ဂရိဝေါဟာရစကားလုံး HARPADAZO - ဟပ်ပါဒါရိုး”စကားလုံးသို့ဘာသာပြန်ဆို၍ အသုံးပြုပြီး ၁သက်သာလောနိတ်၊ ၄း၁၇တွင်တွေ့ရပါသည်။ သမ္မာကျမ်းစာထဲ၌ လက်တင်ဘာသာ စကားသို့ ပြန်ဆိုခြင်းဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာစကားဖြင့် At the Rapture ဟူ၍ဘာသာပြန်ဆိုထားပြီး သခင်ဘုရားသည် ယုံကြည်၍သေလွန်သောသူတို့အား ရှင်ပြန်ထမြောက်စေကာ ယုံကြည်၍အသက်ရှင်သောသူတို့နှင့်အတူ သူ့ထံတော်သို့ အာကာသကောင်းကင်၌ ခေါ်ဆောင်သွားလိမ့်မည်ဖြစ်ပါသည် (၁ သက်သာလောနိတ်၊ ၄း၁၄-၁၇)။ ဤသို့ကူးပြောင်း သွားခြင်းမှာတိုတောင်းသောအချိန်တွင်ဖြစ်ပါသည်။ (၁ကော၊ ၁၅း၅၁-၅၂) ရပ်ချာ(ရွေးနှုတ်ခြင်း)သည် အသင်းတော် ကာလ၏အဆုံး၌ ဖြစ်လာ၍ဘေးဒဏ်ကြီးကာလဖြစ်ပေါ်လာပါမည်။

## ဃ။ ဘေးဒဏ်ကြီးကာလ

"ဘေးဒဏ်ကြီးကာလ"ဟူသောစကားလုံးသည် ဂရိဝေါဟာရစကားလုံး [THLIPSIS-တလိစစ်(စ်)]ဟူ၍ဖြစ်ပြီး ဆိုလိုရင်းမှာ "ဖိနှိပ်ခြင်း"ဖြစ်ပါသည်။ လူတစ်ယောက်သည် စပျစ်သီးတစ်ခိုင်ကို ခြေဖဝါးကြေမွအောင် နင်းချေပစ်သကဲ့သို့ ဖြစ်ပါသည်။ ထိုအချိန်သည်ကမ္ဘာပေါ်၌ တစ်ကြိမ်တစ်ခါမျှမဖြစ်စဖူးသော စိတ်ပိုင်းဆိုင်ရာနှင့် ခန္ဓာပိုင်းဆိုင်ရာ ဖိနှိပ်မှုဖြစ်ပါမည်။ ဘေးဒဏ်ကြီးကာလ အတောအတွင်း၌ဖြစ်ပေါ်လာမည့်အဖြစ်ပျက်များ အကျဉ်းချုပ်ကိုဗျာဒိတ်ကျမ်းအခန်းကြီး ၆-၁၉ တို့၌တွေ့ရပါသည်။

ဘေးဒဏ်ကြီးကာလမှာ ခုနှစ်နှစ်ကာလအပိုင်းအခြားဖြစ်ပြီး ဒံယေလ၏သီတင်း ခုနစ်ဆယ်ပတ်ဟူ၍လည်း သိရှိရပါသည် (ဒံယေလ၊ ၉း၂၄-၂၇)။ ပရောဖက်ဒံယေလအား သူ၏ယုဒတို့ကိုသီတင်း (၇၀)ပတ်အတွင်းဖြစ်ပျက်လာမည့်အကြောင်းကို ဆိုလိုသည်။ ပထမ (၆၉)ပတ်သည် ယေရှုခရစ်တော်လက်ဝါးကပ်တိုင်တော်ပေါ်သို့မတက်မီ ယေရုရှလင်မြို့ထဲ၌ လုပ် ဆောင်တော်မူချက်အားဖြင့် ပြည့်စုံတော်မူပြီး ဖြစ်ပါသည်။ ရက်သီတင်း(၇၀)ပတ်မှာ ဣသရေလလူမျိုးတို့၏ နောက်ဆုံးသောကာလဖြစ်၍ ရတ်ချပ် (RAPTURE) နေ့မှစပြီး ခရစ်တော်ဒုတိယအကြိမ်ကြွလာသည်အထိ ဖြစ်ပါသည်။

### င။ ဒုတိယအကြိမ်ကြွလာတော်မူခြင်း

ဒုတိယအကြိမ်ကြွလာတော်မူခြင်းသည် ဘေးဒဏ်ကြီးကာလ ၇နှစ် ကုန်ဆုံးပြီးသည့်နောက်ခရစ်တော်သည် ရုတ်တရက်ပြန်၍ကြွလာခြင်းကို ညွှန်ပြပါသည် (မဿဲ၊ ၂၄း၂၉)။ ဤနေရာ၌ ယေရှုခရစ်တော်သည် ဒုတိယအကြိမ်ကြွ လာသောအခါ မြေကြီးပေါ်သို့ ခြေချတော်မူမည်ဖြစ်ပြီး(ဇာခရိ၊ ၁၄း၁-၆) သန့်ရှင်းသူတို့အား ရွေးနှုတ်ခြင်းအတွက် ကြွလာခြင်းတွင်မိုးတိမ်ထဲ၌သာ ကြွလာမည်ဖြစ်သည် (တမန်တော်၊ ၁း၁၁)။

ထိုအချိန်၌ ယေရှုသည်မိမိရန်သူအားလုံးတို့ကို ချေမှုန်း၍ အနှစ်တစ်ထောင် နိုင်ငံတော်

အစပြုမည်ဖြစ်ပါသည် (ဗျာဒိတ်၊ ၁၉း၂၀-၂၀း၆)။ ခရစ်တော်သည် ပထမသံလွင်တောင်ပေါ်သို့ခြေချတော်မူပြီး ကျန်ကြွင်းသော ဣသရေလလူမျိုးတို့ကို ကယ်တင်သွားမည်ဖြစ်ပါသည် (ဇာခရိ၊ ၁၄း၁-၆)။ သူသည် အနောက်ပိုင်းရှင်ဘုရင်ကို စကားပြောတော်မူ၍ဖျက်ဆီးသွားပါလိမ့်မည် (၂သက်သာလောနိတ်၊ ၂း၈။ ဗျာဒိတ်၊ ၁၉း၁၅)။ နောက်သူသည် ကောင်းကင်မှမီးကိုကျစေပြီး မြောက်ပိုင်းရှင်ဘုရင်ကို ပျက်စီးစေမည်ဖြစ်ပါသည် (ယေဇကျေလ၊ ၃၈-၃၉)။ ထိုရှင်ဘုရင်သည် တောင်ပိုင်းရှင် ဘုရင်ကို ဖျက်ဆီးနှင့်ပြီးဖြစ်ပါသည် (ဒံယေလ၊ ၁၁း၄၀-၄၄)။ တစ်ဖန် သူသည် အရှေ့ပိုင်း ရှင်ဘုရင်များနှင့်အတူလက်ဆွဲနှုတ်ဆက်ကာ ဝင်တော်မူပါလိမ့်မည်

(ဟေရှာယ၊ ၆၃း၁-၄။ ဗျာဒိတ်၊ ၁၄း၂၀)။

## ၈။ အနှစ်တစ်ထောင်နိုင်ငံတော်

အနှစ်တစ်ထောင်ကာလနိုင်ငံတော်သည် မြေကြီးပေါ်၌ ယေရှုခရစ်တော်ကိုယ်တိုင် နှစ်ပေါင်း ၁၀၀၀အုပ် စိုးတော်မူမည့် အကြောင်းကို ညွှန်ပြပါသည် (ဗျာဒိတ်၊ ၂၀း၆)။ နိုင်ငံတော်နှင့်ပတ်သက်ပြီးအကျင့်စရိုက်များကို မြောက်များစွာသောကျမ်းချက်၌ဖော်ပြထားပါသည်။ အနှစ်တစ်ထောင်နိုင်ငံတော်သည် အာဗြဟံ၏ပဋိညာဉ်၊ ဒါဝိဒ်မင်းကြီး၏ ပဋိညာဉ်နှင့် အသစ်သောပဋိညာဉ်တို့ကိုပြည့်စုံစေပါလိမ့်မည်။ ထို့အပြင် ဧဒင်ဥယျာဉ်၌ ကျိန်ဆိုခြင်းအမင်္ဂလာကိုရွှေ့ပြောင်း ကွယ်ပျောက်စေပါလိမ့်မည် (ကမ္ဘာ၊ ၃း၁၇-၁၉)။

နိုင်ငံတော်ထဲ၌ ကိုယ်ခန္ဓာပိုင်းဆိုင်ရာအကျင့်လက္ခဏာများမှာ (၁)စစ်ပြေငြိမ်းခြင်း (ဟေရှာယ၊ ၂း၄၊ မိက္ခာ ၄း၃) (၂)တိရစ္ဆာန်များ၌အသားစားခြင်းမရှိ (ဟေရှာယ၊ ၁၁း၆-၉၊ ၃၅း၉၊ ၆၅း၂၅) (၃)ဖျားနာခြင်းနှင့်မညီညွတ်မှုများကွယ်ပျောက်၍ အသက်ရှည်ခြင်းတိုးပွားလိမ့်မည် (ဟေရှာယ၊ ၂၉း၁၇-၁၉) (၄)လူမှုရေး၊ စီးပွားရေး သို့မဟုတ်နိုင်ငံရေးဆိုင်ရာဖိနှိပ် မှုကင်းဝေးမည်။ (ဟေရှာ၊ ၁၄း၃-၆) (၅)လူဦးရေတိုးပွားခြင်းရှိမည်။

(ယေရမိ၊ ၃၀း၂၀) (၆)အလုပ်လုပ်ခြင်း (ယေရမိ ၊၃၁း၅ ။ ဟေရှာယ၊ ၆၂း၈-၉။ ၆၅း၂၁-၂၃) (၇)စီးပွားရေးဆိုင်ရာကြွယ်ဝချမ်းသာခြင်းရှိမည် (ဟေရှာယ၊ ၃၅း၁-၂၊ ၇) (၈)ထာဝရဘုရားထံတော်မှအလင်းရှိမည် (ဇာခရိ၊ ၁၄း၆-၇)နှစ်တစ်ထောင်နိုင်ငံတော်သည် ဘေးဒဏ်ကြီးကာလ၌ "သိုးများအဖြစ်" လွတ်မြောက်သွားသော တစ်ပါးအမျိုးသားများနှင့် ယုဒအမျိုးသားများဝင်စားမည်ဖြစ်ပါသည် (မဿဲ၊ ၂၅း၃၁-၄၆)။ ထို့ကြောင့် နှစ်တစ်ထောင်ကာလအတွင်း၌ လူတို့သည် အပြစ်သဘောသဘာဝထဲ၌ ရှိကြပါလိမ့်ဦးမည်။ မွေးဖွားလာသော ကလေးသူငယ်များအတွက် ကယ်တင်ခြင်းလိုအပ်ပါလိမ့်မည်။

ဝိညာဉ်ပိုင်းဆိုင်ရာအကျင့်စရိုက်လက္ခဏာများမှာ (၁) ဖြောင့်မတ်ခြင်း (မာလခိ၊ ၄း၂။ ဆာလံ၊ ၈၉း၁၄) (၂) ထာဝရဘုရားအား အပြည့်အဝသိသောဉာဏ်ပညာရှိခြင်း (ဟေရှာယ၊ ၁၁း၉) (၃) သန့်ရှင်းသောဝိညာဉ်တော်၏ ပြည့်ဝခြင်း (ယောလ၊ ၂း၂၈-၂၉) (၄) ပျော်ရွှင်ခြင်း (ဟေရှာယ၊ ၉း၃-၄) (၅)တရားမျှတခြင်း (ဟေရှာယ၊ ၉း၇၊ ၁၁း၅။ ၃၂း၁၆။ ၄၂း၁-၄။ ၆၅း၂၅)။

ခရစ်တော်၏ အုပ်စိုးခြင်းမှာစကြဝဠာတစ်ခုလုံးဖြစ်ပါမည် (ဒံယေလ၊ ၇း၁၄။ မိက္ခာ၊ ၄း၁-၂။ ယာဖနိ၊ ၃း၉-၁၀။ ဆာလံ၊ ၇၂း၈) ညစ်ညမ်းခြင်းမရှိသော အစိုးရများ (ယေဇကျေလ၊ ၃၇း၂၄-၂၈) လူသတ်ခြင်းလုံးဝပပျောက်မည် (ဆာလံ၊ ၇၂း၁-၄ ဗျာဒိတ် ၁၉း၁၅)ယေရုရှလင်မြို့သည် တစ်ကမ္ဘာလုံးဆိုင်ရာအုပ်စိုးမှု၏ ဗဟိုဌာနဖြစ်လိမ့်မည် (ဟေရှာယ၊ ၂း၂-၄။ ယေရမိ၊ ၃၁း၆။ မိက္ခာ၊ ၄း၁။ ဇေဖနိ၊ ၂း၁၀-၁၁) အနန္တတန်ခိုးရှင်ထာဝရဘုရားသခင်အားဖြင့် ကွယ်ကာတော်မူမည် (ဟေရှာယ၊ ၁၁း၉)၊ (ဟေရှာယ၊ ၃၅း၈-၉) ကြီးမားစွာ ကျယ်ပြန့်မည် (ယေရမိ၊ ၃၁း၃၈-၄၀။ ယေဇကျေလ၊ ၄၈း၃၀။ ဇာခရိ၊ ၁၄း၁၀) ယေရုရှလင်မြို့သည် ဝတ်ပြုကိုးကွယ်ရာ ဌာနချုပ်ဖြစ်လာပါမည် (ယေရမိ၊ ၃၀း၁၆-၂၁။ ၃၁း၆-၂၃။ ယောလ ၃း၁၇။ ဇာခရိ၊ ၈း၈-၂၀) အနှစ်တစ်ထောင်ကာလ ဗိမာန်တော်၏ ဗဟိုဌာနဖြစ်မည် (ယေဇကျေလ၊ ၄၀း၁-၄၆း၂၄) ယဇ်ပုရောဟိတ်အားဖြင့် ဦးဆောင်လိမ့်မည် (ယေဇကျေလ၊ ၄၃း၁၉။ ၄၄း၁၅)။

## ဆ။ ကြီးမားသောတရားပလ္လင်ဖြူပေါ်မှတရားစီရင်ခြင်း

ကြီးမားသောတရားဖြူပလ္လင်ပေါ်စီရင်ခြင်းသည် အနှစ်တစ်ထောင်ကာလကုန်ဆုံးပြီးနောက် စာတန်သည်နောက်ဆုံး တိုတောင်းသောအချိန်အတွင်း လွတ်မြောက်ခြင်း ဖြစ်ပေါ်လာပါမည်။ စာတန်အားလူမျိုးများကိုလှည့်ဖျားသွေးဆောင်ခြင်းအခွင့်ကိုပြုပေးပြီးပုန်ကန်ခြင်း “Gog and Magog”ပုန်ကန်ခြင်းသို့ ဦးဆောင်သွားမည်ဖြစ်သည် (ဗျာဒိတ်၊ ၂၀း၇-၈)။ အနှစ်တစ်ထောင်ကာလအတွင်း စိတ်နှလုံးခိုင်မာခြင်း အသင်းဝင်ဖြစ်လာကြလိမ့်မည်။ ဘုရားသခင်သည် ကောင်းကင်မှ မီးမိုးကို ရွာချစေတော်မူခြင်းအားဖြင့် စာတန်၏တိုက်ခိုက်ခြင်းအားလုံးတို့ကို အဆုံးသတ်ချေမှုန်းတော်မူပြီး စာတန်အား သူ၏အပေါင်းအပါများဖြစ်သော သားရဲနှင့်မိစ္ဆာပုရောဖက်တို့နှင့်အတူ ထာဝရမီးအိုင်ထဲသို့ ချပစ်တော်မူလိမ့်မည် (ဗျာဒိတ်၊ ၂၀း၉-၁၀)။

ဤအဖြစ်အပျက်များဖြစ်ပျက်ပြီးနောက် မယုံကြည်သောသူများအားလုံးတို့သည် ရှင်ပြန်ထမြောက်လာကြကာ ဖြူသောပလ္လင်ရှေ့၌ နောက်ဆုံးတရားစီရင်ခြင်းကိုရင်ဆိုင်ကြပါလိမ့်မည်။ သူတို့အားလုံးတို့ကိုလည်းထာဝရမီးအိုင်ထဲသို့ ပစ်ချခြင်းခံရကြပါလိမ့်မည် (ဗျာဒိတ်၊ ၂၀း၁၁-၁၅)။

## ၉။ ထာဝရကာလအခြေအနေ

ထာဝရကာလအခြေအနေကို “ဘုရားသခင်၏နေ့ရက်”ဟူ၍ခေါ်ပါသည် (၂ပေတရု၊ ၃း၁၂)။ ထိုကာလမှာဖြူသောပလ္လင်ရှေ့၌တရားစီရင်ပြီးနောက် လက်ရှိ ကောင်းကင်များနှင့်မြေကြီးပျက်စီးစေပြီး တစ်ဖန်ကောင်းကင်သစ်နှင့်မြေကြီးသစ်ကို ဖန်ဆင်းတော်မူခြင်းအားဖြင့် အစပြုတော်မူလိမ့်မည် (ဟေရှာယ၊ ၆၅း၁၇။ ၆၆း၂၂။ ၂ပေတရု၊ ၃း၁၂-၁၃။ ဗျာ၊ ၂၁း၁)။ မြေကြီးသစ်၌ ယေရုရှလင်မြို့သစ်ပါဝင်လိမ့်မည် (ဗျာဒိတ်၊ ၂၁း၂-၅)။ ထိုအချိန်၌ ဣသရေလအမျိုး တစ်ဆယ့်နှစ်မျိုးနှင့် တမန်တော်တစ်ဆယ့်နှစ်ပါးတို့ကိုတွေ့ရပါမည်။ ယေရုရှလင်မြို့ထဲ၌ ဗိမာန်တော်မလို အဘယ်

ကြောင့်ဆိုသော် သိုးသူငယ်တည်းဟူသော ယေရှုခရစ်တော်သည် ထိုမြို့၏အလင်းဖြစ်လိမ့်မည် (ဗျာ၊ ၂၁း၂၂-၂၃)။ အသက်စမ်းရေနှင့်ပြည့်သော မြစ်သည်လည်း အပြည့်စီးဆင်း၍ပလ္လင်တော်မှပေါ်လာ၍ အသက်ပင်သည်လည်းထိုမြစ်အားဖြင့် ကြီးပွားကာအသီးတစ်ဆယ့်နှစ်မျိုးကိုသီးစေပြီး အသီးတစ်မျိုးစီသည် တစ်လစီ အလေ့ကျသီးလိမ့်မည်ဖြစ်ပါသည် (ဗျာ ၊၂၂း၁-၂)။

ထိုထာဝရကာလအခြေအနေ၌ အပြစ်လုံးဝမရှိတော့ပါ (ဗျာ၊ ၂၁း၂၄-၂၇)။ ယေရှုခရစ်တော်ကို မယုံကြည်သောသူများ မိမိတို့အပြစ်ဒုစရိုက်များ ခွင့်လွှတ်ခြင်းကို လက်မခံသောသူများတို့သည် ယေရုရှလင်မြို့သစ် သို့မဟုတ် ကောင်းကင်သစ်နှင့် မြေကြီးသစ်ထဲသို့ဝင်ရသောအခွင့်ကိုပေးလိမ့်မည်မဟုတ်ပါ။ ထိုသူတို့သည် မီးအိုင်ထဲ၌ ထာဝရကာလ နေကြရပါလိမ့်မည် (ဗျာ၊ ၂၁း၈)။ “အောင်နိုင်သောသူ” များတို့ကို သာလျှင် အသက်ရှင်တော်မူသော ဘုရားသခင်နှင့်အတူ ထာဝရကာလနှင့် ဆိုင်သော ဘဏ္ဍာတော်ထဲသို့ ဝင်ရသောအခွင့်ကိုရရှိကြပါလိမ့်မည်။ “လောကကို အောင်မြင်ခြင်း အကြောင်းမူကား ငါတို့၏ ယုံကြည်ခြင်းပေတည်း။” ပေးတော်မူသော ဘုရားသခင်အား ကျေးဇူးတင်ပါ၏ (၁ယော၊ ၅း၄-၅။ ဗျာဒိတ်ကျမ်း၊ ၂၁း၈)၌ ဖော်ပြသော အပြစ်ဒုစရိုက်များမှာ တစ်စုံတစ်ယောက်ကို ကောင်းကင်သို့ မဝင်ရန် တားမြစ်သော အပြစ်ဒုစရိုက်များမဟုတ် သို့သော်လည်း ယေရှုခရစ်တော်ကို ယုံကြည်ဖို့ရန်နှင့်သူတို့အား အပြစ်လွှတ်တော်မူခြင်းကိုခံရန် ပျက်ကွက်သောသူများ ဖြစ်လာပါသည်။

# အခန်း – ၈

# ဘုရားသခင်၏အကြံအစီ ရည်ရွယ်ချက် နှင့်ဆိုင်သောသြဝါဒများ

# အပိုင်း (၁)

# ကိုယ်ရေးကိုယ်တာနှင့်ဆိုင်သောခရစ်ယာန်အသက်တာ

## က။ နိဒါန်း

လူတစ်ဦးချင်းစီတို့အတွက် ဘုရားသခင်၏ အကြံအစည်တော်မှာသူ၏ သားတော် ယေရှုခရစ်တော်၏ ပုံသဏ္ဍာန်သို့ ပြုပြင်ပြောင်းလဲစေရန်ဖြစ်ပါသည် (ရောမ၊ ၈း၂၉)။ ဘုရားသခင်သည်မိမိ၏အကြံအစည်တော်ကိုပြည့်စုံစေရန် ထိုသူတို့၏ အသက်တာများပြောင်းလဲစေခြင်းအားဖြင့် တစ်ဦးချင်းတို့၏ အသက်တာထဲ၌ အဆင့်သုံးဆင့်တည်ထောင်ပေးပါသည်။ ဤသို့ပြောင်းလဲစေခြင်းများကိုအဆင့်(၁) အဆင့်(၂) အဆင့်(၃)ဟူ၍ခေါ်ဆိုရပါလိမ့်မည်။

မယုံကြည်သောသူတစ်ယောက်သည် ယေရှုခရစ်တော်၌ ယုံကြည်သူတစ်ဦးဖြစ်လာသော အခါ အဆင့်(၁)ဖြစ်ပေါ်လာပါသည် (တမန်တော်၊ ၁၆း၃၁)။ ဤအရာမှာ ထိုလူသစ် တစ်ဦး၏ထာဝရနှင့် ဆိုင်သောကယ်တင်ခြင်း၏လှုပ်ရှားမှုဖြစ်ပါသည်။

အဆင့်(၂)မှာ လူတစ်ဦးသည်ကယ်တင်ခြင်းသို့ရောက်ရှိသည့် အချိန်မှစ၍ သေခြင်းသို့ ရောက်ရှိခြင်းသို့မဟုတ် အသင်းတော်ကို ဦးဆောင်ခြင်းအတွင်း ဖြစ်ပေါ်လာသော တိုးတက် ပြောင်းလဲမှုများဖြစ်ပါသည်။ အဆင့်(၃)မှာ ကိုယ်ခန္ဓာသေခြင်း သို့မဟုတ် ယုံကြည်သူများအားချီဆောင်ခြင်းအချိန်မှစ၍ ထာဝရကာလတိုင်အောင်ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် အဆင့်(၃)သို့မရောက်မချင်း ယေရှုခရစ်တော်၏ ပုံသဏ္ဌာန်နှင့်အညီ ရောက်ရှိသွားရန်ပြောင်းလဲလိုသော ဆန္ဒမှာအပြည့်အဝပြည့်စုံလိမ့်မည်မဟုတ်ပါ။ သို့သော်လည်း ယုံကြည်သူတို့၏အသက်တာပြောင်းလဲခြင်းမှာ ကယ်တင်ခြင်းရရှိသော နေ့တွင်အစပြုပါလိမ့်မည် (၂ကော၊ ၃း၁၈)။ ယေရှုခရစ်တော်၏ပုံသဏ္ဌာန်တော်မှာ သူ၏သဘောတူညီခြင်း ကိုယ်ကြိုးမဆန်ခြင်း၊ နှိမ့်ချခြင်း၊ ယဇ်ပူဇော်ခြင်းဆိုင်ရာ ဆက်ကပ်အပ်နှံခြင်းတို့ကို ညွှန်ပြထားပါသည် (ဖိလိပ္ပိ၊ ၂း၅-၈)။ ဤသို့ပြောင်းလဲခြင်းမှာ "ခေါ်တော်မူခြင်း ကျေးဇူးတော်ကိုခံရသည်နှင့် အထိုက်အလျောက် ကျင့်ဆောင်မည် အကြောင်း" ဖြစ်ပါသည် (ဧဖက်၊ ၄း၁-၃)။

ယုံကြည်သူတို့၏အသက်တာထဲ၌ သိရှိသတိပြုရန် အရေးကြီးသောအဆင့်များ ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအရာတို့သည် တစ်ဦးချင်းစီတို့အား ဘုရားသခင် ၏ နှုတ်ကပတ်တော်ကို နားလည်သဘောပေါက်ရန် ကူညီမစပါလိမ့်မည်။ အကယ်၍ ဘုရားသခင်သည် ယုံကြည်သူများတို့အား သို့မဟုတ် မယုံကြည်သူများတို့အား ကျမ်းချက်များကိုဆင်ခြင် နှလုံးသွင်းပြီး သင့်လျော်လျောက်ပတ်စွာ အနက်ဖွင့်တော်မူ သည်အတိုင်း စကားပြောတော်မူပါကကျွန်ုပ်တို့သည် "မည်သူ"ကို လိုအပ်နေကြောင်း ဆုံးဖြတ်ရစေပါသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်ပိုင်းဆိုင်ရာ အကြောင်းအချက်များကို ဆင်ခြင်အောက်မေ့သည်နှင့် အညီဤအချက်တို့ကိုစိတ်ထဲ၌မှတ်သားထားပါ။

## (ခ) ခရစ်ယာန်အသက်တာ၏ ဝိသေသလက္ခဏာ အခြေခံအပိုင်း တစ်ဆယ် သုံးပိုင်းရှိပါသည်။

### ၁။ ယုံကြည်ခြင်း

ယုံကြည်ခြင်းဆိုသည်မှာ တစ်စုံတစ်ဦး သို့မဟုတ် တစ်စုံတစ်ရာအပေါ်၌ ကိုးစားခြင်းကိုပြောဆိုခြင်းဖြစ်ပါသည်။ ထိုသို့ဆိုသော် တစ်စုံတစ်ဦး သို့မဟုတ် တစ်စုံ တစ်ရာသည် သင်၏လိုအပ်မှုများသို့မဟုတ်လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးလိမ့်

မည်ဖြစ်ကြောင်းယုံကြည်ခြင်းဖြစ်ပါသည်။ ယုံကြည်ခြင်း၏သဘောတရားမှာ ယုံကြည်ခြင်း၏တန်ဘိုးကိုဆုံးဖြတ်ပိုင်းခြားသည့် နေရာပင်ဖြစ်ပါသည်။ ယုံကြည်ခြင်း အထဲ၌မဟုတ်ပါ။ တစ်စုံတစ်ဦးက လူတစ်ယောက်သည် အခြားသော ကောင်းကင်နှင့် မြေကြီးကို ယခုကျွန်ုပ်တို့နေထိုင်သောကမ္ဘာကဲ့သို့တူအောင် ဖန်ဆင်းနိုင်သည်ဟု အမှန်တကယ်ယုံကြည် ထင်မှတ်နိုင်ပါသည်။ သို့သော်လည်းထိုလူ၏ အထဲ၌ ထိုကဲ့သို့သော ဖန်ဆင်းခြင်းကိုပြည့်စုံစေရန် လုံလောက်သောတန်ခိုး မရှိပါ။ ထိုယုံကြည်ခြင်းမှာ အချည်းနှီးသာဖြစ်ပါသည်။ အထက်၌ဖော်ပြသော အဖြစ်ပျက်များကို ပြည့်စုံစေရန် ဉာဏ်ပညာနှင့် အရည်အချင်းရှိသော သူတစ်ဦးပေါ်၌ယုံကြည်ခြင်းရှိသောအခါ ထိုယုံကြည်ခြင်းမှာတန်ဘိုးရှိသော ယုံကြည်ခြင်းဖြစ် လာပါမည်။ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းမှာ ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်း၍တည်ရှိစေတော်မူသော ဘုရားသခင်၏ အထဲ၌ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် သူ၌တန်ခိုးဉာဏ်ပညာနှင့် အလိုဆန္ဒရှိပါသည်။ သမ္မာကျမ်းစာ၌ အောက်ပါအတိုင်း မိန့်တော်မူထားပါသည်။ “ယုံကြည်ခြင်းသည် မျှော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်၏။ မမြင်သေးသော အရာတို့ကို သိမှတ်စွဲလမ်းခြင်းအကြောင်းဖြစ်၏။ လောကဓါတ်တို့သည် ဘုရားသခင်၏ အမိန့်တော်ကြောင့်သာ တည်သည်ကို ငါတို့သည် ယုံကြည်ခြင်းအားဖြင့် သိ၏”

(ဟေဗြဲ၊ ၁၁း၁-၃)။

ယေရှုခရစ်ထဲ၌ယုံကြည်ခြင်းသည် ဖြောင့်မတ်စေခြင်းအတွက် အခြေခံဖြစ်ပါသည်။ (ဖြောင့်မတ်သောသူဖြစ်ကြောင်း ဖော်ထုတ်ကြေငြာခြင်း) ခရစ်ယာန်တို့အား ပေးတော်မူသော ကျေးဇူးတော်အကြောင်းနှင့် ပတ်သက်၍ကျွန်ုပ်တို့ နိဒါန်းလည်းဖြစ်ပါသည်။ (ရောမ၊ ၅း၁-၂)သို့ဖြစ်သောကြောင့်ယုံကြည်ခြင်းသည် အဆင့်(၁)၌ ဖော်ပြထားသည်အတိုင်း မယုံကြည်သူတစ်ဦးသည် ယုံကြည်သူ တစ်ဦးဖြစ်လာရန် မရှိမဖြစ်လိုအပ်သောအရာဖြစ်ပါသည်။ ဤသို့သောယုံကြည်ခြင်းသည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ကျွန်ုပ်တို့မိတ်သဟာရဖွဲ့ခြင်းနှင့်အစပြုပါသည် (ဂလာတိ၊ ၃း၂-၃း၁၄)။

ယုံကြည်ခြင်းသည်ခရစ်ယာန်အသက်တာ အဆင့်(၂)၌ မရှိမဖြစ်လိုအပ်သော အရာ ဖြစ်ပါသည်။ ယုံကြည်ခြင်းမပါဘဲ ဘုရားသခင်၏ စိတ်နှလုံး တော် ကိုထိတွေ့ရန်မှာ မဖြစ်နိုင်သောအရာပင်ဖြစ်ပါသည် (ဟေဗြဲ၊ ၁၁း၆။ ၂ကော၊ ၅း၇)။ သူသည် ကျွန်ုပ်တို့အထဲ၌ယုံကြည်ခြင်းရှိသည်ကိုတွေ့ရှိသောအခါ ဝမ်းမြောက်ခြင်း ရှိပါသည် (မဿဲ၊ ၈း၅-၁၀)။ ယုံကြည်ခြင်းသည် စာတန်၏ နည်းစနစ်များ ဖြစ်သောလောကကို အောင်နိုင်ခြင်းအကြောင်းဖြစ်ပါသည် (၁ယော၊ ၅း၄-၅)။ ခရစ်ယာန်တို့၏ ယုံကြည်ခြင်းသည် ကျွန်ုပ်တို့အားယုံကြည်ခါစသူငယ်ဘဝမှ အသက် အရွယ်ရောက်သော ယုံကြည်သူဘဝသို့ တိုးတက် ပို့ဆောင်ပေးရန် စုံစမ်းခြင်းရှိပါလိမ့်မည် (ယာကုပ်၊ ၁း၃)။ အဆက်မပြတ်တည်ရှိသောကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည်သန့်ရှင်းသော ဝိညာဉ်တော်နှင့် မိတ်သဟာယဖွဲ့ခြင်းတွင်တိုးပွားခြင်းကိုဖြစ်စေပါမည် (ဂလာတိ၊ ၃း၄-၅)။ ယုံကြည်ခြင်း သည်ခရစ်ယာန် အသက်တာထဲ၌အစဉ်အမြဲအခြေခံအုတ်မြစ် ဖြစ်ပါသည် (၂ပေတရု၊ ၁း၅-၉)။ ကျွန်ုပ်တို့သည်ကိုယ်ခန္ဓာထမြောက်ခြင်းအားဖြင့် ခရစ်တော်နှင့်အတူ အစဉ်အမြဲ နေသောအခါ ယုံကြည်ခြင်း လိုအပ်လိမ့်မည် မဟုတ်တော့ပါ။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်ဖြစ်တော်မူသည်အတိုင်း ကျွန်ုပ်တို့တွေ့မြင်ရပါလိမ့်မည် (၁ယော၊ ၃း၂)။

## ၂။ ဝိညာဉ်သဘောရှိခြင်း(နူးညံ့သိမ်မွေ့မြင့်မြတ်သောစိတ်ဓာတ်)

ဝိညာဉ်သဘောရှိခြင်းဟူသောစကားလုံးကို တစ်စုံတစ်ယောက်သောသူသည် သန့်ရှင်းသောဝိညာဉ်တော် ဘုရားသခင်နှင့် လေးနက်စွာဆက်သွယ်မှုရှိခြင်းသဘောကို ဖော်ပြရာတွင်အသုံးပြုပါသည်။ သို့ဖြစ်၍ဤသဘောမှာ ယုံကြည်သူတို့၏ အသက်တာထဲ ၌ သန့်ရှင်းသောဝိညာဉ်တော်၏အပေါ်တွင် အဆက်မပြတ် မှီခိုတည်ရှိခြင်းကို အခြေခံထားရပါမည်။ မယုံကြည်သောသူတစ်ယောက်သည် သန့်ရှင်းသော ဝိညာဉ်တော် နှင့် ဆက်နွယ်ခြင်းတော်စပ်ခြင်း မရှိသည်ဖြစ်၍ (၁ကော၊ ၂း၁၄) ထိုသူ၌ ဝိညာဉ်သဘော ရှိခြင်းမရှိပါ။

## (ဂ) အတွင်းပိုင်း၌တည်ရှိခြင်း

အသင်းတော်ကာလယုံကြည်သူတို့သည် ကုန်လွန်ခဲ့ပြီးသောကာလ ယုံကြည်သူတို့နှင့် ကွဲပြားခြားနားမှုရှိပါသည်။ ယခုတွင်သန့်ရှင်းသောဝိညာဉ်တော်သည် ယေရှုခရစ်တော်၏ မိန့်တော်မူချက်အရ (ယောဟန်၊ ၁၄း၁၇)ယုံကြည်သူများတို့၏ အတွင်းပိုင်းအထဲ၌ရှိနေပါသည်။ ယုံကြည်သူတစ်ဦး၏အတွင်းပိုင်းအထဲ၌ သန့်ရှင်းသောဝိညာဉ်တော်ကျိန်းဝပ်တော်မူခြင်းသည် ကယ်တင်ခြင်း၏ သက်သေအထောက်အထားဖြစ်ပါသည် (ရောမ၊ ၈း၉)။

အတွင်းပိုင်း၌ကျိန်းဝပ်တော်မူသော သန့်ရှင်းသောဝိညာဉ်တော်သည် ကယ်တင်ခြင်းရရှိသောအချိန်၌ ဆုကျေးဇူး အဖြစ်ပေးခြင်းဖြစ်ပြီး (ရောမ၊ ၅း၅။ တမန်တော်၊ ၁၁း၁၆-၁၇။ ၁ကော၊ ၂း၁၂) ဖျက်သိမ်း၍မရသောဆုကျေးဇူး လက်ဆောင်ဖြစ်ပါသည် (ရောမ၊ ၁၁း၂၉)။သို့ဖြစ်၍ တစ်စုံတစ်ဦးသည် အပြစ်ဒုစရိုက်များကို ပြုသောအခါ သန့်ရှင်းသော ဝိညာဉ်တော်သည်စွန့်ခွါမသွားပါ။

ဤအချက်ကိုသက်သေပြရန်မှာ ကောရိန္တုမြို့၌ရှိသော ယုံကြည်သူတစ်ချို့တို့မှာ "ဇာတိအသွေးအသားဆန်ခြင်း" (၁ကော၊ ၃း၃) အပြစ်တရား၌ကျူးလွန်ခြင်း (၁ကော၊ ၅း၅)ရှိကြသည်ကိုဖော်ပြသော်လည်း သန့်ရှင်းသောဝိညာဉ်တော်သည် ထိုသူတို့၏အထဲ၌ရှိမြဲရှိနေပါသည် (၁ကော၊ ၃း၁၆။ ၆း၁၉)။

## (ဃ) ပြည့်ဝခြင်း

"ဝိညာဉ်သဘောရှိခြင်း"ဟူသောစကားလုံးသည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ဆက်နွယ်ခြင်းကိုဖော်ပြခြင်း ဖြစ်သည်နှင့်အညီ "ပြည့်ဝခြင်း" ဟူသော စကားလုံးသည်လည်း ကျွန်ုပ်တို့သည် "ဝိညာဉ်သဘောရှိခြင်း"၏အစပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည်အချိန်နာရီတိုင်း၌ ဝိညာဉ်တော်နှင့်ပြည့်ဝ၍ တန်ခိုးရရှိဖို့ရန် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ပြည့်ဝဖို့ရန်ရှာရပါမည်။ သို့ဖြစ်မှသာ သူသည်ကျွန်ုပ်တို့အားဖြင့် "အသီး"သီးနိုင်မည်ဖြစ်ပါသည် (ဂလာတိ၊ ၅း၂၂-၂၃)။

သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်းသဘောကို အထူးသီးသန့်ပေးထားသော လုပ်ငန်းများ၊ အမှုကိစ္စများကို သယ်ပိုးဆောင်ရွက်ရန် တန်ခိုးရရှိခြင်းဖြစ်ကြောင်းသမ္မာကျမ်းစာထဲ၌ ဖော်ပြထားပါသည်။ သို့သော်လည်း ယခုတွင်သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်းသည် နေ့စဉ်အသက်တာ၌ အဆက်မပြတ်ရှိနေရန်ဖြစ်ပါသည်။ ခရစ်ယာန်အသက်တာထဲ၌ သန့်ရှင်းသောဝိညာဉ်တော်နှင့် အရေးကြီးသောအချက်မှာ ပထမကတေဖန်အားမုဆိုးမကို ကူညီဖို့ရန်ရွေး ကောက်ခြင်းတွင်တွေ့ရပါသည် (တမန်တော်၊ ၆း၅)။ ဆိုလိုရင်းအဓိပ္ပါယ်ကို ပို၍ဆိုရသော် အသင်းတော်သည် "ကလေးသူငယ်" ကဲ့သို့အစပြုပြီး ထိုနောက်ရင့်ကျက်ခြင်းသို့ ရောက်လာရန် တိုက်တွန်းအားပေးခြင်း ရှိရပါမည် (ဧဖက်၊ ၄း၁၁-၁၆)။ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်းသဘောမှာ ဧဝံဂေလိကျမ်းများနှင့်တမန်တော်ဝတ္ထုတို့အပြင် ရှင်ပေါလုမိန့်တော်မူထားသည်မှာ "လွန်ကျူးစေတတ်သော စပျစ်ရည်နှင့် ယစ်မူးခြင်းကို ရှောင်၍ဝိညာဉ်တော်နှင့် ပြည့်စုံလျက် ရှိကြလော့"ဟူ၍ ဖြစ်ပါသည် (ဧဖက်၊ ၅း၁၈)။ ဤနေရာ၌ မတူကွဲပြားနေကြောင်း နှိုင်းယှဉ်ပြရာတွင် တိုးပွားခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်း၌ ပါဝင်ကြောင်း ဖော်ပြထားပါသည်။ အဘယ်ကြောင့်ဆိုသော်တစ်စုံတစ်ဦးသည် အရက်သေစာသောက်စားခြင်းမှ ချက်ခြင်းမရပ်နိုင်ပါ။ ထိုသို့တိုးပွားခြင်း၏တည်ဆောက်မှုကို ရှင်ပေါလု၏အစောပိုင်း၌သုံးသော စကားလုံး "ပြည့်ဝခြင်း" (ဂရိဝေါဟာရ စကားလုံး) (PLEROO)-ပုလဲရိုကို (ဧဖက်၊ ၁း၂၃။ ၃း၁၉။ ၄း၁၀)၌ တွေ့ရပါသည်။ ရှင်ပေါလုမိန့်တော်မူချက်မှာ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်းသည် အဆက်မပြတ် ဆက်လက်၍တည်ရှိခြင်း၊ အပြစ်ဒုစရိုက်များကို သိမှတ်ကာ ဝန်ခံခြင်း၊ ဘုရားသခင်သည် ထိုအပြစ်များကို ခွင့်လွှတ်တော်မူပြီဖြစ်ကြောင်း ယုံကြည်ခြင်း စသည်တို့ပါဝင်ကြောင်း ဖော်ပြသည်။ အဆက်မပြတ်ဆက်လက်၍တည်ရှိခြင်း၏ အရေးကြီးပုံမှာကျွန်ုပ်တို့၏ "ဝိညာဉ်သဘောရှိခြင်း"နှင့် တိုက်ရိုက်ဆက်နွယ်နေပါသည်။ ဝိညာဉ်သဘောရှိခြင်း၌ ကျေးဇူးတော်နှင့်ယုံကြည်ခြင်း ပါဝင်ပါသည်။ ကျွန်ုပ်တို့အားအောက်ပါအတိုင်း မိန့်တော်မူပါသည် (ကောလောသဲ၊ ၂း၆၇)။

ကျွန်ုပ်တို့သည် ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့် လက်ခံရရှိပါသည် (ဧဖက်၊ ၂း၈-၉)။ ဝိညာဉ်သဘောရှိခြင်းသည် ရင့်ကျက်သော ခရစ်ယာန်တစ်ဦးဖြစ်ရန် ယုံကြည်ခြင်းအားဖြင့်လိုက်လျှောက် (ဂလာတိ၊ ၃း၂-၃) ပို့ဆောင်ပေးသည်ဖြစ်ကြောင်းကို ကျွန်ုပ်တို့အား ရှင်းလင်းသွန်သင်ထားပါသည်။ ယုံကြည်ခြင်းမပါဘဲ ဘုရားသခင်၏ စိတ်နှလုံးတော်ကိုတွေ့ရန် မဖြစ်နိုင်ပါ (ဟေဗြဲ၊ ၁၁း၆)။

နိဂုံးချုပ်အနေဖြင့် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်းသည် ယုံကြည်သူများတို့အား တန်ခိုးကိုဖြစ်စေသည်ဖြစ်ရာ သူတို့သည် ခရစ်တော်ယေရှု၏ အထဲ၌ပိုမို၍ ရင့်ကျက်လာနိုင်ပါသည်။

## (ဂ) သန့်ရှင်းသော ဝိညာဉ်တော်အား စိတ်နာစေခြင်းနှင့် အရှိန်ကို ငြိမ်းစေခြင်း

ယုံကြည်သူတစ်ဦးသည် အပြစ်ဒုစရိုက်များကို ပြုမိသောအခါ “စိတ်နာခြင်း” သို့မဟုတ် သန့်ရှင်းသော ဝိညာဉ်တော်အား ဝမ်းနည်းစေခြင်းကို ဖြစ်စေပါသည် (ဧဖက်၊ ၄း၃၀)။ ယုံကြည်သူတစ်ဦး၏ အသက်တာထဲ၌ဤအပြစ်ကို ဝန်ခံခြင်းမရှိဘဲ ပို၍ကြာရှည်တည်ရှိနေစေသ၍ သန့်ရှင်းသောဝိညာဉ်တော်အားပို၍ ဝမ်းနည်းခြင်း စိတ်နာခြင်းကို ဖြစ်စေပါသည်။ ဤစကားလုံးသည် ယုံကြည်သူတစ်ဦးချင်းစီတို့၏ အသက်တာထဲ၌မည်သည့်အရာများဖြစ်ပျက်နေသည်ကို ဖော်ပြထားပါသည်။ ယုံကြည်သူတစ်ဦးသည်သန့်ရှင်းသောဝိညာဉ်တော်ကို “ငြိမ်းစေသောအခါ တစ်စုံတစ်ဦးသည် မီးကိုငြိမ်းစေသကဲ့သို့ဖြစ်၍ ဆိုလိုသည့်အဓိပ္ပါယ်မှာ ဝိညာဉ်ရေးဆိုင်ရာ အသက်တာကိုနာကျင်စေခြင်း သို့မဟုတ် မိမိကိုယ်ကိုမှည့်စေခြင်း သို့မဟုတ် အခြားသော သူများကို ထိခိုက်စေခြင်းသဘော ဖြစ်ပါသည် (၁ သက်သာလောနိတ်၊ ၅း၁၉)။ အခြားသော ယုံကြည်သူများတို့၏အထဲ၌ သန့်ရှင်းသောဝိညာဉ်တော်၏ လှုပ်ရှားမှုအလုပ်လုပ်နေသည်ကို ရပ်တံ့စေခြင်းငှာ ကြိုးစားခြင်းမပြုရန် ကျွန်ုပ်တို့အား မိန့်တော်မူထားပါသည်။

## ၃။ အပြစ်ဒုစရိုက်များကိုဝန်ခံခြင်း

ကျွန်ုပ်တို့သည် ကယ်တင်ခြင်းသို့ရောက်သောအခါ ကျွန်ုပ်တို့၏ အပြစ်များလွတ်ခြင်းရရှိကြသည်ကို (နှုတ်ကပတ်တော်ထဲ၌) ရှင်းလင်းစွာ သွန်သင်ထားပါသည်။ ကျွန်ုပ်တို့သည်ယုံကြည်သူများဖြစ်ပြီး နောက်ပိုင်းမှာလည်း အပြစ်ပြုနိုင်ကြောင်း ရှင်းလင်းစွာဖော်ပြထားပါသည် (ရောမ၊ ၂း၁၄-၂၅)။ အပြစ်ဒုစရိုက်သည် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက် မည်သို့မျှမပြုနိုင်ပါ။ သို့သော်လည်း ခရစ်ယာန်တစ်ဦးအနေဖြင့် ထိုအပြစ်မှာ ကျွန်ုပ်တို့၏ အသက်တာထဲ၌ တည်ရှိနေသေး၏။ ယုံကြည်သူတို့၏ အထဲ၌ ရှိသော အပြစ်သည်ဘုရားသခင်နှင့်သူ၏ ဆက်သွယ်မှု အခြားသောသူများနှင့်သူ၏ ဆက်သွယ်မှု တို့ကိုထိခိုက်နာကျင်စေပါသည်။ သို့သော်လည်း အဆက်ဖြတ်၍မရပါ။ သို့ဖြစ်၍အပြစ်သည်မိတ်သဟာရပျက်ပြားစေရာ အကြောင်းဖြစ်ပါသည်။ မိတ်သဟာရဖွဲ့ခြင်းဟုဆိုရာ၌ တစ်ဦးနှင့်တစ်ဦး ဝေမျှခြင်းကိုညွှန်ပြပါသည်။ ဝေမျှခြင်းဆိုရာ၌ လူတို့အဖြစ်အပျက်များသည်ပင်လျှင် တစ်ဦးနှင့်တစ်ဦးပူးပေါင်း၍ အပြစ်ဒုစရိုက် သွေးဆောင်ရာသို့ မိတ်သဟာရဖွဲ့နိုင်ပါသည်။ ယုံကြည်သူဖြစ်စေ၊ မယုံကြည်သူဖြစ်စေ မိတ်သဟာရဖွဲ့ခြင်း စည်းမျဉ်းစည်းကမ်းများကိုချိုးဖောက်သောအခါ တစ်ဦးနှင့်တစ်ဦး ညီညွတ်မှုမရှိတော့ပါ။ ကျွန်ုပ်တို့သည် ခရစ်ယာန်များဖြစ်သည့်အားလျော်စွာ ဘုရားသခင်နှင့်အတူ မိတ်သဟာရဖွဲ့ခြင်းများရှိရမည်။ ဘုရားသခင်၏ သားသမီးများ ဖြစ်ကြောင်း အသစ်သော စိတ်သဘောဖြစ်ခြင်းအပေါ်၌ အခြေပြုပါသည်။ သို့ဖြစ်သောကြောင့် ကျွန်ုပ်တို့၏ မိတ်သဟာရဖွဲ့ခြင်းသည် ဘုရားသခင် တည်ထောင်ပေးသော ဖြောင့်မတ်ခြင်း စံနှုန်းများအပေါ်၌ အခြေပြုထားပါသည်။ ဘုရားသခင်နှင့် မိတ်သဟာရဖွဲ့ခြင်း၊ အခြားသောခရစ်ယာန်တို့နှင့် မိတ်သဟာရဖွဲ့ခြင်းကို ပြန်လည်၍ တည်ရှိစေရန် (၁ယော၊ ၁း၅-၁၀) ထဲ၌ အဘယ်သို့ ပြန်လည်၍ မိတ်သဟာရဖွဲ့ရမည့်အကြောင်းကို ရှင်းလင်းစွာဖော်ပြထားပါသည်။

အငယ် ၅ ၌ မိတ်သဟာရဖွဲ့ခြင်းစံနှုန်းကိုတင်ဆောင်ပေးထားပါသည်။ “ဘုရားသခင်သည် အလင်းဖြစ်တော်မူ၏”ဟူ၍ မိန့်တော်မူထားပါသည်။ ဤစံနှုန်း၌ အပြစ်ဒုစရိုက်နှင့်ပတ်သက်၍ ဘုရားသခင်၏သမ္မာတရားကိုညွှန်ပြထားသော ဘုရားသခင်၏အလင်းပင်ဖြစ်ပါသည်။

အငယ်၆၌ မိတ်သဟာရဖွဲ့ခြင်းအတွက် စုံစမ်းခြင်း၊ စမ်းသပ်ခြင်းကို တင်ဆက်ထားပါသည်။ “မှောင်မိုက်၌ ကျင်လည်လျှင် သစ္စာတရားကို မကျင့်၊ မုသားကိုသုံးသောသူဖြစ်၏” ဆိုလိုသည်မှာ ကျွန်ုပ်တို့၏အတွေးအခေါ်များ အပြောအဆိုနှင့်အပြုအမူများ(လိုက်လျှောက်ခြင်း)အားလုံးတို့ကို ဘုရားသခင်၏အလင်းတော်နှင့် ဆန်းစစ်သုံးသပ်ရပါမည်။

အငယ်၇၌ မိတ်သဟာရဖွဲ့ခြင်းအတွက် အခြေအနေကို တင်ဆက်ထားပါသည်။ “ဘုရားသခင်သည် အလင်း၌ ရှိတော်မူသကဲ့သို့ ငါတို့သည် အလင်း၌ ကျင်လည်လျှင်” ဟူ၍မိန့်တော် မူထားပါသည်။ ကျွန်ုပ်တို့၏ အတွေးအခေါ်များ၊ လုပ်ဆောင်ချက်များသည် တစ်ဦးနှင့်တစ်ဦးမိတ်သဟာရဖွဲ့ခြင်းတွင် ခရစ်တော်ကဲ့သို့ တူညီခြင်းသဘောကို ပေါ်လွင်စေပြီး အပြစ်တရားမှဆက်လက်၍ သန့်ရှင်းခြင်းရှိရန်ဖြစ်ပါသည်။

အငယ်၈၌ အပြစ်တရား၏လိမ်လည်ခြင်း မာယာကိုဖော်ထုတ်ရမည်။ “ကိုယ်အပြစ်မရှိဟု ငါတို့သည်ဆိုလျှင်၊ ကိုယ်ကိုလှည့်ဖြားကြ၏”ဟူ၍ မိန့်တော်မူထားပါသည်။ ဤအခန်းငယ်၌ပါသော “ငါတို့” ဟူသောစကားလုံးမှာ ယုံကြည်သူများကို ဆိုလိုပါသည်။ အဘယ်ကြောင့်ဆိုသော် ယောဟန်သည် မိမိကိုယ်တိုင် ဤအုပ်စုထဲ၌ ပါဝင်နေကြောင်း ဖော်ပြထားပါသည်။ တစ်စုံတစ်ဦးသည် သူတို့အား အပြစ်ကင်းမဲ့၍ စုံလင်ခြင်းသို့ရောက်ပြီဟု ယုံကြည်သောအခါထိုသူသည် လိမ်ညာလှည့်ဖျား ခြင်းခံရပြီး ဖြစ်ပါသည်။

အငယ် ၉၌ အပြစ်၏ဖြေရှင်းချက်ကိုပေးထားပါသည်။ “ကိုယ့်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင် ငါ့တို့အပြစ်များကို လွှတ်၍”ဟူ၍ မိန့်တော်မူထားပါသည်။

"ဝန်ခံခြင်း" ဟူသောစကားလုံးမှာ ဂရိဝေါဟာရစကားလုံး ( HOMOLOGEO - ဟိုမိုလော်ဂီအို )မှ ဘာသာပြန်ဆိုခြင်း ဖြစ်ပြီးဆိုလိုရင်းမှာ သိမှတ်စွဲလမ်းခြင်းဟူ၍ ဖြစ်ပါသည်။ သို့ဖြစ်၍ အတွေးအခေါ် အပြောအဆိုပြုမူချက်တို့၌ အမှန်စင်စစ် အပြစ်ရှိပါသည်ဟူ၍ ဘုရားသခင်နှင့်အတူ သဘောတူညီခြင်းဖြစ်ပါသည်။ ဤအချက်မှာ စိတ်နှလုံးသားသည် နောင်တမရရှိသော အချိန်သည် ဘုရားသခင်၏ အပြစ်လွှတ်တော်မူခြင်း "နည်းစနစ်"မဟုတ်ကြောင်း ကျေးဇူးပြု၍သတိပြုပါ။ ဘုရားသခင်အား ပြက်ရယ်ပြုခြင်းမပြုရ (ဂလာတိ၊ ၆း၆)။ အကြောင်းရင်းမှာ တစ်စုံတစ်ဦးသည် အသက်ရှင်တော်မူသော ဘုရားသခင်အားအပြစ်ဒုစရိုက်များကို ဝန်ခံခြင်းသည် တစ်ဦးချင်းနှင့်ဆိုင်သော ဘုရားသခင်သည်အပြစ်လွှတ်လိမ့်မည်ဟူ၍ ယုံကြည်ခြင်း ဖြစ်ပါသည်။ ဤအခန်းငယ်သည် ဘုရားသခင်ပေးထားတော်မူသော ကတိတော်ဖြစ်၍ ခရစ်ယာန်တို့သည် သိမှတ်ယုံကြည် အသုံးပြုရန်ဖြစ်ပါသည်။

အခန်းငယ် ၁၀၌အပြစ်ကိုအောက်မေ့ခြင်းမရှိသော သူတို့အား "ဒုစရိုက်ကို မပြုပြီဟု၊ ငါတို့သည် ဆိုလျှင် ဘုရားသခင်ကို မုသာအပြစ်တင်ကြ၏။ နှုတ်ကပတ်တော်လည်း ငါတို့၌မရှိ" ဟူ၍ မိန့်တော်မူထားပါသည်။ ဤအခန်းငယ်၌ မိန့်တော်မူထားသည်မှာ ခရစ်ယာန်တစ်ဦးအနေဖြင့် မိမိတို့၏အသက်တာထဲ၌ အပြစ်ရှိနေသည်ကို မသိမှတ်ပါက ကျွန်ုပ်တို့သည် ဘုရားသခင်အား လိမ်ညာ မုသာပြောသောသူဟူ၍ ခေါ်ဆိုခြင်းဖြစ်ပြီးသူ၏ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ နားလည်သဘောပေါက်ခြင်း မရှိကြောင်း လေ့လာရပါသည်။

ကျွန်ုပ်တို့သည် ဤအခန်းငယ်များအားလုံးတို့ကို ဆင်ခြင်သောအခါ ဝိညာဉ်ရေးနှင့်ဆိုင်သော ဘုရားသခင်နှင့်မိတ်သဟာရဖွဲ့ခြင်း အငယ်၆ အခြားသော ယုံကြည်သူများနှင့် မိတ်သဟာရဖွဲ့ခြင်း (အငယ်၇)တို့မှာ အပြစ်အားဖြင့် နာကျင်ထိခိုက်ပျက်ပြားစေကြောင်း ကျွန်ုပ်တို့တွေ့ရှိရပါသည်။ ဤအပြစ်တို့ကို ဘုရားသခင်၏ ရှေ့မှောက်တော်၌ အောက်မေ့သတိရဖို့ရန် လိုအပ်ပါသည်။ (အငယ်၉) ဘုရားသခင်

သည် သစ္စာရှိခြင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်ပြည့်စုံတော်မူ၏ ထို့ကြောင့် အပြစ်လွှတ်ခြင်းရှိသောအခါ မိတ်သဟာရဖွဲ့ခြင်းကို ပြန်လည်၍ တည်ထောင် နိုင်ပါသည်။

ထာဝရကာလနှင့်ဆိုင်ရာ အပြစ်တရား၏ အကျိုးဆက်များစွာမှ လွှတ်ခြင်းအခွင့်ရပြီး ဖြစ်ကြောင်း ကျေးဇူးပြု၍သိမှတ်ထားပါ။ သို့ရာတွင်ယုံကြည်သူတို့သည် အချိန်အလိုက်ပြုမူသော အကျိုးဆက်များကိုရင်ဆိုင်ကြုံတွေ့နေရပါသေးသည်။ အာဒံနှင့်ဧဝအား အပြစ်လွှတ်တော်မူခြင်းကို ရရှိပြီးဖြစ်ပါသည်။ သို့သော်လည်း သူတို့နှစ်ဦးအား ဧဒင်ဥယျာဉ်မှ နှင်ထုတ်ခြင်းကိုလည်း ခံရပါသည်။

## ၄။ ဝိညာဉ်ပိုင်းဆိုင်ရာဆုကျေးဇူးများ

ဝိညာဉ်ပိုင်းဆိုင်ရာ ဆုကျေးဇူးသည် ခရစ်တော်၏ကိုယ်ခန္ဓာအတွင်း၌ ကွဲပြားခြားနားသော ဧရိယာများတွင် အမှုတော်ဆောင်ရွက်ရန် ဘုရားသခင် ပေးထားတော်မူသည့် ထက်မြက်သည့်အရည်အချင်းဖြစ်ပါသည်။ ဤစကားလုံးမှာ ဂရိဝေါဟာရမှ ဆင်းသက်လာ၍ ဆိုလိုသည်မှာ “ကျေးဇူးတော်၏အကျိုးရလဒ် ပေးတော်မူခြင်း” (CHARISMA -ခါရိ(စ်)မာ) ထိုအရာမှာ ပါရမီတစ်ခု သို့မဟုတ် လူသားတို့၏ သဘာဝမွေးဖွားခြင်းဆိုင်ရာ အရည်အချင်းနှင့် ကွဲပြားခြားနားမှုရှိပြီး ယေရှုခရစ်တော် တည်ထောင်ပေးသောအရာများဖြစ်ပါသည် (ဧဖက်၊ ၄း၁၁)။ သန့်ရှင်းသောဝိညာဉ်တော်သည် ကယ်တင်ခြင်းသို့ ရောက်ရှိသော တစ်ချိန်တည်းမှာပင် အုပ်စိုးတော်မူခြင်းအားဖြင့် ဆုကျေးဇူးအား ယုံကြည်သူတို့အား ပေးတော်မူခြင်းဖြစ်ပါသည် (၁ကော၊ ၁၂း၁၁-၁၈)။ ခရစ်တော်၏ ကိုယ်အင်္ဂါတစ်ခု လုံးထဲသို့ (ဧဖက်၊ ၂း၂၀)တစ်ဦးစီတိုင်းတို့သည် အနည်းဆုံး ဆုကျေးဇူးတစ်မျိုးစီရရှိကြပါသည် (၁ပေတရု၊ ၄း၁၀)။ သို့သော်လည်း ဆုကျေးဇူးအားလုံးကို မရရှိပါ (သို့မဟုတ်သူတို့၏ ကိုယ်ခန္ဓာတစ်ခုထဲသို့ပင်ဖြစ်နိုင်ပါမည် (၁ကော၊ ၁၂)။

ဆုကျေးဇူးများအားလုံးတို့သည် ချစ်ခြင်းမေတ္တာထဲ၌ အခြေပြုကြောင်း သိရှိရန်မှာ အရေးကြီးပါသည် (၁ကော၊ ၁၃)။ ထိုဆုကျေးဇူးများမှာအခြားသောသူတို့အား

အစေခံရန်ပြင်ဆင်ခြင်းဖြစ်ပါသည်။ (၁ပေတရု၊ ၄း၁၀)၌အကြောင်း ကိုတမန်တော် ရှင်ပေါလုသည် ၁ကောရိန္တုသြဝါဒစာ၌ ရှင်းလင်းစွာဖော်ပြထားပါသည်။ ထိုအရာ တို့မှာသန့်ရှင်းသောဝိညာဉ်ပိုင်းဆိုင်ရာ ဆုကျေးဇူးများဖြစ်သော်လည်း ဇာတိဆန်ဆန် တစ်ယောက်သောသူကို အာရုံပြုစေရန်ဆွဲဆောင်ခြင်း၌ အသုံးပြုနိုင်ပါသည် (၁ကော၊ ၁၂)။ ဝိညာဉ်ပိုင်းဆိုင်ရာ ဆုကျေးဇူးများသည် အသင်းတော်ကို တည်ဆောက်ရာတွင် အသုံးပြုရန်ဖြစ်ပါသည်။ အသင်းတော်ကို ကွဲပြားခြားနားစေခြင်း ရှုပ်ထွေးစေခြင်း မဖြစ်စေရ (၁ကော၊ ၁၄း၁၂-၃၃)။

ဝိညာဉ်ပိုင်းဆိုင်ရာဆုကျေးဇူးများကို နာမည်အားဖြင့်ဖော်ပြသော နေရာကို ဓမ္မသစ်ကျမ်းထဲ၌ရှိပါသည် (၁ကော၊ ၁၂း၈-၁၀) ၌ပညာတရား၊ ထိုးထွင်းခြင်းတရား၊ ယုံကြည်ခြင်း၊ အနာရောဂါငြိမ်းခြင်း၊ နိမိတ်လက္ခဏာများ၊ ပရောဖက်ပြုခြင်းများ၊ ဝိညာဉ်များကိုပိုင်းခြား၍ သိနိုင်သောဉာဏ်၊ အမျိုးမျိုးသော ဘာသာစကားနှင့် တတ်ကျွမ်း ခြင်းစသည်တို့ကို ကျွန်ုပ်တို့တွေ့ရှိရပါသည် (၁ကော၊ ၁၂း၂၈။ ဖေက်၊ ၄း၁၁)။ (၁ပေတရု၊ ၄း၁၁)၌ ဟောပြောသူသည် ဘုရားသခင်၏ ဗျာဒိတ်တော်နှင့်အညီ ဟောပြော၍ အခြားသောအမှုကို ဆောင်ရွက်သူသည်လည်း ဘုရားသခင်ပေးသနားတော်မူသော အစွမ်းသတ္တိအတိုင်း ဆောင်ရွက်စေဟု ဆိုထားသည်။ (ရောမ၊ ၁၂း၆-၈) တွင် အချို့သောအထူးသီးသန့်ဆုကျေးဇူးများကို ကျွန်ုပ်တို့အားပေးထားပါသည်။ ဘုရားသခင် ၏ ဘုန်းတော်ထင်ရှားစေရန်သက်သက် ဖြစ်ရမည်။

ဝိညာဉ်ပိုင်းဆိုင်ရာ ဆုကျေးဇူးများသည် ပင်တေကုတ္တေနေ့၌အစပြု၍ အသင်းတော်အားပေးထားသည် ဖြစ်ကြောင်းကို ကျေးဇူးပြု၍သတိပြုပါ။ (တမန်တော်၊ ၂) တစ်ချို့သောဆုကျေးဇူးများမှာ အခြေခံအုတ်မြစ်ချရန် သတ်မှတ်ထားပါသည် (ဖေက်၊ ၂း၂၀)။ သို့မှသာ အသင်းတော်သည် အစပြုနိုင်မည်၊ တည်ဆောက်နိုင်မည်၊ တည်ငြိမ် စေနိုင်မည်ဖြစ်ပါသည် (၁ကော၊ ၁၄း၄၀)။ ဤဆုကျေးဇူးများကို "နိမိတ်လက္ခဏာ" ဆုကျေးဇူးများဟုခေါ်၍ မယုံကြည် သူတို့အား ဧဝံဂေလိတရားကိုဟောပြောခြင်းနှင့်

အသစ်သောယုံကြည်သူတို့အား တည်ဆောက်ပေးရန်ဖြစ်ပါသည် (၁ကော၊ ၁၄း၂၀-၂၂) ထိုဆုကျေးဇူးများမှာ ဤအသစ်သော ခေတ်ကာလအပိုင်းအခြား၌ သမ္မာကျမ်းစာရေးသားခြင်း မပြီးဆုံးမီတိုင်အောင် ဖြစ်ပါသည်။ ကနဦးအသင်းတော်ထဲ၌ လိုအပ်သောတည်ဆောက်မှုများပြည့်စုံလာသောအခါ အလိုအလျောက် ကွယ်ပျောက်သွားပြီးဖြစ်ပါသည် (၁ကော၊ ၁၃း၈-၁၀)။

အောက်ပါပေးထားသောကားချပ်သည် ဝိညာဉ်ပိုင်းဆိုင်ရာ ယာယီဆုကျေးဇူးများ၏ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ အသင်းတော်ကာလ၌ ဝိညာဉ်ပိုင်းဆိုင်ရာဆုကျေးဇူးများနှင့် မပတ်သက်ကြောင်းဖော်ပြထားပါသည်။

## အသင်းတော်ကာလ၌ဝိညာဉ်ပိုင်းဆိုင်ရာယာယီ ဆုကျေးဇူးများ

| | |
|---|---|
| **ပညာတရား**<br>(၁ကော၊ ၁၂း၈) | အသင်းတော်အတွက် သဘာဝထက်လွန်ကဲသော လမ်းပြသတင်းပေးခြင်းဖြစ်သည်။ ပရောဖက်ပြုခြင်းဆိုင်ရာသဘောမဟုတ်ပါ။ ဓမ္မသစ်ကျမ်း ပြည့်စုံခြင်းသို့ မရောက်မီ တိုင်အောင် လမ်းပြသော ပရောဖက်ပြုခြင်းဆိုင် ရာသဘာဝမဟုတ်ပါ။ |
| **အနာရောဂါကိုငြိမ်းစေနိုင်သောအခွင့်**<br>(၁ကော၊ ၁၂း၉, ၂၈) | သဘာဝထက်လွန်ကဲသော တန်ခိုးဖြစ်ပါသည်။ အမျိုးမျိုးသောဆေးဝါးနှင့်ဆိုင်ရာ အခြေအနေများမှ တစ်ဦးချင်းနှင့်ဆိုင်သော ကိုယ်ခန္ဓာကျန်းမာခြင်းကို ချက်ချင်းလုံးဝ ကျန်းမာစေခြင်း ဖြစ်ပါသည်။ |

| | |
|---|---|
| **နိမိတ်လက္ခဏာများ**<br>(၁ကော၊ ၁၂း၁၀-၂၈) | အနာရောဂါငြိမ်းခြင်းနှင့် နတ်ဆိုးများကို နှင်ထုတ်ခြင်းတို့နှင့် ဆက်စပ်၍ သဘာဝနှင့် ဆိုင်ရာပုံမှန်နိယာမ ဥပဒေသများကို ကျော်လွန်၍သဘာဝ လွန်ကဲ၍ ပြုမူဆောင်ရွက်ခြင်းဖြစ်ပါသည် (တမန်၊ ၁၉း၁၁-၁၂)။ |
| **ပရောဖက်ပြုခြင်း**<br>(၁ကော၊ ၁၂း၁၀-၂၈။ ရောမ၊ ၁၂း၆။ ဧဖက်၊ ၄း၁၁) | အသင်းတော်နှင့်ပတ်သက်၍ မကြာမီဖြစ်ပျက်လာမည့်အကြောင်းအရာ၊ အနာဂါတ်တွင် ရောက်ရှိလာမည့်အကြောင်းအရာများတို့ကိုဟောပြော သတင်းပေးနိုင်ခြင်းဖြစ်ပါသည် (တမန်၊ ၁၁း၂၇-၂၈)။ |
| **ဝိညာဉ်များ ပိုင်းခြားနိုင်သော ဆုကျေးဇူး**<br>(၁ကော၊ ၁၂း၁၀) | မှားယွင်းသော မိစ္ဆာဆရာများနှင့် ပရောဖက်များကို သတ်မှတ်ဖော်ထုတ်နိုင်ရန် အခြေခံကျသော သဘာဝထက်လွန်ကဲသည့် ဆုကျေးဇူးကို အသုံးပြုရန်ဖြစ်ပါသည် (၁ကော၊ ၁၄း၃၂)။ |
| **အမျိုးမျိုးသောဘာသာစကား**<br>(၁ကော၊ ၁၂း၁၀-၂၈) | ကြိုတင်၍သင်ကြားခြင်းမရှိဘဲ မသိဘူးခဲ့သော လူဘာသာစကားကို ပြောဆိုနိုင်သော သဘာဝထက်လွန်ကဲသည့် အရည်အချင်းဖြစ်ပါသည်။ |
| **အမျိုးမျိုးသောဘာသာစကားကို**<br>(၁ကော၊ ၁၂း၁၀) | ကြိုတင်၍လေ့လာသင်ကြားခြင်းမရှိဘဲ သဘာဝထက်လွန်ကဲသော အရည်အချင်းဖြင့် လူဘာသာ စကားများကို ဘာသာပြန်ဆိုနိုင်ခြင်း ဖြစ်ပါသည်။ |

**တမန်တော်အရာ** (၁ကော၊ ၁၂း ၂၈။ ဧဖက်၊ ၄း၁၁)

ခရစ်တော်ကိုယ်တိုင် လက်တော်အားဖြင့် ရွေးကောက်တော်မူခဲ့သော တစ်ဆယ့်နှစ်ဦး တို့အားဖြင့်သာလျှင်ပြုနိုင်သော ဝိညာဉ်ပိုင်း ဆိုင်ရာ ဆုကျေးဇူးဖြစ်ပါသည်

(ဗျာ၊ ၂၁း၁၄။ လုကာ၊ ၆း၁၃-၁၆။ တမန်၊ ၉း၁၅။ ဂလာတိ၊ ၁း၁)။

"ပရောဖက်ပြုခြင်းဆုကျေးဇူး" "အမျိုးမျိုးသောဘာသာစကားပြောခြင်း" "ထိုးထွင်းခြင်းဉာဏ်"စသောဆုကျေး ဇူးများမှာ "စုံလင်ခြင်း" ရောက်လာသောအခါ ကွယ်ပျောက်သွားမည်ဖြစ်ပါသည် (၁ကော၊ ၁၃း၈-၁၀)။ ဤဆုကျေး ဇူးများသည် ကွယ်ပျောက်သွားမည်ဖြစ်သောကြောင့် "ဝိညာဉ်ပိုင်းခြား"ခြင်းဉာဏ်ပညာနှင့် "အမျိုးမျိုးသောဘာသာ စကားကိုအနက်ဖွင့်ခြင်း" တို့သည်လည်း ကွယ်ပျောက် သွားပါမည်။ အဘယ်ကြောင့်ဆိုသော် ထိုကျေးဇူးများ သည်စောစောပိုင်း၌ ဖော်ပြထား သော ဆုကျေးဇူးများနှင့်ဆက်စပ်မှုရှိပါသည်။ ဤဆုကျေးဇူးများအားလုံးတို့မှာ ဆက်သွယ်ခြင်းအားလုံးတို့နှင့် ပတ်သက်ပါသည်။ ဗျာဒိတ်ကျမ်းရေးသားပြည့်စုံပြီးသော အခါ ပရောဖက်ပြုခြင်းသည် လည်းအသင်းတော်ကာလ၌ အဆုံးသတ်ခဲ့ပြီးဖြစ်ပါသည် (ဗျာဒိတ်၊ ၂၂း၁၈-၁၉)။ သို့ဖြစ်၍ "စုံလင်ခြင်း"သည် ပြည့်စုံခြင်းသို့ရောက်ပြီးဖြစ်ပါသည်။ ဘုရားသခင်သည် နှုတ်ကပတ်တော်ကိုမှုတ်သွင်းတော်မူခြင်းပြည့်စုံခြင်းကိုဆို လိုသည်။ အသင်းတော်အတွက်အသစ်သောသတင်းစကားပေးခြင်း မရှိတော့ပါ။ သွန်သင်ခြင်း ဆိုင်ရာ ဆုကျေးဇူးများမှာ ဓမ္မသစ်ကျမ်းဟူ၍ဖြစ်လာသော ရေးသားထားသည့် နှုတ်ကပတ်တော်အားဖြင့် ဖွင့်ပြထားသော ဆက်သွယ်ခြင်းပေါ်၌ အခြေပြုထားပါသည်။

(ဗျာဒိတ်၊ ၂၁း၁၄) ၌ တမန်တော်တစ်ဆယ့်နှစ်ပါးသာလျှင် ရှိကြောင်း ဖော်ပြထားသည်။ အခြားသောလူတို့သည် ထိုအမှုတာဝန်များကို ကူညီသောအခါ "တမန်တော်" ဟုခေါ်ပြီးထိုသူတို့သည် ဆုကျေးဇူးတို့ကိုပိုင်ဆိုင်ကြသည် ဟူ၍ဆိုလိုခြင်း မဟုတ်ပါ။ (ဂလာတိ၊ ၁း၁၉ ၌ သခင်ဘုရား၏ညီတော်သည် မူလတစ်ဆယ့်နှစ်ပါးတို့တွင်

တစ်ယောက် အပါအဝင်မဟုတ်ပါ) သို့ဖြစ်၍ဝိညာဉ်ပိုင်းဆိုင် ဤဆုကျေးဇူးသည် ယာယီမျှသာဖြစ်ကြောင်းရှင်းလင်းထင်ရှားပါသည်။

"အနာရောဂါငြိမ်းခြင်း" နှင့် "နိမိတ်လက္ခဏာများ" ဟူသော ဆုကျေးဇူးများသည် ယာယီဆုကျေးဇူးများသာဖြစ်ကြောင်း သမိုင်းကြောင်းဆိုင်ရာ ဓမ္မသစ်ကျမ်းထဲ၌ ထိုသူတို့၏အသုံးအနှုန်းအားဖြင့် အထောက်အထားပြုထားသည်။ ဘုရားသခင်သည် ယခုတိုင်အောင် လူတို့အားအနာရောဂါကျန်းမာစေခြင်း၊ နိမိတ်လက္ခဏာများကို ဖွင့်ပြတော်မူခြင်း ရှိပါသေးသည်။ သို့သော်လည်းတစ်ဦးချင်းနှင့်ဆိုင်သော ဝိညာဉ်ပိုင်းဆိုင်ရာ ဆုကျေးဇူးအနေဖြင့် ပေးထားခြင်း မဟုတ်တော့ပါ။ ထာဝရဘုရားသည် ဆုတောင်းသောအရာကို ယခုတိုင်အောင်နားညောင်းပါသည် (ယာကုပ်၊ ၅း၁၆)။ သို့သော်လည်း ဆုကျေးဇူးမှာ တစ်စုံတစ်ယောက်သောသူ၏ ပိုင်ဆိုင်မှုပေါ်တွင် အခြေပြုပါသည်။ ထိုအခါ အနာရောဂါငြိမ်းခြင်း ဖြစ်ပေါ်လာပါသည် (တမန်တော်၊ ၃း၆-၈၊ ၅း၁၂-၁၆၊ ၉း၃၄)။ ကနဦးအသင်းတော်ထဲ၌အသုံးပြုခဲ့သော ဆုကျေးဇူးများမှာ အာရုံများကို ဆွဲဆောင်ရန်နှင့် ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်၏ တရားဒေသနာဖြစ်ကြောင်းအတည်ပြု ခြင်းဖြစ်ပါသည်။ (တမန်တော်၊ ၈း၁-၈း၃၉၊ ၁၃း၄-၁၂၊ ၁၄း၁-၄၊ ၁၉း၁၁-၁၂) တစ်ဦးနှင့်တစ်ဦးအပေါ်၌ထားရှိသော ယုံကြည်မှုတို့၏ ချစ်ခြင်းမေတ္တာသည် ယေရှုခရစ်တော်၏ တရားဒေသနာတော်ကိုအာရုံပြုရာ၌ ရင့်ကျက်လာစေရန် ဖြစ်ပါသည် (ယောဟန်၊ ၁၃း၃၄-၃၅)။

တမန်တော်ရှင်ပေါလု၌ အနာရောဂါငြိမ်းခြင်းဆုကျေးဇူးရှိခဲ့သည်ကို ကျွန်ုပ်တို့သိရပါသည် (တမန်တော်၊ ၂၀း၈-၁၂။ ၂၈း၈)။ သို့ရာတွင် နောက်ပိုင်း၌ သူ၏အသက်တာထဲတွင် သူ့အတွက်မိတ်ဆွေကောင်းဖြစ်သော ဧပဖြောဒိတ်အား ကျန်းမာစေခြင်းသို့ ရောက်ရှိရန် မတတ်နိုင်တော့ပါ (ဖိလိပ္ပိ၊ ၂း၂၅-၂၇)။ ထို့အပြင် သူကိုယ်တိုင် ခံစားရသော ရောဂါကိုလည်းမငြိမ်းနိုင်တော့ပါ (၂ကော၊ ၁၂း၇-၉)။ ဆုကျေးဇူးသည် တမန်တော်အားစွန့်ခွါပြီးဖြစ်ရာ ကနဦး အသင်းတော်၌လူတို့၏

တစ်ခုသောသော့ချက်ဖြစ်သည့်တမန်တော်တို့ထံမှ ဆုကျေးဇူးကွယ်ပျောက်သွားသည် ဖြစ်ရာ အခြားသောသူရှိသမျှတို့ထံမှလည်း ကွယ်ပျောက်သွားပြီးဖြစ်ပါသည်။

အခြားသောဆုကျေးဇူးများမှာ အသင်းတော်တည်ထောင်ပြီးနောက်ပိုင်း၌ "နုနယ်သေးသော" အဆင့်အတွက် သတ်မှတ်ထားပါသည် (၁ကော၊ ၁၃း၁၀-၁၃)။ သို့ဖြစ်၍ ထိုဆုကျေးဇူးများမှာ အစဉ်အမြဲတည်ရှိပါသည်။ ဤဆုကျေးဇူး များတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့်ဆက်သွယ်မှုပြုခြင်း အခြားသော သူများတို့အား အစေခံခြင်း စသည်တို့ပါဝင်ပါသည် (၁ပေတရု၊ ၄း၁၀-၁၁)။

အောက်ပါပေးထားသော ကားချပ်သည် ယနေ့တိုင်အောင် ဆက်လက်တည်ရှိနေမည့် ဝိညာဉ်ပိုင်းဆိုင်ရာဆုကျေးဇူး များကိုဖော်ပြထားပါသည်။

## အသင်းတော်ကာလအတွက် အမြဲတည်ရှိသောဝိညာဉ်ပိုင်းဆိုင်ရာဆုကျေးဇူးများ

| | |
|---|---|
| နှုတ်ကပတ်တော်၏ ဉာဏ်ပညာ (၁ကော၊ ၁၂း၈) | အသင်းတော်ကာလသမ္မာတရားကို ခံယူရန်အတွက် သဘာဝထက်လွန် ကဲသော ဆုံးမသွန်သင်ခြင်းများ |
| ယုံကြည်ခြင်း၏ဆုကျေးဇူး (၁ကော၊ ၁၂း၉) | မဖြစ်နိုင်ဖွယ်သောအခြေအနေများ၌ ရင်ဆိုင်ကြုံတွေ့ခြင်းများအားသခင် ဘုရား၌သဘာဝထက်လွန်ကဲစွာ ကြီးမားသော ကိုးစားမှုရှိခြင်း (၁ကော၊ ၁၃း၂။ တမန်၊ ၁၂း၁-၁၉)။ |
| သွန်သင်ခြင်း(ဓမ္မဆရာ) | အခြားသောသူတို့အား ဘုရားသခင်၏ |

| | |
|---|---|
| (၁ကော၊ ၁၂း၂၈။ ရောမ၊ ၁၂း၇) | နှုတ်ကပတ်တော်ကို ဆက်သွယ်ပေးရန် ပြောင်မြောက်သော သဘာဝထက်လွန်သည့် အရည်အချင်း |
| သင်းထောက်(ကူညီခြင်း) (၁ကော၊ ၁၂း၂၈) | အခြားသောဆုကျေးဇူးများနှင့် ကူညီမှုပေးရန်သဘာဝထက်လွန်ကဲခြင်းဆိုင်ရာဆုကျေးဇူးတစ်မျိုးဖြစ်ပါသည်။ ထိုအရာမှာ များစွာသောကွဲပြားခြားနားသည့် ဧရိယာထဲ၌ အခြေပြုထားပါသည်။ ဥပမာတစ်ခုပြရလျှင် အခြားသောသူတို့အား ကျွေးမွေးရန် အစားအစာကိုပြင်ဆင်ခြင်းသို့မဟုတ် လှူဒါန်းစုဆောင်း ကောက်ခံခြင်းများမှာ အခြားသောသူတို့၏ အထူးသီးသန့်ဆုကျေးဇူးကိုပိုမို၍ အပြည့်အဝ သွေးဆောင်ခြင်းအတွက်ပြင်ဆင်ခြင်းဖြစ်ပါသည်။ |
| အုပ်ချုပ်ခြင်း (၁ကော၊ ၁၂း၂၈) | ဘုရားသခင်သည် မိမိအသင်းတော်အား ပေးတော်မူသော အရာများပေါ်၌စည်းရုံးဖွဲ့စည်းနိုင်ခြင်းနှင့် ကျယ်ပြန့်စွာ လေ့လာနိုင်ခြင်းဆိုင်ရာ သဘာဝထက် လွန်ကဲသော အရည်အချင်းဖြစ်ပါသည်။ |

**အစေခံခြင်း**
(ရောမ၊ ၁၂း၇။ ၁ပေတရု၊ ၄း၁၁)

လက်တွေ့ပိုင်းကျသော အမှုကိစ္စတို့၌ ကိုယ်ကာယပိုင်းဆိုင်ရာ အခြေပြု သောလုပ်ဆောင်ခြင်းများကို သယ်ပိုး နိုင်ရန်သဘာဝထက်လွန်ကဲသော အရည်အချင်းဖြစ်ပါသည်။

**တိုက်တွန်းနှိုးဆော်အားပေးခြင်း**
(ရောမ၊ ၁၂း၈)

ခရစ်တော်၏ကိုယ်အင်္ဂါရပ်အတွင်း၌ လိုအပ်နေသောအားပေးတိုက်တွန်း မှုများကိုသိရှိရန်၊ ဖြည့်ဆည်းပေးရန် သဘာဝထက်လွန်ကဲသောအရည် အချင်းဖြစ်ပါသည်။

**ပေးကမ်းစွန့်ကြဲခြင်း**
(ရောမ ၁၂း၈)

တစ်စုံတစ်ယောက်သောသူ၏ လိုအပ်မှု ကိုပုံမှန်မျှော်လင့်သည်ထက် ပို၍မြင့် သော အစိတ်အပိုင်းထက် ဝေမျှပေး သော သဘာဝထက်လွန်ကဲသည့် အရည်အချင်းဖြစ်ပါသည်။ ထိုအရာမှာ ရက်ရောစွာပေးလှူခြင်းဖြင့် တိုင်းတာ သော အတ္တကင်းမဲ့ခြင်း ဖြစ်ပါသည်။ အကန့်အသတ်မရှိသော အရေအတွက် အားဖြင့်လည်း မဟုတ်ပါ။ လိုလိုလား လားဖြင့် ဝေမျှပေးလှူ ခြင်းဖြစ်ပါသည်။

**ဦးဆောင်ခြင်း**
(ရောမ၊ ၁၂း၈)

အသင်းတော်၏ အမှုတော်များကို ပြီးပြည့်စုံအောင်ဆောင်ရွက်နိုင်ရန် တစ်ဦးချင်းနှင့်ဆိုင်သော စောင့်ထိန်း

| | |
|---|---|
| | ခြင်းနှင့်လမ်းပြည့္ဆွန်ကြားခြင်းဆိုင်ရာ သဘာဝထက်လွန်ကဲသော အရည်အချင်းဖြစ်ပါသည်။ |
| ကျေးဇူးကရုဏာ (ရောမ၊ ၁၂း၈) | ဝိညာဉ်ပိုင်းဆိုင်ရာ သို့မဟုတ် ကိုယ်ကာယပိုင်းဆိုင်ရာလိုအပ်မှုအတွက် အကူအညီလိုအပ်သူများကို သိမှတ်ရန်၊ ကူညီမှုပေးရန်တတ်နိုင်သော သဘာဝထက်လွန်ကဲသည့် အရည်အချင်း ဖြစ်ပါသည်။ |
| ဧဝံဂေလိ (ဧဖက်၊ ၄း၁) | လူတစ်ဦးချင်းသို့မဟုတ် လူအုပ်စုလိုက်ယေရှုခရစ်တော်၏ဧဝံဂေလိ တရားကိုရှင်းလင်းစွာ နားလည်နိုင်ရန် နည်းလမ်းများဖြင့် တင်ဆက်ပေးနိုင်သော သဘာဝထက်လွန်ကဲသည့် အရည်အချင်း ဖြစ်ပါသည်။ |
| သင်းအုပ်ဆရာ၊ ဓမ္မဆရာ (ဧဖက်၊ ၄း၁၁) | ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သွန်သင်ခြင်းနှင့်ထောက်ပံ့ခြင်းအားဖြင့် ဘုရားသခင်၏သိုးစုတို့အား ထိန်းကျောင်းပေးနိုင်သည့် သဘာဝထက်လွန်ကဲသော အရည်အချင်းဖြစ်ပါသည်။ |

## ၅။ ဖြောင့်မတ်ခြင်း

ကျွန်ုပ်တို့သည် ယေရှုခရစ်တော်၌ယုံကြည်သောအခါ ဘုရားသခင်သည် ကျွန်ုပ်တို့အား သူ၏ဖြောင့်မတ်ခြင်းကို ပေးတော်မူကြောင်း အထက်၌ဖော်ပြခဲ့သော အခန်း၌ ကျွန်ုပ်တို့တွေ့မြင်ခဲ့ရပါသည်။ ထိုအရာမှာဖြောင့်မတ်စေခြင်း ဟုခေါ်ပါသည်။ သို့ဖြစ်၍အသစ်သောယုံကြည်သူတို့သည် အမှားနှင့်အမှန်ဟူသော ဘုရားသခင်၏ စံနှုန်းများပေါ်၌ အပြည့်အဝအခြေပြု၍ အသက်တာပြောင်းလဲခြင်းကိုတွေ့ရှိရပါသည်။ ဖြောင့်မတ်ခြင်းသည် ယုံကြည်သူတို့၏အသက် တာထဲ၌ ဘုရားသခင်ဖော်ပြတော်မူသော စံချိန်ကိုညီညွတ်စေခြင်းအပေါ် အခြေပြုထားပါသည်။

ဖြောင့်မတ်ခြင်းအတွက် အရေးကြီးဆုံးသောစံချိန် နှစ်မျိုးမှာ သင်၏အစွမ်း ရှိသမျှနှင့် ဘုရားသခင်ကိုချစ်ရန်နှင့် သင့်ကိုသင်ချစ်သည်အတိုင်း အိမ်နီးနားချင်းကို ချစ်ရန်ဖြစ်ပါသည် (မာကု၊ ၁၂း၂၉-၃၁)။ ဖြောင့်မတ်ခြင်းသည် အပြစ်ဒုစရိုက်များမှ ကင်းဝေးခြင်းကိုဆိုလိုခြင်းမဟုတ်ပါ။ ဘုရားသခင်နှင့် သဘော တူညီမှုရှိသော စိတ်နှလုံးနှင့် သဘောထားခြင်းကို ဆိုလိုပါသည် (ဖိလိပ္ပိ၊ ၂း၅-၈)။ ကျွန်ုပ် တို့သည် "ယေရှုခရစ်၌ရှိသော နှိမ့်ချခြင်း၊ အစေခံခြင်းစိတ်သဘော"ရှိရပါမည်။ ကျွန်ုပ်တို့သည် ဆင်းရဲသောသူများတို့အား ကျေးဇူးကရုဏာများစွာနှင့် ကူညီခြင်းအားဖြင့် ဖြောင့်မတ်ခြင်းအသီး ကိုသီးရန်ဖြစ်ပါသည် (လုကာ၊ ၆း၃၆-၄၀) (၁ကော၊ ၉း၈-၁၀)။ ဘုရားသခင်အလိုတော်ထဲ၌ လှုပ်ရှားမှုများမှာ ဤသို့သောဖြောင့်မတ်ခြင်း၏ အစိတ်အပိုင်းဖြစ်သည် (ဟေဗြဲ၊ ၁၁း၃၂-၃၃)။ ယုံကြည်သူတို့၏ ဖြောင့်မတ်ခြင်းသည် ကြိုးပမ်းလုပ်ဆောင်ရန် ဖြစ်သည် (၁တိမော၊ ၆း၁၁။ ၂တိမော၊ ၂း၂၂-၂၃)။ ဤဖြောင့်မတ်ခြင်းကိုနားလည် သဘောပေါက်ရန်မှာ ဘုရားသခင်၏နှုတ်ကပတ်တော် ရှိသမျှ တို့သည် အရေးကြီးပါသည်။ (၂ တိမော၊ ၃း၁၆-၁၇) သို့ဖြစ်၍ ဤအရာသည် အသစ်သော ယုံကြည်သူတို့အတွက် နားလည်သဘောပေါက်၍ လက်ခံရန် ခက်ခဲ လှပါသည် (ဟေဗြဲ၊ ၅း၁၂-၁၄)။

ဘုရားသခင်စံချိန်တော် ဖြောင့်မတ်ခြင်းကို လူတို့အား တွန်းဖိ၍ သူ၏ မိန့်တော်မူချက်ကို ပြောင်ပြောင်တင်းတင်း နာခံခြင်းမျှသာဖြစ်ရန် မရည်ရွယ်ပါ (မဿဲ ၆း၁)။ ဖါရိရှဲတို့သည် မိမိတို့၏ ဖြောင့်မတ်ခြင်းကို ပြောင်းတင်းစွာ ကျင့်သောကြောင့် သူတို့အား တစ်ခြားသောသူတို့ မှတ်မိသည်။ သူတို့သည် မိမိတို့၏ ရိုးရာဖြစ်သော သမ္မာကျမ်းစာ နှင့် တန်းတူညီမျှသော ထုံးတမ်းစဉ်လာတို့ကို လိုက်နာကျင့်သုံးကြသည် (မာကု၊ ၇း၁-၈)။ တစ်စုံတစ်ဦးသည် ဘုရားသခင် နှုတ်ကပတ်တော်မှ လမ်းလွဲသွားသော အခါ ထိုဖြောင့်မတ်ခြင်းစံနှုန်းကို ဥပဒေနှင့်ညီညွတ်သည်ဟု ခေါ်ကြသည်။ (ထို အကြောင်းကို အစောပိုင်း၌ ကျွန်ုပ်တို့ဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။) ဘုရားသခင်သည် ကျွန်ုပ်တို့အား တောင်းဆိုသော ဖြောင့်မတ်ခြင်းမဟုတ်ပါ။

သန့်ရှင်းသောဝိညာဉ်တော်သည် လူတိုင်းတို့အား ဖြောင့်မတ်ခြင်းနှင့် ကင်းကွာကြကြောင်းကို သိနားလည်စေပါသည် (ယောဟန်၊ ၁၆း၈-၁၀)။ မယုံကြည်သူတို့ အား သန့်ရှင်းသောဝိညာဉ်တော်သည် ထိုဖြောင့်မတ်ခြင်းကို သူတို့သည် လစ်လျူပြုသော ကြောင့် ထိုအရာသည် သူတို့အား သန့်ရှင်းသောဘုရားသခင်နှင့် မိတ်သဟာရဖွဲ့ခြင်းမှ တားဆီးလိမ့်မည် ဖြစ်ကြောင်း ဖွင့်ပြပေးပါသည်။ ယေရှုခရစ်တော်၌ ယုံကြည်ခြင်းအား ဖြင့်သာလျှင် မယုံကြည်သောသူတို့သည် ကယ်တင်ခြင်း သို့ရောက်နိုင်သည် (ဧဖက်၊ ၂း၈-၉)။ ဖြောင့်မတ်ခြင်းကို ပိုင်ဆိုင်ကြောင်း ဖော်ထုတ်ရာတွင် ထိုသူသည် ဘုရားသခင်နှင့် မိတ်သဟာရဖွဲ့ခြင်းရှိနိုင်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူတို့အား မိမိတို့၏ အသက်တာထဲ၌ အပြစ်ရှိ ကြောင်းကို ဖော်ပြပေးတော်မူ၏။ ထိုအပြစ်ကို ဝန်ချတောင်းပန်ရန် လိုအပ်ကြောင်းကိုလည်း ညွှန်ပြပေးခြင်းအားဖြင့် ဘုရားသခင်နှင့် ပြန်လည်၍ မိတ်သဟာရပြုနိုင်ပါသည် (၁ ယော၊ ၁း၆-၁၀)။ ယုံကြည်သူ တို့ ရှာဖွေရမည့် ဖြောင့်မတ်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ယူဆောင်လာ တော်မူပြီး ထိုအရာမှာ ဘုရားသခင်၏ နိုင်ငံတော်ထဲ၌ အသက်ရှင်ခြင်းဖြစ်ပါသည် (ရောမ၊ ၁၄း၁၆-၁၇)။ ဤဖြောင့်မတ်ခြင်းသည် ယေရှုခရစ်တော်အားဖြင့် သီးသောအသီး

ဖြစ်ပါသည်။ ဘုရားသခင်၏ စံနှုန်းများ၌ ပြည့်ဝစွာ အသက်ရှင်သောသူတို့အားဖြင့် ဖြောင့်မတ်ခြင်း အသီးသည် ထင်ရှား၏ (ဧဖက်၊ ၅း၆-၁၀)။

အကယ်၍ ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်းတရားအတွက် မွတ်သိပ်ဆာငတ်ခြင်းရှိကြပါက ကျွန်ုပ်တို့အား ထို အတွက်ကြောင့် ကောင်းကြီးပေးခြင်းကို ခံရမည်အကြောင်း ယေရှုမိန့်တော်မူ၏ (မဿဲ၊ ၅း၆)။ ဖြောင့်မတ်ခြင်းမှာ ကျွန်ုပ်တို့ ရှိသင့်သောဆန္ဒဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုတရားသည် ကျွန်ုပ်တို့အား ဝိညာဉ်ပိုင်းဆိုင်ရာ အသေဖြစ်ခြင်းမှ ထမြောက်စေနိုင်ပါသည် (ရောမ၊ ၆း၁၂-၁၃)။ မယုံကြည်သူတို့မှာ ခရစ်တော်အား မိမိတို့၏ ကယ်တင်ရှင် အဖြစ်လက်ခံခြင်းမရှိသ၍ ဝိညာဉ်ရေးရာ၌ အသေဖြစ်ကြပါသည် (ရောမ၊ ၆း၂၃)။ မယုံကြည်သူများတို့သည် အပြစ်တရား၌ ကျွန်ခံသောသူများဖြစ်ကြပါသည်။ သို့သော်လည်း ယခုတွင် ယုံကြည်သောသူတို့သည် ဖြောင့်မတ်ခြင်း၏ ကျွန်များဖြစ်လာခဲ့ကြပါသည် (ရောမ၊ ၆း၁၆-၁၉)။

ယုံကြည်သူတို့အား ရှုပ်ထွေးစေ၍ လှည့်ဖျားသွေးဆောင်ရန် စာတန်နှင့် သူ၏အပေါင်းအပါတို့သည်ပင်လျှင် ဖြောင့်မတ်ခြင်း၏ အစေခံများကဲ့သို့ သူတို့ကို သူတို့ပြုကြ၏ (၂ ကော၊ ၁၁း၁၃-၁၅)။ သူတို့အသုံးပြုသောနည်းစနစ်များသည် ဖြောင့်မတ်ခြင်းအသက်တာ၌ မှန်ကန်စွာ အသက်ရှင်သောသူတို့ကို ညှဉ်းဆဲရန်ဖြစ်သည်။ (မဿဲ၊ ၅း၁၀၊ ၁ ပေတရု၊ ၃း၁၄)။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ အသက်တာထဲ၌ မှန်ကန်သော ဖြောင့်မတ်သောသူဖြစ်ခြင်းမှာ တိုက်ပွဲတစ်ခုဖြစ်ပါသည်။ သို့သော်လည်း အခြားတစ်ဖက်တွင် ထာဝရကာလနှင့်ဆိုင်သော ဆုသရဖူကို ရရှိလိမ့်မည်ဖြစ်သည် (၂ တိမောသေ၊ ၄း၆-၈)။ ဤစစ်ပွဲကာလအတောအတွင်း၌ ထာဝရဘုရားသည် သင့်အား သွေးဆောင်ခြင်း၊ လေ့ကျင့်ပေးခြင်းနှင့် သင်၏ စိတ်ထဲတွင် စစ်မှန်သော ငြိမ်သက်ခြင်းပေးနိုင်ကြောင်း သိမှတ်ပါ (ဟေဗြဲ၊ ၁၂း၁၁)။

## ၆။ ဆုတောင်းခြင်း

ဆုတောင်းခြင်းသည် ဘုရားသခင်နှင့် ဆက်သွယ်ခြင်းဖြစ်ပါသည်။ ဆုတောင်းခြင်းအကြောင်းကို သိရှိခြင်း၊ ဆင်ခြင်ခြင်းသို့မဟုတ် လေ့လာခြင်းသည် လက်တွေ့ကျင့်သုံးခြင်းမပါပါက အချည်းနှီး တန်ဖိုးမဲ့ဖြစ်ပါသည်။ ထိုတန်ဘိုးမှာ တစ်စုံတစ်ဦးသည် ဘုရားသခင်အား ဆုတောင်း၍ အဖြေရရှိရန် စောင့်မျှော်နေခြင်းပေါ်၌ တွေ့မြင်ရပါသည်။ ဆုတောင်း ခြင်းသည် အခွင့်အရေးတစ်ခုဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဆုတောင်းခြင်းသည် ဘုရားသခင်၏ ပလ္လင်တော် အတွင်းခန်း၌ ဝင်ရောက်ခြင်းဖြစ်ပါသည် (ဟေဗြဲ၊ ၄း၁၆)။

အဆက်မပြတ် ဆုတောင်းခြင်းအလေ့အထမှာ မိမိတို့၏ အသက်တာထဲ၌ ဘုရားသခင်၏ အလိုတော်ကို ရှာသော သူတို့၏ အကျင့်စရိုက်တစ်ခုဖြစ်ပါသည်။ ဤအကြောင်းကို ကနဦးအသင်းတော်ထဲ၌ ဥပမာရှိပါသည် (တမန်တော်၊ ၂း၄၂)။ ယေရှုသည် တပည့်တော်တို့အား အဘယ်သို့ ဆုတောင်းရမည်ကို (လုကာ၊ ၁၁း၁)။ လိုအပ်ချက်အရ “ပဌနာတော်”ကို သွန်သင်တော်မူ၏ (လုကာ၊ ၁၁း၂-၄)။ ဆုတောင်းခြင်းသည် သင်တို့၏ အလိုဆန္ဒများကို ဘုရားသခင်ဖြည့်ဆည်းပေးရန် လှုပသော စကားလုံး အသုံးအနှုန်းများကို သတိဝိရိယ ရှိစွာ ရွေးချယ်ရန် ကြိုးစားခြင်းမဟုတ်ပါ။ ဘုရားသခင်၏ အလိုတော်ထဲ၌ အချိန်အခါနှင့်အညီ ဆုတောင်းရန်ဖြစ်ပါသည် (၁ ယော၊ ၅း၁၄)။ ဆုတောင်းခြင်းသည် ဝိညာဉ်ပိုင်းဆိုင်ရာ ပဋိပက္ခများအတွက် အရေးကြီးဆုံးသော လက်နက်ဖြစ်ပါ သည် (ဧဖက်၊ ၆း၁၈)။

ဆုတောင်းခြင်းသည် ခမည်းတော်အား (ဧဖက်၊ ၅း၂၀။ မဿဲ၊ ၆း၉၊ ၁ ပေတရု၊ ၁း၁၇) သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးအားဖြင့် ဆုတောင်းရမည်ဖြစ်ကြောင်း ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ကျွန်ုပ်တို့အား မိန့်တော်မူထားပါသည်။ ဆုတောင်းခြင်း၌ ပုံမှန်အားဖြင့် အဓိကအချက်ငါးချက်ပါဝင်ပါသည်။ ဆုတောင်းခြင်း၏ ပထမအချက်မှာ အပြစ်ဒုစရိုက်များကို ဝန်ခံခြင်းဖြစ်ပါသည် (ဧဖက်၊ ၆၈) (ဆာလံ၊

၆း၁၈-၂၀၊ ဟေရှာယ၊ ၅၉း၂။ မဿဲ၊ ၆း၁၄။ ၁ယော၊ ၁း၉)။ ဤနေရာ၌ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် မိတ်သဟာရဖွဲ့ခြင်းတွင် နှောင့်ယှက်စေသော အကြောင်းတစ်စုံတစ်ခုရှိပါက ဖော်ထုတ်ဝန်ခံရန်ပင်ဖြစ်ပါသည်။ ဒုတိယအချက်မှာ ချီးမွမ်းခြင်းဖြစ်ပါသည်။ (မဿဲ၊ ၂၁း၁၆။ လုကာ၊ ၁၉း၃၇၊ ရောမ၊ ၁၄း၁၁၊ ၁၅း၁၁၊ ဧဖက်၊ ၁း၆၊ ၁၂-၁၄။ ဟေဗြဲ၊ ၁၃း၁၅) ချီးမွမ်းခြင်းသည် ဘုရားသခင်သည် မည်သူဖြစ်ကြောင်း သိမှတ်ပြုခြင်းနှင့် ကြည်ညိုလေးမြတ်ခြင်း ဖြစ်ပါသည်။ တတိယအချက်မှာ ကျေးဇူးတင်ရှိခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် မည်သည့်အရာကို ပြုတော်မူကြောင်း အသိမှတ်ပြုခြင်းနှင့် ကြည်ညိုလေးစားခြင်းဖြစ်ပါသည် (ဧဖက်၊ ၅း၂၀၊ သက်သာလောနိတ်၊ ၅း၁၈)။

စတုတ္ထအချက်မှာ ဆုတောင်းခြင်းသည် ကိုယ်စားပြုဆုတောင်းခြင်းဖြစ်ပါသည်။ အခြားသောသူများအတွက် ဆုတောင်းခြင်းကို ဆိုလိုပါသည် (ဧဖက်၊ ၆း၁၈၊ ဟေဗြဲ၊ ၇း၂၅)။ ပဉ္စမအချက်မှာ တောင်းလျှောက်ခြင်းဖြစ်ပါသည်။ မိမိကိုယ်တိုင်အတွက် လိုအပ်သည်များကို တောင်းခြင်းဖြစ်ပါသည် (ဟေဗြဲ၊ ၄း၁၆)။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကို သားတော်၏ နာမတော်၌ အဆုံးသတ်ရပါမည် (ယောဟန်၊ ၁၄း၁၃၊ ၁၅း၁၆)။

သင်၏အပြစ်များကို ဆုတောင်းခြင်းမပြုဘဲ မည်သည့်အချိန်၌မဆို ဝန်ခံနိုင်ပါသည်။ သင်သည် ကျေးဇူးတင်ခြင်း ဘုရားသခင်အား ချီးမွမ်းခြင်းနှင့် သင်၏လိုအပ်မှုသို့မဟုတ် တစ်စုံတစ်ဦးအတွက် မည်သည့်အချိန်၌မဆို သင်ရွေးချယ်၍ ဆုတောင်းနိုင်ပါသည်။

## ၇။ ကြီးထွားခြင်း

ကျွန်ုပ်တို့သည် ဤလောကထဲ၌ ကလေးသူငယ်အဖြစ် မွေးဖွားလာသည် နည်းတူ ကျွန်ုပ်တို့သည် ယေရှုခရစ် တော်ကို ယုံကြည်သောအခါ “ဒုတိယမွေးဖွားခြင်း”ကို ခံရပါသည် (ယော၊ ၃း၁၊ ၁၆)။ ကျွန်ုပ်တို့သည်ကလေးဘဝမှ လူကြီးဘဝသို့ ကြီးထွားလာသည့်နည်းတူ ခရစ်ယာန်အသက်တာ၌လည်း ကြီးထွားကြရပါသည်။ ကျွန်ုပ်တို့အား

ရင့်ကျက်သော သူများဟုခေါ်ပါသည်။ ထိုသို့ရင့်ကျက်သောသူဟူ၍ ခေါ်ခြင်းမှာ ကောင်းကင်ဘုံ၌ရှိသော ကျွန်ုပ်တို့၏ အဖကဲ့သို့ တူညီလာခြင်းဖြစ်ပါသည်။ (မဿဲ၊ ၅း၄၈) ထိုအရာမှာ ဤဘဝအသက်တာ၌ ဘယ်သောအခါ၌ ပြည့်စုံခြင်းသို့ မရောက်နိုင်ပါ (ဖိလိပ္ပိ ၃း၁၂-၁၅)။

ကျွန်ုပ်တို့၏ ကြီးထွားခြင်းဆိုင်ရာ ပထမအဆင့်၌ ကျွန်ုပ်တို့သည် ကိုယ့်ကိုကိုယ် ဘုရားသခင်ရှေ့တော်၌ "အသက်ရှင်၍ သန့်ရှင်းသော ယဇ်ပူဇော်ခြင်းကဲ့သို့" ဆိုလိုသည်မှာ ဘုရားသခင်၏ အစေကိုခံရန် ကျွန်ုပ်တို့၏ အသက်တာကို ဆက်ကပ်အပ်နှံခြင်း ဖြစ်သည်။ (ရောမ ၁၂း၁-၂) တဖန် ကျွန်ုပ်တို့၏အဖသည် ကျွန်ုပ်တို့အား "ကြီးထွားရန်" ကျွန်ုပ်တို့၏ အသက်တာထဲ၌ အမျိုးမျိုးသော စုံစမ်းခြင်းကို ယူဆောင်လာပါမည်။ (ယာကုပ်၊ ၁း၂-၄) ဤအရာများမှာ ဘုရားသခင်အားလည်း ရင့်ကျက်သော အခြေအနေသို့ရောက်ရှိသွားရန် ကူညီမစဖို့ ကျွန်ုပ်တို့အား အမျိုးမျိုးသော ဝိညာဉ်ပိုင်းဆိုင်ရာ ကျေးဇူးများ ရင့်ကျက်ခြင်းသည် "ကလေးအမူအကျင့်မှ လူကြီးအဖြစ်သို့ ရင့်ကျက်လာခြင်း" ဟူ၍ ဖော်ပြထားပါသည် (၁ ကော၊ ၁၃း၁၁)။ ရင့်ကျက်သောသူသည် သူ၏လုပ်ဆောင်ချက်များ၌ ကြီးထွားလာမည်ဖြစ်ပါသည်။ (မဿဲ၊ ၁၉း၂၁) အပြောအဆို (ယာကုပ်၊ ၃း၁-၂) အတွေးအခေါ်များ (၁ ကော၊ ၁၄း၂၀) တို့၌ ကြီးထွားလာမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ရင့်ကျက်ခြင်းအတိုင်းအတာကို ဤဧရိယာထဲ၌ အဆက်မပြတ်တည်ရှိခြင်းအပေါ်၌ အခြေပြု၍ ပိုင်းခြားနိုင်ပါ သည်။ ကလေးဆန်သော အမူအကျင့်များ (အတ္တဆန်ခြင်း) ကြမ်းတမ်းစွာ ပြောဆိုခြင်း (အတင်းအဖျင်းပြောခြင်း) ညစ်ညမ်းသောတွေးခေါ်ခြင်း (ဝါကြွားခြင်း) တို့၌ ပို၍များလာ ခြင်း၊ နည်းလာခြင်း၊ ပုံမှန်ဖြစ်ခြင်းရှိပါသလား။ အကယ်၍ ကလေးဆန်သော အမူအကျင့်များ နည်းပါးလာပါက ပို၍ရင့်ကျက်လာသည့်သဘော ဖြစ်ပါသည်။

သမ္မာကျမ်းစာထဲ၌ ရင့်ကျက်သော အသက်တာပိုင်ဆိုင်ရန် များစွာသော ပုံဥပမာများကို ဖော်ပြထားပါသည်။ ရင့်ကျက်ခြင်းသည် အတ္တကင်းစင်ခြင်း (မဿဲ၊

၁၉း၂၁)၊ နိမ့်ချခြင်း (ဖိလိပ္ပိ၊ ၃း၁၂-၁၅)၊ ဇဝံဂေလိစိတ် အားထက်သန်ခြင်း(ကောလောသဲ၊ ၁း၂၈) စသည်တို့ဖြစ်ပါသည်။ ထို့အပြင် တစ်ခြားသောသူများအတွက် ကိုယ်စားပြုခြင်း (ကောလောသဲ၊ ၄း၁၂)နှင့် ဝိညာဉ်ပိုင်းဆိုင်ရာ လွတ်လပ်မှုကို ခန့်ငြားစွာ အသုံးပြုခြင်း၊ တစ်ကိုယ်ကောင်းမဆန်ခြင်း၊ သွေးဆောင်ခြင်းသို့ မလိုက်ပါခြင်း (ယာကုပ်၊ ၁း၂၅၊ ဂလာတိ၊ ၅း၁-၁၃)ဖြစ်သော ရင့်ကျက်ခြင်းသည် တစ်စုံတစ်ဦးအား ဘုရားသခင်၏ ဖြောင့်မတ်ခြင်း စံချိန်၌ ကြီးထွားခြင်းကို ဖော်ပြထားပါသည် (ဟေဗြဲ၊ ၅း၁၂-၁၄)။ ရင့်ကျက်သောသူတစ်ဦးသည် ဘုရားသခင်၏ ကျေးဇူးတော်ပေါ်၌ မှီခိုရန် သင်ယူပါသည် (၁ ကော၊ ၁၂း၉)။ ကောင်းမြတ်သောအရာအားလုံးတို့မှာ ဘုရားသခင်ထံမှ လာကြောင်း သိမှတ်တော်မူသည် (ယာကုပ်၊ ၁း၁၇)။ ကျွန်ုပ်တို့၏ အသက်တာသည် အဘယ်သို့သော အားဖြင့် ရင့်ကျက်ခြင်းသို့ ရောက်ရှိလာသည့်အကြောင်းကို အမြင့်မားဆုံး ဖွင့်ပြခြင်းမှာ ကျွန်ုပ်တို့၏ အသက်တာထဲမှ ကြောက်ရွံ့ခြင်းကို ဖယ်ရှားစေရန် ဘုရားသခင်နှင့် မိတ်သဟာရဖွဲ့ခြင်း၌ ကြီးထွားခြင်း အတိုင်းအတာပင် ဖြစ်ပါသည် (၁ ယော၊ ၄း၁၇-၁၉)။

## ဂ။ ချစ်ခြင်းမေတ္တာ

ချစ်ခြင်းမေတ္တာသည် ခရစ်ယာန်အသက်တာ၌ အရေးအကြီးဆုံးဖြစ်ကြောင်း ယေရှုခရစ်တော်ကိုယ်တိုင် မိန့်တော် မူထားပါသည်။ ရှင်မာကုခရစ်ဝင်ကျမ်းထဲ၌ ယေရှုသည် (တရား၊ ၆း၄-၅)ကို ကိုးကားပြီး အကြီးမားဆုံးသော ပညတ်တရားကို ထင်ရှားဖော်ထုတ်ခဲ့ပါသည်။ သူမိန့်တော်မူသည်မှာ "သင်၏ ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့" ဟူ၍ ဖြစ်ပါသည် (မာကု၊ ၁၂း၂၉-၃၀)။ တစ်ဖန် ယေရှုပညတ်တရားမှာ "ကိုယ်နှင့် စပ်ဆိုင်သော သူကို ကိုယ်နှင့်အမျှချစ်လော့" ဖြစ်ကြောင်း မိန့်တော်မူထားပါသည် (မာကု၊ ၁၂း၃၁)။ ကျွန်ုပ်တို့သည် သူ့အား ချစ်ကြရပါမည်။ အဘယ်ကြောင့်ဆိုသော် သူသည် ကျွန်ုပ်တို့အား ပထမချစ်ပါသည် (၁ ယော၊ ၄း၁၉)။ အကယ်၍ ကျွန်ုပ်တို့သည် သူ့အား

အမုန်ချစ်ကြပါလျှင် ကျွန်ုပ်တို့သည် ညီအစ်ကိုများကိုလည်း အမုန်ချစ်ကြရမည် ဖြစ်ပါသည် (၁ ယော၊ ၄း၂၀-၂၁)။ ကျွန်ုပ်တို့ပြောဆိုသော ချစ်ခြင်းမေတ္တာမှာ လူတို့သည် တစ်ဦးအပေါ် တစ်ဦး ထားရှိသော မေတ္တာမျိုးကို ဆိုလိုခြင်းမဟုတ်ပါ။ သန့်ရှင်းသော ဝိညာဉ်တော်ထံမှလာသောချစ်ခြင်းမေတ္တာဖြစ်ပါသည် (ဂလာတိ၊ ၅း၂၂)။ ထို့အပြင်စိတ်ခံစားမှုအားဖြင့်ဖြစ်ပေါ်စေသော ချစ်ခြင်းသဘောမျိုးလည်းမဟုတ်ပါ။ သို့သော် စိတ်ခံစားမှုလည်း ပါဝင်နိုင်ပါသည်။

ချစ်ခြင်းမေတ္တာသည် အဓိပ္ပါယ်သတ်မှတ်ခြင်းထက် ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဖော်ထုတ်ထားပါ သည်။ ချစ်ခြင်းမေတ္တာနှင့်ပတ်သက်၍ အံ့သြဖွယ်ဆုံးသောကျမ်းချက်မှာ (၁ ကောရိန္သု ၁၃) ဖြစ်ပြီး၊ အရေးကြီးပုံအားဖြင့် ကျွန်ုပ်တို့ကိုအစပြု၍သွန်သင်ထားပါသည်။ ဝိညာဉ်ပိုင်းဆိုင်ရာ ဆုကျေးဇူးမှာ မည်သို့သော ကောင်းသည့်အရာကို ပြုသည် သို့မဟုတ် မည်သို့သောပူဇော်ခြင်းအမှုကို ကျွန်ုပ်တို့ ပြုသည် အကြောင်းမှာအရေးကြီးပြဿနာမဟုတ်ပါ။ အကယ်၍ ကျွန်ုပ်တို့သည် ထိုအမှုအရာများကို ချစ်ခြင်းမေတ္တာဖြင့်မပြုပါက ကျွန်ုပ်တို့သည်ခရစ်ယာန်အသက်တာ၏ လိုရင်းအချက်ကိုလွဲနေပြီး ဖြစ်ပါသည် (၁ ကော၊ ၁၃း၁-၃)။ ထို့နောက် တမန်တော်ရှင်ပေါလုသည် ချစ်ခြင်းမေတ္တာကိုဖော်ပြချက် ၁၉၇တစ်ဆယ့်ခြောက်ခု ကို ဖော်ပြထားပါသည် (၁၃း၄-၈)။ တစ်စုံတစ်ဦး၌ရှိသောချစ်ခြင်းမေတ္တာနှင့် ပတ်သက်၍ ကောင်းသော စမ်းသပ်ချက်တစ်ခုမှာ "ကျွန်ုပ်တို့စိတ်ရှည်ပါရဲ့လား"ဟူသောမေးခွန်းကဲ့သို့ "ကျွန်ုပ်မှာ" စသည်ဖြင့် အရည်အသွေးရှိမရှိစစ်ဆေးခြင်းပင် ဖြစ်ပါသည်။ အကယ်၍ အဖြေမှာ "မဟုတ်ပါ"ဟူ၍ဖြစ်ပါက တစ်စုံတစ်ဦး၏အသက်တာထဲ၌ ချစ်ခြင်းမေတ္တာ ဟာနေပြီဖြစ်၏။ ချစ်ခြင်းမေတ္တာနှင့်လုပ်ဆောင်ချက်များမှာ (ရောမ၊ ၁၂း၉-၂၁) ၌ဖော်ပြ ထားပါသည်။

"လောက"သည်ကျွန်ုပ်တို့ထံမှ ဘုရားသခင်အလိုရှိတော်မူသော ချစ်ခြင်းမေတ္တာ၏ရန်သူဖြစ်ပါသည်။ "လောက" ဟူသောစကားလုံးသည် မကြာခဏဆိုသလို

စာတန်သည် ကျွန်ုပ်တို့အားဘုရားသခင်၏ အလိုတော်မှကင်းဝေးစေရန် ကြိုးစား အားထုတ်မှုတွင် အသုံးပြုသောအရာများကို ညွှန်းဆိုပြပါသည်။ ကျွန်ုပ်တို့သည် လောက နှင့်စပ်ဆိုင်သောအရာများ ကိုတပ်မက်လိုချင်သောချစ်ခြင်း ရှိသောအခါကျွန်ုပ်တို့သည် ဘုရားသခင်ကိုအပြည့်အဝချစ်ကြရန် မတတ်စွမ်းနိုင်တော့ပါ (၁ ယော၊ ၂း၁၅)။

## ၉။ ဒုက္ခဆင်းရဲခံရခြင်း

ဒုက္ခဆင်းရဲခံရခြင်း၏ဆိုလိုရင်းမှာ နာကျင်ခြင်းဝေဒနာကို ပြင်းပြစွာ ခံရခြင်း ဖြစ်ပါသည်။ ကိုယ်ကာယပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ နှစ်ခုစလုံး ဖြစ်နိုင်ပါသည်။ ယေရှုခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်၌ ကျွန်ုပ်တို့၏ အပြစ် ဒုစရိုက်များအတွက် အဖိုးအခကိုပေးရန် အကြီးမားဆုံးသောဒုက္ခဆင်းရဲခြင်း ဝေဒနာကို ခံရကြောင်း တွေ့မြင်ရပါသည် (၁ ပေတရု၊ ၂း၂၁-၂၄၊ ၄း၁၊ ၅း၁) (လုကာ၊ ၉၊ ၂၂း၁၅)။

အစောပိုင်း၌ခရစ်ယာန်အသက်တာ၌ရင့်ကျက်ခြင်းဆိုင်ရာ တည်ဆောက်မှု တို့ကိုကျွန်ုပ်တို့ဖော်ပြထားပါသည်။ မတရားသဖြင့်ခံရသော ဒုက္ခဆင်းရဲခြင်းသည် ကျွန်ုပ်တို့အားရင့်ကျက်သောအသက်တာသို့ ပို့ဆောင်ပေးသောစစ်ဆေးခြင်း အပိုင်းတစ်ခုဖြစ်ပါသည် (၁ ပေတရု၊ ၅း၁၀)။ ကျွန်ုပ်တို့၏ သက်သေခံခြင်းနှင့် တည်ကြည်ခြင်းတို့အတွက် ဘုရားသခင် သည် ထာဝရကာလဆုချပေးတော်မူလိမ့်မည် (၁ ပေတရု၊ ၂း၁၉-၂၀။ ၂ကော၊ ၄း၁၇)။ ကျွန်ုပ်တို့၏သက်သေခံခြင်းမှာ မထိုက်တန်ဘဲ ဒုက္ခဆင်းရဲခံရသော အချိန်အတောအတွင်း၌ ဘုရားသခင်အားကျွန်ုပ်တို့၏ ကိုးစားမှုပေါ်၌ အခြေပြုထားပါသည် (၁ ပေ၊ ၄း၁၉)။

ဖြောင့်မတ်ခြင်းတရားကြောင့်ဒုက္ခဆင်းရဲခံရခြင်းမှာ ကောင်းကြီး မင်္ဂလာ တစ်ပါးဖြစ်ပါသည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ အမှန်ဖြစ်သည်ဟု အောက်မေ့လျက် မှန်သောအရာကို ပြုခြင်းဖြစ်ပါသည် (၁ပေတရု၊ ၃း၁၄-၁၇။ ၄း၁၄)။ မတရားသဖြင့် ဒုက္ခဆင်းရဲခံရခြင်းမှာ မကြာခဏဆိုသလို အခွင့်အာဏာရှိသောသူတို့မှ လာတတ်

ပါသည်။ အဘယ်ကြောင့် ဆိုသော်ယုံကြည်သူတို့သည် ခရစ်တော်၏ နောက်လိုက်များဖြစ်ကြသောကြောင့် နာကျင်စေခြင်းကို ခံရလေ့ရှိသည်။ ထိုအရာမှာ ခရစ်ယာန်တိုင်းတို့သည် ဒုက္ခဆင်းရဲခံရခြင်းအကြောင်းတစ်ခုဖြစ်ပါသည် (ဖိလိပ္ပိ၊ ၁း၂၇-၃၀)။

ယေရှုခရစ်တော်၏ ဒုက္ခဆင်းရဲခံရခြင်းကို သက်သေခံသောတမန်တော်ရှင်ပေတရုသည် (၁ပေတရု၊ ၅း၁) ကျွန်ုပ် တို့အားသူ၏ဒုက္ခဆင်းရဲခံရခြင်းများ၌ ဝမ်းမြောက်ခြင်း ရှိကြရန်ပြောဆိုခဲ့ပါသည် (၁ ပေတရု ၄း၁၃-၁၆)။

သူသည်ဒုက္ခဆင်းရဲခြင်းအကြောင်းကိုခံရခြင်းမှာ လောကီသားတို့သည် ယေရှုခရစ်တော်ကို မုန်းတီးခဲ့ကြသည် နည်းတူသူ၏ နောက်လိုက်များကိုလည်း မုန်းတီးကြပါသည် (ယောဟန်၊ ၁၅း၁၈-၂၀။ ၁ပေတရု၊ ၄း၁၂)။ ခရစ်တော်၏ ဒုက္ခဆင်းရဲခံရခြင်းသည်သာလျှင် အပြစ်အတွက် အဖိုးအခကို ပေးဆပ်တော်မူခဲ့ပါသည်။ ကျွန်ုပ်တို့၏လုပ်ဆောင်ချက်ကြောင့် မဟုတ်ပါ။ သို့သော်လည်း သူ၏ဒုက္ခဆင်းရဲခံရခြင်းကို ဝေမျှခံစားရခြင်းအားဖြင့်သူသည် ကျွန်ုပ်တို့ ကိုယ်စားဒုက္ခဝေဒနာခံရသည်ကို ကျွန်ုပ်တို့နားလည်ရပါသည်။ သို့ဖြစ်၍ကျွန်ုပ်တို့သည် ဤသို့သောဒုက္ခဆင်းရဲခံရခြင်းတွင် ရှက်ကြောက်ခြင်း ရှိဖို့ရန်မဟုတ်ပါ (၁ ပေတရု၊ ၄း၁၆)။ အခြားသော ခရစ်ယာန်များတို့သည်လည်း ဒုက္ခဆင်းရဲခြင်းထဲတွင်ပါဝင်နေကြောင်း တွေ့ရပါသည် (၁ပေတရု၊ ၅း၉)။ သူတို့ကိုသူတို့ဘုရားသခင်၏နိုင်ငံတော်၌ ထိုက်တန်ခြင်းကိုခံစားကြောင်းသက်သေပြပါသည် (၂ သက်သာ၊ ၁း၅)။ ကျွန်ုပ်တို့သည် ဤကဲ့သို့သော ဒုက္ခဆင်းရဲခြင်းကို ကြောက်ရွံ့ဖို့ရန်မဟုတ်ပါ (ဗျာဒိတ်၊ ၂း၁၀)။

ကျွန်ုပ်တို့သည်အပြစ်ဒုစရိုက်များအတွက် ဒုက္ခဆင်းရဲခံရသောအခါ ကျွန်ုပ်တို့ကျူးလွန်ခြင်းအတွက် ထိုက်တန်သော ဒုက္ခဆင်းရဲဖြစ်ကြောင်း ခရစ်ယာန်အသက်တာထဲ၌ ထိုကဲ့သို့ခံရန် ဆန္ဒမရှိသင့်ကြောင်းပေတရုသည် ကျွန်ုပ်တို့အား သတိပေးတားမြစ်ထားပါသည် (၁ပေတရု၊ ၄း၁၅)။ မည်သည့်အပြစ်မဆိုကြီးမားသော ဒုက္ခဆင်းရဲကိုခံစားစေရန် ထိုက်တန်ပါသည် (လုကာ၊ ၁၃း၁-၅)။

## ၁၀။ စည်းမျဉ်းစည်းကမ်း

“စည်းမျဉ်းစည်းကမ်း” ဟူသောစကားလုံးကို (ဂရိစကားလုံး PAITEYO) ဖြစ်ပြီး သွန်သင်ခြင်းလေ့ကျင့် ပျိုးထောင်ခြင်းအကြောင်းလုံလောက်သောနာကျင်ခြင်း ဝေဒနာကိုယူဆောင်လာကြောင်းပါဝင်ပါသည်။ ဥပမာ (ရှင်လုကာ၊ ၂၃း၁၆-၂၂)၌ အကျဉ်းသားတစ်ဦးကို ရိုက်ပုတ်ခြင်းအကြောင်းဖော်ပြထားပါသည်။ ထိုသို့ဖြစ်မှ သူတို့သည် မိမိတို့၏ အမူအကျင့်များကိုပြောင်းလဲသွားမည်ဖြစ်ပါသည်။ (“အကျဉ်းသား” သခင်ယေရှုခရစ်တော်ပေါ်၌ဖြစ်ပျက်သကဲ့သို့ ပိလတ်မင်းသည် ဆုံးမကာလွှတ်ပေးရန် အလိုရှိခဲ့ပါသည်)။ ဤနေရာ၌ပညာပေးခြင်း သဘောလည်းပါရှိပါသည် (တမန်၊ ၇း၂၂။ ၂၂း၃)။ သခင်ဘုရားသည်အသင်းတော်ကာလ ယုံကြည်သူတို့ကိုအခြားသော သူတို့အား သင်ကြားလေ့ကျင့်ပေးသော နေရာ၌ထားရှိသောအခါ ထိုအရာကို နူးညံ့သိမ်မွေ့စွာ လုပ်ဆောင်ရန်ဖြစ်ပါသည် (၂တိမောသေ၊ ၂း၂၄-၂၆)။

စည်းမျဉ်းစည်းကမ်းပြုခြင်းသည် ဒုက္ခဆင်းရဲခြင်းနှင့်ထပ်တူထပ်မျှ ဝေဒနာခံရခြင်းလည်းပါဝင်ပါသည်။ ဒုက္ခဆင်း ရဲခံရခြင်းသည် ထိုက်တန်သည်ဖြစ်စေ မထိုက်တန်ဘဲခံရသော ဝေဒနာသဘောပိုမို၍ပါရှိပါသည်။ စည်းမျဉ်းစည်းကမ်းသည် သွန်သင်လေ့ကျင့်ခြင်းအတွက် လိုအပ်သောဝေဒနာများနှင့် ပတ်သက်ပါသည်။ ကျွန်ုပ်တို့အား လေ့ကျင့်ပျိုးထောင် ခြင်းမှာ အကျင့်စာရိတ္တကိုတည်ဆောက်ခြင်းသို့မဟုတ် ကျွန်ုပ်တို့သည်လမ်းလွဲသွားသောအခါ ကျွန်ုပ်တို့၏စိတ်နှလုံး သို့မဟုတ် အပြစ်ဒုစရိုက်ကျူးလွန်ခြင်းများမှ ပြောင်းလဲခြင်းသို့ရောက်ရန် ရည်ရွယ်ချက်အားဖြင့် မခံသင့်ဘဲခံရသော ဒုက္ခဆင်းရဲခြင်းများလည်းပါဝင်ပါသည် (၁တိ၊ ၁း၁၈-၂၀)။

ဘုရားသခင်ကိုကြောက်ရွံ့ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းမှာ ဖခင်တစ်ဦးသည် သူ၏သားကို ဆုံးမလေ့ကျင့်ပေးသကဲ့သို့ အကျင့်စာရိတ္တများကို ပြုပြင်တည်ဆောက်ပေးရန် ရည်ရွယ်ချက်ပင်ဖြစ်ပါသည် (ဧဖက်၊ ၆း၄။ ဟေဗြဲ၊ ၁၂း၇)။ ထိုအရာမှာ အဆက်မပြတ်ဆက်လက်၍ ဖြောင့်မတ်ခြင်းကိုကျင့်ရန် တည်ဆောက်ပေးခြင်းနှင့်

ဘဝတစ်ခုလုံး၌ အဆုံးတိုင်အောင်ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အသုံးပြုရန်ဖြစ်ပါသည် (၂ တိမောသေ၊ ၃း၁၆-၁၇)။ စည်းမျဉ်းစည်းကမ်း သွန်သင်ခြင်းခံရစဉ်တွင် ဝမ်းမြောက်ခြင်းမရှိနိုင်ပါ။ သို့သော်လည်း ထိုအကျိုးရလာဒ်မှာ တန်ဘိုးကြီးလှပါသည် (ဟေဗြဲ၊ ၁၂း၁၁)။ အပြစ်တရားအတွက် ပေးဆပ်ရသောတန်ဘိုးမှာ ကျွန်ုပ်တို့အား ဤသို့သော လေ့ကျင့်ပျိုးထောင်ခြင်း၏ အရေးကြီးပုံကို နားလည်စေရန် ပို့ဆောင်ပေးပါသည် (တိတု၊ ၂း၁၁-၁၂)။

မြေကြီးနှင့်ဆိုင်သော ဖခင်များသည်ဒေါသထွက်လျက် စည်းမျဉ်းစည်းကမ်းဖြင့် အုပ်ချုပ်နိုင်သည်။ ကျွန်ုပ်တို့၏ ကောင်းကင်ဘုံအဖသည် သူ၏မေတ္တာအားဖြင့် စည်းမျဉ်းစည်းကမ်းကိုလေ့ကျင့်ပေးပါသည် (ဗျာဒိတ်၊ ၃း၁၉)။ သူသည် ကျွန်ုပ်တို့အား သူ၏ချစ်ခြင်းမေတ္တာအားဖြင့် လေ့ကျင့်ပျိုးထောင်ပေးပါသည်။ ထို့ကြောင့် သူသည် အမှားများကိုပြုပြင်ပေးသောအခါ ကျွန်ုပ်တို့သည် စိတ်ဓာတ်ကျဖို့ရန် မဟုတ်ပါ (ဟေဗြဲ၊ ၁၂း၅)။ စည်းမျဉ်းစည်းကမ်းပြုခြင်း၌ ဘုရားသခင်၏ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့သည် လောကနှင့် အပေးအယူမလုပ်ရန် (၁ကော၊ ၁၁း၃၁-၃၂)ဖြစ်ပါသည်။ သို့ဖြစ်၍ ယုံကြည်သူသည် သခင်ဘုရား၏ပဲ့ပြင်တော်မူခြင်းကို ကြိုဆိုရပါသည် (ဟေဗြဲ၊ ၁၂း၈)။

## ၁၁။ သမ္မာကျမ်းစာလေ့လာခြင်း

ဘုရားသခင်နှုတ်ကပတ်တော်လေ့လာခြင်း အရေးကြီးပုံကိုလျှံပြီး အလေးအနက်ထား၍မရပါ။ ထိုအရာမှာ ဘုရားသခင်သည် ကျွန်ုပ်တို့အားသူနှင့်အတူ ပူးပေါင်းဆက်သွယ်ရန်ပို့ဆောင်ပေးသော လမ်းပြစာအုပ်ဖြစ်ပါသည် (၁ကော၊ ၂း၁၆)။ ဤလေ့လာခြင်းတစ်ခုလုံးမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်အရေးကြီးပုံအပေါ်၌ အခြေပြုထားပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အရှည်အလျားကိုသတ်မှတ်၍မရပါ။ ထိုအရာမှာနေ့စဉ်အခြေပြု၍ လေ့လာခြင်းရှိရပါမည်။

## ၁၂။ ဝတ်ပြုကိုးကွယ်ခြင်း

ဝတ်ပြုကိုးကွယ်ခြင်းသည် ယေရှုခရစ်တော်အား ချီးမြှောက်ခြင်း ဖြစ်ပါသည်။ ထိုအရာ၌သူသည်မည်သူ ဖြစ်ကြောင်း မည်သည့်အမှုကိုပြုတော်မူကြောင်း ပါဝင်သည်။ သူအားသိမှတ်စွဲလန်းကာ ချီးမွမ်းခြင်း ပြုထိုက်ပါသည်။ ယေရှုသည်သာလျှင် စစ်မှန်သော ချီးမွမ်းခြင်းကို ခံထိုက်သောသူဖြစ်ကြောင်း (ဗျာဒိတ်၊ ၅း၁-၇)၊ ကောင်းကင်သည်လည်း ထာဝရဘုရားကိုဝတ်ပြုကိုးကွယ်ခြင်းဖြစ်ကြောင်း သိမြင်တော်မူလိမ့်မည် (ဗျာဒိတ်၊ ၄း၉-၂၂)။

မယုံကြည်သောသူတို့သည် ဖန်ဆင်းရှင်ကို ဝတ်ပြုကိုးကွယ်ရမည့်အစား ဖန်ဆင်းထားသောအရာများကို ဝတ်ပြုကိုးကွယ်၍ အစေခံကြပါသည် (ရောမ၊ ၁း၂၅)။ စာတန်ကိုယ်တိုင်ပင်လျှင် ဝတ်ပြုကိုးကွယ်ခြင်းကို ခံရန်အလိုရှိသည် (လုကာ၊ ၄း၇)။ သို့သော်လည်း ဘုရားသခင်သည်သာလျှင် ကျွန်ုပ်တို့ဝတ်ပြုကိုးကွယ်ရမည့် တစ်ပါးတည်းသာဖြစ်ပါသည်။ (လုကာ၊ ၄း၈)။ တစ်ချို့သောလူသည် ကောင်းကင်တမန်များကို ဝတ်ပြုကိုးကွယ်ကြ၏ (ကောလောသဲ၊ ၂း၁၈)။ လူတို့သည်ဖန်ဆင်း အပ်သော အရာများကို ဝတ်ပြုကိုးကွယ်လိုသောဆန္ဒ၏အကျိုးရလဒ်အနေဖြင့် သူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်မှလွဲ၍ တစ်ခြားသော ပညတ်ချက်များကိုလည်း ဝတ်ပြုကိုးကွယ်ကြပါလိမ့်မည် (မာကု၊ ၇း၇)။ သူတို့သည် ဝတ်ပြုကိုးကွယ်ရန် ထိုက်တန်သောသူကို ဝတ်ပြုကိုးကွယ်မည့်အစား ဝတ်ပြုကိုးကွယ်သောနေရာကိုပင် ဝတ်ပြုကိုးကွယ်ကြလိမ့်မည် (ယောဟန်၊ ၄း၂၀-၂၂)။

စစ်မှန်သောဝတ်ပြုကိုးကွယ်ခြင်းသည် ကျွန်ုပ်တို့၏အသက်တာထဲ၌ သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်လုပ်ခြင်း၊ ယေရှုခရစ်တော်အား ဝတ်ပြုကိုးကွယ်ထိုက်သောသူ ဖြစ်ကြောင်း ဖွင့်ပြတော်မူခြင်းအားဖြင့် လာပါသည်။ (ယောဟန်၊ ၄း၂၃-၂၄။ ဖိလိပ္ပိ၊ ၃း၂-၃)။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော်အားချီးမွမ်းနိုင်ပါမည်။ ဤအရာမှာအစေခံဖို့ရန်အတွက် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာများကို သူ့အား ဆက်ကပ်

အပ်နှံခြင်း (ရောမ၊ ၁၂း၁-၂)။ သူ၏နှုတ်ကပတ်တော်ကို ယုံကြည်ခြင်းအားဖြင့် လက်ခံခြင်း ဖြစ်ပါသည် (ဟေဗြဲ၊ ၁၁း၂၁)။

ဝတ်ပြုကိုးကွယ်ခြင်းတွင် မြောက်များစွာသောပုံသဏ္ဌာန်များရှိနေသည်ဖြစ်ရာ နေရာ၊ ရာထူးများ သို့မဟုတ် လုပ်ဆောင်ချက်များသည် သမ္မာကျမ်းစာထဲ၌ ပညတ်ဖော်ပြထားခြင်းဖြစ်ပါသည်။ တစ်စုံတစ်ယောက်သောသူ၏ ဝိညာဉ်သဘောရှိခြင်း သို့မဟုတ် ရင့်လာခြင်းတို့ကိုသူ၏ ဝတ်ပြုကိုးကွယ်ခြင်းအားဖြင့် တရားဝင်ဖြစ်စေပါသည်။

## ၁၃။ တပည့်တော်များကို မွေးထုတ်ခြင်း

ကြီးမားသောစေလွှတ်ခြင်း၌ ယေရှုသည်သူ၏တပည့်တော်တို့အား "သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကို ပေးကြလော့" ဟူ၍ မိန့်တော်မူထားပါသည် (မဿဲ၊ ၂၈း၁၈)။ တပည့်တော်တစ်ဦးဆိုသည်မှာ သခင်ယေရှုခရစ်တော်၏ နောက်ကိုလိုက်ရန် ရွေးချယ်ခြင်းကိုခံရပြီး နှုတ်ကပတ်တော်ကို သင်ကြားလေ့လာသောသူဖြစ်ပါသည်။ တပည့်တော်ဟူသည်မှာ ကယ်တင်ခြင်းသို့ ရောက်သောသူအဆင့်မျှသာ မဟုတ်ပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင်ကြားလေ့လာ၍ထိုနှုတ်ကပတ်တော် အတိုင်းအသက်ရှင်သောသူသာလျှင် တပည့်တော်ဖြစ်ပါသည်။

## အပိုင်း (၂)

# ခရစ်ယာန်အသက်တာဇော်စုပေါင်းဖွဲ့စည်းမှု

## ဘဝဇော်တန်ဖိုး

### က။ သင်ကြားခြင်း

ယေရှုသည်ကြီးမားသောစေခိုင်းခြင်းကို ပေးတော်မူသောအခါ သူ၏ဆုံးမသွန်သင်ခြင်းထဲ၌ "ငါသည်လည်း ကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့် အတူအစဉ်မပြတ်ရှိမည်" ဟူ၍ မိန့်တော်မူထားပါသည် (မဿဲ၊ ၂၈း၂၀)။ ယေရှုသည် ဓမ္မဆရာတပါးဖြစ်ပါသည် (မဿဲ၊ ၄း၂၃။ ၅း၂။ ၇း၂၉။ ၉း၃၅၊ ၁၁း၁၊ ၁၃း၅၄၊ ၂၁း၂၃၊ ၂၂း၂၆၊ ၂၆း၅၅၊ ၂၈း၁၅)။ သူ၏ တပည့်တော်များ တို့သည်လည်း သူတို့အား သွန်သင်တော်မူသည့်အတိုင်း အစပြု၍သင်ကြားခဲ့ကြပါသည် (တမန်၊ ၄း၂-၁၈။ ၅း၂၁-၂၅၊ ၂၈၊ ၄၂၊ ၁၁း၂၆၊ ၁၅း၁-၃၅၊ ၁၈း၁၁-၂၅၊ ၂၀း၂၀၊ ၂၁း၂၁၊ ၂၈)။

သင်ကြားခြင်းသည်ဆုံးမသွန်သင်ခြင်းကို ပေး၍ ဟောပြောခြင်းသည် အားပေးနှိုးဆော်ခြင်းကိုပေးပါသည် (ကောလောသဲ၊ ၁း၂၈၊ ၃း၁၆)။ ထိုနှစ်ခုစလုံးတို့မှာ အသင်းတော်အတွက်အရေးကြီးပါသည်။ တမန်တော်ရှင်ပေါလုသည် တိမောသေအား ဆုံးမသွန်သင်ခြင်းကိုပေးသောအခါ အခြားသော သူတို့ကိုလည်း သင်ကြားပေးရန်

ပြောကြားခဲ့ပါသည်။ ထို့ကြောင့်သူတို့သည်လည်း အခြားသော သူတို့ကိုသင်ကြားပေးမည် ဖြစ်ပါသည် (၁တိ၊ ၄း၁၁။ ၆း၂။ ၂တိ၊ ၂း၂)။ ဤသို့သောအားဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်သည် မျိုးရိုးစဉ်ဆက် တစ်ခုမှတစ်ခုသို့ အဘယ်သို့ ဆက်ခံရမည်ကြောင်း သွန်သင်ချက် ဖြစ်ပါသည်။

တချို့သောသူတို့အား ဓမ္မဆရာဖြစ်သောဆုကျေးဇူးကိုပေးထားပါသည် (ရောမ၊ ၁၂း၇)။ သို့ရာတွင်ယုံကြည်သူများ အားလုံးတို့အားသင်ကြားပေးရန် ခေါ်ထားပါသည် (ဟေဗြဲ၊ ၅း၁၂-၁၄)။

## ၁။ မိတ်သဟာရဖွဲ့ခြင်း

မိတ်သဟာရဖွဲ့ခြင်းသည် ကနဦးအသင်းတော်၌ အရေးကြီးသော အပိုင်းဖြစ်ပါသည် (တမန်၊ ၂း၄၂)။ ဆိုလိုသည်မှာ တစ်စုံတစ်ယောက်သောသူအား ကိုယ်ကာယပိုင်းဆိုင်ရာလိုအပ်သောအရာများသာမက (ရောမ၊ ၁၅း၂၆။ ၂ကော၊ ၈း၄။ ၉း၁၃။ ဟေဗြဲ၊ ၁၃း၁၆) ဝိညာဉ်ပိုင်းဆိုင်ရာ လိုအပ်သောအရာများကိုပါ ဝေမျှရန်ဖြစ်ပါသည်။ (၁ယော၊ ၁း၃-၇) မိတ်သဟာရဖွဲ့ခြင်း၌ ပူးပေါင်း၍ ဝတ်ပြုကိုးကွယ်ခြင်းလည်း ပါဝင်ပါသည်။ ထိုအရာမှာ အခန်း (၁) တွင်ဖော်ပြထားသော တစ်ဦးချင်းနှင့်ဆိုင်ရာ ဆွေးနွေးတိုင်ပင်ခြင်း ဖြစ်ပါသည်။ ထာဝရဘုရားအားအတူတကွ ဝတ်ပြုကိုးကွယ်ခြင်းသည် တစ်ဦးခြင်း ဝတ်ပြုကိုးကွယ်ခြင်းမှ အပြင်သို့ စီးထွက်လာသော တိုးပွားခြင်းတစ်ခုဖြစ်ပါသည်။ အခြားသောယုံကြည်သူများနှင့်အတူ ဝိညာဉ်ပိုင်းဆိုင်ရာ၌ မိတ်သဃာရဖွဲ့ခြင်းသည် (၂ ကော ၆း၁၄)။ ယေရှုခရစ်တော်နှင့် ကျွန်ုပ်တို့၏ မိတ်သဃာရဖွဲ့ခြင်းအပေါ်တွင် အခြေခံထားပြီး၊ သန့်ရှင်းသောဝိညာဉ်တော်နှင့် ကျွန်ုပ်တို့၏ မိတ်သဃာရဖွဲ့ခြင်းအားဖြင့် ပေါ်ထွက်လာပါသည် (၂ ကော၊ ၁၃း၁၄။ ၁ယော၊ ၁း၇)။ အဓိကအရာမှာ ကောင်းသော အမှုကိုပြုရန် ကျွန်ုပ်တို့ ယုံကြည်ခြင်းကို တည်ဆောက်ခြင်း ဖြစ်ပြီး (ဖိလိပ္ပိ၊ ၁း၆) ခရစ်တော်၏ ကိုယ်ခန္ဓာအတွင်း၌ ညီညွတ်ခြင်းကို ဖြစ်ပေါ်စေပါသည် (ဖိလိပ္ပိ၊ ၂း၁-

၂)။ ကျွန်ုပ်တို့အား ဤကဲ့သို့သော မိသဟာရဖွဲ့ခြင်းထဲသို့ ဖိတ်ခေါ်ထားပါသည် (၁ ကော၊ ၁း၉) ဤမိတ်သဟာရဖွဲ့ခြင်းကို ကျွန်ုပ်တို့သည် မှောင်မိုက်ထဲ၌ သွားလာနေခြင်းအားဖြင့် မပြည့်စုံစေနိုင်ပါ (၁ ယော၊ ၁း၆)။ ကျွန်ုပ်တို့မိတ်သဟာရဖွဲ့ခြင်း၏ အခြေခံအုတ်မြစ်မှာ ပွဲတော်မင်္ဂလာဟု မကြာခဏခေါ်ဆိုရသော သခင်ဘုရား၏ စားပွဲတော်၌ သူ၏ ပုဂ္ဂိုလ်ဖြစ်ခြင်းနှင့် လုပ်ဆောင်တော်မူချက်ကို ကျွန်ုပ်တို့အား အောက်မေ့သတိရတော်မူစေခြင်းအားဖြင့် ပုံတူသရုပ်ဖော်ခြင်းဖြစ်ပါသည် (၁ ကော၊ ၁၀း၁၆) ထိုအရာသည် ခရစ်တော်အား ဒုက္ခဆင်းရဲခံချက်များနှင့်အတူ မိတ်သဟာရဖွဲ့ခြင်းအားဖြင့် တည်ဆောက်ထားပါသည် (ဖိလိပ္ပိ၊ ၃း၁၀)။ ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့၏မိတ်သဟာရဖွဲ့ခြင်းသည် ကျွန်ုပ်တို့၏ သဘောတူညီချက်များကို ဖြေရှင်းကွယ်ပျောက်စေပါသည် (ဂလာတိ၊ ၂း၉)။ ကျွန်ုပ်တို့သည် ဧဝံဂေလိတရားကို ကျယ်ပြန့်စေရန်အတွက် အတူတကွ လုပ်ဆောင်သောအခါ မိတ်သဟာရဖွဲ့ခြင်း ရှိလာပါသည် (ဖိလိပ္ပိ၊ ၁း၅)။ မိတ်သဟာရဖွဲ့ခြင်း၏ဆိုလိုရင်းမှာ မေတ္တာအားဖြင့် ပူးပေါင်းဆက်နွယ်ခြင်းဖြစ်ပြီး ကြီးထွားတိုးပွားခြင်း ရှိလာနိုင်ပါသည်။

ခရစ်ယာန်အသက်တာထဲ၌ ချစ်ခြင်းမေတ္တာအရေးကြီးပုံကို ကျွန်ုပ်တို့သည် အစောပိုင်း၌တွေ့မြင်ခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ချစ်ရမည် အကြောင်းနှင့် တခြားသောသူတို့အားလည်း ချစ်ရမည်အကြောင်း မိန့်တော်မူထားပါသည်။ ဓမ္မသစ်ကျမ်းစာထဲတွင်တပည့်တော်တို့အား ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်ရမည့်အကြောင်း ဘုရားသခင်ကိုချစ်ရမည့်အကြောင်းနှင့် ပတ်သက်၍ မည်သည့် အရာပါဝင်ကြောင်း၊ မည်သို့တောင်းဆိုခြင်းရှိကြောင်းကို မြောက်များစွာသော သတင်းစကားများအားဖြင့် ဖော်ပြထားပါသည် (၁ ယော၊ ၄း၂၀)။ တစ်စုံတစ်ဦးသည် ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်ရမည်ဟု ဆိုလိုခြင်းမှာ “မြင့်မြတ်သော ပညတ်တရား”ပင် ဖြစ်ပါသည် (ယာကု၊ ၂း၈)။ အမှန်စင်စစ် ဤအရာမှာ ယုံကြည်သူတို့ထံမှ အနည်းငယ်သော တောင်းဆိုမျှော်လင့်ချက် ဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် ကျွန်ုပ်တို့၏ ရန်သူများကိုပင် ချစ်ရမည့်အကြောင်း တောင်းဆိုမျှော်လင့်ထား

ပါသည် (လုကာ၊ ၆း၃၅)။ ကျွန်ုပ်တို့အားသူတပါးပြုစုခြင်းကိုခံလိုသော သဘောအတိုင်း ကျွန်ုပ်တို့သည်လည်း တခြားသောသူတို့အပေါ်၌လည်းပြုလုပ်ပါမည်ဖြစ်သည် (မဿဲ၊ ၇း၁၂)။

အောက်ပါပေးထားသောနိယာမများမှာ ကျွန်ုပ်တို့ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပူးပေါင်းခြင်းအကြောင်းနှင့် ပတ်သက် ပါသည်။ ထိုအရာများမှာထိမ်းမြားစုံဘက်ခြင်း၌ ပူးပေါင်းခြင်းမှအစပြု၍ ကျွန်ုပ်တို့၏အသင်းတော်မိသားစု ဘုရားသခင်၏မိသားစု နောက်ဆုံးကယ်တင်ခြင်းသို့ မရောက်ရှိသေးသောသူတို့ အထိပင် ကျယ်ပြန့်လာခဲ့ပါသည်။ ပူးပေါင်းဆက်နွယ်ခြင်းများကို တည်ဆောက်ပေးသောအကြောင်းနှင့် ပတ်သက်၍ ဓမ္မသစ်ကျမ်းစာထဲ၌ မြောက်များစွာသောနိယာမကိုတွေ့ရှိရပါသည်။ ရင့်ကျက်ခြင်းသို့ မရောက်ရှိသေးသော ယုံကြည်သူတစ်ယောက်သည် ဤနိယာမများကိုကြည့်၍ တခြားသောသူတို့အပေါ်၌ လက်တွေ့ကျင့်သုံးရန်ဖြစ်ပါသည်။ သို့သော်လည်း အခြားသောသူတို့သည် ထိုသို့မကျင့်သော်လည်း ဤအရာများတို့မှာ သူတစ်ဦးနှင့်သာဆိုင်သော တာဝန်ဝတ္တရားဖြစ်ကြောင်း မဆင်ခြင်သင့်ပါ။ ရင့်ကျက်သော ယုံကြည်သူတစ်ဦးသည် ထိုအရာတို့ကို လုပ်ဆောင်လာခဲ့ရမည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် မှန်သောအရာများကို လုပ်ဆောင်နေခြင်းဖြစ်သည်။ အတ္တဆန်သော သဘောထားဖြင့်ကြိုးစား၍အသုံးပြုရန်မဟုတ်ပါ။

"တစ်ဦးနှင့်တစ်ဦး"ပေါ်၌ သက်ဆိုင်သော နိယာမများကို အောက်ပါအတိုင်း ဆင်ခြင်နိုင်ပါသည်။

တစ်ယောက်အပေါ်တစ်ယောက် ချစ်ခြင်းမေတ္တာရှိရန် မိန့်တော်မူခြင်းမှာ ဓမ္မသစ်ကျမ်းထဲ၌ ကျမ်းချက်များစွာရှိပါသည် (ယောဟန်၊ ၁၃း၃၄၊ ၃၅။ ၁၅း၁၂၊ ၁၇။ ရောမ၊ ၁၃း၈။ ၁သက်၊ ၃း၁၂။ ၄း၉။ ၂သက်၊ ၁း၃။ ၁ပေတရု၊ ၁း၂၂။ ၁ယော၊ ၃း၁၁-၂၃။ ၄း၇-၁၁၊ ၁၂။ ၂ယော၊ ၁း၅)။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် (၁ကော၊ ၁၃း၄၊ ၈ နှင့် ရောမ၊ ၁၂း၉-၂၁) တို့၌တွေ့ရသော နိယာမအတိုင်းအသက်ရှင်ရန်ဖြစ်ပါသည်။

- ကျွန်ုပ်တို့သည် တဦးနှင့်တဦး အင်္ဂါရပ်များဖြစ်ကြသည်ကို သိရှိရန် (ရောမ ၁၂း၅။ ဧဖက်၊ ၄း၂၅) ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာ အစိတ်အပိုင်း ဖြစ်ကြသောကြောင့် ပူးပေါင်းခြင်းရှိပြီး ဖြစ်ပါသည်။

- ကျွန်ုပ်တို့သည် တစ်ဦးပေါ်တစ်ဦး အပ်နှံကြရပါမည် (ရောမ၊ ၁၂း၁၀)။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး အခြားသောသူများပေါ်၌ ဆက်ကပ်ကြရာတွင် ထိရောက်စွာ တိုးပွားခြင်းရှိရန် ဖြစ်ပါသည်။

- ကျွန်ုပ်တို့သည် တစ်ဦးပေါ်တစ်ဦး ကြည်ညိုလေးစားခြင်းရှိရပါမည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင် ရှေ့တော်၌ အခြားသောသူတို့၏ တန်ဖိုးရှိကြောင်းကို အသိအမှတ်ပြုရပါမည် (ရောမ၊ ၁၂း၁၀)။

- ကျွန်ုပ်တို့သည် တစ်ယောက်အပေါ်တစ်ယောက် အချင်းချင်း စိတ်သဘော တညီ တညွတ်တည်းရှိကြမည်ဟု ဆိုလိုခြင်းမှာ သူတို့ကိုလည်း ဘုရားသခင်၏ ကျေးဇူးတော်ဖြင့် မိတ်ဆွေအဖြစ်လက်ခံခြင်းကို ဆိုလိုပါသည် (ရောမ၊ ၁၂း၁၆၊ ၁၅း၅)။

- ခရစ်တော်သည် ကျွန်ုပ်တို့အား လက်ခံတော်မူသကဲ့သို့ ကျွန်ုပ်တို့သည်လည်း အချင်းချင်း လက်ခံကြရပါမည် (ရောမ၊ ၁၅း၇)။ ဖန်ဆင်းသော အရာများတို့ သည် ဘုရားသခင်၏ ကျေးဇူးတော်ကို လိုအပ်နေပါသည်။

- ကျွန်ုပ်တို့သည် ဝိညာဉ်ပိုင်းဆိုင်ရာ၌ အန္တရာယ်များကို တွေ့မြင်ကြသောအခါ တစ်ယောက်ကိုတစ်ယောက် သတိပေးတားမြစ်ကြပါသည် (ရောမ၊ ၁၅း၁၄)။

- ကျွန်ုပ်တို့သည် တစ်ယောက်ကိုတစ်ယောက် နှုတ်ခွန်းဆက်ကြရပါမည်။ (ရောမ၊ ၁၆း၁၆၊ ၁ ကော၊ ၁၆း၂၀၊ ၂ ကော၊ ၁၃း၁၂၊ ၁ ပေတရု၊ ၅း၁၄)။

- “သန့်ရှင်းသောနမ်းခြင်းဖြင့် နှုတ်ဆက်ကြရမည်ဟု ဆိုလိုရင်းမှာ ဘုရားသခင် အတွက် အချင်းချင်း တစ်ယောက်ကို တစ်ယောက် ကြည်ညို လေးစားခြင်း ပြုကြရပါမည်။

- ကျွန်ုပ်တို့သည် တစ်ယောက်ပေါ်တစ်ယောက် အစေခံကြရပါမည် (ယောဟန်၊ ၁၃း၁၄။ ဂလာတိ၊ ၅း၁၃)။ ဤအရာကို အခြားသောသူ၏ ခြေထောက်ကို ဆေးပေးခြင်းအားဖြင့် ဥပမာ သာဓကပေးထားပါသည်။

- မိမိတို့၏အရေးထက် တစ်ခြားသောသူတို့၏အရေးကို ပိုမို၍ အရေးကြီးကြောင်း ဆင်ခြင်ရပါမည် (ဖိလိပ္ပိ၊ ၂း၃)။

- ကျွန်ုပ်တို့သည် တစ်ယောက်အပေါ်တစ်ယောက် ဝန်ခံသောစိတ် ရှိကြရပါမည်။ (ဂလာတိ၊ ၆း၂) ဆိုလိုသည်မှာ အပြစ်ရှိသော သူတို့၏ အသက်တာထဲ၌ အပြစ်မှကင်းလွတ်ရန် ကူညီမစခြင်းကို ဆိုလိုပါသည်။

- ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး တန်ဘိုးထားပေးကြရပါမည်။ ဆိုလိုသည်မှာ တစ်ယောက်ပေါ်တစ်ယောက် စိတ်ရှည်သီးခံခြင်းရှိကြရပါမည် (ဧဖက်၊ ၄း၂၊ ၅း၂၁။ ကောလောသဲ၊ ၃း၁၃)။

- ကျွန်ုပ်တို့သည် တစ်ယောက်ပေါ်တစ်ယောက် ဝိညာဉ်ရေးရာ၌ ကျဆင်းလာသောအခါ ကူညီမစခြင်း အားပေး တိုက်တွန်းခြင်းပြုကြရပါမည် (ရောမ၊ ၁း၁၂။ သက်သာ၊ ၄း၁၈၊ ၅း၁၁။ ဟေပြဲ၊ ၃း၁၃၊ ၁၀း၂၅)။

- ကျွန်ုပ်တို့သည် တစ်ယောက်အပေါ်တစ်ယောက် ငြိမ်းချမ်းခြင်းရှိရပါမည်။ (မာကု၊ ၉း၅၀) ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ လှုပ်ရှားမှုများ သို့မဟုတ် ထင်မြင်ချက်များအားဖြင့် ပြဿနာကို မဖြစ်ပေါ်စေရန် ဖြစ်ပါသည်။

- ကျွန်ုပ်တို့သည် တစ်ဦးအပေါ်တစ်ဦး အပြစ်ဝန်ခံခြင်းရှိကြရပါမည် (ယာကုပ်၊ ၅း၁၆)။ ဤနေရာ၌ ကျွန်ုပ်တို့ တစ်စုံတစ်ဦးအပေါ်၌ ပြစ်မှားမိခြင်းကို ပြန်လည်၍ ရန်ငြိမ်ခြင်းမိတ်သဟာရဖွဲ့ခြင်းအားဖြင့် အောင်ရပါမည်။

- ကျွန်ုပ်တို့သည် တစ်ဦးအတွက်တစ်ဦး အမြင်ဖြင့် ဆုတောင်းပေးကြရပါမည် (ယာကုပ်၊ ၅း၁၆)။

- သခင်ဘုရားသည် ကျွန်ုပ်တို့အား အပြစ်လွှတ်တော်မူသကဲ့သို့ ကျွန်ုပ်တို့သည်လည်း အပြစ်လွှတ်ခြင်းရှိရပါမည် (ကောလော၊ ၃း၁၃)။

- ကျွန်ုပ်တို့သည် တစ်ယောက်အပေါ်တစ်ယောက် ကောင်းမှုကိုသာ ရှာရပါမည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် တစ်ယောက်ခြင်းစီအပေါ်၌ ဘုရားသခင်နှင့် ဆက်သွယ်ရာတွင်ပါ၍ နီးကပ်ရန် ဆန္ဒရှိရပါမည် (၁ သက်သာ၊ ၅း၁၅)။

- ကျွန်ုပ်တို့သည် တစ်ယောက်အပေါ်တစ်ယောက် ချစ်ခြင်းမေတ္တာနှင့် ကောင်းသောအမှုကိုပြုရန် တက်ကြွလှုပ်ရှားခြင်း ရှိရပါမည် (ဟေဗြဲ၊ ၁၀း၂၄)။ ဤနေရာ၌ အခြားသောသူတို့၏ အကူညီလိုအပ်မှုများတွင် အဘယ်ကဲ့သို့ ကူညီကြမည်အကြောင်း စဉ်းစားလုပ်ဆောင်ခြင်းပါဝင်ပါသည်။

- ကျွန်ုပ်တို့သည် တစ်ယောက်အပေါ်တစ်ယောက် လိုလားတက်ကြွစွာ စောင့်စားကြရပါမည် (၁ ကော၊ ၁၁း၃၃)။ ဆိုလိုသည်မှာ အခြားသောယုံကြည်သူများနှင့် ဝမ်းမြောက်စွာ ပူးပေါင်းဆောင်ရွက်ခြင်းကို ညွှန်ပြပါသည်။

- ကျွန်ုပ်တို့သည် တစ်ယောက်အပေါ်တစ်ယောက် ကြင်နာခြင်းရှိရပါမည်။ ဆိုလိုသည်မှာ ခါးသီးခြင်းဒေါသနှင့် အခြားသောသူများအပေါ်၌ နာကျင်စေလိုသော ဆန္ဒများကို ဖယ်ရှားပေးရမည် (ဧဖက်၊ ၄း၃၁-၃၂)။

- ကျွန်ုပ်တို့သည် တစ်ယောက်ကိုတစ်ယောက် ဂရုတစိုက်ရှိကြရပါမည် (၁ ကော၊ ၁၂း၂၅)။ ဆိုလိုသည်မှာ ခရစ်တော်၏ ကိုယ်ခန္ဓာများဖြစ်သော အခြားသောသူတို့အတွက် ဂရုစိုက်ခြင်းကိုဆိုလိုပါသည်။

- ကျွန်ုပ်တို့သည် အချင်းချင်းတစ်ယောက်ပေါ်တစ်ယောက် အစေခံခြင်း၌ အသိမှတ်ပြုရပါမည် (လုကာ၊ ၇း၃၂)။ ကျွန်ုပ်တို့သည် လူတွေ၏ အသိအမှတ်ပြုခြင်းအတွက် အစေမခံရ။ ဘုရားသခင် မိသားစုအတွင်း၌ ကြည်ညိုလေးစားခြင်းရှိရန် တစ်ယောက်အပေါ်တစ်ယောက် အစေခံခြင်းကို သိမှတ်ပါသည်။

- ကျွန်ုပ်တို့သည် တစ်ယောက်အပေါ် တစ်ယောက် ဧည့်ဝတ်ကျေခြင်းကို ပေါ်လွင်စေရပါမည် (၁ ပေတရု၊ ၄း၉)။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ အဖွဲ့အစည်းမိသားစုထဲသို့ အခြားသောဧည့်သည်များကို ကြိုဆိုရမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် တစ်ယောက်အပေါ် တစ်ယောက် ထောက်ထားခြင်း သဘောအားဖြင့် အချင်းချင်းအပေါ်၌ နှိမ့်ချခြင်း ရှိရပါမည်။ (၁ ပေတရု၊ ၅း၅။ ၁ယော၊ ၁း၇)။

- ကျွန်ုပ်တို့သည် တစ်ယောက်အပေါ် တစ်ယောက် တည်ဆောက်ခြင်းရှိရပါမည် (ရောမ၊ ၁၄း၁၆။ သက်သာ၊ ၅း၁၁)။ ဤနေရာ၌ အခြားသောသူများအား အားပေးနှိုးဆော်ခြင်း သွန်သင်ဆုံးမခြင်းပါဝင်ပါသည်။

## ၈။ ဧဝံဂေလိလုပ်ရားမှု

ဧဝံဂေလိတရားသည် ယေရှုခရစ်တော်၏ ဝမ်းမြောက်ဖွယ် သတင်းကောင်းဖြစ်ပါသည်။ ယေရှုခရစ်တော်သည် ဘုရားသခင်ဖြစ်တော်မူကြောင်း သတင်းကောင်းကို ထုတ်ဖော်ကြေငြာခြင်းဖြစ်ပါသည် (ယောဟန်၊ ၁း၁)။ သူသည် လူသားဇာတိကို ခံတော်မူ၍ (ယောဟန်၊ ၁း၁၄) လောကီသားအပေါင်းတို့၏ အပြစ်ဒုစရိုက်အတွက် အဖိုးခပေးရန် အသေခံတော်မူကြောင်း၊ (၁ယော၊ ၂း၁-၂) တဖန်သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူခြင်းအကြောင်း၊ (၁ကော၊ ၁၅း၁-၃) ထိုသူကို ယုံကြည်သောသူအပေါင်းတို့သည် ထာဝရအသက်ကို ထုတ်ဖော်ကြေညာခြင်း ဖြစ်ပါသည်။ (ယော၊ ၃း၁၆) ကျွန်ုပ်တို့ အားလုံးသည် အပြစ်သားများဖြစ်ကြောင်း၊ သတင်းကောင်းမဟုတ် (ရောမ၊ ၃း၂၃)။ သတင်းကောင်းဟူသည် ကျွန်ုပ်တို့ အပြစ်တရားများ ကြောင့် တင်ရှိသောအပြစ်ကြွေးအတွက် (ရောမ၊ ၆း၂၃) ပေးဆပ်တော်မူပြီးဖြစ်ကြောင်း၊ (ဂလာတိ၊ ၃း၁၃) ဟူ၍ ဖြစ်ပါသည်။

အသင်းတော် စကြာဝဠာဆိုင်ရာနှင့် ဒေသန္တရနှင့်ဆိုင်ရာ အသင်းတော် (မြင်နိုင်သောအသင်းတော်နှင့် မမြင်နိုင်သောအသင်းတော်)တို့သည် အခြားသောသူများ

ထံသို့ ဤဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းကို သယ်ဆောင်ပေးရန် ဆန္ဒရှိရပါမည်။ ကျွန်ုပ်တို့အား ပေးထားတော်မူပြီးဖြစ်သော အလင်းတရားနှင့် သမ္မာတရားကို ကျွန်ုပ်တို့ သည် မဖုံးကွယ်သင့်ပါ (မဿဲ၊ ၅း၁၄၊ ရောမ၊ ၁း၁၆)။

ဧဝံဂေလိတရားကို လက်ဆောင်အဖြစ် ဝေမျှပေးရန် နည်းစနစ်ကို ဘုရားသခင်သည် ကျွန်ုပ်တို့အား လွတ်လပ်ခွင့် ပေးထားပါသည်။ ထိုအရာမှာ အခြားသော သူထံသို့ (တမန်တော်၊ ၈) တစ်စုံတစ်ဦးအားဖြင့် သို့မဟုတ် အုပ်စုလိုက်အင်အားဖြင့် (တမန်တော်၊ ၂) ဖြစ်နိုင်ပါသည်။ အရေးကြီးသည်အချက်မှာ အသင်းတော်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပျံ့နှံ့စေ၍ လူတို့အား သူ၏နိုင်ငံတော်ထဲသို့ ဝင်လာကြရန် ဖိတ်ခေါ်ခြင်းဖြစ်ပါသည်။ တစ်ခြားသောသူတို့အား ထိရောက်စွာ ဧဝံဂေလိတရားကို ဟောပြောသောလက်နက်မှာ အချင်းချင်း တစ်ယောက်အပေါ် တစ်ယောက် ချစ်ခြင်းမေတ္တာရှိကြခြင်းပင် ဖြစ်ပါသည် (ယောဟန်၊ ၁၃း၃၄-၃၅)။

## ဃ။ သာသနာတော်

သာသနာတော်သည် အစေခံခြင်းဖြစ်၍ အခြားသောသူတို့၏ ဝိညာဉ်ပိုင်းဆိုင်ရာ၊ ကိုယ်ခန္ဓာပိုင်းဆိုင်ရာနှင့် စိတ်လှုပ်ရှားမှုပိုင်းဆိုင်ရာ လိုအပ်မှုများကို သိရှိပြီး သူတို့အား ကူညီမစရန် ကြိုးစားရှာဖွေခြင်းဖြစ်ပါသည်။ (တမန်တော်၊ ၁၁း၂၉။ ၂ ကော၊ ၈း၃-၅)။ ထိုအရာတို့မှာ ယေရှုခရစ်တော်အတွက် သံတမန်ဖြစ်ခြင်းနှင့် ပျောက်ဆုံးနေ၍ သေလုမျောပါးဖြစ်နေသော လောကီသားတို့အား ဘုရားသခင်နှင့် ပြန်လည်၍ ကျေအေးခြင်းသတင်းစကားကို သယ်ဆောင်ရန်ဖြစ်ပါသည် (၂ ကော၊ ၅း၁၈-၂၁)။ အကယ်၍ လူတစ်ဦးသည် ဘုရားသခင်နှင့် ပြန်လည်၍ ကျေအေးနိုင်ပါက ထိုသူအား ဤလောက၏ ချည်နှောင်ခြင်းများမှ လွတ်မြောက်သောအခွင့်ကို ရရှိစေနိုင်ပါသည်။ သို့ဖြစ်၍ သာသနာပြုခြင်းသည် လွတ်မြောက်ခြင်း သတင်းစကားကိုလည်း သယ်ဆောင်ပေးပါသည်။ (၁ တိမောသေ၊ ၄း၄-၆)။ ကျွန်ုပ်တို့ သည် ယုံကြည်သူများဖြစ်သည်နှင့်အညီ လွတ်ခြင်းအခွင့်ကို ရရှိပြီးဖြစ်ပါသည်။ (ဂလာတိ၊ ၅း၁)။ ယခုတွင် ကျွန်ုပ်တို့သည်

ကျွန်ုပ်တို့၏ လွတ်ခြင်းအခွင့်ကို အသုံးပြုကာ အခြားသောသူတို့အတွက် အစေခံရန်ဖြစ်ပါသည်။ (ဂလာတိ၊ ၅း၁၃)။

ယေရှုခရစ်တော်ကိုယ်တိုင်သည် ကျွန်ုပ်တို့လိုက်နာရန် ပုံသက်သေကို ထားပေးခဲ့ပါသည် (မဿဲ၊ ၂၀း၂၈)။ ထို့ကြောင့် အမှုတော်ဆောင်သောသူတို့သည် ခေါင်းဆောင်နောက်သို့ လိုက်ရပါမည် (ယောဟန်၊ ၁၂း၂၄-၂၆)။ ခရစ်ယာန် အစေခံခြင်းသဘောမှာ အသင်းတော်ထဲ၌ တစ်စုံတစ်ဦး၏ နေရာ၊ ရာထူးကို ဆိုလိုခြင်းမဟုတ်ပါ။ စစ်မှန်သော ဝိညာဉ်ပိုင်းဆိုင်ရာ ကြီးမြတ်မှု အမှတ်လက္ခဏာပင်ဖြစ်ပါသည် (မဿဲ၊ ၂၀း၂၆-၂၈၊ ၂၃း၁၀-၁၂)။ ကျွန်ုပ်တို့သည် ယုံကြည်သူများဖြစ်သည်နှင့်အညီ ကယ်တင်ခြင်းသို့ ရောက်သောနေ့၌ ဘုရားသခင်သည် ကျွန်ုပ်တို့အား ပေးတော်မူသော ကျေးဇူးကရုဏာတော်ကို အစဉ်အမြဲသတိရဖို့ လိုပါသည်။ သို့ဖြစ်မှသာလျှင် ကျွန်ုပ်တို့သည် ရွှေ့လျော့ခြင်းသို့မဟုတ် စိတ်ဓာတ် ကျဆင်းခြင်းရှိလာလိမ့်မည်မဟုတ်ပါ (၂ ကော၊ ၄း၁-၂)။

ဘုရားသခင်သည် အခြားသောသူများတို့အပေါ်၌ အသေးငယ်ဆုံးသော ကျွန်ုပ်တို့၏ အစေခံခြင်းအမှုကိုပင်လျှင် မေ့လျော့တော်မူလိမ့်မည်မဟုတ်ကြောင်း ကတိတော် ရှိပါသည် (ဟေဗြဲ၊ ၆း၁၀-၁၂)။

အမှုတော်ဆောင်ရန် အခွင့်အရေးများမှာ သခင်ဘုရားအားဖြင့် ပေးသနားတော်မူပါသည်။ (တမန်တော်၊ ၂၀း၂၄။ ၁ ကော၊ ၁၂း၄-၆)။ ယုံကြည်သူများတို့သည် ဤအခွင့်အရေးများကို လက်ခံအသုံးပြုကာ တစ်ယောက်ပေါ် တစ်ယောက် အစေခံခြင်း၊ ကျေးဇူးပြုခြင်းများအတွက် ဘုရားသခင်ပေးတော်မူ၏။ သို့ဖြစ်၍ သာသနာပြုခြင်းသည် ခရစ်ယာန်အသက်တာ၌ မရှိမဖြစ်အရေးကြီးသော အချက်ဖြစ်ပါသည် (၁ ပေတရု၊ ၄း၁၀-၁၁)။ ကျွန်ုပ်တို့သည် အဆက်မပြတ် ပါဝင်လုပ်ဆောင် ကြရပါမည်။ (ရောမ၊ ၁၂း၇)။ ဂရုတစိုက် လုပ်ဆောင်ခြင်းအားဖြင့် ကျွန်ုပ်တို့သခင် ယေရှုခရစ်တော်၏ သာသနာတော်ကို မယုံသကာ အသရေပျက်စေခြင်းမှ ကင်းဝေးစေပါသည်။ (၂ ကော၊ ၆း၃)။

သာသနာပြုခြင်းကို အတူတကွ လုပ်ဆောင်ရန် လေ့လာသင်ယူရပါသည်။ အသင်းတော်၌ ပထမဦးဆုံး သင်းထောက်များကို ရွေးကောက်ထားပါသည်။ အဘယ်ကြောင့်ဆိုသော် သာသနာတော်ကိုပိုမို၍ ထိရောက်မှုရှိရန် လိုအပ်ပါသည်။ တမန်တော်များတို့သည် အသင်းတော်၌ လိုအပ်သောအရာအားလုံးတို့ကို သူတို့တစ်ဦးတည်းအားဖြင့် ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ကြောင်း သတိပြုမိခဲ့ကြပါသည်။ ထို့ကြောင့် မုဆိုးမများကို ကြည့်ရှုစောင့်ရှောက်ရန် လူတို့၏ ရွေးချယ်ခန့်ထားဘို့ အသင်းတော်အား တောင်းဆိုခဲ့ကြပါသည် (တမန်တော်၊ ၆း၁-၆)။ ကွဲပြားခြားနားသော အမှုတော်များထဲ၌ပင်လျှင် အတူတကွ လုပ်ဆောင်ခြင်းအားဖြင့် လူတို့၏ လိုအပ်မှုများကို ဖြည့်ဆည်းပေးရန် ကူညီမစနိုင်ပါသည်။

ကျွန်ုပ်တို့သည် အသင်းတော်ထဲ၌ အခြားသောသူတို့အား အမှုတော်ဆောင်များဖြစ်လာကြရန် လေ့ကျင့်ပျိုး ထောင်ပေးနိုင်သော ခေါင်းဆောင်မှု အမှုတော်ဆောင်ခြင်းများကို သခင်ဘုရားသည် အသင်းတော်ထဲ၌ ထူထောင်ပေးခံ ပါသည်။ ရှင်ပေါလုသည် အောက်ပါအတိုင်း ရေးသားခဲ့ပါသည် “ခရစ်တော်၏ ကိုယ်တော်ကို တည်ဆောက်၍၊ ဓမ္မဆရာ၏အမှုကို ပြုတတ်မည့်အကြောင်း၊ သန့်ရှင်းသူတို့ကို ပြင်ဆင်ခြင်းအလို့ငှာ ထိုသခင်သည် လူအချို့တို့ကို တမန်တော်အရာ၌၎င်း၊ အချို့တို့ကို ပရောဖက်အရာ၌၎င်း၊ အချို့တို့ကို သာသနာပြုအရာ၌၎င်း၊ အချို့တို့ကို သင်းအုပ်အရာ၊ ဆရာအရာ၌၎င်း၊ ခန့်ထားတော်မူ၏။ ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့၎င်း၊ ဘုရားသခင်၏သားတော်ကို သိကျွမ်းခြင်းသို့၎င်း၊ တညီတညွတ်တည်းရောက်၍ ခရစ်တော်၏ ပြည့်စုံခြင်း ပမာဏအရပ်တည်းဟူသော ကြီးရင့်သောလူ၏အဖြစ်သို့ ရောက်ကြသည်တိုင်အောင် ဖြစ်သတည်း” (ဧဖက်၊ ၄း၁၁-၁၃)။ အသင်းတော်၌ ခေါင်းဆောင်မှု၏ တာဝန်ဝတ္တရားမှာ ယုံကြည်သူများ တို့အား အခြားသောသူတို့ကို အစေခံရန် ဝိညာဉ်ပိုင်းဆိုင်ရာ၊ ကိုယ်ကာယပိုင်းဆိုင်ရာနှင့် စိတ်ခံစားရေးပိုင်းဆိုင်ရာများတို့၌ ပြင်ဆင်ပေးရန်ဖြစ်ပါသည်။ သို့ဖြစ်မှသာလျှင် အခြားသောသူများတို့သာလျှင် ဧဝံဂေလိတရားများကို

ဟောပြောလာက သခင်ယေရှု ခရစ်တော်နှင့် တစ်ဦးချင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၌ ရင့်ကျက်လာကြခြင်းဖြစ်ပါသည်။ ချစ်ခြင်းမေတ္တာအားဖြင့် အမှုတော်ဆောင်ခြင်းသည် ဧဝံဂေလိတရားကို ဟောပြောရာတွင် တန်ခိုးအကြီးမားဆုံးသော လက်နက်တစ်ခုဖြစ်၍ အသင်းတော်အား ပေးထားပါသည် (ယောဟန်၊ ၁၃း၁-၃၅)။

## င။ စည်းလုံးညီညွတ်ခြင်း

အသင်းတော်များထဲ၌ တစ်ဦးချင်းစီတို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာအတွင်း၌ စည်းလုံးညီညွတ်ခြင်းသဘောရှိ ရပါမည်။ (ဧဖက်၊ ၄း၁၃)။ ယေရှုခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်သို့ မတက်မီည၌ သူ၏နောက်လိုက်တပည့်တော် များတို့အား တစ်လုံးတစ်ဝတည်းဖြစ်လာကြရန် ဆုတောင်းတော်မူခဲ့ပါသည်။ "ထိုသူတို့အဖို့ကိုသာ အကျွန်ုပ်ဆုတောင်းသည်မဟုတ်ပါ၊ သူတို့ဟောပြောခြင်းအားဖြင့် အကျွန်ုပ်ကို ယုံကြည်သောသူတို့အဖို့ကိုလည်း ဆုတောင်းပါ၏။ ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်မူသည်ကို လောကီသားတို့သည် ယုံကြမည်အကြောင်း ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်လျက်၊ အဘ၊ ကိုယ်တော်သည် အကျွန်ုပ်၌ရှိတော်မူ၍ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ ရှိသကဲ့သို့ ထိုသူအပေါင်းတို့သည် ငါတို့၌ တစ်လုံးတစ်ဝတည်း ဖြစ်စေခြင်းငှာ ဆုတောင်းပါ၏။ ငါတို့သည် တစ်လုံးတစ်ဝတည်း ဖြစ်သကဲ့သို့ အကျွန်ုပ်သည် သူတို့၌ရှိ၍ ကိုယ်တော်သည်လည်း အကျွန်ုပ်၌ ရှိတော်မူသောအားဖြင့် သူတို့သည် တစ်လုံးတစ်ဝတည်းဖြစ်၍၊ တစ်လုံးတစ်ဝတည်း၌ စုံလင်စေခြင်းငှာရင်း၊ ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်မူကြောင်းနှင့် အကျွန်ုပ်ကို ချစ်တော်မူသကဲ့သို့ သူတို့ကို ချစ်တော်မူကြောင်းကို လောကီသားတို့သည် သိစေခြင်းငှာရင်း၊ ကိုယ်တော်သည် အကျွန်ုပ်အား ပေးတော်မူသော ဘုန်းအသရေကို အကျွန်ုပ်သည် သူတို့အား ပေးပါပြီ။" (ယောဟန်၊ ၁၇း၂၀-၂၃)။ ယုံကြည်သူများအားလုံးတို့သည် ယေရှုခရစ်တော်ကို ယုံကြည်သည်နှင့်တချိန်တည်းမှာပင် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အတွင်းပိုင်း၌ ကျိန်းဝပ်တော်မူပြီးဖြစ်ရာ ဝိညာဉ်တော်တစ်ပါးတည်း ရှိတော်မူခြင်းအားဖြင့်

စည်းလုံးညီညွတ်ခြင်းကို ပထမတည်ထောင်ခဲ့ပါသည် (ဧဖက်၊ ၄း၄)။ ကျွန်ုပ်တို့အားလုံး တို့မှာ ဝိညာဉ်တော်အားဖြင့် အထဲ၌ကျိန်းဝပ်ပါသည်။ (သန့်ရှင်းသော ဝိညာဉ်တော် အတွင်းပိုင်း၌ ကျိန်းဝပ်တော်မူခြင်းအခန်းကို ကြည့်နိုင်ပါသည်)။ ဤသို့သော သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် စည်းလုံးညီညွတ်ခြင်း ကျွန်ုပ်တို့၏ ခေါ်တော်မူသည့် အတိုင်း လိုက်လျှောက်ခြင်းဖြစ်ကြောင်း (ဧဖက်၊ ၄း၁-၃) ကျွန်ုပ်တို့အား တမန်တော်ကြီး ရှင်ပေါလုက သွန်သင်ထားပါသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ အသက်တာ လျှောက်လှမ်းလာခြင်းမှာ ယုံကြည်ခြင်းပေါ်၌ အခြေပြုထားသော ကျေးဇူးတော်နှင့် ပြည့်ဝခြင်း ဖြစ်သည် (ဧဖက်၊ ၈း၉)။ အားလုံးနှင့်ဆိုင်သော ကယ်တင်ခြင်းအားဖြင့် ကျွန်ုပ်တို့အား ခရစ်တော်၏အထဲ၌ နေရာအဆင့်များကို ညီညွတ်စေသောအခါ ကျွန်ုပ်တို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာထဲ၌ တစ်လုံး တစ်ဝတည်းဖြစ်ကြောင်းကို ရှာဖွေရပါမည်။ ထိုအရာမှာ ချစ်ခြင်းမေတ္တာပေါ်၌ အခြေပြုထား ပါသည်။ သို့ဖြစ်မှသာလျှင် မယုံကြည်သောသူအားလုံးတို့သည် ကျွန်ုပ်တို့အား ယေရှုခရစ်တော်၏ တပည့်တော်များ ဖြစ်ကြောင်းကို သိမြင်ကြရပါ လိမ့်မည် (ယောဟန်၊ ၁၃း၃၄-၃၅)။

# အခန်း (၉)

# လက်တွေ့အသုံးပြုခြင်း

# နိဒါန်း

ဤသင်ခန်းစာအခန်းတွင် ကျမ်းစာကိုလေ့လာရန် လက်တွေ့နည်းစနစ်ပြင်ဆင်မှုကို ညွှန်ကြားထားသည်။ ဤနည်းစနစ်သည် နှုတ်ကပတ်တော်ကို အကျိုးရှိစွာ သင်ကြားသော အများသုံးမူဝါဒအပေါ် အခြေခံသည်။ ဤစနစ်သည် အများအသိဖြစ်သော်လည်း ဘာသာ ပြန်အခြေခံမူဝါဒများသည် နောက်ဆုံးအခန်းတွင် ဖော်ပြထားသည်။

ဤသင်ခန်းစာကို ပြင်ဆင်ခြင်းဖြင့် ပညာသင်စနစ်၏ အဓိကကျပုံကို ဦးစွာသုံးသပ်ရသည်။ နည်းပညာသင်စနစ်သည် ဝိညာဉ်တော် သွန်သင်ခြင်းအပိုင်းကို မိမိသဘောနှင့် မယူသင့်ပါ။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား သမ္မာတရားကို ဖော်ပြသည် (ယောဟန်၊ ၁၆း၁၃)။ မည်သည့် လူ၏ စနစ်ပုံစံမျှ တိကျအာမခံချက် မပေးနိုင်ပါ။

ကျွန်ုပ်တို့သည် ကျမ်းစာကို မည်သည့်အတိုင်းအတာမျှ သိနားလည်သော်လည်း ယုံကြည်ခြင်း ၌ အမြဲလျှောက်လိုက်ရမည် (ကော၊ ၂း၆)။ ခရစ်ယာန်ရင့်ကျက်မှုသည် သွေးသားအလို ကြောင့်မဟုတ်ပဲ ယုံကြည်ခြင်းအားဖြင့်သာဖြစ်သည် (ဂလ၊ ၃း၂-၅)။ ကျွန်ုပ်တို့ဝိညာဉ်တော် ကို အားကိုးသည်ထက် မိမိတို့၏ နည်းစနစ်ကို အားကိုးရန် စာတန်က တွန်းအားပေးလျက် ရှိသည် (ယော၊ ၅း၃၉-၄၇)။ မေတ္တာကင်းမဲ့သော ခရစ်ယာန်အသိတရားသည် ရင့်ကျက်မှု မရှိသောကြောင့်ဖြစ်သည် (၁ကော၊ ၈း၁)။

ခရစ်ယာန်အသက်တာရှင်သန်ဖို့ အပြစ်ဝန်ချဆုတောင်းခြင်းနှင့် အမြဲအစပြုရသည် (၁ကော၊ ၁၁း၃၁၊ သုတ္တံ၊ ၂၈း၁၃၊ ၁ယော၊ ၁း၉)။ ကျွန်ုပ်တို့သည် မလေ့လာခင် နားလည်နိုင်ဖို့အတွက် ဆုတောင်းရမည်။

ကျွန်ုပ်တို့သည် သင်ခန်းစာ (၂) ကို ၁သက်သာလောနိတ်လေ့လာခြင်းဖြင့် ဘာသာ ပြန်ဆိုမှု အခြေခံမူဝါဒကို အသုံးပြုရမည်။

# အပိုင်း ၁

# စာစောင်ကျမ်းနှင့် အကျွမ်းဝင်မှုရှိစေခြင်း

## က။ နိဒါန်း

မိမိဖတ်သည့်စာအုပ်ကို ရွေးပြီးလျှင် သတင်းစာနှင့် အခြားမဂ္ဂဇင်းများဖတ်သလို အကြိမ်ကြိမ် ဖတ်သင့်သည်။ ဤစနစ်သည် စာအုပ်ပါအကြောင်းရင်းကို ရင်းနှီးစွာ သိခွင့်ရပြီးဖြစ်သော်လည်း နက်ရှိုင်းသော သီဩလော်ဂျီမေးခွန်းအတွက် ပုံဖေါ်ထားခြင်း မရှိပါ။

ကျွန်ုပ်တို့သည် အချိန်အနည်းငယ်အတွင်း လျင်မြန်စွာ ဖတ်ကြလျှင် အဓိကအကြောင်း ရင်းမှ သွေဖီသွားနိုင်သည်။ ကျွန်ုပ်တို့သည် အကြောင်းရင်းအလိုက် ဘာသာပြန်ကြရာ တွင် ကြားနေသော အကြောင်းအရင်း၊ အလှမ်းကွာသော အကြောင်းအရင်းတို့ကိုလည်း သတိရဖို့ လိုသည်။ ကျမ်းပိုဒ်တစ်ခုခြင်းအလိုက် လေ့လာခြင်းသည် ကြားနေအကြောင်းနှင့် ချက်ခြင်း နားလည်နိုင်သော နည်းလမ်းဖြစ်သည်။

ထို့ပြင် သမိုင်းကြောင်းနှင့် ပထဝီအနေအထား ဆက်စပ်မှုကိုလည်း နားလည်သိကျွမ်းဖို့ လိုသည် (သက်သာလောနိတ်ပထမစောင်၌ ဤလေ့လာခြင်းပါဝင်သည်။ လေ့လာသူ အတွက် သက်သာလောနိတ်မြို့ နောက်ခံသမိုင်း အထောက်အထားရှိသည်။ ဤ အထောက်အထားသည် ကျမ်းစာနှင့်ပတ်သက်သော စာအုပ်အပိုများမှ ပေါ်ထွက်သည်။ ၎င်းတို့မှာ Bible Dictionaries and Bible Introductions တို့ဖြစ်ကြသည်)။

## ခ။ သက်သာလောနိတ်မြို့၏ ပထဝီအနေအထားနှင့် သမိုင်းအကြောင်း

သက်သာလောနိတ်သည် Thermaic ပင်လယ်ကွေ့ထိပ် Aegean ပင်လယ်၏ အရှေ့မြောက်ထောင့်တွင်ရှိသည်။ ရောမတို့၏ နယ်ပယ်၌ရှိပြီး သင်္ဘောကြီးများဆိုက်ကပ်ရာ ဆိပ်ကမ်းမြို့ ဖြစ်သည်။ ထိုခေတ်က မာကေဒေါနိသည် ကြွယ်ဝသောမြို့ကြီးဖြစ်သည်။

ဘီစီ ၃၂၃ တွင် အလက်ဇန်းဒါးသေပြီးနောက် Antipater ၏သား Cassander အားဖြင့် ဘီစီ ၃၁၅ တွင် တွေ့ရှိသည်။ Antipater သည် တော်ဝင်မိသားစု၌ သစ္စာရှိသူဖြစ်သည်။ အလက်ဇန်းဒါး၏ ညီမဝမ်းကွဲဖြစ်သော Cassander ၏ဇနီးအမည် သက်သာလောနိကို ထိုမြို့အားမှည့်ခေါ်သည်။

သက်သာလောနိတ်မြို့သည် ဂရိတို့ကုန်သွယ်ရာမြို့ဖြစ်သော်လည်း ဂျူးတို့စိုးမိုးမှုအောက်၌ရှိသည်။ ယနေ့တွင် ဂရိမြို့တော် Salonika ဖြစ်သည်။

## ဂ။ အသင်းတော်နောက်ခံသမိုင်း (တမန်တော်၊ ၁၇း၁-၉)

မာကေဒေါနိရူပါရုံကြောင့် ရှင်ပေါလု ဒုတိယအကြိမ်ရောက်ချိန်၌ အသင်းတော်တည်ထောင်သည် (တမန်၊ ၁၆း၉)။ ပေါလုသည် သိလ၊ တိမောသေ၊ လုကာတို့နှင့် ပူးပေါင်းသည်။ သူတို့သည် အရှေ့မှအနောက်သို့ ခရီးထွက်ကြသည်။ သူတို့သည် ဖိလိပ္ပိ၊ အံဖိပေါလိမြို့၊ ဘာပေါလောနိမြို့များသို့ရောက်ပြီး သက်သာလောနိတ်မြို့ကို ရောက်ပါသည်။

ပေါလုသည် ခရစ်တော် မေရှိယဖြစ်ကြောင်း (တမန်၊ ၁၇း၁)၊ ဓမ္မဟောင်း ပရောဖက်ပြုချက် ပြည့်စုံကြောင်း၊ ဥပုဒ်နေ့သုံးရက်၌ တရားဇရပ်ဟောလေသည်။ (တမန်၊ ၁၇း၂) များစွာသောသူတို့ ပြောင်းလဲကြသည် (တမန်၊ ၁၇း၄)။

ပြောင်းလဲသော လူသစ်များကို ပေါလုသည် အကြိမ်များစွာ သွားရောက်သွန်သင်သည်။ မယုံကြည်သော ဂျူးတို့က ဆူပူသောလူများကို စုရုံးပြီး ပေါလုကို ဖမ်းဖို့ ယာသုန်အိမ်ကို ရှာကြသည် (တမန်၊ ၁၇း၅-၆)။ ပေါလုအား မတွေ့၍ ယာသုန်ကို မင်းအရာရှိတို့ထံ၌ စွဲချက်တင်ကြသည် (တမန်၊ ၁၇း၇)။ ဆန့်ကျင်မှုကြီးထွားလာသည်နှင့်အမျှ ပေါလုသည် ဗေရိမြို့သို့ ထွက်ပြေးရသည် (တမန်၊ ၁၇း၈-၁၀)။

## ဃ။ ဤစာစောင်အချိန်နှင့် အကြောင်းအရာ

အန္တိအုတ်မြို့၌ ပေါလုသည် သွန်သင်အပြီး၊ အေဒီ ၄၉ တွင် ဒုတိယအကြိမ် ခရီးစထွက်သည်။ သက်သာလောနိတ်မြို့မှထွက်ပြီး ဗေရိမြို့၌ အနည်းငယ် ကျမ်းစာသင်သည်။ အာသင်မြို့ကို ခဏဝင်ပြီး ကောရိန္သုမြို့၌ (၁၈)လနေသည် (တမန်၊ ၁၈း၁၁)။ အသင်းတော်အသစ်များအကြောင်း အစီရင်ခံဖို့ ပေါလုသည် တိမေသေကို သက်သာလောနိတ်သို့ ပြန်လွှတ်သည် (၁သက်၊ ၃း၂)။ တိမောသေ၏ အစီရင်ခံချက်သည် အလွန်နှစ်သက်ဖွယ်ဖြစ်၍ ဤစာစောင် ဖြစ်လာသည်။ ထို့ကြောင့် သက်သာလောနိတ်အကြောင်းကို အေဒီ ၅၀ ခန့်တွင် ရေးသည်ဟု မှတ်ယူနိုင်သည်။ ပေါလု၏ ဒုတိယအကြိမ် ရေးသော စာစောင်ဖြစ်သည် (ပထမရေးသော စာစောင်မှာ ဂလာတိဖြစ်သည်)။

ထို့ကြောင့် ဤစာစောင်ကို သိက္ခမ်းခြင်းဖြင့် အစပြုနိုင်သည်။

# အပိုင်း ၂

# ကျမ်းစာအုပ်မှ ကောက်နှုတ်ချက်ထုတ်ခြင်း

ကျွန်ုပ်တို့သည် စာအုပ်နှင့်ထိတွေ့မှုများလာသောအခါ ကောက်နှုတ်ချက်ရေးဘို့ လိုအပ်သည်။ လုပ်ဆောင်ရမည့်အရာမှာ မြင်ကွင်းကျယ်ကျယ်ကြည့်မြင်ပြီး တဖြေးဖြေး သေးငယ်အောင် အကျဉ်းချုံးပေးရသည်။ အတွေးအခေါ်ဆိုင်ရာ စနစ်တစ်ခုမှာ မိမိတို့အရင်းနှီးဆုံး အချိန်ကြာမြင့်စွာ ကြည့်မြင်သောအရာသည် တဖြေးဖြေး အသေးစိတ် မှတ်သားခံယူလာခြင်းဖြစ်သည်။ နှုတ်ကပတ်တော်လည်း ထိုနည်းတူဖြစ်သည်။ ခရစ်တော်သည် မြင်ကွင်းကျယ်ပုံချပ်တစ်ခု ဖြစ်သည်။ နှုတ်ကပတ်တော်သည် အသက်ရှင်သောကြောင့် ကျွန်ုပ်တို့အချိန်ယူ၍ အကျွမ်းဝင်စွာ လေ့လာကြလျှင် ခရစ်တော်အကြောင်း အသေးစိတ်သိလာကြမည်။

မြင်ကွင်းကျယ်ပုံကို မိမိတို့၏ အာရုံ၌ ပျောက်ကွယ်သွားသောကြောင့် ရှုတ်ထွေးပွေလီမှု မဖြစ်ပါစေနှင့်။ "ရေကို စစ်လျက်နှင့် ကုလားအုပ်ကို မျိုကြ၏" (မဿဲ၊ ၂၃း၂၄)။ အဓိပ္ပါယ်မှာ အဓိကတရားအစစ်အမှန်နှင့် ကွဲသွားခြင်းဖြစ်သည်။

ကောက်နှုတ်ချက်ကို ရေးသားသောအခါ ပထမဦးစွာ ပိုင်းခြားထားသော အကြောင်းအရာများကို သိမှတ်ရမည်။ ကျမ်းစာဘာသာပြန်သူတို့သည် အကြောင်းအရင်း ပိုင်းခြားနည်းကို မသုံးကြပါ။ အများအားဖြင့် ကျမ်းပိုဒ်၏ ပထမပိုင်းကို ထင်ရှားအောင် ရေးသား၍ ပြန်ဆိုကြ သည်။ ထို့ကြောင့် ဘာသာပြန်သူ၏ မှတ်သားချက်ကို ဖေါ်ပြသော နိဒါန်းအား ဖတ်ရသည်။ ပိုင်းခြားသော စာပိုဒ်များမရှိလျှင် နောက်ထပ်ဖြည့်စွက် ရပေသည်။ ၁သက်သာလောနိတ်သည် အောက်ပါအတိုင်း အကြောင်းအရာစာပိုဒ်များကို ပိုင်းခြားထားသည်။

၁။ ၁း၁

၂။ ၁း၂-၁၀

၃။ ၂း၁-၁၂

၄။ ၂း၁၃-၁၆

၅။ ၂း၁၇-၂၀

၆။ ၃း၁-၁၀

၇။ ၃း၁၁-၁၃

၈။ ၄း၁-၈

၉။ ၄း၉-၁၂

၁၀။ ၄း၁၃-၁၈

၁၁။ ၅း၁-၁၁

၁၂။ ၅း၁၂-၂၂

၁၃။ ၅း၂၃-၂၈

ကျမ်းစာကို နက်ရှိုင်းစွာ လေ့လာခြင်းဖြင့် အထက်ပါအတိုင်း ကောက်နှုတ်ချက်များရပြီး အကြောင်းရင်းကို ပို၍ သိရသည်။ ယင်းကောက်နှုတ်ချက်တို့ကို ခေါင်းစဉ်များ တပ်၍ အောက်ပါအတိုင်း ပိုင်းခြားနားလည်နိုင်ပါသည်။

| စာပိုဒ်များ | | ခေါင်းစဉ် |
|---|---|---|
| ၁။ | ၁း၁ | နှုတ်ဆက်ခြင်းနှင့်အရိုအသေပြုခြင်း |
| ၂။ | ၁း၂-၁၀ | သူတို့နမူနာအတွက် ချီးမွမ်းခြင်း |
| ၃။ | ၂း၁-၁၂ | ပေါလု၏ အခြေအနေပုံစံ |

| | | |
|---|---|---|
| ၄။ | ၂း၁၃-၁၆ | သူတို့ကြိုးစားမှုအတွက် ချီးမွမ်းခြင်း |
| ၅။ | ၂း၁၇-၂၀ | သူတို့ကို ပေါလုက မြင်တွေ့လိုခြင်း |
| ၆။ | ၃း၁-၁၀ | သူတို့ တိုးတက်မှုကို ပေါလုသိလိုခြင်း |
| ၇။ | ၃း၁၁-၁၃ | သူတို့ဝိညာဉ်ရေးအတွက် ပေါလုမျှော်လင့်ခြင်း |
| ၈။ | ၄း၁-၈ | သူတို့သန့်ရှင်းဘို့ ပေါလုဆန္ဒ |
| ၉။ | ၄း၉-၁၂ | သူတို့၏ ချစ်ခြင်းအတွက် ပေါလုအားရခြင်း |
| ၁၀။ | ၄း၁၃-၁၈ | ခရစ်တော်၌ သေခြင်း |
| ၁၁။ | ၅း၁-၁၁ | သခင်ဘုရား၏နေ့ |
| ၁၂။ | ၅း၁၂-၂၂ | လက်တွေ့နိုးဆော်ခြင်း |
| ၁၃။ | ၅း၂၃-၂၈ | နှုတ်ဆက်ခြင်း |

# အပိုင်း ၃

# သင့်လျော်လာမှုမြင်ကွင်းကို ကျဉ်းမြောင်းအောင် ပြုလုပ်ခြင်း

ဤစနစ်သည် စာပိုဒ်တစ်ခုခြင်းကို အကျဉ်းချုံးခြင်းဖြစ်သည်။ ၁ သက်သာလောနိတ်၏ အခန်းကြီးတစ်၏ ပထမစာပိုဒ်တစ်ခုကို နမူနာလုပ်ဆောင်မည်။

## က။ နှုတ်ဆက်ခြင်းနှင့် အရိုအသေပြုခြင်း (၁သက်၊ ၁း၁)

အခန်းငယ် ၁။ ***ပေါလု၊ သိလွာနု၊ တိမောသေတို့သည် ခမည်းတော်ဘုရားနှင့် သခင်ယေရှုခရစ်တော်၌ တည်ရှိသော သက်သာလောနိမြို့သား အသင်းတော်ကို ကြားလိုက်ပါ၏။ သခင်ယေရှုခရစ်နှင့် ငါတို့အဘတည်းဟူသော ဘုရားသခင့်အထံတော်က ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် သင်တို့၌ ရှိပါစေသော။***

ပေါလု၊ သိလွာနု၊ တိမောသေတို့က ခရစ်တော်နှင့် ဘုရားသခင်၏ ကျေးဇူးတော် ငြိမ်သက်ခြင်းတို့နှင့်တကွ သက်သာလောနိတ်အသင်းတော်ကို နှုတ်ဆက်ခြင်းဖြစ်သည်။ ဤကျမ်းပိုဒ်အရ မေးစရာမေးခွန်းရှိသည်။ သူတို့သည် စာရေးစဉ်အခါ အတူရှိကြသလား။

မည်သူက ရေးသနည်း။ သက်သာလောနိတ်အသင်းသားများကို ရည်ညွှန်းပြီး ရေးသားခြင်းဖြစ်သည်။

ပေါလုသည် ခမည်းတော်၊ ယေရှုခရစ်နှင့် အတူတကွရှိကြောင်း အသင်းတော်အား ဖော်ပြထားခြင်းကို သတိပြုပါ။ ဘုရားသခင်နှင့် ယုံကြည်သူတို့ကြား ရင်းနှီးစွာ ဆက်ဆံခြင်းသဘော ဖြစ်သည်။ ပေါလုသည် သူတို့အတွက် ကျေးဇူးနှင့် ငြိမ်သက်ခြင်းခံစားဘို့ အတိုချုံး ဆုတောင်းပေးခြင်းဖြစ်သည်။

ကျွန်ုပ်တို့ စတင်လုပ်ဆောင်ရန် မူဝါဒ (၃) ခုရှိသည်။

**မူဝါဒ ၁။** ဘုရားသခင်၏ လူတို့သည် အခြားယုံကြည်သူများအား ဘုရားသခင်နှင့် ဆက်ဆံ ရေးကို တိုးပွါးစေလိုသည်။

**မူဝါဒ ၂။** ဘုရားသခင်၏ လူတို့သည် အချင်းချင်း တိုး၍အားပေးခြင်းဖြင့် အတူတကွ လုပ်ဆောင်ခြင်းဖြစ်သည်။

**မူဝါဒ ၃။** ဘုရားသခင်၏ လူတို့သည် မိမိတို့၌ရှိသမျှကို ဝေမျှလိုကြသည်။

## ခ။ ချီးမွမ်းခြင်း ပုံသက်သေ (၁သက်၊ ၁း၂-၁၀)

### ၁။ ဤဒုတိယစာပိုဒ်ကို အကြိမ်ကြိမ်ဖတ်ပါ။

အခန်းငယ် ၂။ ***"သင်တို့အားလုံးအတွက် ချီးမွမ်းခြင်း၊ ဆုတောင်းခြင်းနှင့် သူတို့အကြောင်းကို ဖော်ပြခြင်း၊***

အခန်းငယ် ၃။ ***ခရစ်တော်၌ရှိသော သူတို့၏ မြဲမြံခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်း မေတ္တာ၌ အလုပ်လုပ်ခြင်း၊ ယုံကြည်ခြင်းအကျင့်တို့ကို စွဲမြဲစွာ ခံယူပေးခြင်း၊***

အခန်းငယ် ၄။ ***ဘုရားသခင်အားဖြင့် သူတို့ကို ညီအစ်ကိုကဲ့သို့ချစ်ခြင်း၊***

အခန်းငယ် ၅။ ***ဧဝံဂေလိသည် လူအလိုအလျောက်မဟုတ်ဘဲ ဝိညာဉ်တော် တန်ခိုးအားဖြင့် ပေါ်လာခြင်း၊***

အခန်းငယ် ၆။ ***ပေါလုတို့နှင့် တူလာစေခြင်း၊ ဝိညာဉ်တော်၏ ဝမ်းမြောက်ခြင်းနှင့် နှုတ်ကပတ်တော်ကိုခံယူခြင်း၊***

အခန်းငယ် ၇။ ***မာကေဒေါနိနှင့် အခါယပြည်၌ရှိသော သူတို့အတွက် ပုံသက်သေ နမူနာ ဖြစ်စေခြင်း၊***

အခန်းငယ် ၈။ ***မာကေဒေါနိနှင့် အခါယပြည်သားမကဘဲ သူတို့၏ ယုံကြည်ခြင်း တိုးပွါးသည့်အတိုင်း ရောက်သည့်နေရာတိုင်း၌ နှုတ်ကပတ်တော် ကျယ်ပြန့်စေခြင်း၊***

အခန်းငယ် ၉။ ***ပေါလုတို့ကို လက်ခံဖို့အကြောင်း အစီရင်ခံဖော်ပြခြင်း၊ ရုပ်တုကို စွန့်ပယ်ပြီး အသက်ရှင်သော မှန်သောဘုရားသခင်ထံပြောင်းလဲခြင်း၊***

အခန်းငယ် ၁၀။ ***သေခြင်းမှထမြောက်ပြီး ကောင်းကင်မှ ပြန်လည်ကြွဆင်းလာမည့် သခင်ယေရှုကို မျှော်လင့်ခြင်း”***

၂။ ထို့နောက် ဤကျမ်းပိုဒ်တစ်ခုစီတို့ကို ခေါင်းစဉ်ပြုရေးသားပါ။

အခန်းငယ် ၂ = ဆုတောင်းခြင်း၌ ကျေးဇူးတော်ချီးမွမ်းခြင်း

***“သင်တို့အားလုံးအတွက် ချီးမွမ်းခြင်း၊ ဆုတောင်းခြင်း ပြုသူတို့အကြောင်းကိုဖော်ပြခြင်း၊”***

အခန်းငယ် ၃ = ယုံကြည်ခြင်းမျှော်လင့်ခြင်း၊ ချစ်ခြင်းအတွက်ကြောင့် ကျေးဇူးတော် ချီးမွမ်းခြင်း

***“ခရစ်တော်၌ရှိသော သူတို့၏ မြဲမြံသည့် မျှော်လင့်ခြင်း၊ ချစ်ခြင်းမေတ္တာ၌ အလုပ်လုပ်ခြင်း၊ ယုံကြည်ခြင်း၊ အကျင့်တို့ကို မြဲမြံစွာ ခံယူပေးခြင်း၊”***

အခန်းငယ် ၄ = ဘုရားသခင်ခေါ်တော်မူသည့်အတိုင်း အသက်ရှင်ခြင်း

***"ဘုရားသခင်အားဖြင့် သူတို့ကို ညီအကိုကဲ့သို့ ချစ်ခြင်း၊"***

အခန်းငယ် ၅ = ဧဝံဂေလိ၌ အမြစ်စွဲခြင်း

***"ဧဝံဂေလိသည် လူအလိုအလျောက်မဟုတ်ဘဲ ဝိညာဉ်တော်တန်ခိုးအားဖြင့် ပေါ်လာခြင်း၊"***

အခန်းငယ် ၆ = ဧဝံဂေလိ၌ ကွဲပြားမှုဖြစ်ခြင်း

***"ပေါလုတို့နှင့်တူလာစေခြင်းငှာ ဝိညာဉ်တော်၏ ဝမ်းမြောက်ခြင်းနှင့် နှုတ်ကပတ်တော်ကို ခံယူခြင်း၊"***

အခန်းငယ် ၇ = ကွဲပြားခြင်း၏ ပထမရလဒ်

***"မာကေဒေါနိနှင့် အခါယပြည်၌ ရှိသောသူတို့အတွက် ပုံသက်သေနမူနာ ဖြစ်စေခြင်း၊"***

အခန်းငယ် ၈ = ကွဲပြားခြင်း၏ ဒုတိယရလဒ်

***"မာကေဒေါနိနှင့်အခါယပြည်သာမကဘဲ သူတို့၏ ယုံကြည်ခြင်းတိုးပွါးသည့်အတိုင်း ရောက်သည့်နေရာတိုင်း၌ နှုတ်ကပတ်တော် ကျယ်ပြန့်စေခြင်း၊"***

အခန်းငယ် ၉ = ရုပ်ထုကိုးကွယ်ခြင်းကို စွန့်လွှတ်သော အခြေခံအကြောင်းများ

***"ပေါလုတို့ကို လက်ခံပုံအကြောင်း အစီရင်ခံစာဖေါ်ပြခြင်း၊ ရုပ်ထုကိုစွန့်ပယ်၍ အသက်ရှင်သော မှန်သောဘုရားသခင်ထံ ပြောင်းလဲခြင်း၊"***

အခန်းငယ် ၁၀ = ကောင်းကင်သို့မျှော်ကြည့်၍ အသက်ရှင်သော အခြေခံအကြောင်း

***"သေခြင်းမှထမြောက်ပြီး ကောင်းကင်မှ ပြန်လည်ကြွဆင်းလာမည့်သခင်ယေရှုကို မျှော်လင့်ခြင်း၊"***

# အပိုင်း ၄

# ဆက်စပ်မှုအကြောင်းကို ရှာဖွေခြင်း

## က။ စာပိုဒ်တွင် ပါဝင်နေသော အကြောင်းအရာများကို ပုံစံချ၍ မှတ်သားပါ။

၁သက်သာလောနိတ်ဒုတိယစာပိုဒ်၌ ပါသောအကြောင်းများကို ခေါင်းစဉ်များတပ်၍ ပုံဖေါ်ခြင်းဖြင့် အဓိကပါဝင်သော အကြောင်းများကို သိလာရမည်။

| | |
|---|---|
| အခန်းငယ် ၂ | ဆုတောင်းခြင်း၌ ကျေးဇူးတော်ချီးမွမ်းခြင်း |
| အခန်းငယ် ၃ | ယုံကြည်ခြင်းမျှော်လင့်ခြင်း၊ ချစ်ခြင်းအတွက်ကြောင့် ကျေးဇူးတော်ချီးမွမ်းခြင်း |
| အခန်းငယ် ၄ | ဘုရားသခင်ခေါ်ဖိတ်ထားသည့်အတိုင်း အသက်ရှင်ခြင်း |
| အခန်းငယ် ၅ | ဧဝံဂေလိ၌ အမြစ်စွဲခြင်း |
| အခန်းငယ် ၆ | ဧဝံဂေလိ၌ ကွဲပြားမှုဖြစ်ခြင်း |
| အခန်းငယ် ၇ | ဥပမာ-ကွဲပြားခြင်း၏ ပထမရလဒ် |

အခန်းငယ် ၈ ကွဲပြားခြင်း၏ ဒုတိယရလဒ်

အခန်းငယ် ၉ ရုပ်ထုကိုးကွယ်ခြင်းကို စွန့်လွှတ်သောအခြေခံအကြောင်းများ

အခန်းငယ် ၁၀ ကောင်းကင်သို့မျှော်ကြည့်၍ အသက်ရှင်သော အခြေခံအကြောင်း

ဤသို့အားဖြင့် ဧဝံဂေလိ၏ ကွဲပြားခြင်းအကြောင်းနှင့် ချီးမွမ်းခြင်းအကြောင်းတို့ကို ရှင်းလင်းစွာ သိမြင်ရသည်။

ခ။ ရှာဖွေတွေ့ရှိ၍ မှတ်သားမိသော ကျမ်းပိုဒ်များကို အထူးဂရုစိုက်ကာ ကြည့်မြင်ခြင်း

အခန်းငယ် ၂ = ဆုတောင်းခြင်း၌ ကျေးဇူးတော်ချီးမွမ်းခြင်း

***"သင်တို့အားလုံးအတွက် ချီးမွမ်းခြင်း၊ ဆုတောင်းခြင်း ပြုသူတို့အကြောင်းကို ဖော်ပြခြင်း"***

ကျမ်းပိုဒ်တွင် ပေါလုသည် ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ဆုတောင်းခြင်းအတွက် သူလုပ်ဆောင်သည့် ပုံစံကို ဖော်ပြထားသည်။

အခန်းငယ် ၃ = ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်းအတွက်ကြောင့် ကျေးဇူးတော်ချီးမွမ်းခြင်း

***"ခရစ်တော်၌ရှိသော သူတို့၏ မြဲမြံသည့်မျှော်လင့်ခြင်း၊ ချစ်ခြင်းမေတ္တာ၌ အလုပ်လုပ်ခြင်း၊ ယုံကြည်ခြင်းအကျင့်တို့ကို မြဲမြံစွာခံယူပေးခြင်း"***

ပေါလုသည် သူတို့အတွက်ကြောင့် ကျေးဇူးတော်ချီးမွမ်းရခြင်းအကြောင်း (၃) မျိုးကို ဖော်ပြသည်။

(၁) သူတို့၏ ယုံကြည်ခြင်းအကျင့်

(၂) ချစ်ခြင်းမေတ္တာ၌ လုပ်ဆောင်ခြင်း

(၃) စွဲမြဲသော မျှော်လင့်ခြင်း

သူတို့၏ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်းတို့သည် အောက်ပါအကြောင်းသုံးခု၌ အခြေခံသည်။

(၁) ခရစ်တော်နှင့် ဆက်ဆံခြင်း

(၂) အဖဘုရားသခင်နှင့် အကျွမ်းဝင်ခြင်း

(၃) ဘုရားသခင် သူတို့ကို ရွေးကောက်ခြင်း

အခန်းငယ် ၄ = ဘုရားသခင်ခေါ်ဖိတ်ထားသည့်အတိုင်း အသက်ရှင်ခြင်း

***"ဘုရားသခင်အားဖြင့် သူတို့ကို ညီအစ်ကိုကဲ့သို့ ချစ်ခြင်း"***

အခန်းငယ် ၅ = ဧဝံဂေလိ၌ အမြစ်စွဲခြင်း

***"ဧဝံဂေလိသည် လူ့အလိုအလျောက်မဟုတ်ဘဲ ဝိညာဉ်တော်တန်ခိုးအားဖြင့် ပေါ်လာခြင်း"***

သူတို့သည် ဧဝံဂေလိကို အောက်ပါအကြောင်းအားဖြင့် လက်ခံသည်။

(၁) စကားအားဖြင့်

(၂) တန်ခိုးအားဖြင့်

(၃) သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်

(၄) ပြည့်စုံသော သက်သေထင်ရှားမှုအားဖြင့်

(၅) လူ့အသွင်စရိုက်အားဖြင့်

အခန်းငယ် ၆ = ဧဝံဂေလိ၌ ကွဲပြားမှုဖြစ်ခြင်း

***"ပေါလုတို့နှင့် တူလာခြင်းငှာ ဝိညာဉ်တော်၏ ဝမ်းမြောက်ခြင်းနှင့် နှုတ်ကပတ်တော်ကို ခံယူခြင်း"***

ဇဝံဂေလိသည် ကွဲပြားမှုကို ဖြစ်စေသည်။ နားထောင်သူတို့သည် ရင့်ကျက်လာပြီး ပေါလုနှင့် ၎င်း၊ ခရစ်တော်နှင့်၎င်း သဏ္ဍာန်တူသည်အထိ ပြောင်းလဲကြသည်။

ဒုက္ခဆင်းရဲခြင်းကြားမှာ ဧဝံဂေလိကို ဝမ်းမြောက်စွာ ခံယူကြသည်။

အခန်းငယ်၇ = ဥပမာ - ကွဲပြားခြင်း၏ ပထမရလဒ်

***"မာကေဒေါနိနှင့် အခါယပြည်၌ရှိသော သူတို့အတွက် ပုံသက်သေနမူနာဖြစ်စေခြင်း"***

ဧဝံဂေလိ၏ ကွဲပြားမှုပထမရလဒ်သည် သက်သာလောနိတ်မြို့သားတို့အား အိမ်နီးချင်း အသင်းတော်များ၌ ပုံသက်သေကောင်းဖြစ်လာစေသည်။

အခန်းငယ် ၈ = ကွဲပြားခြင်း၏ ဒုတိယရလဒ်

***"မာကေဒေါနိနှင့် အခါယပြည်သာမကဘဲ သူတို့၏ ယုံကြည်ခြင်းတိုးပွါးသည့်အတိုင်း ရောက် သည့်နေရာတိုင်း၌ နှုတ်ကပတ်တော် ကျယ်ပြန့်စေခြင်း"***

သူတို့၏ ဒုတိယရလဒ်မှာ အိမ်နီးချင်းတို့၌ သူတို့ ယုံကြည်ခြင်းအကြောင်း ပြန့်နှံ့ခြင်း ဖြစ်သည်။

အခန်းငယ် ၉ = ရုပ်ထုကိုးကွယ်ခြင်းကို စွန့်လွှတ်သောအခြေခံအကြောင်းများ

***"ပေါလုတို့ကို လက်ခံပုံအကြောင်း အစီရင်ခံဖော်ပြခြင်း၊ ရုပ်ထုကိုစွန့်ပယ်၍ အသက်ရှင် သော မှန်သောဘုရားသခင်ထံ ပြောင်းလဲခြင်း"***

ကွဲပြားခြင်းပထမအခြေခံမှာ လူတို့သည် ရုပ်ထုကိုးကွယ်ခြင်းကို စွန့်လွှတ်လာသည်။

အခန်းငယ် ၁၀ = ကောင်းကင်သို့မျှော်ကြည့်၍ အသက်ရှင်သော အခြေခံအကြောင်း

***"သေခြင်းမှ ထမြောက်ပြီး ကောင်းကင်မှ ပြန်လည်ကြွဆင်းလာမည့် သခင်ယေရှုကို မျှော်လင့်ခြင်း"***

ကွဲပြားမှုဒုတိယအခြေခံအကြောင်းမှာ သက်သာလောနိတ်မြို့သားတို့သည် ခရစ်တော် ဒုတိယအကြိမ်ကြွလာခြင်းကို စောင့်မျှော်ကြခြင်းဖြစ်သည်။ ထိုသခင်သည် သေခြင်းမှ ထမြောက်၍ အမျက်တော်ကာလမှ ကျွန်ုပ်တို့ကို ရွေးနှုတ်မည့်သူဖြစ်သည်။

**ဂ။ ထိုသို့ပုံစံချပြီးလျှင် အောက်ပါအတိုင်း ခေါင်းစဉ်များဖြင့် ပြည့်စုံလာသည်၊**

**၁။ ကျေးဇူးတော်ချီးမွမ်းခြင်း။ ငယ် ၂**

**၂။ ချီးမွမ်းရခြင်းအကြောင်း။ ငယ် ၃-၄**

(က) ယုံကြည်ခြင်းအကျင့်

(ခ) ချစ်ခြင်းမေတ္တာ၌ အလုပ်

(ဂ) စွဲမြဲသော မျှော်လင့်ခြင်း

(၁) သခင်ယေရှု၌

(၂) ခမည်းတော်ဘုရား၌

(၃) ရွေးကောက်ထားခြင်း၌

**၃။ ဧဝံဂေလိကို လက်ခံခြင်း။ ငယ် ၅**

(က) စကားအားဖြင့်

(ခ) တန်ခိုးအားဖြင့်

(ဂ) သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်

(ဃ) သက်သေထင်ရှားခြင်းအားဖြင့်

(င) အသွင်စရိုက်အားဖြင့်

**၄။ ဇဝံဂေလိကြောင့်ကွဲပြားမှု ၂မျိုး။ ငယ် ၆**

(က) ပေါလုနှင့် ခရစ်တော်ကဲ့သို့ တူလာခြင်း

(ခ) ဒုက္ခဆင်းရဲကြားမှာ ဝိညာဉ်ရေး ဝမ်းမြောက်ခြင်း

**၅။ ကွဲပြားခြင်း၏ ရလဒ် ၂မျိုး။ ငယ် ၇-၈**

(က) အိမ်နီးခြင်းအသင်းတော်များ၌ ပုံသက်သေကောင်းဖြစ်လာခြင်း

(ခ) သူတို့ ယုံကြည်ခြင်းအကြောင်း ပြန့်နှံ့ခြင်း

**၆။ ကွဲပြားမှု၏ အခြေခံအကြောင်း၂မျိုး။ ငယ် ၉-၁၀**

(က) ရုပ်ထုကိုးကွယ်ခြင်းကို စွန့်ခြင်း

(ခ) သခင်ဘုရားပြန်လာမည်ကို စောင့်မျှော်ခြင်း

(၁) သေခြင်းမှ ရှင်ပြန်ထမြောက်သူ

(၂) အမျက်တော်ကာလမှ ကျွန်ုပ်တို့ကို ရွေးနှုတ်သူ

ဤအခန်းတွင် ပေါလုသည် သက်သာလောနိတ်အသင်းသားတို့အား အာမခံချက်များ ပေးထားသည်။ သူတို့သည် အသင်းတော်အတွက် ကောင်းသောပုံသက်သေနှင့် စံနမူနာဖြစ် ဘို့ ရွေးကောက်ခြင်းခံရသည်။ ထို့ကြောင့် ယနေ့အသင်းတော်အတွက် ကျွန်ုပ်တို့သည် စံနမူနာပုံသက်သေကောင်းများဖြစ်ဘို့ လေ့လာအားထုတ်ကြရမည်။

## အပိုင်း ၅

# အလှမ်းကွာသော ခွဲခြမ်းစိတ်ဖြာခြင်း

ကျွန်ုပ်တို့သည် ကျမ်းပိုဒ်အချင်းချင်း နှိုင်းယှဉ်၍ အလှမ်းကွာသောအကြောင်းရင်းကို အသေးစိတ်ခွဲခြမ်းနိုင်သည်။ စကားလုံးအနေအထားတည်ရာကို ရွေးနှုတ်ပြီး ကျမ်းညွှန်း အဘိဓါန်ကို သုံးခြင်းသည် အလွယ်ကူဆုံးနည်းဖြစ်သည်။ ထိုစကားဝေါဟာရကို အသုံးပြုပုံကို သုံးသပ်ပြီး ကျမ်းစာ၌ ထိုဖြစ်ရပ်နှင့်ဆိုင်သောကြောင့် အခြားသော ကျမ်းညွှန်းများကို ရှာနိုင်သည်။

ကွဲပြားသော ကျမ်းညွှန်းတို့သည် မတူညီသော နည်းလမ်းအတိုင်း အလုပ်လုပ်သည်။ အကြောင်းအရာတစ်ခု အလုပ်လုပ်ပုံကို ကောင်းစွာသိလိုလျှင် အလှမ်းကွာသော အကြောင်းရင်းလေ့လာခြင်း ပထမအဆင့်သည် အရေးကြီးပါသည်။ လူသိများပြီး အထောက်အကူ အများဆုံးဖြစ်သော ကျမ်းညွှန်းများမှာ Englishman's Greek Concordance ၊ Englishman's Hebrew နှင့် Chaldee Concordance တို့ဖြစ်သည်။ ဤကျမ်းညွှန်းတို့သည် ဟေဗြဲနှင့်ဂရိဝေါဟာရတို့မှ ဆင်းသက်လာသည်။ KALOS ဟူသော ဝေါဟာရသည် 'ကောင်းခြင်း' ဟု အဓိပ္ပါယ်ရှိပြီး သီးခြားခေါင်းစဉ်အလိုက် ရှာဖွေတွေ့ရှိနိုင်သည်။

Strong's Exhaustive Concordance သည် စကားလုံးဝေါဟာရအလိုက် စီစဉ်ပြုစုထားသည်။ ဥပမာ၊ 'ကောင်းခြင်း' ဟူသော ဝေါဟာရပါဝင်သည့် စာပိုဒ်တို့သည် စာရင်းပြုစုထားသည်။ ၎င်းသည် ဂရိစကားကွဲလွဲမှုဖြစ်ပြီး၊ ဟေဗြဲစကားအရ 'ကောင်းခြင်း' ဖြစ်သည်။ ထိုဝေါဟာရပါသမျှစာပိုဒ်သည် ကောင်းသောအကြောင်း ပုံပေါ်လွင်သည်။

ကျမ်းစာကို တိကျစွာလေ့လာရင်း 'ကောင်းသော' ဟူသော ဝေါဟာရပါဝင်သော စကားစုကို သိရခြင်းသည် အဓိကကျပေသည်။ ဤသို့သော ရည်ရွယ်ချက်ကြောင့် Strong သည် ကျမ်းစာ၌ ဂရိနှင့် ဟေဗြဲစကားများကို ထည့်သွင်းပေးသည်။ ဥပမာ၊ 'ကောင်းခြင်း' အရာပါသော စာပိုဒ်တို့သည် ဂရိနှင့်ဟေဗြဲတို့နှင့်ဆိုင်သော စကားစုများဖြစ်သည်။ ဥပမာအားဖြင့်

ကောင်းခြင်း။

မဿဲ၊ ၃း၁၀   ကောင်းသော အသီးမသီးသောအပင် (၂၅၇၀)

မဿဲ၊ ၅း၄၅   ကောင်းသောသူ၊ မကောင်းသောသူအပေါ်၌ ကိုယ်တော်သည် နေကို ထွက်စေတော်မူ၏။

မဿဲ၊ ၃း၁၀ တွင် ပါသည့် 'ကောင်းသော' ဟူသော ဝေါဟာရသည် KALOS ဂရိစကားမှ လာ၍ ပင်ကိုယ်သဘာဝကောင်းခြင်းကို ဆိုလိုသည်။ မဿဲ၊ ၅း၄၅ တွင်ပါသည်။ ကောင်းသောဟူသည့် ဝေါဟာရစကားသည် AGATHOS ဂရိစကားမှလာ၍ 'ကောင်းလာသည့်အရာ' ဟု အဓိပ္ပါယ်ဆိုလိုသည်။

ဂရိနှင့် ဟေဗြဲတို့၏ စကားဝေါဟာရ အဓိပ္ပါယ်အပြည့်အစုံဖော်ပြချက်သည် Lexicons ဟူသည့်စာအုပ်၌ ပါရှိသည်။ ကျမ်းစာအတိအကျလေ့လာခြင်း၌ ထိုစာအုပ်များသည် အလွန်အသုံးဝင်သည်။

"ငါတို့ကဲ့သို့သောသူ၊ သခင်ဘုရားကဲ့သို့သောသူ" ဟူသည့် ပုံစံကပြောင်းလဲခြင်း ၁သက် ၁း၆ တွင် တွေ့ရသည်။ အချို့ဘာသာပြန်ဆိုသူတို့သည် ဂရိဘာသာစကား MIMETES ကို 'ပုံစံတူ ပြောင်းလဲသူ' ဟု မမြင်တော့ဘဲ 'နောက်လိုက်' အဖြစ် ပြန်ဆိုကြသည် (KJV)။ ဤဂရိစကား 'ပုံစံတူပြောင်းလဲသူ' သည် ဓမ္မသစ်ကျမ်း၌ ခြောက်ကြိမ် ဖော်ပြပါရှိသည်။

*၁ကော၊ ၄း၁၆ “ငါကျင့်သည်နည်းတူ၊ သင်တို့သည် ကျင့်ကြံမည်အကြောင်း ငါနှိုးဆော်တောင်းပန်၏။”*

*၁ကော၊ ၁၁း၁ “ငါသည် ခရစ်တော်နည်းတူ ကျင့်သကဲ့သို့ သင်တို့လည်း ငါ့နည်းတူ ကျင့်ကြလော့။”*

*ဧဖက်၊ ၅း၁ “ထိုသို့ သင်တို့သည် ဘုရားသခင်၏ ချစ်သားဖြစ်ကြသည်နှင့်အညီ၊ ဘုရားသခင် ကျင့်တော်မူသည်နည်းတူ ကျင့်ကြံကြလော့။”*

*၁သက်၊ ၁း၆ “သင်တို့သည် ကြီးစွာသော ဆင်းရဲခြင်းကို ခံရသော်လည်း၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့်ဆိုင်သော ဝမ်းမြောက်ခြင်းနှင့်တကွ နှုတ်ကပတ်တရားကို ခံယူ၍၊ ငါတို့ကဲ့သို့သောသူ၊ သခင်ဘုရားကဲ့သို့သောသူ ဖြစ်ကြ၏”*

*၁သက်၊ ၂း၁၄ “အဘယ်သို့နည်းဟူမူကား၊ ယုဒပြည်၌ ယေရှုခရစ်ဘာသာကို ခံယူ သော ဘုရားသခင်၏ သင်းဝင်တို့သည် ယုဒလူတို့လက်မှ ဆင်းရဲခံရသကဲ့သို့၊ ညီအစ်ကိုတို့၊ သင်တို့သည် မိမိတို့အမျိုးသားချင်းလက်မှ ထိုနည်းတူ ခံရသောအားဖြင့် ယုဒပြည်၌ရှိသော တပည့်တော်ကဲ့သို့သော သူဖြစ်ကြ၏”*

*ဟေဗြဲ၊ ၆း၁၂ “ယုံကြည်ခြင်းနှင့် သည်းခံခြင်းအားဖြင့် ဂတိတော်တို့ကို အမွေခံရသော သူတို့နည်းတူ ကျင့်နိုင်မည်အကြောင်း၊ ထိုသို့သော လုံးလဝိရိယကိုထုတ်၍ အဆုံးတိုင်အောင် ယုံမှားခြင်းနှင့်ကင်းသော မျှော်လင့်ခြင်းနှင့်ပြည့်စုံစေခြင်းငှာ၊ ငါတို့သည် အလိုရှိကြ၏။”*

ကျမ်းစာ၌ “အတုယူပုံဆောင်ခြင်း” သို့မဟုတ် ပုံစံတူပြောင်းလဲခြင်းအကြောင်း ကျမ်းပိုဒ်အနည်းငယ်ကို လေ့လာခြင်းဖြင့် အလှမ်းကွာသော အကြောင်းရင်းကို ပုံစံတူဖြစ်ရပ်အပေါ်၌ ရှင်းလင်းစွာ နားလည်လာနိုင်သည်။

- ၁ကော၊ ၄း၁၆ တွင် ပေါလုသည် ကောရိန္သုအသင်းသားများအား သူကဲ့သို့ဖြစ်စေလိုသည်။ သားငယ်သည် အဖခြေရာလိုက်ရသကဲ့သို့ ကျွန်ုပ်တို့သည်လည်း ပုံစံတူကျင့်ဆောင်ပြုမူရမည် (အငယ် ၁၄-၁၅)။

- ၁ကော၊ ၁၁း၁ တွင် ပေါလုကဲ့သို့ ဖြစ်စေရန်အလို့ငှါ ကျင့်ဆောင်ကြရာတွင် ပေါလုအပြစ်လုပ်ခြင်းနှင့် ဆိုးသောဗီဇတို့ကို အတုယူရမည်မဟုတ်ပါ။ (ရောမ၊ ၇, တွင် ပေါလုသည် ဇာတိပကတိနှင့် စစ်ခင်းနေရကြောင်း တွေ့ရသည်) သို့သော် ပေါလုသည် ခရစ်တော်ကဲ့သို့ ကျင့်ကြံအားထုတ်သည်။

- ဧဖက်၊ ၅း၁တွင် ဘုရားသားသမီးများအနေဖြင့် ကျင့်ကြံအားထုတ်ရမည်။

- သက်သာလောနိတ်အသင်းသားတို့သည် သခင်ယေရှုနှင့် ပေါလုအတိုင်း ကျင့်ကြသည် (၁သက်၊ ၁း၆)။

- သက်သာလောနိတ်အသင်းသားတို့သည် ဒုက္ခဆင်းရဲကို ကြံ့ကြံ့ခံသော ယုဒအသင်းတော်ကို အတုယူကြသည် (၁သက်၊ ၂း၁၄)။ ဤအကြောင်းသည် စာစောင်တစ်ခုထဲ၌ရှိသောကြောင့် ကြား၌ရှိသော အကြောင်းအရင်းကို မြင်နိုင်ဖို့ ရေးထားသည်။

- ဤကဲ့သို့ အတုယူပုံသွင်းခြင်းသည် အရေးပါသော သာသနာလုပ်ဆောင်ခြင်း တစ်မျိုးဖြစ်သည် (ဟေဗြဲ၊ ၆း၉-၁၂)။

ဤကျမ်းပိုဒ်အားလုံး စုစည်းပြီးလျှင် ကျမ်းစာအားဖြင့် ခွန်အားပေးမှုသုံးမျိုးကို တွေ့ရမည်။

၁။ ခမည်းတော်အဖဘုရား၊ ခရစ်တော်နှင့် ပေါလုကဲ့သို့ တူညီအောင်ကျင့်ခြင်း။

၂။ ဒုက္ခဆင်းရဲခြင်းထဲ၌ပင်ဖြစ်စေ၊ သားသမီးသည် ဖခင်အပေါ် ပြုမူသကဲ့သို့ ကျင့်ကြံပြုမူခြင်း။

၃။ သူတစ်ပါးကို သာသနာပြုခြင်းဖြင့် ပုံတူသဏ္ဍာန်အကြောင်းကို ဖေါ်ထုတ်ခြင်း။

ကျွန်ုပ်တို့သည် ပုံစံတူပြုပြင်ခြင်းအကြောင်းကို တိုးချဲ့၍ ပြုလုပ်နိုင်သော်လည်း (၁သက်၊ ၁း၆ နှင့် ဆက်စပ်ခြင်း) ကျမ်းစာ၏ ဆိုလိုရင်းကို လက်ခံဖို့လိုသည်။ ပေါလုသည် သက်သာလောနိတ်အသင်းသားတို့အား မိမိနှင့်တူဖို့ ပြောဆိုရာတွင် သူ၏ အားနည်းချက်ကို လိုက်တူရန်မဟုတ်ဘဲ ခရစ်တော်၌ လိုက်လျှောက်သော သူ၏အသက်တာကို အတုယူစေရန်ဖြစ်သည် (ရောမ၊ ၇)။

ဤအကြောင်းကို လေ့ကျင့်ရာတွင် အဖနှင့်သား၏ ပုံသာဓကကို နမူနာယူရမည်။ ဥပမာ၊ အသွင်လက္ခဏာ၊ ကတိတည်ခြင်း၊ သစ္စာတရား၌ ရှင်သန်ခြင်းစသည်တို့ကို အတုယူကျင့်ဆောင်နိုင်သည်။ ကျမ်းစာအတိုင်း အပ်နှံ၍ သွန်သင်ကြရာတွင် ဆီလျော်အောင် ဆုတောင်းလိုက်လျှောက်ခြင်းအကြောင်းကို အခြေခံရမည်။ ကျမ်းစာသင်သောသူများ သိထားရမည်မှာ အသစ်ပြောင်းလဲလာသူများသည် သီဩလော်ဂျီ၏ နက်နဲမှုကို နားမလည်နိုင်ပါ (ဟေဗြဲ၊ ၅း၁၁-၁၄)။ ကျွန်ုပ်တို့သည် မိမိတို့၏ တရားနာပရိသတ်အတွက် တူညီသော လိုက်လျှောက်ရမည့် သင်ခန်းစာကို အဓမ္မချတ်မှတ်ပေးခြင်း မပြုလုပ်သင့်ပါ။

ကျမ်းစာ၏ အဓိကရည်ရွယ်ချက်နှင့် လွဲမသွားစေရန် အကြောင်းအရင်းမြစ်ကို ပြန်ကြည့်ရသည်။ သက်သာလောနိတ်မြို့သားတို့သည် ခရစ်တော်နှင့် ရှင်ပေါလုကဲ့သို့ ကျင့်ကြသောကြောင့် အခြားယုံကြည်သူများအတွက် ပုံသက်သေကောင်းဖြစ်လာကြသည်။

ရုတ်တရက်ဖြစ်ပေါ်သော အသင်းတော်၏ အရည်အသွေးအချို့ကို မြင်တွေ့လာသည်။ သက်သာလောနိတ်မြို့သားတို့အကြောင်း ရှင်ပေါလု ကျေးဇူးတော်ချီးမွမ်းရခြင်းမှာ၊

၁။ သူတို့၏ ယုံကြည်ခြင်းအကျင့်

၂။ ချစ်ခြင်းမေတ္တာအလုပ်

၃။ စွဲမြဲသောမျှော်လင့်ခြင်းတို့ကြောင့် ဖြစ်သည်။

ယုံကြည်ခြင်း၊ အကျင့်၊ အလုပ်၊ ချစ်ခြင်း၊ စွဲမြဲခြင်းနှင့် မျှော်လင့်ခြင်းတို့အကြောင်း ကျမ်းညွှန်းများစွာရှိသောကြောင့် အချိန်ယူသင်ကြားရပေမည်။ ပါဝင်သောအရေအတွက်သည် အချိန် နှင့်အမည်နာမတို့ကိုပါ ဖော်ပြပေးသည်။ တစ်ခုနှင့်တစ်ခုဆက်စပ်သော ကျမ်းပိုဒ်များစွာ ရှိသည်။ စံပြအသင်းတော်၏ အဓိပ္ပါယ်ဖော်ပြရာ၌ ဤခေါင်းစဉ်တို့သည် လွန်စွာ အဓိကကျ လှပါသည်။

# အပိုင်း ၆

# သင်ဇာ၏လေ့လာမှုကို တိုးချဲ့ခြင်း

ဆရာတစ်ဦးသည် နှုတ်ကပတ်တော်ကို မတင်ဆက်မီ ဝိညာဉ်တော်၏ လမ်းပြမှုနှင့် ပရိသတ်တို့၏ ရင့်ကျက်မှုအပေါ် ဂရုပြု၍ နက်ရှိုင်းစွာ လေ့လာသင့်သည်။ ဘုရားသခင်၏ နက်နဲခြင်း အကြောင်းကိုလည်း ကိုယ်တိုင်လေ့လာရသည်။ ခရစ်ယာန်အနေဖြင့် အောက်ပါ (၁ကော၊ ၂း၉-၁၀) ကျမ်းပိုဒ်အတိုင်း ရတနာသိုက်ကို ရရှိခံစားနိုင်မည် ဖြစ်သည်။

***"ဘုရားသခင်ကို ချစ်သောသူတို့အဘို့အလိုငှါ ဘုရားသခင် ပြင်ဆင်တော်မူသော အရာတို့ကို လူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့် မကြံစည်သေး၊ ထိုအရာတို့ကို ဘုရားသခင်သည် မိမိဝိညာဉ်တော်အားဖြင့် ငါတို့အား ဖေါ်ပြတော်မူ၏။ ဝိညာဉ်တော်သည် ဘုရားသခင်၏ နက်နဲသော အရာတိုင်အောင် ခပ်သိမ်းသောအရာတို့ကို စစ်တော်မူ၏။"***

ဤနည်းအတိုင်း အကောင်းဆုံးဖေါ်ပြရာတွင် သာဓကပြ၍ ရှင်းလင်းခြင်းဖြစ်သည်။ ထို့ကြောင့် (၁သက်၊၁း၃) ကို ဂရိစကားဝေါဟာရအခြေခံဖြင့် ယင်း၏ ရှင်းလင်းချက်ကို တိုးချဲ့ဖေါ်ပြနိုင်သည်။

**အကြောင်းအရာ အရင်းအမြစ်မူဝါဒ။ ။ သူတို့အတွက် ကျေးဇူးတော် ချီးမွမ်းခြင်း အကြောင်းပြောပါ (အခန်းငယ် ၂ နှင့် နှိုင်းယှဉ်)။**

**အဓိကအချက်။ ။ အသင်းတော်၏ ပုံစံဖြစ်သောကြောင့် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း တို့သည် အသင်းတော်၏ အရည်အသွေးတန်ဘိုးများဖြစ်ကြောင်း သိမြင်ရသည်။**

## (က) စူးစမ်းလေ့လာခြင်းအချို့

၁။ ဓမ္မသစ်စာစောင်တို့၌ ဤအရည်အသွေးများကို အဓိကအစိတ်အပိုင်း အဖြစ်တွေ့ရှိရသည်။

၂။ "ယုံကြည်ခြင်းအကျင့်၊" "ချစ်ခြင်းအလုပ်" နှင့် "စိတ်ရှည်စွာ မျှော်လင့်ခြင်း" တို့အကြောင်း ပေါ်လွင်မှုကို မှတ်သားပါ။

၃။ ၎င်းတို့သည် တစ်ခုနှင့်တစ်ခုဆက်စပ်၍ လုပ်ဆောင်ကြသည်။

၄။ ဤအရည်အသွေးတို့သည် တိုးပွါးနိုင်သည်။

(က) ယုံကြည်ခြင်း (၂ သက်၊ ၁း၃)

(ခ) မျှော်လင့်ခြင်း (ရောမ ၁၅း၁၃)

(ဂ) ချစ်ခြင်း (၂ သက်၊ ၁း၃)

၅။ ဤအရည်အသွေးတို့သည် သူတစ်ပါးမြင်သာစေရန် ဘုရားသခင် ပုံချပေးခြင်းဖြစ်သည်။

(က) ယုံကြည်ခြင်း (ဟေဗြဲ၊ ၁၁း၁)

(ခ) မျှော်လင့်ခြင်း (ရောမ၊ ၈း၂၄)

(ဂ) ချစ်ခြင်း (ဧဖက်၊ ၃း၁၆-၁၉)

၆။ တစ်စုံတစ်ဦး၏ အသက်တာသည် မပူမအေးနွေးနေလျှင် ၎င်းအရည်အသွေးများ သူ၌ ပျက်စီးနေသည် (ဗျာ၊ ၃း၁၄-၂၀)။

၇။ ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့၌ အကြီးဆုံးဆုကျေးဇူးဖြစ်ကြောင်း ပေါလု သွန်သင်ထားသည်၊ ချစ်ခြင်းမရှိလျှင် မည်သည့်အရာမျှ မရှိ (၁ကော၊ ၁၃း၁-၃၊ ၁၃)။

၈။ အသင်းတော်၌ ထိုအရည်အသွေးများမရှိလျှင် ဂလာတိ အသင်းတော်၊ ကောရိန္သုအသင်းတော်တို့ကဲ့သို့ အယူဝါဒဓလေ့သမားများ ဖြစ်ပေသည်။

## (ခ) အောက်ပါမူဝါဒ (၃) ရပ်ကို ဖေါ်ပြ၍ သင်၏ လေ့လာမှုတို့ကို တိုးချဲ့နိုင်သည်။

### ၁။ ယုံကြည်ခြင်းအကျင့်

(က) ယုံကြည်ခြင်းသည် သင်၏ အသက်မွေးမှုသကဲ့သို့ အလုပ်ဖြစ်လာပြီး ဘဝအသက်တာ၌ အခြေခံဖြစ်လာသည်။

(ခ) ယုံကြည်ခြင်းအကျင့်နှင့်ဆိုင်သော ပရိစကားအဓိပ္ပါယ်မှာ ခရစ်တော်ကို အားကိုး၍ အရာရာကို ရင်ဆိုင်စေရန်ဖြစ်သည်။

(ဂ) အခြားနည်းတစ်ခုမှာ ယုံကြည်ခြင်းအကျင့်သည် ခရစ်တော်၏ ဧဝံဂေလိတရားကို ပြန့်နှံ့စေခြင်းဖြစ်သည်။

(ဃ) ယုံကြည်ခြင်းအကြောင်းကို သစ္စာတရား ခိုင်မြဲခြင်းအလို့ငှါ အလေးထား ဖေါ်ပြရာ အထူးသဖြင့် ယာကုပ်နှင့် ဂလာတိ၌သာ ရေးသားထားသည်။ ပေါလုကလည်း ထိုအကြောင်းကို ရည်ညွှန်းထားသည်။

(င) ယုံကြည်ခြင်းအကျင့်သည် ကယ်တင်ခြင်းရောက်စေသော ဖြောင့်မတ်ခြင်းနှင့်မဆိုင်။ (ရောမ ၃း၂၇-၂၈၊ ဂလာတိ၊ ၂း၁၆)

(စ) ယုံကြည်ခြင်းသည် အကျင့်မပါဘဲ ဖြောင့်မတ်ခြင်းသို့ ရောက်စေနိုင်သည်။ (ရောမ၊ ၄း၅)

(ဆ) အကျင့်အားဖြင့် ကယ်တင်ခြင်းရောက်ဘို့ ကြိုးစားသူသည် ခရစ်တော်ကို ထိခိုက်စေသည်။ (ရောမ၊ ၉း၃၂)

(ဇ) ယုံကြည်သောရှေးသန့်ရှင်းသူများသည် မိမိတို့ကိုယ်ကို အုပ်စိုးသူအနေဖြင့် မဟုတ်ဘဲ လုပ်ဖေါ်ဆောင်ဘက်အဖြစ် ခံယူကြသည်။ (၂ကော၊ ၁း၂၄)

(ဈ) လူတစ်ယောက်ကယ်တင်ခြင်းရလျှင် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်လာပြီး ကျေးဇူးတော်ကြွယ်ဝခြင်းအလို့ငှါ ခရစ်တော်၌ တိုး၍ ယုံကြည်ကြသည်။ (၂ကော၊ ၈း၇)

(ည) ယုံကြည်သူသည် အကျင့်ကြောင့် ဝိညာဉ်တော်ကို ရခြင်းမဟုတ်ပါ။ သို့သော် အကျင့်သည် ဝိညာဉ်တော်ကြောင့်ဖြစ်သည်။ (ဂလာတိ၊ ၃း၂-၅)

(ဋ) မျှော်လင့်ခြင်းကြောင့် ဝိညာဉ်ရေးရာ၌ ချစ်တတ်လာပြီး ယုံကြည်ခြင်းအကျင့်ပေါ်လွင်လာသည်။ (ဂလာတိ၊ ၅း၅-၆)

(ဌ) စာတန်သည် ယုံကြည်ခြင်းကို ရပ်စေပြီး လူ၏ ဥပဒေသအယူဝါဒကို သွတ်သွင်းရန် ကြိုးစားသည်။ (ဂလာတိ၊ ၅း၇၊ ၁၃)

(ဍ) ကျွန်ုပ်တို့ ယုံကြည်ခြင်းသည် ကိုယ်တိုင်အားဖြင့်မတည်ဘဲ ဘုရားသခင်ကျွန်ုပ်တို့၌ အလုပ်လုပ်ခြင်းဖြင့် တည်သည်။ (ကောလော၊ ၂း၁၂၊ ဖိလိပ္ပိ ၂း၁၂-၁၆)

(ဎ) အခြားယုံကြည်သူများ ယုံကြည်ခြင်းအကျင့်တိုးပွါးစေဘို့ ဆုတောင်းပေးရမည်။ (၂သက်၊ ၁း၁၁၊ ယာ၊ ၂း၁၄-၁၆)

**မူဝါဒ။ ယုံကြည်ခြင်းရှိသော အသင်းတော်တစ်ပါးသည် မိမိအသင်းတော်အားဖြင့် ဘုရားသခင်သည် ထင်ရှားမြင်သာအောင် အလုပ်လုပ်ခွင့်ပေးခြင်းဖြစ်သည်။**

## ၂။ ချစ်ခြင်းမေတ္တာ၏အလုပ်

(က) ဓမ္မသစ်ကျမ်းတွင် အလုပ်နှင့်ချစ်ခြင်းမေတ္တာဒွန်တွဲလျက် ဖော်ပြထား သည်။

(ခ) တစ်စုံတစ်ဦး၏ ဘဝအသက်တာရလဒ်ကောင်းကျိုးမှာ မိမိချစ်သော အိမ်ထောင်ဘက်နှင့် ရွှင်လန်းစွာ အသက်တာကုန်စေခြင်းဖြစ်သည်။ (ဒေသနာ၊ ၉း၉)

(ဂ) အလုပ်အတွက် သီးခြားဝေါဟာရမှာ ကိုယ်တိုင်တိုးချဲ့၍ ပင်ပန်းစွာ လုပ် ဆောင်ခြင်းကို ညွှန်းသည်။

(ဃ) အများအကျိုးအတွက် လုပ်ဆောင်ခြင်းဖြစ်သည်။ (ယော၊ ၄း၃၇-၃၈)

(င) ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၌ မိတ်သဟာရဖွဲ့သော အလုပ်ဖြစ်သည်။ (၁ကော၊ ၃း၆-၉)

(စ) ဘုရားသခင်၏ အလုပ်၌ ပင်ပန်းစွာ လုပ်ခြင်းသည် အချည်းနှီးမဖြစ်။ (၁ကော၊ ၁၅း၅၈)

(ဆ) တစ်စုံတစ်ဦးသည် သူတစ်ပါးအတွက် ပင်ပန်းခြင်းကြောင့် ဝါကြွားစရာ အခွင့်မရှိ။ (၂ကော၊ ၁၀း၁၄-၁၈)

(ဇ) လှည့်ဖြားသော အလုပ်သမားတို့သည် မိမိတို့အလုပ်ကို ညိုငြင်စေသည်။ (၂ကော၊ ၁၁း၂၃-၂၇)

(ဈ) ဘုရားသခင်၏ အလုပ်သမားတို့သည် ဝိညာဉ်အသစ်ရဘို့ အထူးကြိုးစား အလုပ်လုပ်ချင်ကြသည်။ (၁သက်၊ ၂း၉၊ ၂သက်၊ ၃း၈)

(ည) မည်သူမျှ မိမိအလုပ်ကို အချည်းနှီးမဖြစ်စေလိုပါ။ (၁သက်၊ ၃း၅)

(ဃ) ချစ်ခြင်းမဲ့သောအလုပ်သည် အသင်းတော်တည်မြဲခြင်းအတွက် အကျိုးမရှိ။ (ဗျာဒိတ်၊ ၂း၂-၇)

(ငှ) ဤချစ်ခြင်းသည် အဂ္ဂါပေဖြစ်ပြီး မိမိမနှစ်သက်သည့်တိုင် ကျင့်ကြံပြုမူခြင်း ဖြစ်သည်။

(ဍ) သူတစ်ပါးအတွက် အကောင်းဆုံးနှင့် အမှန်ကန်ဆုံးဖြစ်စေရန် အနစ်နာခံ၍ လုပ်ဆောင်သော အရာဖြစ်သည်။

(ပ) နောက်ကွယ်၌ ရည်ရွယ်ချက်ရှိသောအလုပ်ဖြစ်သည်။

(ဏ) မိမိကိုယ်ကို အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာအဖြစ် တင်ဆက်ခြင်း (ရောမ၊ ၁၂း၁)၊ သူတစ်ပါးကို မိမိထက်ပို၍ ဦးစားပေးခြင်း (ဖိလိပ္ပိ၊ ၂း၃)၊ အကြီးဆုံးပညတ် (၂)ခုကို ပြည့်စုံဘို့ ဦးတည်ချက်ထားခြင်း (မာကု၊ ၁၂း၂၉-၃၁)။

**မူဝါဒ။ စံပြအသင်းတော်တစ်ပါးသည် ဘုရားသခင်အတွက်၎င်း၊ လူများအတွက်၎င်း၊ ချစ်ခြင်းမေတ္တာအားဖြင့် အနစ်နာခံ၍ မနားတမ်းလုပ်ဆောင်လိုသော ဆန္ဒရှိရ ပါမည်။**

**မူဝါဒ ။ ဤအရာသည် သင်းအုပ်ဆရာကြောင့်မဟုတ်ဘဲ အသင်းတော်၏ အသွင် လက္ခဏာပေါ်လွင်ခြင်းဖြစ်ကြောင်း မှတ်သားပါ။**

၃။ စွဲမြဲစွာမျှော်လင့်ခြင်း

(က) အခြေအနေအရပ်ရပ်၌ စိတ်ရှည်စွာ မျှော်လင့်ချက်တစ်ခုထားရှိခြင်း ဖြစ်သည်။

(ခ) ဂရိစကား ELPIS သည် အနာဂတ်၌ စိတ်ချသောမျှော်လင့်ခြင်းတစ်ခု အဓိပ္ပါယ်ကို ဆိုလိုသည်။

(ဂ) မျှော်လင့်ခြင်းသည် ခရစ်တော်ယေရှု၌ အခြေခံသည်။ (၁တိ၊ ၁း၁)

(ဃ) ခရစ်တော်သည် သင်၌ တည်ရှိနေသ၍ ကိုယ်တော်၏ ကြွယ်ဝခြင်းကို ခံစားရမည်။ (ကောလောသဲ၊ ၁း၂၇)

(င) ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်းတို့သည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ စုစည်းလျက်ရှိသည်။ (၁ပေ၊ ၁း၂၀-၂၂)

(စ) ခရစ်တော်၌ တည်သော မျှော်လင့်ခြင်းသည် သန့်ရှင်းခြင်းဖြစ်သည်။ (၁ယော၊ ၃း၁-၃)

(ဆ) စိတ်ရှည်စွာ အသီးသီးသူသည် ဧဝံဂေလိ၏ နက်နဲမှုကို ဖေါ်ထုတ်သည်။ (လုကာ၊ ၈း၁၅)

(ဇ) ကောင်းသောအကျင့်ကို ကျင့်သူသည် ထာဝရအသက်ကို အမွေရသည်။ (ရောမ၊ ၂း၅-၁၁)

(ဈ) စိတ်ရှည်ခြင်းသည် မျှော်လင့်ခြင်းတိုးပွါးရာ လက္ခဏာဖြစ်သည်။ (ရောမ၊ ၅း၁-၅)

(ည) မျှော်လင့်ခြင်းသည် အဓိကဖေါ်ထုတ်ရာတစ်စုံတစ်ရာ မဟုတ်သော်လည်း သည်းခံစိတ်ရှည်ခြင်းကို ဖြစ်စေသည် (ရောမ၊ ၈း၂၃-၂၆)။

(ဋ) ကျမ်းစာမှ သည်းခံခြင်းနှင့် သက်သာခြင်းသည် မျှော်လင့်ခြင်းတိုးပွါးရာ လက္ခဏာ ၂ ခု ဖြစ်သည်။ (ရောမ၊ ၁၅း၄)

(ဌ) ဤသည်းခံခြင်းနှင့် သက်သာခြင်းတို့သည် သူတစ်ပါးတို့နှင့် ဆက်ဆံရေးကောင်းဘို့ ဘုရားသခင် အလိုရှိသောအရာဖြစ်သည်။

(ရောမ၊ ၁၅း၅-၇)

(ဍ) သည်းခံခြင်းနှင့်အလုပ်သည် ဘုရားသခင့်အမှုတော်ဆောင်ခြင်း၏ အရည်အသွေးဖြစ်သည်။ (၂ကော၊ ၆း၁-၁၂)

(ဎ) ဘုရားတရား အသိညာဏ်သည် သည်းခံခြင်းကို ရစေသည်။ (ကောလော၊ ၁း၉-၁၄)

(ဏ) အသင်းတော်တစ်ပါးသည် သည်းခံခြင်းကိုပြလျှင် တစ်ပါးသူများ ထိတွေ့ခံစားရသည်။ (၂သက်၊ ၁း၄၊ ၂သက်၊ ၃း၅)

(တ) သည်းခံခြင်းသည် ယုံကြည်သူတစ်ဦး၌ မရှိမဖြစ် လိုအပ်သောအရာဖြစ်သည်။ (၁တိ၊ ၆း၁၁-၁၂)

(ထ) ကျွန်ုပ်တို့အားလုံး သည်းခံခြင်း ပုံစံလိုအပ်သည်။ (၂တိ၊ ၃း၁၀-၁၃)

(ဒ) အသက်ကြီးသူတို့သည် သည်းခံခြင်းပုံစံနမူနာ ဖြစ်ကြသည်။ (တိတု၊ ၂း၂)

(ဓ) ယုံကြည်ခြင်းအခြေခံသော သည်းခံခြင်းသည် ဘုရားသခင် ဂတိထားသောအရာကို ရစေသည်။ (ဟေဗြဲ၊ ၁၀း၃၆-၃၉)

(န) သည်းခံခြင်းသည် ကျွန်ုပ်တို့ပြေးလမ်းမှ အစိတ်အပိုင်း တစ်ခုဖြစ်သည်။ (ဟေဗြဲ၊ ၁၂း၁-၃)

(ပ) သည်းခံခြင်းသည် ယုံကြည်သူတစ်ဦး ရင့်ကျက်ရာလက္ခဏာဖြစ်သည်။ (ယာကုပ်၊ ၁း၂-၄)

(ဖ) သည်းခံခြင်းသည် အကြီးဆုံးပညတ် ၂ ပါးပြည့်စုံရာ လက္ခဏာဖြစ်သည်။ (၂ပေ၊ ၁း၅-၇)

(ဗ) သည်းခံခြင်းရှိပြီး မေတ္တာကင်းမဲ့သော အသင်းတော်သည် အန္တရာယ်ရှိသည်။ ( ဗျာဒိတ်၊ ၂း၂-၄)

(ဘ) ယုံကြည်ခြင်း၊ ချစ်ခြင်းနှင့် သည်းခံခြင်းများအားဖြင့် အလုပ်လုပ်သော်လည်း ဆိုးညစ်သောအမှုကို လက်ခံသော အသင်းတော်သည် အန္တရာယ်ရှိသည်။ (ဗျာဒိတ်၊ ၂း၁၉-၂၀)

(မ) ကားတိုင်ပေါ်မှာ ခရစ်တော်၏ သည်းခံခြင်းသည် ယုံကြည်သူတို့ကို ဒုက္ခဆင်းရဲမှ လွတ်မြောက်စေသည်။ (ဗျာဒိတ်၊ ၃း၁၀-၁၁)

## အပိုင်း ၇

# အဓိကအချက်ကို ပြုစုခြင်း

ကျမ်းစာကို သင်ကြားသောသူအနေဖြင့်၊ သင်၌ တရားနာပရိသတ်က နားလည်မှတ်မိသော အရာများထက် အကြောင်းအရာ ပို၍များစွာ ရှိပေမည်။ သင်သည် သူတို့ကို တရားစကား နားလည်၍ မှတ်မိစေလိုသည်။ တခါတရံ ရှုပ်ထွေးမှုများလည်းရှိ၏။ တရားစကားကို ရိုးသား၍ လက်တွေ့ကျစေခြင်းသည် အကောင်းဆုံးနည်းဖြစ်သည်။

အရေးကြီး အချက်အလက်အပေါ်မှာ ရှုမြင်သုံးသပ်စေပါ။ ထိုသို့ ပြုလုပ်ရန် ပုံသာဓကကို အသုံးပြုရမည်။ ဥပမာ၊ သံချောင်းတစ်ခုကို သစ်သား၌ ရိုက်ထည့်ခြင်းအကြောင်း အချက်အလက်ဖော်ထုတ်သောအခါ ထိုသံချောင်းသည် အဆုံးတိုင်ဝင်ဖို့ လက်ရိုက်တူဖြင့် တစ်ချက်ချင်း ပြီးစီးအောင်ရိုက်ရသည်။ ထိုနည်းတူ ပုံသာဓကပြခြင်းသည်လည်း အဓိကအကြောင်း အရာပြည့်စုံသည်အထိ ဆောင်ရွက်ပေးရမည်။

နှုတ်ကပတ်တော်လေ့လာနည်းကို သတိပြုပါ။ ပုံစံအကြီးကို ဦးစွာကြည့်မြင်ပြီး အတိအကျ အချက်အလက်ကို ရှာဖွေကောက်နှုတ်ပြီးမှ ထိုပုံစံအကြီးနှင့်ကိုက်ညီအောင် ပုံချရသည်။

၁သက်၊ ၁း၂ တွင် ယုံကြည်သူတို့တိုးတက်မှုကို ပေါလုက ချီးမွမ်းထားသည်။ တရားစကား တစ်ခုသည် အရာခပ်သိမ်းအတွက် ကျေးဇူးတော်ချီးမွမ်းခြင်း ဖြစ်သင့်သည်။ အဘယ်ကြောင့်ဆိုသော် အားနည်းသော ယုံကြည်သူတို့သည် ချီးမွမ်းခြင်းအမှု နည်းပါးကြသည်။

ခရစ်တော်သည် မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ကို ယူ၍ ခမည်းတော်ထံ ကျေးဇူးတော်ချီးမွမ်းခဲ့သည်။ မည်သို့မျှ မလောက်နိုင်သောမုန့်အတွက် တွေဝေမနေပဲ၊ အံ့ဘွယ်နမိတ်လက္ခဏာဖြစ်ဖို့ ကျေးဇူးတော်ချီးမွမ်းခဲ့သည်။

ခရစ်ဝင်ကျမ်းလေးကျမ်း၌ ထိုဖြစ်ရပ်ကို ဖတ်ရသည် (မဿဲ၊ ၁၄း၁၅-၂၁၊ မာကု၊ ၆း၃၇-၄၄၊ လုကာ၊ ၉း၁၃-၁၇၊ ယောဟန်၊ ၆း၅-၁၃) မုန့်နှင့် ငါးကို တိုးပွါးဖို့ ခရစ်တော်၏ ဆုတောင်း ခြင်းတစ်ကြိမ်တည်းမကပါ။ ခရစ်ဝင်လေးကျမ်း၌ ချီးမွမ်းထားသည်။ "သင်တို့သည် ကျေးဇူးတော် ချီးမွမ်းခြင်း ပြုမလား? အပြစ်တင်မလား?" ဟုစိန်ခေါ်၍ မေးနိုင်သည်။ တချို့မှာ မိမိရှိသမျှ အနည်းငယ်အတွက် ကျေးဇူးတော်ချီးမွမ်းကြသည်။ ဤသတင်းစကားကြားသူတို့ ကျေးဇူးတော်ချီးမွမ်းခြင်းအကြောင်း အဓိကဖြစ်ခြင်းကို ခံယူသင့်ပါသည်။ ဂရိစကား EUCHARISTIA သည် ကျေးဇူးတော်ချီးမွမ်းခြင်း အဓိပ္ပါယ်ဖြစ်သည်။ ဂရိဝေါဟာရနှစ်မျိုးမှ ဆင်းသက်သည်။ "EU" နှင့် "CHARIS" တို့ဖြစ်သည်။ "EU" ၏ အဓိပ္ပါယ်မှာ "ကောင်းသော" ဖြစ်ပြီး "CHARIS" သည် "ကျေးဇူးတော်" ဖြစ်သည်။ ထို့ကြောင့် ကျေးဇူးတော်ချီးမွမ်း ခြင်းသည် ဘုရားသခင်၏ ကျေးဇူးတော်တရားကောင်းမြတ်ခြင်းကို အသိအမှတ်ပြုခြင်း ဖြစ်သည်။ မချီးမွမ်းသော သူသည် ကျေးဇူးတော်ကို လက်မခံသောသူဖြစ်သည်။

ကျမ်းစာကို ရှင်းပြရာ၌ ပုံသာဓကပြခြင်းသည် ကြီးသောအထောက်အကူဖြစ်သည်။ အကောင်းဆုံး ပုံသာဓကပြခြင်းသည် စာအုပ်များမှမဟုတ်ဘဲ မိမိဘဝ လက်တွေ့ကြုံရသော အဖြစ်အပျက်မှဖြစ်သည်။ ဤသို့ဖြင့် ဘုရားသခင်သည် သူ၌ မည်သို့ လုပ်ဆောင်ခဲ့ကြောင်းကို သတိထား၍ ဖော်ပြလာနိုင်ပါမည်။

# ENDNOTES


1. Adapted from J.Edwin Hartill, Principles of Biblical Hermeneutics,p.9.

2. Bruce Wilkinson and Kenneth Boa, TaLk Thru the Old Testament, Vol. I,
Thomas Nelson Publishers, 1983, p.39.

3. Some of the ideas for this chart were drawn from A Popular Survey of the Old Testament, by Norman L. Geisler, Baker Book House, Grand Rapids, 1977, p.83 and Talk Thru The Bible by Bruce Wilkinson and Kenneth Boa, Thomas Nelson Publishers, Nashville, 1983, p. 47-49.

4. Wilkinson and Boa, p. 59.

5. Notes from the NIV Study Bible, Zondervan, 1985, electronic version.

6. Wilkinson and Boa, p.72.

7. Charles Caldwell Ryrie, Ryrie Study Bible, Expanded Edition, Moody, electronic media.

8. John F. Walvoord, Roy B.Zuck, Editors, The Bible Knowledge Commentary, Victor Books, Wheaton, 1983, 1985, electronic media.

9. Wilkinson and Boa, p.84.

10. Irving L. Jensen, 2 Kings with Chronicles, A Self-Study Guide, Moody, p.20.

11. Charles C.Ryrie, Ryrie Study Bible, Expanded Edition, Moody, Chicago, electronic media.

12. Ibid.

13. Wilkinson and Boa, p.100.

14. Ibid., p. 101.

15. Ibid., p. 110.

16. Ibid., p117.

17. Walvoord/Zuck, electronic media.

18. Wilkinson and Boa, p. 125.

19. Walvoord/Zuck, electronic media.

20. Norman L. Geisler, A Popular Survey of the Old Testament, Baker, Grand Rapids, 1977, p. 180.

21. Ibid., p. 181.

22. Ryrie, p. 777.

23. Archer, Electronic Edition.

24. Ryrie, p. 831.

25. Archer, Electronic Media.

26. Adapted from Archer's Survey of the Old Testament, Electronic Media.

27. Charles L. Feinberg, Class Notes, Dallas Theological Seminary, p. 3, 1960's.

28. Geisler, p. 195-196.

29. Wilkinson and Boa, p. 164.

30. Geisler, p. 214.

31. Ryrie, p. 1032.

32. R. Laird Harris, L. Archer, Jr. Bruce K. Waltke, Theological Word Book of the Old Testament, Vol. 2, p. 544.

33. Carl Laney, Bibliotheca Sacra, Oct.-Dec. 1981, p. 315-316.

34. Charles C. Ryrie, The Ryrie Study Bible, Expanded Edition, Moody Press, 1995, p. 1151.

35. Norman L. Geisler, A Popular Survey of the Old Testament, Baker, Grand Rapids, 1977, p. 227-228.

36. Ibid., p. 228.

37. Archer, Electronic Media.

38. Wilkinson and Boa, p. 200.

39. Adapted from Wilkinson and Boa, p. 209.

40. Hebrew class at Dallas Theological Seminary taught by Dr. Robert Chisholm, Spring 1993.

41. John F. Walvoord, Roy B. Zuck, Editors, The Bible Knowledge Commentary, Victor Books, Wheaton, 1983, 1985, electronic media.

42. Wikinson and Boa, p. 252.

43. Ibid., p. 263.

44. Gleason Archer, Electronic Media.

45. Ibid.

46. Ibid.

47. Wilkinson and Boa, p. 296.

48. Charles C. Ryrie, Ryrie Study Bible, Expanded Edition, Moody, p. 1498.

49. J. Greshem Machen, The New Testament, An Introduction to Its Literature and History, edited by W. John Cook, The Banner of Truth Trust, Edinburgh, 1976, p. 16.

50. Merrill C. Tenney, New Testament Times, Eerdmans, Grand Rapids,
1965, p. 107-108.

51. Charles C. Ryrie, Ryrie Study Bible, Expanded Edition, by, Moody, p. 1500.

52. Ibid., p. 1498.

53. Ibid., p. 1499.

54. Bruce Wilkinson and Kenneth Boa, Talk Thru The Bible, Thomas Nelson,
Nashville, 1983, p. 305.

55. Charles C. Ryrie, Ryrie Study Bible, Expanded Edition, Moody, p. 1509.

56. John F. Walvoord, Roy B. Zuck, editors, The Bible Knowledge Commentary, Victor Books, Wheaton, 1983, 1985, electronic media.

57. Walter M. Dunnett, New Testament Survey, Evangelical Teacher Training
Association, Wheaton, 1967, p. 17.

58. Ryrie, p. 1574.

59. Wilkinson / Boa, p. 321.

60. Ibid., p. 327.

61. Ryrie, p. 1614.

62. Ibid., p. 1614.

63. Wilkinson / Boa, p. 328.

64. Ibid., p. 328.

65. Walvoord / Zuck, electronic media.

66. Ibid.

67. Wilkinson / Boa, p. 338.

68. Walvoord / Zuck, electronic media.

69. Ibid.

70. Wilkinson / Boa, p. 353.

71. Walter M. Dunnett, New Testament Survey, Evangelical Teacher Training Association, Wheaton, 1967, p. 40.

72. J. Sidlow Baxter, Explore the Book, p. 63-64.

73. Ryrie, p. 1786.

74. Wilkinson / Boa, p. 374.

75. Henry Clarence Thiessen, Introduction to the New Testament, Eerdmans, Grand Rapids, 1943, pp. 202-03.

76. Gaebelein, electronic media.

77. Walvoord / Zuck, electronic media.

78. Frank E. Gaebelein, General Editor, The Expositor's Bible Commentary, New Testament, Zondervan, Grand Rapids, 1976-1992, electronic media.

79. Ryrie, p. 1886-1887.

80. A. T. Robertson, Paul and the Intellectuals, Revelation. and ed. W.C. Strickland (Nashville : Broadman, 1959), p.12.

81. Wilkinson / Boa, p. 413.

82. Dr. S. Lewis Johnson in Bibliotheca Sacra, Studies in the Epistle to the Colossians, beginning Vol. 118, #471.

83. Walvoord / Zuck, electronic media.

84. Ryrie, p. 1939.

85. Wilkinson / Boa, p. 444.

86. Thiessen, p. 271.

87. Wilkinson / Boa, p. 450.

88. Walvoord / Zuck, electronic media.

89. Ryrie, p. 1966.

90. Wilkinson / Boa, p. 465.

91. Ryrie, p. 1966.

92. Ron Blue, The Bible Knowledge Commentary.

93. The NET Bible, The Biblical Studies Press.

94. Walvoord / Zuck, electronic media.

95. NIV Study Bible, electronic Library.

96. NET Bible, electronic media.

97. Ryrie, p. 2005.

98. Adapted from R.T. Ketcham, D.D.; found in J. Edwin Hartill's Principles of Biblical Hermeneutics.

99. Charles C. Ryrie, Basic Theology, Victor Books, 1986, p. 295.

100. Ibid., p . 343.

101. W.E. Vine, Vine's Expository Dictionary of Biblical Words, Thomas Nelson Publishers 1985.

102. Harris, Archer, Waltke, Theological Wordbook of the Old Testament, 1980, Moody Bible Institute, p. 127.

103. W.E. Vine, Vine's Expository Dictionary of Biblical Words, 1985, Thomas Nelson Publishers, p.51.

104. Merrill C. Tenney, General Editor, Zondervan Pictorial Encyclopedia of the Bible, Zondervan Publishing House, Grand Rapids, Michigan, 1978, Vol. I P.505.

105. W.E. Vine, Vine's Expository Dictionary of Biblical Words, Thomas Nelson Publishers, 1985, p. 685.

106. Ibid.

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| **ဘာသာပြန်ဆိုသူ၏ ကျေးဇူးတင်သဝဏ်လွှာ** | | **VIII** |
| **အခန်း - ၁** | **အစပြုပြင်ဆင်ခြင်း** | **၁** |
| အပိုင်း (၁) | ကိုယ်တိုင်ပြင်ဆင်မှု | ၄ |
| အပိုင်း (၂) | သမ္မာကျမ်းစာ | ၈ |
| အပိုင်း (၃) | သမိုင်းအထောက်အထားနှင့်ခြုံငုံသုံးသပ်ခြင်း | ၁၃ |
| အပိုင်း (၄) | အချိန်သက္ကရာဇ်အလိုက် ခြုံငုံသုံးသပ်ခြင်း | ၁၉ |
| အပိုင်း (၅) | ကျမ်းစာလေ့လာဘို့ ပြင်ဆင်ခြင်း | ၂၆ |
| **အခန်း - ၂** | **သမ္မာကျမ်းစာကို ရှုမြင်သုံးသပ်ခြင်း** | **၃၂** |
| | နိဒါန်း | ၃၃ |
| အပိုင်း (၁) | ပညတ္တိကျမ်း (ပဌမငါးကျမ်း) | ၃၆ |
| | ကမ္ဘာဦးကျမ်း | ၃၇ |
| | ထွက်မြောက်ရာကျမ်း | ၄၀ |
| | ဝတ်ပြုရာကျမ်း | ၄၄ |
| | တောလည်ရာကျမ်း | ၄၆ |
| | တရားဟောရာကျမ်း | ၄၉ |
| အပိုင်း (၂) | ရာဇဝင်ကျမ်းများ | ၅၃ |
| | နိဒါန်း | ၅၃ |
| | ယောရှုမှတ်စာ | ၅၅ |
| | တရားသူကြီးမှတ်စာ | ၅၉ |
| | ရုသဝတ္ထု | ၆၃ |
| | ဓမ္မရာဇဝင် ပဌမစောင် | ၆၆ |
| | ဓမ္မရာဇဝင် ဒုတိယစောင် | ၇၁ |
| | ဓမ္မရာဇဝင် တတိယစောင် | ၇၃ |
| | ဓမ္မရာဇဝင် စတုတ္ထစောင် | ၇၇ |

| | | |
|---|---|---|
| | ရာဇဝင်ချုပ် ပထမစောင် | ၈၂ |
| | ရာဇဝင်ချုပ် ဒုတိယစောင် | ၈၇ |
| | ဇေရမှတ်စာ | ၉၂ |
| | နေဟမိ | ၉၅ |
| | ဧသတာဝတ္ထု | ၉၈ |
| အပိုင်း (၃) | ကဗျာအလင်္ကာဆိုင်ရာကျမ်းများ | ၁၀၁ |
| | နိဒါန်း | ၁၀၁ |
| | ယောဘဝတ္ထု | ၁၀၈ |
| | ဆာလံကျမ်း | ၁၁၃ |
| | သုတ္တံကျမ်း | ၁၃၁ |
| | ဒေသနာကျမ်း | ၁၃၅ |
| | ရှောလမုန်သီချင်း | ၁၄၁ |
| အပိုင်း (၄) | ပရောဖက်ကြီးများ | ၁၄၄ |
| | နိဒါန်း | ၁၄၄ |
| | ဟေရှာယအနာဂတ္တိကျမ်း | ၁၅၁ |
| | ယေရမိအနာဂတ္တိကျမ်း | ၁၅၅ |
| | ယေရမိမြည်တမ်းစကား | ၁၅၉ |
| | ယေဇကျေလအနာဂတ္တိကျမ်း | ၁၆၂ |
| | ဒံယေလအနာဂတ္တိကျမ်း | ၁၆၅ |
| အပိုင်း (၅) | ပရောဖက်ငယ်များ | ၁၆၈ |
| | နိဒါန်း | ၁၆၈ |
| | ဟောရှေအနာဂတ္တိကျမ်း | ၁၇၂ |
| | ယောလအနာဂတ္တိကျမ်း | ၁၇၅ |
| | အာမုတ်အနာဂတ္တိကျမ်း | ၁၇၈ |
| | သြဗဒိအနာဂတ္တိကျမ်း | ၁၈၁ |
| | ယောနဝတ္ထု | ၁၈၄ |
| | မိက္ခာအနာဂတ္တိကျမ်း | ၁၈၆ |
| | နာဟုံအနာဂတ္တိကျမ်း | ၁၉၁ |
| | ဟဗက္ကုတ်အနာဂတ္တိကျမ်း | ၁၉၄ |
| | ဇေဖနိအနာဂတ္တိကျမ်း | ၁၉၆ |

| | | | |
|---|---|---|---|
| | | ဟဂ္ဂဲအနာဂတ္တိကျမ်း | ၁၉၉ |
| | | ဇာခရိအနာဂတ္တိကျမ်း | ၂၀၂ |
| | | မာလခိအနာဂတ္တိကျမ်း | ၂၀၅ |
| **အခန်း - ၃** | **ဓမ္မသစ်ကျမ်းကို စူးစမ်းခြင်း** | | **၂၁၀** |
| | နိဒါန်း | | ၂၁၁ |
| အပိုင်း (၁) | သမိုင်းနှင့်ယှဉ်ခရစ်ဝင်များ | | ၂၂၃ |
| | နိဒါန်း | | ၂၂၃ |
| | | ရှင်မဿဲခရစ်ဝင်ကျမ်း | ၂၂၇ |
| | | ရှင်မာကုခရစ်ဝင်ကျမ်း | ၂၃၂ |
| | | ရှင်လုကာခရစ်ဝင်ကျမ်း | ၂၃၇ |
| | | ရှင်ယောဟန်ခရစ်ဝင်ကျမ်း | ၂၄၁ |
| | | တမန်တော်ဝတ္ထု | ၂၄၈ |
| အပိုင်း (၂) | ရှင်ပေါလု၏ ဩဝါဒစာများ | | ၂၅၄ |
| | နိဒါန်း | | ၂၅၄ |
| | | ရောမဩဝါဒစာ | ၂၆၁ |
| | | ကောရိန္သုဩဝါဒစာ ပထမစောင် | ၂၆၆ |
| | | ကောရိန္သုဩဝါဒစာ ဒုတိယစောင် | ၂၇၂ |
| | | ဂလာတိဩဝါဒစာ | ၂၇၅ |
| | | ဧဖက်ဩဝါဒစာ | ၂၇၈ |
| | | ဖိလိပ္ပိဩဝါဒစာ | ၂၈၂ |
| | | ကောလောသဲဩဝါဒစာ | ၂၈၅ |
| | | သက်သာလောနိတ်ဩဝါဒစာ ပထမစောင် | ၂၈၉ |
| | | သက်သာလောနိတ်ဩဝါဒစာ ဒုတိယစောင် | ၂၉၂ |
| | | တိမောသေဩဝါဒစာ ပထမစောင် | ၂၉၅ |
| | | တိမောသေဩဝါဒစာ ဒုတိယစောင် | ၂၉၉ |
| | | တိတုဩဝါဒစာ | ၃၀၂ |
| | | ဖိလေမုန်ဩဝါဒစာ | ၃၀၅ |

အပိုင်း (၃) သြဝါဒစာများ ၃၀၈
နိဒါန်း ၃၀၈
ဟေဗြဲသြဝါဒစာ ၃၁၀
ရှင်ယာကုပ် သြဝါဒစာ ၃၁၅
ရှင်ပေတရုသြဝါဒစာ ပထမစောင် ၃၂၀
ရှင်ပေတရုသြဝါဒစာ ဒုတိယစောင် ၃၂၄
ရှင်ယောဟန်သြဝါဒစာ ပထမစောင် ၃၂၇
ရှင်ယောဟန်သြဝါဒစာ ဒုတိယစောင် ၃၃၁
ရှင်ယောဟန်သြဝါဒစာ တတိယစောင် ၃၃၃
ရှင်ယုဒသြဝါဒစာ ၃၃၅
အပိုင်း (၄) ပရောဖက်ကျမ်း - ဗျာဒိတ်ကျမ်း ၃၃၈
နိဒါန်း ၃၃၈

အခန်း - ၄ ဘာသာပြန်ဆိုခြင်း၏အခြေခံမူများ ၃၄၄
နိဒါန်း ၃၄၅

အပိုင်း (၁) စည်းမျဉ်းတစ် - ကျမ်းစာရှိ နှုတ်ကပတ်တော်
အားလုံးကို လေ့လာခြင်းအားဖြင့်
ဘုရားသခင်နှင့် ခရစ်တော်
အကြောင်းကို မှန်ကန်တိကျသော
အချက်အလက်များဖြင့် ရှာဖွေခြင်း ၃၄၈
မူဝါဒတစ် - ဘုရားဂုဏ်တော်အနှစ်သာရကို
လေ့လာခြင်း ၃၄၉
မူဝါဒနှစ် - ခရစ်တော်၏ ထင်ရှားဖော်ပြပုံကို
ရှာဖွေခြင်း ၃၅၁
အပိုင်း (၂) စည်းမျဉ်းနှစ် - ရှင်းလင်းသောစာပိုဒ်ကို လမ်းညွှန်
အဖြစ် အသုံးပြုခြင်းအားဖြင့် မှန်
ကန်တိကျသော အချက်အလက်
များကို နားလည်ရန် ရှာဖွေခြင်း ၃၅၆

| | | | |
|---|---|---|---|
| | မူဝါဒသုံး - | ရှေ့သို့ တိုးတက်မှုရှိသည့်အတိုင်း ဘာသာပြန်ဆိုခြင်း | ၃၅၆ |
| | မူဝါဒလေး - | မူရင်းအတိုင်း ဘာသာပြန်ဆိုခြင်း | ၃၅၇ |
| | မူဝါဒငါး - | တိကျစွာ အသေးစိတ် ဘာသာပြန်ဆိုခြင်း | ၃၅၉ |
| | မူဝါဒခြောက် - | အခြေခံကျသော ကျမ်းပိုဒ်များကို ဘာသာပြန်ဆိုခြင်း | ၃၆၀ |
| | မူဝါဒခုနှစ် - | လူ့ဆန္ဒအလျောက် ဆုံးဖြတ်ချက်နှင့်အညီ ဘာသာပြန်ဆိုခြင်း | ၃၆၂ |
| | မူဝါဒရှစ် - | ပဋိညာဉ်ဖွဲ့ခြင်းနှင့်ဆိုင်စွာ ဘာသာပြန်ဆိုခြင်း | ၃၆၃ |
| အပိုင်း (၃) | စည်းမျဉ်းသုံး - | ကျမ်းစာကို ကျမ်းစာဖြင့် နှိုင်းယှဉ်ခြင်းအားဖြင့် လိမ္မာပါးနပ်စွာ ရှာဖွေခြင်း | ၃၇၀ |
| | မူဝါဒကိုး - | ကွဲပြားခြားနားမှုကို ရှာဖွေခြင်း | ၃၇၀ |
| | မူဝါဒတစ်ဆယ်- | အကြောင်းရင်းအပေါ် အခြေခံ၍ ဘာသာပြန်ဆိုခြင်း | ၃၇၃ |
| | မူဝါဒဆယ့်တစ် - | နှိုင်းယှဉ်၍ ဘာသာပြန်ဆိုခြင်း | ၃၇၅ |
| | မူဝါဒဆယ့်နှစ် - | သဘောထားညီညွတ်စွာ ဘာသာပြန်ဆိုခြင်း | ၃၇၆ |
| | မူဝါဒဆယ့်သုံး - | ခေတ်ကာလအပိုင်းအခြားနှင့်အညီ ဘာသာပြန်ဆိုခြင်း | ၃၇၇ |
| | မူဝါဒဆယ့်လေး- | ပရောဖက်ပြုချက်ကို သတိထား၍ ဘာသာပြန်ဆိုခြင်း | ၃၈၁ |
| အပိုင်း (၄) | စည်းမျဉ်းလေး - | ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မှန်ကန်စွာ အသုံးပြုခြင်းအားဖြင့် ခရစ်ယာန်အသက်တာဖြင့် နေထိုင်ကျင့်ကြံမှုကို ရှာဖွေခြင်း | ၃၈၄ |
| | မူဝါဒဆယ့်ငါး - | ဆီလျော်အောင် လိုက်လျှောက်ခြင်းသည် လျော်ညီစွာ ဘာသာပြန်ခြင်းဖြင့် တည်ဆောက်ထားသည်။ | ၃၈၅ |

| | | |
|---|---|---|
| **အခန်း - ၅** | **ဘုရားသခင်၏အဖြစ်တော် အခြေခံမူကြီးများ** | **၃၉၂** |
| အပိုင်း (၁) | သုံးပါးတစ်ဆူဘုရား | ၃၉၃ |
| အပိုင်း (၂) | ဘုရားသခင်၏ နာမတော်များ | ၄၀၂ |
| အပိုင်း (၃) | ခမည်းတော်ဖြစ်သော ဘုရား | ၄၁၀ |
| အပိုင်း (၄) | သားတော်ဖြစ်သော ဘုရားသခင် | ၄၂၈ |
| အပိုင်း (၅) | သန့်ရှင်းသော ဝိညာဉ်တော်ဘုရားသခင် | ၄၅၃ |
| **အခန်း - ၆** | **ဘုရားသခင်၏ ဖြစ်ပွားစေတော်မူခြင်းဆိုင်ရာ အနှစ်သာရများ** | **၄၈၀** |
| အပိုင်း (၁) | ဖန်ဆင်းတော်မူခြင်း | ၄၈၁ |
| အပိုင်း (၂) | ကောင်းကင်တမန်များ | ၄၈၃ |
| အပိုင်း (၃) | မနုဿလူသား | ၄၉၅ |
| အပိုင်း (၄) | ကောင်းကင်တမန်စစ်ပွဲများ | ၅၃၁ |
| **အခန်း - ၇** | **ဘုရားသခင်၏ ကြံစည်တော်မူခြင်း (စီမံကိန်း) ဆိုင်ရာ သြဝါဒများ** | **၅၃၃** |
| အပိုင်း (၁) | ဗျာဒိတ်တော် - သမ္မာကျမ်းစာကို လေ့လာခြင်း | ၅၃၄ |
| အပိုင်း (၂) | ပြဿနာ - အပြစ်တရား | ၅၃၆ |
| အပိုင်း (၃) | ဖြေရှင်းချက် - ကယ်တင်ခြင်း | ၅၄၂ |
| အပိုင်း (၄) | လုံခြုံမှုအပြည့်ပေးသော ဘုရားသခင်၏ကတိတော်များ | ၅၅၄ |
| အပိုင်း (၅) | အနာဂတ်ကာလ-ပရောဖက်ပြုခြင်း | ၅၆၁ |
| **အခန်း - ၈** | **ဘုရားသခင်၏အကြံအစည် ရည်ရွယ်ချက်နှင့် ဆိုင်သော သြဝါဒများ** | **၅၆၉** |
| အပိုင်း (၁) | ကိုယ်ရေးကိုယ်တာနှင့်ဆိုင်သော ခရစ်ယာန် အသက်တာ | ၅၇၀ |
| အပိုင်း (၂) | ခရစ်ယာန်အသက်တာ၏ စုပေါင်းဖွဲ့စည်းမှု | ၆၀၄ |

| | | |
|---|---|---|
| **အခန်း - ၉** | **လက်တွေ့အသုံးပြုခြင်း** | ၆၁၇ |
| | နိဒါန်း | ၆၁၈ |
| အပိုင်း (၁) | စာစောင်ကျမ်းနှင့် အကျွမ်းဝင်မှုရှိစေခြင်း | ၆၁၉ |
| အပိုင်း (၂) | ကျမ်းစာအုပ်မှ ကောက်နုတ်ချက်ထုတ်ခြင်း | ၆၂၂ |
| အပိုင်း (၃) | သင့်လေ့လာမှုမြင်ကွင်းကို ကျဉ်းမြောင်းအောင် ပြုလုပ်ခြင်း | ၆၂၅ |
| အပိုင်း (၄) | ဆက်စပ်မှုအကြောင်းကို ရှာဖွေခြင်း | ၆၂၉ |
| အပိုင်း (၅) | အလှမ်းကွာသော ခွဲခြမ်းစိတ်ဖြာခြင်း | ၆၃၅ |
| အပိုင်း (၆) | သင်၏လေ့လာမှုကို တိုးချဲ့ခြင်း | ၆၄၀ |
| အပိုင်း (၇) | အဓိကအချက်ကို ပြုစုခြင်း | ၆၄၈ |

**ENDNOTES : References From The Text .... (a)**

# ဘာသာပြန်ဆိုသူ၏
# ကျေးဇူးတင်သဝဏ်လွှာ

ခရစ်ယာန်ယုံကြည်သူတို့အတွက် ယုံကြည်ခြင်း၏ အခြေခံအုတ်မြစ်များ (FOUNDATIONS) စာအုပ်ကြီးကို VILLAGE MINISTRIES INTERNATIONAL, INC.က တာဝန်ယူထုတ်ဝေလျက် ကမ္ဘာတစ်လွှားရှိ ကျေးရွာတောတောင်အရပ်ရပ်မှ ယုံကြည်သူတပည့်တော်များအား သမ္မာကျမ်းစာ၏ ကောင်းမြတ်သော သွန်သင်ချက်များ ရယူခံစားနိုင်အောင် ရည်မှန်းချက်ဖြင့် ကူညီလျက်ရှိပါသည်။ ကယ်တင်ရှင်သခင် ခရစ်တော်ကိုယ်တော်တိုင် အမိန့်တော်ရှိခဲ့သည့် ယုံကြည်သူတို့၏ အမှုတော်မြတ်အတွက် တာဝန်ကိုဖြည့်ဆည်းနိုင်ရန်ဖြစ်ပါသည်။

တမန်တော်ကြီး ရှင်ပေတရု ဖော်ကျူးသည့်အတိုင်း ကျွန်တော်တို့အား ဘုန်းတန်ခိုးတော်နှင့် ခေါ်တော်မူသောဘုရားကိုသိသော ဉာဏ်အားဖြင့် အသက်ရှင်ခြင်း၊ ဘုရားဝတ်၌ မွေ့လျော်ခြင်းနှင့်စပ်ဆိုင်သော အရာရှိသမျှကို ပေးတော်မူသော ကယ်တင်ရှင်၏ ကျေးဇူးမေတ္တာကို ဦးစွာ ချီးမွမ်းထောပနာပြုအပ်ပါသည်။

ဤစာအုပ်ကို တာဝန်ယူရေးသားပြုစုသူမှာ VMI, INC. ၏ အကြံပေးပုဂ္ဂိုလ်၊ အိုကလာဟိုးမား TRINITY BIBLE CHURCH မှ သင်းအုပ်ဆရာကြီး REV. DRUE FREEMAN ဖြစ်ရာ ဤမျှခက်ခဲနက်နဲသော သမ္မာကျမ်းစာ အခြေခံစာအုပ်ကြီးတွင် သူ၏ကြိုးစားအားထုတ်ရေးသားမှုများကို တွေ့မြင်ကြရပါလိမ့်မည်။ သူ၏ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းများအား သုံးသပ်လေ့လာထားသော အခန်း၂နှင့်၃တို့အတွက်သုတေသီဓမ္မပညာရှင် J.HAMPTON KEATHLEY ပြုစုသော စာတမ်းများအား ကိုးကားအသုံးပြုခဲ့ရသည်ဖြစ်ရာ ဖော်ပြပါပုဂ္ဂိုလ်ကြီးများနှင့် တကွ စာအုပ်ဖြစ်မြောက်သည်အထိ ပါဝင်ကူညီခဲ့ကြသူများကို ကျေးဇူးအထူးတင်ရမည် ဖြစ်ပါသည်။

အထူးသဖြင့် --- ဤစာအုပ်ကို မြန်မာဘာသာသို့ ပြန်ဆိုပေးရသော ကျွန်တော်သည် ကျွန်တော့်ထံ ဤစာအုပ်ကို ဆောင်ကြဉ်းပေးလာသော လီဆူသာသနာနယ်မှ “ ဆရာဂျေဇာခင် (ခ) ရောဘတ်ဂျေ” ကိုလည်းကောင်း၊ မြန်မာနိုင်ငံနှစ်ခြင်း ခရစ်ယာန် အသင်းချုပ်မှ ဆရာမန်းသာစိန် ကိုလည်းကောင်း ကျေးဇူးများစွာတင်ရှိကြောင်း မှတ်တမ်းပြုလိုက်ရပါသည်။

✍ **ဒေါက်တာ ထွန်းမြတ်အေး**

# ယုံကြည်ခြင်းခိုင်မာမှု၏
# အခြေခံအုတ်မြစ်များ

တိုက်ကိုတည်သောအခါ နက်စွာတူး၍

ကျောက်ပေါ်မှာ တိုက်မြစ်ချသောသူနှင့်တူ၏...

(လုကာ ၊ ၆း၄၈)

First Print

January, 2003

အသင်းတော်အတွင်းကန့်သတ်

# ယုံကြည်ခြင်းခိုင်မာမှု၏

# အခြေခံအုတ်မြစ်များ

Pastor Drue Freeman, MBL